

ဆိုဗီယက်ယူနီယံ
ကွန်မြူနစ်ပါတီ
(ဘော်ရှီဗစ်)
C.P.S.U (B) သမိုင်းအကျဉ်းချုပ်
ဘာသာပြန်သူ ဒေါ်ယဉ်ယဉ်လှ


ရဲဘော် ဂျေ・ဗွီ・စတာလင် (J.V.STALIN)
ဆိုဗီယက်ယူနီယံ ကွန်မြူနစ်ပါတီ (ဘော်ရှီဗစ်) C.P.S.U (B) သမိုင်း အကျဉ်းချုပ်ပြုစုသူ

# ကမ္ဘာ့ပစ္စည်းမဲ့များ သွေးစည်းကြ !

# စာအုပ်ထုတ်ဝေရေးမှတ်တမ်း

စာအုပ်အမည်
**ဆိုဗီယက်ယူနီယံ ကွန်မြူနစ်ပါတီ ( ဘော်ရှီဗစ်) C.P.S.U (B) သမိုင်း အကျဉ်းချုပ်**

ဘာသာပြန်သူအမည်
**ဒေါ်ယဉ်ယဉ်လှ**

ထုတ်ဝေသည့် ရက်စွဲ ■ ၂၀၁၀၊ ဩဂုတ်၊ ၈ ရက်

ပုံနှိပ်ခြင်း ■ ပထမအကြိမ်

အုပ်ရေ ■ ၅၀၀

တန်ဖိုး ■ –

မျက်နှာဖုံး နှင့် အတွင်းဒီဇိုင်း ■ သီဟမောင်မောင်

အီလက်ထရစ်ကော်ပီ ■ ကိုညီညီ၊ ကိုအောင်ထွန်းနှင့် အဖွဲ့၊ ဂျက်နှင့် အဖွဲ့

ထုတ်ဝေရေးဆိုင်ရာအကြံပေး ■ ဦးသိန်းဝင်း

ထုတ်ဝေ၊ ဖြန့်ချိ ■ "အလင်းလှိုင်း" ကွန်ရက်

ဆက်သွယ်ရန် လိပ်စာ ■ Alynn Hline <lightwave108@gmail.com>

# မ ာ တိ က ာ

## အခန်း (၁)
## ရုရှားဆိုရှယ်ဒီမိုကရက် အလုပ်သမားပါတီ တည်ဆောက်ရေး အတွက် တိုက်ပွဲ (၁၈၈၃–၁၉၀၁)

**စာမျက်နှာ – ၂၁**

၁။ ရုရှား၌ ကျေးကျွန်စနစ် ဖျက်သိမ်းမှုနှင့် စက်မှုအရင်းရှင်စနစ် ဖြစ်ပေါ်တိုးတက်လာမှု။ ခေတ်သစ် စက်မှုလက်မှု ပစ္စည်းမဲ့များပေါ်ပေါက်လာခြင်း။ အလုပ်သမား လူတန်းစားလှုပ်ရှားမှု၏ ပထမ ခြေလှမ်း။

၂။ ရုရှားရှိ နာရောနစ်ဝါဒ (ပေါ်ပြူလာဝါဒနှင့် မာက်စ်ဝါဒ။ ပလက်ကနော့ဗ်နှင့် ၎င်း၏ "လုပ်အား လွတ်မြောက်ရေးအဖွဲ့"။ နာရောနစ်ဝါဒအား ဆန့်ကျင်တိုက်ခိုက်သည့် ပလက်ကနော့ဗ် တိုက်ပွဲ။ ရုရှား၌ မာ့က်စ်ဝါဒပြန့်ပွားလာခြင်း။

၃။ လီနင်၏ တော်လှန်ရေးလှုပ်ရှားမှု စတင်လာခြင်း။ စိန့်ပီတာစဘတ်အဖွဲ့ချုပ်၏ အလုပ်သမား လူတန်းစား လွတ်မြောက်ရေးတိုက်ပွဲ။

၄။ နာရောနစ်ဝါဒအား ဆန့်ကျင်တိုက်ခိုက်သည့် လီနင်၏ တိုက်ပွဲနှင့် "တရားဝင်မာ့က်စ်ဝါဒ"။ လီနင်၏ အလုပ်သမားလူတန်းစားနှင့် မဟာမိတ်ဖွဲ့ရေး အတွေးအခေါ်။ ရုရှား ဆိုရှယ်ဒီမိုကရက် အလုပ်သမားပါတီ၏ ပထမအကြိမ်ကွန်ဂရက်။

၅။ "စီးပွားရေးဝါဒအား"ဆန့်ကျင်တိုက်ခိုက်သည့် လီနင်၏တိုက်ပွဲ။ လီနင်၏သတင်းစာ "အစ္စကရာ" ပေါ် ပေါက်လာခြင်း။

အကျဉ်းချုပ်။

## အခန်း (၂)
## ရုရှားဆိုရှယ်ဒီမိုကရေစီ လုပ်သားပါတီတည်ထောင်ခြင်း။ ပါတီတွင်း ဘော်ရှီဗစ်နှင့် မင်ရှီဗစ်အုပ်စုများ ပေါ်ပေါက်လာခြင်း။ (၁၉၀၁–၁၉၀၄)

**စာမျက်နှာ – ၄၉**

၁။ ရုရှား၌ ၁၉၀၁–၁၉၀၄ တွင်ပေါ်ပေါက်ခဲ့သော တော်လှန်ရေးလှုပ်ရှားမှု ဒီရေမြင့်။

၂။ မာ့က်စ်ဝါဒ ပါတီတရပ်တည်ဆောက်ရေးအတွက် လီနင်၏စီမံကိန်း။ "စီးပွားရေးဝါဒီ" များ၏ အချောင်ဝါဒ။ လီနင်၏ စီမံကိန်းအတွက်"အစ္စကရာ"၏တိုက်ပွဲ။ လီနင်၏ "ကျွန်တော်တို့ ဘာ လုပ်ကြမည်နည်း"စာအုပ်။ မာ့က်စ်ဝါဒ ပါတီတရပ်အတွက် အတွေးအခေါ်ရေး အခြေခံအုတ်မြစ် များ။

၃။ ရုရှားဆိုရှယ်ဒီမိုကရေစီ လုပ်သားပါတီ၏ ဒုတိယကွန်ဂရက်။ လမ်းစဉ်နှင့် စည်းကမ်းအတည်ပြုချက်များနှင့် တခုတည်းသောပါတီတည်ထောင်ခြင်း။ ကွန်ဂရက်တွင် သဘောကွဲလွဲမှုနှင့် ပါတီတွင်း လမ်းနှစ်သွယ် ပေါ်ပေါက်လာခြင်း။ ဘော်ရှီဗစ်နှင့် မင်ရှီဗစ်များ။

၄။ ဒုတိယကွန်ဂရက်အပြီး မင်ရှီဗစ်ခေါင်းဆောင်များ၏ ဂိုဏ်းခွဲရေးလှုပ်ရှားမှုများနှင့် ပါတီတွင်း တိုက်ပွဲ ပြင်းထန်သည်းသန်လာခြင်း။ မင်ရှီဗစ်များ၏ အချောင်ဝါဒ။ လီနင်၏ "ရှေ့တလှမ်းတိုး၊ နောက်နှစ်လှမ်းဆုတ်"စာအုပ်။ မာ့က်စ်ဝါဒပါတီ၏ စည်းရုံးရေးဆိုင်ရာမူများ။

အကျဉ်းချုပ်။

## အခန်း (၃)
## ရုရှား–ဂျပန်စစ်ပွဲကာလအတွင်းက မင်ရှီဗစ်နှင့် ဘော်ရှီဗစ်များနှင့် ပထမ ရုရှားတော်လှန်ရေးကြီး (၁၉၀၄–၁၉၀၇)

**စာမျက်နှာ – ၇၉**

၁။ ရုရှား–ဂျပန်စစ်ပွဲ၊ ရုရှားပြည်တွင်း ထပ်မံမြင့်တက်လာသော တော်လှန်ရေးလှုပ်ရှားမှု။ စိန့်ပီတာစဘတ်သပိတ်များ။ ၁၉၀၅ ခုနှစ်၊ ဇန်နဝါရီ ၉ ရက်နေ့ ဆောင်းရာသီ နန်းတော်ရှေ့ အလုပ်သမားဆန္ဒပြမှု။ ဆန္ဒပြမှုကို သေနတ်ဖြင့် ပစ်ခတ်ဖြိုခွဲခြင်း။ တော်လှန်ရေးဖြစ်ပေါ်လာခြင်း။

၂။ အလုပ်သမားများ၏ နိုင်ငံရေးသပိတ်များနှင့် ဆန္ဒပြမှုများ။ လယ်သမားများအကြား တော်လှန်ရေးလှုပ်ရှားမှု ပေါက်ပွားကြီးထွားလာခြင်း။ စစ်သင်္ဘော "ပိုတဲမ်ကင်"ပေါ်မှ ပုန်ကန်မှု။

၃။ ဘော်ရှီဗစ်နှင့် မင်ရှီဗစ် အကြားနည်းပရိယာယ် ကွာခြားချက်များ။ တတိယအကြိမ် ပါတီကွန်ဂရက်။ လီနင်၏ "ဒီမိုကရေစီတော်လှန်ရေးအတွင်း ဆိုရှယ်ဒီမိုကရေစီ၏ နည်းပရိယာယ်နှစ်သွယ်" မာ့က်စ်ဝါဒပါတီတရပ်အတွက် နည်းပရိယာယ်ဆိုင်ရာ အခြေခံအုတ်မြစ်များ။

၄။ တော်လှန်ရေးဆက်လက်မြင့်တက်လာခြင်း။ ၁၉၀၅ ခု အောက်တိုဘာ၊ ရုရှားတပြည်လုံးနိုင်ငံရေးသပိတ်။ ဇာဘုရင်စနစ်နောက်ဆုတ်ခြင်း။ ဇာဘုရင်၏ကြေညာစာတမ်း။ အလုပ်သမား ကိုယ်စားလှယ်များ၏ ဆိုဗီယက်များပေါ်ထွက်ခြင်း။

၅။ ဒီဇင်ဘာ လက်နက်ကိုင်အုံကြွမှု။ အုံကြွမှုရှုံးနိမ့်ခြင်း။ တော်လှန်ရေး နောက်ဆုတ်ခြင်း။ ပထမနိုင်ငံတော် ဒူးမား။ စတုတ္ထ (ညီညွတ်ရေး) ပါတီကွန်ဂရက်။

၆။ ပထမနိုင်ငံတော် ဒူးမား ဖျက်သိမ်းခြင်း။ ဒုတိယနိုင်ငံတော် ဒူးမား ခေါ်ယူကျင်းပခြင်း။ ပဥ္စမအကြိမ်ပါတီကွန်ဂရက်။ ဒုတိယနိုင်ငံတော် ဒူးမားဖျက်သိမ်းခြင်း။ ပထမ ရုရှားတော်လှန်ရေးကြီး ရှုံးနိမ့်ရခြင်း၏ အကြောင်းရင်းများ။

အကျဉ်းချုပ်။

## အခန်း (၄)
## စတိုလီပင်ဖောက်ပြန်ရေးကာလအတွင်းက မင်ရှီဗစ်နှင့် ဘော်ရှီဗစ်များ။ ဘော်ရှီဗစ်များ သီးခြား မာ့က်စ်ဝါဒပါတီ ထူထောင်ခြင်း။

**စာမျက်နှာ – ၁၂၅**

၁။ စတိုလီပင်ဖောက်ပြန်ရေး။ အတိုက်အခံ ပညာတတ်များအကြား ပြိုကွဲသွားခြင်း။ ပျက်ပြား ဆုတ်ယုတ်ခြင်း။ ပညာတတ်အစိတ်အပိုင်းအချို့ပါတီကို စွန့်ခွာပြီး မာ့က်စ်ဝါဒ၏ ရန်သူများထံ ရောက်ရှိသွားခြင်းနှင့် မာ့က်စ်ဝါဒသဘောတရားကို ပြန်လည်ပြင်ဆင်ရန် ကြိုးပမ်းမှုများ။ လီနင်၏ ပြန်လည်ပြင်ဆင်ရေးဝါဒီအပေါ် သူ၏ "ရုပ်ဝါဒနှင့် အတွေ့အကြုံဝေဖန်ရေး" စာအုပ်မှ ပြန်လည် ချေပချက်နှင့် မာ့က်စ်ဝါဒပါတီ၏ သဘောတရားရေးရာ အခြေခံအုတ်မြစ်များအပေါ် သူ၏ ကာကွယ်ချက်။

၂။ အနုပဋိလောမနှင့် သမိုင်းရေးရာ ရုပ်ဝါဒ။

၃။ စတိုလီပင် ဖောက်ပြန်ရေးကာလအတွင်းက ဘော်ရှီဗစ်နှင့် မင်ရှီဗစ်များ။ ဖျက်သိမ်းသူများ (Liquidators) နှင့် အော့ဇိုဗစ် (Otzovists) များအား ဆန့်ကျင်သည့်ဘော်ရှီဗစ်များ၏ တိုက်ပွဲများ။

၄။ ထရော့စကီဝါဒအား တိုက်ခိုက်ရသည့် ဘော်ရှီဗစ်တို့၏ တိုက်ပွဲများ။ ပါတီဆန့်ကျင်သည့် ဩဂုတ်လအုပ်စု။

၅။ ပရော့ဂ်ပါတီကွန်ဖရင့် ၁၉၁၂။ ဘော်ရှီဗစ်များ သီးခြားမာ့က်စ်ပါတီ ထူထောင်ခြင်း။
အကျဉ်းချုပ်

## အခန်း (၅)
## ပထမနယ်ချဲ့စစ်မတိုင်မီ အလုပ်သမားလူတန်းစားလှုပ်ရှားမှု ဒီရေမြင့်သစ်အတွင်းက ဘော်ရှီဗစ်ပါတီ (၁၉၁၂–၁၉၁၄)

**စာမျက်နှာ – ၁၈၁**

၁။ ၁၉၁၂–၁၉၁၄ ခုနှစ်အတွင်း တော်လှန်ရေးလှုပ်ရှားမှုဒီရေမြင့်။

၂။ ဘော်ရှီဗစ် သတင်းစာ "ပရာဗဒါ"။ စတုတ္ထ နိုင်ငံတော်ဒူးမားအတွင်းမှ ဘော်ရှီဗစ် အုပ်စု။

၃။ တရားဝင်တည်ရှိနေသော အဖွဲ့အစည်းများအတွင်းမှ ဘော်ရှီဗစ်များ၏အောင်ပွဲ။ နယ်ချဲ့စစ်ပွဲအကြို တော်လှန်ရေးလှုပ်ရှားမှု ဆက်လက်မြင့်တက်လာခြင်း။
အကျဉ်းချုပ်

## အခန်း(၆)
## နယ်ချဲ့စစ်ပွဲကာလအတွင်းမှ ဘော်ရှီဗစ်ပါတီ။
## ရုရှား၏ ဒုတိယ တော်လှန်ရေးကာလ။ (၁၉၁၄–၁၉၁၇။ မတ်လ)

**စာမျက်နှာ – ၁၉၉**

၁။ နယ်ချဲ့စစ်ပွဲပေါ်ပေါက်လာခြင်းနှင့် အကြောင်းရင်းများ။
၂။ ဒုတိယအင်တာနေရှင်နယ်မှ ပါတီများ၊ ၎င်းတို့၏ နယ်ချဲ့အစိုးရများနှင့် ပူးပေါင်းသွားခြင်း။ သီးခြား ဆိုရှယ်ရှော်ဗင်ပါတီများအဖြစ်သို့ ဒုတိယအင်တာနေရှင်နယ် ပျက်ပြုန်းသွားခြင်း။
၃။ စစ်၊ ငြိမ်းချမ်းရေးနှင့် တော်လှန်ရေးပြဿနာများအပေါ် ဘော်ရှီဗစ်ပါတီ၏ သဘောတရားနှင့် နည်းပရိယာယ်များ။
၄။ ဇာဘုရင့်တပ်မတော် စစ်ရှုံးခြင်း။ စီးပွားရေးပျက်စီးယိုယွင်းခြင်း၊ ဇာဘုရင်စနစ်၏ အကျပ်အတည်း။
၅။ ဖေဖော်ဝါရီတော်လှန်ရေး။ ဇာဘုရင်စနစ်ပြုတ်ကျခြင်း။ အလုပ်သမားနှင့် စစ်သား ကိုယ်စားလှယ်များ၏ ဆိုဗီယက်များတည်ထောင်ခြင်း။ ယာယီအစိုးရတည်ထောင်ခြင်း။ အာဏာနှစ်ခု။ အကျဉ်းချုပ်။

## အခန်း (၇)
## အောက်တိုဘာ ဆိုရှယ်လစ်တော်လှန်ရေး ပြင်ဆင်ချိန်နှင့် အကောင်အထည်ဖော်သည့် ကာလအတွင်းက ဘော်ရှီဗစ်ပါတီ ။ (ဧပြီ ၊ ၁၉၁၇ –၁၉၁၈)

**စာမျက်နှာ – ၂၂၃**

၁။ ဖေဖော်ဝါရီတော်လှန်ရေးအပြီး ပြည်တွင်းအခြေအနေ။ ပါတီမြေအောက်မှ ထွက်လာပြီး ဖြောင် နိုင်ငံရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်ခြင်း။ လီနင် ပီထရိုဂရက်သို့ ဆိုက်ရောက်လာခြင်း။ လီနင်၏ ဧပြီစစ်တမ်း။ ပါတီ၏ ဆိုရှယ်လစ်တော်လှန်ရေး ကူးပြောင်းရေးပေါ်လစီ။
၂။ ယာယီအစိုးရ၏ အကျပ်အတည်းများ စတင်လာခြင်း၊ ဘော်ရှီဗစ်ပါတီ၏ ဧပြီ ကွန်ဖရင့်။
၃။ မြို့တော်တွင်း ဘော်ရှီဗစ်ပါတီ၏ အောင်ပွဲများ၊ ယာယီအစိုးရတပ်များ၏ အရာမရောက်သော ထိုးစစ်များ။ အလုပ်သမား၊ စစ်သားများ၏ ဇူလိုင်ဆန္ဒပြပွဲကို ဖိနှိပ်ခြင်း။
၄။ ဘော်ရှီဗစ်ပါတီက လက်နက်ကိုင်ပုန်ကန်မှုကို ပြင်ဆန်ရန်လမ်းစဉ်ကို လက်ခံခြင်း၊ ဆဋ္ဌမအကြိမ် ပါတီကွန်ဂရက်။
၅။ တော်လှန်ရေးကိုဆန့်ကျင်ရန် ဗိုလ်ချုပ်ကော်နီလော့ဗ်၏ အကြံအစည်၊ ထိုအကြံအစည်ကို ဖိနှိပ် နှိမ်နင်းခြင်း။ ပီထရိုဂရက်နှင့် မော်စကိုဆိုဗီယက်များ ဘော်ရှီဗစ်များဘက်သို့ ကူးပြောင်းသွားခြင်း။

၆။ ပီထရိုဂရက်၌ အောက်တိုဘာထကြွမှုနှင့် ယာယီအစိုးရအားဖမ်းဆီးခြင်း။ ဆိုဗီယက်များ၏ ဒုတိယကွန်ဂရက်နှင့် ဆိုဗီယက်အစိုးရထူထောင်ခြင်း။ ဆိုဗီယက်များ၏ ဒုတိယကွန်ဂရက်၏ ငြိမ်းချမ်းရေးနှင့် မြေယာအပေါ် အမိန့်ကြေညာချက်များ၊ ဆိုရှယ်လစ်တော်လှန်ရေး၏ အောင်ပွဲ၊ ဆိုရှယ်လစ်တော်လှန်ရေး အောင်မြင်ရခြင်း၏ အကြောင်းအရင်းများ။

၇။ ဆိုဗီယက်အာဏာ ခိုင်မြဲတည်တန့်ရေးအတွက် ဘော်ရှီဗစ်ပါတီ၏တိုက်ပွဲ။ ဘရက်စ် – လစ်တော့ဗ်ခ် ငြိမ်းချမ်းရေး သတ္တမပါတီကွန်ဂရက်။

၈။ ဆိုရှယ်လစ်တည်ဆောက်ရေး ပထမခြေလှမ်းများအတွက် လီနင်၏ စီမံကိန်း၊ ဆင်းရဲသား လယ်သမားများ၏ ကော်မတီများနှင့် ကူးလတ်များကိုထိန်းချုပ်ခြင်း။ ''လက်ဝဲ'' ဆိုရှယ်လစ် တော်လှန်ရေးသမားများ၏ ပုန်ကန်မှုနှင့် ၎င်းကိုနှိမ်နင်းမှု၊ ဆိုဗီယက်များ၏ ပဉ္စမကွန်ဂရက်နှင့် ရုရှား ဆိုဗီယက် ဖက်ဒရယ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံကိုအတည်ပြုခြင်း။

အကျဉ်းချုပ်

**အခန်း (၈)**

**နိုင်ငံခြားမှ စစ်ရေးအရ စွက်ဖက်မှုနှင့်**

**ပြည်တွင်းစစ်ကာလအတွင်းမှ ဘော်ရှီဗစ်ပါတီ။ (၁၉၁၈ – ၁၉၂၀)**

**စာမျက်နှာ – ၂၇၁**

၁။ နိုင်ငံခြားမှ စစ်ရေးအရ စွက်ဖက်မှု စတင်လာခြင်း။ ပြည်တွင်းစစ် ပထမကာလ။

၂။ ဂျာမဏီစစ်ရှုံးခြင်း။ ဂျာမနီမှ တော်လှန်ရေး၊ တတိယ အင်တာနေရှင်နယ်တည်ထောင်ခြင်း။ အဋ္ဌမ အကြိမ် ပါတီကွန်ဂရက်။

၃။ ဝင်ရောက်စွက်ဖက်မှု တိုးချဲ့လာခြင်း။ ဆိုဗီယက်နိုင်ငံအား ပိတ်ဆို့ခြင်း။ ကော့ချက် စစ်ဆင် ရေးနှင့် ရှုံးနိမ့်မှု။ ဒင်နီကင် စစ်ဆင်ရေးနှင့် ရှုံးနိမ့်မှု။ သုံးလစစ်နားချိန်။ နဝမအကြိမ်မြောက် ပါတီ ကွန်ဂရက်။

၄။ ပိုလန်အထက်လွှာမှ ဆိုဗီယက်နိုင်ငံအားတိုက်ခိုက်လာခြင်း။ ဗိုလ်ချုပ် ရဲင်နဲဂဲလ်၏ စစ်ဆင်ရေး။ ပိုလန်အကြံအစည် ရှုံးနိမ့်သွားခြင်း။ ရဲင်နဲဂဲလ်ရှုံးနိမ့်ခြင်း။ ဝင်ရောက်စွက်ဖက်မှု အဆုံးသတ်သွားခြင်း

၅။ ဆိုဗီယက်သမ္မတနိုင်ငံက ဗြိတိသျှ၊ ပြင်သစ်၊ ဂျပန်၊ ပိုလန်တို့မှ ဝင်ရောက်စွက်ဖက်သည့် အင်အားများနှင့် ရုရှားဖက်မှ တန်ပြန်တော်လှန်ရေးသမား – ခနေရှင် – မြေရှင်နှင့် တပ်ဖြူတို့ စုပေါင်းအင်အားများကို အဘယ်နည်းဖြင့် အဘယ်ကြောင့် အောင်မြင်ခဲ့ပုံ။

အကျဉ်းချုပ်

## အခန်း (၉)
## ငြိမ်းချမ်းစွာ စီးပွားရေးပြန်လည်ထူထောင်ရေးလုပ်ငန်းသို့ ကူးပြောင်းရေးကာလအတွင်းမှ ဗော်ရှီဗစ်ပါတီ (၁၉၂၁– ၂၅)

**စာမျက်နှာ – ၂၉၇**

၁။ စွက်ဖက်ကျူးကျော်မှု ရှုံးနိမ့်ပြီးနောက်နှင့် ပြည်တွင်းစစ်ပြီးနောက် ဆိုဗီယက်သမ္မတနိုင်ငံ။ ပြန်လည်ထူထောင်ရေးကာလအတွင်းမှ အခက်အခဲများ။

၂။ အလုပ်သမားသမဂ္ဂများနှင့် ပတ်သက်သော ပါတီဆွေးနွေးပွဲများ။ (၁၀) ကြိမ်မြောက် ပါတီကွန်ဂရက်။ အတိုက်အခံများ၏ ရှုံးနိမ့်မှု၊ စီးပွားရေး ပေါ်လစီသစ် (NEC) ကို လက်ခံအတည်ပြုခြင်း။

၃။ စီးပွားရေးပေါ်လစီသစ်၏ ပထမအကျိုးကျေးဇူးများ။ (၁၁) ကြိမ်မြောက် ပါတီကွန်ဂရက်။ ပြည်ထောင်စု ဆိုဗီယက်ဆိုရှယ်လစ်သမ္မတနိုင်ငံ ထူထောင်ခြင်း။ လီနင် နာမကျန်းဖြစ်မှု။ လီနင်၏ သမဝါယမစီမံကိန်း။ (၁၂) ကြိမ်မြောက် ပါတီကွန်ဂရက်။

၄။ စီးပွားရေး ပြန်လည်ထူထောင်တည်ဆောက်ရေးအတွင်း အခက်အခဲများကို တိုက်ပွဲဆင်ခြင်း။ ထရော့စကီဝါဒီများက ၎င်းတို့၏ လှုပ်ရှားမှုကိုတိုးမြင့်လာခြင်း။ လီနင် နာမကျန်းဖြစ်မှုအား အခွင့်ကောင်းယူ၍ ပါတီဆွေးနွေးပွဲသစ်များ။ ထရော့စကီဝါဒီများ ရှုံးနိမ့်ခြင်း။ လီနင် ကွယ်လွန်ခြင်း။ လီနင် အထိမ်းအမှတ်ပါတီဝင် လျှောက်လွှာတင်ခြင်း။ ၁၃ ကြိမ်မြောက် ပါတီကွန်ဂရက်။

၅။ ပြန်လည်ထူထောင်ရေးကာလအပြီးသို့ ရောက်ရှိလာသော ဆိုဗီယက်ပြည်ထောင်စု။ ကျွန်တော်တို့တိုင်းပြည်၏ ဆိုရှယ်လစ်တည်ဆောက်ရေးနှင့် ဆိုရှယ်လစ်အောင်ပွဲပြဿနာ။ ဇီနိုဗစ်၊ ကဲမီနက်ဗ်တို့၏ “အတိုက်အခံသစ်”။ ၁၄ ကြိမ်မြောက် ပါတီကွန်ဂရက်။ တိုင်းပြည်၏ ဆိုရှယ်လစ်စက်မှုတပ်ဆင်ရေးပေါ်လစီ။

အကျဉ်းချုပ်။

## အခန်း (၁၀)
## တိုင်းပြည်အားဆိုရှယ်လစ်စက်မှုလက်မှုတပ်ဆင်ရေးတိုက်ပွဲအတွင်းမှ ဘော်ရှီဗစ်ပါတီ (၁၉၂၆–၁၉၂၉)

**စာမျက်နှာ – ၃၃၅**

၁။ ဆိုရှယ်လစ် စက်မှုလက်မှု တပ်ဆင်ရေးကာလအတွင်းမှ အခက်အခဲများနှင့် ၎င်းတို့ကို ကျော်နင်းနိုင်ရန် အတွက်တိုက်ပွဲများ၊ ထရော့စကီဝါဒီများနှင့် ဇီနိုဗစ်ဝါဒီများ ပါတီဆန့်ကျင့်ရေး အုပ်စုဖွဲ့ခြင်း၊ ထိုအုပ်စု၏ ဆိုဗီယက်ဆန့်ကျင်ရေး လှုပ်ရှားမှုများ၊ အုပ်စုရှုံးနိမ့်သွားခြင်း။

၂။ ဆိုရှယ်လစ်စက်မှုတပ်ဆင်ရေးတိုးတက်လာခြင်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း နောက်ကျနေခြင်း၊ ၁၅ ကြိမ်မြောက် ပါတီကွန်ဂရက်၊ လယ်ယာစိုက်ပျိုးရေး၌ စုပေါင်းပိုင်ဆိုင်မှု ပေါ်လစီ၊ ထရော့စကီဝါဒီနှင့် ဇီနိုဗစ်ဝါဒီ အုပ်စုကိုနှိမ်နင်းခြင်း၊ နိုင်ငံရေး လျှာနှစ်ခွလုပ်မှု။

၃။ ကူးလတ်များအား ထိုးစစ်ဆင်ခြင်း၊ ဘူခါရင်၊ ရိုင်ကော့ဗ် ပါတီဆန့်ကျင်ရေးအုပ်စု၊ ပထမ ငါးနှစ်စီမံကိန်းကို လက်ခံအတည်ပြုခြင်း၊ ဆိုရှယ်လစ်ပြိုင်ဆိုင်မှု၊ စုပေါင်းလယ်မြေလှုပ်ရှားမှုကြီး စတင်ခြင်း။

အကျဉ်းချုပ်။

## အခန်း (၁၁)
## လယ်ယာစိုက်ပျိုးရေးတွင် စုပေါင်းပိုင်ဆိုင်မှုလုပ်ငန်းတိုက်ပွဲတွင်းမှ ဘော်ရှီဗစ်ပါတီ (၁၉၃၀ – ၁၉၃၄)

**စာမျက်နှာ –၃၅၉**

၁။ ၁၉၃၀ – ၃၄ အတွင်းက နိုင်ငံတကာ့အခြေအနေ။ အရင်းရှင်နိုင်ငံများအတွင်း စီးပွားရေး အကျပ်အတည်း၊ မန်ချူးရီးယားကို ဂျပန်တို့တိုးချဲ့သိမ်းပိုက်ခြင်း၊ ဂျာမနီ၌ ဖက်ဆစ်များ အာဏာ ရရှိလာကြခြင်း၊ စစ်ပွဲနေရာ – နှစ်နေရာ။

၂။ ကူးလတ်အစိတ်အပိုင်းများကို ကန့်သတ်ထိန်းချုပ်ရေးပေါ်လစီမှ ကူးလတ်များကို လူတန်းစားတရပ်အဖြစ် ချေမှုန်းပစ်ရေးပေါ်လစီသို့၊ စုပေါင်းလယ်ယာလှုပ်ရှားမှုအပေါ် ပါတီ၏ ပေါ်လစီအား ပုံဖျက်မှုများကို ဆန့်ကျင်တိုက်ပွဲဆင်ခြင်း၊ လမ်းစဉ်တရပ်လုံးတွင် အရင်းရှင်အစိတ် အပိုင်းများကို ထိုးစစ်ဆင်ခြင်း၊ ၁၆ ကြိမ်မြောက် ပါတီကွန်ဂရက်။

၃။ အမျိုးသားစီးပွားရေးဌာနခွဲများအားလုံးကို ပြန်တည်ဆောက်ရေးပေါ်လစီ နည်းပညာတို့၏ အရေးပါမှု၊ စုပေါင်းလယ်ယာလှုပ်ရှားမှု ဆက်လက်ပျံ့နှံ့လာခြင်း၊ စက်ယန္တရားနှင့် လယ်ထွန်စက်အလုပ်ရုံများ၏ နိုင်ငံရေးဌာနများ၊ ငါးနှစ်စီမံကိန်းကိုလေးနှစ်နှင့် ပြီးမြောက်သွားခြင်း၏ အကျိုးများ၊ စစ်မျက်နှာတခုလုံး၌ ဆိုရှယ်လစ်စနစ်အောင်ပွဲခံခြင်း၊ ၁၇ ကြိမ် ကွန်ဂရက်။

၄။ ဘူခါရင်ဝါဒီများ နိုင်ငံရေး နှစ်ဖက်မျက်နှာသမားများအဖြစ် ပျက်စီးယိုယွင်းသွားခြင်း၊ ထရော့စကီဝါဒီ နှစ်ဖက်မျက်နှာသမားများ၊ တပ်ဖြုလူသတ်သမားနှင့် သူလျှိုဂိုဏ်းအဖြစ် ပျက်စီး ယိုယွင်းသွားခြင်း၊ ကီရော့ဗ်ယုတ်မာစွာ လုပ်ကြံသတ်ဖြတ်ခံရခြင်း၊ ဗော်ရှီဗစ်နိုးကြားမှုကို မြှင့်တင်ရန် ပါတီ၏လုပ်ဟန်များ။

အကျဉ်းချုပ်။

## အခန်း (၁၂)
## ဆိုရှယ်လစ်လူ့အဖွဲ့အစည်း တည်ဆောက်ရေး
## အောင်မြင်ပြီးမြောက်ရေးတိုက်ပွဲအတွင်းမှ ဘော်ရှီဗစ်ပါတီ။
## ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံစည်းမျဉ်းသစ်ကို လက်ခံကျင့်သုံးခြင်း (၁၉၃၅ – ၃၇)

စာမျက်နှာ – ၃၉၃

၁။ ၁၉၃၅ – ၃၇ ခုနှစ်က နိုင်ငံတကာ့အခြေအနေ။ စီးပွားရေးအကျပ်အတည်း ယာယီ လျော့ကျသွားခြင်း။ စီးပွားရေး ကပ်ဘေးအသစ်စတင်လာခြင်း။ အီတလီက အယ်လ်ဘီးဆီးနီးယားကို သိမ်းပိုက်လိုက်ခြင်း။ စပိန်ကို ဂျာမနီနှင့် အီတလီတို့က ဝင်ရောက်စွက်ဖက်ခြင်း။ အလယ်ပိုင်း တရုတ်ပြည်ကို ဂျပန်များ ကျူးကျော်ဝင်ရောက်ခြင်း။ ဒုတိယနယ်ချဲ့စစ်ပွဲစတင်လာခြင်း။

၂။ ဆိုဗီယက်ယူနီယံ၏ စက်မှုလုပ်ငန်းနှင့် လယ်ယာစိုက်ပျိုးရေး ဆက်လက်တိုးတက်လာခြင်း၊ ဒုတိယ (၅) နှစ်စီမံကိန်း အချိန်စော၍ပြီးစီးခြင်း၊ လယ်ယာစိုက်ပျိုးရေး ပြန်လည်တည်ဆောက်မှုနှင့် စုပေါင်းပိုင်ပြုလုပ်သည့် လုပ်ငန်းအပြီးသတ်မှု၊ ကေဒါများ အရေးကြီးပုံ၊ “စတက်ခနော့ဗ်” လှုပ်ရှားမှု၊ လူနေမှုအဆင့်အတန်း တက်လာခြင်း၊ ယဉ်ကျေးမှုအဆင့်အတန်း တက်လာခြင်း၊ ဆိုဗီယက်တော်လှန်ရေး၏ အင်အား။

၃။ ဆိုဗီယက်များ၏ ၈ ကြိမ်မြောက် ကွန်ဂရက်၊ ဆိုဗီယက်ယူနီယံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံစည်းမျဉ်းသစ်ကိုလက်ခံအတည်ပြုခြင်း။

၄။ သူလျှိုများ၊ အဖျက်သမားများနှင့် တိုင်းပြည်သစ္စာဖောက် ဘူခါရင် – ထရော့စကီ ဂိုဏ်း အကြွင်းအကျန်များကိုချေမှုန်းဖျက်ဆီးခြင်း။ ဆိုဗီယက်ယူနီယံ၏ အမြင့်ဆုံး ဆိုဗီယက်ရွေးကောက်ပွဲအတွက် ပြင်ဆင်မှုများ။ ပါတီ၏ ခရီးစဉ်လမ်းကြောင်းအဖြစ် ကျယ်ပြန့်သည့် ပါတီတွင်း ဒီမိုကရေစီ၏ ဆိုဗီယက်ယူနီယံ၏ အမြင့်ဆုံး ဆိုဗီယက်ရွေးကောက်ပွဲ။

**နိဂုံး**

စာမျက်နှာ – ၄၁၇

# ထုတ်ဝေသူ၏အမှာစကား

(၁)

လွန်ခဲ့သည့် နှစ်ပေါင်း၂၀ ကျော်ကာလက ရှစ်လေးလုံး ဒီမိုကရေစီရေးတိုက်ပွဲသည် အပြည့်အဝအောင်ပွဲမခံလိုက်ရ။ အရေးနိမ့်ကာ နောက်ဆုတ်လိုက်ရသည်။ ဒီမိုကရေစီရေးတက်ကြွသူ အများအပြားသည် လက်နက်ကိုင်တော်လှန်ရေးသို့ မလွှဲမရှောင်သာ ကူးပြောင်းခဲ့ကြရသည်။ ဒီမိုကရေစီရေးတိုက်ပွဲသည် အဆင့်တဆင့်သို့ လှမ်းတက်လိုက်သည့်သဘောဖြစ်သည်။ လက်နက်ကိုင်တော်လှန်ရေး၏ လွတ်မြောက်ဒေသအသီးသီးတွင် ခိုလှုံအခြေချခဲ့ကြရသည်။ သို့သော် ခိုလှုံအခြေချခဲ့ရသည့် အခြေခံဒေသများကား တဦးနှင့်တဦး၊ တဖွဲ့နှင့်တဖွဲ့ မတူညီ၊ ကွဲပြားခြားနားကြပါသည်။ အကြောင်းအမျိုးမျိုးကြောင့် ဖြစ်ခဲ့ကြပါလိမ့်မည်။

ထိုစဉ်က လွတ်မြောက်ဒေသများတွင် သို့မဟုတ် ပြောက်ကျားဒေသများတွင် နိုင်ငံရေးဆိုင်ရာသဘောတရားစာစောင်၊ စာတမ်းများစွာကို လေ့လာခွင့်ရခဲ့ပါသည်။ လေ့လာရေးစာစောင်၊ စာတမ်းများထဲတွင် **ဆရာမဒေါ်ယဉ်ယဉ်လှ** ဘာသာပြန်ဆိုပေးခဲ့သော ဆိုဗီယက်ယူနီယံကွန်မြူနစ်ပါတီ (ဘော်ရှီဗစ်) **C.P.S.U (B)** သမိုင်းအကျဉ်းချုပ် စာအုပ်ကိုလည်း ဖတ်ရှုလေ့လာခွင့်ရခဲ့သည်။ နိုင်ငံရေးအသိသစ်များနှင့် တော်လှန်သော အတွေးအခေါ်သစ်များကို ရရှိလိုက်သည်။ ထိုစာအုပ်သည် တော်လှန်ရေးအခြေအနေနှင့် ကိုက်ညီစွာပဲ ပုံနှိပ်စာအုပ်အဖြစ် ရိုက်နှိပ်မထား။ အနိမ့်ဆုံး လက်နှိပ်စက်ဖြင့်တောင် ရိုက်နှိပ်ရန် အခွင့်အရေးမရရှိခဲ့ပေ။ ဆရာမ၏ ဘာသာပြန်စာမူများကို တခန်းပြီးတခန်း လက်ရေးကော်ပီများဖြင့်သာကူးပွားကြကာ အငမ်းမရ လေ့လာခဲ့ကြရသည်။ ထိုနောက် အချိန်ကာလကြာမြင့်စွာ တပိုင်းတစစီ သိမ်းဆည်းထားခဲ့ကြသည်။

ထို အနှစ် ၂၀ မှ ယနေ့ကာလအထိ နှစ်များစွာအတွင်းက နိုင်ငံရေးအဖြစ်အပျက်များကို ပြန်လည် မြင်ကြည့်မိသည်။ ကမ္ဘာနိုင်ငံရေး နှင့် မြန်မာ့နိုင်ငံရေး အခြေအနေတို့သည် သူမတူစွာ၊ လျင်မြန်စွာ ဖြစ်ပေါ်ပြောင်းလဲခဲ့သည်။ ဖြစ်ပေါ်ပြောင်းလဲနေဆဲလည်းဖြစ်သည်။ သို့သော် တော်လှန်ရေးများ ကား ဆက်လက်တည်ရှိနေဆဲဖြစ်သည်။ ရုန်းကန်နေရဆဲဖြစ်သည်။ အောင်ပွဲနှင့်ဝေးနေဆဲအခြေအနေလည်း ဖြစ်သည်။ တော်လှန်ရေးများသည် ပုံမှန်အနေအထားပြန်ရောက်ရန်၊ ပြန်လည်နလန်ထူနိုင်ရန် ကျားကုပ် ကျားခဲဖြင့် လုံးပန်းအားထုတ်နေကြရချိန်လည်းဖြစ်သည်။

ဤကာလမျိုးတွင် တခါကလေ့လာခဲ့ဘူးသော **C.P.S.U (B)** သမိုင်းအကျဉ်းချုပ်ကို ပြန်လည် သတိရလာသည်။ ပြန်လည်လေ့လာချင်သည့်စိတ် များ ပြင်းပြလာခဲ့သည်။ အခြားဘဝတူ ရဲဘော်များ၊ မိတ်ဆွေများကိုလည်း မျှဝေပြီး ဖတ်စေချင်သည့်စိတ် ဖြစ်ပေါ်ခဲ့သည်။ နေရာအနှံ့မှာ ပြန့်ကျဲနေ သော၊ ဟောင်းနွမ်းမွကျေနေသော ထိုစာမူများကို ပြန်လည်စုစည်းရသည်။ လက်ရေးမူဖြင့် ပြန်လည်ရေးကူးရ သည်။ ကွန်ပြူတာ လက်လှမ်းမှီသော နေရာ ရောက်သည့်အခါမှ ထိုစာမူများကို အီလက်ထရစ်ကော်ပီ (Eletric Copy) အဖြစ် ပြန်လည်ကူးပြောင်းကာ မှတ်တမ်းတင်ထားမိသည်။ (ထိုသို့ ကူးပြောင်း မှတ်တမ်းတင်ထားရာတွင် အကူအညီပေးခဲ့ကြသော ကိုညီညီ၊ ကိုအောင်ထွန်းနှင့်အဖွဲ့၊ ဂျက် နှင့် အဖွဲ့တို့အား "အလင်းလှိုင်း " ကွန်ရက်မှ အထူးကျေးဇူးတင်နေမိသည်။)

နေ့စဉ် ဖြစ်ပေါ်ပြောင်းလဲနေသော မြန်မာပြည် နိုင်ငံရေးအခြေအနေသည် ဒီမိုကရေစီရေးတောင်း ဆို၊ တိုက်ပွဲဝင်နေသူများအတွက် ကြေနပ်အားရစရာ အခြေအနေမျိုးမဟုတ်ပါ။ တစုံတရာသောလိုအပ် ချက် ရှိနေသလိုခံစားနေရသည်။ **အနာနှင့်ဆေး** မတည့်သေးတာမျိုးဖြစ်နေသည်။ ထိုလိုအပ်ချက်ကို အပြည့်အဝ မဖြည့်ဆည်းနိုင်သေးသော်လည်း လစ်ဟာနေသည့် နေရာအချို့အား ဖြည့်စွက်ပေးနိုင်စွမ်းရှိ လိမ့်မည်ဟု ယုံကြည်မိသည်။ ထိုယုံကြည်ချက်ဖြင့်ပင် **ဆရာမဒေါ်ယဉ်ယဉ်လှ** ဘာသာပြန်ဆိုထားသော **C.P.S.U (B)** သမိုင်းအကျဉ်းချုပ်ကို ထုတ်ဝေဖြန့်ချိရန်အတွက် အားစိုက် လုံးပန်းလိုက်ပါသည်။

(၂)

**ဤကာလ** တွင် "အလင်းလှိုင်း" ကွန်ရက်မှ **C.P.S.U (B)** သမိုင်းအကျဉ်းချုပ်ကို ဘာကြောင့် ထုတ်ဝေဖြန့်ချိရပါသလဲ။

ထိုမေးခွန်းအတွက် ရည်ရွယ်ချက်တခုတည်းသာရှိကြောင်း ဖြေကြားရပေမည်။ ၎င်းမှာ စစ်ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် အပြင်းအထန်ရုန်း ကန်နေကြရသော၊ တော်လှန်သောပြည်သူများ အား နိုင်ငံတကာမှ အဖိနှိပ်ခံပြည်သူများ၏ တော်လှန်ရေးဘဝဖြတ်သန်းမှုအကြောင်းနှင့် မည်ကဲ့သို့ အောင်ပွဲရယူနိုင်ခဲ့ကြသည် ဆိုသော **အတွေ့အကြုံကောင်းများ** ကို လေ့လာနိုင်ရန် မိတ်ဆက်ပေးခြင်းမျှ သာဖြစ်ပါသည်။

တိုင်းပြည်အသီးသီးမှ တော်လှန်ရေးတိုင်းသည် မိမိတို့၏ တော်လှန်ရေးအတွေ့အကြုံများကို ထပ်ခါထပ်ခါ သင်ကြားလေ့လာနေကြရသည်။ ထိုအပြင် အခြားတိုင်းပြည်များ၏ တော်လှန်ရေးအတွေ့ အကြုံများကိုလည်း မုချသင်ကြားလေ့လာကြရမည်။ တပြိုင်နက်တည်းမှာ လေ့လာတတ်ရမည်။ အချို့

တိုင်းပြည်များတွင် ထိုအတွေ့အကြုံများနှင့် မိမိတို့တိုင်းပြည်၏ တကယ့်အခြေအနေ (တော်လှန်ရေးလက်တွေ့) တို့ကို မှန်ကန်စွာပေါင်းစပ်ပေး နိုင်ခဲ့ကြသဖြင့် အောင်ပွဲခံနိုင်ခဲ့ကြသည်။ တော်လှန်ရေးနည်းဖြင့် အောင်ပွဲခံခဲ့သည့် တိုင်းပြည်တိုင်းသည် ဤဖြစ်စဉ်အတိုင်း ဖြတ်သန်းခဲ့ကြသည်။

ထိုအတွေ့အကြုံများကို လေ့လာရုံ၊ သိရုံမျှဖြင့် လုံလောက်ပြီဟု မယူဆနိုင်။ လေ့လာရေးတွင် သတိပြုသင့်သည့် အချက်အချို့ရှိပါသည်။ အခြား တိုင်းပြည်တခုခု၏ တော်လှန်ရေးနိဂုံးချုပ်ချက်များကို လေ့လာပြီး မိမိတို့တော်လှန်ရေးများတွင် ကော်ပီကူးချပြီး အသုံးမချမိရန်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုနိဂုံးချုပ်ချက်များသည် အခြားတိုင်းပြည်တခု၏ တော်လှန်ရေးလက်တွေ့မှ ရရှိချက်များကိုသာ စုစည်းဖော်ပြထားသောကြောင့် ဖြစ်သည်။

ထိုအတွေ့အကြုံများကို လေ့လာရာတွင် ခွဲခြမ်းစိတ်ဖြာပြီး ဝေဖန်သုံးသပ်ခြင်းများ ပြုလုပ်တတ်ရန်လည်း လိုအပ်ပေလိမ့်မည်။ သို့မှသာ အတွေးအ ခေါ်အမှီအခိုကင်းရေးအတွက် အထောက်အကူရစေမည်။ အတွေးအခေါ်လွတ်မြောက်မှုရှိမှလည်း မှန်ကန်သည့် နိုင်ငံရေးလုပ်ငန်းစဉ်များကို ချမှတ်၊ အကောင်အထည်ဖော်နိုင်မှာဖြစ်သည်။ အတွေးရှင်းမှ အလုပ်ရှင်းသည် ဆိုသည့်သဘောဖြစ်သည်။

တကယ်တော့ တော်လှန်ရေးဆိုသည်မှာ အတွေ့အကြုံများကို သင်ယူလေ့လာရင်း၊ စူးစမ်းရင်း၊ စမ်းသပ်ရင်းဖြင့်  ရှေ့သို့ချီတက်နေသည့် ဖြစ်စဉ် တခုပင် မဟုတ်ပါလား။

(၃)

**C.P.S.U (B)** သမိုင်းအကျဉ်းချုပ် စာအုပ်တွင်ပါရှိသည့် အကြောင်းအရာများ၏ သမိုင်းတန်ဖိုးရှိမှုကို "အလင်းလှိုင်း" အနေဖြင့် သီးခြားမိတ် ဆက်ပေးရန် အခွင့်အရေးမရှိပါ။ အဘယ်ကြောင့်ဆိုသော် ထိုစာအုပ်ကိုယ်တိုင်ကပင် မိတ်ဆက်ပေးရန် လုံးဝမလိုအပ်သည့် သမိုင်းတန်ဖိုးမြင့်မားနေသောကြောင့်ဖြစ်ပါသည်။

သို့သော် တရုတ်ပြည်သူတွေ၏ဘဝကို လွတ်မြောက်စေခဲ့သည့် တရုတ်ပြည်တော်လှန်ရေး၏ ခေါင်းဆောင် ရဲဘော်မော်စီတုန်းက **C.P.S.U (B)** သမိုင်း အကျဉ်းချုပ်စာအုပ် နှင့် ပတ်သက်၍ ဘယ်လို တန်ဖိုးထားရှိခဲ့သလဲဆိုတာကိုတော့ "အလင်းလှိုင်း" မှ မိတ်ဆက်ပေးလိုပါသည်။

တရုတ်ပြည် မလွတ်မြောက်ခင် တော်လှန်ရေးကာလ (၁၉၄၀ ခုနှစ်) အတွင်းမှာ ဥက္ကဋ္ဌမော်သည် " ကျနော်တို့၏ လေ့လာမှုကိုပြုပြင်ရေး" ဆို သည့် ဆောင်းပါးတစောင် ရေးသားခဲ့သည်။ တပါတီလုံး မာက့်စ်လီနင်ဝါဒ အတွေးအခေါ်မူအရ လုပ်ဟန်ပြုပြင်ပြောင်းလဲရေး လှုပ်ရှားမှုလုပ်ရန် ဤဆောင်းပါးဖြင့် ဆော်ဩခဲ့ဘူးသည်။ ထိုဆောင်းပါး၏ တနေရာ၌ အလုပ်လုပ်နေသောကေဒါများကို ပညာပေးရာ၌ဖြစ်စေ၊ ကေဒါသင်တန်းကျောင်း များတွင် ပညာပေးရာ၌ဖြစ်စေ (က) တရုတ်ပြည်တော်လှန်ရေး လက်တွေ့ပြဿနာတွေ စူးစမ်းလေ့လာရေးကို အချက်အချာအဖြစ်ထားရန်၊ (ခ) မာ့က်စ်လီနင်ဝါဒ အခြေခံမူများကို လမ်းညွှန်အဖြစ်ထားရန် ... ဆိုသည့် အချက် ၂ ချက်ကို ပေါ်လစီအဖြစ်ထားရှိရန် ဆော်ဩခဲ့သည်။

ဆက်လက်ပြီး မာ့က်စ်လီနင်ဝါဒ ကို လေ့လာရာတွင်လည်း **C.P.S.U (B)** သမိုင်းအကျဉ်းချုပ်စာအုပ်ကို **အဓိကလေ့လာရန်စာအုပ်** အဖြစ်ထားသင့်သည်ဟု ညွှန်ပြပေးခဲ့သည်။ **C.P.S.U (B)**

သမိုင်းအကျဉ်းချုပ်စာအုပ်နှင့် ပတ်သက်ပြီး တန်ဖိုးဖြတ်ရာတွင်လည်း အချက် ၂ ချက်ကို ထောက်ပြပြီး စာအုပ်၏ တန်ဖိုးအရည်အချင်းကို ဖော်ပြခဲ့ပါသည်။ ၎င်းအချက်များမှာ –

၁။ ဤစာအုပ်သည် လွန်ခဲ့သည့်နှစ်တရာအတွင်း (၁၉၄၀ ခုနှစ်မတိုင်မီ)၊ တကမ္ဘာလုံးမှာရှိသည့် ကွန်မြူနစ်လှုပ်ရှားမှုကို အရည်အချင်းမြင့်မြင့် အလုံးစုံခြုံပြီး ပေါင်းရုံးသုံးသပ်ထားသည့် စာအုပ်ဖြစ်သည်။

၂။ ဤစာအုပ်သည် သဘောတရားနှင့် လက်တွေ့ပေါင်းစပ်ထားသည့် စံနမူနာလည်းဖြစ်သည်။ ပြည့်စုံသည့် စံနမူနာဆိုလို့ တကမ္ဘာလုံးတွင် ဤစာအုပ်တအုပ်တည်းသာရှိသေးသည် ... ဟု မြင့်မြင့်မားမား တန်ဖိုးထားကာ ညွှန်ပြခဲ့ပေသည်။

ဤစာအုပ်သည် ၁၉ ရာစု နှောင်းပိုင်းနှင့် ၂၀ ရာစု အစပိုင်းကာလက ရုရှားနိုင်ငံမှ အဖိနှိပ်ခံပြည်သူများ၏ အောင်ပွဲခံတော်လှန်ရေးသမိုင်းဖြစ်သည်။

ရုရှားပြည်သူများ၏ တော်လှန်ရေးအတွေ့အကြုံများက ကမ္ဘာတဝန်းလုံးရှိ အဖိနှိပ်ခံပြည်သူများ၏ လွတ်လပ်ရေးတိုက်ပွဲ၊ လွတ်မြောက်ရေးတိုက်ပွဲ များအပေါ် ကြီးမားစွာ သြဇာသက်ရောက်ခဲ့သည်။ မိမိတို့တိုင်းပြည်သည်လည်း ထိုတော်လှန်ရေး၏ အကျိုးကျေးဇူး အထင်အရှားရှိခဲ့ဘူးသည်။ အချို့တိုင်းပြည်များသည် ထိုတော်လှန်ရေး အတွေ့အကြုံများကို လေ့လာပြီး မိမိတို့၏ တော်လှန်ရေး လက်တွေ့များနှင့် ပေါင်းစပ်ကာ ပြည်သူလူထု ကို လွတ်မြောက်စေခဲ့သည်။ အချို့တိုင်းပြည်များကား ရုန်းကန်နေရဆဲဖြစ်သည်။

မည်သို့ဆိုစေကာမူ ဤစာအုပ်သည် ဒီမိုကရေစီရေးတောင်းဆို၊ တိုက်ပွဲဝင်နေသည့် တော်လှန်ရေးများအတွက် တစုံတရာ အကျိုးဖြစ်ထွန်းစေလိမ့် မည်ဟု ယုံကြည်မိပါသည်။ သို့သော်ဤစာအုပ်ပါ အကြောင်းအရာများသည် လေ့လာသူ၏ ရပ်တည်ချက်၊ ဆန္ဒအာသီသအပေါ် မူတည်ပြီး တန်ဖိုး အပြောင်းအလဲ ဖြစ်သွားစေနိုင်ပါသည်။ "ကြည့်တတ်သူ, မြင်၏၊ ယူတတ်သူ, ရ၏" ဆိုသော စကားအတိုင်း လိုအပ်ချက်ရှိသလောက်တော့ ပြည့် ဝနိုင်ကြလိမ့်မည်ဟု မျှော်လင့်မိပါတော့သည်။

(၄)

ဤစာအုပ်ကို ဘာသာသာပြန်ရာတွင် ဆရာမ ဒေါ်ယဉ်ယဉ်လှသည် တော်လှန်ရေးလုပ်ငန်း တာဝန်တခုအဖြစ်သဘောထားပြီး ဘာသာပြန်ပေးခဲ့သည်။ ဆရာမ၏ ဘာသာပြန်ပေးမှုကြောင့် ရဲဘော်အများအပြားသည် နိုင်ငံရေးအသိ ပိုမိုတိုးမြင့်လာခဲ့ကြသည်။ ဤစာအုပ်သည် တော်လှန်ရေးတွင် လိုအပ်နေသော နိုင်ငံရေးအတွေးအခေါ် တည်ဆောက်ရေးလုပ်ငန်း၊ နိုင်ငံတကာ့ တော်လှန်ရေး အတွေ့အကြုံများအား လေ့လာရေးနှင့် သုတေသနပြုရေးလုပ်ငန်းကြီးများအတွက် တန်ဖိုးမဖြတ်နိုင်သော ဖြည့်ဆည်းချက်တခုလည်းဖြစ်ခဲ့ပါသည်။ ဆရာမ၏ ဤအကျိုးပြုဆောင်ရွက်ချက်များအပေါ် "အလင်းလှိုင်း" ကွန်ရက်မှ လေးစားမှုဖြင့် ကျေးဇူးတင်ရှိကြောင်းပြောကြားလိုပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် စိတ်အား၊ လူအား အကူအညီပေးခဲ့ကြသော အစ်ကိုကြီး ကိုသိန်းဝင်းနှင့် အဖွဲ့အားလည်းကောင်း၊ ကိုသီဟမောင်မောင် (ဂရပ်ဖစ်ဒီဇိုင်း) အား လည်းကောင်း "အလင်းလှိုင်း"ကွန်ရက်မှ ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်အပ်ပါသည်။

စာအုပ်တွင် အားနည်းချက်များတွေ့ရှိပါက မိမိတို့တွင်သာ တာဝန်ရှိပါသည်။ ဘာသာပြန်သူနှင့် မသက်ဆိုင်ပါ။

**အလင်းလိုင်း ကွန်ရက်**
*၂၀၁၀ ဩဂုတ် ( ၈) ရက်*

## နိဒါန်း

ဆိုဗီယက်ယူနီယံကွန်မြူနစ်ပါတီ (ဘော်ရှီဗစ်) သည် အလွန်ရှည်လျားကြီးမြတ်သည့် လမ်းကိုဖြတ်သန်းခဲ့ရပြီး လွန်ခဲ့သည့် ရာစုနှစ်၊ ၈၀ စုနှစ်များအတွင်းက ရုရှားတွင်ပေါ်ပေါက်ခဲ့သည်။ မာ့က်စ်ဝါဒအစု အဝန်းအဝိုင်းအငယ်လေးများမှ စတင်ခဲ့ရပြီး၊ ယခုတွင်ကမ္ဘာပေါ်ရှိ ပထမဆုံးသော အလုပ်သမား၊ လယ်သမားနိုင်ငံတော်ကြီးကို ဦးဆောင်နေပေသည်။

ဆိုဗီယက်ယူနီယံ ကွန်မြူနစ်ပါတီ (ဘော်ရှီဗစ်) သည် တော်လှန်ရေးမတိုင်မီ ရုရှားက အလုပ်သမားလူတန်းစား လှုပ်ရှားမှုနှင့် ဆက်စပ်မိပြီး၊ အလုပ်သမားလှုပ်ရှားမှု အခြေခံပေါ်တွင် ကြီးထွားခဲ့ပြီး၊ ၎င်းအပေါ် ဆိုရှယ်လစ် အသိစိတ်ဓာတ် သယ်ဆောင်ပေးခဲ့သည့် မာ့က်စ်ဝါဒ အစုငယ်များမှ ပေါ်ထွက်ခဲ့သည်။ ပါတီကို မာ့က်စ်ဝါဒ တော်လှန်ရေးဝါဒ သင်ကြားချက်များက ထာဝစဉ် ရှေ့ဆောင်ခဲ့ပါသည်။ နယ်ချဲ့ခေတ်၊ နယ်ချဲ့စစ်ပွဲများနှင့် ပစ္စည်းမဲ့တော်လှန်ရေးများ၊ အကြောင်းအချက်အသစ်များ အောက်တွင် ၎င်း၏ခေါင်းဆောင်များသည် မာ့က်စ်နှင့်အိန်ဂယ်တို့၏ သင်ကြားချက်များကို ဆက်လက် ဖြစ်ပေါ်တိုးပွားစေကာ အဆင့်သစ်တခုသို့ မြှင့်ပေးခဲ့ပါသည်။

ပါတီသည် အလုပ်သမားလူတန်းစား လှုပ်ရှားမှုအတွင်းရှိ ဓနရှင်ပေါက်စပါတီများဖြစ်သည့် ဆိုရှယ်လစ်တော်လှန်ရေးသမားများ (၎င်းတို့၏ ရှေ့လူများဖြစ်သည့် နာရောဒ်နစ်များ) မင်ရှီဗစ်များ၊ မင်းမဲ့များနှင့် အရောင်အသွေးစုံသည့် ဓနရှင်အမျိုးသားရေးဝါဒီများနှင့်လည်းကောင်း၊ မိမိပါတီအတွင်းရှိ မင်ရှီဗစ်များ၊ အချောင်သမား တိမ်းစောင်းမှုများဖြစ်သည့် ထရော့စကီဝါဒီများ၊ ဘူခါရင်ဝါဒီများ၊ အမျိုးသားရေးဝါဒီများနှင့် တခြားလီနင် ဆန့်ကျင်ရေးအစုများနှင့်လည်းကောင်း အခြေခံမူဝါဒများ အပေါ် ဆန့်ကျင်တိုက်ပွဲဝင်ရင်း ကြီးထွားလာကာ အင်အားတောင့်တင်းလာပါသည်။

ပါတီသည် အလုပ်သမားလူတန်းစားနှင့် လုပ်သားပြည်သူအားလုံးတို့၏ ရန်သူ အားလုံးဖြစ်သည့် မြေရှင်၊ အရင်းရှင်၊ ကူးလက်၊ ခေးပြ၊ သူခိုးများ၊ သူလျှိုများကိုလည်း ကောင်း၊ ပတ်ဝန်းကျင်

အရင်းရှင်နိုင်ငံများမှ ငှားရမ်းထားသူများကိုလည်းကောင်း၊ ဆန့်ကျင်ကာ တော်လှန်ရေးဆင်နွှဲခြင်းဖြင့် အင်အားများ တောင့်တင်းလာကာ သံခဲတင်လာခဲ့ပါ သည်။

ဆိုဗီယက်ယူနီယံကွန်မြူနစ်ပါတီ (ဘော်ရှီဗစ်) ၏သမိုင်းသည် ၁၉၀၅ ခုနှစ် ဓနရှင်ဒီမိုကရေစီ တော်လှန်ရေး၊ ၁၉၁၇ ခုနှစ် ဖေဖော်ဝါရီ ဓနရှင်ဒီမိုကရေစီတော်လှန်းရေးနှင့် ၁၉၁၇ ခုနှစ် အောက်တိုဘာ ဆိုရှယ်လစ်တော်လှန်ရေးဆိုသည့် တော်လှန်ရေး ၃ ခု၏ သမိုင်းဖြစ်သည်။

ဆိုဗီယက်ယူနီယံကွန်မြူပါတီ (ဘော်ရှီဗစ်) ၏သမိုင်းသည် ဇာဘုရင်စနစ်ဖြုတ်ချခြင်း၊ မြေရှင်နှင့် အရင်းရှင်တို့၏ အာဏာကိုဖြုတ်ချခြင်း သမိုင်းဖြစ်သည်။ ပြည်တွင်းစစ်အတွင်း နိုင်ငံခြားလက်နက်ကိုင်တပ်များ ဝင်ရောက်စွက်ဖက်မှု ကျဆုံးခြင်းသမိုင်းဖြစ်သည်။ ကျွန်တော်တို့ တိုင်းပြည်တွင် ဆိုဗီယက် နိုင်ငံတော်နှင့် ဆိုဗီယက်လူ့အဖွဲ့အစည်း တည်ဆောက်သည့်သမိုင်းဖြစ်သည်။

ဆိုဗီယက်ယူနီယံ ကွန်မြူနစ်ပါတီ (ဘော်ရှီဗစ်) ၏ သမိုင်းကို လေ့လာပါက ကျွန်တော်တို့သည် ကျွန်တော်တို့ တိုင်းပြည်မှ အလုပ်သမား၊ လယ်သမားများ ဆင်နွှဲခဲ့ကြသည့် ဆိုရှယ်လစ်စနစ်တိုက်ပွဲ အတွေ့အကြုံများကို ရနိုင်သည်။

ပါတီ၏သမိုင်း၊ ကျွန်တော်တို့ပါတီ၏ မာ့က်စ်ဝါဒ၊ လီနင်ဝါဒရန်သူ၊ အလုပ်သမားများ၏ ရန်သူအားလုံးပေါ်ဆင်နွှဲခဲ့သည့် တိုက်ပွဲသမိုင်းများကို လေ့လာပါက ကျွန်တော်တို့သည် ဘော်ရှီဗစ်ဝါဒ အပေါ် ပိုမိုသိနားလည်နိုင်ပြီး၊ နိုင်ငံရေးနိုးကြားမှုလည်း ပိုမိုထက်သန်လာစေပါသည်။

ဘော်ရှီဗစ်ပါတီ၏ ရဲစွမ်းသတ္တိ ပြောင်မြောက်လှသည့် သမိုင်းကို လေ့လာခြင်းဖြင့်၊ ကျွန်တော်တို့သည် လူမှုဖြစ်ပေါ်တိုးတက်မှုနှင့် နိုင်ငံရေးတိုက်ပွဲ၏ တရားဥပဒေသဆိုင်ရာ အတွေ့အကြုံနှင့် တော်လှန်ရေး၏တွန်းအား အတွေ့ကြုံဗဟုသုတများကို ရရှိနိုင်ပါသည်။

ပါတီ၏သမိုင်းကို လေ့လာခြင်းဖြင့် လီနင်–စတာလင်ပါတီ၏ ကြီးမြတ်သည့်အရေးတော်ပုံ၏ နောက်ဆုံးပိတ်အောင်ပွဲ၊ ကမ္ဘာတဝန်းလုံး ကွန်မြူနစ်စနစ်အောင်ပွဲအပေါ် ကျွန်တော်တို့ အသေအချာ ယုံကြည်မှုကို ရရှိနိုင်ပါသည်။

ဤစာအုပ်သည် ဆိုဗီယက်ယူနီယံကွန်မြူနစ်ပါတီ (ဘော်ရှီဗစ်) ၏ သမိုင်းအကျဉ်း ချုပ်ဖြစ်ပါသည်။ ။

# အခန်း (၁)

# ရုရှား၌ ဆိုရှယ်ဒီမိုကရက်အလုပ်သမားပါတီ တည်ထောင်ရေးအတွက်တိုက်ပွဲ (၁၈၈၃–၁၉၀၁)

## ၁။ ရုရှား၌ ကျေးကျွန်စနစ် ဖျက်သိမ်းမှုနှင့် စက်မှုလက်မှုအရင်းရှင်စနစ် ဖြစ်ပေါ်တိုးတက် လာမှု။ ခေတ်သစ်စက်မှုလက်မှုပစ္စည်းမဲ့များ ပေါ်ပေါက်လာခြင်း။ အလုပ်သမားလူတန်း စား လှုပ်ရှားမှု၏ ပထမခြေလှမ်းများ။

တခြားနိုင်ငံများထက် ဇာဘုရင်ရုရှားသည် အရင်းရှင်ဖြစ်ပေါ်တိုးတက်မှုလမ်းကြောင်း ပေါ်သို့ နောက်ကျစွာ တက်လှမ်းခဲ့ပေသည်။ လွန်ခဲ့သည့် ရာစုနှစ်ခြောက်ဆယ်စုနှစ်များ အတွင်း ရုရှားတွင် စက်ရုံနှင့် အလုပ်ရုံများ အလွန်နည်းပါးစွာ တည်ရှိခဲ့ပါသည်။ ကျေးကျွန်စနစ်အပေါ် အခြေခံသည့် မြေကျွန်စနစ်သည် အနှံ့အပြားဖြစ်နေသည့် စီးပွားရေးသဏ္ဍာန်ဖြစ်နေပေသည်။ ကျေးကျွန်စနစ် အောက်တွင် စက်မှုလက်မှု အစစ်အမှန် တိုးတက်လာရေးမှာ မဖြစ်နိုင်ပါ။ လယ်ယာလုပ်ငန်းတွင် ကျေးကျွန်များ၏ စေတနာမပါသော လုပ်အားကြောင့် ထုတ်လုပ်မှုမှာ အလွန်နိမ့်ပါသည်။ စီးပွားရေး ဖြစ်ပေါ်တိုးတက်မှု ဖြစ်စဉ်တခုလုံးက ကျေးကျွန်စနစ် ဖျက်သိမ်းရေးကို မလွှဲမရှောင်သာ ဖြစ်စေခဲ့ပါ သည်။ ၁၈၆၁ ခုနှစ်၊ ကရိုင်းမီးယားစစ်ရှုံးနိမ့်မှုကြောင့် အင်အားချည့်နဲ့သွားပြီး၊ မြေရှင်များကို ဆန့်ကျင်သည့်၊ လယ်သမားပုန်ကန်မှုများကို ကြောက်လန့်နေသည့် ဇာဘုရင်အစိုးရသည် ကျေး ကျွန်စနစ်ကို မလွှဲမရှောင်သာ ဖျက်သိမ်းပေးလိုက်ရသည်။

သို့သော် ကျေးကျွန်စနစ်ဖျက်ပြီးသည့်တိုင် မြေရှင်များသည် လယ်သမားများကို ဆက်လက် ဖိနှိပ်ခဲ့ပါသည်။ "လွတ်မြောက်ရေး" ဖြစ်စဉ်အတွင်း ၎င်းတို့သည် ယခင်က လယ်သမားများသုံးခဲ့သည့် မြေတစိတ်တပိုင်းကို ခြံခတ်ခြင်း၊ ဖဲ့ယူခြင်းတို့ဖြင့် လယ်သမားတို့ထံမှ လုယက်ယူငင်ကြသည်။ ဤ

အဖြတ်ခံရသည့် မြေအစိတ်အပိုင်းများကို လယ်သမားများက အိုထရက်စကီ (ဖြတ်စများ cuts) ဟုခေါ်သည်။ လယ်သမားများက ၎င်းတို့ လွတ်မြောက်ရေးအတွက် ပြန်ဆပ်ငွေအဖြစ် မြေရှင်များကို ရူဘယ်သန်း ၂,၀၀၀ အတင်းအကျပ်ပေးခိုင်းသဖြင့် ပေးဆပ်ရပါသည်။

ကျေးကျွန်စနစ် ဖျက်သိမ်းပြီးနောက် လယ်သမားများသည် မြေရှင်ထံမှ မြေများကို အလွန်ကြီး လေးသည့်အခွန်အကောက်များဖြင့် အငှားချရပါသည်။ ငွေဖြင့် ချေးငှားခပေးရသည့်အပြင် လယ် သမားများသည် မြေရှင်ထံတွင် အခကြေးငွေမရဘဲ၊ မိမိကိုယ်ပိုင်ကိရိယာများ၊ မြင်းများဖြင့် မြေရှင်၏ မြေတစိတ်တပိုင်းကို ထွန်ယက်ပေးရပါသည်။ ဤအရာကို အိုတရာဗိုလ်ကီ (လုပ်အားခ) ဟု ခေါ်ပါသည်။ အခြေအနေအများစုတွင် လယ်သမားများသည် မြေရှင်များကို ၎င်းတို့ထွက်ရှိသည့် အထွက်၏ ထက် ဝက်ကို မြေငှားခအဖြစ် ပေးဆပ်ရပါသည်။ ၎င်းကို အစ်ပိုလူ (တဝက်–တဝက် စနစ်) ဟု ခေါ်ပါသည်။

ထို့ကြောင့် အခြေအနေသည် ကျေးကျွန်စနစ် လက်အောက်မှာကဲ့သို့ပင် ထူးမခြား နားရှိနေပြီး၊ တခုတည်းသောခြားနားချက်ကတော့ လယ်သမားများသည် ပုဂ္ဂိုလ်ရေးအရ လွတ်လပ်ပြီး ပစ္စည်း တခုကဲ့သို့ ဝယ်ယူခြင်းနှင့် ရောင်းချခြင်း မရှိခြင်းသာဖြစ်သည်။

မြေရှင်များသည် မတိုးတက်ဘဲ ခေတ်နောက်ကျသည့် လယ်သမားများကို ငွေညှစ်နည်း အမျိုး မျိုး (ချေးငှားခ၊ ဒဏ်ငွေ) တို့ဖြင့် ဖြုန်းခါပြာခါကျအောင် သွေးစုပ်ကြပါသည်။ မြေရှင်တို့၏ ဖိနှိပ်မှုကြောင့် လယ်သမားထုကြီးမှာ ၎င်းတို့၏ မြေယာများ တိုးတက်အောင် မပြုလုပ်နိုင်ပါ။ ထို့ကြောင့် တော် လှန်ရေးမတိုင်မီ ရုရှား၌ စိုက်ပျိုးရေးသည် အလွန်အမင်းခေတ်နောက်ကျခဲ့ပြီး၊ မကြာခဏ ထွက်နှုန်း ကျဆင်းခြင်းနှင့် ကပ်ဘေးများ ဆိုက်ရောက်စေခဲ့ပါသည်။

ကျေးကျွန်စနစ် သက်ဆိုးရှည်ကျန်နေခြင်း၊ အခွန်အတုတ်ဖိစီးခြင်းနှင့် မြေရှင်များအပေါ်အ ကြွေးဆပ်ရခြင်းတို့က လယ်သမားတအိမ်ထောင် ဝင်ငွေထက် မကြာခဏ ကျော်လွန်သွားသည့် အ တွက် လယ်သမားများသည် မွဲပြာကျကာ၊ ရေကြည်ရာမြက်နုရာ ရှာရန်အတွက် မိမိတို့ ကျေးရွာ များမှ ထွက်ခွာခဲ့ကြရပါသည်။ ၎င်းတို့သည် စက်ရုံများနှင့် အလုပ်ရုံများတွင် သွားရောက် အလုပ် လုပ်ကိုင်ကြပါသည်။ ၎င်းသည် စက်မှုလက်မှု လုပ်ခင်းပိုင်ရှင်များအတွက် ဈေးပေါသည့် လုပ်အား ရေသောက်မြစ်ဖြစ်ပါသည်။

အလုပ်သမား၊ လယ်သမားများ၏ ခေါင်းပေါ်တွင် ဇာဘုရင်၊ အရင်းရှင်နှင့်မြေရှင်တို့ကို ပင်ပန်း ဆင်းရဲစွာ အလုပ်လုပ်ကိုင်ရသည့် သွေးစုပ်ခံလူထုများထံမှ ကာကွယ်ပေးထားသည့် ခုံသမာဓိ လူကြီးများ၊ လက်ထောက် သမာဓိလူကြီးများ၊ လက်နက်ကိုင်ရဲသားများ၊ ပုလိပ်များ၊ ကျေးလက် ပုလိပ်များစတဲ့ တပ်ကြီးတရပ် တည်ရှိနေပါသည်။ ၁၉၀၃ ခုနှစ်အထိ ကိုယ်ခန္ဓာကို အပြစ်ဒဏ်ပေး ခြင်းမျိုး ရှိခဲ့ပါသည်။ ကျေးကျွန်စနစ် ဖျက်သိမ်းပြီးဆိုသော်လည်း လယ်သမားများသည် အသေးငယ် ဆုံးသောအပြစ်များကြောင့်ဖြစ်စေ၊ အခွန်မပေးမှုကြောင့်ဖြစ်စေ ကြိမ်ဒဏ်ခံရပါသည်။ အလုပ်သမား များသည် ပုလိပ်များနှင့် ကော့ဆက်များ၏ အနိုင်ထက် နှိပ်စက်ခြင်းများကိုခံရပြီး၊ အထူးသဖြင့် အလုပ် ရှင်များကြောင့်၊ ၎င်းတို့၏ နေထိုင်ရေးဘဝ မခံမရပ်နိုင်ဖြစ်လာသည့်အခါ သပိတ်မှောက်လာကြပြီး၊ ထိုအချိန်များမှာ ပိုမို အနှိပ်စက်ခံရသည်။ ဇာဘုရင်၏ လက်အောက်တွင် အလုပ်သမားနှင့် လယ်

သမားများအဖို့ မည်သည့်နိုင်ငံရေး အခွင့်အရေးမျှမရှိခဲ့ပါ။ ဇာဘုရင်၏ သက်ဦးဆံပိုင် အုပ်ချုပ်မှုသည် ပြည်သူများအတွက် အဆိုးဝါးဆုံးရန်သူ ဖြစ်ပါသည်။

ဇာဘုရင်စနစ်အောက်မှ ရုရှားသည် လူမျိုးများ၏ အကျဉ်းထောင်ဖြစ်ပါသည်။ ရုရှား မဟုတ်သည့် လူမျိုးအများအပြားသည် အခွင့်အရေး ဟူသမျှ လုံးဝဆုံးရှုံးနေပြီး၊ စော်ကားနှိပ်စက်ခြင်း အမျိုးမျိုးတို့ကို အဆက်မပြတ် ခံစားနေကြရသည်။ ဇာဘုရင်အစိုးရက ရုရှားလူမျိုးတို့ကို လူမျိုးစုဒေသ များမှ လူမျိုးစုများအပေါ် အဆင့်နိမ့်လူမျိုးများအဖြစ် အထင်သေးအမြင်သေးဖြစ်စေပြီး၊ တရားဝင်အားဖြင့်လည်း ၎င်းတို့ကို အင်နိုရော့ဒ်စီ (လူမျိုးခြား) လို့ခေါ်ဝေါ်စေကာ ၎င်းတို့အပေါ် စက်ဆုပ်ရွံရှာမုန်းတီးအောင် အားပေးခဲ့ပါသည်။ ဇာဘုရင်အစိုးရသည် လူမျိုးရေးပဋိပက္ခများကို ကြီးထွားအောင်လှုံ့ဆော်ပေးပြီး၊ လူမျိုးတမျိုးနှင့်တမျိုးအကြား ဆွပေးကာ ဂျူးလူမျိုး အစုလိုက်အပြုံလိုက် သတ်ဖြတ်ပွဲများ ဖြစ်ပေါ်စေပြီး၊ ထရန်ကော့ကေးရှားမှာလည်း တာတာနှင့် အာမေးနီးယားတို့ တဦးနှင့်တဦး သတ်ဖြတ်ရန် လှုံ့ဆော်ခဲ့ပါသည်။

အကုန်မဟုတ်သည့်တိုင် အကုန်နီးပါးမျှသော အမျိုးသားဒေသများရှိ အစိုးရရာထူးများတွင် ရုရှားအရာရှိများသာ ဖြစ်ပါသည်။ အစိုးရဌာန အသီးသီးရှိ လုပ်ငန်းများအားလုံးနှင့် တရားရုံးများတွင် ရုရှားဘာသာသာ အသုံးပြုပါသည်။။ ရုရှားမဟုတ်သည့် လူမျိုးစုများ၏စာနှင့် သတင်းစာများ၊ စာအုပ်များ ထုတ်ဝေခွင့်နှင့် ကျောင်းများတွင် ၎င်းတို့ ဘာသာသင်ကြားခွင့်ကိုလည်း တားမြစ်ထားပါသည်။ ဇာဘုရင်အစိုးရသည် လူမျိုးစုများ၏ ယဉ်ကျေးမှုကို မြှိမ်းသတ်ရန်ကြိုးစားပြီး၊ ရုရှားမဟုတ်သည့်လူမျိုးစုများကို – ရုရှားပြုလုပ်ရေး – ပေါ်လစီကို အတင်းအကျပ်ကျင့်သုံးခဲ့ ကြပါသည်။ ဇာဘုရင်စနစ်သည် ရုရှားမဟုတ်သည့် လူမျိုးများအတွက် လက်မရွံ့အာဏာသားများ၊ ညှဥ်းပန်းနှိပ်စက်သူများသာ ဖြစ်ကြပါသည်။

ကျေးကျွန်စနစ်ပယ်ဖျက်ပြီးနောက် ရုရှားရှိ စက်မှုလက်မှုအရင်းရှင်စနစ် ဖြစ်ပေါ်တိုး တက်မှု သည် ကျေးကျွန်စနစ် ဆက်လက်ရှင်သန်နေမှုကြောင့် အနှောင့်အယှက် အတားအဆီး ခံနေရ လျက်နှင့်ပင် အသင့်အတင့် လျင်မြန်သော ခြေလှမ်းနှင့် ဆက်လက်ဖြစ်ပေါ်နေပါသည်။ ၁၈၆၅ ခုနှစ်မှ ၁၈၉၀ ခုနှစ်အထိ နှစ်ဆယ့်ငါးနှစ်အတွင်း စက်ရုံအလုပ်ရုံကြီးများနှင့် မီးရထားလုပ်ငန်းများတွင် အလုပ်လုပ်ကိုင်လျက်ရှိသော အလုပ်သမားဦးရေမှာ ခုနှစ်သိန်းခြောက်ထောင်မှ တစ်သန်းလေးသိန်း သုံးသောင်းသုံးထောင် သို့မဟုတ် ၂ ဆခန့်မျှ တိုးတက် များပြားလာခဲ့ပါသည်။

ရုရှား၌ အကြီးစား အရင်းရှင် စက်မှုလက်မှုလုပ်ငန်းသည် ကိုးဆယ်စုနှစ်များအတွင်း ပိုမိုလျင်မြန်စွာ စတင်ဖြစ်ပေါ်တိုးတက်ခဲ့ပါသည်။ ထိုဆယ်စုနှစ်အဆုံးကာလ၌ စက်ရုံအလုပ်ရုံကြီးများ၊ သတ္တုတူး ဖော်ရေးလုပ်ငန်းများနှင့် မီးရထားလုပ်ငန်းတွင် အလုပ်လုပ်ကိုင်လျက်ရှိသော အလုပ်သမားဦးရေမှာ ရုရှားဥရောပပြည်နယ် ငါးဆယ်အတွင်းတွင် ၂,၂၀၇,၀၀၀ ရှိပြီး၊ ရုရှားတပြည်လုံးတွင် ၂,၇၉၂,၀၀၀ ရှိပါသည်။

ယင်းသည် ခေတ်သစ်စက်မှုလက်မှုပစ္စည်းမဲ့များဖြစ်ပြီး၊ ကျေးကျွန်ခေတ်ကာလတွင်းက စက်ရုံများရှိ အလုပ်သမားများနှင့် လည်းကောင်း၊ အသေးစားလက်မှုပညာနှင့် တခြားစက်မှု လုပ်ငန်းများမှ အလုပ်သမားများနှင့်လည်းကောင်း လုံးဝကွဲပြားခြားနားပါသည်။ အဘယ်ကြောင့် ဆိုသော်

အရင်းကြီး လုပ်ငန်းကြီးများအတွင်းရှိ အလုပ်သမားများအကြား ပေါ်ပေါက်လျက်ရှိသော သွေးစည်းညီညွတ်ရေးစိတ်ဓာတ်နှင့် ၎င်းတို့၏ ထက်မြက်သော တော်လှန်ရေး အရည်အချင်းနှစ်ခု တို့ကြောင့် ဖြစ်ပါသည်။

ကိုးဆယ်စုနှစ်များအတွင်း စက်မှုလုပ်ငန်း အကြီးအကျယ်ဖြစ်ထွန်းလာခြင်းသည် အဓိက အားဖြင့် မီးရထားလမ်းများ အများအပြားတည်ဆောက်ရသောကြောင့်ဖြစ်ပါသည်။ ၁၈၉၀–၁၉၀၀ ဆယ်နှစ်ကာလအတွင်း မီးရထားလမ်းသစ် ၂၁,၀၀၀ **ဗာ့ဒ်စ်*** ကျော်ဖောက်လုပ်ခဲ့ပါသည်။ မီးရထားလုပ်ငန်းက သတ္တုများ (သံလမ်း၊ မီးရထားစက်ခေါင်းနှင့် ကိုယ်ထည်တွဲများအတွက်) အများ အပြားနှင့် ကျောက်မီးသွေးနှင့် ရေနံစသည့် လောင်စာအများအပြားကိုလည်း လိုအပ်လာစေပါသည်။ ၎င်းက သတ္တုနှင့် လောင်စာ စက်မှုလုပ်ငန်းတို့ကို ဖြစ်ပေါ်တိုးတက်စေခဲ့သည်။

တော်လှန်ရေးမတိုင်မီ ရုရှား၌ တခြားအရင်းရှင်နိုင်ငံများနည်းတူ စက်မှုလက်မှု အကြီးအကျယ် ဖွံ့ဖြိုးတိုးတက်သည့်ကာလနှင့် စက်မှုလက်မှုအကျပ်အတည်း၊ စီးပွားရေးကျဆင်းအိလည်နေခြင်းတို့ တလှည့်စီဖြစ်ပေါ်နေကာ ဤသည်က အလုပ်သမားလူတန်းစားကို အပြင်းအထန် ထိခိုက်စေပြီး၊ ထောင်ပေါင်းများစွာသော အလုပ်သမားများကို အလုပ်လက်မဲ့ဖြစ်စေခြင်းနှင့် ဆင်းရဲ တွင်းသို့ ပို့ပေးလိုက်ပါသည်။

ရုရှား၌ ကျေးကျွန်စနစ်ဖျက်သိမ်းပြီးနောက် အရင်းရှင်စနစ် ဖြစ်ပေါ်တိုးတက်မှုသည် အသင့်အတင့် လျင်မြန်သောအရှိန်နှင့် တိုးတက်လျက်ရှိသော်လည်း၊ ရုရှားရှိ စီးပွားရေးဖြစ်ပေါ်တိုးတက် မှုသည် တခြားအရင်းရှင်နိုင်ငံများထက် သိသာထင်ရှားစွာ နောက်ကျကျန်ရစ်ပါသည်။ လူဦးရေ အများ တကာ့ အများစုကြီးမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင်မှာသာ ရှိမြဲရှိလျက်ရှိပါသည်။ ၎င်း၏ ကျော်ကြားလှသည့် စာအုပ် "ရုရှား၌ အရင်းရှင်စနစ်ဖြစ်ပေါ်တိုးတက်မှု" တွင် လီနင်က ၁၈၉၇ ခုနှစ် သန်းခေါင်စာရင်းမှ ထင်ရှားသည့် ကိန်းဂဏန်းများကို ဖော်ပြပြီး၊ လူဦးရေစုစုပေါင်း၏ ခြောက်ပုံ ငါးပုံခန့်သည် လယ်ယာလုပ်ငန်းတွင် ပါဝင်နေပြီး၊ ခြောက်ပုံတပုံသာလျှင် အကြီးအသေး စက်မှုလုပ်ငန်း၊ ကုန်သွယ်ရေး၊ မီးရထားလမ်းနှင့် ရေလမ်းလုပ်ငန်းများ၊ တည်ဆောက်ရေးလုပ်ငန်းများ၊ သစ်ခုတ်လုပ်ငန်းများ အစရှိသည်တို့တွင် ပါဝင်နေကြောင်း ပြဆိုထားသည်။

ဤအခြင်းအရာက ရုရှားနိုင်ငံသည် အရင်းရှင်စနစ် ဖြစ်ပေါ်တိုးတက်နေသော်လည်း၊ စီးပွားရေးအရ ခေတ်နောက်ကျသော လယ်ယာစိုက်ပျိုးသောနိုင်ငံ၊ ဓနရှင်ပေါက်စနိုင်ငံ ဖြစ်မြဲဖြစ်လျက်ရှိသေးကြောင်းပြသလိုက်ပေသည်။ ဆိုလိုသည်မှာ အသေးစားပိုင်ဆိုင်မှုအပေါ် အခြေခံသည့် ထွက်နှုန်းနိမ့်ကျသည့် တသီးပုဂ္ဂလိက ထွန်ယက်စိုက်ပျိုးမှု ဆက်လက်ထင်ရှားစွာရှိနေသည့် နိုင်ငံ ဖြစ်မြဲဖြစ်လျက်ရှိသည်။

အရင်းရှင်စနစ်သည် မြို့များတွင်သာ ဖြစ်ပေါ်တိုးတက်နေခြင်း မဟုတ်ပဲ ကျေးလက်ဒေသများမှာလည်း ဖြစ်ပေါ်တိုးတက်နေပါသည်။ တော်လှန်ရေးမတိုင်မီ ရုရှားနိုင်ငံရှိ လူဦးရေအများဆုံး လူတန်းစားဖြစ်သည့် လယ်သမားထုသည် တဖြည်းဖြည်း ပြိုကွဲအက်ကွဲလာနေပါသည်။ ပိုမိုချောင်လည်သည့် လယ်သမားများကြားမှ ကျေးလက်ဓနရှင်၊ ကူးလတ်အထက်လွှာများ ပေါ်ထွက်လာနေပြီး၊

---

* *ရုရှား၌အသုံးပြုသော အလျား အတိုင်းအထွာ။ ( ၁ ဗာ့ဒ်စ် = ၃၂၀၀ ပေ) (ဘာသာပြန်သူ)*

တဖက်တွင်လည်း လယ်သမားအများအပြားသည် ဆုတ်ယုတ်ပျက်စီးကာ ဆင်းရဲလယ်သမား၊ ကျေးလက်ပစ္စည်းမဲ့များနှင့် ပစ္စည်းမဲ့တပိုင်းများသည် အရေအတွက်အရ တိုးများလာပါသည်။ အလယ်အလတ် လယ်သမားများအဖို့ တနှစ်ထက်တနှစ် အရေအတွက် လျော့ကျလာပါသည်။

၁၉၀၃ ခုနှစ် ရုရှား၌ လယ်သမား အိမ်ထောင်စုပေါင်း ဆယ်သန်းခန့် ရှိပါသည်။ "ကျေးလက်ဆင်းရဲ သားများသို့" ဟု ခေါင်းစဉ်တပ်ထားသည့် ၎င်း၏စာစောင်တွင် လီနင်က ထိုစုစုပေါင်းဦးရေမှ အိမ်ထောင်စု သုံးသန်းခွဲထက်မနည်းသည် မြင်းပိုင်ဆိုင်မှုမရှိသည့် လယ်သမားများဟု တွက်ချက်ပြခဲ့သည်။ ၎င်းတို့သည် အဆင်းရဲဆုံး လယ်သမားများဖြစ်ပြီး၊ အမြဲတမ်းလိုလို ၎င်းတို့မြေ၏ အစိတ်အပိုင်းငယ်တခုမှာသာ ထွန်ယက်စိုက်ပျိုးနိုင်ပြီး၊ ကျန်မြေများကို ကူးလတ်များသို့ အငှားချကာ ၎င်းတို့ကိုယ်တိုင်မှာတော့ တခြားအသက်မွေးဝမ်းကြောင်းလမ်းကို ရှာဖွေရပါသည်။ ဤလယ်သမား များ၏ အဆင့်သည် ပစ္စည်းမဲ့များ၏ အဆင့်နီးပါးအထိ ရောက်ရှိလာပါသည်။ ၎င်းတို့ကို လီနင်က ကျေးလက်ပစ္စည်းမဲ့များ သို့မဟုတ် ပစ္စည်းမဲ့တပိုင်း ဟုခေါ်သည်။

အခြားတဖက်တွင် ချမ်းသာသော ကူးလတ်အိမ်ထောင်စု တသန်းခွဲ (လယ်သမား အိမ်ထောင်စုစု ပေါင်း ဆယ်သန်းအနက်မှ) ၏ လက်ထဲတွင် လယ်သမားများ စုစုပေါင်းစိုက်ပျိုးမြေ၏ ထက်ဝက်ကို စုစည်း ချုပ်ကိုင်ထားပါသည်။ ဤလယ်သမားနေရှင်များသည် ဆင်းရဲနှင့် အလယ်အလတ် လယ်သမားများကို ဖိနှိပ်ခြင်းဖြင့် တဖြည်းဖြည်း ကြွယ်ဝလာကာ လယ်ယာလုပ်သားများ၏ သွေးချွေးလုပ်အားများမှ အမြတ်ထုတ်ပြီး၊ ကျေးလက်အရင်းရှင်များအဖြစ်သို့ တိုးတက်ဖြစ်ပေါ်လာသည်။

ရုရှားပြည်ရှိ အလုပ်သမားလူတန်းစားသည် ခုနှစ်ဆယ်စုနှစ်များအတွင်းနှင့် အထူးသဖြင့် ရှစ်ဆယ်စုနှစ်များ အတွင်းမှာပင် စတင်နိုးကြားလာခဲ့ပြီးဖြစ်ကာ အရင်းရှင်များကို စတင်တိုက်ပွဲဝင်လာကြပါသည်။ ဇာဘုရင်စနစ် ရုရှားတွင် အလုပ်သမားအများအပြားသည် အလွန်အမင်း ခက်ခဲကျပ်တည်းလျက်ရှိပါသည်။ ရှစ်ဆယ်စုနှစ်များအတွင်းက စက်ရုံအလုပ်ရုံများ၏ အလုပ်ချိန်မှာ ၁၂ နာရီခွဲထက်မလျော့ဘဲ၊ အထည်အလိပ် စက်မှုလုပ်ငန်းများတွင် ၁၄ မှ ၁၅ နာ ရီထိ ရောက်ပါသည်။ အမျိုးသမီးများနှင့် ကလေး လုပ်အားသွေးစုပ်မှုများလည်း အနှံ့အပြားရှိနေပါသည်။ ကလေးများ သည် လူကြီးများနှင့် အလုပ်ချိန်တူလုပ်ရသော်လည်း အမျိုးသမီးများကဲ့သို့ပင် လုပ်ခငွေ လျော့ရကြ သည်။ လုပ်အားခများသည် အဆမတန်နိမ့်ကျလှသည်။ အလုပ်သမားအများစုသည် တလတွင် လုပ်ခ ခုနှစ်သို့မဟုတ် ရှစ်ရူဘယ်သာရရှိကြသည်။ သတ္တုလုပ်ငန်းနှင့် အရည်ကြိုစက်ရုံများမှ လခ အမြင့်ဆုံးရသည့် အလုပ်သမားများသည် တလ ရူဘယ်လ် သုံးဆယ့်ငါးထက် မပိုပေ။ အလုပ်သမား များ ကာကွယ်ရေး စည်းကမ်းဥပဒေများ ဘာမျှမရှိဘဲ အလုပ်သမား အများအပြားသည် ကိုယ် အင်္ဂါချို့ယွင်းရခြင်း၊ သေဆုံးရခြင်းများ ရှိပါသည်။ အလုပ်သမားများအတွက် အာမခံမှုမရှိပဲ ဆေးဝါး ကုသမှုအားလုံးကိုလည်း အခပေးရပါသည်။ အိမ်ရာအဆင့်အတန်းကတော့ ကြောက်ခမန်း လိလိ ဖြစ်ပါသည်။ စက်ရုံပိုင်တန်းလျားများတွင် အလုပ်သမားများသည် "အခန်းငယ်"လေးများထဲတွင် ဆယ်ယောက်မှ ဆယ်နှစ်ယောက် အထိ ပြွတ်သိပ်နေခဲ့ရပါသည်။ စက်ရုံပိုင်ရှင်များက အလုပ် သမားများ၏ လခများအပေါ် မကြာခဏ လိမ်လည်ညစ်ပတ်ကြပြီး၊ စက်ရုံပိုင် ဆိုင်မှ ကုန်ပစ္စည်းများ ကို မတန်တဆဈေးနှင့် အတင်းအကျပ် ဝယ်ယူခိုင်းပြီး ဒဏ်ငွေအမျိုးမျိုး တပ်ကြပါသည်။

အလုပ်သမားများသည် တူညီသည့်ရပ်တည်မှု စတင်ကိုင်စွဲလာပြီး၊ ၎င်းတို့၏ မခံမရပ်နိုင်ဖွယ် အခြေအနေများမှ တိုးတက်မှုရရေးအတွက် စက်ရုံပိုင်ရှင်များထံသို့ ပူးတွဲတောင်းဆိုချက်များ တင်ပြလာပါသည်။ ၎င်းတို့သည် အလုပ်မလုပ်ဘဲ သပိတ်မှောက်လာကြသည်။ ခုနှစ်ဆယ်နှင့် ရှစ်ဆယ်စုနှစ်များအတွင်း ပေါ်ပေါက်ခဲ့သည့် အစောပိုင်း သပိတ်များသည် အလုပ်သမားများ၏ လုပ်ခများအပေါ် အဆမတန်ဒဏ်တပ်မှုများ၊ လိမ်လည်မှုများ၊ ငွေညစ်မှုများနှင့် လုပ်ခများကို လျှော့ချမှုများက လှုံ့ဆော်ပေးလိုက်ခြင်း ဖြစ်ပါသည်။

အစောပိုင်းသပိတ်များတွင် မျှော်လင့်ချက်ကင်းမဲ့ကာ စိတ်ပျက်နေသော အလုပ်သမားများသည် စက်ယန္တရားများကို ဖျက်ဆီးပစ်ပြီး၊ စက်ရုံပြတင်းပေါက်များကိုရိုက်ခွဲကာ စက်ရုံပိုင်စျေးဆိုင်များ၊ စက်ရုံရုံးများကို ဖျက်ဆီးပစ်ကြပါသည်။

ပိုမိုရှေ့တန်းရောက်သည့် အလုပ်သမားများက ၎င်းတို့ အရင်းရှင်များကို ဆန့်ကျင်တိုက်ပွဲဝင်ရာတွင် အောင်ပွဲရရန်အတွက် အဖွဲ့အစည်းတရပ်ကို လိုအပ်ကြောင်း စတင်နားလည်သိရှိလာပါသည်။ အလုပ်သမားသမဂ္ဂများ စတင်ပေါ်ပေါက်လာပါသည်။ ၁၈၇၅ တွင် အိုဒက်ဆာ၌ ရုရှားတောင်ပိုင်း အလုပ်သမားသမဂ္ဂကို တည်ထောင်ခဲ့ပါသည်။ ဤပထမဆုံးသော အလုပ်သမားအဖွဲ့အစည်းသည် ရှစ်လ–ကိုးလခန့် ခံခဲ့ပြီးနောက် ဇာဘုရင်အစိုးရ၏ ချေမှုန်းခြင်းကို ခံလိုက်ရပါသည်။

၁၈၇၈ ခုနှစ်တွင် စိန့်ပီတာစဘတ်၌ ရုရှားမြောက်ပိုင်း အလုပ်သမားသမဂ္ဂကို တည်ထောင်ပြီး၊ လက်သမား ကာလ်ကြူးရင်း(**Khalturin**) နှင့် စက်ကိရိယာတပ်ဆင်သူ အော့ဗ်နော့စကီး (**Obnorsky**) တို့က ခေါင်းဆောင်ပါသည်။ သမဂ္ဂ၏ လုပ်ငန်းစဉ်တွင် ၎င်းတို့၏ ရည်ရွယ်ချက်နှင့် ဦးတည်ချက်များမှာ အနောက်နိုင်ငံများမှ ဆိုရှယ်ဒီမိုကရေစီ အလုပ်သမားပါတီများ၏ ရည်ရွယ်ချက်များနှင့် အတူတူဖြစ်ကြောင်း ကြေညာခဲ့ပါသည်။ သမဂ္ဂ၏ နောက်ဆုံးရည်မှန်းချက်မှာ ဆိုရှယ်လစ်တော်လှန်ရေး "တည်ရှိနေဆဲနိုင်ငံရေးနှင့် စီးပွားရေးစနစ်ကို အလွန်အမင်းတရားမျှတမှု မရှိသည့်စနစ်အဖြစ် တွန်းလှန်ဖြိုဖျက်ရန်" ကိုသယ်ဆောင်လာရန် ဖြစ်ပါသည်။ သမဂ္ဂကို တည်ထောင်သူတဦးဖြစ်သူ အော့ဗ်နော့စကီး သည် နိုင်ငံခြား၌ ကာလအချို့နေခဲ့ပြီး၊ ထိုကာလအတွင်း မာ့က်စ်ဝါဒီ ဆိုရှယ်ဒီမိုကရက်ပါတီများနှင့် မာ့က်စ်ကိုယ်တိုင် ညွှန်ကြားဦးဆောင်ခဲ့သည့် ပထမ အင်တာနေရှင်နယ်၏ လှုပ်ရှားမှုများနှင့် ရင်းနှီးကျွမ်းဝင်ခဲ့ပါသည်။ ဤအဖြစ်အပျက်က ရုရှား မြောက်ပိုင်း အလုပ်သမားသမဂ္ဂ၏ လုပ်ငန်းစဉ်အပေါ် လက္ခဏာစွဲထင်စေပါသည်။ သမဂ္ဂ၏ လတ်တလော ရည်ရွယ်ချက်က လူထုအတွက် နိုင်ငံရေးလွတ်လပ်ခွင့်နှင့် အခွင့်အရေးများရရှိရန် ဖြစ်ပါသည်။ (လွတ် လပ်စွာ ပြောဆိုခွင့်၊ ရေးသားခွင့်၊ စုရုံးခွင့်... စသဖြင့်) လတ်တလောတောင်းဆိုချက်များထဲတွင် အလုပ်ချိန်လျှော့ချရေးလည်း ပါဝင်သည်။

သမဂ္ဂဝင်၂၀၀ ထိရောက်ရှိလာပြီး၊ စာနာထောက်ခံသူလည်း အများအပြားရှိလာပါသည်။ အလုပ်သမားသပိတ်များတွင်ပါဝင်ပြီး စတင်ခေါင်းဆောင်လာပါသည်။ ဇာဘုရင်အစိုးရသည် ဤအလုပ်သမားသမဂ္ဂကိုလည်း ချေမှုန်းလိုက်ပါသည်။

သို့သော် အလုပ်သမား လူတန်းစားလှုပ်ရှားမှုသည် ဆက်လက်ကြီးထွားလာပြီး တနယ်မှ တနယ်သို့ ပျံနှံ့လျက်ရှိပါသည်။ ရှစ်ဆယ်စုနှစ်များသည် သပိတ်မှောက်ပွဲများ အများအပြားနှင့် ပြည့်

နှက်နေပါသည်။ ငါးနှစ်ကာလ ၁၈၈၁–၈၆ အတွင်း အလုပ်သမား ၈၀,၀၀၀ ပါဝင်သည့် သပိတ် ၄၈ ခု ပေါ်ထွက်ခဲ့ပါသည်။

တော်လှန်ရေးလှုပ်ရှားမှုသမိုင်းအတွင်း ထူးခြားသည့်ဖြစ်ရပ် တခုကတော့ ၁၈၈၅ ခု အိုရီခိုဗို ဇုရီပိုရှိမိုရိုဇော့ဗ်စက်ရုံမှာ ပေါ်ပေါက်ခဲ့သည့် သပိတ်ကြီး ဖြစ်ပါသည်။

၎င်းစက်ရုံတွင် လုပ်သား ၈,၀၀၀ ခန့် ရှိပါသည်။ အလုပ်လုပ်ကိုင်ရသည့် အခြေအနေမှာ တနေ့ထက်တနေ့ ပိုမိုဆိုးဝါးလာပြီး၊ ၁၈၈၂ ခုနှစ်နှင့် ၁၈၈၄ ခု နှစ်အကြား လခဖြတ်တောက်မှု ငါးကြိမ်ဖြစ်ပေါ်ကာ နောက်ဆုံးနှစ်တွင် တချီတည်းနှင့် လုပ်ခ ၂၅ ရာခိုင်နှုန်း ဖြတ်ချလိုက်ပါသည်။ ထို့အပြင် စက်ရုံပိုင်ရှင် မိုရိုဇော့ဗ်က အလုပ်သမားများကို ငွေဒဏ်ချမှတ်ခြင်းဖြင့် ထပ်မံနှိပ်စက်လိုက်ပါသည်။ သပိတ်ပွဲအပြီး စုံစမ်းစစ်ဆေးမှုတွင် အလုပ်သမားများရရှိသည့် ၁ ရူဘယ်တိုင်းမှာ ၃၀–၃၅ ကိုပတ်အထိ စက်ရုံပိုင်ရှင်၏ အိတ်ထဲသို့ ဒဏ်ငွေအမျိုးမျိုးပုံစံဖြင့် ပြန်လည်ရောက်ရှိသွားကြောင်း သိရသည်။ ၎င်းခေါးပြတိုက်မှုကို အလုပ်သမားများသည် ဆက်လက်သည်းညည်းမခံတော့ဘဲ၊ ၁၈၈၅ ဇန်နဝါရီတွင် သပိတ်တိုက်ပွဲများ ဆင်နွှဲလာကြသည်။ သပိတ်တိုက်ပွဲကို ကြိုတင်စည်းရုံးထားပါသည်။ ၎င်းကို နိုင်ငံရေးအရ ရေ့တန်းရောက်သည့် အလုပ်သမားတဦးလည်းဖြစ်၊ ရုရှားမြောက်ပိုင်း အလုပ်သမား သမဂ္ဂဝင်တဦးလည်းဖြစ်သူ ပြိုတ်မွိုက်စီရင်ကို (PyotrMoiseyenko) ခေါင်းဆောင်ခဲ့ပြီး၊ တော်လှန်ရေးအတွေ့ အကြုံတစုံတရာလည်း ရရှိခဲ့ပြီးဖြစ်သည်။ သပိတ်မမှောက်မီ အကြိုနေ့က မွိုက်စီရင်ကိုနှင့် အခြားလူတန်းစားအသိ ပိုမိုရှိသူ ရက်ကန်း အလုပ်သမားများ စက်ရုံပိုင်ရှင်အား တင်ပြရန် တောင်းဆိုချက်အချို့ကို ရေးဆွဲကြသည်။ ၎င်းတို့ကို အလုပ်သမားများ၏ လျှို့ဝှက်အစည်းအဝေးက ထောက်ခံအတည်ပြုပေးခဲ့သည်။ အဓိကတောင်းဆိုချက်မှာ အဆမတန်ကြီးမား များပြားလှသည့် ဒဏ်ငွေ ရိုက်ခြင်းများကို ဖျက်သိမ်းရန်ဖြစ်သည်။

သပိတ်တိုက်ပွဲကို လက်နက်အင်းအားများဖြင့် ချေမှုန်းလိုက်သည်။ အလုပ်သမား ခြောက်ရာကျော် အဖမ်းခံရပြီး၊ ၎င်းတို့ထဲမှ အများအပြား အမှုစီရင်ဆုံးဖြတ်ခြင်း ခံရသည်။

အလားတူသပိတ်တိုက်ပွဲများ ၁၈၈၅ တွင် အိုဗင်နိုဗိုဗော့ဒ်စစ်နှ် စက်ရုံများ၌ ပေါ်ပေါက်လာခဲ့သည်။

နောက်တနှစ်တွင် အလုပ်သမားလူတန်းစားလှုပ်ရှားမှု ကြီးထွားလာခြင်းကို ကြောက်ရွံ့ လာသည့် ဇာဘုရင်အစိုးရသည် မလွှဲမရှောင်သာ ဒဏ်ငွေများနှင့် ပတ်သက်သည့် ဥပဒေတရပ်ကို ကြေညာပြီး၊ ဒဏ်ငွေများမှ ရရှိသည့်ငွေများကို စက်ရုံပိုင်ရှင်များလက်ထဲသို့ မရောက်စေဘဲ၊ အလုပ်သမားများအတွက် လိုအပ်မှုများတွင် အသုံးပြုရန် သတ်မှတ်ပေးလိုက်သည်။

မိုရိုဇော့ဗ်နှင့် တခြားသပိတ်တိုက်ပွဲများက စနစ်တကျ စည်းရုံးတိုက်ပွဲဝင်ပါက အကျိုးအမြတ်အများအပြား ရရှိနိုင်ကြောင်း၊ အလုပ်သမားများအား သင်ကြားပေးလိုက်သည်။ အလုပ်သမားလူတန်းစား လှုပ်ရှားမှုက အလုပ်သမားလူတန်းစား၏ အကျိုးစီးပွားကို ကြံ့ခိုင်စွာ ကာကွယ်ခုခံပေးသည့် အရည်အချင်းပြည့်ဝသော ခေါင်းဆောင်များနှင့် စည်းရုံးလှုပ်ရှားသူများကို စတင်မွေးဖွားပေးလိုက်ပါသည်။

တချိန်တည်းမှာပင် အလုပ်သမားလူတန်းစားလှုပ်ရှားမှု ကြီးထွားလာခြင်းအပေါ် အခြေခံပြီး၊ အနောက်ဥရောပရဲ့ အလုပ်သမားလှုပ်ရှားမှု ဩဇာဂယက်အောက်တွင် ရုရှား၌ ပထမဆုံးသော မာ့က်စ်အဖွဲ့အစည်းများ စတင်ပေါ်ပေါက်လာတော့သည်။

## ၂။ ရုရှားရှိ နာရောဒ်နစ်ဝါဒ (ပေါ်ပြူလာဝါဒ populism) နှင့် မာ့က်စ်ဝါဒ။ပလက်ကနော့ဗ်နှင့် ၎င်း၏ "လုပ်အားလွတ်မြောက်ရေးအဖွဲ့"။ နာရောဒ်နစ်ဝါဒအား ဆန့်ကျင်တိုက်ခိုက်သည့် ပလက်ကနော့ဗ် တိုက်ပွဲ။ ရုရှား၌ မာ့က်စ်ဝါဒပြန့်ပွားခြင်း

မာ့က်စ်ဝါဒ အစုများ မပေါ်ပေါက်မီ ရုရှား၌ တော်လှန်ရေးလုပ်ငန်းများကို မာ့က်စ်ဝါဒနှင့် ဆန့်ကျင်ဖက် နာရောဒ်နစ်များက လုပ်ဆောင်နေခဲ့ကြပါသည်။

ပထမဆုံးသော ရုရှား မာ့က်စ်ဝါဒအစုသည် ၁၈၈၃ ခုနှစ်တွင် ပေါ်ပေါက်လာပါသည်။ ၎င်းမှာ နိုင်ငံခြား ဂျီနီဗာရောက် ဂျီဗွီပလက်ကနော့ဗ် (G.V.Plekhanov) က ဖွဲ့စည်းလိုက်သည့် "လုပ်အားလွတ်မြောက်ရေးအဖွဲ့" ဖြစ်ပါသည်။ ဂျီနီဗာတွင် ပလက်ကနော့ဗ်သည် ၎င်း၏ တော်လှန်ရေးလှုပ်ရှားမှုများကြောင့် ဇာဘုရင်အစိုးရ၏ ဖမ်းဆီးနှိပ်စက်မှုဘေးမှ ထွက်ပြေးခိုလှုံနေရပါသည်။

ယခင်က ပလက်ကနော့ဗ် ကိုယ်တိုင်ပင်လျှင် နာရောဒ်နစ်တဦး ဖြစ်ခဲ့ပါသည်။ သို့သော် နိုင်ငံခြား၌နေစဉ် မာ့က်စ်ဝါဒကို လေ့လာပြီးနောက် နာရောဒ်နစ်ဝါဒနှင့် အဆက်ဖြတ်ပြီး ထင်ရှားသည့် မာ့က်စ်ဝါဒ ဖြန့်ချိသူတဦး ဖြစ်လာပါသည်။

"လုပ်အားလွတ်မြောက်ရေးအဖွဲ့"သည် ရုရှား၌ မာ့က်စ်ဝါဒကို ဖြန့်ဖြူးရာတွင် ကြီးမားစွာ ကောင်းမှုပြုလုပ်ခဲ့ပါသည်။ ၎င်းတို့သည် မာ့က်စ်–အိန်ဂယ်တို့၏ ကျမ်းများဖြစ်သော ကွန်မြူနစ်ပါတီကြေညာစာတမ်း၊ လုပ်ခ၊ လုပ်အားနှင့်အရင်း၊ ဆိုရှယ်လစ်စနစ် – စိတ်ကူးယဉ်နှင့် သိပ္ပံနည်းကျ အစရှိသည်တို့ကို ရုရှားဘာသာသို့ ပြန်ဆိုကြပြီး၊ နိုင်ငံခြားတွင် ပုံနှိပ်ကာ ရုရှားပြည်တွင်းတွင် လျှို့ဝှက်စွာ ဖြန့်ချိခဲ့သည်။ ပလက်ကနော့ဗ်၊ ဇာစူလစ်ချ် (Zasulich)၊ အာဇာလရော့ဒ် (Axelrod) နှင့် တခြားအဖွဲ့ဝင်များသည် မာ့က်စ်နှင့် အိန်ဂယ်တို့၏ သင်ကြားချက်များဖြစ်သော "သိပ္ပံနည်းကျဆိုရှယ်လစ်ဝါဒ" အတွေးအခေါ်များကိုရှင်းပြသည့် စာအုပ်စာတမ်းများ ရေးသားထုတ်ဝေခဲ့သည်။

ပစ္စည်းမဲ့များ၏ ကြီးမြတ်သော ဆရာကြီးများဖြစ်သည့် မာ့က်စ်နှင့် အိန်ဂယ်တို့သည် စိတ်ကူးယဉ် ဆိုရှယ်လစ်ဝါဒီများနှင့် ဆန့်ကျင်စွာ၊ ဆိုရှယ်လစ်စနစ်ဆိုသည်မှာ စိတ်ကူးယဉ်သမားများ၏ တီထွင်ချက်မဟုတ်ဘဲ၊ ခေတ်သစ်ခေတ်ရှင်အဖွဲ့အစည်း ဖြစ်ပေါ်တိုးတက်မှု၏ မရှောင်မလွှဲသာ ထွက်ပေါ်လာချက်ဖြစ်ကြောင်းကို ပထမဆုံး ရှင်းလင်းပြောကြားသူများဖြစ်ပါသည်။ သူတို့က အရင်းရှင်စနစ်သည် ကျေးကျွန်စနစ် ကျဆုံးသွားခဲ့ရသည့်နည်းတူ ကျဆုံးသွားရမှာဖြစ်ကြောင်းနှင့် အရင်းရှင်စနစ်သည် ပစ္စည်းမဲ့များကို ၎င်းတို့သင်္ချိုင်းတူးမည့်သူများအဖြစ် ဖန်တီးပေးလိုက်ကြောင်း ရှင်း လင်းပြသည်။ ပစ္စည်းမဲ့များ၏ လူတန်းစားတိုက်ပွဲကသာလျှင် ပစ္စည်းမဲ့များ၏ ခေတ်ရှင်များအပေါ် အောင်ပွဲခံမှုများကသာလျှင် လူသားများကို အရင်းရှင်ဝါဒနှင့် သွေးစုပ်မှုတို့မှ လွတ်မြောက်စေလိမ့်မည်ဟု ရှင်းလင်းခဲ့သည်။

မာ့က်စ်နှင့် အိန်ဂယ်တို့က ပစ္စည်းမဲ့များကို ၎င်းတို့၏ ကိုယ်ပိုင်အင်အားကို အသိရှိရန်၊ ၎င်းတို့၏ လူတန်းစားအကျိုးစီးပွားကို အသိရှိရန်နှင့် ခနရှင်များအား တိုက်ခိုက်ရာတွင် ခိုင်မာသည့် တိုက်ပွဲများအတွက် စည်းလုံးညီညွတ်ရန် သင်ကြားခဲ့ပါသည်။ မာ့က်စ်နှင့် အိန်ဂယ်က အရင်းရှင် လူ့အဖွဲ့အစည်း၏ ဖြစ်ပေါ်တိုးတက်မှု တရားဥပဒေသကို ရှာဖွေတွေ့ရှိ ဖော်ထုတ်ခဲ့ပြီး၊ အရင်းရှင် အဖွဲ့အစည်း၏ ဖြစ်ပေါ်တိုးတက်မှုနှင့် ၎င်းအတွင်းရှိ ဖြစ်ပွားနေသော လူတန်းစားတိုက်ပွဲက အရင်းရှင်စနစ်၏ ကျဆုံးခြင်းကို မလွဲမသွေဖြစ်ပေါ်စေပြီး ပစ္စည်းမဲ့များက အောင်ပွဲခံကာ ပစ္စည်းမဲ့ အာဏာရှင်စနစ်ဆီသို့ ဖြစ်ပေါ်သွားစေလိမ့်မည်ဖြစ်ကြောင်း သိပ္ပံနည်းကျစွာ သက်သေပြခဲ့ပါသည်။

မာ့က်စ်နှင့် အိန်ဂယ်က အရင်း၏အာဏာကို ဖယ်ရှားရန်နှင့် အရင်းရှင်ပိုင်ဆိုင်မှုများကို အများ ပိုင်ပစ္စည်းများအဖြစ် ပြောင်းလဲရန်မှာ ငြိမ်းချမ်းသည့်နည်းလမ်းများနှင့် မဖြစ်နိုင်ဘဲ၊ အလုပ်သမား လူတန်းစားအနေနှင့် ဤရည်မှန်းချက်ရရှိရန်မှာ ခနရှင်များအပေါ် တော်လှန်ရေးအကြမ်းဖက်မှုဖြင့်၊ “ပစ္စည်းမဲ့တော်လှန်ရေးဖြင့်၊ မိမိကိုယ်ပိုင် နိုင်ငံရေးအုပ်စိုးမှု – ပစ္စည်းမဲ့အာဏာရှင်စနစ်” ထူထောင် ခြင်းဖြင့်သာ ရရှိနိုင်မှာဖြစ်ကြောင်း သင်ကြားခဲ့ပါသည်။ ပစ္စည်းမဲ့အာဏာရှင်စနစ်မှာ သွေးစုပ်သူများ ၏ခုခံမှုကို ချေမှုန်းရန်နှင့် သစ်လွင်သော လူတန်းစားမဲ့၊ ကွန်မြူနစ်လူ့အဖွဲ့အစည်းကို ထူထောင်ရန် ဖြစ်သည်။

မာက့်စ်နှင့် အိန်ဂယ်က စက်မှုလက်မှု ပစ္စည်းမဲ့များသည် တော်လှန်ရေးအကျဆုံးနှင့် ထို့ကြောင့် အရင်းရှင်လူ့အဖွဲ့အစည်းတွင် ၎င်းတို့သည် ရှေ့တန်းအရောက်ဆုံးသော လူတန်းစားဖြစ်ပြီး၊ ပစ္စည်းမဲ့ လူတန်းစားကဲ့သို့သော လူတန်းစားတရပ်ကသာလျှင် အရင်းရှင်စနစ်အပေါ် မကျေမနပ်ဖြစ်နေသည့် အင်အားစုများအားလုံးကို ၎င်း၏ပတ်လည်တွင် ဝိုင်းရံစေပြီး၊ အရင်းရှင်စနစ်ကို ထိုးစစ်ဆင်ရာတွင် ရှေ့ဆောင်နိုင်မည်ဖြစ်ကြောင်း သင်ကြားပေးခဲ့ပါသည်။ သို့သော် ကမ္ဘာဟောင်းကို ဖျက်သိမ်းပြီး၊ လူတန်းစား မဲ့အဖွဲ့အစည်းတရပ်ကို တည်ထောင်ရာတွင် ပစ္စည်းမဲ့များသည် ၎င်းတို့ကိုယ်ပိုင် အလုပ် သမား လူတန်းစားပါတီတရပ်ရှိရမည်။ ၎င်းကို မာက့်စ်နှင့်အိန်ဂယ်တို့က ကွန်မြူနစ်ပါတီဟု ခေါ်ဝေါ်ခဲ့ ပေသည်။

ရုရှား၏ ပထမဆုံးသော မာ့က်စ်ဝါဒအစုဖြစ်သည့် ပလက်ကနော့ဗ်၏ “လုပ်အားလွတ်မြောက် ရေး”အဖွဲ့သည် မာ့က်စ်နှင့် အိန်ဂယ်တို့၏ အမြင်များကို ဖြန့်ဖြူးရေးလုပ်ငန်းကို အားသွန်ခွန်စိုက် လုပ်ဆောင်ခဲ့ပါသည်။

“လုပ်အားလွတ်မြောက်ရေး”အဖွဲ့သည် ရုရှား၌ ဆိုရှယ်ဒီမိုကရေစီ လှုပ်ရှားမှုများ မတိုင်ခင် အချိန်ကစပြီး နိုင်ငံခြားရှိ စာနယ်ဇင်းများတွင် မာ့က်စ်ဝါဒအလံကို လွှင့်ခဲ့ပါသည်။ ဤကဲ့သို့သော လှုပ်ရှားမှုအတွက် ပထမတွင် သဘောထားရေးရာ၊ အတွေးအခေါ်ရေးရာ ပြင်ဆင်မှုများ လိုအပ်ပါ သည်။ မာ့က်စ်ဝါဒနှင့် ဆိုရှယ်ဒီမိုကရေစီ လှုပ်ရှားမှုပျံ့နှံ့ရေးအတွက် အဓိက အတွေးအခေါ်ရေးရာ အတားအဆီးကြီးမှာ နာရောဒ်နစ်အမြင်များ ဖြစ်ပါသည်။ ထိုအချိန်က တိုးတက်သည့် အလုပ်သမား နှင့် တော်လှန်ရေးအသိရှိကြသည့် ပညာတတ်များအကြားတွင် နာရောဒ်နစ်အတွေးအခေါ်များ ပျံ့နှံ့နေပါ သည်။

ရုရှား၌ အရင်းရှင်စနစ် ဖြစ်ပေါ်တိုးတက်လာသည်နှင့်အမျှ အလုပ်သမားလူတန်စားသည် စည်းရုံးပြင်ဆင်မှုရှိသော တော်လှန်ရေးတိုက်ပွဲများကို ဆင်နွှဲလာနိုင်သည့် အင်အားတောင့်တင်းပြီး

ရှေ့တန်းရောက်သော အင်အားစုတရပ်ဖြစ်လာပါသည်။ သို့သော်လည်း နာရောဒ်နစ်များသည် အလုပ်သမား လူတန်းစားခေါင်းဆောင်မှုအခန်းကို နားမလည်နိုင်ခဲ့ပါ။ ရုရှားနာရောဒ်နစ်များက အဓိက တော်လှန်ရေးအင်အားစုမှာ အလုပ်သမားလူတန်းစားမဟုတ်ဘဲ၊ လယ်သမားထုသာ ဖြစ်ကြောင်း မှားယွင်းစွာ ကိုင်စွဲထားပြီး၊ ဇာဘုရင်နှင့် မြေရှင်တို့၏အုပ်စိုးမှုကို လယ်သမားတို့၏ ပုန်ကန်မှုတခုတည်းနဲ့ ဖြုတ်ချနိုင်ကြောင်း ခံယူထားပါသည်။ နာရောဒ်နစ်များသည် အလုပ်သမား လူတန်းစားအကြောင်း မသိဘဲ၊ လယ်သမားများသည် အလုပ်သမားလူတန်းစားနှင့် မပူးပေါင်းဘဲ၊ ၎င်းတို့၏ လမ်းညွှန်မှုမပါဘဲနှင့် မိမိတို့ တဦးတည်းနှင့် ဇာဘုရင်စနစ်နှင့် မြေရှင်စနစ်တို့ကို ဖျက်ဆီးခြင်း မပြုနိုင်ကြောင်း နားမလည်ချေ။ နာရောဒ်နစ်များက အလုပ်သမားလူတန်းစားများသည် လူ့အဖွဲ့အစည်းတွင် တော်လှန်ရေး အဆန်ဆုံးနှင့် ရှေ့တန်းအရောက်ဆုံးသော လူတန်းစားဖြစ်ကြောင်းကို နားမ လည်ခဲ့ချေ။

နာရောဒ်နစ်များသည် လယ်သမားများကို ဇာဘုရင်အစိုးရအား ဆန့်ကျင်တိုက်ပွဲဝင်လာရန် ပထမဆုံး လှုံ့ဆော်ကြိုးပမ်းခဲ့သည်။ ဤရည်ရွယ်ချက်နှင့် လူငယ်တော်လှန်သည့် ပညာတတ်များသည် လယ်သမား အဝတ်အစားများ ဝတ်ဆင်ပြီး ကျေးလက်ဒေသများသို့ စုပြုံ သွားခဲ့ကြပါသည်။ ၎င်းကို "ပြည်သူများထံသို့" ဟုခေါ်ဆိုလေ့ရှိခဲ့ပါသည်။ ထို့ကြောင့် 'နာရောဒ်' ပြည်သူများဆိုသည့်စကားမှ နာရောဒ်နစ်ဖြစ်လာပါသည်။ သို့သော်လည်း ၎င်းတို့အနေနှင့် လယ်သမားထုအကြားမှ ဘာမှ ထောက်ခံ မှုမရခဲ့ပါ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် သင့်တော်သည့် ဗဟုသုတ အတွေ့ အကြုံမရှိ၊ လယ်သမားများကိုလည်း နားလည်ခြင်း မရှိခဲ့ပါ။ အများစုမှာ ပုလိပ်များ၏ ဖမ်းဆီးခြင်း ကိုခံရပါသည်။ ထိုအချိန်မှစ၍ နာရောဒ်နစ်များသည် ဇာဘုရင်အုပ်စိုးမှုကို ဖြုတ်ချရန် လူထုမပါဘဲ တဦးတည်း ဆက်လက်ဆင်နွဲရန် ဆုံးဖြတ်ခဲ့ပြီး၊ ဤသည်က ပိုမိုကြီးလေးသည့် အမှားများကို ဖြစ်ပေါ် စေသည်။

"နရောဒ်နာရာဗော်လရာ" (ပြည်သူ့ဆန္ဒ) လို့ လူသိများတဲ့ လျှို့ဝှက်နာရောဒ်နစ် အဖွဲ့အ စည်း တခုက ဇာဘုရင်ကို လုပ်ကြံသတ်ဖြတ်ရန် စတင်ကြံစည်လာပါသည်။ ၁၈၈၁ ခု၊ မတ်လ ၁ ရက်တွင် နာရောဒ်နာရာဗော်လရာအဖွဲ့ဝင်များက ဇာဘုရင် ဒုတိယအလက်ဇန္ဒားကို ဗုံးဖြင့် လုပ်ကြံ သတ်ဖြတ်နိုင်လိုက်ပါသည်။ သို့သော်လည်း ဤကိစ္စမှာ ပြည်သူအတွက် ဘာအကျိုးကျေးဇူးမှ မရ လိုက်ပါ။ လူပုဂ္ဂိုလ်တဦးတယောက်ကို လုပ်ကြံသတ်ဖြတ်လိုက်ခြင်းဖြင့် ဇာဘုရင် သက်ဦးဆံပိုင် အုပ် ချုပ်မှုကိုဖြစ်စေ သို့မဟုတ် မြေရှင်လူတန်းစားကိုဖြစ်စေ တွန်းလှန်ဖြိုဖျက်ခြင်း မပြုနိုင်ပါ။ လုပ်ကြံ သတ်ဖြတ်ခံရသော ဇာဘုရင်နေရာတွင် တတိယအလက်ဇန္ဒားကို အစားထိုးလိုက်ပြီး၊ ၎င်းလက် အောက်တွင် အလုပ်သမား၊ လယ်သမားများ၏ အခြေအနေမှာ ပိုမို၍ပင်ဆိုးဝါးလာပါသည်။

နာရောဒ်နစ်များက ဇာဘုရင်ကို တိုက်ခိုက်ရန် ရွေးယူခဲ့သည့် နည်းလမ်းဖြစ်သည့် တဦးချင်း အကြမ်းဖက်ဝါဒဖြင့် လူပုဂ္ဂိုလ်တဦးတယောက်ကို လုပ်ကြံသတ်ဖြတ်ခြင်းသည် မှားယွင်းပြီး၊ တော်လှန်ရေးကို ထိခိုက်နစ်နာစေပါသည်။ တဦးချင်း အကြမ်းဖက်ဝါဒပေါ်လစီသည် နာရောဒ်နစ် တို့၏ မှားယွင်းသော၊ တက်ကြွသော"သူရဲကောင်းများ " နှင့် ၎င်းတို့၏ သူရသတ္တိလုပ်ရပ်များကို စောင့်ဆိုင်းနေသည့် မတက်ကြွသော "လူအုပ်"(mob) ဆိုသည့် သဘောတရားအပေါ် အခြေခံ ပေသည်။ ဤအတုအယောင် သဘောတရားက ထူးချွန်သည့် လူတဦးတယောက်ကသာ သမိုင်းကို

ဖန်းတီးပြီး၊ လူထု၊ ပြည်သူ၊ လူတန်းစားနှင့် နာရောဒ်နစ် စာရေးဆရာများက မထေမဲ့မြင် ခေါ်ဝေါ်လေ့ရှိသည့် “လူအုပ်”သည် အသိရှိသည့် စည်းရုံး၊ စုစည်းမှုရှိသည့် လှုပ်ရှားမှုများကို လုပ်ဆောင်နိုင်စွမ်းမရှိဘဲ “သူရဲကောင်းများ”နောက်မှသာ မျက်ကန်းလိုက်ပါလေ့ရှိသည်ဟု ယူဆသည်။ ထို အကြောင်းကြောင့် နာရောဒ်နစ်များသည် လယ်သမားထုနှင့် အလုပ်သမားလူတန်းစားအကြား လူထုတော်လှန်းရေးလုပ်ငန်းကို စွန့်လွှတ်ပြီး၊ တဦးချင်း အကြမ်းဖက်ဝါဒဖက်သို့ ပြောင်းလဲသွားခြင်းဖြစ်ပါသည်။ သူတို့အထဲမှ ဒီခေတ်အခါက အကျော်ကြားဆုံး တော်လှန်ရေးသမားတစ်ယောက် စတက်ဖင်ကာလ်တူရင် (StepanKhalturin) ဆိုသူပေါ်ထွက်လာပြီး၊ သူသည် တော်လှန်သည့် အလုပ်သမားသမဂ္ဂ စည်းရုံးရေးလုပ်ငန်းများကို စွန့်ပစ်ကာ အကြမ်းဖက်ဝါဒကို အပြည့်အဝ အားသွန်ခွန်စိုက်လုပ်ဆောင်ခဲ့ပါသည်။

သွေးစုပ်သူလူတန်းစားထဲမှ ကိုယ်စားလှယ်တဦးချင်းကို လုပ်ကြံသတ်ဖြတ်ခြင်း၊ တော်လှန်ရေးအတွက် မည်သည့်အကျိုးကျေးဇူးမှ မရရှိသည့် လုပ်ကြံသတ်ဖြတ်ခြင်းဖြင့် နာရောဒ်နစ်များသည် အလုပ်သမားများ၏ လူတန်းစားတရပ်လုံးကို ဆန့်ကျင်တိုက်ပွဲဝင်နေသည့် အာရုံစိုက်မှုကို လမ်းလွှဲပေးလိုက်သည်။ တော်လှန်ရေးဦးဆောင်မှုနှင့် အလုပ်သမား၊ လယ်သမားများလှုပ်ရှားမှု ဖြစ်ပေါ်တိုးတက်ရေးတို့ကို နှောင့်နှေးစေသည်။

နာရောဒ်နစ်များသည် အလုပ်သမားလူတန်းစားက တော်လှန်ရေးအတွင်း ၎င်းတို့၏ ခေါင်းဆောင်မှုအခန်းကို နားလည်နိုင်ရေးကို တားဆီးပိတ်ပင်လိုက်ပြီး၊ အလုပ်သမားလူတန်းစား၏ လွတ်လပ်သည့် ပါတီတရပ် တည်ထောင်ရေးကို နှောင့်နှေးစေခဲ့ပါသည်။

နာရောဒ်နစ်များ၏ လျှို့ဝှက်အဖွဲ့အစည်းများကို ဇာဘုရင်အစိုးရက ချေမှုန်းလိုက်သော်လည်း၊ နာရောဒ်နစ် အတွေးအခေါ်များမှာ တော်လှန်ရေးစိတ်ဓာတ်ရှိသည့် ပညာတတ်များအကြား ကြာရှည်ကြာမျှား ဆက်လက်တည်ရှိနေပါသည်။ ကျန်ရှိနေသေးသည့် နာရောဒ်နစ်များကလည်း ရုရှားတွင် မာ့က်စ်ဝါဒ ပြန့်နှံ့ရေးကို ခေါင်းမာစွာခုခံခဲ့ပြီး၊ အလုပ်သမားလူတန်းစား၏ အဖွဲ့အစည်းကို နှောင့်ယှက်ခဲ့ပါသည်။

ထို့ကြောင့် ရုရှား၌ မာ့က်စ်ဝါဒမှာ နာရောဒ်နစ်ဝါဒကို တိုက်ဖျက်ဖြိုလှဲမှသာလျှင် ကြီးထွား နိုင်ပြီး၊ အင်အားတောင့်တင်းလာနိုင်ပါသည်။

“လုပ်အားလွတ်မြောက်ရေး”အဖွဲ့သည် နာရောဒ်နစ်များ၏ မှားယွင်းသည့် အတွေးအခေါ်များကို တိုက်ပွဲဆင်ပြီး၊ ၎င်းတို့၏ အမြင်များနှင့် တိုက်ပွဲနည်းများသည် အလုပ်သမားလူတန်းစားလှုပ်ရှားမှုကို မည်မျှလောက်ပြင်းထန်စွာ ထိခိုက်စေခဲ့ကြောင်းကို ပြသလိုက်သည်။

နာရောဒ်နစ်များကို တိုက်ရိုက်တိုက်ခိုက်သည့် ၎င်း၏ ဆောင်းပါးတွင် ပလက်ကနော့ဗ်က ၎င်းတို့သည် မိမိတို့ကိုယ်မိမိ ဆိုရှယ်လစ်များဟုခေါ်ဝေါ်သော်လည်း ၎င်းတို့၏အမြင်မှာ သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒနှင့် ဘာမှမဆိုင်ကြောင်း ဖော်ပြထားပါသည်။

ပလက်ကနော့ဗ်သည် နာရောဒ်နစ်များ၏ မှားယွင်းတဲ့အမြင်အပေါ် မာ့က်စ်ဝါဒအမြင်မှ ဝေဖန်ချက် ပထမဆုံးပေးသူဖြစ်သည်။ နာရောဒ်နစ်အမြင်များကို ရည်ရွယ်ချက်ရှိရှိ ထိုးနှက်ရင်း၊ တချိန်တည်းတွင် ပလက်ကနော့ဗ်သည် မာ့က်စ်ဝါဒအမြင်များကို ထက်မြက်စွာ ခုခံကာကွယ်ခဲ့သည်။

ပလက်ကနော့ဗ်က ပျက်စီးသွားသည်အထိ အစဉ်တစိုက်တိုက်ခိုက်ခဲ့ရသည့် နာရောဒ်နစ် များ၏ အဓိကအမှားများမှာ ဘာတွေနည်း။

**ပထမ**–နာရောဒ်နစ်များက ရုရှား၌ အရင်းရှင်စနစ်သည် "မတော်တဆ" ဖြစ်ပေါ်လာမှုတရပ်သာဖြစ်ကြောင်း၊ ၎င်းသည် ဖြစ်ပေါ်တိုးတက်မှာ မဟုတ်ကြောင်း၊ ထို့ကြောင့် ပစ္စည်းမဲ့သည်လည်း ကြီးထွားတိုးတက်လာမှာမဟုတ်ဟု အခိုင်အမာ ယုံကြည်ပြောဆိုကြပါသည်။

**ဒုတိယ–**နာရောဒ်နစ်များက အလုပ်သမားလူတန်းစားကို တော်လှန်ရေး၏ ရှေ့တန်း အရောက်ဆုံးလူတန်းစားအဖြစ် မသတ်မှတ်ချေ။ သူတို့က ပစ္စည်းမဲ့များမပါဘဲ ဆိုရှယ်လစ်စနစ် ရရှိရေးကို စိတ်ကူးယဉ်ခဲ့ကြသည်။ ၎င်းတို့သည် တော်လှန်ရေး၏ အဓိကအင်အားစုကို ပညာတတ်များ ဦးဆောင်သည့် လယ်သမားထုနှင့် လယ်သမားဘုံအဖွဲ့များဟုယူဆသည်။ ၎င်းတို့က ဤအရာများကို ဆိုရှယ်လစ်စနစ်၏ သန္ဓေသားနှင့် အခြေခံအုတ်မြစ်အဖြစ် သတ်မှတ်ကြသည်။

**တတိယ–**လူသားသမိုင်း တခုလုံးအပေါ် နာရောဒ်နစ်များ၏ အမြင်သည် မှားယွင်းပြီး အန္တရာယ်ကြီးလှသည်။ ၎င်းတို့သည် လူ့အဖွဲ့အစည်း၏ စီးပွားရေးနှင့် နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှု တရားဥပဒေကို သိရှိနားလည်ခြင်းမရှိချေ။ ဤမှာဖက်တွင် ၎င်းတို့သည် အတော်အတန် နောက်ကျလျက်ရှိသည်။ ၎င်းတို့အဆိုအရ သမိုင်းကို လူတန်းစားများက သို့မဟုတ် လူတန်းစားတိုက်ပွဲများက ဖန်တီးခြင်းမဟုတ်ဘဲ ထင်ရှားသည့်လူပုဂ္ဂိုလ် "သူရဲကောင်းများ" ကသာဖန်တီးခြင်းဖြစ်သည်။ လူထုများ "လူအုပ်"များ၊ ပြည်သူများ၊ လူတန်းစားများက၊ ၎င်းသူရဲကောင်းများနောက်မှ မျက်ကန်းသဖွယ်လိုက်ပါလာသည်။

နာရောဒ်နစ်များကို တိုက်ခိုက်ဖွင့်ချရန် ပလက်ကနော့ဗ်သည် မာ့က်စ်ဝါဒ ဆောင်းပါးအချို့ကို ရေးသားခဲ့ပြီး၊ ၎င်းတို့သည် ရုရှား၌ မာ့က်စ်ဝါဒီများ မွေးမြူရေးနှင့် ပညာပေးရေးတို့တွင် အထောက်အကူ ပြုခဲ့ပါသည်။ "ဆိုရှယ်လစ်နှင့် နိုင်ငံရေးတိုက်ပွဲ"၊ "ကျွန်ုပ်တို့၏ခြားနားမှုများ"၊ "သမိုင်းအပေါ် တယူသန် (monistic) အမြင်၏ ဖြစ်ပေါ်တိုးတက်လာပုံ"စတဲ့ ၎င်း၏ ဆောင်းပါးများသည် ရုရှား၌ မာ့က်စ်ဝါဒ အောင်ပွဲအတွက် လမ်းရှင်းပေးလိုက်သည်။

၎င်း၏ဆောင်းပါးများတွင် ပလက်ကနော့ဗ်သည် မာ့က်စ်ဝါဒ၏ အခြေခံမှုများကို အသေးစိတ်ရှင်းလင်းပြပါ သည်။ အထူးအရေးကြီးသည့် ဆောင်းပါးမှာ ၁၈၉၅ မှာပုံနှိပ်ထုတ်ဝေသည့် "သမိုင်းအပေါ် တယူသန်အမြင်၏ ဖြစ်ပေါ်တိုးတက်လာပုံ" ဖြစ်ပါသည်။ လီနင်က ဤစာအုပ်သည် "ရုရှား မာ့က်စ်ဝါဒီ မျိုးဆက်တခုလုံးကို မွေးမြူ" ပေးလိုက်သည်ဟု ဆိုခဲ့သည်။ **(လီနင်–ကျမ်းပေါင်းစုံ၊ အတွဲ ၁၄၊နှာ– ၃၄၇)**

နာရောဒ်နစ်များအား ဆန့်ကျင်ရန်ရည်ရွယ်သည့် ၎င်း၏ရေးသားချက်များတွင် ပလက်ကနော့ဗ်က နာရောဒ်နစ်များ တင်ပြသည့် ပြဿနာဖြစ်သည့် ရုရှား၌ အရင်းရှင်စနစ် ဖြစ်ပေါ်သင့်၊ မသင့်ဆိုတာဟာ အဓိပ္ပာယ်မရှိကြောင်း ပြသလိုက်ပါသည်။ တကယ်တော့ ရုရှားသည် အရင်းရှင်စနစ် ဖြစ်ပေါ်တိုးတက်မှု လမ်းကြောင်းပေါ်သို့ ဝင်ရောက်လာပြီး ဖြစ်ပါသည်။ ပလက်ကနော့ဗ်က ၎င်းကို ထိုလမ်းကြောင်းမှ လွဲဖယ်သွားရန် မည်သည့်အင်အားကမှ လုပ်ဆောင်နိုင်မည် မဟုတ်ကြောင်း အချက်အလက် အခိုင်အမာများနှင့် ပြောဆိုပြသခဲ့ပါသည်။

တော်လှန်ရေးသမားများ၏ တာဝန်မှာ ရုရှား၌ အရင်းရှင်စနစ် ဖြစ်ပေါ်တိုးတက်လာမှုကို တားဆီးရန် မဟုတ်ပါ။ မည်သည့်နည်းနှင့်မျှလည်း တားဆီးနိုင်မည်မဟုတ်ပါ။ ၎င်းတို့၏ တာဝန်မှာ အရင်းရှင်စနစ် ဖြစ်ပေါ်တိုးတက်မှုကြောင့် ပေါ်ပေါက်လာသည့် အင်အားတောင့်တင်းသော တော်လှန်ရေးအင်အားစု ဖြစ်သည့် အလုပ်သမားလူတန်းစားတို့အပေါ် ထောက်ခံချက်ကို အာမခံရန်၊ ၎င်းတို့၏ လူတန်းစား အသိနိုးကြားမှုကို ဖြစ်ပေါ်တိုးတက်စေရန်၊ ၎င်းတို့ကို စည်းရုံးရန်နှင့် ၎င်းတို့ ကိုယ်ပိုင် အလုပ်သမားလူတန်းစားပါတီ ထူထောင်ရေးကို ကူညီရန်ဖြစ်ပါသည်။

နာရောဒ်နစ်များ၏ ဒုတိယ အဓိကအမှားဖြစ်သည့် တော်လှန်ရေးတိုက်ပွဲအတွင်း ပစ္စည်း မဲ့များ၏ တပ်ဦးအခန်းအပေါ် ငြင်းဆိုမှုကိုလည်း ပလက်ကနော့ဗ်က ချေမှုန်းပစ်လိုက်ပါသည်။ နာရောဒ် နစ်များက ရုရှား၌ ပစ္စည်းမဲ့များ ပေါ်ထွက်လာခြင်းသည် သဘာဝအတွင်း "သမိုင်းဆိုင်ရာကံကြမ္မာဆိုး" တခုဟု ရှုမြင်ပြီး၊ "ပစ္စည်းမဲ့ရခြင်း၏ အနာအဆာများ" စတာတွေကို ပြောဆို ကြပါသည်။ မာက့်စ်ဝါဒသင်ကြားချက်များကို ခုခံကာကွယ်ရင်း ပလက်ကနော့ဗ်က ၎င်းတို့သည် ရုရှားတွင် အပြည့်အဝ အသုံးချနိုင်ကြောင်း၊ အရေအတွက်အရ လယ်သမားထုက များပြားပြီး၊ ပစ္စည်းမဲ့က နှိုင်းယှဉ်ချက်အရ နည်းသော်လည်း တော်လှန်ရေးသမားများအဖို့ ၎င်းတို့၏ အဓိကမျှော်လင့်ချက်များကို ပစ္စည်းမဲ့များ နှင့် ၎င်းတို့၏ ကြီးထွားမှုအပေါ် အခြေခံသင့်ကြောင်း ပြသခဲ့ပါသည်။

အဘယ်ကြောင့် ပစ္စည်းမဲ့များအပေါ် အခြေခံရမည်နည်း။

အဘယ်ကြောင့်ဆိုသော် ပစ္စည်းမဲ့များသည် အရေအတွက်အရ နည်းပါးလျက်ရှိနေသေးသော်လည်း "ရှေ့တန်းအရောက်ဆုံးသော" စီးပွားရေးသဏ္ဌာန်ဖြစ်သည့် အကြီးစားထုတ်လုပ်ရေးနှင့် ဆက်စပ်နေသည့် လုပ်အားထုတ်ရသည့် လူတန်းစားတရပ်ဖြစ်ပြီး၊ ထိုအကြောင်းကြောင့် ၎င်းတို့တွင် ကြီးမြတ်သည့် အနာဂတ်ရှိနေသည့်အတွက် ဖြစ်ပါသည်။

အဘယ်ကြောင့်ဆိုသော် ပစ္စည်းမဲ့များသည် လူတန်းစားတရပ်အဖြစ် တနှစ်ပြီးတနှစ် ကြီးထွားလာပြီး၊ နိုင်ငံရေးအရလည်း ဖြစ်ပေါ်တိုးတက်လာကာ အကြီးစားထုတ်လုပ်ရေးအတွင်းရှိ အလုပ်အကြောင်းအချက်များကြောင့်၊ ၎င်းတို့သည် စည်းရုံးဖွဲ့စည်းမှုကို အလွယ်တကူ နာခံကာ တော်လှန်ရေးအတွင်း နှောင်ကြိုးမှတပါး ဆုံးရှုံးစရာမရှိသော ပစ္စည်းမဲ့အနေအထားကြောင့် တော်လှန်ရေး အကျဆုံး လူတန်းစားတရပ်ဖြစ်သောကြောင့်ဖြစ်သည်။

လယ်သမားထုမှာမူ ခြားနား ချက်များရှိပါသည်။

လယ်သမားထု[၁]သည် အရေအတွက်အရ အင်အားရှိသော်လည်း၊ ခေတ်နောက်အကျဆုံး စီးပွားရေးသဏ္ဌာန်ဖြစ်သည့် အသေးစားထုတ်လုပ်ရေးနှင့် ဆက်စပ်နေသည့် လုပ်အားထုတ်ရသည့် လူတန်းစားဖြစ်ပြီး၊ ထို့အတွက်ကြောင့်ပဲ ၎င်းတွင် ကြီးမြတ်သည့် အနာဂတ်ရှိမနေပါ။

လူတန်းစားတရပ်အဖြစ် ကြီးထွားဖို့မဆိုထားနှင့် လယ်သမားထုမှာ ခနရှင် (ကူးလတ်များ)နှင့် ဆင်းရဲလယ်သမား (ပစ္စည်းမဲ့နှင့် ပစ္စည်းမဲ့တပိုင်း) များအဖြစ် ပို၍ပို၍ ကွဲပြားလာသည်။ ၎င်းအပြင် ပြန့်ကျဲစွာ နေထိုင်ကြသည့်အတွက် ပစ္စည်းမဲ့များကဲ့သို့ စည်းရုံးဖွဲ့စည်းမှုကို အလွယ်တကူ နာခံနိုင်ခြင်း

---

*၁။ ဆိုလိုသည်မှာ မိမိတို့တဦးချင်းအတွက် အလုပ်လုပ်သည့် တဦးချင်း လယ်သမားများကိုဆိုလိုသည်။*

မရှိဘဲ အသေးစားပိုင်ဆိုင်သူလေးများ ပါဝင်နေသည့်အတွက် ပစ္စည်းမဲ့များကဲ့သို့ တော်လှန်ရေး လှုပ်ရှားမှုအတွင်း အလွယ်တကူပါဝင်နိုင်ခြင်းမရှိချေ။

နာရောဒ်နစ်များက ရုရှားပြည်တွင် ဆိုရှယ်လစ်စနစ်ကို ပစ္စည်းမဲ့အာဏာရှင်စနစ်က ဖော်ဆောင်ပေးမှာ မဟုတ်ဘဲ၊ ၎င်းတို့က ဆိုရှယ်လစ်စနစ်၏ သန္ဓေသားနှင့် အခြေခံဟု သတ်မှတ်ထားသည့် လယ်သမားဘုံအဖွဲ့များက သယ်ဆောင်ပေးမှာဖြစ်ကြောင်း အခိုင်အမာပြောဆိုနေကြပါသည်။ သို့သော် ဘုံအဖွဲ့များသည် ဆိုရှယ်လစ်စနစ်၏ သန္ဓေသား သို့မဟုတ် အခြေခံလည်း မဟုတ်ဘဲ၊ ဖြစ်လည်းမဖြစ်နိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ဘုံအဖွဲ့များတွင် လွှမ်းမိုးနေသူများမှာ၊ ဆင်းရဲသား လယ်သမားများ၊ လယ်ယာလုပ်သားများ၊ စီးပွားရေးအရချို့တဲ့သည့် အလယ်အလတ် လယ်သမားများအပေါ် သွေးစုပ်နေသည့် ကူးလက်များ ဖြစ်နေခြင်းကြောင့်ဖြစ်သည်။ မြေယာဘုံအဖွဲ့ပိုင်ဆိုင်မှု တရားဝင်တည်ရှိမှုနှင့် လယ်သမားအိမ်ထောင်စု တစုစီ၏ လူဦးရေနှင့်အညီ ကာလအလိုက် မြေယာများကို ပြန်လည်ခွဲခြမ်းပေးမှုတို့သည် အခြေအနေများကို မည်သည့်နည်းနှင့်မျှ ပြောင်းလဲနိုင်ခြင်းမရှိပါ။ ဘုံအဖွဲ့ဝင်များထဲမှာ ဝန်တင်နွား၊ လယ်လုပ်ကိရိယာနှင့် မျိုးရှိသူများ၊ ၎င်းတို့မှာ ချမ်းသာအလတ်တန်းစား လယ်သမားနှင့် ကူးလက်များက လယ်လုပ်ကြပါသည်။ မြင်းမရှိသည့်လယ်သမားများ၊ ဆင်းရဲလယ်သမားနှင့် ယေဘုယျ လယ်သမားကလေးများမှာ ၎င်းတို့၏မြေကို ကူးလက်များထံ အပ်ပေးရပြီး၊ ၎င်းတို့ကိုယ်၎င်းတို့ လယ်ယာလုပ်သားအဖြစ် သူရင်းငှား လုပ်ကြရသည်။ တကယ်တော့ လယ်သမားဘုံအဖွဲ့မှာ ကူးလက်များ၏ လွှမ်းမိုးမှုကို မျက်နှာဖုံးစွပ်ပေးသည့် အဆင်ပြေ နည်းလမ်းတရပ်ဖြစ်ပြီး၊ စုပေါင်းတာဝန်ယူမှုအပေါ် အခြေခံသည့် လယ်သမားအပေါ် အခွန်ကောက် ခံရန်အတွက် ဇာဘုရင်အစိုးရလက်တွင်းရှိ အကုန်အကျနည်းပါးလှသည့် ကိရိယာတခုသာ ဖြစ်ပေသည်။ ထို့ကြောင့် ဇာဘုရင်စနစ်က လယ်သမားဘုံအဖွဲ့ကို တည်ရှိခွင့်ပြုခြင်း ဖြစ်ပါသည်။ ဤကဲ့သို့သော လက္ခဏာရှိသည့် ဘုံအဖွဲ့ကို ဆိုရှယ်လစ်စနစ်၏သန္ဓေသား သို့မဟုတ် အခြေခံဟုသတ်မှတ်သည်မှာ အဓိ ပ္ပာယ်ကင်းမဲ့လှချေသည်။

နာရောဒ်နစ်များ၏ တတိယအဓိကအမှားဖြစ်သည့် ထင်ရှားသည့်လူပုဂ္ဂိုလ် "သူရဲကောင်းများ"နှင့် ၎င်းတို့၏ အတွေးအခေါ်များက အဖွဲ့အစည်းဖြစ်ပေါ်တိုးတက်မှုတွင် အဓိကအခန်းက ပါဝင်ပြီး၊ လူထု၊ "လူအုပ်"၊ ပြည်သူ့လူတန်းစားများ၏ အခန်းက အရေးမကြီးဆိုသည်ကိုလည်း ပလက်ကနော့ဗ်က ချေမှုန်းပစ်လိုက်ပါသည်။ ပလက်ကနော့ဗ်က နာရောဒ်နစ်များကို "စိတ်ဝါဒ" သမားများဟု စွပ်စွဲလိုက်ပြီး အမှန်တရားသည် စိတ်ဝါဒမှာမရှိဘဲ မာ့က်စ်–အိန်ဂယ် တို့၏ "ရုပ်ဝါဒ" တွင်သာရှိကြောင်း ပြသလိုက်သည်။

ပလက်ကနော့ဗ်က မာ့က်စ်ရုပ်ဝါဒကို အသေးစိတ်ရှင်းလင်းပြီး အခိုင်အမာ သက်သေထူပြသည်။ မာ့က်စ်ရုပ်ဝါဒနှင့်ကိုက်ညီစွာ သူက လူ့အဖွဲ့အစည်း၏ ဖြစ်ပေါ်တိုးတက်မှုကို ရှေရှုည်တွင် ထင်ရှားသည့် လူပုဂ္ဂိုလ်တဦးချင်း၏ စိတ်ဆန္ဒအတွေးအခေါ်များက ဆုံးဖြတ်ခြင်းမဟုတ်ဘဲ လူ့ အဖွဲ့အစည်းတည်ရှိမှု၏ ရုပ်ဝတ္ထုအကြောင်းအချက်များ ဖြစ်ပေါ်တိုးတက်မှု၊ လူအဖွဲ့အစည်းတည်ရှိမှုအတွက် လိုအပ်သော ရုပ်ဝတ္ထုပစ္စည်းများ၏ ထုတ်လုပ်ရေးနည်းနာ အပြောင်းအလဲများ၊ ရုပ်ဝတ္ထုပစ္စည်းများထုတ်လုပ်ရေးတွင် လူတန်းစားများ၏ အပြန်အလှန် ဆက်ဆံရေးများအတွင်းက အပြောင်းအလဲများ၊ ထုတ်လုပ်ရေးနှင့် ရုပ်ဝတ္ထုပစ္စည်းဖြန့်ဝေမှု အတွင်းနေရာနှင့် အဆင့်အတန်းအတွက် လူတန်းစားတိုက်ပွဲများကသာ

ဆုံးဖြတ်ကြောင်းပြဆိုလိုက်ပါသည်။ အတွေးအခေါ်များက လူသားများ၏ လူမှုရေးနှင့် စီးပွားရေး အဆင့်အတန်းကို ဆုံးဖြတ်ပေးခြင်းမဟုတ်ဘဲ လူသားများ၏ လူမှုရေးနှင့် စီးပွားရေးအဆင့်အတန်းက ၎င်းတို့၏ အသိ၊ အတွေးအခေါ်များ ပြဋ္ဌာန်းခြင်းဖြစ်ပေသည်။ ထင်ရှားသည့်လူပုဂ္ဂိုလ်များ၏ အတွေးအခေါ်နှင့် စိတ်ဆန္ဒများသည် လူ့အဖွဲ့အစည်း၏ စီးပွားရေးဖြစ်ပေါ်တိုးတက်မှုနှင့် ရှေ့တန်းအရောက်ဆုံး လူတန်းစားများ၏လိုအပ်ချက်များနှင့် ဖီလာဆန့်ကျင်ဖြစ်လာပါက ၎င်းတို့သည် အညတရများဖြစ်သွားရပြီး၊ ပြောင်းပြန်ပင် ၎င်းတို့၏ စိတ်ဆန္ဒနှင့် အတွေး အခေါ်များသည် လူ့အဖွဲ့အစည်း၏ စီးပွားရေးဖြစ်ပေါ်တိုးတက်မှု၏ လိုအပ်ချက်များနှင့် ရှေ့တန်းအရောက်ဆုံး လူတန်းစားများ၏ လိုအပ်ချက်များကို မှန်ကန်စွာ ဖော်ပြနိုင်ပါက ၎င်းတို့သည် တကယ်ပဲ ထင်ရှားသည့်ပုဂ္ဂိုလ်များ ဖြစ်လာပေမည်။

လူထုဆိုတာ လူအုပ်တအုပ်သာဖြစ်သည်။ သူရဲကောင်းများက သမိုင်းကိုဖန်းတီးပြီး၊ လူအုပ်ကို လူထုတရပ် ဖြစ်အောင် ပြောင်းလဲပေးသည် ဆိုသည့် နာရောဒ်နစ်တို့၏ ယူဆချက်ကို ချေပရန်အလို့ငှာ မာကဲ့စ်ဝါဒီများက သမိုင်းကိုဖန်တီးသူဟာ သူရဲကောင်းများမဟုတ်ဘဲ၊ သမိုင်းကသာ သူရဲကောင်းများကို ဖန်တီးတာဖြစ်ကြောင်း၊ အကျိုးဆက်အားဖြင့် လူထုကိုဖန်တီးသူဟာ သူရဲကောင်းများ မဟုတ်ဘဲ၊ လူထုကသာ သူရဲကောင်းများကိုဖန်တီးပြီး၊ သမိုင်းကို ရှေ့သို့တွန်းတင်ပေးကြောင်း အတည်ပြုပြောကြားလိုက်ပါသည်။ သူရဲကောင်းများ၊ ထင်ရှားသည့် လူပုဂ္ဂိုလ်များသည် လူ့အဖွဲ့အစည်းဖြစ်ပေါ်တိုးတက်မှု အကြောင်းအချက်များကို မှန်ကန်စွာနားလည်သိရှိပြီး၊ ပိုမိုကောင်းမွန်သည့် အပြောင်းအလဲ နည်းလမ်းများကို လုပ်ဆောင်နိုင်မှသာလျှင် လူ့အဖွဲ့အစည်းဘဝ၌ အရေးကြီးသော အခန်းမှာ ပါဝင်နိုင်မည်ဖြစ်ပါသည်။ သူရဲကောင်းများ၊ ထင်ရှားသည့်ပုဂ္ဂိုလ်များသည် လူ့အဖွဲ့အစည်း ဖြစ်ပေါ်တိုးတက်မှု အကြောင်းအချက်များကို မှန်ကန်စွာနားမလည်ဘဲ၊ မိမိတို့ကိုယ်မိမိတို့ သမိုင်း "ဖန်တီးသူများ"အဖြစ် ဘဝင်မြင့်မာနကြီးပြီး၊ လူ့အဖွဲ့အစည်း၏ သမိုင်းလိုအပ်ချက်များကို ဖီလာဆန့်ကျင်ခြင်းပြုပါက အသုံးမကျသည့် လူပျက်များ ဖြစ်သွားပေလိမ့်မည်။ ဤကဲ့သို့သော ကံခေလွန်းသည့် သူရဲကောင်းအမျိုးအစားမှာ နာရောဒ်နစ်များ ဖြစ်ပါသည်။

နာရောဒ်နစ်များအား ဆန့်ကျင်သည့် ပလက်ကနော့ဗ်၏ ရေးသားချက်များနှင့် တိုက်ပွဲသည် တော်လှန်သည့် ပညာတတ်များအကြားရှိ ၎င်းတို့၏ ဩဇာဂယက်လွှမ်းမိုးမှုကို အသေအချာ ဖြိုဖျက်ပေးလိုက်ပါသည်။ သို့သော်လည်း နာရောဒ်နစ်ဝါဒ၏ အတွေးအခေါ်ရေးရာ ဖျက်ဆီးရေးမှာမူ ကုန်စင်ပြည့်ဝရန် အတော်ပင်လိုသေးလျက်ရှိပါသည်။ မာ့က်စ်ဝါဒ၏ ရန်သူအဖြစ် နာရောဒ်နစ်ဝါဒကို အဆုံးသတ်ထိုးနှက်ရန်မှာ လီနင်၏ တာဝန်အဖြစ်ကျန်ရှိနေပါသည်။

"နာရောဒ်နာရာဇော်လရာ"ပါတီကို ဖိနှိပ်လိုက်ပြီးတာနှင့် နာရောဒ်နစ်အများစုသည် ဇာ ဘုရင်အစိုးရကို ဆန့်ကျင်သည့် တော်လှန်ရေးတိုက်ပွဲများကို စွန့်လွှတ်လိုက်ပြီး၊ ၎င်းတို့နှင့် စေ့စပ် သဘောတူညီမှုရယူသည့်ပေါ်လစီကို စတင်ဟောပြောလာပါတော့သည်။ ရှစ်ဆယ်စုနှစ်နှင့် ကိုးဆယ်စုနှစ်များတွင် နာရောဒ်နစ်များသည် ကူးလတ်တို့၏ အကျိုးစီးပွားများကို စတင်ဖော်ပြလာပါတော့သည်။

"လုပ်အားလွတ်မြောက်ရေး"အဖွဲ့သည် ရုရှားဆိုရှယ်ဒီမိုကရက်များအတွက် လမ်းစဉ်မူကြမ်းနှစ်ကြိမ် ရေးဆွဲခဲ့ပါသည်။ (၁၈၈၄–ခုနှစ်တွင် တကြိမ်၊ ၁၈၈၇ ခုနှစ်တွင်တစ်ကြိမ်) ဤသည်မှာ ရုရှား၌ မာ့က်စ်ဝါဒ ဆိုရှယ်ဒီမိုကရက်တစ်ပါတီ တည်ထောင်ရေးအတွက် အရေးကြီးသည့် ပြင်ဆင်ရေးခြေလှမ်းတရပ် ဖြစ်ခဲ့ပါသည်။

သို့သော် တချိန်တည်းမှာပင် “လုပ်အားလွတ်မြောက်ရေးအဖွဲ့”သည် ကြီးလေးသည့်အမှား အချို့ကို ကျူးလွန်ခဲ့ပါသည်။ ပထမလမ်းစဉ်မူကြမ်း၌ နာရောဒ်နစ်အမြင်များ၊ အစအနများ ဆက်လက်ကျန်ရှိနေသေးပြီး၊ တဦးချင်း အကြမ်းဖက်ဝါဒနည်းနာများကို ထောက်ခံထားပါသည်။ ထို့အပြင် ပလက်ကနော့ဗ်သည် တော်လှန်ရေးလမ်းကြောင်းတွင် ပစ္စည်းမဲ့များသည် လယ်သမားများကိုလည်း ခေါင်းလည်းဆောင်နိုင်သည်။ ခေါင်းလည်းဆောင်ရမည် ဆိုသည့်အချက်နှင့် လယ်သမားများနှင့် မဟာမိတ်ဖွဲ့ခြင်းသာလျှင် ပစ္စည်းမဲ့များသည် ဇာစနစ်အပေါ် အောင်ပွဲခံနိုင်မည်ဆိုသည့် အချက်တို့ကို ထည့်သွင်းစဉ်းစားရန် ပျက်ကွက်ခဲ့သည်။ ပလက်ကနော့ဗ်က လစ်ဘရယ်ဓနရှင်များသည် တော်လှန်ရေးကို အားပေးထောက်ခံနိုင်သည့် အင်အားတရပ်ဖြစ်ကြောင်း၊ သို့သော် ၎င်း၏ထောက်ခံမှုမတည်ငြိမ်ကြောင်း ဆက်လက်ပြောကြားခဲ့သော်လည်း လယ်သမားထုကိုမူ ၎င်း၏ တချို့ဆောင်းပါးများတွင် လုံးဝလျှော့တွက်ခဲ့သည်။ ဥပမာ–

“ကျွန်တော်တို့နိုင်ငံတွင် ဓနရှင်နှင့် ပစ္စည်းမဲ့များမှအပ၊ အတိုက်အခံ သို့မဟုတ် တော်လှန်ရေးပေါင်းစည်းမှုများက ထောက်ခံမှုရရှိနိုင်သည့် မည်သည့်အဖွဲ့အစည်းအင်အားကိုမျှ ကျွန်တော်တို့ မတွေ့မမြင်မသိရှိပါ။” **(ပလက်ကနော့ဗ်ကျမ်း၊ ရုရှားဘာသာထုတ်ဝေခြင်း၊ အတွဲ ၃၊ နှာ ၁၁၉)** ဟု ရေးသားထားပါသည်။

ဤမှားယွင်းသည့် အမြင်များသည် ပလက်ကနော့ဗ်၏ အနာဂတ်အမြင်များ၏ ဗီဇမျိုးစေ့များ ဖြစ်ခဲ့ပါသည်။

“လုပ်အားလွတ်မြောက်ရေး”အဖွဲ့သည်လည်းကောင်း၊ ထိုကာလ၏ မာ့က်စ်ဝါဒအစုများသည်လည်းကောင်း၊ အလုပ်သမားလူတန်းစား လှုပ်ရှားမှုနှင့် လက်တွေ့အရ ဆက်စပ်မှုများ မရှိခဲ့သေးပါ။ ရုရှား၌ ဤကာလအတွင်းတွင် မာ့က်စ်ဝါဒ သဘောတရား၊ မာ့က်စ်ဝါဒ အတွေးအခေါ်နှင့် ဆိုရှယ်ဒီမိုကရေစီလမ်းစဉ်ပေါ်လစီများ စတင်ပေါ်ပေါက်ပြီး ခြေကုပ်ရယူခါစကာလဖြစ်ပါသည်။ ၁၈၈၄–၉၄ အကြား ဆယ်စုနှစ်အတွင်း ဆိုရှယ်ဒီမိုကရေစီလှုပ်ရှားမှုမှာ သီးခြားအစုအဖွဲ့များသဏ္ဍာန်နှင့်သာ ရှိနေသေးပြီး၊ အလုပ်သမားလူတန်းစား လူထုလှုပ်ရှားမှုနှင့် လုံးဝဆက်စပ်မှုမရှိခြင်း သို့မဟုတ် ဆက်စပ်မှုအနည်းအကျဉ်းရှိခြင်းသာ ဖြစ်ပါသည်။ မမွေးဖွားသေးသော်လည်း မိခင်၏ဝမ်းတွင်းတွင် ဖြစ်ပေါ်တိုးတက် ရင့်မာလာနေသော ကလေးငယ်ကဲ့သို့ ဆိုရှယ်ဒီမိုကရေစီလှုပ်ရှားမှုသည် လီနင်ရေးသကဲ့သို့ “သန္ဓေသား ဖြစ်ပေါ်တိုးတက်မှုဖြစ်စဉ်” တွင်တည်ရှိနေပါသည်။

လီနင်က “လုပ်အားလွတ်မြောက်ရေး” အဖွဲ့သည် ဆိုရှယ်ဒီမိုကရေစီလှုပ်ရှားမှု၏ သဘောတရားရေးအခြေခံကိုသာ ချပေးခဲ့ပြီး၊ အလုပ်သမားလူတန်းစားလှုပ်ရှားမှုသို့ ပထမခြေလှမ်းစတင် လိုက်သည်” ဟုဆိုသည်။

မာ့က်စ်ဝါဒနှင့် ရုရှားရှိ အလုပ်သမားလူတန်းစား လှုပ်ရှားမှုပေါင်းစပ်ပေးရေးနှင့် “လုပ်အားလွတ်မြောက်ရေး” အဖွဲ့၏ အမှားများကို ပြင်ရန်တာဝန်မှာ လီနင်အပေါ်သို့ ကျရောက်လာပါ တော့သည်။

## ၃။ လီနင်၏ တော်လှန်ရေးလှုပ်ရှားမှုများ စတင်လာခြင်း။ စိန်ပီတာစဘတ်အဖွဲ့ချုပ်၏ အလုပ်သမား လူတန်းစား လွတ်မြောက်ရေးတိုက်ပွဲ

ဘော်ရှီဗစ်ဝါဒကို တည်ထောင်သူ ဗလာဒီမာ အီလီယက် အူလ်ရာနော့ဗ် (လီနင်) Vladimir Ilyich Ullynov (Lenin) ကို ၁၈၇၀ ခုတွင် စင်မ်ဘက်စ်မြို့ (ယခု အူလ်ရာနော့ဗ်စကီး) တွင် မွေးဖွားခဲ့သည်။ လီနင်သည် ၁၈၈၇ ခုနှစ်တွင် ကာဇန်တက္ကသိုလ်သို့ ဝင်ရောက်ခဲ့သော်လည်း မကြာမီ မှာပင် တော်လှန်သည့် ကျောင်းသားလှုပ်ရှားမှုများတွင် ပါဝင်မှုကြောင့် အဖမ်းခံရပြီး၊ ကျောင်းမှ ထုတ်ခြင်းခံလိုက်ရပါသည်။ ကာဇန်၌ရှိစဉ် လီနင်သည် ဖီဒိုစီယက်ဗ် (Fedoseyev) ဆိုသူထူထောင် သည့် မာ့က်စ်ဝါဒ အစုတွင် ပါဝင်ခဲ့သည်။ မကြာမီမှာပင် လီနင်သည် ဆာမာရာသို့ ပြောင်းရွှေ့ပြီး၊ မကြာခင်မှာပင် ထိုမြို့၏ ပထမဆုံးသော မာ့က်စ်ဝါဒအစုကို လီနင်ဗဟိုပြု၍ တည်ထောင်လိုက်ပါ သည်။ ထိုအချိန်များကတည်းကပင် လီနင်၏ မာ့က်စ်ဝါဒအပေါ် သေချာကျန ပြည့်စုံစွာသိရှိ နား လည်မှုကို လူတိုင်းက အံ့အားသင့်ခဲ့ကြရပေသည်။

၁၈၉၃ ခုနှစ်အကုန်ပိုင်းတွင် လီနင်သည် စိန့်ပီတာစဘတ်သို့ ပြောင်းရွှေ့ခဲ့သည်။ ၎င်းမြို့ရှိ မာ့က်စ်ဝါဒ အစုများအတွင်း လီနင်၏ ပထမဆုံးသော ပြောဆိုချက်များသည် ၎င်းအဖွဲ့ဝင်များအတွင်း နက်ရှိုင်းစွာ စွဲငြိစေခဲ့ပါသည်။ ၎င်း၏ မာ့က်စ်ဝါဒအပေါ် ထူးခြားလေးနက်သည့် အသိအမြင်၊ ရုရှားရှိ ထိုအချိန်က စီးပွားရေး၊ နိုင်ငံရေးအခြေအနေနှင့် မာ့က်စ်ဝါဒလက်တွေ့ ပေါင်းစပ်နိုင်သည့် ၎င်း၏ အရည်အချင်း၊ အလုပ်သမားအရေးတော်ပုံ အောင်ပွဲအပေါ် ၎င်း၏ ထက်သန်တက်ကြွပြီး မယိမ်းယိုင် သည့် ယုံကြည်မှုနှင့် စည်းရုံးလှုံ့ဆော်သူအဖြစ် ထူးချွန်လှသည့် ၎င်း၏ အရည်အချင်းတို့က လီနင်ကို စိန့်ပီတာစဘတ်၊ မာ့က်စ်ဝါဒီများအကြား အသိအမှတ်ပြုခံရသည့် ခေါင်းဆောင်တဦး ဖြစ်လာ စေပါသည်။

လီနင်သည် အစုများတွင် သူသင်တန်းပေးခဲ့သော နိုင်ငံရေးအရ ရှေ့တန်းရောက်သည့် အလုပ် သမားများ၏ နွေးထွေးစွာ ချစ်ခင်လေးစားခြင်းခံရသည်။

အလုပ်သမားအများစုအတွင်း လီနင်သင်တန်းပေးစဉ်က အဖြစ်အပျက်များကို ပြန်လည် ပြောပြရာတွင် အလုပ်သမား ဘာဘူရှကင် (Babushkin) က "ကျွန်တော်တို့၏ သင်တန်းများသည် အလွန်အသက်ဝင် စိတ်ဝင်စားဖွယ်ဖြစ်သည်။ ကျွန်တော်တို့သည် ဤဟောပြောချက်များကို အလွန် ကျေနပ်အားရခဲ့ကြပြီး ကျွန်တော်တို့၏ သင်တန်းပို့ချသူ၏ ဉာဏ်ပညာအပေါ် အမြဲမပြတ် အံ့သြကြည်ညိုချီးမွမ်းရပါသည်" ဟုပြောကြားခဲ့ပါသည်။

၁၈၉၅ တွင် လီနင်သည် စိန်ပီတာစဘတ်ရှိ မာက့်စ်ဝါဒီ လုပ်သားအစုများအားလုံး (အစုနှစ် ဆယ်ခန့်ရှိနေပါပြီ) ကို အလုပ်သမားလူတန်းစား လွတ်မြောက်ရေးတိုက်ပွဲအဖွဲ့ချုပ်တခုတည်းအဖြစ် စည်းရုံးဖွဲ့စည်းလိုက်သည်။ သူသည် ဤကဲ့သို့သောနည်းဖြင့် တော်လှန်တဲ့ မာက့်စ်ဝါဒလုပ်သမား ပါတီ ထူထောင်ရေးလမ်းကို ပြင်ဆင်ပေးလိုက်သည်။

လီနင်က အလုပ်သမားလူတန်းစား လူထုလှုပ်ရှားမှုနှင့် ပိုမိုနီးစပ်စွာ ပေါင်းစပ်ရေးကို တည် ဆောက်ရေးနှင့် ၎င်းကို နိုင်ငံရေးအရ ခေါင်းဆောင်မှုပေးရေး တာဝန်ကို တိုက်ပွဲအဖွဲ့ချုပ်အပေါ် ချထား ပေးလိုက်ပါသည်။ လီနင်က ဝါဒဖြန့်ချိရေးအစုများတွင် စုဝေးနေသောနိုင်ငံရေးအရ ရှေ့တန်းရောက်

သည့် အလုပ်သမားအနည်းငယ်အကြား မာကဲ့စ်ဝါဒကို ဝါဒဖြန့်ချိနေရာမှ ကြီးမားကျယ်ပြန့်လှ သော အလုပ်သမားလူတန်းစားအတွင်း နေ့စဉ်ပေါ်ပေါက်နေသော ပြဿနာများအပေါ် နိုင်ငံရေး လှုံ့ဆော်ပေးရန် တိုက်တွန်းလိုက်ပါသည်။ ဤသို့ လူထုလှုံ့ဆော်ရေးသို့ လှည့်ပြောင်းလိုက် ခြင်းသည် ရုရှား၌ အလုပ်သမားလူတန်းစားလှုပ်ရှားမှု ဆက်လက်ဖြစ်ပေါ်တိုးတက်လာမှုအတွက် လေးနက် သည့် အရေးကြီးမှုဖြစ်ပါသည်။

ကိုးဆယ်စုနှစ်များသည် စက်မှုလုပ်ငန်းများ အကြီးအကျယ် ဖွံ့ဖြိုးသောကာလ ဖြစ်သည်။ အလုပ်သမားဦးရေမှာ တိုးတက်များပြားလာသည်။ အလုပ်သမားလူတန်းစား လှုပ်ရှားမှုသည် အင်အားတောင့်တင်းနေပါသည်။ ၁၈၉၅–၉၉ ခုနစ်ကာလအတွင်း မပြည့်စုံသော စာရင်းဇယားများ အရ၊ သပိတ်များအတွင်းပါဝင်သည့် အလုပ်သမားဦးရေမှာ ၂၂၁,၀၀၀ ဖြစ်ပါသည်။ အလုပ်သမား လူတန်းစား လှုပ်ရှားမှုသည် တိုင်းပြည်၏ နိုင်ငံရေးဘဝတွင် အရေးကြီးသော အင်အားစုတရပ် ဖြစ်လာပါ သည်။ အဖြစ်အပျက်များ၏ ဖြစ်စဉ်က မာကဲ့စ်ဝါဒီများက နာရောဒ်နစ်များနှင့် ဆန့်ကျင်ပြီး၊ ခုခံကာ ကွယ်ကိုင်စွဲခဲ့သည့်အမြင်ဖြစ်သည့် အလုပ်သမားလူတန်းစားသည် တော်လှန်ရေးလှုပ်ရှားမှုတွင် ခေါင်းဆောင်မှုအခန်းမှ ပါဝင်သည် ဆိုသည့်အမြင်ကို ခိုင်မာမှန်ကန်ကြောင်း ပြသလျက်ရှိနေပါသည်။

လီနင်၏ လမ်းညွှန်မှုအောက်တွင် အလုပ်သမား လူတန်းစား လွတ်မြောက်ရေးတိုက်ပွဲ အဖွဲ့ချုပ် သည် အလုပ်သမားများ၏ လုပ်ငန်းခွင်အခြေအနေ တိုးတက်ကောင်းမွန်ရေး၊ အလုပ်ချိန်လျှော့ရေးနှင့် လစာတိုးမြှင့်ရေးစသည့် စီးပွားရေးတောင်းဆိုမှုတိုက်ပွဲများကို ဇာဘုရင်စနစ်ကို ဆန့်ကျင်သည့် နိုင်ငံ ရေးတိုက်ပွဲနှင့် ဆက်စပ်ပေးခဲ့သည်။ တိုက်ပွဲအဖွဲ့ချုပ်သည် အလုပ်သမားများကို နိုင်ငံရေးပညာ ပေးခဲ့သည်။

လီနင်၏ လမ်းညွှန်မှုအောက်တွင် စိန့်ပီတာစဘတ် အလုပ်သမား လွတ်မြောက်ရေးအဖွဲ့ချုပ် သည် ရုရှားတွင် ဆိုရှယ်လစ်စနစ်နှင့် အလုပ်သမားလူတန်းစားလှုပ်ရှားမှုကို ပေါင်းစည်းစုရုံးပေးသည့် ပထမဆုံးသော အဖွဲ့စည်းတရပ်ဖြစ်ပါသည်။ တချို့စက်ရုံတွင် သပိတ်တိုက်ပွဲ ပေါ်ပေါက်လာသည်နှင့် တိုက်ပွဲအဖွဲ့ချုပ်သည် ၎င်း၏အဖွဲ့ဝင်များမှတဆင့် အလုပ်သမားများအတွင်းက ပြဿနာများကို သေသေချာချာကြေညာပြီး၊ လက်ကမ်းစာစောင်များ၊ ဆိုရှယ်လစ်ကြေညာချက်များ အလျင်အမြန် ထုတ်ပြန်ခြင်းများ လုပ်ဆောင်ကြပါသည်။

ဤစာစောင်များက စက်ရုံပိုင်ရှင်များ၏ အလုပ်သမားများအပေါ် ဖိနှိပ်မှုကို ဖော်ထုတ်ဖွင့်ချပြီး၊ အလုပ်သမားများသည် ၎င်းတို့၏ အကျိုးစီးပွားအတွက် အဘယ်ကဲ့သို့ တိုက်ပွဲဝင်သင့်သည်၊ အလုပ် သမားတောင်းဆိုချက်များကို ဘယ်လိုတင်ပြသင့်သည်ဆိုသည်များကို ရှင်းလင်းဖော်ပြထားပါသည်။ စာစောင်များက အရင်းရှင်စနစ်၏ အနာအဆာများ အလုပ်သမားများ၏ ဆင်းရဲဒုက္ခ၊ ၎င်းတို့၏ သည်း မခံနိုင်လောက်အောင် ပြင်းထန်လှသည့် အလုပ်ချိန် ၁၂ နာရီ၊ ၁၄–နာရီ ၎င်းတို့၏ အခွင့်အရေး လုံးဝ မဲ့နေမှုများစသည့် အမှန်တရားများကို ဖော်ထုတ်ပြောကြားပါသည်။ ၎င်းတို့က သင့်တော်သည့် နိုင်ငံရေး တောင်းဆိုမှုများလည်း တင်ပြထားပါသည်။ ၁၈၉၄ ခုနှစ်အကုန်တွင် လီနင်သည် အလုပ်သမား ဘာဘုရှ်ကင်၏ ပူးတွဲဆောင်ရွက်မှုဖြင့် ဤကဲ့သို့သော လှုံ့ဆော်သည့် စာတမ်းတစောင် ပထမဆုံးရေးသားပြီး၊ စိန့်ပီတာစဘတ်ရှိ စိမ့်ယင်နီတော့ဗ်လုပ်ငန်းတွင်း သပိတ်မှောက်နေသည့် အလုပ်သမားများထံ မေတ္တာ ရပ်ခံချက်ပို့ပေးခဲ့ပါသည်။ ၁၈၉၅ ခုနှစ် ဆောင်းဦးတွင် လီနင်သည် ဘွန်တန်စက်ရုံရှိ သပိတ်မှောက်အမျိုး

သား၊ အမျိုးသမီးများအတွက် စာတမ်းတစောင်ရေးသားခဲ့သည်။ ဤစက်ရုံများ ကို အင်္ဂလိပ်လူမျိုးများ ပိုင်ဆိုင်ကြပြီး၊ ၎င်းတို့မှာ သန်းနှင့်ချီသော အမြတ်များ ရရှိနေပါသည်။ ဤစက်ရုံ များတွင် အလုပ်ချိန်မှာ ၁၄ နာရီကျော်ပြီး၊ ရက်ကန်းသမားတဦး၏ လစာမှာ တလတွင် ခုနစ်ရူဘယ်သာဖြစ်ပါသည်။ ဤအလုပ်သမားများက သပိတ်တွင်အနိုင်ရခဲ့ပါသည်။ တိုက်ပွဲအဖွဲ့ချုပ်သည် ကာလတိုအတွင်း ဤကဲ့သို့သော စာစောင်များနှင့် မေတ္တာရပ်ခံချက် အများအပြားပုံနှိပ်ပြီး၊ စက်ရုံအမျိုးမျိုးရှိ အလုပ်သမားများထံ ပေးပို့ခဲ့သည်။ စာစောင်တိုင်းက အလုပ်သမားများ၏ စိတ်ဓာတ်ကို များစွာ ခိုင်မာတိုးတက် တောင့်တင်းစေခဲ့သည်။ ၎င်းတို့က ဆိုရှယ်လစ်များသည် ၎င်းတို့ကို ကူညီ ကာကွယ်ပေးနေကြောင်း မြင်လာကြသည်။

၁၈၉၆ ခုနှစ် နွေရာသီတွင် အဝတ်အထည်စက်ရုံ လုပ်သား ၃၀,၀၀၀ ပါဝင်သည့် သပိတ်သည် တိုက်ပွဲအဖွဲ့ချုပ် ခေါင်းဆောင်မှုဖြင့် စိန့်ပီတာစဘတ်တွင် ပေါ်ပေါက်ခဲ့သည်။ အဓိကတောင်းဆိုချက်မှာ အလုပ်ချိန်လျှော့ရေးဖြစ်သည်။ ဤသပိတ်က ဇာဘုရင်အစိုးရကို ၁၈၉၇ ခု ဇွန် ၂၇ ရက်နေ့တွင် အလုပ်ချိန် ၁၁ နာရီခွဲ သတ်မှတ်သည့် ဥပဒေထုတ်ပြန်ရန် အတင်းတွန်းအားပေးခဲ့သည်။ ယခင်က အလုပ်ချိန်ကို မည်သည့်နည်းမျှ ကန့်သတ်ခြင်းမရှိချေ။

၁၈၉၅ ခုနှစ် ဒီဇင်ဘာတွင် လီနင်ကို ဇာဘုရင်အစိုးရက ဖမ်းဆီးလိုက်သည်။ ထောင်ထဲ နေရစဉ်မှာပင် လီနင်သည် သူ၏ တော်လှန်ရေးလုပ်ငန်းကို ရပ်နားခြင်းမပြုခဲ့ချေ။ သူသည် တိုက်ပွဲအဖွဲ့ ချုပ်ကို အကြံဉာဏ်များ၊ ညွှန်ကြားချက်များနှင့် ကူညီခဲ့ပြီး၊ ၎င်းတို့အတွက် စာစောင်၊ စာတမ်းများ ရေးသားခဲ့သည်။ ထိုနေရာမှ သူသည် "သပိတ်တိုက်ပွဲများ" ဟုခေါင်းစဉ်တပ်ထားသည့် စာအုပ်ငယ် တအုပ်ရေးသားပြီး "ဇာဘုရင်အစိုးရသို့" ဆိုသည့် ရက်စက်သည့် အာဏာရှင်စနစ်ဆိုးကို ဖွင့်ချသည့် စာတမ်းတစောင် ရေးသားခဲ့သည်။ ထိုအထဲတွင်လည်း လီနင်သည် ပါတီတရပ်၏လမ်းစဉ်ကို ရေးဆွဲခဲ့သည်။ (သူသည် နွားနို့ကို မမြင်နိုင်သည့်မင်အဖြစ် အသုံးပြုပြီး ဆေးစာတအုပ်၏ စာကြောင်း များအကြားတွင် ရေးသားခဲ့သည်။)

စိန့်ပီတာစဘတ် တိုက်ပွဲအဖွဲ့ချုပ်သည် ရုရှား၏ တခြားမြို့များနှင့်ဒေသများရှိ အလုပ်သမားအစုများကို ဤကဲ့သို့သော အဖွဲ့ချုပ်အဖြစ် စုစည်းလာစေရန် အင်အားကြီးမားစွာ ဂယက်ရိုက်လိုက်ပါသည်။ ကိုးဆယ်စုနှစ်များ အလယ်တွင် ထရန့်ကော့ကေးရှား၌ မာ့က်စ်ဝါဒီအဖွဲ့အစည်းများ ပေါ်ပေါက်လာပါသည်။ ၁၈၉၄ တွင် မော်စကို၌ အလုပ်သမားသမဂ္ဂ တည်ထောင်လိုက်သည်။ ကိုးဆယ်စုနှစ်ကုန်ပိုင်း၌ ဆိုက်ဘေးရီးယားတွင် ဆိုရှယ်ဒီမိုကရက်တစ်သမဂ္ဂ တည်ထောင်လိုက်သည်။ ကိုးဆယ်စုနှစ်များအတွင်း အိုက်ဗင်နိုဗို၊ ဗော်စ်နင်စင်စကီး၊ ရာရိုစလော့ဗ်နှင့် ကော့စတိုမာ၌ မာ့က်စ်ဝါဒီ အုပ်စုများ ပေါ်ထွက်လာပြီး၊ မကြာမီအတွင်း ဆိုရှယ်ဒီမိုကရက်တစ်ပါတီ၏ မြောက်ပိုင်းသမဂ္ဂအဖြစ် ပူးပေါင်းသွားကြသည်။ ကိုးဆယ်စုနှစ်၏ ဒုတိယတဝက်ကာလတွင် ရော့စ်တော့ဗ်–အွန်–ဒွန်၊ အီကေ တာရီနိုစလဗ်၊ ကိဗ်၊ နီကိုလာရက်ဗ်၊ တူးလ၊ ဆာမာရာ၊ ကာဇန်၊ အိုရက်ကိုဗို–ဇူရီဗိုနှင့် တခြားမြို့ များတွင် ဆိုရှယ်ဒီမိုကရက်တစ်အုပ်စုများနှင့် သမဂ္ဂများပေါ်ထွက်လာပါသည်။

စိန့်ပီတာစဘတ်တိုက်ပွဲအဖွဲ့ချုပ်၏ အရေးပါမှုမှာ လီနင်ပြောတဲ့အတိုင်း အလုပ်သမားလူတန်းစားလှုပ်ရှားမှု၏ ထောက်ခံမှုကိုရသည့် တော်လှန်သည့်ပါတီ၏ ပထမစစ်မှန်သော အခြေခံဖြစ်သည့် အချက်ပင်ဖြစ်ပါသည်။

လီနင်သည် သူ၏ နောက်တဆင့်လုပ်ငန်းဖြစ်သော ရုရှား၌ မာ့က်စ်ဝါဒ ဆိုရှယ်–ဒီမိုကရက် တစ်ပါတီ ထူထောင်ရေးအတွက် စိန့်ပီတာစဘတ်တိုက်ပွဲအဖွဲ့ချုပ်မှ တော်လှန်ရေးအတွေ့အကြုံများကို နိဂုံးချုပ်ခဲ့ပါသည်။

လီနင်နှင့် ၎င်း၏နီးစပ်သော အပေါင်းအဖော်များ အဖမ်းခံရပြီးနောက် စိန့်ပီတာစဘတ် တိုက်ပွဲအဖွဲ့ချုပ်ခေါင်းဆောင်မှုအတွင်း အတော်အသင့် ပြောင်းလဲသွားသည်။ ၎င်းတို့ကိုယ် ၎င်းတို့ "လူငယ်များ" ဟုခေါ်ဆိုပြီး၊ လီနင်နှင့် ၎င်းအပေါင်းအဖော်များကို "လူဟောင်းများ" ဟုခေါ်ဆိုသော လူသစ်များပေါ်ထွက်လာသည်။ ဤသူများသည် မှားယွင်းသည့် နိုင်ငံရေးလမ်းများကို လိုက်ခဲ့သည်။ ၎င်းတို့က အလုပ်သမားများကို ၎င်းတို့၏ အလုပ်ရှင်များကို စီးပွားရေးတိုက်ပွဲဆင်နွှဲရန်သာ လှုံ့ဆော်ပေးသင့်ပြီး၊ နိုင်ငံရေးတိုက်ပွဲမှာ လစ်ဘရယ်ဓနရှင်များ၏ အရေးကိစ္စသာဖြစ်ပြီး နိုင်ငံရေးတိုက်ပွဲ၏ ခေါင်းဆောင်မှုကို ထိုဓနရှင်များကသာ ယူသင့်သည်ဟု ကြေညာခဲ့ကြသည်။

ဤသူများကို "စီးပွားရေးဝါဒီ" များဟု ခေါ်ဆိုလာကြသည်။

၎င်းတို့သည် ရုရှားရှိ မာ့က်စ်ဝါဒ အဖွဲ့အစည်းများအတွင်း ပထမဆုံးပေါ်ပေါက်ခဲ့သည့် စေ့စပ်အလျှော့ပေးရေးသမားများနှင့် အချောင်သမားအုပ်စုများ ဖြစ်ကြသည်။

## ၄။ နာရောဒ်နစ်ဝါဒအား ဆန့်ကျင်တိုက်ခိုက်သည့် လီနင်၏တိုက်ပွဲနှင့် "တရားဝင်မာ့က်စ်ဝါဒ"၊ လီနင်၏ အလုပ်သမားလူတန်းစားနှင့် လယ်သမားထု မဟာမိတ်ဖွဲ့ရေးအတွေးအခေါ်၊ ရုရှားဆိုရှယ်–ဒီမိုကရက်အလုပ်သမားပါတီ၏ ပထမအကြိမ်ကွန်ဂရက်။

ရှစ်ဆယ်စုနှစ်များ အတွင်းကပင်လျှင် ပလက်ကနော့ဗ်သည် နာရောဒ်နစ်အမြင်စနစ်များကို အဓိက ထိုးနှက်တိုက်ဖျက်ခဲ့သော်လည်း ကိုးဆယ်စုနှစ်အစပိုင်းများအထိ နာရောဒ်နစ်အမြင်များကို တော်လှန်သည့် လူငယ်အချို့ အဝန်းအဝိုင်းက စာနာထောက်ခံလျက် ရှိနေပါသေးသည်။ တချို့ဆိုလျှင် ရုရှားသည် အရင်းရှင်တိုးတက်မှုလမ်းကို ရှောင်ရှားပြီး၊ တော်လှန်ရေး၏ အဓိကအခန်းကို ဦးဆောင်မည့်သူမှာ အလုပ်သမားလူတန်းစား မဟုတ်ဘဲ လယ်သမားထုသာ ဖြစ်ကြောင်း ဆိုသည့်အမြင်ကို ဆက်လက်စွဲကိုင်ထားပါသည်။ ကျန်ရှိနေသေးသည့် နာရောဒ်နစ်များကလည်း ရုရှား၌ မာ့က်စ်ဝါဒ ပြန့်ပွားမှုကို အစွမ်းကုန်တားဆီးခဲ့ပြီး၊ မာ့က်စ်ဝါဒီများနှင့် တိုက်ပွဲဝင်ကာ နည်းပေါင်းစုံသုံးပြီး ကြိုးစားအားထုတ်ကာ ဂုဏ်သိက္ခာကျဆင်းအောင် လုပ်ဆောင်နေကြသည်။ မာ့က်စ်ဝါဒ ဆက်လက်ပြန့်ပွားရန်နှင့် ဆိုရှယ်–ဒီမိုကရက်တစ်ပါတီ တည်ထောင်ရေးကို အာမခံဖို့ဆိုလျှင် နာရောဒ်နစ်ဝါဒကို အတွေးအခေါ်အရ အကုန်အစင် ချေမှုန်းပစ်ရပေလိမ့်မည်။

ဤတာဝန်ကို လီနင်က ထမ်းဆောင်ခဲ့ပါသည်။

"ပြည်သူများ၏ မိတ်ဆွေများ" ဆိုသူများမှာ အဘယ်နည်းနှင့် ၎င်းတို့က ဆိုရှယ်ဒီမိုကရက်များကို မည်ကဲ့သို တိုက်ခိုက်ခဲ့သည်၊ (၁၈၉၄) ဆိုသည့် ၎င်း၏စာအုပ်တွင် လီနင်က နာရောဒ်နစ် များ၏ တကယ့်လက္ခဏာကို သေချာကျနစွာ ဖော်ထုတ်ဖွင့်ချပြီး၊ ၎င်းတို့သည် တကယ်တော့ ပြည်သူ များကို ဆန့်ကျင်သည့် "ပြည်သူများ၏ မိတ်ဆွေ" အတုအယောင်များဖြစ်ကြောင်း ပြသခဲ့သည်။

အရင်းခံအားဖြင့် ကိုးဆယ်စုနှစ်များက နာရောဒ်နစ်များသည် ဇာဘုရင်အစိုးရကို ဆန့်ကျင်သည့် တော်လှန်ရေးတိုက်ပွဲအားလုံးကို စွန့်လွှတ်လိုက်သည်မှာ ကြာခဲ့ပေပြီ။ လစ်ဘရယ် နာရောဒ်နစ်များက ဇာဘုရင်နှင့် စေ့စပ်ပြေငြိမ်းရေးကို ဟောပြောနေခဲ့ကြသည်။ ထိုကာလက နာရောဒ်နစ်များကို ရည်စူးပြီး၊ လီနင်ရေးသားခဲ့သည်မှာ "သူတို့က ဒီအစိုးရကို ကောင်းကောင်း မွန်မွန်နှိမ့်နှိမ့်ချချနှင့် တောင်းပန်ပြောဆိုရုံနှင့် အရာရာတိုင်းဟာ အဆင်ပြေသွားနိုင်မယ်လို့ထင်ခဲ့ကြ သည်။" **(လီနင်ရေး "ပြည်သူများ၏ မိတ်ဆွေများ"ဆိုသူမှာအဘယ်နည်းနှင့် ၎င်းတို့က ဆိုရှယ်ဒီမိုကရက် များကို မည်ကဲ့သို့ တိုက်ခိုက်ခဲ့သည်။ အင်္ဂလိပ်ဘာသာ၊ မော်စကို ၊ ၁၉၄၆ ၊ နှာ–၁၅၇။ )**

ကိုးဆယ်စုနှစ်များအတွင်းက နာရောဒ်နစ်များသည် ဆင်းရဲလယ်သမားများ၏ အခြေအနေများကိုလည်းကောင်း၊ ကျေးလက်ရှိလူတန်းစားတိုက်ပွဲကိုလည်းကောင်း၊ ဆင်းရဲလယ်သမားများ အပေါ် ကူးလတ်များ၏ သွေးစုပ်မှုကိုလည်းကောင်း၊ မမြင်ကွယ်ရာပြုကာ ကူးလတ်စိုက်ပျိုးရေးဖြစ်ပေါ်တိုးတက်မှုကို ချီးမွမ်းထောမနာပြုနေကြပါသည်။ အမှန်အားဖြင့်တော့ ၎င်းတို့သည် ကူးလတ်တို့၏ အကျိုးစီးပွားကို ဖော်ထုတ်နေခြင်းသာဖြစ်သည်။ တချိန်တည်းမှာပင် နာရောဒ်နစ်များက ၎င်းတို့၏ စာစောင်ထဲတွင် မာ့က်စ်ဝါဒီများကို ဂျောက်တွန်းလျက်ရှိသည်။ ၎င်းတို့သည် ရုရှား မာ့က်စ်ဝါဒီများ၏ အမြင်များကို တမင်သက်သက်ပုံပန်းဖျက်ကာ အထင်မှားများဖြစ်အောင်လုပ်ပြီး၊ မာ့က်စ်ဝါဒီဆိုသူများမှာ ကျေးလက်ဒေသများကို ဖျက်ဆီးချင်ပြီး "လယ်သမားတိုင်းကို စက်ရုံအရည်ကျိုအိုးထဲထည့်" ချင်နေကြတယ်လို့ စွပ်စွဲပြောဆိုနေကြပါသည်။ လီနင်က နာရောဒ်နစ်များ၏ ဝေဖန်ချက် အမှား အယွင်းများကို ဖွင့်ချပြီး၊ ရုရှား၌ အရင်းရှင်စနစ် အမှန်စစ်စစ် ဖြစ်ပေါ်တိုးတက်နေမှုမှာ မာ့က်စ်ဝါဒီများ၏ "စိတ်ဆန္ဒနှင့် မသက်ဆိုင်ဘဲ၊ တကယ့်ဖြစ်ရပ်မှန်ဖြစ်ပြီး၊ ဤဖြစ်ပေါ်တိုးတက်မှုမှာ ပစ္စည်းမဲ့များ ကြီးထွားလာမှုနှင့် မလွဲမရှောင် တွဲဖက်ဖြစ်ပေါ်လာမှုပါနေကြောင်း ထောက်ပြခဲ့ပါသည်။ ၎င်းအပြင် ပစ္စည်းမဲ့များသည် အရင်းရှင်စနစ်ကို မြေမြှုပ်သင်္ဂြိုဟ်မည့်သူများလည်း ဖြစ်ပါသည်။

လီနင်က ပြည်သူများ၏ မိတ်ဆွေစစ်မှာ နာရောဒ်နစ်မဟုတ်ဘဲ မာ့က်စ်ဝါဒီများသာဖြစ်ပြီး၊ ဇာဘုရင်စနစ်ကို ဖျက်သိမ်းပြီး၊ အရင်းရှင်နှင့် မြေရှင်ထမ်းပိုးကို ဖယ်ရှားချင်သည့်သူများမှာ မာ့က်စ်ဝါဒီများသာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။

၎င်း၏စာအုပ် **"ပြည်သူများ၏မိတ်ဆွေများ" ဆိုသူများမှာ အဘယ်နည်း** တွင် လီနင်က ဇာဘုရင်စနစ်၊ မြေရှင်များနှင့် ဓနရှင်များကို ချေမှုန်းရာတွင် အလုပ်သမား၊ လယ်သမား၊ တော်လှန်ရေး မဟာမိတ်ပြုခြင်းကို အဓိကနည်းနာ အဖြစ်ထားရန် အကြံဉာဏ်ကို ပထမဦးဆုံး အကြိမ်အဖြစ် တင်ပြလိုက်ပါသည်။

ဤကာလအတွင်းက ၎င်း၏ရေးသားချက်အချို့၌ လီနင်က နာရောဒ်နစ်အုပ်စု၊ "နာရောဒ်နာရာ ဗော်လရာ"နှင့် နောက်ပိုင်း နာရောဒ်နစ်များကို အမွေဆက်ခံသူများ ဆိုရှယ်လစ်တော်လှန် ရေးသမားများ ကျင့်သုံးကိုင်စွဲသည့် နိုင်ငံရေးတိုက်ပွဲသဏ္ဍာန်များ၊ အထူးသဖြင့် တဦးချင်းအကြမ်းဖက်ဝါဒကိုဝေဖန်ခဲ့သည်။ လီနင်က ဤနည်းနာများသည် လူထုတိုက်ပွဲကို တဦးချင်းသူရဲကောင်းများ၏ တိုက်ပွဲနှင့် အစားထိုးသဖြင့် တော်လှန်ရေးလှုပ်ရှားမှုအတွက် အန္တရာယ်ရှိသည်ဟု ယူဆသည်။ ၎င်းတို့က ပြည်သူလူထု၏ တော်လှန်ရေးလှုပ်ရှားမှုအပေါ် အယုံအကြည်ကင်းမဲ့ကြောင်း ဖော်ပြနေပေသည်။

“ပြည်သူများ၏မိတ်ဆွေများ”ဆိုသူများမှာ အဘယ်နည်း ဆိုသည့်စာအုပ်၌ လီနင်က ရုရှား မာ့က်စ်ဝါဒီများ၏ အဓိက တာဝန်ဝတ္တရားများကို ရေးသားဖော်ပြထားပါသည်။ သူ၏အမြင်တွင် ရုရှား မာ့က်စ်ဝါဒီများ၏ ပထမတာဝန်မှာ တကွဲတပြားဖြစ်နေသော မာ့က်စ်ဝါဒအစုများကို တစုတစည်း တည်းသော ဆိုရှယ်လစ်အလုပ်သမားပါတီတရပ် အဖြစ်သို့ ပေါင်းစပ်စုရုံးပေးရေးဖြစ်သည်။ သူက ဆက်လက် ထောက်ပြရာမှာ ဇာဘုရင်အုပ်စိုးမှုကို ဖျက်သိမ်းမည့်သူမှာ လယ်သမားနှင့်မဟာမိတ် ဖွဲ့ပြီးသည့် အလုပ်သမားလူတန်းစားသာဖြစ်ပြီး၊ ၎င်းနောက် ရုရှားပစ္စည်းမဲ့များသည် အလုပ်သမား နှင့် သွေးစုပ်ခံရသူ ပြည်သူများနှင့် မဟာမိတ်ဖွဲ့ကာ တခြားနိုင်ငံများမှ ပစ္စည်းမဲ့များနှင့်အတူ အောင်ပွဲ ခံမည့် ကွန်မြူနစ် တော်လှန်ရေး အတွက် ပြောင်နိုင်ငံရေးတိုက်ပွဲလမ်းကြောင်းကို တည့်တည့်မတ်မတ် ချီတက်ပါလိမ့်မည်။

ဤနည်းဖြင့် လွန်ခဲ့သည့် အနှစ်လေးဆယ်ခန့်ကပင် လီနင်သည် အလုပ်သမားလူတန်းစားကို ၎င်းလျှောက်ရမည့် တိုက်ပွဲလမ်းကြောင်းကို ထောက်ပြခဲ့ကာ၊ ၎င်း၏လူ့အဖွဲ့အစည်းအတွင်းက ရှေ့တန်း အရောက်ဆုံး တော်လှန်ရေးအင်အားစုအခန်းကို သတ်မှတ်ခဲ့ပြီး၊ လယ်သမားထုကိုလည်း အလုပ်သမားလူတန်းစား၏ မဟာမိတ်အဖြစ် သတ်မှတ်ခဲ့ပါသည်။

လီနင်နှင့် ၎င်း၏နောက်လိုက်များက နာရောဒ်နစ်များအပေါ် ဆန့်ကျင်တိုက်ပွဲဝင်ခဲ့မှုများ ကြောင့် ကိုးဆယ်စုနှစ်များအတွင်းမှာပင် ၎င်းတို့သည် အတွေးအခေါ်အရ လုံးဝရှုံးနိမ့်သွားရပါ တော့ သည်။

တခြားကြီးမားသည့် ထူးခြားချက်တခုမှာလည်း “တရားဝင်မာ့က်စ်ဝါဒီများ”အပေါ် လီနင် ဆင်နွှဲသည့်တိုက်ပွဲ ဖြစ်ပါသည်။ သမိုင်း၏ကြီးမားသော လူမှုရေးလှုပ်ရှားမှုများအတွင်း ယာယီ “လှေကြုံ စီးသူများ” ပါဝင်လာလေ့ရှိတတ်ပါသည်။ “တရားဝင်မာ့က်စ်ဝါဒီများ”ဟု အခေါ်ခံ ရသူများမှာ ဤကဲ့သို့သော လှေကြုံစီးသူများ ဖြစ်ကြပါသည်။ မာ့က်စ်ဝါဒသည် ရုရှားတပြည်လုံးအနှံ့အပြား စတင်ပျံ့နှံ့လျက်ရှိနေပါသည်။ ထို့ကြောင့် ဓနရှင်ပညာတတ်များသည် မာ့က်စ်ဝါဒဝတ်ရုံ ဆင်မြန်း ဝတ်ဆင်လာကြသည်ကို ကျွန်တော်တို့ တွေ့လာရပါသည်။ ဇာဘုရင်အစိုးရ၏ခွင့်ပြုချက်နှင့် တရားဝင် ထုတ်ဝေခွင့်ရသော သတင်းစာများနှင့် စာစောင်များတွင် ၎င်းတို့၏ ဆောင်းပါးများကို ပုံနှိပ်ထုတ်ဝေ ခဲ့သည်။ ထို့ကြောင့် ၎င်းတို့ကို “တရားဝင်မာ့က်စ်ဝါဒီများ” ဟုခေါ်ဆိုခြင်းဖြစ်သည်။

သူတို့သည်လည်း သူတို့ကိုယ်ပိုင်ဟန်နှင့် နာရောဒ်နစ်များကို တိုက်ခိုက်ကြသည်။ သို့သော် လည်း ၎င်းတို့သည် ဤတိုက်ပွဲနှင့် မာ့က်စ်ဝါဒအလံကို အသုံးပြုပြီး၊ အလုပ်သမားလူတန်းစား လှုပ် ရှားမှုကို ဓနရှင်အဖွဲ့အစည်း အကျိုးစီးပွား၊ ဓနရှင်တို့၏ အကျိုးစီးပွား၏ လက်အောက်ခံဖြစ်စေပြီး၊ သင့်လျော်အသုံးတဲ့သွားအောင် ကြိုးစားကြသည်။ ၎င်းတို့သည် မာ့က်စ်ဝါဒ၏ ဗဟို အနှစ်ဖြစ်သည့် ပစ္စည်းမဲ့တော်လှန်ရေးနှင့် ပစ္စည်းမဲ့အာဏာရှင် သဘောတရားကို ဖြတ်တောက်ထားပါသည်။ ထင်ရှား သည့်တရားဝင် မာ့က်စ်ဝါဒီတဦးဖြစ်သူ ပီတာစထရူးဗ် (Peter Struve) သည် ဓနရှင်များကို အလွန် အမင်း ချီးကျူးပြီး၊ အရင်းရှင်စနစ်ကို ဖျက်သိမ်းရန် တော်လှန်ရေးတိုက်ပွဲဆင်ရန် လှုံ့ဆော်ရမည့် အစား၊ “ကျွန်တော်တို့သည် မိမိတို့၏ အတတ်ပညာ ယဉ်ကျေးမှုချို့တဲ့မှုကို လက်ခံအသိမှတ်ပြုပြီး သင်ကြား လေ့လာရန် အရင်းရှင်စနစ်သို့သွားရမည်”ဟုတိုက်တွန်းခဲ့သည်။

နာရောဒ်နစ်များကို တိုက်ပွဲဆင်ရာတွင် လီနင်က "တရားဝင် မာ့က်စ်ဝါဒီများကို အသုံးချရန် အတွက် ၎င်းတို့နှင့် ယာယီသဘောတူညီချက်၊ ဥပမာ နာရောဒ်နစ် ဆန့်ကျင်ထားသည့် ဆောင်ပါးများ ပေါင်းချုပ်ပြီး၊ ပူးတွဲထုတ်ဝေခြင်း စတာများပြုလုပ်နိုင်သည်ဟု ယူဆသည်။ သို့သော်လည်း တချိန် တည်းမှာပင် လီနင်သည် "တရားဝင် မာ့က်စ်ဝါဒီများ" အပေါ် ဝေဖန်ရေးကို နောက်မတွန့်ပဲ ၎င်းတို့၏ လစ်ဘရယ်ဓနရှင်သဏ္ဍာန်ကို ဖော်ထုတ်ဖွင့်ချပါသည်။

ဤလှေကြုံစီးသူ အများအပြားသည် နောင်တွင် ကွန်စတီကျူးရှင်းနယ်လ် ဒီမိုကရက်များ (Constitutional Democrats) ဖြစ်သွားကြသည်။ (၎င်းသည် ရုရှားဓနရှင်များ၏ အဓိကပါတီဖြစ် သည်။) ပြည်းတွင်းစစ်အတွင်းမှာတော့ တပ်ဖြူများ လုံးလုံးလျားလျား ဖြစ်သွားပါတော့သည်။

စိန့်ပီတာစဘတ်၊ မော်စကို၊ ကိဗ်နှင့် အခြားနေရာများရှိ တိုက်ပွဲအဖွဲ့ချုပ်များနှင့်အတူ ရုရှား၏ အနောက်ဘက်လူမျိုးများ နယ်စပ်ဒေသများတွင်လည်း ဆိုရှယ်ဒီမိုကရက်အဖွဲ့အစည်းများ ပေါ်ထွက် လာပါသည်။ ကိုးဆယ်ခုနှစ်များအတွင်း ပိုလန်အမျိုးသားပါတီမှ မာ့က်စ်ဝါဒ အစိတ်အပိုင်းများ ခွဲထွက် လာပြီး၊ ပိုလန်နှင့်လစ်သူနီးယား၏ ဆိုရှယ်ဒီမိုကရက်ပါတီကို ဖွဲ့စည်းကြသည်။ ကိုးဆယ်ခုနှစ် အကုန် တွင် လတ်ဗီးယန်း ဆိုရှယ်ဒီမိုကရက်အဖွဲ့အစည်း ပေါ်ပေါက်ခဲ့ပြီး၊ ၁၈၉၇ ခုနှစ် အောက်တိုဘာတွင် ဘန်း (Bund) ဟုကျော်ကြားခဲ့သည့် ဂျူး အထွေထွေဆိုရှယ်ဒီမိုကရေစီသမဂ္ဂကို ရုရှား အနောက် ပြည်နယ်များ၌ ထူထောင်လိုက်ပါသည်။

၁၈၉၈ ခုနှစ်တွင် စိန့်ပီတာစဘတ်၊ မော်စကို၊ ကိဗ်၊ အီကာတာရီနိုစလပ်ဖ်ရှိ တိုက်ပွဲအဖွဲ့ချုပ် အများအပြားသည် ဘန်းနှင့်အတူ ပူးပေါင်းပြီး ဆိုရှယ်ဒီမိုကရက်ပါတီတရပ်အဖြစ် စုစည်းထူထောင်ရန် ပထမဦးဆုံးအကြိမ် ကြိုးပမ်းခဲ့ကြပါသည်။ ဤရည်ရွယ်ချက်ဖြင့် ၁၈၉၈ ခုနှစ်၊ မတ်လ မင့်န်စ်တွင် ရုရှားဆိုရှယ်ဒီမိုကရက် အလုပ်သမားပါတီ (R.S.D.L.P) ပထမအကြိမ်ကွန်ဂရက်ကို ဆင့်ခေါ်ကျင်းပ ခဲ့ကြပါသည်။

R.S.D.L.P ၏ကွန်ဂရက်တွင် ကိုးဦးသာတက်ရောက်ခဲ့ပါသည်။ လီနင်မှာ ထိုအချိန်က ဆိုက် ဗေးရီးယားတွင် ပြည်နှင်ဒဏ်ခံနေရသဖြင့် မတက်ရောက်နိုင်ခဲ့ပါ။ ကွန်ဂရက်က ရွေးချယ်တင်မြှောက် လိုက်သည့် ပါတီဗဟိုကော်မတီမှာ မကြာမီမှာပင် အဖမ်းခံလိုက်ရသည်။ ကွန်ဂရက် အမည်အောက် တွင်ထုတ်ဝေခဲ့သည့် ကြေညာစာတမ်းတွင် ဘက်အတော်များများ၌ ကျေနပ်အားရစရာမရှိလှပါ၊ ၎င်း တွင် ပစ္စည်းမဲ့များ၏ နိုင်ငံရေးအာဏာ အောင်ပွဲခံမှုပြဿနာကို ဝေ့လည်ကြောင်ပတ် လုပ်ထားပြီး၊ ပစ္စည်းမဲ့များ၏ လွှမ်းမိုးခေါင်းဆောင်မှု အကြောင်းကိုလည်း ဖော်ပြထားခြင်းမရှိဘဲ၊ ပစ္စည်းမဲ့များ အနေနှင့် ဇာဘုရင်စနစ်နှင့် ဓနရှင်များကို တိုက်ပွဲဝင်ရာတွင် မဟာမိတ်များအကြောင်းကိုလည်း ဘာမှ ပြောမထားပါ။

၎င်းတို့၏ဆုံးဖြတ်ချက်များနှင့် ကြေညာစာတမ်းတွင် ကွန်ဂရက်က R.S.D.L.P ဖွဲ့စည်းလိုက် ကြောင်းကြေညာလိုက်သည်။ ကြီးမားသည့်တော်လှန်ရေးဝါဒ ဖြန့်ချိချက်တရပ် ဖြစ်သွားခဲ့သည်။ ဤစည်းကမ်းနှင့်အညီ စနစ်တကျလုပ်ဆောင်ချက်သည် R.S.D.L.P ပထမကွန်ဂရက်၏ ထူးခြားချက် ဖြစ်သွားပါတော့သည်။

ပထမကွန်ဂရက်ကို ကျင်းပခဲ့သော်လည်း တကယ်စင်စစ်မှာတော့ ရုရှား၌ မာ့က်စ်ဝါဒီဆိုရှယ်ဒီမို ကရက်ပါတီ မထူထောင်နိုင်သေးပါ။ ကွန်ဂရက်သည် တကွဲတပြားဖြစ်နေသည့် မာ့က်စ်ဝါဒအစုများနှင့်

အဖွဲ့အစည်းများ စုစည်းပြီး၊ စည်းရုံးရေးအရ တစုတစည်းတည်း စုစည်းပေါင်းစပ်ရေးကို မလုပ်ဆောင်နိုင်ခဲ့ပါ။ ဒေသအဖွဲ့အစည်းလုပ်ငန်းများအတွက် တူညီသည့် လုပ်ငန်းစဉ်များမရှိသေးဘဲ ပါတီလမ်းစဉ် ပါတီစည်းကမ်းနှင့် တခုတည်းသော ခေါင်းဆောင်ဗဟိုတို့လည်း မရှိခဲ့သေးပါ။

ဒီအကြောင်းကြောင့်ရော၊ အခြားအကြောင်းများကြောင့်ရော ဒေသအဖွဲ့အစည်းများတွင် အတွေးအခေါ်ရှုပ်ထွေးမှုများ စတင်တိုးပွားလာပြီး၊ ဤအခြေအနေက အလုပ်သမားလူတန်းစား လှုပ်ရှားမှုအတွင်း "စီပွားရေးဝါဒ" ဆိုသည့် အချောင်လမ်းစဉ် ဖြစ်ပေါ်လာရေးအတွက် ကောင်းမွန်သည့် ရေခံမြေခံကို ဖြစ်ပေါ်စေခဲ့ပါသည်။

လီနင်နှင့် သူတည်ထောင်ခဲ့သော သတင်းစာ "အစ္စကရာ" (မီးပွား) တို့အနေနှင် ဤရှုပ်ထွေးမှုကို ကျော်နင်းပြီး၊ အချောင်ဝါဒယိမ်းယိုင်မှုများကို အဆုံးတိုင်ဖြစ်ကာ R.S.D.L.P တည်ထောင်ရေးအတွက် ပြင်ဆင်ရန် နှစ်အတော်ကြာ လုံးပန်းအားထုတ်ခဲ့ရပါသည်။

## ၅။ "စီးပွားရေးဝါဒ"အား ဆန့်ကျင်တိုက်ခိုက်သည့် လီနင်၏တိုက်ပွဲ။ လီနင်၏ သတင်းစာ "အစ္စကရာ"ပေါ်ပေါက်လာခြင်း။

R.S.D.L.P ၏ ပထမကွန်ဂရက်ကို လီနင် မတက်ရောက်ခဲ့ပါ။ ထိုအချိန်က သူသည် ဆိုက်ဗေးရီးယားရှိ ရှုရှန်စကိုးယေးရွာ၌ ပြည်နှင်ဒဏ်ခံနေရပါသည်။ တိုက်ပွဲအဖွဲ့ချုပ် တရားစွဲဆိုခံရသည်နှင့် ဆက်စပ်ပြီး သူ့ကို နှစ်အတော်ကြာ စိန့်ပီတာစဘတ်၌ ထောင်ချထားပြီးနောက် ဇာဘုရင်အစိုးရက နယ်နှင်ထားခြင်းဖြစ်သည်။

သို့သော်လည်း လီနင်သည် ပြည်နှင်ဒဏ်ခံရနေစဉ်မှာပင် ၎င်း၏ တော်လှန်ရေးဆောင်ရွက်ချက်များကို ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ သူသည် ထိုမှာပင် အလွန်အရေးကြီးလှသည့် သိပ္ပံနည်းကျ ကျမ်းတစောင်ဖြစ်သော "ရုရှား၌အရင်းရှင်စနစ် ဖြစ်ပေါ်တိုးတက်မှု" ကိုရေးသားပြီး၊ နာရောဒ်နစ်ဝါဒကို အတွေးအခေါ်အရ အပြီးအတိုင် တိုက်ဖျက်လိုက်သည်။ ထိုအရပ်မှာပင် သူ၏ ကျော်ကြားသောစာတမ်း "ရုရှားဆိုရှယ်ဒီမိုကရက်များ၏ တာဝန်များ"ကိုလည်း ရေးသားခဲ့သည်။

လီနင်သည် တိုက်ရိုက် လက်တွေ့တော်လှန်ရေးလုပ်ငန်းများမှ ဖြတ်တောက်ထားခြင်းခံရသော်လည်း ဘယ်လိုပဲဖြစ်ဖြစ်၊ ဤလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်နေသူများနှင့် အဆက်အသွယ်ရအောင်လုပ်ယူကာ၊ ၎င်းတို့နှင့် စာအဆက်အသွယ်ပြုလုပ်ကာ အချက်အလက် အကြောင်းအရာများကို ရယူပြီး၊ ၎င်းတို့ကို အကြံဉာဏ်များပေးပါသည်။ ထိုအချိန်က လီနင်သည် "စီးပွားရေးဝါဒ"နှင့် ပတ်သက်ပြီး အလွန်အမင်း စိတ်စောလျက်ရှိပါသည်။ "စီးပွားရေးဝါဒ" သည် စေ့စပ်ရေးနှင့် အချောင်ဝါဒတို့၏ အဓိကအမြုတေဖြစ်ပြီး၊ အလုပ်သမားလူတန်းစား လှုပ်ရှားမှုအတွင်း "စီးပွားရေးဝါဒ"သာ အပေါ်စီးရသွားပါက ပစ္စည်းမဲ့များ၏ တော်လှန်ရေးလှုပ်ရှားမှုကို ထိခိုက်နစ်နာစေမှာဖြစ်ပြီး၊ မာ့က်ဝါဒကို ရှုံးနိမ့်စေလိမ့်မည်ဆိုသည်ကို လီနင်သည် မည်သူထက်မဆို ပို၍နားလည် သဘောပေါက်ထား ပါသည်။

ထို့ကြောင့် လီနင်သည် "စီးပွားရေးဝါဒီ"များ ပေါ်ထွက်လာသည်နှင့် တပြိုင်နက် အင်တိုက်အားတိုက် စတင်တိုက်ခိုက်ပါတော့သည်။။

“စီးပွားရေးဝါဒီ”များက အလုပ်သမားများသည် စီးပွားရေးတိုက်ပွဲကိုသာ ဆင်နွှဲသင့်ပြီး၊ နိုင်ငံရေးတိုက်ပွဲကို လစ်ဘရယ်ဓနရှင်များက ဆင်နွှဲရမှာဖြစ်ပြီး၊ ၎င်းတို့ကို အလုပ်သမားများက ထောက်ခံအားပေးရမည်ဟု ဆိုပါသည်။ လီနင်၏ အမြင်တွင် ဤယူဆချက်သည် မာ့က်စ်ဝါဒကို စွန့်ပယ်ပစ်ပြီး၊ အလုပ်သမားလူတန်းစား၏ လွတ်လပ်သော နိုင်ငံရေးပါတီတရပ် လိုအပ်မှုကိုငြင်း ပယ်ပြီး၊ အလုပ်သမားလူတန်းစားကို ဓနရှင်များ၏ နိုင်ငံရေးအဆွယ်အပွားအဖြစ် ကူးပြောင်းသွား အောင် ကြိုးပမ်းခြင်းမျှသာဟုမြင်သည်။

၁၈၉၉ ခုနှစ်တွင် “စီးပွားရေးဝါဒီ” တစု (နောင်တွင် ကွန်စတီကျူးရှင်နယ်ဒီမိုကရက်များ ဖြစ်သွားသည့် ပရိုကိုပိုဗစ်ချ် (Prokopovich) ကော့စကိုဗာ (Kuskova) နှင့် အခြားလူများ) က ကြေညာချက် တစောင်ထုတ်ပြန်ပြီး၊ ထိုအထဲတွင် တော်လှန်သည့်မာ့က်စ်ဝါဒကိုဆန့်ကျင်ကာ ပစ္စည်းမဲ့များ၏ လွတ်လပ်သော နိုင်ငံရေးပါတီတရပ်နှင့် အလုပ်သမားလူတန်းစား၏ လွတ်လပ်သော နိုင်ငံရေး တောင်းဆိုချက်များဆိုသည့် အတွေးအခေါ်များ စွန့်လွှတ်ရန်တိုက်တွန်းထားသည်။ “စီးပွားရေး ဝါဒီများ”က နိုင်ငံရေးတိုက်ပွဲဆိုသည်မှာ လစ်ဘရယ်ဓနရှင်များ၏ ကိစ္စသာဖြစ်ပြီး၊ အလုပ်သမား များအတွက်မှာမူ အလုပ်ရှင်များကို ဆန့်ကျင်သည့် စီးပွားရေးတိုက်ပွဲနှင့် လုံလောက်သည်ဟူသော အမြင်ကို ကိုင်စွဲထားကြသည်။

ဤအချောင်သမားများ၏ စာတမ်းကို လီနင်က ကောင်းကောင်း လေ့လာဖတ်ရှုပြီးနောက် အနီးအပါး၌နေထိုင်ကြသော မာ့က်စ်ဝါဒီ နိုင်ငံရေးနယ်နှင်ခံရသူများကို အစည်းအဝေး ခေါ်ဆိုလိုက်ပါသည်။ ဆယ့်ခုနှစ်ယောက် တွေ့ဆုံဆွေးနွေးပြီး၊ လီနင်က ဦးဆောင်ကာ “စီးပွားရေးဝါဒီ” များ၏အမြင်ကို ရှုတ်ချသည့် ထက်မြက်ပြောင်မြောက်လှသော ကန့်ကွက်လွှာကို ထုတ်ဝေလိုက်ပါသည်။

လီနင်ရေးသားသည့် ဤကန့်ကွက်လွှာသည် တတိုင်းပြည်လုံးရှိ မာ့က်စ်ဝါဒီအဖွဲ့အစည်းများ အတွင်းပျံ့နှံ့သွားပြီး မာ့က်ဝါဒ အတွေးအခေါ်များနှင့် မာ့က်စ်ဝါဒပါတီတရပ် ဖြစ်ပေါ်တိုးတက်မှု အတွက် ထင်ရှားသည့်အခန်းမှ ပါဝင်ခဲ့ပါသည်။ ရုရှား “စီးပွါးရေးဝါဒီများ”သည် နိုင်ငံခြားရှိ ဆိုရှယ် ဒီမိုကရက်ပါတီများအတွင်းမှ မာ့က်စ်ဝါဒကို ဆန့်ကျင်သည့် အချောင်သမား ဘန်းစတိန်း နောက်လိုက်များနှင့် တူညီသည့်အမြင်များကို ထောက်ခံပြောဆိုခဲ့ကြသည်။ ထို့ကြောင့် လီနင်၏ “စီးပွားရေး ဝါဒီများ”ကို ဆန့်ကျင်တိုက်ပွဲဆင်မှုသည် နိုင်ငံတကာ အဝန်းအဝိုင်းအတွင်းက အချောင်ဝါဒကိုလည်း တချိန်တည်းတွင် တိုက်ပွဲဆင်လိုက်ပါသည်။ လီနင်တည်ထောင်သည့် တရားမဝင်သတင်းစာ “အစ္စကရာ” သည် “စီးပွားရေးဝါဒီများ” ကိုတိုက်ခိုက်သည့်တိုက်ပွဲနှင့် ပစ္စည်းမဲ့များ၏ လွတ်လပ်သော နိုင်ငံရေးပါတီတရပ် ထူထောင်ရေးတိုက်ပွဲတို့ကို အဓိက ဆင်နွှဲခဲ့သူဖြစ်ပါသည်။

လီနင်နှင့် တခြားတိုက်ပွဲအဖွဲ့ချုပ်ဝင်များသည် ၁၉၀၀ ခုနှစ် အစပိုင်းတွင် နယ်နှင်ခံထားရသည့် သို့သော် ဤကဲ့သို့သော သတင်းစာမျိုးကို ပုလိပ်တို့၏ညှဉ်းပန်းနှိပ်စက်မှုကြောင့် ဇာဘုရင်ရုရှား၌ ပုံနှိပ်ထုတ်ဝေခြင်း မပြုနိုင်ပါ။ အလွန်ဆုံး တလနှစ်လအတွင်း ဇာဘုရင်စုံထောက်ခွေးများ အနံ့ခံရသွားနိုင်ပြီး ချေမှုန်းခံရပေမည်။ ထို့ကြောင့် လီနင်က သတင်းစာကို နိုင်ငံခြားမှ ရိုက်နှိပ်ထုတ်ဝေရန် ဆုံးဖြတ်ခဲ့သည်။ ထိုအရပ်တွင် သတင်းစာကို ပါးလွှာပြီး ကြာရှည်ခံသည့် စက္ကူပေါ်တွင်ရိုက်နှိပ်ကာ ရုရှားအတွင်းသို့ လျှို့ဝှက်စွာခိုးသွင်းခဲ့ပါသည်။ “အစ္စကရာ” စာစောင်များကို ရုရှားပြည်တွင်းတွင်

ပြန်လည်ရိုက်နှိပ်ခဲ့ပြီး ဘာကူး၊ ကရိုနက်ဗ်နှင့် ဆိုက်ဗေးရီးယားရှိ လျှို့ဝှက်ပုံနှိပ်ဌာနများတွင် ရိုက်နှိပ်ခဲ့သည်။

၁၉၀၀ ခုနှစ်၊ ဆောင်းဦး၌ လီနင်တို့သည် နိုင်ငံခြားသို့သွားရောက်ကာ ရုရှားတပြည်လုံးဖြန့်ချိမည့် နိုင်ငံရေးသတင်းစာထုတ်ဝေရေး အတွက် "လုပ်အားလွတ်မြောက်ရေးအဖွဲ့"မှ ရဲဘော်များနှင့် အစီအစဉ်များ ပြုလုပ်ကြပါသည်။ ထိုအကြံဉာဏ်နှင့် အသေးစိတ်အားလုံးကို လီနင်သည် ပြည်နှင်ဒဏ်ခံနေရစဉ် ကာလကတည်းက ရေးဆွဲထားခဲ့ပါသည်။ ပြည်နှင်ဒဏ်မှပြန်လာသည့် လမ်းတလျှောက်၌ အူဖား၊ ပစ်ကော့ဗ်၊ မော်စကိုနှင့် စိန့်ပီတာစဘတ်တို့၌ ဤပြဿနာအပေါ် အစည်းအဝေးများ ခေါ်ဆိုကျင်းပခဲ့ပါသည်။ နေရာတိုင်း၌ ရဲဘော်များနှင့် လျှို့ဝှက်ဆက်သွယ်ရေးအတွက် စကားဝှက်များ၊ စာစောင်များပို့ပေးရမည့်လိပ်စာနှင့်ပတ်သက်ပြီး စီစဉ်ကာ၊ ၎င်းတို့နှင့်အတူ အနာဂတ် တိုက်ပွဲအတွက် စီမံကိန်းများကို ဆွေးနွေးတိုင်ပင်ခဲ့သည်။

ဇာဘုရင်အစိုးရက လီနင်ကို အန္တရာယ်အကြီးဆုံးရန်သူအဖြစ် အနံ့ခံမိသည်။ ဇာဘုရင့်အိုကရာနာ[၂]မှ ရဲအရာရှိတဦးဖြစ်သူ ဇူဘာတော့ဗ် (Zubatov) က လျှို့ဝှက်အစီရင်ခံစာတွင် "ယနေ့တော်လှန်ရေးတွင် အူလ်ရာနော့ဗ် (လီနင်)ထက် ကြီးကျယ်သူ မည်သူမျှမရှိ" ဆိုသည့်အမြင်ကို ဖော်ပြပြီး၊ ထိုအမြင်ကြောင့်ပင် လီနင်အား လုပ်ကြံရန် သင့်တော်ပေသည်ဟု သူကယူဆသည်။

နိုင်ငံခြား၌ လီနင်သည်"လုပ်အားလွတ်မြောက်ရေး" အဖွဲ့ဖြစ်သည့် ပလက်ကနော့ဗ်၊ အာဇာလရော့ဒ်နှင့် ဗီ–ဇာစူလစ်ချ်တို့နှင့် "အစ္စကရာ" ကို ပူးတွဲဦးစီးမှုဖြင့် ထုတ်ဝေရန် ပြင်ဆင်သဘောတူပြီးဖြစ်ကြပါသည်။ ပုံနှိပ်ထုတ်ဝေရေး အစီအစဉ်တခုလုံး အစမှ အဆုံးထိ လီနင်က ရေးဆွဲ လုပ်ဆောင်ခဲ့ရပါသည်။ ၁၉၀၀ ခုနှစ် ဒီဇင်ဘာလ၌ "အစ္စကရာ"ပထမစာစောင်ကို နိုင်ငံခြား၌ ထုတ်ဝေလိုက်သည်။ မျက်နှာဖုံးစာရွက်တွင် "မီးပွားကလေးမှ မီးတောက်ကြီးသို့" ဆိုသည့်ကမ္ပည်းစာပါသည့် ဤစကားလုံးများကို ဒီဇင်ဘာရဲဘော်များ[၃]က ၎င်းတို့ ဆိုက်ဗေးရီးယား၌ နယ်နှင် ခံနေရစဉ် အားပေးနှုတ်ဆက် စကားပို့ပေးသော ကဗျာဆရာကြီး ပွတ်ရှ်ကင် (Pushkin) သို့ ပြန်ကြားပေးပို့သည့်စာမှ ထုတ်နုတ်ယူထားခြင်းဖြစ်ပါသည်။

နောက်ပြီး တကယ်ပဲ လီနင် စရှို့ခဲ့သည့် မီးပွားကလေး (အစ္စကရာ) မှာ နောင်တွင် ကြီးမားသည့် တော်လှန်ရေး မီးတောက်မီးလျှံများဖြစ်လာကာ ၎င်းတို့က ဇာဘုရင်၏ မြေရှင်မင်းမျိုးမင်းနွယ် သက်ဦးဆံပိုင်စနစ်နှင့် ဓနရှင်အာဏာကို လောင်ကျွမ်းပြာကျစေခဲ့ပါသည်။

---

*၂ ။ အိုကရာနာ– ဇာဘုရင့် ရုရှားရှိ လျှို့ဝှက်နိုင်ငံရေးပုလိပ်ဌာန၊ တော်လှန်ရေးလှုပ်ရှားမှုများကိုဖြိုခွင်းရန် တည်ထောင်ထားသည်။ (ဘာသာပြန်သူ)*

*၃။ ဒီဇင်ဘာရဲဘော်များ "Decembrists" သက်ဦးဆံပိုင်အုပ်ချုပ်မှုနှင့် ကျေးကျွန်စနစ်ကိုဆန့်ကျင်သည့် မှူးမျိုးမတ်မျိုး တော်လှန်ရေးသမားများ။ ၁၈၂၅ ဒီဇင်ဘာတွင် သူတို့သည် မအောင်မြင်သောတော်လှန်ရေးကို ဆင်နွှဲခဲ့သည်။ (ဘာသာပြန်သူ)*

## အကျဉ်းချုပ်

မှားယွင်းပြီး တော်လှန်ရေးအရေးတော်ပုံအတွက် အန္တရာယ်ဖြစ်စေနိုင်သော နာရောဒ်နစ်ဝါဒနှင့် အမြင်များကို ပထမအဆင့်အနေနဲ့တိုက်ပွဲဆင်နွဲစဉ်၊ ရုရှား၌ မာ့က်စ်ဝါဒ၊ ဆိုရှယ်ဒီမိုကရက် အလုပ်သမားပါတီကို တည်ထောင်ခဲ့ကြပါသည်။

နာရောဒ်နစ်များ၏ အမြင်ကို အတွေးအခေါ်ရေးရာအရ ချေမှုန်းနိုင်မှသာလျှင် ရုရှား၌ မာ့က်စ်ဝါဒ အလုပ်သမားပါတီအတွက် လမ်းပွင့်နိုင်ပေမည်။ ရှစ်ဆယ်စုနှစ်များအတွင်း ပလက်ကနော့ဗ်နှင့် သူ၏ "လုပ်အားလွတ်မြောက်ရေးအဖွဲ့"က အပြတ်အသတ် ထိုးနှက်လိုက်သည်။

လီနင်က နာရောဒ်နစ်ဝါဒ အတွေးအခေါ် ရှုံးနိမ့်မှုကို ပြည့်ဝကုန်စင်စေပြီး၊ ကိုးဆယ်စုနှစ်များတွင် နောက်ဆုံးထိုးနှက်ချက်ကို ပြုလုပ်ခဲ့သည်။

၁၈၈၃ ခုနှစ်တွင် ထူထောင်ခဲ့သော "လုပ်အားလွတ်မြောက်ရေးအဖွဲ့"သည် ရုရှား၌ မာ့က်စ်ဝါဒ ပျံ့နှံ့ရေးအတွက် အတော်ကြီးမားသည့် ကောင်းမှုပြုခဲ့ပေသည်။ ၎င်းက ဆိုရှယ်ဒီမိုကရေစီ သဘောတရားရေးရာ အခြေခံအုတ်မြစ်ကိုချခဲ့ပြီး၊ အလုပ်သမားလူတန်းစား လှုပ်ရှားမှုနှင့် ပေါင်းစပ်ရေး အတွက် ပထမဦးဆုံးသော ခြေလှမ်းကိုလှမ်းခဲ့ပေသည်။

ရုရှား၌ အရင်းရှင်စနစ် ဖြစ်ပေါ်တိုးတက်မှုနှင့်အတူ စက်မှုလက်မှု ပစ္စည်းမဲ့များမှာ အလျင် အမြန်ကြီးထွားတိုးပွားလာပါသည်။ ရှစ်ဆယ်စုနှစ် အလယ်ပိုင်းတွင် အလုပ်သမားလူတန်းစားသည် စည်းရုံးမှုရှိသည့် သပိတ်သဏ္ဌာန် တိုက်ပွဲလမ်းကြောင်းနှင့် လူထုလှုပ်ရှားမှုလမ်းကြောင်း တို့ကို စတင်အသုံးပြု လာကြပါသည်။ သို့သော် မာက့်စ်ဝါဒီအစုများမှာ ဝါဒဖြန့်ချိရေးကိုသာလုပ် ဆောင်နေပြီး၊ အလုပ်သမားလူတန်းစား အကြားလှုံ့ဆော်မှု အနှံ့အပြားပြုလုပ်ရန် လိုအပ်ကြောင်းကို သိရှိနားလည်မှုမရှိဘဲ၊ ထို့ကြောင့် သူတို့သည် အလုပ်သမားလူတန်းစား လှုပ်ရှားမှုနှင့် လက်တွေ့ပေါင်းစပ်မှုမရှိသေးဘဲ၊ ဒါကိုလည်း ခေါင်းဆောင်ခြင်း မပြုသေးပါ။

၁၈၉၅ ခုနှစ်တွင် လီနင်တည်ထောင်ခဲ့သည့် စိန့်ပီတာစဘတ် အလုပ်သမားလူတန်းစား လွတ်မြောက်ရေးတိုက်ပွဲအဖွဲ့ချုပ်သည် အလုပ်သမားများအကြား အနှံ့အပြားလှုံ့ဆော်မှုများကို စတင်ခဲ့ပြီး၊ လူထုသပိတ်များကို ခေါင်းဆောင်ကာ အလုပ်သမားများအကြား အနှံ့အပြားလှုံ့ဆော်ခြင်းနှင့် အလုပ်သမားလူတန်းစားလှုပ်ရှားမှုနှင့် မာ့က်စ်ဝါဒ ပေါင်းစပ်ပေးခြင်းသို့ ကူးပြောင်းလာသည့် အဆင့်သစ်ကို တက်လှမ်းလိုက်ပါသည်။ စိန့်ပီတာစဘတ် အလုပ်သမားလူတန်းစား လွတ်မြောက်ရေးတိုက်ပွဲ အဖွဲ့ချုပ်သည် ရုရှားတော်လှန်သည့် ပစ္စည်းမဲ့ပါတီ၏ အခြေခံဖြစ်ပါသည်။ စိန့်ပီတာစဘတ်တိုက်ပွဲအဖွဲ့ ချုပ်တည်ထောင်ပြီးနောက် အဓိကစက်မှုမြို့ကြီးများအားလုံးနှင့် နယ်စပ်ဒေသများတွင် မာ့က်စ်ဝါဒ အဖွဲ့အစည်းများ ထူထောင်ဖွဲ့စည်းလာကြပါသည်။

၁၈၉၈ ခုနှစ် R.S.D.L.P ၏ ပထမကွန်ဂရက်တွင် မာ့က်စ်ဆိုရှယ်ဒီမိုကရက် အဖွဲ့အစည်းများကို ပါတီတရပ်အဖြစ် ပူးပေါင်းနိုင်ရန် မအောင်မြင်သည့် ပထမအကြိမ် ကြိုးပမ်းချက် ပြုလုပ်ခဲ့ပါသည်။ သို့သော် ဤကွန်ဂရက်က ပါတီတရပ်ကို မထူထောင်နိုင်ခဲ့ဘဲ ပါတီလမ်းစဉ် သို့မဟုတ် ပါတီစည်းကမ်းများလည်း မရေးဆွဲခဲ့ပါ။ တခုတည်းသော ခေါင်းဆောင်ဗဟိုလည်းမရှိ ပြန့်ကျဲနေသည့် မာ့က်စ်ဝါဒီ အစုအဖွဲ့များအကြားမှာလည်း ဆက်စပ်မှုမရှိသလောက် ဖြစ်ခဲ့ပါသည်။

ပြန့်ကျဲနေသော မာ့က်စ်ဝါဒ အဖွဲ့အစည်းများကို ပါတီတခုတည်းအဖြစ် ပူးပေါင်းဆက်စပ်နိုင်ရန် လီနင်သည် ရုရှားတပြည်လုံး ဖြန့်ချိနိုင်မည့် တော်လှန်သော မာ့က်စ်ဝါဒီများ၏ ပထမဦးဆုံးသော သတင်းစာ "အစ္စကရာ" ထုတ်ဝေရန် စီမံကိန်းကို တင်ပြလုပ်ဆောင်ခဲ့သည်။

ထိုကာလက တော်လှန်သည့် အလုပ်သမားလူတန်းစားပါတီ တခုတည်း တည်ထောင်ရေးကို အဓိက ဆန့်ကျင်သူများမှာ "စီးပွားရေးဝါဒီ" များဖြစ်သည်။ သူတို့က ဤကဲ့သို့သောပါတီ လိုအပ်မှုကို ငြင်းဆိုသည်။ သူတို့က ကွဲပြားနေသောအစုများ၏ တယောက်တပေါက်နှင့် အပျော်တမ်း လုပ်ဟန်ကို အားပေးသည်။ လီနင်နှင့် သူစည်းရုံးတည်ထောင်ခဲ့သည့် "အစ္စကရာ"သတင်းစာက သူတို့ကို တိုက်ရိုက်ထိုးနှက်တိုက်ခိုက်ခဲ့သည်။

"အစ္စကရာ" ပထမစာစောင်ထွက်ပေါ်လာခြင်း (၁၉၀၀–၀၁)က အဆက်အစပ်မရှိသည့် အစုအအုပ်များမှ တခုတည်းသော ဆိုရှယ်ဒီမိုကရက် အလုပ်သမားပါတီ တကယ်ဖြစ်ပေါ်လာသည့် ကာလသစ်တရပ်သို့ ကူးပြောင်းသွားပြီဖြစ်ကြောင်းကို အထိမ်းအမှတ်ပြုလိုက်ပေသည်။

# အခန်း (၂)

# ရုရှား ဆိုရှယ်ဒီမိုကရေစီလုပ်သားပါတီတည်ထောင်ခြင်း ပါတီအတွင်း ဘော်ရှီဗစ် (BOLSHEVIK) နှင့် မင်ရှီဗစ် (MENSHEVIK) အုပ်စုများ ပေါ်ပေါက်လာခြင်း (၁၉၀၁–၁၉၀၄)

## ၁။ ရုရှား၌ ၁၉၀၁–၀၄ တွင် ပေါ်ပေါက်ခဲ့သော တော်လှန်ရေးလှုပ်ရှားမှုဒီရေမြင့်။

၁၉ ရာစု အကုန်ပိုင်းတွင် ဥရောပ၌ စက်မှုလက်မှု အကျပ်အတည်းများ ပေါ်လာသည်။ မကြာမီ အတွင်း ရုရှားသို့ ကူးစက်ပျံ့နှံ့လာသည်။ အကျပ်အတည်းကာလ ၁၉၀၀–၀၃ တွင် အကြီးအသေး လုပ်ငန်း ၃,၀၀၀ နီးပါး ပိတ်ပစ်လိုက်ရပြီး၊ အလုပ်သမား ၁၀၀,၀၀၀ အလုပ်လက်မဲ့များ ဖြစ်သွား ပါသည်။ ဆက်လက် ငှားရမ်းထားသည့် အလုပ်သမား၏လခမှာလည်း အပြင်းအထန်ဖြတ်ချခြင်း ခံရပါသည်။ ပြင်းထန်သည့် စီးပွားရေးသပိတ်များ ကျေးဇူးကြောင့် ယခင်အရင်းရှင်များထံမှ ရရှိထား သည့် မပြောပလောက်သော အခွင့်အရေးလေးများမှာလည်း ယခုအခါ ပြန်လည်ရုပ်သိမ်းခြင်း ခံလိုက် ရသည်။

စက်မှုလက်မှု အကျပ်အတည်းများနှင့် အလုပ်လက်မဲ့မှုက အလုပ်သမားလူတန်းစား၏ လှုပ်ရှားမှုကို ရပ်ဆိုင်းသွားစေခြင်း သို့မဟုတ် အားနည်းသွားစေခြင်း မဖြစ်စေနိုင်ခဲ့ပါ။ ဆန့်ကျင်စွာပင် အလုပ်သမားများ၏ တိုက်ပွဲသည် ပိုမို၍ တော်လှန်ရေးလက္ခဏာ ဆောင်လာသည်။ အလုပ်သမား များသည် စီးပွားရေးသပိတ်များမှ နိုင်ငံရေးသပိတ်များသို့ ကူးပြောင်းသွားပြီး၊ နောက်ဆုံး၌ ဆန္ဒပြပွဲများ အဖြစ်သို့ပြောင်းကာ ဒီမိုကရေစီလွတ်လပ်မှုများအတွက် နိုင်ငံရေးတောင်းဆိုချက်များကို တင်ပြကြပြီး၊ “ဇာဘုရင်အုပ်စိုးမှုကျဆုံးပါစေ”ဟူသော ကြွေးကြော်သံများ ဟစ်ကြွေးလာကြပါသည်။

၁၉၀၁ ခုနှစ်၊ စိန့်ပီတာစဘတ်ရှိ အိုဘူခေါ့ဗ် လက်နက်ခဲယမ်းစက်ရုံမှ မေဒေးသပိတ်တွင် အလုပ်သမားနှင့် စစ်သားများအကြား သွေးထွက်သံယို ဖြစ်မှုများပေါ်ပေါက်လာပါသည်။ ဇာဘုရင်၏ လက်နက်ကိုင်အင်အားစုများကို ခုခံရန်အတွက် အလုပ်သမားများ၏ တခုတည်းသော လက်နက်ကတော့ ခဲများ နှင့် သံတုံး၊ သံခဲများဖြစ်ပါသည်။ အလုပ်သမားများ၏ ပြင်းထန်သောခုခံမှုမှာ ကျိုးပေါက်သွားသည်။ ထို့နောက် ရက်စက်သည့် လက်စားချေမှုများ ပေါ်ပေါက်လာပါသည်။ အလုပ်သမား ၈၀၀ ခန့် အဖမ်းခံရ ပြီး၊ အများအပြားမှာ ထောင်သွင်းအကျဉ်းကျခံရခြင်း သို့မဟုတ် အလုပ်ကြမ်းနှင့် ထောင်ဒဏ်ခံရခြင်းနှင့် နယ်နှင်ဒဏ်များခံကြရပါသည်။ သို့သော် ရဲစွမ်းသတ္တိပြောင်မြောက်သည့် "အိုဘူခေါ့ဗ်ခုခံရေး"သည် ရုရှားအလုပ်သမားများအပေါ် နက်ရှိုင်းစွာ ဩဇာဂယက်ရိုက်ခတ်ပြီး၊ ၎င်းတို့အကြား စာနာထောက်ခံမှုများ ဆက်လက်ပေါ်ပေါက်လာသည်။

၁၉၀၂ ခု၊ မတ်လတွင် ဘာတမ် ဆိုရှယ်ဒီမိုကရေစီကော်မတီက စည်းရုံးလှုံ့ဆော်သည့် ကြီးမားလှသည့် အလုပ်သမားသပိတ်ကြီးနှင့် ဆန္ဒပြပွဲကြီး ဘာတမ်၌ ပေါ်ပေါက်လာသည်။ ဘာတမ်ဆန္ဒပြပွဲကြီးက ထရန့်စ်ကော့ကေးရှပ်ရှိ အလုပ်သမားများနှင့်လယ်သမားများကို လှုံ့ဆော်ပေးလိုက်သည်။

၁၉၀၂ ခုနှစ်မှာပင် ရော့စတော့ဗ်–အွန်–ဒွန်၌ ဆန္ဒပြပွဲကြီး ပေါ်ပေါက်လာသည်။ ပထမဆုံးထွက်လာသူများမှာ မီးရထားအလုပ်သမားများဖြစ်ပြီး၊ မကြာမီမှာပင် တခြားစက်ရုံ အများအပြားမှ အလုပ်သမားများ ပါဝင်ပူးပေါင်းလာကြသည်။ မြို့အပြင်ဘက်၌ နေ့စဉ်ရက်ဆက်၊ ရက်ပေါင်းများစွာ ပြုလုပ်ခဲ့သော အစည်းအဝေးများ၌ ၃၀,၀၀၀ အထိ စုဝေးခဲ့ကြသည်။ ထိုအစည်းအဝေးများတွင် ဆိုရှယ်ဒီမိုကရက်ကြေညာချက်များကိုဖတ်ပြကြပြီး ဟောပြောသူများက အလုပ်သမားများကို မိန့်ခွန်းများပေးသည်။ ထိုအစည်းအဝေးများကို လူထောင်ပေါင်းများစွာ တက်ရောက်သည့်အတွက် ပုလိပ်နှင့် ကော့ဆက်များသည် လူစုခွဲရန် မတတ်နိုင်အောင် ဖြစ်တော့သည်။ အလုပ်သမားအများအပြား ပုလိပ်များ၏ သတ်ဖြတ်ခြင်းခံရသောအခါ နောက်နေ့ အသုဘအခမ်းအနား၌ အလွန်များ ပြားလှသည့် အလုပ်သမား လူထုကြီးက လိုက်လံပို့ဆောင်ကြသည်။ အနီးပတ်ဝန်းကျင်မြို့များမှ စစ်ကူများကို ဆင့်ခေါ်ပြီးမှသာလျှင် ဇာဘုရင်အစိုးရသည် သပိတ်ကို ဖြိုခွင်းဖိနှိပ်နိုင်တော့သည်။ ရော့စတော့ဗ် အလုပ်သမားများ၏ တိုက်ပွဲကို R.S.D.L.P ၏ ဒွန့်ကော်မတီမှ ခေါင်းဆောင်ခဲ့ခြင်းဖြစ်သည်။

၁၉၀၃ ခုနှစ်မှာ ပေါ်ပေါက်ခဲ့သည့်သပိတ်များမှာ အတိုင်းအတာအရ ပိုမိုကြီးမားခဲ့ပါသည်။ ထိုနှစ်အတွင်း လူထု နိုင်ငံရေးသပိတ်တိုက်ပွဲများသည် တောင်ပိုင်းတလျှောက် ထရန့်စ် ကော့ကေးရှား (ဘာကူ၊ တစ်ဖ်လစ်၊ ဘာတမ်) နှင့် ယူကရိန်းရှိ မြို့ကြီးများ (အိုဒက်ဆာ၊ ကိဗ်၊ အီကေတာရီနိုစလဗ်) သို့ ပျံ့နှံ့သွားပါသည်။ သပိတ်များသည် ပိုမိုပြင်းထန်လာပြီး၊ ပိုမိုစုစည်းစည်းရုံးလာပါသည်။ အစောပိုင်း အလုပ်သမားလူတန်းစား၏ လုပ်ဟန်များနှင့် မတူဘဲ အလုပ်သမားများ၏ နိုင်ငံရေးသပိတ်များကို နေရာတကာနီးပါး၌ ဆိုရှယ်ဒီမိုကရက်ကော်မတီများက ဦးဆောင်ညွှန်ကြားပါသည်။

ရုရှားရှိ အလုပ်သမားလူတန်းစားသည် ဇာဘုရင်အုပ်စိုးမှုကိုဆန့်ကျင်သည့် တော်လှန်ရေးတိုက်ပွဲဆင်နွှဲရန် ထကြွလာလျှက်ရှိပါသည်။

အလုပ်သမားလူတန်းစားလှုပ်ရှားမှုသည် လယ်သမားထုကို ဂယက်ရိုက် ဩဇာလွှမ်းမိုးလာပါသည်။ ၁၉၀၂ ခုနှစ်၊ နွေဦးနှင့် နွေတွင် ယူကရိန်း (ပိုတာဗာနှင့် ခါးကော့ဗ်ပြည်နယ်များ) နှင့် ဗော်လဂါနယ်

တို့တွင် လယ်သမားလှုပ်ရှားမှုများ ပေါ်ထွက်လာပါသည်။ လယ်သမားများက မြေရှင် များ၏ အိမ်ကြီးများကိုမီးတင်ရှို့ပြီး၊ မြေများကိုသိမ်းယူကာ အလွန်ရွံမုန်းဖွယ်ကောင်းသည့် ကျေးလက်အုပ်ချုပ်ရေးမှူးများ[၄] နှင့် မြေရှင်များကိုသတ်ပစ်ကြသည်။ ပုန်ကန်နေသော လယ်သမားများကို နှိမ်နှင်းရန် စစ်တပ်များကို စေလွှတ်ခဲ့ပါသည်။ လယ်သမားများ ပစ်သတ်ခံရပြီး၊ ရာနှင့်ချီဖမ်းကာ၊ ၎င်းတို့ ခေါင်းဆောင်များနှင့် စည်းရုံးလှုံ့ဆော်သူများ ထောင်သွင်းအကျဉ်းချခံရသော်လည်း၊ တော်လှန်သည့် လယ်သမားလှုပ်ရှားမှုမှာ ဆက်လက်ကြီးထွားနေပါသည်။

အလုပ်သမား၊ လယ်သမားများ၏ လုပ်ဆောင်ချက်များက ရုရှားတွင် တော်လှန်ရေးကြီး ရင့်မှည့်လာနေပြီး၊ နီးကပ်လာနေပြီဖြစ်ကြောင်း ပြသပါသည်။

အလုပ်သမားများ၏ တော်လှန်ရေးတိုက်ပွဲဂယက်အောက်တွင် ကျောင်းသားများ၏ အစိုးရဆန့်ကျင်ရေး လှုပ်ရှားမှုသည် ပိုမိုအင်အားကြီးလာပါသည်။ ကျောင်းသားများ၏ ဆန္ဒပြပွဲများနှင့် သပိတ်များကို တုန့်ပြန်လက်စားချေရန် အစိုးရသည် တက္ကသိုလ်များကို ပိတ်ပစ်လိုက်ပြီး၊ ကျောင်းသားရာနှင့်ချီပြီး ထောင်သွင်းအကျဉ်းချကာ နောက်ဆုံးနာခံမှုမရှိသည့် ကျောင်းသားများကို စစ်တပ်တွင်းသို့ သာမန်စစ်သားများအဖြစ် သွတ်သွင်းလိုက်ပါသည်။ ၎င်းကို တုံ့ပြန်သည့်အနေနှင့် တက္ကသိုလ်အားလုံးမှ ကျောင်းသားများသည် ၁၉၀၁–၀၂ ခုနှစ် ဆောင်းဦးရာသီတွင် အထွေထွေ သပိတ်ကြီးကို စည်းရုံးလိုက်ပါသည်။ ဤသပိတ်တွင် ကျောင်းသား ၃၀,၀၀၀ ခန့်ပါဝင်ပါသည်။

အလုပ်သမားလယ်သမားများ၏ တော်လှန်ရေးလှုပ်ရှားမှုများနှင့် အထူးသဖြင့် ကျောင်းသားများအပေါ် တုံ့ပြန်ဖိနှိပ်မှုများက ဇမ်စတော့ ပေါ်တွင်နေထိုင်ခဲ့သည့် လစ်ဘရယ်ဓနရှင်နှင့် လစ်ဘရယ်မြေရှင်များကို တက်တက်ကြွကြွဖြစ်လာစေပြီး၊ ဇာဘုရင်အစိုးရက ၎င်းတို့သား၊ ကျောင်းသားများကို ဖိနှိပ်ရာတွင် "အလွန်အကျွံမှုများ"ကို "ကန့်ကွက်ရန်" အသံမြင့်လာစေပါသည်။

ဇမ်စတော့ လစ်ဘရယ်များသည် ဇမ်စတော့ ဘုတ်အဖွဲ့များမှာ ၎င်းတို့၏ အမာခံအခြေခံများ ရှိထားပါသည်။ ၎င်းတို့သည် ဒေသအစိုးရအဖွဲ့များဖြစ်ကြပြီး ကျေးလက်လူထုနှင့် ပတ်သက်သည့် ဒေသပြဿနာများ သက်သက်ကိုသာ (လမ်းများ၊ ဆေးရုံများနှင့် ကျောင်းများတည်ဆောက်ရေး) လုပ်ဆောင်ရသူများဖြစ်ပါသည်။ လစ်ဘရယ်မြေရှင်များသည် ဇမ်စတော့ဘုတ်အဖွဲ့များတွင် အသင့်အတင့် ထင်ရှားသည့် အခန်းကပါဝင်ကြပါသည်။ ၎င်းတို့သည် လစ်ဘရယ်ဓနရှင်များနှင့် နီးကပ်စွာ ပေါင်းဖက်ကြပြီး၊ တကယ်မှာတော့ ၎င်းတို့သည် ပူးပေါင်းမိမတတ် ဖြစ်နေပါပြီ။ အဘယ်ကြောင့် ဆိုသော် ၎င်းတို့ကိုယ်တိုင်ကလည်း ၎င်းတို့ပိုင်မြေများတွင် လယ်ယာစိုက်ပျိုး လုပ်ကိုင်ရန် ကျေးကျွန် စနစ်သက်ဆိုးရှည်မှုအပေါ် အခြေခံသည့်နည်းများကို စတင်စွန့်ပစ်လာပြီး၊ ပိုမိုအကျိုး အမြတ်ရသည့် အရင်းရှင်နည်းလမ်းများကို အစားထိုးလာခြင်းကြောင့်ဖြစ်ပါသည်။ ထိုကြောင့် ဤ လစ်ဘရယ် အုပ်စုနှစ်ခုစလုံးက ဇာဘုရင်အစိုးရကို ထောက်ခံကြပါသည်။ သို့သော် "ဤအလွန်အကျွံမှုများ"သည် တော်လှန်ရေးလှုပ်ရှားမှုကို ပိုမို၍သာ ပြင်းထန်လာစေမှာကို ကြောက်လန့်သည့်အတွက် ဇာဘုရင်စနစ်၏ "ဤအလွန်အကျွံမှုများ" ကို ဆန့်ကျင်ကြခြင်းဖြစ်သည်။ ၎င်းတို့သည် ဇာဘုရင်စနစ်၏

*၄။ မူးကြီးမတ်ရာများက ခန့်အပ်ထားသည့် ပုလိပ်အဖွဲ့၊ တရားသူကြီးအဖွဲ့နှင့် အုပ်ချုပ်ရေးအဖွဲ့လုပ်ငန်းများ လုပ်ရသည့် အရာရှိ။ (ဘာသာပြန်သူ )*

“အလွန်အကျွံမှုများ”ကို ကြောက်ရွံ့နေစဉ်မှာပင် တော်လှန်ရေးကို ပို၍ ကြောက်ရွံ့ပေသည်။ ဤ “လွန်ကျွံမှုများ”ကို ကန့်ကွက်ရာတွင် လစ်ဘရယ်များ၌ ရည်ရွယ်ချက်နှစ်ခု ရှိပါသည်။ ပထမက တော့“ဇာဘုရင်ကို အသိတရားရရှိလာစေရန်” နှင့် ဒုတိယကတော့ ဇာဘုရင်စနစ်အပေါ် “အလွန် အမင်း မကျေနပ်မှု” ဝတ်ရုံကို လွှမ်းခြုံလိုက်ခြင်းဖြင့် ပြည်သူများ၏ ယုံကြည်ကိုးစားမှုကိုရရှိကာ သူတို့ကို သို့မဟုတ် တချို့အစိတ်အပိုင်းကို တော်လှန်ရေးမှ ပဲ့ထွက်လာစေပြီး၊ ဤနည်းဖြင့် ၎င်းတို့ အင်းအားကို ထိခိုက်ဆုတ်ယုတ်စေရန် ဖြစ်ပါသည်။။

ထို့ကြောင့် ဇမ်စတော့ဗ်လစ်ဘရယ် လှုပ်ရှားမှုသည် ဇာဘုရင်စနစ်တည်ရှိမှုကို မည်သို့မျှ အန္တရာယ်ပြုခြိမ်းခြောက်ခြင်းမပြုခဲ့ပါ။ သို့သော်လည်း ၎င်းက ဇာဘုရင်စနစ်၏ “အဆုံးအစမရှိသော” ဒေါက်တိုင်များအားလုံးသည် တောင့်တင်းခိုင်မာခြင်းမရှိတော့ကြောင်း ပြသလိုက်ပါသည်။

၁၉၀၂ ခုနှစ်တွင် ဇမ်စတော့ဗ် လစ်ဘရယ်လှုပ်ရှားမှုက ခေရှင် “လွတ်မြောက်ရေး”အဖွဲ့ တည် ထောင်ခြင်းကို ရှေ့ရှုပြီး၊ ၎င်းသည် အနာဂတ် ရုရှားခေရှင်တို့၏ အဓိကပါတီဖြစ်သော ကွန်စတီကျူ ရှင်နယ်ဒီမိုကရေစီပါတီ၏ အမြုတေဖြစ်ပါသည်။

အလုပ်သမားနှင့် လယ်သမားလှုပ်ရှားမှုသည် တတိုင်းပြည်လုံးသို့ တားလို့ဆီးလို့မရသည့် အရှိန်ဖြင့် ပျံ့နှံ့တော့မည်ကို သိမြင်လာပြီးနောက်၊ ဇာဘုရင်အစိုးရသည် တော်လှန်ရေးဒီရေကို ပိတ်ပင် တားဆီးရန် ဘာမဆိုကို ပြုလုပ်ခဲ့ပါသည်။ အလုပ်သမားသပိတ်များနှင့် ဆန္ဒပြပွဲများကို ဖိနှိပ်ရန် လက်နက်ကိုင်အင်အားများကို အကြိမ်များစွာတိုး၍ အသုံးပြုခဲ့ပြီး၊ အလုပ်သမားနှင့် လယ်သမားများ ၏ တောင်းဆိုချက်များအပေါ် ကျည်ဆန်နှင့် ကြာပွတ်သည် အစိုးရ၏ ယေဘုယျပြန်ကြားချက်ဖြစ် လာပါသည်။ ထောင်များနှင့် နယ်နှင်အရပ်များသည် ပြည့်လျှံကျမတတ်ဖြစ်လာသည်။

ဖိနှိပ်မှုများ ပိုမိုပြင်းထန်စွာ ပြုလုပ်နေသည်နှင့် တချိန်တည်း ဇာဘုရင်အစိုးရသည် တော်လှန် ရေးလှုပ်ရှားမှုမှ အလုပ်သမားများ ရှောင်လွှဲသွားစေရန် တခြားမဖိနှိပ်သော ပိုမို “ပျော့ပျောင်းသည့်” နည်းနာများကို သုံးလာပါသည်။ စုံထောက်များနှင့် ပုလိပ်များ၏ အကာအကွယ် ကမကထ ပြုမှု အောက်တွင် အလုပ်သမားအဖွဲ့အစည်း အတုအယောင်များ ထူထောင်ရန် ကြိုးပမ်းလာကြသည်။ ၎င်းတို့ကို “ပုလိပ်ဆိုရှယ်လစ်စနစ်”၏ အဖွဲ့အစည်းများ သို့မဟုတ် ဇူဘာတော့ဗ် အဖွဲ့အစည်းများ (ဤပုလိပ်ချုပ်ထိန်းသည့် အလုပ်သမားအဖွဲ့အစည်းများ စတင်တည်ထောင်သူ စုံထောက် ဗိုလ်မှူး ကြီး ဇူဘာတော့ဗ် အမည်ကိုယူပြီး) ဟု သမုတ်ကြသည်။ “အိုကရာနာ” သူလျှိုများမှတဆင့် ဇာဘုရင် အစိုးရကိုယ်တိုင်က အလုပ်သမားများ၏ စီးပွားရေးတောင်းဆိုချက်များ ပြည့်ဝစေရန် ကူညီရန် ပြင်ဆင်နေကြောင်း၊ အလုပ်သမားများ ယုံကြည်လာစေရန် ကြိုးစားကြပါသည်။ ဇူဘာတော့ဗ် သူလျှို များက “ဇာဘုရင်ကိုယ်တိုင် အလုပ်သမားများဘက် ရောက်နေတဲ့အချိန်မှာ ဘာလို့နိုင်ငံရေးလုပ် ရမှာလဲ၊ ဘာလို့တော်လှန်ရေးလုပ်ရမှာလဲ” လို့ အလုပ်သမားများကို ဖြားယောင်းသွေးဆောင် ကြပါသည်။ ဇူဘာတော့ဗ် အဖွဲ့အစည်းများကို မြို့အများအပြားမှာ တည်ထောင်လိုက်ပါသည်။ ဤ အဖွဲ့အစည်းများ၏ ပုံစံနှင့် ရည်ရွယ်ချက်များ၏ အတိုင်း ၁၉၀၄ ခုနှစ်၌ ဂါပွန်ဆိုသော ဘုန်းကြီးတပါးက စိန့်ပီတာစဘတ်၏ ရုရှားစက်ရုံအလုပ်သမားများ၏ အစည်းအရုံးဆိုတဲ့ အဖွဲ့အစည်းများကို တည် ထောင်လိုက်သည်။ အလုပ်သမားလူတန်းစား လှုပ်ရှားမှုအပေါ် ထိန်းချုပ်ရန် ဇာဘုရင်အစိုးရ၏ အို ကရာနာ၏ ကြိုးပမ်းချက်များသည် ရှုံးနိမ့်သွားရသည်။ ဇာဘုရင်အစိုးရသည် ကြီးထွားလာသည့်

အလုပ်သမားလူတန်းစား လှုပ်ရှားမှုကို ဉာဏ်နည်းနာများနှင့် ဖြေရှင်းရန် မဖြစ်နိုင်ကြောင်း သိမြင်လာကြသည်။ အလုပ်သမားလူတန်းစား၏ မြင့်တက်လာသော တော်လှန်ရေးဒီရေလှိုင်းက ဉာဏ်ပုလိပ်ချုပ်ထိန်းသည့် အဖွဲ့အစည်းများကို ၎င်း၏လမ်းကြောင်းမှ တိုက်ချပစ်လိုက်ပါသည်။

## ၂။ မာ့က်စ်ဝါဒ ပါတီတရပ်တည်ဆောက်ရေးအတွက် လီနင်၏စီမံကိန်း။ "စီးပွားရေးဝါဒီများ"၏ အချောင်ဝါဒ။ လီနင်၏စီမံကိန်းအတွက် "အစ္စကရာ"၏တိုက်ပွဲ။ လီနင်၏ "ကျွန်တော်တို့ ဘာလုပ်ကြမည်နည်း"စာအုပ်။

### မာ့က်စ်ဝါဒပါတီတရပ်အတွက် အတွေးအခေါ်ရေး အခြေခံအုတ်မြစ်များ။

ရုရှားဆိုရှယ်ဒီမိုကရေစီပါတီ၏ ပထမအကြိမ်ကွန်ဂရက်ကို ၁၈၉၈ ခုနှစ်အတွင်း ကျင်းပပြီး၊ ပါတီဖွဲ့စည်းကြောင်း ကြေညာခဲ့သော်လည်း တကယ့်ပါတီတရပ် မပေါ်ပေါက်ခဲ့သေးပါ။ ပါတီလမ်းစဉ်နှင့် ပါတီစည်းကမ်းများလည်း မရှိခဲ့ပါ။ ပထမကွန်ဂရက်က ရွေးကောက်တင်မြှောက်လိုက်သော ပါတီဗဟိုကော်မတီများလည်း အဖမ်းခံလိုက်ရပြီး၊ အစားထိုးစရာလူ မရှိသည့်အတွက် တခါမှ အစားထိုးနိုင်ခြင်းမရှိခဲ့ပါ။ ပို၍ဆိုးသည်မှာ အတွေးအခေါ်ရှုပ်ထွေးမှုနှင့် ပါတီတွင်းစည်းရုံးရေးအရ စုစည်းမှုချို့တဲ့ခြင်းတို့မှာ ပထမကွန်ဂရက်အပြီး၌ ပို၍ပင် သိသာထင်ရှားလာပါသည်။

၁၈၈၄–၉၄ ခုနှစ်များ အတွင်းမှာ နာရောဒ်နစ်ဝါဒအပေါ် အောင်ပွဲခံလိုက်သောကာလဖြစ်ပြီး၊ ဆိုရှယ်ဒီမိုကရေစီပါတီ ထူထောင်ရေးအတွက် အတွေးအခေါ်အရပြင်ဆင်ခဲ့ပြီး၊ ၁၈၉၄–၉၈ ခုနှစ်များအတွင်း မအောင်မြင်ခဲ့သော်လည်း၊ တကွဲတပြားဖြစ်နေသော မာ့က်စ်ဝါဒအဖွဲ့အစည်းများကို ဆိုရှယ်ဒီမိုကရေစီပါတီတရပ်အဖြစ် စုရုံးပေါင်းစပ်ရန် ကြိုးပမ်းမှုများပြုလုပ်ခဲ့သော်လည်း၊ ၁၈၉၈ ခုနှစ် ပြီးပြီးချင်းကာလများ၌ ပါတီအတွင်း အတွေးအခေါ်ရေးရာနှင့် စည်းရုံးရေးရာ ရှုပ်ထွေးမှုများ ပိုမိုလာပါသည်။ နာရောဒ်နစ်ဝါဒအပေါ် မာ့က်စ်ဝါဒီများ အောင်ပွဲရရှိလိုက်မှုနှင့် မာ့က်စ်ဝါဒီများ မှန်ကန်ကြောင်း သက်သေပြလိုက်သည့် အလုပ်သမားလူတန်းစား၏ တော်လှန်ရေးဆောင်ရွက်မှုများကြောင့် တော်လှန်သည့် လူငယ်များအကြား မာ့က်စ်ဝါဒအပေါ် စာနာထောက်ခံမှုများ ပေါ်ထွက်လာသည်။ မာ့က်စ်ဝါဒ ရေပန်းစားလာပါသည်။ ထိုကြောင့် အကျိုးဆက်အားဖြင့် မာ့က်စ်ဝါဒ အဖွဲ့အစည်းများအတွင်း တော်လှန်သည့် လူငယ်ပညာတတ်များ အစုလိုက်အပြုံလိုက် ဝင်ရောက်လာကြပါသည်။ ၎င်းတို့သည် သဘောတရားရေးရာမှာ အားနည်းကာ၊ နိုင်ငံရေးအစည်းအရုံး လုပ်ငန်းများတွင် အတွေ့အကြုံ မရှိလှပါ။ ၎င်းတို့တွင် စာနယ်ဇင်းများတွင် အပြည့်အနှက်ပါဝင်နေသည့် "တရားဝင် မာ့က်စ်ဝါဒီများ" ၏ အချောင်သမားဆန်လှသည့် ရေးသားချက်များမှ ရယူထားသည့် မသဲမကွဲ၊ မရေမရာနှင့် အများစုမှာ မှားယွင်းတဲ့ မာ့က်စ်ဝါဒအမြင်သာ ရှိနေကြပါသည်။ ထို့ကြောင့် မာ့က်စ်ဝါဒအဖွဲ့အစည်း များအတွင်း သဘောတရားရေးနှင့် နိုင်ငံရေးရေချိန်နိမ့်ကျရခြင်း၊ ၎င်းတို့ကို "တရားဝင်မာ့က်စ် ဝါဒီများ" ၏ အချောင်သမား တိမ်းစောင်းမှုများ ကူးစက်ခြင်းနှင့် အတွေးအခေါ်ရှုပ်ထွေးခြင်း၊ နိုင်ငံရေးအရ ယိမ်းယိုင်ခြင်း၊ စည်းရုံးရေး ကစဉ့်ကလျား ဖြစ်ခြင်းတို့ ဖြစ်ပေါ်ရရှိလာရပါသည်။

အလုပ်သမားလူတန်းစား လှုပ်ရှားမှု ဒီရေတက်လာခြင်းနှင့် တော်လှန်ရေး အထင်အရှား နီးကပ်လာမှုတို့က အလုပ်သမားလူတန်းစားကို တော်လှန်ရေးလှုပ်ရှားမှုအတွင်း ခေါင်းဆောင်မှုပေးနိုင်မည့်

စည်းလုံးညီညွတ်ပြီး ဗဟိုဦးစီးမှုရှိသည့် ပါတီတရပ်ကို တောင်းဆိုလိုက်ပါသည်။ သို့သော် ဒေသပါတီအဖွဲ့အစည်းများ၊ ကော်မတီများ၊ အစုအဝန်းအဝိုင်းများသည် စိတ်မချမ်းမြေ့ဖွယ် အခြေအနေဖြစ်နေပြီး၊ ၎င်းတို့၏ စည်းရုံးရေးအရ မညီညွတ်မှုနှင့် အတွေးအခေါ်ကွဲလွဲမှုများမှာ အလွန်နက်ရှိုင်းနေပြီး၊ ဤကဲ့သို့သော ပါတီတရပ် ထူထောင်ရေးတာဝန်မှာ အလွန်ကြီးမားသည့် အခက်အခဲနှင့် ကြုံတွေ့နေသည်။

အခက်အခဲကတော့ ပါတီကို ဇာဘုရင်အစိုးရ၏ ရက်စက်သည့်ဖိနှိပ်မှုအောက်တွင် တည်ဆောက်ရပြီး၊ ဤဖိနှိပ်မှုများက အဖွဲ့အစည်းများထံမှ အကောင်းဆုံး အလုပ်သမားများကို မကြာခဏ လုယူသွားပြီး၊ ပြည်နှင်ဒဏ်၊ ထောင်ဒဏ်နှင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ်များ ကျခံရသည့်အချက်သာမက ဒေသကော်မတီအများအပြားနှင့် ကော်မတီဝင်များသည် ဒေသလုပ်ငန်းအသေးအဖွဲ လက်တွေ့လုပ်ဆောင်ချက်လေးများမှ လွဲ၍ တခြားဘာမှ စိတ်မဝင်စားဘဲ၊ ပါတီတွင်း စည်းရုံးရေးရာနှင့် အတွေးအခေါ်ရေးရာ စည်းလုံးညီညွတ်မှုမရှိမှု၏ အန္တရာယ်ကို နားမလည်နိုင်ကြဘဲ၊ ပါတီတွင်း ဖြစ်ပေါ်နေသည့် မညီညွတ်မှုနှင့် အတွေးအခေါ်ရှုပ်ထွေးမှုတို့အပေါ် ကျင့်သားရနေကာ စည်းလုံး ညီညွတ်သည့် ဗဟိုချုပ်ကိုင်သည့် ပါတီမရှိဘဲ ၎င်းတို့အနေနှင့် ဤအတိုင်း ဆက်သွားနိုင်လိမ့်မည်ဟု ယုံကြည်နေသည့် အချက်ကလည်း အခက်အခဲတရပ် ဖြစ်နေပါသေးသည်။

ဗဟိုစုစည်းမှုရှိသည့် ပါတီတရပ်ထူထောင်ရန်ဆိုလျှင် ဒေသအဖွဲ့အစည်းများ၏ ဤကဲ့သို့သော နောက်ကျမှု၊ နိုးကြားတက်ကြွခြင်း ကင်းမဲ့မှုနှင့် ကျဉ်းမြောင်းသည့်အမြင်များကို ကျော်နင်းပစ်ရပါလိမ့်မည်။

သို့သော် ဒါဟာ အကုန်မဟုတ်သေးပါ။ ပါတီတွင်း၌ ကိုယ်ပိုင်စာပုံနှိပ်စက်များ၊ ရုရှား၌ အလုပ်သမား အတွေးအခေါ်ပုံနှိပ်တိုက်နှင့် နိုင်ငံခြား၌ အလုပ်သမားအရေးတော်ပုံ , ပုံနှိပ်တိုက်များ ပိုင်ဆိုင်ထားသည့် အသင့်အတင့် ကြီးမားသည့်အုပ်စုရှိနေပြီး၊ ၎င်းတို့က ပါတီတွင်းစည်းရုံးရေးအရ စေးကပ်မှုမရှိခြင်းနှင့် အတွေးအခေါ် ရှုပ်ထွေးခြင်းကို မှန်ကန်ကြောင်းပြသရန် သဘောတရားရေးအရ ကြိုးစားအားထုတ်နေပြီး၊ မကြာခဏ ဤကဲ့သို့သောအခြေအနေကို ချီးကျူးခြင်းပင်ပြုလုပ်ကာ စည်းလုံးညီညွတ်ပြီး ဗဟိုစုစည်းမှုရှိသည့် အလုပ်သမားလူတန်းစား နိုင်ငံရေးပါတီတရပ် ထူထောင်ရေး အကြံကို မလိုအပ်သည့် အတုအယောင်ဟု ကိုင်စွဲထားကြသည်။ ထိုသူများမှာ "စီးပွားရေးဝါဒီများ" နှင့် ၎င်းတို့၏ နောက်လိုက်များဖြစ်သည်။ ပစ္စည်းမဲ့များ၏ စည်းလုံးညီညွတ်သော နိုင်ငံရေးပါတီတရပ် မထူထောင်မီ "စီးပွားရေးဝါဒီ"များကို နှိမ်နင်းပစ်ရပေမည်။ လီနင်သည် ဤတာဝန်ကိုရော အလုပ်သမား လူတန်းစား၏ ပါတီတရပ် တည်ထောင်ရန်ကိုရော အားစိုက်လုပ်ကိုင်ခဲ့ပါသည်။

စည်းလုံးညီညွတ်သည့် ပါတီတည်ဆောက်ရေးကို မည်ကဲ့သို့စတင်မည်နည်းဆိုသည့် အချက်အပေါ် အမြင်များကွဲလွဲခဲ့ကြပါသည်။ တချို့က ပါတီတည်ဆောက်ရေးကို ဒုတိယပါတီကွန်ဂရက်ခေါ်ဆိုကျင်းပခြင်းဖြင့် စတင်သင့်ပြီး၊ ဤကွန်ဂရက်က ဒေသအဖွဲ့အစည်းများကို တပေါင်းတစည်းတည်းဖြစ်စေပြီး၊ ပါတီတရပ်ကို တည်ထောင်နိုင်လိမ့်မည်ဟု တွေးထင်ကြသည်။ လီနင်က ဤအမြင်ကို ဆန့်ကျင်သည်။ သူက ပါတီကွန်ဂရက် မကျင်းပမီ လိုအပ်ချက်များမှာ ပါတီ၏ ရည်ရွယ်ချက်နှင့် ရည်မှန်းချက်များ ရှင်းရှင်းင်းလင်းလင်းရှိရန်၊ လိုချင်သည့်ပါတီပုံစံကို အခိုင်အမာရှိရန်၊ "စီးပွားရေး

ဝါဒီများ''နှင့် အတွေးအခေါ်ရေးရာ ကွဲပြားသတ်မှတ်ချက်ကို အပြီးသတ်လုပ်ကိုင်ရန်၊ ပါတီတွင်း၌ ပါတီ၏ ရည်ရွယ်ချက်နှင့် ပတ်သက်ပြီး ''စီးပွားရေးဝါဒီများ''၏ အမြင်နှင့် တော်လှန်သည့် ဆိုရှယ်ဒီမိုကရက်များ၏ အမြင်ဆိုပြီး၊ အမြင် ၂ မျိုး ကွဲပြားနေကြောင်းကို ပါတီတွင်း ရိုးရိုးသားသား ပွင့်ပွင့်လင်းလင်း ပြောကြားရန်၊ စီးပွားရေးဝါဒီများက ၎င်းတို့ပိုင် စာနယ်ဇင်းများမှ ၎င်းတို့ ကိုယ်ပိုင်အမြင်များဘက်မှ ဖြန့်ချိတိုက်ပွဲဆင်နေသကဲ့သို့၊ တော်လှန်သည့် ဆိုရှယ်ဒီမိုကရက်များ၏ အမြင်များဘက်မှ ဝါဒဖြန့်ချိရေးကို စာနယ်ဇင်းများတွင် ကျယ်ပြန့်စွာ ပြုလုပ်တိုက်ပွဲဆင်ရေးနှင့် ဒေသအဖွဲ့အစည်း များကို ဤလမ်း ၂ သွယ်မှ အသေအချာ ဆွေးနွေးရွေးချယ်ရန်၊ အခွင့်အရေးပေးရန်တို့ဖြစ်ပါသည်။ ဤမလုပ်မဖြစ်လုပ်ရမည့် ပြင်ဆင်ရေးလုပ်ငန်းများ လုပ်ဆောင်ပြီးမှသာလျှင် ပါတီကွန်ဂရက်ကို ခေါ်ဆိုနိုင်မည်ဟု သူက မြင်ခဲ့ပါသည်။

လီနင်က ကျွန်တော်တို့ စည်းလုံးညီညွတ်မှုမရခင် စည်းလုံးညီညွတ်ရေးအတွက် ကျွန်တော်တို့သည် ပထမဦးဆုံး ခိုင်မာတိကျသည့် သတ်မှတ်ချက်များရေးဆွဲရမယ် **(လီနင်လက်ရွေးစဉ်ကျမ်း အင်္ဂလိပ်ဘာသာ၊ မော်စကို–၄၇၊ အတွဲ(၁)နှာ ၁၆၂ )** လို့ ရှင်းလင်းစွာ တင်ပြခဲ့ပါသည်။

ထိုအမြင်များနှင့်အညီ လီနင်က အလုပ်သမားလူတန်းစား၏ နိုင်ငံရေးပါတီ တည်ဆောက်ရေးတို့ကို တတိုင်းပြည်လုံးသို့ ဖြန့်ချိနိုင်သည့် ထက်မြက်သည့် နိုင်ငံရေးသတင်းစာတစောင် တည်ထောင်ထုတ်ဝေရေးမှ စတင်သင့်သည်ဟု ယူဆသည်။ ဤသတင်းစာက တော်လှန်သည့် ဆိုရှယ်ဒီမိုကရေစီအမြင်များကို ဝါဒဖြန့်ချိလှုံ့ဆော်ပေးရေးကို လုပ်ဆောင်နိုင်ပြီး၊ ဤကဲ့သို့သော သတင်းစာတည်ထောင်ခြင်းဟာ ပါတီတည်ဆောက်ရေး၏ ပထမခြေလှမ်း ဖြစ်သင့်သည်ဟု ယူဆသည်။

သူ၏ ကျော်ကြားလှသည့်စာတမ်း ''အဘယ်မှစမည်နည်း'' တွင် လီနင်က ပါတီတည်ဆောက်ရေးအတွက် အခိုင်အမာ စီမံကိန်းရေးသားပြီး၊ ဤစီမံကိန်းကို နောက်ပိုင်းတွင် ထင်ရှားလှသည့် သူ၏ စာအုပ် ''ကျွန်တော်တို့ ဘာလုပ်ကြမည်နည်း'' တွင် အသေးစိတ် ရှင်းလင်းထားပါသည်။

ဤစာတမ်းတွင် လီနင်ရေးခဲ့သည်မှာ ''ကျွန်တော်တို့အမြင်တွင် ကျွန်တော်တို့ လှုပ်ရှားမှုများ၏ အစပြုချက်၊ လိုချင်သည့် အဖွဲ့အစည်း[၅] ထူထောင်ရေးအတွက် ပထမလက်တွေ့ခြေလှမ်း၊ နောက်ဆုံး ထိုအဖွဲ့အစည်းကို ကျွန်တော်တို့ အနေနှင့် မယိမ်းမယိုင် ဖြစ်ပေါ်တိုးပွား၊ နက်ရှိုင်းကျယ်ပြန့်စေနိုင်သည့် အဓိကကြိုးစကတော့ ရုရှား တတိုင်းပြည်လုံး ဖြန့်ချိနိုင်မည့် နိုင်ငံရေးသတင်းစာတစောင် ထူထောင်ရန်လည်းဖြစ်ပါသည်။ ဤသတင်းစာမရှိဘဲ ကျွန်တော်တို့သည် ယေဘုယျ ဆိုရှယ်ဒီမိုကရက်များ၏ အဓိကနှင့် ခိုင်မာသည့်တာဝန်ဖြစ်သောမှုနှင့်အညီ အားလုံးအကျုံးဝင်လာသည့် ဝါဒဖြန့်ချိရေးနှင့် လှုံ့ဆော်ရေးတာဝန်ကို ထမ်းဆောင်နိုင်မှာမဟုတ်ဘဲ၊ အထူးသဖြင့် နိုင်ငံရေး၌ စိတ်ဝင်စားလာပြီး၊ ဆိုရှယ်လစ်ပြဿနာများနှင့် ပတ်သက်ပြီး ကျယ်ပြန့်သည့်လူထုအကြား နိုးကြားလာသည့် လက်ရှိကာလ၏ အရေးပေါ်တာဝန်ကို ထမ်းဆောင်နိုင်မည်မဟုတ်ပါ။'' **(လီနင်ကျမ်းပေါင်းစုံ၊ ရုရှားဘာသာ အတွဲ ၄၊ နှာ–၁၁၀)**

လီနင်က ဤကဲ့သို့သတင်းစာက ပါတီကို အတွေးအခေါ်အရ စုစည်းလာနိုင်စေရုံမက ပါတီတွင်းက ဒေသအဖွဲ့အစည်းများကိုလည်း စည်းရုံးရေးအရ စည်းလုံးညီညွတ်လာစေနိုင်သည်ဟု မြင်ခဲ့ပါ

---

*၅။ ပါတီထူထောင်ခြင်းကိုဆိုလိုသည်။*

သည်။ ဒေသအဖွဲ့အစည်းများကို ကိုယ်စားပြုသည့် သတင်းစာ၏ ကိုယ်စားလှယ်များနှင့် သတင်းထောက်ပိုက်ကွန်သည် ပါတီကို စည်းရုံးရေးအရ တည်ဆောက်ပေးနိုင်မည့်ပုံကြမ်း ဖြစ်လာနိုင်စေပေမည်။ အဘယ်ကြောင့်ဆိုသော် လီနင်က “သတင်းစာဆိုတာ စုပေါင်းဝါဒဖြန့်ချိသူနှင့် စုပေါင်းလှုံ့ဆော်သူ သာမက၊ စုပေါင်းစည်းရုံးသူလည်းဖြစ်သည်” ဟုဆိုခဲ့ပါသည်။

ထိုစာတမ်းမှာပဲ လီနင်က ဤကဲ့သို့သော ကိုယ်စားလှယ်ပိုက်ကွန်သည် ကျနော်တို့ လိုအပ်သည့် အဖွဲ့အစည်း၏ ပုံကြမ်း အတိအကျကို ဖွဲ့စည်းပုံဖော်ပေးလိမ့်မည်။ ဆိုလိုတာကတော့ တနိုင်ငံလုံး လွှမ်းခြုံနိုင်လောက်အောင်ကြီးမားသည့်၊ တင်းကျပ်ပြီးအသေးစိတ်ကျသည့် လုပ်အားခွဲဝေမှုကို အကောင်အထည်ဖော် လုပ်ဆောင်နိုင်လောက်အောင် ကျယ်ပြန့်ဘက်စုံသည့် အခြေအနေအားလုံး၊ “အလှည့်အပြောင်း”အားလုံးနှင့် အရေးပေါ်ကိစ္စ အားလုံးတို့အောက်တွင် မိမိတို့၏ ကိုယ်ပိုင်လုပ်ငန်းတာဝန်ကို မယိမ်းမယိုင် ဆက်လက်ထမ်းဆောင်နိုင်လောက်အောင် အစမ်းသပ်ခံပြီး သံခဲတင်ခံပြီးသည့်၊ အင်အားကြီးမားသည့် ရန်သူနှင့် ပြောင်တိုက်ပွဲဆင်နွှဲရေးကို ရှောင်ကြဉ်နိုင်ပြီး၊ တနေရာတည်း၌ မိမိအား အားလုံးကို စုစည်းနိုင်သည့်အခါ ရန်သူ၏ အားနည်းချက်၊ ချို့ယွင်းချက်ကို အခွင့်ကောင်းယူပြီး၊ မမျှော်လင့်ဆုံးအချိန်နှင့် နေရာကို ရွေးပြီး၊ ရန်သူကို တိုက်နိုင်လောက်အောင် နည်းပရိယာယ် ပျော့ပျောင်းသည့် အဖွဲ့အစည်းကို ဆိုလိုသည်။ **(အထက်ပါ ကျမ်း၊ စာမျက်နှာ–၁၁၂)**

“အစ္စကရာ”သည် ဤကဲ့သို့သော သတင်းစာဖြစ်ရန် ဖြစ်သည်။

“အစ္စကရာ”သည် ဤကဲ့သို့သော နိုင်ငံရေးသတင်းစာတရပ် တကယ်ပဲ ဖြစ်လာခဲ့ပြီး၊ ရုရှားတပြည်လုံးဖြန့်ချိကာ ပါတီအတွက် အတွေးအခေါ်နှင့် စည်းရုံးရေး အခြေခံမှုအတွက် လမ်းခင်းပြင်ဆင်ပေးပါသည်။

ပါတီကိုယ်တိုင်၏ အဆောက်အအုံနှင့် ဖွဲ့စည်းပုံနှင့် ပတ်သက်ပြီး လီနင်သည် အပိုင်း ၂ ပိုင်း ပါဝင်သင့်သည်ဟု မြင်ပါသည်။ (က) အချိန်ပြည့် တော်လှန်ရေးသမားများ အဓိကပါဝင်သည့် ပါတီလုပ်သားများကို ခေါင်းဆောင်နေသည့် ပုံမှန်ကေဒါများ၏ နီးကပ်သိပ်သည်းသည့်အစု၊ ဆိုလိုသည်မှာ ပါတီလုပ်ငန်းမှလွဲ၍ အခြားအလုပ်များမရှိသည့် ပါတီလုပ်သားများဖြစ်ပြီး၊ ၎င်းတို့သည် သဘောတရားရေးအခြေခံ၊ နိုင်ငံရေးအတွေ့အကြုံ၊ စည်းရုံးရေးလက်တွေ့နှင့် ဇာဘုရင်အစိုးရကို ယှဉ်ပြိုင်ပြီး လှည့်စားနိုင်သည့် အတတ်ပညာတို့၏ အနိမ့်ဆုံး လိုအပ်ချက်များကို ရရှိထားသူများကို ဆိုလိုသည်။ (ခ) ထောင်သောင်းချီသည့် လုပ်သားပြည်သူများ၏ စာနာထောက်ခံ လေးစားမှုကိုရရှိသည့် ပါတီဝင်အများအပြားနှင့် ဒေသပါတီအဖွဲ့အစည်းများ၏ ကျယ်ပြန့်သည့်ပိုက်ကွန် ဆိုသည့်အပိုင်း ၂ ပိုင်းဖြစ်ပါသည်။

လီနင်က “ကျွန်တော် အခိုင်အမာ ပြောချင်တာကတော့ (၁) တဆက်တစပ်တည်း အဆက်မပြတ်မှုကိုထိန်းသိမ်းသည့် တည်ငြိမ်သည့် ခေါင်းဆောင်အဖွဲ့အစည်းမရှိဘဲ မည်သည့်တော်လှန်ရေးလှုပ်ရှားမှုမှ ခံနိုင်ရည်မရှိနိုင်။ (၂) တိုက်ပွဲအတွင်းသို့ လူထု၏ အလိုအလျောက် လိုမ့်ဝင်လာမှု များပြားလာလေလေ၊ ဤကဲ့သို့သော အဖွဲ့အစည်း လိုအပ်မှုက ပိုမိုအရေးတကြီး အလျင်လိုအပ်လေဖြစ်ကာ၊ ဤအဖွဲ့အစည်းကို ပိုမိုခိုင်မာအောင် တည်ဆောက်ရလေဖြစ်ပါလိမ့်မည်။ (၃) ဤကဲ့သို့သော အဖွဲ့အစည်းတွင် တော်လှန်ရေးလုပ်ငန်းများ၌ အချိန်ပြည့်ပါဝင်လုပ်ဆောင်နေသည့်သူများ အဓိက ပါဝင် ရမည်။ (၄) သက်ဦးဆံပိုင်နိုင်ငံ၌ ဤကဲ့သို့သော အဖွဲ့အစည်း၏ ပါတီဝင်ခွင့်ကို တော်လှန်ရေး လုပ်ငန်း များတွင်

အချိန်ပြည့်လုပ်ဆောင်နေကြပြီး၊ နိုင်ငံရေးပုလိပ်များနှင့် ရင်ဆိုင်နည်းများကို အပြည့်အ၀ တတ်ကျွမ်းထားသည့် သူများအပေါ် ၌သာ ပိုမိုကန့်သတ်ထားလေလေ၊ ဤကဲ့သို့သော အဖွဲ့ အစည်း ကို ချေမှုန်းရန် ပိုမိုခက်ခဲလေဖြစ်ပြီး၊ (၅) လှုပ်ရှားမှုအတွင်း ၀င်လာနိုင်ပြီး တက်ကြွသည့် လုပ်ငန်းများကို လုပ်ဆောင်နိုင်မည့် အလုပ်သမားလူတန်းစားနှင့် လူ့အဖွဲ့အစည်းမှ တခြားလူတန်း စားများ၏ အရေအတွက် ပိုမိုများပြားလေ ဖြစ်လာနိုင်ပါသည်။ (**အထက်ပါကျမ်း–စာမျက်နှာ–၄၅၆**)

တည်ဆောက်နေဆဲ ပါတီ၏လက္ခဏာနှင့် ၎င်း၏အလုပ်သမားလူတန်းစားနှင့် ဆက်စပ်သည့် အခန်းနှင့် ၎င်း၏ ရည်မှန်းချက်၊ ရည်ရွယ်ချက်များနှင့် ပတ်သက်ပြီး လီနင်က ပါတီသည် အလုပ်သမားလူတန်းစား၏တပ်ဦး ဖြစ်သင့်ပြီး၊ အလုပ်သမားလူတန်းစားလှုပ်ရှားမှု၏ ဦးဆောင်အင်အား ဖြစ်သင့်ပြီး၊ ပစ္စည်းမဲ့များ၏ လူတန်းစားတိုက်ပွဲနှင့် ဆက်စပ်ပေါင်းစပ်ပြီး ညွှန်ကြားသင့်သည်ဟု ယူဆသည်။ ပါတီ၏ အဆုံးစွန်ရည်မှန်းချက်ကတော့ အရင်းရှင်စနစ်ကို ဖယ်ရှားပြီး၊ ဆိုရှယ်လစ်စနစ်ကို တည် ထောင်ရန်ဖြစ်ပါသည်။ လတ်တလောရည်ရွယ်ချက်က ဇာဘုရင်စနစ်ကို ဖြုတ်ချပြီး ဒီမိုကရေစီခေတ်ကို တည်ထောင်ရန်ဖြစ်သည်။ ဇာဘုရင်စနစ်ကို အရင်ဖြုတ်မချဘဲ အရင်းရှင်စနစ်ကို တိုက်ဖျက်ရန်မဖြစ် နိုင်သည့်အတွက် လက်ရှိအချိန်ကာလတွင် ပါတီ၏ အဓိကတာ၀န်သည် အလုပ်သမားလူတန်းစားနှင့် ပြည်သူလူထုအားလုံးကို ဇာဘုရင်အစိုးရကို ဆန့်ကျင်တိုက်ခိုက်ရန်၊ လှုံ့ဆော်ရန်၊ ၎င်းကို ဆန့်ကျင်သည့်ပြည်သူများ၏ တော်လှန်ရေးလှုပ်ရှားမှုကို ဖြစ်ပေါ်တိုးတက်စေရန်၊ ၎င်းကို ဆိုရှယ်လစ်စနစ် ချီတက်ရာလမ်းရှိ ပထမနှင့် အရေးကြီးသည့် အတားအဆီး အနှောင့်အယှက်အဖြစ် ဖြိုချဖျက်ဆီးရန် တို့ဖြစ်ပါသည်။

လီနင်က "သမိုင်းက ကျွန်တော်တို့ကို ယခုအခါမှာ မည်သည့်နိုင်ငံက ပစ္စည်းမဲ့မဆို ရင်ဆိုင်နေရသည့် လတ်တလောတာ၀န်များအားလုံးထဲမှ "တော်လှန်ရေးအကျဆုံးသော" လတ်တလောတာ၀န်နှင့် ရင်ဆိုင်ပေးလိုက်ပါပြီ။ ဤတာ၀န်ကို အောင်မြင်ပြီးမြောက်ခြင်း၊ ဥရောပ သာမက (ယခုအခါတွင် ပြောဆိုနိုင်ပြီဖြစ်သည့်) အာရှတိုက် ဖောက်ပြန်မှုများ၏ အင်အားအကြီးဆုံး ခံတပ်ကြီးကို ဖျက်ဆီးလိုက်ခြင်းတို့က ရုရှားပစ္စည်းမဲ့များကို နိုင်ငံတကာ တော်လှန်သည့်ပစ္စည်းမဲ့များ၏တပ်ဦး ဖြစ်လာစေလိမ့်မည်။" (**အထက်ပါစာစောင် နှာ–၃၈**) ထို့အပြင်...

"ကျွန်တော်တို့သိထားသင့်တာကတော့ တစိတ်တပိုင်းတောင်းဆိုမှုများအတွက် အစိုးရနှင့် တိုက်ပွဲဆင်တာ၊ တစိတ်တပိုင်း အလျှော့ပေးမှု အခွင့်အရေးရရှိတာတွေဟာ ရန်သူနဲ့ သေးငယ်တဲ့ တိုက်ပွဲလေးများ၊ အပြင်ကင်းစခန်းများမှာဖြစ်ရတဲ့ တိုက်ပွဲလေးများသာဖြစ်ပြီး၊ အပြတ်အသတ် တိုက်ပွဲတရပ်လာလိမ့်ဦးမည်ဆိုတာပါပဲ။ ကျွန်တော်တို့ ရှေ့မှာ ရှိသမျှသောအင်အားနဲ့ ရန်သူ၏ ခံတပ်ရှိနေပြီး၊ ကျွန်တော်တို့အပေါ် ကျည်ဆံမိုး၊ အမြောက်ဆံမိုး ရွာသွန်းနေကာ၊ ကျွန်တော်တို့၏ အကောင်းဆုံးသော တိုက်ခိုက်ရေးသမားများကို အတုံးအရုံးကျဆုံးစေနေပါသည်။ ကျွန်တော်တို့သည် ဤခံတပ်ကို သိမ်းပိုက်ရမည်။ ကျွန်တော်တို့သည် နိုးကြားလာသော ပစ္စည်းမဲ့အင်အားစုအားလုံးကို ရုရှား တော်လှန်ရေးသမားအားလုံးနှင့် တပါတီတည်း ပေါင်းစပ်စည်းရုံးကာ၊ ရုရှားရှိ အသက်ရှိ ရှိုးသားသူအားလုံးကို စည်းရုံးဆွဲဆောင်နိုင်ပါက ကျွန်တော်တို့သည် ဤခံတပ်ကို သိမ်းပိုက်နိုင်ပါလိမ့်မည်။ ထိုအချိန်မှသာလျှင် ရုရှားအလုပ်သမားတော်လှန်ရေးသမား ပြုအက်လက်ဇီယက်ဗ် (Pyotr Alexeyev) ၏ ကြီးမြတ်တဲ့နိမိတ်ဖတ်ချက် "သန်းနှင့်ချီသည့် အလုပ်သမားများ၏ သန်မာ တောင့်တင်းတဲ့လက်များ မြောက်တက်လာပြီး စစ်သားများ၏ လုံ့စွပ်များနှင့် စောင့်ကြပ်ကာကွယ် ထားရ

သည့် အာဏာရှင်စနစ်ဆိုးသည်လည်း မှုန့်မှုန့်ညက်ညက်ချေခြင်းခံရမည်ဆိုတာလည်း ပြည့်ဝ လာပါလိမ့်မည်။'' (**အထက်ပါစာစောင်၊ စာမျက်နှာ–၅၉**)

ဤသည်မှာ သက်ဦးဆံပိုင် ဇာဘုရင် ရုရှား၌ အလုပ်သမားလူတန်းစားပါတီ တည်ဆောက်ရေး အတွက် လီနင်၏စီမံကိန်း ဖြစ်ပါသည်။

''စီးပွားရေးဝါဒီများ''က လီနင်၏ စီမံကိန်းကို တိုက်ခိုက်ရန် အနည်းငယ်မှ နှောင့်နှေးခြင်း မရှိခဲ့ပါ။ ၎င်းတို့က ဇာဘုရင်စနစ်ကိုဆန့်ကျင်သည့် အထွေထွေနိုင်ငံရေးတိုက်ပွဲသည် လူတန်းစားအားလုံး၏ အရေးကိစ္စဖြစ်သော်လည်း အဓိကမှာ ဓနရှင်များ၏ အရေးဖြစ်ပြီး၊ ထို့ကြောင့် အလုပ်သမားလူတန်းစားအတွက် အရေးတကြီး စိတ်ဝင်စားစရာမလို။ အဘယ်ကြောင့်ဆိုသော် အလုပ်သမားများ၏ အဓိကစိတ်ဝင်စားမှုမှာ အလုပ်ရှင်များထံမှ လစာမြင့်ရေး၊ အလုပ်အကိုင် အခြေအနေတိုးတက်ကောင်းမွန်ရေး စသဖြင့် တောင်းဆိုသည့် စီးပွားရေးတိုက်ပွဲတွင်သာ ဖြစ်သောကြောင့်ဖြစ်သည်ဟု ဆိုကြပါသည်။ ထို့ကြောင့် ဆိုရှယ်ဒီမိုကရက်များ၏ အဓိကနှင့် လတ်တလောရည်ရွယ်ချက်မှာ ဇာဘုရင်စနစ် အပေါ်ဆန့်ကျင်သည့် နိုင်ငံရေးတိုက်ပွဲ ဆင်နွဲပြီး ဇာဘုရင်စနစ်ကို ဖြုတ်ချရန် မဖြစ်သင့်ဘဲ၊ ''အလုပ်သမားများ၏ အလုပ်ရှင်နှင့် အစိုးရကို ဆန့်ကျင်သည့် စီးပွားရေးတိုက်ပွဲ''ဆင်နွဲရန် စည်းရုံးလုပ်ဆောင်မှုသာ ဖြစ်သင့်သည်။ အစိုးရကို ဆန့်ကျင်သည့် စီးပွားရေးတိုက်ပွဲဆိုသည်မှာ ပိုမိုကောင်းမွန်သည့် စက်ရုံဥပဒေများအတွက် တိုက်ပွဲဝင်ရန် ဆိုလိုသည်။ ''စီးပွားရေးဝါဒီများ''က ဤနည်းဖြင့် ''စီးပွားရေးတိုက်ပွဲကိုယ်တိုင် နိုင်ငံရေးလက္ခဏာဆောင်လာရေး'' ဖြစ်လာနိုင်တယ်လို့ ပြောဆိုလာကြပါသည်။

''စီးပွားရေးဝါဒီများ''သည် အလုပ်သမားလူတန်းစား၏ နိုင်ငံရေးပါတီတရပ် လိုအပ်မှုကို ပြောင်ဆက်လက် ပြိုင်ဆိုင်ပြောဆိုရန် မဝံ့တော့ပါ။ သို့သော် သူတို့က ၎င်းသည် အလုပ်သမားလူတန်းစား၏ ဦးဆောင်အင်အား မဖြစ်သင့်ဘဲ၊ အလုပ်သမားလူတန်းစား၏ အလိုအလျောက် ပေါ်လာသည့်လှုပ်ရှားမှုကို ညွှန်ကြားရန် မဆိုထားနှင့် ဝင်ရောက်စွက်ဖက်ခြင်း မပြုသင့်သော်လည်း ၎င်းသည် ဤလှုပ်ရှားမှု၏ နိုးကြားထကြွလာမှုကို လိုက်လံလေ့လာကာ ၎င်းမှ သင်ခန်းစာများ ယူသင့်သည်ဟု ယူဆသည်။

ထို့အပြင် ''စီးပွားရေးဝါဒီများ''က အလုပ်သမားလူတန်းစားလှုပ်ရှားမှုတွင်းက အသိစိတ်ဓာတ်ရှိသည့် အင်အားစု၏ အခန်းသည်လည်းကောင်း၊ ဆိုရှယ်လစ်အသိစိတ်ဓာတ်နှင့် ဆိုရှယ်လစ်သဘောတရား၏ စုရုံးလှုပ်ရှား ညွှန်ကြားဦးဆောင်သည့် အခန်းသည်လည်းကောင်း မပြောပလောက်ကြောင်း သို့မဟုတ် မပြောပလောက်နီးပါးပင် ဖြစ်ကြောင်း၊ ဆိုရှယ်ဒီမိုကရက်များသည် အလုပ်သမားများ၏ စိတ်ဓာတ်ကို ဆိုရှယ်လစ်အသိစိတ်ဓာတ်အထိ မမြှင့်တင်သင့်ဘဲ ဆန့်ကျင်စွာပင် ၎င်းတို့ကိုယ် ၎င်းတို့ထိန်းညှိကာ အလုပ်သမားလူတန်းစား၏ သာမန်အဆင့် သို့မဟုတ် ပိုမိုနောက်ကျသည့် အစိတ်အပိုင်းအဆင့်ထိ လျှော့ချသင့်ကြောင်းနှင့် ဆိုရှယ်ဒီမိုကရက်များသည် အလုပ်သမားလူတန်းစားကို ဆိုရှယ်လစ်အသိစိတ်ဓာတ်ပညာပေးခြင်းကို မကြိုးစားသင့်ဘဲ၊ အလုပ်သမားလူတန်းစား၏ အလိုအလျောက် လှုပ်ရှားမှုက ဆိုရှယ်လစ်စိတ်ဓာတ် အသိရောက်ရှိလာသည်အထိ စောင့်သင့်ကြောင်းကို ဖော်ပြပြောဆိုကြသည်။

လီနင်၏ ပါတီစည်းရုံးဖွဲ့စည်းရေးစီမံကိန်းနှင့်ပတ်သက်၍ “စီးပွားရေးဝါဒီများ” က အလိုအလျောက်လှုပ်ရှားမှုကိုဆန့်ကျင်သည့် အကြမ်းဖက်လုပ်ရပ်တခု နီးပါးမျှ သဘောထားသည်။

“အစ္စကရာ”သတင်းစာကော်လံများမှလည်းကောင်း၊ အထူးသဖြင့် ၎င်း၏ ကျော်ကြားလှသော “ကျွန်တော်တို့ ဘာလုပ်ကြမည်နည်း” စာအုပ်မှလည်းကောင်း၊ လီနင်သည် “စီးပွားရေးဝါဒီများ၏” ဤအချောင်သမားအဘိဓမ္မာကို အပြင်းအထန် တိုက်ခိုက်ပြီး ချေမှုန်းလိုက်ပါသည်။

(၁) လီနင်က ဇာဘုရင်စနစ်ကို ဆန့်ကျင်တိုက်ခိုက်သည့် အထွေထွေနိုင်ငံရေးတိုက်ပွဲမှ အလုပ်သမားလူတန်းစားကို လွှဲဖယ်ပြီး၊ အလုပ်ရှင်နှင့် အစိုးရဆီမှတောင်းဆိုသည့် စီးပွားရေးတိုက်ပွဲတွင်သာ ၎င်းတို့၏တာဝန်များကို ကန့်သတ်ထားပြီး၊ တချိန်တည်းမှာ အလုပ်ရှင်နှင့်အစိုးရကို နဂိုအတိုင်းထားခြင်းသည် အလုပ်သမားများကို အဆုံးအစမရှိသော ကျေးကျွန်အဖြစ် စီရင်ချက်ချလိုက်ခြင်းသာဖြစ် ကြောင်း ပြသလိုက်သည်။ အလုပ်ရှင်နှင့် အစိုးရကို ဆန့်ကျင်သည့်အလုပ်သမားများ၏ စီးပွားရေး တိုက်ပွဲသည် ၎င်းတို့၏လုပ်အားကို အရင်းရှင်များထံရောင်းချရာတွင် ပိုမိုကောင်းမွန်သည့် အချက် အလက်များရရှိရန် ဆင်နွှဲသည့် အလုပ်သမားသမဂ္ဂတိုက်ပွဲဖြစ်သည်။ သို့သော် အလုပ်သမား များသည် မိမိတို့၏ လုပ်အားကို အရင်းရှင်များထံ ရောင်းချရာတွင် ပိုမိုကောင်းမွန်သည့် အချက် အလက်များ ရရန်အတွက် တိုက်ပွဲဆင်ချင်ရုံမက ၎င်းတို့လုပ်အားကို အရင်းရှင်များထံရောင်းချရန်နှင့် သွေးစုပ်ခံရန်စီရင်ထားသည့် အရင်းရှင်စနစ်ကိုလည်း ဖျက်သိမ်းရန် တိုက်ပွဲဆင်လိုကြပါသည်။ သို့သော်လည်း အလုပ်သမားလူတန်းစားလှုပ်ရှားမှုခရီးလမ်းကို အရင်းရှင်စနစ်၏ အိမ်စောင့်ခွေး ဇာဘုရင်စနစ်က တားဆီးပိတ်ဆို့ထားသရွေ့ အလုပ်သမားများအနေနှင့် အရင်းရှင်စနစ်ကို ဆန့်ကျင်သည့် ၎င်းတို့တိုက်ပွဲနှင့် ဆိုရှယ်လစ်စနစ် အပြည့်အဝရရန်အတွက် ၎င်းတို့၏တိုက်ပွဲကို ဖြစ်ပေါ် တိုးတက်ရန် မပြုနိုင်ချေ။ ထို့ကြောင့် ပါတီနှင့် အလုပ်သမားလူတန်းစား၏ လတ်တလော တာဝန်မှာ ခရီးလမ်းမှ ဇာဘုရင်စနစ်ကိုဖယ်ရှားပြီး၊ ဤနည်းဖြင့် ဆိုရှယ်လစ်စနစ်သို့ သွားရာလမ်းကို ရှင်းလင်းရန်ဖြစ်ပါသည်။

(၂) လီနင်က အလုပ်းသမားလူတန်းစားလှုပ်ရှားမှု၏ အလိုအလျောက်ဖြစ်စဉ်ကို ချီးကျူးခြင်း၊ ပါတီ၏ ခေါင်းဆောင်မှုအခန်းကို ငြင်းပယ်ခြင်း၊ ပါတီ၏အခန်းကို အဖြစ်အပျက်များ၏ မှတ်တမ်းတင်သူ အဆင့်သို့လျှော့ချခြင်းတို့သည် “နောက်မြီးဆွဲဝါဒ”ကိုဟောပြောရန် ပါတီကို အလိုအလျောက်ဖြစ်စဉ်၏ နောက်မြီးဆွဲအဖြစ်သို့လည်းကောင်း၊ လှုပ်ရှားမှု၏ မတက်ကြွသော အင်အားအဖြစ်သို့ လည်းကောင်း ကူးပြောင်းစေပြီး၊ အလိုအလျောက် အဖြစ်အပျက်များကို စဉ်းစားဆင်ခြင်ရုံနှင့် အဖြစ်အပျက်များကို ၎င်းတို့ဘာသာ၎င်းတို့ လမ်းရှာသွားရေးကို ခွင့်ပြုရုံအဖြစ်သာ လုပ်ဆောင်ရန်ကိုသာ ဆိုလိုရင်းဖြစ်ကြောင်း ဖော်ပြလိုက်ပါသည်။ ဤအရာများကို ရှေ့နေလိုက်ပြောဆိုနေခြင်းက ပါတီဖျက်ဆီးရေးကို လုပ်နေကြခြင်းဖြစ်ပါသည်။ ဆိုလိုတာကတော့ အလုပ်သမားလူတန်းစားမှာ ပါတီမရှိအောင်၊ အလုပ်သမားလူတန်းစားမှာ လက်နက်မဲ့နေအောင် လုပ်နေခြင်းသာဖြစ်ပါသည်။ ခြေဆုံးခေါင်းဆုံး လက်နက်တပ်ဆင်ထားသည့် ဇာဘုရင်စနစ်နှင့် ခေတ်သစ်စနစ်များနှင့် ဖွဲ့စည်းထားပြီး၊ ၎င်းတို့တိုက်ပွဲကို ညွှန်ကြားဦးစီးမည့် ကိုယ်ပိုင်ပါတီရှိထားတဲ့ ခနရှင်ကဲ့သို့သော ရန်သူများနဲ့ရင်ဆိုင်နေရသည့် အလုပ်သမားလူတန်းစားကို လက်နက်မဲ့အောင်လုပ်ခြင်းသည် အလုပ်သမားလူတန်းစားကို သစ္စာဖောက်ခြင်းဖြစ်သည်။။

(၃) လီနင်က အလုပ်သမားလူတန်းစား၏ အလိုအလျောက်လှုပ်ရှားမှုကို ကာကွယ်ခြင်းနှင့် အသိစိတ်ဓာတ်၊ ဆိုရှယ်လစ်အသိစိတ်ဓာတ်နှင့် ဆိုရှယ်လစ်သဘောတရားတို့၏ အရေးကြီးမှုကို သေးသိမ်အောင်လုပ်ခြင်းသည် ပထမအချက် အနေနှင့် အလင်းရောင်ရှိရာ ဆွဲဆောင်ခြင်းခံရသကဲ့သို့ အသိစိတ်ဓာတ်ရှိလာသည့် အလုပ်သမားများကို စော်ကားမှုဖြစ်ပြီး၊ ဒုတိယအချက်အနေနှင့် ပါတီ၏ အမြင်တွင် သဘောတရား၏ တန်းဖိုးကို လျှော့ချလိုက်ခြင်း၊ တနည်း ပါတီကို လက်ရှိအခြေအနေ ကိုနားလည်စေပြီး အနာဂတ်ကိုကြိုတင်မြင်နိုင်စေရန်ကူညီခဲ့သည့် ကိရိယာကို တန်ဖိုးလျှော့ချလိုက် ခြင်းဖြစ်ကာ၊ တတိယ အချက်အနေနှင့် အချောင်ဝါဒညွန်တွင်းကို လုံးလုံးလျားလျား ပြုပြင်ပြောင်း လဲလို့မရအောင် နစ်မြုပ်သွားရေးတို့အတွက်သာဖြစ်ကြောင်း ပြဆိုလိုက်သည်။

လီနင်က "တော်လှန်တဲ့သဘောတရားမရှိဘဲ တော်လှန်တဲ့လှုပ်ရှားမှုမရှိနိုင် —— တပ်ဦး တိုက်ခိုက်ရေးသမား၏ အခန်းကို ရှေ့တန်းအရောက်ဆုံး သဘောတရား၏ ဦးဆောင်မှုရှိသည့် ပါတီ တရပ်ကသာလျှင် ဖြည့်ဆည်းနိုင်ပေလိမ့်မည်" လို့ဆိုခဲ့ပါသည်။ (**လီနင်လက်ရွေးစဉ်ကျမ်း၊ အင်္ဂလိပ် ဘာသာ၊ မော်စကို ၄၇၊ အတွဲ၁၊ စာမျက်နှာ ၁၆၃–၁၆၄**)

(၄) လီနင်က စီပွားရေးဝါဒီများက ဆိုရှယ်လစ်အတွေးအခေါ်ဟာ အလုပ်သမားလူတန်းစား၏ အလိုအလျောက်လှုပ်ရှားမှုမှ ပေါ်ပေါက်လာနိုင်တယ်လို့ ပြောဆိုနေတဲ့အချိန်မှာ သူတို့ဟာ အလုပ် သမားလူတန်းစားကို လိမ်လည်လှည့်ဖြားနေခြင်းဖြစ်ကြောင်း ပြသလိုက်ပါသည်။ အမှန်မှာ ဆို ရှယ်လစ်အတွေးအခေါ်မှာ အလိုအလျောက်လှုပ်ရှားမှုများမှ ပေါ်ပေါက်ခြင်းမဟုတ်ဘဲ၊ သိပ္ပံပညာမှ ပေါ်ထွက်ခြင်းကြောင့် ဖြစ်ပါသည်။ အလုပ်သမားလူတန်းစားကို ဆိုရှယ်လစ် အသိစိတ်ဓာတ်သွင်း ပေးခြင်း၏ လိုအပ်မှုကို ငြင်းဆိုခြင်းဖြင့် "စီးပွားရေးဝါဒီများ"သည် ဓနရှင်အတွေးအခေါ်အတွက် လမ်း ရှင်းပေးပြီး၊ အလုပ်သမားလူတန်းစားအကြား ဤအတွေးအခေါ်တင်သွင်းရန် ပျံ့နှံ့စေရန် လွယ်ကူ ချောမောစေပြီး၊ အကျိုးဆက်အားဖြင့် အလုပ်သမား လူတန်းစားလှုပ်ရှားမှုနှင့် ဆိုရှယ်လစ်စနစ် အကြား ပူးပေါင်းမှု၏ အကြံဉာဏ်ကို မြှုပ်နှံပစ်လိုက်ပြီး၊ ဤနည်းဖြင့် ဓနရှင်များကို ကူညီလိုက် ပါသည်။

လီနင်က "အလုပ်သမားလှုပ်ရှားမှု၏ အလိုအလျောက်ဖြစ်မှုအပေါ် ကိုးကွယ်မှုအားလုံး "အ သိစိတ်ဓာတ်အင်အား"၏ အခန်း၊ ဆိုရှယ်ဒီမိုကရေစီပါတီ၏ အခန်းကို သေးသိမ်အောင်လုပ်မှု အားလုံးသည် သေးသိမ်အောင်လုပ်သူများက ကြိုက်နှစ်သက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ဒါတွေနဲ့ လုံးဝမဆိုင်ဘဲ အလုပ်သမားများအကြား ဓနရှင်အတွေးအခေါ်ဂယက်များ အင်အားကြီးလာ အောင်လုပ်ဆောင်ခြင်းသာဖြစ်သည်။" ဟုဆိုသည်။ (**အထက်ပါစာစောင်၊ စာမျက်နှာ–၁၇၃**)

ထို့အပြင်ဆက်လက်ပြီး "ရွေးစရာတခုတည်းပါဘဲ"။ ဓနရှင်အတွေးအခေါ်လား (သို့မဟုတ်) ဆိုရှယ်လစ် အတွေးအခေါ်လား။ အလယ်လမ်းမရှိပါ။ ထို့ကြောင့် မည်သည့်နည်းနှင့် ဖြစ်ဖြစ်၊ ဆိုရှယ်လစ်အတွေးအခေါ်ကို သေးသိမ်အောင်လုပ်ခြင်း၊ ၎င်းမှ အနည်းငယ်လေးမျှ လှည့်လိုက်ခြင်း သည် ဓနရှင် အတွေးအခေါ်ကို အင်အားကြီးအောင်လုပ်ခြင်းဖြစ်သည်။ (**အထက်ပါစာစောင်၊ စာမျက် နှာ–၁၇၄၊ ၁၇၅**)

(၅) "စီးပွားရေးဝါဒီများ"၏ ဤအမှားများကို ပေါင်းချုပ်ပြီးနောက်၊ လီနင်က ၎င်းတို့သည် အလုပ်သမားလူတန်းစားကို အရင်းရှင်စနစ်မှ လွတ်မြောက်စေမည့် လူမှုတော်လှန်ရေးပါတီတရပ်ကို

လိုချင်တာမဟုတ်ဘဲ "လူမှုပြုပြင်ရေး" ပါတီတရပ်ကိုသာ လိုချင်တာဖြစ်ကြောင်း နိဂုံးချုပ်ပေးလိုက်ပါသည်။ ဤကဲ့သို့သောပါတီမျိုးသည် အရင်းရှင်စနစ် ထိန်းသိမ်းရေးကို ကြိုတင်ယူဆထားပြီး၊ အကျိုးဆက်အားဖြင့် "စီးပွားရေးဝါဒီများ"သည် ပစ္စည်းမဲ့များ၏ အခြေခံအကျိုးစီးပွားကို သစ္စာဖောက်သည့် ပြုပြင်ရေးသမားများသာ ဖြစ်ပေတော့သည်။

**(၆)** နောက်ဆုံးအနေနှင့် လီနင်က "စီးပွားရေးဝါဒ"သည် ရုရှား၌ မတော်တဆပေါ်ထွက်လာသည့် ကိစ္စမဟုတ်ဘဲ "စီးပွားရေးဝါဒီများ"သည် အလုပ်သမားလူတန်းစားအပေါ် ခေနရှင်ဩဇာ လွှမ်းမိုးလာမှုသာဖြစ်ပြီး၊ ၎င်းတို့သည် အနောက်ဥရောပ ဆိုရှယ်ဒီမိုကရေစီပါတီများမှ လူပုဂ္ဂိုလ်ပြန်လည်ပြင်ဆင်ရေးသမားများ၊ အချောင်သမား ဘန့်စတိန်း၏ နောက်လိုက်များနှင့် ပူးပေါင်းမဟာမိတ်ပြုထားကြောင်းပြသလိုက်ပါသည်။ အနောက်ဥရောပ ဆိုရှယ်ဒီမိုကရေစီပါတီများမှာ အချောင်သမားတိမ်းစောင်းမှုများက အင်အားသာလွန်နေပြီး၊ မာ့က်စ်ကို "လွတ်လပ်စွာဝေဖန်နိုင်ခွင့်" တောင်းဆိုချက်နှင့် မာ့က်စ်ဝါဒသဘောတရားကို "ပြန်လည်ပြင်ဆင်ရန်"တောင်းဆိုလာကြသည်။ (ထို့ကြောင့် "ပြန်လည်ပြင်ဆင်ရေးဝါဒ" အမည်တွင်သည်။) တော်လှန်ရေးဆိုရှယ်လစ်စနစ်နှင့် ပစ္စည်းမဲ့အာဏာရှင် စနစ်တို့ကိုစွန့်လွှတ်ရန် တောင်းဆိုလာကြသည်။ လီနင်က ရုရှား "စီးပွားရေးဝါဒီများ" သည် တော်လှန်ရေးတိုက်ပွဲ၊ ဆိုရှယ်လစ်စနစ်နှင့် ပစ္စည်းမဲ့အာဏာရှင်စနစ်ကို စွန့်လွှတ်ရေးဆိုသည့် တူညီသည့် ပေါ်လစီကိုလိုက်နေကြောင်း ပြဆိုလိုက်ပါသည်။

ဤအရာများသည် လီနင်က "ကျွန်တော်တို့ ဘာလုပ်ကြမည်နည်း" တွင် ရှင်းလင်းပြသထားသည့် အဓိက သဘောတရားရေးရာမှုများ ဖြစ်ပါသည်။ ဤစာအုပ် အကျယ်အပြန့် ဖြန့်ချိနိုင်မှုကြောင့် ရုရှား ဆိုရှယ်ဒီမိုကရေစီပါတီ၏ ဒုတိယအကြိမ်ကွန်ဂရက်ကာလ၊ ထိုစာအုပ် ပုံနှိပ်ထုတ် ဝေပြီး၊ တနှစ်အတွင်း (စာအုပ်ကို ၁၉၀၂–မတ်လတွင် ထုတ်ဝေသည်) "စီးပွားရေးဝါဒ"၏ အတွေးအခေါ်ရေးရာရပ်တည်မှုနှင့် ပတ်သက်ပြီး မနှစ်မြို့ဖွယ် သတိရစရာအချက်အဖြစ်ကလွဲလို့ ဘာမှ မကျန်ရှိတော့ဘဲ "စီပွားရေးဝါဒီ" လို့အခေါ်ခံရခြင်းကို ပါတီဝင်ထုအများစုက စော်ကားချက်တရပ်လို့ သဘောထားလာကြပါတော့သည်။ ဤသည်မှာ စီးပွားရေးဝါဒအတွက် အချောင်သမားဝါဒ၊ နောက်မြီးဆွဲဝါဒ၊ အလိုအလျောက်ဝါဒတို့အတွက် အတွေးအခေါ်ရေးရာ အပြည့်အဝ ရှုံးနိမ့်မှုပင်ဖြစ်သည်။

လီနင်၏ "ကျွန်တော်တို့ ဘာလုပ်ကြမည်နည်း" စာအုပ်၏ထူးခြားချက်များမှာ ဤမျှမကပါ။ ဤကျော်ကြားလှသည့် စာအုပ်၏ သမိုင်းဝင်ထူး ခြားချက်များကတော့ အောက်ပါ အချက်များဖြစ်ပြီး၊ ၎င်းတို့တွင် လီနင်က–

**၁။** မာ့က်စ်ဝါဒ အတွေးအခေါ်သမိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် အချောင်သမားဝါဒသည် အရင်းခံအားဖြင့် အလုပ်သမားလူတန်းစား၏ အလိုအလျောက်လှုပ်ရှားမှုအပေါ် ကိုးကွယ်မှုနှင့် အလုပ်သမား လှုပ်ရှားမှုအတွင်း ဆိုရှယ်လစ်အသိစိတ်ဓာတ်အခန်းကို သေးသိမ်အောင်လုပ်မှုတို့ ပါဝင်ကြောင်းပြသကာ အချောင်သမားဝါဒ၏ အတွေးအခေါ် ရေသောက်မြစ်ကို ရှင်းလင်းစွာ ပြသလိုက်ပါသည်။

**၂။** အလုပ်သမားလူတန်းစား၏ အလိုအလျောက်လှုပ်ရှားမှုကို တော်လှန်ရေးဆန်ရေးနှင့် လမ်းညွှန်ရေးတို့တွင် သဘောတရား၊ အသိစိတ်ဓာတ်နှင့် ပါတီ၏ ကြီးမားလှသည့် အရေးပါမှုကို ဖော်ထုတ်လိုက်သည်။

၃။ မာ့က်စ်ဝါဒပါတီတရပ်သည် အလုပ်သမားလူတန်းစားလှုပ်ရှားမှုနှင့် ဆိုရှယ်လစ်စနစ်တို့၏ ပေါင်းစပ်မှုတရပ် ဖြစ်သည်ဆိုသော အခြေခံမာ့က်စ်ဝါဒ သဘောတရားတရပ်ကို ပြောင်မြောက်စွာ သက်သေပြသည်။

၄။ မာ့က်စ်ဝါဒပါတီတရပ်၏ အတွေးအခေါ်ရေးရာအခြေခံအချက်များကို ထူးခြားပြောင်မြောက်စွာ ရှင်းလင်းပြဆိုလိုက်သည်။

“ကျွန်တော်တို့ ဘာလုပ်ကြမည်နည်း”တွင် အသေးစိတ်ရှင်းလင်းခဲ့သော သဘောတရားရေးရာခံယူချက်များမှာ နောင်တွင် ဘော်ရှီဗစ်ပါတီ၏ အတွေးအခေါ်ရေးရာအခြေခံအုတ်မြစ် ဖြစ်လာပါသည်။

ဤကဲ့သို့သော သဘောတရားရေးရာ ကြွယ်ဝမှုများနှင့် “အစ္စကရာ”သည် လီနင်၏ ပါတီတည်ဆောက်ရေး စီမံကိန်းအတွက် ၎င်း၏အင်အားစုများကို စည်းရုံးရန်အတွက် ဒုတိယအကြိမ် ပါတီကွန်ဂရက်ခေါ်ရန်အတွက် တော်လှန်သည့် ဆိုရှယ်ဒီမိုကရေစီအတွက်နှင့် “စီးပွားရေးဝါဒီများ” ပြန်လည်ပြင်ဆင်ရေးသမားများနှင့် အမျိုးမျိုးသော အချောင်သမားများကို ဆန့်ကျင်ရန်အတွက် ကြီးမားကျယ်ပြန့်သည့် တိုက်ပွဲများကို ဖြစ်ပေါ်တိုးပွားစေနိုင်ပြီး တကယ်လည်း ဖြစ်ပေါ်စေခဲ့ပါသည်။

“အစ္စကရာ”ဆောင်ရွက်ချက်များအတွင်း အရေးကြီးဆုံး လုပ်ဆောင်ချက်မှာ ပါတီ၏ လုပ်ငန်းစဉ်ရေးဆွဲခြင်းဖြစ်ပါသည်။ အလုပ်သမားပါတီ၏ လုပ်ငန်းစဉ်မှာ ကျွန်တော်တို့သိကြသည့်အတိုင်း အလုပ်သမားလူတန်းစားတိုက်ပွဲ၏ ရည်ရွယ်ချက်နှင့်ရည်မှန်းချက်များကို တိုတိုတုတ်တုတ်နှင့် သိပ္ပံနည်းကျ ပုံဖော်ထားသည့် ကြေညာချက်ဖြစ်သည်။ လုပ်ငန်းစဉ်သည် ပစ္စည်းမဲ့တော်လှန်ရေး လှုပ်ရှားမှု၏ အဆုံးစွန်ပန်းတိုင်ကိုရော၊ အဆုံးစွန်ပန်းတိုင်အောင်မြင်ရေးအတွက် ချီတက်ရာလမ်းတလျှောက် ပါတီက တောင်းဆိုတိုက်ပွဲဝင်သည့် တောင်းဆိုချက်များကိုရော အဓိပ္ပာယ်ဖော်ရှင်းလင်းရသည်။ ထို့ကြောင့် လုပ်ငန်းစဉ်ရေးဆွဲရေးသည် ထိပ်တန်းအရေးကြီးပြဿနာတရပ်ဖြစ်ပါသည်။

လုပ်ငန်းစဉ်ရေးဆွဲနေစဉ် “အစ္စကရာ”၏ အယ်ဒီတာဘုတ်အဖွဲ့အတွင်း လီနင်က တဖက်နှင့် ပလက်ကနော့ဗ်နှင့် အခြားဘုတ်အဖွဲ့ဝင်များကတဖက် ကြီးမားစွာ သဘောထားကွဲလွဲမှု ပေါ်ပေါက်လာသည်။ ဤကွဲလွဲမှုများနှင့် အငြင်းအခုံများက လီနင်နှင့် ပလက်ကနော့ဗ်အကြား လုံးဝပြတ်တောက်လုမတတ်ဖြစ်လာပါတော့သည်။ သို့သော် ပြဿနာများသည် ထိုအချိန်က ထိပ်အထိ တက်မလာသေးပါ။ လုပ်ငန်းစဉ်မူကြမ်းတွင် ပစ္စည်းမဲ့အာဏာရှင်စနစ်၏ အရေးကြီးဆုံးစာပုဒ်နှင့် တော်လှန်ရေးတွင် အလုပ်သမားလူတန်းစား၏ ခေါင်းဆောင်မှုအခန်းအပေါ် ရှင်းလင်းသည့် ဖော်ပြချက်များ ထည့်သွင်းပါဝင်ရေးကို လီနင်က အရယူလိုက်ပါသည်။

လုပ်ငန်းစဉ်၏ မြေယာပိုင်းတခုလုံးကိုလည်း လီနင်ပဲ ရေးဆွဲခဲ့ပါသည်။ ထိုအချိန်ကတည်းကပင် လီနင်က မြေယာပြည်သူပိုင်လုပ်ရေးကို သဘောကျပြီးဖြစ်သော်လည်း တိုက်ပွဲ၏ ပထမအဆင့်တွင် လယ်သမားများ၏ “လွတ်မြောက်ရေး”ကာလက မြေရှင်များ ဖြတ်တောက်ယူငင်ထားသည့် အိုထရက်စကီများကို လယ်သမားများပြန်ပေးရေး တောင်းဆိုမှုပြုလုပ်ရန် လိုအပ်သည်ဟု ယူဆသည်။ ပလက်ကနော့ဗ်က မြေယာပြည်သူပိုင်လုပ်ရေးတောင်းဆိုချက်ကိုဆန့်ကျင်သည့် ပါတီလမ်းစဉ်အပေါ် လီနင်နှင့် ပလက်ကနော့ဗ်တို့၏ ငြင်းခုံမှုများသည် ဘော်ရှီဗစ်နှင့် မင်ရှီဗစ်များအကြား အနာဂတ်ကွဲပြားခြားနားချက်များကို တစုံတရာသောအတိုင်းအတာထိ ဆုံးဖြတ်ပေးခဲ့ပါသည်။

## ၃။ ရုရှား ဆိုရှယ်ဒီမိုကရေစီလုပ်သားပါတီ၏ ဒုတိယကွန်ဂရက်လမ်းစဉ်နှင့် စည်းကမ်းအတည်ပြုချက်များနှင့် တခုတည်းသောပါတီတည်ထောင်ခြင်း။ ကွန်ဂရက်တွင်သဘောကွဲလွဲမှုနှင့် ပါတီတွင်းလမ်းနှစ်သွယ်ပေါ်ပေါက်လာခြင်း၊ ဘော်ရှီဗစ်နှင့် မင်ရှီဗစ်များ။

ဤကဲ့သို့သောနည်းဖြင့် လီနင်၏မူဝါဒအောင်ပွဲများနှင့် လီနင်၏စည်းရုံးရေးစီမံကိန်းအတွက် "အစ္စကရာ" ဆင်နွှဲခဲ့သော အောင်မြင်သည့်တိုက်ပွဲများက ပါတီတရပ်သို့မဟုတ် ထိုအချိန်က ပြောလေ့ရှိ သည့် တကယ့်ပါတီစစ်တရပ်ထူထောင်ရန် လိုအပ်သည့်အဓိက အကြောင်းအချက်အားလုံးကို သယ်ဆောင်ပေးခဲ့ပါသည်။ ရုရှားဆိုရှယ်ဒီမိုကရေစီ အဖွဲ့အစည်းများအကြား "အစ္စကရာ" လမ်းစဉ်က အပေါ်စီးရသွားပါသည်။ ဒုတိယအကြိမ်ကွန်ဂရက်ကို ယခုအခါ ခေါ်ဆိုကျင်းပနိုင်ပါပြီ။

R.S.D.L.P ၏ ဒုတိယကွန်ဂရက်ကို ၁၉၀၃ခုနှစ်၊ ဇူလိုင် ၁၇ ရက် (ပြက္ခဒိန်အသစ် ၃၀ ရက်) မှာ ဖွင့်လှစ်ခဲ့သည်။ နိုင်ငံခြား၌ လျှို့ဝှက်ကျင်းပခဲ့သည်။ ဘရပ်ဆဲလ်တွင် ပထမ ဆွေးနွေးပွဲထိုင်သော်လည်း ဘယ်လ်ဂျီယံပုလိပ်များက ကိုယ်စားလှယ်များကို တိုင်းပြည်မှထွက်ခွာရန် တောင်းပန်ကြသည်။ ထိုမှ လန်ဒန်သို့ရွှေ့ပြောင်းပြီး ကွန်ဂရက်ကိုကျင်းပခဲ့သည်။ အဖွဲ့အစည်း ၂၆ ခုကို ကိုယ်စားပြုသည့် ကိုယ်စားလှယ် စုစုပေါင်းလေးဆယ့်သုံးယောက် ကွန်ဂရက်၌ စုဝေးခဲ့သည်။ ကော်မတီတိုင်းက ကိုယ်စားလှယ် နှစ်ယောက် စေလွှတ်ခွင့်ရှိသော်လည်း တချို့က တယောက်သာ စေလွှတ်သည်။ ကိုယ်စားလှယ် ၄၃ ဦးက ၅၁ မဲပေးခွင့်ရှိသည်။ ကွန်ဂရက်၏အဓိကရည်ရွယ်ချက်မှာ "အစ္စကရာတွင် တင်သွင်းဖော်ပြပြီး အသေးစိတ်ရှင်းလင်းထားသည့်မူများနှင့် စည်းရုံးရေးအခြေခံပေါ်တွင် တကယ့်စစ်မှန်သော ပါတီတရပ်ထူထောင်ရေး" ဖြစ်သည်။ (**လီနင်လက်ရွေးစင်ကျမ်း အင်္ဂလိပ်ဘာသာ၊ မော်စကို– ၄၇–အတွဲ ၁၊ စာမျက်နှာ ၂၇၃** )

ကွန်ဂရက်၏ ဖွဲ့စည်းမှုမှာ အမျိုးမျိုးအစားစား ရောနှောနေပါသည်။ အတိအလင်း "စီးပွားရေးဝါဒီများ"မှာ သူတို့ရှုံးနိမ့်ထားမှုကြောင့် တက်ခွင့်မရကြပါ။ သို့သော်လည်း ထိုအချိန်မှစပြီး သူတို့၏ အမြင်များကို အလွန်ကျွမ်းကျင်စွာ ပုံဖျက်ထားနိုင်သည့်အတွက် သူတို့ကိုယ်စားလှယ် အမြောက်အမြားကို ကွန်ဂရက်သို့ခိုးသွင်းနိုင်ခဲ့ပါသည်။ ထို့အပြင် ဘန်းကိုယ်စားလှယ်များမှာလည်း "စီးပွားရေးဝါဒီများ" နှင့် ကွဲလွဲမှုမှာ အပေါ်ယံသာဖြစ်ပြီး သူတို့သည် တကယ့်အစစ်အမှန်မှာတော့ "စီးပွားရေးဝါဒီများ"ကို ထောက်ခံကြသည်။ ထို့ကြောင့် ကွန်ဂရက်သို့ "အစ္စကရာ" ထောက်ခံသူများသာမက၊ ၎င်းရန်သူများလည်း တက်ရောက်ခဲ့ပါသည်။ ကိုယ်စားလှယ်မှ အများစု ၃၃ ယောက်က "အစ္စကရာ" ထောက်ခံသူများ ဖြစ်ပါသည်။ သို့သော် မိမိကိုယ်မိမိ အစ္စကရာဝါဒီဟု ယူဆထားသူအားလုံးသည်လည်း တကယ်စစ်မှန်သည့် လီနင်ဝါဒီ၊ အစ္စကရာဝါဒီများ မဟုတ်ကြပါ။ ကိုယ်စားလှယ်များအတွင်း အစုအများအပြားကွဲနေပါသည်။ လီနင်ကိုထောက်ခံသူများ သို့မဟုတ် ခိုင်မာသည့်အစ္စကရာဝါဒီများက ၂၄ မဲ၊ အစ္စကရာဝါဒီ ကိုးယောက်က မာ့တော့ဗ် (Martov) ကို ထောက်ခံပြီး၊ ၎င်းတို့ဟာ မတည်ငြိမ်သည့် အစ္စကရာဝါဒီများဖြစ်ပါသည်။ တချို့ကိုယ်စားလှယ်များသည် အစ္စကရာနှင့် ၎င်း၏ရန်သူများအကြား တွေဝေယိမ်းယိုင်နေပြီး၊ ၎င်းတို့မှာ ၁၀ မဲဖြစ်ကာ ဗဟိုဖြစ်နေပါသည်။ အစ္စကရာကို ပြောင်ဆန်ကျင်သူက ရှစ်မဲ (စီးပွားရေးဝါဒီ –သုံးဦး၊ ဘန်းဝါဒီ–ငါးဦး) ဖြစ်ပါသည်။ အစ္စကရာဝါဒီများအကြား ကွဲပြဲမှုက အစ္စကရာ၏ ရန်သူများကို အပေါ်စီးရစေလိုက်ပါသည်။

ထိုကြောင့် ကွန်ဂရက်တွင် အခြေအနေများ မည်မျှရှုပ်ထွေးနေမည်ကို တွေ့မြင်နိုင်ပါသည်။ လီနင်သည် အစ္စကရာအောင်ပွဲရရေး အတွက် အားသွန်ခွန်စိုက် ကြိုးပမ်းလုပ်ဆောင်ခဲ့ပါသည်။

အစီအစဉ်အတွင်း အရေးကြီးဆုံးပြဿနာကတော့ ပါတီလမ်းစဉ်ချမှတ်ရေးပါပဲ။ လမ်းစဉ်ဆွေးနွေးပွဲများအတွင်း ကွန်ဂရက်၏ အချောင်သမားအုပ်စု၏ ကန့်ကွက်ချက်တွေ ပေါ်ပေါက်ခဲ့သည့် အဓိကအချက်ကတော့ ပစ္စည်းမဲ့အာဏာရှင်စနစ်ပြဿနာပါဘဲ။ ကွန်ဂရက်အတွင်း အချောင်သမားများက တော်လှန်ရေးဂိုဏ်သားများနှင့် သဘောမတူနိုင်သည့် တခြားလမ်းစဉ်အချက်အချို့လည်း ရှိပါသေးသည်။ သို့သော်လည်း သူတို့က ပစ္စည်းမဲ့အာဏာရှင်စနစ်ပြဿနာ အပေါ်မှာသာ အဓိကတိုက်ခိုက်ရန် ဆုံးဖြတ်ကြပြီး၊ နိုင်ငံခြားဆိုရှယ်ဒီမိုကရက်ပါတီ အချို့၏ လမ်းစဉ်မှာပစ္စည်းမဲ့ အာဏာရှင်စနစ်စာပိုဒ်မပါဘူးဆိုသည့် အကြောင်းပြပြီး၊ ထို့ကြောင့် ရုရှားဆိုရှယ်ဒီမိုကရက် ပါတီ၏လမ်းစဉ်မှာလည်း မထည့်ဘဲထားလို့ ရသည်ဟုဆိုကြသည်။

အချောင်သမားများက ပါတီလမ်းစဉ်တွင် မြေယာပြဿနာတောင်းဆိုချက်များ ထည့်သွင်းရေးကိုလည်း ဆန့်ကျင်ကန့်ကွက်ပါသည်။ ဤလူများသည် တော်လှန်ရေးကို မလိုချင်သူများဖြစ်ကြသည်။ ထို့ကြောင့် သူတို့သည် အလုပ်သမားလူတန်းစား၏ မဟာမိတ်လယ်သမားထုနှင့် ခပ်ကင်းကင်းနေလိုကြပြီး ၎င်းတို့အပေါ်မှာလည်း မိတ်ဆွေသဖွယ် သဘောမထားနိုင်ခဲ့ပါ။

ဘန်းဝါဒီများနဲ့ ပိုလန်ဆိုရှယ်ဒီမိုကရက်များက အမျိုးသားများ၏ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ကို ဆန့်ကျင်ကန့်ကွက်သည်။ လီနင်သည် အလုပ်သမားလူတန်းစားကို အမျိုးသားရေးဖိနှိပ်မှုကို ဆန့်ကျင်ရန် အမြဲပညာပေးခဲ့သည်။ လမ်းစဉ်တွင် ဤတောင်းဆိုချက် ထည့်သွင်းမှုကို ဆန့်ကျင်ကန့်ကွက်မှုသည် ပစ္စည်းမဲ့နိုင်ငံတကာဝါဒကို စွန့်လွှတ်တာနဲ့တူပြီး၊ အမျိုးသားဖိနှိပ်ရေးအတွက် ကြံရာပါဖြစ် စေပါလိမ့်မည်၊

လီနင်သည် ဤကန့်ကွက်ချက်အားလုံးကို အလျင်အမြန် ချေမှုန်းလိုက်သည်။

ကွန်ဂရက်က အစ္စကရာ တင်သွင်းသည့် လမ်းစဉ်ကို လက်ခံအတည်ပြုလိုက်သည်။

ဤလမ်းစဉ်တွင် အပိုင်း ၂ ပိုင်း ပါရှိပါသည်။ အမြင့်ဆုံးလမ်းစဉ်နှင့် အနိမ့်ဆုံးလမ်းစဉ်ဟူ၍ ဖြစ်ပါသည်။ အမြင့်ဆုံးလမ်းစဉ်မှာ အလုပ်သမားလူတန်းစားပါတီ၏ အဓိက ရည်ရွယ်ချက်ဖြစ်ပြီး၊ ဆိုလိုသည်မှာ ဆိုရှယ်လစ်တော်လှန်ရေး အရင်းရှင်အာဏာကို တွန်းလှန်ဖြိုချရေးနှင့် ပစ္စည်းမဲ့အာဏာရှင်စနစ် ထူထောင်ရေးတို့ဖြစ်ပါသည်။ အနိမ့်ဆုံးလမ်းစဉ်မှာ ပါတီ၏ လတ်တလော ရည်ရွယ်ချက်များဖြစ်ပြီး အရင်းရှင်စနစ်မဖြိုချမီနှင့် ပစ္စည်းမဲ့အာဏာရှင်စနစ်ကို မတည်ထောင်မီမှာ ရနိုင်မည့် ရည်ရွယ်ချက်ဖြစ်ပြီး ဆိုလိုသည်မှာ ဇာဘုရင် သက်ဦးဆံပိုင်အုပ်စိုးမှုကို တွန်းလှန်ရေး၊ ဒီမိုကရေစီ သမ္မတနိုင်ငံ ထူထောင်ရေး၊ အလုပ်ချိန် တနေ့ ၈ နာရီ သတ်မှတ်ပေးရေး၊ ကျေးလက်များရှိ ကျေးကျွန်စနစ် အကြွင်းအကျန်အားလုံး ကို ဖျက်သိမ်းပစ်ရေး၊ လယ်သမားများကို မြေပိုင်ရှင်များ ဖြတ်ယူထားသည့် ဖြတ်စမြေများ ပြန်ပေးရေး စတာများဖြစ်ပါသည်။

မကြာမီမှာပင် ဘော်ရှီဗစ်များက ဖြတ်စမြေများ (အိုထရက်စကီ) ပြန်ပေးရေး တောင်းဆိုချက်ကို မြေယာအားလုံးသိမ်းရေး တောင်းဆိုချက်နှင့် အစားထိုးလိုက်သည်။

ဒုတိယကွန်ဂရက်က လက်ခံအတည်ပြုလိုက်သည့် လမ်းစဉ်သည် အလုပ်သမားလူတန်းစားပါတီ၏ တော်လှန်သောလမ်းစဉ်ဖြစ်ပါသည်။

ဤလမ်းစဉ်သည် ပစ္စည်းမဲ့တော်လှန်ရေး အောင်ပွဲခံပြီးနောက် ကျင်းပကာ လမ်းစဉ်သစ် ရေးဆွဲခဲ့သည့် အဌမအကြိမ်မြောက် ပါတီကွန်ဂရက်ကာလအထိ တည်ရှိခဲ့သည်။

လမ်းစဉ်ကို လက်ခံအတည်ပြုပြီးနောက် ဒုတိယအကြိမ် ပါတီကွန်ဂရက်သည် ပါတီဝင် စည်းကမ်း မူကြမ်းဆွေးနွေးရန် ဆက်လက်ကျင်းပသည်။ ယခုအခါ ကွန်ဂရက်က လမ်းစဉ်ချမှတ်ပြီးဖြစ်၍ ပါတီတွင်း အတွေးအခေါ်ရေးရာ ညီညွတ်ရေးအတွက် အုတ်မြစ်ချပြီးဖြစ်ကာ ပါတီစည်းကမ်းများ ချမှတ်ရန်လည်း လိုအပ်လာပါသည်။ သို့မှသာလျှင် အစုများ၏ အပျော်တမ်းဆန်မှုနှင့် ကျဉ်းမြောင်းသည့်အမြင်များ စည်းရုံးရေးရာ မညီညွတ်မှုနှင့် ပါတီတွင်း တင်းကျပ်သည့် စည်းကမ်းမရှိမှုကို အဆုံးသတ်စေနိုင်ပါလိမ့်မည်။

လမ်းစဉ်ချမှတ်ရေးတွင် နိုင်းယှဉ်ချက်အရ အဆင်ပြေချောမွေ့သွားသော်လည်း ပါတီစည်းကမ်းများနဲ့ ပတ်သက်၍မူ ကွန်ဂရက်တွင် ပြင်းထန်သည့် သဘောကွဲလွဲမှုများ ပေါ်ပေါက်လာပါသည်။ အပြင်းထန်ဆုံးသော ကွဲလွဲချက်မှာ ပါတီဝင်များနှင့် ပတ်သက်သည့် ပါတီစည်းကမ်း  ပထမပိုဒ် ရေးသားရာမှာ ပေါ်ပေါက်ခဲ့ပါသည်။ မည်သူသည် ပါတီဝင်ဖြစ်ရမည်နည်း။ ပါတီ၏ ဖွဲ့စည်းပါဝင်မှုသည် မည်သို့ဖြစ်ရမည်နည်း။ ပါတီ၏ စည်းရုံးရေးရာ အနေအထားသည် မည်သို့ဖြစ်ရမည်နည်း။ တခုတည်း၊ တလုံးတစည်းတည်းလား။ သို့မဟုတ် ပုံပန်းသဏ္ဍာန် အတိအကျမရှိတဲ့ဟာမျိုးလား။ စသည်များမှာ ပါတီစည်းကမ်း ပထမပိုဒ်နှင့် ဆက်စပ်ပြီး ပေါ်ပေါက်လာသည့် ပြဿနာများ ဖြစ်ပါသည်။ မတူသည့် ပုံစံ ၂ ခု ယှဉ်ပြိုင်ခဲ့ပါသည်။ လီနင်ပုံစံကို ပလက်ကနော့ဗ်နှင့် ခိုင်မာသော အစ္စကရာဝါဒီများက ထောက်ခံခဲ့ကြပြီး၊ မားတော့ဗ်ပုံစံကို အဇာလရော့၊ ဇာဇူလစ်ချ်၊ မတည်ငြိမ်သည့် အစ္စကရာဝါဒီများ၊ ထရော့စကီ (Trotsky) နှင့် ကွန်ဂရက်၏ ပြောင်အတိအလင်း အချောင်သမား အားလုံးက ထောက်ခံခဲ့သည်။

လီနင်ပုံစံအရဆိုလျှင် ပါတီ၏လမ်းစဉ်ကို လက်ခံပြီး ပါတီကို ငွေရေးကြေးရေး ထောက်ပံ့တာ၊ ၎င်း၏ အဖွဲ့အစည်းတခုခုတွင် ပါဝင်နေသူသာ ပါတီဝင်ခွင့်ရသည်။ မားတော့ဗ် ပုံစံအရဆိုသော် ပါတီ၏ လမ်းစဉ်ကို လက်ခံခြင်းနှင့် ပါတီကို ငွေရေးကြေးရေးအရ ထောက်ပံ့ခြင်းသည် ပါတီဝင်တယောက်ဖြစ်ရေး၏ မရှိမဖြစ်လိုအပ်သော အကြောင်းအချက်တရပ်အဖြစ် လက်ခံသော်လည်း ပါတီဝင်တယောက်သည် ပါတီ၏ အဖွဲ့အစည်းတခုခုတွင် ပါဝင်ရမည်ဆိုသည့် အချက်ကိုလက်မခံဘဲ ပါတီဝင်တယောက်အဖို့ ပါတီအဖွဲ့အစည်းတခုတွင် မလဲမသွေ ပါဝင်ရမည်မှာ မလိုအပ်ဟု ဆိုလာကြသည်။

လီနင်က ပါတီကို **တစုတစည်းတည်းရှိသော** တပ်ဖွဲ့အဖြစ် သဘောထားကာ တပ်ဖွဲ့ဝင်များသည် ပါတီတွင် မိမိကိုယ်ကိုယ်မိမိ စာရင်းသွင်းရုံမျှဖြင့် မဖြစ်နိုင်ဘဲ၊ ပါတီအဖွဲ့အစည်း တခုခုမှတဆင့် ပါတီသို့ ဝင်ခွင့်ပြုရမှာဖြစ်ပြီး၊ ထို့ကြောင့် ပါတီ၏ စည်းကမ်းကို လိုက်နာရမည်ဟု သဘောထားသတ်မှတ်ပါသည်။ တဖက်တွင် မားတော့ဗ်က ပါတီကို စည်းရုံးရေးအရ ပုံပန်းသဏ္ဍာန် အတိအကျမရှိသည့် အရာတခုကဲ့သို့ သဘောထားကာ၊ ၎င်းအဖွဲ့ဝင်များသည် မိမိကိုယ်မိမိ ပါတီတွင် စာရင်းသွင်းမှတ်ပုံတင်ရမည်။ ထို့ကြောင့် ၎င်းတို့သည် ပါတီ၏ စည်းကမ်းကို လိုက်နာရန် မလိုအပ်ရုံမျှမက ပါတီအဖွဲ့အစည်းတခုခုတွင် ပါဝင်ဖို့လည်း မလိုချေ။

ဤနည်းဖြင့် မားတော့ဗ်၏ပုံစံသည် လီနင်၏ပုံစံနှင့်မတူဘဲ၊ မတည်ငြိမ်သည့်၊ ပစ္စည်းမဲ့မဟုတ်သည့်၊ အစိတ်အပိုင်းများအတွက် ပါတီတံခါးကို ဖွင့်ပေးလိုက်သကဲ့သို့ ဖြစ်ပါသည်။ နေရှင်ဒီမိုကရေစီ

တော်လှန်ရေး အကြိုကာလတွင် ခနရှင်ပညာတတ်များအကြား၌ တော်လှန်ရေးအပေါ် ခဏတဖြုတ်စာနာ ထောက်ခံသူများရှိခဲ့ပါသည်။ တခါတရံတွင်လည်း ၎င်းတို့သည် ပါတီအတွက် တာဝန်လေးများကိုပင် ထမ်းဆောင်ပြီး ကောင်းမှုပြုကြပါသည်။ သို့သော် ဤသို့သောသူများသည် အဖွဲ့အစည်းတရပ်သို့ ဝင်ခြင်း၊ ပါတီစည်းကမ်းနာခံခြင်း၊ ပါတီတာဝန်ထမ်းဆောင်ခြင်းနှင့်အတူ ပူးတွဲလာသည့် စွန့်စားရမှုမျိုးကို ရင်ဆိုင်ခြင်းများတွင် ပါဝင်ခြင်းမရှိပါ။ သို့သော် မားတော့ဗ်နှင့် တခြား မင်ရှီဗစ်များသည် ဤကဲ့သို့သော သူများကို ပါတီဝင်အဖြစ်သတ်မှတ်ရန်နှင့် ပါတီရေးရာများတွင် ပါဝင်လွှမ်းမိုးနိုင်ရေးအတွက် အခွင့်အရေးများပေးအပ်ရန် တောင်းဆိုကြသည်။ သပိတ်များအတွင်း ဆိုရှယ်လစ်မဟုတ်သူများ၊ မင်းမဲ့များနှင့် ဆိုရှယ်လစ်တော်လှန်ရေးသမားများလည်း ပါဝင်ခဲ့သော်လည်း၊ ၎င်းတို့က သပိတ်ထဲပါဝင်သူတိုင်းကို ပါတီတွင် “ဝင်ခွင့်” ပေးရမည်ဟုတောင် တောင်းဆိုလာပါသည်။

ထို့ကြောင့် ကွန်ဂရက်တွင် လီနင်နှင့် လီနင် နောက်လိုက်များက တိုက်ပွဲဆင်ခဲ့သည့် တိကျရှင်းလင်းစွာ ဖော်ပြထားသည့် စည်းရုံးရေးနှင့် ဗဟိုဦးစီးမှုရှိသည့် တိုက်စိတ်ခိုက်စိတ်နှင့် တက်ကြွသည့်ပါတီတရပ်အစား မားတော့ဗ်ဝါဒီများက သဗ္ဗရနာမ်ပေါင်းစပ်ဟပ်ထားသည့် လျော့ရိလျော့ရဲ ပုံသဏ္ဍာန်အတိအကျမရှိသည့်ပါတီတရပ်ကိုလိုချင်ခဲ့ပြီး၊ ဤကဲ့သို့သောပါတီသည် တခြားအကြောင်းများကြောင့်မဟုတ်တောင် အမျိုးမျိုးအစားစား စပ်ဟပ်ထားမှုကြောင့် ခိုင်မာတဲ့စည်းကမ်းနှင့် တက်ကြွလှုပ်ရှားမည့်ပါတီတရပ်တော့ မဖြစ်နိုင်ပါ။

ခိုင်မာသည့် အစ္စကရာဝါဒီများထဲမှ မတည်ငြိမ်သည့် အစ္စကရာဝါဒီများ ခွဲထွက်ပြီး၊ ဗဟိုဝါဒီများနှင့် ပူးပေါင်းကာ၊ အတိအလင်း အချောင်သမားများကလဲ ပူးပေါင်းလာသည့်အတွက် ဤအချက်ပေါ်တွင် မားတော့ဗ်က အပေါ်စီးရသွားပါသည်။ ၂၈ မဲ၊ ၂၂ မဲ ပျက်ကွက် ၁ မဲနှင့် ကွန်ဂရက်သည် မားတော့ဗ်၏ စည်းကမ်းချက်များ၏ ပထမပိုဒ်ပုံစံကို လက်ခံအတည်ပြုလိုက်ရပါသည်။

စည်းကမ်းချက်များ၏ ပထမပိုဒ်အပေါ် အစ္စကရာဝါဒီများအကြား အကွဲအပြဲပေါ်ပေါက်လာပြီးနောက် ကွန်ဂရက်အတွင်းတိုက်ပွဲသည် ပိုမို၍ပင် သည်းသန်ပြင်းထန်လာသည်။ ကွန်ဂရက်သည် နောက်ဆုံးအစီအစဉ်ဖြစ်သော ပါတီ၏ ခေါင်းဆောင်မှုအဖွဲ့အစည်း၊ ပါတီ၏ ဗဟိုအာဘော် (အစ္စကရာ) ၏ အယ်ဒီတာဘုတ်အဖွဲ့နှင့် ဗဟိုကော်မတီရွေးချယ်ရေးသို့ရောက်ရှိလာပါသည်။ သို့သော်လည်း ရွေးကောက်ပွဲမတိုင်မီ အင်အားစုများ၏ အနေအထားကို ပြောင်းလဲစေသည့် တချို့အဖြစ်အပျက်များ ပေါ်ပေါက်ခဲ့သည်။

ပါတီ၏စည်းကမ်းများနှင့်ဆက်စပ်ပြီး ကွန်ဂရက်သည် ဘန်းတို့၏ပြဿနာကို ဖြေရှင်းရပါ သည်။ ဘန်းတို့က ပါတီအတွင်း အဆင့်နေရာကို တောင်းဆိုကြသည်။ ၎င်းတို့ကို ရုရှားရှိ ဂျူး အလုပ်သမားများ၏ တဦးတည်းသော ကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြုပေးရန် တောင်းဆိုလာသည်။ ဤတောင်းဆိုချက်ကိုလိုက်လျောပါက ပါတီအဖွဲ့အစည်းအတွင်းရှိ အလုပ်သမားများကို လူမျိုးအလိုက်ခွဲခြားရန်နှင့် အလုပ်သမားများ ဘုံပိုင်ဆိုင်သည့် လူတန်းစားအဖွဲ့အစည်းကို စွန့်လွှတ်ရန်ဆိုသည့်သဘော သက်ရောက်သွားနိုင်သည်။ ကွန်ဂရက်က ဘန်းတို့တင်ပြသည့် အမျိုးသားရေးအလိုက် အဖွဲ့အစည်းစနစ်ကိုပယ်ချသည်။ ထို့ကြောင့် ဘန်းတို့ ကွန်ဂရက်မှထွက်ခွာသွားသည်။ ကွန်ဂရက်က စီးပွားရေးဝါဒီများ၏ နိုင်ငံခြားအဖွဲ့ချုပ်ကို နိုင်ငံခြားရှိပါတီ၏ ကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြုရန် ငြင်းဆိုသောအခါ “စီးပွားရေးဝါဒီ” နှစ်ဦးလည်း ကွန်ဂရက်မှ ထွက်သွားပြန်သည်။

ဤ အချောင်သမား (၇) ယောက် ထွက်သွားခြင်းက ကွန်ဂရက်ရှိ အင်အားချိန်ခွင်ညှာတွင် လီနင်အတွက် အရေးသာသွားစေပါသည်။

အစကတည်းက လီနင်သည် ပါတီ၏ ဗဟိုအစည်းအရုံးများ ဖွဲ့စည်းရေးအတွက် အာရုံစိုက်ခဲ့ပါသည်။ သူက ဗဟိုကော်မတီသည် ကြံ့ခိုင်ပြီးညီညွတ်သည့် တော်လှန်ရေးသမားများနှင့် ဖွဲ့စည်းဖို့ လိုအပ်သည်ဟုယူဆသည်။ မားတော့ဗ်ဝါဒီများက ဗဟိုကော်မတီတွင် မတည်ငြိမ်သည့် အချောင်သမား အစိတ်အပိုင်းများ လွှမ်းမိုးရရှိရေးအတွက် ကြိုးပမ်းကြသည်။ ဤပြဿနာပေါ်တွင် ကွန်ဂရက်ရှိ အများစုက လီနင်ကို ထောက်ခံခဲ့ကြသည်။ ရွေးကောက်ခံလိုက်ရသည့် ဗဟိုကော်မတီတွင် လီနင် နောက်လိုက်များ ပါဝင်လာသည်။

လီနင်တင်ပြချက်အရ လီနင်၊ ပလက်ကနော့ဗ်နှင့် မားတော့ဗ်တို့ကို အစ္စကရာ၏ အယ်ဒီတာ ဘုတ်အဖွဲ့အဖြစ် ရွေးကောက်ခဲ့ကြသည်။ မားတော့ဗ်က ယခင်အစ္စကရာအယ်ဒီတာဘုတ်အဖွဲ့ဝင် ၆ ဦးစလုံးကို ရွေးကောက်ရန် တောင်းဆိုခဲ့သည်။ ၎င်းတို့အများစုမှာ မားတော့ဗ် နောက်လိုက်များဖြစ်သည်။ ဤတောင်းဆိုချက်ကို ကွန်ဂရက်၏ အများစုက ပယ်ချခဲ့သည်။ လီနင် တင်ပြသည့် သုံးဦး ကိုသာ ရွေးကောက်ခဲ့သည်။ ထိုအခါ မားတော့ဗ်က ဗဟို၏အာဘော် အယ်ဒီတာဘုတ်အဖွဲ့တွင် မိမိ မပါဝင်နိုင်ဟု ကြေညာခဲ့သည်။

ထိုအချိန်မှစ၍ ကွန်ဂရက်ရွေးကောက်ပွဲတွင် မဲအများစုရရှိခဲ့သည့် လီနင်၏နောက်လိုက်များကို ဘော်ရှီဗစ်များ (Bolshinstvo–အများစု) ဟု ခေါ်ကြပြီး မဲအနည်းစုရရှိသည့် လီနင်ဆန့်ကျင်ဘက်များကို မင်ရှီဗစ်များ (Menshinstvo–အနည်းစု) ဟုခေါ်သည်။

ဒုတိယကွန်ဂရက်၏လုပ်ငန်းကို ပေါင်းချုပ်သုံးသပ်ပါက အောက်ဖော်ပြပါနိဂုံးချုပ်ချက်များကို ရရှိနိုင်ပါသည်။

**၁။** ကွန်ဂရက်သည် "စီးပွားရေးဝါဒ"အပေါ်နှင့် ပြောင်အချောင်ဝါဒအပေါ် မာ့က်စ်ဝါဒ၏ အောင်ပွဲကို အတည်ပြုပေးလိုက်သည်။

**၂။** ကွန်ဂရက်သည် လမ်းစဉ်နှင့်စည်းကမ်းများကို အတည်ပြုလိုက်ပြီး၊ ဆိုရှယ်ဒီမိုကရက် တစ်ပါတီကိုဖန်တီးကာ ဤနည်းဖြင့် တခုတည်းသော ပါတီ၏ဘောင်ကို တည်ဆောက်ပေးလိုက်သည်။

**၃။** ကွန်ဂရက်က စည်းရုံးရေးပြဿနာများအပေါ် ကြီးမားလေးနက်သည့် ကွဲလွဲချက်များတည်ရှိနေမှုကို ဖော်ထုတ်လိုက်ပြီး၊ ပါတီတွင် ဘော်ရှီဗစ်နှင့် မင်ရှီဗစ်ဟူသောဂိုဏ်း ၂ ဂိုဏ်းကွဲပြားသွားပြီး၊ ဘော်ရှီဗစ်များက တော်လှန်သည့် ဆိုရှယ်ဒီမိုကရေစီ၏ စည်းရုံးရေးရာမူများကိုကာကွယ်ပြီး မင်ရှီဗစ်များကမူ အချောင်ဝါဒ၏ စည်းရုံးရေးရာလျော့ရဲမှု ညွန်အတွင်း နစ်မြုပ်သွားပါသည်။

**၄။** ကွန်ဂရက်က ပါတီ၏ နှိမ်နင်းချေမှုန်းခြင်းခံရသော အချောင်သမားဟောင်းများဖြစ်သည့် "စီးပွားရေးဝါဒီများ"နေရာတွင် အချောင်သမားအသစ် မင်ရှီဗစ်က နေရာယူလိုက်ကြောင်းပြသ လိုက်ပါသည်။

**၅။** ကွန်ဂရက်က စည်းရုံးရေးရာ ပြဿနာများအပေါ် ၎င်း၏တာဝန်ကို ကောင်းမွန်စွာ မထမ်းဆောင်နိုင်ဘဲ ယိမ်းယိုင်မှုများရှိကာ၊ မင်ရှီဗစ်များ အသာရသည့်အခါတောင် ရှိခဲ့ပါသည်။ အဆုံးသတ်ခါနီးတွင် ၎င်း၏ အခြေအနေကို ပြင်ဆင်နိုင်ခဲ့သော်လည်း ဘယ်လိုပဲဖြစ်ဖြစ် မင်ရှီဗစ်များ၏ စည်းရုံးရေး

ပြဿနာအပေါ် အချောင်ဝါဒကို ဖွင့်ချခြင်းသော်လည်းကောင်း၊ ပါတီတွင်း ၎င်းတို့ကို အထီးကျန်စေရန် သော်လည်းကောင်း သို့မဟုတ် ဤကဲ့သို့သော တာဝန်ကို ပါတီ ရှေ့မှောက်တင်ပြရန်သော်လည်း ကောင်း မတတ်နိုင်ခဲ့ပါ။

ဤနောက်ဆုံးအချက်သည် ဘော်ရှီဗစ်နှင့်မင်ရှီဗစ်အကြားတိုက်ပွဲသည် ကွန်ဂရက်အပြီး အေးသွားဖို့ ဝေးစွ၊ ပိုမိုပြင်းထန်သည်းသန်လာရသည့် အဓိကအချက်များထဲမှ တချက်ဖြစ်ခဲ့ပါသည်။

## ၄။ ဒုတိယကွန်ဂရက်အပြီး မင်ရှီဗစ်ခေါင်းဆောင်များ၏ဂိုဏ်ခွဲရေးလှုပ်ရှားမှုများနှင့် ပါတီတွင်းတိုက်ပွဲ ပြင်းထန်သည်းသန်လာခြင်း။ မင်ရှီဗစ်များ၏အချောင်ဝါဒ။ လီနင်၏ ရှေ့တလှမ်းတိုးနောက် နှစ်လှမ်းဆုတ် စာအုပ်။ မာ့က်စ်ဝါဒပါတီ၏စည်းရုံးရေးဆိုင်ရာမူများ။

ဒုတိယကွန်ဂရက်အပြီး ပါတီတွင်းတိုက်ပွဲသည် ပိုမို၍ပင် သည်းသန်ပြင်းထန်လာပါသည်။ မင်ရှီဗစ်များက ဒုတိယအကြိမ်ကွန်ဂရက်၏ ဆုံးဖြတ်ချက်များ အချည်းနှီးပျက်သွားရန်နှင့် ပါတီ၏ ဗဟိုအစည်းအရုံးများကိုသိမ်းပိုက်နိုင်ရန် အစွမ်းကုန်ကြိုးစားခဲ့ကြသည်။ ၎င်းတို့က အစ္စကရာ၏ အယ်ဒီတာဘုတ်အဖွဲ့နှင့် ဗဟိုကော်မတီတွင် ၎င်းတို့၏ ကိုယ်စားလှယ်များကို ဘုတ်အဖွဲ့တွင် အများစုအရေအတွက်နှင့် ဗဟိုကော်မတီတွင် ဘော်ရှီဗစ်များနှင့် အရေအတွက်တူထည့်သွင်းရန် တောင်းဆိုလာကြသည်။ ဤအချက်သည် ဒုတိယကွန်ဂရက် ဆုံးဖြတ်ချက်များနှင့် တိုက်ရိုက်ဆန့်ကျင်သည့်အတွက် ဘော်ရှီဗစ်များက မင်ရှီဗစ်များ၏တောင်းဆိုချက်ကို ပယ်ချခဲ့သည်။ ထိုအချိန်မှစ၍ မင်ရှီဗစ်များသည် ပါတီကို လျှို့ဝှက်ထားပြီး၊ ၎င်းတို့ကိုယ်ပိုင် ပါတီဆန့်ကျင်သည့် ဂိုဏ်းအဖွဲ့အစုလေးဖွဲ့ကာ မားတော့ဗ်၊ ထရော့စကီနှင့် အဇာလရော့တို့က ခေါင်းဆောင်ပြီး၊ မားတော့ဗ် ရေးသားခဲ့သည့်အတိုင်း ဆိုလျှင် "လီနင်ဝါဒကို ဆန့်ကျင်သည့် ပုန်ကန်မှုကို ဖောက်ခွဲခဲ့သည်။" ပါတီကို တိုက်ခိုက်ရန်အတွက် ၎င်းတို့ကျင့်သုံးခဲ့သည့် နည်းလမ်းများမှာ လီနင်ဖော်ပြခဲ့သည့်အတိုင်း "ပါတီတခုလုံး၏လုပ်ငန်းကို ဖရိုဖရဲဖြစ်စေရန်၊ အရေးတော်ပုံကို ဖျက်ဆီးရန်နှင့် အရာရာနှင့် အားလုံးကို နှောင့်ယှက်ရန်" ဖြစ် သည်။ ၎င်းတို့သည် ရုရှားရှိ လုပ်ငန်းများနှင့် ကင်းကွာနေသည့် ပြည်ပြေးပညာတတ်များက ၁၀ ပုံ ၉ ပုံ ပါဝင်နေသည့် ရုရှားဆိုရှယ်ဒီမိုကရက်များ၏ နိုင်ငံခြားအဖွဲ့ချုပ်နှင့် ပူးပေါင်းလိုက်ပြီး၊ ထိုနေ ရာမှနေ၍ ပါတီအပေါ် လီနင်နှင့် လီနင်ဝါဒီများအပေါ် တိုက်ခိုက်ပါတော့သည်။ မင်ရှီဗစ်များသည် ပလက်ကနော့ဗ်ထံမှ အကူအညီ အသင့်အတင့်ရရှိသည်။ ဒုတိယကွန်ဂရက်တွင် ပလက်ကနော့ဗ် သည် လီနင်ဘက်ကရပ်ခဲ့သည်။ သို့သော် ဒုတိယကွန်ဂရက်အပြီးတွင် သူက မင်ရှီဗစ်များက ခွဲထွက်ရေးခြိမ်းခြောက်မှုကို သုံးရန် ခွင့်ပြုခဲ့သည်။ သူက မင်ရှီဗစ်များနှင့် ဘာမဆိုလိုက်လျောပြီး "ငြိမ်းချမ်းရေးလုပ်ရန်" ဆုံးဖြတ်ခဲ့သည်။ ပလက်ကနော့ဗ်၏ အစောပိုင်း အချောင်သမားအမှားများ၏ အသေဆန်မှုတို့က သူ့ကို မင်ရှီဗစ်များဆီသို့ ဆွဲချလိုက်ပါတော့သည်။

အချောင်သမား မင်ရှီဗစ်များနှင့် စေ့စပ်ရေးအတွက် ရှေ့နေလိုက်ရင်း၊ ၎င်းကိုယ်တိုင် မင်ရှီဗစ်တယောက်ဖြစ် သွားပါတော့သည်။ ပလက်ကနော့ဗ်က ကွန်ဂရက်က ပယ်ချခြင်းခံလိုက်ရသည့် ယခင်မင်ရှီဗစ် အယ်ဒီတာအားလုံးကို အယ်ဒီတာဘုတ်အဖွဲ့တွင် ထည့်သွင်းရန် တောင်းဆိုလာသည်။ ဤကိစ္စအပေါ် လီနင်သည် မည်သို့မျှ သဘောမတူနိုင်ဘဲ၊ ပါတီဗဟိုကော်မတီတွင် အာရုံစိုက်လုပ်ကိုင်

ရန်နှင့် ထိုနေရာမှ အချောင်သမားများကို တိုက်ခိုက်ရန် "အစွကရာ"အယ်ဒီတာဘုတ်အဖွဲ့မှ နုတ်ထွက်လိုက်ပါသည်။ ပလက်ကနော့ဗ်သည် မိမိသဘောဖြင့် ကွန်ဂရက်၏စိတ်ဓာတ်ကို အာခံကာ၊ အစွကရာ၏ အယ်ဒီတာဘုတ်အဖွဲ့အတွင်းသို့ မင်ရှိဗစ် အယ်ဒီတာများကို ထည့်သွင်းလိုက်ပါသည်။ ထို အချိန်မှစ၍ အစွကရာ၏ ၅၂ ကြိမ်မြောက်ထုတ်ဝေသည့် စာစောင်မှစ၍ မင်ရှိဗစ်များက ၎င်းတို့၏ ကိုယ်ပိုင်အာဘော်အဖြစ်ပြောင်းလဲကာ ၎င်းတို့၏ အချောင်သမားအမြင်များကို ထိုစာစောင်များတွင် စတင် ဖြန့်ဖြူးလာပါသည်။

ထိုအချိန်မှစ၍ ပါတီထဲတွင် လီနင်၏ ဘော်ရှီဗစ် အစွကရာကို အစွကရာဟောင်းဟု ခေါ် ဆိုကြပြီး၊ မင်ရှိဗစ်များ၏ အချောင်သမား အစွကရာကို အစွကရာအသစ်ဟု ခေါ်ဆိုကြသည်။

မင်ရှိဗစ်များလက်တွင်း ကျရောက်သွားပြီးနောက် အစွကရာသည် လီနင်နှင့် ဘော်ရှီဗစ်ကို ဆန့်ကျင်တိုက်ခိုက်သည့် လက်နက်တခုဖြစ်သွားပြီး၊ မင်ရှိဗစ်အချောင်ဝါဒ အထူးသဖြင့် စည်းရုံးရေးရာ ပြဿနာများအပေါ် ဝါဒဖြန့်ချိရေး ကိရိယာတခု ဖြစ်သွားခဲ့ပါသည်။ စီးပွားရေးဝါဒီများ၊ ဘန်းဝါဒီများနှင့် အင်အားဖြည့်ပူးပေါင်းလိုက်ပြီးနောက် မင်ရှိဗစ်များသည် အစွကရာထဲတွင် သူတို့အဆိုအရ လီနင် ဆန့်ကျင်သည့်တိုက်ပွဲကို စတင်ခဲ့ပါသည်။ ပလက်ကနော့ဗ်သည် စေ့စပ်ဖြန်ဖြေသည့် အဆင့်နေရာတွင် ရပ်မနေနိုင်တော့ဘဲ မကြာမီအတွင်း သူလည်း တိုက်ပွဲတွင် ဝင်ရောက်ပါဝင်လာသည်။ ဤသည်မှာ မလွှဲမသွေဖြစ်ရမည့် အလွန်ယုတ္တိရှိသည့်အချက် ဖြစ်ပါသည်။ အချောင်သမားများနှင့် စေ့စပ်ဖြန်ဖြေရေးကို တိုက်တွန်းပြောဆိုသူ မည်သူမဆို ၎င်းတို့ကိုယ်တိုင် အချောင်ဝါဒတွင်းသို့ မုချကျရောက်သွားတတ်ပါသည်။ ထိုအချိန်မှစ၍ အစွကရာအသစ်တွင် ပဒေသာပင် ပေါက်လာသကဲ့သို့ ဆောင်းပါးများ၊ ကြေညာချက်များ ထွက်ပေါ်လာပြီး၊ ပါတီသည် တစုတစည်းတခုတည်း မဖြစ်သင့်ကြောင်း၊ ပါတီတွင်းသို့ လွတ်လွတ်လပ်လပ်အဖွဲ့များ၊ တဦးချင်းများကို ပါတီ၏ဆုံးဖြတ်ချက်ကို လိုက်နာရန် မလိုအပ်ဘဲ ဝင်ခွင့်ပြုသင့်ကြောင်း၊ ပါတီကို စာနာထောက်ခံသည့် ပညာတတ်တိုင်း "သပိတ်ထဲပါဝင်သူတိုင်း" နှင့် "ဆန္ဒပြပွဲတွင်ပါဝင်သူ"တိုင်း မိမိကိုယ်မိမိ ပါတီဝင်အဖြစ် ကြေညာခွင့်ပေးသင့်ကြောင်း၊ ပါတီ၏ ဆုံးဖြတ်ချက်များ အားလုံးကို နာခံတောင်းဆိုမှုသည် "သဏ္ဍာန်ကျပြီး ဗျူရိုကရက်ဆန်" ကြောင်း၊ အနည်းစုက အများစုကို နာခံရေး တောင်းဆိုချက်သည် ပါတီဝင်များ၏ စိတ်ဆန္ဒကို "အလိုအလျောက် ဖိနှိပ်မှု" သဘောသက်ရောက်ကြောင်း၊ ပါတီဝင်အားလုံးခေါင်းဆောင်များရော သာမန်ပါတီဝင်များရော ပါတီစည်းကမ်းကို ညီတူညီမျှလိုက်နာရန် တောင်းဆိုမှုသည် ပါတီတွင်း "ကျေးကျွန်စနစ်" ထူထောင်သည့် သဘောသက်ရောက်ကြောင်း၊ ပါတီတွင် "ကျွန်တော်တို့" လိုအပ်သည်မှာ ဗဟိုချုပ်ကိုင်မှုစနစ်မဟုတ်ဘဲ၊ တဦးချင်းနှင့် ပါတီအဖွဲ့စည်းများက ပါတီ၏ ဆုံးဖြတ်ချက် များကို မလိုက်နာဘဲ နေထိုင်ခွင့်ပြုသည့် မင်းမဲ့ဝါဒီများ၏ ကိုယ်ပိုင်အုပ်ချုပ်ရေးစနစ် (Autonomism) ဖြစ်ကြောင်းစသည်တို့ကို ရေးသားလာပါသည်။

ဤသည်မှာ စည်းရုံးရေးရာ အလွဲသုံးစားမှုနှင့် အထိန်းအချုပ်မဲ့ ဝါဒဖြန့်ချိမှုဖြစ်ပြီး၊ ပါတီမှုနှင့် ပါတီစည်းကမ်းများကို ထိခိုက်ပျက်စီးစေနိုင်ပါသည်။ ဤသည် ပညာတတ်များ၏ တဦးချင်းဝါဒ အပေါ် ချီးကျူးဂုဏ်ပြုခြင်းနှင့် မင်းမဲ့ဝါဒီများ၏ စည်းကမ်းမရှိသေ မလေးစားမှုအပေါ် အကြောင်းပြချက်ဖြစ်သည်။

မင်ရှိဗစ်များသည် ပါတီကို ဒုတိယအကြိမ်ကွန်ဂရက်မှ ယခင်က စည်းရုံးရေးရာမညီညွတ်မှု အဖွဲ့များ၏ ကျဉ်းမြောင်းသည့်အမြင်ဟောင်းများနှင့် အပျော်တမ်းလုပ်နည်းဟောင်းများဆီသို့ ဆွဲယူသွားရန် ကြိုးစားနေသည်မှာ ထင်ရှားနေပေသည်။

မင်ရှိဗစ်များကိုတော့ ပြင်းထန်သည့် တားဆီးတိုက်ခိုက်မှု ပေးရပါလိမ့်မည်။

ဤတားဆီးမှုကို လီနင်က ၁၉၀၄ ခုမေလတွင်ထုတ်ဝေသည့် သူ၏ကျော်ကြားလှသည့်စာအုပ် "ရှေ့တလှမ်းတိုး နောက်နှစ်လှမ်းဆုတ်" ဖြင့် ဆောင်ရွက်လိုက်သည်။

အောက်ပါများသည် လီနင်ကသူ၏ စာအုပ်ထဲတွင်ရှင်းပြထားသည့် အဓိက စည်းရုံးရေးဆိုင်ရာ မှုများဖြစ်ပြီး၊ နောင်တွင် ဘော်ရှိဗစ်ပါတီ၏ စည်းရုံးရေးရာ အခြေခံအုတ်မြစ်များ ဖြစ်လာခဲ့ပါသည်။

**၁။** မာ့က်စ်ဝါဒပါတီတရပ်သည် အလုပ်သမားလူတန်းစား၏ အစိတ်အပိုင်းတရပ် တပ်ခွဲတခွဲ ဖြစ်သည်။ သို့သော် အလုပ်သမားလူတန်းစား၌ တပ်ခွဲအမြောက်အမြားရှိပြီး၊ အလုပ်သမား လူတန်းစား၏ တပ်ခွဲတိုင်းကို အလုပ်သမားလူတန်းစား၏ပါတီဟု မခေါ်ဆိုနိုင်ပါ။ ပါတီသည် အလုပ်သမား လူတန်းစား၏ တခြားတပ်ခွဲများနှင့် အဓိကကွဲပြားသည့်အချက်မှာ ပါတီသည် သာမန်တပ်ခွဲ တရပ် မဟုတ်ဘဲ အလုပ်သမားလူတန်းစား၏ "တပ်ဦးရှေ့ဆောင်"တပ်ခွဲ၊ လူတန်းစား အသိစိတ်ဓာတ် ရှိသည့်တပ်ခွဲနှင့် မာ့က်စ်ဝါဒကိုင်စွဲထားသည့် တပ်ခွဲဖြစ်ပြီး၊ လူ့အဖွဲ့အစည်းဘဝ၊ ၎င်း၏ ဖြစ်ပေါ် တိုးတက်မှုတရားနှင့် လူတန်းစားတိုက်ပွဲတရား အတွေ့အကြုံများဖြင့် လက်နက်တပ်ဆင်ထားကာ၊ ဤအကြောင်းကြောင့်သာလျှင် အလုပ်သမားလူတန်းစားကို ခေါင်းဆောင်နိုင်ပြီး၊ ၎င်း၏တိုက်ပွဲကို ညွှန်ကြားနိုင်စွမ်းရှိသည့် အချက်ပင်ဖြစ်ပါသည်။ ထို့ကြောင့် ပါတီကို အလုပ်သမားလူတန်းစားနှင့် မရှုပ်ထွေးပစ်သင့်ပါ။ တစိတ်တပိုင်းကို တခုလုံးနှင့် ရှုပ်ထွေးပစ်ခြင်းငှာ မလုပ်သင့်ပါ။ သပိတ်မှောက် သူတိုင်းကို ပါတီဝင်ပေးရေးကို မတောင်းဆိုနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ပါတီနှင့်လူတန်းစား ရောထွေးပစ်လိုက်သူ မည်သူမဆို၊ ပါတီ၏ အသိစိတ်ဓာတ်အဆင့်ကို "သပိတ်မှောက်သူတိုင်း" အဆင့်သို့လျှော့ချလိုက်ပြီး၊ ပါတီ၏ အလုပ်သမားလူတန်းစား၏ လူတန်းစားအသိစိတ်ဓာတ်ရှိသည့် တပ်ဦးအခန်းကို ဖျက်ဆီးခြင်းဖြစ်သည်။ ပါတီ၏ အလုပ်တာဝန်မှာ မိမိ အဆင့်ကို "သပိတ်မှောက် သူတိုင်း"၏ အဆင့်ထိ လျှော့ချပစ်ရန် မဟုတ်ဘဲ ပါတီ၏ အဆင့်ထိ အလုပ်သမားထုကြီးကို မြှင့်တင် ရန်၊ "သပိတ်မှောက်သူတိုင်း"ကို မြှင့်တင်ရန်သာဖြစ်သည်။

လီနင်က "ကျွန်တော်တို့သည် လူတန်းစားတရပ်၏ ပါတီဖြစ်သည်။ ထို့ကြောင့် လူတန်းစား တရပ်လုံးနီးပါးမျှ (စစ်ပွဲကာလများ၊ ပြည်တွင်းစစ်ကာလ၌ လူတန်းစားတရပ်လုံး) သည် ကျွန်တော်တို့ ပါတီ၏ ခေါင်းဆောင်မှုအောက်တွင် ပြုမူလုပ်ဆောင်ရမည်။ ကျွန်တော်တို့ပါတီနှင့် နီးကပ်နိုင်သမျှ နီးကပ်စွာ စောင့်သိလိုက်နာရမည်။ သို့သော်အရင်းရှင်စနစ်အောက် မည့်သည့်အချိန်တွင်မဆို လူ တန်းစားတရပ် သို့မဟုတ် လူတန်းစားတရပ်လုံးနီးပါးမျှသည် ၎င်း၏တပ်ဦး၊ ၎င်း၏ ဆိုရှယ် ဒီမိုကရက် တစ်ပါတီ၏ အသိစိတ်ဓာတ်နှင့် လှုပ်ရှားမှုအဆင့်အထိ မြှင့်တင်မြှင့်တက်လာနိုင်သည်ဟု တွေးထင်ခြင်း သည် မိုနီလော့ဗ်ဝါဒ[၆] နှင့် နောက်မြီးဆွဲဝါဒသာဖြစ်ပေမည်။ အရင်းရှင်စနစ်အောက်တွင် အလုပ်

---

*၆။* **monilovism** *ဂိုဂေါလ်၏ သေနေသောဝိဉာဉ်များ မှဇာတ်ကောင်မိုနီလော့ဗ်မှ မိမိကိုယ်မိမိကျေနပ် နှစ်သိမ့်ခြင်း၊ မလှုပ်မရှားအချည်းနှီး စိတ်ကူးယဉ်နေမှုများ–(ဘာသာပြန်သူ)*

သမားသမဂ္ဂ အဖွဲ့အစည်းများ (ပိုမိုရေးကျပြီး မတိုးတက်သေးသည့်အလွှာများအတွက် ပိုမိုနားလည်နိုင်သော) တောင်မှ အလုပ်သမားလူတန်းစားတရပ်လုံး သို့မဟုတ် တရပ်လုံးနီးပါးကို သိမ်းသွင်းနိုင်ခြင်းမရှိမှုကို အသိဉာဏ်ရှိသည့် ဆိုရှယ်ဒီမိုကရက်များက မည်သည့်အခါကမျှ သံသယ မရှိပါ။ တပ်ဦးနှင့် ၎င်းဘက်တိမ်းစောင်းနေသည့် ထုတရပ်လုံးအကြား ခြားနားချက်ကို မေ့ပစ်ခြင်း၊ အလွှာကွာခြားမှုများကို ဤအမြင့်ဆုံးထိ အဆက်မပြတ်မြှင့်တင်ရမည့်တပ်ဦး၏လုပ်ငန်းတာဝန်ကို မေ့ပစ်ခြင်းသည် မိမိကိုယ်မိမိ လိမ်လည်လှည့်စားမှုများသာဖြစ်ပြီး၊ ကျွန်တော်တို့တာဝန်၏ ကြီးလေးမှုကို မျက်စိမှိတ်ထားကာ ဤတာဝန်များကို သေးသိမ်အောင် လုပ်ခြင်းသာဖြစ်ပေသည်''ဟု ရေးသားခဲ့သည်။

**(လီနင်လက်ရွေးစင်ကျမ်း၊ အင်္ဂလိပ်ဘာသာမော်စကို ၁၉၄၇၊ တွဲ ၁၊ စာမျက်နှာ–၂၉၄)**

၂။ ပါတီသည် အလုပ်သမားလူတန်းစား၏တပ်ဦး လူတန်းစားအသိစိတ်ဓာတ်ရှိသည့် တပ်ခွဲတရပ်သာမကဘဲ၊ အလုပ်သမားလူတန်းစား၏ စည်းရုံးစုစည်းထားသည့် တပ်ခွဲတရပ်လည်းဖြစ်ကာ မိမိတပ်ဖွဲ့ဝင်များကို တုပ်နှောင်ဖွဲ့စည်းထား သည့် ကိုယ်ပိုင်စည်းကမ်းများလည်း ရှိပါသည်။ ထို့ကြောင့် ပါတီဝင်များသည် ပါတီ၏အဖွဲ့အစည်းအချို့တွင် အဖွဲ့ဝင်ဖြစ်ရန် မလွဲမသွေလိုအပ်ပါသည်။ အကယ်၍ ပါတီသည် လူတန်းစားတရပ်၏ စည်းရုံးစုစည်းထားသော တပ်ခွဲတရပ်မဟုတ်ဘဲ၊ စည်းရုံးရေးအရစနစ် တခုမဟုတ်ပဲ၊ မိမိကိုယ်မိမိပါတီဝင်ဟု ကြေညာသော်လည်း ပါတီ၏ မည်သည့် အဖွဲ့အစည်းတွင်မှ မပါဝင်ဘဲ၊ ထို့ကြောင့် စည်းရုံးစုစည်းထားခြင်းမဟုတ်ဘဲ ပါတီ၏စည်းကမ်းများကို လိုက်နာရန် မလိုအပ်သည့် စုစည်းပေါင်းစပ်ထားသည့် လူစုလူဝေးတရပ်သာဖြစ်နေပါက ပါတီသည် စည်းလုံးညီညွတ်သည့်ဆန္ဒ မည်သည့်အခါမျှ ရရှိမည်မဟုတ်ဘဲ အကျိုးဆက်အားဖြင့် အလုပ်သမားလူတန်းစား၏ တိုက်ပွဲကိုလည်း ညွှန်ကြားနိုင်မည်မဟုတ်ပါ။ ပါတီသည် ၎င်း၏ပါတီဝင်များအား လုံးကို တခုတည်းသော ဘုံတပ်ခွဲတွင် စည်းရုံးစုစည်းပြီး တပေါင်းတစည်းတည်းသော စိတ်ဆန္ဒ၊ တပေါင်းတစည်းတည်းသော လုပ်ငန်းနှင့် စည်းကမ်းတစုတစည်းတည်းဖြစ်မှုတို့နှင့် ပေါင်းစပ်ထားမှသာလျှင် အလုပ်သမားလူတန်းစား၏ လက်တွေ့တိုက်ပွဲကို ခေါင်းဆောင်ကာ ရည်ရွယ်ချက်တခုဆီသို့ ညွှန်ကြားနိုင်မည်ဖြစ်ပါသည်။ မင်ရှီဗစ်များတင်ပြလာသည့်ကန့်ကွက်ချက်တွင် ဤကဲ့သို့ဆိုပါက ပညာတတ်အများအပြား–ဥပမာ ပါမောက္ခများ၊ တက္ကသိုလ်နှင့် အထက်တန်းကျောင်းသားများ စသဖြင့်တို့သည် ပါတီအပြင်ဘက်တွင် ကျန်ခဲ့နိုင်သည်။ ၎င်းတို့သည် ပါတီ၏စည်းကမ်းများကို လိုက်နာရန် တွန့်ဆုတ်သောကြောင့်လည်းကောင်း သို့မဟုတ် ဒုတိယကွန်ဂရက်၌ ပလက်ကနော့ဗ် ပြောကြားသကဲ့သို့ သူတို့သည် ''တချို့ဒေသ အဖွဲ့အစည်းများသို့ဝင်ရန်မှာ ၎င်းတို့ဂုဏ်သိက္ခာ ကျသွားသည်'' ဟုယူဆသောကြောင့်လည်းကောင်း ပါတီ၏ အဖွဲ့စည်းများထဲသို့ မဝင်ချင်ဖြစ်နေပါ သည်။ ဤမင်ရှီဗစ်တို့၏ ကန့်ကွက်ချက်သည် မင်ရှီဗစ်များ၏ခေါင်းပေါ်သို့သာ ပြန်လည်၍ တန်ပြန် လိုက်ပါသည်။ အဘယ်ကြောင့်ဆိုသော် ပါတီစည်းကမ်းမလိုက်နာနိုင်သူနှင့် ပါတီအဖွဲ့အစည်း များအတွင်းဝင်ရန် ကြောက်လန့်သူများကို ပါတီက ပါတီဝင်အဖြစ် မလိုအပ်သောကြောင့် ဖြစ်ပါ သည်။ အလုပ်သမားများမှာ စည်းကမ်းနှင့် စည်းရုံးရေးကို ကြောက်လန့်ခြင်းမရှိကြဘဲ ပါတီဝင်ဖြစ်ရန် ဆုံးဖြတ်ချက်ချပြီးပါက အဖွဲ့အစည်းများအတွင်း စိတ်ပါလက်ပါဝင်လာကြပါသည်။ စည်းကမ်းနှင့် စည်းရုံးရေးကိုကြောက်လန့်သူမှာ တသီးပုဂ္ဂလိက ပညာတတ်များဖြစ်ပြီး၊ ၎င်းတို့သည် အမှန်ပင် ပါတီ၏အပြင်ဘက်တွင် ကျန်ရစ်ခဲ့ပါလိမ့်မည်။ သို့သော်လည်း

ဤသည်မှာ ပို၍ကောင်းရန်ဖြစ်ပါ သည်။ အဘယ်ကြောင့်ဆိုသော် ခေနရှင်ဒီမိုကရေစီတော်လှန်ရေး ဒီရေမြင့်ချိန်တွင် အထူးသိသာထင်ရှားလာသည်။ မတည်ငြိမ်သည့် အစိတ်အပိုင်းများ အစုလိုက် အပြုံလိုက် ပါတီတွင်းဝင်ရောက်လာမှုမှ သက်သာခွင့်ရလိုက်နိုင်ခြင်းကြောင့် ဖြစ်ပါသည်။

လီနင်က "ပါတီသည် အဖွဲ့အစည်းများ၏ စုပေါင်းထားမှု (ကိန်းဂဏန်းအရ ပေါင်းစည်း ထားခြင်း မျှမက အစုအဝေးတရပ်) ဖြစ်သင့်သည်ဟု ကျွန်တော်ဆိုချိန်တွင် ပါတီသည် လူတန်းစားတရပ်၏ တပ်ဦး အဖြစ် တတ်နိုင်သမျှ စည်းရုံးပေါင်းစပ်ထားရန်၊ ပါတီသည် မိမိကိုယ်မိမိ အနည်းဆုံး အနိမ့်ဆုံးအဖွဲ့ အစည်းတွင် ပုံအပ်ထားသည့် အစိတ်အပိုင်းများကိုသာ ပါတီဝင်အဖြစ် လက်ခံရန် ဆိုသည့် ကျွန်တော်၏ ဆန္ဒ၊ ကျွန်တော်၏ တောင်းဆိုချက်ကို ရှင်းရှင်းလင်းလင်းတိတိကျကျ ဖော်ပြလိုက်ခြင်းဖြစ်သည်" ဟုရေး ခဲ့သည်၊ **(အထက်ပါစာစောင်၊ စာမျက်နှာ–၂၉၂)**

ထို့အပြင် ဆက်လက်ပြီး "မားတော့ဗ်၏ ပုံစံသည် အပေါ်ယံအားဖြင့် ကျယ်ပြန့်လှသောပစ္စည်း မဲ့အလွှာ၏ အကျိုးစီးပွားကို ကာကွယ်ခုခံသော်လည်း တကယ့်အဖြစ်မှာ ပစ္စည်းမဲ့စည်းကမ်းနှင့်စည်းရုံး ရေးကို ကြောက်လန့်နောက်တွန့်သည့် ခေနရှင်ပညာတတ်များ၏ အကျိုးစီးပွားကိုသာ ဆောင်ခြင်းဖြစ် သည်။ ခေတ်သစ်ခေနရှင်အဖွဲ့အစည်းတွင် ပညာတတ်များကို သီးခြားအလွှာအဖြစ် ကွဲပြားရသည့် ယေဘုယျအချက်မှာ အတိအကျအားဖြင့် ၎င်းတို့၏ တဦးချင်းဝါဒနှင့် စည်းကမ်းနှင့်စည်းရုံးရေး မ လိုက်ပါ နိုင်မှုဖြစ်ကြောင်းကို မည်သူကမျှ ငြင်းဆိုလိမ့်မည်မဟုတ်ပါ။" **(အထက်ပါ စာစောင်၊ စာမျက်နှာ–၂၉၈၊၂၉၉)**

ထို့အပြင်ထပ်၍ "ပစ္စည်းမဲ့များက စည်းကမ်းနှင့်စည်းရုံးရေးကို မကြောက်ပါ။ ပစ္စည်းမဲ့များသည် အဖွဲ့အစည်းများကို မဝင်ချင်ကြသော အဖိုးတန်ပါမောက္ခများနှင့် အထက်တန်းကျောင်းသား များကို အဖွဲ့အစည်းတခု၏ ထိန်းချုပ်မှုအောက်တွင် အလုပ်လုပ်ရုံမျှနှင့် ပါတီဝင်အဖြစ် အသိအ မှတ်ပြုပေးရန် ဘာမျှပြုလုပ်မည်မဟုတ်ပါ။ ကျွန်တော်တို့ပါတီတွင် စည်းကမ်းနှင့် စည်းရုံးရေးစိတ် ဓာတ်တွင် မိမိကိုယ်မိမိ လေ့ကျင့်ရန်လိုအပ်သူများမှာ ပစ္စည်းမဲ့များမဟုတ်ဘဲ၊ တချို့ပညာတတ်များ ဖြစ်ပါသည်။ **(အထက်ပါ စာစောင်–စာမျက်နှာ–၃၂၂)**

**၃။** ပါတီသည် စည်းရုံးစုစည်းထားသည့် တပ်ခွဲမျှသာမက၊ အလုပ်သမားလူတန်းစား၏ "အဖွဲ့ အစည်းသဏ္ဌာန်အားလုံး၏အမြင့်ဆုံး" ဖြစ်ပြီး၊ အလုပ်သမားလူတန်းစား၏ အခြားအဖွဲ့အစည်းများ အားလုံးကို လမ်းညွှန်ရန်မှာ ၎င်း၏တာဝန် ဖြစ်ပေသည်။ အဖွဲ့အစည်း၏အမြင့်ဆုံး သဏ္ဌာန်အဖြစ် လူတန်းစားထဲမှ အကောင်းဆုံးသူများပါဝင်ပြီး၊ ရှေ့တန်းရောက်သည့် သဘောတရား၊ လူတန်းစား တိုက်ပွဲတရား၏ အတွေ့အကြုံနှင့် တော်လှန်ရေးလှုပ်ရှားမှု အတွေ့အကြုံတို့နှင့် လက်နက်တပ် ဆင်ထားသည့် ပါတီသည် အလုပ်သမားလူတန်းစား၏ တခြားအဖွဲ့အစည်းအားလုံးကို လမ်းညွှန်ရန် အခွင့်ကောင်းများရှိပြီး လမ်းညွှန်ရန်လည်း တာဝန်ရှိပေသည်။ မင်ရှီဗစ်များ၏ ပါတီ၏ခေါင်းဆောင်မှု အခန်းကို သေးသိမ်အောင်နှင့် တန်ဖိုးလျော့ကျအောင် ကြိုးပမ်းချက်သည် ပါတီက လမ်းညွှန်မှု ပေးနေ သည့် တခြားပစ္စည်းမဲ့အဖွဲ့အစည်းအားလုံးကို အင်အားချည့်နဲ့စေပြီး၊ အကျိုးဆက်အားဖြင့် ပစ္စည်း မဲ့များကို အင်အားချည့်နဲ့စေပြီး လက်နက်ဖြုတ်ရန် ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် "ပစ္စည်းမဲ့ များ၏ အာဏာရရှိရေးတိုက်ပွဲတွင် အဖွဲ့အစည်းမှလွဲ၍ တခြားလက်နက်မရှိချေ။" **(အထက်ပါစာ စောင်၊ စာမျက်နှာ–၃၄၀)**

**၄။** ပါတီသည် အလုပ်သမားလူတန်းစား၏တပ်ဦးနှင့် သန်းပေါင်းများစွာသော အလုပ်သမားလူတန်းစားအကြား ဆက်သွယ်မှု၏ပြယုဂ်ဖြစ်ပါသည်။ ပါတီသည် မည်မျှကောင်းမွန်သည့် တပ်ဦးဖြစ်ပါစေ၊ မည်မျှကောင်းမွန်စွာ စုရုံးထားနိုင်ပါစေ ပါတီပ လူထုနှင့် ဆက်သွယ်မှုမရှိဘဲ၊ ဤအဆက်အသွယ်များကို တိုးပွားခြင်းနှင့် ခိုင်မာတောင့်တင်းအောင် ပြုလုပ်ခြင်းမရှိပါက ပါတီသည်တည်ရှိနိုင်မည်လည်း မဟုတ်၊ ဖြစ်ပေါ်တိုးတက်နိုင်မည်လည်းမဟုတ်ပါ။ မိမိအခွံထဲသာတွင် မိမိကိုယ်မိမိ ပိတ်နေပြီး၊ လူထုနှင့် ကင်းကွာကာ ၎င်း၏လူတန်းစားနှင့် အဆက်အသွယ်ကို လျှော့ချခြင်း သို့မဟုတ် ဆုံးရှုံးလာပါက လူထု၏ ယုံကြည်မှုနှင့် ထောက်ခံမှုကို မလွဲမသွေဆုံးရှုံးရမှာဖြစ်ပြီး၊ အကျိုးဆက်အားဖြင့် အသေအချာ ပျက်စီးဆုံးရှုံးရပါလိမ့်မည်။ အပြည့်အဝ ရှင်သန်ဖြစ်ပေါ်တိုးပွားရန်အတွက် ပါတီသည် လူထုနှင့် အဆက်အသွယ်များကို တိုးပွားရမှာဖြစ်ပြီး၊ ၎င်း၏လူတန်းစား သန်းပေါင်းများစွာ၏ ယုံကြည်မှုကို ရအောင်ယူရပေမည်။

လီနင်က "ဆိုရှယ်ဒီမိုကရက်တစ်ပါတီတရပ်ဖြစ်ရန်မှာ ကျွန်တော်တို့သည် လူတန်းစား၏ အတိအကျ ထောက်ခံအားပေးမှုကို ရရှိရမှာဖြစ်သည်။" **(လီနင်ကျမ်းပေါင်းစုံ၊ ရုရှားဘာသာ၊ အတွဲ ၆၊ စာမျက်နှာ–၂၀၈)**

**၅။** လုပ်ငန်းပုံမှန်လည်ပတ်ရန်နှင့် လူထုကို စနစ်တကျ လမ်းညွှန်နိုင်ရန် ပါတီသည် ဗဟိုဦးစီးချုပ်ကိုင်သည့်စနစ်မူဖြင့် ဖွဲ့စည်းရမှာဖြစ်ပြီး၊ တစုံတည်းသော စည်းကမ်းနှင့် တညီတညာတည်းသော ပါတီစည်းကမ်း၊ ပါတီကွန်ဂရက်တခုတည်းသော ခေါင်းဆောင်အဖွဲ့အစည်းနှင့် ကွန်ဂရက်များအကြား ကာလတွင် ဗဟိုကော်မတီခေါင်းဆောင်မှု၊ အနည်းစုက အများစုကို နာခံ ရေး၊ အဖွဲ့အစည်းအသီးသီးက ဗဟိုကို နာခံရေး၊ အောက်အဖွဲ့အစည်းက အထက်အဖွဲ့အစည်းကို နာခံရေးဆိုတာများ ရှိရပါမည်။ ဤအကြောင်းအချက်များမရှိပါက အလုပ်သမားလူတန်းစားပါတီသည် တကယ့်စစ်မှန်သည့် ပါတီတရပ် မဖြစ်နိုင်ဘဲ လူတန်းစားကို လမ်းညွှန်သည့် ၎င်း၏တာဝန်များကိုလည်း ထမ်းဆောင်နိုင်မည် မဟုတ်ပါ။

ပါတီသည် ဇာဘုရင်အုပ်စိုးမှုအောက်တွင် တရားမဝင်တည်ရှိရသည့်အတွက် ထိုအချိန်က ပါတီ၏အဖွဲ့အစည်းများကို အောက်ခြေ ရွေးကောက်ပွဲများဖြင့် ဖွဲ့စည်းသည့်မူနှင့် မတည်ဆောက်နိုင်ဘဲ၊ အကျိုးဆက်အားဖြင့် ပါတီသည် အလွန်တင်းကျပ်စွာ လျှို့ဝှက်ထားရပါသည်။ သို့သော် လီနင်က ပါတီတွင်းဘဝ၏ ဤယာယီလက္ခဏာသည် ဇာဘုရင်ပြုတ်ကျသွားသည်နှင့် တပြိုင်နက် ကွယ်ပျောက်သွားမှာဖြစ်ပြီး၊ ပါတီသည် ပြောင်တရားဝင်တည်ရှိလာနိုင်ကာ၊ ပါတီအဖွဲ့အစည်းများသည် ဒီမိုကရေစီရွေးကောက်ပွဲမူ အခြေခံပေါ်တွင် ဒီမိုကရေစီ၊ ဗဟိုချုပ်ကိုင်မှုစနစ်နှင့် ဖွဲ့စည်းရလိမ့်မည်ဟု ယူဆသည်။

လီနင်က "ယခင်ကကျွန်တော်တို့ပါတီသည် စနစ်တကျ တစုတစည်းတည်း စည်းရုံးစုစည်းထားခြင်းမဟုတ်ဘဲ၊ သီးခြားအဖွဲ့များ စုပေါင်းထားခြင်းမျှသာဖြစ်ပြီး၊ ထို့ကြောင့် ဤအစုများအကြား အတွေးအခေါ်ရေးရာဩဇာဂယက်မှလွဲ၍ တခြားအဆက်အသွယ်မရှိပါ။ ယခုအခါ ကျွန်တော်တို့ သည် စည်းရုံးစုစည်းထားသည့် ပါတီတရပ်ဖြစ်လာကာ၊ ဤအရာက အာဏာပိုင်ကို တည်ထောင်လိုက်မှု အတွေးအခေါ်များ၏ အစွမ်းသတ္တိကို အာဏာပိုင်၏ အစွမ်းသတ္တိအဖြစ်ပြောင်းလဲမှု၊ အောက်ခြေပါတီ

အဖွဲ့များကို အထက်ပါတီအဖွဲ့များလက်အောက်ခံအဖြစ် ထားလိုက်မှုဆိုသည့် အဓိပ္ပာယ်သက်ရောက်စေသည်။'' **(အထက်ပါ စာစောင်စာမျက်နှာ–၂၉၁)**

ပါတီ၏ အာဏာပိုင်မှုနှင့် ၎င်း၏စည်းကမ်းများကို မနာခံဘဲနေသည့် မင်ရှီဗစ်များ၏ စည်းရုံးရေးရာ ပစ်ပယ်ရေးဝါဒ (nihilism) နှင့် မင်းစိုးရာဇာနှင့်သက်ဆိုင်သော မင်းမဲ့ဝါဒကို အပြစ်တင်ရင်း လီနင်က ရေးသားခဲ့သည်မှာ–

''ဤမင်းစိုးရာဇာနှင့် သက်ဆိုင်သော မင်းမဲ့ဝါဒသည် အထူးသဖြင့် ရုရှားပစ်ပယ်ရေးဝါဒီ (nihilist) များ၏ ထူးခြားချက်ဖြစ်သည်။ သူက ပါတီအဖွဲ့အစည်းကို ကြောက်မက်ဖွယ် ''စက်ရုံ'' ကဲ့သို့ တွေးထင်ကာ၊ တစိတ်တပိုင်းက တခုလုံးကို နာခံခြင်း၊ အနည်းစုက အများစုကိုနာခံခြင်းကို ''ကျေးကျွန်စနစ်''အဖြစ်သဘောထားကာ၊ ဗဟို၏ညွှန်ကြားမှုအောက်၌ အလုပ်တာဝန်ခွဲဝေမှုကို သူက လူတွေကို ''ဘီးနှင့်ခွေးသွားစိတ်များ'' အဖြစ် ပြောင်းလဲပစ်မှုအဖြစ် အလွမ်းတဝက် အသော တဝက် ကန့်ကွက်သံ ထွက်လာသည်။ အယ်ဒီတာများကို ဆောင်ပါးရေးသူများအဖြစ် ပြောင်းလဲ လိုက်ခြင်းသည် ဤကဲ့သို့သော ပြောင်းလဲမှု၏ အထူးသဖြင့် ရက်စက်သော အမျိုးအစားအဖြစ် သ ဘောထားသည်။ ပါတီ၏ စည်းရုံးရေးဆိုင်ရာ စည်းကမ်းများကို ဖော်ပြညွှန်းဆိုလိုက်သည်နှင့် မထေ မဲ့မြင် ရှုံ့မဲ့မှုနှင့် မည်သူမဆို စည်းကမ်းကိုမလိုအပ်ပဲ လုံးဝပိတ်ပင်နိုင်သည်ဆိုသည့် အထင်သေး ရှုတ်ချသည့်မှတ်ချက် (''သဏ္ဍာန်သမားများ'' အတွက်ရည်ရွယ်ပြီး) ထွက်ပေါ်လာပါသည်။ **(လီနင် လက်ရွေးစင်ကျမ်း၊ အင်္ဂလိပ်ဘာသာ၊မော်စကို ၄၇၊ အတွဲ ၁၊ စာမျက်နှာ–၃၂၄)**

**၆။** ပါတီ၏လက်တွေ့လုပ်ငန်းတွင် ပါတီဝင်များ၏ စည်းလုံးညီညွတ်မှုကို ထိန်းသိမ်းလိုပါက ပါတီသည် ခေါင်းဆောင်ရော၊ အောက်ခြေပါ ပါတီဝင်အားလုံးကို ညီမျှစွာ ချုပ်နှောင်ဖွဲ့စည်းထားသည့် ဘုံတူညီသည့် ပစ္စည်းမဲ့စည်းကမ်း တရပ်ကိုချမှတ်ရမည်။ ထို့ကြောင့်ပါတီတွင်းတွင် စည်းကမ်းနှင့် ချုပ်နှောင်ထားသည့် ''မျက်နှာကြီးများနှင့်'' စည်းကမ်းနှင့်ချုပ်နှောင်ထားသည့် ''အများစု''ဟူ၍ ခွဲခြား ထားမှုမရှိသင့်ပါ။ ဤအချက်ကို မထိန်းသိမ်းပါက ပါတီ၏ဂုဏ်သိက္ခာနှင့် ၎င်းပါတီဝင်များ၏ စည်း လုံးညီညွတ်ရေးကို ထိန်းသိမ်းနိုင်မည်မဟုတ်ပါ။

လီနင်က ''ကွန်ဂရက်ကခန့်အပ်ခဲ့သည့် အယ်ဒီတာဘုတ်အဖွဲ့ကို ဆန့်ကျင်သည့် မားတော့ဗ်နှင့် အဖွဲ့ဘက်တွင် အဓိပ္ပာယ်ပြည့်ဝသော ငြင်းခုံချက်များ လုံးဝချို့တဲ့မှုကို ၎င်းတို့ကိုယ်ပိုင် လူကြိုက်များလှသည့်စကားလုံး ''ကျွန်ုပ်တို့သည် ကျေးကျွန်များမဟုတ်''တွင် အကောင်းဆုံး ဖော်ပြနေပါသည်။ ဓနရှင် ပညာတတ်၏ မိမိကိုယ်မိမိ လူထုအဖွဲ့အစည်းနှင့် လူထုစည်းကမ်းအထက်မှ ရပ်နေသည့် ''မျက်နှာကြီး''တဦးကဲ့သို့ ယူဆနေသော စိတ်နေစိတ်ထားကို ဤနေရာတွင် ထူးခြားထင်ရှားစွာ ဖော်ပြထားသည်။ ပညာတတ်များ၏ တသီးပုဂ္ဂလဝါဒအတွက် ပစ္စည်းမဲ့အဖွဲ့အစည်းနှင့် စည်းကမ်းအားလုံးသည် ကျေးကျွန်စနစ်ဖြစ်ဟန်ရှိပါသည်။'' **(လီနင်–ကျမ်းပေါင်းစုံ၊ ရုရှားဘာသာ–အတွဲ၆၊ စာမျက်နှာ–၂၈၂)**

ထိုအပြင် ဆက်လက်ပြီး ''စစ်မှန်တဲ့ပါတီတည်ဆောက်ရေးကို ကျွန်တော်တို့ ဆက်လက်လုပ်ဆောင်တဲ့အခါ လူတန်းစား အသိစိတ်ဓာတ်ရှိသည့် အလုပ်သမားသည် ပစ္စည်းမဲ့တပ်မတော်မှ စစ်သားတယောက်၏ စိတ်နေစိတ်ထားနှင့် မင်းမဲ့စရိုက် မိန့်ခွန်းများချွေနေသည့် ဓနရှင်ပညာတတ်

တယောက်၏ စိတ်နေစိတ်ထားကို ခွဲခြားနိုင်အောင် လေ့လာရမည်။ ပါတီဝင်တယောက်၏ တာဝန်ဝတ္တရားများကို အောက်ခြေပါတီဝင်များသာ ပြည့်ဝစေရမှာမကဘဲ၊ "အထက်မှလူများကလည်း ပြည့်ဝရမည်ဟု တိုက်တွန်းပြောဆိုတတ်ရန် လေ့လာရမည်။" **(လီနင် လက်ရွေးစင်ကျမ်း၊ အင်္ဂလိပ် ဘာသာ၊ မော်စကို ၁၉၄၇၊ အတွဲ(၁)၊ စာမျက်နှာ–၃၂၆)** ခြားနားချက်အပေါ် သူ၏ ခွဲခြမ်းစိတ်ဖြာချက်ကို နိဂုံးချုပ်ပြီး၊ မင်ရှီဗစ်၏ အခြေအနေကို "စည်းရုံးရေးပြဿနာများအပေါ် အချောင်ဝါဒ" ဟု အဓိပ္ပာယ်ဖော်သတ်မှတ်လိုက်ပြီးနောက် လီနင်က မင်ရှီဗစ်၏ ကြီးလေးသောအမှားများအနက် တစ်ခုမှာ ပစ္စည်းမဲ့များ၏ လွတ်မြောက်ရေးတိုက်ပွဲတွင် လက်နက်တခုအဖြစ် ပါတီစည်းရုံးရေး၏ အရေးပါအရာရောက်မှုအပေါ် အထင်သေးတွက်ဆခြင်းပင်ဖြစ်သည်ဟု ယူဆသည်။ မင်ရှီဗစ်များက ပစ္စည်းမဲ့များ၏ ပါတီစည်းရုံးရေးသည် တော်လှန်ရေးအောင်ပွဲအတွက် ကြီးမားတဲ့ အရေးပါမှုမရှိဟု ယုံကြည်လက်ခံထားသည်။ မင်ရှီဗစ်များနှင့် ဆန့်ကျင်စွာပင် လီနင်က ပစ္စည်းမဲ့များ၏ အတွေးအခေါ်ရေးရာ စည်းလုံးညီညွတ်မှုတစ်ခုတည်းနှင့် အောင်ပွဲရရန် မလုံလောက်၊ အောင်ပွဲရလိုပါက အတွေးအခေါ်ရေးရာ စည်းလုံးညီညွတ်မှုကို ပစ္စည်းမဲ့၏ "ရုပ်ဘဝအရ စည်းလုံးရေးရာညီညွတ်မှု" နှင့် "ခိုင်မြဲအောင်" ပြုလုပ်ရမည်။ လီနင်က ဤအခြေခံပေါ်မှာသာလျှင် ပစ္စည်းမဲ့များသည် မချိုးနှိမ်နိုင်သောအင်အားစု ဖြစ်လာနိုင်သည်ဟု ခံယူသည်။

လီနင်က "ပစ္စည်းမဲ့များအတွက် အာဏာရရှိရေးတိုက်ပွဲအတွက် အဖွဲ့အစည်းမှလွဲ၍ တခြားလက်နက်မရှိပါ။ ဓနရှင်ကမ္ဘာ၏ မင်းမဲ့ပြိုင်ဆိုင်မှုတရားကြောင့် မညီမညွတ်ဖြစ်နေပြီး၊ အရင်းအတွက် အဓမ္မလုပ်အား၏ ဖိနှိပ်သွေးစုပ်မှုခံနေရကာ လုံးဝဆင်းရဲမွဲပြာကျမှု၊ ရိုင်းစိုင်းကြမ်းကြုတ်မှုနှင့် ဆုတ်ယုတ်ပျက်ပြားမှုများ၏ "ပို၍နက်ရှိုင်းရာအရပ်"သို့ အဆက်မပြတ် တွန်းပို့ခြင်း ခံနေရသည့် ပစ္စည်းမဲ့များအတွက် မာ့က်စ်ဝါဒမူများအပေါ် ၎င်းတို့၏အတွေးအခေါ်ရေးရာညီညွတ်မှုကို အဖွဲ့အစည်း၏ ရုပ်ဘဝအရ ညီညွတ်မှုနှင့် ခိုင်မာအောင်ပြုလုပ်ပြီး၊ အလုပ်သမားလူတန်းစား၏ တပ်မတော်အတွင်းသို့ သန်းပေါင်းများစွာသော အလုပ်သမားဆင်းရဲသားများကို စုစည်းလာမှသာလျှင် မချိုးနှိမ်နိုင်သော အင်အားစုအတရပ် ဖြစ်လာနိုင်ပြီး၊ မလွဲမရှောင်လည်း ဖြစ်လာပါလိမ့်မည်။ အိုမင်းမစွမ်းဖြစ်နေသော ဇာဘုရင်စနစ်၏ အုပ်ချုပ်မှုနှင့် မသန်မစွမ်းဖြစ်နေသော နိုင်ငံတကာအရင်းအနှီးတို့၏ အုပ်ချုပ်မှုတို့သည် ဤတပ်မတော်ကို ခုခံနိုင်စွမ်းရှိမည်မဟုတ်ပါ။**(အထက်ပါစာစောင်၊စာမျက်နှာ– ၃၄၀)**

လီနင်သည် ဤနိမိတ်ဖတ်ချက်များနှင့် သူ၏စာအုပ်ကို အဆုံးသတ်ခဲ့သည်။

ဤအရာများသည် လီနင်က သူ၏ကျော်ကြားလှသောစာအုပ် "ရှေ့တလှမ်းတိုး နောက်နှစ်လမ်းဆုတ်"တွင် ဖော်ပြခဲ့သော အခြေခံစည်းရုံးရေးရာမူများ ဖြစ်သည်။

ဤစာအုပ်၏ အရေးကြီးမှုမှာ အဓိကအားဖြင့် အစုလေးများမူမှ ဆန့်ကျင်ပြီး၊ ပါတီ၏မူများဘက်မှလည်းကောင်း၊ စည်းလုံးမှုပျက်ပြားစေသူများကို ဆန့်ကျင်ပြီး ပါတီဘက်မှလည်းကောင်း အောင်မြင်စွာရပ်ခံခဲ့ပြီး၊ မင်ရှီဗစ်များ၏ စည်းရုံးရာပြဿနာအပေါ် အချောင်သမားဝါဒကို ချေမှုန်းလိုက်ပြီး၊ ဗော်ရှီဗစ်ပါတီ၏ စည်းရုံးရေးရာ အခြေခံအုတ်မြစ်များကို ချပေးလိုက်ခြင်းပင်ဖြစ်သည်။

ဤစာအုပ်၏ ထူးခြားချက်မှာ ဤအချက်နှင့်ပင် မကုန်သေးပါ။ ၎င်း၏ သမိုင်းဝင်ထူးခြားချက်မှာ ဤစာအုပ်တွင် လီနင်က မာ့က်စ်ဝါဒ၏ သမိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် ပါတီသည်ပစ္စည်းမဲ့များ၏

ခေါင်းဆောင်အဖွဲ့အစည်းဖြစ်ကြောင်း၊ ပါတီသည် ပစ္စည်းမဲ့များ၏ အဓိကလက်နက်ဖြစ်ကြောင်းနှင့် ပါတီမရှိဘဲ ပစ္စည်းမဲ့များ၏ အာဏာရှင်စနစ်အတွက် တိုက်ပွဲမအောင်မြင်နိုင်ကြောင်း စသည့် ပါတီနှင့် ပတ်သက်သည့်မူဝါဒများကို အသေးစိတ်ချဲ့ထွင်ရေးသားခဲ့ခြင်းပင်ဖြစ်သည်။

လီနင်၏စာအုပ် "ရှေ့တလှမ်းတိုး နောက်နှစ်လှမ်းဆုတ်"ကို ပါတီလုပ်သားများအကြား ဖြန့်ချိလိုက်ခြင်းက ဒေသအဖွဲ့အစည်းအများစုကို လီနင်ဘက်၌ စုရုံးရောက်ရှိစေလိုက်ပါသည်။

သို့သော်လည်း အဖွဲ့အစည်းများက ဘော်ရှီဗစ်များပတ်လည်တွင် ပိုမိုသိပ်သည်းနီးကပ်စွာ ဝိုင်းရံလာလေလေ၊ မင်ရှီဗစ်ခေါင်းဆောင်များ၏ လုပ်ဆောင်ဖော်ပြချက်များသည် ပိုမိုအာဃာတ ကြီးမားလေဖြစ်ပါသည်။

၁၉၀၄ ခုနှစ် နွေရာသီတွင် ပလက်ကနော့ဗ်၏ ကူညီမှုနှင့် စိတ်ဓာတ်ကျနေသော ဘော်ရှီဗစ်နှစ်ဦး ကရာဆင် (Krassin) နှင့် နိုစကော့ဗ် (Noskov) တို့၏ သစ္စာဖောက်မှုတို့၏ အကျိုးပြုမှုကြောင့် မင်ရှီဗစ်များက ဗဟိုကော်မတီတွင် အများစုရရှိသွားသည်။ မင်ရှီဗစ်များသည် အကွဲအပြဲအတွက် လုပ်ဆောင်နေသည်မှာ ရှင်းနေပါသည်။ အစ္စကရာနှင့် ဗဟိုကော်မတီကို ဆုံးရှုံးလိုက်မှုက ဘော်ရှီဗစ်များကို ခက်ခဲသည့်အနေအထားသို့ ဆိုက်ရောက်သွားစေပါသည်။ ၎င်းတို့အတွက် ၎င်းတို့ပိုင် ဘော်ရှီဗစ် သတင်းစာထုတ်ဝေရန် လိုအပ်လာပါသည်။ ဗဟိုကော်မတီသစ် တည်ထောင်ပြီး မင်ရှီဗစ်များနှင့် စာရင်းရှင်းရန်အတွက် ပါတီကွန်ဂရက်အသစ် တတိယအကြိမ်ကွန်ဂရက်အတွက် ပြင်ဆင်ရန် လိုအပ်လာပါသည်။

ဤကိစ္စကို လီနင်ခေါင်းဆောင်သည့် ဘော်ရှီဗစ်များသည် စတင်လုပ်ဆောင်လာသည်။

ဘော်ရှီဗစ်များသည် တတိယအကြိမ် ကွန်ဂရက်ခေါ်ဆိုရန် လှုပ်ရှားမှု စတင်လုပ်ဆောင်လာသည်။ ၁၉၀၄ ခုနှစ် ဩဂုတ်လတွင် လီနင်၏ လမ်းညွှန်မှုနှင့် ဘော်ရှီဗစ် ၂၂ ဦးသည် ဆွစ်ဇလန်နိုင်ငံ၌ ကွန်ဖရင့်တရပ်ကျင်းပခဲ့သည်။ ကွန်ဖရင့်က "ပါတီသို့"ဟု ခေါင်းစဉ်တပ်ထားသည့် မေတ္တာရပ်ခံချက် တစောင်ကို လက်ခံအတည်ပြုလိုက်သည်။ ဤမေတ္တာရပ်ခံချက်က ဘော်ရှီဗစ်များအတွက် တတိယ အကြိမ်ကွန်ဂရက်ခေါ်ဆိုရေးတိုက်ပွဲအတွက် လုပ်ငန်းလမ်းစဉ်အဖြစ် ဆောင်ရွက်ပေးသည်။

ဘော်ရှီဗစ်ကော်မတီ၏ ဒေသကွန်ဖရင့်သုံးခု (တောင်ပိုင်းကော့ကေးရှနှင့်မြောက်ပိုင်း)တွင် အများစု၏ ကော်မတီဗျူရိုကို ရွေးချယ်ခန့်အပ်လိုက်ပြီး၊ ၎င်းတို့က တတိယကွန်ဂရက်အတွက် လက်တွေ့ ပြင်ဆင်ရေးများကို ဆောင်ရွက်ကြသည်။

၁၉၀၅ ခုနှစ် ဇန်နဝါရီ၊ ၄ ရက်နေ့တွင် ဘော်ရှီဗစ်သတင်းစာ ဗပျားရော့ (vperyod) (ရှေ့သို့) ပထမစာစောင် ထွက်လာသည်။

ဤကဲ့သို့ ပါတီတွင်းတွင် ကိုယ်ပိုင်ဗဟိုတခု၊ ကိုယ်ပိုင်ပုံနှိပ်တိုက်ကိုယ်စီနှင့် ဘော်ရှီဗစ်များနှင့် မင်ရှီဗစ်များဟူ၍ သီးခြားအစုနှစ်စု ထွက်ပေါ်လာပါသည်။

# အကျဉ်းချုပ်

၁၉၀၁–၁၉၀၄ ခုနှစ်ကာလများအတွင်း တော်လှန်သည့် အလုပ်သမားလူတန်းစားလှုပ်ရှားမှု ကြီးထွားလာခြင်းနှင့် ရုရှား၌ မာ့က်စ်ဝါဒ–ဆိုရှယ်ဒီမိုကရက်တစ် အဖွဲ့အစည်းများ ကြီးထွားပြီး၊ အင်အားတောင့်တင်းလာပါသည်။ “စီးပွားရေးဝါဒီ”များအပေါ် ဆန့်ကျင်တိုက်ပွဲဝင်သည့် မူဝါဒများအပေါ် ပြင်းထန်သည့်တိုက်ပွဲတွင် လီနင်၏ “အစ္စကရာ” တော်လှန်ရေးလမ်းစဉ်သည် အောင်ပွဲရကာ အတွေးအခေါ်ရေးရာရှုပ်ထွေးမှုနှင့် “အပျော်တမ်းလုပ်ဟန်”များအပေါ် ကျော်နင်း လိုက်နိုင်သည်။

“အစ္စကရာသည်” ကျဲပြန့်နေသော ဆိုရှယ်ဒီမိုကရက်အစုလေးများကို ဆက်စပ်ဆက်သွယ် ပေးပြီး၊ ဒုတိယအကြိမ် ကွန်ဂရက်ကျင်းပနိုင်ရေးအတွက် လမ်းပြင်ဆင်ပေးခဲ့ပါသည်။ ၁၉၀၃ ခုနှစ်တွင် ကျင်းပသောဒုတိယအကြိမ်ကွန်ဂရက်တွင် ရုရှားဆိုရှယ်ဒီမိုကရေစီအလုပ်သမားပါတီကို ထူထောင် လိုက်ပြီး၊ ပါတီလမ်းစဉ်နှင့်စည်းကမ်းများကို အတည်ပြုဆုံးဖြတ်ကာ ပါတီ၏ ခေါင်းဆောင် ဗဟိုအဖွဲ့ အစည်းများကိုလည်း တည်ထောင်လိုက်ပါသည်။

R.S.D.L.P တွင် အစ္စကရာလမ်းစဉ် လုံးဝအောင်ပွဲရရေးအတွက် ဒုတိယအကြိမ်ကွန်ဂရက် တွင် တိုက်ပွဲဆင်ရာမှ ဘော်ရှီဗစ်နှင့် မင်ရှီဗစ်ဟူ၍ အုပ်စု ၂ ခုပေါ်ထွက်ခဲ့သည်။

ဒုတိယကွန်ဂရက်အပြီး ဘော်ရှီဗစ်နှင့် မင်ရှီဗစ်အကြား အဓိကကွဲပြားချက်မှာ စည်းရုံးရေး ပြဿနာများဖြစ်ပါသည်။

မင်ရှီဗစ်များသည် “စီးပွားရေးဝါဒီများ”အနီးသို့ တိုးကပ်သွားပြီး၊ ပါတီတွင်းတွင် ၎င်းတို့နေ ရာကို ယူလိုက်ပါသည်။ ထိုအချိန်မှာပင် မင်ရှီဗစ်တို့၏အချောင်ဝါဒသည် စည်းရုံးရေးရာပြဿနာ များတွင် ၎င်းကိုယ်၎င်း ဖော်ထုတ်ပြသလိုက်ပါသည်။ မင်ရှီဗစ်များသည် လီနင် တင်ပြသည့် တက်ကြွသည့် တိုက်စွမ်းရည်ရှိသည့် တော်လှန်ရေးပါတီပုံစံမျိုးကို ဆန့်ကျင်သည်။ သူတို့က လျော့ လျော့ရဲရဲ စုစည်းမှုမရှိသည့်နောက်လိုက် (khvostist) ပါတီတရပ် လိုချင်သည်။ ၎င်းတို့သည် ပါတီ တွင်း ကွဲပြဲလာအောင် လုပ်ဆောင်လာသည်။ ပလက်ကနော့ဗ်၏ အကူအညီဖြင့် ၎င်းတို့သည် အစ္စ ကရာနှင့် ဗဟိုကော်မတီကို သိမ်းပိုက်ပြီး၊ ဤဗဟိုအစည်းအရုံးများကို ပါတီခွဲရန်ဆိုသည့် ၎င်းတို့၏ ရည်ရွယ်ချက် အတွက် အသုံးပြုခဲ့သည်။

မင်ရှီဗစ်များက ကွဲပြဲရန် ခြိမ်းခြောက်လာမှုကို မြင်လာသည့်အတွက် ဘော်ရှီဗစ်များသည် အကွဲပြဲ သမားများကိုထိန်းချုပ်ရန် လုပ်ဆောင်လာရသည်။ ၎င်းတို့က ဒေသအဖွဲ့အစည်းများကို တတိယ အကြိမ်ကွန်ဂရက် ကျင်းပရေးအတွက် ထောက်ခံရန် တောင်းဆိုပြီး၊ ၎င်းတို့ကိုယ်ပိုင် သတင်း စာ ဗပျားရော့ကို စတင်ထုတ်ဝေလိုက်သည်။

ဤနည်းဖြင့် ပထမရုရှားတော်လှန်ရေး အကြိုကာလ၊ ရုရှား–ဂျပန်စစ်ပွဲ စတင်ချိန်တွင် ဘော်ရှီဗစ် များနှင့် မင်ရှီဗစ်များသည် သီးခြားနိုင်ငံရေးအုပ်စု ၂ ဖွဲ့ကဲ့သို့ လုပ်ဆောင်ခဲ့ကြသည်။

# အခန်း (၃)
# ရုရှား–ဂျပန်စစ်ပွဲကာလအတွင်းက မင်ရှီဗစ်နှင့် ဘော်ရှီဗစ်များနှင့် ပထမ ရုရှားတော်လှန်ရေးကြီး(၁၉၀၄–၁၉၀၇)

**၁။ ရုရှား– ဂျပန်စစ်ပွဲ။ ။ ရုရှားပြည်တွင်း ထပ်မံမြင့်တက်လာသော တော်လှန်ရေးလှုပ်ရှားမှု၊ စိန့်ပီတာစဘတ်သပိတ်များ၊ ၁၉၀၅ ခုနှစ်၊ ဇန်နဝါရီ ၉ ရက်နေ့ ဆောင်းရာသီနန်းတော်ရှေ့ အလုပ်သမားဆန္ဒပြမှု။ ဆန္ဒပြမှုကို သေနတ်ဖြင့် ပစ်ခတ်ဖြိုခွဲခြင်း။ တော်လှန်ရေးဖြစ်ပေါ်လာခြင်း။**

၁၉ ရာစုအကုန်တွင် နယ်ချဲ့နိုင်ငံများသည် ပစိဖိတ်ကို လွှမ်းမိုးရန်နှင့် တရုတ်ပြည်ကို ခွဲဝေယူရန်အတွက် ပြင်းထန်သည့်တိုက်ပွဲများ စတင်လာပါသည်။ ဇာဘုရင်ရုရှားသည်လည်း ဤတိုက်ပွဲတွင် ဝင်ရောက်ပါဝင်လာသည်။ ၁၉၀၀ ခုတွင် ဇာဘုရင်တပ်များသည် ဂျပန်၊ ဂျာမန်၊ အင်္ဂလိပ်၊ ပြင်သစ်တပ်များနှင့်အတူ နိုင်ငံခြားနယ်ချဲ့သမားများကို ဆန့်ကျင်ရန် ပေါ်ထွက်လာသည့် တရုတ်ပြည်သူများ၏ အုံကြွမှုကို မကြုံဘူးသော ရက်စက်ကြမ်းကြုတ်မှုဖြင့် ဖိနှိပ်ပစ်လိုက်သည်။ ဤအချိန်မတိုင်မီကပင် ဤဇာဘုရင်အစိုးရသည် ပို့အာသာခံတပ်နှင့်အတူ လျောင်တန်ကျွန်းဆွယ်ကို တရုတ်က ရုရှားသို့ ပေးရန် ဖိအားပေး အနိုင်ကျင့်ခဲ့ပါသည်။ ရုရှားက တရုတ်နယ်မြေတွင် မီးရထားလမ်းများဆောက်လုပ်ခွင့်ကို ရယူခဲ့သည်။ မြောက်ပိုင်း မန်ချူးရီးယားတွင် တရုတ်–အရှေ့မီးရထားလမ်းကို တည်ဆောက်ခဲ့ပြီး၊ ထိုမီးရထားလမ်းကိုကာကွယ်ရန် ရုရှားတပ်များကို ထိုအရပ်တွင် ချရပ်ထားပါသည်။ မြောက်ပိုင်းမန်ချူးရီးယားသည် ဇာဘုရင်ရုရှား၏ စစ်တပ်သိမ်းပိုက်မှု လက်အောက်ကျရောက်သွားသည်။ ဇာဘုရင်စနစ်သည် ကိုရီးယားသို့ ရှေ့ရှုချီတက်နေသည်။ ရုရှားမြေရှင်များက မန်ချူးရီးယား၌ "အဝါရောင်ရုရှား" တည်ထောင်ရန် စီမံကိန်းများ ရေးဆွဲလာပါသည်။

အရှေ့ဖျားကို ကျူးကျော်သိမ်းပိုက်လိုက်ခြင်းက ဇာဘုရင်စနစ်ကို၊ နောက် ကျူးကျော်သွေးစုပ်ရေး သမားတဦးဖြစ်သူ ဂျပန်နှင့် ပဋိပက္ခရင်ဆိုင်စေလိုက်ပါသည်။ ဂျပန်သည် နယ်ချဲ့နိုင်ငံတနိုင်ငံအဖြစ် အလျင်အမြန်ဖြစ်ပေါ်နေပြီး၊ အာရှတိုက်မှ နယ်မြေများကို ကျူးကျော်သိမ်းပိုက် လာချင်နေကာ ပထမဆုံးအနေဖြင့် တရုတ်ကို သိမ်းပိုက်ရန် မျက်စိကျနေပါသည်။ ဇာဘုရင် ရုရှားကဲ့သို့ ဂျပန်သည်လည်း ကိုရီးယားနှင့် မန်ချူးရီးယားကို လက်ဝါးကြီးအုပ်ရန် ကြိုးပမ်းနေပါသည်၊ ထိုအချိန်ကတည်းက ဂျပန်သည် ဆာခါလင်နှင့် ရုရှားအရှေ့ဖျားကိုသိမ်းပိုက်ရန် စိတ်ကူးယဉ်ခဲ့ပါသည်။ အရှေ့ဖျားအရပ်မှာ ဇာဘုရင်ရုရှား၏ အင်အားကြီးထွားလာမှုကိုကြောက်ရွံ့သည့် ဗြိတိန်သည် ဂျပန်နှင့် တိတ်တဆိတ်ပူးပေါင်းခဲ့သည်။။ ဂျပန်နှင့် ရုရှားအကြားစစ်ပွဲသည် အစပျိုးပြင်ဆင်နေပြီ။ ဈေးကွက်သစ်ရှာနေသည့် ဓနရှင်ကြီးများနှင့် မြေရှင်လူတန်းစားထဲမှ ပိုမိုဖောက်ပြန်သည့် အစိတ်အပိုင်းများက ဇာဘုရင်အစိုးရကို ဒီစစ်ပွဲအတွင်း တွန်းပို့လိုက်ပါသည်။

ဇာဘုရင်အစိုးရ၏ စစ်ကြေညာမှုကို မစောင့်ဘဲ ဂျပန်သည် ရန်စမှုများစတင်လာပါသည်။ ၎င်းသည် ရုရှားတွင် အလွန်ကောင်းမွန်သည့် သူလျှိုလုပ်ငန်းရှိပြီး၊ သူ၏ ရန်သူသည် တိုက်ပွဲအတွက် အဆင်သင့်မရှိကြောင်း ကြိုတင်သိနှင့်နေသည်။ ၁၉၀၄ ခု ဇန်နဝါရီတွင် ဂျပန်သည် စစ်ကြေညာခြင်း မပြုဘဲ၊ ပို့အာသာရှိ ရုရှားခံတပ်ကို ရုတ်တရက် အလစ်တိုက်ခိုက်ပြီး၊ ထိုဆိပ်ကမ်းတွင်ရှိသည့် ရုရှားရေတပ်ကို ကြီးမားစွာထိခိုက်နစ်နာစေလိုက်သည်။ ဤသို့ဖြင့် ရုရှား– ဂျပန်စစ်ပွဲ စတင်ဖြစ်ပေါ်လာပါသည်။

ဇာဘုရင်အစိုးရက စစ်ပွဲသည် ၎င်း၏ နိုင်ငံရေးအဆင့်အတန်းနေရာကို အင်အားတောင့်တင်းစေပြီး၊ တော်လှန်ရေးကိုလည်း ချုပ်ထိန်းနိုင်လိမ့်မည်ဟု တွက်ဆခဲ့သည်။ သို့သော် ၎င်းတို့ အတွက်မှားခဲ့သည်။ ဇာဘုရင်အုပ်စိုးမှုသည် စစ်ပွဲကြောင့် ပို၍ပင်ချည့်နဲ့ သွားပါသည်။ လက်နက်တပ်ဆင်ရေးနှင့် စစ်ရေးလေ့ကျင့်မှုညံ့ဖျင်းပြီး အရည်အချင်းမရှိပျက်စီးနေသော ဗိုလ်ချုပ်များ အုပ်ချုပ်သည့် ရုရှားစစ်တပ်သည် ရှုံးပြီးရင်းရှုံးရင်းဖြစ်နေပါသည်။ စစ်ပွဲများအပေါ် အရင်းရှင်များ၊ အစိုးရအရာရှိများနှင့် စစ်ဗိုလ်ချုပ်များ ချမ်းသာလာကြသည်။ အလွဲသုံးစားပြုမှုများ အနံ့အပြားဖြစ်လာသည်။ စစ်သားများကိုတော့ အလွန်ချို့တဲ့စွာ ဆင်းရဲစွာထောက်ပံ့ကြသည်။ စစ်တပ်၌ လက်နက်ခဲယမ်းများ ကုန်ခမ်းသွားပါက လှောင်ပြောင်သကဲ့သို့ ဘုရားရုပ်တုများ၊ ဆင်းတုတော်များ ကားအပြည့် ဆိုက်ရောက်လာတတ်သည်။ စစ်သားများက “ဂျပန်က ငါတို့ကို အမြောက်နဲ့ ထုနေချိန်မှာ တို့က ပြန်ပစ်စရာ ဆင်းတုပဲရှိတယ်”လို့ နာကြည်းစွာပြောကြပါသည်။ အထူးရထားများသည် ဒဏ်ရာသမားများကို သယ်ဆောင်မည့်အစား ဇာဘုရင်ဗိုလ်ချုပ်များ လုယက်ထားသည့် ပစ္စည်းများဖြင့် ပြည့်နေပါသည်။

ဂျပန်တို့သည် ပို့အာသာကို ဝိုင်းထားပြီးနောက်တွင် သိမ်းပိုက်လိုက်သည်။ ဂျပန်တပ်က ဇာဘုရင်တပ်ကို ရှုံးနိမ့်မှုအချို့နှင့် ရင်ဆိုင်ရစေပြီးနောက်၊ နောက်ဆုံး မုကဒင်အနီး၌ ကစင့်ကလျား တပ်ပျက်သွားစေခဲ့ပါသည်။ ဤတိုက်ပွဲ၌ လူ ၃ သိန်းရှိ ဇာဘုရင်တပ်မတော်သည် သေဆုံးသူ ဒဏ်ရာရသူနှင့် သုံ့ပန်းဖြစ်သူပေါင်း ၁ သိန်း ၂ သောင်းခန့် ရှိပါသည်။ ပို့အာသာကို ပြန်သိမ်းရန် ဘောလ်တစ်မှ စေလွှတ်လိုက်သော ဇာဘုရင့်ရေတပ်ကြီး စူရှီးမားရေလက်ကြားတွင် လုံးဝရှုံးနိမ့်ဖျက်ဆီးခံရမှုသည် ဤတိုက်ပွဲပြီးနောက် ဖြစ်လာပါသည်။ စူရှီးမား၌ ဆုံးရှုံးမှုသည် အလွန်ကြီးမားခဲ့ပါသည်။ ဇာ

ဘုရင် စေလွှတ်လိုက်သည့် စစ်သင်္ဘောနှစ်ဆယ်အနက် ဆယ့်သုံးစင်းဖျက်ဆီးခြင်း သို့မဟုတ် နစ်မြုပ်ပစ်ခြင်းခံရပြီး၊ လေးစင်းမှာ ဖမ်းဆီးခံရသည်။ ဇာဘုရင် ရုရှားသည် စစ်ပွဲ၌ လုံးဝရှုံးနိမ့်သွားပေပြီ။

ပြည်သူများသည် စစ်ပွဲကိုမလိုချင်ခဲ့ဘဲ စစ်ပွဲက တိုင်းပြည်အတွက် မည်မျှအန္တရာယ်ကြီးခဲ့ သည်ကို သိမြင်နားလည်ခဲ့ကြပါသည်။ ဇာဘုရင် ရုရှား၏ ခေတ်နောက်ကျမှုအတွက် အလွန်ကြီးလေးစွာပေးဆပ်လိုက်ရပါသည်။

ဘော်ရှီဗစ်နှင့် မင်ရှီဗစ်များသည် စစ်ပွဲနှင့်ပတ်သက်သည့် မတူသည့် သဘောထားများ ရှိ ပါသည်။

ထရော့စကီအပါအဝင် မင်ရှီဗစ်များက ကာကွယ်ရေးဝါဒအဆင့်သို့ လျှောဆင်းသွားပါသည်။ ဆိုလိုသည်မှာဇာဘုရင်၊ မြေရှင်နှင့် အရင်းရှင်ကြီးများ၏ “အဖနိုင်ငံ” ကို ကာကွယ်ရန် ဖြစ်ပါသည်။

လီနင်နှင့်ဘော်ရှီဗစ်များက တဖက်တွင် ဇာဘုရင်အစိုးရ၏ လုယက်သတ်ဖြတ်သည့် စစ်ပွဲ ရှုံးနိမ့်မှုက ဇာဘုရင်စနစ်ကိုအားနည်းစေပြီး၊ တော်လှန်ရေးကို အင်အားဖြည့်ပေးသည့်အတွက် အသုံးဝင်နိုင်သည်ဟု ခံယူသည်။

ဇာဘုရင်တပ်များရှုံးနိမ့်မှုက ပြည်သူအများကို ဇာဘုရင်စနစ်၏ ပုပ်သိုးဆွေးမြေ့မှုကို မျက်စိဖွင့်ပေးလိုက်သည်။ ၎င်းတို့၏ ဇာဘုရင် အုပ်စိုးမှုအပေါ် မုန်းတီးမှုက နေ့စဉ်ပြင်းထန်တိုးများလာသည်။ လီနင်က ပို့အာသာကျဆုံးမှုက သက်ဦးဆံပိုင်အုပ်စိုးမှု၏ ကျဆုံးခန်းအစဟု ရေးခဲ့သည်။

ဇာဘုရင်က စစ်ပွဲဖြင့် တော်လှန်ရေးကို ပိတ်ဆို့ရန် အသုံးချချင်ခဲ့သည်။ ဆန့်ကျင်ဘက်ကိုသာ ရရှိခဲ့ပါသည်။ ရုရှား–ဂျပန်စစ်ပွဲက တော်လှန်ရေးပေါ်ထွက်ခြင်းကို မြန်ဆန်စေခဲ့သည်။

ဇာဘုရင်ရုရှား၌ အရင်းရှင်ထမ်းပိုးသည် ဇာဘုရင်စနစ်ထမ်းပိုးကြောင့် ပိုမိုဆိုးဝါးခဲ့သည်။ အလုပ်သမားများသည် အရင်းရှင်များ၏ သွေးစုပ်မှု၊ လူမဆန်သောအလုပ်ကြမ်းများလုပ်ရမှုသာမက ပြည်သူအားလုံးနှင့်အတူ အခွင့်အရေးများအားလုံးဆုံးရှုံးနေရပါသည်။ ထို့ကြောင့် နိုင်ငံရေးအရ ရှေ့တန်းရောက်သည့်အလုပ်သမားများသည် ဇာဘုရင်စနစ်ကိုဆန့်ကျင်သည့် မြို့ရောတောပါရှိနေသည်။ ဒီမိုကရေစီအင်အားစုအားလုံး၏ တော်လှန်ရေးလှုပ်ရှားမှုကို ခေါင်းဆောင်ရန် ကြိုးပမ်းခဲ့သည်။ လယ်သမားများသည် မြေမရှိဘဲ ကျေးကျွန်စနစ်၏ အကြွင်းအကျန်အမြောက်အမြားကြောင့် အလွန်အမင်းချို့တဲ့နေပြီး၊ မြေရှင်နှင့် ကူးလတ်များ၏ ကျွန်များအဖြစ် နေထိုင်နေရပါသည်။ ဇာဘုရင် ရုရှားတွင် နေထိုင်နေသော အမျိုးသားလူမျိုးများမှာ ၎င်းတို့ လူမျိုးမြေရှင်နှင့်အရင်းရှင်အပြင် ရုရှား လူမျိုးမြေရှင်၊ အရင်းရှင်များဆိုသည့် ထမ်းပိုးနှစ်ခုအောက်တွင် အလူးအလဲဒုက္ခရောက်နေပါသည်။ ၁၉၀၀–၀၃ ခုနှစ် စီးပွားရေးကပ်က ဆင်းရဲသားလူထုကြီး၏ အခက်အခဲအကျပ်အတည်းများကို ပိုမိုဆိုးဝါး စေပြီး၊ စစ်ပွဲကလည်း ၎င်းတို့ကို ပိုမို ဖိစီးနှိပ်စက်လိုက်ပါသည်။ စစ်ပွဲရှုံးနိမ့်မှုများက လူထု၏ ဇာဘုရင် စနစ်မုန်းတီးမှုကို ဓာတ်ဆီလောင်းပေးလိုက်သည်။

ပြည်သူတို့၏ စိတ်ရှည်သည်းခံမှု အဆုံးသို့ ရောက်လာပါပြီ။

ကျွန်တော်တို့မြင်သည့်အတိုင်း တော်လှန်ရေးအလွန်လိုအပ်ပြီဖြစ်ကြောင်း အခြေခံအကြောင်းအချက်များ ရှိပါသည်။

၁၉၀၄ ခု ဒီဇင်ဘာ၌ ဘာကူးမြို့တွင် ဘာကူးဘော်ရှီဗစ်ကော်မတီက ဦးဆောင်သည့် အလုပ်သမားများ၏ ကောင်းမွန်စွာစည်းရုံးထားသည့် ကြီးမားလှသည့်သပိတ်ကြီး ပေါ်ပေါက်လာသည်။ သပိတ်သည် အလုပ်သမားများ၏ အောင်ပွဲနှင့် အဆုံးသတ်သွားပြီး၊ ရေနံလုပ်သားများနှင့် ပိုင်ရှင်များအကြား

စုပေါင်းသဘောတူညီမှုရရှိကာ ရုရှားအလုပ်သမားလူတန်းစား လှုပ်ရှားမှုသမိုင်း၌ ပထမဆုံးသော အမျိုးအစားဖြစ်ခဲ့ပါသည်။

ဘာကူးသပိတ်သည် ထရန့်ကော့ကေးရှားနှင့် ရုရှားနေရာအနှံ့အပြား၌ တော်လှန်ရေးဒီရေမြင့်တက်မှု၏အစ ဖြစ်ခဲ့ပါ သည်။

"ဘာကူးသပိတ်က ရုရှားတပြည်လုံး၌ ဇန်နဝါရီနှင့်ဖေဖော်ဝါရီတွင် ပေါ်ပေါက်ခဲ့သည့် ဂုဏ်ပြောင်သည့် လှုပ်ရှားမှုများအတွက် အချက်ပြဖြစ်ခဲ့ပါသည်။" **(စတာလင်)**

ဤသပိတ်သည် ကြီးမြတ်လှသည့်တော်လှန်ရေးမုန်တိုင်းကြီး၏ ရှေ့တော်ပြေး မိုးခြိမ်းသံအလား ဖြစ်ခဲ့ပါသည်။

၁၉ဝ၅ ခု ဇန်နဝါရီ၊ ၉ ရက် (ပြက္ခဒိန်သစ်–၂၂ရက်) နေ့ စိန့်ပီတာစဘတ်အဖြစ်အပျက်များနှင့်အတူ တော်လှန်ရေးမုန်တိုင်း ပေါ်ထွက်ခဲ့သည်။

၁၉ဝ၅ ခု ဇန်နဝါရီ ၃ ရက်နေ့၌ စိန့်ပီတာစဘတ်ရှိ အကြီးဆုံးစက်ရုံ ပြူတီလော့ဗ် (ယခု ကီးရော့ဗ်) တွင် သပိတ်ပေါ်ထွက်လာသည်။ အလုပ်သမားလေးယောက် အလုပ်ထုတ်ပစ်မှုကြောင့် သပိတ်ပေါ်ထွက်လာရခြင်းဖြစ်သည်။ သပိတ်သည် အလျင်အမြန်ကြီးထွားလာကာ စိန့်ပီတာစဘတ် ရှိ တခြားစက်ရုံနှင့် အလုပ်ရုံများ ပါဝင်ပူးပေါင်းလာသည်။ သပိတ်သည် အထွေထွေသပိတ်ကြီး ဖြစ်လာသည်။ လှုပ်ရှားမှုသည် ကြောက်မက်ဖွယ်ကြီးထွားလာသည်။ ဇာဘုရင်အစိုးရက အစောဆုံး အဆင့်တွင်သပိတ်ကို ချေမှုန်းရန် ဆုံးဖြတ်ခဲ့သည်။

ပြူတီလော့ဗ် သပိတ်မတိုင်မီ ၁၉ဝ၄ ခုနှစ်၌ ပုလိပ်သည် ဂါပွန်ဆိုသောဘုန်းကြီးကို အတွင်းသူလျှိုအဖြစ် အသုံးပြုပြီး၊ ရုရှားအလုပ်ရုံ လုပ်သားများအစည်းအရုံးဟူသောအမည်ဖြင့် အလုပ်သမားအဖွဲ့အစည်းကို ဖွဲ့စည်းစေခဲ့သည်။ ဤအဖွဲ့အစည်းသည် စိန့်ပီတာစဘတ်၏ ဒေသအားလုံး၌ အဖွဲ့ခွဲများ ရှိသည်။ သပိတ်ပေါ်ထွက်လာချိန်၌ ဘုန်းကြီးဂါပွန်က ၎င်း၏အဖွဲ့ အစည်းအဝေးတွင် သစ္စာဖောက်အကြံကို တင်ပြလာသည်။ ဇန်နဝါရီ ၉ ရက်နေ့တွင် အလုပ်သမားများ အားလုံးစုပြီး ဘုရားကျောင်းအလံနှင့် ဇာဘုရင်၏ဓာတ်ပုံများ ကိုင်ဆောင်ကာ ဆောင်းရာသီနန်းတော်သို့ ငြိမ်းချမ်းစွာ စီတန်းလမ်းလျှောက် ချီတက်ပြီး ဇာဘုရင့်ထံ ၎င်းတို့၏လိုအပ်ချက်များကို အသနားခံစာတင်ရန် ဖြစ်ပါသည်။ ဇာဘုရင်သည် ပြည်သူများထံထွက်လာပြီး၊ ၎င်းတို့၏ တောင်းဆိုချက်များကို နားထောင်ကာ ဖြည့်ဆည်းပေးပေလိမ့်မည်။ ဂါပွန်သည် ဤကဲ့သို့ပြုလုပ်ခြင်းဖြင့် ဇာဘုရင့် "အိုကရာနာ"အဖို့ အလုပ်သမားများအပေါ်ပစ်ခတ်ပြီး၊ အလုပ်သမား လူတန်းစားလှုပ်ရှားမှုကို သွေးအိုင်ထဲနှစ်ပစ်ရန်၊ အကြောင်းပြချက်ရရှိသွားရန် အကူအညီပေး လိုက်ခြင်းဖြစ်သည်။ သို့သော်လည်း ဤပုလိပ်အကြံသည် ဇာဘုရင်အစိုးရ ခေါင်းပေါ်သို့ ပြန်ကျရောက်ခဲ့သည်။

အသနားခံစာကို အလုပ်သမားအစည်းအဝေးများတွင်ဆွေးနွေးပြီး ပြုပြင်ချက်များ ပြုလုပ်ခဲ့သည်။ ဘော်ရှီဗစ်များသည် မိမိတို့မည်သူမည်ဝါဖြစ်ကြောင်း မကြေညာဘဲ ဤအစည်းအဝေးများ တွင် ပါဝင်ပြောဆိုကြသည်။ ၎င်းတို့၏ လွှမ်းမိုးမှုအောက်တွင် အသနားခံစာ၌ သတင်းစာများ လွတ် လပ်ခွင့်၊ လွတ်လပ်စွာပြောဆိုခွင့်၊ အလုပ်သမားများ အစည်းအရုံး လွတ်လပ်ခွင့်၊ ရုရှားရှိ နိုင်ငံရေး စနစ်ကို ပြောင်းလဲရန် ရည်ရွယ်ချက်နှင့် ဖွဲ့စည်းအုပ်ချုပ်ပုံအစည်းဝေးကြီး ခေါ်ဆိုကျင်းပရန်၊ တရား ဥပဒေရှေ့၌ လူတိုင်းတန်းတူရေး၊ နိုင်ငံတော်ကို ဘုရားကျောင်းနှင့်ခွဲပစ်ရန်၊ စစ်ပွဲအဆုံးသတ်ရန်၊ အလုပ်ချိန် ၈ နာရီ

သတ်မှတ်ရန်နှင့် လယ်သမားများအား လယ်များပေးအပ်ရန်စသည့် တောင်းဆို ချက်များ ထပ်ဖြည့်ပါသည်။

ဤအစည်းအဝေးများတွင် ဘော်ရှီဗစ်များက အလုပ်သမားများကို လွတ်မြောက်မှုဆိုတာ ဇာဘုရင်ထံ အသနားခံစာတင်ရုံဖြင့် မရနိုင်ဘဲ လက်နက်အင်အားဖြင့်သာ ရရှိနိုင်ကြောင်း ရှင်းပြကြသည်။ ဘော်ရှီဗစ်များက အလုပ်သမားများကို သေနတ်ပစ်ခံရနိုင်ကြောင်း သတိပေးခဲ့သည်။ သို့သော် ဆောင်းရာသီနန်းတော်သို့ ချီတက်ခြင်းကို မတားဆီးနိုင်ခဲ့ပါ။ အလုပ်သမားအများစုက ဇာဘုရင်က ၎င်းတို့ကို ကူညီလိမ့်မည်ဟု ယုံကြည်ဆဲဖြစ်သည်။ လှုပ်ရှားမှုသည် လူထုထဲတွင် ခိုင်မာသည့်အခြေခံ ရှိထားသည်။

စိန့်ပီတာစဘတ်အလုပ်သမားများ၏ အသနားခံစာတွင် ဖော်ပြထားသည်မှာ–

“ကျွန်တော်တို့ စိန့်ပီတာစဘတ်အလုပ်သမားများသည် ဇနီးသည်များ၊ ကလေးများ၊ ခိုကိုးရာမဲ့ မိအိုဖအိုများနှင့်အတူ အမှန်တရားနှင့် ခိုလှုံခွင့်ရှာရန် အရှင်ဘုရားထံမှောက် ရောက်လာပါသည်။ ကျွန်တော်တို့သည် ဆင်းရဲနွမ်းပါးပြီး၊ အဖိနှိပ်ခံနေရကာ မခံမရပ်နိုင်ဖွယ် ပင်ပန်းခက်ခဲမှုဒဏ် ကျရောက်နေပါပြီ။ ကျနော်တို့သည် ညှဉ်းပန်းနှိပ်စက်ခံနေရပြီး၊ လူများကဲ့သို့ ဆက်ဆံခြင်းမခံရပါ။ ကျွန်တော်တို့သည် စိတ်ရှည်သည်းခံခဲ့သော်လည်း တနေ့တခြား ဆင်းရဲတွင်းနက်သထက်နက်ကာ အခွင့်အရေးများ ဆုံးရှုံးပြီး၊ နလပိန်းတုံးများ ဖြစ်နေရသည်။ ကျွန်တော်တို့သည် မင်းဆိုးမင်းညစ်များနှင့် အာဏာရှင်၏ လည်မျိုညှစ်ခြင်းခံနေရပါသည်။ ကျွန်တော်တို့၏ သည်းခံစိတ်ရှည်မှု ကုန်ခန်းသွားခဲ့ပါပြီ။ ကျွန်တော်တို့သည် ဤမခံမရပ်နိုင်ဖွယ် ခံစားမှုများကို ဆက်လက်ခံစားနေမည့်အစား သေချင်လာသည့် ကြောက်မက်ဖွယ်ကာလသို့ ဆိုက်ရောက်လာပါပြီ———”

၁၉ဝ၅ ခုနှစ်၊ ဇန်နဝါရီ ၉ ရက်နံနက်အစောတွင် အလုပ်သမားများသည် ထိုအချိန်က ဇာဘုရင်နေထိုင်နေသည့် ဆောင်းရာသီနန်းတော်သို့ ချီတက်ခဲ့သည်။ ၎င်းတို့သည် ဇနီးများ၊ ကလေးများ၊ လူအိုများနှင့်အတူ တမိသားစုလုံးလာခဲ့ကြပြီး ဇာဘုရင်၏ဓာတ်ပုံများ၊ ဘုရားကျောင်းအလံများ သယ်ဆောင်လာသည်။ ၎င်းတို့သည် ချီတက်စဉ် ဘုရားစာများ၊ ဂါထာများ သီဆိုလာခဲ့ကြသည်။ ၎င်းတို့တွင် လက်နက်မပါပါ။ လူပေါင်း ၁၄၀,၀၀၀ ကျော် လမ်းများပေါ်၌ စုဝေးရောက်ရှိခဲ့သည်။

၎င်းတို့သည် ဒုတိယနီကိုလပ်စ်ထံမှ ရန်လိုစွာကြိုဆိုခြင်းကို ခံလိုက်ရသည်။ သူက လက်နက်မပါသည့် အလုပ်သမားများကို သေနတ်နှင့်ပစ်ရန် အမိန့်ပေးခဲ့သည်။ ထိုနေ့တွင် အလုပ်သမားတထောင်ကျော်သေဆုံးခဲ့ပြီး၊ နှစ်ထောင်ကျော်ဒဏ်ရာရခဲ့သည်။ စိန့်ပီတာစဘတ် လမ်းများတွင် အလုပ်သမားများ သွေးချောင်းစီးခဲ့သည်။

ဘော်ရှီဗစ်များသည် အလုပ်သမားများနှင့်အတူ ချီတက်ခဲ့သည်။ အများအပြား အသတ်ခံကြရသည်။ သို့မဟုတ် အဖမ်းခံကြရသည်။ ဤအလုပ်သမားများ သွေးချောင်းစီးနေသောလမ်းပေါ်တွင် ဘော်ရှီဗစ်တို့က အလုပ်သမားများကို ဤယုတ်မာလှသည့် ရာဇဝတ်မှုအတွက် မည်သူတာဝန်ရှိကြောင်း၊ ထိုသူကို မည်ကဲ့သို့ တိုက်ခိုက်ရမည်ဖြစ်ကြောင်းတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ဇန်နဝါရီ ၉ ရက်နေ့ကို “သွေးချောင်းစီးသော တနင်္ဂနွေ”ဟု အမည်တွင် သွားသည်။ ထိုနေ့တွင် အလုပ်သမားများသည် သွေးနှင့်ရင်းသည့် သင်ခန်းစာကိုရရှိခဲ့သည်။ ၎င်းတို့၏ ဇာဘုရင်အပေါ် ယုံကြည်မှုကို ထိုနေ့ကျည်ဆံများက ဖျက်ဆီးပေးလိုက်သည်။ ၎င်းတို့သည် မိမိတို့၏ အခွင့်အရေးများ

ကို တိုက်ပွဲနှင့်သာ ရယူနိုင်ကြောင်း သိရှိနားလည်သွားကြသည်။ ထိုညနေခင်းတွင် အလုပ်သမား ရပ်ကွက်များ၌ ကတုတ်ကျင်းများ ပေါ်ထွက်လာသည်။ အလုပ်သမားများက "ဇာက ငါတို့ကို ဒါပဲ ပေးခဲ့တယ်။ အခု ငါတို့ သူကို ဒါပြန်ပေးရမယ်" လို့ဆိုကြသည်။

ကြောက်မက်ဖွယ် ဇာဘုရင်၏ သွေးချောင်းစီးသည့် ရာဇဝတ်မှုသတင်းသည် အနီးအဝေးသို့ ပျံ့နှံ့သွားသည်။ အလုပ်သမားလူတန်းစားတရပ်လုံး၊ တတိုင်းပြည်လုံး ဒေါသထွက်ခြင်းနှင့် ရွံမုန်းခြင်း တို့ဖြင့် လှုပ်ရှားသွားသည်။ အလုပ်သမားများသည် ဇာဘုရင်ဆိုးယုတ်မှုကို ကန့်ကွက်ပြီး၊ နိုင်ငံရေး တောင်းဆိုချက်များ တောင်းဆိုလာသည့် သပိတ်မပေါ်ပေါက်သည့် မြို့တမြို့မှမရှိပါ။ အလုပ်သမားများ သည် "သက်ဦးဆံပိုင်စနစ်ကျဆုံးပါစေ"ဟု ကြွေးကြော်ပြီး၊ လမ်းများပေါ်ထွက်လာကြသည်။ ဇန်နဝါရီလတွင် သပိတ်မှောက်သူများ အရေအတွက်မှာ အလွန်ကြီးမားလှသည့်ဂဏန်း ၄၄၀,၀၀၀ သို့ရောက်ရှိသွားသည်။ တလအတွင်း သပိတ်မှောက်သည့်အလုပ်သမားအရေအတွက်မှာ လွန်ခဲ့ သည့် ဆယ်စုနှစ် တစုလုံး သပိတ်မှောက်သည့်အရေအတွက်ထက် များသွားပါသည်။ အလုပ် သမား လူတန်းစားလှုပ်ရှားမှုသည် မရှိခဲ့ဖူးသည့် ဒီရေမြင့်သို့ တက်သွားခဲ့ပါသည်။ ရုရှား၌ တော်လှန်ရေး ကြီးစတင်ခဲ့လေပြီ။

## ၂။ အလုပ်သမားများ၏ နိုင်ငံရေးသပိတ်များနှင့် ဆန္ဒပြပွဲများ။ လယ်သမားများအကြား တော်လှန်ရေး လှုပ်ရှားမှု ပေါက်ဖွား ကြီးထွားလာခြင်း။ စစ်သင်္ဘော "ပိုတဲမ်ကင်" (Potemkin) ပေါ်မှ ပုန်ကန်မှု။

ဇန်နဝါရီ ၉ ရက်ပြီးနောက် အလုပ်သမားများ၏ တော်လှန်ရေးတိုက်ပွဲသည် ပိုမိုပြင်းထန်လာ ကာ နိုင်ငံရေးလက္ခဏာဆောင်လာပါသည်။ အလုပ်သမားများသည် စီးပွားရေးသပိတ်များ ထောက်ခံ သည့် သပိတ်များကို နိုင်ငံရေးသပိတ်များ၊ ဆန္ဒပြပွဲများအဖြစ်သို့ စတင်ကူးပြောင်းလာပြီး၊ တချို့နေရာ များတွင် ဇာဘုရင်စစ်သားများအား လက်နက်စွဲကိုင်ခုခံမှုများ ဖြစ်ပေါ်လာသည်။ အထူးသဖြင့် အလုပ် သမားအများအပြား စုစည်းနေသည့် စိန့်ပီတာစဘတ်၊ မော်စကို၊ ဝါဆော၊ ရီကာ၊ ဘာကူးစသည့် မြို့ကြီးများတွင် သပိတ်များသည် ပိုမိုပြင်းထန်ပြီး ပိုမိုပြင်ဆင်စုစည်းမှု ရှိပါသည်။ သတ္တုလုပ်ငန်းများ သည် တိုက်ပွဲဝင်ပစ္စည်းမဲ့များ၏ တပ်ဦးမှ ချီတက်ခဲ့သည်။ ၎င်းတို့၏ သပိတ်များကြောင့် အလုပ်သမား များ၏ တပ်ဦးသည် လူတန်းစားအသိ ပိုနိမ့်သည့် အစိတ်အပိုင်းများကို လှုံ့ဆော်နိုင်ခဲ့ပြီး၊ အလုပ်သမား လူတန်းစားတရပ်လုံး တိုက်ပွဲဝင်ရန် ထကြွစေလိုက်သည်။ ဆိုရှယ်ဒီမိုကရက်များ၏ ဩဇာ အလျင်အ မြန် ကြီးထွားလာသည်။

မြို့အချို့၌ မေဒေးဆန္ဒပြပွဲများတွင် ပုလိပ်နှင့် စစ်သားများနှင့် တိုက်ခိုက်ရင်ဆိုင်ရမှုများ ဖြစ်ပေါ် ခဲ့သည်။ ဝါဆော၌ ဆန္ဒပြပွဲကို သေနတ်နှင့်ပစ်ပြီး လူရာပေါင်းများစွာ အသတ်ခံရခြင်း သို့မဟုတ် ဒဏ်ရာရခြင်းများရှိခဲ့သည်။ ပိုလန် ဆိုရှယ်ဒီမိုကရက်များ၏ လှုံ့ဆော်ချက်အရ အလုပ်သမားများက ပိုလန်သေနတ်ပစ်မှုကို အထွေထွေသပိတ်ပွဲကြီးနှင့် တုံ့ပြန်လိုက်သည်။ မေလ တလလုံး ဆန္ဒပြပွဲများ၊ သပိတ်များ မရပ်မနားပေါ်ထွက်ခဲ့သည်။ ထိုတလအတွင်း ရုရှားတပြည်လုံး အလုပ်သမား ၂၀၀,၀၀၀ ကျော် သပိတ်မှောက်ခဲ့သည်။ ဘာကူး၊ လော့တ်၊ အိုင်ဗင်နိုဗို–ဗော့စနင်စစ်တို့တွင် အထွေထွေ သပိတ်

များ ပေါ်ထွက်ခဲ့သည်။ ဆန္ဒပြသမားများ၊ သပိတ်သမားများနှင့် ဇာဘုရင့်စစ်သားများ ပို၍ပို၍ ရင်ဆိုင်တိုက်ပွဲဖြစ်လာသည်။ အိုဒက်ဆာ၊ ဝါဆော၊ ရီကာ၊ လော့ဇ်နှင့် တခြားမြို့ကြီးတချို့တွင် ဤကဲ့ သို့သော တိုက်ခိုက်မှုများ ဖြစ်ပေါ်လာသည်။

ပိုလန်စက်မှုလက်မှု ဗဟိုအချက်အချာမြို့ကြီး လော့ဇ်မှ တိုက်ပွဲသည် အထူးသဖြင့် ပြင်းထန်သည်။ လော့ဇ်ရှိလမ်းများပေါ်တွင် အလုပ်သမားများက ကတုတ်ကျင်းများ တူးထားပြီး၊ ဇာဘုရင်စစ်သားများနှင့် သုံးရက်တိုင်တိုင် (၁၉၀၅ ခု ဇွန် ၂၂ မှ ၂၄) ရင်ဆိုင် တိုက်ခိုက်ကြသည်။ ဤနေရာတွင် အထွေထွေသပိတ်နှင့် လက်နက်ကိုင်လှုပ်ရှားမှု ပူးပေါင်းသွားသည်။ လီနင်က ဤတိုက်ပွဲများကို ရုရှား အလုပ်သမားများ၏ ပထမဆုံးသော လက်နက်ကိုင် လှုပ်ရှားမှုများအဖြစ် သဘောထားသည်။

ထိုနွေ၌ ထူးခြားသည့်သပိတ်မှာ အိုင်ဗင်နိုဗို–ဗော့စနင်စစ် အလုပ်သမားများ၏ သပိတ်ဖြစ်သည်။ ၁၉၀၅ ခုနှစ် မေ အကုန်မှ ဩဂုတ်လအစပိုင်းအထိ နှစ်လခွဲခန့် ကြာမြင့်ခဲ့သည်။ အမျိုးသမီး အများအပြား အပါအဝင် အလုပ်သမား ၇၀,၀၀၀ ခန့် ထိုသပိတ်တွင် ပါဝင်ခဲ့သည်။ ဘော်ရှီဗစ် မြောက်ပိုင်းကော်မတီကဦးဆောင်ခဲ့သည်။ ထောင်နှင့်ချီသောအလုပ်သမားများသည် မြို့ပြင်ရှိ တဲလ်ကာ မြစ်ကမ်းများပေါ်၌ နေ့စဉ်နီးပါး စုရုံးခဲ့ကြသည်။ ဤအစည်းအဝေးများတွင် ၎င်းတို့၏ လိုအပ် ချက်များကို ဆွေးနွေးကြသည်။ အလုပ်သမားများ၏ အစည်းအဝေးများတွင် ဘော်ရှီဗစ်များက မိန့်ခွန်း ပေးကြသည်။ သပိတ်များကို ချေမှုန်းရန်၊ ဇာဘုရင် အာဏာပိုင်များက စစ်သားများအား အလုပ် သမားများကို ဖြိုခွဲပြီး၊ သေနတ်နှင့် ပစ်ရန်အမိန့်ပေးသည်။ အလုပ်သမား အများအပြား အသတ် ခံရပြီး၊ ရာပေါင်းများစွာဒဏ်ရာရသည်။ မြို့ထဲတွင် အရေးပေါ်အမိန့် ထုတ်ပြန်ထားသည်။ သို့သော် လည်း အလုပ်သမားများသည် ခိုင်မြဲစွာ ရပ်တည်နေပြီး လုပ်ငန်းခွင်သို့ ပြန်မသွားကြပါ။ ၎င်းတို့နှင့် ၎င်းတို့မိသားစုများ ငတ်မွတ်နေသော်လည်း လက်နက်မချကြပါ။ အဆုံး၌ အလွန်အမင်း အားအင် ကုန်ခမ်း နွမ်းနယ်မှုကြောင့်သာလျှင် ၎င်းတို့သည် လုပ်ငန်းခွင်သို့ မရှောင်မလွှဲသာပြန်သွားခဲ့ရသည်။ သပိတ်က အလုပ်သမားများကို သံခဲတင်ပေးလိုက်သည်။ ဤသည်မှာ အလုပ်သမား လူတန်းစား၏ သူရသတ္တိ၊ ကြံ့ခိုင်မှု၊ ခံနိုင်ရည်ရှိမှုနှင့် သွေးစည်းညီညွတ်မှုတို့၏ ပြယုဂ်ဖြစ်သည်။ ဤသည်မှာ အိုင်ဗင်နိုဗို–ဗော့စနင်စစ် အလုပ်သမားများအတွက် တကယ့်နိုင်ငံရေး ပညာပေးမှုတရပ်ဖြစ်သည်။

သပိတ်အတွင်း အိုင်ဗင်နိုဗို–ဗော့စနင်စစ် အလုပ်သမားများသည် ကိုယ်စားလှယ်များ ကောင်စီကို ဖွဲ့စည်းလိုက်ပြီး၊ ၎င်းတို့မှာ တကယ်တော့ ရုရှားရှိ အလုပ်သမား ကိုယ်စားလှယ်များ၏ ပထမဆုံး ဆိုဗီယက်များတွင်တခုဖြစ်ခဲ့ပါသည်။

အလုပ်သမားများ၏ နိုင်ငံရေးသပိတ်များက တပြည်လုံးကို လှုံ့ဆော်လိုက်ပါသည်။ မြို့များပြီးနောက် ကျေးလက်များ စတင်အုံကြွလာသည်။ နွေဦးတွင် လယ်သမား မငြိမ်သက်မှု ပေါ်ထွက်လာသည်။ လယ်သမားများသည် လူအုပ်ကြီးများဖြင့် မြေရှင်များကို ဆန့်ကျင်ချီတက် ဆန္ဒပြကာ ၎င်းတို့ပိုင်နယ်မြေများ၊ သကြားစက်ရုံများ၊ အရက်ချက်စက်ရုံများကို သိမ်းပိုက်လိုက်ပြီး၊ ၎င်းတို့၏ နန်းတော်များနှင့် ပိုင်နက်များကို မီးတင်ရှို့ကြသည်။ နေရာအချို့၌ လယ်သမားများသည် မြေရှင်များ၏ မြေများကို သိမ်းလိုက်ပြီး၊ သစ်တောများကို လက်ကားခုတ်ချသည့်လုပ်ငန်းကို အသုံးပြုသိမ်းပိုက်ကာ မြေယာပိုင်နက်များကို လူထုသို့ လွှဲပြောင်းပေးရန် တောင်းဆိုသည်။ သူတို့သည် မြေရှင်များ၏ ရိက္ခာဂိုဒေါင်

များနှင့် အခြားပစ္စည်းများကို သိမ်းပိုက်ကာ တော်ပြတ်နေသူများကို ဝေခြမ်းပေးလိုက်သည်။ မြေရှင်များ ကြောက်လန့်တကြား မြို့များသို့ထွက်ပြေးကြသည်။ ဇာဘုရင်အစိုးရက လယ်သမားပုန်ကန်မှုကို ချေမှုန်းရန် စစ်သားများနှင့် ကော့ဆက်များကို စေလွှတ်သည်။ စစ်သားများက လယ်သမားများကို ပစ်ခတ်ပြီး၊ "ဂိုဏ်းခေါင်းဆောင်များ" ဖမ်းဆီးကာ ရိုက်နှက်ညှဉ်းပန်းနှိပ် စက်သည်။ သို့သော်လည်း လယ်သမားများက ၎င်းတို့ တိုက်ပွဲကို ရပ်တန့်ခြင်းမပြုပါ။

လယ်သမားလှုပ်ရှားမှုသည် ရုရှားအလယ်ပိုင်းဒေသများ၊ ဗော်လဂါဒေသနှင့် ထရန့်ကော့ကေးရှား အထူးသဖြင့် ဂျော်ဂျီယာတို့သို့ ပိုမိုကျယ်ပြန့်စွာ ပျံ့နှံ့သွားသည်။

ဆိုရှယ်ဒီမိုကရက်များသည် ကျေးလက်ဒေသများသို့ ပိုမိုနက်ရှိုင်းစွာ ထိုးဖောက် ဝင်ရောက်လာသည်။ ပါတီဗဟိုကော်မတီက "သင်တို့ လယ်သမားများထံပေးပို့သည့် ကျွန်တော်တို့၏ ကတိစကား" ဟု ခေါင်းစဉ်တပ်ထားသည့် လယ်သမားများသို့ မေတ္တာရပ်ခံချက် ထုတ်ပြန်လိုက်သည်။ တဗာ၊ ဆရာတော့ဗ်၊ ပိုလ်တိုဗာ၊ ချာနီကော့ဗ်၊ အီကာတာရီနိုစလဗ်၊ တစ်ဖလစ်နှင့် တခြားပြည်နယ် အများအပြားမှ ဆိုရှယ်ဒီမိုကရက်ကော်မတီများက လယ်သမားများသို့ မေတ္တာရပ်ခံချက်များ ထုတ်ပြန်ကြသည့် ကျေးရွာများတွင် ဆိုရှယ်ဒီမိုကရက်များက အစည်းအဝေးများ ခေါ်ယူကျင်းပပြီး လယ်သမားများအကြား အစုများစည်းရုံးကာ လယ်သမားကော်မတီကို ထူထောင်ကြသည်။ ၁၉၀၅ ခု နွေတွင် ဆိုရှယ်ဒီမိုကရက်များက စည်းရုံးသည့် လယ်ယာအလုပ်သမားများ၏ သပိတ်များနေရာ အများအပြား၌ ပေါ်ပေါက်လာသည်။

သို့သော်လည်း ဤသည်မှာ လယ်သမားတိုက်ပွဲ၏ အစမျှသာဖြစ်သေးသည့် လယ်သမားလှုပ်ရှားမှုသည် ခရိုင် ၈၅ ခု မျှတွင်သာ ဖြစ်ပေါ်နေပြီး၊ ဤသည်မှာ ဇာဘုရင်ရုရှား၏ ဥရောပဒေသရှိ စုစုပေါင်း ခရိုင်များ၏ အကြမ်းဖျင်းအားဖြင့် ၇ ပုံ ၁ ပုံမျှသာဖြစ်သည်။ အလုပ်သမား၊ လယ်သမားလှုပ်ရှားမှုနှင့် ရုရှား–ဂျပန်စစ်ပွဲအတွင်း ရုရှားစစ်သားများ ခံစားနေရသည့် ပြောင်းပြန်ဖြစ်ရပ် တသီတတန်းကြီးတို့သည် လက်နက်ကိုင်အင်အားစုများအပေါ် ဂယက်ရိုက်ခဲ့သည်။ ဤဇာဘုရင်စနစ်၏ ခံတပ်ကြီးသည် ယိမ်းယိုင်စပြုလာပေပြီ။

၁၉၀၅ ခုနှစ် ဇွန်လတွင် ပင်လယ်နက်ရေတပ်ရှိ စစ်သင်္ဘော ပိုတဲမ်ကင်ပေါ်၌ ပုန်ကန်မှု ဖြစ်ပေါ်လာသည်။ စစ်သင်္ဘောမှာ ထိုအချိန်က အလုပ်သမား အထွေထွေသပိတ်များဖြစ်ပေါ်နေသည့် အိုဒက်ဆာအနီး၌ ချရပ်ထားသည်။ ပုန်ကန်သူ ရေတပ်သားများသည် ၎င်းတို့၏ ရွံရှာဖွယ် အရာရှိများကို လက်စားချေကြပြီး၊ သင်္ဘောကို အိုဒက်ဆာသို့ သယ်ဆောင်လာသည်။ စစ်သင်္ဘောပိုတဲမ်ကင်သည် တော်လှန်ရေးဘက်သို့ ကူးပြောင်းခဲ့သည်။

လီနင်က ဤပုန်ကန်မှု၏ ကြီးမားလှသည့်အရေးပါမှုကို အသိအမှတ်ပြုသည်။ သူက ဘော်ရှီဗစ်များအတွက် ဤလှုပ်ရှားမှု၏ ခေါင်းဆောင်မှုကို ရယူရန် အလုပ်သမား၊ လယ်သမားဒေသတပ်များ၏ လှုပ်ရှားမှုနှင့်ဆက်စပ်ပေးရန် လိုအပ်ကြောင်းယူဆသည်။

ဇာဘုရင်က ပိုတဲမ်ကင်ကို တိုက်ခိုက်ရန် စစ်သင်္ဘောအမြောက်အမြား စေလွှတ်ခဲ့သော်လည်း ထိုသင်္ဘောများမှ သင်္ဘောသားများသည် ၎င်းတို့၏ သူပုန်ရဲဘော်များကို ပစ်ခတ်ရန် ငြင်းဆိုကြသည်။ ရက်ပေါင်းများစွာ စစ်သင်္ဘော ပိုတဲမ်ကင်၏ အလံတိုင်မှ တော်လှန်ရေးအလံနီ လွင့်ပျံခဲ့သည်။ သို့သော် ၁၉၀၅ ခု ထိုအချိန်က လှုပ်ရှားမှုကို ခေါင်းဆောင်နေသည်မှာ နောက်ပိုင်း ၁၉၁၇ ခုတွင် ဖြစ်ခဲ့သည့်

အတိုင်း ဘော်ရီဗစ်တပါတီတည်းမဟုတ်ပါ။ ပိုတဲမ်ကင်ပေါ်၌ မင်ရှိဗစ်များ၊ ဆိုရှယ်လစ် တော်လှန်ရေး သမားများနှင့် မင်းမဲ့များရှိကြသည်။ အကျိုးဆက်အားဖြင့် ဆိုရှယ်ဒီမိုကရက်များသည် ပုန်ကန်မှု၌ တဦးချင်း ပါဝင်ခဲ့သော်လည်း သင့်တော်ကိုက်ညီပြီး အတွေ့အကြုံရင့်ကျက်သည့် ခေါင်းဆောင်မှု မရှိခဲ့ပါ။ အချက်အချာ ကာလများတွင် ရေတပ်သားအချို့သည် ယိမ်းယိုင်လာသည်။ ပင်လယ်နက်ရေတပ်မှ တခြားစစ်သင်္ဘောများကလည်း ပိုတဲမ်ကင် ပုန်ကန်မှုကို ပူးပေါင်းခြင်းမရှိခဲ့။ ကျောက်မီးသွေးနှင့် ရိက္ခာများ ကုန်ခန်းလာသောအခါ တော်လှန်သည့် စစ်သင်္ဘောသည် ရိုမေးနီးယားဆိပ်ကမ်းသို့ ထိုးကပ်ရပြီး၊ အာဏာပိုင်းများထံ လက်နက်ချလိုက်ရသည်။

စစ်သင်္ဘော ပိုတဲမ်ကင်ပေါ်မှ ရေတပ်သားများ၏ပုန်ကန်မှုသည် အရှုံးနှင့် အဆုံးသတ်သွားရသည်။ နောင်တွင် ဇာဘုရင်အစိုးရလက်တွင်း ကျရောက်သွားသည်။ ရေတပ်သားများသည် တရားစွဲဆိုခြင်းခံရ ပါသည်။ တချို့မှာအသတ်ခံရပြီး၊ တချို့မှာ နယ်နှင်ဒဏ် သို့မဟုတ် အလုပ်ကြမ်းနှင့် ထောင်ဒဏ်ကျသွားကြသည်။ သို့သော် ပုန်ကန်မှုကိုယ်နှိုက်တွင် အလွန်အရေးပါသည့် အဖြစ်အပျက် ဖြစ်ခဲ့သည်။ ပိုတဲမ်ကင် ပုန်ကန်မှုသည် စစ်တပ်နှင့် ရေတပ်အတွင်းမှ လူထု တော်လှန်ရေးလှုပ်ရှားမှု၏ ပထမ ဥပမာတရပ်၊ ဇာဘုရင်၏ လက်နက်ကိုင်အင်အားစုထဲမှ ကြီးမားသည့် ယူနစ်တခု တော်လှန်ရေး ဘက်ပြောင်းလဲလာသည့် ပထမဆုံးသော အဖြစ်အပျက်တရပ် ဖြစ်ခဲ့သည်။ ဤပုန်ကန်မှုက စစ်တပ် နှင့် ရေတပ်တို့၊ အလုပ်သမားလူတန်းစား၊ ပြည်သူများနှင့် လက်တွဲပူးပေါင်းလိုက်ခြင်းသည် အလုပ် သမား၊ လယ်သမားနှင့် အထူးသဖြင့် စစ်သားများ၊ ရေတပ်သားများကိုယ်တိုင်၏ အသဲနှလုံးနှင့် ပိုမို နီးကပ်ပြီး၊ ပိုမိုနားလည်လွယ်နိုင်သည့် အမြင်ကို ရရှိစေခဲ့သည်။

အလုပ်သမားများ၏ လူထုနိုင်ငံရေးသပိတ်များနှင့် ဆန္ဒပြပွဲများအပေါ် အားကိုးအား ထားပြုလာမှု၊ လယ်သမားလှုပ်ရှားမှု ကြီးထွားလာခြင်း၊ ပြည်သူနှင့် ပုလိပ်စစ်တပ်အကြား လက်နက်ကိုင် တိုက်မှုများနှင့် နောက်ဆုံး ပင်လယ်နက်ရေတပ်မှ ပုန်ကန်မှုအားလုံးတို့သည် ပြည်သူများ၏ လက်နက်ကိုင် အုံကြွမှုအတွက် အကြောင်းအချက်များ ရင့်မှည့်လာပြီဖြစ်ကြောင်း ပြသလိုက်သည်။ ဤသည်က လစ်ဘရယ်ဓနရှင်များကို လှုပ်ရှားရန် လှုံ့ဆော်ပေးလိုက်သည်။ တော်လှန်ရေးကို ကြောက်လန့်ပြီး တချိန်တည်းမှာလည်း ဇာဘုရင်ကို တော်လှန်ရေးတစ္ဆေနှင့် ခြိမ်းခြောက်ကာ တော်လှန်ရေးကို ဆန့်ကျင်ရန် ဇာဘုရင်နှင့် နားလည်မှုယူရန် ကြိုးစားလာကြသည်။ သူတို့၊ ပြည်သူများ၏ ဒေါသများ “ပြေငြိမ်းရန်” တော်လှန်ရေးအင်အားစုများကို ခွဲထုတ်ရန်နှင့် ထိုနည်းဖြင့် “တော်လှန်ရေး၏ ကြောက်မက်ဖွယ်ရာများ” ကိုရှောင်လွှဲရန် “ပြည်သူများအတွက်” ပြုပြင်ပြောင်းလဲမှု အနည်းအပါးကို တောင်းဆိုလာသည်။ လစ်ဘရယ်မြေရှင်များက “ခေါင်းဖြတ်ခံရတာထက် ကျွန်တော်တို့ မြေအချို့အဝက် ခွဲပေးလိုက်ခြင်းက သက်သာပါ သေးတယ်”လို့ ဆိုကြသည်။ လစ်ဘရယ်ဓနရှင်များသည် ဇာဘုရင်နှင့် အာဏာခွဲယူရန် ပြင် ဆင်လာခဲ့သည်။ လီနင်က အဲဒီရက်များအတွင်းက အလုပ်သမားလူတန်းစား၏ နည်းပရိယာယ်နှင့် လစ်ဘရယ်ဓနရှင်တို့၏ နည်းပရိယာယ်များကို ရည်ညွှန်းပြီး “ပစ္စည်းမဲ့များက တိုက်ပွဲဝင်နေတယ်။ လစ်ဘရယ်ဓနရှင်များကတော့ အာဏာကို ခိုးယူရန် ကြိုးစားနေတယ်”လို့ရေးသားခဲ့ပါသည်။

ဇာဘုရင် အစိုးရသည် အလုပ်သမားနှင့် လယ်သမားများကို ရက်စက်ကြမ်းကြုတ်စွာ ဆက်လက် ဖိနှိပ်ခဲ့သည်။ သို့သော်လည်း တော်လှန်ရေးကို ဖိနှိပ်သည့် နည်းနာတခုတည်းနှင့် မဖြေရှင်း

နိုင်တော့ ဆိုသည်ကိုလည်း မမြင်မဖြစ်မြင်လာကြရသည်။ ထို့ကြောင့် ဖိနှိပ်သည့် နည်းနာများကို လည်း မစွန့်လွှတ်ဘဲ ပရိယာယ်မာယာနှင့် လှည့်ဖြားသည့် ပေါ်လစီများကိုလည်း ရှာလာရသည်။ တဖက်တွင် မိမိတို့အတွင်း သူလျှိုများမှတဆင့် ရုရှားရှိ လူမျိုးအချင်းချင်းအကြား လှုံ့ဆော်ပေးပြီး၊ ဂျူး လူမျိုးအစုလိုက်အပြုံလိုက် သတ်ဖြတ်မှုနှင့် အာမေးနီးယားနှင့် တာတာများ အပြန်အလှန် သတ်ဖြတ်ပွဲများ ဖြစ်စေခဲ့သည်။ တဖက်တွင်လည်း *Zemsky Sobor သို့မဟုတ် နိုင်ငံတော်ဒူးမား လွှတ်တော်ပုံစံနှင့် "ကိုယ်စားပြု အစည်းအရုံး" ခေါ်ဆိုကျင်းပပေးရန် ဂတိပြုပြီး၊ ဝန်ကြီးဘူလီဂျင် (Bulygin) ကို ဥပဒေပြုအာဏာမပါရဟု သတ်မှတ်ထားသည့် ဒူးမားတရပ် စီမံကိန်းရေးဆွဲရန် ညွှန်ကြားခဲ့သည်။ ဤ ဆောင်ရွက်ချက်အားလုံးသည် တော်လှန်ရေးအင်အားအစုများကို ခွဲပစ်ရန်နှင့် အလယ်အလတ် ပြည်သူ့အစိတ်အပိုင်းကို တော်လှန်ရေးနှင့် အဆက်ဖြတ်ပစ်ရန် ဖြစ်ပါသည်။

ဘော်ရှီဗစ်များက လူကြိုက်များသည့် ကိုယ်စားလှယ်စနစ် အတုအယောင်ကို ဖွင့်ချရန် ရည်ရွယ်ချက်ဖြင့် ဘူလီဂျင် ဒူးမားကို သပိတ်မှောက်ရန် ကြေညာသည်။

မင်ရှီဗစ်များက တဖက်တွင် ဒူးမားကို မဖျက်ဆီးရန် ဆုံးဖြတ်ပြီး၊ ထိုအထဲတွင်ဝင်ပါရန် လိုအပ်သည်ဟု သဘောထားကြသည်။

## ၃။ ဘော်ရှီဗစ်နှင့်မင်ရှီဗစ်များအကြား နည်းပရိယာယ်ကွာခြားချက်များ။ တတိယအကြိမ် ပါတီကွန်ဂရက်။ လီနင်၏ "ဒီမိုကရေစီတော်လှန်ရေးအတွင်း ဆိုရှယ်–ဒီမိုကရေစီနည်း ပရိယာယ်နှစ်သွယ်" မာ့က်စ်ဝါဒပါတီတရပ်အတွက် နည်းပရိယာယ်ဆိုင်ရာ အခြေခံအုတ်မြစ်များ။

တော်လှန်ရေးက လူ့အဖွဲ့အစည်းတွင်းရှိ လူတန်းစားအားလုံးကို လှုပ်လှုပ်ရှားရှား ဖြစ်လာစေပါသည်။ တော်လှန်ရေးကြောင့် ဖြစ်ပေါ်လာသည့် နိုင်ငံတွင်း နိုင်ငံရေးဘဝ အလှည့်အပြောင်းက ၎င်းတို့၏ နေရာဟောင်း အဆင့်နေရာများမှ ရွေ့သွားစေပြီး၊ အခြေအနေအသစ်နှင့်အညီ ၎င်းတို့ အချင်းချင်း အကြား ပြန်လည် စုစည်းစေလိုက်ပါသည်။ လူတန်းစားတိုင်း၊ ပါတီတိုင်း ၎င်းတို့၏ နည်းပရိယာယ်များ၊ လုပ်ဆောင်ရန် လမ်းစဉ်များ တခြားလူတန်းစားများအပေါ် သဘောထား၊ အစိုးရအပေါ် သဘောထား စတာများ ရေးဆွဲရန် ကြိုးပမ်းလာကြသည်။ ဇာဘုရင်အစိုးရ ကိုယ်တိုင်တောင်မှ "ကိုယ်စားလှယ် အစည်းအရုံး" ဒူးမား လွှတ်တော်ခေါ်ဆိုပေးရန် ကတိပေးခြင်းတွင် သာဓက ပြုသည့်အတိုင်း မကြုံဘူး၊ မလုပ်ဘူးသည့် နည်းပရိယာယ်သစ်များ တီထွင်လာရကြောင်း မြင်တွေ့ရသည်။

ဆိုရှယ်ဒီမိုကရက်တစ်ပါတီသည်လည်း ၎င်း၏ နည်းပရိယာယ်များကို ရေးဆွဲလာရပါသည်။ ဤသည်ကို မြင့်တက်လာသည့် တော်လှန်ရေးဒီရေလှိုင်းက အမိန့်ပေးခဲ့သည်။ ဤသည်ကို ပစ္စည်းမဲ့များကို ရင်ဆိုင်နေသည့် လက်တွေ့ပြဿနာများက အမိန့်ပေးခဲ့ပြီး၊ နှောင့်နှေးမှုကို ခွင့်မပြုချေ။ လက်နက်ကိုင်အုံကြွမှု စည်းရုံးရေး၊ ဇာဘုရင်အစိုးရ ဖြုတ်ချရေး၊ ယာယီတော်လှန်ရေးအစိုးရ တည်ထောင်ရေး၊ ဤအစိုးရတွင် ဆိုရှယ်ဒီမိုကရက်တစ်များ ပါဝင်လာရေး၊ လယ်သမားများအပေါ် သဘောထားနှင့်

---

* *၁၆ ရာစုနှင့် ၁၇ ရာစုအတွင်းက ရုရှား၌ ကျင်းပခဲ့သော အစိုးရနှင့် တိုင်ပင်ဆွေးနွေးရန် နယ်မြေများမှ ကိုယ်စားလှယ်များ၏လွှတ်တော်*

လစ်ဘရယ်ခေနရှင်များအပေါ် သဘောထားစသည့် ပြဿနာများဖြစ်သည်။ ဆိုရှယ်ဒီမိုကရက်များကိုယ်တိုင်လည်း သေသေချာချာ စဉ်းစားဆင်ခြင်ထားသည့် တညီတညွတ်တည်းသော မာ့က်စ်ဝါဒနည်းပရိယာယ်များကို ရေးဆွဲလာရပါသည်။

သို့သော်လည်း မင်ရှီဗစ်များ၏ အချောင်ဝါဒနှင့် ၎င်းတို့၏ဂိုဏ်းခွဲရေး လှုပ်ရှားမှုများကြောင့် ရုရှားဆိုရှယ်ဒီမိုကရက်ပါတီတွင် ထိုအချိန်က နှစ်စုကွဲနေပါသည်။ ကွဲပြဲမှုမှာ ပြည့်ဝပြည့်စုံသွားပြီးဟု မသတ်မှတ်ရသေးဘဲ၊ "တရားဝင်အရလည်း" အစုနှစ်ခုသည် သီးခြားပါတီနှစ်ခုအဖြစ် ရောက်မသွားသေးသော်လည်း၊ "တကယ့်ဖြစ်ရပ်"မှာတော့ သီးခြားပါတီနှစ်ခုနှင့် အလွန်တူနေပြီး၊ တဦးစီမှာ ကိုယ်ပိုင်ခေါင်းဆောင်၊ ဗဟိုနှင့် ကိုယ်ပိုင်ပုံနှိပ်စက်များရှိနေပါသည်။

အကွဲအပြဲကို ပို၍ကျယ်ပြန့်စေသည့်အချက်မှာ မင်ရှီဗစ်များက ပါတီတွင်းအများစုနှင့် ကွဲပြဲခဲ့သည့် စည်းရုံးရေးရာကွဲပြားချက် အဟောင်းများအပြင် နည်းပရိယာယ်ဆိုင်ရာ ပြဿနာများအပေါ် ကွဲပြားချက်အသစ်များ ထပ်ထပ်ပေါင်းလာသည့် အချက်ဖြစ်သည်။

တလုံးတစည်းတည်းသော ပါတီမရှိမှုက တညီတညာတည်းသော ပါတီနည်းပရိယာယ်များ ချို့တဲ့စေလိုက်ပါသည်။

အခြေအနေမှ ထွက်ရပ်လမ်းမှာ နောက်ကွန်ဂရက်တရပ်၊ တတိယကွန်ဂရက်ကို ချက်ခြင်းခေါ်ယူပြီး၊ တူညီသည့် နည်းပရိယာယ်များချမှတ်ကာ အများစု၏ဆုံးဖြတ်ချက်၊ ကွန်ဂရက်၏ ဆုံးဖြတ်ချက်များကို အနည်းစုက ယုံယုံကြည်ကြည်နှင့် ဖော်ဆောင်လုပ်ကိုင်ရန်၊ ချည်နှောင်ပေးရန် ဖြစ်ပေသည်။ ဤသည်မှာ ဘော်ရှီဗစ်များက မင်ရှီဗစ်များကို တင်ပြတောင်းဆိုမှုဖြစ်သည်။ သို့သော် မင်ရှီဗစ် များက တတိယ ကွန်ဂရက်ဆင့်ခေါ်ရန်ကို နားမထောင်ခဲ့ပါ။ ပါတီကလက်ခံသည့် နည်းပရိယာယ်များမရှိဘဲ ပါတီကို ဤအတိုင်း ဆက်လက်ထားခြင်းသည် ရာဇဝတ်ပြစ်မှုတရပ်ဟု သဘောထားပြီး၊ ပါတီဝင်အားလုံးကို စုစည်းချည်နှောင်ရန် ဘော်ရှီဗစ်များက တတိယကွန်ဂရက် ကျင်းပရေးအတွက် ဦးစီးဦးကိုင်ပြုမှုကို ၎င်းတို့ယူရန် ဆုံးဖြတ်လိုက်သည်။

ဘော်ရှီဗစ်ရော မင်ရှီဗစ်ပါ ပါတီအဖွဲ့အစည်းအားလုံးကို ကွန်ဂရက်သို့ဖိတ်ကြားခဲ့သည်။ မင်ရှီဗစ်များက တတိယကွန်ဂရက်ကို ပါဝင်ရန် ငြင်းဆန်ပြီး၊ ၎င်းတို့ဘာသာ သီးခြားကွန်ဂရက်တခုပြုလုပ်ရန် ဆုံးဖြတ်ခဲ့သည်။ ၎င်းတို့ကွန်ဂရက်သို့ တက်ရောက်သည့် ကိုယ်စားလှယ် အရေအတွက် နည်းပါးသည့်အတွက် ကွန်ဖရင့်ဟုခေါ်သော်လည်း အမှန်မှာ ကွန်ဂရက်တရပ်၊ မင်ရှီဗစ်ပါတီကွန်ဂရက်တရပ်ဖြစ်ပြီး ဆုံးဖြတ်ချက်မှာ မင်ရှီဗစ်အားလုံး လိုက်နာရန် ဖြစ်သည်။

ရုရှားဆိုရှယ်ဒီမိုကရက်ပါတီ၏ တတိယကွန်ဂရက်ကို ၁၉၀၅၊ ဧပြီတွင် လန်ဒန်၌ ကျင်းပသည်။ ဘော်ရှီဗစ်ကော်မတီ ၂၀ မှကိုယ်စားလှယ် ၂၄ ဦးတက်ရောက်သည်။ ပါတီ၏ အဖွဲ့အစည်းကြီးအားလုံးမှ ကိုယ်စားလှယ်များ တက်ရောက်သည်။

ကွန်ဂရက်က မင်ရှီဗစ်များကို "ပါတီမှခွဲထွက်သွားသည့်အစိတ်အပိုင်းတရပ်"ဟု ရှုတ်ချပြီး၊ ပါတီ၏ နည်းပရိယာယ် ရေးဆွဲရေးဆိုသည့် လုပ်ငန်းကို ဆက်လက် လုပ်ဆောင်ခဲ့သည်။

ဤကွန်ဂရက် ကျင်းပနေသည်နှင့် တချိန်တည်း မင်ရှီဗစ်များကလည်း ၎င်းတို့ကွန်ဂရက်ကို ဂျီနီဗာ၌ ကျင်းပသည်။

ဤအခြေအနေကို လီနင်က နိဂုံးချုပ်ရာတွင် "ကွန်ဂရက် ၂ ရပ်၊ ပါတီ ၂ ခု" ဟု ဆိုခဲ့သည်။

ကွန်ဂရက်ရော၊ ကွန်ဖရင့်ပါ တကယ်တော့ နည်းပရိယာယ်ဆိုင်ရာ ပြဿနာတခုတည်းအပေါ်မှာသာ ဆွေးနွေးကြသော်လည်း ချမှတ်လိုက်သည့် ဆုံးဖြတ်ချက်များမှာ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ပါသည်။ ကွန်ဂရက်နှင့် ကွန်ဖရင့်မှ ဆုံးဖြတ်လက်ခံလိုက်သည့် ဆုံးဖြတ်ချက် ၂ စုံသည် တတိယကွန်ဂရက်နှင့် မင်ရှီဗစ်ကွန်ဖရင့်အကြား၊ ဘော်ရှီဗစ်နှင့် မင်ရှီဗစ်အကြား နည်းပရိယာယ် ကွဲပြားချက်များ၏ အတိမ်အနက်တခုလုံးကို ဖော်ထုတ်ပြသလိုက်သည်။

ဤကွဲပြားချက်များ၏ အဓိကအချက်များမှာ အောက်ပါများဖြစ်သည်။

**တတိယအကြိမ် ပါတီကွန်ဂရက်၏ နည်းပရိယာယ်လမ်းစဉ်။** ကွန်ဂရက်က ဖြစ်ပွား လျက်ရှိသည့် တော်လှန်ရေး၏လက္ခဏာမှာ ဓနရှင်ဒီမိုကရေစီ လက္ခဏာရှိသော်လည်း ယခု ပေးထား သည့်ကာလအတွင်း တော်လှန်ရေးသည် အရင်းရှင်စနစ်၏ ဘောင်အတွင်းက ဖြစ်နိုင်ချေရှိသည့် ကန့်သတ်ချက်ထက် မကျော်လွန်နိုင်သော်လည်း၊ တော်လှန်ရေး၏ ပြည့်ဝသည့် အောင်ပွဲကို စိတ်ဝင်စားသူမှာ အဓိကအားဖြင့် ပစ္စည်းမဲ့များသာဖြစ်သည်ဟုခံယူသည်။ အဘယ်ကြောင့်ဆိုသော် ဤတော်လှန်ရေး၏ အောင်ပွဲက ပစ္စည်းမဲ့များကို စုစည်းပေးလိုက်နိုင်ပြီး၊ နိုင်ငံရေးအရ ကြီးထွားလာနိုင် စေကာ ဆင်းရဲနွမ်းပါးလှသည့် လူထုများ၏ နိုင်ငံရေးခေါင်းဆောင်မှုတွင် အတွေ့အကြုံနှင့် အရည်အချင်းပြည့်ဝမှုများ ရရှိနိုင်စေပြီး၊ ဓနရှင်တော်လှန်ရေးမှ ဆိုရှယ်လစ် တော်လှန်ရေးသို့ ချီတက်သွားနိုင်စေပါလိမ့်မည်။

ဓနရှင်ဒီမိုကရေစီတော်လှန်ရေး၏ ပြည့်ဝသည့်အောင်ပွဲရရေးအတွက် ရေးဆွဲထားသည့် ပစ္စည်းမဲ့များ၏ နည်းနာများသည် လယ်သမားထုအကြားမှာသာလျှင် ထောက်ခံမှုရရှိနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် လယ်သမားများသည် တော်လှန်ရေး၏ ပြည့်ဝသည့် အောင်ပွဲမရရှိဘဲ မြေရှင်များနှင့် စာရင်းရှင်းပြီးနောက် ၎င်းတို့မြေများကို ပိုင်ဆိုင်ခွင့်ရရှိရန် မဖြစ်နိုင်ချေ။ ထို့ကြောင့် လယ်သမားထုသည် ပစ္စည်းမဲ့များ၏ သဘာဝမဟာမိတ်ဖြစ်သည်။

လစ်ဘရယ်ဓနရှင်များသည် ဤတော်လှန်ရေး အပြည့်အဝ အောင်ပွဲခံရန် စိတ်မဝင်စားချေ။ အဘယ်ကြောင့်ဆိုသော် သူတို့သည် မည်သည့်အရာထက်မဆို ကြောက်လန့်နေသည့် အလုပ်သမားနှင့် လယ်သမားများကိုဖိနှိပ်ရန် ကြာပွတ်အဖြစ် ဇာဘုရင်အုပ်စိုးမှုကိုလိုလားနေပြီး၊ ဤအာဏာကို အနည်းအကျဉ်းထိန်းချုပ်မှုသာပြုလုပ်ပြီး၊ ဇာဘုရင်အုပ်စိုးမှု တည်တန့်ရန် ကြိုးစားပေလိမ့်မည်။ ထို့ကြောင့် လစ်ဘရယ်ဓနရှင်များသည် ဖွဲ့စည်းအုပ်ချုပ်ပုံအရ ဘုရင်စနစ်အခြေခံအပေါ်တွင် ဇာဘုရင်နှင့် နားလည်မှုယူပြီး ပြဿနာများ အဆုံးသတ်သွားစေရန် ကြိုးစားပေမည်။

တော်လှန်ရေးသည် ပစ္စည်းမဲ့များ ဦးဆောင်မှသာလျှင်၊ တော်လှန်ရေး၏ ခေါင်းဆောင်အဖြစ် ပစ္စည်းမဲ့များသည် လယ်သမားထုနှင့် မဟာမိတ်ရရှိမှသာလျှင်၊ လစ်ဘရယ်ဓနရှင်များကို အထီးကျန်ဖြစ်စေမှသာလျှင်၊ ဇာဘုရင်ကိုဆန့်ကျင်သည့် ပြည်သူများ၏အုံကြွမှုကို ဆိုရှယ်ဒီမိုကရက်ပါတီက တက်တက်ကြွကြွ ပါဝင်စုစည်း စည်းရုံးမှသာလျှင်၊ အုံကြွမှုအောင်မြင်သည့်အတွက် ယာယီ တော်လှန်ရေး အစိုးရအဖွဲ့ဖွဲ့ပြီး၊ တန်ပြန်တော်လှန်ရေး အခြေအမြစ်နှင့် အဖွဲ့ခွဲများကို ဖျက်ဆီးချေမှုန်းနိုင်ပြီး၊ ပြည်သူလူထုအားလုံးကို ကိုယ်စားပြုသည့် ဖွဲ့စည်းအုပ်ချုပ်ပုံ လွှတ်တော်ခေါ်ဆို ကျင်းပနိုင်မှသာလျှင် ဆိုရှယ်ဒီမိုကရက်များသည် အခြေအနေများက အခွင့်သာနေသည့်အခါ တော်လှန်ရေးကို ဆုံးခန်း

တိုင်အောင် ဆက်လက်ဆင်နွှဲနိုင်ရန် ယာယီတော်လှန်ရေးအစိုးရတွင်ပါဝင်ဖို့ မငြင်းဆိုမှသာလျှင် အောင်ပွဲခံနိုင်ပေလိမ့်မည်။

**မင်ရှီဗစ်ကွန်ဖရင့်၏ နည်းပရိယာယ်လမ်းစဉ်။** တော်လှန်ရေးသည် ဓနရှင်တော်လှန်ရေးဖြစ်သည့်အတိုင်း လစ်ဘရယ် ဓနရှင်များသာ ၎င်း၏ခေါင်းဆောင် ဖြစ်နိုင်သည်။ ပစ္စည်းမဲ့များသည် လယ်သမားထုနှင့် နီးကပ်စွာမဆက်ဆံသင့်ပဲ လစ်ဘရယ် ဓနရှင်များကိုသာ ဆက်ဆံသင့်သည်။ အဓိက မှာ လစ်ဘရယ်ဓနရှင်များကို တော်လှန်ရေးစိတ်ဓာတ်များ ထုတ်ဖော်ပြသခြင်းဖြင့် ခြောက် လှန့်မပစ်သင့်ပဲ၊ တော်လှန်ရေးမှ နောက်တွန့်သွားအောင် အချက်အလက်မပေးသင့်ပါ။ အဘယ် ကြောင့်ဆိုသော် သူတို့ တော်လှန်ရေးမှ နောက်ဆုတ်သွားပါက တော်လှန်ရေးသည် အားနည်းချည့်နဲ့ သွားပါလိမ့်မည်။

တော်လှန်ရေး အောင်ပွဲခံနိုင်သည်မှာ ဖြစ်နိုင်ချေ ရှိပါသည်။ သို့သော် အံုကြွမှု အောင်မြင်ပြီး နောက် ဆိုရှယ်ဒီမိုကရက်ပါတီသည် လစ်ဘရယ်ဓနရှင်များ ကြောက်လန့်စွာ စွန့်ခွာမသွားအောင် ဘေး ရှောင်ပေးသင့်သည်။ အံုကြွမှုအကျိုးကြောင့် ယာယီတော်လှန်ရေးအစိုးရ ထူထောင်ရေးမှာ ဖြစ်နိုင်ချေ ရှိပါသည်။ သို့သော် ဆိုရှယ်ဒီမိုကရက်ပါတီသည် မည်သည့်အခြေအနေတွင်မှ ဝင်ရောက်ပါဝင်ခြင်း မပြုသင့်ပါ။ အဘယ်ကြောင့်ဆိုသော် ဤအစိုးရသည် လက္ခဏာအားဖြင့် ဆိုရှယ်လစ် မဟုတ်နိုင်သည့် အတွက်ကြောင့်နှင့် အဓိကအကြောင်းကတော့ ဤအစိုးရတွင်းပါဝင်မှုနှင့် ၎င်း၏တော်လှန်ရေး စိတ်ဓာတ်ကြောင့် ဆိုရှယ်ဒီမိုကရက်ပါတီသည် လစ်ဘရယ်ဓနရှင်များအားလုံးကို ကြောက်လန့်စွန့်ခွာစေ နိုင်ပြီး၊ ဤနည်းဖြင့် တော်လှန်ရေးကို ဖျက်ဆီးနိုင်ပါသည်။

ပြင်ပအလုပ်သမားလူတန်းစား၏ ဖိအားကြောင့် ဖွဲ့စည်းအုပ်ချုပ်ပုံ လွှတ်တော်အသွင်သို့ ပြောင်းသွားနိုင်သည့် သို့မဟုတ် ဖွဲ့စည်းအုပ်ချုပ်ပုံ လွှတ်တော်ခေါ်ဆိုရန် တိုက်တွန်းနိုင်သည့် ဒူးမား လွှတ်တော်သဏ္ဍာန်ကဲ့သို့သော ကိုယ်စားလှယ်အစည်းအရုံး ပုံစံမျိုး တမျိုးမျိုးကို ခေါ်ဆိုကျင်းပနိုင်မှ သာလျှင် တော်လှန်ရေးအတွက် အလားအလာ ပိုကောင်းပေမည်။

ပစ္စည်းမဲ့များတွင် ၎င်းတို့ကိုယ်ပိုင် သီးခြားလခစားသက်သက် အကျိုးစီးပွားများရှိပြီး၊ ဤအကျိုး စီးပွားများကိုသာ အာရုံပြုသင့်ပြီး၊ ဓနရှင်တော်လှန်ရေး၏ ခေါင်းဆောင်ဖြစ်လာရန် မကြိုးစားသင့်ပါ။ ဤတော်လှန်ရေးမှာ ပစ္စည်းမဲ့တဦးတည်း ဆိုင်ခြင်းမဟုတ်ဘဲ လူတန်းစားအားလုံးနှင့် ဆိုင်သည့် အထွေ ထွေနိုင်ငံရေး တော်လှန်ရေးတရပ် ဖြစ်ပါသည်။

ဤအရာများသည် အတိုချုပ်အားဖြင့် ရုရှားဆိုရှယ်ဒီမိုကရက်အလုပ်သမားပါတီ၏အုပ်စု ၂ ခု၏ နည်းပရိယာယ်နှစ်ခု ဖြစ်ပါသည်။

သူ၏သမိုင်းဝင်စာအုပ် “ဒီမိုကရေစီတော်လှန်ရေးအတွင်း ဆိုရှယ်ဒီမိုကရေစီ၏ နည်းပရိယာယ် ၂ သွယ်” တွင် လီနင်က မင်ရှီဗစ်များ၏ နည်းပရိယာယ်အပေါ် ဂန္ထဝင်မြောက် ဝေဖန်ရေးသားပြီး၊ ဘော်ရှီဗစ်များ၏ နည်းပရိယာယ်အပေါ် ပြောင်မြောက်လှသည့် သက်သေပြချက်များကို ရေးသားခဲ့ပါ သည်။

တတိယ ပါတီကွန်ဂရက်အပြီး ၂ လအကြာ ၁၉၀၅ ခု ဇူလိုင်တွင် ဤစာအုပ်ကို ထုတ်ဝေခဲ့ သည်။ စာအုပ်ခေါင်းစဉ်ကို ကြည့်ပြီးနောက် လီနင်သည် ဓနရှင်ဒီမိုကရေစီ တော်လှန်ရေးကာလ အတွင်းက နည်းပရိယာယ်ပြဿနာများကိုသာ ဖြေရှင်းပြီး၊ ရုရှားမင်ရှီဗစ်ကိုသာ ဂရုပြုမိဟန်ရှိတယ် လို့ ထင်ကောင်းထင်နိုင်ပါသည်။ တကယ်တမ်းမှာတော့ မင်ရှီဗစ်များ၏ နည်းပရိယာယ်များကို သူက

ဝေဖန်ရေးသားသည့် တချိန်တည်းမှာ နိုင်ငံတကာအချောင်ဝါဒ၏ နည်းပရိယာယ်ကိုလည်း ဖွင့်ချခဲ့ပါသည်။ ခနရှင်တော်လှန်ရေးအတွင်း မာ့က်စ်ဝါဒီများ၏ နည်းပရိယာယ်များအပေါ်မှာ အခိုင်အမာရပ်ပြီး၊ ခနရှင်တော်လှန်ရေးနှင့် ဆိုရှယ်လစ်တော်လှန်ရေးအကြား ကွဲပြားခြားနားမှုကို ဖော်ပြသည်နှင့်တချိန်တည်းတွင် သူက ခနရှင်တော်လှန်ရေးမှ ဆိုရှယ်လစ်တော်လှန်ရေးသို့ ကူးပြောင်းသည့်ကာလအတွင်း မာ့က်စ်ဝါဒနည်းပရိယာယ်များ၏ အခြေခံမူများကို ဖော်စပ်ရေးသားခဲ့ပါသည်။

လီနင်က သူ၏စာစောင် "ဒီမိုကရေစီတော်လှန်ရေးအတွင်း ဆိုရှယ်ဒီမိုကရေစီ၏ နည်းပရိယာယ် ၂ သွယ်"တွင် အသေးစိတ် ချယ်မှုန်းရေးသားခဲ့သော အခြေခံနည်းပရိယာယ်မူများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**၁။** လီနင်၏စာအုပ်တအုပ်လုံး ဖုံးလွှမ်းနေသည့် အဓိကနည်းပရိယာယ်မူကတော့ ပစ္စည်းမဲ့များသည် ခနရှင်ဒီမိုကရေစီ တော်လှန်ရေး၏ ခေါင်းဆောင်လည်း ဖြစ်နိုင်သည်။ ဖြစ်လည်းဖြစ်ရမည်။ ရုရှားရှိ ခနရှင်ဒီမိုကရေစီတော်လှန်ရေး၏ လမ်းညွှန်အင်အားလည်း ဖြစ်နိုင်သည်။ ဖြစ်လည်း ဖြစ်ရမည်။

လီနင်က "ဒီမိုကရေစီတော်လှန်ရေး သက်သက်မျှ၏ နယ်နမိတ်ကို တိုက်ရိုက်ကျော်လွှားသွားရန် မဖြစ်နိုင်ပါ။"ဟု ဆိုလိုက်ခြင်းဖြင့် ဤတော်လှန်ရေး၏ ခနရှင်လက္ခဏာကို အသိအမှတ်ပြု ဝန်ခံခဲ့ပါသည်။ သို့သော် သူက ဤသည်မှာ အထက်လွှာ၏ တော်လှန်ရေးတရပ် မဖြစ်ဘဲ၊ ပြည်သူတရပ်လုံး၊ အလုပ်သမားလူတန်းစားတရပ်လုံး၊ လယ်သမားထုတရပ်လုံးကို လှုပ်ရှားထကြွလာစေနိုင်သည့် ပြည်သူ့တော်လှန်ရေးတရပ်ဖြစ်ကြောင်း ခံယူထားပါသည်။ ထို့ကြောင့် ပစ္စည်းမဲ့များအတွက် ခနရှင်တော်လှန်ရေး၏ အဓိပ္ပာယ်ကို သေးသိမ်အောင်ပြုလုပ်ခြင်း၊ ဤအတွင်းက ပစ္စည်းမဲ့များ၏ အခန်းကို တန်ဖိုးလျှော့ချခြင်းနှင့် ပစ္စည်းမဲ့များကို ၎င်းမှဝေးကွာစေခြင်းတို့အတွက် မင်ရှီဗစ်တို့၏ ကြိုးပမ်း ချက်များသည် လီနင်၏အမြင်တွင် ပစ္စည်းမဲ့များ၏ အကျိုးစီးပွားကို သစ္စာဖောက်ခြင်းပင် ဖြစ်သည်။

လီနင်က "မာ့က်စ်ဝါဒက ပစ္စည်းမဲ့များကို သင်ကြားထားသည်မှာ ခနရှင်တော်လှန်ရေးမှ ခပ်ခွာခွာနေရန်၊ ဥပေက္ခာပြုရန်၊ တော်လှန်ရေး၏ ခေါင်းဆောင်မှုကို ခနရှင်တို့ကရယူအောင် ခွင့်ပြုရန်တို့ မဟုတ်ဘဲ၊ ဆန့်ကျင်စွာပင် အတက်ကြွဆုံးအခန်းမှ ပါဝင်ရန်၊ ခိုင်မာသည့် ပစ္စည်းမဲ့ဒီမိုကရေစီအတွက် အကြံ့ခိုင်ဆုံး တိုက်ပွဲဝင်ရန်၊ တော်လှန်ရေးကို အဆုံးတိုင်ထိ ဆက်လက်ဆင်နွှဲသွားရန် ဖြစ်သည်။"ဟု ဆိုခဲ့သည်။ **(လီနင်လက်ရွေးစင်ကျမ်း၊ အင်္ဂလိပ်ဘာသာ၊ မော်စကို၊ ၁၉၄၇၊အတွဲ၁၊ စာမျက်နှာ–၃၆၉)**

လီနင်က ဆက်လက်ပြီး "ယခုလက်ရှိကာလတွင် နိုင်ငံရေး လုံးဝလွတ်လပ်ခွင့်ထက်ပို၍၊ ဒီမိုကရေစီသမ္မတနိုင်ငံထက်ပို၍ ဆိုရှယ်လစ်စနစ်ကို နီးလာအောင်ပြုလုပ်နိုင်သည့် တခြားနည်းနာများ ရှိလည်းမရှိ၊ ရှိလည်းမရှိနိုင်ဆိုသည်ကို ကျွန်တော်တို့ မမေ့အပ်ပေ။"ဟု ဆိုခဲ့သည်။ **(အထက်ပါစာ စောင်၊ စာမျက်နှာ–၄၁၄)**

လီနင်က တော်လှန်ရေးမှ ပေါ်ထွန်းလာနိုင်သည့် ဖြစ်နိုင်ချေနှစ်ခုကို ကြိုတင်မြင်ခဲ့သည်။

(က) ဇာဘုရင်စနစ်အပေါ် အပြတ်အသတ်အောင်ပွဲခံကာ ဇာစနစ်ကို ဖြုတ်ချပြီး၊ ဒီမိုကရေစီသမ္မတနိုင်ငံ ထူထောင်လိုက်ခြင်းဖြင့် အဆုံးသတ်ခြင်း။

(ခ) သို့မဟုတ် အင်အား မလုံလောက်ပါက ဇာဘုရင်နှင့်ဓနရှင်များအကြား ပြည်သူများကို ခုတုံးလုပ်ပြီး၊ စကားဆို ဈေးဆစ်ကြကာ ဖြတ်တောက်ထားသည့် ဖွဲ့စည်းအုပ်ချုပ်ပုံတမျိုး သို့မဟုတ် အဖြစ်နိုင်ဆုံးမှာ ဖွဲ့စည်းအုပ်ချုပ်ပုံ ရုပ်ဖျက်နည်းတမျိုးမျိုးနှင့် အဆုံးသတ်ခြင်းဆိုသည့် ၂ မျိုး ဖြစ်သည်။

ပစ္စည်းမဲ့များသည် ဤနှစ်ခုအနက်မှ ပိုမိုကောင်းမွန်သည့် ဖြစ်ထွန်းရရှိချက်၊ ဆိုလိုသည်မှာ ဇာဘုရင်စနစ်အပေါ် အပြတ်အသတ်အောင်ပွဲတွင်သာ စိတ်ဝင်စားပါသည်။ သို့သော် ဤသို့သော ဖြစ်ထွန်းရရှိချက်သည် ပစ္စည်းမဲ့များက တော်လှန်ရေး၏ ခေါင်းဆောင်နေရာကိုရကာ ရှေ့ဆောင်ရှေ့ရွက်ပြုနိုင်မှသာလျှင် ဖြစ်နိုင်ပါသည်။

လီနင်က “တော်လှန်ရေး၏ ရရှိချက်သည် အလုပ်သမားလူတန်းစားက ဓနရှင်တို့၏ အရန်အကူ အင်အားအခန်းကသာ ပါဝင်နိုင်ပြီး၊ ထိုအရန်မှာလည်း ပစ္စည်းမဲ့များကို ဆန့်ကျင်သတ်ဖြတ်ရာတွင်သာ အင်အားကြီးမားပြီး၊ နိုင်ငံရေးအရ မစွမ်းမသန် ဖြစ်နေမလား သို့မဟုတ် အလုပ်သမားလူတန်းစားသည် ပြည်သူ့တော်လှန်ရေး၏ ခေါင်းဆောင်အခန်းမှ ပါဝင်မလားဆိုသည့် အပေါ်တွင် မူတည်သည်”ဟု ဆိုခဲ့သည်။ **(အထက်ပါစာစောင်၊ စာမျက်နှာ–၃၄၄)**

လီနင်က ပစ္စည်းမဲ့များ ဓနရှင်တို့၏အရန်အင်အားကံကြမ္မာမှ လွတ်မြောက်ရန်နှင့် ဓနရှင်ဒီမိုကရေစီတော်လှန်ရေး၏ ခေါင်းဆောင်ဖြစ်လာစေရန်အတွက် ဖြစ်နိုင်ချေ အားလုံးရှိသည်ဟု ယူဆ သည်။ လီနင်၏ အဆိုအရ ထိုဖြစ်နိုင်ချေမှာ အောက်ပါအချက်များကြောင့်ဖြစ်သည်။

**ပထမ။** ပစ္စည်းမဲ့များသည် ၎င်းတို့၏ တကယ့်အဆင့်နေရာ ဂုဏ်အင်္ဂါရပ်များကြောင့် ရှေ့တန်းအရောက်ဆုံးနှင့် တခုတည်းသောညီညွတ်သည့် တော်လှန်ရေးလူတန်းစားတရပ်ဖြစ်ပြီး၊ ဤတကယ့်အကြောင်းကြောင့် ရုရှားရှိ အထွေထွေဒီမိုကရေစီ တော်လှန်ရေးလှုပ်ရှားမှုတွင် ခေါင်းဆောင်အခန်းက ပါဝင်ရန် ခေါ်ဆိုခြင်းခံရသည်။ **(အထက်ပါစာစောင်၊ စာမျက်နှာ–၃၈၆)**

**ဒုတိယ။** ပစ္စည်းမဲ့များတွင် ၎င်းတို့ကိုယ်ပိုင် နိုင်ငံရေးပါတီတရပ်ရှိပြီး၊ ထိုပါတီက ဓနရှင်များနှင့် အမှီအခိုကင်းပြီး၊ ပစ္စည်းမဲ့များကို “လွတ်လပ်အမှီအခိုကင်းသည့် စည်းလုံးညီညွတ်သော နိုင်ငံရေးအင်အားစုတရပ်” အဖြစ် ပေါင်းစည်းပေးနိုင်ခဲ့ပါသည်။ **(အထက်ပါစာစောင်၊ စာမျက်နှာ–၃၈၆ )**

**တတိယ။** “အခိုင်အမာအသိတွင် ဓနရှင်တော်လှန်ရေးသည် ပစ္စည်းမဲ့များအတွက် ဓနရှင်များထက်ပို၍ အကျိုးအမြတ်ရှိသည်။”ဟူ သောအမြင်ကြောင့် တော်လှန်ရေး အပြတ်အသတ်အောင်ပွဲကို ပစ္စည်းမဲ့များက ဓနရှင်များထက်ပို၍ စိတ်ဝင်စားသည်။ **(အထက်ပါစာစောင် စာမျက်နှာ ၃၈၆)**

လီနင်က “ပစ္စည်းမဲ့များကို ဆန့်ကျင်ဖိနှိပ်သည့် အတိတ်မှ အကြွင်းအကျန်အချို့ ဥပမာ– သက်ဦးဆံပိုင်စနစ်၊ တည်ရှိဆဲတပ် အစရှိသည်များအပေါ် အားထားမှီခိုရန်မှာ ဓနရှင်များအတွက် တပန်းသာပေသည်။

အကယ်၍ ဓနရှင်တော်လှန်ရေးသည် အတိတ်မှ အကြွင်းအကျန်အားလုံးကို ခိုင်မာပြတ်သားစွာမဖြေရှင်းဘဲ၊ တချို့တဝက်ကိုချန်ထားပါက ဆိုလိုသည်မှာ ဤတော်လှန်ရေးသည် အပြည့်အဝညီညွတ်ခြင်းမရှိဘဲ၊ ပြည့်ဝကုန်လုံခြင်းမရှိဘဲ၊ ပိုင်းဖြတ်ချက်ခိုင်မာခြင်း၊ အညှာအတာကင်းခြင်း မရှိပါက ဓနရှင်များအတွက် တပန်းသာစေလိမ့်မည်။ ဓနရှင်ဒီမိုကရေစီသို့ ဦးတည်မည့် လိုအပ်သည့် ပြောင်းလဲမှုများကို လုပ်ဆောင်ရာတွင် ပိုမိုဖြည်းလေးနှေးကွေးစွာ၊ ပိုမိုသတိကြီးစွာ၊ ကြံ့ခိုင်မှုနည်းစွာနှင့် တော်လှန်ရေးနည်းများနှင့် မဟုတ်ဘဲ၊ ပြုပြင်ရေးနည်းနာများဖြင့်သာ လုပ်ဆောင်ပါက၊ အကယ်၍

ဤပြုပြင်ပြောင်းလဲမှုများက အမှီအခိုကင်းသည့် တော်လှန်ရေးလှုပ်ရှားမှု၊ သာမာန်ပြည်သူများ ဆိုလိုသည်မှာ လယ်သမားထုနှင့် အထူးသဖြင့် အလုပ်သမားများ၏ ဦးဆောင်မှုနှင့် စွမ်းရည်တို့ကို နည်းနိုင်သမျှ နည်းပါးစွာ ဖြစ်ပေါ်တိုးတက်စေပါက ဓနရှင်များအတွက် ပို၍ပင်အကျိုးများပေမည်။ အဘယ်ကြောင့်ဆိုသော် ဤကဲ့သို့ မဟုတ်ပါက အလုပ်သမားများအဖို့ ပြင်သစ်တွေ၏ ဆိုရိုးစကား "ပုခုံးတဖက်ပေါ်မှ သေနတ်ကို တခြားတဖက်သို့ ပြောင်းချိတ်ခြင်း"ကဲ့သို့ ဆိုလိုသည်မှာ အလုပ်သမားလက်ထဲသို့ ဓနရှင်တော်လှန်ရေးက ထည့်ပေးလိုက်သည့် တော်လှန်ရေးက ယူဆောင်လာသည့်၊ လွတ်လပ်ခွင့် ကျေးကျွန်စနစ်မှ ကင်းရှင်းသည့်မြေမှ ပေါ်ပေါက်လာသည့်၊ ဒီမိုကရေစီအဆောက်အအုံ တို့ကို ရရှိစေသည့် သေနတ်များကို ဓနရှင်ဖက်လှည့်ပြောင်းရန် ပိုလွယ်ကူပေလိမ့်မည်။ အခြားတဖက်တွင်လည်း ဓနရှင်ဒီမိုကရေစီသို့ ဦးတည်လိုအပ်သည့် ပြောင်းလဲမှုများကို လုပ်ဆောင်ရာတွင် ပြုပြင်ရေးနည်းနာများနှင့်မဟုတ်ဘဲ တော်လှန်ရေးနည်းများဖြင့် လုပ်ဆောင်ပါက အလုပ်သမားလူတန်းစားအတွက် ပိုမိုအကျိုးရှိပေမည်။ အဘယ်ကြောင့်ဆိုသော် ပြုပြင်ရေးလမ်းသည် နှောင့်နှေးကြန့်ကြာစေမည့်လမ်း၊ အမျိုးသားရေး ရုပ်ကလပ်အဖွဲ့အစည်း (organism) ၏ ပုပ်သိုးဆွေးမြေ့သည့် အပိုင်းများကို တဖြည်းဖြည်း နာကျင်ပင်ပန်းစွာ ပျက်ဆီးပုပ်သိုးစေခြင်းဖြစ်သည်။ ၎င်းတို့၏ ပုပ်သိုး ဆွေးမြေ့မှုမှ ပထမဆုံးနှင့် အများဆုံး ခံစားရသူများမှာ ပစ္စည်းမဲ့များနှင့် လယ်သမားထုဖြစ်သည်။ တော်လှန်ရေးနည်းနာမှာ အလျင်အမြန် ဖြတ်တောက်လိုက်ခြင်းဖြစ်ပြီး၊ ဤနည်းသည် ပစ္စည်းမဲ့များ အတွက် အနာအကျင်အနည်းဆုံးဖြစ်ကာ၊ ပုပ်သိုးဆွေးမြေ့ပျက်ဆီးနေသည့် အပိုင်းကိုတိုက်ရိုက် ဖယ်ရှားလိုက်ခြင်းဖြစ်သည်။ ဤနည်းသည် သက်ဦးဆံပိုင်စနစ်နှင့် ၎င်းနှင့်အတူရှိသည့် ရွံမုန်းဖွယ်၊ ယုတ်မာပုပ်သိုးပြီး မကောင်းသည့် ရောဂါဆိုးများကို ကူးစက်ဖြန့်ဖြူးပေးနေသည့် အဆောက် အအုံများ နှင့် အနည်းဆုံးအလျော့ပေးထားသည့် ထောက်ထားစဉ်းစားမှု အနိမ့်ဆုံးဖြစ်သည့် နည်းလမ်း ဖြစ်သည်။" **(အထက်ပါ စာစောင်၊ စာမျက်နှာ–၃၆၈)**

လီနင်က ဆက်ပြီး "ဤသည်က ပစ္စည်းမဲ့များ အဘယ်ကြောင့် သမ္မတနိုင်ငံတော်အတွက် တိုက်ပွဲတွင် ရှေ့တန်းကပါဝင်ခဲ့ပြီး၊ ဓနရှင်များ ကြောက်လန့်မသွားစေရန်၊ သတိပြုရန်ဆိုသည့် မိုက်မဲလှုပြီး အဖိုးမတန်လှသည့်အကြံဉာဏ်များကို ပယ်ချခဲ့သည့်အကြောင်းများဖြစ်ပါသည်။ **(အထက်ပါ စာစောင်၊ စာမျက်နှာ–၄၀၅)**

တော်လှန်ရေးတွင် ပစ္စည်းမဲ့ခေါင်းဆောင်မှု **ဖြစ်နိုင်ချက်ကိုအကယ်စင်စစ်** ဖြစ်ပေါ်လာစေရန် အတွက်လည်းကောင်း၊ ပစ္စည်းမဲ့များသည် ဓနရှင်တော်လှန်ရေး၏ ခေါင်းဆောင်နှင့် လမ်းညွှန် အင်အားစု **တကယ်** ဖြစ်လာနိုင်ရန်လည်းကောင်း၊ လီနင် အလိုအရ အနည်းဆုံးအကြောင်းနှစ်ချက် လိုအပ်ပေသည်။

**ပထမ။** ပစ္စည်းမဲ့များအတွက် ဇာဘုရင်စနစ်အပေါ် အပြတ်အသတ် အောင်ပွဲရယူရေးမှာ စိတ်ပါဝင်စားပြီး၊ ပစ္စည်းမဲ့များ၏ ခေါင်းဆောင်မှုကို လက်ခံနိုင်စွမ်းရှိသည့် မဟာမိတ်ရှိရန် လိုအပ် သည်။ ဤသည်မှာ ခေါင်းဆောင်မှု၏ တကယ့်အကြံဉာဏ်မှ ညွှန်ကြားခြင်းဖြစ်သည်။ အဘယ့်ကြောင့် ဆိုသော် မိမိခေါင်းဆောင်မှု ခံယူမည့်သူ တဦးတယောက်မှမရှိပါက ခေါင်းဆောင်မှုမဖြစ်နိုင်၊ မိမိလမ်းညွှန် မှု ခံယူမည့်သူ တဦးတယောက်မှမရှိပါက လမ်းညွှန်သူ မဖြစ်နိုင်ပါ။ လီနင်က လယ်သမားထုသည် ထိုကဲ့သို့သော မဟာမိတ်ဖြစ်သည်ဟု မြင်သည်။

**ဒုတိယ။** တော်လှန်ရေး၏ ခေါင်းဆောင်မှုအတွက် ပစ္စည်းမဲ့များကို တိုက်ခိုက်နေပြီး၊ တဦးတည်းသော ခေါင်းဆောင်ဖြစ်ရန် ကြိုးစားနေသည့်လူတန်းစားကို ခေါင်းဆောင်မှုစည်းဝိုင်းအတွင်းမှ တွန်းထုတ်ပြီး အထီးကျန်စေရမည်။ ဤသည်မှာလည်း ခေါင်းဆောင်မှု၏ တကယ့်အကြံဥာဏ်မှ ညွှန်ကြားခြင်းပင်ဖြစ်သည်။ ဤသည်က တော်လှန်ရေး၏ ခေါင်းဆောင်နှစ်ဦး ဖြစ်နိုင်ချက်ကို တားဆီးလိုက်သည်။ လီနင်က လစ်ဘရယ်ဓနရှင်များကို ထိုကဲ့သို့သော လူတန်းစားဖြစ်သည်ဟု မြင်သည်။

လီနင်က "ပစ္စည်းမဲ့များသာလျှင် ဒီမိုကရေစီအတွက် ညီညွတ်သည့်တပ်သား ဖြစ်နိုင်သည်။ လယ်သမားထုက ၎င်းတို့၏တော်လှန်သည့် တိုက်ပွဲအတွင်း ဝင်ရောက်ပူးပေါင်းလာမှသာလျှင် ၎င်းတို့သည် ဒီမိုကရေစီအတွက် အောင်မြင်သည့်တပ်သားများဖြစ်လာနိုင်သည်။" **(အထက်ပါစာစောင်၊ စာမျက်နှာ–၃၇၆)**

ထို့နောက် ဆက်လက်၍ "လယ်သမားထုတွင် အလွန်များပြားလှသော ပစ္စည်းမဲ့တပိုင်းနှင့် ဓနရှင်ပေါက်စ အစိတ်ပိုင်းများပါဝင်သည်။ ဤအချက်ကြောင့်လည်း ၎င်းတို့သည် မတည်မငြိမ် ဖြစ်ကာ ပစ္စည်းမဲ့များအတွက် တင်းကြပ်သည့် လူတန်းစားပါတီတရပ်အဖြစ် စည်းလုံးညီညွတ်စေ လိုက်သည်။ သို့သော်လည်း လယ်သမားထု၏ မတည်ငြိမ်မှုသည် ဓနရှင်များ၏ မတည်ငြိမ်မှုနှင့် အပြတ်အသတ်ကွာခြားပါသည်။ အဘယ်ကြောင့်ဆိုသော် ယခုလက်ရှိအချိန်တွင် လယ်သမားထု သည် ပုဂ္ဂလိကပိုင်ဆိုင်မှု၏ အဓိကသဏ္ဌာန်တခုဖြစ်သည့် မြေယာပိုင်နက်များကို သိမ်းယူခြင်း၌ စိတ် မဝင်စားတော့သကဲ့သို့ ပုဂ္ဂလိကပိုင်ဆိုင်မှုကို လုံးဝထိန်းသိမ်းခြင်းအပေါ် သိပ်စိတ်ဝင်စားခြင်း မရှိတော့ပါ။ ဤသည်က လယ်သမားထုကို ဆိုရှယ်လစ်ဖြစ်လာခြင်း၊ သို့သော် ဓနရှင်ပေါက်စမှ ရပ်စဲသွားခြင်းတို့ကို ဖြစ်ပေါ်စေနိုင်မည်မဟုတ်သော်လည်း၊ လယ်သမားထုသည် ဒီမိုကရေစီတော်လှန်ရေး၏ စိတ်ရောကိုယ်ပါ အပြတ်သားဆုံးသော နောက်လိုက်ဖြစ်လာစေပါလိမ့်မည်။ ၎င်းတို့အား အလင်းရောင်ပေးနေသည့် တော်လှန်ရေးအဖြစ်အပျက်များ၏ တိုးတက်မှုသည် ဓနရှင်တို့၏ သစ္စာဖောက်မှုနှင့် ပစ္စည်းမဲ့တို့၏ ဆုံးရှုံးမှုတို့ကြောင့် ရုတ်တရက် အလျင်အမြန် ဖြတ်တောက်ခြင်းမခံရမှသာလျှင် လယ်သမားများသည် အထက်ပါ အခြေအနေသို့ မလွှဲမရှောင်သာ ရောက်ရှိနိုင်သည်။ ဤ အကြောင်းအချက်အောက်တွင် လယ်သမားထုသည် တော်လှန်ရေးနှင့် သမ္မတနိုင်ငံ၏ ခံတပ်ကြီးအ ဖြစ် မလွှဲမသွေဖြစ်လာလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် လုံးဝအကုန်အစင်အောင်ပွဲခံသော တော်လှန်ရေးကသာလျှင် လယ်သမားထုကို မြေယာပြုပြင်ရေးအဝန်းအဝိုင်းတွင် အားလုံးလယ်သမားများ စိတ်ကူးယဉ်ခဲ့သော တကယ့်အစစ်အမှန် လိုအပ်သော တောင်းဆိုလိုအပ်ချက် အားလုံးကို ပေးလိမ့် မည်။ **(အထက်ပါစာစောင်၊ စာမျက်နှာ–၄၀၅)**

ဤဘော်ရှီဗစ်များ၏ နည်းနာများသည် "တော်လှန်ရေးမှ ဓနရှင်လူတန်းစားများ နောက်ဆုတ်သွားပြီး၊ ဤနည်းဖြင့် ၎င်း၏ကုန်စင်မှုကို နည်းပါးစေလိမ့်မည်။"ဆိုသည့် မင်ရှီဗစ်တို့၏ ကန့်ကွက်ချက်များကို ခွဲခြမ်းစိတ်ဖြာပြရင်းနှင့် ဤကန့်ကွက်ချက်များကို "တော်လှန်ရေးအား သစ္စာဖောက်သည့် နည်းပရိယာယ်များ"အဖြစ်လည်းကောင်း၊ "ပစ္စည်းမဲ့များကို ဓနရှင်လူတန်းစားများ၏ စုတ်ပြတ်နေသော အစွယ်အပွားအဖြစ် ပြောင်းလဲစေမည့်နည်းနာများ"အဖြစ်လည်းကောင်း လေးနက်စွာ ရှင်းလင်းပြဆိုယင်း လီနင်က ရေးသားခဲ့သည်မှာ ...

"အောင်မြင်သည့် ရုရှားတော်လှန်ရေးအတွင်းက လယ်သမားများ၏ အခန်းကို အစစ်အမှန်နားလည်သူများသည် ဓနရှင်များ နောက်ဆုတ်သွားပါက တော်လှန်ရေး၏ ကုန်စင်မှုသည် လျော့ပါး

သွားပေမည်ဟုပြောရန် စိတ်ကူးမည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် အမှန်စင်စစ်မှာ ရုရှား တော်လှန်ရေးသည် ဓနရှင်များ နောက်ဆုတ်သွားပြီး၊ လယ်သမားထုသည် ပစ္စည်းမဲ့များနှင့် ဘေးချင်းယှဉ်ပြီး၊ တက်ကြွသည့် တော်လှန်ရေးသမားများအဖြစ် ပေါ်ထွက်လာမှသာလျှင် ၎င်း၏ အစစ်အမှန်ကုန်စင်မှုကို ရရှိစေရန် စတင်နိုင်ပြီး၊ ဓနရှင်ဒီမိုကရေစီခေတ်တွင် အဖြစ်နိုင်ဆုံး၊ အကျယ်ပြန့်ဆုံး တော်လှန်ရေး ကုန်စင်မှုကို တကယ်ပဲ ရရှိပါလိမ့်မည်။ ကျနော်တို့ ဒီမိုကရေစီတော်လှန်ရေးကို တညီတညွတ်တည်း ဆုံးခန်းတိုင်သည်အထိ သယ်ဆောင်သွားနိုင်ရန်အလို့ငှာ ဓနရှင်များ၏ မလွဲမသွေမညီမညွတ်ဖြစ်မှုကို ပျက်ပြားစေနိုင်သည့် အင်အားစုများအပေါ် မှီခိုအားထားရမည်။ ဆိုလိုသည်မှာ "တော်လှန်ရေးမှ နောက်ဆုတ်သွားအောင်" အတိအကျ ဆောင်ရွက်နိုင်သည့် အင်အား ဖြစ်သည်။ **(အထက်ပါစာစောင်၊ စာမျက်နှာ–၄၀၆)**

ဤသည်မှာ လီနင်က ၎င်း၏စာအုပ် "ဒီမိုကရေစီတော်လှန်ရေးအတွင်း ဆိုရှယ်ဒီမိုကရေစီ၏ နည်းပရိယာယ် ၂ သွယ်"တွင် အသေးစိတ် ဖော်ပြထားသည့် ပစ္စည်းမဲ့များကို ဓနရှင်တော်လှန်ရေး၏ ခေါင်းဆောင်အဖြစ် သတ်မှတ်သည့် အဓိကနည်းပရိယာယ်မူ၊ ဓနရှင်တော်လှန်ရေးတွင် ပစ္စည်းမဲ့၏ ချုပ်ကိုင်မှု (hegemony) (ခေါင်းဆောင်မှုအခန်း)နှင့် ပတ်သက်သည့် အခြေခံနည်းပရိယာယ်မူများ ဖြစ်ပါသည်။

ဤသည်မှာ ဓနရှင်ဒီမိုကရေစီတော်လှန်ရေးအတွင်း နည်းပရိယာယ် ပြဿနာများအပေါ် မာ့က်စ်ဝါဒပါတီ၏ လမ်းစဉ်သစ်ဖြစ်ပြီး၊ မာ့က်စ်ဝါဒ အဝန်းအဝိုင်းအတွင်း ယခုအချိန်အထိ တည်ရှိနေသည့် နည်းပရိယာယ်လမ်းစဉ်များမှ လုံးဝကွဲပြားခြားနားသော လမ်းစဉ်ဖြစ်ပါသည်။ ယခင် အခြေအနေများအရဆိုလျှင် ဓနရှင်တော်လှန်ရေးများ၌ ဥပမာ အနောက်ဥရောပ၌ ခေါင်းဆောင်ခဲ့သူမှာ ဓနရှင်များ ဖြစ်ပြီး၊ ပစ္စည်းမဲ့များမှာ မလွဲမကင်းသာ ၎င်းတို့၏ အကူအင်အားဖြစ်ကာ လယ်သမားကတော့ ဓနရှင်တို့၏ အရန်အင်အားများ ဖြစ်ခဲ့ပါသည်။ မာ့က်စ်ဝါဒီများက ဤကဲ့သို့သော ပေါင်းစပ်မှုမျိုးသည် အနည်းနဲ့အများ မလွဲမရှောင်သာဖြစ်ရသည်ဟုယူဆပြီး၊ တချိန်တည်းမှာလည်း ပစ္စည်းမဲ့များသည် တတ်နိုင်သမျှ ၎င်းတို့၏ ကိုယ်ပိုင် လူတန်းစား လတ်တလော တောင်းဆိုချက်များအတွက် တိုက်ပွဲဝင်ပြီး၊ ကိုယ်ပိုင်နိုင်ငံရေးပါတီတရပ်ရှိရမည်ဟု တောင်းဆိုသတ်မှတ်သည်။ ယခုအခါ သမိုင်းအကြောင်းအချက် အသစ်များအောက်တွင် လီနင်အဆိုအရ ပစ္စည်းမဲ့များသည် ဓနရှင်တော်လှန်ရေး၏ လမ်းညွှန်အင်အားစု ဖြစ်လာပြီး၊ ဓနရှင်များသည် တော်လှန်ရေး၏ ခေါင်းဆောင်မှုမှ တွန်းထုတ်ခြင်းခံလာရကာ လယ်သမားထုသည် ပစ္စည်းမဲ့များ၏ အရန်အင်အားဖြစ်လာသည့် အခြေအနေသို့ ပြောင်းလဲလာခဲ့ပါသည်။

ပလက်ကနော့ဗ်သည်လည်း ပစ္စည်းမဲ့များ၏ (hegemony) ချုပ်ကိုင်မှုကို "ထောက်ခံခဲ့သည်" ဟူသည့်ပြောဆိုချက်မှာ အဓိပ္ပာယ် ကောက်လွဲခြင်း ဖြစ်သည်။ ပလက်ကနော့ဗ်သည် ပစ္စည်းမဲ့များ၏ ချုပ်ကိုင်မှုကို အတွေးအခေါ်နှင့် ပရောပရည် (flirt)လုပ်ခဲ့ပြီး၊ စကားလုံးအရ လက်ခံအတည်ပြုရန် မလိုလားခြင်းမရှိခဲ့သည်မှာ မှန်ပါသည်။ သို့သော် အစစ်အမှန်မှာ သူသည် ဤအတွေးအခေါ်ကို အနှစ်သာရ အရဆန့်ကျင်ခဲ့သည်။ ပစ္စည်းမဲ့များ၏ ချုပ်ကိုင်မှုဆိုသည်မှာ ပစ္စည်းမဲ့နှင့် လယ်သမားထု မဟာမိတ်ဖွဲ့သည့်ပေါ်လစီနှင့် လစ်ဘရယ်ဓနရှင်များကို အထီးကျန်စေသည့် ပေါ်လစီတို့နှင့် ပူးပေါင်းထားသည့် ဓနရှင်တော်လှန်ရေးအတွင်းက ပစ္စည်းမဲ့များ၏ ခေါင်းဆောင်မှုအခန်းဆိုသည့်သဘော

သက်ရောက်ပေသည်။ သို့သော် ပလက်ကနော့ဗ်က ကျွန်တော်တို့သိကြသည့်အတိုင်း လစ်ဘရယ် ဓနရှင်များက အထီးကျန်စေရေးပေါ်လစီကို ဆန့်ကျင်ပြီး၊ လစ်ဘရယ်ဓနရှင်များနှင့် သဘောတူ ညီချက်ရရေးပေါ်လစီကို လိုလားသဘောကျကာ ပစ္စည်းမဲ့နှင့် လယ်သမားအကြား မဟာမိတ်ဖွဲ့ရေး ပေါ်လစီကိုလည်း ဆန့်ကျင်ပါသည်။ အမှန်မှာမူ ပလက်ကနော့ဗ်၏ နည်းပရိယာယ်လမ်းစဉ်သည် ပစ္စည်းမဲ့များ၏ချုပ်ကိုင်မှုကို ငြင်းပယ်သည့် မင်ရှီဗစ်လမ်းစဉ်ပင် ဖြစ်ပါသည်။

၂။ လီနင်က ဇာဘုရင်ကို ဖြုတ်ချပြီး၊ ဒီမိုကရေစီသမ္မတနိုင်ငံရရှိရေးအတွက် အထိရောက် ဆုံးနည်းမှာ ပြည်သူလူထု၏ အောင်ပွဲခံသော လက်နက်ကိုင်ပုန်ကန်မှုသာဖြစ်သည်ဟု ခံယူသည်။ မင်ရှီဗစ်များနှင့် ဆန့်ကျင်စွာပင် လီနင်က "အထွေထွေ ဒီမိုကရေစီ တော်လှန်ရေးလှုပ်ရှားမှုက လက် နက်ကိုင်ပုန်ကန်မှု၏ လိုအပ်ချက်ကို ယူဆောင်လာပြီ" ဖြစ်ကြောင်း မှန်ကန်မှုအတွက် ပစ္စည်းမဲ့ များအား စည်းရုံးရေးသည် ပါတီ၏ အဓိကနှင့် မရှိမဖြစ်လိုအပ်သော လုပ်ငန်းများထဲမှ ဆွေးနွေးရမည့် လုပ်ငန်းတရပ်ဖြစ်လာပြီ" ဖြစ်ကြောင်းနှင့် "ပစ္စည်းမဲ့များအား လက်နက်တပ်ဆင်ရန် အစွမ်းကုန် အားသွန်ခွန်စိုက် နည်းနာများကျင့်သုံးရန်နှင့် ပုန်ကန်မှုကို တိုက်ရိုက်ခေါင်းဆောင်ဖြစ်နိုင်ချက်ကို အာမခံရန်" လိုအပ်သည်ဟုခံယူသည်။ **(အထက်ပါ စာစောင်၊ စာမျက်နှာ–၃၈၆)**

လူထုအား ပုန်ကန်ရန် လမ်းညွှန်မှုပေးရန်နှင့် ၎င်းကို ပြည်သူလူထုတရပ်လုံး၏ ပုန်ကန်မှုအဖြစ် ပြောင်းလဲရန်အတွက် လီနင်က လူထုကြီးတရပ်လုံး ၎င်းတို့၏ တော်လှန်ရေးလက်ဦးမှု ဖန်တီးတီထွင်နိုင်မှု ကို ဖြစ်ပေါ်တိုးပွားစေပြီး၊ လက်နက်ကိုင်ပုန်ကန်မှုအတွက် စည်းရုံးသိမ်းသွင်းနိုင်ကာ ဇာဘုရင်စနစ်၏ အာဏာစက်ယန္တယားကို ဖြိုချနိုင်လာစေသည့် ကြွေးကြော်သံမျိုး၊ တောင်းဆိုချက်မျိုး ထုတ်ဝေရန် လိုအပ်သည်ဟု ယူဆသည်။ သူက ကြွေးကြော်သံများသည် သူ၏စာအုပ် "နည်းပရိယာယ်နှစ် သွယ်" က အကြီးအကျယ် ကာကွယ်ခုခံပေးထားသည့် တတိယကွန်ဂရက်၏ နည်းပရိယာယ်လမ်းစဉ်များ နှင့် ပြည့်စုံအောင် ဖြည့်ဆည်းထားရမည်ဟု ခံယူသည်။

အောက်ပါ ကြွေးကြော်သံများသည် ဤကဲ့သို့သော ကြွေးကြော်သံများ ဖြစ်သည်ဟု သူက ယူဆသည်။

**က။** အစပိုင်းနှင့် လက်နက်ကိုင်ပုန်ကန်မှု တကယ့်ဖြစ်စဉ်တွင်း အလွန်အရေးကြီးသည့် အချက် ဖြစ်နိုင်သည့် လူထုနိုင်ငံရေးသပိတ်များ။ **(အထက်ပါ စာစောင်၊ စာမျက်နှာ–၃၈၆)**

**ခ။** အလုပ်ချိန် ၈ နာရီ သတ်မှတ်ရေးနှင့် အခြားအလုပ်သမားလူတန်းစား၏ လတ်တလော တောင်းဆိုချက်များကို တော်လှန်သောနည်းဖြင့် အလျင်အမြန် အကောင်အထည်ဖော်ခြင်း။ **(အထက်ပါ စာစောင်၊ စာမျက်နှာ–၃၅၈)**

**ဂ။** မြေယာများကို သိမ်းယူခြင်းအပါအဝင် "ဒီမိုကရေစီပြောင်းလဲမှုများအားလုံး"ကို တော်လှန် သည့်နည်းနှင့် "အကောင်အထည်ဖော်ဆောင်ရွက်ရန် တော်လှန်သည့် လယ်သမားကော်မတီ များအလျင်အမြန် ဖွဲ့စည်းခြင်း"။ **(အထက်ပါစာစောင်၊ စာမျက်နှာ–၃၉၈)**

**ဃ။** အလုပ်သမားများကို လက်နက် တပ်ဆင်ခြင်း။

ဤနေရာတွင် အချက်နှစ်ချက်မှာ အထူးစိတ်ဝင်စားဖွယ် ဖြစ်ပါသည်။

**ပထမ။** မြို့များတွင် အလုပ်ချိန် ၈ နာရီသတ်မှတ်ရေးနှင့် ကျေးလက်များတွင် ဒီမိုကရေစီ ပြုပြင်ရေးများကို တော်လှန်ရေးနည်းဖြင့် အကောင်အထည်ဖော်သည့်နည်းနာများ၊ ဆိုလိုသည်မှာ

အာဏာပိုင်များကို ဂရုမစိုက်သည့်၊ တရားဥပဒေကို ဂရုမစိုက်သည့်၊ အာဏာပိုင်များကိုရော၊ တရားဥပဒေကိုရော လစ်လျူရှုသည့်၊ တည်ရှိဆဲတရားဥပဒေကို ဖောက်ဖျက်ပြီး၊ ပြီးမြောက်အောင်မြင်ပြီး အချက်တရပ်အဖြစ် ခွင့်ပြုချက်မရရှိသည့် လုပ်ဆောင်မှု အနေအထားသစ် **(New Order)** တရပ်ကို ထူထောင်ပေးသည့်နည်းကို ဆိုလိုသည်။ အာဏာစက်ယန္တရားကို သွက်ချာပါဒ လိုက်သွားစေကာ၊ လူထု၏ လှုပ်ရှားမှုနှင့် တီထွင်ဖန်တီးနိုင်သည့် လက်ဦးမှုများကိုလည်း လွတ်မြောက်သွားစေပါလိမ့်မည်။ ဤနည်းနာများက မြို့များတွင် တော်လှန်ရေးသပိတ်ကော်မတီများ၊ ကျေးလက်တွင် တော်လှန်ရေး လယ်သမားကော်မတီများ ပေါ်ပေါက်လာစေခဲ့ပြီး သပိတ်ကော်မတီများသည် နောက်ပိုင်း အလုပ်သမားကိုယ်စားလှယ်များ၏ ဆိုဗီယက်များနှင့် လယ်သမားကော်မတီများသည် လယ်သမားကိုယ်စားလှယ်များ၏ ဆိုဗီယက်များအဖြစ် ဖြစ်ပေါ်တိုးတက်လာခဲ့ပါသည်။

**ဒုတိယ။** လူထုနိုင်ငံရေးသပိတ်များကို အသုံးပြုခြင်း။ အထွေထွေနိုင်ငံရေးသပိတ်များကို အသုံးပြုခြင်းများသည် တော်လှန်ရေးလမ်းကြောင်းတွင် နောက်ပိုင်း၌ လူထုများကို တော်လှန်သည့် လှုံ့ဆော်မှုများပြုရာတွင် အလွန်အရေးပါသောအချက်များ ဖြစ်လာခဲ့ပါသည်။ ဤသည်မှာ ပစ္စည်းမဲ့ များလက်တွင်းရှိ အလွန်အရေးကြီးသော လက်နက်တရပ်ဖြစ်ပြီး၊ ထိုအချိန်ထိ မာ့က်စ်ဝါဒပါတီများ ၏လက်တွေ့တွင် မည်သူမှမသိရှိသေးဘဲ၊ တဖြည်းဖြည်း အာရုံစိုက်အသိအမှတ်ပြုခြင်း ခံလာရသည့် လက်နက်တရပ်လည်း ဖြစ်ပေသည်။

လီနင်က ပြည်သူလူထု၏အုံကြွမှု အောင်ပွဲရပြီးနောက် ဇာဘုရင်အစိုးရကို ယာယီတော်လှန်ရေးအစိုးရနှင့် အစားထိုးသင့်ဟုယူဆသည်။ တော်လှန်ရေး၏ အောင်သီးအောင်ပွင့်များကို ခိုင်မာ တည်တံ့အောင်လုပ်ရန် တန်ပြန်တော်လှန်ရေး၏ ခုခံမှုကို ချေမှုန်းရန်နှင့် R.S.D.L.P ၏ အနိမ့်ဆုံး လမ်းစဉ်ကို အကောင်အထည်ဖော်ရန်တို့မှာ ယာယီတော်လှန်ရေးအစိုးရ၏ တာဝန်ဝတ္တရားများဖြစ် သည်။ လီနင်က ဤတာဝန်များအောင်မြင်ပြီးမြောက်ခြင်းမရှိပါက ဇာဘုရင်စနစ်အပေါ် အပြတ်အသတ်အောင်ပွဲခံရန်မဖြစ်နိုင်ဟု ယုံကြည်သည်။ နောက်ပြီး ဤတာဝန်များ အောင်မြင်ပြီးမြောက်ရန်နှင့် ဇာဘုရင်စနစ်အပေါ် အပြတ်အသတ်အောင်ပွဲခံရန် ယာယီတော်လှန်ရေး အစိုးရသည် သာမန်အစိုးရမျိုး မဖြစ်သင့်ဘဲ အောင်ပွဲခံလူတန်းစားများဖြစ်သည့် အလုပ်သမား လယ်သမားများ၏ တော် လှန်သည့် အာဏာရှင်စနစ်အစိုးရ ဖြစ်ရမည်။ ပစ္စည်းမဲ့နှင့် လယ်သမားထု၏ တော်လှန်သည့် အာဏာရှင်စနစ်ဖြစ်ရမည်။ မာ့က်စ်၏ နာမည်ကျော်သဘောတရားဖြစ်သည့် "တော်လှန်ရေးပြီးနောက် နိုင်ငံတော်၏ ယာယီအစိုးရတိုင်းသည် အာဏာရှင်စနစ်နှင့် ဤသည်တွင် အင်အားရှိသော အာ ဏာရှင်စနစ်လိုအပ်သည်။" ဆိုသည်ကို ကိုးကားရင်း၊ လီနင်က ယာယီတော်လှန်ရေးအစိုးရသည် ဇာဘုရင်စနစ်အပေါ် အပြတ်အသတ် အောင်ပွဲခံရေးအတွက် အာမခံရမည်ဆိုလျှင် ပစ္စည်းမဲ့နှင့် လယ်သမားထု၏ အာဏာရှင်စနစ်မှလွဲ၍ အခြားမရှိနိုင်ဟူသော နိဂုံးချုပ်ချက်ကို ရရှိထားသည်။

လီနင်က "ဇာဘုရင်စနစ်အပေါ် တော်လှန်ရေး၏ အပြတ်အသတ်အောင်ပွဲမှာ ပစ္စည်းမဲ့နှင့် လယ်သမားထု၏ တော်လှန်သည့် ဒီမိုကရေစီ အာဏာရှင်စနစ်ဖြစ်သည်"ဟုဆိုခဲ့သည်။ "ဤကဲ့သို့သော အောင်ပွဲသည် တိကျပြတ်သားသော အာဏာရှင်စနစ်သာဖြစ်သည်။ ဆိုလိုသည်မှာ ၎င်းသည် စစ်ရေး အင်အားစုအပေါ်၊ လူထုကို လက်နက်တပ်ဆင်ပေးမှုအပေါ်၊ အုံကြွမှုအပေါ် မလွှဲမရှောင် မှီခိုရမှာဖြစ်ပြီး "တရားဥပဒေနဲ့အညီ" သို့မဟုတ် "ငြိမ်းချမ်းသော"နည်းနှင့် တည်ထောင်ထားသည့်

တမျိုးမဟုတ် တမျိုးသော အဖွဲ့အစည်းအဆောက်အအုံများအပေါ် မမှီခိုရ။ ပစ္စည်းမဲ့နှင့် လယ်သမားထုတို့၏ အရေးတကြီးနှင့် မလွဲမရှောင်သာ လုံးဝလိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်ရန်အတွက် အာဏာရှင်စနစ်ကသာလျှင် မြေရှင်များ၊ ဓနရှင်ကြီးများနှင့် ဇာဘုရင်စနစ်၏ အပြင်းအထန်ခုခံမှုကို ဖြစ်ပေါ်စေနိုင်သည်။ ဤကဲ့သို့ ခုခံမှုကိုချေမှုန်းပြီး၊ တန်ပြန်တော်လှန်ရေး ကြိုးပန်းမှုများကို တွန်းလှန်ရန်မှာ အာဏာရှင်စနစ်မရှိဘဲ မဖြစ်နိုင်ချေ။ သို့သော် ဤသည်မှာ ဆိုရှယ်လစ်အာဏာရှင်စနစ် မဟုတ်ဘဲ ဒီမိုကရေစီအာဏာရှင်စနစ်ဖြစ်ရပေမည်။ အရင်းရှင်စနစ်၏ အခြေခံအုတ်မြစ်ကို ထိခိုက်စေရန်မှာ (တော်လှန်ရေးဖြစ်ပေါ်တိုးပွားမှု၏ ကြားအဆင့် တသီကြီး မရှိဘဲ) မဖြစ်နိုင်ချေ။ အကောင်းဆုံး ဖြစ်နိုင်သည်မှာ မြေယာများကို လယ်သမားထုဘက်လိုက်ပြီး အကုန်အစင် ဝေခြမ်းပေးခြင်း၊ သမ္မတနိုင်ငံထူထောင်ခြင်း အပါအဝင် ခိုင်မာသည့် ဒီမိုကရေစီ အပြည့်အဝထူထောင်ခြင်း၊ အာရှတိုက်သားအနှောင်အဖွဲ့၏ ဖိနှိပ်ရေးလက္ခဏာအားလုံးကို ဖျက်သိမ်းဖယ်ရှားခြင်း၊ ကျေးလက်တွင်သာမက စက်ရုံဘဝများတွင်ပါ အလုပ်သမားများ၏ အဆင့်အတန်းတွင် ပြည့်စုံစွာ တိုးတက်ကောင်းမွန်လာရေးအတွက်နှင့် ၎င်းတို့၏ နေထိုင်မှုဘဝမြင့်လာရေးအတွက် အခြေခံအုတ်မြစ်များကိုချပေးခြင်း၊ နောက်ဆုံးဖြစ်သော်လည်း အနိမ့်ဆုံးမဟုတ်သည့် တောက်လောင် ရေးမီးတောက်မီးလျှံကြီးကို ဥရောပသို့ သယ်ဆောင်ပေးခြင်းတို့ ဖြစ်လာနိုင်ပေသည်။ ဤကဲ့သို့သော အောင်ပွဲသည် ကျွန်တော်တို့၏ ဓနရှင်တော်လှန်ရေးကို ဆိုရှယ်လစ်တော်လှန်ရေးသို့ ကူးပြောင်း ရေးသို့ မဖြစ်နိုင်သေးပါ။ ဒီမိုကရေစီ တော်လှန်ရေးသည် ဓနရှင်လူမှုရေးနှင့် စီးပွားရေး ဆက်ဆံမှုများ၏ အဝန်းအဝိုင်းနယ်နမိတ်ကို တိုက်ရိုက်ကျော်လွှားခြင်း မပြုနိုင်သော်လည်း၊ ဤကဲ့သို့ သော အောင်ပွဲ၏ အဓိပ္ပာယ်ရှိမှုသည် အနာဂတ်ရုရှားနှင့် ကမ္ဘာတခုလုံး၏ ဖြစ်ပေါ်တိုးတက်မှုအပေါ် အလွန်ကြီးမား ပါလိမ့်မည်။ ယခုအခါ ရုရှား၌ စတင်ခဲ့ပြီးဖြစ်သော အပြတ်အသတ်တော်လှန်ရေး အောင်ပွဲကဲ့သို့ ကမ္ဘာ့ပစ္စည်းမဲ့များ၏ တော်လှန်ရေးအင်အားကို ဤမျှလောက်မြှင့်တင်စွမ်းနိုင်သည့် ၎င်း၏ အပြည့်အဝအောင်ပွဲသို့ ဦးဆောင်ရာလမ်းကြောင်းကို ဤမျှလောက် တိုတောင်းစေနိုင်သည့် အရာမရှိပါ။

**(အထက်ပါစာစောင်၊ စာမျက်နှာ–၃၇၃)**

ဆိုရှယ်ဒီမိုကရက်များ၏ ယာယီတော်လှန်ရေးအစိုးရအပေါ် သဘောထားနှင့် ၎င်းတို့ ထိုအထဲမှာ ပါဝင်ခွင့် ရှိမရှိနှင့် ပတ်သက်ပြီး လီနင်က တတိယပါတီကွန်ဂရက်၏ ထိုပြဿနာအပေါ် ဆုံးဖြတ်ချက်ကို အပြည့်အဝကိုင်စွဲခဲ့ပါသည်။ ၎င်းမှာ "အင်အားစုများ၏ ဆက်ဆံရေးအတွက်နှင့် ကြိုတင်၍ အတိကျ ဆုံးဖြတ်နိုင်ခြင်းမရှိသည့် အခြားအချက်များကြောင့် ကျွန်တော်တို့ပါတီ၏ ကိုယ်စားလှယ်များသည် တန်ပြန်တော်လှန်ရေးကြိုးပမ်းမှု အားလုံးကို မညှာမတာ တိုက်ပွဲဆင်ရန်နှင့် အလုပ်သမားလူတန်းစား၏ အမှီအခိုကင်းသည့် အကျိုးစီးပွားများကို ကာကွယ်ရန် ရည်ရွယ်ချက်နှင့် ယာယီတော်လှန်ရေးအစိုးရတွင် ပါဝင်နိုင်သည်။ ဤကဲ့သို့သော ပါဝင်ပူးပေါင်းမှုအတွက် မလွှဲမကင်းသာသည့် အကြောင်းအချက်မှာ ပါတီသည် ၎င်း၏ကိုယ်စားလှယ်များအပေါ် တင်းကျပ်စွာချုပ်ထိန်းပြီး၊ အပြည့်အဝဆိုရှယ်လစ်တော်လှန်ရေးအတွက် ကြိုးပမ်းမှုကြောင့် ဓနရှင် ပါတီအားလုံးနှင့် သင့်မြတ် ညီညွတ်ခြင်းငှာ မဖြစ်နိုင်သည့် ဆိုရှယ်ဒီမိုကရက်ပါတီ၏ လွတ်လပ်ခွင့်ကို တင်းကျပ်စွာ ထိန်းသိမ်း ရမည်။ ဆိုရှယ်ဒီမိုကရက်များ ယာယီတော်လှန်ရေးအစိုးရအတွင်း ပူးပေါင်းပါဝင်မှု ဖြစ်နိုင်သည်ဖြစ်စေ၊ မဖြစ်နိုင်သည်ဖြစ်စေ၊ ကျွန်တော်တို့သည် ကျယ်ပြန့်လှစွာသော ပစ္စည်းမဲ့လူထုကြီးကို တော်လှန် ရေး၏

အောင်သီးအောင်နှံများကို ကာကွယ်ထိန်းသိမ်း ခိုင်မာတောင့်တင်း တိုးချဲ့ပေးရေး ရည် ရွယ်ချက်ဖြင့် ဆိုရှယ်ဒီမိုကရက်ပါတီဦးဆောင်သည့် လက်နက်ကိုင်ပစ္စည်းမဲ့များဖြင့် ယာယီအစိုးရ အပေါ် အဆက်မပြတ်ဖိအားပေးရန်လိုအပ်ကြောင်း ဝါဒဖြန့်ဟောပြောရမည်။ **(အထက်ပါ စာစောင်၊စာမျက်နှာ– ၃၄၈၊ ၃၄၉)**

ယာယီအစိုးရသည် ဓနရှင်အစိုးရ ဖြစ်မြဲဖြစ်နေသေးကြောင်း၊ ဤကဲ့သို့သောအစိုးရမျိုးတွင် ဆိုရှယ်လစ်ဒီမိုကရက်များ ပါဝင်ခွင့်မပေးသင့်ကြောင်းနှင့် ပါဝင်သွားပါက ပြင်သစ်ဆိုရှယ်လစ် မီလီရန် (Millerand)က ပြင်သစ်ဓနရှင်အစိုးရတွင် ပါဝင်သွားသည့်အမှားမျိုးကို ထပ်ကျူးလွန်ခြင်းဖြစ်ကြောင်းစသည့် မင်ရှီဗစ်များ၏ ကန့်ကွက်ချက်အပေါ် လီနင်က မင်ရှီဗစ်များသည် မတူသည့် အရာနှစ်ခုကို ရောထွေးပစ်လိုက်ပြီး၊ ပြဿနာများကို မာက့်စ်ဝါဒီ တဦးကဲ့သို့ သုံးသပ်ဝေဖန်ခြင်းပြုနိုင်စွမ်းမရှိသည့် ၎င်းတို့၏ အရည်အချင်းကို ဖော်ပြလိုက်ကြောင်းတို့ကို ထောက်ပြလိုက်ပြီး၊ ၎င်းတို့၏ ကန့်ကွက်ချက်ကို ပယ်ချလိုက်သည်။ ပြင်သစ်ပြည်တွင်းပြဿနာမှာ ဆိုရှယ်လစ်များသည် တိုင်းပြည်တွင် တော်လှန်ရေးအခြေအနေမရှိသည့်အချိန်တွင် ဖောက်ပြန်ရေး ဓနရှင်အစိုးရတွင် ပါဝင်ခဲ့ပြီး၊ ဤကဲ့သို့သော အစိုးရမျိုးတွင် ဆိုရှယ်လစ်များမပါဝင်ရန်အတွက် တာဝန်ရှိသည်။ အခြားတဖက်တွင်မူ ရုရှားပြဿနာမှာ ဆိုရှယ်လစ်များသည် တော်လှန်ရေးအရှိန်အဟုန်မြင့်နေစဉ် တော်လှန်ရေး အောင်ပွဲအတွက် တိုက်ပွဲဝင်ရင်း၊ တော်လှန်ရေးဓနရှင်အစိုးရတွင် ပါဝင်ခြင်းဖြစ်ပြီး၊ ဤအခြေအနေကြောင့် ပါဝင်ခွင့်ပြုနိုင်ကာ၊ ကောင်းမွန်သည့် အခြေအနေအောက်တွင် တန်ပြန်တော်လှန်ရေးကို "အောက်ခြေမှ" ပြင်ပမှသာမက "အထက် မှ"အစိုးရတွင်းမှ ထိုးနှက်တိုက်ခိုက်နိုင်ရေးအတွက် ဤကဲ့သို့သော အစိုးရမျိုးတွင်းသို့ ဝင်ရောက်ရန်မှာ ဆိုရှယ်ဒီမိုကရက်များအတွက် တာဝန်ရှိပေသည်။

**၃။** ဓနရှင်တော်လှန်ရေး၏အောင်ပွဲနှင့် ဒီမိုကရေစီသမ္မတနိုင်ငံ၏အောင်မြင်မှုကို တဖက်တွင် ကာကွယ်ရင်း လီနင်က ဒီမိုကရေစီအဆင့်တွင်သာရပ်ပစ်ပြီး၊ တော်လှန်ရေးလှုပ်ရှားမှု၏ နယ်ပယ်ကို ဓနရှင်ဒီမိုကရေစီတာဝန်များ အောင်မြင်ပြီးမြောက်ရေးတွင်သာ ကန့်သတ်ထားရန် လုံးဝရည်ရွယ်ခြင်းမရှိခဲ့ပါ။ ဆန့်ကျင့်စွာပင် လီနင်က ဒီမိုကရေစီတာဝန်များ ပြီးမြောက်အောင်မြင်ပြီးနောက် ပစ္စည်းမဲ့နှင့် အခြားအဖိနှိပ်ခံ ပြည်သူများသည်၊ တိုက်ပွဲတပွဲကို စတင်ရမည်။ ဤအကြိမ်တွင်တော့ ဆိုရှယ်လစ်တော်လှန်ရေးအတွက်ဖြစ်သည်ဟု ခံယူသည်။ လီနင်သည် ဤသည်ကိုသိရှိပြီး၊ ဓနရှင်ဒီမိုကရေစီတော်လှန်ရေးကို ဆိုရှယ်လစ်တော်လှန်ရေးသို့ ကူးပြောင်းသွားအောင် အရာရာတိုင်းကိုပြုလုပ်ရန်မှာ ဆိုရှယ်ဒီမိုကရက်များ၏ တာဝန်ဖြစ်သည်ဟု သဘောထားသည်။ လီနင်က ယူဆထားသည်မှာ ပစ္စည်းမဲ့နှင့် လယ်သမားတို့၏ အာဏာရှင်စနစ်လိုအပ်မှုသည် တော်လှန်ရေးကို ဇာဘုရင်စနစ်အပေါ် အောင်ပွဲခံမှု ပြီးစီးမှု အဆင့်၌ ရပ်ပစ်ရန်မဟုတ်ဘဲ၊ တော်လှန်ရေး၏အခြေအနေကို တတ်နိုင်သမျှ ရှည်ကြာစေပြီး၊ တန်ပြန်တော်လှန်ရေး နောက်ဆုံးအကြွင်းအကျန်ကို ဖျက်ဆီးရန်၊ တော်လှန်ရေးမီးတောက် ဥရောပသို့ ပျံ့နှံ့ရန်နှင့် တချိန်တည်းမှာ ပစ္စည်းမဲ့များကို မိမိတို့ကိုယ်မိမိတို့ နိုင်ငံရေးအရ ပညာပေးပြီး၊ ကြီးမားလှသည့် တပ်မတော်ကြီးတရပ်အဖြစ် စည်းရုံးစုစည်းသည့်အခွင့်အရေးကို ရရှိပြီးနောက် ဆိုရှယ်လစ်တော်လှန်ရေးသို့ တိုက်ရိုက်ကူးပြောင်းရေးကို စတင်ရန် ဖြစ်ပါသည်။

ဓနရှင်တော်လှန်ရေးနယ်ပယ်နှင့် မာ့က်စ်ဝါဒပါတီတရပ်က ထိုအပေါ်ထားရှိရသင့်သည့် လက္ခဏာတို့နှင့် ပတ်သက်ပြီး လီနင်က အောက်ပါအတိုင်းရေးခဲ့သည်။

“ပစ္စည်းမဲ့များသည် သက်ဦးဆံပိုင်ဘုရင်စနစ်၏ ခုခံမှုကို အင်အားသုံးချေမှုန်းရန်နှင့် ဓနရှင်တို့၏ မတည်ငြိမ်မှုကို ပျက်ပြားစေရန်အတွက် မိမိတို့ကိုယ်မိမိတို့ လယ်သမားထုနှင့်မဟာမိတ်ပြုကာ ဒီမိုကရေစီတော်လှန်ရေးကို ပြီးဆုံးသည်အထိ လုပ်ဆောင်ရမည်။ ပစ္စည်းမဲ့များသည် ဓနရှင်များ၏ခုခံမှုကို အင်အားသုံးချေမှုန်းရန်နှင့် လယ်သမားနှင့်ဓနရှင်ပေါက်စတို့၏ မတည်ငြိမ်မှုကိုပျက်ပြားစေရန်အတွက် မိမိတို့ကိုယ်မိမိတို့ ပြည်သူတွင်းမှ ပစ္စည်းမဲ့တပိုင်း အစိတ်အပိုင်းများနှင့် မဟာမိတ်ပြုကာ ဆိုရှယ်လစ်တော်လှန်ရေးကို ပြီးမြောက်အောင်မြင်စေရမည်။ ဤသည်မှာ ပစ္စည်းမဲ့များ၏ တာဝန်များဖြစ်ပြီး၊ အစ္စကရာဝါဒီသစ်များ (ဆိုလိုသည်မှာ မင်ရှီဗစ်များအယ်ဒီတာများ) က ၎င်းတို့၏ တော်လှန်ရေးနယ်ပယ်နှင့် ပတ်သက်သည့် ၎င်းတို၏ ငြင်းခုံချက်များနှင့် ဆုံးဖြတ်ချက်များတွင် အစဉ်အမြဲ ကျဉ်းကျဉ်းမြောင်းမြောင်း ဖော်ပြခဲ့ကြသည်။ **(အထက်ပါစာစောင်၊ စာမျက်နှာ–၄၀၆)**

ထိုနောက်ဆက်၍–

“လုံးဝလွတ်လပ်ရေးအတွက် ညီညွတ်သည့် ဒီမိုကရေစီတော်လှန်ရေးအတွက်နှင့် သမ္မတနိုင်ငံအတွက် ပြည်သူလူထုတရပ်လုံးနှင့် အထူးသဖြင့် လယ်သမားထုခေါင်းပေါ်မှာ ဆိုရှယ်လစ်စနစ်အတွက် အဖိနှိပ်ခံနှင့် သွေးစုပ်ခံအားလုံးတို့၏ ခေါင်းပေါ်မှာ၊ ဤသည်များမှာ တော်လှန်သည့်ပစ္စည်းမဲ့များ၏ လက်တွေ့ပေါ်လစီဖြစ်ပြီး၊ နည်းပရိယာယ်ပြဿနာတိုင်းနှင့် တော်လှန်ရေးအတွင်း အလုပ်သမား ပါတီ၏ လက်တွေ့ခြေလှမ်းတိုင်း၏ အခြေများအတွင်း စိမ့်ဝင်ဆုံးဖြတ်ပေးရမည့် လူတန်းစားကြွေးကြော်သံဖြစ်သည်။” **(အထက်ပါစာစောင်၊ စာမျက်နှာ–၄၁၅)**

မည်သည့်အရာမျှ မရှင်းမလင်း ဖြစ်မနေစေရန်အတွက် လီနင်သည် “နည်းပရိယာယ်နှစ် သွယ်” ထုတ်ဝေပြီး နှစ်လအကြာတွင် “လယ်သမားလှုပ်ရှားမှုနှင့် ပတ်သက်သည့် ဆိုရှယ်ဒီမို ကရက်များ၏ သဘောထား” ဆိုသည့် ခေါင်းစီးနှင့် ဆောင်းပါးရေးသားခဲ့ပြီး၊ ထိုအထဲတွင် အောက်ပါ အတိုင်း ရှင်းလင်းခဲ့သည်။

“ဒီမိုကရေစီတော်လှန်ရေးမှ ကျွန်တော်တို့သည် တချက်တည်းနှင့် ကျွန်တော်တို့၏ အင်အားဖြစ်သည့် လူတန်းစားအသိရှိသည့် စည်းရုံးစုစည်းပြီးပစ္စည်းမဲ့များ၏ အင်အားအတိုင်းအတာ နှင့်ညီမျှစွာ ဆိုရှယ်လစ်တော်လှန်ရေးသို့ ကူးပြောင်းရန် စတင်ရမည်။ ကျွန်တော်တို့သည် အဆက်မပြတ် တော်လှန်ရေးအတွက် ရပ်တည်သည်။ ကျွန်တော်တို့သည် လမ်းတဝက်တပျက်တွင် ရပ်မနေသင့်ပါ။ **(အထက်ပါ စာစောင်၊ စာမျက်နှာ–၄၄၂)**

ဤသည်မှာ ဓနရှင်တော်လှန်ရေးနှင့် ဆိုရှယ်လစ်တော်လှန်ရေးအကြား ဆက်ဆံမှုပြဿနာတွင် လမ်းစဉ်သစ်တရပ်ဖြစ်ပြီး၊ ဓနရှင်တော်လှန်ရေးပြီးဆုံးခါနီး၊ ဆိုရှယ်လစ်တော်လှန်ရေးသို့ တိုက်ရိုက်ကူးပြောင်းရေးအတွက် ပစ္စည်းမဲ့များပတ်လည်တွင် အင်အားများပြန်လည်စုစည်းသည့် သဘောတရားသစ်တရပ်၊ ဓနရှင်ဒီမိုကရေစီတော်လှန်ရေးမှ ဆိုရှယ်လစ်တော်လှန်ရေးသို့ ကူးပြောင်းသွားသော သဘောတရားဖြစ်ပါသည်။

ဤလမ်းစဉ်သစ်ကိုရေးဆွဲရာတွင် လီနင်က ပထမအနေနှင့် မာ့က်စ်က လွန်ခဲ့သည့်ရာစုနှစ် လေးဆယ်စုနှစ်ကုန်များအတွင်း ကွန်မြူနစ်အဖွဲ့ချုပ် (league)သို့ မိန့်ခွန်းပေးရာတွင် တင်ပြခဲ့သည့် ကျော်ကြားလှသော အဆက်မပြတ်တော်လှန်ရေး သဘောတရားနှင့် ဒုတိယအနေနှင့် ၁၈၅၆ ခုနှစ်၊ မာ့က်စ်၏ အိန်ဂယ်ထံပေးစာတွင်ဖော်ပြခဲ့သည့် လယ်သမားတော်လှန်ရေး လှုပ်ရှားမှုနှင့် ပစ္စည်းမဲ့

တော်လှန်ရေး ပေါင်းစပ်ရန်လိုအပ်မှုဆိုသည့် ကျော်ကြားလှသည့် အတွေးအခေါ်နှစ်ရပ်အပေါ်တွင် အခြေပြုပါသည်။ ၎င်းစာထဲတွင် မာ့က်စ်က "ဂျာမနီရှိ အရာအားလုံးသည် ပစ္စည်းမဲ့တော်လှန်ရေးကို လယ်သမားစစ်ပွဲ၏ ဒုတိယပုံစံမျိုး (Second edition) ၏ ထောက်ခံအားပေးမှုဖြစ်နိုင်ချေ အပေါ် တည်ရှိပါသည်။"ဟု ရေးသားခဲ့သည်။ သို့သော်လည်း ဤတောက်ပြောင်လှသည့် မာ့က်စ် အတွေး အခေါ်များသည် မာ့က်စ်နှင့် အိန်ဂယ်တို့၏ ကျမ်းများ၌ နောင်တွင် ဖြစ်ပေါ်တိုးတက်လာခြင်းမရှိဘဲ၊ ဒုတိယအင်တာနေရှင်နယ်၏ သဘောတရားဆရာများက ဤအတွေးအခေါ်များကို မြှုပ်နှံမေ့ပျောက် လိုက်ရန် အစွမ်းကုန် ကြိုးစားခဲ့ကြပါသည်။ ဤမေ့ပျောက်ခြင်းခံရသော မာ့က်စ်၏ အတွေးအခေါ်များ ကို ပြန်လည်ဖော်ထုတ်ရန်နှင့် ၎င်းတို့၏ အခွင့်အရေးများကို အပြည့်အဝဖော်ထုတ်ရန် တာဝန်မှာ လီနင်အပေါ်သို့ ကျရောက်လာပါသည်။ သို့သော် ဤမာ့က်စ် အတွေးအခေါ်များကို ပြန်လည် ဖော်ထုတ်ရာတွင် လီနင်အနေနှင့် အလွတ်ပြန်ဆိုပြရန် သက်သက်သာလုပ်ခဲ့ခြင်း လုပ်နိုင်ခြင်းမရှိခဲ့ဘဲ၊ ၎င်းအတွေးအခေါ်များကို ဖြစ်ပေါ်တိုးတက်စေမည့် အချက်သစ်တရပ် ထည့်သွင်းလိုက်ခြင်းဖြင့် ညီညွတ် အဆင်ပြေသော ဆိုရှယ်လစ်တော်လှန်ရေး သဘောတရားတရပ်အဖြစ် ပုံသွင်းလိုက်ပါသည်။ ထို အချက်သစ်မှာ ပစ္စည်းမဲ့တော်လှန်ရေးအောင်ပွဲအတွက် **အခြေခံအကြောင်းတရပ်အဖြစ်** ပစ္စည်း မဲ့များကို မြို့များရှိ ပစ္စည်းမဲ့တပိုင်း အစိတ်အပိုင်းနှင့် မဟာမိတ်ဖွဲ့ခြင်းဆိုသည့် ဆိုရှယ်လစ် တော်လှန် ရေး၏ **မလွှဲမရှောင်နိုင်သည့်** အချက်ဖြစ်ပါသည်။

ဤလမ်းစဉ်သည် အနောက်ဥရောပ ဆိုရှယ်ဒီမိုကရေစီပါတီများ၏ နည်းပရိယာယ်သဘော ထားကို ချေမှုန်းပစ်လိုက်ပါသည်။ ၎င်းတို့က ယူဆထားသည်မှာ ဓနရှင်တော်လှန်ရေးပြီးနောက် ဆင်းရဲ လယ်သမားအပါအဝင် လယ်သမားထုသည် မလွဲကေန်တော်လှန်ရေးကို စွန့်ပစ်မှာဖြစ်ပြီး၊ အကျိုး ဆက်အားဖြင့် ဓနရှင်တော်လှန်ရေး၊ နောက်ရှည်ကြာသည့်ကြားကာလ သိပ်မကြာတောင် အနှစ် ငါးဆယ်မှ နှစ်တရာလောက်ထိကြာမည့် "ငြိမ်နေသည့်ကာလရှိနေပြီး၊ ထိုကာလအတွင်း တော်လှန် ရေးအသစ်တရပ်၊ ဆိုရှယ်လစ်တော်လှန်ရေးအချိန် ရောက်လာသည်အထိ ပစ္စည်းမဲ့များသည် "အေး ချမ်းငြိမ်သက်စွာ" သွေးစုပ်ခံကာ ဓနရှင်များက တရားဥပဒေနှင့်အညီ မိမိကိုယ်မိမိ ချမ်းသာကြွယ်ဝ စေလိမ့်မည်။

ဤသည်မှာ သဘောတရားအသစ်တရပ်ဖြစ်ပြီး၊ ဆိုရှယ်လစ်တော်လှန်ရေးသည် ဓနရှင်တရပ် လုံးကို ဆန့်ကျင်တိုက်ခိုက်ရာတွင် ပစ္စည်းမဲ့တဦးတည်းနှင့် အောင်မြင်ပြီးမြောက်နိုင်မည်မဟုတ်ဘဲ၊ ပစ္စည်းမဲ့က ခေါင်းဆောင်လူတန်းစားအဖြစ်နှင့် လူထုအတွင်းမှ ပစ္စည်းမဲ့တပိုင်း အစိတ်အပိုင်းများ "ဆင်းရဲသည့် အဖိနှိပ်ခံသန်းပေါင်းများစွာ"နှင့် **မဟာမိတ်ဖွဲ့** မှသာလျှင် အောင်မြင်နိုင်သည်။

ဤသဘောတရားအရ ပစ္စည်းမဲ့များသည် လယ်သမားထုနှင့်မဟာမိတ်ဖွဲ့ထားသည့် ဓနရှင် တော်လှန်ရေးအတွင်း ပစ္စည်းမဲ့များ၏ ချုပ်ကိုင်မှု (hegemony)သည်၊ ပစ္စည်းမဲ့များသည် ယခုအခါ အခြားအလုပ်သမားနှင့် အဖိနှိပ်ခံများနှင့် မဟာမိတ်ဖွဲ့ထားသည့် ဆိုရှယ်လစ်တော်လှန်ရေး အတွင်းက ပစ္စည်းမဲ့များ၏ချုပ်ကိုင်မှုအဖြစ်သို့ တိုးတက်သွားပေလိမ့်မည်။ တချိန်တည်းတွင် ပစ္စည်းမဲ့များနှင့် လယ်သမားများ၏ ဒီမိုကရေစီအာဏာရှင်စနစ်သည် ပစ္စည်းမဲ့များ၏ ဆိုရှယ်လစ်အာဏာရှင်စနစ် အတွက် အခြေခံများကို ပြင်ဆင်ပေးလိမ့်မည်။

ငင်းက အနောက်ဥပရော ဆိုရှယ်ဒီမိုကရက်များအကြား ရေပန်းစားနေသည့် သဘောတရားကို ပယ်ချလိုက်သည်။ ၎င်းတို့က မြို့နှင့်ကျေးလက်ရှိ ပစ္စည်းမဲ့တပိုင်း လူထုအစိတ်အပိုင်းများ၏ တော်လှန်ရေးအလားအလာများကို ငြင်းဆိုလိုက်ပြီး၊ "ဓနရှင်နှင့် ပစ္စည်းမဲ့ကလွဲ၍ ကျွန်တော်တို့ တိုင်းပြည်တွင် အတိုက်အခံ သို့မဟုတ် တော်လှန်ရေးပူးပေါင်းမှုများက ထောက်ခံမှု ရရှိနိုင်သည့် မည်သည့်အဖွဲ့ အစည်း အင်အားစုမှ မမြင်တွေ့ရပါ" ဟုယူဆထားကြသည်။ **(ဤသည်များမှာ အနောက် ဥရောပ ဆိုရှယ်ဒီမိုကရက်များ၏စံကျလှသော ပလက်ကနော့ဗ်၏ စကားများဖြစ်သည်။)**

အနောက်ဥရောပဆိုရှယ်ဒီမိုကရက်များက ဆိုရှယ်လစ်တော်လှန်ရေးတွင် ပစ္စည်းမဲ့များသည် ဓနရှင်တရပ်လုံးနှင့် ဆန့်ကျင်ပြီး၊ တဦးတည်းရပ်ရမည်။ ပစ္စည်းမဲ့မဟုတ်သည့်လူတန်းစားများ၊ အလွှာများနှင့် ဆန့်ကျင်ပြီး၊ မဟာမိတ်မရှိလည်း ရပ်ရမည်ဟု ခံယူထားကြသည်။ ၎င်းတို့သည် အရင်းအနှီးက ပစ္စည်းမဲ့ တဦးတည်းကိုသာ သွေးစုပ်ခြင်းမဟုတ်ဘဲ၊ ကျေးလက်နှင့် မြို့များရှိ ပစ္စည်းမဲ့တပိုင်း သန်းပေါင်းများစွာကိုလည်း သွေးစုပ်ကာ၊ ၎င်းတို့မှာလည်း အရင်းရှင်စနစ်၏ ဝါးမြိုဖျက်ဆီးခြင်း ခံနေရပြီး၊ အရင်းရှင်ထမ်းပိုးအောက်မှ လူအဖွဲ့အစည်း လွတ်မြောက်ရေးတိုက်ပွဲတွင် ပစ္စည်းမဲ့များ၏ မဟာမိတ်များဖြစ်လာနိုင်သည်ကို ထည့်မတွက်ချေ။ ထို့ကြောင့် အနောက်ဥရောပဆိုရှယ်ဒီမိုကရက်များ ဥရောပ၌ ဆိုရှယ်လစ်တော်လှန်ရေးအတွက် အခြေအနေများ မရင့်မှည့်သေးကြောင်း၊ ပစ္စည်းမဲ့များသည် အဖွဲ့အစည်း၏ စီးပွားရေးဖြစ်ပေါ်တိုးတက်မှုအကျိုးကြောင့် နိုင်ငံတော်တွင် အများစု၊ အဖွဲ့အစည်းများအတွင်း အများစု ဖြစ်လာမှသာလျှင် အခြေအနေရင့်မှည့်သည်ဟု ယူဆသင့်ကြောင်းဖြင့် သဘောထားရှိသည်။

ဤအနောက် ဥရောပဆိုရှယ်ဒီမိုကရက်များ၏ အတုအယောင် ပစ္စည်းမဲ့ဆန့်ကျင်သည့်ရပ်တည်ချက်ကို လီနင်၏ ဆိုရှယ်လစ်တော်လှန်ရေး သဘောတရားက လုံးဝကပြောင်းကပြန် ဖြစ်စေလိုက်သည်။

လီနင်သဘောတရားတွင် ဆိုရှယ်လစ်စနစ်အောင်ပွဲကို တနိုင်ငံတည်းတွင် တဦးတည်းနှင့် ဖြစ်နိုင်ချေရှိခြင်းနှင့် ပတ်သက်ပြီး၊ တိုက်ရိုက်နိဂုံးချုပ်ချက် မပါရှိနိုင်သေးပါ။ သို့သော် ဤကဲ့သို့ နိဂုံးချုပ်ချက်မျိုး အနေးနှင့် အမြန်ရေးဆွဲနိုင်ရန်အတွက် လိုအပ်သော အခြေခံအချက်အလက်များ အားလုံး သို့မဟုတ် အားလုံးနီးပါး ပါရှိနေပါပြီ။

ကျွန်တော်တို့သိကြသည့်အတိုင်း လီနင်သည်နောင် ၁၀ နှစ်တွင် ၁၉၁၅ တွင် ဤနိဂုံးချုပ်ချက်သို့ ရောက်ရှိသွားပါသည်။

ဤသည်များမှာ လီနင်က သူ၏သမိုင်းဝင်စာအုပ် "နည်းပရိယာယ်နှစ်သွယ်"တွင် အသေးစိတ်ရှင်းလင်းဖော်ပြထားသော အခြေခံနည်းပရိယာယ်မူများ ဖြစ်ပါသည်။

ဤစာအုပ်၏ သမိုင်းဝင်ထူးခြားချက်များမှာ ထိုစာအုပ်ထဲတွင် လီနင်က မင်ရှိဗစ်တို့၏ ဓနရှင်ပေါက်စ နည်းပရိယာယ်လမ်းစဉ်ကို  အတွေးအခေါ်ရေးရာအရ ချေမှုန်းပစ်လိုက်ပြီး၊ ရုရှား၏ အလုပ်သမားလူတန်စားကို ဓနရှင်ဒီမိုကရေစီတော်လှန်ရေး ဆက်လက်ဖြစ်ပေါ်တိုးတက်ရေးနှင့် ဇာဘုရင်စနစ်အပေါ် တိုက်ပွဲသစ်အတွက် လက်နက်တပ်ဆင်ပေးကာ၊ ရုရှား ဆိုရှယ်ဒီမိုကရက်များရှေ့တွင် ဓနရှင်တော်လှန်ရေးက ဆိုရှယ်လစ်တော်လှန်ရေးသို့ ကူးသွားမှု၏ လိုအပ်ချက်ကို ရှင်းလင်းစွာ မြင်စေခဲ့ပါသည်။။

သို့သော်လည်း ဤသည်မှာ လီနင်စာအုပ်၏ ထူးခြားချက်အကုန် မဟုတ်ပါ။ ၎င်း၏ အဖိုးမဖြတ်နိုင်သော ထူးခြားချက်မှာ ၎င်းသည် မာ့က်စ်ဝါဒကို တော်လှန်ရေးသဘောတရားအသစ်နှင့် ကြွယ်ဝစေပြီး၊ ဘော်ရှီဗစ်ပါတီ၏ တော်လှန်ရေးနည်းပရိယာယ်များ၏ အခြေခံအုတ်မြစ်ကို ချပေးကာ၊ ဤအကူအညီဖြင့်ပင် ၁၉၁၇ ခုနှစ်၌ ကျွန်တော်တို့နိုင်ငံ၏ ပစ္စည်းမဲ့များသည် အရင်းရှင်စနစ်အပေါ် အောင်ပွဲရရှိခဲ့ပေသည်။

**၄။ တော်လှန်ရေးဆက်လက်မြင့်တက်လာခြင်း။ ၁၉၀၅ ခု၊ အောက်တိုဘာ ရုရှား တပြည်လုံးနိုင်ငံရေးသပိတ်။ ဇာဘုရင်စနစ်နောက်ဆုတ်ခြင်း။ ဇာဘုရင်၏ကြေညာစာတမ်း။ အလုပ်သမားကိုယ်စားလှယ်များ၏ ဆိုဗီယက်များပေါ်ထွက်လာခြင်း။**

၁၉၀၅ ခုနှစ် ဆောင်းဦးကာလတွင် တော်လှန်ရေးလှုပ်ရှားမှုသည် တပြည်လုံးသို့ ရိုက်ခတ်သွားပြီး၊ အလွန်ကြီးမားသည့် အရှိန်အဟုန်ရနေပါသည်။

စက်တင်ဘာ ၁၉ ရက်နေ့၌ မော်စကိုတွင် ပုံနှိပ်တိုက်လုပ်သားများ၏သပိတ် ပေါ်ပေါက်လာပါသည်။ ၎င်းသပိတ်သည် စိန့်ပီတာစဘတ်နှင့် အခြားမြို့ကြီးများသို့ ကူးစက်သွားပါသည်။ မော်စကိုမြို့မှာပင် ပုံနှိပ်တိုက်လုပ်သားများ၏ သပိတ်ကို တခြားစက်မှုလုပ်ငန်းများမှ လုပ်သားများက ထောက်ခံအားပေးကြပြီး၊ အထွေထွေ နိုင်ငံရေးသပိတ်ကြီးအဖြစ် ဖြစ်ပေါ်တိုးတက်သွားပါသည်။ အောက်တိုဘာလဆန်းပိုင်းတွင် မော်စကို – ကဇန် မီးရထားလမ်း၌ သပိတ်စတင်ခဲ့ပါသည်။ နှစ်ရက်အတွင်း မော်စကိုမီးရထားလမ်းဆုံရှိ မီးရထားလုပ်သားအားလုံး သပိတ်ထဲပါဝင်လာကြပြီး၊ တပြည်လုံးရှိ မီးရထားလမ်းအားလုံး မကြာမီအတွင်း သပိတ်ထဲရောက်လာကြသည်။ စာပို့နှင့် ကြေးနန်းလုပ်ငန်းများ ရပ်ဆိုင်းသွားသည်။ ရုရှားရှိ မြို့ကြီး အများအပြား၌ အလွန်ကြီးမားသည့် အစည်းအဝေးကြီးများခေါ်ဆိုကာ သပိတ်မှောက်ရန်ဆုံးဖြတ်ကြသည်။ သပိတ်များသည် အလုပ်ရုံတခုမှတခု စက်ရုံတရုံမှတရုံ၊ တမြို့မှတမြို့၊ ဒေသတခုမှတခုသို့ ပျံ့နှံ့သွားသည်။ အလုပ်သမားများကို လုပ်ငန်းငယ်မှ လုပ်သားများ ကျောင်းသားများနှင့် ရှေ့နေ၊ အင်ဂျင်နီယာ၊ ဆရာဝန်စသည့် ပညာတတ်များက ပူးပေါင်းလာကြပါသည်။

အောက်တိုဘာ နိုင်ငံရေးသပိတ်သည် ရုရှားတပြည်လုံးသပိတ်အဖြစ် ဖြစ်လာပြီး၊ အဝေးဆုံးဒေသများအပါဝင် တနိုင်ငံလုံးနီးပါလွှမ်းခြုံကာ အနောက်ကျဆုံးအလွှာ အပါအဝင် လုပ်သားအားလုံးနီးပါး ပါဝင်လာကြသည်။ အလွန်များပြားလှသည့် မီးရထားလုပ်သား၊ စာပို့နှင့် ကြေးနန်းနှင့် တခြားလုပ်သားများ၏ အရေအတွက်ကို ထည့်မတွက်သည့်တိုင်၊ စက်မှုလက်မှုအလုပ်သမား တစ်သန်းနီးပါးသည် အထွေထွေနိုင်ငံရေးသပိတ်တွင် ပါဝင်ဆင်နွှဲကြသည်။ တနိုင်ငံလုံး၏ ဘဝသည် ရပ်တန့်သွားသည်။ အစိုးရလည်း သွက်ချာပါဒလိုက်သွားသည်။

အလုပ်သမားလူတန်းစားက သက်ဦးဆံပိုင်စနစ်ကို ဆန့်ကျင်သည့် လူထုတိုက်ပွဲကို ခေါင်းဆောင်ခဲ့သည်။

လူထုနိုင်ငံရေးသပိတ်အတွက် ဘော်ရှီဗစ်တို့၏ ကြွေးကြော်သံသည် အကျိုးဖြစ်ထွန်းခဲ့ချေပြီ။

အောက်တိုဘာအထွေထွေသပိတ်သည် ပစ္စည်းမဲ့လှုပ်ရှားမှု၏အစွမ်းနှင့်အင်အားကို ပြသလိုက်ပြီး၊ သေလောက်အောင်ကြောက်ရွံ့နေသော ဇာဘုရင်ကို အတင်းအကျပ် ၁၉၀၅ ခု၊ အောက်တို

ဘာ ၁၇ ရက် ကြေညာစာတမ်းကို ထုတ်ပြန်စေလိုက်သည်။ ဤကြေညာစာတမ်းတွင် ပြည်သူကို "လူမှုလွတ်လပ်ခွင့်၏ မယိမ်းယိုင်သော အခြေခံအုတ်မြစ်များ လူတဦးချင်း၏ စစ်မှန်သော ရပိုင်ခွင့်များနှင့် လွတ်လပ်စွာယုံကြည်ခွင့်၊ ဟောပြောခွင့်၊ စုဝေးခွင့်နှင့် ဖွဲ့စည်းခွင့်များ"ကို ကတိပြုခဲ့သည်။ ဥပဒေပြုလွှတ်တော်ကို ခေါ်ဆိုကျင်းပပေးရန်နှင့် မဲဆန္ဒပေးခွင့်ကို လူထုလူတန်းစားအားလုံးသို့ တိုးချဲ့ပေးရန်ကိုပါ ကတိပြုထားပါသည်။

ဤနည်းဖြင့် ကြာရှည်ကြာများ ငြင်းခုံဆွေးနွေးနေသည့် (deliberative) ဘူလီဂျင်၏ ဒူးမားလွှတ်တော်မှာ တော်လှန်ရေးလှိုင်း၏ ဝါးမြိုဖယ်ရှားခြင်း ခံလိုက်ရသည်။ ဘူလီဂျင်၏ ဒူးမားလွှတ်တော်ကို ဘော်ရှီဗစ်တို့ သပိတ်မှောက်သည့် နည်းပရိယာယ်သည် မှန်ကန်ကြောင်း သက်သေပြလိုက်သည်။

သို့သော်လည်း အောက်တိုဘာ ၁၇ ရက် ကြေညာစာတမ်းမှာ ပြည်သူအပေါ် ကလိမ်ကျမှုသာဖြစ်ပြီး၊ ယုံကြည်မှုရရန်နှင့် မိမိအင်အားများကို ပြန်လည်စုစည်းပြီး၊ တော်လှန်ရေးကို ထိုးနှက်ရန် အချိန်အနည်းငယ် ရစေရန် အသက်ရှူခွင့်ရလိုရငြား ဇာဘုရင်၏ လှည့်ဖြားချက်သာဖြစ်သည်။ ဇာဘုရင်အစိုးရသည် စကားလုံးအရ လွတ်လပ်ခွင့်ကို အာမခံကတိပြုသော်လည်း တကယ် စင်စစ်တွင်မူ အကောင်အထည် ဘာမှရမလာပါ။ ထိုအချိန်ထိ အလုပ်သမားနှင့် လယ်သမားများ အစိုးရထံမှ ရရှိထားသည်များမှာ ကတိစကားများသာ ဖြစ်ပါသည်။ မျှော်လင့်ထားသည့် ကျယ်ပြန့်လှသော နိုင်ငံရေးလွတ်ငြိမ်းချမ်းသာခွင့်အစား အောက်တိုဘာ ၂၁ ရက် လွတ်ငြိမ်းချမ်းသာခွင့်သည် နိုင်ငံရေးအကျဉ်းသားအနည်းစုကလေးကိုသာ ပေးခဲ့သည်။ တချိန်တည်းတွင် လူထုအင်အားများကို ခွဲထုတ်ရန်ရည်ရွယ်ချက်ဖြင့် အစိုးရသည် ဂျူး လူမျိုးသတ်ဖြတ်မှုအချို့ကို ဖြစ်ပေါ်စေပြီး၊ ထိုကိစ္စတွင် လူထောင်ပေါင်းများစွာ သေဆုံးခဲ့ရသည်။ တော်လှန်ရေးကိုချေမှုန်းရန် ပုလိပ်ထိန်းချုပ်သည့် ဂိုဏ်းအဖွဲ့အစည်းများကို ထူထောင်ခဲ့သည်။ ၎င်းတို့မှာ ရုရှားပြည်သူများအဖွဲ့ချုပ်နှင့် တမန်တော်မိုက်ကယ် အဖွဲ့ချုပ်ဟု ခေါ်ဆိုသည်။ ဤအဖွဲ့အစည်းများတွင် ထင်းရှားသည့်အပိုင်းများမှာ ဖောက်ပြန် သည့် မြေရှင်များ၊ ကုန်သည်များ၊ ဘုန်းကြီးများနှင့် ခြေသလုံးအိမ်တိုင် ရာဇဝတ်ကောင်တပိုင်းများ ပါဝင်ပြီး၊ ၎င်းတို့ကို ပြည်သူများက "ဘလက်ခ်–ဟန်ဒရက်စ်များ" (black hundreds) ဟု ခေါ်ကြသည်။ ဘလက်ဟန်ဒရက်စ်များသည် ပုလိပ်၏ အကူအညီဖြင့် ပြောင်ဝင်ရောက်စွက်ဖက်ပြီး နိုင်ငံရေးအရ တိုးတက်သည့် အလုပ်သမားများ တော်လှန်သည့် ပညာတတ်များနှင့် ကျောင်းသားများကို လုပ်ကြံ သတ်ဖြတ်ကာ အစည်းအဝေးနေရာများနှင့် မြို့သူမြို့သား စုဝေးစည်းရုံးရာအရပ်များကို မီးရှို့ကြ ပါသည်။ ဤသည်မှာ ဇာဘုရင်ကြေညာချက်၏ အကျိုးကျေးဇူးများသာဖြစ်ပါသည်။

ထိုအချိန်က ခေတ်စားခဲ့သော သီချင်းတပုဒ်မှာ–

"*အကြောက်လွန်သောဇာဘုရင်က ကြေညာချက်တစောင်ထုတ်ပြန်သည်။*

*သေဆုံးသူများအတွက် လွတ်လပ်ခွင့်... အသက်ရှင်သူများအတွက် ဖမ်းဆီးခြင်း...* "

ဘော်ရှီဗစ်များက အောက်တိုဘာ ၁၇ ရက်ကြေညာစာတမ်းသည် ထောင်ချောက်တခုသာဖြစ်ကြောင်း လူထုကိုရှင်းပြခဲ့သည်။ သူတို့က ကြေညာချက်ထုတ်ပြန်ပြီးနောက် အစိုးရ၏လုပ်ဆောင်မှုသည် ရန်စလှုံ့ဆော်သည်ဟု စွပ်စွဲကြသည်။ ဘော်ရှီဗစ်များက အလုပ်သမားများကို လက်နက်ကိုင်ရန်နှင့် လက်နက်ကိုင်ပုန်ကန်မှုကို ပြင်ဆင်ရန် လှုံ့ဆော်ခဲ့သည်။

အလုပ်သမားများသည် ကြီးမားသည့်စွမ်းပကားဖြင့် တိုက်ခိုက်ရေးအဖွဲ့များ စတင်ဖွဲ့စည်းရန် ပြင်ဆင်သည်။ အထွေထွေနိုင်ငံရေးသပိတ်က ယူဆောင်ပေးခဲ့သည့် အောက်တိုဘာ ၁၇ ရက် ပထမ အောင်ပွဲက သူတို့ကို ဇာဘုရင်စနစ် ဖြုတ်ချရေးတိုက်ပွဲကို ဆက်လက်ဆင်နွှဲရန် ပိုမိုအင်အားထုတ်ကြိုးစားရန် တောင်းဆိုလာကြောင်း ရှင်းရှင်းလင်းလင်း မြင်လာကြသည်။

လီနင်က အောက်တိုဘာ ၁၇ ရက် ကြေညာစာတမ်းကို ယာယီအင်အားများ ချိန်ခွင်လျှာညီနေသည့် ဖော်ပြချက်တရပ်ဟု သဘောထားသည်။ ဇာဘုရင်ထံမှ ကြေညာစာတမ်းကို ညှစ်ထုတ်ယူလိုက်သည့်ပစ္စည်းမဲ့နှင့် လယ်သမားထုသည် ဇာဘုရင်စနစ်ကို ဖြုတ်ချရန် **လုံလောက်သောအင်အားတောင့်တင်းမှု မရှိသေးဘဲ၊** တဖက်မှာလည်း ဇာဘုရင်စနစ်သည် နည်းလမ်းဟောင်း တခုတည်းနှင့် **ဆက်လက်အုပ်ချုပ်ရန် မဖြစ်နိုင်တော့ဘဲ၊** "လူ့အခွင့်အရေးများ" နှင့် "ဥပဒေပြု" လွှတ်တော် စသည့် စက္ကူပေါ်မှကတိများကို မလွှဲမရှောင်သာဘဲ ပေးအပ်ခဲ့ရပါသည်။

အောက်တိုဘာ နိုင်ငံရေးသပိတ်၏ မုန်တိုင်းထန်သောရက်များအတွင်း ဇာဘုရင်စနစ် ဆန့်ကျင်သည့် တိုက်ပွဲမီးလျှံများမှ အလုပ်သမားလူတန်းစား လူထုကြီး၏ တော်လှန်သည့် ဖန်တီးတီထွင်ရှေ့ဆောင်မှုဖြင့် – အလုပ်သမားကိုယ်စားလှယ်များ၏ ဆိုဗီယက်များ – ဆိုသည့် အစွမ်းထက်လှသော လက်နက်သစ်တရပ်ကို တီထွင်လိုက်သည်။

အလုပ်သမားကိုယ်စားလှယ်များ၏ ဆိုဗီယက်များသည် စက်ရုံအလုပ်ရုံအားလုံးမှ ကိုယ်စားလှယ်များ စုဝေးစည်းရုံးဆွေးနွေးရာ အစည်းအဝေးကြီးများဖြစ်ပြီး၊ ယခင်က ကမ္ဘာမှာမတွေ့ခဲ့ဘူးသေးသည့် အလုပ်သမားလူတန်းစား၏ လူထုနိုင်ငံရေး အဖွဲ့အစည်းပုံစံမျိုးကို ကိုယ်စားပြုပေသည်။ ၁၉၀၅ ခုနှစ်မှာ ပထမထွက်ပေါ်ခဲ့သည့် ဆိုဗီယက်များသည် ဘော်ရှီဗစ်ပါတီ၏ ခေါင်းဆောင်မှုနှင့် ၁၉၁၇ ခုတွင် ပစ္စည်းမဲ့များထူထောင်ခဲ့သည့် ဆိုဗီယက်အာဏာ၏ **မူရင်းပုံစံ** (proto type) ဖြစ်ပါသည်။ ဆိုဗီယက်များမှာ ပြည်သူလူထု၏ တီထွင်ဖန်တီးရှေ့ဆောင်သည့်၊ တော်လှန်သည့် သဏ္ဍာန်သစ်တရပ်ဖြစ်ခဲ့ပါသည်။ ၎င်းတို့ကို လူထုအတွင်းမှတော်လှန်သည့် အစိတ်အပိုင်းများက ဇာဘုရင်စနစ်၏ ဥပဒေနှင့် ပြဋ္ဌာန်းချက် အားလုံးကို အာခံပြီး ၎င်းတို့ဘာသာ သီးသန့်တည်ထောင်လိုက်ခြင်းဖြစ်သည်။ ၎င်းတို့မှာ ဇာဘုရင်စနစ်ကို တိုက်ခိုက်ရန်ထကြွလာသည့် လူထု၏ လွတ်လပ်စွာ လှုပ်ရှားမှု၏ ဖော်ပြချက်ဖြစ်သည်။

ဘော်ရှီဗစ်များက ဆိုဗီယက်များကို တော်လှန်ရေးအာဏာ၏ သန္ဓေသားအဖြစ် သဘောထားသည်။ သူတို့က ဆိုဗီယက်၏ အင်အားနှင့် အရေးပါမှုသည် အုံကြွမှု၏ အင်အားနှင့် အောင်မြင်မှုအပေါ်လုံးဝမှီတည်နေသည်ဟု ယူဆထားပါသည်။

မင်ရှီဗစ်များကမူ ဆိုဗီယက်များကို တော်လှန်ရေးအာဏာ၏ သန္ဓေသားအင်္ဂါအဖြစ်သော်လည်းကောင်း၊ အုံကြွမှု၏အင်္ဂါရပ်အဖြစ်သော်လည်းကောင်း သဘောမထားချေ။ သူတို့က ဆိုဗီယက်များကို ဒေသကိုယ်ပိုင်အစိုးရတရပ်အဖြစ်လည်းကောင်း၊ ဒီမိုကရေစီရှိသည့် မြူနီစပယ်အစိုးရအဆောက်အအုံသဏ္ဍာန်အဖြစ်လည်းကောင်း ကြည့်မြင်သည်။

စိန့်ပီတာစဘတ်၌ ၁၉၀၅ ခုအောက်တိုဘာ ၁၃ရက် (ပြက္ခဒိန်အသစ် ၂၆ ရက်) ၌ စက်ရုံနှင့် အလုပ်ရုံ အားလုံးတွင် အလုပ်သမားကိုယ်စားလှယ်များ၏ ဆိုဗီယက်အတွက် ရွေးကောက်ပွဲများ ကျင်းပကြသည်။ ထိုညတွင်ပင် ဆိုဗီယက်၏ ပထမအစည်းအဝေးကိုကျင်းပခဲ့သည်။ အလုပ်သမား

ကိုယ်စားလှယ်များ၏ ဆိုဗီယက်များတည်ထောင်ရာတွင် စိန့်ပီတာစဘတ် ပြီးသွားသည့်နောက် မော်စကို၌ ဖြစ်ပါသည်။

စိန့်ပီတာစဘတ် အလုပ်သမားကိုယ်စားလှယ်များ၏ ဆိုဗီယက်သည် ရုရှားရှိ အရေးကြီးဆုံး စက်မှုလက်မှုနှင့် တော်လှန်ရေးဗဟိုချက်မနှင့် ဇာဘုရင်အင်ပါယာ၏ မြို့တော်ဖြစ်သည့်အတွက် ၁၉၀၅ ခု တော်လှန်ရေးတွင် ပြတ်သားသည့်အခန်းမှပါဝင်သင့်ပါသည်။ သို့သော် ဆိုးဝါးလှသည့် မင်ရှီဗစ်ခေါင်းဆောင်မှုကြောင့် ၎င်းတို့တာဝန်ကို ၎င်းတို့ မထမ်းဆောင်နိုင်ခဲ့ချေ။ ကျွန်တော်တို့သိကြသည့်အတိုင်း လီနင်သည် စိန့်ပီတာစဘတ်သို့ ရောက်ရှိမလာနိုင်သေးဘဲ နိုင်ငံခြား၌ပင် ရှိနေပါသေးသည်။ မင်ရှီဗစ်များသည် လီနင်မရှိခြင်းကို အခွင့်အကောင်းယူပြီး စိန့်ပီတာစဘတ် ဆိုဗီယက်အတွင်း တိုးဝှေ့ဝင်ရောက်လာကာ ၎င်းတို့၏ခေါင်းဆောင်မှုကိုရရှိရန် ကြိုးစားလာကြသည်။ ဤကဲ့သို့သော အခြေအနေမျိုးအောက်တွင် မင်ရှီဗစ်များဖြစ်ကြသော ခရက်စ်တ်လက်ဗ် (Khrustalev) ထရော့စကီ၊ ပါးဗားစ် (Parvus)နှင့် တခြားလူများသည် စိန့်ပီတာစဘတ် ဆိုဗီယက်ကို ပုန်ကန်မှုတွေကို ဆန့်ကျင်ရန် လှည့်ပြောင်းလိုက်နိုင်ခြင်းမှာ အထူးအဆန်းမဟုတ်တော့ပါ။ စစ်သားများကို ဆိုဗီယက်များနှင့် နီးစပ်လာအောင်ဆွဲဆောင်ပြီး၊ ဘုံတိုက်ပွဲမှာ ပူးပေါင်းလာအောင်လုပ်ရမည့်အစား သူတို့က စစ်သားများ၊ စိန့်ပီတာစဘတ်မှ ရုပ်သိမ်းသွားပေးရန် တောင်းဆိုသည်။ ဆိုဗီယက်သည် အလုပ်သမားများကို လက်နက်တပ်ဆင်ပြီး၊ အုံကြွမှုအတွက် ပြင်ဆင်ပေးရမည့်အစား ချိန်မှတ်လုပ်ရင်း အုံကြွမှုအတွက် ပြင်ဆင်မှုများကို ဆန့်ကျင်နေကြပါသည်။

မော်စကို အလုပ်သမားကိုယ်စားလှယ်များ၏ ဆိုဗီယက်ကတော်လှန်ရေးတွင်း ပါဝင်သည့် အခန်းမှာတော့ လုံးဝခြားနားပါသည်။ အစကနဦးကပင် မော်စကိုဆိုဗီယက်သည် ကုန်စင်သည့် တော်လှန်ရေးပေါ်လစီကို လိုက်နာဆောင်ရွက်ခဲ့သည်။ မော်စကို ဆိုဗီယက်၏ ခေါင်းဆောင်မှုမှာ ဘော်ရှီဗစ်များ၏ လက်ထဲတွင် ရှိနေပါသည်။ ၎င်းတို့၏ကျေးဇူးကြောင့် အလုပ်သမား ကိုယ်စားလှယ်များ၏ ဆိုဗီယက်နှင့်ဘေးချင်းယှဉ်၍ စစ်သားကိုယ်စားလှယ်များ၏ ဆိုဗီယက်သည် မော်စကို၌ ပေါ်ထွက်လာသည်။ မော်စကိုဆိုဗီယက်သည် လက်နက်ကိုင်ပုန်ကန်မှု၏ အင်္ဂါရပ်တခု (organ) ဖြစ်လာသည်။

၁၉၀၅ ခု အောက်တိုဘာမှ ဒီဇင်ဘာလအတွင်း အလုပ်သမားကိုယ်စားလှယ်များ၏ ဆိုဗီယက်များ၊ မြို့ကြီးအများအပြားနှင့် အလုပ်သမားလူတန်းစား ဒေသများအားလုံးနီးပါးတွင် တည်ထောင်ပြီးဖြစ်သည်။ စစ်သားများနှင့် ရေတပ်သားများ၏ ကိုယ်စားလှယ် ဆိုဗီယက်များဖွဲ့စည်းပြီး ၎င်းတို့ကို အလုပ်သမားဆိုဗီယက်များနှင့် ပူးပေါင်းပေးရန်လည်း ကြိုးပမ်းလာကြသည်။ ဒေသတချို့၌ အလုပ်သမားနှင့် လယ်သမားကိုယ်စားလှယ် ဆိုဗီယက်များလည်း တည်ထောင်လာကြသည်။

ဆိုဗီယက်များ၏ သြဇာဂယက်လွှမ်းမိုးမှုမှာ အလွန်အမင်း ကြီးမားလှပေသည်။ ၎င်းတို့သည် တခါတရံ အလိုအလျောက် ပေါ်ပေါက်လာခြင်းဖြစ်ပြီး၊ တိကျသည့် ပုံသဏ္ဍာန်ချို့ယွင်းကာ လျော့တိလျော့ရဲ စည်းရုံးထားသော်လည်း၊ ၎င်းတို့ သည် အစိုးရအာဏာတရပ်အဖြစ် လုပ်ဆောင်ပြုမူခဲ့သည်။ တရားဝင်အာဏာမရှိသော်လည်း ၎င်းတို့သည် သတင်းစာများ၏ လွတ်လပ်ခွင့်နှင့် အလုပ်ချိန် ၈ နာရီကို ပြဋ္ဌာန်းပေးခဲ့သည်။ ၎င်းတို့က ပြည်သူလူထုကို ဇာဘုရင်အစိုးရထံ အခွန်တော်ငွေများ မပေး ဆောင်ရန် တိုက်တွန်းကြသည်။ တချို့နေရာများတွင် အစိုးရရန်ပုံငွေများကို သိမ်းယူပြီး တော်လှန်ရေး လိုအပ်မှုများအတွက် သုံးစွဲခဲ့ကြသည်။

## ၅။ ဒီဇင်ဘာ လက်နက်ကိုင်အုံကြွမှု။ အုံကြွမှု ရှုံးနိမ့်ခြင်း။ တော်လှန်ရေးနောက်ဆုတ်ခြင်း။ ပထမ နိုင်ငံတော် ဒူးမား စတုတ္ထ (ညီညွတ်ရေး) ပါတီကွန်ဂရက်။

၁၉၀၅ ခုအောက်တိုဘာမှ နိုင်ဝင်ဘာကာလအတွင်း လူထု၏ တော်လှန်ရေးတိုက်ပွဲများသည် အလွန်ကြီးမားသည့် အရှိန်အဟုန်ဖြင့် ဆက်လက်ဖြစ်ပေါ်တိုးပွားနေသည်။ အလုပ်သမားသပိတ်များ ဆက်လက်ဖြစ်ပွားနေသည်။

မြေရှင်များကိုဆန့်ကျင်သည့် လယ်သမားများ၏တိုက်ပွဲသည် ၁၉၀၅ ခု ဆောင်းဦးကာလတွင် အကျယ်အပြန့် ဖြစ်ပွားလာသည်။ လယ်သမားလှုပ်ရှားမှုများသည် တိုင်းပြည်၏ ခရိုင် သုံးပုံတပုံတွင် ဖြစ်ပွားနေသည်။ ဆာရာတော့ဗ်၊ တမ်ဘော့ဗ်၊ ချာနီကော့ဗ်၊ တစ်ဖလစ်၊ ကူတေစ့် ပြည်နယ်နှင့် တခြားနေရာ အများအပြားတွင် လယ်သမားပုန်ကန်မှု အစစ်အမှန်နှင့် ကြုံတွေ့နေကြရသည်။ သို့သော် လယ်သမားများ ပါဝင်တိုက်ခိုက်မှုမှာ မလုံလောက်သေးဘဲ ရှိပါသည်။ လယ်သမားလှုပ်ရှားမှုသည် စည်းရုံးရေးရော၊ ခေါင်းဆောင်မှုပါ ချို့တဲ့နေပါသည်။

တစ်ဖလစ်၊ ဗလာတီဗော့စတော့၊ တာ့ရှ်ကင့်၊ ဆာမာကန်၊ ကားစ်၊ ဆူခမ်၊ ဝါဆော၊ ကီးဗ်နှင့် ရီဂါစသည့် မြို့ကြီး အများအပြားတွင်လည်း စစ်သားများအကြား မငြိမ်မသက်မှုများ တိုးပွားလာနေပါသည်။ ၁၉၀၅၊ နိုဝင်ဘာ ခရုန်းစတတ်နှင့် ဆီးဗာ့စ်တိုပေါလ်ရှိ ပင်လယ်နက်ရေတပ်မှ ရေတပ်သားများ အကြား ပုန်ကန်မှု ပေါ်ပေါက်လာသည်။ သို့သော် ပုန်ကန်မှုများမှာ အထီးကျန်ဖြစ်နေသဖြင့် ဇာဘုရင်အစိုးရက နှိမ်နင်းချေမှုန်းပစ်လိုက်နိုင်ပါသည်။ စစ်တပ်နှင့်ရေတပ်ဖွဲ့များ၌ တော်လှန်မှုများ ပေါ်ပေါက်ရသည်မှာ မကြာခဏ အရာရှိများ၏ ရက်စက်သောလုပ်ဆောင်ချက်များကြောင့်လည်းကောင်း၊ ဆိုးဝါးလှသည့် အစားအသောက် ("ပဲအဓိကရုဏ်း") များကြောင့်လည်းကောင်း၊ တခြားတူညီသည့် အကြောင်းအရင်းများကြောင့်လည်းကောင်း ဖြစ်ပါသည်။ ပုန်ကန်မှုအတွင်းက စစ်သားနှင့် ရေတပ်သားအများစုမှာ ဇာဘုရင်အစိုးရဖျက်ချရေးအတွက် တက်ကြွသည့် လက်နက်ကိုင်တိုက်ပွဲ လိုအပ်ချက်ကို ရှင်းရှင်းလင်းလင်း နားလည်သိရှိခြင်း မရှိသေးချေ။ ၎င်းတို့သည် အလွန်အေးအေးဆေးဆေး ငြိမ်သက်ပြီး အားရနှစ်သိမ့်ကျေနပ်နေကာ ပုန်ကန်မှုစတင်ချိန်က ဖမ်းဆီးထားသည့် အရာရှိများ လွှတ်ပေးခြင်းဖြင့် အမှားများကို မကြာခဏ ကျူးလွန်နေကြပြီး၊ အထက်အရာရှိများ၏ ကတိစကားများ၊ ချော့မြှူမှုများကို တကယ်ထင်မှတ် ယုံမှားနေကြပါသည်။

တော်လှန်ရေးလှုပ်ရှားမှုသည် လက်နက်ကိုင်ပုန်ကန်မှု အခြေအနေသို့ ကျရောက်အံ့ဆဲဆဲ ဖြစ်လာပါသည်။ ဘော်ရှီဗစ်များက လူထုကို ဇာဘုရင်နှင့် မြေရှင်ကို တိုက်ခိုက်ရန်၊ လက်နက်ကိုင်စွဲရန် လှုံ့ဆော်ပြီး၊ ဤသည်မှာ မလွှဲရှောင်သာသည့်အဖြစ် ဖြစ်ကြောင်း ရှင်းပြပါသည်။ ဘော်ရှီဗစ်များသည် ဇွဲနဘဲကြီးစွာဖြင့် လက်နက်ကိုင်ပုန်ကန်မှုအတွက် ပြင်ဆင်လုပ်ဆောင်ကြသည်။ စစ်သားများနှင့် ရေတပ်သားများအကြား တော်လှန်ရေးလုပ်ငန်းများ လုပ်ဆောင်ကြပြီး၊ လက်နက်ကိုင်အင်အားစုများအတွင်း ပါတီ၏ စစ်ရေးအဖွဲ့အစည်းများကို တည်ထောင်ကြသည်။ အလုပ်သမား တိုက်ခိုက်ရေးတပ်ဖွဲ့များကို မြို့ကြီးအချို့တွင် တည်ထောင်ပြီး၊ တပ်ဖွဲ့ဝင်များက လက်နက်ကိုင်စွဲနည်းများကို သင်ကြားပေးသည်။ နိုင်ငံခြားမှ လက်နက်များ ဝယ်ယူပြီး၊ ရုရှားသို့ ခိုးသွင်းခြင်းများကို စည်းရုံး လုပ်ဆောင်ကြပြီး၊ ၎င်းတို့ကို သယ်ယူပို့ဆောင်ရာ၌ ထင်းရှားသည့်ပါတီဝင်များက လုပ်ဆောင်ကြပါသည်။

၁၉၀၅ ခု နိုဝင်ဘာတွင် လီနင် ရုရှားသို့ပြန်ရောက်လာသည်။ ဇာဘုရင်ပုလိပ်နှင့် သူလျှိုများကို တိမ်းရှောင်ရင်း၊ သူသည် လက်နက်ကိုင်ပုန်ကန်မှုအတွက် ပြင်ဆင်ရန် တိုက်ရိုက်လုပ်ဆောင်လာသည်။ ဘော်ရှီဗစ်သတင်းစာ၊ နိုဗာရာဇင် (ဘဝသစ်) ပါ ၎င်း၏ဆောင်းပါးများသည် ပါတီကို ၎င်း၏ နေ့စဉ် လုပ်ငန်းတွင် ဦးဆောင်လမ်းညွှန်မှု ပေးနေပါသည်။

ဤအချိန်တွင် ရဲဘော်စတာလင် (Stalin)သည် ထရန့်ကော့ကေးရှားရှိ ကြီးမားလေးလံလှသည့် တော်လှန်ရေးလုပ်ငန်းများကို လုပ်ဆောင်နေပါသည်။ သူသည် မင်ရှီဗစ်များကို တော်လှန်ရေးနှင့် လက်နက် ကိုင်အုံကြွမှု၏ ရန်သူအဖြစ် ဖွင့်ချတိုက်ခိုက်လိုက်သည်။ သူသည် သက်ဦးဆံပိုင်စနစ်ကို တိုက်ခိုက်သည့် အပြီးသတ်တိုက်ပွဲအတွက် အလုပ်သမားများကို ခိုင်ခိုင်မာမာ ပြင်ဆင်ပေးသည်။ ဇာဘုရင်ကြေညာ ချက်ထွက်သည့်နေ့က တစ်ဖလစ် အလုပ်သမားများ အစည်းအဝေး၌ မိန့်ခွန်းပြောရာတွင် ရဲဘော် စတာလင်က အောက်ပါအတိုင်း ပြောကြားခဲ့သည်။

"ကျွန်တော်တို့ တကယ်တမ်းနိုင်ဖို့အတွက် ဘာလိုအပ်သလဲ၊ ကျွန်တော်တို့အရာ ၃ မျိုး လိုအပ်တယ်။ ပထမ–လက်နက်။ ဒုတိယ–လက်နက်။ တတိယ–လက်နက်နှင့် နောက်ထပ် လက်နက်ပဲ"

၁၉၀၅ ဒီဇင်ဘာတွင် ဖင်လန်–တန်မာဖော့စ်၌ ဘော်လ်ရှီဗစ်ကွန်ဖရင့် ကျင်းပခဲ့သည်။ ဘော်ရှီဗစ်နှင့် မင်ရှီဗစ်များသည် တရားဝင်အားဖြင့် ဆိုရှယ်ဒီမိုကရက်တစ်ပါတီ တခုတည်းတွင်ရှိသော်လည်း၊ အမှန်စင်စစ်မှာမူ ၎င်းတို့သည် ကိုယ်ပိုင်ခေါင်းဆောင် ဗဟိုတဖွဲ့စီနှင့် ကွဲပြားသည့် ပါတီနှစ်ခု ဖြစ်နေပါသည်။ ဤကွန်ဖရင့်၌ လီနင်နှင့် စတာလင် ပထမဆုံးအကြိမ် တွေ့ဆုံမိကြသည်။ ထိုအချိန်ထိ ၎င်းတို့သည် စာပေးစာယူဖြင့် သော်လည်းကောင်း၊ ရဲဘော်များမှတဆင့် သော်လည်းကောင်း ဆက်သွယ်နေကြပါသည်။

တန်မာဖော့စ် ကွန်ဖရင့်၏ ဆုံးဖြတ်ချက်များထဲမှ အောက်ပါ နှစ်ချက်မှာ မှတ်သားသင့်ပေသည်။ **တစ်**–တကယ်အားဖြင့် ပါတီ ၂ ရပ်အဖြစ်သို့ ကွဲနေသည့် ပါတီ၏ စည်းလုံးညီညွတ်ရေးကို ပြန်လည်တည်ဆောက်ရန်နှင့် **နောက်တချက်**မှာ ဝစ်တီ (Witte) ဒူးမားဟု အများသိကြသည့် ပထမဒူးမားလွှတ်တော်ကို သပိတ်မှောက်ရန်ဖြစ်ပါသည်။ ထိုအချိန်တွင် မော်စကို၌ လက်နက်ကိုင်ပုန်ကန်မှုမှာ စတင်နေပြီဖြစ်သဖြင့်၊ လီနင်၏ အကြံပေးချက်အရ ကွန်ဖရင့်လုပ်ငန်းများ အမြန်လက်စသတ်ပြီး ပုန်ကန်မှုတွင် ကိုယ်စားလှယ်များ ကိုယ်တိုင်ကိုယ်ကျပါဝင်ရန် လူစုခွဲလိုက်ပါသည်။

သို့သော် ဇာဘုရင်အစိုးရကလည်း အိပ်စက်ငိုက်မြည်း နေခြင်းမရှိပါ။ ၎င်းကလည်း အပြတ်အသတ် တိုက်ပွဲအတွက် ပြင်ဆင်နေပါသည်။ ဂျပန်နှင့် အပြီးသတ်ငြိမ်းချမ်းရေး ဆွေးနွေးပြီးနောက်၊ ၎င်းအခြေအနေ အခက်အခဲများ လျော့ပါးစေကာ ဇာဘုရင်အစိုးရသည် အလုပ်သမားနှင့် လယ်သမားများကို ထိုးစစ်ဆင်ရန်လုပ်ဆောင်လာကြသည်။ လယ်သမားပုန်ကန်မှု အများအပြား ဖြစ်ပွားနေသည့် ပြည်နယ်များတွင် မာရှယ်လော ထုတ်ပြန်ထားပြီး၊ "အကျဉ်းသားလက်မခံ"၊ "ကျည်ဆံ မချွေတာနှင့်"စသည့် ရက်စက်သည့် အမိန့်များထုတ်ပြန်ကာ တော်လှန်ရေးလှုပ်ရှားမှု၏ ခေါင်းဆောင်များကို ဖမ်းဆီးရန်နှင့် အလုပ်သမား ကိုယ်စားလှယ်များ၏ ဆိုဗီယက်များကို ဖျက်သိမ်းရန် အမိန့်ထုတ်ကြသည်။

ဤသည်ကို တုံ့ပြန်ရန် ကျယ်ပြန့်လှသော အလုပ်သမားထုကြီးနှင့် ဆက်စပ်နေသည့် မော်စကို ဘော်ရှီဗစ်များနှင့် ၎င်းတို့ဦးဆောင်သော အလုပ်သမားကိုယ်စားလှယ် ဆိုဗီယက်တို့က လက်နက်ကိုင်

ပုန်ကန်မှုအတွက် ချက်ချင်းပြင်ဆင် လုပ်ဆောင်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ဒီဇင်ဘာ ၅ ရက် (၁၈) ရက်တွင် မော်စကိုဘော်ရှီဗစ်ကော်မတီက တိုက်ပွဲစဉ်အတွင်း ပုန်ကန်မှုသို့ လှည့်ပြောင်းရန် ရည်ရွယ်ချက်ဖြင့် ဆိုဗီယက်က အထွေထွေနိုင်ငံရေးသပိတ်ကြေညာရန် တောင်းဆိုဖို့ဆုံးဖြတ်လိုက်သည်။ ဤဆုံးဖြတ်ချက်ကို အလုပ်သမားများ၏ လူထုအစည်းအဝေးက ထောက်ခံခဲ့သည်။ မော်စကို ဆိုဗီယက် သည် အလုပ်သမားလူတန်းစား၏ တောင်းဆိုချက်ကိုတုံ့ပြန်ပြီး၊ အထွေထွေနိုင်ငံရေး သပိတ်စတင်ရန် တညီတညွတ်တည်း ဆုံးဖြတ်ခဲ့သည်။

မော်စကိုပစ္စည်းမဲ့များ ပုန်ကန်မှုစတင်ချိန်တွင် တိုက်ခိုက်ရေးအင်အားမှာ တထောင်မျှရှိပြီး၊ ထက်ဝက်ကျော်မှာ ဘော်ရှီဗစ်များဖြစ်သည်။ ထိုအပြင် မော်စကိုအလုပ်ရုံအများအပြား၌ တိုက်ခိုက်ရေးတပ်ဖွဲ့များ ရှိပါသည်။ အားလုံး ပုန်ကန်ထကြွသူများမှာ တိုက်ခိုက်ရေးအင်အား ၂,၀၀၀ မျှ ရှိ ပါသည်။ အလုပ်သမားများက အစောင့်တပ်သားများကို စေ့စပ်ပြီး၊ တချို့တဝက်ကို ၎င်းတို့ဘက်သို့ ကူးပြောင်းလာစေနိုင်ရန် မျှော်လင့်ခဲ့သည်။

ဒီဇင်ဘာ ၇ ရက်၊ (၂၀) ၌ မော်စကိုတွင် နိုင်ငံရေးသပိတ်ကြီး စတင်ခဲ့သည်။ သို့သော် တပြည်လုံး ပျံ့နှံ့ရန်ကြိုးပမ်းမှုမှာ မအောင်မြင်ခဲ့ချေ။ စိန့်ပီတာစဘတ်မှ လုံလောက်သော ထောက်ခံမှုမရဘဲ၊ အုံကြွမှုအတွက် အောင်မြင်ဖို့အခွင့်အလမ်းမှာ စကတည်းက လျော့နည်းခဲ့ရပါသည်။ နီကိုလာရက်စကာရာ (ယခုအောက်တိုဘာ) မီးရထားလမ်းမှာ ဇာဘုရင်အစိုးရလက်ထဲမှာပင် ရှိနေသည်။ ထိုလမ်းပေါ်မှာ အသွားအလာမှာ အတားအဆီး အနှောင့်အယှက်မရှိသဖြင့် အစိုးရအနေဖြင့် ပုန်ကန်မှုကို နှိမ်နှင်းရန် စိန့်ပီတာစဘတ်မှ အစောင့်တပ်ရင်းများကို မော်စကိုသို့ ပို့ပေးနိုင်ခဲ့ပါသည်။

မော်စကို၌ပင်လျှင် ကင်းစောင့်တပ်မှာ ချီတုံချတုံ ဖြစ်လာသည်။ အလုပ်သမားများက ပုန်ကန်မှုကို စတင်ရာတွင် ကင်းစောင့်တပ်မှ ထောက်ခံမှုရလိမ့်မည်ဟူသော မျှော်လင့်ချက် တစိတ်တပိုင်း ပါရှိသည်။ သို့သော် တော်လှန်ရေးသမားများသည် အလွန်နှေးကွေး တုံ့ဆိုင်းခဲ့ပြီး၊ အစိုးရက ကင်းစောင့်တပ်ဖွဲ့အတွင်း မငြိမ်မသက်ဖြစ်မှုကို ကိုင်တွယ်ဖြေရှင်းလိုက်နိုင်သည်။

ဒီဇင်ဘာ ၉ ရက် (၂၂) တွင်မော်စကို၌ ပထမဆုံးသော ကတုတ်ထွက်ပေါ်လာသည်။ မကြာမီအတွင်း မြို့တွင်းရှိလမ်းများတွင် ခံကတုတ်များ ပြည့်သွားသည်၊ ဇာဘုရင်အစိုးရက အမြောက်များဖြင့် ပစ်ခတ်တိုက်ခတ်သည်။ ၎င်းတို့က ပုန်ကန်သူများထက် အဆပေါင်းများစွာသာသည့် အင်အားများကို စုစည်းလိုက်သည်။ ထောင်ပေါင်းများစွာသော လက်နက်ကိုင် အလုပ်သမားများသည် ကိုးရက်တိတိ အလွန်ရဲစွမ်းသတ္တိရှိလှသော တိုက်ပွဲများကို တိုက်ခိုက်ခဲ့သည်။ စိန့်ပီတာစဘတ်၊ တဗာနှင့် အနောက်ဒေသများမှ တပ်ရင်းများ ခေါ်ဆောင်လာပြီးမှသာလျှင် ဇာဘုရင်အစိုးရသည် ပုန်ကန်မှုကို ချေမှုန်းနိုင်ပေသည်။ တိုက်ပွဲအကြိုကာလ ကတည်းကပင် ပုန်ကန်မှု၏ ခေါင်းဆောင်မှုအဖွဲ့တွင် တချို့မှာ အဖမ်းခံထားရပြီး၊ တချို့မှာ အထီးကျန်ဖြစ်နေပါသည်။ မော်စကို ဘော်ရှီဗစ်ကော်မတီဝင်များသည် အဖမ်းခံလိုက်ရသည်။ လက်နက်ကိုင်လှုပ်ရှားမှုမှာ တကွဲတပြား၊ ခရိုင်များမှ အဆက်အစပ်မရှိသည့် ပုန်ကန်မှုသဏ္ဌာန် ဖြစ်နေပါသည်။ ညွှန်ကြားသည့်ဗဟိုမရှိဘဲ တမြို့လုံးအတွက် စစ်ဆင်ရေး ဘုံစီမံကိန်း ချို့တဲ့ကာ ခရိုင်များသည် အဓိကအားဖြင့် မိမိကိုယ်မိမိ ကာကွယ်ရန်သာ လုပ်ဆောင်နေရပါသည်။ ဤသည်မှာ လီနင်က နောက်ပိုင်းတွင် ထောက်ပြခဲ့သည့်အတိုင်း မော်စကိုပုန်ကန်မှု အားနည်းချက်၏ အဓိကရေသောက်မြစ်ဖြစ်ပြီး၊ ဆုံးရှုံးရမှု၏ တခုတည်းသောအကြောင်းရင်း ဖြစ်ပေသည်။

မော်စကို၊ ခရက်စ်နာယာ ပရက်စညာခရိုင်တွင် ပုန်ကန်မှုသည် အထူးသဖြင့် အလွန်တင်းမာပြီး ခါးသီးသည့် သဏ္ဌာန် ဆောင်ပေသည်။ ဤအရပ်သည် ပုန်ကန်မှု၏ အဓိက အမာခံနှင့်ဗဟို ဖြစ်သည်။ ဤနေရာတွင် ဘော်ရှီဗစ်များဦးဆောင်သည့် အကောင်းဆုံးတိုက်ခိုက်ရေး တပ်ဖွဲ့များကို စုစည်းထားသည်။ သို့သော် ခရက်စ်နာယာပရက်စညာတွင် မီးနှင့်ဓားမိုးရွာပြီး ဖိနှိပ်ခြင်းခံလိုက်ရသည်။ သွေးချောင်းစီးခဲ့ပြီး အမြောက်များကြောင့် မီးဟုန်းဟုန်းတောက်လောင်ခဲ့ရသည်။ မော်စကိုပုန်ကန်မှု သည် ချေမှုန်းခြင်း ခံလိုက်ရပါသည်။

ပုန်ကန်မှုမှာ မော်စကိုတွင်သာ မဟုတ်ပါ၊ တခြားမြို့များနှင့် ခရိုင်များတွင်လည်း တော်လှန်ရေး ပုန်ကန်မှုများ ပေါ်ပေါက်ခဲ့ပါသည်။ ကရာစ်နိုရာစ်ခ် မိုတိုဗီလီကာ (ပရိုင်)၊ နိုဗိုရောစစ်ခ်၊ ဆော်မိုဗို၊ ဆီးဗာ့စ် တိုပေါလ်နှင့် ခရန်းစတဒ်တို့တွင် လက်နက်ကိုင်အုံကြွမှုများ ပေါ်ပေါက်ခဲ့သည်။

ရုရှား၏ အဖိနှိပ်ခံလူမျိုးစုများလည်း လက်နက်ကိုင်တိုက်ပွဲ ဝင်လာပါသည်။ ဂျော်ဂျီယာ တခုလုံးနီပါး လက်နက်ကိုင် ထကြွလာသည်။ ယူကရိန်းနှင့် ဒိုနက်မြစ်ဝှမ်းရှိ ဂေါ်လေ့ဗ်ကာ၊ အက်လက်ဇန္ဒရော့ဗ်စ်ခ်နှင့် လူဂန့်စ် (ယခု ဗိုရိုရှီလော့ဗ်ဂရက်) မြို့များတွင် ကြီးမားလှသည့်အုံကြွမှုများ ပေါ်ပေါက်လာသည်။ လတ်ဗီးယား၌ ပြင်းထန်သည့်တိုက်ပွဲများ ဖြစ်နေသည်။ ဖင်လန်တွင် အလုပ်သမားများက ၎င်းတို့တပ်နီများကို ဖွဲ့စည်းပြီး ပုန်ကန်ထကြွလာသည်။

သို့သော်လည်း ဤပုန်ကန်မှုအားလုံးသည် မော်စကိုအုံကြွမှုကဲ့သို့ပင် သက်ဦးဆံပိုင်စနစ်၏ လူမဆန်သော ရက်စက်ကြမ်းကြုတ်မှုဖြင့် ချေမှုန်းခံလိုက်ရသည်။

ဒီဇင်ဘာ လက်နက်ကိုင်အုံကြွမှုအပေါ် မင်ရှီဗစ်နှင့် ဘော်ရှီဗစ်တို့၏ အကဲဖြတ်ချက်များမှာ ကွာခြားပါသည်။

"သူတို့ လက်နက်မကိုင်သင့်ကြဘူး"ဆိုသောစကားမှာ မင်ရှီဗစ် ပလက်ကနော့ဗ်က အုံကြွမှုအပြီး၊ ပါတီအပေါ်သို့ ပြစ်တင်ပြောဆိုလိုက်သော စကားဖြစ်သည်။ မင်ရှီဗစ်များက အုံကြွမှုသည် မလိုအပ်ဘဲ ထိခိုက်သေကြေမှုများကြောင့် တော်လှန်ရေးတွင် အုံကြွမှုကို ဘေးဖယ်ထားနိုင်ကြောင်း၊ အောင်ပွဲကို လက်နက်ကိုင်အုံကြွမှုနှင့် မရနိုင်ဘဲ ငြိမ်းချမ်းသည့် တိုက်ပွဲနည်းနာများနှင့် ရနိုင်ကြောင်း ပြောဆိုငြင်းခုံကြသည်။

ဘော်ရှီဗစ်များက ဤရပ်တည်မှုကို သစ္စာဖောက်မှုဟု စွပ်စွဲလိုက်သည်။ မော်စကိုလက်နက်ကိုင်အုံကြွမှု၏ အတွေ့အကြုံက အလုပ်သမားလူတန်းစားသည် အောင်မြင်စွာ လက်နက်ကိုင်တိုက်ပွဲဆင်နွှဲနိုင်သည်ကို အတည်ပြုပေးလိုက်သည်ဟု သူတို့က ထင်မြင်ယူဆသည်။ ပလက်ကနော့ဗ်၏ အပြစ်တင်ချက် "သူတို့ လက်နက်မကိုင်သင့်ကြဘူး"ကို လီနင်ချေပရာတွင်– "ဒါနဲ့ဆန့်ကျင်စွာပင် ကျွန်တော်တို့သည် လက်နက်ကို ပို၍ခိုင်မာပြတ်သားစွာ တက်ကြွစွာ အတင်းအဓမ္မကိုင်စွဲထားရမည်။ ကျွန်တော်တို့ လူထုကို မိမိကိုယ်မိမိ ငြိမ်းချမ်းသောသပိတ်များနှင့်သာ ကန့်သတ်ထားရန် မဖြစ်နိုင်ကြောင်း၊ အညှာတာကင်းမဲ့သည့် လက်နက်ကိုင်တိုက်ပွဲကို မလွဲမရှောင်နိုင်ကြောင်း ရှင်းပြရမည်။"

**(လီနင်လက်ရွေးစင်ကျမ်း၊ အင်္ဂလိပ်ဘာသာ၊ မော်စကို ၄၇၊ အတွဲ ၁၊ စာမျက်နှာ– ၄၄၆)**

၁၉၀၅၊ ဒီဇင်ဘာ အုံကြွမှုသည် တော်လှန်ရေး၏ အထွတ်အထိပ်ဖြစ်သည်။ ဇာဘုရင်သက်ဦးဆံပိုင်စနစ်က အုံကြွမှုကို ချေမှုန်းလိုက်သည်။ ထို့နောက် တော်လှန်ရေးသည် လှည့်ပြောင်းသွားပြီး ဒီရေကျစပြုလာသည်။ တော်လှန်ရေးဒီရေသည် တဖြည်းဖြည်းလျော့ကျလာသည်။

ဇာဘုရင်အစိုးရသည် ရှုံးနိမ့်မှုကို အခွင့်ကောင်းယူပြီး၊ တော်လှန်ရေးကို နောက်ဆုံးထိုးနှက် တိုက်ခိုက်ရန် အလျင်အမြန်ပြင်ဆင်သည်။ ဇာဘုရင်၏ ပါးကွက်အာဏာသားများနှင့် ထောင်ဝန်ထမ်းများသည် ၎င်းတို့၏သွေးစွန်းသောလုပ်ငန်းများကို စတင်လာကြသည်။ ပိုလန်၊ လတ်ဗီးယား၊ အက်စတိုနီးယား၊ ထရန်စ့်ကော့ကေးရှားနှင့် ဆိုက်ဗေးရီးယားတို့တွင် အပြစ်ပေးအရေးယူမှုများ ဖုံးလွှမ်းနေသည်။

သို့သော် တော်လှန်ရေးမှာ ချေမှုန်းခြင်း မခံရသေးပါ။ အလုပ်သမားများနှင့် တော်လှန်သည့် လယ်သမားများသည် တိုက်ပွဲကိုစွန့်လွှတ်လိုက်ပြီး တဖြည်းဖြည်း နောက်ဆုတ်နေပါသည်။ အလုပ်သမားများ၏ အစိတ်အပိုင်းသစ်များ တိုက်ပွဲတွင်းသို့ ဝင်ရောက်လာပါသည်။ ၁၉၀၆ ခုနှစ် သပိတ်တွင် အလုပ်သမား တသန်းကျော်နှင့် ၁၉၀၇ ခုနှစ်တွင် ၇၄၀,၀၀၀ ပါဝင်လာကြသည်။ လယ်သမားလှုပ်ရှားမှုမှာ ၁၉၀၆ ခုနှစ် ပထမနှစ်ဝက်တွင် ဇာဘုရင်ရုရှား၏ ခရိုင်ပေါင်းတဝက်ကျော်တွင် ဖြစ်ပွားပြီး၊ ဒုတိယနှစ်ဝက်တွင် ငါးပုံတပုံဖြစ်ပွားလာသည်။ စစ်တပ်နှင့် ရေတပ်တွင်လည်း မငြိမ်မသက်ဖြစ်မှုများ ဆက်လက်ဖြစ်ပွားနေသည်။

ဇာဘုရင်အစိုးရသည် တော်လှန်ရေးကို ချေမှုန်းရာတွင် ဖိနှိပ်သည့်နည်းများဖြင့်သာ ကန့်သက်ထားခြင်းမပြုချေ။ ၎င်း၏ ပထမပိုင်း အောင်ပွဲများကို ဖိနှိပ်သည့်နည်းများဖြင့် အောင်မြင်ရရှိပြီးနောက်၊ ဒူးမားသစ် “ဥပဒေပြု”လွှတ်တော်ကို ကျင်းပခြင်းဖြင့် တော်လှန်ရေးထိုးနှက်ချက်အသစ်ဖြင့် ထိုးနှက်ရန် ဆုံးဖြတ်လိုက်ကြသည်။ ၎င်းတို့က ဤနည်းဖြင့် လယ်သမားများကို တော်လှန်ရေးနှင့် အဆက်ဖြတ်ပစ်လိုက်ပြီး၊ တော်လှန်ရေးကို အဆုံးသတ်ပစ်လိုက်နိုင်လိမ့်မည်ဟု မျှော်လင့်ခဲ့သည်။ ၁၉၀၅ ခုဒီဇင်ဘာတွင် ဇာဘုရင်အစိုးရက ဘော်ရှီဗစ်တို့၏ သပိတ်မှောက်မှုကြောင့် ဘေးဖယ်လိုက်ခြင်းခံလိုက်ရသည့် “ဆွေးနွေးညှိနှိုင်းသည့်”ဘူလီဂျင် ဒူးမားလွှတ်တော်ဟောင်းနှင့် ကွဲပြားခြားနားသည်။ “ဥပဒေပြု” ဒူးမားသစ် ခေါ်ဆိုကျင်းပရန် ဥပဒေတရပ်ထုတ်ပြန်လိုက်သည်။ ဇာဘုရင်၏ ရွေးကောက်ပွဲဥပဒေသည် ဒီမိုကရေစီမကျပါ။ ရွေးကောက်ပွဲများမှာ တညီတညာတည်းမရှိပါ (universal) ။ လူဦးရေတဝက်ကျော်၊ ဥပမာ–အမျိုးသမီးများနှင့် အလုပ်သမား ၂ သန်းကျော်တို့မှာ မဲပေးပိုင်ခွင့် မရချေ။ ရွေးကောက်ပွဲများမှာ တန်းတူညီမျှခြင်း မရှိချေ။ မဲဆန္ဒနယ်များကို လေးပိုင်ခွဲခြားထားသည်။ လယ်ယာ (မြေရှင်)၊ မြို့ (နေရှင်)၊ လယ်သမားနှင့် အလုပ်သမားအပိုင်းဟူ၍ဖြစ်ပါသည်။ ရွေးကောက်ပွဲ သည် တိုက်ရိုက်မဟုတ်ဘဲ၊ အဆင့်အများအပြားခွဲထားသည်။ တကယ်စင်စစ်မှာ လျှို့ဝှက်မဲစနစ် လည်း မဟုတ်ချေ၊ ရွေးကောက်ပွဲဥပဒေက လွှတ်တော်ထဲတွင် လက်တဆုပ်စာ မြေရှင်နှင့် အရင်းရှင် များက အလုပ်သမား၊ လယ်သမားသန်းပေါင်းများစွာ၏ အများစုကို အပေါ်စီးရရန် စီမံလုပ်ဆောင် ထားသည်။

ဇာဘုရင်က လူထုကို တော်လှန်ရေးမှ လမ်းလွဲသွားရန် ဒူးမားကို အသုံးချရန် ရည်ရွယ်ခဲ့သည်။ ထိုအချိန်က လယ်သမား အများအပြားက ဒူးမားလွှတ်တော် မှတဆင့် ၎င်းတို့မြေများ ရနိုင်သည်ဟု ယုံကြည်နေကြသည်။ ဖွဲ့စည်းအုပ်ချုပ်ပုံ ဒီမိုကရက်များ၊ မင်ရှီဗစ်များနှင့် ဆိုရှယ်လစ်တော်လှန်ရေးသမားများက လူထုလိုအပ်သည့်စနစ်ကို ပုန်ကန်မှုမပါဘဲ၊ တော်လှန်ရေးမလုပ်ဘဲ ရရှိနိုင်သည်ဟု ပြောဆိုပြီး၊ အလုပ်သမားနှင့် လယ်သမားများကို လှည့်စားနေကြပါသည်။ ဤလူထုအပေါ် ကလိမ်ကျမှုကိုတိုက်ရန် ဘော်ရှီဗစ်များက ပထမနိုင်ငံတော်ဒူးမားကို သပိတ်မှောက်သည့် နည်းနာကို ကြေညာပြီး

လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ဤသည်မှာလည်း တန်မာဖော့စ်ကွန်ဖရင့်က ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များနှင့်အညီဖြစ်ပါသည်။

ဇာဘုရင်စနစ်ကို ဆန့်ကျင်သည့်တိုက်ပွဲ၌ ပါတီတွင်း အင်အားများ စည်းလုံးညီညွတ်ရန် ပစ္စည်းမဲ့ ပါတီ၏ပေါင်းစည်းညီညွတ်ရေးကို အလုပ်သမားကတောင်းဆိုသည်။ တန်မာဖော့စ်ကွန် ဖရင့်၏ ညီညွတ်ရေးဆုံးဖြတ်ချက်ကိုကိုင်စွဲပြီး၊ ဘော်ရှီဗစ်များက အလုပ်သမားများ၏ ဤတောင်း ဆိုချက်ကို ထောက်ခံပြီး၊ မင်ရှီဗစ်များကို ပါတီ၏ညီညွတ်ရေး ကွန်ဂရက်ခေါ်ဆိုရန် တောင်းဆိုလိုက်သည်။ အလုပ်သမားများ၏ ဖိအားကြောင့် မင်ရှီဗစ်များသည် ပေါင်းစည်းညီညွတ်ရန် ခွင့်ပြုလိုက်သည်။

လီနင်သည် ပေါင်းစည်းညီညွတ်ရေးကို လိုလားသော်လည်း ထိုပေါင်းစည်းညီညွတ်ရေးမျိုးသည် တော် လှန်ရေးပြဿနာများနှင့် ပတ်သက်ပြီး တည်ရှိနေသည်။ ကွဲပြားခြားနားချက်များကို မဖုံးကွယ်သည့် အမျိုးအစားသာဖြစ်ရမည်။ မင်ရှီဗစ်နှင့် ဘော်ရှီဗစ်များအကြား ကြီးမားသည့်ကွဲပြားမှု မရှိကြောင်း ပြသရန် ကြိုးစားခဲ့သည်။ ဖြန်ဖြေရေးသမားများ (ဘော့ဂ်ဒါနော့ဗ် (Bogdanov)၊ ကရာစင်နှင့် အခြားလူများ) ကြောင့် ပါတီတွင် ထိခိုက်နစ်နာမှု အတော်အသင့် ရှိခဲ့ပါသည်။ လီနင်က ဖြန်ဖြေရေး သမားများကိုတိုက်ခိုက်ပြီး ဘော်ရှီဗစ်များသည် ကွန်ဂရက်သို့ မိမိတို့ကိုယ်ပိုင်မူ ဝါဒများနှင့်သာ တက်ရောက်သင့်ပြီး၊ သို့မှသာ အလုပ်သမားများအနေနှင့် ဘော်ရှီဗစ်များ၏ အနေအထားကို ရှင်းရှင်းမြင်ကာမည်သည့် အခြေခံပေါ်တွင် ပေါင်းစည်းညီညွတ်ရမည်ကို မြင်တွေ့နိုင်သည် ဟုဆိုသည်။ ဘော်ရှီဗစ်များသည် ဤကဲ့သို့သော မူဝါဒများကို ရေးဆွဲပြီး၊ ပါတီဝင်များအား ဆွေးနွေးရန် တင်သွင်း ခဲ့သည်။

R.S.D.L.P. ၏ စတုတ္ထကွန်ဂရက်–ညီညွတ်ရေးကွန်ဂရက်ကို ၁၉၀၆ ဧပြီ၌ စတော့ဟုမ်း (ဆွီဒင်) တွင် ကျင်းပခဲ့သည်။ ပါတီ၏ဒေသအဖွဲ့အစည်း ၅၇ ခုကို ကိုယ်စားပြုသည့် မဲဆန္ဒပေးနိုင်သည့် ကိုယ်စားလှယ် ၁၁၁ ယောက် တက်ခဲ့သည်။ ထို့အပြင် အမျိုးသား ဆိုရှယ်ဒီမိုကရေစီပါတီမှ ကိုယ်စားလှယ်များလည်း တက်ရောက်ခဲ့သည်။ ဘန်းမှ ၃ ယောက်၊ ပိုလန် ဆိုရှယ်ဒီမိုကရေစီပါတီမှ ၃ ယောက်၊ လက်တစ် ဆိုရှယ်ဒီမိုကရေစီအဖွဲ့အစည်း (Lettish Social Democratic organization) မှ ၃ ယောက် ဖြစ်သည်။

ဒီဇင်ဘာ အုံကြွမှုအတွင်းနှင့် အပြီးတွင် ချေမှုန်းခံရမှုကြောင့် ဘော်ရှီဗစ်အဖွဲ့အစည်းများ အားလုံးက ကိုယ်စားလှယ်များမစေလွှတ်နိုင်ချေ။ ထို့အပြင် “လွတ်လပ်သည့်ရက်များ”အတွင်းက မင်ရှီဗစ်များသည် တော်လှန်သည့် မာ့က်စ်ဝါဒနှင့် ဘာမှမဆိုင်သည့် ဓနရှင်ပေါက်စ ပညာတတ်အများအပြားကို ပါတီတွင်းဝင်ခွင့်ပြုထားသည်။ အကြီးဆုံးပစ္စည်းမဲ့အဖွဲ့အစည်း စိန့်ပီတာစဘတ်အဖွဲ့အစည်းက ကွန်ဂရက်သို့ စေလွှတ်သည့် ကိုယ်စားလှယ်အရေအတွက်နှင့်အညီ တစ်ဖလစ်မင်ရှီဗစ်များ (တစ်ဖလစ်တွင် စက်မှုလုပ်သားအလွန်နည်းသည်) ကကိုယ်စားလှယ် စေလွှတ်ခဲ့သည်။ အကျိုးရရှိတာကတော့ စတော့ဟုန်းကွန်ဖရင့်တွင် မင်ရှီဗစ်များသည် တကယ်မှာတော့ အရေးမကြီးလှသော်လည်း အများစုဖြစ်နေပါသည်။

ကွန်ဂရက်၏ ဤကဲ့သို့ဖွဲ့စည်းမှုက ပြဿနာအတော်များများအပေါ် ဆုံးဖြတ်ချက်များ၏ မင်ရှီဗစ်လက္ခဏာကို ဆုံးဖြတ်ပေးလိုက်ပါသည်။

ဤကွန်ဂရက်တွင် ညီညွတ်ရေးကို **သဏ္ဍာန်အရသာ** ရရှိခဲ့ပါသည်။ တကယ်မှာ ဘော်ရှီဗစ်နှင့် မင်ရှီဗစ်များသည် ၎င်းတို့၏ အမြင်များကို ဆက်လက်ထိန်းသိမ်းထားပြီး၊ ၎င်းတို့၏ လွတ်လပ်သော ကိုယ်ပိုင်အဖွဲ့အစည်းများလည်း ဆက်ရှိနေပါသည်။

စတုတ္ထကွန်ဂရက်၌ ဆွေးနွေးသည့် အဓိကပြဿနာများမှာ မြေယာပြဿနာ၊ လက်ရှိအခြေအနေနှင့် ပစ္စည်းမဲ့များ၏ လုပ်တန်းစားတာဝန်များ၊ နိုင်ငံတော်ဒူးမားနှင့် ပတ်သက်သည့်ပေါ်လစီနှင့် စည်းရုံးရေးရာပြဿနာများ ဖြစ်သည်။

ဤကွန်ဂရက်၌ မင်ရှီဗစ်များသည် အများစုဖြစ်နေသော်လည်း အလုပ်သမားများနှင့် အတိုက်အခံ မဖြစ်စေရန်အတွက် လီနင်၏ ပါတီဝင်နှင့် ပတ်သက်သော ပါတီစည်းကမ်း ပထမပိုဒ်ဖော်ပြချက်ကို လိုက်လျောသဘောတူလိုက်ရပါသည်။

မြေယာပြဿနာပေါ်တွင်– လီနင်က မြေယာ**နိုင်ငံတော်ပိုင်** ပြုလုပ်ရေးကို တင်သွင်းသည်။ သူက မြေယာနိုင်ငံပိုင်ပြုလုပ်ရေးသည် ဇာဘုရင်စနစ်ကို ဖြုတ်ချပြီးနောက် တော်လှန်ရေး အောင်ပွဲခံမှ သာလျှင် ဖြစ်နိုင်သည်ဟုခံယူသည်။ ဤကဲ့သို့ သော အခြေအနေမျိုးအောက်မှာ မြေယာနိုင်ငံပိုင်ပြု လုပ်ခြင်းသည် ပစ္စည်းမဲ့များအဖို့ ဆင်းရဲလယ်သမားများကို မဟာမိတ်ပြုကာ ဆိုရှယ်လစ်တော် လှန်ရေး ကူးပြောင်းရန် ပိုမိုလွယ်ကူစေပါလိမ့်မည်။ မြေယာ နိုင်ငံပိုင်ပြုလုပ်ခြင်းဆိုသည်မှာ မြေယာပိုင် နက်အားလုံး လျော်ကြေးမပေးဘဲသိမ်းယူပြီး၊ လယ်သမားထုသို့ ပေးအပ်ရန်ဖြစ်ပါသည်။ ဘော်ရှီဗစ် တို့၏ မြေယာစီမံကိန်းလမ်းစဉ်က လယ်သမားများကို ဇာဘုရင်နှင့် မြေရှင်များကို ဆန့်ကျင်သည့် တော်လှန်ရေးထဲပါဝင်လာရန် လှုံ့ဆော်လိုက်သည်။

မင်ရှီဗစ်များက ကွဲပြားသည့် အနေအထားအဆင့်မှာ ရှိပါသည်။ သူတို့က မြူနီစပါယ်အဖွဲ့ဖြင့် အုပ်ချုပ်ခြင်း (municipalization) တင်ပြသည် ။ ၎င်းတို့လမ်းစဉ်အရဆိုလျှင် မြေယာ ပိုင်နက်များကို ကျေးလက်လူထုများက စီမံခန့်ခွဲနိုင်ခြင်းလည်းမရှိ၊ ကျေးလက်လူထု အသုံးပြုရန် တောင်ခွင့်မပြုဘဲ၊ မြူနီစပါယ်အဖွဲ့များ၏ (ကိုယ်ပိုင်အစိုးရ၏ ဒေသအဖွဲ့ သို့မဟုတ် ဇမ်စတော့ zemstovs) စီမံခန့်ခွဲမှု အောက်တွင်ထားရှိပြီး၊ လယ်သမားတိုင်းသည် မိမိတို့တတ်နိုင်သလောက်မြေကို ငှားရမ်းရန်ဖြစ်ပါ သည်။

မင်ရှီဗစ်များ၏ မြူနီစပါယ်အဖွဲ့ဖြင့် အုပ်ချုပ်ခြင်းလမ်းစဉ်သည် စေ့စပ်ဖြန်ဖြေရေးဖြစ်ပြီး၊ ထို့ ကြောင့် တော်လှန်ရေးအတွက် ထိခိုက်နစ်နာစေသည်။ ဤသည်က လယ်သမားများကို တော်လှန် ရေးတိုက်ပွဲဝင်ရန် မလှုံ့ဆော်နိုင်ဘဲ၊ မြေယာအပေါ် မြေရှင်များ၏ ပိုင်ဆိုင်ခွင့်ကို လုံးဝဖျက်သိမ်းရန်လည်း ရည်ရွယ်ခြင်းမရှိပါ။ မင်ရှီဗစ်၏ လမ်းစဉ်သည် တော်လှန်ရေးကို လမ်းတဝက်တွင်ရပ်ပစ်ရန်ဖြစ်သည်။ မင်ရှီဗစ်များက လယ်သမားများ တော်လှန်ထကြွလာမှာကို မလိုလားပါ။

မင်ရှီဗစ်လမ်းစဉ်သည် ကွန်ဂရက်တွင် မဲအများစု ရရှိလိုက်ပါသည်။

မင်ရှီဗစ်များသည် အထူးသဖြင့် လက်ရှိအခြေအနေနှင့် နိုင်ငံတော်ဒူးမားပြဿနာ အပေါ် ဆုံးဖြတ်ချက်ကိုဆွေးနွေးစဉ်၊ ၎င်းတို့၏ ပစ္စည်းမဲ့ဆန့်ကျင်သည့် အချောင်သမားလက္ခဏာကို ဖော်ထုတ်ပြသလိုက်သည်။ မင်ရှီဗစ်မာတီနော့ဗ် (Martynov) က တော်လှန်ရေးတွင် ပစ္စည်းမဲ့များ၏ ချုပ်ကိုင်မှု (hegemony) ကို ပွင့်ပွင့်လင်းလင်းပင် ဆန့်ကျင်ကန့်ကွက် ပြောဆိုသွားသည်။ ရဲဘော် စတာလင်က မင်ရှီဗစ်များကို တုံ့ပြန်ရင်း၊ ပြဿနာကို တိုတောင်းပြတ်သားစွာ…

"ပစ္စည်းမဲ့များကို ချုပ်ကိုင်မလား၊ သို့မဟုတ် ဒီမိုကရက်တစ်ခနေရှင်များကို ချုပ်ကိုင်မလား။ ဒါဟာ ပါတီတွင်းတည်ရှိနေတဲ့ပြဿနာ၊ ဒါဟာ ကျွန်တော်တို့ ကွဲပြားခြားနားတဲ့နေရာ"လို့ ပြောကြားလိုက်ပါသည်။

နိုင်ငံတော်ဒူးမားနှင့်ပတ်သက်ပြီး၊ မင်ရှီဗစ်များက ၎င်းတို့ဆုံးဖြတ်ချက်ထဲတွင် တော်လှန်ရေး၏ ပြဿနာများကို ဖြေရှင်းပြီး၊ ပြည်သူလူထုကို ဇာဘုရင်လက်အောက်မှ လွတ်မြောက်ရေးအတွက် အကောင်းဆုံးနည်းနာအဖြစ် ချီးကျူးထားသည်၊ ဆန့်ကျင်စွာပင် ဘော်ရှီဗစ်များက ဒူးမားကို ဇာဘုရင်စနစ်၏ အစွမ်းမရှိသည့် အစွယ်အပွားတရပ်အဖြစ်လည်းကောင်း၊ ဇာဘုရင်စနစ်၏ မကောင်းမှုများကိုကာကွယ်ထားသည့် ကန့်လန်ကာဖုံး အဖြစ်လည်းကောင်း သရော်ထားပြီး၊ အဆင်မပြေ အသုံးမကျ ဖြစ်လာတာနှင့် တပြိုင်နက် ဇာစနစ်က စွန့်ပစ်လိုက်မှာဖြစ်သည်။

စတုတ္ထကွန်ဂရက်တွင် ရွေးချယ်ခံရသည့်ဗဟိုကော်မတီတွင် ဘော်ရှီဗစ်သုံးဦးနှင့် မင်ရှီဗစ် ခြောက်ဦးပါဝင်ပါသည်။ ဗဟိုအာဘော် သတင်းစာ၏ အယ်ဒီတာဘုတ်အဖွဲ့တွင် လုံးဝပင် မင်ရှီဗစ်များနှင့် ဖွဲ့စည်းထားသည်။

ပါတီတွင်းတိုက်ပွဲ ဆက်လက်ဖြစ်ပေါ်ဦးမည်မှာ ရှင်းနေပေပြီ။

စတုတ္ထကွန်ဂရက်ပြီးနောက် ဘော်ရှီဗစ်နှင့်မင်ရှီဗစ်များအကြား ပဋိပက္ခများ အရှိန်သစ်နှင့် ပေါ်ထွက်လာသည်။ သဏ္ဌာန်အရ ညီညွတ်နေသည့် ဒေသအဖွဲ့အစည်းများတွင် ကွန်ဂရက်အစီရင်ခံစာများကို ဘော်ရှီဗစ်မှ တယောက်၊ မင်ရှီဗစ်မှ တယောက်ဆိုပြီး ပြောသူ ၂ ယောက်က တင်သွင်းပါသည်။ လမ်းစဉ်နှစ်ရပ် ဆွေးနွေးချက်အပေါ်ရရှိချက်မှာ နေရာအတော်များများတွင် အဖွဲ့အစည်းဝင်အများစုသည် ဘော်ရှီဗစ်များကို ထောက်ခံခဲ့သည်။

အဖြစ်အပျက်များက ဘော်ရှီဗစ်များ မှန်ကန်ကြောင်း သက်သေပြလိုက်သည်။ စတုတ္ထကွန်ဂရက်တွင် ရွေးကောက်ခံရသည့် မင်ရှီဗစ် ဗဟိုကော်မတီသည် ၎င်း၏အချောင်ဝါဒနှင့် လူထု၏ တော်လှန်ရေးတိုက်ပွဲကို ဦးဆောင်နိုင်စွမ်း လုံးဝမရှိမှုတို့ကို တိုးတက်ပြသလာပါသည်။ ၁၉ဝ၆ ခု၊ နွေနှင့် ဆောင်းဦးတွင် လူထု၏ တော်လှန်ရေးတိုက်ပွဲသည် အရှိန်အဟုန်သစ်ရ လာပါသည်။ ခရုန်းစတဒ်နှင့် ဆဗီးဘော့ဂ်တို့တွင် ရေတပ်သားများ၏ ပုန်ကန်မှုများ ပေါ်ပေါက်လာပြီး၊ မြေရှင်များကို ဆန့်ကျင် သည့် လယ်သမား တိုက်ပွဲများလည်း ပေါ်ထွက်လာသည်။ ဒါတောင် မင်ရှီဗစ် ဗဟိုကော်မတီက အချောင်သမား ကြွေးကြော်သံများ ထုတ်ပြန်ပေမယ့် လူထုက လိုက်နာခြင်းမပြုပါ။

## ၆။ ပထမ နိုင်ငံတော်ဒူးမား ဖျက်သိမ်းခြင်း။ ဒုတိယနိုင်ငံတော်ဒူးမား ခေါ်ယူကျင်းပခြင်း။ ပဉ္စမအကြိမ် ကွန်ဂရက်။ ဒုတိယနိုင်ငံတော်ဒူးမား ဖျက်သိမ်းခြင်း။ ပထမရုရှားတော်လှန်ရေးကြီး ရှုံးနိမ့်ရခြင်း၏ အကြောင်းအရင်းများ။

ပထမနိုင်ငံတော်ဒူးမားက လုံလောက်စွာ ထိန်းချုပ်နိုင်ခြင်း မပြုနိုင်တော့သည့်အခါ ၎င်းကို ၁၉ဝ၆ ခု နွေကာလတွင် ဇာဘုရင်အစိုးရက ဖျက်သိမ်းလိုက်ပါသည်။ အစိုးရသည် ပြည်သူလူထုကို ပို၍ ပြင်းထန်းစွာဖိနှိပ်လာပြီး၊ တပြည်လုံး အပြစ်ပေးအရေးယူသည့် လက်စားချေသည့် လှုပ်ရှားမှုများ တိုးချဲ့လုပ်ဆောင်ကာ ဒုတိယနိုင်ငံတော်ဒူးမားကို အချိန်တိုအတွင်း ခေါ်ယူကျင်းပရန် ဆုံးဖြတ်ချက်ကို ကြေ

ညာခဲ့သည်။ ဇာဘုရင် အစိုးရသည် အတိအလင်း ပို၍ပင် မထေမဲ့မြင် စော်ကားမော်ကား ပြုလုပ်လာသည်။ တော်လှန်ရေးဒီရေကျလာသည်ကို မြင်လာသည့်အတွက် တော်လှန်ရေးကို ကြောက်လန့်တုန်လှုပ်ခြင်း မရှိတော့ပါ။

ဘော်ရှီဗစ်များအနေနှင့် ဒုတိယဒူးမားကို ပူးပေါင်းမလား သို့မဟုတ် သပိတ်မှောက်မလားကို ဆုံးဖြတ်ရန် ဖြစ်လာပါသည်။ သပိတ်မှောက်သည်ဟုဆိုရာ၌ ဘော်ရှီဗစ်များက ဆိုလိုချင်သည်မှာ တက်ကြွသည့် သပိတ်မှောက်ခြင်းကို ဆိုလိုပြီး၊ ရွေးကောက်ပွဲတွင် မဲမထည့်ပဲ နေခြင်းမျှလောက်ကိုသာ ဆိုလိုရင်းမဟုတ်ပါ။ ဘော်ရှီဗစ်များက တက်ကြွသည့် သပိတ်မှောက်ခြင်းကို ဇာဘုရင်စနစ်က ပြည်သူလူထုကို တော်လှန်ရေးလမ်းကြောင်းမှ ဇာဘုရင်၏ "ဖွဲ့စည်းအုပ်ချုပ်ပုံ"လမ်းကြောင်းသို့ လှည့်ပြောင်းပေးရန်ကြိုးပမ်းမှုကို ပြည်သူလူထုအား သတိပေးသည့် တော်လှန်ရေးနည်းနာတခု အဖြစ်လည်းကောင်း၊ ဤကြိုးပမ်းမှုများကို အချည်းနှီးဖြစ်စေပြီး၊ ပြည်သူလူထု၏ တိုက်ခိုက်ရေးစွမ်း ရည် သစ်ကို စည်းရုံးရန် နည်းနာတခုအဖြစ်လည်းကောင်း သဘောထားပါသည်။

ဘူလီဂျင်ဒူးမားကို သပိတ်မှောက်သည့် အတွေ့အကြုံက သပိတ်မှောက်ခြင်းသည် "ထိုအချိန်က တခုတည်းသော မှန်ကန်သည့်နည်းနာဖြစ်ပြီး၊ လုံးဝတရားမျှတ အကျိုးအကြောင်းရှိကြောင်း အဖြစ်အပျက်များက ပြသလိုက်သည်။" **(လီနင်လက်ရွေးစင်ကျမ်း၊ အင်္ဂလိပ်ဘာသာ၊ မော်စကို၊ ၄၇–အတွဲ ၁၊ စာမျက်နှာ–၄၅၀)**

ဤသပိတ်မှောက်မှုသည် ပြည်သူလူထုကို ဇာဘုရင်၏ ဖွဲ့စည်းအုပ်ချုပ်ပုံစည်းမျဉ်းဥပဒေ လမ်းကြောင်း၏ အန္တရာယ်ကို သတိပေးခဲ့နိုင်ရုံမက ဒူးမားပေါ်ထွက်လာမှုကိုလည်း အချီးအနှီး ဖြစ်စေလိုက်သည့်အတွက် အောင်မြင်ပေသည်။ ဤသပိတ်မှောက်မှုသည် တော်လှန်ရေးဒီရေကျချိန်မှာ မဟုတ်ဘဲ ဒီရေတက်ချိန်မှာ လုပ်ဆောင်ခဲ့ပြီး၊ ထိုဒီရေ၏ ထောက်ခံမှုကိုလည်း ရရှိခဲ့သည့်အတွက် အောင်မြင်ခဲ့ပေသည်။ ဒူးမား ခေါ်ဆိုကျင်းပခြင်းကို တော်လှန်ရေးဒီရေမြင့်ကာလတွင်သာ ချေဖျက်နိုင်ပါသည်။

ဝှစ်တီ (Wittle) ဒူးမား သို့မဟုတ် ပထမဒူးမားကို သပိတ်မှောက်ခြင်းကို ဒီဇင်ဘာအုံကြွမှု ရှုံးနိမ့်ပြီးချိန်မှာ ပြုလုပ်ခဲ့ပြီး၊ ဇာဘုရင်က အောင်နိုင်သူဖြစ်နေသော အချိန်လည်းဖြစ်သည်။ ဆိုလိုသည်မှာ တော်လှန်ရေးဒီရေ စတင်ကျဆင်းနေပြီကို မြင်တွေ့လာနိုင်သည့် အကြောင်းအချက်များ ရှိလာသည့် အချိန်ဖြစ်သည်။

လီနင်က "သို့သော် ဤအောင်ပွဲ (ဇာဘုရင်၏ – အယ်ဒီတာ)ကို အပြတ်အသတ် အောင်ပွဲအဖြစ် ထိုအချိန်က သဘောထားရန်မှာ မည်သည့် အခြေခံအကြောင်းမျှ မရှိကြောင်း ပြောရန်တောင် မလိုပါ။ ၁၉၀၅ ခုနှစ် ဒီဇင်ဘာအုံကြွမှု၏ အကျိုးဆက်များအနေဖြင့် ၁၉၀၆ နွေတွင် အဆက်အစပ်မရှိသော တစိတ်တပိုင်း စစ်တပ်တွင်းပုန်ကန်မှုနှင့် သပိတ်များ တသီတတန်းကြီး ပေါ်ထွက်လာပါ သည်။ ဝှစ်တီဒူးမားကို သပိတ်မှောက်ရန်လှုံ့ဆော်ခြင်းသည် ဤအုံကြွမှုများကို ပေါင်းစည်းစုရုံးပြီး၊ အများသဘော လက္ခဏာဆောင်လာအောင်လုပ်ရန် ဖြစ်ပါသည်။ **(လီနင်ကျမ်းပေါင်းချုပ်၊ ရုရှား ဘာသာအတွဲ ၁၂၊ စာမျက်နှာ–၂၀)**

ဝှစ်တီဒူးမားကို သပိတ်မှောက်ခြင်းသည် ၎င်း၏ဂုဏ်သိက္ခာကို အတော်သင့်ထိခိုက်စေပြီး၊ လူတချို့၏ ယုံကြည်မှုကို အားနည်းစေနိုင်လိုက်သော်လည်း၊ ဒူးမားကျင်းပခြင်းကိုမူ မတားဆီးနိုင်ပါ၊ သပိတ်မှောက်ခြင်းက ဒူးမားကျင်းပခြင်းကို မတားဆီးနိုင်သည့် အကြောင်းမှာ နောက်ပိုင်း ပို၍ရှင်းလာ

သည်မှာ သပိတ်မှောက်ခြင်းကို တော်လှန်ရေးကျချိန်၊ ကျဆင်းချိန်မှာ ပြုလုပ်သောကြောင့် ဖြစ်ပါ သည်။ ထိုအကြောင်းကြောင့် ၁၉၀၆ ခုနှစ် ပထမဒူးမားကို သပိတ်မှောက်ခြင်းသည် မအောင်မမြင် ဖြစ်သွားရပါသည်။ ဤသည်နှင့်ပတ်သက်ပြီး လီနင်က သူ၏ကျော်ကြားလှသော စာတမ်း "ကွန်မြူ နစ်ဝါဒ လူပ်ရှားမှုအတွင်းရှိ "လက်ဝဲဂိုဏ်း" သူငယ်နာစာအုပ်တွင် ရေးခဲ့သည်မှာ –

"၁၉၀၅ ခုနှစ်တွင် ဘော်ရှီဗစ်တို့က 'ပါလီမန်'ကို သပိတ်မှောက်ခြင်းသည် တော်လှန်သော ပစ္စည်းမဲ့လူတန်းစားကို အဖိုးမဖြတ်နိုင်သော နိုင်ငံရေးအတွေ့အကြုံဖြင့် ကြွယ်ဝစေပြီး၊ ဥပဒေတွင်းကို ဥပဒေပဖြင့်လည်းကောင်း၊ ပါလီမန်ကို ပါလီမန်ပြင်ပတိုက်ပွဲသဏ္ဍာန်များနှင့်လည်းကောင်း ပေါင်းစပ်ပေးရာတွင် ပါလီမန်သဏ္ဍာန်များကို ငြင်းပယ်ရခြင်းမှာ တခါတရံအကျိုးရှိပြီး လိုလည်းလိုအပ်ကြောင်းကို ပြသလိုက်သည်။ ၁၉၀၆ ခုနှစ်တွင် ဘော်ရှီဗစ်များက "ဒူးမား"ကို သပိတ်မှောက်ခြင်းသည်သေးငယ်ပြီး၊ အလွယ်တကူ ကုစားနိုင်သောအရာတခုဖြစ်စေကာမူ အမှားတခုဖြစ်သည်။ တဦးတယောက် အတွက် အသုံးပြုနိုင်သောအရာများကို လိုအပ်သည့် ပြောင်းလဲပြင်ဆင်မှုများ ပြုလုပ်၍ နိုင်ငံရေးနှင့် ပါတီများအတွက် အသုံးပြုနိုင်သည်။ အမှားမကျူးလွန်ဖူးသူသည် ပညာရှိ မဟုတ်ဤကဲ့သို့သော လူမျိုးမရှိ၊ ရှိလည်း မရှိနိုင်၊ အလွန်ကြီးလေးသောအမှားကို မကျူးလွန်သူနှင့် ၎င်းတို့အားလွယ်ကူစွာနှင့် လျင်မြန်စွာ မည်သို့ပြင်ဆင်ရမည်ကို သိရှိသူသာ ပညာရှိဖြစ်ပေသည်။" **(လီနင်လက်ရွေးစင်ကျမ်း၊ အတွဲ(၂) စာမျက်နှာ–၅၂၈)**

ဒုတိယနိုင်ငံတော် ဒူးမားနှင့် ပတ်သက်ပြီး၊ လီနင်က ပြောင်းလဲသွားသော အခြေအနေနှင့် တော်လှန်ရေးကျဆင်းသွားမှုကြောင့် ဘော်ရှီဗစ်များသည် နိုင်ငံတော်ဒူးမားကို သပိတ်မှောက်ရေးကိစ္စကို ပြန်လည်စဉ်းစားရမည်ဟု ယူဆသည်။ **(အထက်ပါအတွဲ ၁၊ စာမျက်နှာ–၄၅၀)**

လီနင်က "သမိုင်းက ပြသခဲ့သည်မှာ လွှတ်တော်စုရုံးစည်းဝေးသည့်အခါ အသုံးဝင်သည့် လှုံ့ဆော်မှုများကို ဆက်လက်ဖော်ဆောင် လုပ်ကိုင်နိုင်သည့် အခွင့်အရေးများ၊ ဒူးမားလွှတ်တော် တွင်းမှရော ၎င်းနှင့်ဆက်စပ်ပြီး အပြင်မှာရော ဖွဲ့စည်းအုပ်ချုပ်ပုံ ဒီမိုကရက်များကို ဆန့်ကျင်ရာတွင် တော်လှန်သည့် လယ်သမားများနှင့် ပူးပေါင်းသည့် နည်းနာများကို လွှတ်တော်တွင်းမှာ အသုံးချနိုင်ကြောင်းဖြစ်ပါသည်။ **(အထက်ပါစာမျက်နှာ–၄၅၃)**

အားလုံးကပြသလိုက်သည်မှာ တစုံတယောက်သည် တော်လှန်ရေးတက်နေချိန်တွင် မည်ကဲ့သို့ ခိုင်မာကြံ့ခိုင်စွာ ရှေ့ဆက်ရမည်။ ရှေ့တန်းမှ မည်ကဲ့သို့ ပါဝင်ရမည်ကို သိရမည်သာမက တော်လှန်ရေးဆက်မတက်နေသည့်အချိန်တွင် အစီအစဉ်ရှိစွာ မည်ကဲ့သို့နောက်ဆုတ်ရမည်။ နောက်ဆုံးမှ ဆုတ်ခွာရမည်၊ ပြောင်းလဲသွားသည့် အခြေအနေနှင့်အညီ နည်းနားများကို ပြောင်းလဲပြီး၊ ဖရိုဖရဲဆုတ်ခွာခြင်းမဟုတ်ဘဲ စည်းရုံးမှုရှိစွာ၊ တည်ငြိမ်စွာနှင့် ကြောက်လန့်တကြား မရှိဘဲ ဆုတ်ခွာ ရမည်။ အလွန်သေးငယ်သည့် အခွင့်အရေးကလေးများကို အသုံးချပြီး၊ ရန်သူမီးအားအောက်မှ ကေဒါများကို နောက်ဆုတ်ခိုင်းရမည်၊ မိမိအင်အားများကို ပြန်လည် စုစည်းတည်ဆောက်ပြီး ရန်သူအတွက် ထိုးစစ်အသစ်ကို ပြင်ဆင်ရန်လည်း သိနားလည်ရမည် ဖြစ်ပေသည်။

ဘော်ရှီဗစ်များက ဒုတိယဒူးမားအတွက် ရွေးကောက်ပွဲများတွင် ဝင်ရောက်ပါဝင်ရန် ဆုံးဖြတ်လိုက်ကြပါသည်။ သို့သော်လည်း ဘော်ရှီဗစ်များ ဒူးမားသို့ဝင်ရောက်ခဲ့သည့် ရည်ရွယ်ချက်မှာ မင်ရှီဗစ်များကဲ့သို့ ဖွဲ့စည်းအုပ်ချုပ်ပုံ ဒီမိုကရက်များနှင့် ပူးပေါင်းပြီး၊ လွှတ်တော်တွင်း ပေါ်ပေါက်လာ မည့်

“ဥပဒေပြု”လုပ်ငန်းလုပ်ဆောင်ရန် မဟုတ်ဘဲ တော်လှန်ရေး အကျိုးစီးပွားအတွက် စင်မြင့် တရပ်အဖြစ် အသုံးချရန် ရည်ရွယ်ပေသည်။

ဆန့်ကျင်စွာပင် မင်ရှီဗစ်ဗဟိုကော်မတီက ရွေးကောက်ပွဲသဘောတူညီချက်များကို ဖွဲ့စည်းအုပ်ချုပ်ပုံဒီမိုကရက်များနှင့် ပူးပေါင်းဖွဲ့စည်းရန် တိုက်တွန်းပြီး၊ ဒူးမားအတွင်းတွင် ဖွဲ့စည်းအုပ်ချုပ်ပုံဒီမိုကရက်များကို ထောက်ခံရန်လည်း ပြောကြားကြသည်။ ၎င်းတို့၏အမြင်တွင် ဒူးမားသည် ဇာဘုရင်အစိုးရကို ဇက်ကြိုးချုပ်ထိန်းနိုင်သည့် ဥပဒေပြုအဆောက်အအုံတရပ် ဖြစ်နေပါသည်။

ပါတီအဖွဲ့စည်းအများစုက မင်ရှီဗစ်ဗဟိုကော်မတီ၏ ပေါ်လစီကို ဆန့်ကျင်ကြောင်း ဖော်ပြလာကြသည်။

ဘော်ရှီဗစ်များက ပါတီကွန်ဂရက်အသစ် ခေါ်ယူရန် တောင်းဆိုလိုက်သည်။

၁၉၀၇ မေလတွင် ပဉ္စမအကြိမ် ကွန်ဂရက်ကို လန်ဒန်တွင် ကျင်းပခဲ့သည်။ ဤကွန်ဂရက်ကာလတွင် **R.S.D.L.P.** သည် (အမျိုးသားဆိုရှယ်ဒီမိုကရက် အဖွဲ့အစည်းများအပါ) ပါတီဝင်ပေါင်း ၁၅၀,၀၀၀ နီးပါးရှိနေပါသည်။ အားလုံးတွင် ကွန်ဂရက်သို့ ကိုယ်စားလှယ် ၃၃၆ ဦး တက်ရောက်ပြီး၊ ၎င်းတို့ထဲတွင် ၁၀၅ ဦးမှာ ဘော်ရှီဗစ်ဖြစ်ပြီး၊ ၉၇ ဦးမှာ မင်ရှီဗစ်များဖြစ်သည်။ ကျန်ကိုယ်စား လှယ်များမှာ အမျိုးသားဆိုရှယ်ဒီမိုကရက် အဖွဲ့အစည်းများဖြစ်သည့် ပိုလန်နှင့် လက်တစ် ဆိုရှယ် ဒီမိုကရက်များနှင့် ဘန်းတို့၏ ကိုယ်စားလှယ်များဖြစ်ပြီး၊ ၎င်းတို့ကို ယခင်ကွန်ဂရက်၌ **R.S.D.L.P.** တွင်းသို့ ဝင်ခွင့်ပေးခဲ့ခြင်းဖြစ်သည်။

ကွန်ဂရက်တွင် ထရော့စကီက အုပ်စုတရပ်မှ အလယ်အလတ်ဝါဒီများက မင်ရှီဗစ်တပိုင်းဂိုဏ်းစုရန် ကပျာကယာ ကြိုးစားခဲ့သေးသော်လည်း လိုက်ပါသူများမရှိခဲ့ပါ။ ဘော်ရှီဗစ်များကို ပိုလန်နှင့် လက်တစ်တို့က ထောက်ခံခဲ့သည့်အတွက် ကွန်ဂရက်၌ခိုင်မာသည့် အများစုကို ရရှိလာပါသည်။

ကွန်ဂရက်၌ အဓိကဆွေးနွေးဆုံးဖြတ်ရမည့် ပြဿနာတရပ်မှာ ဓနရှင်ပါတီများနှင့် ပတ်သက်သည့် ပေါ်လစီများဖြစ်ပါသည်။ ဒုတိယအကြိမ်ကွန်ဂရက်ကတည်းက ဤပြဿနာအပေါ် ဘော်ရှီဗစ်နှင့် မင်ရှီဗစ်များ တိုက်ပွဲရှိခဲ့ပြီးဖြစ်သည်။ ပဉ္စမကွန်ဂရက်က ပစ္စည်းမဲ့မဟုတ်သည့် ပါတီ များဖြစ်သည့် ဘလက်စ်ဟန်ဒရက်များ၊ အောက်တိုဘာဝါဒီများ (အောက်တိုဘာ ၁၇ ရက် သမဂ္ဂ) ဖွဲ့စည်းအုပ်ချုပ်ပုံဒီမိုကရက်များနှင့် ဆိုရှယ်လစ်တော်လှန်ရေးသမားများတို့အပေါ် ဘော်ရှီဗစ်၏ အကဲဖြတ်ချက်ကို ပေးခဲ့ပြီး၊ ဤပါတီနှင့် ပတ်သက်ပြီး ဘော်ရှီဗစ်များ လိုက်နာရမည့် နည်းနာများ ကိုလည်း ဖော်ပြခဲ့ပါသည်။

ကွန်ဂရက်က ဘော်ရှီဗစ်၏ ပေါ်လစီကို အတည်ပြုလက်ခံလိုက်ပြီး၊ ဘလက်စ်ဟန်ဒရက်ပါတီများဖြစ်သည့် ရုရှားလူမျိုးများအဖွဲ့ချုပ်၊ ဘုရင်ဝါဒီများ၊ ညီညွတ်သော မှူးမျိုးမတ်ရာများ၏ ကောင်စီနှင့် အောက်တိုဘာဝါဒီများဖြစ်သော ကုန်သွယ်ရေးနှင့် စက်မှုလက်မှုပါတီနှင့် ငြိမ်းချမ်းစွာ အသစ်မွမ်းမံခြင်းပါတီတို့ နှစ်ခုစလုံးကို မလျော့စတမ်း တိုက်ပွဲဝင်ရန် ဆုံးဖြတ်ခဲ့သည်။ ဤပါတီ အားလုံးသည် တန်ပြန်တော်လှန်ရေးပါတီများအဖြစ် ပြောင်ထင်ပေါ်နေသည်။

လစ်ဘရယ်ဓနရှင် ဖွဲ့စည်းအုပ်ချုပ်ပုံဒီမိုကရက်များနှင့် ပတ်သက်၍မူ ကွန်ဂရက်က အလျော့ပေးစေ့စပ်ခြင်း မပြုသည့် ဖော်ထုတ်ဖွင့်ချရေးပေါ်လစီ ကျင့်သုံးရန် လက်ခံလိုက်သည်။ ဖွဲ့စည်းအုပ်ချုပ်

ပုံဒီမိုကရက်ပါတီ၏ အတုအယောင်အလိမ်အညာ ဒီမိုကရေစီကို ဖော်ထုတ်ဖွင့်ချရမှာဖြစ်ပြီး လစ်ဘရယ်ဓနရှင်များ၏ လယ်သမားလှုပ်ရှားမှုအပေါ် ချုပ်ထိန်းနိုင်ရန် ကြိုးစားလာမှုကို တိုက်ခိုက်ချေမှုန်းရမည်။

*နရောဒ်နစ် သို့မဟုတ် ထရူးထိုဗစ်ပါတီဟု ခေါ်ဆိုကြသည် (ပေါ်ပြူလာဆိုရှယ်လစ်များ၊ ထရူးထိုဗစ်အုပ်စုနှင့် ဆိုရှယ်လစ်တော်လှန်ရေးသမားများ) နှင့်ပက်သက်၍မူ ကွန်ဂရက်က ၎င်းတို့ ဆိုရှယ်လစ် မျက်နှာဖုံး တပ်ဆင်နိုင်ရေး ကြိုးပမ်းချက်များကို ဖွင့်ချရမည်ဟုခံယူသည်။ တချိန်တည်းမှာ ကွန်ဂရက်က ဤပါတီများနှင့် ပူးတွဲပြီး ဇာဘုရင်စနစ်နှင့် ဖွဲ့စည်းအုပ်ချုပ်ပုံ ဒီမိုကရက်များကို တိုက်ပွဲဆင်ရန် မကြာခဏ သဘောတူညီချက်များ ရယူနိုင်သည်ဟု လည်းမြင်သည်။ ထိုအချိန်က ဤပါတီများသည် ဒီမိုကရေစီပါတီများ ဖြစ်နေကြပြီး၊ မြို့နှင့် ကျေးလက်ရှိ ဓနရှင်ပေါက်စများ၏ အကျိုးကျေးဇူးကို ထုတ်ဖော်ပြသနေသောကြောင့် ဖြစ်သည်။

ဤ ကွန်ဂရက်မတိုင်ခင်မှာတောင် မင်ရှီဗစ်များက "လုပ်သားကွန်ဂရက်"ဆိုသည်ကို ခေါ်ဆိုရန် တင်ပြခဲ့သည်။ မင်ရှီဗစ်များ၏ အကြံမှာ ဆိုရှယ်ဒီမိုကရက်များ၊ ဆိုရှယ်လစ်တော်လှန်ရေးသမားများနှင့် မင်းမဲ့ဝါဒီများအားလုံး ကိုယ်စားလှယ်လွှတ် တက်ရောက်သည့် ကွန်ဂရက်ခေါ်ယူရန် ဖြစ်ပါသည်။ ဤ "လုပ်သားကွန်ဂရက်"မှာ လမ်းစဉ်မပါသည့် "ပါတီဝင်မဟုတ်သည့် ပါတီ (non-partism party)" သို့မဟုတ် "ကျယ်ပြန့်သည့်"ဓနရှင်ပေါက်စ အလုပ်သမားပါတီဆိုသည့် သဏ္ဍာန်တမျိုးမျိုးနှင့် တည်ထောင်ရန်ဖြစ်သည်။ လီနင်က ဤသည်မှာ ဆိုရှယ်ဒီမိုကရေစီ အလုပ်သမားပါတီ ကို ဖျက်သိမ်းရန်နှင့် အလုပ်သမားလူတန်းစား၏တပ်ဦးကို ဓနရှင်ပေါက်စလူထုအကြား ချေမှုန်းလိုက်ရန် မင်ရှီဗစ်များအနေနှင့် အန္တရာယ်ကြီးလှသော ကြိုးပမ်းချက်တရပ်အဖြစ် ဖော်ထုတ်ဖွင့်ချ လိုက်သည်။ ကွန်ဂရက်က မင်ရှီဗစ်များ၏ "လုပ်သားကွန်ဂရက်" ခေါ်ရေးကို ပြင်းထန်စွာ ဝေဖန်ရှုတ်ချလိုက်သည်။

ကွန်ဂရက်၌ အလုပ်သမားသမဂ္ဂပြဿနာနှင့် ပတ်သက်ပြီး အထူးအလေးထား ဆွေးနွေးကြသည်။ မင်ရှီဗစ်များက အလုပ်သမားသမဂ္ဂများ"ကြားနေရေး"ကို ထောက်ခံအားပေးသည်။ ဆိုလိုသည်မှာ ၎င်းတို့ထဲတွင် ပါတီက ခေါင်းဆောင်မှုအခန်းက ပါဝင်နေမှုကို ဆန့်ကျင်နေခြင်းပင်ဖြစ်သည်။ ကွန်ဂရက်က မင်ရှီဗစ်တို့၏ အဆိုကိုပယ်ချလိုက်ပြီး၊ ဘော်ရှီဗစ်များတင်သွင်းသည့် ဆုံးဖြတ်ချက်ကို လက်ခံလိုက်သည်။ ဤဆုံးဖြတ်ချက်က ပါတီသည် အလုပ်သမားသမဂ္ဂများတွင် အတွေးအခေါ်ရေးနှင့် နိုင်ငံရေးအရ ခေါင်းဆောင်မှုရအောင်ယူရမည်ဟု ဖော်ပြထားသည်။

ပဉ္စမအကြိမ်မြောက်ကွန်ဂရက်သည် အလုပ်သမားလူတန်းစားလှုပ်ရှားမှုအတွင်း ဘော်ရှီဗစ်များအတွက် ကြီးမားသည့် အောင်ပွဲဖြစ်သည်။ သို့သော်လည်း ဘော်ရှီဗစ်များ ဘဝင်မြင့်သွားခြင်းသော်လည်းကောင်း၊ အောင်ပွဲအပေါ် ယစ်မူးခြင်းသော်လည်းကောင်း မရှိခဲ့ပါ။ လီနင်က သူတို့အားသင်ကြားခဲ့သည်မှာ ဤလိုမဟုတ်ချေ။ ဘော်ရှီဗစ်များက မင်ရှီဗစ်များနှင့် ပိုမိုတိုက်ခိုက်ရဦးမည်ကို သိနေခဲ့ပါသည်။

---

*****_၁၉၀၆ ခုနှစ်က တည်ထောင်ခဲ့သည်။ ဓနရှင်ပေါက်စ အဖွဲ့ဖြစ်ပြီး ဆိုရှယ်လစ်တော်လှန်ရေးသမား ပညာတတ်များခေါင်းဆောင်ပြီး ပထမနိုင်ငံတော် ဒူးမားမှ လယ်သမားကိုယ်စားလှယ်တချို့ ပါဝင်သည်။_

၁၉၀၇ ခုနှစ်က ထုတ်ဝေသည့် “ကိုယ်စားလှယ်တစ်ဦး၏မှတ်စုများ” ဟုခေါင်းစဉ်တပ်ထား သည့် ဆောင်းပါးတွင် ရဲဘော်စတာလင်က ကွန်ဂရက်၏ အကျိုးကျေးဇူးများကို အောက်ပါအတိုင်း အကဲဖြတ်ခဲ့ပါသည်။

“ရုရှားတပြည်လုံးရှိ ရှေ့တန်းရောက်သည့် အလုပ်သမားများကို တော်လှန်သည့် ဆိုရှယ်ဒီမို ကရေစီဟူသည့် အလံတော်အောက်တွင် တခုတည်းသော ရုရှားတပြည်လုံး၏ ပါတီတရပ်အဖြစ် အစစ်အမှန် စည်းရုံးညီညွတ်နိုင်စေမှု၊ ဤသည်မှာ လန်ဒန်ကွန်ဂရက် ထူးခြားလေးနက်ချက်။ ၎င်း၏ ယေဘုယျလက္ခဏာ ဖြစ်သည်။”

ထိုဆောင်းပါးတွင် ရဲဘော်စတာလင်က ကွန်ဂရက်၏ ဖွဲ့စည်းပုံအနေအထားကို ပြသသည့် စာရင်းဇယားများကို ဖော်ပြထားသည်။ ထိုဇယားများအရ ဘော်ရှီဗစ်ကိုယ်စားလှယ်များမှာ အဓိ ကအားဖြင့် စက်မှုလက်မှုဌာနကြီးများ (စိန့်ပီတာစဘတ်၊ မော်စကို၊ ယူရဲလ်၊ အိုင်ဗင်နိုင်ဗို– ဗော့စနင်စစ် စသဖြင့်) မှဖြစ်ပြီး၊ မင်ရှီဗစ်များကတော့ ၎င်းတို့ကိုယ်စားလှယ်မှာ ထုတ်လုပ်မှုကလေးများ၊ လက်မှုပညာ သည်များ၊ ပစ္စည်းမဲ့တပိုင်းများ လွှမ်းမိုးသည့်ခရိုင်များမှ ဖြစ်ပြီး၊ ကျေးလက် ဒေသ သက်သက်များမှ လည်းပါသည်။

ကွန်ဂရက်၏ရရှိချက်များကို နိဂုံးချုပ်ရင်း ရဲဘော်စတာလင်က “ဘော်ရှီဗစ်များ၏ နည်း ပရိယာယ် များသည် စက်မှုလက်မှုဒေသကြီးများမှ ပစ္စည်းမဲ့များ၏ နည်းပရိယာယ်၊ လူတန်းစား ပဋိပက္ခ အထူး ရှင်းလင်းပြီး၊ လူတန်းစားတိုက်ပွဲ အထူးသည်းသန် ပြင်းထန်သည့်ဒေသများမှ နည်းပရိ ယာယ်များ ဖြစ်နေသည်မှာ ရှင်းနေပါသည်။ ဘော်ရှီဗစ်ဝါဒသည် စစ်မှန်သည့် ပစ္စည်းမဲ့များ၏ နည်းနာ ဖြစ်သည်။ တဖက်တွင်လည်း မင်ရှီဗစ်များ၏ နည်းပရိယာယ်များမှာ–

အဓိကအားဖြင့် လက်မှုပညာသည်လုပ်သားများနှင့် ပစ္စည်းမဲ့တပိုင်း လယ်သမားများ၏ နည်းနာများ၊ လူတန်းစားပဋိပက္ခသိပ်မရှင်းဘဲ၊ လူတန်းစားတိုက်ပွဲ ဖုံးကွယ်နေသည့်ဒေသများမှ နည်းပရိယာယ်များ ဖြစ်နေပါသည်။ မင်ရှီဗစ်ဝါဒသည် ပစ္စည်းမဲ့များအကြား ဓနရှင်တပိုင်း အစိတ်အပိုင်းများ၏ နည်းပရိယာယ်များဖြစ်သည်။ ကိန်းဂဏန်းများက ဤကဲ့သို့ပြောပေသည်။”

**(R.S.D.L.P ၏ ပဉ္စမအကြိမ် ကွန်ဂရက်၏ အပြည့်အစုံ အစီရင်ခံစာ၊ ရုရှားဘာသာ ၁၉၃၅–စာမျက်နှာ ၁၁–၁၂)**

ဇာဘုရင်က ပထမဒူးမားကို ဖျက်သိမ်းချိန်၌ ဒုတိယဒူးမားသည် ပို၍နာခံလိမ့်မည်ဟု သူက မျှော် လင့်ခဲ့သည်။ သို့သော် ဒုတိယဒူးမားသည်လည်း သူ၏မျှော်လင့်ချက်များကို ပျက်စေခဲ့သည်။ ထို့ကြောင့် ဇာဘုရင်သည် ဒုတိယဒူးမားကိုလည်း ဖျက်သိမ်းရန်ဆုံးဖြတ်လိုက်ပြီး၊ တတိယ ဒူးမားကို ပိုမိုနာခံ လွယ်လိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် ပို၍တင်းကျပ်သော မဲဆန္ဒပေးနိုင်ခွင့်များဖြင့် ခေါ်ဆိုရန် ဆုံးဖြတ် လိုက်သည်။

ပဉ္စမအကြိမ်ကွန်ဂရက်အပြီး မကြာမီမှာပင် ဇာဘုရင်အစိုးရသည် ဇွန်လ ၃ ရက်နေ့၌ အာဏာ သိမ်းပွဲဆိုသည်ကို ပြုလုပ်ခဲ့သည်။ ၁၉၀၇ ခုနှစ် ဇွန်လ ၃ရက်နေ့၌ ဇာဘုရင်သည် ဒုတိယနိုင်ငံတော် ဒူးမားကို ဖျက်သိမ်းလိုက်သည်။ ဆိုရှယ်ဒီမိုကရက်အုပ်စုမှ ဒူးမားကိုယ်စားလှယ် ၆၅ ယောက်ကို ဖမ်းဆီးပြီး၊ ဆိုက်ဘေးရီးယားသို့ နယ်နှင်လိုက်သည်။ ရွေးကောက်ပွဲဥပဒေသစ်ကို ထုတ်ပြန်ကြေညာ သည်။ အလုပ်သမားနှင့် လယ်သမားများ၏ အခွင့်အရေး ပိုမိုဖြတ်တောက်ခြင်း ခံနေရပေသည်။ ဇာ ဘုရင်အစိုးရသည် ၎င်း၏ထိုးစစ်ကို ဆက်လက်လုပ်ဆောင်နေသည်။

ဇာဘုရင့်ဝန်ကြီး စတိုလီပင် **(Stolypin)** က အလုပ်သမား၊ လယ်သမားများအား သွေးချောင်းစီးသည့် လက်စားချေမှုန်းစစ်ဆင်ရေးကြီးကို တိုးမြှင့်လုပ်ဆောင်နေသည်။ ထောင်နဲ့ချီသော အလုပ်သမား၊ လယ်သမားကို အပြစ်ဒဏ်စီရင်သည့် အဖွဲ့များက ပစ်သတ်ခြင်းသော်လည်းကောင်း၊ ကြိုးပေးခြင်းသော်လည်းကောင်း လုပ်ခဲ့ကြသည်။ ဇာဘုရင်၏ အကျဉ်းထောင်များ အတွင်းတွင် တော်လှန်ရေးသမားများသည် စိတ်ဓာတ်ရေးအရရော၊ ရုပ်ဘဝအရရော ညှဉ်းပန်းနှိပ်စက်ခြင်းခံရ သည်။ အထူးသဖြင့် ရက်စက်ပြင်းထန်မှုမှာ အလုပ်သမားလူတန်းစားအဖွဲ့အစည်းများ အထူးသဖြင့် ဘော်ရှီဗစ်များအပေါ် ဖြစ်သည်။ ဇာဘုရင် စုံထောက်များက ဖင်လန်တွင် ပုန်းအောင်းနေထိုင်သည့် လီနင်ကို မဲရှာနေကြသည်။ သူတို့က တော်လှန်ရေး၏ ခေါင်းဆောင်အပေါ် လက်စားချေချင်နေကြ သည်။ ၁၉၀၇ ခု၊ ဒီဇင်ဘာတွင် လီနင်သည် အကြီးအကျယ် စွန့်စားပြီး နိုင်ငံခြားသို့ထွက်ကာ ပြည်နှင်ဒဏ်ခရီး စ , ရပြန်ပါသည်။

စတိုလီပင် ဖောက်ပြန်ရေး၏ အမှောင်ကာလ ဝင်ရောက်လာခဲ့ပေပြီ။

ပထမရုရှားတော်လှန်ရေးသည် ဤကဲသို့ဖြင့် အရှုံးနဲ့ အဆုံးသတ်သွားပေပြီ။

ဤသို့ဆုံးရှုံးမှုကို ဖြစ်ပေါ်စေခဲ့သည့် အကြောင်းရင်းများမှာ–

**၁။** တော်လှန်ရေးတွင် ဇာဘုရင်စနစ်ကိုဆန့်ကျင်သည့် အလုပ်သမားနှင့် လယ်သမားအကြား တည်ငြိမ်သည့် မဟာမိတ်ဖွဲ့မှု မရှိသေးပါ။ လယ်သမားများသည် မြေရှင်များဆန့်ကျင်သည့် တိုက်ပွဲတွင် ထကြွပုန်ကန်လာပြီး၊ ၎င်းတို့ကိုဆန့်ကျင်ရန်အတွက် အလုပ်သမားများနှင့် မဟာမိတ်ဖွဲ့ရန် လိုလားနေကြပါသည်။ သို့သော် သူတို့သည် ဇာဘုရင်စနစ် မပျက်စီးစေဘဲ မြေရှင်များကို မဖြို ဖျက်နိုင်ဘူးဆိုတာ သိနားလည်ခြင်းမရှိပါ။ သူတို့သည် ဇာဘုရင်ဟာ မြေရှင်များနှင့် တကြိတ်တည်း တဥာဏ်တည်းဆိုတာ သိနားလည်ခြင်းမရှိဘဲ လယ်သမားအများအပြားသည် ဇာဘုရင်အပေါ် သစ္စာစောင့်သိမြဲစောင့်သိနေပြီး၊ ၎င်းတို့၏ မျှော်လင့်ချက်များကို ဇာဘုရင်၏ နိုင်ငံတော်ဒူးမားအပေါ် ပုံထားပေသည်။ ဤသည်ကြောင့် လယ်သမားတစိတ်တပိုင်းသည် ဇာဘုရင်စနစ်ကို ဖြိုဖျက်ရန် အလုပ်သမားများနှင့် မဟာမိတ်ဖွဲ့ရန် ပျက်ကွက်ခဲ့သည်။ လယ်သမားများသည် စစ်မှန်သည့် တော် လှန်ရေးသမားများ ဘော်ရှီဗစ်များထက် စေ့စပ်ပြေငြိမ်းလိုသည့် ဆိုရှယ်လစ်တော်လှန်ရေးသမားများ အပေါ်ပိုယုံကြည်ခဲ့သည်။ အကျိုးအားဖြင့် မြေရှင်ဆန့်ကျင်ရေး လယ်သမားတိုက်ပွဲသည် လုံလောက် သော စုစည်းစည်းရုံးမှုမရှိခဲ့ပါ။ လီနင်က–

"လယ်သမားများ၏ ပြုမူဆောင်ရွက်မှုများသည် သိပ်ကဲ့လွန်းသည်၊ သိပ်ဖရိုဖရဲဖြစ်လွန်း သည်။ လုံလောက်သည့် ထက်မြက်တက်ကြွမှုလည်းမရှိ။ ဤသည်မှာ တော်လှန်ရေးရှုံးနိမ့်မှု၏ အခြေ ခံ အကြောင်းရင်းတချက်ဖြစ်သည်။"**(လီနင်ကျမ်း ပေါင်းစုံ၊ ရုရှားဘာသာအတွဲ ၁၅၊ စာမျက်နှာ–၃၅၄)**

**၂။** ဇာဘုရင်ဖြုတ်ချရေးအတွက် အလုပ်သမားများနှင့် ပူးပေါင်းရန် လယ်သမားအစိတ်အပိုင်း အများအပြား ပျက်ကွက်မှုသည် စစ်သားယူနစ်ဖောင်းဝတ်ဆင်ထားသည့် လယ်သမားသား အများအပြားဖြစ်သည့် တပ်သားများအပေါ် စစ်တပ်၏ လုပ်ဟန်ကိုလည်း ဩဇာသက်ရောက်ခဲ့သည်။ ဇာဘုရင်တပ်တွင်း မငြိမ်သက်မှုနှင့် တော်လှန်ပုန်ကန်မှုများ တချို့ယူနစ်များတွင် ဖြစ်ပေါ်ခဲ့သော်လည်း၊ စစ်သားအများစုမှာ အလုပ်သမားများ၏ သပိတ်များနှင့် အုံကြွမှုများကို ဖိနှိပ်ရာတွင် ဇာဘုရင်ကို ကူညီ လုပ်ဆောင်မြဲ လုပ်ဆောင်လျက်ရှိသည်။

**၃။** အလုပ်သမားများ၏ ဆောင်ရွက်ချက်များသည်လည်း လုံလောက်သော ညီညွတ်စည်းဝါး ကိုက်မှုမရှိပါ။ ၁၉၀၅ ခုနှစ်၏ ရဲစွမ်းသတ္တိရှိလှသည့် တော်လှန်ရေးကို အလုပ်သမားလူတန်းစား၏ ရှေ့တန်းရောက်သည့် အစိတ်အပိုင်းက စတင်ခဲ့သည်။ စက်မှုလက်မှုလုပ်ငန်း သိပ်မထွန်းကားသည့် ပြည်နယ်များနှင့် ကျေးရွာများတွင်နေထိုင်ကြသော ပိုမိုနောက်ကျသည့် အစိတ်အပိုင်းက ပိုမို နှေးကွေး စွာ လှုပ်ရှားလာကြပါသည်။ ၎င်းတို့၏ တော်လှန်ရေးတိုက်ပွဲတွင်း ဝင်ရောက်ပါဝင်လာမှုမှာ ၁၉၀၆ ခုနှစ်မှာ အထူးသဖြင့် တက်ကြွလာသော်လည်း ထိုအချိန်တွင် အလုပ်သမားလူတန်းစား၏ တပ်ဦးမှာ အတော်ပင် အင်အားချည့်နဲ့ သွားပြီဖြစ်သည်။

**၄။** အလုပ်သမားလူတန်းစားသည် တော်လှန်ရေး၏ ရှေ့တန်းအရောက်ဆုံးနှင့် အဓိကကျသော အင်အားစုဖြစ်သော်လည်း အလုပ်သမားလူတန်းစား၏ ပါတီတွင်းလိုအပ်သည့် ညီညွတ်ရေးနှင့် သွေးစည်းခိုင်မာမှု ချို့တဲ့နေပါသည်။ အလုပ်သမားလူတန်းစား၏ပါတီ R.S.D.L.P သည် ဘော်ရှီဗစ်နှင့် မင်ရှီဗစ်ဟူ၍ ၂ ပိုင်း ကွဲနေပါသည်။ ဘော်ရှီဗစ်များက ညီညွတ်ခိုင်မာသည့် တော်လှန်ရေး လမ်းစဉ် အတိုင်း အလုပ်သမားများကို ဇာဘုရင်စနစ်ဖြိုချရန် လှုံ့ဆော်စည်းရုံးသည်။ မင်ရှီဗစ်များက ၎င်းတို့၏ စေ့စပ်ရေး နည်းလမ်းများဖြင့် တော်လှန်ရေးကို အနှောင့်အယှက်ပြုကာ အလုပ်သမား အများအပြား ၏ အတွေးအခေါ်ကိုရှုပ်ထွေးစေပြီး၊ အလုပ်သမားလူတန်းစားကို ကွဲပြဲစေသည်။ ထိုကြောင့် အလုပ် သမားများသည် တော်လှန်ရေးအတွင်း အမြဲစည်းဝါးကိုက်လှုပ်ရှားခြင်းမပြုနိုင်ဘဲ၊ မိမိတို့အတွင်းမှာ တောင် စည်းလုံးညီညွတ်ခြင်း မပြုနိုင်သည့်အတွက် အလုပ်သမားလူတန်းစားသည် တော်လှန်ရေး၏ စစ်မှန်သည့် ခေါင်းဆောင်ဖြစ်မလာနိုင်ချေ။

**၅။** ၁၉၀၅ ခု တော်လှန်ရေးကို ချေမှုန်းရာတွင် ဇာဘုရင်သည် အနောက်ဥရောပနယ်ချဲ့သမား များထံမှ အကူအညီများရရှိခဲ့သည်။ နိုင်ငံခြားအရင်းရှင်များသည် ရုရှားရှိ ၎င်းတို့၏အရင်းအနှီးများ နှင့် ကြီးမားလှသည့် အမြတ်အစွန်းများအတွက် ပူပန်ကြောက်ရွံ့လာသည်။ ဒါ့အပြင် ၎င်းတို့သည် အကယ်၍ ရုရှားတော်လှန်ရေး အောင်မြင်သွားပါက တခြားနိုင်ငံများမှ အလုပ်သမားများလည်း တော်လှန်လာကြမည်ကို စိုးရိမ်ကြောက်လန့်သည်။ ထို့ကြောင့် အနောက်ဥရောပ နယ်ချဲ့သမားများ သည် လူသတ်သမား ဇာဘုရင်ကို ကူညီခြင်းဖြစ်သည်။ ပြင်သစ်ဘဏ်သူဌေးများက တော်လှန်ရေးကို ဖိနှိပ်ရန်၊ ဇာဘုရင်ကို ငွေအများအပြားချေးပေးသည်။ ဂျာမန် ကိုင်ဇာဘုရင်က ရုရှားဇာဘုရင်ကို ကူညီရန် ဝင်ရောက်ဖို့ စစ်တပ်ကြီးတတပ် အဆင်သင့် ပြင်ဆင်ထားသည်။

**၆။** ၁၉၀၅ခု စက်တင်ဘာတွင် ဂျပန်နှင့် စစ်ပြေငြိမ်းရေး ပြုလုပ်နိုင်မှုကလည်း ဇာဘုရင်အား အကူအညီအတော်ပေးလိုက်ပေသည်။ စစ်ပွဲအတွင်းရှုံးနိမ့်မှုနှင့် တော်လှန်ရေး၏ ကြောက်မက်ဖွယ် ကြီးထွားလာမှုက ဇာဘုရင်ကို ငြိမ်းချမ်းရေးလက်မှတ်ထိုးရန် တွန်းပေးလိုက်ပေသည်။ စစ်ပွဲရှုံးမှုက ဇာဘုရင်စနစ်ကို အင်အားချည့်နဲ့စေသည်။ စစ်ပြေငြိမ်းလိုက်မှုက ဇာဘုရင်၏ အနေအထားကို ခိုင်မာတောင့်တင်းစေသည်။

# အကျဉ်းချုပ်

ပထမရုရှားတော်လှန်ရေးသည် ကျွန်တော်တို့တိုင်းပြည် ဖြစ်ပေါ်တိုးတက်မှုတွင် အပြည့်အဝ သမိုင်းဝင်အဆင့်တခု ဖြစ်ပါသည်။ ဤသမိုင်းဝင်အဆင့်တွင် ကာလနှစ်ခု ပါဝင်သည်။ ပထမကာလ အောက်တိုဘာ အထွေထွေနိုင်ငံရေးသပိတ်မှ ဒီဇင်ဘာလက်နက်ကိုင်ပုန်ကန်မှုအထိ တော်လှန်ရေး ဒီရေတက်ချိန်နှင့် မန်ချူးရီးယားစစ်မြေပြင်တွင် စစ်ရှုံးနေသည့် ဇာဘုရင်၏ အားနည်းချက်ကို အခွင့် ကောင်းယူကာ ဘူလီဂျင်ဒူးမားကို ချေမှုန်းလိုက်ပြီး၊ ဇာဘုရင်ထံမှ အခွင့်အရေးများ တခုပြီးတခု ညှစ် ယူသည့် ကာလနှင့် ဒုတိယကာလ ဇာဘုရင်က ဂျပန်နှင့်စစ်ပြေငြိမ်းပြီးနောက် လစ်ဘရယ်ခနေရှင်များ တော်လှန်ရေးကို ကြောက်ရွံ့မှုအပေါ် အခွင့်ကောင်းယူကာ၊ လယ်သမားများ၏ ယိမ်းယိုင်မှုကို အခွင့် ကောင်းယူကာ ဝှစ်တီဒူးမားဆိုသည့်အသွင်ဖြင့် စားကြွင်းစားကျန်များပေးပြီး အလုပ်သမားလူတန်းစား နှင့် တော်လှန်ရေးကို ဖိနှိပ်ရန် ထိုးစစ်စတင်လိုက်ပါသည်။

တိုတောင်းလှသော ၃ နှစ်မျှသော တော်လှန်ရေးကာလ ၁၉၀၅–၀၇ အတွင်း အလုပ်သမား လူတန်းစားနှင့် လယ်သမားများသည် ကြွယ်ဝလှသော နိုင်ငံရေးပညာပေးမှုများ ရရှိခဲ့ကာ၊ သာမန်ငြိမ်း ချမ်းသောကာလ အနှစ် ၃၀ အတွင်း မရနိုင်သည့်အရာများဖြစ်ပါသည်။ တော်လှန်ရေး နှစ်အနည်း ငယ်လေးက ငြိမ်းချမ်းစွာဖြစ်ပေါ်တိုးတက်နေသည့် နှစ်ဆယ်နှင့်ချီသည့် ကာလရှည်များအတွင်း မရှင်း လင်းနိုင်သည့်အရာများကို ရှင်းလင်းစေခဲ့ပါသည်။

တော်လှန်ရေးက ဇာဘုရင်စနစ်သည် လူထု၏ရန်သူ အစစ်အမှန်ဖြစ်ကြောင်းနှင့် ဇာဘုရင်စနစ် သည် ပုံပြင်များထဲရှိ သချိုင်းဂူများကသာ ကုသပေးနိုင်သည့် တစ္ဆေသူရဲများဖြစ်ကြောင်း ထုတ်ဖော်ပြ သလိုက်သည်။

တော်လှန်ရေးက လစ်ဘရယ်ခနေရှင်များသည် ပြည်သူများနှင့်မဟုတ်ဘဲ ဇာဘုရင်နှင့် မဟာမိတ် ပြုရေးကို ကြိုးစားကြောင်း၊ ၎င်းတို့သည် တန်ပြန်တော်လှန်ရေးအင်အားစုဖြစ်ပြီး၊ ၎င်းတို့နှင့် သဘော တူညီချက်ပြုမှုသည် ပြည်သူများကို သစ္စာဖောက်သည့် သဘောသက်ရောက်ကြောင်းကို ပြသလိုက် သည်။

တော်လှန်ရေးက အလုပ်သမားလူတန်းစားကသာလျှင် ဒနေရှင်ဒီမိုကရေစီတော်လှန်ရေး ခေါင်း ဆောင်ဖြစ်နိုင်ကြောင်း၊ သူတဦးတည်းကသာလျှင် ဖွဲ့စည်းအုပ်ချုပ်ပုံဒီမိုကရက်လစ်ဘရယ်ခနေရှင်များကို ဘေးတွန်းပစ်နိုင်ပြီး၊ လယ်သမားများအပေါ် ၎င်းတို့၏သြဇာကို ဖျက်ဆီးပစ်နိုင်ကာ မြေရှင်များကို မောင်းထုတ်ပြီး၊ တော်လှန်ရေးကို အဆုံးထိဆင်နွှဲကာ ဆိုရှယ်လစ်လမ်းကို ရှင်းပေးနိုင်ကြောင်းကို ပြသလိုက်သည်။

နောက်ဆုံးအနေနှင့် တော်လှန်ရေးက လုပ်အားထုတ်ရသည့်လယ်သမားထုသည် တွေဝေယိမ်း ယိုင်မှုများ ရှိသော်လည်း အလုပ်သမားထုနှင့် မဟာမိတ်ဖွဲ့နိုင်သည့် တခုတည်းသော အရေးကြီး အင်အားစုဖြစ်ကြောင်း ပြသလိုက်သည်။

တော်လှန်ရေးတွင် R.S.D.L.P အတွင်း လမ်းစဉ် ၂ ရပ်ပြိုင်ဆိုင်နေပါသည်။ ၎င်းတို့မှာ ဘော်ရှီ ဗစ်လမ်းစဉ်နှင့် မင်ရှီဗစ်လမ်းစဉ်တို့ ဖြစ်သည်။ ဘော်ရှီဗစ်များက ၎င်းတို့၏လမ်းကြောင်းကို တော်လှန် ရေးကိုတိုးချဲ့ပြီး လက်နက်ကိုင်ပုန်ကန်မှုဖြင့် ဇာဘုရင်စနစ်ကိုဖြုတ်ချပြီး၊ အလုပ်သမားလူတန်းစား၏

ချုပ်ကိုင်မှုဖြင့် ဖွဲ့စည်းအုပ်ချုပ်ပုံဒီမိုကရေစီဓနရှင်များကို အထီးကျန်စေကာ လယ်သမားများနှင့် မဟာမိတ်ဖွဲ့၊ အလုပ်သမား၊ လယ်သမားကိုယ်စားလှယ်များပါဝင်သည့် ယာယီတော်လှန်ရေးအစိုးရဖွဲ့ကာ တော်လှန်ရေးအောင်ပွဲခံရန် ဖြစ်သည်။ ဆန့်ကျင်စွာပင် မင်ရှီဗစ်များက လိုက်ခဲ့သည့်လမ်းကြောင်းမှာ တော်လှန်ရေးကို ဖျက်သိမ်းရေးဖြစ်သည်။ ဇာဘုရင်စနစ်ကို ပုန်ကန်မှုဖြင့် ဖြုတ်ချရန်အစား သူတို့က ၎င်းကို ပြုပြင်ရန်နှင့် တိုးတက်ကောင်းမွန်အောင် လုပ်ရေးကို တောင်းဆိုသည်။ ပစ္စည်းမဲ့ခေါင်းဆောင်မှုအစား လစ်ဘရယ်ဓနရှင်များ၏ ခေါင်းဆောင်မှုကို တောင်းဆိုသည်။ လယ်သမားထုနှင့် မဟာမိတ်ဖွဲ့ရေးအစား ဖွဲ့စည်းအုပ်ချုပ်ပုံဒီမိုကရက်ဓနရှင်များနှင့် မဟာမိတ်ဖွဲ့ရေးကို တောင်းဆိုသည်။ ယာယီတော်လှန်ရေးအစိုးရအစား နိုင်ငံတော်ဒူးမားကို တိုင်းပြည်၏ "တော်လှန်ရေးအင်အားစုများ"၏ ဗဟိုအချက်အချာအဖြစ် တောင်းဆိုကြသည်။

ဤနည်းဖြင့် မင်ရှီဗစ်များသည် စေ့စပ်ရေးညွန်အတွင်း နစ်မြုပ်သွားပြီး၊ အလုပ်သမားလူတန်းစားအပေါ် ဓနရှင်သြဇာဂယက်များ သယ်ဆောင်ပေးသူများအဖြစ် အလုပ်သမားလူတန်းစား အတွင်း ဓနရှင်များ၏ တကယ့်သူလျှိုများအဖြစ်သို့ ကျဆင်းသွားကြရပါသည်။

ဘော်ရှီဗစ်များသည် တိုင်းပြည်နှင့် ပါတီတွင် တဦးတည်းသော တော်လှန်ရေး မာ့က်စ်ဝါဒီ အင်အားစုဖြစ်ကြောင်း သက်သေပြလိုက်ပေသည်။

ဤကဲ့သို့ ထင်ရှားသည့် ကွဲပြားခြားနားချက်များနှင့် R.S.D.L.P သည် တကယ်တော့ ဘော်ရှီဗစ်ပါတီနှင့် မင်ရှီဗစ်ပါတီဟူ၍ ၂ ပါတီကွဲနေသည်မှာ သဘာဝကျပါသည်။ စတုတ္ထ ပါတီကွန်ဂရက်က ပါတီတွင်း အဖြစ်အပျက်များ၏ တကယ့်အခြေအနေကို ဘာမှပြောင်းလဲနိုင်ခြင်းမရှိခဲ့ပါ။ ပါတီတွင်း သဏ္ဍာန်အရ ညီညွတ်ရေးကိုထိန်းသိမ်းပြီး၊ ခိုင်မာအောင်လုပ်နိုင်သလိုသာရှိခဲ့သည်။ ပဉ္စမပါတီကွန်ဂရက်က ပါတီတွင်း စစ်မှန်သည့်ညီညွတ်ရေးအတွက် ခြေတလှမ်းတိုးခဲ့ပြီး၊ ဘော်ရှီဗစ်ဝါဒ အလံအောက်တွင် ရရှိခဲ့သည့်ညီညွတ်ရေးဖြစ်သည်။

တော်လှန်ရေးလှုပ်ရှားမှုကို ပြန်လည်သုံးသပ်ရာတွင် ပဉ္စမကွန်ဂရက်က မင်ရှီဗစ်၏လမ်းစဉ်ကို စေ့စပ်ရေးလမ်းဟု စွပ်စွဲပြီး၊ ဘော်ရှီဗစ်၏လမ်းစဉ်ကို တော်လှန်သည့်မာ့က်စ်ဝါဒလမ်းစဉ်အဖြစ် ထောက်ခံလိုက်သည်။ ဤကဲ့သို့လုပ်လိုက်ခြင်းက ပထမရုရှားတော်လှန်ရေး ဖြစ်စဉ်တခုလုံးက အတည်ပြုပြီးသားများကို ထပ်မံအတည်ပြုပေးလိုက်ခြင်းဖြစ်ပါသည်။

ဘော်ရှီဗစ်များသည် တော်လှန်ရေးက တောင်းဆိုသည့်အခါ အခြေအနေကို မည်သို့ရှေ့ဆောင်ရမည်ကို သိကြောင်း၊ ရှေ့တန်းမှတက်ပြီး လူထုကို ခေါင်းဆောင်ကာ တိုက်ခိုက်ရန် လေ့လာရရှိသွားကြောင်း ပြသလိုက်ပါသည်။ သို့သော် တော်လှန်ရေးက ဘော်ရှီဗစ်များသည် အခြေအနေများ လှည့်ပြောင်းပြီး အခွင့်မသာဖြစ်ချိန်တွင်၊ တော်လှန်ရေးဒီရေကျချိန်တွင် မည်ကဲသို့ စနစ်တကျဆုတ်ရမည်ကို သိကြောင်းနှင့် ဘော်ရှီဗစ်များသည် အကြောက်အလန့်မရှိ စနစ်တကျဆုတ်ခွာကာ ၎င်း၏ ကေဒါများကို ထိန်းသိမ်းပြီး၊ အင်အားကိုစုစည်းကာ အခြေအနေသစ်နှင့်အညီ အင်အားများကို ပြန်လည်ဖွဲ့စည်းပြီး၊ ရန်သူကို တဖန်တိုက်ခိုက်ရန် ပြင်ဆင်နိုင်ကြောင်းကိုလည်း ပြသလိုက်သည်။

ရန်သူကို မည်ကဲ့သို့ စနစ်တကျတိုက်ခိုက်ရမည်ကို မသိဘဲ မချေမှုန်းနိုင်။

အထိတ်တလန့်ဖြစ်မှု၊ ရှုပ်ထွေးမှုမရှိဘဲ စနစ်တကျ နောက်ဆုတ်တတ်ခြင်းမရှိပါက၊ ဆုံးရှုံးမှုဖြစ်လာချိန်တွင် လုံးဝအမြစ်ပြုတ်သွားခြင်းမှ ကာကွယ်ရှောင်တိမ်းနိုင်မည်မဟုတ်ပါ။

## အခန်း(၄)
## စတိုလီပင်ဖောက်ပြန်ရေးကာလအတွင်းက မင်ရှီဗစ်နှင့် ဘော်ရှီဗစ်များ။
## ဘော်ရှီဗစ်များ သီးခြားမာ့က်စ်ဝါဒပါတီ ထူထောင်ခြင်း

**၁။ စတိုလီပင်ဖောက်ပြန်ရေးကာလ။ အတိုက်အခံပညာတတ်အများအပြား ပြိုကွဲသွားခြင်း။ ပျက်ပြားဆုတ်ယုတ်ခြင်း။ ပညာတတ် အစိတ်အပိုင်း အချို့ပါတီကို စွန့်ခွာပြီး မာ့က်စ်ဝါဒ၏ ရန်သူများထံ ရောက်ရှိသွားခြင်းနှင့် မာ့က်စ်ဝါဒသဘောတရားကို ပြန်လည်ပြင်ဆင်ရန် ကြိုးပမ်းမှုများ။ လီနင်၏ ပြန်လည်ပြင်ဆင်ရေးဝါဒီများအပေါ် သူ၏ "ရုပ်ဝါဒနှင့် အတွေ့အကြုံဝေဖန်ရေး"စာအုပ်မှ ပြန်လည်ချေပချက်နှင့် မာ့က်စ်ဝါဒ သဘောတရားအခြေခံများအပေါ် သူ၏ ကာကွယ်ချက်။**

၁၉၀၇ ခု၊ ဇွန် ၃ ရက်တွင် ဇာဘုရင်အစိုးရက ဒုတိယနိုင်ငံတော်ဒူးမားကို ဖျက်သိမ်းလိုက်သည်။ ဤသည်ကို သမိုင်းတွင် ဇွန် ၃ ရက် အာဏာသိမ်းပွဲဟု ထုံးစံအတိုင်း ဖော်ပြလေ့ရှိသည်။ ဇာဘုရင်အစိုးရက တတိယနိုင်ငံတော်ဒူးမားအတွက် ရွေးကောက်ပွဲဥပဒေသစ်ကို ထုတ်ပြန်လိုက်ပြီး၊ ဤနည်းဖြင့် ၁၉၀၅ ခု၊ အောက်တိုဘာ ၁၇ ရက်က ထုတ်ပြန်ခဲ့သည့် တရားဥပဒေသစ်များကို ဒူးမား၏ သဘောတူ ခွင့်ပြုချက်ရမှသာလျှင် ထုတ်ပြန်နိုင်သည်ဟု ဖော်ပြထားသည့် ၎င်းတို့ကြေညာစာတမ်းကို ချိုးဖောက် လိုက်သည်။ ဒုတိယဒူးမားမှ ဆိုရှယ်ဒီမိုကရက်ကိုယ်စားလှယ်များ တရားစွဲဆိုခံရပြီး၊ အလုပ်သမား လူတန်းစား ကိုယ်စားလှယ်များမှာ အလုပ်ကြမ်း၊ ထောင်ဒဏ်နှင့် ပြည်နှင်ဒဏ်များ ကျခံသွားရသည်။

ရွေးကောက်ပွဲတရားဥပဒေသစ်မှာ ဒူးမားအတွင်း၌ မြေရှင်နှင့် ကုန်သွယ်ရေးနှင့် စက်မှုလက်မှု ဓနရှင်ကြီးများ၏ ကိုယ်စားလှယ်များ၏ အရေအတွက် သိသိသာသာ တိုးများလာရေးအတွက် ရေးဆွဲထားပါသည်။ တချိန်တည်းတွင် လယ်သမားနှင့် အလုပ်သမားများ၏ ကိုယ်စားလှယ်များ နဂိုက နည်း, ရသည့်အထဲ ထပ်၍ပင်လျှော့ချလိုက်ပါသည်။

တတိယဒူးမားတွင် ဘလက်စ်ဟန်ဒရက်များနှင့် ဖွဲ့စည်းအုပ်ချုပ်ပုံဒီမိုကရက်များ လွှမ်းမိုးနေပါသည်။ ကိုယ်စားလှယ်စုစုပေါင်း ၄၄၂ ဦးရှိသည့်အနက် ၁၇၁ ဦးမှာ လက်ယာများ (ဘလက်စ်ဟန်ဒရက်များ)၊ ၁၁၃ ဦးမှာ အောက်တိုဘာဝါဒီများ သို့မဟုတ် အမျိုးတူအဖွဲ့ဝင်များ၊ ၁၀၁ ဦး မှာ ဖွဲ့စည်းအုပ်ချုပ်ပုံဒီမိုကရက်များ သို့မဟုတ် အမျိုးတူအဖွဲ့ဝင်များ၊ ၁၃ ဦးမှာ ထရူးဒိုဗီကီ (Trudoviki) နှင့် ၁၈ ဦးမှာ ဆိုရှယ်ဒီမိုကရက်တို့ ဖြစ်ကြပါသည်။

လက်ယာသမားများ (လွှတ်တော်ဒူးမား၏ လက်ယာဘက်ခုံတန်းများတွင် ထိုင်ကြသောကြောင့် ဤကဲ့သို့ခေါ်ကြသည်။) သည် အလုပ်သမား၊ လယ်သမားများ၏ အဆိုးဆုံးရန်သူများဖြစ်သည့် ဘလက်ဟန်ဒရက် ပဒေသရာဇ်မြေရှင်များဖြစ်ပြီး၊ ၎င်းတို့မှာ လယ်သမားလှုပ်ရှားမှု ဖိနှိပ်မှုအတွင်း လယ်သမားများကို အစုလိုက်အပြုံလိုက် ရိုက်နှက်ပစ်ခတ်မှုခံရစေရန် တွန်းပေးခဲ့ကြပြီး၊ ဂျူးလူမျိုးများ အများအပြား သတ်ဖြတ်မှုတွင်လည်းကောင်း၊ ဆန္ဒပြအလုပ်သမားများကို ကြမ်းကြမ်းတမ်းတမ်း ဖိနှိပ်ရာတွင်လည်းကောင်း၊ တော်လှန်ရေးအတွင်း အစည်းအဝေးများ ကျင်းပပြုလုပ်ရာနေရာ အဆောက်အဦးများကို ရက်ရက်စက်စက် မီးရှို့ရာတွင်းလည်းကောင်း၊ စည်းရုံးလုပ်ဆောင်သူများ ဖြစ်ခဲ့ကြသည်။ လက်ယာသမားများဟာ အလုပ်သမား ပြည်သူများကို အသနားအညှာတာကင်းစွာ ဖိနှိပ်မှုကိုလည်းကောင်း၊ ဇာဘုရင်၏ အကန့်အသတ်မရှိ အာဏာအတွက်လည်းကောင်း ရပ်တည်ခဲ့ကြပြီး၊ ၁၉၀၅ ခု၊ အောက်တိုဘာ ၁၇ ရက်နေ့ထုတ် ဇာဘုရင်၏ ကြေညာစာတမ်းကို ဆန့်ကျင်ခဲ့ကြပါသည်။

အောက်တိုဘာပါတီ သို့မဟုတ် အောက်တိုဘာ ၁၇ ရက် သမဂ္ဂသည် ဒူးမားလွှတ်တော်တွင်းရှိ လက်ယာသမားများနှင့် နီးကပ်စွာယှဉ်တွဲခဲ့ပါသည်။ အောက်တိုဘာဝါဒီများသည် စက်မှုလက်မှု အရင်းရှင်ကြီးများနှင့် ၎င်းတို့၏ ပိုင်နယ်များကို အရင်းရှင်များ၏ လမ်းစဉ်အတိုင်း ကျင့်သုံးခဲ့သည့် မြေရှင်ကြီးများ (၁၉၀၅ ခုနှစ် တော်လှန်ရေးစတင်ခဲ့စဉ်က ဖွဲ့စည်းအုပ်ချုပ်ပုံဒီမိုကရေစီပါတီမှ မြေရှင်ကြီး အမြောက်အမြားသည် အောက်တိုဘာဝါဒီများဘက်သို့ ကူးပြောင်းခဲ့ကြသည်။) ၏ အကျိုးကျေးဇူးများကို ကိုယ်စားပြုသည်။ အောက်တိုဘာဝါဒီများသည် လက်ယာသမားများနှင့် ကွဲပြားသည့် တခုတည်းသောအကြောင်းမှာ စကားလုံးအရဖြင့် အောက်တိုဘာ ၁၇ ရက် ထုတ်ကြေညာစာတမ်းကို ၎င်းတို့လက်ခံမှုဖြစ်ပါသည်။ အောက်တိုဘာဝါဒီများသည် ဇာဘုရင်အစိုးရ၏ ပြည်တွင်းပြည်ပ ပေါ်လစီအားလုံးကို အပြည့်အဝ ထောက်ခံခဲ့ကြပါသည်။

ဖွဲ့စည်းအုပ်ချုပ်ပုံဒီမိုကရက်ပါတီသည် တတိယဒူးမားတွင် ပထမနှင့် ဒုတိယဒူးမားမှာထက် နေရာ ပိုနည်းသွားသည်။ ဖွဲ့စည်းအုပ်ချုပ်ပုံဒီမိုကရက်များထဲမှ မြေရှင်တစိတ်တပိုင်းက အောက်တိုဘာဝါဒီများဘက် ကူးပြောင်းသွားသောကြောင့် ဖြစ်ပါသည်။

တတိယဒူးမားတွင် ထရူးဒိုဗီကီဟု ခေါ်တွင်သည့် ဓနရှင်ပေါက်စဒီမိုကရေစီ အုပ်စုလေး တခုရှိခဲ့ပါသည်။ ၎င်းတို့သည် ဖွဲ့ စည်းအုပ်ချုပ်ပုံ ဒီမိုကရေစီသမားများနှင့် အလုပ်သမား ဒီမိုကရေစီသမားများ (ဘော်ရှီဗစ်) များအကြား ယိမ်းယိုင်နေပါသည်။ လီနင်က ဒူးမားတွင်းရှိ ထရူးဒိုဗီကီတို့မှာ အလွန်တရာ အင်အားနည်းသော်လည်း၊ ၎င်းတို့သည် လူထုများ၊ လယ်သမားထုများကို ကိုယ်စားပြုသည်ဟု ထောက်ပြခဲ့ပါသည်။ ထရူးဒိုဗီကီတို့၏ ဖွဲ့စည်းအုပ်ချုပ်ပုံဒီမိုကရက်နှင့် အလုပ်သမား ဒီမိုကရက်များ အကြား ယိမ်းယိုင်မှုမှာ ပိုင်ဆိုင်သူလေးများ၏ လူတန်းစားအဆင့်နေရာ၏ မလွဲမရှောင်သာသော

အကျိုးဆက်တရပ် ဖြစ်ပါသည်။ လီနင်က ဘော်ရှီဗစ်ကိုယ်စားလှယ်များဖြစ်သည့် အလုပ်သမား ဒီမိုကရက်များကို "အားနည်းသည့် ဓနရှင်ပေါက်စဒီမိုကရက်များကို ကူညီကာ လစ်ဘရယ်များ၏ ဩဇာဂယက်မှ ဆွဲထုတ်ပြီး၊ လက်ယာသမားများသာမက တန်ပြန်တော်လှန်ရေးသမားအဖွဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံဒီမိုကရက်များကိုဆန့်ကျင်သည့် ဒီမိုကရေစီတပ်ဖွဲ့ကို ဝိုင်းဝန်းရန်" တာဝန်ကို ပေးအပ်ခဲ့ သည်။

**(လီနင်လက်ရွေးစင်ကျမ်း၊ အင်္ဂလိပ်ဘာသာ၊ မော်စကို ၁၉၄၇၊ အတွဲ ၁၊ စာမျက်နှာ–၅၃၅)**

၁၉၀၅ တော်လှန်ရေးအတွင်းနှင့် အထူးသဖြင့် တော်လှန်ရေး ရှုံးနိမ့်ပြီးနောက် ဖွဲ့စည်းအုပ်ချုပ်ပုံ ဒီမိုကရက်များသည် ၎င်းတို့ကိုယ်၎င်းတို့ တန်ပြန်တော်လှန်ရေးသမား အင်အားစုများဖြစ်ကြောင်း ပိုမိုပြသလာခဲ့သည်။ ၎င်းတို့၏ "ဒီမိုကရေစီ" မျက်နှာဖုံးကို ပိုမိုဖယ်ရှားလာပြီး၊ ဇာဘုရင်စနစ်ကို ကာကွယ်ပေးသည့် မင်းစိုးရာဇာအစစ်များကဲ့သို့ ပြုမူလုပ်ဆောင်လာကြသည်။ ၁၉၀၉ တွင် ထင်ရှားသည့် ဖွဲ့စည်းအုပ်ချုပ်ပုံဒီမိုကရက် စာရေးဆရာအုပ်စုတစုက "ဗီကီ" Vekhi (မှတ်တိုင်) ဆိုသည့် ခေါင်းစီးဖြင့် ဆောင်းပါးတွဲများ ထုတ်ဝေခဲ့ပြီး၊ ၎င်းတို့ထဲတွင် ဓနရှင်များကိုယ်စား တော်လှန်ရေးကို ချေမှုန်းသည့်အတွက် ဇာဘုရင်ကို ကျေးဇူးတင်ရှိထားသည်။ ကြာပွတ်နှင့် ခေါင်းဖြတ်စက်တို့၏ အစိုးရဖြစ်သည့် ဇာဘုရင်အစိုးရအပေါ်မှီတွယ်ဖက်လျက်၊ မျက်နှာလိုမျက်နှာရ ပြုလုပ်ရင်း၊ ဖွဲ့စည်းပုံ ဒီမိုကရက်များသည် ထိုစာအုပ်တွင် "ကျွန်တော်တို့သည် ပြည်သူလူထု၏ အမျက်ဒေါသမှ ကျွန်တော်တို့အား (လစ်ဘရယ်ဓနရှင်များ) ၎င်း၏လှံစွပ်များ၊ ထောင်များနှင့်တဦးတည်း ကာကွယ်ပေးခဲ့သည့် ဤအစိုးရကို ကောင်းချီးပေးရမည်။" ဟုဖြောင်အတိအလင်း ရေးထားခဲ့သည်။

ဒုတိယနိုင်ငံတော်ဒူးမားကို ဖျက်သိမ်းပြီး၊ ၎င်းထဲမှ ဆိုရှယ်ဒီမိုကရက်အုပ်စုကို ထုတ်ပယ်ပြီး နောက် ဇာဘုရင်အစိုးရသည် ပစ္စည်းမဲ့များ၏ နိုင်ငံရေးနှင့် စီးပွားရေးအဖွဲ့အစည်းများကို ဖျက်ဆီးရန် တက်တက်ကြွကြွ ပြင်ဆင်လုပ်ဆောင်လာသည်။ အကျဉ်းထောင်များ၊ ခံတပ်များနှင့် ပြည်နှင်ဒဏ်ခံ ဒေသများမှာ တော်လှန်ရေးသမားများဖြင့် ပြည့်လျှံနေပါသည်။ ထောင်များထဲတွင် ၎င်းတို့ကို ရက်ရက်စက်စက် ရိုက်နှက်ညှဉ်းပန်း နှိပ်စက်ကြပါသည်။ ဘလက်စ်ဟန်ဒရက်များ၏ ခြိမ်းခြောက်မှု သည် အထိန်းအကွပ်မရှိ လွှမ်းမိုးနေပါသည်။ ဇာဘုရင်ဝန်ကြီး စတိုလီပင်သည် တတိုင်းပြည်လုံးအနှံ့ ခေါင်းဖြတ်စက်များ ထူထောင်သည်။ တော်လှန်ရေးသမား ထောင်သောင်းချီ၍ သတ်ဖြတ်ခံရသည်။ ထိုရက်များအတွင်းက ခေါင်းဖြတ်စက်များကို "စတိုလီပင်၏လည်စီးများ" (နက်ခ်တိုင် Necktie) ဟုခေါ်သည်။

အလုပ်သမား၊ လယ်သမားများ၏ တော်လှန်ရေးလှုပ်ရှားမှုကို ချေမှုန်းရန်ကြိုးပမ်းရာတွင် ဇာဘုရင်အစိုးရသည် ဖိနှိပ်မှုများ၊ အလုပ်ကြမ်းနှင့် ထောင်ဒဏ်များ၊ အပြစ်ပေးအရေးယူမှုများ၊ ပစ်ခတ်သတ်ဖြတ်မှုများနှင့် ထောင်သွင်းအကျဉ်းချမှုနှင့်သာ သတ်မှတ်နိုင်ခြင်း မရှိပါဘူး။ လယ်သမားများ၏ "အဖဘုရားလေးဇာ"အပေါ် ရိုးစင်းစွာ ယုံကြည်ကိုးစားမှုသည် တဖြည်းဖြည်းကျဆင်း ပျောက်ကွယ်လာပြီဆိုသည်ကို ထိတ်လန့်တကြား တွေ့ရှိလာရပါပြီ။ ထို့ကြောင့် ကျယ်ပြန့်လှသည့် နည်းဗျူဟာများကို ရှာဖွေလာရပါသည်။ ကြီးမားလှသည့် ကျေးလက်ဓနရှင်လူတန်းစားအကြား ကျေးလက် တောရွာများတွင် ၎င်းတို့ကို အခိုင်အမာထောက်ခံမည့် ကူးလတ်များဖန်တီးရန် အကြံဉာဏ်ကို ရရှိလာခဲ့ပါသည်။ ၁၉၀၆ ခု နိုင်ဝင်ဘာ ၉ ရက်တွင် စတိုလီပင်သည် မြေယာဥပဒေသစ်တရပ်ကို ထုတ်ပြန်ပြီး၊ လယ်သမားများကို ဘုံအဖွဲ့များမှထွက်ပြီး သီးခြားလယ်မြေများ ထူထောင်ခွင့်ပေးလိုက်ပါ သည်။

စတိုလီပင်၏ မြေယာဥပဒေသည် အများပိုင်မြေယာ အငှားချသည့်စနစ်ကို ဖျက်သိမ်းလိုက် သည်။ လယ်သမားများကို ဖိတ်ကြားပြီး၊ ပစ္စည်းများကို ခွဲတမ်းချဝေပေးကာ ဘုံအဖွဲ့များမှ နှုတ်ထွက်ခွင့်ပြုလိုက်သည်။ ယခင်က ၎င်းတို့၏ခွဲတမ်းကို ရောင်းချခွင့်မရှိသော်လည်း ယခုအခါ ၎င်းတို့၏ ခွဲတမ်းများကို ရောင်းချနိုင်သည်။ လယ်သမားက ဘုံအဖွဲ့မှ နှုတ်ထွက်သွားသည့်အခါ ဘုံအဖွဲ့က ၎င်း၏မြေကို နယ်ပယ်သတ်မှတ်ပြီး (သီးခြားလုပ်ကွက်အလိုက်) ပေးလိုက်ရသည်။

ချမ်းသာလယ်သမား ကူးလတ်များသည် ဆင်းရဲလယ်သမားများထံမှ မြေယာများကို ဈေး ပေါပေါနှင့်ဝယ်ယူခွင့်ရရှိသွားပါသည်။ ဥပဒေထုတ်ပြန်ပြီး နှစ်အနည်းငယ်အတွင်း ဆင်းရဲလယ်သမား တသန်းကျော်သည် လုံးဝလယ်မဲ့ယာမဲ့ ဖြစ်သွားပြီး၊ ဆင်းရဲမွဲပြာကျသွားပါသည်။ ဆင်းရဲလယ်သမားများ လယ်မဲ့ယာမဲ့ ဖြစ်သွားသည်နှင့်အမျှ ကူးလတ်များ၏ လယ်ယာပိုင်ဆိုင်မှု တိုးလာသည်။

ဤမြေယာများမှာ ရံဖန်ရံခါ အငှားလုပ်သား–စားရင်းငှားအများအပြား ငှားရမ်းလုပ်ကိုင်သည့် ပုံမှန်မြေယာများဖြစ်သည်။ အစိုးရသည် ဘုံအဖွဲ့များမှ အကောင်းဆုံးမြေများကို ကူးလတ်လယ်သမားများကို ခွဲတမ်းချပေးရန် လယ်သမားများကို ဖိအားပေးခဲ့သည်။

လယ်သမားများ၏ “လွတ်မြောက်ရေး”အတွင်း၊ မြေရှင်များက လယ်သမားများထံမှ မြေယာများကို ခေါးပြတ်ိုက်ယူခဲ့ပြီး၊ အခုအခါ ကူးလတ်များသည် ဘုံအဖွဲ့များမှ အကောင်းဆုံးအကွက်များကို ထိန်းသိမ်းထားကာ ဆင်းရဲလယ်သမားများ၏ ခွဲတမ်းများကို ဈေးပေါပေါနှင့် ဝယ်ယူခြင်းဖြင့် လယ်သမားများ၏ မြေယာများကို စတင်လုယက်လာပြန်သည်။

ဇာဘုရင်အစိုးရသည် လယ်မြေနှင့် လယ်လုပ်ကရိယာများ ဝယ်ယူရန်အတွက် ကူးလတ်များကို ချေးငွေအမြောက်အမြား ထုတ်ပေးသည်။ စတိုလီပင်က ကူးလတ်များကို မြေရှင်ငယ်လေးများအဖြစ် ဇာဘုရင်သက်ဦးဆံပိုင်စနစ်ကို သစ္စာစောင့်သိကာကွယ်သူများအဖြစ် ပြောင်းလဲစေချင်ခဲ့သည်။

၁၉၀၆–၁၅ ခုနှစ်၊ ကိုးနှစ်ကာလအတွင်းမှာပင် အိမ်ထောင်စု နှစ်သန်းကျော် ဘုံအဖွဲ့များမှ နုတ်ထွက်ခဲ့ကြသည်။

စတိုလီပင်ပေါ်လစီကြောင့် မြေယာအနည်းငယ်ပိုင်ဆိုင်သည့် လယ်သမားများနှင့် ဆင်းရဲသား လယ်သမားများ၏ အခြေအနေသည် ယခင်ကထက် ပိုမိုဆိုးရွားလာခဲ့ပါသည်။ လယ်သမားထုအတွင်း ကွာခြားမှုဖြစ်စဉ်သည် ပို၍ပင် သိသာထင်ရှားလာသည်။ လယ်သမားများသည် ကူးလတ်လယ်သမားများနှင့် ပဋိပက္ခ စတင်ဖြစ်ပေါ်လာသည်။ တချိန်တည်းတွင် ဇာဘုရင်အစိုးရနှင့် မြေရှင်များ၊ ဖွဲ့စည်းအုပ်ချုပ်ပုံဒီမိုကရက်များ၏ နိုင်ငံတော်ဒူးမား တည်ရှိနေသရွေ့ ၎င်းတို့အနေနှင့် မြေယာပိုင် ဆိုင်ခွင့်မည်သည့်အခါမှာမှ ရရှိမည်မဟုတ်ကြောင်းကို လယ်သမားများက စတင်သိရှိ နားလည် လာပါသည်။

ကူးလတ်လယ်မြေများ အကြီးအကျယ် တိုးပွားနေသည့်ကာလ ၁၉၀၇–၀၉ အတွင်း လယ်သမားလှုပ်ရှားမှုသည် စတင်ကျဆင်းလာသော်လည်း၊ ၎င်းနောက်မကြာမီမှာပင် ၁၉၁၀၊ ၁၉၁၁ နှင့် နောက်ပိုင်းတွင် ကျေးရွာဘုံအဖွဲ့ဝင်များနှင့် ကူးလတ်လယ်သမားများအကြား ပဋိပက္ခများကြောင့် မြေရှင်နှင့် ကူးလတ်လယ်သမားများကိုဆန့်ကျင်သည့် လယ်သမားလှုပ်ရှားမှုများသည် အရှိန်တိုး တက်လာပေသည်။

စက်မှုလုပ်ငန်းတွင်လည်း တော်လှန်ရေးပြီးနောက် အပြောင်းအလဲကြီးများ ပေါ်ပေါက်ခဲ့ပါ သည်။ စက်မှုလုပ်ငန်းများအပေါ် စုစည်းမှု သို့မဟုတ် စက်မှုလုပ်ငန်းများ ကြီးထွားလာမှုနှင့် စက်မှု လုပ်ငန်းများ

ဗဟို၌ စုစည်းလာမှုတို့သည် ပိုမိုအင်အားကြီးမားလာသည့် အရင်းရှင်အုပ်စုကြီးများ လက်တွင်ကျရောက်လာမှုမှာ ပိုမိုလျင်မြန်လာသည်။ ၁၉၀၅ ခု တော်လှန်ရေးမတိုင်မီကတောင် အရင်းရှင်များသည်ပြည်တွင်းတွင်ဈေးနှုန်းများမြှင့်ပြီး၊ ဤနည်းဖြင့် ရရှိလာသည့် အမြတ်အစွန်းကြီးစွာကို နိုင်ငံခြားကုန်သွယ်ရေး တိုးမြှင့်လုပ်ဆောင်ရန်အတွက် အသုံးပြုပြီး၊ ဤနည်းဖြင့် နိုင်ငံခြားသို့ ဈေးပေါပေါနှင့်ကုန်ပစ္စည်းများတင်ပို့ပြီး၊ နိုင်ငံခြားဈေးကွက်ကို အုပ်စိုးရန် ရည်ရွယ်ချက်ဖြင့် အသင်း အဖွဲ့များကိုစတင်ဖွဲ့စည်းလာသည်။ ဤအရင်းရှင်အသင်းအဖွဲ့များ (မိုနိုပိုလီ–monopoly)များကို ထရပ်စ် (trusts)နှင့် ဆင်ဒီကိတ် (Syndicates) များဟုခေါ်ပြီး၊ ၁၉၀၅ တော်လှန်ရေးပြီးနောက် အရေအတွက် ပိုပြီးများပြားလာသည်။ စက်မှုလုပ်ငန်းများတွင် ပိုမို အရေးကြီးသည့်အခန်းမှာ ပါဝင် လာသည့် ဘဏ်ကြီးများ၏ အရေအတွက်လည်း တိုးများလာသည်။

ရုရှားပြည်တွင်းသို့ နိုင်ငံခြားအရင်းအနှီးစီးဝင်လာမှုသည် တိုးမြင့်လာသည်။ ဤနည်းဖြင့်ရုရှားပြည်၏ အရင်းရှင်စနစ်သည် လက်ဝါးကြီးအုပ် အရင်းရှင်စနစ်၊ နယ်ချဲ့အရင်းရှင်စနစ် အဖြစ်သို့ အတိုင်းအတာ ကျယ်ပြန့်စွာဖြင့် ပြောင်းလဲလာသည်။

နှစ်ပေါင်းများစွာ စီးဆင်းနေပြီးနောက် စက်မှုလုပ်ငန်းများသည် ပြန်လည် ရှင်သန်လာသည်။ ကျောက်မီးသွေး၊ ဓာတ်သတ္တု၊ ရေနံ၊ အထည်အလိပ်နှင့် သကြားအထွက်နှုန်းများ တိုးမြင့်လာသည်။ သီးနှံထုတ်ကုန်များ အကြီးအကျယ်တိုးတက်လာသည်။ ထိုအချိန်က ရုရှားတွင် စက်မှုလုပ်ငန်း တိုးတက်မှု တစုံတရာရှိခဲ့သော်လည်း အနောက်ဥရောပနှင့် နှိုင်းစာလျှင် ခေတ်နောက်ကျနေသေးပြီး၊ နိုင်ငံခြားအရင်းရှင်များအပေါ် မှီခိုမြဲမှီခိုနေရပါသည်။ ရုရှား၌ စက်ယန္တရားများနှင့် စက်မှုကိရိယာများ မထုတ်လုပ်နိုင်သေးဘဲ နိုင်ငံခြားမှ သွင်းယူရပါသည်။ ကားလုပ်ငန်းစက်ရုံ သို့မဟုတ် ဓာတုစက်မှုလုပ်ငန်းများ မရှိသေးဘဲ ဓာတ်မြေသြဇာများ မထုတ်လုပ်နိုင်သေးပါ။ ရုရှားသည် လက်နက်ထုတ်လုပ်ရေးလုပ်ငန်းတွင်လည်း အခြားအရင်းရှင်နိုင်ငံများထက် နောက်ကျနေသေးသည်။

ရုရှား၏ နိမ့်ကျသော သတ္တုသုံးစွဲနှုန်းကို တိုင်းပြည်၏ ခေတ်နောက်ကျမှုအမှတ်အသားအဖြစ်ထောက်ပြပြီး၊ လီနင်ကရေးသား ခဲ့သည်မှာ–

“လယ်သမားများ လွတ်မြောက်ပြီးနောက် နှစ်ရာစုဝက်အတွင်း ရုရှား၏ သံသုံးစွဲမှုမှာ ၅ ဆ တိုးလာသည်။ သို့သော် ရုရှားသည် မယုံကြည်နိုင်ဖွယ် အစဥ်အလာ မရှိခဲ့စဖူး၊ ခေတ်နောက်ကျသော ဆင်းရဲမွဲတေလှသော လူရိုင်းတပိုင်း တိုင်းပြည် ဖြစ်နေကာ ခေတ်မီထုတ်လုပ်ရေးပစ္စည်း ကိရိယာများတွင် အင်္ဂလန်ပြည်ရှိ ပစ္စည်း၏ လေးပုံတပုံ၊ ဂျာမနီပြည်ရှိ ပစ္စည်း၏ ငါးပုံတပုံနှင့် အမေရိကန်ပြည်ရှိပစ္စည်း၏ ဆယ်ပုံတပုံသာ တပ်ဆင်ထားပါသည်။ **(လီနင်ကျမ်းပေါင်းစုံ၊ ရုရှားဘာသာအတွဲ ၁၅၊ စာမျက်နှာ–၅၄၃ )**

ရုရှား၏စီးပွားရေးနှင့် နိုင်ငံရေး ခေတ်နောက်ကျမှု၏ တိုက်ရိုက်အကျိုးဆက်တခုမှာ အနောက်ဥရောပအရင်းရှင်စနစ်အပေါ် ရုရှားအရင်းရှင်စနစ်ရော၊ ဇာစနစ်ပါနှစ်ခုစလုံး မှီခိုနေရမှု ဖြစ်ပါသည်။

ကျောက်မီးသွေး၊ ရေနံ၊ လျှပ်စစ်ပစ္စည်းနှင့် သတ္တုပစ္စည်းကဲ့သို့သော အလွန်အရေးပါသော စက်မှုလုပ်ငန်းခွဲများ နိုင်ငံခြားအရင်းရှင်များ လက်ထဲတွင် ရှိသည့်အချက်နှင့် ဇာဘုရင်ရုရှားပြည်သည် ၎င်း၏ စက်မှုပစ္စည်းကိရိယာ အားလုံးနီပါးမျှ နိုင်ငံခြားသို့တင်ပို့နေရသည့် အချက်များက အထက်ပါအကြောင်းကို ထင်ရှားသိသာစေခဲ့ပါသည်။

အနောင်အဖွဲ့ အချုပ်အထိန်းများနှင့် နိုင်ငံခြားကြေးမြို့ကိစ္စများတွင်လည်း သိသာနိုင်ပါသည်။ ထိုကြေးမြို့များအပေါ် အတိုးများပေးဆပ်နိုင်ရန် ဇာဘုရင်စနစ်သည် ပြည်သူများထံမှ နှစ်စဉ် ရူဘဲလ် သန်းပေါင်းများစွာ ညှစ်ထုတ်ယူခဲ့ပါသည်။

ထို့အပြင် ရုရှား၏ "မဟာမိတ်များ"နှင့် ချုပ်ဆိုထားသည့် လျှို့ဝှက်စာချုပ်များတွင် ပို၍ပင် သိသာနိုင်ပါသည်။ ထိုစာချုပ်များအရ ဇာဘုရင်အစိုးရသည် နယ်ချဲ့စစ်မျက်နှာရှိ "မဟာမိတ်များ" ကိုထောက်ခံရန်နှင့် ဗြိတိသျှနှင့် ပြင်သစ်အရင်းရှင်များ၏ ကြီးမားလှသည့် အမြတ်စွန်းများကို ကာကွယ်ရန် ရုရှားစစ်သား သန်းနှင့်ချီပြီး ပို့လွှတ်ကာ စစ်ပွဲ၌ပါဝင်ရန် သဘောတူထားပါသည်။

စတိုလီပင် ဖောက်ပြန်ရေးကာလသည် စုံထောက်နှင့်ပုလိပ်များ၊ ဇာဘုရင်သူလျှိုများနှင့် ဘလက်ဟန်ဒရက် လူဆိုးများက အလုပ်သမားလူတန်းစားအပေါ် အထူးသဖြင့် ရက်စက်သည့် တိုက်ခိုက်မှုများဖြင့် ပြည့်နှက်ထင်ရှားနေပါသည်။ အလုပ်သမားများကို နှိပ်စက်ညှဉ်းပန်းခဲ့သူများမှာ ဇာဘုရင်၏ နောက်လိုက်ခွေးများသာမကပါ။ ဤဘက်တွင် စက်ရုံနှင့် အလုပ်ရုံပိုင်ရှင်များ၏ တက်ကြွမှု သည်လည်း အနည်းငယ်မျှ မလျော့နည်းခဲ့ပါ။ အလုပ်သမားလူတန်းစားများအပေါ် ၎င်းတို့၏ထိုးစစ် သည် စက်မှုလုပ်ငန်း အီဆင်းသွားပြီး၊ အလုပ်လက်မဲ့နှုန်း တိုးမြင့်လာသည့်နှစ်များတွင် အထူးသဖြင့် ပိုမိုကြမ်းတမ်း ရက်စက်လာခဲ့သည်။ အလုပ်ရုံပိုင်ရှင်များက တန်ပြန်သပိတ် (အလုပ်သမားများအား လိုအပ်သည့် အချက်အလက်များ လက်မှတ်ထိုးခိုင်းခြင်း။ ဘာသာပြန်သူ) များ ကြေညာပြီး၊ သပိတ် များအတွင်း တက်ကြွစွာပါဝင်ခဲ့သည်။ လူတန်းစားအသိနိုးကြားသည့် အလုပ်သမားများကို လူဆိုးစာရင်း (Blacklist) သွင်းခဲ့သည်။ လူဆိုးစာရင်းသွင်းခံရသည်နှင့် ထိုလုပ်ငန်းနှင့် ပတ်သက်သည့် စက်မှုလုပ်ငန်းခွဲများရှိ ထုတ်လုပ်သူအဖွဲ့အစည်းနှင့် သက်ဆိုင်သည့် မည်သည့်အလုပ်ရုံတွင်မှာမှ အလုပ်ရရန် မမျှော်လင့်နိုင်တော့ပါ။ ၁၉ဝ၈ ခုနှစ်တွင်ပင် လုပ်အားခ ၁ဝ–၁၅ ရာခိုင်နှုန်း ဖြတ် တောက်ခဲ့ပါသည်။ အလုပ်ချိန်များမှာလည်း နေရာတကာတွင် ၁ဝ–၁၂ နာရီထိ တိုးမြှင့်ခဲ့သည်။ ပြင်း ထန်လှသည့် ဒဏ်ရိုက်သည့်စနစ် ပြန်လည်ထွန်းကားလာပြန်သည်။

၁၉ဝ၅ ခုနှစ် တော်လှန်ရေးရှုံးနိမ့်မှုက တော်လှန်ရေးလှုပ်ရှားသူများအကြား ပြိုကွဲခြင်းနှင့် ပျက်ပြားဆုတ်ယုတ်ခြင်း ဖြစ်စဉ်ကို စတင်လိုက်ပါသည်။ ပြိုကွဲခြင်းနှင့် ပျက်ပြားဆုတ်ယုတ်သည့် အခြင်း အရာများသည် အထူးသဖြင့် ပညာတတ်များအကြား ပိုမိုထင်ရှား သိသာပါသည်။ တော်လှန်ရေး ဒီရေတက်ချိန်တွင် လှုပ်ရှားမှုအတွင်း ပါဝင်လာခဲ့ကြသည့် ခရီးသည်အုပ်စုမှ လှုပ်ရှားသမားများသည် ဖောက်ပြန်ရေးကာလများအတွင်း ပါတီကို စွန့်ခွာခဲ့ကြသည်။ တချို့သည် တော်လှန်ရေး၏ ပြောင် ရန်သူများနှင့် ပူးပေါင်းသွားပြီး၊ တချို့မှာ ဆက်လက်ရှင်သန်နိုင်သည့် တရားဝင် အလုပ်သမားလူတန်း စား အဖွဲ့အစည်းများအတွင်း ဝင်ရောက်ကာ၊ တော်လှန်ရေးလမ်းကြောင်းမှ ပစ္စည်းမဲ့များ သွေဖီသွား ရန်နှင့် ပစ္စည်းမဲ့များ၏ တော်လှန်ရေးပါတီကို ဂုဏ်သိက္ခာညှိုးနွမ်းသွားရန် အကြီးအကျယ် လုံးပန်းကြ ပါသည်။ တော်လှန်ရေးကို စွန့်ခွာပြီးနောက်၊ လှုပ်ရှားသမားများသည် ဖောက်ပြန်ရေးသမားများ၏ မျက်နှာသာရရေးနှင့် ဇာဘုရင်စနစ်နှင့် ငြိမ်းချမ်းစွာနေနိုင်ရေးအတွက် ကြိုးစားကြသည်။

ဇာဘုရင်အစိုးရသည် တော်လှန်ရေးရှုံးနိမ့်မှုကို အခွင့်ကောင်းယူကာ တော်လှန်ရေးသမားများ အထဲမှ ပိုမိုသူရဲဘောကြောင်သူနှင့် ကိုယ်ကျိုးကြီးသူများကို သူလျှိုအဖြစ် ရှာဖွေခဲ့သည်။ ဇာဘုရင်၏ အိုကရာနာက ဤရွံမုန်းဖွယ် သစ္စာဖောက်များကို အလုပ်သမားလူတန်းစားနှင့် ပါတီအဖွဲ့အစည်း

များအတွင်း စေလွှတ်ပြီး၊ အတွင်းမှ စုံစမ်းရန်နှင့် တော်လှန်ရေးကို သစ္စာဖောက်ရန် စေခိုင်းခဲ့ပါသည်။ တန်ပြန်တော်လှန်ရေး၏ ထိုးစစ်သည် သဘောတရားရေးရာ စစ်မျက်နှာတွင်လည်း ဆင်နွှဲလာသည်။ မာ့က်စ်ဝါဒကို ဝေဖန်တိုက်ခိုက်ပြီး၊ "အဆုံးတိုင်ချေမှုန်းကာ" တော်လှန်ရေးကို ပြောင်လှောင်သရော် ရှုတ်ချပြီး၊ သစ္စာဖောက်မှုများကို ချီးကျူးပြီး "တဦးတယောက်အပေါ် ပုဂ္ဂိုလ်ရေးကိုးကွယ်မှု" ဆိုသည့် မျက်နှာဖုံးနှင့် လိင်ဖောက်ပြန်မှုများကို မိုးထိ ချီးမြှင့်ကြသည့် စာရေးဆရာတအုပ်ကြီး ခေတ်စား၍ ကျော်ကြားလာသည်။

အဘိဓမ္မာနယ်ပယ်တွင် မာ့က်စ်ဝါဒကို "ဝေဖန်ရန် " နှင့် ပြန်လည်ပြုပြင်ရန် ပိုမို ကြိုးပမ်းလာကြပြီး၊ သိပ္ပံသဘောတရား အတုအယောင်များဖြင့် ဖုန်းကွယ်ထားသည့် ဘာသာရေး သဘောတရား အမျိုးမျိုးအဖုံဖုံလည်း ပေါ်ပေါက်လာသည်။

မာ့က်စ်ဝါဒကို "ဝေဖန်ခြင်း"သည် အလွန်ခေတ်စားလာသည်။

ဤလူကြီးလူကောင်းအားလုံးသည် အရောင်အမျိုးမျိုးထွက်နေသော်လည်း လူထုကို တော်လှန်ရေးမှသွေဖီသွားစေရန်ဆိုသည့် တခုတည်းသော ရည်ရွယ်ချက်သာရှိခဲ့သည်။

ဖောက်ပြန်ပျက်စီးခြင်းနှင့် ယုံကြည်မှုအပေါ် ကပ်ဆိုက်ခြင်း **(Scepticism)** သည်လည်း ပါတီပညာတတ် အစိတ်အပိုင်းအပေါ် ဂယက်ရိုက်ခတ်ခဲ့သည်။

၎င်းတို့သည် ၎င်းတို့ကိုယ်၎င်းတို့ မာ့က်စ်ဝါဒီများဟု သဘောပိုက်ခဲ့သော်လည်း မာ့က်စ်ဝါဒီ တယောက်၏ အမြင်ကို ဘယ်တုံးကမျှ စွဲမြဲစွာကိုင်စွဲခြင်းမရှိခဲ့ပါ။

၎င်းတို့ထဲတွင် ဘော့ဒါးနော့ဗ် **(Bogdanov)**၊ ဘာဇာရော့ဗ် **(Bazsrov)**၊ လူနာချာစကီး **(Lunacharsky)** (၁၉၀၅ ခုနှစ်တွင် ဘော်ရှီဗစ်များနှင့်ပေါင်းခဲ့သူ)၊ ယူစကီးဗစ်ချ် **(Yushkevich)** နှင့် ဗလင်တီနော့ဗ် **(Valentinov)**(မင်ရှီဗစ်) စသည့် စာရေးဆရာများ ပါဝင်ပေသည်။ ၎င်းတို့သည် မာ့က်စ်ဝါဒ သဘောတရား၏ အဘိဓမ္မာရေးရာအခြေခံ (ဝါ) အနုပဋိလောမ ရုပ်ဝါဒနှင့် သမိုင်းရေးရာ သိပ္ပံပညာ၏ အခြေခံမာ့က်စ်ဝါဒများ သို့မဟုတ် သမိုင်းရုပ်ဝါဒကို ဆန့်ကျင်တိုက်ခိုက်သည့် ၎င်းတို့၏ "ဝေဖန်ရေး"တိုက်ပွဲကို တပြိုင်တည်း စတင်တိုက်ခိုက်ခဲ့သည်။ ဤဝေဖန်ရေးသည် ပြုလုပ်နေကျ ဝေဖန်ရေးများနှင့် ကွာခြားပြီး၊ ပြောင်နှင့် တိုက်ရိုက် ပွင့်ပွင့်လင်းလင်း ဝေဖန်တိုက်ခိုက်ခြင်း မဟုတ်ဘဲ မာ့က်စ်ဝါဒ၏ အခြေခံအဆင့်အတန်းကို "ကာကွယ်ရန်" ဆိုသည့် မျက်နှာဖုံးနှင့် အယောင်ဆောင် ဖုံးကွယ် တိုက်ခိုက်မှုဖြစ်ပါသည်။

ဤလူများက ၎င်းတို့ကိုယ်၎င်းတို့ အဓိကအားဖြင့် မာ့က်စ်ဝါဒီများဖြစ်ကြပေမယ့် အခြေခံမူဝါဒအချို့ကို ဖြတ်တောက်ထုတ်ပယ်ပစ်ပြီး၊ မာ့က်စ်ဝါဒကို "တိုးတက်ကောင်းမွန်" စေချင်သူများ ဖြစ်သည်ဟု ကြွေးကြော်ကြသည်။ အမှန်မှာ ၎င်းတို့သည် မာ့က်စ်ဝါဒအပေါ် ၎င်းတို့၏ ရန်လိုမှုကို လိမ်ညာငြင်းဆိုပြီး၊ ၎င်းတို့နှစ်ဖက်မျက်နှာဖြင့် မာ့က်စ်ဝါဒီ ပုံဖမ်းနေသော်လည်း မာ့က်စ်ဝါဒ၏ သဘောတရားအခြေခံများကို ဖျက်ဆီးပစ်ရန်ကြိုးစားပြီး၊ မာ့က်စ်ဝါဒအပေါ် ရန်သတ္တု ပြခဲ့ပါသည်။ ဤလိမ်ညာ ဝေဖန်ရေး၏ အန္တရာယ်မှာ ပါတီဝင်ထုများကို လိမ်လည်လှည့်ဖျားပြီး လမ်းမှားသို့ ရောက်စေရန် ရည်ရွယ်ခြင်းပင်ဖြစ်သည်။ မာ့က်စ်ဝါဒ သဘောတရားရေးရာ အခြေခံများကို ဖျက်လိုဖျက်ဆီးရည်ရွယ်ချက်ဖြင့် ဤဝေဖန်ရေးကို ပိုမို၍ ညာလုံးလေ ပါတီအတွက် ပိုမို အန္တရာယ်ကြီးလေ ဖြစ်ခဲ့ပြီး၊ ပါတီနှင့် တော်လှန်ရေးကို ဆန့်ကျင်သည့် ဖောက်ပြန်ရေးသမားများ၏ အထွေထွေတိုက်ခိုက်မှုနှင့် ပိုမို ပေါင်း

စပ်မိလေဖြစ်သွားခြင်းကြောင့် ဖြစ်သည်။ မာ့က်စ်ဝါဒကို စွန့်ပစ်သွားသည့် ပညာတတ်အချို့သည် ကား သဘောတရားအသစ် ထူထောင်ရန် အထိပင် ပြောဆိုလာကြသည်။ (၎င်းတို့ကို ''ဘုရားရှာသူများ''နှင့် ''ဘုရားတည်ဆောက်သူများ''ဟု ခေါ်ကြသည်။)

ဤမာ့က်စ်ဝါဒသဘောတရား သစ္စာဖောက်များကို အကွက်မိမိ ပြန်လည်ချေပရန်၊ ၎င်းတို့ မျက်နှာဖုံးကို ဆွဲချုတ်ပြီး အကုန်အစင် ဖော်ထုတ်ရန်နှင့် ဤကဲ့သို့သောနည်းဖြင့် မာ့က်စ်ဝါဒ ပါတီ၏ သဘောတရားရေးရာ အခြေခံများကို ကာကွယ်ထိန်းသိမ်းရန်မှာ မာ့က်စ်ဝါဒီများအတွက် အရေးတကြီးလိုအပ်လာပါသည်။

ဤတာဝန်ကို ၎င်းတို့ကိုယ်၎င်းတို့ ''ထင်ရှားသည့်မာ့က်စ်ဝါဒ သဘောတရားဆရာများ'' ဟု သတ်မှတ်ထားသည့် ပလက်ကနော့ဗ်နှင့် ၎င်း၏ မင်ရှီဗစ်မိတ်ဆွေများက ထမ်းဆောင်လိမ့်မည်ဟု ထင်မှတ်စရာရှိပါသည်။ သို့သော် ၎င်းတို့သည် သတင်းစာပုံစံ ဝေဖန်ရေးမှတ်ချက် တခုနှစ်ခု မထင်မရှား ထုတ်လိုက်ပြီးနောက် ဤနယ်ပယ်မှ ထွက်ခွာသွားခဲ့သည်။

၁၉၀၉ ခုနှစ်တွင် ထုတ်ဝေသည့် ၎င်း၏ကျော်ကြားလှသော ''ရုပ်ဝါဒနှင့် အတွေ့အကြုံဝေဖန်ရေး'' စာအုပ်တွင် ဤတာဝန်ကို လီနင်က အောင်မြင်စွာ ထမ်းဆောင်ခဲ့သည်။

လီနင်ကရေးသားခဲ့သည်မှာ ''နှစ်ဝက်ထက်လျော့နည်းသော အချိန်အတွင်းတွင် အနုပဋ္ဌိ လောမ ရုပ်ဝါဒကို အဓိကအားဖြင့် အကြွင်းမဲ့နီးပါးမျှ တိုက်ခိုက်ရန် လုံးပန်းခဲ့သည်။ စာအုပ် လေးအုပ် ပေါ်ထွက်ခဲ့သည်။ ၎င်းတို့ထဲတွင် ဘာဇာရော့ဗ်၊ ဘော့ဒါးနော့ဗ်၊ လူနာချာစကီး၊ ဘာမင် (Berman)၊ ဟဲလ်ဖွန် (Helfond)၊ ယူစကီးဗစ်ချ်နှင့် စူဗိုရော့ဗ် (Suvorov) တို့စုပေါင်းရေးသည့် ''မာ့က်စ်ဝါဒအဘိဓမ္မာအပေါ် လေ့လာရေး'' (''ဆန့်ကျင်ရေး''လို့ဆိုပါက ပိုမိုသင့်လျော်မည် ထင် သည်) (စိန့်ပီတာစဘတ် ၁၉၀၈ ထုတ်)။ ယူစကီးဗစ်ချ်၏ ''ရုပ်ဝါဒနှင့် ပိုင်းခြားစိတ်ဖြာသည့် (critical) အမှန်တရား''၊ ဘာမင်၏ ''ခေတ်သစ် ဗဟုသုတသဘောတရားနယ်ပယ်မှ အလင်း၏ အနုပဋ္ဌိလောမတရား''နှင့် ဗလင်တီနော့ဗ် ၏ ''မာ့က်စ်ဝါဒကို အဘိဓမ္မာရေးရာတည်ဆောက်မှုများ'' ဆိုသည့်စာအုပ်များ ပါဝင်သည်။ ဤလူများ အားလုံးသည် ၎င်းတို့၏ နိုင်ငံရေးအမြင်များတွင် ကွဲပြားမှုများ ရှိနေစေကာမူ အနုပဋ္ဌိလောမ ရုပ်ဝါဒအပေါ် ရန်လိုမုန်းတီးရာ၌ ညီညွတ်သွေးစည်းကြပြီး၊ တချိန်တည်းတွင် အဘိဓမ္မာရေးရာ၌ မာ့က်စ်ဝါဒီများဖြစ်ကြသည်ဟု ကြွေးကြော်ပြောဆိုကြသည်။ ဘာမင်က ''အိန်ဂယ်၏ အနုပဋ္ဌိလောမဟာ ''ဈာန်ဝါဒတရား'' (mysticism) ဖြစ်တယ်''လို့ဆိုခဲ့ပါသည်။ ဘာဇာရော့ဗ်ကတော့ ထင်ရှားပြီးသားအချက်တရပ်ကဲ့သို့ ''အိန်ဂယ်၏ အမြင်များဟာ ခေတ်နောက်ကျသွားပြီ''လို့ ပေါ့ပေါ့ဆဆ ပြောကြားခဲ့ပါသည်။ ဤသို့ ဖြင့် ''ခေတ်သစ်ဗဟုသုတ သဘောတရား''၊ ''လတ်တလောအဘိဓမ္မာ'' (သို့မဟုတ် လတ်တလော အပြုဝါဒ (positivism)၊ ''ခေတ်သစ်သဘာဝ သိပ္ပံပညာ၏ အဘိဓမ္မာ'' သို့မဟုတ် ''၂၀ ရာစုနှစ်၏ ခေတ်သစ်သဘာဝ သိပ္ပံပညာ၏ အဘိဓမ္မာ'' ဆိုတာများ အထိတောင် ဂုဏ်ယူဝံ့ကြွားစွာ ရည်ညွှန်း ပြောဆိုလာကြသည့် ကျွန်တော်တို့၏ ရဲရင့်လှသည့်စစ်သည်တော်ကြီးများက ရုပ်ဝါဒကို မယုံသင်္ကာကနဲ့ကွက် ပြောဆိုလာပုံရသည်။'' **(လီနင် ရုပ်ဝါဒနှင့် အတွေ့အကြုံဝေဖန်ရေး၊ အင်္ဂလိပ်ဘာသာ၊မော်စကို၊ ၁၉၄၇၊ စာမျက်နှာ–၉)**

အဘိဓမ္မာရေးရာ၌ ပြန်လည်ပြင်ဆင်ရေးသမား မိတ်ဆွေများကို မှန်ကန်ကြောင်း ပြန်လည်ပြောဆိုရန်အလို့ငှာ ''ကျွန်တော်တို့လမ်းလွဲသွားတာ ဖြစ်ကောင်းဖြစ်နိုင်ပေမယ့် ကျွန်တော်တို့ဟာ

ဆက်လက်ရှာဖွေနေပါတယ်''လို့ပြောကြားခဲ့တဲ့ လူနာချာစကီးကို ပြန်လည်ချေပရာ၌ လီနင်က ''ကျွန်တော်ဆိုရင်လည်း အဘိဓမ္မာမှာ ရှာဖွေနေသူတယောက်သာ ဖြစ်ပါတယ်။'' ပြောရရင်တော့ ဤမှတ်ချက်များ (ဆိုလိုသည်မှာ ရုပ်ဝါဒနှင့် အတွေ့အကြုံဝါဒ–အယ်ဒီတာ)မှာ ကျွန်တော့်ကိုယ် ကျွန်တော် ပေးအပ်တဲ့တာဝန်မှာ မာ့က်စ်ဝါဒအရခြေခံပြီး၊ မယုံကြည်လောက်အောင် ရှုပ်ထွေးပွေလီ ဖောက်ပြန်လှတဲ့အရာများကို ပေးကမ်းစွန့်ကြဲနေသည့် ဤလူများအတွက် ခလုတ်ကန်သင်းတွေ ဘာတွေ ဖြစ်တယ်ဆိုတာ ရှာဖွေရန်ဖြစ်ပါသည်။'' **(အထက်ပါစာစောင် စာမျက် နှာ–၁၀)** ဟု ရေးသားခဲ့သည်၊

သို့သော် အမှန်စင်စစ် လီနင်၏ စာအုပ်မှာ ဤအသင့်အတင့် တာဝန်ထက် ကျော်လွန်ခဲ့ ပါသည်။ အမှန်မှာမူ ဤစာအုပ်သည် ဘော့ဒါးနော့ဗ်၊ ယူစကီးဗစ်ချ်၊ ဘာဇာရော့ဗ်၊ ဗလင်တီနော့ဗ်နှင့် အဘိဓမ္မာတွင် ၎င်းတို့၏ ဆရာများဖြစ်သော အဲဗ်နာရီးစ် (Avenarius)နှင့် မတ်ချ် (Mach) တို့အပေါ် ဝေဖန်ရေးထက် တစုံတရာပိုပါသည်။ ဤအဘိဓမ္မာဆရာများက ၎င်းတို့၏ ဆောင်းပါးများတွင် မာ့က်စ်၏ ရုပ်ဝါဒကို ဆန့်ကျင်ပြီး၊ ဆေးကြောအရောင်တင်ထားသည့် စိတ်ဝါဒကိုတင်ပြဖို့ အကြီးအကျယ် ကြိုးပမ်းခဲ့ကြပါသည်။ တချိန်တည်းတွင် ဤစာအုပ်သည် မာ့က်စ်ဝါဒ၏ သဘောတရားရေးရာ အခြေခံများဖြစ်သော အနုပဋိလောမနှင့် သမိုင်းရုပ်ဝါဒနှင့် သမိုင်းကာလတခုလုံး၊ အိန်ဂယ်သေဆုံးချိန်မှ လီနင်၏ ''ရုပ်ဝါဒနှင့် အတွေ့အကြုံဝေဖန်ရေး''ပေါ်ပေါက်လာသည့် ကာလတလျှောက် သိပ္ပံပညာနှင့် အထူးသဖြင့် သဘာဝသိပ္ပံပညာတို့က ရရှိခဲ့သည့် အရေးကြီးပြီး မရှိမဖြစ် လိုအပ်သည့် ရုပ်ဝါဒကျသည့် လေ့လာသုံးသပ်ချက် အားလုံးကို ကာကွယ်ပါသည်။

ဤစာအုပ်တွင် ရုရှားအတွေ့အကြုံဝေဖန်ရေးသမားများနှင့် ၎င်းတို့၏ နိုင်ငံခြားဆရာများကို ထိရောက်စွာဝေဖန်ပြီးနောက် လီနင်သည် အဘိဓမ္မာရေးရာနှင့်သဘောတရားရေးရာ ပြန်လည်ပြင်ဆင်ရေးဝါဒနှင့်ပတ်သက်ပြီး အောက်ပါ နိဂုံးချုပ်ချက်များရလာသည်။

(၁) မာ့က်စ်ဝါဒအရခြေခံပြီး မာ့က်စ်ဝါဒကို အမြဲပိုမိုအနုစိတ် လိမ်လည်လှည့်ဖျား ပုံဖျက်ခြင်း။ ရုပ်ဝါဒဆန့်ကျင်သည့် အယူဝါဒများကို အမြဲပိုမို အနုစိတ်တင်ပြကာ ပြောဆိုနေခြင်း။ ဤသည်မှာ ခေတ်သစ် ပြန်လည်ပြင်ဆင်ရေးဝါဒ၏ နိုင်ငံရေး၊ စီးပွားရေး၊ နည်းပရိယာယ်ပြဿနာနှင့် ယေဘုယျအားဖြင့် အဘိဓမ္မာတို့တွင် ထူးခြားထင်ရှားသည့် လက္ခဏာဖြစ်သည်။ **(အထက်ပါစာစောင်၊ စာမျက်နှာ– ၃၄၂၊ ၃၄၃ )**

(၂) မတ်ချ်နှင့် အဲဗ်နာရီးစ်တို့တအုပ်လုံးသည် စိတ်ဝါဒဆီသို့ ရွေ့ရှားနေကြသည်။ **(အထက်ပါစာစောင်၊ စာမျက်နှာ–၇၀)**

(၃) ကျွန်တော်တို့၏ မတ်ချ်နောက်လိုက်များ (machians) အားလုံးသည်လည်း စိတ်ဝါဒထောင်ချောက်တွင်း ကျသွားကြပြီ။ **(အထက်ပါစာစောင်၊ စာမျက်နှာ–၃၅၉)**

(၄) ''အတွေ့အကြုံဝေဖန်ရေး၏အဘိဓမ္မာများ epistemological scholasticism[၇] နောက်တွင် အဘိဓမ္မာရေးတွင် ပါတီများ၏ တိုက်ပွဲ၊ နောက်ဆုံးပိတ်ခွဲခြမ်း စိတ်ဖြာချက်တွင် ခေတ်သစ်

---

*၇။ ဗဟုသုတ၏ မူလအစ၊ သဘာဝနှင့် အကန့်အသတ်တို့ကို လေ့လာသည့် အဘိဓမ္မာပိုင်း၊ Scholasticism အလယ်ခေတ်များက တက္ကသိုလ်တွင် သင်ကြားသည့် အဘိဓမ္မာစနစ်။ (ဘာသာပြန်သူ)*

လူ့အဖွဲ့အစည်းတွင်းရှိ အတိုက်အခံ လူတန်းစားများ၏ တိမ်းစောင်းမှုများ နှင့် အတွေးအခေါ် တို့ကိုဖော်ပြသည့်တိုက်ပွဲကို မမြင်တွေ့ရန်မှာ မဖြစ်နိုင်ချေ။ ''**(အထက်ပါစာစောင်၊ စာမျက်နှာ-၃၇၁)**

**(၅)** ''ရည်ရွယ်ချက်၊ အတွေ့အကြုံဝေဖန်ရေး၏ လူတန်းစားအခန်းမှာ သိပ္ပံပညာ၏ အထက်တွင် ယုံကြည်မှုကို ထားရှိသည့် ဖောက်ပြန်ရေးသမားများ (fideists) ကို ယေဘုယျအားဖြင့် ရုပ်ဝါဒကို ဆန့်ကျင်ပြီး၊ အထူးသဖြင့် သမိုင်းရုပ်ဝါဒကို ဆန့်ကျင်သည့် တိုက်ပွဲတွင် သစ္စာရှိစွာအမှုတော်ထမ်းရန် လုံးဝဖြစ်ပေသည်။'' **(အထက်ပါစာစောင်၊ စာမျက်နှာ-၃၇၁)**

**(၆)** အဘိဓမ္မာရေးရာ စိတ်ဝါဒသည် ဘာသာရေးဆိုင်ရာ မထင်မရှား မရေမရာဖြစ်ခြင်း သို့မဟုတ် ဖုံးဖိပိတ်ပင်ခြင်း (clerical obscurantism) လမ်းသာဖြစ်သည်။ **(လီနင်ကျမ်းပေါင်းစုံ၊ ရုရှားဘာသာ အတွဲ၁၂၊ စာမျက်နှာ-၃၀၄)**

ကျွန်တော်တို့ ပါတီသမိုင်းတွင် လီနင်စာအုပ်၏ ကြီးမားလှသည့် အခန်းပါဝင်မှုကို အလေးဂရုပြု အသိအမှတ်ပြုရန်နှင့် စတိုလီပင် ဖောက်ပြန်ရေးကာလအတွင်း ပြန်လည်ပြင်ဆင်ရေးနှင့် သစ္စာဖောက် အမျိုးမျိုးတို့ထံမှ လီနင်ကာကွယ်ခဲ့သည့် သဘောတရားရေးရာ ရတနာများကို သိရှိနားလည်ရန် ကျွန်တော်တို့သည် အကျဉ်းချုပ်မျှဖြစ်ပါစေ၊ အနုပဋိလောမနှင့် သမိုင်းရုပ်ဝါဒ အခြေခံများအပေါ် ကျွမ်းကျင်အောင် ပြုလုပ်ရပါလိမ့်မည်။

အနုပဋိလောမနှင့် သမိုင်းရုပ်ဝါဒသည် ကွန်မြူနစ်ဝါဒ၏ သဘောတရားရေး အခြေခံ၊ မာ့က်စ်ဝါဒ ပါတီတရပ်၏ သဘောတရားရေးရာ အခြေခံများ ပါဝင်ဖွဲ့စည်းနေသည့်အတွက် ပိုမိုပင်လိုအပ်ပြီး၊ ဤမှုများကို သိရှိရန်နှင့် လေ့လာရန်မှာ ကျွန်တော်တို့ပါတီ၏ တက်ကြွသည့် ပါတီဝင်တိုင်း၏ တာဝန် ဖြစ်ပေသည်။

ဤကဲ့သို့ဆိုလျှင် **၁။** အနုပဋိလောမရုပ်ဝါဒ (Dialectical materialism)
**၂။** သမိုင်းရုပ်ဝါဒ (Historical materialism) တို့မှာဘာတွေနည်း။

## အနုပဋိလောမရုပ်ဝါဒနှင့် သမိုင်းရုပ်ဝါဒ

အနုပဋိမလောမရုပ်ဝါဒသည် မာ့က်စ်လီနင်ပါတီ၏ ကမ္ဘာ့အမြင်ဖြစ်သည်။ အနုပဋိလောမ ရုပ်ဝါဒ ဟုခေါ်ရခြင်းမှာ ၎င်း၏ သဘာဝအခြင်းအရာများကို ချဉ်းကပ်မှု၊ သဘာဝအခြင်းအရာများကို လေ့လာပြီး သိမြင်သည့်နည်းနာများသည် အနုပဋိလောမဖြစ်ပြီး၊ ၎င်း၏ သဘာဝအခြင်းအရာအပေါ် အဓိပ္ပာယ်ဖွင့်ဆိုချက်၊ အယူအဆသဘောတရားသည် ရုပ်ဝါဒဖြစ်သောကြောင့်ဖြစ်သည်။

သမိုင်းရုပ်ဝါဒဆိုသည်မှာ အနုပဋိလောမရုပ်ဝါဒမှုများကို လူ့အဖွဲ့အစည်းလေ့လာရေးအထိ တိုးချဲ့လိုက်ပြီး၊ လူ့အဖွဲ့အစည်း ဘဝအခြင်းအရာများတွင်လည်းကောင်း၊ လူ့အဖွဲ့အစည်းနှင့် ၎င်း၏ သမိုင်းကိုလေ့လာရာတွင်လည်းကောင်း၊ အနုပဋိလောမ ရုပ်ဝါဒမှုများကို အသုံးချခြင်းပင်ဖြစ်သည်။

မာ့က်စ် (Marx) နှင့် အိန်ဂယ် (Engels) တို့သည် ၎င်းတို့၏ အနုပဋိလောမနည်းနာများကို ဖော်ပြရာတွင် အနုပဋိလောမနည်းနာ၏ အဓိကလက္ခဏာများကို တီထွင်ခဲ့သည့် အဘိဓမ္မာဆရာကြီး အဖြစ် ဟီဂယ် (Hegel) ကို ကိုးကားဖော်ပြလေ့ရှိသည်။ သို့သော်လည်း မာ့က်စ်နှင့် အိန်ဂယ်တို့၏ အနုပဋိလောမသည် ဟီဂယ်၏ အနုပဋိလောမနှင့်တူညီသည်ဟုမဆိုလိုပါ။ အမှန်မှာမူ မာ့က်စ်နှင့်

အိန်ဂယ်တို့၏ အနုပဋိလောမသည် ဟီဂယ်၏အနုပဋိလောမမှ "အကျိုးအကြောင်းရှိသော အတွင်းပိုင်း" (Rational Kernal) ကိုသာ ထုတ်နုတ်ယူပြီး၊ ဟီဂယ်၏စိတ်ဝါဒ အရေခွံကို စွန့်ပစ်ကာ ခေတ်မီသိပ္ပံပညာသဏ္ဌာန်တရပ်အဖြစ် ဖော်ထုတ်ရန်အလို့ငှာ အနုပဋိလောမကို ဆက်လက် ဖြစ်ပေါ်တိုးပွားခဲ့သည်။

မာ့က်စ်က "ကျွန်ုပ်၏ အနုပဋိလောမနည်းနာသည် ဟီဂယ်၏နည်းနာနှင့် ခြားနားရုံမျှမက၊ ၎င်းနှင့်တိုက်ရိုက်ဆန့်ကျင်ဘက်ဖြစ်သည်။ ဟီဂယ်က "စိတ်ကူး" (the Idea) ဟူသောအမည်ဖြင့် တွေးတောဆင်ခြင်မှုဖြစ်စဉ် (the Process of thinking) ကို အမှီအခိုကင်းသော အရာအဖြစ် ပြောင်းလဲပစ်ပြီး၊ ၎င်းက တကယ့်ကမ္ဘာလောကကြီးကို ဖန်တီးသူဖြစ်ကာ တကယ့်ကမ္ဘာလောကသည် စိတ်ကူးအခြင်းအရာသဏ္ဌာန်အဖြစ် ပြင်ပတွင်သာရှိနေသည်ဟု ဆိုခဲ့သည်။ ကျွန်ုပ်အတွက်မူ ဤသည်နှင့် ဆန့်ကျင်စွာပင် စိတ်ကူးသည် အခြားမဟုတ်။ လူသားများ၏စိတ်တွင် ထင်ဟပ်လာပြီး အတွေးအခေါ်သဏ္ဌာန်များအဖြစ် ပြန်ဆိုဖော်ပြထားသည့်ရုပ်ကမ္ဘာ (Material world) ဖြစ်သည်" ဟုဆိုခဲ့ပါသည်။ (**ကားလ်မာ့က်စ်"အရင်းကျမ်း"အတွဲ(၁)၊ စာမျက်နှာ–၃၀**)

မာ့က်စ်နှင့်အိန်ဂယ်တို့သည် ၎င်းတို့၏ ရုပ်ဝါဒကို ဖော်ပြဖွင့်ဆိုရာတွင် ရုပ်ဝါဒတရားများကို နေရာမှန်ပြန်လည်ပေးခဲ့သော အဘိဓမ္မာဆရာကြီးအဖြစ် ဖြူးဝါးဘတ် (Feuerbach) ကို ကိုးကားဖော်ပြလေ့ရှိသည်။ သို့သော်လည်း မာ့က်စ်နှင့် အိန်ဂယ်တို့၏ ရုပ်ဝါဒသည် ဖြူးဝါးဘတ်၏ ရုပ်ဝါဒနှင့် တူညီသည်ဟု မဆိုလိုပါ။ အမှန်မှာမူ မာ့က်စ်နှင့် အိန်ဂယ်တို့သည် ဖြူးဝါးဘတ် ရုပ်ဝါဒမှ အတွင်းပိုင်းအဆံ (inner kernal) ကိုထုတ်ယူပြီး၊ သိပ္ပံနည်းကျ အဘိဓမ္မာဆိုင်ရာ ရုပ်ဝါဒ သဘောတရားအဖြစ် ဖြစ်ပေါ်တိုးပွားစေကာ၊ ၎င်း၏စိတ်ဝါဒ ဘာသာရေးကျင့်ဝတ် အပေါ်လွှာကို ဖယ်ရှားပစ် လိုက်ပါသည်။ ဖြူးဝါးဘတ်သည် အခြေခံအားဖြင့် ရုပ်ဝါဒီတဦးဖြစ်သော်လည်း ရုပ်ဝါဒဆိုသောအမည်ကို ဆန့်ကျင်ခဲ့ကြောင်း ကျွန်တော်တို့ သိကြပါသည်။ အိန်ဂယ်က တကြိမ်ထက်မက ပြောခဲ့သည်မှာ ဖြူးဝါးဘတ်သည် ရုပ်ဝါဒ "အခြေခံ" ရှိခဲ့သော်လည်း "ရှေးရိုးအစဉ်အလာ စိတ်ဝါဒ အနှောင်အဖွဲ့များ၏ တုပ်နှောင်ခြင်းခံနေရသည်"ဟုလည်းကောင်း၊ "သူ၏ ဘာသာရေးနှင့် ကျင့်ဝတ်ဆိုင်ရာ အဘိဓမ္မာကို ကြည့်လိုက်ပါက ဖြူးဝါးဘတ်၏ တကယ့်စိတ်ဝါဒ ပေါ်လွင်ထင်ရှားလာသည်။" (**ကားလ်မာ့က်စ် လက်ရွေးစင်ကျမ်း၊ အင်္ဂလိပ်ဘာသာ မော်စကို၊ ၁၉၄၆၊ အတွဲ၁၊ စာမျက်နှာ ၃၇၃၊ ၃၇၅**)

အနုပဋိလောမ (Dialectics) စကားလုံးမှာ ဂရိစကားလုံး ဒိုင်ရာလီဂို (Dialego) မှ ဆင်းသက်လာပြီး၊ ဆွေးနွေးငြင်းခုန်သည်ဟု အဓိပ္ပာယ်ရသည်။ ရှေးခေတ်အခါက အနုပဋိလောမတရားသည် ဆန့်ကျင်ဘက်ပြုသူ၏ ငြင်းခုန်မှုအတွင်းရှိ ပဋိပက္ခများကို ဖော်ထုတ်ပြီး၊ ၎င်းပဋိပက္ခများကို ဖြေရှင်းကျော်လွှားခြင်းဖြင့် အမှန်တရားကိုရရှိနိုင်သည့် အနုပညာတရပ်ဖြစ်ခဲ့သည်။ ရှေးခေတ်က တွေးခေါ်မှုအတွင်းရှိ ပဋိပက္ခများကို ဖော်ထုတ်ခြင်းနှင့် ဆန့်ကျင်ဘက်အမြင်များ၏ အတိုက်အခံဖြစ်မှုတို့သည် အမှန်တရားသို့ရောက်ရှိရန် အကောင်းဆုံးနည်းနာဖြစ်သည်ဟု တချို့အဘိဓမ္မာဆရာများက ယုံကြည်ခဲ့ကြသည်။ ဤ အနုပဋိလောမတွေးခေါ်မှုနည်းနာသည် နောက်ပိုင်းတွင် သဘာဝအခြင်းအရာအဖြစ်သို့ တိုးချဲ့လိုက်ပြီး သဘာဝကို သိနားလည်သော အနုပဋိလောမနည်းနာတရပ်အဖြစ်သို့ ဖြစ်ပေါ်တိုးပွား သွားသည်။ ၎င်းသည် သဘာဝအခြင်းအရာကို ထာဝစဉ်လှုပ်ရှားနေပြီး အဆက်မပြတ်

ပြောင်းလဲနေသည်ဟုယူဆကာ သဘာဝ၏ဖြစ်ပေါ်တိုးပွားမှုကို သဘာဝ၏ ပဋိပက္ခများ၏ ဖြစ်ပေါ်တိုးပွားမှု၏ အကျိုးရလဒ်ဟုလည်းကောင်း၊ သဘာဝ၏ ဆန့်ကျင်ဘက်အင်အားစု၏ အပြန်အလှန် လှုပ်ရှားမှုများ၏ အကျိုးရလဒ်ဟုလည်းကောင်း ယူဆသည်။

အနှစ်သာရအားဖြင့် အနုပဋိလောမတရားသည် တက္ကဗေဒ၏ တိုက်ရိုက်ဆန့်ကျင်ဘက် ဖြစ်ပေသည်။

## ၁။ မာ့က်စ်ဝါဒ အနုပဋိလောမနည်းနာ၏ အဓိကအချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**(က)** တက္ကဗေဒနှင့် ဆန့်ကျင်စွာပင် အနုပဋိလောမသည် သဘာဝကိုကြည့်မြင်ရာ၌ အရာဝတ္ထုများ၊ အခြင်းအရာများသည် တခုနှင့်တခု သီးခြားကင်းကွာစွာ အဆက်အစပ်မရှိ အမှီအခိုကင်းစွာ ရှောင်တခင်စုပြုံနေမှုတရပ်အဖြစ် လက်မခံဘဲ၊ ၎င်းတို့ကို တဆက်တစပ်တည်း၊ တခုတည်းအဖြစ်ကြည့်မြင်ကာ အရာဝတ္ထုများ၊ အခြင်းအရာများသည် တခုနှင့်တခု ရုပ်သဘောအားဖြင့် (organically) ဆက်သွယ်ကာ အပြန်အလှန် အမှီသဟဲပြုပြီး အကန့်အသတ် ခံထားရသည်ဟု ယူဆသည်။

ထို့ကြောင့် အနုပဋိလောမနည်းနာက လက်ခံယူဆထားသည်မှာ သဘာဝ၏ မည်သည့်အခြင်းအရာကိုမဆို ပတ်ဝန်းကျင် အခြင်းအရာများနှင့် ခွဲခြားပြီး တဦးတည်းသီးခြား ကြည့်မြင်ပါက နားလည်နိုင်မည်မဟုတ်ချေ။ သဘာဝနယ်ပယ်မှ မည်သည့်အခြင်းအရာပင်ဖြစ်စေ ပတ်ဝန်းကျင်အခြေအနေနှင့် ဆက်စပ်ခြင်းမပြုဘဲ၊ ကင်းကွာစွာကြည့်ရှုလျှင် အဓိပ္ပာယ်မရှိဖြစ်ပေလိမ့်မည်။ အပြန်အလှန်အားဖြင့် မည်သည့်အခြင်းအရာပင်ဖြစ်ပါစေ၊ ၎င်း၏ ခွဲခွာမရသော ပတ်ဝန်းကျင်အခြင်းအရာများနှင့် ဆက်စပ်စဉ်းစားကြည့်မြင်ပါက ပတ်ဝန်းကျင်အခြင်းအရာက ထိန်းချုပ်ကန့်သတ်ထားသည့် အရာအဖြစ် နားလည်ဖြေရှင်းနိုင်ပေလိမ့်မည်။

**(ခ)** တက္ကဗေဒနှင့် ဆန့်ကျင်စွာပင်၊ အနုပဋိလောမက သဘာဝကိုကြည့်မြင်ယူဆသည်မှာ ငြိမ်သက်အေးဆေးပြီး၊ မလှုပ်မရှားဖြစ်နေသောအရာ၊ တည်ငြိမ်ပြီး မပြောင်းမလဲရှိနေသောအရာ အဖြစ်မဟုတ်ဘဲ၊ အဆက်မပြတ် လှုပ်ရှားပြောင်းလဲနေသောအရာ၊ အဆက်မပြတ် အသစ်ဖြစ်ပေါ်တိုးပွားနေသော အရာဖြစ်ပြီး၊ တစုံတခုက အမြဲပေါ်ထွက် တိုးပွားလာနေကာ၊ တစုံတခုက အမြဲပျက်စီးယိုယွင်းသေဆုံးသွားနေသည် ဟူ၍ဖြစ်ပါသည်။

ထို့ကြောင့် အနုပဋိလောမနည်းနာကလိုအပ်သည်မှာ အခြင်းအရာများကို ကြည့်မြင်ရာ၌ ၎င်းတို့၏ အပြန်အလှန် ဆက်စပ်မှုနှင့် အပြန်အလှန် အမှီသဟဲပြုမှုအမြင်အရသာမက၊ ၎င်းတို့၏ လှုပ်ရှားမှု၊ ပြောင်းလဲမှု၊ ဖြစ်ပေါ်လာမှုနှင့် ပျက်စီးသွားမှု အမြင်ဘက်မှလည်း ကြည့်မြင်ရမည် ဖြစ်ပေသည်။

အနုပဋိလောမနည်းနာက မျက်မှောက်ကာလတွင် တည်မြဲခိုင်ကျည်သယောင်ရှိသော်လည်း၊ ကြေပြုန်းစပြုနေသော အရာအပေါ် အဓိကအားဖြင့် အရေးထားခြင်း မပြုဘဲ၊ မျက်မှောက်ကာလတွင် တည်မြဲဟန်မရှိသော်လည်း၊ ဖြစ်ပေါ်တိုးပွားလာနေသောအရာအပေါ် အရေးထားပါသည်။ အ

ကြောင်းမှာ ဖြစ်ပေါ်တိုးပွားလာနေသောအရာသာလျှင် ခိုင်မာမြဲမြန်သည်ဟု အနုဋ္ဌိလောမနည်းနာက ယူဆသောကြောင့်ဖြစ်ပါသည်။

အိန်ဂယ်က "သဘာဝအားလုံး၊ အသေးဆုံးအရာဝတ္ထုမှ အကြီးဆုံးအထိ၊ သဲမှုန်ကလေးမှ နေစကြာဝဠာအဆုံး၊ မူလသက်ရှိကလာပ်စည်းမှ လူသတ္တဝါအဆုံးတို့သည် အဆက်မပြတ်သောဖြစ်ခြင်းနှင့်ပျက်ခြင်းတရား၊ အဆက်မပြတ်ပြောင်းလဲ စီးဆင်းနေခြင်း၊ မရပ်မနား ပြောင်းလဲလှုပ်ရှားနေသော အခြေအနေ ရှိနေပါသည်။" (**အိန်ဂယ်၊ သဘာဝ အနုပဋ္ဌိလောမ**) ဟုဆိုခဲ့ပါသည်။

အိန်ဂယ်က ထို့ကြောင့် အနုပဋ္ဌိလောမသည် "အရာဝတ္ထုများနှင့် ၎င်းတို့၏ သိမြင်မှု စိတ်ကူးပုံစံများကို အထူးသဖြင့် ၎င်းတို့အပြန်အလှန်ဆက်စပ်မှု၊ ဆက်သွယ်မှု၊ လှုပ်ရှားမှု၊ ပေါ်ထွက်မှုနှင့် ပျောက်ကွယ်မှုတို့အပေါ် ကြည့်မြင်သုံးသပ်သည်။" ဟု ဆိုခဲ့သည်။ (**အိန်ဂယ်–ဒူးရင်းဆန့်ကျင်ရေး**)

**(ဂ)** တက္ကဗေဒနှင့် ဆန့်ကျင်စွာပင် အနုပဋ္ဌိလောမက ဖြစ်ပေါ်တိုးပွားမှုဖြစ်စဉ်ကို ကြည့်မြင်ရာ၌ အရေအတွက်ပြောင်းလဲမှုမှ အရည်အချင်းပြောင်းလဲမှုသို့ မရောက်ရှိသည့် ရိုးရိုးသာမန်ကြီးထွားမှုဖြစ်စဉ်အဖြစ်မဟုတ်ဘဲ၊ မထင်မရှား၊ မသိမသာ ဖြစ်ပေါ်နေသော အရေအတွက်ပြောင်းလဲမှုများမှ အတိအလင်းနှင့် အရင်းခံကျစွာပြောင်းလဲမှု၊ အရည်အချင်းပြောင်းလဲမှုသို့ ကူးပြောင်းသွားပြီး၊ ဤဖြစ်ပေါ်တိုးပွားမှုတွင် အရည်အချင်းပြောင်းလဲမှုသည် တဖြည်းဖြည်းချင်း မဟုတ်ဘဲ၊ အခြေအနေတခုမှ အခြားအခြေအနေတခုသို့ ရုတ်တရက်နှင့် လျင်မြန်စွာခုန်ကူးပြောင်းလဲသော သဏ္ဌာန်ဖြင့်ဖြစ်သည်။ ၎င်းတို့သည် အမှတ်မထင် ရှောင်တခင်ပေါ်ပေါက်လာခြင်းမဟုတ်ဘဲ၊ မသိမသာနှင့် တစတစအရေအတွက် ပြောင်းလဲမှုများ စုပြုံလာမှု၏ သဘာဝအကျိုးဆက်အဖြစ် ပေါ်ပေါက်လာခြင်းဖြစ်သည်။

ထို့ကြောင့် အနုပဋ္ဌိလောမနည်းနာက လက်ခံယူဆထားသည်မှာ ဖြစ်ပေါ်တိုးပွားမှုဖြစ်စဉ်ကို စက်ဝိုင်းသဖွယ် လှုပ်ရှားမှုအဖြစ် မယူဆသင့်၊ ဖြစ်ပြီးသားများ ထပ်ပြန်တလဲလဲ ဖြစ်ပေါ်နေခြင်းမဟုတ်ဘဲ၊ ရှေ့သို့ချီနေသော၊ အထက်သို့တက်လှမ်းနေသော လှုပ်ရှားမှုအဖြစ်လည်းကောင်း၊ အိုမင်းဟောင်းနွမ်းသော အရည်အချင်း အခြေအနေတရပ်မှ သစ်လွင်သော အရည်အချင်း အခြေအနေတရပ်သို့ ကူးပြောင်းမှုအဖြစ်လည်းကောင်း၊ ရိုးရိုးဖြစ်ပေါ်တိုးပွားမှုမှ ရှုပ်ထွေးသောဖြစ်ပေါ်တိုးပွားမှုနှင့် ဖြစ်ပေါ်တိုးပွားမှု အဆင့်နိမ့်မှ အဆင့်မြင့်တရပ်အဖြစ်လည်းကောင်း လက်ခံထားပါသည်။

အိန်ဂယ်က "သဘာဝသည် အနုပဋ္ဌိလောမ၏ မှတ်ကျောက်ဖြစ်ပြီး၊ ခေတ်သစ်သဘာဝသိပ္ပံပညာက ဤမှတ်ချက်ကို တနေ့တခြား တိုးပွားလာသည့် အလွန်ကြွယ်ဝသော အထောက်အထားများဖြင့် အရောင်တင်ပေးလိုက်သည်ဟု ဆိုရပေမည်။ ဤနည်းဖြင့် နောက်ဆုံး ခွဲခြမ်းစိတ်ဖြာမှုအရ သဘာဝ၏ဖြစ်စဉ်သည် တက္ကဗေဒအတိုင်း မဟုတ်ဘဲ၊ အနုပဋ္ဌိလောမနည်းအရသာဖြစ်ကြောင်းနှင့် ၎င်းသည် ထာဝရ တမျိုးတည်းနှင့် အဆက်မပြတ် ထပ်ပြန်တလဲလဲ စက်ဝိုင်းအတိုင်း လည်ပတ်လှုပ်ရှားနေခြင်း မဟုတ်ဘဲ၊ တကယ့်သမိုင်းကို ကျော်လွန်ဖြတ်သန်းရကြောင်း သက်သေပြလိုက်ပေသည်။ ဤနေရာတွင် ဒါဝင်ကို အထူးဖော်ပြရမည်ဖြစ်ပြီး၊ သူက ယနေ့ရုပ်ကမ္ဘာ (organic wold) တွင် အပင်များ၊ တိရိစ္ဆာန်များနှင့် လူများအားလုံးပင်လျှင် နှစ်သန်းပေါင်းများစွာအတွင်း တိုးတက်နေသည့် ဖြစ်ပေါ်တိုးပွားမှု ဖြစ်စဉ်၏ ရလာဒ်ဖြစ်ကြောင်း သက်သေထူပြကာ၊ တက္ကဗေဒ၏ သဘာဝအယူအဆကို ပြင်းထန်စွာထိုးနှက်လိုက်သည်။ (**အထက်ပါကျမ်း**)

အနုပဋိလောမ ဖြစ်ပေါ်တိုးပွားမှုကို အရေအတွက်ပြောင်းလဲမှုများမှ အရည်အချင်းပြောင်းလဲမှုများသို့ ကူးပြောင်းမှုအဖြစ် ဖော်ပြပြောဆိုရာတွင် အိန်ဂယ်က "ရူပဗေဒတွင် ပြောင်းလဲမှုတိုင်းသည် အရေအတွက်မှ အရည်အချင်းသို့ ကူးပြောင်းမှုဖြစ်သည်။ ၎င်းသည် ကိုယ်ခန္ဓာတခုတွင် မူလတည်းက ရှိသော သို့မဟုတ် အခြားနေရာမှလာသော လှုပ်ရှားမှုသဏ္ဌာန်တခုခု၏ အရေအတွက်ပြောင်းလဲမှု၏ ရလာဒ်ဖြစ်သည်။ ဥပမာ ရေ၏အပူချိန်သည် ပထမတွင် ၎င်း၏အရည်အနေအထားကို အကျိုးသက်ရောက်မှုမရှိသော်လည်း ထိုအရည်အနေအထား (liquid state) ရေ၏ အပူချိန်ကို တိုးမြှင့်ခြင်း သို့မဟုတ် လျှော့ချခြင်းပြုလုပ်လိုက်ပါက ဤပေါင်းရုံးစည်းကပ်ထားသည့် (cohesion) အနေအထားပြောင်းလဲသည့် အချိန်ကာလသို့ ရောက်ရှိသွားပြီး၊ ရေသည် အခြေအနေတခုတွင် ရေနွေးငွေ့ဖြစ်သွားပြီး၊ နောက်အခြေအနေတခုတွင် ရေခဲအဖြစ်ပြောင်းလဲသွားသည်။ ပလက်တီနမ်ဝိုင်ယာကြိုးတွင် အလင်းရောင်ထွက်ရန် အနိမ့်ဆုံး လျှပ်စီးအင်အား (current) အတိအကျတခုလိုအပ်ပြီး၊ လိုအပ်သည့် အပူချိန်ရရှိရန် ကျွန်တော်တို့ စီမံခန့်ခွဲနိုင်သရွေ့ သတ္တုတိုင်းတွင် ၎င်း၏အရည်ပျော်အပူချိန်ရှိပြီး၊ အရည်တိုင်းတွင် တစုံတခုသောဖိအား၌ ရေခဲအမှတ်နှင့် ရေဆူအမှတ် အတိအကျရှိသည်။ အဆုံးတွင် ဓာတ်ငွေ့တိုင်း၌ သင့်တော်သော ဖိအားပေးခြင်းနှင့် အအေးခံခြင်းတို့ဖြင့် အရည်အဖြစ်သို့ ပြောင်းလဲသွားနိုင်သည့် အချက်အချာအရေးကြီးသည့် အမှတ်တခုရှိသည်။ အများသိကြသောရူပဗေဒကိန်းသေများ (အနေ အထားတခုမှ အခြားအနေအထားတခုသို့ ကူးပြောင်းသည့် အမှတ်–အယ်ဒီတာ)မှာ များသောအားဖြင့် ဆက်ထုံးအမှတ် (Nodal point) အတွက် အညွှန်းဖော်ပြချက်များသာဖြစ်ပြီး၊ ၎င်းတွင် လှုပ်ရှားမှု၏ အတိုးအလျှော့အရေအတွက် (ပြောင်းလဲမှု) က ကိုယ်ခန္ဓာတခု၏ အခြေအနေတွင် အရည်အချင်း ပြောင်းလဲမှုကို ဖြစ်ပြီး၊ ၎င်းတွင် အကျိုးဆက်အားဖြင့် အရေအတွက်သည် အရည်အချင်းသို့ ပြောင်းလဲသွားသည်။" (**အိန်ဂယ်–သဘာဝ အနုပဋိလောမ**)

ဓာတုဗေဒအကြောင်းဆက်လက်ပြောကြားရာ၌ အိန်ဂယ်က–

"ဓာတုဗေဒကို အရေအတွက် ပေါင်းစည်းဖွဲ့တည်မှု အပြောင်းအလဲများကြောင့် ခန္ဓာအစုအဝေးများတွင် ဖြစ်ပေါ်လာသော အရည်အချင်းပြောင်းလဲမှု သိပ္ပံပညာဟုခေါ်ဆိုနိုင်ပေသည်။ ဤသည်ကို ဟီဂယ်ကပင်သိပြီးဖြစ်သည်။ ဥပမာ အောက်ဆီဂျင်၊ အကယ်၍ မော်လီကျူးတွင် ခါတိုင်းပါဝင်နေကျ အနုမြူမဟုတ်ဘဲ သုံးခုပါဝင်သွားပါက သာမန်အောက်ဆီဂျင်နှင့် အနံ့၊ တုံ့ပြန်မှုတို့တွင် လုံးဝခြားနားသော အိုဇုန်းဆိုသည့် ခန္ဓာအစုအဝေး တခုရရှိသည်။ ပြောရပါမူ အောက်ဆီဂျင်သည် နိုက်တြိုဂျင် သို့မဟုတ် ဆာလ်ဖာတို့နှင့် မတူသောအချိုးအစားအမျိုးမျိုးနှင့် ပေါင်းစပ်ပါက တခြားခန္ဓာအစုအဝေးများနှင့် အရည်အချင်းအရကွာခြားသည့် ခန္ဓာအစုအဝေးတခုစီကို ထုတ်ပေးလိုက်သည်။ (**အထက်ပါကျမ်း**)

ဟီဂယ်၏ ကြိုးပမ်းအားထုတ်မှုအားလုံးအပေါ် ပြစ်တင်ဝေဖန်သော်လည်း သူ၏ကျော်ကြားလှသော စစ်တမ်းဖြစ်သည့် ခံစားမှုမရှိသည့် လောကနယ်ပယ်မှ အာရုံခံစားမှုရှိသည့် နယ်ပယ်သို့၊ သက်မဲ့ (Inorganic) လောကမှ သက်ရှိ (organic) လောကသို့ ကူးပြောင်းမှုသည် အခြေအနေသစ်တရပ်သို့ ခုန်ကူးမှုဖြစ်သည်ဆိုသည်ကို ခိုင်ကြောင်ခိုင်ဂုက် ငြားရမ်းထားသူ ဒူးရင်းကို အဆုံးသတ်၌ ဝေဖန်ရင်း အိန်ဂယ်က–

“ဤသည်မှာ အတိအကျအားဖြင့် ဟီဂယ်၏ တိုင်းထွာရေး ဆက်ဆံမှု၏ ဆက်ထုံးဖြစ်ပြီး၊ ၎င်းတွင် အတိအကျ ဆက်ထုံးအမှတ်များ၌ အရေအတွက် သက်သက်တိုးမြှင့်ခြင်း သို့မဟုတ် လျော့နည်းခြင်းသည် အရည်အချင်း ခုန်ကူးပြောင်းလဲမှု ဖြစ်စေနိုင်သည်။ ဥပမာ အပူပေးထားသည့် သို့မဟုတ် အအေးခံထားသည့် ရေတွင် မှန်တန်းဖိအားအောက်၌ ရေဆူအမှတ်နှင့် ရေခဲအမှတ်တို့ သည် စုစည်းမှု အဆင့်သစ်တရပ်သို့ခုန်ကူးပြီး၊ ဤသို့အားဖြင့် အရေအတွက်မှ အရည်အချင်းတရပ် သို့ ပြောင်းလဲသွားသည့် ဆက်ထုံးများဖြစ်ပေသည်။ (**အိန်ဂယ်–ဒူးရင်းဆန့်ကျင်ရေး**)

**(ဃ)** တက္ကဗေဒနှင့် ဆန့်ကျင်စွာပင် အနုပဋိလောမက ခံယူထားသည်မှာ အတွင်းပိုင်းပဋိပက္ခများသည် အရာဝတ္ထုများနှင့် သဘာဝအခြင်းအရာများ အားလုံးတွင် ပင်ကိုယ်ပါရှိပြီးဖြစ်သည်။ အကြောင်းမှာ ၎င်းတို့အားလုံးတွင် အဆိုးဘက်နှင့် အကောင်းဘက်များ၊ အတိတ်နှင့် အနာဂတ်၊ တစုံတရာချုပ်ငြိမ်းနေမှုနှင့် တစုံတရာဖြစ်ပေါ်တိုးပွားမှုများရှိနေပြီး၊ ဤဆန့်ကျင်ဘက်များအကြား တိုက်ပွဲ၊ အဟောင်းနှင့်အသစ်အကြား၊ သေဆုံးသွားသည့်အရာနှင့် ပေါက်ဖွားလာသည့်အရာအကြား၊ ပျောက်ကွယ်သွားသည့်အရာနှင့် ဖြစ်ပေါ်တိုးပွားနေသည့်အရာအကြား တိုက်ပွဲများသည် ဖြစ်ပေါ်တိုးပွားမှုဖြစ်စဉ်၏ အတွင်းပိုင်းအနှစ်သာရ၊ အရေအတွက်ပြောင်းလဲမှုများမှ အရည်အချင်း ပြောင်းလဲမှုများသို့ ကူးပြောင်းခြင်း၏ အတွင်းပိုင်းအနှစ်သာရတို့ဖြစ်ပါသည်။

ထို့ကြောင့် အနုပဋိလောမနည်းနာက ယူဆသည်မှာ အဆင့်နိမ့်မှ အဆင့်မြင့်သို့ ဖြစ်ပေါ်တိုးပွားသော ဖြစ်စဉ်သည် အခြင်းအရာများကို လိုက်လျောညီထွေ ဖွင့်လှစ်ထုတ်ဖော်သောဖြစ်စဉ်မဟုတ်ဘဲ၊ အရာဝတ္ထုများနှင့် အခြင်းအရာများတွင် ပင်ကိုယ်ပါရှိပြီး ပဋိပက္ခများကို ဖော်ထုတ်သောဖြစ်စဉ်၊ ဤပဋိပက္ခများကို အခြေခံကာ ပြုမူလှုပ်ရှားနေသော ဆန့်ကျင်ဘက် တိမ်းစောင်းမှုများ၏ “တိုက်ပွဲ” ဖြစ်စဉ်ဖြစ်သည်။

လီနင်က “အနုပဋိလောမ၏ ပင်ကိုယ်အဓိပ္ပာယ်မှာ အရာဝတ္ထုများ၏ တကယ့်အနှစ်သာရ အတွင်းမှ ပဋိပက္ခကို လေ့လာခြင်း ဖြစ်သည်။ (**လီနင်–အဘိဓမ္မာမှတ်စုများ၊ ရုရှားဘာသာ၊ စာမျက်နှာ– ၂၆၃**)

ထို့အပြင် ဆက်လက်ပြောကြားသည်မှာ “ဖြစ်ပေါ်တိုးပွားမှုဆိုသည်မှာ ဆန့်ကျင်ဘက်များ၏ “တိုက်ပွဲ”ဖြစ်သည်။” (**လီနင်ကျမ်းပေါင်း စုံ၊ ရုရှားဘာသာအတွဲ ၁၃၊ စာမျက်နှာ–၃၀၁**)

အထက်ပါများသည် အတိုချုပ်အားဖြင့် မာ့က်စ်ဝါဒ အနုပဋိလောမနည်းနာ၏ အဓိက လက္ခဏာများဖြစ်သည်။

လူ့အဖွဲ့အစည်း ဘဝလေ့လာရေးနှင့် လူ့အဖွဲ့အစည်းသမိုင်းလေ့လာရေးတို့တွင် အနုပဋိလောမနည်းနာ၏ မူများကို တိုးချဲ့ပြန့်ပွားလိုက်မှု၏ ကြီးမားလှသော အရေးပါအရာရောက်မှုနှင့် လူ့အဖွဲ့အစည်းသမိုင်းနှင့် ပစ္စည်းမဲ့ပါတီ၏ လက်တွေ့လှုပ်ရှားမှုတို့တွင် ဤမူများကို အသုံးချလိုက်မှု၏ ကြီးမားလှသော အရေးပါအရာရောက်မှုကို အလွယ်တကူ နားလည်နိုင်ပါသည်။

ကမ္ဘာပေါ်၌ သီးခြားအခြင်းအရာဟူ၍မရှိဘဲ၊ အခြင်းအရာအားလုံး အပြန်အလှန် ဆက်စပ်အမှီသဟဲပြုနေပါက လူ့အဖွဲ့အစည်းစနစ်တိုင်းနှင့် သမိုင်းတွင်းရှိ လူမှုလှုပ်ရှားမှုတိုင်းကို “ထာဝရမျှတမှု (Eternal Justic) သို့မဟုတ် သမိုင်းပညာရှင်များ မကြာခဏပြောဆိုနေကြသော အခြားကြိုတင်သိမြင်သော စိတ်ကူး (Preconceived idea) ရပ်တည်ချက် အမြင်များမှ မဟုတ်ဘဲ ထိုစနစ်

သို့မဟုတ် ထိုလူမှုလုပ်ရှားမှုကို ပေါ်ထွက်လာစေပြီး၊ ၎င်းတို့နှင့်လည်း ဆက်သွယ်နေသည့် အကြောင်းအချက်များ၏ ရပ်တည်ချက် အမြင်များမှ အကဲဖြတ်ရမည်မှာ ရှင်းနေပေသည်။

ကျေးကျွန်စနစ်သည် ခေတ်သစ် အကြောင်းအချက်များအောက်တွင် အဓိပ္ပာယ်မရှိသော၊ သဘာဝမကျသော မိုက်မဲမှုပင်ဖြစ်သည်။ သို့သော် ပြိုကျပျက်စီးနေသည့် ရှေးခေတ်ဘုံအဖွဲ့ အကြောင်းအချက်များ အောက်တွင်မူ ကျေးကျွန်စနစ်သည် ရှေးခေတ်ဘုံစနစ်၏ တိုးတက်မှုတရပ်ကို ကိုယ်စားပြုသည့်အတွက် လုံးဝနားလည်နိုင်သော သဘာဝအခြင်းအရာ တရပ်ဖြစ်သည်။ ဆိုပါစို့။ ၁၉၀၅ ခု ရုရှား၌ ဇာဘုရင်စနစ်နှင့် ဓနရှင်လူ့အဖွဲ့အစည်း တည်ရှိနေမှုအောက်တွင် ဓနရှင်ဒီမိုကရေစီသမ္မတနိုင်ငံ တောင်းဆိုမှုသည် လုံးဝနားလည်နိုင်သော၊ သင့်တော်သော၊ တော်လှန်ရေးတောင်းဆိုချက်တရပ်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုအချိန်က ဓနရှင်သမ္မတနိုင်ငံသည် ရှေ့တလှမ်းတိုးခြင်းပင်ဖြစ်သည်။ သို့သော် ယခုအချိန် ဆိုဗီယက်ဆိုရှယ်လစ် ရုရှားသမ္မတနိုင်ငံ (U.S.S.R) အခြေအနေ၌ ဓနရှင်ဒီမိုကရေစီသမ္မတနိုင်ငံ တောင်းဆိုမှုသည် အဓိပ္ပာယ်မရှိသော တန်ပြန်တော်လှန်ရေးတောင်းဆိုမှုတရပ်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဓနရှင်သမ္မတနိုင်ငံသည် ဆိုဗီယက်သမ္မတနိုင်ငံနှင့် နှိုင်းစာပါက နောက်တလှမ်းဆုတ်မှုဖြစ်သည်။

အရာရာတိုင်းသည် အခြေအနေအကြောင်းအချက်၊ အချိန်ကာလနှင့် နေရာဒေသတို့ပေါ်တွင် မူတည်နေပေသည်။

လူ့အဖွဲ့အစည်း အခြင်းအရာကို ဤကဲ့သို့သော သမိုင်းရေးရာ ချဉ်းကပ်မှုမရှိပါက သမိုင်းဆိုင်ရာ သိပ္ပံပညာ တည်ရှိမှုနှင့် ဖြစ်ပေါ်တိုးပွားမှုမရှိနိုင်။ အဘယ်ကြောင့်ဆိုသော် ဤကဲ့သို့ချဉ်းကပ်မှုသည်သာလျှင် သမိုင်းသိပ္ပံပညာအား မတော်တဆမှုများ ရောထွေးစုပုံသွားမှုနှင့် အမိုက်မဲဆုံးသော အမှားများ စုပေါင်းသွားမှုများမှ ကယ်တင်နိုင်ပေမည်။

ထို့အပြင် အကယ်၍ ကမ္ဘာလောကကြီးသည် အဆက်မပြတ်လှုပ်ရှားဖြစ်ပေါ်တိုးပွားနေပါက အဟောင်းချုပ်ငြိမ်းပြီး၊ အသစ်ဖြစ်ပေါ်ကြီးထွားမှုသည် ဖြစ်ပေါ်တိုးပွားမှု၏ တရားဥပဒေသဖြစ်ပါက “မပြောင်းလဲနိုင်သော”လူမှုစနစ်များ၊ ပုဂ္ဂလိကပိုင်ဆိုင်မှုနှင့် သွေးစုပ်မှုတို့ “ထာဝရမှုများ”၊ လယ်သမားများက မြေရှင်များကိုနာခံရခြင်း၊ အလုပ်သမားများက အရင်းရှင်ကို နာခံရခြင်းဆိုသည့် “ထာဝရအယူအဆများ”သည် မရှိနိုင်ကြောင်း ရှင်းနေပေသည်။

ဆိုလိုသည်မှာ တကြိမ်တခါက ပဒေသရာဇ်စနစ်ကို အရင်းရှင်စနစ်က အစားထိုးလိုက်သကဲ့သို့ အရင်းရှင်စနစ်ကိုလည်း ဆိုရှယ်လစ်စနစ်က အစားထိုးနိုင်ပေသည်။

ထို့ကြောင့် ကျွန်တော်တို့သည် မျက်မှောက်ကာလတွင် လွှမ်းမိုးနေသော အင်အားစုဖြစ်နေသော်လည်း ဆက်လက်ဖြစ်ပေါ်တိုးပွားမှု မရှိသည့် လူ့အဖွဲ့အစည်းအလွှာပေါ်တွင် ကျွန်တော်တို့၏ ဦးတည်ချက်ကို အခြေမခံသင့်ဘဲ၊ မျက်မှောက်ကာလတွင် လွှမ်းမိုးနေသော အင်အားစုမဟုတ်သော်လည်း ဖြစ်ပေါ်တိုးပွားနေပြီး အနာဂတ်လည်းရှိသည့် လူ့အလွှာများပေါ်တွင် အခြေခံသင့်သည်။

လွန်ခဲ့သည့် ရာစုနှစ်၏ ရှစ်ဆယ်စုနှစ်များအတွင်း မာ့က်စ်ဝါဒီများနှင့် နာရောဒ်နစ်များအကြား တိုက်ပွဲကာလ၌ ရုရှား၏ ပစ္စည်းမဲ့များသည် လူဦးရေ၏ မပြောလောက်သည့် အနည်းစုဖြစ်နေပြီး၊ လယ်သမားများမှာမူ လူဦးရေ၏ အများတကာ့ အများစု ဖြစ်နေပေသည်။ သို့သော် ပစ္စည်းမဲ့များသည် လူတန်းစားတရပ်အဖြစ် ကြီးထွားဖြစ်ပေါ်လာကာ လယ်သမားထုသည် လူတန်းစားအရ ပြိုကွဲ

သွားခဲ့သည်။ ပစ္စည်းမဲ့များသည် လူတန်းစားတရပ်အဖြစ် ဖြစ်ပေါ်တိုးပွားနေမှုကြောင့်သာလျှင် မာ့က်စ်ဝါဒီများက ၎င်းတို့၏ ဦးတည်ချက်ကို ပစ္စည်းမဲ့များအပေါ် အခြေခံခဲ့ပေသည်။ သူတို့ မမှားခဲ့ကြပါ။ အကြောင်းမူ ကျွန်တော်တို့ သိကြသည့်အတိုင်း ပစ္စည်းမဲ့များသည် နောက်ပိုင်းတွင် မပြောပလောက်သော အင်အားစုလေးမှ ပထမတန်း သမိုင်းဝင်အင်အားစုတရပ်အဖြစ်သို့ ကြီးထွားလာခြင်းကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် ပေါ်လစီအရ မှားယွင်းမှုမရှိရန်မှာ နောက်သို့မကြည့်မူဘဲ ရှေ့သို့မျှော်ခေါ်ကြည့်ရှုရမည်။

ထို့အပြင် နှေးကွေးသောအရည်အတွက်ပြောင်းလဲမှုများမှ ရုတ်တရက် လျင်မြန်သောအရည်အချင်း ပြောင်းလဲမှုများသို့ ကူးပြောင်းခြင်းသည် ဖြစ်ပေါ်တိုးပွားမှုတရားဖြစ်ပါက အဖိနှိပ်ခံလူတန်းစားများကဆင်နွှဲသည့် တော်လှန်ရေးများသည် သဘာဝကျသည့်၊ မလွှဲမရှောင်သာသည့် အခြင်းအရာများသာဖြစ်သည်မှာ ရှင်းနေပေသည်။

ထို့ကြောင့် အရင်းရှင်စနစ်မှ ဆိုရှယ်လစ်စနစ်သို့ကူးပြောင်းရေးနှင့် အရင်းရှင်ထမ်းပိုးအောက်မှ အလုပ်သမားလူတန်းစား လွတ်မြောက်ရေးသည် နှေးကွေးစွာ ပြောင်းလဲသောလမ်း၊ ပြုပြင်ရေးလမ်းများအတိုင်း ဖြစ်နိုင်လိမ့်မည်မဟုတ်ဘဲ အရင်းရှင်စနစ်၏ အရည်အချင်းပြောင်းလဲမှု၊ တော်လှန်ရေးလမ်းသာလျှင် ဖြစ်ပေမည်။

ထို့ကြောင့် ပေါ်လစီအရ မှားယွင်းမှုမရှိစေရန်မှာ တော်လှန်ရေးသမား ဖြစ်ရမည်။ ပြုပြင်ရေးသမားမဖြစ်ရ။

ထို့အပြင် ဖြစ်ပေါ်တိုးပွားမှုသည် အတွင်းပိုင်းပဋိပက္ခများကို ဖော်ထုတ်ရာမှလည်းကောင်း၊ ထိုပဋိပက္ခများကို ကျော်နင်းနိုင်ဖို့အတွက် ထိုပဋိပက္ခများအခြေခံပေါ်တွင် ဆန့်ကျင်ဘက်အင်အားစုများ၏အတိုက်အခံ ဖြစ်ပေါ်မှုများမှလည်းကောင်း ပေါ်ထွက်လာခဲ့သည် ဆိုပါက ပစ္စည်းမဲ့၏လူတန်းစားတိုက်ပွဲသည် သဘာဝလည်းကျကာ မလွှဲမရှောင်သာသည့် အခြင်းအရာဖြစ်သည်မှာ ရှင်းနေပေ သည်။

ထို့ကြောင့် ကျွန်တော်တို့သည် အရင်းရှင်စနစ်၏ ပဋိပက္ခများကို ဖုံးကွယ်မပစ်ရဘဲ ဖော်ထုတ်ဖြေရှင်းရမည်။ ကျွန်တော်တို့သည် လူတန်းစားတိုက်ပွဲကို မတားဆီးရဘဲ အဆုံးတိုင်ဆင်နွှဲ သွားရမည်။

ထို့ကြောင့် ပေါ်လစီအရ မှားယွင်းမှုမရှိစေရန်မှာ အလျှော့ပေးစေ့စပ်ခြင်းမပြုသည့် ပစ္စည်းမဲ့လူတန်းစား ပေါ်လစီကျင့်သုံးရမည်။

ပစ္စည်းမဲ့နှင့် ဓနရှင်တို့၏ အကျိုးစီးပွားကို သဟဇာတမျှတထားသည့် ပြုပြင်ရေးသမားများ၏ ပေါ်လစီမျိုး "အရင်းရှင်စနစ်အတွင်းမှ ဆိုရှယ်လစ်ပေါက်ရောက်ကြီးထွားလာရေး" ဆိုသည့် စေ့စပ်ပြေငြိမ်းသည့် ပေါ်လစီမျိုးမပြုလုပ်ရ။

ဤသည် လူ့အဖွဲ့စည်းဘဝ၊ လူ့အဖွဲ့စည်းသမိုင်းတို့တွင် ချမှတ်ကျင့်သုံးရမည့် မာ့က်စ်ဝါဒ အနုပဋိလောမနည်းနာ ဖြစ်ပေသည်။

မာ့က်ဝါဒ၏ ရုပ်ဝါဒအဘိဓမ္မာနှင့်ပတ်သက်၍မူ ၎င်းသည် အခြေခံအားဖြင့် စိတ်ဝါဒ အဘိဓမ္မာနှင့်လုံးဝဆန့်ကျင်ဘက်ဖြစ်သည်။

### ၂။ မာ့က်စ်ဝါဒ၏ ရုပ်ဝါဒအဘိဓမ္မာ၏ အဓိကလက္ခဏာများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**(က)** ကမ္ဘာလောကသည် "အကြွင်းမဲ့စိတ်ကူး"၊ "တလောကလုံးဆိုင်ရာစိတ်ဓာတ်"၊ "အသိ"တို့၏ ပေါင်းဖွဲ့ထားမှုဖြစ်သည်ဟု ခံယူသည့် စိတ်ဝါဒနှင့် ဆန့်ကျင်စွာ၊ မာ့က်စ်ရုပ်ဝါဒ အဘိဓမ္မာက ခံယူသည်မှာ ကမ္ဘာလောကသည် သဘာဝအားဖြင့် ရုပ်ဖြစ်သည်။ ကမ္ဘာလောက၏ များပြားလှသော အခြင်းအရာများသည် လှုပ်ရှားနေသည့်သဏ္ဌာန်အမျိုးမျိုးရှိသော ရုပ်ဒြပ်များဖြစ်သည်။ အခြင်းအရာများ၏ အပြန်အလှန် ဆက်စပ်မှုနှင့် အမှီသဟဲပြုမှုသည် အနုပဋိလောမနည်းနာက ဖော်ပြပြီးဖြစ်သည့်အတိုင်း လှုပ်ရှားနေသော ရုပ်ဒြပ်၏ ဖြစ်ပေါ်တိုးပွားမှုတရားဖြစ်သည်။ ကမ္ဘာလောကသည် ရုပ်လှုပ်ရှားမှု တရားဥပဒေနှင့်အညီ ဖြစ်ပေါ်တိုးပွားနေပြီး၊ မည်သည့် "တလောကလုံးဆိုင်ရာ စိတ်ဓာတ်"မှမလိုအပ်ချေ။ အိန်ဂယ်က "သဘာဝအပေါ် ရုပ်ဝါဒကျသည့် အမြင်ဆိုသည်မှာ မည်သည့် ပြင်ပ ရောစပ်မှုမှမပါဘဲ၊ ၎င်းတည်ရှိနေသည့်အတိုင်း သဘာဝအပေါ် ရိုးရိုးသာမန် လက်ခံခြင်းပင်ဖြစ်သည်။" (**အိန်ဂယ်၊ လူဒဝစ်–ဖြူးဝါးဘတ်၊ အင်္ဂလိပ်ဘာသာ၊ မော်စကို၊ ၁၉၄၃၊ စာမျက်နှာ–၇၉**)

"ကမ္ဘာလောကသည် တခုတည်းဖြစ်သည်။ မည်သည့်ဘုရားသခင် သို့မဟုတ် မည်သူကမျှ ဖန်တီးခြင်းမဟုတ်ဘဲ၊ ယခင်ကလည်းရှိခဲ့ပြီး၊ ယခုလည်းရှိကာ နောင်လည်းအမြဲဆက်ရှိနေဦးမည့် အသက်ရှင်နေသော မီးလျှံဖြစ်ကာ တရားသဘောအရ မီးထတောက်လောင်ခြင်းနှင့် တရားသဘောအရ ချုပ်ငြိမ်းသေဆုံး နေပေလိမ့်မည်" ဟုခံယူခဲ့သည့် ရှေးခေတ် အဘိဓမ္မာဆရာကြီး ဟီရာက လီတပ် (Heraclitus) ၏ ရုပ်ဝါဒအမြင်များအပေါ် လီနင်က "အနုပဋိလောမရုပ်ဝါဒ၏ မူလအခြေခံ များ၏ ကောင်းမွန်လှသော ရှင်းလင်းချက်ဖြစ်သည်ဟု မှတ်ချက်ချခဲ့သည်။ (**လီနင်၊ အဘိဓမ္မာ ရေးရာမှတ် ချက်များ၊ ရုရှားဘာသာ၊ စာမျက်နှာ–၃၁၈**)

**(ခ)** ကျွန်တော်တို့၏ အသိသည်သာ အမှန်စင်စစ်တည်ရှိပြီး၊ ရုပ်ကမ္ဘာလောက၊ သတ္တဝါ၊ သဘာဝသည် ကျွန်တော်တို့၏အသိ၊ ကျွန်တော်တို့၏ အာရုံခံစားမှုများ၊ စိတ်ကူးများနှင့် သိနားလည်မှုတို့တွင်သာ တည်ရှိသည်ဟု အတည်ပြုခံယူထားသည့် စိတ်ဝါဒနှင့် ဆန့်ကျင်စွာ မာ့က်စ် ရုပ်ဝါဒ အဘိဓမ္မာက ခံယူသည်မှာ ရုပ်ဒြပ်သဘာဝ၊ သတ္တဝါသည် ကျွန်တော်တို့ အသိ၏ ပြင်ပတွင် အမှီခိုကင်းစွာ တည်ရှိနေသည့် ပကတိ အဖြစ်အမှန်ဖြစ်သည်။ ရုပ်ဒြပ်သည် အာရုံခံစားမှု၊ စိတ်ကူးနှင့် အသိတို့၏ ရေသောက်မြစ်ဖြစ်သည့်အတိုင်း မူလပထမအခြေခံဖြစ်သည်။ အသိသည် ရုပ်ဒြပ်၏ ရောင်ပြန်ဟပ်ချက်၊ သတ္တဝါ၏ ရောင်ပြန်ဟပ်ချက် ဖြစ်သည့်အတိုင်း၊ အရေးမကြီးလှသော ဒုတိယ တန်းစား အဆွယ်အပွားဖြစ်သည့် အတွေးအခေါ်သည် လုံးဝပြည့်စုံပြီးမြောက်ခြင်း၏ အဆင့်မြင့်သို့ ဖြစ်ပေါ်တိုးပွားရောက်ရှိလာသည့် ရုပ်ဒြပ်၊ ဆိုလိုသည်မှာ ဦးနှောက်၏ ရလာဒ်ဖြစ်ပြီး၊ ဦးနှောက်သည် အတွေးအခေါ်၏ အဆောက်အအုံ ခန္ဓာကိုယ်ဖြစ်ပြီး၊ ထို့ကြောင့်ပင် ကြီးမားလှသည့် အမှားမကျူးလွန်ဘဲ၊ အတွေးအခေါ်ကို ရုပ်ဒြပ်မှ မခွဲခွာနိုင်ပါ။

အိန်ဂယ်က –

"တွေးတောဆင်ခြင်မှုနှင့် သတ္တဝါအကြားဆက်ဆံရေး၊ စိတ်ဓာတ်နှင့် သဘာဝအကြား ဆက်ဆံရေးပြဿနာသည် အဘိဓမ္မာတခုလုံး၏ အမြင့်ဆုံး၊ အရေးကြီးဆုံးပြဿနာဖြစ်သည်။ အဘိဓမ္မာဆရာများသည် ဤပြဿနာကို အဖြေပေးရာ၌ ဂိုဏ်းကြီးနှစ်ဂိုဏ်း ကွဲထွက်သွားသည်။ သဘာဝမတိုင်မီ

စိတ် တည်ရှိသည်ဟု ယူဆသူများက စိတ်ဝါဒဂိုဏ်းဝင်များ ဖြစ်သွားကြသည်။ သဘာဝက မူလအစဖြစ်သည်ဟု ယူဆသူများသည် ရုပ်ဝါဒဂိုဏ်း အမျိုးမျိုးတွင်ပါဝင်ကြသည်။" (**ကားလ်မာက်စ်၊ လက်ရွေးစင်ကျမ်း၊ အတွဲ ၁**)

ဆက်လက်၍–ကျွန်တော်တို့ကိုယ်တိုင်နှင့် ပတ်သက်နေသော သိမြင်ခံစားနိုင်သော ကမ္ဘာလောက ရုပ်ဝတ္ထုသည်သာ တကယ့်အဖြစ်မှန်ဖြစ်သည်။ ကျွန်တော်တို့၏ အသိနှင့် တွေးခေါ်ဆင်ခြင်မှုသည် လွန်ကဲသည့်အာရုံခံစားမှု ရှိဟန်ရှိသော်လည်း ရုပ်ခန္ဓာဦးနှောက်၏ ရလဒ်များသာဖြစ်သည်။ ရုပ်သည် အသိ၏ရလဒ် မဟုတ်ဘဲ အသိကိုယ်တိုင်ပင်လျှင် ရုပ်၏ အမြင့်ဆုံးရလဒ်မျှသာဖြစ်သည်။ (**ကားလ်မာ့က်စ်၊ လက်ရွေးစင်ကျမ်း ရုရှားဘာသာ၊ အတွဲ ၁၊ စာမျက်နှာ–၃၃၂**)

ရုပ်နှင့် အတွေးအခေါ် ပြဿနာနှင့် ပတ်သက်ပြီး မာ့က်စ်က–

"အတွေးအခေါ်ကို တွေးတောဆင်ခြင်သည့်ရုပ်မှ ခွဲခွာ၍ မဖြစ်နိုင်။ ရုပ်သည် ပြောင်းလဲမှု အားလုံး၏ အကြောင်းအရာ (subject) ဖြစ်သည်။ (**အထက်ပါကျမ်း**)

မာ့က်စ်၏ ရုပ်ဝါဒအဘိဓမ္မာကို ဖော်ပြရာ၌ လီနင်က "ရုပ်ဝါဒကို ယေဘုယျအားဖြင့် တကယ့်ဘဝ (ရုပ်) ကို အသိအာရုံခံစားမှု၊ အတွေ့အကြုံတို့နှင့် ကင်းလွတ်စွာ ဓမ္မဓိဋ္ဌာန်ကျကျ အသိအမှတ်ပြုသည်။ အသိသည် ဘဝ၏ရောင်ပြန်ဟပ်မှုသာလျှင် ဖြစ်ပြီး၊ အလွန်ဆုံးအားဖြင့် အနီးစပ်ဆုံး မှန်ကန်သော (ပြည့်စုံသော၊ အလွန်တိကျသော) ရောင်ပြန်ဟပ်မှုဖြစ်သည်။" (**လီနင်၊ ရုပ်ဝါဒအတွေ့အကြုံဝေဖန်ရေးမှ**)

ဆက်လက်၍ "ရုပ်သည် ကျွန်တော်တို့၏ အာရုံခံစားသော ကိုယ်ခန္ဓာ အစိတ်အပိုင်းများပေါ်တွင် ပြုမူလုပ်ဆောင်ကြရင်း၊ အာရုံခံစားမှုကို ထုတ်လုပ်ပေးသည်။ ရုပ်၊ သဘာဝ၊ သတ္တဝါ၊ ရုပ်ပိုင်းဆိုင်ရာ (physical) သည် မူလ အဓိက ပထမဖြစ်ပြီး၊ စိတ်ဓာတ်၊ အသိ၊ အာရုံခံစားမှု၊ စိတ်ပိုင်းဆိုင်ရာ (နာမ်ပိုင်း) (Psychical) သည် ဒုတိယလက်အောက်ခံဖြစ်သည်။ (**အထက်ပါကျမ်း**)

"ကမ္ဘာလောက၏ ရုပ်ပုံကားချပ်သည် ရုပ်၏ ပြုမူလှုပ်ရှားခြင်းနှင့် "ရုပ်၏တွေးခေါ် ခြင်း" တို့၏ ရုပ်ပုံကားချပ်ဖြစ်သည်။ (**အထက်ပါကျမ်း**)

"ဦးနှောက်သည် အတွေးအခေါ်၏ အဆောက်အအုံ ခန္ဓာကိုယ်ဖြစ်သည်။" (**အထက်ပါကျမ်း**)

**(ဂ)** ကမ္ဘာလောကနှင့် ၎င်း၏တရားများကို သိနားလည်နိုင်မှုကို ငြင်းပယ်ပြီး၊ ကျွန်တော်တို့၏ အသိပညာအပေါ် မှီခိုအားထားရမှုကို မယုံကြည်ဘဲ၊ ပကတိအမှန်တရားကို အသိအမှတ်မပြုဘဲ၊ ကမ္ဘာလောကသည် သိပ္ပံပညာက ဘယ်တော့မှ မသိရှိနိုင်သော လုံးဝ "မိမိဘာသာရှိသော အရာများ" (things in themselves) ဖြစ်သည်ဟု ယူဆသည့် စိတ်ဝါဒနှင့် ဆန့်ကျင်စွာပင် မာ့က်စ်ရုပ်ဝါဒအဘိဓမ္မာက ခံယူထားသည်မှာ ကမ္ဘာလောကနှင့် ၎င်း၏တရားများကို အပြည့်အဝ သိရှိနားလည်နိုင်သည်။ ကျွန်တော်တို့၏ သဘောတရားဆိုင်ရာ အသိပညာသည် အတွေ့အကြုံနှင့် လက်တွေ့၏ စမ်းသပ်စစ်ဆေးမှုကို ခံယူထားသည့်အတိုင်း မှီခိုအားထားရသော ပကတိအမှန်တရားလက္ခဏာဆောင်သော အသိပညာဖြစ်သည်။ ကမ္ဘာလောက၌ မသိနိုင်သောအရာဟူ၍ မရှိ။ မသိမြင်သေးသော အရာများသာ ရှိနေသေးသော်လည်း သိပ္ပံပညာနှင့် လက်တွေ့ကြိုးပမ်းမှုများက ဖော်ထုတ်သိရှိနိုင်ပါလိမ့်မည်။

ကမ္ဘာလောကသည် မသိရှိနိုင်ဘဲ၊ မသိရှိနိုင်သော"မိမိဘာသာရှိနေသောအရာများ" ဖြစ်သည်ဟု စစ်တမ်းထုတ်ထားသည့် ကန့် (Kent) နှင့်တခြားစိတ်ဝါဒီများကို ဝေဖန်ရင်း၊ ကျွန်တော်တို့၏ အသိပညာသည် မှီခိုအားထားရသော အသိပညာဖြစ်ကြောင်း ထင်ရှားသည့် ရုပ်ဝါဒစစ်တမ်းကို ကာကွယ်ကာ အိန်ဂယ်က ရေးသားခဲ့သည်မှာ–

"အဘိဓမ္မာဆိုင်ရာ ထူးဆန်းသည့်အတွေးများ အားလုံးကို အပြတ်သားဆုံးချေပရန်မှာ လက်တွေ့ဖြစ်သည်။ ဆိုလိုသည်မှာ လက်တွေ့စမ်းသပ်မှုနှင့် စက်မှုလုပ်ငန်းဖြစ်သည်။ သဘာဝဖြစ်စဉ်အပေါ် ကျွန်တော်တို့ ထင်မြင်ယူဆချက်၏ မှန်ကန်မှုကို ကျွန်တော်တို့ ဘာသာလုပ်ဆောင်ပြီး သက်သေပြနိုင်ပါက၊ သဘာဝအခြေအနေများမှ ထုတ်နုတ်ယူကာ၊ ကျွန်တော်တို့ ရည်မှန်းချက်များကို အလုပ်အကျွေး ပြုစေနိုင်ပါက၊ ကန့်ဝါဒီများ၏ နားမလည်နိုင်သော "မိမိဘာသာရှိသောအရာများ"သည် လမ်းဆုံးသွားပေမည်။ ဩဂဲနစ်ဓာတုဗေဒ (organic chemistry) က တခုပြီးတခု စတင် ထုတ်ယူပြသသည်အထိ၊ အပင်များနှင့် သတ္တဝါများ၏ ခန္ဓာကိုယ်များမှ ထုတ်လုပ်သည့် ဓာတုဒြပ်များသည် "မိမိဘာသာရှိနေသောအရာမျိုး" ဆိုသည်သာ ဖြစ်မြဲဖြစ်နေခဲ့ပါသည်။ ထိုအချိန်ကျမှ "မိမိဘာသာရှိနေသောအရာ"သည် ကျွန်တော်တို့အတွက် အရာဝတ္ထုဖြစ်လာသည်။ ဥပမာ အရောင်ဆိုးဆေး အယ်လီကရင်ကို နွယ်ပင်တမျိုးမှရရှိနိုင်သော်လည်း၊ နွယ်ပင်ကို ဒုက္ခခံမစိုက်ပျိုးတော့ဘဲ ပိုမိုဈေးပေါပြီး၊ သက်သာစွာရရှိနိုင်သည့် ကတ္တရားစေးမှ ထုတ်ယူရရှိနိုင်လာသည်။ ကိုပါးနီးကပ်စ်၏ နေစကြာဝဠာစနစ်သည် အနှစ်(၃၀၀)တိုင်တိုင်"မှန်းဆချက်" (hypothesis)တရပ်သာဖြစ်ခဲ့ပြီး၊ အလွန်နည်းအလွန် ဖြစ်ခဲ့သည့် မှန်းဆချက်တရပ်သာ ဖြစ်မြဲဖြစ်ခဲ့သည်။ သို့သော် ဤစနစ်က ထုတ်ယူပေးလိုက်သည့် စာရင်းဇယားများ အကူအညီဖြင့် လာဗားရီးယား (Leverrier) က ထိုကာလ အထိ မသိရှိခဲ့သော ဂြိုဟ်တခုရှိရမည်ကို သက်သေပြရုံမက၊ ရှိရမည့်နေရာကိုပါ တွက်ချက်ပြသည့်အခါ၊ ဂဲလ်လေး (Galle) က ထိုဂြိုဟ်ကို တကယ်ပင် တွေ့ရှိလာသည့်အခါ၊ ကိုပါးနီးကပ်စ်၏စနစ်သည် သက်သေပြပြီးဖြစ်သွားပါသည်။ (**ကားလ်မာ့က်စ် လက်ရွေးစင်ကျမ်း၊ အင်္ဂလိပ်ဘာသာ မော်စကို ၄၆၊ အတွဲ ၁၊ စာမျက်နှာ– ၃၆၈**)

ဘော့ဒါးနော့ဗ်၊ ဘာဇာရော့ဗ်၊ ယူစကီးဗစ်ချ်နှင့် တခြားမတ်ချ်၏နောက်လိုက်များကို ဖီးဒီးဝါဒ (Fideism) (သိပ္ပံပညာထက် ယုံကြည်မှုကို ဦးစားပေးသော ဖောက်ပြန်သည့်သဘောတရား ... ဘာသာပြန်သူ) အဖြစ်စွပ်စွဲကာ၊ ကျွန်တော်တို့၏ သဘာဝတရားဆိုင်ရာ သိပ္ပံနည်းကျ အသိပညာသည် မှီခိုအားထားရသော အသိပညာဖြစ်ပြီး၊ သိပ္ပံပညာတရားသည် ပကတိ အမှန်တရားကို ကိုယ်စားပြုသည်ဆိုသည့် ထင်ရှားလှသော ရုပ်ဝါဒစာတမ်းကို ကာကွယ်ရင်း လီနင်ပြောခဲ့သည်မှာ–

"မျက်မှောက် ဖီးဒီးဝါဒသည် သိပ္ပံပညာကို ယေဘုယျမပစ်ပယ်၊ ပစ်ပယ်သည်မှာ သိပ္ပံပညာ၏ "ချဲ့ကားထားသော အခိုင်အမာပြောဆိုချက်များ၊ ဆိုလိုသည်မှာ ပကတိအမှန်တရားအပေါ် အခိုင်အမာ ပြောဆိုချက်များကိုသာ ဖြစ်သည်။ အကယ်၍ (ရုပ်ဝါဒီများစဉ်းစားသလို) ပကတိအမှန်တရား တည်ရှိနေပါက၊ လူသား "အတွေ့အကြုံ"တွင် ပြင်ပကမ္ဘာကို ရောင်ပြန်ဟပ်ရင်း သဘာဝသိပ္ပံပညာသည်သာလျှင် ကျွန်တော်တို့ကို ပကတိအမှန်တရား ပေးနိုင်စွမ်းရှိပါက၊ ဖီးဒီးဝါဒအား လုံးကို အကြွင်းမဲ့ချေဖျက်ပြီး ဖြစ်သည်။ (**လီနင်၊ ရုပ်ဝါဒနှင့် အတွေ့အကြုံဝါဒဝေဖန်ရေး၊ စာမျက်နှာ– ၁၂၃၊ ၁၂၄**)

အထက်ပါများသည် အတိုချုပ်အားဖြင့် မာ့က်စ်ရုပ်ဝါဒအဘိဓမ္မာ၏ ထူးခြားထင်ရှားသည့် လက္ခဏာများဖြစ်သည်။

လူ့အဖွဲ့အစည်းဘဝ လေ့လာရေးနှင့် လူ့အဖွဲ့အစည်းသမိုင်း လေ့လာရေးတို့တွင် ရုပ်ဝါဒအဘိဓမ္မာ၏ မူများကို တိုးချဲ့ပြန့်ပွားလိုက်မှု၏ ကြီးမားလှသော အရေးပါ အရာရောက်မှုနှင့် လူ့အဖွဲ့အစည်းသမိုင်းနှင့် ပစ္စည်းမဲ့ပါတီ၏ လက်တွေ့လှုပ်ရှားမှုတို့တွင် ဤမူများကို အသုံးချလိုက်မှု၏ ကြီးမားလှသော အရေးပါအရာရောက်မှုကို အလွယ်တကူ နားလည်နိုင်ပါသည်။

သဘာဝအခြေအရာနှင့် ၎င်းတို့၏ အပြန်အလှန်မှီခိုမှုအကြား ဆက်စပ်မှုသည် သဘာဝဖြစ်ပေါ်တိုးပွားမှု၏ တရားဖြစ်ပါက၊ လူမှုရေး ဘဝအခြေအရာ၏ ဆက်စပ်မှုနှင့် အပြန်အလှန်မှီခိုမှုသည်လည်း ရှောင်တခင်ကိစ္စရပ်မဟုတ်ဘဲ၊ လူ့အဖွဲ့အစည်း ဖြစ်ပေါ်တိုးပွားမှု၏ တရားသာ ဖြစ်ပါလိမ့်မည်။

ထို့ကြောင့် လူမှုရေးဘဝ၊ လူ့အဖွဲ့စည်းသမိုင်းသည် "ရှောင်တခင်"ကိစ္စများ စုပြုံပေါင်းစပ်ထားခြင်း မဟုတ်တော့ဘဲ၊ ပုံမှန်တရားများနှင့်အညီ လူ့အဖွဲ့အစည်း ဖြစ်ပေါ်တိုးပွားမှု သမိုင်းဖြစ်လာပြီး၊ လူ့အဖွဲ့အစည်းသမိုင်း လေ့လာရေးသည် သိပ္ပံပညာရပ်တစ်ခုဖြစ်လာပေပြီ။

ထို့ကြောင့် ပစ္စည်းမဲ့ပါတီ၏ လက်တွေ့လုပ်ငန်းသည် "ထူးချွန်သည့်ပုဂ္ဂိုလ်များ"၏ စိတ်စေတနာကောင်းများပေါ်တွင်လည်းကောင်း၊ "အကြောင်းပြချက်"၊ "တစ်လောကလုံးဆိုင်ရာ ကျင့်ဝတ်" စသဖြင့်တို့၏ အမိန့်ဩဇာများပေါ်တွင်လည်းကောင်း၊ အခြေခံပြုရမည်မဟုတ်ဘဲ လူ့အဖွဲ့အစည်း ဖြစ်ပေါ် တိုးပွားမှုတရားနှင့် ၎င်းတရားကို စူးစမ်းလေ့လာမှုများ အပေါ်တွင် အခြေခံရမည်။

ထို့အပြင် ကမ္ဘာကြီးသည် သိရှိနားလည်နိုင်ပြီး၊ သဘာဝဖြစ်ပေါ်တိုးတက်မှုတရားအပေါ် ကျွန်တော်တို့၏ အသိပညာသည် မှီခိုအားထားရသော အသိပညာဖြစ်က၊ ပကတိအမှန်တရား အဓိပ္ပာယ်ဆောင်ပါက၊ ၎င်းမှရရှိနိုင်သည်မှာ လူမှုရေးဘဝ၊ လူ့အဖွဲ့အစည်းဖြစ်ပေါ်တိုးပွားမှုတို့သည် လည်း သိရှိနားလည်နိုင်က လူ့အဖွဲ့အစည်း ဖြစ်ပေါ်တိုးပွားမှုတရားနှင့်ပတ်သက်သည့် သိပ္ပံပညာ၏ အချက်အလက် ကိန်းဂဏန်းများသည် သိရှိနားလည်နိုင်သည့် အချက်အလက် ကိန်းဂဏန်းများ (data) ဖြစ်က ပကတိအမှန်တရားများအဖြစ် ခိုင်မာမှုရှိခဲ့ပါသည်။

ထို့ကြောင့် လူ့အဖွဲ့အစည်းသမိုင်း၏ သိပ္ပံပညာသည် လူမှုရေးဘဝအခြေအရာ ရှုပ်ထွေးမှု အမျိုးမျိုးရှိစေကာမူ၊ ဆိုကြပါစို့၊ ဇီဝဗေဒကဲ့သို့ တိကျသည့် သိပ္ပံပညာရပ်ဖြစ်လာနိုင်ကာ လူ့အဖွဲ့ အစည်း ဖြစ်ပေါ်တိုးပွားမှုတရားများကို လက်တွေ့ရည်ရွယ်ချက်များအတွက်လည်း အသုံးချနိုင်စွမ်း လည်းရှိပေသည်။

ထို့ကြောင့် ပစ္စည်းမဲ့လူတန်းစားပါတီသည် မိမိ၏ လက်တွေ့လုပ်ဆောင်ချက်များတွင် ရှောင်တခင်အကြောင်းများ (Casual motives) ၏ လမ်းညွှန်မှုကိုမခံသင့်ဘဲ၊ လူ့အဖွဲ့အစည်းဖြစ်ပေါ်တိုးပွားရေးတရားများနှင့် ၎င်းတရားများမှ လက်တွေ့နိဂုံးချုပ်ချက်များ၏ လမ်းညွှန်မှုကိုသာ ခံယူသင့်သည်။

ထိုကြောင့် ဆိုရှယ်လစ်ဝါဒသည် လူသားများ၏ ပိုမို သာယာသော အနာဂတ်အိမ်မက်တရပ်မှ သိပ္ပံပညာတရပ်အဖြစ်သို့ ပြောင်းလဲသွားသည်။ ထိုကြောင့် သိပ္ပံပညာနှင့် လက်တွေ့ဆောင်ရွက်ချက်များအကြား၊ သဘောတရားနှင့် လက်တွေ့အကြား ဆက်သွယ်မှု၊ ၎င်းတို့၏ ညီညွတ်မှုတို့သည် ပစ္စည်းမဲ့လူတန်းစားပါတီတရပ်၏ လမ်းညွှန်ကြယ်တံခွန် ဖြစ်သင့်ပါသည်။

ထို့ပြင် သဘာဝ၊ သတ္တဝါ၊ ရုပ်ကမ္ဘာလောကသည် မူလအစ ဖြစ်ပြီး၊ အသိအတွေးအခေါ်သည် ဒုတိယ လက်အောက်ခံအရာဖြစ်ပါက၊ ရုပ်ကမ္ဘာလောကသည် ပကတိအမှန်ဖြစ်ပြီး၊ လူများ၏ အသိမှ အမှီခိုကင်းစွာ တည်ရှိနေကာ၊ အသိသည်လည်း ပကတိအဖြစ်မှန်၏ ရောင်ပြန်ဟပ်ချက်ဖြစ် ပါက၊ လူ့အဖွဲ့အစည်းရုပ်ဘဝ၊ ၎င်း၏ဖြစ်တည်မှုသည်လည်း မူလအစဖြစ်ကာ၊ ၎င်း၏ စိတ်ပိုင်းဘဝ သည် ဒုတိယ လက်အောက်ခံအရာ ဖြစ်လိမ့်မည်။ လူ့အဖွဲ့အစည်း ရုပ်ဘဝသည် ပကတိအမှန် ဖြစ်ပြီး၊ လူများ၏ စိတ်ဆန္ဒနှင့် ကင်းကွာစွာ တည်ရှိနေကာ၊ လူ့အဖွဲ့အစည်း၏ စိတ်ပိုင်းဘဝသည် ဤပကတိအဖြစ်မှန်၏ ရောင်ပြန်ဟပ်ချက်၊ သတ္တဝါ၏ရောင်ပြန်ဟပ်ချက်ပေတည်း။

ထို့ကြောင့် လူ့အဖွဲ့အစည်း၏ စိတ်ပိုင်းဘဝတည်ဆောက်ခြင်း၏ မူလအစ၊ လူမှုရေးအတွေးများ၊ လူမှုရေးသဘောတရားများ၊ နိုင်ငံရေးအမြင်များနှင့် နိုင်ငံရေး အဆောက်အအုံများ၏ မူလဇစ်မြစ်ကို အတွေးများ၊ သဘောတရားအမြင်များနှင့် နိုင်ငံရေးအဆောက်အအုံများထဲတွင်သာ ရှာဖွေခြင်း မပြုသင့်ဘဲ၊ ဤအတွေးများ၊ သဘောတရားများအမြင်များ စသည်တို့က ရောင်ပြန်ဟပ်ပြနေသည့် လူ့အဖွဲ့အစည်း၊ ရုပ်ဘဝအကြောင်းအချက်များ၊ လူမှုရေးဘဝတို့တွင် ရှာဖွေရမည်။

ထို့ကြောင့် လူ့အဖွဲ့အစည်းသမိုင်း၏ မတူသောကာလများတွင် မတူသော လူမှုရေး အတွေးများ၊ သဘောတရားများ၊ အမြင်များ၊ နိုင်ငံရေးအဆောက်အအုံများကို လိုက်နာကျင့်သုံးရပါက ကျေးကျွန်စနစ်အောက်တွင် လူမှုရေးအတွေးများ၊ သဘောတရားများ၊ အမြင်များနှင့် နိုင်ငံရေး အဆောက်အအုံကတမျိုး၊ ပဒေသရာဇ်စနစ်အောက်တွင် တမျိုးနှင့် အရင်းရှင်စနစ် အောက်တွင် အခြားတမျိုးကို ကျွန်တော်တို့တွေ့နေရပါက၊ "သဘာဝ" နှင့် အတွေးများ၊ သဘောတရားများ၊ အမြင်များနှင့် နိုင်ငံရေး အဆောက်အအုံကိုယ်၌တို့၏ ပိုင်ဆိုင်သည့်ပစ္စည်းများ (properties) တို့က ရှင်းလင်းပြသရန် မဟုတ်ဘဲ၊ လူမှုဖြစ်ပေါ်တိုးပွားမှု၏ မတူသောကာလများရှိ လူ့အဖွဲ့အစည်းရုပ်ဘဝ ၏ မတူသောအကြောင်းအချက်များက ရှင်းလင်းပြသပါလိမ့်မည်။

လူ့အဖွဲ့အစည်း၏ သဘာဝသည် မည်သို့ပင်ဖြစ်နေပါစေ၊ လူ့အဖွဲ့အစည်းရုပ်ဘဝ၏ အ ကြောင်းအချက်များသည် မည်သို့ပင်ဖြစ်နေပါစေ၊ ဤသည်များသည် ထိုလူ့အဖွဲ့အစည်း၏ အ တွေးများ၊ သဘောတရားများ၊ နိုင်ငံရေးအမြင်များနှင့်၊ နိုင်ငံရေးအဆောက်အအုံများ ဖြစ်သည်။

ဤအချက်နှင့်ပတ်သက်၍ မာ့က်စ်ပြောသည်မှာ "လူတို့၏အသိက ၎င်းတို့၏ဘဝ (being) ကိုဆုံးဖြတ်လိုက်သည်မဟုတ်၊ ဆန့်ကျင်ဘက်အားဖြင့် ၎င်းတို့၏ လူမှုရေးဘဝက ၎င်းတို့၏အသိကို ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။ (**ကားလ်မာ့က်စ်၊ လက်ရွေးစင်ကျမ်း၊ အတွဲ ၁၊ စာမျက်နှာ–၃၀၀**)

ထို့ကြောင့် ပေါ်လစီတွင် အမှားမပြုမိရန်၊ စိတ်ကူးယဉ်အိပ်မက် မက်နေသူမဖြစ်ရန်၊ ပစ္စည်းမဲ့ ပါတီသည် မိမိ၏လုပ်ဆောင်ချက်များကို အကောင်အထည်မဲ့သော "လူသားများ၏အကြောင်း ပြချက်မှုများ"ကို (principle of human reson) အပေါ်အခြေမခံရဘဲ၊ လူမှုဖြစ်ပေါ်တိုးပွားမှု၏ အဆုံးအဖြတ်ပေးသော အင်အားအဖြစ် လူ့အဖွဲ့အစည်းရုပ်ဘဝ အခိုင်အမာ အကြောင်းအချက်များ ပေါ် အခြေခံရမည်။ "ကြီးမြတ်သောသူများ"၏ စေတနာကောင်းများပေါ်တွင် အခြေမခံဘဲ၊ လူ့အဖွဲ့အစည်း ရုပ်ဘဝဖြစ်ပေါ်တိုးပွားမှု၏ တကယ့်လိုအပ်ချက်များအပေါ် အခြေခံရမည်။

နာရောဒ်နစ်ဝါဒီများ၊ မင်းမဲ့များနှင့် ဆိုရှယ်လစ်တော်လှန်ရေးသမားများ အပါအဝင် စိတ်ကူး ယဉ်သမားများ ကျဆုံးသွားရခြင်းမှာ တခြားအကြောင်းများအပြင်၊ သူတို့သည် လူ့အဖွဲ့အစည်းဖြစ်

ပေါ်တိုးပွားမှုတွင် လူမှုရုပ်ဘဝအကြောင်းအချက်များ၏ အဓိကပါဝင်ရာအခန်းကို အသိအမှတ်မပြုဘဲ၊ စိတ်ဝါဒတွင် သက်ဆင်းကျဆင်းကာ၊ သူတို့၏ လက်တွေ့လုပ်ဆောင်ချက်များကို လူ့အဖွဲ့အစည်း ရုပ်ဘဝဖြစ်ပေါ်တိုးပွားမှု၏ လိုအပ်ချက်များအပေါ် အခြေမခံဘဲ၊ ထိုလိုအပ်ချက်များမှ အမှီခိုကင်းစွာ ဆန့်ကျင်စွာပင် လူ့အဖွဲ့အစည်း တကယ့်ဘဝမှ ကင်းကွာနေသည့်"စံပြစီမံကိန်း"များနှင့် "အားလုံးအကြုံးဝင်သည့် စီမံချက်များ"အပေါ် အခြေပြုခဲ့ကြသောကြောင့်တည်း။

မာ့က်စ်၊ လီနင်ဝါဒ၏ စွမ်းအားနှင့် ရှင်သန်နေမှုမှာ မိမိလုပ်ဆောင်ချက်များကို လူ့အဖွဲ့အစည်း ရုပ်ဘဝဖြစ်ပေါ်တိုးပွားမှု၏ လိုအပ်ချက်များအပေါ်တွင် အခြေခံပြီး၊ လူ့အဖွဲ့အစည်း တကယ့်ဘဝ နှင့်မည်သည့်အခါမျှ မကင်းကွာသောကြောင့်ဖြစ်သည်။

သို့သော်လည်း မာ့က်စ်စကားများအရ လူမှုရေးအယူအဆများ၊ သဘောတရားများ၊ နိုင်ငံရေး အမြင်များနှင့် နိုင်ငံရေးအဆောက်အအုံများသည် လူ့အဖွဲ့အစည်းဘဝအပေါ် မည်သည့်အဓိပ္ပာယ်မှ မရှိဟုလည်းကောင်း၊ ၎င်းတို့သည် လူမှုဘဝအပေါ်၊ လူ့အဖွဲ့အစည်းရုပ်ဘဝ အကြောင်းအချက်များ၏ ဖြစ်ပေါ်တိုးပွားမှုအပေါ် အပြန်အလှန်အားဖြင့် အကျိုးသက်ရောက်မှုမရှိဟု လည်းကောင်း မဆိုလိုပေ။ ကျွန်တော်တို့ ယခုထိပြောဆိုနေကြသည်မှာ လူမှုအယူအဆများ၊ သဘောတရားများ၊ အမြင်များနှင့် နိုင်ငံရေးအဆောက်အအုံများ၏ မူလအစ၊ ၎င်းတို့ပေါ်ထွက်လာသည့်နည်း၊ လူ့အဖွဲ့အစည်း၏ စိတ်ပိုင်းဘဝသည် ၎င်း၏ရုပ်ဘဝအကြောင်းအချက်များ၏ ရောင်ပြန်ဟပ်ချက်ဖြစ်သည်ဆိုသည့် အချက်ဖြစ်သည်။ လူမှုအယူအဆများ၊ သဘောတရားများ အမြင်များနှင့် နိုင်ငံရေးအဆောက်အအုံ၏ အဓိပ္ပာယ်နှင့်ပတ်သက်၍လည်းကောင်း၊ သမိုင်းအတွင်းရှိ ၎င်းတို့၏ အခန်းကဏ္ဍနှင့်ပတ်သက်၍ လည်းကောင်း၊ သမိုင်းရုပ်ဝါဒသည် မပစ်ပယ်ရုံမက၊ လူ့အဖွဲ့အစည်းဘဝတွင်လည်းကောင်း၊ ၎င်း၏ သမိုင်းတွင်လည်းကောင်း၊ ဤအချက်များ၏ အရေးကြီးသော အခန်းကဏ္ဍနှင့်အဓိပ္ပာယ်ကို အလေး ထားဖော်ပြလိုက်သည်။

လူမှုအယူအဆများနှင့် သဘောတရားများသည် အမျိုးမျိုးအဖုံဖုံ မတူကွဲပြားစွာရှိကြသည်။ လူ့အဖွဲ့အစည်း၏ သေအံ့ဆဲဆဲ အင်အားစုများ၏ အကျိုးစီးပွားကို အလုပ်အကျွေးပြုပြီး၊ ခေတ်ကုန် သွားပြီဖြစ်သော အယူအဆဟောင်းများနှင့် သဘောတရားဟောင်းများရှိသည်။ ၎င်းတို့၏ အဓိ ပ္ပာယ်မှာ ၎င်းတို့သည် လူ့အဖွဲ့အစည်းဖြစ်ပေါ်တိုးပွားမှု၊ ရှေ့သို့တိုးတက်မှုတို့ကို ဆုတ်ဆိုင်းစေသည်။ ထို့အပြင် လူ့အဖွဲ့အစည်း၏ တိုးတက်သောအင်အားစု၏ အကျိုးစီးပွားကို အလုပ် အကျွေးပြုသည့် ရှေ့တန်းရောက်သော အယူအဆသစ်များနှင့် သဘောတရားသစ်များ ရှိသည်။ ၎င်းတို့၏ အဓိပ္ပာယ်မှာ လူ့အဖွဲ့အစည်းဖြစ်ပေါ်တိုးပွားမှု၊ ရှေ့သို့တိုးတက်မှုတို့ကို လျင်မြန်ချောမောစေပြီး၊ လူ့အဖွဲ့အစည်း ရုပ်ဘဝဖြစ်ပေါ်တိုးပွားမှု လိုအပ်ချက်များကို ပိုမိုတိကျစွာ ရောင်ပြန်ဟပ်နိုင်သည်နှင့်အမျှ ၎င်းတို့၏ အဓိပ္ပာယ်သည်လည်း ပိုမိုကြီးမားပေသည်။

လူ့အဖွဲ့အစည်းတွင် လူ့အဖွဲ့အစည်း ရုပ်ဘဝဖြစ်ပေါ်တိုးပွားမှုက အလုပ်တာဝန်သစ်များကို ချမှတ်လုပ်ဆောင်လာမှသာလျှင်၊ သစ်လွင်သောလူမှုအယူအဆများနှင့် သဘောတရားများပေါ်ထွက် လာနိုင်သည်။ သို့သော် ဤကဲ့သို့ပေါ်ထွက်လာသည်နှင့်တပြိုင်နက်၊ လူ့အဖွဲ့အစည်း ရုပ်ဘဝဖြစ် ပေါ်တိုးပွားမှုက ချမှတ်လုပ်ဆောင်သည့်အလုပ်တာဝန်သစ်များကို အကောင်အထည်ဖော်ရာတွင်

လျင်မြန်သက်သာ လွယ်ကူချောမောစေသည့် အစွမ်းအရှိဆုံး အင်အားစုအဖြစ်လည်းကောင်း၊ လူ့အဖွဲ့အစည်း၏ရှေ့သို့တိုးတက်မှုကို လျင်မြန်ချောမွေ့စေသည့် အင်အားစုများအဖြစ်လည်းကောင်း ရောက်ရှိသွားပေသည်။ ဤနေရာသည် အတိအကျအားဖြင့် သစ်လွင်သော အယူအဆများ၊ သစ်လွင်သော သဘောတရားများ၊ သစ်လွင်သော နိုင်ငံရေးအမြင်များနှင့် သစ်လွင်သော နိုင်ငံရေး အဆောက်အအုံများ၏ ကြီးမားလှသော စည်းရုံး၊ လှုံ့ဆော်၊ ပြုပြင်ပြောင်းလဲနိုင်သည့် တန်ဖိုးကို အထင်အရှား ဖော်ပြနိုင်သောနေရာပင်တည်း။ သစ်လွင်သော လူမှုအယူအဆများနှင့် သဘောတရားများ ပေါ်ထွက်လာခြင်းမှာ ၎င်းတို့ကို လူ့အဖွဲ့အစည်းအတွက် လိုအပ်သောကြောင့်သာ ဖြစ်ပြီး၊ ၎င်းတို့၏ စည်းရုံး၊ လှုံ့ဆော်၊ ပြုပြင်ပြောင်းလဲပစ်သော လှုပ်ရှားမှုမရှိဘဲ။ လူ့အဖွဲ့အစည်း ရုပ်ဘဝဖြစ်ပေါ်တိုးပွားမှု၏ လောလောဆယ် လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်မည် မဟုတ်သောကြောင့်လည်းဖြစ်သည်။ လူ့အဖွဲ့အစည်း ရုပ်ဘဝဖြစ်ပေါ်တိုးပွားမှုက ချမှတ်လိုက်သည့် တာဝန်ဝတ္တရားသစ်များမှ ထွက်ပေါ်လာသည့် သစ်လွင်သော လူမှုအယူအဆများနှင့် သဘောတရားများသည် မိမိလမ်း မိမိထွင်ကာ လူထုက ပိုင်ဆိုင်သွားပြီး၊ လူ့အဖွဲ့အစည်း၏ သေအံ့ဆဲဆဲအင်အားစုများကို ဆန့်ကျင်တိုက်ခိုက်ရန် လူထုကို စည်းရုံးသိမ်းသွင်း လှုံ့ဆော်လိုက်သည်။ ဤနည်းဖြင့် လူ့အဖွဲ့အစည်း၏ ရုပ်ဘဝဖြစ်ပေါ်တိုးပွားမှုကို ဆုတ်ဆိုင်းတုံ့နှေးစေသည်။ ဤအင်အားစုများကို ဖြုတ်ချရာတွင် လျင်မြန်လွယ်ကူစေသည်။

လူ့အဖွဲ့အစည်း ရုပ်ဘဝဖြစ်ပေါ်တိုးပွားမှု၏ လောလောဆယ် လုပ်ငန်းတာဝန်အခြေခံပေါ်မှ ပေါ်ထွက်လာသည့် လူမှုအယူအဆများ၊ သဘောတရားများ၊ နိုင်ငံရေးအဆောက်အအုံများနှင့် လူမှုဘဝဖြစ်ပေါ်တိုးပွားမှုတို့သည် လူမှုဘဝနှင့် လူ့အဖွဲ့အစည်းရုပ်ဘဝအပေါ် တုံ့ပြန်ရောင်ပြန်ဟပ်ပြီး၊ လူ့အဖွဲ့အစည်းရုပ်ဘဝ၏ လောလောဆယ်တာဝန်များ ဆုံးခန်းတိုင်အောင် အကောင်ထည်ဖော်ရန်လည်းကောင်း၊ ၎င်း၏ ဆက်လက်ဖြစ်ပေါ်တိုးပွားမှုဖြစ်နိုင်ရန်လည်းကောင်း၊ လိုအပ်သည့် အကြောင်းအချက်များကို ဖန်တီးပေးလိုက်သည်။

ဤအချက်နှင့်ပတ်သက်ပြီး မာ့က်စ်က–

"သဘောတရားသည် လူထုကို ဆုပ်ကိုင်မိလိုက်သည်နှင့် တပြိုင်နက် ရုပ်ဝတ္ထုအင်အားတရပ်ဖြစ်လာသည်" (**မာ့က်စ်၊ အိန်ဂယ်ကျမ်း အတွဲ ၁**)

ထို့ကြောင့် လူ့အဖွဲ့အစည်း ရုပ်ဘဝအကြောင်းအချက်များအပေါ် ဩဇာဂယက်ရိုက်စေရန်နှင့် ၎င်းတို့၏ ဖြစ်ပေါ်တိုးပွားမှုနှင့် တိုးတက်ကောင်းမွန်မှုတို့ကို အရှိန်မြင့်စေရန် ပစ္စည်းမဲ့ပါတီသည် လူ့အဖွဲ့အစည်း ရုပ်ဘဝတိုးပွားမှု၏ လိုအပ်ချက်များကို မှန်ကန်စွာ ရောင်ပြန်ဟပ်သည့် လူမှုသဘောတရား၊ လူမှုအယူအဆအပေါ် မှီခိုရမည်ဖြစ်ပြီး၊ သို့မှသာလျှင် ကျယ်ပြန့်လှသောလူထုကြီးကို လှုပ်ရှားစေနိုင်ပြီး၊ ကြီးမြတ်လှသော ပစ္စည်းမဲ့ပါတီ၏ တပ်မတော်ကြီးတရပ်အဖြစ် ၎င်းတို့ကို လှုံ့ဆော်စည်းရုံးသိမ်းသွင်း နိုင်စွမ်းရှိပြီး၊ ဖောက်ပြန်သောအင်အားစုများကို ချေမှုန်းရန်နှင့် လူ့အဖွဲ့အစည်း ၏ တိုးတက်သောအင်အားစုများအတွက် လမ်းရှင်းပေးရန် ပြင်ဆင်နိုင်ပေမည်။

"စီးပွားရေးဝါဒီများနှင့် မင်ရှီဗစ်များကျဆုံးရခြင်းမှာ တခြားအကြောင်းများအပြင် သူတို့သည် တိုးတက်သောသဘောတရား၊ တိုးတက်သောအယူအဆများ၏ လှုံ့ဆော်၊ စည်းရုံး ပြုပြင်ပြောင်းလဲနိုင်သည့် အခန်းကဏ္ဍကို အသိအမှတ်မပြုဘဲ၊ သိမ်းဖျင်းသောရုပ်ဝါဒတွင် သက်ဆင်းနစ်မြုပ်ကာ၊ ဤ

အချက်များ၏အခန်းကဏ္ဍကို သုညသို့ရောက်လုနီးပါးထိ လျှော့ချကာ ဤနည်းဖြင့် ပါတီကို မတက်မကြွနှင့် ခေါင်းပါးတော်မွတ်အောင် လုပ်လိုက်သောကြောင့်လည်း ဖြစ်ပေသည်။

မာ့က်စ်၊ လီနင်ဝါဒ၏ စွမ်းအားနှင့် ရှင်သန်နေမှုမှာ လူ့အဖွဲ့အစည်းရုပ်ဘဝ ဖြစ်ပေါ်တိုးပွားမှု၏ လိုအပ်ချက်များကို မှန်ကန်စွာရောင်ပြန်ဟပ်သည့် တိုးတက်သည့် သဘောတရားအပေါ် မှီခိုခြင်း၊ သဘောတရားကို ရောက်ရှိသည့်ရေချိန်အထိမြှင့်တင်ကာ ဤသဘောတရား၏ လှုံ့ဆော်စည်းရုံး၊ ပြုပြင်ပြောင်းလဲနိုင်သည့် စွမ်းအားကို အပြည့်အဝအသုံးချရန်မှာ မိမိတာဝန်အဖြစ်ယူဆခြင်းဆိုသည့် အချက်မှ ရရှိသည်။

ဤသည်မှာ လူမှုဘဝနှင့်လူမှုအသိတို့၏ ဆက်ဆံမှု၊ လူ့အဖွဲ့အစည်းရုပ်ဘဝ ဖြစ်ပေါ်တိုးပွားမှု အကြောင်းအချက်များနှင့် စိတ်ပိုင်းဘဝ ဖြစ်ပေါ်တိုးပွားမှုတို့၏ ဆက်ဆံမှုတို့၏ ပြဿနာအပေါ် သမိုင်းရုပ်ဝါဒက ပေးအပ်သည့်အဖြေဖြစ်ပေသည်။

## ၃။ သမိုင်းရုပ်ဝါဒ

ယခုရှင်းလင်းရန် ကျန်ရှိသောပြဿနာမှာ နောက်ဆုံး ခွဲခြမ်းစိတ်ဖြာမှုအရ လူ့အဖွဲ့အစည်း၏ အသွင်အပြင်၊ ၎င်း၏ အယူအဆများ၊ အမြင်များ၊ နိုင်ငံရေးအဆောက်အအုံများ အစရှိသည်တို့ကို အဆုံးအဖြတ်ပေးသည့် "လူ့အဖွဲ့အစည်း ရုပ်ဘဝ အကြောင်းအချက်များ" ဆိုသည်မှာ သမိုင်းရုပ်ဝါဒ အမြင်အရ ဘာကိုဆိုလိုပါသနည်း။

နောက်ဆုံးတွင် ဤ "လူ့အဖွဲ့အစည်းရုပ်ဘဝ အကြောင်းအချက်များ"က အဘယ်နည်း။ ၎င်းတို့၏ ထူးခြားသည့် လက္ခဏာများကား အဘယ်နည်း။

"လူ့အဖွဲ့အစည်း ရုပ်ဘဝအကြောင်းအချက်များ"ဆိုသည့်ယူဆချက်တွင် ပထမအားဖြင့် လူ့အဖွဲ့အစည်းကို ဝိုင်းရံထားသည့် သဘာဝနှင့် လူ့အဖွဲ့အစည်းရုပ်ဘဝတွင် မလွတ်တမ်းရှိရမည့် တည်တန့်ခိုင်မြဲသော အကြောင်းအချက်လည်းဖြစ်၊ ထို့ကြောင့်ပင် လူ့အဖွဲ့အစည်း ဖြစ်ပေါ်တိုးပွားမှု အပေါ် ဩဇာအရှိန်လည်းရှိသော ပထဝီပတ်ဝန်းကျင်တို့ ပါဝင်သည်မှာ သံသယရှိစရာမလိုပေ။ ပထဝီပတ်ဝန်းကျင်သည် လူ့အဖွဲ့အစည်း ဖြစ်ပေါ်တိုးပွားမှုတွင် မည်သည့်အခန်းက ပါဝင်ပါသနည်း။ ပထဝီပတ်ဝန်းကျင်သည် လူ့အဖွဲ့အစည်း၏ အသွင်အပြင်၊ လူသားတို့၏ လူမှုစနစ်၏ လက္ခဏာ၊ စနစ်တခုမှ စနစ်တခုသို့ကူးပြောင်းမှုတို့တွင် အဆုံးအဖြတ်ပေးသည့် အဓိကအင်အားစု ဖြစ်ပါသလား။

သမိုင်းရုပ်ဝါဒက ဤပြဿနာအပေါ် ဆန့်ကျင်ဘက်အဖြေပေးလိုက်သည်။

ပထဝီပတ်ဝန်းကျင်သည် လူ့အဖွဲ့အစည်းဖြစ်ပေါ်တိုးပွားမှု၏ တည်တန့်ခိုင်မြဲသော မလွတ်တန်းရှိရမည့် အကြောင်းအချက်တရပ်ဖြစ်သည်မှာ မငြင်းသာဘဲ၊ ထို့ကြောင့်ပင် လူ့အဖွဲ့အစည်း ဖြစ်ပေါ်တိုးပွားမှုအပေါ် ဩဇာဂယက်သက်ရောက်စေကာ၊ ၎င်း၏တိုးပွားမှုကို အရှိန်မြန်စေခြင်း၊ သို့မဟုတ် နှေးကွေးစေခြင်း ဖြစ်နိုင်ပေသည်။ သို့သော် ၎င်း၏ဩဇာဂယက်မှာ အဆုံးအဖြတ်ပေးသည့် ဩဇာဂယက် မဟုတ်ပါ။ အကြောင်းမှာ လူ့အဖွဲ့အစည်းဖြစ်ပေါ်တိုးပွားမှုနှင့် ပြောင်းလဲမှုများသည် ပထဝီပတ်ဝန်းကျင် ဖြစ်ပေါ်တိုးပွားမှုနှင့် ပြောင်းလဲမှုများထက် မယှဉ်သာလောက်အောင် လျင်မြန်တိုးတက်သောကြောင့်ဖြစ်သည်။ နှစ်ပေါင်းသုံးထောင်ကာလအတွင်း ဥရောပ၌ မတူခြားနားသည့် လူမှုစနစ်

၃ ခု၊ ရှေးဘုံစနစ်၊ ကျေးကျွန်စနစ်နှင့် ပဒေသရာဇ်စနစ် ဆက်တိုက် အစားထိုး ပြောင်းလဲ ခဲ့သည်။ ဥရောပအရှေ့ပိုင်းနှင့် ဆိုဗီယက်ပြည်ထောင်စုတွင် လူမှုစနစ်လေးခုမျှပင် အစားထိုး ပြောင်း လဲခဲ့သည်။ သို့သော် ထိုကာလအတွင်း ဥရောပ၏ ပထဝီအခြေအနေသည် လုံးဝမပြောင်းလဲတာသော်လည်းကောင်း သို့မဟုတ် ပထဝီက ဂရုမပြုမိသည့်အသေးအဖွဲ ပြောင်းလဲမှုမျှသော်လည်းကောင်း ဖြစ်ခဲ့သည်။ ဤသည်မှာလည်း သဘာဝကျပေသည်။ အရေးပါသည့် ပထဝီအနေအထား အပြောင်းအလဲများ ပေါ်ပေါက်ရန် နှစ်သန်းပေါင်းများစွာ လိုအပ်သော်လည်း လူမှုအဖွဲ့အစည်းစနစ်တွင် အရေးကြီးသည့် ပြောင်းလဲမှုများဖြစ်စေရန်မှာ နှစ်ရာအချို့ သို့မဟုတ် အနှစ် နှစ်ထောင်ခန့်မျှဖြင့် လုံလောက်ပေသည်။

ဤအချက်မှ သိနိုင်သည်မှာ ပထဝီပတ်ဝန်းကျင်သည် လူမှုဖြစ်ပေါ်တိုးပွားမှု၏ အဓိကအကြောင်းအရင်း၊ အဆုံးအဖြတ်ပေးသည့် အကြောင်းအရင်း မဖြစ်နိုင်။ အကြောင်းမှာ နှစ်,ထောင် သောင်းချီနေသည့်ကာလအတွင်း မပြောင်းမလဲ တည်ရှိနေနိုင်သောအရာသည် နှစ်,ရာအနည်းငယ် အတွင်း အရင်းအမြစ်မှ ပြောင်းလွဲသွားနိုင်သည့်အရာ၏ ဖြစ်ပေါ်တိုးပွားမှု၏ အဓိကအကြောင်း အရင်း မဖြစ်နိုင်သောကြောင့်ပေတည်း။

ထို့အပြင် “လူ့အဖွဲ့အစည်း ရုပ်ဘဝအကြောင်းအချက်များ” ၏ယူဆချက်တွင် လူဦးရေတိုးပွားမှု၊ လူဦးရေသိပ်သည်းမှုတို့ ပါဝင်နေသည်မှာလည်း သံသယရှိစရာမလိုပေ။ အကြောင်းမှာ လူများသည် လူ့အဖွဲ့အစည်း ရုပ်ဘဝအကြောင်းအချက်များ၏ မရှိမဖြစ် အစိတ်အပိုင်းတရပ်ဖြစ်ပြီး၊ အနိမ့်ဆုံးလူဦးရေ အတိအကျအရေအတွက် မရှိဘဲ၊ လူ့အဖွဲ့အစည်းရုပ်ဘဝ မရှိသောကြောင့် ဖြစ် သည်။ လူဦးရေတိုးပွားမှုသည် လူသားများ၏ လူနေမှုစနစ်လက္ခဏာကို အဆုံးအဖြတ်ပေးသည့် အဓိကအင်အားစု မဟုတ်ပါလော။

သမိုင်းရုပ်ဝါဒက ဤပြဿနာအပေါ်တွင်လည်း ဆန့်ကျင်ဘက်အဖြေပေးလိုက်ပြန်သည်။

အမှန်ပင် လူဦးရေတိုးပွားမှုက လူအဖွဲ့အစည်း ဖြစ်ပေါ်တိုးပွားမှုအပေါ် ဩဇာဂယက်ရိုက် နိုင်ပြီး၊ လူအဖွဲ့အစည်း ဖြစ်ပေါ်တိုးပွားမှုကို လျင်မြန်ချောမွေ့စေခြင်း၊ သို့မဟုတ် နှောင့်နှေးစေခြင်းများ ဖြစ်စေနိုင်သော်လည်း၊ ၎င်းသည် လူ့အဖွဲ့အစည်း ဖြစ်ပေါ်တိုးပွားမှု၏ အဓိကအင်အားစု မဖြစ်နိုင်ဘဲ၊ လူ့အဖွဲ့အစည်း ဖြစ်ပေါ်တိုးပွားမှုအပေါ် ၎င်း၏ဩဇာဂယက်သည် အဆုံးအဖြတ်ပေးသည့် ဩဇာဂယက်မဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် လူဦးရေတိုးပွားမှု ပင်ကိုယ်က တစုံတစ်ခုသော လူမှုစနစ်ကို အဘယ်ကြောင့် အခြားသောစနစ်တခု မဟုတ်ဘဲ၊ ဤသို့သော သစ်လွင်သည့် လူမှုစနစ်က အစားထိုး ဝင်ရောက်လာသည်ကိုလည်းကောင်း၊ ရှေးဘုံစနစ်က ကျေးကျွန်စနစ်သို့သာလည်းကောင်း၊ ကျေးကျွန်စနစ်က ပဒေသရာဇ်စနစ်သို့သာလည်းကောင်း၊ ပဒေသရာဇ်စနစ်က အရင်းရှင်စနစ်သို့သာလည်းကောင်း ပြောင်းလွဲသွားပြီး၊ အခြားစနစ်များသို့ အဘယ်ကြောင့် မပြောင်းလဲရသည်ကိုလည်းကောင်း ရှင်းပြနိုင်သည့် သဲလွန်စကိုပင် မပေးနိုင်သောကြောင့်ပင်ဖြစ်သည်။

လူဦးရေတိုးပွားမှုသည် လူမှုဖြစ်ပေါ်တိုးပွားမှု၏ အဆုံးအဖြတ်အင်အားစု ဖြစ်ပါက လူဦးရေ ပိုမိုမြင့်မားသိပ်သည်းမှုက ၎င်းတို့နှင့် လျော်ညီသော ပိုမိုမြင့်မားသည့် လူမှုစနစ်အမျိုးအစားကို မ လွဲမသွေ ပေါ်ထွက်စေရပေမည်။ သို့သော် ဤကဲ့သို့ ကျွန်တော်တို့မတွေ့ရပေ။ တရုတ်ပြည်၏ လူဦးရေသိပ်သည်းမှုသည် အမေရိကန်ပြည်ထောင်စုထက် လေးဆမြင့်သော်လည်း လူမှုဖြစ်ပေါ်တိုးပွား

မှုနှုန်း အရဆိုရင် အမေရိကန်က တရုတ်ပြည်ထက်မြင့်နေပေသည်။ အဘယ်ကြောင့်ဆိုသော် တရုတ်ပြည်တွင် ပဒေသရာဇ်တပိုင်းစနစ်က လွှမ်းမိုးနေဆဲဖြစ်ပြီး၊ အမေရိကန်ကမူ အရင်းရှင်စနစ် ဖြစ်ပေါ်တိုးပွားမှု၏ အမြင့်ဆုံးစနစ်သို့ ရောက်နေသည်မှာ ကာလရှည်ကြာရှိခဲ့ပြီးဖြစ်သည်။ ဘယ်လ် ဂျီယံ၏ လူဦးရေသိပ်သည်းမှုသည် အမေရိကန်ထက် ၁၉ ဆ ရှိခဲ့ပြီး၊ ဆိုဗီယက်ပြည်ထောင်စုထက် ၂၆ ဆ မြင့်မားနေသည်။ သို့သော် လူမှုဖြစ်ပေါ်တိုးပွားမှုနှုန်းထားအရ ဘယ်လ်ဂျီယံသည် အမေရိကန် ထက်နိမ့်ကျနေပြီး၊ ဆိုဗီယက်နှင့်မူ သမိုင်းခေတ်ကာလ တခုလုံး နောက်ကျနေပေသည်။ အကြောင်းမှာ ဘယ်လ်ဂျီယံတွင် အရင်းရှင်စနစ် လွှမ်းမိုးနေပြီး၊ ဆိုဗီယက်တွင်မူ အရင်းရှင်စနစ် အဆုံးသတ်သွားပြီး၊ ဆိုရှယ်လစ်စနစ် တည်ဆောက်ထားပြီး ဖြစ်သောကြောင့်ဖြစ်သည်။

ဤသည်ကိုကြည့်ပါက လူဦးရေးတိုးပွားမှုသည် လူ့အဖွဲ့အစည်းဖြစ်ပေါ်တိုးပွားမှု၏ အဓိကအင်အားစု၊ လူမှုစနစ်၏လက္ခဏာ လူ့အဖွဲ့အစည်း၏အသွင်အပြင်ကို အဆုံးအဖြတ်ပေးသည့် အင်အားစု ဟုတ်လည်းမဟုတ်ခဲ့၊ ဖြစ်လည်းမဖြစ်နိုင် ဆိုသည်ပင်ဖြစ်ပါသည်။

**(ဂ)** ဤကဲ့သို့ဆိုပါက လူ့အဖွဲ့အစည်းအသွင်အပြင်၊ လူမှုအဖွဲ့အစည်း၏ လက္ခဏာနှင့် လူ့အဖွဲ့အစည်းစနစ်အတွင်း စနစ်တခုမှတခုသို့ ဖြစ်ပေါ်တိုးပွားမှုကို အဆုံးအဖြတ်ပေးသည့် လူ့အဖွဲ့အစည်း ရုပ်ဘဝအကြောင်းအချက်စနစ်တွင် အဓိကအင်အားစုမှာ အဘယ်နည်း။

သမိုင်းရုပ်ဝါဒက ယူဆထားသည်မှာ ဤအင်အားစုသည် လူသားများ၏ အသက်ရှင်တည်ရှိမှုအတွက် လိုအပ်သော ဘဝဆိုင်ရာပစ္စည်းများ ရရှိစေသောနည်းနာ (method of procuring the means of life)၊ အစာရေစာ၊ အဝတ်အထည်၊ ဖိနပ်၊ နေအိမ်၊ လောင်စာ၊ ထုတ်လုပ်ရေးကိရိယာ အစရှိသော လူ့အဖွဲ့အစည်းနှင့်ဖြစ်ပေါ်တိုးတက်မှုအတွက် မရှိမဖြစ် လိုအပ်သော ရုပ်ဝတ္ထုနေဥစ္စာများ၏ ထုတ်လုပ်ရေးနည်းနာ (mode of production of material values)တို့ဖြစ်သည်။

အသက်ရှင်နေထိုင်ဖို့အတွက် လူများသည် အစာ၊ အဝတ်၊ ဖိနပ်၊ နေအိမ်၊ လောင်စာ အစရှိသည်တို့ရှိရမည်။ ဤရုပ်ဝတ္ထု နေဥစ္စာများရရှိရန်  လူများသည် ၎င်းတို့ကို ထုတ်လုပ်ရမည်။ ဤသည်များကို ထုတ်လုပ်ရန် လူသားများ အစာ၊ အဝတ်၊ ဖိနပ်၊ နေအိမ်၊ လောင်စာ အစရှိသည်တို့ ထုတ်လုပ်နိုင်သည့် ထုတ်လုပ်ရေးကိရိယာများ ရှိရမည်။ သူတို့သည် ဤကိရိယာများကို ထုတ်လုပ်နိုင်စွမ်း၊ အသုံးချနိုင်စွမ်း ရှိရမည်။

ရုပ်ဝတ္ထုနေဥစ္စာများကို ထုတ်လုပ်ပေးနိုင်သည့် ထုတ်လုပ်ရေးကိရိယာများ တစုံတရာသော ထုတ်လုပ်ရေးအတွေ့အကြုံနှင့် အလုပ်ကျွမ်းကျင်မှုတို့ကြောင့်၊ ထုတ်လုပ်ရေးကိရိယာများကို ကိုင် တွယ်လုပ်ဆောင်ပြီး၊ ရုပ်ဝတ္ထုနေဥစ္စာထုတ်လုပ်ရေးများကို ဆက်လက်လုပ်ကိုင်နေသည့် လူများ၊ ဤအစိတ်အပိုင်းများအားလုံးသည် တပေါင်းတစည်းတည်းပင် လူ့အဖွဲ့အစည်း၏ ထုတ်လုပ်ရေးအင်အားစုများ (productive force) ဖြစ်သည်။

သို့သော် ထုတ်လုပ်ရေးအင်အားစုကြီးသည် ထုတ်လုပ်ရေး၏ ဘက်တဖက်သာဖြစ်သည်။ ရုပ်ဝတ္ထုနေဥစ္စာများ ထုတ်လုပ်ရန် အသုံးပြုသည့် အရာဝတ္ထုများနှင့် သဘာဝအင်အားစုများနှင့် လူတို့၏ ဆက်ဆံမှုကို ဖော်ပြသည့် ထုတ်လုပ်ရေးနည်းနာ၏ ဘက်တဖက်သာဖြစ်သည်။ ထုတ်လုပ်ရေး၏ အခြားဘက်တဖက်၊ ထုတ်လုပ်ရေးနည်းနာ၏ အခြားဘက်တဖက်သည် ထုတ်လုပ်ရေးဖြစ်စဉ်အတွင်း၊ လူတဦးနှင့် တဦးအကြားဆက်ဆံရေး၊ လူများ၏ ထုတ်လုပ်ရေးဆက်ဆံမှု (men’s relations of

production) ဖြစ်သည်။ လူများသည် တဦးနှင့်တဦးကင်းကွာပြီး၊ တဦးချင်းပုဂ္ဂိုလ်အနေဖြင့် မဟုတ်ကြဘဲ အတူတကွ တစုတစည်းတည်းဖြင့် အုပ်စုများ၊ လူ့အဖွဲ့အစည်းများအနေနှင့် သဘာဝကို တိုက်ပွဲဆင်ကြပြီး၊ ရုပ်ဘဝနေဥစ္စာများ ထုတ်လုပ်ရန် သဘာဝကို အသုံးချကြသည်။ ထို့ကြောင့် ထုတ်လုပ်ရေးဆိုသည်မှာ အချိန်တိုင်း၊ အကြောင်းအချက်တိုင်း၌ **လူမှု**ထုတ်လုပ်ရေး (social) ဖြစ်သည်။ ရုပ်ဝတ္ထုနေဥစ္စာများထုတ်လုပ်ရာတွင် လူများသည် ထုတ်လုပ်ရေးအတွင်း အပြန်အလှန်ဆက်ဆံမှု တမျိုးမဟုတ်တမျိုးတွင် ဝင်ရောက်ပါဝင်လာကြသည်။ ထိုဆက်ဆံရေးများသည် သွေးစုပ်မှုကင်းသော ပူပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန်ကူညီသော ဆက်ဆံရေးသော်လည်းကောင်း၊ စိုးမိုးလွှမ်းမိုးမှုနှင့် နာခံရခြင်း၏ ဆက်ဆံရေးသော်လည်းကောင်း၊ နောက်ဆုံးအားဖြင့် ထုတ်လုပ်မှု ဆက်ဆံရေးသဏ္ဍာန်တခုမှတခုသို့ ကူးပြောင်းသော ဆက်ဆံရေးသော်လည်းကောင်း ဖြစ်ပေလိမ့်မည်။ သို့သော် မည်သို့သော ထုတ်လုပ်မှုဆက်ဆံရေး လက္ခဏာပင်ဖြစ်စေ အမြဲသဖြင့်နှင့် စနစ်တိုင်းတွင် ၎င်းတို့သည် လူ့အဖွဲ့အစည်း၏ ထုတ်လုပ်ရေးအင်အားစုကဲ့သို့ပင် ထုတ်လုပ်ရေးတွင် မရှိမဖြစ် လိုအပ်သည့် အစိတ်အပိုင်း ဖြစ်နေပေမည်။

မာ့က်စ်ကပြောသည်မှာ– "ထုတ်လုပ်ရေးတွင် လူများသည် သဘာဝနှင့် သာမက၊ တဦးနှင့်တဦးလည်း ပြုမူလှုပ်ရှားကြသည်။ သူတို့သည် တစုံတခုသော နည်းလမ်းအရ ပူးပေါင်းလုပ်ဆောင်ကာ ၎င်းတို့၏ လုပ်ဆောင်မှုများကို အပြန်အလှန် ဖလှယ်ကြခြင်းဖြင့်သာလျှင် ထုတ်လုပ်ရေးကို လုပ်နိုင်ကြသည်။ ထုတ်လုပ်နိုင်ရန်အတွက် သူတို့သည် တဦးနှင့်တဦးဆက်သွယ်မှု၊ ဆက်ဆံမှုတို့ အတိအကျ ရှိရမှာဖြစ်ပြီး၊ ဤလူမှုဆက်သွယ်မှုများနှင့် ဆက်ဆံမှုများ အတွင်းမှာသာလျှင် သဘာဝ အပေါ် ၎င်းတို့၏ ပြုမူလုပ်ဆောင်ချက်၊ ထုတ်လုပ်ရေးတို့ ရှိနေနိုင်သည်"။ (**ကားလ် မာ့က်စ် လက် ရွေးစင်ကျမ်း၊ အတွဲ ၁၊ စာမျက်နှာ–၂၁၁**)

အကျိုးဆက်အားဖြင့် ထုတ်လုပ်ရေး၊ ထုတ်လုပ်ရေးနည်းနာသည် လူ့အဖွဲ့စည်းထုတ်လုပ်ရေးအင်အားစုများနှင့် လူတို့၏ထုတ်လုပ်ရေးဆက်ဆံမှု ၂ ခုစလုံးကို လွှမ်းခြုံထားပြီး၊ ဤနည်းဖြင့် ရုပ်ဝတ္ထုနေပစ္စည်းများ ထုတ်လုပ်ရေးဖြစ်စဉ်တွင် ၎င်းတို့၏ ညီညွတ်မှုကို အခိုင်အမာဖော်ပြသည်။

**(ခ)** ထုတ်လုပ်ရေး၏ **ပထမ ထူးခြားသည့်လက္ခဏာ**မှာ၊ ၎င်းသည် တနေရာတည်းတွင် ကာလရှည်ကြာစွာ မည်သည့်အခါမျှ မနေဘဲ၊ အစဉ်အမြဲ ပြောင်းလဲဖြစ်ပေါ်တိုးပွားနေသည့်အပြင်၊ ထုတ်လုပ်ရေးနည်းနာအတွင်း ပြောင်းလဲမှုများက လူမှုစနစ်တခုလုံး၊ လူမှုအယူအဆများ၊ နိုင်ငံရေးအမြင်များ၊ နိုင်ငံရေးအဆောက်အအုံများအတွင်း ပြောင်းလဲမှုများကို မလွဲမသွေ တောင်းဆိုလာသည်။ လူမှုနှင့် နိုင်ငံရေး အနေအထားတခုလုံးကို ပြုပြင်တည်ဆောက်ရန် တောင်းဆိုလာသည်။ မတူသော ဖြစ်ပေါ်တိုးပွားမှု အဆင့်အသီးသီးတွင် လူတို့သည် မတူသည့် ထုတ်လုပ်ရေးနည်းနာများကို အသုံးပြုကြသည်။ သို့မဟုတ် အကြမ်းအားဖြင့်ဆိုရသော် ဘဝပုံစံအမျိုးမျိုး ဖြတ်ခဲ့ရသည်။ ရေးဘုံစနစ်တွင် ထုတ်လုပ်ရေး နည်းနာတမျိုး၊ ကျေးကျွန်စနစ်တွင် နောက်ထုတ်လုပ်ရေး နည်းနာတမျိုး၊ ပဒေသရာဇ်စနစ်တွင် ထုတ်လုပ်ရေးနည်းနာ တတိယတမျိုးအစရှိသဖြင့် ဖြစ်သည်။ နောက်လူတို့၏ လူမှုစနစ်နှင့် လျော်ညီစွာပင် ၎င်းတို့၏ စိတ်ပိုင်းဘဝ၊ ၎င်းတို့၏ အမြင်များနှင့် နိုင်ငံရေး အဆောက်အအုံများသည်လည်း အမျိုးမျိုး ကွဲပြားနေပေသည်။

လူ့အဖွဲ့အစည်း၏ ထုတ်လုပ်ရေးနည်းနာ မည်သို့ပင်ဖြစ်စေကာမူ အဓိကမှာ လူ့အဖွဲ့အစည်းကိုယ်တိုင်နှင့် ၎င်း၏အယူအဆများနှင့် သဘောထားများ၊ ၎င်း၏နိုင်ငံရေးအမြင်နှင့် အဆောက်အအုံများဖြစ်သည်။ သို့မဟုတ် အကြမ်းအားဖြင့်ဆိုရသော် လူတို့၏ ဘဝပုံသဏ္ဌာန်အတိုင်းပင် လူတို့၏ တွေးခေါ်မှုပုံသဏ္ဌာန်ရှိသည်။ ဆိုလိုသည်မှာ လူ့အဖွဲ့အစည်းဖြစ်ပေါ်တိုးပွားမှုသည် အခြားအကြောင်းများအပြင် ထုတ်လုပ်ရေးဖြစ်ပေါ်တိုးပွားမှု၏သမိုင်း၊ နှစ်ရာစုများအတွင်း တခုကိုတခု အစားထိုးခဲ့သော ထုတ်လုပ်ရေးနည်းနာ၏သမိုင်း ထုတ်လုပ်ရေးအင်အားစုများနှင့် လူတို့၏ ထုတ်လုပ်ရေး ဆက်ဆံမှု ဖြစ်ပေါ်တိုးပွားမှုသမိုင်းပင် ဖြစ်သည်။

ထို့ကြောင့် လူမှုဖြစ်ပေါ်တိုးပွားမှုသမိုင်းသည် တချိန်တည်းတွင် ရုပ်ဝတ္ထုခြနေညစ္စာများကို ထုတ်လုပ်သူများ၏သမိုင်း လူ့အဖွဲ့အစည်း တည်တံ့ရေးအတွက် လိုအပ်သော ရုပ်ဝတ္ထုခြနေညစ္စာများ ထုတ်လုပ်ရေးတာဝန်ကို ထမ်းဆောင်ပြီး၊ ထုတ်လုပ်ရေးဖြစ်စဉ်တွင် အဓိကအင်အားဖြစ်သည့် အလုပ်သမားထုများ၏သမိုင်းဖြစ်သည်။

ထို့ကြောင့် သမိုင်းသိပ္ပံပညာကို စစ်မှန်သောသိပ္ပံပညာရပ် တခုဖြစ်လိုပါက လူမှုဖြစ်ပေါ်တိုးပွားမှုသမိုင်းကို ရှင်ဘုရင်များနှင့် စစ်ဗိုလ်ချုပ်ကြီးများ၏ ပြုမူလှုပ်ရှားမှုများ၊ နိုင်ငံများ၏ "အောင်နိုင်သူများ"နှင့် "သိမ်းပိုက်သူများ" ၏ ပြုမူလှုပ်ရှားမှုများတွင်သာ ကန့်သတ်မထားဘဲ အခြားအကြောင်းများထက် ရုပ်ဝတ္ထုခြနေညစ္စာ ထုတ်လုပ်သူများ၏သမိုင်း၊ အလုပ်သမားထု၏သမိုင်း၊ ပြည်သူလူထု၏သမိုင်းတွင်သာ စူးစိုက်ကြရမည်။

ထိုကြောင့် လူ့အဖွဲ့အစည်းသမိုင်းဆိုင်ရာတရားများ လေ့လာရေးသဲလွန်စကို လူများ၏စိတ်များမှလည်းကောင်း၊ လူ့အဖွဲ့အစည်း၏ အမြင်များနှင့် အယူအဆများမှလည်းကောင်း ရှာဖွေရန်မဟုတ်ဘဲ၊ တစုံတခုသော သမိုင်းကာလအတွင်းရှိ လူ့အဖွဲ့အစည်းတွင် ကျင့်သုံးခဲ့သည့် ထုတ်လုပ်ရေးနည်းနာတွင်၊ လူ့အဖွဲ့အစည်း၏ စီးပွားရေးဘဝတွင် ရှာဖွေကြရမည်။

ထို့ကြောင့် သမိုင်းသိပ္ပံပညာ၏ထိပ်တန်းတာဝန်မှာ ထုတ်လုပ်ရေးတရားများ၊ ထုတ်လုပ်ရေးအင်အားစုများနှင့် ထုတ်လုပ်ရေးဆက်ဆံမှုများ၏ ဖြစ်ပေါ်တိုးပွားမှုတရားများ၊ လူ့အဖွဲ့အစည်းစီးပွားရေး ဖြစ်ပေါ်တိုးပွားမှုတရားများကို လေ့လာဖော်ထုတ်ရန်ဖြစ်ပေသည်။

ထို့ကြောင့် ပစ္စည်းမဲ့ပါတီသည် စစ်မှန်သောပါတီတရပ် ဖြစ်လိုပါက တခြားအကြောင်းများ အပြင် ထုတ်လုပ်ရေး ဖြစ်ပေါ်တိုးပွားမှုတရားများ လူ့အဖွဲ့အစည်း၏ စီးပွားရေးဖြစ်ပေါ်တိုးပွားမှုတ ရားများ၏ အသိပညာရှိဖို့ လိုအပ်ပါသည်။

ထို့ကြောင့် ပေါ်လစီမှားရန် ပစ္စည်းမဲ့ပါတီသည် ၎င်း၏လုပ်ငန်းစဉ်များကို ရေးဆွဲရာတွင်ဖြစ်စေ၊ လက်တွေ့လုပ်ဆောင်ချက်များတွင်ဖြစ်စေ၊ အဓိကအားဖြင့် ထုတ်လုပ်ရေး ဖြစ်ပေါ်တိုးပွားမှုတရား၊ လူ့အဖွဲ့အစည်းစီးပွားရေး ဖြစ်ပေါ်တိုးပွားမှုတရားများမှ အစချီရမည်။

(ဂ) ထုတ်လုပ်ရေး၏ **ဒုတိယထူးခြားသည့်လက္ခဏာ**မှာ ၎င်း၏ပြောင်းလဲမှုများနှင့် ဖြစ်ပေါ်တိုးပွားမှုမှ ထုတ်လုပ်ရေးအင်အားစုများ၏ ပြောင်းလဲမှုများနှင့် ဖြစ်ပေါ်တိုးပွားမှုမှ အမြဲသဖြင့် အစချီခဲ့ပြီး၊ ဦးစွာအားဖြင့် ထုတ်လုပ်ရေးကိရိယာများ၏ ပြောင်းလဲမှုများနှင့် ဖြစ်ပေါ်တိုးပွားမှုက စတင်ပေသည်။ ထို့ကြောင့် ထုတ်လုပ်ရေးတွင် ထုတ်လုပ်ရေးအင်အားစုများသည် အလှုပ်ရှားဆုံးနှင့် အတော်လှန်ဆုံးသောအစိတ်အပိုင်းဖြစ်သည်။ ပထမတွင် လူ့အဖွဲ့အစည်း ထုတ်လုပ်ရေးအင်အားစုများက ပြောင်းလဲပြီး၊

ဖြစ်ပေါ်တိုးပွားပြီးနောက် ထိုပြောင်းလဲမှုများအပေါ် **အမှီပြုလျက်၊ ၎င်းတို့နှင့် အညီ** လူတို့၏ ထုတ်လုပ်ရေးဆက်ဆံမှု၊ ၎င်းတို့၏စီးပွားရေးဆက်ဆံမှုများ ပြောင်းလဲလာသည်။ သို့သော် ဤသည်က ထုတ်လုပ်ရေးဆက်ဆံမှုများသည် ထုတ်လုပ်ရေးအင်အားစုများ၏ ဖြစ်ပေါ်တိုးပွားမှုအပေါ် ဩဇာသက်ရောက်မှုမရှိ၊ တဖန်ထုတ်လုပ်ရေးအင်းအားစုများ ဖြစ်ပေါ်တိုးပွားမှုသည် ထုတ်လုပ်ရေးဆက်ဆံမှုများအပေါ် အမှီမပြုဟုမဆိုလိုပါ။ ထုတ်လုပ်ရေးအင်းအားစု ဖြစ်ပေါ်တိုးပွားမှုအပေါ် အမှီပြုဖြစ်ပေါ်တိုးပွားလာသော ထုတ်လုပ်ရေးဆက်ဆံမှုများသည် တဖန်ထုတ်လုပ်ရေး အင်အားစုများ ဖြစ်ပေါ်တိုးပွားမှုအပေါ် ပြန်လည်တုံ့ပြန်ကာ ၎င်းကိုအရှိန်မြန်စေခြင်း သို့မဟုတ် နှေးကွေးနှောင့်နှေးစေခြင်းပြုသည်။ ဤအချက်တွင် သတိပြုသင့်သည်မှာ ထုတ်လုပ်ရေးဆက်ဆံမှုသည် ထုတ်လုပ်ရေးအင်းအားစု ကြီးထွားလာမှု၏ နောက်တွင် အလွန်အမင်းကြာစွာ နောက်ကျမကျန်ရစ်ဘဲ၊ ၎င်းနှင့်လည်း ပဋိပက္ခ ဖြစ်မနေပေ။ ထုတ်လုပ်ရေးဆက်ဆံမှုသည် ထုတ်လုပ်ရေးအင်အားစုများ၏ လက္ခဏာအဆင့်အတန်းနှင့် ဆီလျော်သင့်မြတ်လာပြီး၊ ၎င်တို့၏ဖြစ်ပေါ်တိုးတက်မှုကို အစွမ်းကုန်ခွင့်ပြုမှသာလျှင် ထုတ်လုပ်ရေးအင်အားစုများသည်လည်း အပြည့်အဝ တိုးတက်ဖြစ်ပေါ်မည်ဖြစ်သောကြောင့်ပင်တည်း။ ထို့ကြောင့် ထုတ်လုပ်ရေးဆက်ဆံမှုများသည် ထုတ်လုပ်ရေးအင်အားစုများ ဖြစ်ပေါ်တိုးပွားမှုနောက်  မည်မျှပင် နောက်ကျစေကာမူ ၎င်းတို့သည် အနှေးနှင့်အမြန် ထုတ်လုပ်ရေးအင်အားစုများ၏ ဖြစ်ပေါ်တိုးပွားမှုအဆင့်၊ ထုတ်လုပ်ရေးအင်အားစုများ၏လက္ခဏာနှင့် ကိုက်ညီလာရသည်။ အမှန်ပင်ကိုက်ညီသွားရမည်ဖြစ်သည်။ သို့မဟုတ်ပါက **ထုတ်လုပ်ရေးစနစ်**တွင် ထုတ်လုပ်ရေးအင်အားစုနှင့် ထုတ်လုပ်ရေးဆက်ဆံမှုတို့၏ ညီညွတ်မှုကို အခြေခံအားဖြင့် ဖောက်ဖျက်မှု၊ ထုတ်လုပ်ရေးတခုလုံးကို ဖြတ်တောက်မှု၊ ထုတ်လုပ်ရေး အကျပ်အတည်း၊ ထုတ်လုပ်ရေးအင်အားစုများကို ဖျက်ဆီးမှုများကို ကျွန်တော်တို့ တွေ့ကြုံရပေမည်။

ထုတ်လုပ်ရေးဆက်ဆံမှုများနှင့် ထုတ်လုပ်ရေးအင်အားစုလက္ခဏာတို့ မကိုက်ညီဘဲ၊ ၎င်းတို့အကြား အတိုက်အခံဖြစ်နေသည့် ဥပမာတရပ်မှာ အရင်းရှင်နိုင်ငံများရှိ စီးပွားရေးကပ်ဆိုက်မှုများ ဖြစ်ပြီး၊ ထိုတိုင်းပြည်များတွင် ထုတ်လုပ်ရေးပစ္စည်းများကို အရင်းရှင် ပုဂ္ဂလိကပိုင်ဆိုင်မှုစနစ်က ထုတ်လုပ်ရေးဖြစ်စဉ်၏ လူမှုလက္ခဏာနှင့်လည်းကောင်း၊ ထုတ်လုပ်ရေးအင်အားစု၏ လက္ခဏာနှင့်လည်းကောင်း၊ အလွန်အမင်းမဆီမလျော် ဖြစ်နေပါသည်။ ဤသည်က စီးပွားရေးအကျပ်အတည်းများကိုဖြစ်ပေါ်စေပြီး၊ ထိုမှတဆင့် ထုတ်လုပ်ရေးအင်အားစုများ၏ ဖျက်ဆီးမှုသို့ ဆိုက်ရောက်သွားစေ သည်။ ထို့အပြင် ဤမဆီလျော်ဖြစ်မှုများ ကိုယ်တိုင်ပင်လျှင် လူမှုတော်လှန်ရေး၏ စီးပွားရေး အခြေခံအုတ်မြစ်ဖြစ်နေပြီး၊ ဤတော်လှန်ရေး၏ ရည်ရွယ်ချက်မှာ တည်ရှိနေဆဲ ထုတ်လုပ်ရေးဆက်ဆံမှုများကို ဖျက်သိမ်းရန်နှင့် ထုတ်လုပ်ရေးအင်အားစုလက္ခဏာနှင့် ကိုက်ညီသည့် ထုတ်လုပ်ရေး ဆက်ဆံမှုအသစ်ကို ဖန်တီးရန်ဖြစ်သည်။

ဆန့်ကျင်စွာပင် ထုတ်လုပ်ရေးဆက်ဆံမှုများနှင့် ထုတ်လုပ်ရေးအင်အားစုများ၏ လက္ခဏာနှင့် လုံးဝကိုက်ညီသော ဥပမာမှာ ဆိုဗီယက်ပြည်ထောင်စုရှိ ဆိုရှယ်လစ်အမျိုးသားစီးပွားရေးတွင် တွေ့မြင်နိုင်ပြီး၊ ထုတ်လုပ်ရေးပစ္စည်းများကို လူမှုပိုင်ဆိုင်မှုစနစ်က ထုတ်လုပ်ရေးဖြစ်စဉ်၏ လူမှုလက္ခဏာနှင့် အပြည့်အဝကိုက်ညီပြီး၊ ၎င်းကြောင့်ပင် စီးပွားရေးအကျပ်အတည်းများ ထုတ်လုပ်ရေးအင်အားစုများ၏ ဖျက်ဆီးမှုတို့ မရှိနိုင်ချေ။

အကျိုးဆက်အားဖြင့် ထုတ်လုပ်ရေးအင်အားစုများသည် ထုတ်လုပ်ရေးတွင် အလှုပ်ရှားဆုံးနှင့် အတော်လှန်ဆုံးသော အစိတ်အပိုင်းဖြစ်သည်သာမက ထုတ်လုပ်ရေးဖြစ်ပေါ်တိုးတက်မှုတွင် အဆုံးအဖြတ်ပေးသော အစိတ်အပိုင်းလည်းဖြစ်ပေသည်။

ထုတ်လုပ်ရေးအင်အားစုရှိသည့် အတိုင်းပင် ထုတ်လုပ်ရေးဆက်ဆံမှုလည်းရှိရမည် ဖြစ်ပေ သည်။

လူများလိုအပ်သည့် ရုပ်ဝတ္ထုနေ့ဥစ္စာများ ထုတ်လုပ်ရာတွင် မည်သည့်ထုတ်လုပ်ရေးကိရိယာများကို အသုံးပြုသနည်းဆိုသော မေးခွန်းကိုပြည့်စုံအောင် ထုတ်လုပ်ရေးအင်အားစု အခြေအနေက ပြောကြားနေစဉ်၊ ထုတ်လုပ်ရေးဆက်ဆံမှု အခြေအနေက တခြားမေးခွန်းတခုကို ပြည့်စုံအောင် ဖြေကြားပါသည်။ ထုတ်လုပ်ရေးပစ္စည်းများ (မြေယာ၊ သစ်တော၊ ရေ၊ ဓာတ်သတ္တု၊ ကုန်ကြမ်း၊ ထုတ်လုပ်ရေး ကိရိယာ၊ အဆောက်အဦး၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးပစ္စည်းများ အစရှိသည်) ကို မည်သူက ပိုင်ဆိုင်ပြီး၊ ထုတ်လုပ်ရေးပစ္စည်းများကို မည်သူက ချုပ်ကိုင်ထားသနည်း။ အခြားသူများ၊ အစုများ၊ လူတန်းစားများကို သွေးစုပ်ရန် ဤအရာများကို အသုံးချသူများမှာ လူ့အဖွဲ့အစည်းတခုလုံး သို့မဟုတ် တဦးတယောက်၊ အစုများ သို့မဟုတ် လူတန်းစားများလော။

ဤသည်မှာ ရှေးခေတ်မှ ယနေ့အထိ ထုတ်လုပ်ရေးဖြစ်ပေါ်တိုးပွားမှု၏ ပုံကြမ်းဖြစ်သည်။ ကျောက်ရိုင်းကိရိယာများမှ လေးနှင့်မြှားသို့ ကူးပြောင်းသွားသည့်နှင့်မတူ၊ အမဲလိုက်ဘဝမှ တိရိစ္ဆာန်မွေးမြူရေးနှင့် ရှေးကျသော ကျွဲ၊ နွားမွေးမြူရေးသို့ ကူး ပြောင်းသွားခြင်း၊ ကျောက်လက်နက်ကိရိယာမှ သတ္တုကိရိယာ (သံပေါက်ဆိန်၊ သံထယ်သွားတပ်ဆင်ထားသော သစ်သား လယ်ထွန်ကိရိယာများ စသည်တို့) သို့ ကူးပြောင်းမှုနှင့်အညီ လယ်ယာထွန်ယက်စိုက်ပျိုးမှုသို့ ကူးပြောင်းသွားခြင်း၊ ရုပ်ဝတ္ထုပစ္စည်းများ ပြုလုပ်ရေးအတွက် သတ္တုကိရိယာများ ပိုမိုကောင်းမွန်လာခြင်း၊ ပန်းပဲဖိုများ ဖြစ်ပေါ် လာခြင်း၊ အိုးခွက်လုပ်ငန်းများ ဖြစ်ပေါ်လာခြင်းနှင့်ကိုက်ညီသော လက်မှုပညာ ဖြစ်ပေါ်တိုးတက်လာ ခြင်း၊ လယ်ယာစိုက်ပျိုးရေးမှ လက်မှုလုပ်ငန်းများ ကွဲပြားသွားခြင်း၊ လွတ်လပ်သော လက်မှုပညာ လုပ်ငန်း၊ ထို့နောက် လက်မှုကုန်ပစ္စည်းထုတ်လုပ်ရေးများ ဖြစ်ပေါ်လာခြင်း၊ လက်မှုကိရိယာများမှ စက်များအဖြစ် ကူးပြောင်းပြီး လက်မှုလုပ်ငန်းနှင့် ကုန်ပစ္စည်းထုတ်လုပ်ရေးကို စက်မှုလုပ်ငန်းအဖြစ် ကူးပြောင်းခြင်း၊ စက်မှုစနစ်သို့ ကူးပြောင်းပြီး၊ ခေတ်သစ်အကြီးစား စက်မှုလုပ်ငန်း ပေါ်ပေါက်လာခြင်း၊ ဤသည်တို့သည် သမိုင်းတလျှောက် လူ့အဖွဲ့အစည်း ထုတ်လုပ်ရေးအင်အားစုများ၏ ဖြစ်ပေါ်တိုး ပွားလာပုံ၏ ယေဘုယျနှင့် အလွန်မပြည့်စုံသည့် ပုံကားချပ် ဖြစ်လာသည်။ ထုတ်လုပ်ရေး ကိရိယာ ဖြစ်ပေါ်တိုးပွားမှုနှင့် တိုးတက်ကောင်းမွန်မှုတို့သည် ထုတ်လုပ်ရေးနှင့် ဆက်သွယ်နေသည့် လူသား များက ပြုလုပ်လိုက်ခြင်းဖြစ်ပြီး၊ လူများနှင့် အမှီအခိုကင်းစွာ ဖြစ်ပေါ်ခဲ့ခြင်း မဟုတ်သည်မှာ ရှင်းနေ ပေသည်။ အကျိုးဆက်အားဖြင့် ထုတ်လုပ်ရေးကိရိယာများ၏ ပြောင်းလဲမှု၊ ဖြစ်ပေါ်တိုးတက်မှုနှင့် အတူ ထုတ်လုပ်ရေးအင်အားစုများတွင် အရေးကြီးဆုံး အစိတ်အပိုင်းဖြစ်သည့် လူများသည်လည်း ပြောင်းလဲဖြစ်ပေါ်တိုးပွားကာ၊ ၎င်းတို့၏ ထုတ်လုပ်ရေးအတွေ့အကြုံ၊ အလုပ်ကျွမ်းကျင်မှုနှင့် ထုတ်လုပ်ရေးကိရိယာများကို ကိုင်တွယ်နိုင်စွမ်းများလည်း ပြောင်းလဲဖြစ်ပေါ်လာသည်။

သမိုင်းတလျှောက် လူ့အဖွဲ့အစည်း ထုတ်လုပ်ရေးအင်အားစုများ ပြောင်းလဲဖြစ်ပေါ်တိုးပွားမှုနှင့် လျော်ညီကိုက်ညီစွာ လူတို့၏ ထုတ်လုပ်ရေးဆက်ဆံမှုများသည်လည်းကောင်း၊ လူတို့၏ စီးပွားရေး ဆက်ဆံမှုများသည်လည်းကောင်း၊ ပြောင်းလဲဖြစ်ပေါ်တိုးပွားခဲ့ပေသည်။

သမိုင်းတွင် ထုတ်လုပ်ရေးဆက်ဆံမှု အဓိကငါးမျိုး ရှိခဲ့သည်။ ရေးဘုံစနစ်၊ ကျေးကျွန်စနစ်၊ ပဒေသရာဇ်စနစ်၊ အရင်းရှင်စနစ်နှင့် ဆိုရှယ်လစ်စနစ်တို့ဖြစ်သည်။

ရေးဘုံစနစ်ရှိ အခြေခံထုတ်လုပ်ရေး ဆက်ဆံမှုများမှာ ထုတ်လုပ်ရေးပရိဘောဂများကို လူ့အဖွဲ့အစည်းက ပိုင်ဆိုင်သည်။ ဤသည်မှာ အဓိကအားဖြင့် ထိုကာလ၏ ထုတ်လုပ်ရေးအင်အားစု လက္ခဏာနှင့် ကိုက်ညီသည့် ကျောက်ကိရိယာသုံးစွဲမှုနှင့် နောက်ပိုင်း လေးမြားပေါ်လာမှုကြောင့် တဦးတယောက်တည်း သဘာဝအင်အားစုနှင့် သားရဲတိရစ္ဆာန်ကို တိုက်ပွဲဆင်ရန်မဖြစ်နိုင်။ တောထဲမှ သစ်ဥသစ်ဖုဆွတ်ခူးရန်၊ ငါးများရန်၊ နေအိမ်တည်ဆောက်ရန်အတွက် လည်းကောင်း၊ ဝတ်မွတ်၍ဖြစ်စေ၊ သားရဲတိရစ္ဆာန်များ၏ သို့မဟုတ် အနီးအနားရှိ အသင်းအစုများ၏ သားကောင်ဘဝသို့ ဖြစ်စေမကျရန်သော်လည်းကောင်း၊ လူများသည် အများနှင့်အတူ အလုပ်လုပ်ရပေမည်။ အများဆိုင်ရာ အလုပ်က ထုတ်လုပ်ရေးပရိဘောဂများနှင့်တကွ ထုတ်လုပ်ရေးမှ အသီးအပွင့်များကို အများပိုင်ဆိုင်မှုစနစ် ဖြစ်ပေါ်စေသည်။ သားရဲတိရစ္ဆာန်တို့ဘေးမှ ကာကွယ်နိုင်သည့် ပစ္စည်းများအဖြစ် တချိန် တွင် အသုံးပြုနိုင်သည့် ထုတ်လုပ်ရေးကိရိယာအချို့ကို တဦးချင်းပိုင်ဆိုင်မှုကလွဲ၍ ထုတ်လုပ်ရေး ပရိဘောဂများကို ပုဂ္ဂလိကပိုင်ဆိုင်မှုစနစ် အယူအဆများ မရှိသေးချေ။ ဤနေရာတွင် သွေးစုပ်မှုလည်း မရှိ၊ လူတန်းစားလည်း မရှိချေ။

ကျေးကျွန်စနစ်အောက်တွင် အခြေခံထုတ်လုပ်ရေးဆက်ဆံမှုမှာ ကျေးကျွန်ပိုင်ရှင်သည် ထုတ်လုပ်ရေးပရိဘောဂများကို ပိုင်ဆိုင်သည့်အပြင် ထုတ်လုပ်ရေးလုပ်သား ကျေးကျွန်များကိုလည်း ပိုင်ဆိုင်ကာ၊ ၎င်းတို့ကို ကျွဲနွားများပမာ ရောင်းနိုင်၊ ဝယ်နိုင်၊ သတ်ဖြတ်နိုင်ပေသည်။ ဤကဲ့သို့သော ထုတ်လုပ်ရေးဆက်ဆံမှုများသည် ထိုကာလ ဆက်ဆံရေးအင်အားစု အခြေအနေ နှင့် အခြေခံအားဖြင့် လျော်ညီကိုက်ညီပေသည်။ ကျောက်လက်နက်များအစား ယခုအခါ လုပ်သားများသည် သတ္တုကိရိယာများ လက်ထဲရောက်ရှိလာပေပြီ။ တိရစ္ဆာန်မွေးမြူရေးနှင့် ထွန်ယက်စိုက်ပျိုးရေးကို နားမလည်ခဲ့သည့် အမဲလိုက်မုဆိုးများ၏ ဆင်းရဲမွဲတေလှသော ရေးကျသည့်စိုက်ပျိုးရေးအစား တိရစ္ဆာန်မွေးမြူရေး၊ ထွန်ယက်စိုက်ပျိုးရေး၊ လက်မှုပညာများနှင့် ဤထုတ်လုပ်ရေးအဖွဲ့များအတွင်း အလုပ်ခွဲဝေမှု များက ဝင်ရောက်လာသည်။ လူတဦးချင်းနှင့် အသင်းအစုများအကြား ထွက်ကုန်များ လဲလှယ်နိုင်မှု၊ လူတချို့၏ လက်ထဲ ဥစ္စာဓနစုပုံလာနိုင်မှု တိုးထွက်လာကာ ထုတ်လုပ်ရေးပရိဘောဂများကို အနည်းစု၏ လက်ထဲတွင် တကယ်ပင်စုပုံလာခဲ့ပြီး၊ အနည်းစုက အများစုကို လက်အောက်ခံ ပြုလာနိုင် မှုနှင့် အများစုကို ကျွန်အဖြစ်ကူးပြောင်းစေနိုင်မှုတို့ ဖြစ်လာပါသည်။ ဤနေရာတွင် ထုတ်လုပ်ရေး ဖြစ်စဉ်၌ လူ့အဖွဲ့အစည်းဝင်အားလုံး၏ လွတ်လပ်သော အများပိုင်ဆိုင်သည့် အလုပ်ဟူ၍ မရှိ တော့ပေ။ ဤနေရာတွင် အလုပ်မလုပ်သော ကျေးကျွန်ပိုင်ရှင်များ၏ သွေးစုပ်ချယ်လှယ်ခြင်းခံရသော ကျေးကျွန်များ၏ အဓမ္မ အလုပ်လွှမ်းမိုးနေသည်။ ထို့ကြောင့် ဤနေရာတွင် ထုတ်လုပ်ရေးပရိဘောဂများနှင့် ထုတ်လုပ်ရေး၏ အထွက်ပစ္စည်းများအပေါ် အများပိုင်ဆိုင်မှုလည်း မရှိတော့ပေ။

ဤနေရာတွင် ပုဂ္ဂလိကပိုင်ဆိုင်မှုက အစားထိုးလိုက်သည်။ ဤနေရာတွင် ကျေးကျွန်ပိုင်ရှင်သည် ပထမနှင့် အဓိကပိုင်ဆိုင်သူ အပြည့်အဝ ပိုင်ရှင်ဖြစ်လာသည်။

ချမ်းသာသူနှင့် ဆင်းရဲသူ၊ သွေးစုပ်သူနှင့် သွေးစုပ်ခံ၊ အခွင့်အရေးပြည့်စုံသူနှင့် အခွင့်အရေး မရှိသူနှင့် ၎င်းတို့အကြား ပြင်းထန်သည့် လူတန်းစားတိုက်ပွဲ – ဤသည်ကား ကျေးကျွန်စနစ်၏ ပုံကားချပ်ပေတည်း။

ပဒေသရာဇ်မြေရှင်စနစ်အောက်တွင် အခြေခံထုတ်လုပ်ရေးဆက်ဆံမှုမှာ ပဒေသရာဇ်မြေရှင်က ထုတ်လုပ်ရေးပရိဘောဂများကို ပိုင်ဆိုင်ပြီး၊ ထုတ်လုပ်ရေးလုပ်သား၊ လယ်ကျွန်ကို မသတ်နိုင်တော့သော်လည်း ရောင်းနိုင်ဝယ်နိုင်သည့် မပြည့်ဝသည့် ပိုင်ရှင် ဖြစ်နေပေသည်။ ပဒေသရာဇ်မြေရှင်စနစ်နှင့် ယှဉ်တွဲပြီး၊ လယ်သမားနှင့် လက်မှုပညာသည်တို့၏ ထုတ်လုပ်ရေးကိရိယာများအပေါ် တဦးချင်း ပိုင်ဆိုင်မှုနှင့် ကိုယ်ပိုင်အလုပ်အပေါ် အခြေခံသည့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းတို့ ရှိလာပေပြီ။ ဤကဲ့သို့သော ထုတ်လုပ်ရေးဆက်ဆံမှုသည် ထိုအချိန်ကာလအတွင်းရှိ ထုတ်လုပ်ရေးအင်အားစု အခြေအနေနှင့် အခြေခံအားဖြင့် လျော်ညီပေသည်။ သံရည်ကြိုလုပ်ငန်း၊ သံထည်လုပ်ငန်းများ ပိုမိုကောင်းမွန်လာမှုများ၊ သံထယ်သွားနှင့် လက်ရက်ကန်းများ ကျယ်ပြန့်လာမှု၊ ဥယျာဉ်စိုက်ပျိုးမှု၊ အရက်ချက်လုပ်ငန်းနှင့် နွားနို့ထုတ်လုပ်ရေး၊ လက်မှုပညာသည် အလုပ်ရုံများနှင့်အတူ ကုန်ပစ္စည်းထုတ်လုပ်သော အလုပ်ရုံများ ပေါ်ပေါက်လာခြင်း၊ ဤသည်များသည် ထုတ်လုပ်ရေးအင်အားစု အခြေအနေ၏ ထူးခြားသည့် လက္ခဏာများတည်း။

ထုတ်လုပ်ရေးအင်အားစုသစ်များက အလုပ်သမားကို ထုတ်လုပ်ရေးတွင် တစုံတရာ ဦးဆောင်နိုင်စွမ်းရှိပြီး၊ အလုပ်၌ စိတ်ပါဝင်စားမှုကို ဖော်ပြရန်  တောင်းဆိုလိုက်လေသည်။ ထို့ကြောင့် ပဒေသရာဇ်မြေရှင်သည် အလုပ်တွင် စိတ်မဝင်စားဘဲ လုံးဝဦးမဆောင်နိုင်သူ ကျေးကျွန်ကို စွန့်လွှတ်ပစ်လိုက်ပြီး၊ မြေယာတွင် ထွန်ယက်စိုက်ပျိုးကာ၊ ၎င်း၏သီးနှံတစိတ်တပိုင်းကို သီးစားခပေးရန်၊ တစုံတရာ စိတ်ဝင်စားတက်ကြွမှုရှိပြီး၊ မိမိတွင် ကိုယ်ပိုင်လယ်ယာလုပ်ငန်း၊ ထုတ်လုပ်ရေးကိရိယာများ ပိုင်ဆိုင်သည့် မြေကျွန်ကို သဘောကျခဲ့ပေသည်။

ဤတွင် ပုဂ္ဂလိကပိုင်ဆိုင်မှုသည် ဆက်လက်ဖြစ်ပေါ်တိုးပွားလာသည်။ သွေးစုပ်မှုသည် အနည်းငယ်မျှသာ လျော့ပါးသွားသော်လည်း ကျေးကျွန်စနစ်နီးပါးပင် ပြင်းထန်ဆိုးဝါးသည်။ သွေးစုပ်သူနှင့် သွေးစုပ်ခံအကြား လူတန်းစားတိုက်ပွဲသည် ပဒေသရာဇ်မြေရှင်စနစ်၏ အခြေခံလက္ခဏာ ဖြစ်သည်။

အရင်းရှင်စနစ်အောက်တွင် အခြေခံထုတ်လုပ်ရေးဆက်ဆံမှုမှာ အရင်းရှင်သည် ထုတ်လုပ်ရေးပရိဘောဂများကို ပိုင်ဆိုင်သော်လည်း ထုတ်လုပ်ရေးလုပ်သား၊ အခစားအလုပ်သမားများကို မပိုင်ပါ။ အရင်းရှင်များက ၎င်းတို့ကို မသတ်နိုင်၊ မရောင်းနိုင်ချေ။ သူတို့သည် ပုဂ္ဂိုလ်အရ လွတ်လပ်သော်လည်း ထုတ်လုပ်ရေးပရိဘောဂများ မရှိမှုကြောင့် ငတ်၍မသေရန်၊ မိမိ၏လုပ်အားကို အရင်းရှင်ထံ ရောင်းစားရပြီး၊ သွေးစုပ်ခံရမှု ထမ်းပိုးအောက်သို့ ရောက်ရှိသွားရသည်။ ထုတ်လုပ်ရေး ပရိဘောဂများအပေါ် အရင်းရှင်ပိုင်ဆိုင်မှုနှင့်အတူ ပထမတွင် မြေကျွန်မဟုတ်တော့သည့် လယ်သမားများနှင့် လက်မှုပညာသည်များ၏ ပုဂ္ဂလိကအလုပ်အပေါ် အခြေခံသည့် ပုဂ္ဂလိကပိုင်ဆိုင်မှုနှင့် ၎င်းတို့၏ ထုတ်လုပ်ရေး ပရိဘောဂများအပေါ် လယ်သမားနှင့် လက်မှုပညာသည်များ၏ ပုဂ္ဂလိကပိုင်ဆိုင်မှုများကို အကျယ်အပြန့် တွေ့နိုင်သည်။ လက်မှုပညာ အလုပ်ရုံနှင့် လက်မှုနှင့် စက်မှုတပိုင်း လုပ်ငန်းနေရာတွင် စက်များ တပ်ဆင်ထားသော စက်ရုံကြီးများနှင့် အလုပ်ရုံကြီးများ ပေါ်ပေါက်လာသည်။ လယ်သမား များက ရှေးဟောင်းကိရိယာများဖြင့် ထွန်ယက်စိုက်ပျိုးသော မှုံးမျိုးမတ်နွယ်ပိုင် မြေကွက်ကြီးများ နေရာတွင်

ယခုအခါ သိပ္ပံနည်းများနှင့် လယ်ယာစက်ယန္တရားများကို အသုံးပြုသည့် အရင်းရှင်လယ်ယာလုပ်ခင်းကြီးများ ပေါ်ထွက်လာသည်။

ထုတ်လုပ်ရေးအင်အားစုသစ်များက ထုတ်လုပ်ရေးအလုပ်သမားများကို အသိပညာခေါင်းပါးလှသည့် နင်းပြားမြေကျွန်များထက်ပို၍ ပညာတတ်ထက်မြက်ရန် တောင်းဆိုပြီး၊ စက်ကိရိယာအကြောင်းကို သိနားလည်ပြီး၊ ကောင်းစွာကိုင်တွယ်တတ်ရန် လိုပေသည်။ ထို့ကြောင့် အရင်းရှင်များသည် လယ်ကျွန်အနှောင်အဖွဲ့မှ လွတ်မြောက်ပြီး၊ စက်ကိရိယာများကို နိုင်နင်းစွာကိုင်တွယ်တတ်အောင် ပညာတတ်မြောက်ထားသည့် အခစား အလုပ်သမားကို ပိုမို လိုလားလာကြသည်။

သို့သော် ထုတ်လုပ်ရေးအင်းအားစုများကို အလွန်ကြီးမားလှသော အတိုင်းအတာအထိဖြစ်ပေါ်တိုးပွားလိုက်ပြီဖြစ်၍ အရင်းရှင်စနစ်သည် မဖြေရှင်းနိုင်သော ပဋိပက္ခများဖြင့် ရှုပ်ထွေး သွားပေသည်။ ကုန်စည်အရေအတွက် အများအပြား ပို၍ ပို၍ထုတ်လုပ်လာပြီး၊ ၎င်းတို့၏ ဈေးနှုန်းကိုလျော့ကျစေကာ၊ အရင်းရှင်စနစ်သည် ပြိုင်ဆိုင်မှုကို ပြင်းထန်စေပေသည်။ အငယ်စား၊ အလတ်စား ပုဂ္ဂလိက ပိုင်ရှင်များကို ပျက်စီးစေပြီး၊ ၎င်းတို့ကို ပစ္စည်းမဲ့များ ဖြစ်စေလိုက်ကာ ၎င်းတို့ဝယ်အားလည်း လျော့ကျသွားသည်။ အကျိုးအားဖြင့် ထုတ်လုပ်ပြီးသည့်ကုန်စည်များ ရောင်းထွက်ရေးမှာ မဖြစ်နိုင်တော့ချေ။ တဖက်တွင် ထုတ်လုပ်ရေးကို တိုးချဲ့ပြီး၊ သန်းနှင့်ချီသော အလုပ်သမားများကို ကြီးမားလှသော စက်ရုံအလုပ်ရုံများတွင် စုစည်းထားလိုက်ခြင်းဖြင့် အရင်းရှင်စနစ်သည် ထုတ်လုပ်ရေးဖြစ်စဉ်ကို လူ့အဖွဲ့ အစည်းလက္ခဏာဆောင်စေပြီး၊ ဤနည်းဖြင့် မိမိ၏အခြေခံ အုတ်မြစ်ကို အင်အားချည့်နဲ့ စေလိုက်ပေသည်။ အဘယ်ကြောင့်ဆိုသော် ထုတ်လုပ်ရေးဖြစ်စဉ်၏ လူ့အဖွဲ့အစည်းလက္ခဏာက ထုတ်လုပ်ရေးပရိဘောဂကို လူ့အဖွဲ့အစည်းက ပိုင်ဆိုင်ရန် တောင်းဆိုလာသည်။ သို့သော် ထုတ်လုပ်ရေး ပရိဘောဂများကို ပုဂ္ဂလိကအရင်းရှင် ပိုင်ဆိုင်မြဲ ပိုင်ဆိုင်နေပြီး၊ ဤသည်မှာ ထုတ်လုပ်ရေးဖြစ်စဉ် လူ့အဖွဲ့အစည်းလက္ခဏာဆောင်လာမှုနှင့် မကိုက်ညီ မအပ်စပ် တော့ပေ။

ထုတ်လုပ်ရေးအင်အားစုလက္ခဏာနှင့် ထုတ်လုပ်ရေးဆက်ဆံမှုများအကြား၊ ဤစေ့စပ်ညီညွတ်၍ မရနိုင်သော ပဋိပက္ခများသည် အချိန်ကာလအလိုက် ထုတ်လုပ်ရေး ပိုလျှံသောကပ်များဆိုက်ရောက်စေပြီး၊ အရင်းရှင်များသည် ၎င်းတို့ကြောင့်ပင် ပြည်သူလူထု မွဲပြာကျပြီး၊ ၎င်းတို့ ကုန်ပစ္စည်းများကိုဝယ်ယူရန် ထိရောက်သည့်နည်းလမ်း မတွေ့သောအခါ၊ ကုန်များကို မီးရှို့၊ ထုတ်လုပ်ပြီးသား ပစ္စည်းများကိုဖျက်စီး၊ ထုတ်လုပ်ရေးကို လျှော့ချ၊ ထုတ်လုပ်ရေးအင်းအားစုများကို ဖျက်ဆီးပြစ်ကြသည်။ ထိုအချိန်တွင် လူသန်းပေါင်းများစွာတို့သည် မရှိသည့်အတွက် မဟုတ်ဘဲ၊ ကုန်ပစ္စည်းများ ပိုလျှံမှုကြောင့် အလုပ်လက်မဲ့ဖြစ်မှုတို့နှင့် ငတ်မွတ်မှုဆီသို့ အတင်းအကျပ် တွန်းပို့ခြင်းခံလိုက်ရသည်။

ဤသည်က အရင်းရှင်စနစ် ထုတ်လုပ်ရေးဆက်ဆံမှုသည် လူ့အဖွဲ့အစည်းထုတ်လုပ်ရေး အင်အားစုအခြေအနေနှင့် ကိုက်ညီသင့်တော်ခြင်းမရှိတော့ဘဲ ၎င်းတို့နှင့် စေ့စပ်ညှိနှိုင်း၍မရသော ပဋိ ပက္ခသို့ ရောက်ရှိလာပြီဟု ဆိုလိုပေသည်။

ဤသည်က အရင်းရှင်စနစ်သည် တော်လှန်ရေးနှင့် ပြည့်ဝနေပြီး၊ တော်လှန်ရေး၏ တာဝန်မှာ တည်ရှိနေသည့် ထုတ်လုပ်ရေးပရိဘောဂများအား အရင်းရှင်များ ပိုင်ဆိုင်မှုကို ဆိုရှယ်လစ်ပိုင်ဆိုင်မှုနှင့် အစားထိုးရမည်ဟု ဆိုလိုပေသည်။

ဤသည်က အရင်းရှင်စနစ်၏ အဓိကလက္ခဏာသည် သွေးစုပ်သူနှင့် သွေးစုပ်ခံအကြား အပြင်းထန်ဆုံးသော လူတန်းစားတိုက်ပွဲဖြစ်သည်ဟု ဆိုလိုပေသည်။

ဆိုဗီယက်ပြည်ထောင်စုတွင်သာ တည်ထောင်ထားရသော ဆိုရှယ်လစ်စနစ်အောက်ရှိ အခြေခံထုတ်လုပ်ရေး ဆက်ဆံမှုမှာ ထုတ်လုပ်ရေးပစ္စည်းများကို လူ့အဖွဲ့အစည်းက ပိုင်ဆိုင်ခြင်းဖြစ်သည်။ ဤနေရာတွင် သွေးစုပ်ခံရော၊ သွေးစုပ်သူရော မရှိတော့ချေ။ "အလုပ်မလုပ်သူ မစားရ" ဟူသောမူပေါ်တွင် ထွက်လာသောပစ္စည်းများကို အလုပ်အရ ခွဲဝေသည်။ ဤနေရာတွင် ထုတ်လုပ်ရေး ဖြစ်စဉ်ရှိ လူများ၏ အပြန်အလှန်ဆက်ဆံမှုကို သွေးစုပ်မှုမှ လွတ်ကင်းသော အလုပ်သမားများ၏ ရဲဘော်သဖွယ် ပူပေါင်းဆောင်ရွက်မှုများနှင့် ဆိုရှယ်လစ် အပြန်အလှန်ကူညီမှုတို့ဖြင့် ဖော်ပြပေသည်။ ဤနေရာတွင် ထုတ်လုပ်ရေး ဆက်ဆံမှုများသည် ထုတ်လုပ်ရေးအင်အားစု အခြေအနေနှင့် အ ပြည့်အဝ လျော်ညီပေသည်။ အကြောင်းမှာ ထုတ်လုပ်ရေးဖြစ်စဉ်၏ လူ့အဖွဲ့အစည်း လက္ခဏာကို ထုတ်လုပ်ရေးပရိဘောဂများ၊ လူ့အဖွဲ့အစည်းပိုင်ဆိုင်မှုက ထပ်မံအားဖြည့်ပေးလိုက်ခြင်းကြောင့် ဖြစ်သည်။

ဤအကြောင်းကြောင့်ပင် ဆိုဗီယက်ပြည်တောင်စုရှိ ဆိုရှယ်လစ်ထုတ်လုပ်ရေးတွင် ထုတ်လုပ်ရေးပိုလျှံမှု ကာလအလိုက် ကပ်ဆိုက်မှုများနှင့် ၎င်းနှင့်အတူပါလာသည့် ကမောက်ကမ ဖြစ်မှုများ မရှိခြင်းဖြစ်သည်။

ဤအကြောင်းကြောင့်ပင် ဤနေရာတွင်ရှိသော ထုတ်လုပ်ရေးအင်အားစုများသည် လျင်မြန်သောအရှိန်အဟုန်နှင့် ဖြစ်ပေါ်တိုးပွားခဲ့သည့်အကြောင်းမှာ ၎င်းတို့နှင့် သင့်လျော်ကိုက်ညီသော ထုတ်လုပ်ရေးဆက်ဆံမှုများက ဤကဲ့သို့သော ဖြစ်ပေါ်တိုးပွားမှု အပြည့်အဝဖြစ်စေရန် အားပေးလိုက်သည်။

ဤသည်မှာ လူ့သမိုင်းတလျှောက် လူသားများ၏ ထုတ်လုပ်ရေးဆက်ဆံမှုများ၊ ဖြစ်ပေါ်တိုးပွားလာမှု၏ ရုပ်ပုံကားချပ် ပေတည်း။

ဤသည်မှာ ထုတ်လုပ်ရေးဆက်ဆံမှု ဖြစ်ပေါ်တိုးပွားမှုက လူ့အဖွဲ့အစည်း ထုတ်လုပ်ရေးအင်အားစု ဖြစ်ပေါ်တိုးပွားမှုနှင့် အဓိကအားဖြင့် ထုတ်လုပ်ရေးပရိဘောဂများ ဖြစ်ပေါ်တိုးပွားမှုအပေါ် အမှီပြုခြင်း ဖြစ်ပြီး၊ ထိုသို့ အမှီပြုရခြင်းကြောင့်ပင် ထုတ်လုပ်ရေးအင်အားစုများ ပြောင်းလဲဖြစ်ပေါ်တိုးပွားမှုများက အနေးနှင့်အမြန် ၎င်းတို့နှင့် လိုက်လျောညီထွေဖြစ်သော ထုတ်လုပ်ရေးဆက်ဆံမှု ပြောင်းလဲဖြစ်ပေါ်တိုးပွားမှုများဆီသို့ ရွေ့ရှုသွားခဲ့ပေသည်။

မာ့က်စ်ကပြောခဲ့သည်မှာ–

"အလုပ်၏ကိရိယာများ (instrument of labour)[၈]ကို အသုံးပြုခြင်းနှင့် တီထွင်ခြင်း တို့သည် တချို့သောတိရစ္ဆာန်မျိုးများတွင် အစအနများရှိကြသော်လည်း၊ လူသားများ၏ အလုပ်ဖြစ်စဉ် (labour - process) ၏ ထူးခြားချက် အတိအကျဖြစ်ပြီး၊ ထို့ကြောင့် ဖရင့်ကလင် (Franklin) က လူကို ကိရိယာလုပ်သောသတ္တဝါ (tool making animal) ဟု သတ်မှတ်သည်။ ရုပ်ကြွင်းအရိုးစုများက

---

*၈။ အလုပ်၏ကိရိယာများ (instrument of labour)ဟု ဆိုရာ၌ မာ့က်စ်သည် အဓိကအားဖြင့် ထုတ်လုပ်ရေး ကရိယာများ (instrument of production) ကို ဆိုလိုရင်ဖြစ်သည်။*

ကွယ်ပျောက်သွားသော တိရိစ္ဆာန်မျိုးစုများကို သတ်မှတ်ပေးသကဲ့သို့ ရှေး ခေတ် အလုပ်ကိရိယာများ၏ အမွေအနှစ်ကျန်ရစ်သည့် အစအနများကလည်း ကွယ်ပျောက်သွားသော လူ့အဖွဲ့အစည်း စီးပွားရေး သဏ္ဌာန်များကို စုံစမ်းလေ့လာရန်အတွက် အလားတူအရေးပါမှု ရှိပေသည်။ မတူသော စီးပွားရေးခေတ်ကာလများကို ကွဲနိုပ်တို့ခွဲခြားနိုင်စေသည့်အရာမှ ထုတ်လုပ်လိုက်သည့် ပစ္စည်းများမဟုတ်ဘဲ၊ ၎င်းပစ္စည်းများကို မည်သို့ ထုတ်လုပ်သည်၊ မည်သည့် ကိရိယာများက ထုတ်လုပ်သည်ဆိုသည့် အချက်ဖြစ်သည်။ အလုပ်ကိရိယာများသည် လူသား အလုပ်မှရရှိခဲ့သည့် ဖြစ်ပေါ်တိုးပွားမှု အဆင့်ဒီဂရီ အတိုင်းအထွာပြရုံမက အဆိုပါ အလုပ်လုပ်ဆောင်ခဲ့သည့် လူမှုရေးအကြောင်းအချက်များကိုလည်း ဖော်ပြသည့်ကိရိယာများဖြစ်သည်။ (**ကားလ် မာ့က်စ်၊ အရင်းကျမ်း၊ လန်ဒန်–၁၉၀၈၊ အတွဲ(၁)၊ စာမျက်နှာ–၁၅၉**)

ထို့အပြင် ဆက်လက်၍–

“လူမှုဆက်ဆံရေးများသည် ထုတ်လုပ်ရေးအင်အားစုများနှင့် နီးစပ်စွာ ပေါင်းစည်းဖွဲ့စည်းထားသည်။ ထုတ်လုပ်ရေးအင်အားစုများ ရယူရာတွင် လူတို့သည် မိမိတို့၏ ထုတ်လုပ်ရေးနည်းနာများကို ပြောင်းလဲရသည်။ မိမိတို့ ထုတ်လုပ်ရေးနည်းနာများကို ပြောင်းလဲရာတွင် မိမိတို့၏ အသက်မွေးဝမ်းကျောင်းမှုကို ပြောင်းလဲရာတွင် လူတို့သည် မိမိတို့၏ လူမှုဆက်ဆံရေးမှုအားလုံးကိုလည်း ပြောင်းလဲရသည်။ လက်လှည့်စက်သည် ပဒေသရာဇ်မြေရှင် လူ့အဖွဲ့အစည်းကိုရရှိစေပြီး၊ ရေနွေးငွေ့စက်သည် စက်မှုအရင်းရှင် လူ့အဖွဲ့အစည်းကို ရရှိစေသည်။” (**ကားလ်မာ့က်စ်၊ “အဘိဓမ္မာ ဆင်းရဲခြင်း”၊ အင်္ဂလိပ်ဘာသာ၊ မော်စကို၊ ၁၉၃၅၊ စာမျက်နှာ–၉၂**)

ထုတ်လုပ်ရေးအင်အားစုများ ကြီးထွားလာမှု၊ လူမှုဆက်ဆံရေးများ ပျက်စီးမှု၊ အယူအဆများဖွဲ့တည်လာမှုတို့၏ အဆက်မပြတ်လှုပ်ရှားမှုတည်ရှိနေပြီး၊ တခုတည်းသော မပြောင်းလဲသည့် အရာမှာ လှုပ်ရှားမှုသဘောတရား (Abstraction of movement) သာဖြစ်သည်။” (**အထက်ပါ ကျမ်း**)

“ကွန်မြူနစ်ပါတီ ကြေညာစာတမ်း”တွင် စနစ်တကျ ဖော်ပြထားသည့်အတိုင်း သမိုင်းရုပ်ဝါဒအကြောင်း ဖော်ပြရာတွင် အိန်ဂယ်က–

သမိုင်းခေတ်ကာလတိုင်း၏ စီးပွားရေးထုတ်လုပ်မှုနှင့် ၎င်းမှ မုချမလွဲမသွေ ပေါ်ပေါက်ရသည့် လူမှုအဆောက်အအုံသည် အဆိုပါခေတ်ကာလ၏ နိုင်ငံရေးနှင့် အသိပညာဆိုင်ရာသမိုင်းအတွက် အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ သို့ဖြင့် (မြေယာအပေါ် ရှေးဦးပိုင်ဆိုင်မှု ပြိုကွဲသွားပြီးကတည်းက) သမိုင်းတခုလုံးသည် လူမှုတစစတိုးပွားမှု (evolution) အဆင့် အသီးသီးရှိ လူတန်းစားတိုက်ပွဲများ၏ သမိုင်း၊ သွေးစုပ်သူနှင့် သွေးစုပ်ခံအကြား၊ အုပ်စိုးသူနဲ့အုပ်စိုးခံ အကြားရှိ တိုက်ပွဲသမိုင်းဖြစ်ခဲ့ကြောင်း၊ သို့သော် ၎င်းတိုက်ပွဲသည် ယခုအခါ သွေးစုပ်ဖိနှိပ်ခံရသောလူတန်းစား (ပစ္စည်းမဲ့) က လူ့အဖွဲ့အစည်း တခုလုံးကို သွေးစုပ်မှု၊ ဖိနှိပ်မှုနှင့် လူတန်းစားတိုက်ပွဲများမှ ထာဝစဉ် လွတ်ကျွတ်သွားအောင် တချိန် တည်းမှာ မလုပ်ဆောင်နိုင်လျှင် မိမိအပေါ် သွေးစုပ်ဖိနှိပ်သော လူတန်းစား (နေရှင်လူတန်းစား) လက်အောက်မှ မိမိကိုယ်တိုင်လည်း လွတ်မြောက်နိုင်မည် မဟုတ်တော့သည့်အဆင့်သို့ ရောက်ရှိ လာကြောင်း”၊ (**ကွန်မြူနစ်ပါတီကြေညာ စာတမ်း၊ ဂျာမန် ဘာသာအတွက် အမှာစာ၊ ကားလ်မာ့က်စ်၊ လက်ရွေးစင်ကျမ်း၊ အတွဲ ၁၊ စာမျက်နှာ ၁၀၀၊ ၁၀၁**)

**(ဃ) ထုတ်လုပ်ရေး၏ တတိယ ထူးခြားသည့်လက္ခဏာ**မှာ ပေါ်ထွက်လာသော ထုတ်လုပ်ရေးအင်အားစုသစ်များနှင့် ၎င်းတို့နှင့် လျော်ညီသည့် ထုတ်လုပ်ရေးဆက်ဆံမှုများသည် စနစ်ဟောင်းမှ

ကင်းကွာစွာ၊ စနစ်ဟောင်းကွယ်ပျောက်ပြီးနောက်မှ မဟုတ်ဘဲ၊ စနစ်ဟောင်းအတွင်းမှ ပေါ်ပေါက်လာခြင်းဖြစ်သည်။ ၎င်းတို့သည် လူတို့၏ ဆင်ခြင်တိုင်းထွာပြီး၊ အသိရှိစွာ လုပ်ဆောင်ချက်များကြောင့် ပေါ်ပေါက်ခဲ့ရသည် မဟုတ်ဘဲ၊ လူတို့၏ စိတ်ဆန္ဒနှင့် အမှီအခိုကင်းစွာ၊ အသိကင်းစွာ အလိုအလျောက် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ လူတို့၏ စိတ်ဆန္ဒနှင့် အမှီအခိုကင်းစွာ ပေါ်ပေါက်ရသည်မှာ အကြောင်း နှစ်ချက်ရှိသည်။

ပထမအချက်– လူများသည် ထုတ်လုပ်ရေးနည်းနာတခုခုကို ရွေးချယ်ရာတွင် မလွတ်မလပ်သောကြောင့်ဖြစ်သည်။ မျိုးဆက်သစ်ဟူသမျှ လူ့ဘဝတွင်း ရောက်ရှိလာသည်နှင့် လွန်ခဲ့သောမျိုးဆက်၏ လုပ်ငန်းကြောင့် တည်ရှိပြီးဖြစ်နေသည့် ထုတ်လုပ်ရေးအင်အားစုများနှင့် ထုတ်လုပ်ရေးအင်အားစုများကို မြင်တွေ့ရပြီး၊ ထို့ကြောင့် ဦးစွာအားဖြင့် ရုပ်ဝတ္ထုပစ္စည်းများ ထုတ်လုပ်နိုင်ရန်၊ ထုတ်လုပ်ရေးနယ်ပယ်တွင်း တွေ့ရှိရသော ရှိပြီးသားအရာရာကို လက်ခံပြီး၊ မိမိအနေအထားကျ ဆီလျော်အောင် ပြုလုပ်ရသောကြောင့် ဖြစ်သည်။

ဒုတိယအချက်မှာ– ထုတ်လုပ်ရေးကိရိယာတခုခု၊ ထုတ်လုပ်ရေးအင်အားစု အစိတ်အပိုင်းတခုခုကို တိုးတက်ကောင်းမွန်အောင်ပြုလုပ်ရာ၌ ဤကဲ့သို့သော တိုးတက်ကောင်းမွန်မှုများက **လူ့အဖွဲ့အစည်းအပေါ်** မည်ကဲ့သို့သောအကျိုးများ ဖြစ်ပေါ် စေနိုင်မည်ကို လူအများ မသိ၊ နားမလည် မစဉ်းစားဘဲ သူတို့စဉ်းစားသည်မှာ သူတို့၏နေ့စဉ် အကျိုးစီးပွား၊ သူတို့၏ အလုပ်ပေါ့ပါး လွယ်ကူစေမှုနှင့် သူတို့အတွက် တိုက်ရိုက်နှင့် ထိရောက်သည့် အကျိုးရရှိရေးကိုသာလျှင် ဖြစ်ပေါ်သောကြောင့်ဖြစ် သည်။

ရှေးဘုံအဖွဲ့ဝင်အချို့သည် ကျောက်လက်နက်ကိရိယာမှ သံထည်ကရိယာသို့ တဖြည်းဖြည်းနှင့် စမ်းတဝါးဝါး ပြောင်းလဲအသုံးပြုစဉ်က သူတို့သည် ဤအသစ်တီထွင်မှုက **လူ့အဖွဲ့အစည်းအပေါ်** မည်ကဲ့သို့သော အကျိုးစီးပွားများ သက်ရောက်စေနိုင်သည်ဆိုသည်ကို သိလည်းမသိ၊ စဉ်းလည်းမစဉ်း စားချေ။ သတ္တုကိရိယာများသို့ ပြောင်းလဲမှုသည် ထုတ်လုပ်ရေးတွင် တော်လှန်ရေးအဓိပ္ပာယ်ဆောင်ကြောင်း၊ ၎င်းက ရေရှည်တွင် ကျေးကျွန်စနစ်သို့ ရောက်ရှိသွားစေနိုင်ကြောင်းကို နားမလည်၊ မသိရှိကြပေ။ မိမိတို့ အလုပ် လွယ်ကူပေါ့ပါးစေရန်နှင့် လတ်တလောထိရောက်သည့် အကျိုးရရှိရေး အတွက်သက်သက်ဖြစ်သည်။ သူတို့၏ အသိရှိရှိ လုပ်ဆောင်ချက်သည် မိမိတို့၏ တဦးချင်းနေ့စဉ် အကျိုးစီးပွား၏ ကျဉ်းမြောင်းသောဘောင်တွင် ကန့်သတ်ထားသည်။

ပဒေသရာဇ်မြေရှင်စနစ် ခေတ်ကာလ၌ ဥရောပတွင် ပေါ်ပေါက်ခါစနေရှင်များသည် အသေးစား လက်မှုပညာအလုပ်ရုံ၊ အကြီးစား အလုပ်ရုံများနှင့်အတူ စတင်တည်ဆောက်ပြီး၊ ဤနည်းဖြင့် လူ့အဖွဲ့အစည်း ထုတ်လုပ်ရေးအင်အားစုများကို တိုးတက်စေလိုက်သောအချိန်တွင် သူတို့သည် ဤအသစ်တီထွင်မှုက **လူ့အဖွဲ့အစည်းအပေါ်** မည်သို့သောအကျိုးများ သက်ရောက်စေနိုင်သည် ဆိုသည်ကို သိလည်းမသိ၊ စဉ်းလည်းမစဉ်းစားချေ။ ဤအသစ်တီထွင်မှု "ကလေး" က သူတို့မြင့်မားစွာ တန်ဖိုးထားသည့် ဘုရင့်အာဏာကိုရော၊ သူတို့၏ ထိပ်ဆုံးကိုယ်စားလှယ်အဖြစ် မကြာခဏ ကိုယ်စား ပြုခဲ့သည့် မင်းညီမင်းသား၊ မှူးမတ်အလွှာကိုပါ ဆန့်ကျင်သည့် တော်လှန်ရေးအဖြစ် အဆုံးသတ် စေမည့် လူ့အဖွဲ့အစည်း အင်အားစုများ ပြန်လည်စုစည်းမှုဆီသို့ ရောက်ရှိသွားစေနိုင်ကြောင်းကိုလည်း မသိနားမလည်နိုင်ချေ။ ကုန်စည်ထုတ်လုပ်မှုနှုန်းက အကုန်အကျ သက်သာစေရန် အာရှတိုက်နှင့် မကြာမီကတွေ့ရှိ

သော အမေရိကတိုက်ဈေးကွက်သို့ ကုန်ပစ္စည်းများ အမြောက်အမြားတင်ပို့ရန်နှင့် အမြတ်များများ ရရေး သက်သက်အတွက် ဖြစ်သည်။ သူတို့၏ အသိရှိရှိလုပ်ဆောင်ချက်သည် ဤရိုးနေသော သာမန် လက်တွေ့ရည်ရွယ်ချက်၏ ကျဉ်းမြောင်းသောဘောင်တွင် ကန့်သတ်ထားသည်။

ရုရှားအရင်းရှင်များသည် နိုင်ငံခြားသားအရင်းရှင်များနှင့်အတူ ရုရှား၌ ခေတ်မီစက်မှုလုပ်ငန်း အကြီးစားလုပ်ငန်းကြီးများကို အင်တိုက်အားတိုက် ထူထောင်ပြီး၊ ဇာဘုရင်စနစ်ကို ခြေရာလက်ရာ မပျက်ထားရှိပြီး၊ လယ်သမားများကို မြေရှင် များထံတွင် ထင်သလိုပြုမူရန် ထိုးအပ်ခဲ့စဉ်က သူတို့သည် ဤကဲ့သို့သော ထုတ်လုပ်ရေးအင်အားစု ကျယ်ပြန့်စွာကြီးထွားမှုက **လူ့အဖွဲ့အစည်းအပေါ်** မည်သို့သော အကျိုးသက်ရောက်နိုင်မည်ကို သိလည်းမသိ စဉ်းလည်းမစဉ်းစား။ ဤသို့သော လူ့အဖွဲ့အစည်း ထုတ်လုပ်ရေးနယ်ပယ်တွင် ကြီးမားသည့် ခုန်ကူးမှုသည် လူ့အဖွဲ့အစည်း အင်အားစုများ ပြန်လည် စုစည်းနေကာ၊ ဤဖြစ်ရပ်က ပစ္စည်းမဲ့လူတန်းစားကို လယ်သမားလူတန်းစားနှင့် ပေါင်းစည်းစေပြီး၊ အောင်နိုင်သော ဆိုရှယ်လစ်တော်လှန်ရေး ဖြစ်ပေါ်စေနိုင်သည်ကိုလည်း သူတို့သည် နားလည်းမလည်၊ သိမြင်ခြင်းလည်းမရှိပေ။ သူတို့သည် စက်မှုထုတ်လုပ်ရေးကို အစွမ်းကုန်တိုးချဲ့ပြီး ကြီးမားလှသည့် ပြည်တွင်းဈေးကွက်ကို ချုပ်ကိုင်ကာ လက်ဝါးကြီးအုပ်လိုသူများ ဖြစ်လိုပြီး၊ အမျိုးသားစီးပွားရေးမှ ရနိုင်သမျှ အမြတ်များကို ညှစ်ထုတ်ယူလိုကြရုံ သက်သက်မျှသာဖြစ်သည်။ သူတို့၏ အသိရှိရှိ လုပ်ဆောင်ချက်သည် သူတို့၏ သာမန်လက်တွေ့ အကျိုးစီးပွားရေး သက်သက်ထက် မပိုပေ။

ဤအချက်နှင့် ကိုက်ညီစွာ မာ့က်စ်က–

"ဘဝဆိုင်ရာ လူမှုထုတ်လုပ်ရေးအတွင်း (ဆိုလိုသည်မှာ လူ့ဘဝအတွက် လိုအပ်သော ရုပ်ဝတ္ထုဓနပစ္စည်းများ ထုတ်လုပ်ရေး–အယ်ဒီတာ) လူတို့သည် မိမိတို့၏ စိတ်ဆန္ဒနှင့် *အမှီခိုကင်းစွာ* (ကျွန်ုပ်၏ မျဉ်းသားချက်ဖြစ်သည်– အယ်ဒီတာ) နှင့် မလွဲမရှောင်စွာဖြင့် တိကျသော ဆက်ဆံရေးတွင်းသို့ ဝင်ရောက်ကြရပြီး၊ ဤထုတ်လုပ်ရေးဆက်ဆံမှုများသည် ရုပ်ဝတ္ထုထုတ်လုပ်ရေးအင်အားစုများ ဖြစ်ပေါ်တိုးပွားမှု၏ တိကျသောအဆင့်တဆင့်နှင့် လျော်ညီပေသည်။ (**ကားလ်မာ့က်စ်၊ လက်ရွေးစင် ၁**)

သို့သော် ထုတ်လုပ်ရေးဆက်ဆံမှုများအတွင်း ပြောင်းလဲမှုများ၊ ထုတ်လုပ်ရေးဆက်ဆံမှု ဟောင်းများမှ ဆက်ဆံမှုသစ်များသို့ ကူးပြောင်းမှုသည် ချောမောပြေပြစ်ပြီး၊ ထိပ်တိုက်တွေ့မှုများ၊ အုံကြွပေါက်ကွဲမှုများမရှိဟု မဆိုလိုပေ။ ဆန့်ကျင်စွာပင် ဤသို့သော ကူးပြောင်းမှုမျိုးသည် အမြဲတမ်းလိုလိုပင် ထုတ်လုပ်ရေးဆက်ဆံမှုဟောင်းကို ဖြိုချကာ၊ ထုတ်လုပ်ရေးဆက်ဆံမှုသစ်ကို ထူထောင်သည့် တော်လှန်ရေးလမ်းပင်ဖြစ်သည်။ တစုံတခုသောကာလအထိ ထုတ်လုပ်ရေးအင်အားစု ဖြစ်ပေါ်တိုးပွား ခြင်းနှင့် ထုတ်လုပ်ရေးဆက်ဆံမှု နယ်ပယ်အတွင်း ပြောင်းလဲခြင်းတို့သည် ရှောင်တခင်ဖြစ်ပြီး၊ လူတို့၏ ဆန္ဒမှ အမှီအခိုကင်းပေသည်။ သို့သော် ဤသည်မှာလည်း ထုတ်လုပ်ရေးအင်အားစုသစ်များ ဖြစ် ပေါ်တိုးပွားမှုသည် သင့်တော်သည့် ရင့်ကျက်သောအဆင့်ထိ တစုံတရာသော ကာလအထိသာ ဖြစ်သည်။ ထုတ်လုပ်ရေးအင်အားစုသစ်များ ရင့်ကျက်လာပြီးနောက် တည်ရှိဆဲ ထုတ်လုပ်ရေးအင် အားစုများနှင့် ၎င်းတို့ကို ဆုပ်ကိုင်ထားသည့် အုပ်စိုးသူလူတန်းစားများသည် "မကျော်လွှန်နိုင်သော" အတားအဆီးတရပ် ဖြစ်သွားပေသည်။ ဤအတားအဆီးကို လူတန်းစားသစ်များ၏ အသိရှိသော လှုပ်ရှားမှု၊ ဤ လူတန်းစားများ၏ အကြမ်းဖက်လုပ်ရပ်ဖြစ်သော တော်လှန်ရေးဖြင့်သာ ကျော်နင်းနိုင်ပေသည်။ ဤနေရာတွင် ထုတ်လုပ်ရေးဆက်ဆံမှုဟောင်းကို အကြမ်းဖက်ဖျက်သိမ်းရန် တာဝန်ရှိသော လူမှုရေးအယူအဆသစ်

များ၊ နိုင်ငံရေးအဆောက်အအုံသစ်များ၊ နိုင်ငံရေးအာဏာသစ်တို့၏ **ကြီးမားလှသောအခန်း** ***(the tremendous role)*** သည် အထူးပေါ်လွင်ထင်ရှားပေသည်။ ထုတ်လုပ်ရေးအင်အားစုသစ်နှင့် ထုတ်လုပ်ရေးဆက်ဆံမှုဟောင်း အကြား ထိပ်တိုက်တွေ့မှုကြောင့်နှင့် လူ့အဖွဲ့အစည်းစီးပွားရေး တောင်းဆိုမှုများကြောင့်၊ လူမှုအယူ အဆသစ်များပေါ်ထွက်လာပြီး၊ အယူအဆသစ်များက လူထုကို စည်းရုံးသိမ်းသွင်းလုံ့ဆော်ကာ၊ နိုင်ငံရေးတပ်မတော်သစ်တွင် စုစည်းပေးလိုက်သည်။ တော်လှန်ရေးအာဏာသစ်ထူထောင်နိုင်ပြီး၊ ထိုအာဏာကိုအသုံးပြုပြီး ထုတ်လုပ်ရေးဆက်ဆံမှု စနစ်ဟောင်းကို အကြမ်းဖက်ဖြိုချကာ စနစ်သစ်ကို ခိုင်မာစွာတည်ထောင်သည်။ ဖြစ်ပေါ်တိုးတက်မှု၏ ရှောင်တခင်ဖြစ်စဉ်ကို လူတို့၏ အသိရှိရှိလှုပ်ရှားမှုများ ကလည်းကောင်း၊ ငြိမ်းချမ်းစွာဖြစ်ပေါ်တိုးပွားနေရာမှ အကြမ်းဖက်သော အုံကြွမှုဖြင့်လည်းကောင်း၊ တစတစပြောင်းလဲရေးမှ တော်လှန်ရေးသို့လည်းကောင်း၊ အစားထိုး နေရာယူလိုက်သည်။

မာ့က်စ်က– “ပစ္စည်းမဲ့လူတန်းစားသည် ခေရှင်လူတန်းစားကို ဆန့်ကျင်သည့် တိုက်ပွဲတွင် လူတန်းစားတရပ်အဖြစ် အခြေအနေ၏ တွန်းဆော်မှုအရ ဖွဲ့စည်းလာရပြီး။ —တော်လှန်ရေးနည်းဖြင့် မိမိကိုယ်ကို အုပ်ချုပ်သူလူတန်းစားဖြစ်စေကာ၊ ဤနည်းဖြင့် ထုတ်လုပ်ရေး အချက်အလက်ဟောင်းများကို အကြမ်းဖက် ဖျက်သိမ်းလိုက်သည်။”(**ကွန်မြူနစ်ပါတီကြေညာစာတမ်း၊ ကားလ်မာ့က်စ် လက်ရွေးစင်ကျမ်း၊ အတွဲ ၁၊ စာမျက်နှာ–၁၃၁**)

ဆက်လက်၍–

“ပစ္စည်းမဲ့လူတန်းစားသည် ၎င်း၏နိုင်ငံရေးအင်အားစု ကြီးမားလွှမ်းမိုးမှုကို အသုံးပြုကာ၊ ခေရှင်လူတန်းစားထံမှ အရင်းအနှီးအားလုံး တဆင့်ပြီးတဆင့် သိမ်းယူရန်ဖြစ်ပြီး၊ နိုင်ငံတော်လက်ထဲတွင် ဆိုလိုသည်မှာ အုပ်စိုးသော လူတန်းစားအဖြစ် စုစည်းထားသော ပစ္စည်းမဲ့လူတန်းစား၏ လက်ထဲတွင် ထုတ်လုပ်ရေးကိရိယာအားလုံးကို ဗဟိုမှ စုစည်းချုပ်ကိုင်ထားရန်ဖြစ်ကာ၊ ထုတ်လုပ်ရေးအင်အားစု စုစုပေါင်းအားလုံးကို မြန်နိုင်သမျှမြန်စွာ တိုးပွားရန် ဖြစ်ပေသည်။” (**အထက်ပါကျမ်း၊ စာမျက်နှာ ၁၂၉**)

“အကြမ်းဖက်မှုသည် အသစ်သန္ဓေတည်နေသော လူ့အဖွဲ့အစည်းဟောင်းတိုင်း၏ ဝမ်းဆွဲသည်ဖြစ်သည်။” (**ကားလ်မာ့က်စ်၊ အရင်းကျမ်းအတွဲ ၁**)

သမိုင်းရုပ်ဝါဒအနှစ်သာရနှင့်ပတ်သက်ပြီး ၁၈၅၉ ခုနှစ်၊ မာ့က်စ်က ၎င်း၏ထင်ရှားသော “နိုင်ငံရေးဘောဂဗေဒဝေဖန်ချက်” စာအုပ်၏ သမိုင်းတွင်သောနိဒါန်းတွင် ထက်မြက်လှသော အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အောက်ပါအတိုင်း ရေးသားခဲ့သည်။

“ ဘဝဆိုင်ရာ လူမှုထုတ်လုပ်ရေးအတွင်း လူတို့သည် မိမိတို့၏စိတ်နှင့် အမှီအခိုကင်းစွာနှင့် မလွဲမရှောင်စွာဖြင့် တိကျသောဆက်ဆံရေးအတွင်းသို့ ဝင်ရောက်ကြရပြီး၊ ဤထုတ်လုပ်ရေးဆက်ဆံမှုများသည် ရုပ်ဝတ္ထုထုတ်လုပ်ရေး အင်အားစုများ ဖြစ်ပေါ်တိုးပွားမှု၏ တိကျသောအဆင့်တဆင့်နှင့် လျော်ညီပေသည်။ ဤထုတ်လုပ်ရေးဆက်ဆံမှုများ၏ စုစုပေါင်းသည် တကယ့်အခြေခံအုတ်မြစ်ဖြစ်သော လူ့အဖွဲ့အစည်း၏ စီးပွားရေး အဆောက်အအုံဖြစ်သည်။ ၎င်းအုတ်မြစ်ပေါ်တွင် တရား ဥပဒေဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာ အထက်အဆောက်အအုံ (Superstructure) ပေါ် ထွက်လာကာ တိကျသော လူမှုရေးအသိသညာာန်များနှင့် လျော်ညီပေသည်။ ရုပ်ဘဝ ထုတ်လုပ်ရေးနည်းနာသည် ယေဘုယျအားဖြင့် လူမှုရေး၊ နိုင်ငံရေးနှင့် အသိပညာပိုင်းဆိုင်ရာ ဘဝဖြစ်စဉ်များကို သတ်မှတ်ပေး သည်။ လူတို့၏

အသိကရင်းတို့၏ဘာဝ (being) ကိုဆုံးဖြတ်ပေးသည် မဟုတ်ဘဲ ဆန့်ကျင်စွာပင် သူတို့၏လူမှုရေးဘဝက သူတို့၏အသိကို ဆုံးဖြတ်ပေးသည်။ တစုံတခုသော ဖြစ်ပေါ်တိုးပွားမှု အဆင့်အတွင်း လူ့အဖွဲ့အစည်း ရုပ်ဝတ္ထုထုတ်လုပ်ရေး အင်အားစုများသည် တည်ရှိဆဲ ထုတ်လုပ်ရေးဆက်ဆံမှုများ သို့မဟုတ် ဤအရာကိုပင် တရားဥပဒေအရ ဖော်ပြချက်နှင့်သော်လည်းကောင်း၊ ယခင်က ၎င်းတို့အတွင်းမှာပင် လုပ်ကိုင်ဆောင်ရွက်နေခဲ့သော ပိုင်ဆိုင်မှုဆက်ဆံရေးများနှင့်သော်လည်းကောင်း၊ ပဋိပက္ခဖြစ်လာသည်။ ဤဆက်ဆံရေးများသည် ထုတ်လုပ်ရေးအင်အားစုများ ဖြစ်ပေါ်တိုးပွားမှု အတွက် ပုံသဏ္ဍာန်များ အဖြစ်မှ ၎င်းတို့၏ အတားအဆီးများအဖြစ် ပြောင်းသွားသည်။ ဤတွင် လူမှုတော်လှန်ရေး ခေတ်ကာလ စတင်ရောက်ရှိလာသည်။ စီးပွားရေးအခြေခံအုတ်မြစ် ပြောင်းလဲမှုနှင့်အတူ ကြီးမားလှသည့် အထက်အဆောက်အအုံတခုလုံး အနည်းနှင့်အများ အလျင်အမြန်ကူးပြောင်းသွားသည်။ ဤကဲ့သို့သော ကူးပြောင်းမှုများကိုကြည့်ရာတွင် သဘာဝသိပ္ပံပညာတိကျမှုဖြင့် အဆုံးအဖြတ်ပေးနိုင်သော ထုတ်လုပ်ရေးတွင်း၊ စီးပွားရေးအကြောင်းအချက်များ၏ ရုပ်ဝတ္ထု ကူးပြောင်းမှုနှင့် တရားဥပဒေ၊ နိုင်ငံရေး၊ ဘာသာရေး၊ အလှဗေဒ (acsthetic) နှင့် အဘိဓမ္မာအတိုချုပ်ဆိုရသော် ဤပဋိပက္ခဖြစ်မှုကို လူများက အသိရှိလာပြီး၊ တိုက်ပွဲဆင်လာသော အယူအဆရေးရာ သဏ္ဍာန်များကို အစဉ်အမြဲ ခွဲခြားထားရပါမည်။ လူတဦးတယောက်အပေါ် ကျွန်တော်တို့၏အမြင်သည် သူ့ဘာသာ စဉ်းစားသည့်အပေါ် အခြေမခံသည့်နည်းတူ၊ ကူးပြောင်းသည့်ခေတ်ကာလကို ကျွန်တော် တို့အကဲဖြတ်ရာတွင်လည်း ၎င်း၏ ကိုယ်ပိုင်အသိဖြင့် မဖြစ်နိုင်ချေ။ ဆန့်ကျင်စွာပင် ဤအသိကို ရုပ်ဘဝ ပဋိပက္ခများမှလည်းကောင်း၊ ထုတ်လုပ်ရေးအင်အားစုနှင့် ထုတ်လုပ်ရေးဆက်ဆံမှုအကြား တည်ရှိဆဲ ပဋိပက္ခများမှလည်းကောင်း ရှင်းလင်းပြရန်လိုပါသည်။ ထုတ်လုပ်ရေးအင်အားစုအားလုံး ပျက်စီးမသွားမီ မည်သည့် လူ့အဖွဲ့အစည်း အနေအထားမှ အချိန်စောစွာ ပျောက်ကွယ်သွားခြင်းမရှိနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့ဖြစ်ပေါ် တိုးတက်ရန်အခန်း ရှိနေခြင်းကြောင့်ဖြစ်သည်။ ထို့အပြင် သစ်လွင်မြင့်မားသည့် ထုတ်လုပ်ရေးဆက်ဆံမှုသည် လူ့အဖွဲ့အစည်းဟောင်းထဲတွင် သန္ဓေရင့်မှည့်လာသည့် ရုပ်ဝတ္ထု အကြောင်းအချက်များထက် မည်သည့်အခါမျှ စောပြီးမပေါ်ထွက်လာနိုင်ချေ။ ထို့ကြောင့်လူသားများသည် ၎င်းတို့ဖြေရှင်းနိုင်သည့် လုပ်ငန်းတာဝန်မျိုးကိုသာ အမြဲသဖြင့် စီစဉ်လုပ်ဆောင်သည်။ ပို၍နီးကပ်စွာလေ့လာကြည့်ပါက ၎င်းတို့ဖြေရှင်းရန် လိုအပ်သည့် ရုပ်ဝတ္ထုအကြောင်းအချက်များ ရှိနေပြီးသောအခါ သို့မဟုတ် အနည်းဆုံး ဖွဲ့တည်နေသောဖြစ်စဉ်တွင်ရှိသောအခါတွင်သာ လုပ်ငန်းတာဝန်ပေါ်ထွက်လာကြောင်းကို အမြဲသဖြင့်တွေ့နိုင်ပါသည်။” (**ကားလ် မာ့က်စ်လက်ရွေးစင်၊ အင်္ဂလိပ်ဘာသာအတွဲ၁၊ စာမျက်နှာ ၃၀၀၊ ၃၀၁**)

ဤသည်ကား လူ့အဖွဲ့အစည်းဘဝ၊ လူ့အဖွဲ့အစည်းသမိုင်းတွင် လက်တွေ့ကျင့်သုံးချမှတ် သည့် မာ့က်စ်ဝါဒရုပ်ဝါဒဖြစ်သည်။

ဤသည်ကား အနုပဋိလောမနှင့် သမိုင်းရုပ်ဝါဒတို့၏ အဓိကလက္ခဏာများ ဖြစ်သည်။

ဤသည်မှ တွေ့ရှိနိုင်သည်မှာ လီနင်က ပါတီအတွက် ပြန်လည်ပြင်ဆင်ရေးသမားများနှင့် သစ္စာဖောက်များ၏ တိုက်ခိုက်မှုများမှ ကာကွယ်ခဲ့သည့် သဘောတရားရေးရာ ဘဏ္ဍာတိုက်နှင့် ကျွန်တော်တို့ပါတီတိုးပွားမှုအတွက် လီနင်၏ “ရုပ်ဝါဒနှင့် အတွေ့အကြုံဝေဖန်ရေး” စာအုပ် ပေါ်ထွက်လာမှု၏ အရေးပါမှုတို့ ဖြစ်ပေသည်။

## ၃။ စတိုလီပင် ဖောက်ပြန်ရေးကာလအတွင်းက ဘော်ရှီဗစ်နှင့်မင်ရှီဗစ်များ။ ဖျက်သိမ်းရေးဝါဒီများနှင့် အော့ဇိုဗစ်များအား ဆန့်ကျင်သည့် ဘော်ရှီဗစ်များ၏တိုက်ပွဲများ။

ဖောက်ပြန်ရေးနှစ်များအတွင်း ပါတီအဖွဲ့အစည်းများ၏ လုပ်ငန်းသည် တော်လှန်ရေးဖြစ်ပေါ် တိုးပွားနေသည့် ယခင်ကာလထက် ပိုမိုခက်ခဲနေပါသည်။ ပါတီဝင်ဦးရေသည် အကြီးအကျယ် ကျဆင်းသွားသည်။ ပါတီတွင်း ခနရှင်ပေါက်စ တခရီးတည်းသွားသူ အများအပြား၊ အထူးသဖြင့် ပညာတတ်များသည် ဇာဘုရင်အစိုးရ၏ ဖမ်းစီးနှိပ်စက်မှုရန်ကိုကြောက်သဖြင့် ပါတီကို စွန့်ခွာသွားကြသည်။

လီနင်က ဤကဲ့သို့သော အချိန်မျိုးတွင် တော်လှန်ရေးဝါဒီများသည် ၎င်းတို့၏သိမြင်မှုကို ပြည့်ဝကုန်လုံစေသင့်သည်ဟု ထောက်ပြသည်။ တော်လှန်ရေး ဒီရေတက်ချိန်တွင် မည်ကဲ့သို့ ရှေ့ချီတက်မည်ကို ၎င်းတို့ သင်ကြားတတ်မြောက်ခဲ့သည်။ ဖောက်ပြန်ရေးကာလတွင် မည်ကဲ့သို့စနစ် တကျ ဆုတ်ခွာသင့်သည်၊ မည်ကဲ့သို့မြေအောက်လျှိုသင့်သည်၊ တရားမဝင်ပါတီကို မည်ကဲ့သို့ ထိန်းသိမ်း တောင့်တင်းစေသင့်သည်၊ လူထုနှင့် ဆက်ဆံရေး တောင့်တင်းခိုင်မာစေရန် တည်ရှိဆဲ၊ အထူးသဖြင့် လူထုအဖွဲ့အစည်းများနှင့် တရားဝင်အခွင့်အရေး၊ တရားဝင်အားလုံးကို မည်သို့အသုံးချ သင့်သည် တို့ကို တတ်မြောက်အောင် သင်ကြားရမည်။

မင်ရှီဗစ်များသည် တော်လှန်ရေးဒီရေမြင့်တက် ဖြစ်ပေါ်လာနိုင်သည်ကို မယုံကြည်ဘဲ အလန့် တကြား ဆုတ်ခွာသွားကြသည်။ ၎င်းတို့သည် ဂုဏ်သိက္ခာမဲ့စွာ ပါတီ၏ တော်လှန်ရေးကြွေးကြော် သံများနှင့် လုပ်ငန်းစဉ်၏ တော်လှန်ရေး တောင်းဆိုချက်များကို စွန့်လွှတ်လိုက်ကြသည်။ သူတို့သည် တရားမဝင်သော တော်လှန်ရေးပစ္စည်းမဲ့လူတန်းစားပါတီကို ဖျက်သိမ်းလိုက်ကြသည်။ ထို အကြောင်း ကြောင့် ဤကဲ့သို့သော မင်ရှီဗစ်အမျိုးအစားကို **ဖျက်သိမ်းရေးဝါဒီများ** (Liquidators) ဟု အမည် တွင်သည်။

ဘော်ရှီဗစ်များကမူ မင်ရှီဗစ်များနှင့် မတူဘဲ နောင်လာမည့် နှစ်အချို့အတွင်း တော်လှန်ရေး ဒီရေမြင့်လာမည်ကို မုချ ယုံကြည်ပြီး၊ ဤတော်လှန်ရေး ဒီရေမြင့်သစ်အတွက် လူထုကိုပြင်ဆင်ရန်မှာ ပါတီ၏တာဝန်ဖြစ်သည်ဟု ကြည့်မြင်သည်။ တော်လှန်ရေး၏ အခြေခံပြဿနာများကို မဖြေရှင်းရ သေးချေ။ လယ်သမားများသည် မြေရှင်တို့၏ လယ်မြေများကို မရရှိသေး၊ အလုပ်သမားများသည် ရှစ်နာရီ အလုပ်ချိန်မရသေး၊ ပြည်သူလူထု၏ အလွန်ရွံရှာ စက်ဆုပ်ခြင်းခံရသော ဇာဘုရင် သက်ဦး ဆံပိုင်စနစ်သည် ဖြိုချမခံရသေး။ ထို့အပြင် ၁၉ဝ၅ ခုနှစ်က ပြည်သူလူထုက ညှစ်ယူထားသည့် အသင့်အတင့် နိုင်ငံရေး လွတ်လပ်ခွင့်များကိုပင် ပြန်လည်ဖိနှိပ်တား ဆီးလာပြန်သည်။ ထို့ကြောင့် ၁၉ဝ၅ ခုနှစ် တော်လှန်ရေးကိုဖြစ်စေခဲ့သည့် အကြောင်းရင်းများ ရှိမြဲရှိလျက်ပင်။ ဤအကြောင်း ကြောင့်ပင် ဘော်ရှီဗစ်များက တော်လှန်ရေးလှုပ်ရှားမှုအတွင်း ဒီရေမြင့်သစ်ပေါ်ထွက်လာမည်ကို မုချ ယုံကြည်ကြပြီး၊ ဤအတွက်ပြင်ဆင်ကာ အလုပ်သမားလူတန်းစား အင်အားစုများကို စည်းရုံးခဲ့သည်။

ဘော်ရှီဗစ်များက တော်လှန်ရေးဒီရေမြင့်သစ် မလွှဲမရှောင်သာပေါ်ရမည်ဟူသော ၎င်းတို့၏ ယုံကြည်ချက်ကို ၁၉ဝ၅ ခု တော်လှန်ရေးသည် အလုပ်သမားလူတန်းစားကို လူထုလက္ခဏာဆောင် သော တော်လှန်ရေးတိုက်ပွဲတွင် မိမိတို့အခွင့်အရေးကို တိုက်ယူရမည်ဟု သင်ကြားပေးလိုက်သည့် အချက်မှလည်း ရရှိပေသည်။ ဖောက်ပြန်ရေးကာလအတွင်း အရင်းရှင်များက ထိုးစစ်ဆင်စဉ် အလုပ်

သမားများသည် ၁၉၀၅ ခုနှစ်မှ ဤသင်ခန်းစာများကို မေ့၍မရချေ။ လီနင်ထံရေးသည့် အလုပ်သမားများ၏ စာထဲတွင် စက်ရုံပိုင်ရှင်များ၊ သူတို့ကို မည်ကဲ့သို့ ထပ်မံဖိနှိပ်ရက်စက်သည့် အကြောင်းများပါဝင်ပြီး "နေနှင့်ဦးပေါ့၊ နောက်ထပ် ၁၉၀၅ လာလိမ့်မယ်" လို့လည်း ပါရှိပါသည်။

ဘော်ရှီဗစ်များ၏ အခြေခံနိုင်ငံရေးရည်ရွက်ချက်မှာ ၁၉၀၅ ခုနှစ်တုံးက အတိုင်းပင် တည်ရှိ မြဲဖြစ်သည်။ ဆိုလိုသည်မှာ ဇာဘုရင်စနစ်ကို ဖြုတ်ချရန်၊ ဓနရှင်ဒီမိုကရေစီတော်လှန်ရေးကို အဆုံးထိလုပ်ဆောင်ရန်နှင့် ဆိုရှယ်လစ်တော်လှန်ရေးသို့ ဆက်ရန်ဖြစ်သည်။ ဤရည်ရွယ်ချက်ကို ဘော်ရှီဗစ်များသည် တစ်စက္ကန့်မျှ မမေ့ခဲ့ဘဲ၊ လူထုရှေ့မှောက်သို့ ဒီမိုကရေစီသမ္မတနိုင်ငံ၊ လယ်မြေများသိမ်းယူရေး၊ အလုပ်ချိန် ၈ နာရီဆိုသည့် အဓိက တော်လှန်ရေးကြွေးကြော်သံများကို ဆက်လက်တင်ပြခဲ့ပေသည်။

သို့သော် **ပါတီ၏နည်းပရိယာယ်များကိုမူ** ၁၉၀၅ ခုတော်လှန်ရေး၏ ဒီရေမြင့်ကာလအတွင်းက အတိုင်း ဆက်လက်ထားရှိရန်မဖြစ်ချေ၊ ဥပမာ မကြာမီအနာဂတ်အတွင်း လူထုကို အထွေထွေနိုင်ငံရေးသပိတ်မှောက်ရန်သော်လည်းကောင်း၊ သို့မဟုတ် လက်နက်ကိုင်ပုန်ကန်ရန်သော်လည်းကောင်း လှုံ့ဆော်ပါက မှားပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် တော်လှန်ရေးလှုပ်ရှားမှုသည် အကျဖက် ရောက်နေပြီး၊ အလုပ်သမားလူတန်းစားသည် အလွန်အမင်း မောပန်းနေကာ၊ ဖောက်ပြန်ရေးလူတန်းစားများကလည်း အတော်အသင့် အင်အားတောင့်တင်းလာသောကြောင့် ဖြစ်သည်။ ပါတီသည် အခြေနေသစ်ကို ထည့်သွင်းတွက်ချက်ရမည်။ ထိုးစစ်သဏ္ဍာန် နည်းပရိယာယ်များကို ခံစစ်နည်းပရိယာယ်များ၊ အင်အားများကို စုစည်းသည့် နည်းပရိယာယ်များ၊ ကေဒါများကို မြေအောက် လျှိုးစေပြီး၊ မြေအောက်မှ ပါတီလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်သည့် နည်းပရိယာယ်များ၊ တရားမဝင်သည့်လုပ်ငန်းနှင့် တရားဝင် အလုပ်သမားလူတန်းစား အဖွဲ့အစည်းများနှင့် ပေါင်းစပ်သည့် နည်းပရိယာယ်များနှင့် အစားထိုးရမည်။

ဘော်ရှီဗစ်များသည် ဤတာဝန်ကို အောင်မြင်စွာထမ်းဆောင်နိုင်ကြောင်း ပြသနိုင်ခဲ့သည်။

"ကျွန်တော်တို့သည် တော်လှန်ရေးမတိုင်မီ နှစ်ရှည်လများအတွင်း မည်ကဲ့သို့ လုပ်ဆောင်ရမည်ကို သိခဲ့ကြသည်။ ကျွန်တော်တို့ကို ကျောက်စိုင်ကျောက်သားကဲ့သို့ ခိုင်မာသည်ဟုပြောဆိုကြသည်မှာ အလကားမဟုတ်ချေ။ ဆိုရှယ်ဒီမိုကရက်များသည် ပထမအကြိမ် လက်နက်ကိုင်တိုက်ပွဲရှုံးနိမ့်မှုကြောင့် စိတ်ပျက်ခြင်းမရှိ၊ ထိတ်ထိတ်ပြာပြာမဖြစ်ဘဲ၊ စွန့်စားခန်းများ၏ သယ်ဆောင်ရာသို့ ပါမသွားသည့် ပစ္စည်းမဲ့လူတန်းစားပါတီတရပ်ကို တည်ထောင်ခဲ့ကြသည်ဟု လီနင်က ရေးသားခဲ့ သည်။

**(လီနင်လက်ရွေးစင်ကျမ်း၊ အင်္ဂလိပ်ဘာသာ၊အတွဲ(၁)စာမျက်နှာ–၄၆၇)**

ဘော်ရှီဗစ်များသည် တရားမဝင်ပါတီအဖွဲ့အစည်းများကို ထိမ်းသိမ်းရန်နှင့် အင်အားတောင့်တင်းလာစေရန် ကြိုးပမ်းအားထုတ်ခဲ့ကြသည်။ သို့သော် တချိန်တည်းမှာပင် သူတို့သည် တရားဝင်အခွင့်အရေးတိုင်းကို အသုံးချပြီး၊ တရားဝင် တံခါးပေါက်တိုင်းကို ပြည်သူလူထုနှင့် ဆက်သွယ်ရေးအတွက် ထိန်းသိမ်းကာ ဤနည်းဖြင့် ပါတီအင်အားတောင့်တင်းလာစေရန် လိုအပ်သည်ဟု ယူဆကြသည်။

"ဤကာလမှာ ကျနော်တို့ပါတီက ဇာဘုရင်စနစ်ကို ဆန့်ကျင်သည့် ဖြောင်တော်လှန်ရေးတိုက်ပွဲကို ဝေ့လည်ကြောင်ပတ်တိုက်ပွဲများသို့၊ တရားဝင်အခွင့်အရေးတိုင်းကို အသုံးချခြင်းသို့

အပြန်အလှန် အကူအညီပေးသည့် အစည်းအရုံးများကို ဒူးမားလွှတ်တော်သို့ ပြောင်းလိုက်သည့် ကာလ ဖြစ်သည်။ ဤကာလမှာ ၁၉၀၅ ခု တော်လှန်ရေးရှုံးနိမ့်ပြီးနောက်၊ နောက်ဆုတ်သည့်ကာလ ဖြစ်သည်။ ဤလှည့်ပြောင်းမှုက ကျွန်တော်တို့ အင်အားစုများကို စည်းရုံးရန်နှင့် ဇာဘုရင်စနစ်ကို ဆန့်ကျင်သည့် ပြောင်တော်လှန်ရေးတိုက်ပွဲ ပြန်ဖော်ရန်အတွက် တိုက်ပွဲနည်းနာသစ်များ တတ်ကျွမ်းဖို့ရာ ကျွန်တော်တို့အပေါ် တာဝန်ကျရောက်စေသည်''။ **(ဂျေ၊ စတာလင်၊ ၁၅ကြိမ်မြောက်ပါတီကွန်ဂရက်၏ အစီရင်ခံစာအပြည့်အစုံ။ ရုရှားဘာသာ၊ စာမျက်နှာ ၃၆၆၊ ၃၆၇ – ၁၉၃၅)**

တရားဝင်ကျန်ရှိနေသော အဖွဲ့အစည်းများသည် ပါတီ၏ မြေအောက်အဖွဲ့အစည်းများ အ တွက် ကလန့်ကာများဖြစ်ကာ၊ လူထုနှင့်ဆက်သွယ်ရေး ထိန်းသိမ်းထားသည့် နည်းလမ်းများလည်း ဖြစ်သည်။ လူထုနှင့် ဆက်သွယ်ရေးကို ထိန်းသိမ်းရန်အတွက် ဘော်ရှီဗစ်များသည် အလုပ်သမား သမဂ္ဂများနှင့် တခြားတရားဝင်တည်ရှိဆဲ အများဆိုင်ရာအဖွဲ့အစည်းများ၊ ဥပမာ– နာမကျန်းသူများ ထောက်ပံ့ရေးအဖွဲ့အစည်း၊ အလုပ်သမားသမဝါယမ အဖွဲ့အစည်းများ၊ ကလပ်များ၊ ပညာရေး အဖွဲ့အစည်းများနှင့် ပြည်သူ့ဂေဟာများ စသည်တို့ကို အသုံးပြုကြသည်။ ဘော်ရှီဗစ်များသည် ဇာဘုရင်အစိုးရ၏ ပေါ်လစီကို ဖွင့်ချရန်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ ဒီမိုကရက်များကို ဖွင့်ချရန်နှင့် ပစ္စည်း မဲ့များအတွက် လယ်သမားများ၏ ထောက်ခံမှုကိုရရန်တို့အတွက် နိုင်ငံတော် ဒူးမားစင်မြင့်ကို အသုံးချခဲ့သည်။ တရားမဝင်သည့် ပါတီအဖွဲ့အစည်းကို ထိန်းသိမ်းထားမှုနှင့် တခြားနိုင်ငံရေးလုပ် ငန်းသဏ္ဍာန်အားလုံးကို ဤအဖွဲ့အစည်းများမှ တဆင့် ညွှန်ကြားနိုင်မှုကြောင့် ပါတီကို မှန်ကန်သည့်လမ်းစဉ်သို့ လိုက်နာစေနိုင်ပြီး၊ တော်လှန်ရေး ဒီရေမြင့်အတွက် ပြင်ဆင်ရာတွင် အင်အားစုများကို စည်းရုံးနိုင်စေခဲ့သည်။

ဘော်ရှီဗစ်များသည် **စစ်မျက်နှာနှစ်ခုတွင်** တိုက်ပွဲဆင်ရင်း၊ ၎င်းတို့၏ တော်လှန်ရေးလမ်းစဉ်ကို ဖော်ဆောင်ခဲ့ကြသည်။ ဤတိုက်ပွဲသည် ပါတီတွင်းက အချောင်ဝါဒ ၂ မျိုး ၂ စားကို ဆန့်ကျင်ရခြင်းဖြစ်သည်။ တမျိုးမှာ ပါတီကို ပြောင်ဆန့်ကျင်သူ များဖြစ်သည်။ ဖျက်သိမ်းရေးဝါဒီများကို ဆန့်ကျင်ရ သည့် တိုက်ပွဲဖြစ်ပြီး၊ တမျိုးမှာ ပါတီ၏ ဖုံးကွယ်နေသော ရန်သူများဖြစ်သော အော့ဇိုဗစ်များကို တိုက်ရသည့် တိုက်ပွဲ ဖြစ်သည်။

လီနင်နှင့် ဘော်ရှီဗစ်များသည် ဤအချောင်သမား တိမ်းစောင်းမှု ပေါ်ထွက်လျှင် ပေါ်ထွက်ချင်း ဖျက်သိမ်းရေးဝါဒကို ဆန့်ကျင်သည့် တိုက်ပွဲကို မညှာမတာ ဆင်နွှဲခဲ့သည်။ လီနင်က ဖျက်သိမ်းရေးဝါဒီများသည် ပါတီတွင်းရှိ လစ်ဘရယ်ဓနရှင်များ၏ သူလျှိုများဖြစ်သည်ဟု ထောက်ပြခဲ့သည်။

၁၉၀၈ ခု၊ ဒီဇင်ဘာတွင် R.S.D.L.P ၏ ပဉ္စမကြိမ်မြောက် (ရုရှားပြည်လုံးဆိုင်ရာ) ကွန်ဖရင့်ကို ပဲရစ်တွင် ကျင်းပသည်။ လီနင်၏ ဦးဆောင်လှုံ့ဆော်မှုဖြင့် ဤကွန်ဖရင့်က ဖျက်သိမ်းရေးဝါဒကို ရှုတ်ချလိုက်သည်။ ဖျက်သိမ်းရေးဝါဒဆိုသည် မှာ ''R.S.D.L.P ၏ တည်ရှိဆဲအဖွဲ့များကို ဖျက်သိမ်းပြီး၊ ဤနေရာတွင် မည်သည့်နည်းနှင့်မဆို၊ ပါတီ၏ လမ်းစဉ်နည်းပရိယာယ်နှင့် အစဉ်အလာများ လုံးဝ စွန့်လွှတ်ဖို့လိုပါကလည်း စွန့်လွှတ်ပြီး၊ တရားဝင်လှုပ်ရှားနိုင်သည့် ပုံပန်းမရှိ၊ ပုံပန်းမကျသည့် အစည်းအရုံးတခုနှင့် အစားထိုးရန်''ဆိုသည့် ပါတီ၏ ပညာတတ်အစိတ်အပိုင်း (မင်ရှီဗစ်)တစု၏ ကြိုးပမ်းချက်များကိုဆိုလိုသည်။**(C.P.S.U (B) ၏ဆုံးဖြတ်ချက်များ၊ ရုရှားဘာသာအတွဲ ၁၊ စာမျက်နှာ– ၁၂၈)**

ကွန်ဖရင့်က ပါတီအဖွဲ့အစည်းအားလုံးကို ဖျက်သိမ်းရေးဝါဒီများ၏ ကြိုးပမ်းမှုများကို ဆန့်ကျင်သည့်တိုက်ပွဲကို ခိုင်မာပြတ်သားစွာဆင်နွှဲဖို့ လှုံ့ဆော်လိုက်သည်။

သို့သော် မင်ရှီဗစ်များသည် ကွန်ဖရင့်၏ ဤဆုံးဖြတ်ချက်ကို လိုက်နာခြင်းမပြုဘဲ၊ ဖျက်သိမ်းရေးဝါဒကို ပိုမိုလုပ်ဆောင်လာကာ တော်လှန်ရေးကို သစ္စာဖောက်ပြီး၊ ဖွဲ့စည်းအုပ်ချုပ်ပုံဒီမိုကရက်များနှင့် ပိုမို ပူးပေါင်းလာကြသည်။ မင်ရှီဗစ်များသည် ပစ္စည်းမဲ့ပါတီ၏ တော်လှန်သည့်လုပ်ငန်းစဉ်များ၊ ဒီမိုကရေစီသမ္မတနိုင်ငံ၊ အလုပ်ချိန် ၈ နာရီ၊ လယ်မြေများကို သိမ်းပိုက်ရေး တောင်းဆိုချက်များကို ပို၍ပို၍ ပြောင်ကျစွာ စွန့်လွှတ်လာကြသည်။ သူတို့သည် ပါတီ၏ လုပ်ငန်းစဉ်နှင့် နည်းပရိယာယ်များကို စွန့်လွှတ်လိုက်ခြင်းဖြင့် အဖိုးအခအနေနှင့် ဇာဘုရင်အစိုးရထံမှ ပြောင်တရားဝင် အခေါ်အားဖြင့် "အလုပ်သမား"ပါတီ တရပ်တည်ရှိခွင့်ကို လိုချင်ကြသည်။ သူတို့သည် စတိုလီပင်အုပ်စိုးမှုနှင့် စေ့စပ်ငြိမ်းချမ်းပြီး၊ အလိုက်သင့်၊ အလျားသင့်နေသွားရန် ပြင်ဆင်ပြီးဖြစ်သည်။ ထို့ကြောင့်ပင် **ဖျက်သိမ်းရေးဝါဒီများ**ကို "စတိုလီပင် အလုပ်သမားပါတီ"ဟူ၍လည်း ခေါ်ဆိုကြခြင်း ဖြစ်သည်။

မားတော့ဗ် (Martov)၊ ထရော့စကီနှင့် တခြားမင်ရှီဗစ်များ၏ အကူအညီဖြင့် ဒန် (Dan)၊ အဇာလရော့ဒ် (Axelrod)နှင့် ပိုထရက်စ်ဆော့ဗ် (Potressov)တို့ ဦးဆောင်သည့် တော်လှန်ရေး၏ ပြောင် ရန်သူများ ဖြစ်သော ဖျက်သိမ်းရေးဝါဒီများကို မညှာမတာ တိုက်ပွဲဆင်နေရသည့်အပြင် ဘော်ရှီဗစ်များ သည် မိမိတို့၏ အချောင်ဝါဒကို "လက်ဝဲ"စကားလုံးများဖြင့် ဖုံးလွှမ်းထားသည့် ခိုးကြောင်ခိုးဝှက် ဖျက်သိမ်းရေးဝါဒီများဖြစ်သည့် အော့ဇိုဗစ်များ (Otzovists) နှင့်လည်း တိုက်ပွဲဆင်ရသေးသည်။ အော့ဇိုဗစ်ဆိုသည့် အမည်မှာ ဒူးမားလွှတ်တော်မှ အလုပ်သမားကိုယ်စားလှယ်များကို ပြန်ခေါ်ယူပြီး (Otzyo=Recall-ပြန်ခေါ်) တရားဝင်ရှိပြီးသား အဖွဲ့အစည်းများမှ လုပ်ငန်းများကိုပါ တခါတည်း ဖြတ်ပစ်ရန် တောင်းဆိုသည့် ယခင်ဘော်ရှီဗစ်အချို့ကို ပေးထားသည့်အမည် ဖြစ်သည်။

၁၉၀၈ ခုနှစ်တွင် ဘော်ရှီဗစ်အချို့က ဒူးမားလွှတ်တော်မှ ဆိုရှယ်ဒီမိုကရက် ကိုယ်စားလှယ်များကို ပြန်ခေါ်ယူရန် တောင်းဆိုကြသည်။ ထို့ကြောင့် ၎င်းတို့ကို အော့ဇိုဗစ်များဟု ခေါ်သည်။ အော့ဇိုဗစ်များသည် မိမိတို့အုပ်စု(ဘော့ဒါနော့ဗ်၊ လူနာချာစကီး၊ အက်လက်ဇင်စကီး (Alexinsky)၊ ပိုကရော့ဗ်စကီး (Pokrovsky)၊ ဘော့နော့ဗ် (Bubnov) နှင့်အခြားလူများ) ကိုဖွဲ့ပြီး၊ လီနင်နှင့် လီနင်လမ်းစဉ်ကို စတင်တိုက်ကြသည်။ အော့ဇိုဗစ်များသည် အလုပ်သမားသမဂ္ဂများနှင့် အခြားဥပဒေတွင်း အစည်းအရုံးများတွင် ဝင်ရောက်လုပ်ကိုင်ရန် ခေါင်းမာမာနှင့် ငြင်းဆိုကြသည်။ ဤကဲ့သို့ပြုလုပ်ခြင်းဖြင့် အလုပ်သမားများ၏ အရေးတော်ပုံကို ကြီးမားစွာ ထိခိုက်နစ်နာစေခဲ့သည်။ အော့ဇိုဗစ်များသည် ပါတီနှင့် အလုပ်သမားလူတန်းစားအကြား သပ်လျှိုပြီး၊ ပါတီနှင့် ၎င်း၏ ပါတီပြင်ပမှ လူထုနှင့် ဆက်သွယ်ရေးများကို ပြတ်တောက်စေခဲ့သည်။ သူတို့သည် မြေအောက်အဖွဲ့အစည်းတွင်း အေးဆေးလုံခြုံစွာ နေချင်ကြသော်လည်း တချိန်တည်းမှာပင် တရားဝင်အကာအကွယ်ကို အသုံးချမှု အခွင့်အရေးကို ငြင်းဆိုခြင်းဖြင့် ဤသည်ကို ဘေးမကင်း မလုံခြုံမှုကို ဖြစ်စေသည်။ ဘော်ရှီဗစ်များသည် ဒူးမားတွင်းမှ လည်းကောင်း၊ ဒူးမားမှတဆင့်လည်းကောင်း၊ လယ်သမားထုကို သြဇာဂယက်ရိုက်စေနိုင်ပြီး ဇာဘုရင်၏ ပေါ်လစီနှင့် လယ်သမားများ မိမိတို့နောက်ပါလာရေးအတွက် ကလိန်ဉာဏ်ဆင်နေသည့် ဖွဲ့စည်းအုပ်ချုပ်ပုံဒီမိုကရက်များ၏ပေါ်လစီကို ဖော်ထုတ် ဖွင့်ချနိုင်ကြောင်းကို အော့ဇိုဗစ်များက နားမလည်နိုင်ခဲ့ချေ။ အော့ဇိုဗစ်များသည် တော်လှန်ရေး ရှေ့ချီတက်ရေး အသစ်အတွက် အင်အားများ စုစည်းရာတွင် အတားအဆီး အနှောင့်အယှက် ဖြစ်စေခဲ့သည်။ ထို့ကြောင့် အော့ဇိုဗစ်များကို "အ

တွင်းအပြင် ဖျက်သိမ်းရေးဝါဒီများ'' (liquidators inside-out) ဟုခေါ် ဆိုကြသည်။ သူတို့သည် တရားဝင် တည်ရှိဆဲအဖွဲ့အစည်းများကို အသုံးချနိုင်ချေရှိမှုကို ဖျက်ဆီးရန် အကြီးအကျယ်ကြိုးစားခဲ့ကြပြီး၊ တကယ်တော့ ကျယ်ပြန့်လှသော ပါတီပမှလူထု၏ ပစ္စည်းမဲ့ခေါင်းဆောင်မှုကို စွန့်လွှတ်ခြင်း၊ တော်လှန်ရေးလုပ်ငန်းများကို စွန့်လွှတ်ခြင်းသာဖြစ်သည်။

၁၉၀၉ ခုနှစ်မှာ အော့ဇိုဗစ်များ၏ လုပ်ဟန်များကို ဆွေးနွေးရန် ဆင့်ခေါ်ခဲ့သော ဘော်ရှီဗစ်သတင်းစာ (proletary) ၏ တိုးချဲ့အယ်ဒီတာဘုတ်အဖွဲ့ ကွန်ဖရင့်က ၎င်းတို့ကို ရှုတ်ချခဲ့သည်။ ဘော်ရှီဗစ်များက အော့ဇိုဗစ်များနှင့် ၎င်းတို့ဘာမှမဆိုင်ဘဲ၊ ၎င်းတို့ကို ဘော်ရှီဗစ်အဖွဲ့အစည်းများမှ ထုတ်ပယ်ပစ်လိုက်ကြောင်း ကြေညာသည်။

ဖျက်သိမ်းရေးဝါဒီများရော၊ အော့ဇိုဗစ်များပါ နှစ်မျိုးစလုံးသည် ပစ္စည်းမဲ့များနှင့် ၎င်းပါတီ၏ ခနေရှင်ပေါက်စ ခရီးသွားဖက်များသာဖြစ်သည်။ ပစ္စည်းမဲ့များအတွက် ခက်ခဲသည့်အချိန်အခါရောက်လာသည့်အခါ ဖျက်သိမ်းရေးဝါဒီများနှင့် အော့ဇိုဗစ်များ၏ တကယ့်လက္ခဏာမှန်သည် အထူးရှင်းလင်းစွာ ပေါ်ထွက်လာသည်။

## ၄။ ထရော့စကီဝါဒအား တိုက်ခိုက်ရသည့် ဘော်ရှီဗစ်တို့၏ တိုက်ပွဲများ ပါတီဆန့်ကျင်သည့် ဩဂုတ်လအုပ်စု။

ဘော်ရှီဗစ်များက ဖျက်သိမ်းရေးဝါဒီများ၊ အောဇိုဗစ်များကို **စစ်မျက်နှာနှစ်ဖက်**နှင့် အပြင်းအထန်တိုက်ပွဲဆင်ပြီး ပစ္စည်းမဲ့ပါတီ၏ မယိမ်းမယိုင်ခိုင်မာသည့်လမ်းစဉ်ကို ကာကွယ်နေစဉ် ထရော့စကီ (Trotsky) သည် မင်ရှီဗစ်ဖျက်သိမ်းရေးဝါဒီများကို ထောက်ခံခဲ့သည်။ သူ့ကို လီနင်က ''ဂျူဒါးစ် ထရော့စကီ''[၉] ဟုအမည်ပေးခဲ့သည်မှာ ဤကာလတွင်ဖြစ်ပါသည်။ ထရော့စကီသည် စာရေးဆရာအုပ်စုတစုကို ဗီယင်နာ (ဩစတြီးယား) တွင်စုစည်းပြီး ဂိုဏ်းဂနမခွဲဟုဆိုထား သော် လည်း၊ အမှန်မှာ မင်ရှီဗစ်သတင်းစာကိုထုတ်ဝေခဲ့သည်။ ထိုအချိန်က လီနင်က ''ထရော့စကီ သည် စက်ဆုပ်ဖွယ်အကောင်းဆုံး အချောင်သမားနှင့် ဂိုဏ်းခွဲရေးသမားကဲ့သို့ ပြုမူခဲ့သည် … သူသည် ပါတီကို ပါးစပ်က လောကွတ်စကားများ ပြောသော်လည်း အဆိုးဆုံးသော ဂိုဏ်းခွဲရေးသမားကဲ့သို့ ပြုမူခဲ့သည်ဟု ရေးသားခဲ့သည်။

နောက်ပိုင်း ၁၉၁၂ ခုတွင် ထရော့စကီသည် ဘော်ရှီဗစ်များကို ဆန့်ကျင်သည့် အစုများ အားလုံးကိုစုပြီး၊ ဩဂုတ်လအုပ်စု (August Bloc) ကို ဖွဲ့စည်းကာ လီနင်နှင့် ဘော်ရှီဗစ်ပါတီကို ဆန့်ကျင်ရန် ရှေ့ရှုခဲ့သည်။ ဖျက်သိမ်းရေးဝါဒီများနှင့် အော့ဇိုဗစ်များသည် ဤဘော်ရှီဗစ်ဆန့်ကျင်သည့် အုပ်စုနှင့် စည်းလုံးညီညွတ်သွားပြီး ဆွေမျိုးတော်စပ်မှုကို ဖော်ထုတ်ပြလိုက်သည်။ ထရော့စကီနှင့် သူ၏နောက်လိုက်များသည် အခြေခံပြဿနာအားလုံးတွင် ဖျက်သိမ်းရေးဝါဒီများ၏ ရပ်တည်မှုကို ခံယူကြသည်။ သို့သော် ထရော့စကီသည် သူ၏ ဖျက်သိမ်းရေးဝါဒကို အလယ်အလတ်ဝါဒ (Centrism) ဆိုသည်နှင့် ဖုံးကွယ်ထားသည်။ ဆိုလိုသည်မှာ ဖြန်ဖြေစေ့စပ်ရေးဝါဒ (concilionism) ဖြစ်သည်။ သူက သူသည်

---

*၉။ ဂျူဒါးစ် ထရော့စကီ* ***(JudasTrotsky)***– *ဂျူဒါးစ်မှာ ခရစ်တော်အား သစ္စာဖောက်သည့် နောက်လိုက်ရဟန်းဖြစ်သည်။ ဤသည်ကို အစွဲပြုပြီး ဆိုးဝါးလှသည့် သစ္စာဖောက်ကိုခေါ်သည်။ (ဘာသာပြန်သူ)*

ဘော်ရှီဗစ်လည်းမဟုတ်၊ မင်ရှီဗစ်လည်းမဟုတ်ဘဲ သူတို့ကို ပြန်လည်စေ့စပ်ပေးရန် ကြိုးစား ပေးနေသည် ဟုဆိုသည်။ ဤသည်နှင့်ပတ်သက်ပြီး လီနင်က ထရော့စကီသည် ပြောင်ဖျက်သိမ်းရေး ဝါဒီထက် ပို၍ ယုတ်မာပြီး၊ ပိုအန္တရာယ်ကြီးသည် ဟုဆိုသည်။ အဘယ်ကြောင့်ဆိုသော် သူသည် တကယ်တမ်းတွင် မင်ရှီဗစ်များကို အပြည့်အဝထောက်ခံနေသော်လည်း အလုပ်သမားများက သူ့ကို "ဂိုဏ်းများအထက်မှာ" ဟုထင်လာစေရန် လိမ်လည်လှည့်ဖျားနေခြင်းကြောင့် ဖြစ်သည်။ ထရော့စကီဝါဒီများသည် "အလယ်အလတ်ဝါဒ" ကို မွေးမြူဖွံ့ဖြိုးစေသည့် အဓိကအစုဖြစ်သည်။

ရဲဘော်စတာလင် (Stalin) က "အလယ်အလတ်ဝါဒသည် နိုင်ငံရေးခံယူချက် ဖြစ်သည်။ ၎င်း၏ အတွေးအခေါ်မှာ ပစ္စည်းမဲ့များ၏ အကျိုးစီးပွားကို တခုတည်းသော ဘုံပါတီတွင်းရှိ ခနရှင်ပေါက်စတို့၏ အကျိုးစီးပွားနှင့် သင့်တင့်လျောက်ပတ်အောင် ပြုလုပ်ခြင်း၊ လက်အောက်ခံပြုခြင်းသာလျှင် ဖြစ်သည်။ ဤအတွေးအခေါ်သည် လီနင်ဝါဒနှင့် မသက်ဆိုင်ဘဲ လီနင်ဝါဒကိုစက်ဆုပ်ရွံရှာပေသည်။" **(ဂျေ၊ စတာလင်၊ လီနင်ဝါဒပြဿနာများ၊ ရုရှားဘာသာ၊ အတွဲ–၉ ၊စာမျက်နှာ(၃၇၉)** ဟု ရေးသားခဲ့သည်။

ဤကာလတွင် ကဲမီနက်ဗ် (Kamenev)၊ ဇီနိုဗစ် (Zinoviev)နှင့် ရိုင်ကော့ဗ် (Rykov) တို့သည် အမှန်စင်စစ် ထရော့စကီ၏ ပုန်းလျှိုနေသည့် သူလျှိုများဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် လီနင်ကို တိုက်ခိုက်ရန်အတွက် ထရော့စကီကို မကြာခဏကူညီခဲ့သည်။ ဇီနိုဗစ်၊ ကာမီနက်ဗ်၊ ရိုင်းကော့ဗ်နှင့်တခြား ထရော့စကီ၏ ပုန်းလျှိုနေသော မဟာမိတ်များ၏အကူအညီဖြင့် **လီနင်၏ တောင်းဆိုချက်နှင့်ဆန့်ကျင်စွာ**၊ ၁၉၁၀ ဇန်နဝါရီတွင် ဗဟိုကော်မတီစုံညီ အစည်းအဝေး ခေါ်ဆိုကျင်းပသည်။ ထိုအချိန်က ဘော်ရှီဗစ်အချို့ အဖမ်းခံထားရမှုကြောင့် ဗဟိုကော်မတီ၏ ဖွဲ့စည်းမှုမှာ ပြောင်းလဲသွားပြီး၊ ယိမ်းယိုင်သည့် အစိတ်အပိုင်းများကို လီနင်ဝါဒ ဆန့်ကျင်သည့် ဆုံးဖြတ်ချက်များလက်ခံရန် ဖိအားပေးခြင်းခံလိုက်ရသည်။ ထို့ကြောင့် ဤအစည်းအဝေးမှ ဘော်ရှီဗစ်သတင်းစာ (proletary) ကို ပိတ်ပစ်ရန်နှင့် ဗီယင်နာ၌ထုတ်ဝေသော ထရောစကီသတင်းစာ (Pravda) ပရာဗတာကို ဘဏ္ဍာရေး ထောက်ပံ့ရန်ဆုံးဖြတ်လိုက်ကြသည်။ ကာမီနက်ဗ်က ထရော့စကီ၏ သတင်းစာအယ်ဒီတာဘုတ်အဖွဲ့နှင့် ပူးပေါင်းသွားပြီး၊ ဇီနိုဗစ်နှင့်အတူ ၎င်းကို ဗဟိုကော်မတီ၏ အာဘော်ဖြစ်အောင် ကြိုးပမ်းခဲ့သည်။

လီနင်၏ တိုက်တွန်းမှုကြောင့်သာလျှင်၊ ဇန်နဝါရီ ဗဟိုကော်မတီအစည်းအဝေးက ဖျက်သိမ်းရေးဝါဒနှင့် အော့ဇိုဗစ်ဝါဒတို့ကို ပြစ်တင်ရှုတ်ချသည့် ဆုံးဖြတ်ချက်ကို လက်ခံအတည်ပြုသော်လည်း၊ ဤနေရာတွင် ဇီနိုဗစ်နှင့် ကာမီနက်ဗ်တို့က ထရော့စကီ၏ တင်ပြချက်ဖြစ်သော ဖျက်သိမ်းရေးဝါဒီ များကို ဤနာမည်နှင့် မရည်ညွှန်းရန်၊ လက်ခံရန်တိုက်တွန်းခဲ့သည်။

လီနင် ကြိုတင်မြင်ခဲ့ပြီး၊ ကြိုတင်သတိပေးခဲ့သည့်အတိုင်း ဖြစ်လာပါသည်။ ဘော်ရှီဗစ်များသာလျှင် ဗဟိုကော်မတီစုံညီအစည်းအဝေး၏ ဆုံးဖြတ်ချက်ကိုနာခံပြီး၊ မိမိတို့၏သတင်းစာ proletary ကို ပိတ်ပေးခဲ့သော်လည်း၊ မင်ရှီဗစ်များသည် ၎င်းတို့ဂိုဏ်းမှ ဖျက်သိမ်းရေးဝါဒီများ၏ သတင်းစာ (ဆိုရှယ်ဒီမိုကရက်များ၏အသံ Voice of the Social Democrat) ကို ဆက်လက်ထုတ်ဝေခဲ့သည်။

လီနင်၏အနေအထားကို ရဲဘော်စတာလင်က အပြည့်အဝ ထောက်ခံခဲ့သည်။ သူက ဆိုရှယ်ဒီမိုကရက် (Sotcial Demokrat) အမှတ် ၁၁ တွင် အထူးဆောင်းပါး ရေးသားပြီး၊ ထိုအထဲတွင် သူက ထရော့စကီဝါဒကြံရာပါများ၏ လုပ်ဟန်ကို ရှုတ်ချပြီး၊ ကာမီနက်ဗ်၊ ဇီနိုဗစ်နှင့် ရိုင်ကော့ဗ်တို့၏ သစ္စာဖောက်လုပ်ရပ်ကြောင့် ဘော်ရှီဗစ်အုပ်စုအတွင်း ပေါ်ပေါက်လာသည့် မှန်တန်းမကျသည့် အခြေ

အနေများကို အဆုံးသတ်ပစ်ရန် လိုအပ်ကြောင်း တင်ပြသည်။ ဆောင်းပါးက နောက်ပိုင်း ပရော့ဂ်ပါတီ ကွန်ဖရင့်တွင် အကောင်အထည်ဖော်ခဲ့သည့် လတ်တလောတာဝန်များကိုလည်း တင်ပြထားသည်။ ၎င်းတို့မှာ အထွေထွေပါတီ ကွန်ဖရင့်တရပ် ခေါ်ဆိုရန်၊ တရားဝင်ထွက်သည့် ပါတီသတင်းစာတရပ် ထုတ်ဝေရန်နှင့် ရုရှား၌ တရားမဝင် လက်တွေ့လုပ်ငန်းအတွက် ပါတီဗဟိုတရပ် ထူထောင်ရန်တို့ ဖြစ်သည်။ ရဲဘော်စတာလင်၏ ဆောင်းပါးမှာ လီနင်ကို အပြည့်အဝ ထောက်ခံသည့် ဘာကူး ကော်မတီ၏ ဆုံးဖြတ်ချက်များအပေါ် အခြေခံသည်။

ဖျက်သိမ်းရေးဝါဒီများနှင့် ထရော့စကီဝါဒီများမှအစ၊ အောဇိုဗစ်နှင့် ဘုရားတည်ဆောက်သူများ (god builders) အဆုံး ပါတီဆန့်ကျင်သည့် အစိတ်အပိုင်းများ သက်သက်ချည်း စုစည်းထားသည့် ထရော့စကီ၏ ပါတီဆန့်ကျင်သည့် ဩဂုတ်လအုပ်စုကို တန်ပြန်တိုက်ခိုက်ရန် ပါတီအုပ်စုသည် တရားမဝင်ပစ္စည်းမဲ့ပါတီကို ထိန်းသိမ်းပြီး၊ တောင့်တင်းခိုင်မာအောင် ပြုလုပ်ချင်သည့်သူများ ပါ ဝင်သည်။ ဤအုပ်စုတွင် လီနင်ခေါင်းဆောင်သည့်ဘော်ရှီဗစ်များနှင့် ပလက်ကနော့ဗ် ခေါင်းဆောင်သည့် ပါတီလိုလားသော မင်ရှီဗစ်အနည်းငယ် ပါဝင်သည်။ ပလက်ကနော့ဗ်နှင့် သူ၏ ပါတီလိုလားသော မင်ရှီဗစ်အုပ်စုသည် တဖက်ကလည်း ပြဿနာတချို့တွင် မင်ရှီဗစ်ရပ်တည်မှုကို ထိန်းသိမ်းထားပြီး၊ တဖက်မှာလည်း ဩဂုတ်လ အုပ်စုဖျက်သိမ်းရေးဝါဒီများနှင့် ပြတ်ပြတ်သားသား လေးလေးနက်နက် ကင်းကွာထားပြီး၊ ဘော်ရှီဗစ်များနှင့် သဘောတူမှုရယူရန် ကြိုးစားကြသည်။ လီနင်သည် ပလက်ကနော့ဗ်၏ အဆိုကို လက်ခံပြီး၊ သူနှင့် ပါတီအတွက် အရေးသာစေပြီး၊ ဖျက်သိမ်းရေးဝါဒီများကို ပျက်စီးစေနိုင်သော ယာယီအုပ်စုဖွဲ့ပြီး၊ ပါတီဆန့်ကျင်ရေး အစိတ်အပိုင်းကို တိုက်ခိုက်ရန် သဘောတူလိုက်သည်။

ရဲဘော်စတာလင်က ဤအုပ်စုကို လုံးဝ ထောက်ခံသည်။ သူသည် ထိုအချိန်က ပြည်နှင်ဒဏ် ခံနေရပြီး၊ ထိုမှ လီနင်ထံသို့ စာရေးသားလိုက်သည်မှာ–

"ကျွန်တော့်အမြင်အရ ဤအုပ်စု (လီနင်–ပလက်ကနော့ဗ်)၏လမ်းစဉ်သာလျှင် မှန်ကန် သည်။

၁။ ဤလမ်းစဉ်နှင့် ၎င်းတခုတည်းကသာ တကယ့် ပါတီအစိတ်အပိုင်းအားလုံး စည်းရုံးကြရန် တောင်းဆိုသည့် ရုရှားလုပ်ငန်းများ၏ တကယ့်အကျိုးစီးပွားနှင့် ကိုက်ညီနေသည်။

၂။ ဤလမ်းစဉ်နှင့် ၎င်းတခုတည်းကသာ မင်ရှီဗစ်အလုပ်သမားများနှင့် ဖျက်သိမ်းရေးဝါဒီများ အကြား ကွဲကွဲပြားပြား မျဉ်းဆွဲပြီး အစုလိုက်ခွဲပြီး ဖျက်သိမ်းရေးဝါဒီများကို ထုတ်ပစ်လိုက်ခြင်းဖြင့် တရားဝင်အဖွဲ့အစည်းများ၊ ဖျက်သိမ်းရေးဝါဒီများ၏ ထမ်းပိုးအောက်မှ လွတ်မြောက်ရေးဖြစ်စဉ်ကို လျင်မြန်စေနိုင်မည်။" (**လီနင်နှင့်စတာလင်၊ ရုရှားဘာသာ၊ အတွဲ(၁)၊ စာမျက်နှာ ၅၂၉–၃၀**)

တရားမဝင်နှင့် တရားဝင်လုပ်ငန်းများကို ကျွမ်းကျင်လိမ်မာစွာပေါင်းစပ်နိုင်မှုကြောင့် ဘော်ရှီဗစ်များသည် တရားဝင် အလုပ်သမားအဖွဲ့အစည်းများတွင် ထိရောက်သည့် အင်အားစုတရပ် ဖြစ်လာနိုင်ခဲ့သည်။ ဤအချက်ကို အကြောင်းအားလျော်စွာ၊ ထိုအချိန်က ကျင်းပခဲ့သော တရားဝင် ကွန်ဂရက် လေးခု၊ ပြည်သူ့တက္ကသိုလ်များ ကွန်ဂရက်၊ အမျိုးသမီးကွန်ဂရက်၊ စက်ရုံသမားတော်များ ကွန်ဖရင့်နှင့် အရက်သေစာရှောင်ကြဉ်သူများ (Temperance) ကွန်ဖရင့်တို့တွင်၊ ဘော်ရှီဗစ် အလုပ်သမားအုပ်စု များအပေါ် လွှမ်းမိုးခဲ့သည့် ကြီးမားလှသည့်ဩဇာဂယက်တွင် တွေ့မြင်နိုင်သည်။ ဤကွန်ဂရက် များတွင် ဘော်ရှီဗစ်များ ပြောကြားခဲ့သည့် မိန့်ခွန်းများသည် နိုင်ငံရေးအရ အလွန်အဖိုးတန်ကာ၊ တပြည်လုံးသို့

တပ်လှန့်နှိုးဆော်ပေးသည်။ ဥပမာ ပြည်သူ့တက္ကသိုလ်များ ကွန်ဖရင့်တွင် ဘော်ရှီဗစ် အလုပ်သမားကိုယ်စားလှယ်အဖွဲ့က အနုပညာယဉ်ကျေးမှုလှုပ်ရှားချက်များအားလုံးကို ပိတ်ဆို့ထားသည့် ဇာဘုရင်အစိုးရ၏ ပါလစီကိုဖွင့်ချပြီး၊ တိုင်းပြည်တွင် ဇာဘုရင်အစိုးရကို ဖြုတ်မချမခြင်း၊ မည်သည့် စစ်မှန်သည့် အနုပညာတိုးတက်မှုကိုမျှ ရရှိနိုင်မည်မဟုတ်ကြောင်း အခိုင်အမာပြော ဆိုကြသည်။ စက်ရုံသမားတော်များ၏ ကွန်ဖရင့်တွင် အလုပ်သမား ကိုယ်စားလှယ်အဖွဲ့က အလုပ် သမားများ နေထိုင်အလုပ်လုပ်နေကြရသည့် ကြောက်မက်ဖွယ်ကောင်းအောင် ကျန်းမာရေးနှင့်မညီညွတ်သည့် အခြေအနေများကိုပြောပြပြီး ဇာဘုရင်စနစ် ပြုတ်မကျမခြင်း၊ စက်ရုံသန့်ရှင်းရေးအာမခံချက်မရှိကြောင်း နိဂုံးချုပ်ပြသည်။

ဘော်ရှီဗစ်များသည် တရားဝင်အဖြစ်ရှင်သန်နေသေးသည့် အဖွဲ့အစည်းအမျိုးမျိုးအတွင်းရှိ ဖျက်သိမ်းရေးဝါဒီများကို တဖြည်းဖြည်း တွန်းထုတ်ခဲ့သည်။ ပလက်ကနော့ဗ် ပါတီလိုလားသည့် အုပ်စုနှင့် တပ်ပေါင်းစုဖွဲ့လိုက်သည့် ထူးခြားသည့် နည်းပရိယာယ်ကြောင့် ဘော်ရှီဗစ်များသည် မင်ရှီဗစ် အလုပ်သမားအဖွဲ့အစည်းများ (ဗိုင်ဘော့ဂ်ခရိုင်၊ အီကာတီရီနိုစလာဗ် စသည်တို့ရှိ) အချို့ကို စည်းရုံးနိုင်ခဲ့သည်။

ဤခက်ခဲသည့်ကာလတွင် ဘော်ရှီဗစ်များက တရားဝင်လုပ်ငန်းများနှင့် တရားမဝင်လုပ်ငန်းများကို မည်သို့ပေါင်းစပ်ရမည်ကို နမူနာပြခဲ့ပေသည်။

## ၅။ ပရော့ဂ်ပါတီကွန်ဖရင့်– ၁၉၁၂၊ ဘော်ရှီဗစ်များ မာ့က်စ်ပါတီ သီးခြားထူထောင်ခြင်း။

ဖျက်သိမ်းရေးဝါဒီများ၊ အောဇိုဗစ်များ၊ ထရော့စကီဝါဒီများနှင့် တိုက်ရသည့်တိုက်ပွဲများက ဘော်ရှီဗစ်များအတွက် ဘော်ရှီဗစ်အားလုံးကို စည်းလုံးညီညွတ်ပြီး၊ သီးခြားဘော်ရှီဗစ်ပါတီ ထူထောင်ရန် အရေးတကြီးလိုအပ်လာမှုနှင့် ရင်ဆိုင်ရပါတော့သည်။ ဤသည်က အလုပ်သမား လူတန်းစားကို အကွဲကွဲအပြားပြားဖြစ်စေသည့် ပါတီအတွင်းမှ အချောင်သမား တိမ်းစောင်းမှုများကို အဆုံးသတ်ပစ်စေရန် သာမက၊ အလုပ်သမားလူတန်းစား၏ အင်အားစုများကို စည်းရုံးသည့်လုပ်ငန်းပြီးမြောက်စေရန်နှင့် ဒီရေမြင့်သစ်အတွက် ပြင်ဆင်ရန် လုံးဝလိုအပ်ချက်ဖြစ်ပေသည်။

သို့သော် ဤတာဝန်ကို ပြီးစီးအောင်မြင်အောင် မဆောင်ရွက်မီ ပါတီသည် အချောင်သမား မင်ရှီဗစ်များကို ရှင်းလင်းပစ်ရန်လိုသည်။

မင်ရှီဗစ်များနှင့် တပါတီတည်း ဆက်လက်နေထိုင်ရန် မည်သည့် ဘော်ရှီဗစ်မှ မစဉ်းစားရဲတော့အောင် ဖြစ်လာသည်။ စတိုလီပင် ဖောက်ပြန်ရေးကာလအတွင်း မင်ရှီဗစ်များ၏ သစ္စာဖောက်လုပ်ရပ်၊ ပစ္စည်းမဲ့ပါတီကို ဖျက်သိမ်းပြီး၊ ပြန်လည်ပြုပြင်ရေး ပါတီသစ် ထူထောင်ရန် ကြိုးပမ်းမှုများက သူတို့နှင့် လမ်းခွဲရန် မလွှဲမရှောင်သာ ဖြစ်လာပါသည်။ မင်ရှီဗစ်များနှင့် တပါတီတည်း ဆက်လက်နေခြင်းဖြင့်၊ ဘော်ရှီဗစ်များသည် တနည်းမဟုတ်တနည်း မင်ရှီဗစ်များ၏ အပြုအမူများအပေါ် စိတ်ဓာတ်အရ တာဝန်ရှိမှုကို လက်ခံရန်မှာ မိမိတို့ကိုယ်တိုင် ပါတီနှင့် အလုပ်သမားလူတန်းစားကို သစ္စာဖောက်ချင်သူ များမှလွဲ၍ မစဉ်းစားဝံ့ချေ။

ထိုကြောင့် မင်ရှီဗစ်များနှင့် တပါတီတည်း ပေါင်းနေခြင်းသည် အလုပ်သမားလူတန်းစားနှင့် ၎င်း၏ ပါတီကို သစ္စာဖောက်သည့် လက္ခဏာဆောင်နေပေသည်။ အကျိုးဆက်အားဖြင့် မင်ရှီဗစ်များနှင့်

တကယ့် ခွဲခွာမှုကို အဆုံးတိုင်ပြုလုပ်ရန် ဖြစ်လာပါတော့သည်။ တရားဝင်စည်းရုံးရေး ခွဲခွာမှုနှင့် ပါတီမှ မင်ရှီဗစ်များကို ထုတ်ပစ်ရန်ဖြစ်ပါသည်။

ဤနည်းလမ်းတခုတည်းကသာ လုပ်ငန်းစဉ်တခုတည်း၊ နည်းပရိယာယ်တခုတည်းနှင့် လူတန်းစားအဖွဲ့အစည်းတခုတည်းရှိသော တော်လှန်ရေး ပစ္စည်းမဲ့လူတန်းစားပါတီကို ပြုပြင်ထိန်းသိမ်းတည်ဆောက်နိုင်မည်။

ဤနည်းလမ်းတခုတည်းကသာ မင်ရှီဗစ်များ ဖျက်ဆီးခဲ့သည့် တကယ့်စစ်မှန်သည့် (သဏ္ဍာန်မဟုတ်) ပါတီစည်းလုံးရေးကို ပြုပြင်ထိန်းသိမ်း တည်ဆောက်နိုင်မည်။

ဤတာဝန်ကို ဆဋ္ဌမအကြိမ်မြောက် အထွေထွေပါတီကွန်ဖရင့်က ထမ်းဆောင်ရန်ဖြစ်ပြီး၊ ဤအတွက် ဘော်ရှီဗစ်များက ပြင်ဆင်ခဲ့ကြသည်။

သို့သော် ဤသည်မှာ ပြဿနာ၏ ဘက်တဖက်သာဖြစ်၏။ မင်ရှီဗစ်များနှင့် တရားဝင်ခွဲခွာပြီး၊ သီးခြားဘော်ရှီဗစ်ပါတီ ထူထောင်ရေးသည် အမှန်ပင် အလွန်အရေးကြီးသည့် နိုင်ငံရေးတာဝန်တရပ်ဖြစ်သည်။ သို့သော် ဘော်ရှီဗစ်များအဖို့ ပို၍ အရေးကြီးသည့် အခြားတာဝန်တရပ်နှင့် ရင်ဆိုင်လာရသည်။ ဘော်ရှီဗစ်များ၏ တာဝန်မှာ မင်ရှီဗစ်များနှင့် ခွဲခွာပြီး၊ သီးခြားပါတီတရပ်ထောင်ရုံမျှသာ မဟုတ်ဘဲ၊ တခြားအရာအားလုံးထက် မင်ရှီဗစ်များနှင့် ခွဲခွာပြီးနောက်၊ အနောက်နိုင်ငံများမှာ ရှိနေကျ ဆိုရှယ်ဒီမိုကရေစီပါတီများနှင့် ကွဲပြားခြားနားသည့် **အမျိုးအစားသစ်**ပါတီ၊ ပါတီ**သစ်**တရပ်၊ အချောင်သမားအစိတ်ပိုင်းများ ကင်းစင်ပြီး၊ အာဏာရရှိရေးတိုက်ပွဲတွင် ပစ္စည်းမဲ့များကို ခေါင်းဆောင်မှုပေးနိုင်သည့် ပါတီတရပ်တည်ဆောက်ရန် ဖြစ်သည်။

ဘော်ရှီဗစ်များကို တိုက်ခိုက်ရာမှာ အဇာလရော့ဒ်၊ မာတီနော့ဗ်နှင့် ထရော့စကီ အထိသော မင်ရှီဗစ် အရောင်အသွေးစုံ အားလုံးတို့သည် အနောက်ဥရောပ ဆိုရှယ်ဒီမိုကရက်များ၏ လက်နက်တိုက်မှ လက်နက်များကို အမြဲသဖြင့် ငှားရမ်းအသုံးချခဲ့ပါသည်။ ၎င်းတို့သည် ရုရှားတွေ ဆိုကြပါစို့။ ဂျာမန်နှင့် ပြင်သစ် ဆိုရှယ်ဒီမိုကရက်ပါတီများနှင့် အလားတူ ပါတီကို အလိုရှိခဲ့သည်။ သူတို့သည် ဘော်ရှီဗစ်များထံတွင် အနောက်နိုင်ငံများမှ ဆိုရှယ်ဒီမိုကရက်များနှင့်မတူ ထူးခြားသည့် အသစ်အဆန်းတမျိုး ခံစားသိရှိသောကြောင့်သာလျှင် ဘော်ရှီဗစ်များကို တိုက်ခိုက်နေခြင်းဖြစ်သည်။ ထိုအချိန်က အနောက်နိုင်ငံများမှ ဆိုရှယ်ဒီမိုကရက်ပါတီများသည် မည်သည်ကို ကိုယ်စားပြုပါ သနည်း။ မာ့က်စ်ဝါဒီနှင့် အချောင်သမားဝါဒီများ၊ တော်လှန်ရေး၏ မိတ်ဆွေများနှင့် ရန်သူများ၊ ပါတီမူ များကို ထောက်ခံသူများနှင့် ဆန့်ကျင်သူများ၊ ထောက်ခံသူများက တဖြည်းဖြည်း အတွေးအခေါ်အရ ဆန့်ကျင်သူများနှင့် ပူးပေါင်းသွားပြီး အမှန်စင်စစ် ၎င်းတို့၏ လက်အောက်ခံဖြစ်သွားရတော့သည်။ ဟင်းလေးအိုးကြီး ဖြစ်နေပါတော့ သည်။ ဤအချောင်သမား၊ တော်လှန်ရေးကို သစ္စာဖောက်သူများနှင့် ပူးပေါင်းသွားရခြင်းမှာ မည်သည့်အတွက်ကြောင့်နည်းဟု ဘော်ရှီဗစ်များက အနောက်ဥရောပ ဆိုရှယ်ဒီမိုကရေစီများကိုမေးသည်။ သူတို့က "ပါတီတွင်းငြိမ်းချမ်းရေးအတွက်"၊ "စည်းလုံးညီညွတ်ရေးအတွက်"ဟုဖြေကြသည်။ မည်သူနှင့်စည်းလုံးညီညွတ်ရေးနည်း။ အချောင်သမားများနှင့် လား။ သူတို့က ဟုတ်ပါသည်ဟုဖြေသည်။ ဤကဲ့သို့သောပါတီမျိုးသည် တော်လှန်ရေးပါတီများ မဟုတ်နိုင်သည်က တော့ ရှင်းသွားပါပြီ။

အိန်ဂယ် သေဆုံးပြီးနောက်၊ အနောက်ဥရောပ ဆိုရှယ်ဒီမိုကရေစီပါတီများသည် လူမှုတော်လှန်ရေးပါတီများအဖြစ်မှ "လူမှုပြုပြင်ပြောင်းလဲရေး" ပါတီများအဖြစ်သို့ စတင် ပျက်စီးဆုတ်ယုတ်နေပြီး၊ ဤပါတီတိုင်းသည် အဖွဲ့အစည်းတရပ်အဖြစ်၊ ခေါင်းဆောင်အင်အားစုတရပ်မှ ၎င်း၏ ပါလီမန်အုပ်စု အစွယ်အပွားတရပ်အဖြစ်သို့ ပြောင်းလဲသွားပြီဖြစ်ကြောင်းကို ဘော်ရှီဗစ်များက တွေ့မြင်လာကြ သည်။

ဤကဲ့သို့သောပါတီသည် ပစ္စည်းမဲ့များအတွက် မည်သည့်ကောင်းကျိုးမျှမရှိနိုင်။ ဤကဲ့သို့ သောပါတီသည် အလုပ်သမားလူတန်းစားကို တော်လှန်ရေးသို့ ဦးဆောင်မသွားနိုင်ဆိုသည်တို့ကို ဘော်ရှီဗစ်များက သိလာကြသည်။

ပစ္စည်းမဲ့များ လိုအပ်သည်မှာ ဤကဲ့သို့သောပါတီမျိုး မဟုတ်ဘဲ ၎င်းနှင့်မတူကွဲပြားသည့် အမျိုးအစားပါတီ၊ စစ်မှန်သည့် မာ့က်စ်ဝါဒပါတီသစ်တရပ်၊ အချောင်သမားများနှင့် စေ့စပ်ခြင်းမပြုဘဲ၊ ဓနရှင်များအပေါ် တော်လှန်ကာ၊ ခိုင်ခိုင်မာမာ ကျစ်ကျစ်လစ်လစ် တစုတစည်းတည်း ဖွဲ့နှောင်ထားသည့် လူမှုတော်လှန်ရေးပါတီတရပ်၊ ပစ္စည်းမဲ့ အာဏာရှင်ပါတီတရပ် ဖြစ်ကြောင်းကို ဘော်ရှီဗစ်များက သိလာကြသည်။

ဘော်ရှီဗစ်များလိုချင်သည်မှာ ဤကဲ့သို့သော ပါတီအမျိုးအစားသစ်တရပ် ဖြစ်သည်။ ဘော်ရှီဗစ်များသည် ဤကဲ့သို့သောပါတီကို တည်ဆောက်ရန်လုပ်ဆောင်ကြသည်။ "စီးပွားရေးဝါဒီများ"၊ မင်ရှီဗစ်များ၊ ထရော့စကီဝါဒီများ၊ အော်ဇိုဗစ်များနှင့် ပုံအမျိုးမျိုးနှင့် စိတ်ဝါဒီများမှ အတွေ့အကြုံဝေဖန်ရေးဝါဒီများအထိ ဆန့်ကျင်တိုက်ပွဲဝင်ခဲ့ရသည့် သမိုင်းတခုလုံးသည် ဤကဲ့သို့သော ပါတီတည်ဆောက်ရေးသမိုင်းဖြစ်သည်။ ဘော်ရှီဗစ်များသည် တကယ့်စစ်မှန်သည့် တော်လှန်သော မာ့က်စ်ဝါဒ ပါတီတရပ်ကို လိုချင်သူများအတွက် စံပြဖြစ်နိုင်သည့် ဘော်ရှီဗစ်ပါတီ၊ ပါတီသစ်တရပ်ကို တည်ထောင်လိုခဲ့ကြသည်။ ဘော်ရှီဗစ်များသည် အစ္စကရာအဟောင်းအချိန်မှစပြီး ဤကဲ့သို့သော ပါတီမျိုးတည်ဆောက်ရန် ကြိုးစားလာခဲ့ပေသည်။ သူတို့သည် ဤအတွက် မည်သည့် အရာများရှိရှိ၊ ခေါင်းမာစွာ၊ ခိုင်မာပြတ်သားစွာ ကြိုးစားခဲ့သည်။ ဤလုပ်ငန်းတွင် လီနင်၏ "ကျွန်တော်တို့ ဘာလုပ်ကြမည်နည်း"။ "နည်းပရိယာယ် နှစ်သွယ်" စသည့်ရေးသားချက်များက အခြေခံနှင့် အခိုင်အမာအခန်းက ပါဝင်ပေသည်။ လီနင်၏ "ကျွန်တော်တို့ ဘာလုပ်ကြမည်နည်း"သည် ဤကဲ့သို့သောပါတီအတွက် အတွေးအခေါ်ရေးရာ ပြင်ဆင်မှုဖြစ်သည်။ လီနင်၏ "ရှေ့တလှမ်းတိုး၊ နောက်နှစ်လှမ်းဆုတ်"သည် ပါတီအတွက် စည်းရုံးရေးရာပြင်ဆင်မှု ဖြစ်သည်။ လီနင်၏ "ဒီမိုကရေစီတော်လှန်ရေးအတွင်း ဆိုရှယ်ဒီမိုကရက်များ၏ နည်းပရိယာယ်နှစ်သွယ်" သည် ဤကဲ့သို့သောပါတီအတွက် "နိုင်ငံရေးအရ" ပြင်ဆင်မှုဖြစ်သည်။ နောက်ဆုံးလီနင်၏ "ရုပ်ဝါဒနှင့် အတွေ့အကြုံ ဝေဖန်ရေး "သည် ဤကဲ့သို့သော ပါတီအတွက် သဘောတရားရေးရာ ပြင်ဆင်ချက် ဖြစ်သည်။

ဘော်ရှီဗစ်အုပ်စုကဲ့သို့ ပါတီတရပ်ဖွဲ့စည်းရန် အပြည့်အစုံ ပြင်ဆင်သည့် နိုင်ငံရေးအုပ်စုသမိုင်းတွင်မရှိခဲ့ဟု အသေအချာ ဆိုခဲ့ပါသည်။

ထို့ကြောင့် အခြေအနေ အချက်အလက်များက ဘော်ရှီဗစ်များအတွက် ပါတီတရပ်ဖွဲ့စည်းထူထောင်ရန် ပြည့်စုံရင့်မှည့်နေပြီ ဖြစ်သည်။

မင်ရှီဗစ်များကို ထုတ်ပယ်ပြီး၊ ဘော်ရှီဗစ်ပါတီ၊ ပါတီသစ်တရပ်၊ တရားဝင်ဖွဲ့စည်းတည်ထောင်ရေး၏ လုပ်ငန်းအပြီးသတ် ပြည့်စုံစေရန်မှာ ဆဋ္ဌမအကြိမ်မြောက်ပါတီကွန်ဖရင့်၏ လုပ်ငန်းတာဝန်ဖြစ်ပေသည်။

ရုရှားပြည်လုံးဆိုင်ရာ ဆဋ္ဌမအကြိမ်မြောက် ပါတီကွန်ဖရင့်ကို ၁၉၁၂ ခု၊ ဇန်နဝါရီတွင် ပရော့ဂ်၌ ကျင်းပခဲ့သည်။ ပါတီအဖွဲ့အစည်း နှစ်ဆယ်ကျော်မှ ကိုယ်စားလှယ်များ စေလွှတ်ခဲ့သည်။ ထို့ကြောင့် ကွန်ဖရင့်သည် မှန်တန်းပါတီကွန်ဂရက်၏ အဓိပ္ပာယ်ရှိသည်။

ကွန်ဖရင့်၏ ကြေညာချက်တွင် ပါတီ၏ ကွဲပြားနေသော ဗဟိုအဆောက်အအုံများကို ပြန်လည်ဖွဲ့စည်းပြီး၊ ဗဟိုကော်မတီ ဖွဲ့စည်းလိုက်ကြောင်း ကြေညာကာ၊ ရုရှားဆိုရှယ်ဒီမိုကရက်ပါတီ အနေနှင့် တိကျသည့် အဖွဲ့အစည်းသဏ္ဍာန် ယူသည့်အချိန်မှစပြီး ဖောက်ပြန်ရေးကာလ၊ အခက်အခဲဆုံးသော ကာလဖြစ်သည်ဟုလည်း ကြေညာသည်။ ဖိနှိပ်ညှဉ်းပန်းမှုများကြားမှ၊ ပြင်ပမှ ပြင်းထန်သည့် ထိုးနှက်ချက်များ၊ အတွင်းမှ အချောင်ဝါဒ သစ္စာဖောက်မှုများနှင့် တွေဝေယိမ်းယိုင်မှုများကြားမှပင်၊ ပစ္စည်းမဲ့ပါတီသည် ၎င်း၏အလံနှင့် အဖွဲ့အစည်းကို အပွန်းအပဲ့မရှိ ထိန်းသိမ်းထားနိုင်ခဲ့သည်။

“ရုရှား ဆိုရှယ်ဒီမိုကရက်ပါတီ၏ အလံမျှသာမက၊ ၎င်း၏လုပ်ငန်းစဉ်နှင့် တော်လှန်ရေးအစဉ်အလာများသည် ဆက်လက်ရှင်သန်နေဆဲဖြစ်သည်။ သို့သော် ၎င်း၏အဖွဲ့အစည်းမှာမူ၊ ဖိနှိပ်ညှဉ်းပန်းမှုများကြောင့် အားနည်းချို့တဲ့သွားသော်လည်း လုံးဝဖျက်ဆီးပစ်လိုက်နိုင်ခြင်း မရှိပါ” ဟု ကြေညာချက်က ကြေညာသည်။

ကွန်ဖရင့်က ရုရှားရှိ အလုပ်သမားလူတန်းစား လှုပ်ရှားမှုဒီရေမြင့်သစ်နှင့် ပါတီလုပ်ငန်းပြန် လည်အသက်ဝင်လာမှုတို့၏ ပထမဆုံးသောလက္ခဏာကို မှတ်တမ်းတင်ခဲ့သည်။

ဒေသအဖွဲ့အစည်းများက တင်ပြသည့်အစီအရင်ခံစာများအပေါ် ၎င်း၏ဆုံးဖြတ်ချက်တွင် ကွန်ဖရင့်က “တရားမဝင်သည့် ဒေသဆိုင်ရာ ဆိုရှယ်ဒီမိုကရက်အဖွဲ့အစည်းများနှင့် အစုများ အင်အားတောင့်တင်းလာစေရန် ရည်ရွယ်ချက်ဖြင့် ဆိုရှယ်ဒီမိုကရက် အလုပ်သမားများအကြား နေရာတကာတွင် အလွန်တက်ကြွသည့် လုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်” ဟုမှတ်ချက်ချခဲ့ သည်။

ကွန်ဖရင့်က နောက်ဆုတ်သည့် ကာလအတွင်း ဘော်ရှီဗစ် နည်းပရိယာယ်၏ အရေးကြီးသော စည်းကမ်းဆိုသည်မှာ တရားဝင်တည်ဆဲ အလုပ်သမားအစည်းအရုံးနှင့် သမဂ္ဂအမျိုးမျိုးတို့တွင် တရားဝင်လုပ်ငန်းများနှင့် တရားမဝင်လုပ်ငန်းများ ပေါင်းစပ်ခြင်းကို ဒေသအားလုံးတွင် လိုက်နာရမည်ဟု မှတ်ချက်ချခဲ့သည်။

ပရော့ဂ်ကွန်ဖရင့်က လီနင်၊ စတာလင်၊ အိုဂျိုနီကစ်ဇီး (Ordjonikidze)၊ ဆဗားဒ်လော့ဗ် (Sverdlov)၊ စပန်ဒါရင် (Spandayan)၊ ဂိုလိုဆက်ချ်ကင်(Goloshchekin)နှင့် အခြားလူများပါဝင်သည့် ပါတီ၏ ဘော်ရှီဗစ်ဗဟိုကော်မတီကို ရွေးကောက်ခဲ့သည်။ စတာလင်နှင့် ဆဗားဒ်လော့ဗ်မှာ ထိုအချိန်က ပြည်နှင့်ဒဏ်ခံနေရသဖြင့် ၎င်းတို့မရှိဘဲ ဗဟိုကော်မတီ အရွေးခံရခြင်းဖြစ်သည်။ အရွေးခံရသည့် အရန်ဗဟိုကော်မတီများအကြား ရဲဘော်ကာလီနင် (Kalinin) လည်း ပါဝင်ပေသည်။

ရုရှား၌ တော်လှန်ရေးလုပ်ငန်းညွှန်ကြားရန် လက်တွေ့လုပ်ငန်းအတွက် ဗဟို (ဗဟိုကော်မတီ၏ ရုရှားဗျူရို) ကိုထူထောင်ပါသည်။ ၎င်းဗျူရိုကို စတာလင်က ဦးဆောင်ပြီး ရဲဘော် ဝိုင် ဆဗားဒ်လော့ဗ်၊ အက်စ် စပန်ဒါရင်၊ အက်စ် အိုဂျိုနီကစ်ဇီး၊ အမ် ကာလီနင်နှင့် ဂိုလိုဆက်ချ်ကင်တို့ဖြင့် ဖွဲ့စည်းခဲ့သည်။

မင်ရှီဗစ်များကို ပါတီမှထုတ်ပယ်ရန် ဆုံးဖြတ်ခဲ့သည်။ မင်ရှီဗစ်များကို ပါတီမှထုတ်ပစ်လိုက်ခြင်းဖြင့် ပရော့ဂ်ကွန်ဖရင့်သည် ဘော်ရှီဗစ်ပါတီ တသီးတခြားတည်ရှိမှုကို တရားဝင် ဖွင့်လှစ်လိုက်သည်။

မင်ရှီဗစ်များကို အတွေးအခေါ်ရေးရာနှင့် စည်းရုံးရေးရာအရ တိုက်ခိုက်နှိမ်နင်းပြီး၊ ပါတီ မှထုတ်ပစ်လိုက်ပြီးနောက် ဘော်ရှီဗစ်များသည် R.S.D.L.P ပါတီ၏ အလံဟောင်းကို ထိန်းသိမ်းကာကွယ်ခဲ့သည်။ ထို့ကြောင့်ပင် ဘော်ရှီဗစ်ပါတီသည် ၁၉၁၈ ခုနှစ်အထိ မိမိကိုယ်မိမိ R.S.D.L.P ဟုပင် ခေါ်ခဲ့ပြီး၊ "ဘော်ရှီဗစ်"ဟူသော စကားလုံး ကွင်းစကွင်းပိတ်နှင့် ထည့်ထားသည်။

၁၉၁၂ ခု အစပိုင်း၊ ဂေါ်ကီဆီသို့ ပရော့ဂ်ကွန်ဖရင့်၏ အကျိုးများကို စာရေးရာ၌ လီနင်က–

"နောက်ဆုံးမှာတော့ ဖျက်သိမ်းရေဝါဒီဂျပိုးများရှိလျက်နှင့်ပင် ပါတီနှင့်ဗဟိုကော်မတီကို ကာကွယ်ထိန်းသိမ်းပြုပြင် တည်ဆောက်ရာမှာ ကျွန်တော်တို့ အောင်ပွဲရခဲ့ပါတယ်။ ဤအချက်ပေါ် ခင်ဗျားလည်း ကျွန်တော်တို့နှင့်အတူ ဝမ်းမြောက်ဝမ်းသာရှိလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ (**လီနင်ကျမ်းပေါင်းစုံ၊ ရုရှားဘာသာ၊အတွဲ–၂၆၊ စာမျက်နှာ–၁၉**)

ပရော့ဂ်ကွန်ဖရင့်၏ အရေးပါသည့်အဓိပ္ပာယ်ကို ပြောကြားရာ၌ ရဲဘော်စတာလင်က–

"ဤကွန်ဖရင့်သည် ကျွန်တော်တို့ပါတီ၏ သမိုင်း၌ အရေးကြီးဆုံး ဖြစ်သည်။ ၎င်းက ဘော်ရှီဗစ်နှင့် မင်ရှီဗစ်အကြား နယ်နမိတ်စည်းကြောင်း ရေးဆွဲခဲ့ပြီး၊ တပြည်လုံးရှိ ဘော်ရှီဗစ်အဖွဲ့အစည်း အားလုံးကို စည်းလုံးညီညွတ်သည့် ဘော်ရှီဗစ်ပါတီအဖြစ် ပေါင်းဆက်ခဲ့ခြင်းကြောင့် ဖြစ်သည်။ (C.P.S.U (B) **ပဉ္စမကွန်ဂရက် အစီအရင်ခံစာ အပြည့်အစုံ၊ ရုရှား ဘာသာ၊ စာမျက်နှာ ၃၆၁၊ ၃၆၂**)

ဘော်ရှီဗစ်များ၏ တသီးတခြားပါတီ၏ ဖွဲ့စည်းပုံစည်းမျဉ်းဥပဒေနှင့် မင်ရှီဗစ်များကို ထုတ်ပယ်ပစ်မှုကြောင့် ဘော်ရှီဗစ်ပါတီသည် ပိုမိုခိုင်မာ တောင့်တင်းလာသည်။ **ပါတီသည် မိမိအတွင်းမှ အချောင်သမား အစိတ်အပိုင်းများကို ထုတ်ပယ်ပစ်လိုက်ခြင်းဖြင့် မိမိတို့အင်အား တောင့်တင်းခိုင်မာ လာစေသည်။** ဤသည်မှာ ဒုတိယအင်တာနေရှင်နယ်၏ ဆိုရှယ်ဒီမိုကရက်ပါတီများမှ အခြေခံအားဖြင့် ကွဲပြားခြားနားသည့် အမျိုးအစားသစ်ပါတီ၊ ဘော်ရှီဗစ်ပါတီ၏ လက်ကိုင် ဆိုရိုးစကား (Maxim) တပုဒ် ဖြစ်သည်။ ဒုတိယအင်တာနေရှင်နယ်၏ ပါတီများက ၎င်းတို့ကိုယ်၎င်းတို့ မာ့က်စ်ပါတီများဟု ခေါ်ဆိုကြသော်လည်း၊ အမှန်စင်စစ်မှာမူ ၎င်းတို့ထဲတွင် အတိအလင်းဝန်ခံထားသည့် အချောင်သမားများ၊ မာ့က်စ်ဝါဒ၏ ရန်သူများကို သည်းခံခွင့်လွှတ်ထားပြီး၊ ၎င်းတို့ကို ဒုတိယအင်တာနေရှင်နယ်ကို ဖျက်ဆီးပစ်ရန် ခွင့်ပြုခဲ့ပေသည်။ ဆန့်ကျင်စွာပင် ဘော်ရှီဗစ်များသည် အချောင်သမားများကို အကြင်နာကင်းစွာ ဆန့်ကျင်တိုက်ပွဲဝင်ပြီး၊ ပစ္စည်းမဲ့ပါတီကို အချောင်ဝါဒညွှန်အတွင်းမှ လွတ်မြောက်စေပြီး၊ နောက်ပိုင်းတွင် ပစ္စည်းမဲ့အာဏာရှင်စနစ်ကို အောင်မြင်စွာဆွတ်ခူးခဲ့သည့် အမျိုးအစားသစ် လီနင်ဝါဒီ ပါတီကို အောင်မြင်စွာထူထောင်နိုင်ခဲ့သည်။

ပစ္စည်းမဲ့ပါတီအတွင်း အချောင်သမားများ ကျန်ရှိနေပါက၊ ဘော်ရှီဗစ်ပါတီသည် လွတ်လွတ်ကျွတ်ကျွတ် ကျယ်ပြန့်စွာခရီးနှင်ပြီး၊ ပစ္စည်းမဲ့များကို ခေါင်းဆောင်နိုင်မည်မဟုတ်၊ အာဏာကိုသိမ်းယူပြီး၊ ပစ္စည်းမဲ့အာဏာရှင်စနစ်ကို ထူထောင်နိုင်မည်မဟုတ်၊ ပြည်တွင်းစစ်တွင် အောင်ပွဲခံပြီး ဆိုရှယ်လစ်ဝါဒကို တည်ထောင်နိုင်မည်မဟုတ်ချေ။

ပရော့ဂ်ကွန်ဖရင့်က ပါတီ၏ အနိမ့်ဆုံးလုပ်ငန်းတွင် ပါဝင်သည့် တောင်းဆိုချက်များကို အဓိက လက်တလောနိုင်ငံရေး တောင်းဆိုချက်များအဖြစ် တင်သွင်းရန် ဆုံးဖြတ်ခဲ့ကြသည်။ ၎င်းတို့မှာ ဒီမို ကရေစီသမ္မတနိုင်ငံ၊ အလုပ်ချိန် ၈ နာရီနှင့် လယ်မြေအားလုံး သိမ်းပိုက်ရေး ဖြစ်သည်။

ဘော်ရှီဗစ်များအားလုံးသည် စတုတ္ထ နိုင်ငံတော်ဒူးမား ရွေးကောက်ပွဲများနှင့် ဆက်စပ်ရာတွင် ဤတော်လှန်ရေး ကြွေးကြော်သံများအောက်တွင် မိမိတို့၏လှုပ်ရှားမှုများကို ပြုလုပ်ဆောင်ရွက်ခဲ့ကြ သည်။

ဤကြွေးကြော်သံများသည် ၁၉၁၂–၁၄ ခုနှစ်များတွင် ပေါ်ထွက်ခဲ့သည့် အလုပ်သမား လူ တန်းစား လူထုကြီး၏ တော်လှန်ရေးလှုပ်ရှားမှု ဒီရေမြင့်သစ်ကို ဦးဆောင်လမ်းပြခဲ့သည်။

# အကျဉ်းချုပ်

၁၉၀၈–၁၂ ခုနှစ်များသည် တော်လှန်ရေးလုပ်ငန်းများအတွက် အခက်အခဲဆုံးကာလဖြစ်သည်။ တော်လှန်ရေး ရှုံးနိမ့်သွားပြီးနောက် တော်လှန်ရေးလှုပ်ရှားမှုများ ကျဆင်းသွားပြီး၊ လူထုက ပင်ပန်းနွမ်းနယ်သွားစဉ် ဘော်ရှီဗစ်များသည် ၎င်းတို့၏ နည်းပရိယာယ်များကို ပြောင်းလဲလိုက်ပြီး၊ ဇာဘုရင်စနစ်ကို တိုက်ရိုက်ဆန့်ကျင် တိုက်ပွဲဆင်နေရာမှ ဝေ့လည်ကြောင်ပတ် တိုက်ပွဲများဆင်လာသည်။ စတိုလီပင် ဖောက်ပြန်ရေးကာလအတွင်း ခက်ခဲသည့် အခြေအနေတွင် ဘော်ရှီဗစ်များသည် လူထုနှင့် ဆက်သွယ်ရေးကို ထိန်းသိမ်းထားနိုင်ရန် အသေးဆုံးသော တရားဝင် အခွင့်အရေးကိုပင် အသုံးပြုခဲ့ကြသည်။ (နာမကျန်းသူများ၊ ထောက်ပံ့ရေးအစည်းအရုံးနှင့် အလုပ်သမားသမဂ္ဂများမှအစ ဒူးမားလွှတ်တော်အထိ) ဘော်ရှီဗစ်များသည် မလျော့သော ဇွဲလုံ့လဖြင့် တော်လှန်ရေးလှုပ်ရှားမှု ဒီရေမြင့်အတွက် အင်အားများကို စုစည်းလုပ်ဆောင်ခဲ့ကြသည်။

တော်လှန်ရေးရှုံးနိမ့်မှု၊ အတိုက်အခံအစုများ အင်အားပြိုကွဲသွားခြင်း၊ တော်လှန်ရေးအပေါ် စိတ်ဓာတ်ကျခြင်းနှင့် ပါတီကို စွန့်ခွာသွားသည့် ပညာတတ်များ (ဘော့ဒါးနော့ဗ်၊ ဘာဇာရော့ဗ်နှင့် အခြား သူများ) ၏ သဘောတရားရေးရာအခြေခံများကို ပြန်လည်ပြင်ဆင်ရန် တိုးတက်ကြိုးပမ်းမှုများကြောင့် ခက်ခဲလာသည့် အခြေအနေများအောက်တွင် ဘော်ရှီဗစ်များသည် ပါတီ၏ အလံကို လိပ်မပစ်သည့် ပါတီလုပ်ငန်းစဉ်အပေါ် သစ္စာရှိမြဲရှိသည်။ မာ့က်စ်ဝါဒသဘောတရား အပေါ် "ဝေဖန်ရေး"၏ ထိုးနှက် တိုက်ခိုက်မှုများကို နှိမ်နင်းပစ်သည့် ပါတီတွင်းရှိ တခုတည်းသော အင်အားစုများသည် (လီနင်၏ ရုပ်ဝါဒ နှင့် အတွေ့အကြုံဝေဖန်ရေး) ပါတီနှင့် ၎င်း၏ တော်လှန်ရေးမူဝါဒများကို ကာကွယ်ထိန်းသိမ်းရာတွင် လီနင်ပတ်လည်၌ဝန်းရံထားသော ဘော်ရှီဗစ်များ ခေါင်းဆောင်မှု ဗဟိုမဏ္ဍိုင်ကို မည်သည်က အကူအညီပေးခဲ့သနည်း ဆိုသော် ဤဗဟိုမဏ္ဍိုင်သည် မာ့က်စ်ဝါဒ၊ လီနင်ဝါဒ အတွေးအခေါ်တို့ဖြင့် သံမဏိခဲတင်ထားပြီး၊ တော်လှန်ရေးအလားအလာကို လည်း ဆုပ်ကိုင်ထားသည်။ "ကျွန်တော်တို့ကို ကျောက်စိုင်ကျောက်သားကဲ့သို့ ခိုင်မာသည်ဟု ပြောဆိုသည်မှာ အလကားမဟုတ်ချေ" ဟု လီနင်က ဘော်ရှီဗစ်များကို ညွှန်းဆိုရာတွင် ပြောကြားသည်။

မင်ရှီဗစ်များသည် ထိုအချိန်တွင် တော်လှန်ရေးမှ ဝေးသည်ထက် ဝေးသွားကြသည်။ ၎င်းတို့သည် ပစ္စည်းမဲ့များ၏ တရားမဝင်သည့် တော်လှန်ရေးပါတီကို ဖျက်သိမ်းပစ်ရန် တောင်းဆိုရင်း ဖျက်သိမ်းရေးဝါဒီများ ဖြစ်လာကြသည်။ သူတို့သည် ပါတီ၏လုပ်ငန်းစဉ်များကို ပို၍ ပြောင်ကျစွာ စွန့်ပစ်လာကြသည်။ တော်လှန်ရေး ရည်မှန်းချက်များ၊ ပါတီ၏ကြွေးကြော်သံများကို ပို၍ စွန့်လွှတ်လာကြပြီး၊ အလုပ်သမားများက "စတိုလီပင်အလုပ်သမားပါတီ" ဟုအမည်ပေးထားသော ၎င်းတို့ကို ကိုယ်ပိုင်ပြုပြင်ပြောင်းလဲရေး ပါတီတရပ်ကို ထူထောင်ရန် ကြိုးပမ်းအားထုတ်ခဲ့သည်။ ထရော့စကီသည် စကားလုံးအရ "ပါတီသွေးစည်း ညီညွတ်ရေး" ကြွေးကြော်သံကို ကန့်လန့်ကာအဖြစ် အသုံးပြုပြီး၊ ဖျက်သိမ်းရေးဝါဒီများကို ထောက်ခံပြီး၊ အမှန်တကယ်မှာမူ ဖျက်သိမ်းရေးဝါဒီများနှင့် သွေးစည်းညီညွတ်ရေးကို ဆိုလိုပေသည်။

တဖက်တွင်လည်း ဇာဘုရင်ကို တိုက်ခိုက်ရာတွင် ဝေ့လည်ကြောင်ပတ်နည်းသစ်များ အသုံးပြုရန် လိုအပ်မှုကို နားမလည်သည့် ဘော်ရှီဗစ်အချို့က တရားဝင်အခွင့်အရေးများ အသုံးမပြုရန်နှင့်

နိုင်ငံတော်ဒူးမားမှ အလုပ်သမားကိုယ်စားလှယ်များပြန်ခေါ်ရန် တောင်းဆိုကြသည်။ ဤ အော့ဇို ဗစ်များသည် ပါတီကို လူထုနှင့် အဆက်အသွယ်ပြတ်သွားစေရန် ဂျောက်တွန်းပြီး၊ တော်လှန်ရေး ဒီရေမြင့်သစ်အတွက် အင်အားစုများ စုစည်းရာတွင် အနှောင့်အယှက် အဟန့်အတား ဖြစ်စေပေ သည်။ “လက်ဝဲ”စကားလုံးများကို ကန့်လန့်ကာအဖြစ် အသုံးပြုပြီး အော့ဇိုဗစ်များသည် ဖျက်သိမ်း ရေးဝါဒီများကဲ့သို့ပင် အနှစ်သာရအားဖြင့် တော်လှန်ရေးတိုက်ပွဲကို စွန့်ခွာသွားကြသည်။

ထရော့စကီစည်းရုံးဖွဲ့စည်းသည့် ဩဂုတ်လအုပ်စုဟုခေါ်တွင်သော လီနင်ဆန့်ကျင်သည့် ဘုံ အုပ်စုတွင် ဖျက်သိမ်းရေးဝါဒီများနှင့် အော့ဇိုဗစ်များစည်းလုံး ပူးပေါင်းသွားကြသည်။

ဖျက်သိမ်းရေးဝါဒီများနှင့် အောဇိုဗစ်များကို ဆန့်ကျင်သည့်တိုက်ပွဲနှင့် ဩဂုတ်လအုပ်စုကို ဆန့်ကျင်သည့်တိုက်ပွဲတွင် ဘော်ရှီဗစ်များသည် အပေါ်စီးရရှိပြီး တရားမဝင် ပစ္စည်းမဲ့ပါတီကို ကာ ကွယ်ရေးတွင် အောင်မြင်ခဲ့သည်။

ဤကာလတွင် ထူးခြားထင်ရှားသည့်အဖြစ်အပျက်မှာ R.S.D.L.P ၏ ပရော့ဂ်ကွန်ဖရင့် (ဇန်နဝါရီ၊ ၁၉၁၂) ဖြစ်ပါသည်။ ဤကွန်ဖရင့်တွင် မင်ရှီဗစ်များကို ပါတီမှ ထုတ်ပယ်ပစ်လိုက်ပြီး၊ ဘော်ရှီဗစ်နှင့် မင်ရှီဗစ်တို့၏ ပါတီတခုအတွင်း သဏ္ဌာန်အရ စည်းလုံးညီညွတ်နေမှု၊ အပြီးတိုင် အဆုံး သတ်ပစ်လိုက်ပါသည်။ ဘော်ရှီဗစ်များသည် နိုင်ငံရေးအုပ်စုတခု အဖြစ်မှ တရားဝင်အားဖြင့် တသီးတခြားဖြစ်သော ရုရှားဆိုရှယ်ဒီမိုကရက် အလုပ်သမားပါတီ (ဘော်ရှီဗစ်) ဟူ၍ ဖွဲ့စည်းဖြစ် ပေါ်လာသည်။ ပရော့ဂ်ညီလာခံသည် လီနင်ဝါဒ၏ပါတီ၊ **ဘော်ရှီဗစ်ပါတီ** အမျိုးအစားအသစ်ပါတီ တရပ်ကို ထူထောင်ပေးလိုက်သည်။

ပစ္စည်းမဲ့ပါတီအတွင်းမှ အချောင်သမား မင်ရှီဗစ်များကို ပရော့ဂ်ကွန်ဖရင့်တွင် ထုတ်ပယ်ပစ် လိုက်ခြင်းသည် ပါတီနှင့် တော်လှန်ရေးအတွက် ဆက်လက်ဖြစ်ပေါ်လာသည့် ဖြစ်ပေါ်တိုးပွားမှုအပေါ် အလွန်အရေးပါပြီး၊ ပြတ်သားသည့် ဩဇာဂယက်များ သက်ရောက်စေခဲ့သည်။ ဘော်ရှီဗစ်များသည် အလုပ်သမားအရေးတော်ပုံအပေါ် သစ္စာဖောက်သူများဖြစ်သည့် စေ့စပ်ရေးသမားမင်ရှီဗစ်များကို ပါတီမှ မထုတ်ပယ်ခဲ့ပါက ပစ္စည်းမဲ့ပါတီသည် ၁၉၁၇ ခုနှစ်တွင် ပစ္စည်းမဲ့အာဏာရှင်စနစ် အတွက် တိုက်ပွဲဝင်ရန် လူထုကို လှုံ့ဆော်နိုင်မည်မဟုတ်ချေ။

## အခန်း (၅)

## ပထမနယ်ချဲ့စစ်မတိုင်မီ အလုပ်သမားလူတန်းစားလှုပ်ရှားမှုဒီရေမြင့်သစ်အတွင်းက ဘော်ရှီဗစ်ပါတီ (၁၉၁၂–၁၉၁၄)

### ၁။ ၁၉၁၂–၁၉၁၄ ခုနှစ်အတွင်း တော်လှန်ရေးလှုပ်ရှားမှုဒီရေမြင့်။

စတိုလီပင် ဖောက်ပြန်ရေးအောင်ပွဲသည် သက်တမ်းတိုခဲ့ပါသည်။ ပြည်သူလူထုအား ကြာပွတ်နှင့်ခေါင်းဖြတ်စက်ကလွဲလို့ တခြားပေးရန် မရှိသည့်အစိုးရအဖို့ ရေရှည်မခံနိုင်ချေ။ ဖိနှိပ်သည့်နည်းနာများသည် အလွန်များပြားလွန်းပြီး၊ အလေ့အထ အကျင့်ကဲ့သို့ဖြစ်သွားသဖြင့် ပြည်သူ များကပို၍ ကြောက်လန့်ခြင်း မရှိတော့ချေ။ တော်လှန်ရေးရှုံးနိမ့်သွားပြီးနောက် ချက်ချင်းလိုလို နှစ်များအတွင်းက အလုပ်သမားများ၏ မောပန်းနွမ်းနယ်မှုမှာလည်း တဖြည်းဖြည်း သက်သာပျောက်ကင်းစပြုလာပေပြီ။ အလုပ်သမားများသည် တိုက်ပွဲများကို ပြန်လည်စတင်လာသည်။ တော်လှန်ရေးဒီရေမြင့်သစ်သည် မလွဲမရှောင် ဖြစ်ပေါ်လာလိမ့်မည်ဆိုသည့် ဘော်ရှီဗစ်များ၏ ကြိုတင်မှန်းဆချက်သည် မှန်ကန်ကြောင်းတွေ့လာရသည်။ ၁၉၁၁ ခုနှစ်တွင် သပိတ်မှောက်သူ အရေအတွက်မှာ ၁၀၀,၀၀၀ ထက်ကျော်လွန်ခဲ့သော်လည်း ၎င်းအရင်နှစ်များမှာ နှစ်စဉ် ၅၀,၀၀၀ သို့မဟုတ် ၆၀,၀၀၀ ထက်မကျော်လွန်ပေ။ ၁၉၁၂ ဇန်နဝါရီလတွင် ကျင်းပခဲ့သည့် ပရော့ဂ်ပါတီကွန်ဖရင့်သည် အလုပ်သမားလူတန်းစားလှုပ်ရှားမှု ပြန်လည်အသက်ဝင်လာခြင်း၏ အစပြုချက်ကို အထိမ်းအမှတ် ပြုပေသည်။ သို့သော် တော်လှန်ရေးလှုပ်ရှားမှု၏ တကယ့်ဒီရေမြင့်မှာ ၁၉၁၂ ဧပြီနှင့်မေလတွင် စ တင်ခဲ့ပြီး၊ လီနာရွှေတွင်းများမှ အလုပ်သမားများကို ပစ်သတ်မှုနှင့် ဆက်စပ်ပြီး လူထုနိုင်ငံရေးသပိတ်ပွဲ များဖြစ်ပေါ်လာချိန်တွင်ဖြစ်သည်။

၁၉၁၂ ဧပြီ ၄ ရက် ဆိုက်ဗေရီးယား လီနာ ရွှေတွင်း သပိတ်တွင် ဇာဘုရင့် လက်နက်ကိုင်အရာရှိများ၏ အမိန့်အရ အလုပ်သမား ၅၀၀ ကျော် သေဆုံး သို့မဟုတ် ဒဏ်ရာရ ဖြစ်ခဲ့ပါသည်။ အုပ်ချုပ်သူများနှင့် ငြိမ်းချမ်းစွာ ဆွေးနွေးတိုင်ပင် စေ့စပ်ရန် ချီတက်လာသည့် လက်နက်မဲ့ လီနာမိုင်းအလုပ်သမားများကိုပစ်သတ်မှုသည် တပြည်လုံးကို လှုပ်ရှားသွားစေသည်။ ဇာဘုရင်သက်ဦးဆံပိုင်များ၏ ဤသွေးစွန်းသည့် လုပ်ရပ်သစ်သည် မိုင်းအလုပ်သမားများ၏ စီးပွားရေးသပိတ်ကို ဖြိုခွဲရန်ဖြစ်ပြီး၊ ဤနည်းဖြင့် လီနာရွှေတွင်းများ၏ အရှင်သခင် ဗြိတိသျှ အရင်းရှင်များကို မျက်နှာလိုအားရ လုပ်ခြင်းဖြစ်သည်။ ဗြိတိသျှအရင်းရှင်များနှင့် ၎င်းတို့၏ ရုရှားအပေါင်းအပါ အစုစပ်များသည် လီနာရွှေတွင်းတွင် အလုပ်သမားများကို အရက်အကင်းမဲ့ဆုံး သွေးစုပ်ကာ နှစ်စဉ် ရူဘယ် ၇ သန်းကျော် အလွန်ကြီးမားသည့် အမြတ်အစွန်းကို ရရှိနေသည်။ သူတို့သည် အလုပ်သမားများကို အလွန်နည်းပါးလှသည့် လခများ ပေးကာ၊ စားရန်မသင့်တော်သည့် အစာအပုပ်အသိုးများကို ထောက် ပံ့ပေးသည်။ ဖိနှိပ်မှုနှင့် ရက်စက်စော်ကားမှုတို့ကို မခံနိုင်သည့်အဆုံး၌ လီနာရွှေတွင်းမှ အလုပ်သမား ၆,၀၀၀ သပိတ်မှောက်လိုက်သည်။

စိန့်ပီတာစဘတ်၊ မော်စကိုနှင့် တခြားစက်မှုလုပ်ငန်းဌာနများနှင့် ဒေသများမှ ပစ္စည်းမဲ့များသည် လူထုသပိတ်ပွဲများ၊ ဆန္ဒပြပွဲများ၊ အစည်းအဝေးများ ကျင်းပခြင်းဖြင့် လီနာ ပစ်သတ်ပွဲကို တုံ့ပြန်လိုက်သည်။

“ကျွန်တော်တို့သည် အလွန်အမင်း ထိပ်လန့်တုန်လှုပ် မူးမိုက်သွားသည့်အတွက် ရုတ်တရက် ချက်ချင်း ကျွန်တော်တို့၏ ခံစားမှုကို ဖော်ပြရန်စကားလုံး ရှာမတွေ့ပါ။ ကျွန်တော်တို့ မည်ကဲ့သို့သော ကန့်ကွက်မှုတွေ၊ ဆန္ဒပြမှုတွေ ပြုလုပ်သော်လည်း၊ ဤသည်များမှာ ကျွန်တော်တို့အားလုံး၏ အသဲနှလုံးတွင် တောက်လောင်နေသည့် ဒေါသများ၏ နည်းပါးလှသော ဖော်ပြချက်လေးမျှသာ ဖြစ်ပါသည်။ စည်းလုံးညီညွတ်သည့် လူထုတိုက်ပွဲကလွဲလို့ ကျွန်တော်တို့၏ မျက်ရည်များကသော်လည်းကောင်း၊ ဆန္ဒပြကန့်ကွက်ပွဲများက သော်လည်းကောင်း၊ မည်သည့်အရာမျှ ကျွန်တော်တို့ကို ကူညီနိုင်မည် မဟုတ်ပါ”ဟု စက်ရုံအလုပ်သမား အုပ်စုတစုက ၎င်းတို့၏ဆုံးဖြတ်ချက်တွင် ကြေညာခဲ့သည်။

နိုင်ငံတော်ဒူးမားအတွင်း ဆိုရှယ်ဒီမိုကရက်အုပ်စုက လီနာ အစုလိုက်အပြုံလိုက် လူသတ်မှု ပြဿနာအပေါ် ဖြေဆိုရှင်းလင်းရန် ဇာဘုရင် အစိုးရဝန်ကြီး မာကာရော့ဗ် (Makarov) ကို တောင်းဆိုသဖြင့်၊ ထိုလူက “ဟုတ်ပါတယ် ဒီလိုပဲ ဖြစ်ခဲ့ပါတယ်။ နောင်လည်း ဒီလိုပဲ ဖြစ်ပါလိမ့်မယ်” ဟု မထေမဲ့မြင် စော်ကားမော်ကား ပြောကြားလိုက်သောအခါ အလုပ်သမားများ၏ ဒေါသပုန်ထမှုသည် ပိုမိုကြီးသွားပါ သည်။ လီနာ အလုပ်သမားများ သွေးချောင်းစီးသတ်ဖြတ်မှုကို ဆန့်ကျင်သည့် နိုင်ငံရေး ကန့်ကွက်သပိတ်ပွဲများတွင် ပါဝင်သူများမှာ ၃၀၀,၀၀၀ ထိတိုးတတ်လာခဲ့သည်။

လီနာ အဖြစ်အပျက်သည် စတိုလီပင်အုပ်စုက ဖန်တီးထားသည့် “ငြိမ်းချမ်းရေး”လေထုကို ဖြိုခွဲဖျက်ဆီးလိုက်သော လေမုန်တိုင်းအလား ဖြစ်ခဲ့သည်။ ဤသည်နှင့် ဆက်စပ်ပြီး ၁၉၁၂ ခု စိန့်ပီတာစဘတ်၊ ဘော်ရှီဗစ်သတင်းစာ ဇာဗက်ဇဒါ (Zvezda–မိုးသောက်ကြယ်)တွင် ရဲဘော်စတာလင်က ရေးသားခဲ့သည်မှာ–

“လီနာပစ်ခတ်မှုက အေးဆေးငြိမ်သက်မှု ရေခဲထုကို ဖြိုခွဲလိုက်ပြီး၊ လူထုလှုပ်ရှားမှု မြစ်ပြင်သည် စတင်စီးဆင်းခဲ့ပေပြီ၊ ရေခဲကတော့ကွဲသွားပါပြီ။ ယခုလက်ရှိ အုပ်စိုးမှုအတွင်းက မကောင်းဆိုးဝါး

အန္တရာယ်ဟူသမျှကို ပြင်းထန်စွာခံနေရသည့် ရုရှား၏ အနိဋ္ဌာရုံဟူသမျှသည် လီနာ အဖြစ်အပျက်ဟူသော အချက်တခုတည်းတွင်သာ အာရုံစူးစိုက်နေကြသည်။ ထို့ကြောင့်ပင် လီနာ ပစ်ခတ်မှုက သပိတ်များနှင့် ဆန္ဒပြပွဲများအတွက် အချက်ပြသဖွယ် ဖြစ်ခဲ့ရခြင်းဖြစ်သည်။

ဖျက်သိမ်းရေးဝါဒီများနှင့် ထရော့စကီဝါဒီများ၏ တော်လှန်ရေးကို မြှုပ်နှံပစ်ရေး ကြံစည်ကြိုးပမ်းချက်များသည် အချည်းနှီးပေတည်း။ လီနာ အဖြစ်အပျက်များက တော်လှန်ရေး၏ အင်အားစုများသည် ရှင်သန်လျက်ရှိသေးကြောင်း၊ တော်လှန်ရေးစွမ်းရည် အင်အားသည် အလုပ်သမားလူတန်းစားတွင် အကြီးအကျယ် စုပြုံသိုလှောင်ထားကြောင်း ပြသလိုက်ပေသည်။ ၁၉၁၂ မေဒေးသပိတ်တွင် အလုပ်သမား ၄ သိန်းခန့် ပါဝင်ခဲ့သည်။ ဤသပိတ်များသည် ထူးခြားထင်ရှားသည့် နိုင်ငံရေးလက္ခဏာဆောင်ပြီး၊ ဘော်ရှီဗစ်များ၏ တော်လှန်ရေးကြွေးကြော်သံဖြစ်သော ဒီမိုကရေစီသမ္မတနိုင်ငံ၊ အလုပ်ချိန် ၈ နာရီ၊ မြေယာများကို ပြည်သူပိုင်ပြုလုပ်ရေးဆိုသည်များအောက်တွင် ကျင်းပခဲ့ခြင်းဖြစ်သည်။ သက်ဦးဆံပိုင်စနစ်အပေါ် တော်လှန်ရေးမုန်တိုင်းအတွက် ကျယ်ပြန့်သော အလုပ်သမားထုကြီးကို သာမက၊ လယ်သမားနှင့်စစ်သားများကိုပါ စည်းလုံးညီညွတ်လာစေရန်အတွက် ဤအဓိက ကြွေးကြော်သံများကို ထုတ်ဖော်ခြင်းဖြစ်သည်။

"တော်လှန်ရေးဒီရေမြင့်" ဆိုသည့်ဆောင်းပါးတွင် လီနင်က ရေးသားခဲ့သည်မှာ–

"ရုရှားတပြည်လုံးရှိ ပစ္စည်းမဲ့များ၏ ကြီးမားလှသည့် မေဒေးသပိတ်နှင့်အတူဆင်နွှဲခဲ့သည့် လမ်းများပေါ်မှ ဆန္ဒပြပွဲများ၊ တော်လှန်ရေးကြေညာချက်များနှင့် အလုပ်သမားများစုဝေးရာတွင် ပြောကြားခဲ့သည့် တော်လှန်ရေးမိန့်ခွန်းများက တော်လှန်ရေး အဆင့်မြင့် တခုဆီသို့ ဝင်ရောက်လာပြီဖြစ်ကြောင်း ရှင်းလင်းစွာပြသလိုက်သည်။" (**လီနင်လက်ရွေးစင်ကျမ်း၊ အင်္ဂလိပ်ဘာသာ၊ မော်စကို၊ ၄၇– အတွဲ(၁)စာမျက်နှာ– ၅၃၇**)

အလုပ်သမားများ၏ တော်လှန်ရေးစိတ်ဓာတ်ကို လန့်ဖျန့်ကာ ဖျက်သိမ်းရေးဝါဒီများသည် သပိတ်လှုပ်ရှားမှုကို ဆန့်ကျင်ရန် ထွက်ပေါ်လာကြပြန်သည်။ သူတို့က"သပိတ်အဖျားရောဂါ"ဟု ခေါ်ဝေါ် သမုတ်ကြသည်။ ဖျက်သိမ်းရေးဝါဒီများနှင့် သူတို့၏မဟာမိတ် ထရော့စကီဝါဒီများသည် ပစ္စည်းမဲ့များ၏ တော်လှန်ရေးတိုက်ပွဲကို "အသနားခံလှုပ်ရှားမှု" နှင့် အစားထိုးလို ကြသည်။ သူတို့က အလုပ်သမားများကို စာရွက်တရွက်မျှသာဖြစ်သော အသနားခံစာတွင် လက်မှတ်ရေးထိုးရန် ဖိတ်ခေါ်သည်။ ထိုစာတွင် "အခွင့်အရေးများ"(အဖွဲ့အစည်းများ ဖွဲ့စည်းခွင့်၊ သပိတ်မှောက်ခွင့် စသည်များအပေါ် ချုပ်ချယ်မှုများကို ဖျက်သိမ်းရန်) ပေးရန် တောင်းဆိုထားပြီးနောက် နိုင်ငံတော် ဒူးမားသို့ ပို့ပေးရန်ဖြစ်သည်။ ဖျက်သိမ်းရေးဝါဒီများသည် ထောင်သောင်းချီသော အလုပ်သမားများ၊ ဘော်ရှီဗစ်တို့၏ ကြွေးကြော်သံများကို ထောက်ခံနေစဉ် လက်မှတ်ထိုးသူ ၁,၃၀၀ ကိုသာ စုဆောင်းနိုင်လိုက်သည်။

အလုပ်သမားလူတန်းစားသည် ဘော်ရှီဗစ်များ ညွှန်ပြသည့်လမ်းကို လိုက်ခဲ့ကြပေသည်။

ထိုကာလက တိုင်းပြည်တွင်းရှိ စီးပွားရေးအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁၉၁၀ ခုတွင် စက်မှုလုပ်ငန်း ထိုင်းမှိုင်းစုပုံမှုသည် ပြန်လည်အသက်ဝင် ရှင်သန်လာပြီး၊ စက်မှုလုပ်ငန်းခွဲကြီးများတွင် ထုတ်လုပ်ရေးများ ချဲ့ထွင်ကြီးထွားလာပါသည်။ သံစိမ်းထွက်ရှိမှုသည် ၁၉၁၀

ခုတွင် ၁၈၆,၀၀၀,၀၀၀ *ပိုဒ်(poods)[၁၀]၊ ၁၉၁၂ ခုတွင် ၂၅၆,၀၀၀,၀၀၀၊ ၁၉၁၃ ခုတွင် ၂၈၃,၀၀၀,၀၀၀ တို့ဖြစ်လာသည်။ ကျောက်မီးသွေးအထွက်နှုန်းမှာ ၁၉၁၀ ခုတွင် ၁,၅၂၂,၀၀၀,၀၀၀ ပိုဒ်မှ ၁၉၁၃ ခုတွင် ၂,၂၁၄,၀၀၀,၀၀၀ သို့တက်လာသည်။

စက်မှုလုပ်ငန်းကြီးများ ကျယ်ပြန့်လာမှုနှင့်အတူ ပစ္စည်းမဲ့လူတန်းစားသည်လည်း အလွန်လျင်မြန်စွာ ကြီးထွားလာပါသည်။ စက်မှုလုပ်ငန်း ဖြစ်ပေါ်တိုးပွားမှု၏ ထူးခြားသည့် လက္ခဏာမှာ ကြီးမားလှသော စက်ရုံများတွင် ထုတ်လုပ်ရေး ပိုမိုစုစည်းလာမှုပင်ဖြစ် သည်။ ၁၉၀၁ ခုနှစ်တွင် အလုပ်သမား ၅၀၀ နှင့်အထက်ရှိ စက်ရုံကြီးများရှိ အလုပ်သမားဦးရေသည် စုစုပေါင်း အလုပ်သမားအားလုံးပေါင်း၏ ၄၆.၇ ရာခိုင်နှုန်း ရှိခဲ့သော်လည်း၊ ၁၉၁၀ ခုနှစ်တွင် ထိုအရေအတွက်သည် ၅၄ ရာခိုင်နှုန်းသို့မဟုတ် စုစုပေါင်း အလုပ်သမားထက်ဝက်သို့ ရောက်ရှိလာသည်။ ဤကဲ့သို့သော စက်မှုလုပ်ငန်းစုစည်းမှုအဆင့်မှာ ယခင်ကမရှိခဲ့ဘူးချေ။ အမေရိကန်ကဲ့သို့ စက်မှုတိုးတက်ထွန်းကားသည့် နိုင်ငံများမှာပင် ထိုကာလက စက်ရုံကြီးများရှိ အလုပ်သမားဦးရေမှာ အလုပ်သမားစုစုပေါင်း သုံးပုံ တစ်ပုံခန့်မျှသာဖြစ်သည်။

ပစ္စည်းမဲ့လူတန်းစား ကြီးထွားလာပြီး၊ စက်ရုံလုပ်ငန်းကြီးများ၌ စုစည်းလာမှုသည် တော်လှန်ရေးပါတီတရပ်အဖြစ် ဘော်ရှီဗစ်ပါတီရှိနေမှုနှင့် ပေါင်းစပ်လိုက်သောအခါ ရုရှား အလုပ်သမားလူ တန်းစားကို တိုင်းပြည်၏ နိုင်ငံရေးဘဝတွင် အကြီးအကျယ်ဆုံးသော အင်အားစုအဖြစ် ပြောင်းလဲ ပေးစေလိုက်သည်။ အလုပ်ရုံများ၌ အလုပ်သမားများအပေါ် ပြုကျင့်သည့် ရိုင်းစိုင်း ရက်စက်လှသည့် သွေးစုပ်မှုနည်းနာများနှင့်အတူ ဇာဘုရင့်အစေအပါးများ၊ ပုလိပ်များ၏ သည်းခံနိုင်ဖွယ်မရှိသော အုပ်စိုးမှုတို့က သပိတ်ကြီးတိုင်းကို နိုင်ငံရေးလက္ခဏာ ပေါ်လွင်ရောက်ရှိစေပါသည်။ ထို့အပြင် စီးပွားရေးနှင့် နိုင်ငံရေးတိုက်ပွဲများကို ရောထွေး ရှက်လိမ်လိုက်မှုက လူထုသပိတ်များကို ထူးခြားသည့် တော်လှန်ရေးအင်အားကို ပေးအပ်လိုက်ပါသည်။

တော်လှန်ရေးအလုပ်သမား လူတန်းစားလှုပ်ရှားမှုခရီးတွင် စိန့်ပီတာစဘတ်မှ သူရဲကောင်း ပစ္စည်းမဲ့များ ချီတတ်လာကြပြီး၊ ၎င်းတို့နောက်မှ ဘောလ်တစ်ပြည်နယ်များ၊ မော်စကိုနှင့် မော်စကိုပြည်နယ်၊ ဗော်လ်ဂါဒေသနှင့်ရုရှားတောင်ပိုင်းတို့ လိုက်ပါလာကြသည်။ ၁၉၁၃ ခုနှစ်တွင် လှုပ်ရှားမှုသည် အနောက်ပိုင်းဒေသ၊ ပိုလန်နှင့် ကော့ကေးရှသို့ ကူးစက်ပျံ့နှံ့သွားသည်။ အားလုံးတွင် တရားဝင်ကိန်းဂဏန်းအရ အလုပ်သမား ၇၂၅,၀၀၀၊ ပိုမို ပြည့်စုံသော စာရင်းအရ အလုပ်သမား ၁,၀၀၀,၀၀၀ တို့သည် ၁၉၁၂ ခုသပိတ်များတွင် ပါဝင်ပြီး၊ တရားဝင်ကိန်းဂဏန်းများအရ ၈၆၁,၀၀၀၊ ပိုမို ပြည့်စုံသော စာရင်းအင်းအရ ၁,၂၇၂,၀၀၀ တို့သည် ၁၉၁၃ ခု သပိတ်များတွင် ပါဝင်ခဲ့ကြသည်။ ၁၉၁၄ ခု ပထမနှစ်ဝက်တွင်ပင် သပိတ်မှောက်သူမှာ ၁,၅၀၀,၀၀၀ ဖြစ်လာပေပြီ။

ဤနည်းဖြင့် ၁၉၁၂–၁၄ တော်လှန်ရေးဒီရေမြင့်၊ သပိတ်လှုပ်ရှားမှုအရှိန်သည် တိုင်းပြည်တွင် ၁၉၀၅ ခုတော်လှန်ရေးကြီးအစပိုင်းတွင် တည်ရှိခဲ့သောအခြေအနေနှင့် တူညီသော အခြေအနေကို ဖန်တီးလိုက်သည်။

---

*၁၀။ ပိုဒ် = ရုရှားအလေးချိန်= ၃၆.၁၁၃ ပေါင် (ဘာသာပြန်သူ)*

ပစ္စည်းမဲ့လူတန်းစား၏ တော်လှန်သော လူထုသပိတ်များသည် ပြည်သူတရပ်လုံး၏ လှုပ်ရှားမှု ဖြစ်သည်။ သူတို့သည် သက်ဦးဆံပိုင်စနစ်ကို တိုက်ရိုက်ဆန့်ကျင်ပြီး၊ အလုပ်သမား လူထုအများ စုကြီး၏ စာနာထောက်ခံမှုကို ရရှိခဲ့သည်။ ထုတ်လုပ်သူများက အလုပ်သမားများအပေါ် အလုပ်ရုံများ ပိတ်လိုက်ခြင်းဖြင့် လက်စားချေလိုက်သည်။ ၁၉၁၃ ခုနှစ်တွင် မော်စကိုပြည်နယ်၌ အရင်းရှင်များက အဝတ်အထည်စက်ရုံ အလုပ်သမား ၅၀,၀၀၀ ကို လမ်းပေါ်သို့ မောင်းထုတ်ပစ်လိုက်သည်။ ၁၉၁၄ မတ်လတွင် စိန့်ပီတာစဘတ်၌ တရက်တည်းတွင်အလုပ်သမား ၇၀,၀၀၀ ကိုထုတ်ပစ်လိုက်သည်။ တခြားစက်ရုံများနှင့် စက်မှုလုပ်ငန်းခွဲများမှ အလုပ်သမားများသည် သပိတ်မှောက်သူများနှင့် အလုပ်ထုတ်ခံရသည့် ရဲဘော်များကို အလှူငွေကောက်ခံပေးခြင်းနှင့် တခါတရံ စာနာထောက်ခံသည့် သပိတ်များဖြင့် အကူအညီပေးကြသည်။

မြင့်မားလှသည့် အလုပ်သမားလူတန်းစားလှုပ်ရှားမှုနှင့် လူထုသပိတ်များကလည်း၊ လယ်သမားများကို လှုံ့ဆော်နိုးကြားစေပြီး၊ တိုက်ပွဲအတွင်းသို့ ဆွဲသွင်းလာသည်။ လယ်သမားများသည် မြေရှင်များကို နောက်ထပ်တဖန် ဆန့်ကျင်ရန် စတင် ထကြွလာပြီး၊ မြေရှင်၏ပိုင်နက်များနှင့် ကူးလတ်၏မြေ၊ လယ်မြေများကို ဖျက်ဆီးပစ်ကြသည်။ ၁၉၁၀–၁၄ ခုနှစ်များအတွင်း လယ်သမားများ၏ မကျေနပ်မှု၊ အုံကြွမှု ၁၃,၀၀၀ ကျော်ပေါ် ပေါက်ခဲ့သည်။

လက်နက်ကိုင်အင်အားစုများ အတွင်းတွင်လည်း တော်လှန်ရေးအုံကြွမှုများ ပေါ်ပေါက်လာသည်။ ၁၉၁၂ ခုတွင် တာကီစတန် (Turkestan) ရှိတပ်ဖွဲ့များအတွင်း လက်နက်ကိုင်ပုန်ကန်မှု ပေါ်ပေါက်ခဲ့သည်။ ဘောလ်တစ် ရေတပ်အတွင်းနှင့် ဆမားစတိုပေါလ်တွင်လည်း ပုန်ကန်မှုများ အစပျိုးနေပေသည်။

ဘော်ရှိဗစ်ပါတီ ဦးဆောင်သည့် တော်လှန်ရေးသပိတ်လှုပ်ရှားမှုနှင့် ဆန္ဒပြပွဲများက အလုပ်သမားလူတန်းစား တိုက်ခိုက်နေသည်မှာ တစိတ်တပိုင်းသောတောင်းဆိုချက်များ "ပြုပြင်ရေး" များအတွက်မဟုတ်ဘဲ၊ ဇာဘုရင်စနစ်မှ ပြည်သူများ လွတ်မြောက်ရေးအတွက် ဖြစ်သည်။ တိုင်းပြည်သည် တော်လှန်ရေးသစ်ဆီသို့ ဦးတည်နေပေပြီ။

၁၉၁၂ ခု နွေတွင် လီနင်သည် ရုရှားနှင့် ပိုမိုနီးကပ်လာရန်၊ ပဲရစ်မှ ဂါလီစီးယား (ယခင်ဩစတြီးယား) သို့ ရွှေ့ပြောင်းလာသည်။ ဤနေရာတွင် သူသည် ဗဟိုကော်မတီများနှင့် ခေါင်းဆောင်ပါတီလုပ်သားများ ပါဝင်သည့် ကွန်ဖရင့် ၂ ရပ်ကို ဦးစီးကျင်းပခဲ့သည်။ တခုမှာ ၁၉၁၂ ခု ကုန်ခါနီး ကရာကော၌ ကျင်းပခဲ့ပြီး၊ နောက်တခုမှာ ၁၉၁၃ ခု ဆောင်းဦးတွင် ကာရာကော အနီးရှိ ပိုရိုနီနိုမြို့ ကလေး၌ ကျင်းပခဲ့သည်။ ဤကွန်ဖရင့်များမှ အလုပ်သမားလူတန်းစားလှုပ်ရှားမှုမှ အရေးကြီးသည့် ပြဿနာများအပေါ် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ခဲ့သည်။ တော်လှန်ရေး လှုပ်ရှားမှုဒီရေမြင့်၊ သပိတ်နှင့် ဆက်စပ်ပြီး ပါတီ၏ လုပ်ငန်းတာဝန်များ၊ တရားမဝင်အဖွဲ့အစည်းများ တောင့်တင်းခိုင်မာရေး၊ ဒူးမားတွင်းရှိ ဆိုရှယ်ဒီမိုကရက်အုပ်စု၊ ပါတီပုံနှိပ်တိုက် အလုပ်သမား အာမခံလှုပ်ရှားမှုစသည့် ပြဿနာများ ဖြစ်သည်။

## ၂။ ဘော်ရှီဗစ်သတင်းစာ "ပရာဗဒါ"။ စတုတ္ထအကြိမ်နိုင်ငံတော်ဒူးမားအတွင်းရှိ ဘော်ရှီဗစ်အုပ်စု

ဘော်ရှီဗစ်ပါတီက ၎င်း၏ အဖွဲ့အစည်းများ တောင့်တင်းခိုင်မာပြီး၊ လူထုအကြား ဩဇာပျံ့နှံ့ရန် အသုံးပြုသည့် အစွမ်း ထက်သည့်လက်နက်မှာ ဘော်ရှီဗစ် နေ့စဉ်သတင်းစာ "ပရာဗာဒါ" (အမှန်တရား) ဖြစ်ပြီး၊ စိန့်ပီတာစဘတ်မှာ ပုံနှိပ်ထုတ်ဝေသည်။ ဤသတင်းစာကို လီနင်၏ ညွှန်ကြားချက်နှင့်အညီ၊ စတာလင်၊ အိုမင်စကီ (Oleminsky)နှင့် ပိုလီတာရဲဗ် (Poletayev) တို့၏ဦးဆောင်မှုနှင့် တည်ထောင်ခဲ့သည်။ "ပရာဗဒါ"သည် အလုပ်သမားလူတန်းစား လူထုသတင်းစာဖြစ်ပြီး၊ တော်လှန်ရေး လှုပ်ရှားမှုဒီရေမြင့်သစ်နှင့်အတူ တပြိုင်တည်း ပေါ်ထွက်လာခြင်းဖြစ်သည်။ ၁၉၁၂ ဧပြီ ၂၂ ရက် (ပြက္ခဒိန်သစ်၊ မေ ၅) တွင် အမှတ် ၁ ထွက်လာသည်။ ဤနေ့သည် အလုပ်သမားများအတွက် တကယ့်ပွဲတော် ကျင်းပရမည့်နေ့ ဖြစ်ပါသည်။ "ပရာဗဒါ" ပေါ်ထွက်လာခြင်းကို ဂုဏ် ပြုသောအားဖြင့် ထိုအချိန်မှစ၍ မေလ ၅ ရက်နေ့ကို အလုပ်သမားများ သတင်းလောကနေ့ (press day) အဖြစ် ကျင်းပရန် ဆုံးဖြတ်ခဲ့သည်။

"ပရာဗဒါ"မထွက်မီအချိန်က ဘော်ရှီဗစ်များတွင် တိုးတက်သည့် အလုပ်သမားများအတွက် ရည်ရွယ်သည့် "ဇဗက်ဇတာ" (Zvezda) အပတ်စဉ်သတင်းစာရှိပြီး ဖြစ်ပါသည်။ "ဇဗက်ဇတာ"သည် လီနာ အရေးအခင်းကာလက အရေးကြီးသည့်အခန်းမှ ပါဝင်ခဲ့သည်။ ၎င်းစာစောင်တွင် အလုပ်သမားလူတန်းစားကို တိုက်ပွဲတွင်းဝင်ရောက်လာရန် လှုံ့ဆော်ခဲ့သည့် လီနင်နှင့်စတာလင်တို့၏ ထက်မြက်ပြောင်မြောက်လှသော နိုင်ငံရေးဆောင်းပါးများ ထည့်သွင်းဖော်ပြခဲ့သည်။ သို့သော် တော်လှန်ရေး ဒီရေမြင့်ချိန်တွင် အပတ်စဉ်သတင်းစာသည် ဘော်ရှီဗစ်ပါတီ လိုအပ်ချက်များနှင့် မကိုက်ညီတော့ပေ။ အကျယ်ပြန့်ဆုံးသော အလုပ်သမားအစိတ်အပိုင်းများအတွက် နေ့စဉ် လူထုနိုင်ငံရေးသတင်းစာ လိုအပ်လာပါသည်။ "ပရာဗဒါ"သည် ဤကဲ့သို့သော သတင်းစာမျိုးတည်း။

"ပရာဗဒါ"သည် ဤကာလတွင် အထူးတလည် အရေးကြီးသည့်အခန်းက ပါဝင်သည်။ အလုပ်သမားလူတန်းစား၏ ကျယ်ပြန့်လှသောထုကြီးအတွင်း ဘော်ရှီဗစ်ဝါဒထောက်ခံမှုကို ရရှိစေခဲ့သည်။ ဆင်ဆာအဖွဲ့က ကြိုက်နှစ်သက်နိုင်ခြင်းမရှိသည့် ဆောင်းပါးများ၊ စာတမ်းများကို ပုံနှိပ်ထုတ်ဝေမှုအတွက် ပုလိပ်၏ အဆက်မပြတ် ညှဉ်းပန်းနှိပ်စက်မှု၊ ဒဏ်ရိုက်မှုနှင့် သတင်းစာများကို တွေ့ရာနေရာ သိမ်းပစ်မှုတို့ကြောင့်၊ "ပရာဗဒါ"သည် တိုးတက်သည့် အလုပ်သမား ထောင်သောင်းတို့၏ တက်ကြွစွာ ထောက်ခံမှုကြောင့်သာ ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။ "ပရာဗဒါ" သည် အလုပ်သမားများအကြား အလှူငွေကောက်ခံကြေး အများအပြားရရှိထားမှုကြောင့်သာလျှင် ကြီးမားလှသည့် ဒဏ်ငွေကိုဆောင်နိုင်ခြင်းဖြစ်သည်။ မကြာခဏပင် အသိမ်းခံရသော "ပရာဗဒါ"သတင်းစာ အချို့ သည် နည်းအမျိုးမျိုးဖြင့် စာဖတ်သူများလက်သို့ ရောက်ရှိခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် ပိုမိုတက်ကြွသည့် အလုပ်သမားများသည် ညများတွင်ပင် ပုံနှိပ်ရာသို့ ရောက်ရှိလာပြီး သတင်းစာများကို သယ်ယူသွားကြသည် ဇာဘုရင်အစိုးရသည် နှစ်နှစ်ခွဲကာလအတွင်း "ပရာဗဒါ"ကို ရှစ်ကြိမ် ဖိနှိပ်ခဲ့သည်။ သို့သော် အကြိမ်တိုင်းပင် အလုပ်သမား များ၏ ကူညီထောက်ခံမှုဖြင့် နာမည်သစ်နှင့် ဖြစ်သော်လည်း၊ တူညီသည့်အမည်များ ဥပမာ ဇာပရာဗဒါ (အမှန်တရားအတွက်)၊ ပူတ်ပရာဗတိ (*Put*

*Pravdy* အမှန်တရားလမ်းကြောင်း )၊ ထရူးဒိုဗရာ (အလုပ်သမားများ၏ အမှန်တရား) စသည့် အမည်များဖြင့် ပြန်လည်ပေါ်ထွက်လာသည်။

''ပရာဗဒါ''၏ပျမ်းမျှစောင်ရေမှာ တနေ့ ၄၀,၀၀၀ ရှိနေချိန်တွင် မင်ရှီဗစ်များ၏ သတင်းစာ လူ့ရှ် (ရောင်ခြည်) စောင်ရေ မှာ ၁၅,၀၀၀၊ ၁၆,၀၀၀ ထက် မကျော်ချေ။

အလုပ်သမားများက ''ပရာဗဒါ''ကို ၎င်းတို့၏ကိုယ်ပိုင်သတင်းစာအဖြစ် သတ်မှတ်ထားပြီး၊ ၎င်းအပေါ် အလွန်ယုံကြည်ကာ ၎င်း၏ ဆင့်ခေါ်သံများကိုလည်း အလွန်ဂရုစိုက် တုံ့ပြန်ခဲ့သည်။ စာစောင်တိုင်းသည် တလက်မှ တလက်သို့ပြောင်းပြီး၊ စာဖတ်သူများအပြားက ဖတ်ကြပြီး၊ ၎င်းတို့၏ လူတန်းစားနိုးကြားမှုကို တည်ဆောက်ပေးသည်။ ၎င်းတို့ကို စည်းရုံးသိမ်းသွင်းပြီး၊ တိုက်ပွဲတွင်း ဝင်လာရန် ဆင့်ခေါ်ခဲ့သည်။

''ပရာဗဒါ''က မည်သည့်များကို ရေးသားခဲ့ပါသနည်း။

အလုပ်သမားများက ၎င်းတို့၏ဘဝများကို ဖော်ပြထားချက်များ၊ အရင်းရှင်များ၊ မန်နေဂျာ များနှင့် အလုပ်သမားခေါင်းဆောင်များလက်တွင် ခံစားနေရသော ပြင်းထန်ရက်စက်သည့် သွေးစုပ် မှုများနှင့် ဖိနှိပ်ညှဉ်းပန်းသည့် နည်းနာအမျိုးမျိုးတို့ကို ဖော်ပြသည့်စာများ အများအပြားကို စာစောင်တိုင်းတွင် တွေ့နိုင်သည်။ ဤသည်များသည် အရင်းရှင်အခြေအနေများ အပေါ် ပြောင်မြောက် ထိရောက်သော တရားစွဲဆိုချက်များဖြစ်သည်။ ''ပရာဗဒါ''သည် မကြာခဏ အလုပ်ရှာရန် မျှော်လင့် ချက် ပျက်ပြားသွားသည့် အလုပ်လက်မဲ့နှင့် ဝတ်မွတ်နေသည့် အလုပ်သမားများ၏ မိမိကိုယ်မိမိ သတ်သေသည့် အမှုများကိုလည်း ဖော်ပြပေးသည်။

''ပရာဗဒါ''က စက်ရုံအမျိုးမျိုးနှင့် စက်မှုလုပ်ငန်းဌာနခွဲများမှ အလုပ်သမားများ၏ လိုအပ် ချက်နှင့် တောင်းဆိုချက်များကို ရေးသားပြီး၊ ၎င်းတို့ တောင်းဆိုမှုများအတွက် အလုပ်သမားများ မည်ကဲ့သို့ တိုက်ခိုက်နေကြသည်ကိုလည်း ပြောပြသည်။ စာစောင်တိုင်းလိုလိုပင် စက်ရုံအမျိုးမျိုးမှ သပိတ်အစီရင်ခံစာများ ပါဝင်သည်။ ရေရှည်သပိတ်ကြီးများတွင် သတင်းစာမှ တခြားအလုပ်ရုံနှင့် စက်မှုလုပ်ငန်းခွဲ အလုပ်သမားများအကြား အလှူငွေကောက်ခံပေးပြီး၊ သပိတ်ကို ကူညီထောက်ခံ ပေးခဲ့သည်။ တခါတရံ သပိတ်ရန်ပုံငွေအဖြစ် ရူဘယ်သောင်းအချို့ ရရှိခဲ့ပြီး၊ အလုပ်သမားအများစု တစ်နေ့လျှင် ၇၀–၈၀ ကိုဗက်ထက် ပိုမရသော ထိုကာလအတွင်း ဤဂဏန်းမှာ အလွန်များပြား လှပါသည်။ ဤသည်က အလုပ်သမားများအကြား ပစ္စည်းမဲ့ သွေးစည်းညီညွတ်ရေးစိတ်ဓာတ်နှင့် အလုပ်သမားအားလုံး၏ အကျိုးစီးပွားညီညွတ်ရေး အသိစိတ်ဓာတ်ကို ဖွံ့ဖြိုးစေခဲ့သည်။

အလုပ်သမားများသည် နိုင်ငံရေးအဖြစ်အပျက်တိုင်း၊ အောင်မြင်မှု သို့မဟုတ် ရှုံးနိမ့်မှုတိုင်းကို ''ပရာဗဒါ''ပေးစာများ၊ ဆုတောင်းမေတ္တာပို့စာများ၊ ဆန့်ကျင်ကန့်ကွက်လွှာများ အစရှိသည်တို့ ပို့ပေးခြင်းဖြင့်တုံ့ပြန်ကြသည်။ ''ပရာဗဒါ'' ဆောင်းပါးများတွင် အလုပ်သမား လူတန်းစားလှုပ်ရှားမှု၏ လုပ်ငန်းတာဝန်များကို ခိုင်မာသည့်ဘော်ရှီဗစ်ရပ်တည်မှုမှ ဖော်ပြထားသည်။ တရားဝင် ထုတ် ဝေနေသည့် သတင်းစာတွင် ဇာဘုရင်စနစ် ဖြုတ်ချရန် ပြောင်လှုံ့ဆော်ရန် မဖြစ်နိုင်ပါ။ အရိပ် အမြွက်မျှသာ ဖော်ပြနိုင်သော်လည်း လူတန်းစားအသိရှိသည့် အလုပ်သမားများသည် ကောင်းမွန် စွာနားလည်ပြီး၊ လူထုကို ပြန်လည်ရှင်းလင်းပြပါသည်။ ဥပမာ ''ပရာဗဒါ''က ''ခုနစ်–ငါး ၏ ဖြတ်တောက်ခြင်းမပြုသော တောင်းဆိုချက် အပြည့်များ''ဟု ရေးသားလိုက်သော အခါ ဤသည်မှာ

ဇာဘုရင်စနစ်ကို ဖြုတ်ချရေး၊ ဒီမိုကရေစီသမ္မတနိုင်ငံထူထောင်ရေး၊ မြေယာများကို ပြည်သူပိုင် သိမ်းရေး၊ အလုပ်ချိန် ၈ နာရီ သတ်မှတ် ရေးဆိုသည့် ဘော်ရှီဗစ်များ၏ တော်လှန်ရေးကြွေးကြော် သံများကို ဆိုလိုကြောင်း အလုပ်သမားများက နားလည်သိရှိကြသည်။

"ပရာဗဒါ"သည် စတုတ္ထဒူးမား ရွေးကောက်ပွဲ အကြိုကာလတွင် တိုးတက်သည့် အလုပ်သမား များကို စည်းရုံးခဲ့သည်။ "စတိုလီပင်အလုပ်သမားပါတီ"၊ မင်ရှီဗစ်များ၏ ရှေ့နေ၊ လစ်ဘရယ်ခေနရှင် များနှင့် သဘောတူညီမှု ရယူလိုသူများ၏ သစ္စာဖောက်လုပ်ရပ်ကို ဖွင့်ချခဲ့သည်။ "ပရာဗဒါ"က "ခုနစ်–ငါး၏ ဖြတ်တောက်ခြင်းမပြုသော တောင်းဆိုချက်အပြည့်များ"ကို ရယူလိုသူများ၊ ဆိုလိုသည် မှာ ဘော်ရှီဗစ်များကို မဲပေးရန် အလုပ်သမားများကို တိုက်တွန်းလိုက်သည်။ ရွေးကောက်ပွဲများ ကိုသွယ်ဝိုက်စွာ အဆင့်ဆင့်ကျင်းပကြသည်။ ပထမအလုပ်သမား အစည်းအဝေးများက ကိုယ် စားလှယ်များကို ရွေးချယ်ကြသည်။ ဤကိုယ်စားလှယ်များက မဲပေးနိုင်သူကို ရွေးချယ်ပြီး၊ ဤ မဲပေး နိုင်သူများကသာလျှင် ဒူးမားသို့ အလုပ်သမားအမတ် ရွေးကောက်ပွဲတွင် ပါဝင်ခွင့်ရှိသည်။ မဲပေးနိုင်သူကို ရွေးချယ်သည့် ရွေးကောက်ပွဲနေ့တွင် "ပရာဗဒါ"က ဘော်ရှီဗစ်အမတ်လောင်းများ၏ စာရင်းကို ကြေညာပြီး၊ အလုပ်သမားများကို ဤစာရင်းကို မဲပေးရန် ထောက်ခံချက်ပေးသည်။ စာရင်းမှာပါသူများ အဖမ်းခံရမည့် အန္တရာယ်ရှိသည့်အတွက် စောပြီး ဤစာရင်းကိုထုတ်ပြန်နိုင်ခြင်း မပြုနိုင်ချေ။

"ပရာဗဒါ"သည် ပစ္စည်းမဲ့လူတန်းစား၏ လူထုလုပ်ငန်းများကို စည်းရုံးရာ၌ ကူညီခဲ့သည်။ ၁၉၁၄ နွေဦးကာလ စိန့်ပီတာစဘတ် အလုပ်ရှင်များ၏ တန်ပြန်သပိတ်အချိန်တွင် လူထုသပိတ်ကြီး ကြေညာရန် မသင့်တော်သည့်အချိန်တွင် "ပရာဗဒါ" က စက်ရုံများတွင် လူထုအစည်းအဝေးများ ကျင်းပခြင်း၊ လမ်းများပေါ်တွင် ဆန္ဒပြပွဲများ ကျင်းပခြင်းစသည့် တခြားတိုက်ပွဲပုံစံများကို ပြုလုပ်ရန် နှိုးဆော်ခဲ့သည်။ ဤသည်ကို သတင်းစာထဲတွင် ပြောင်ရေးသားရန် မဖြစ်နိုင်ပါ။ သို့သော် အလုပ်သမားများသည် လီနင်ရေးသားသည့် "အလုပ်သမားလူတန်းစား လှုပ်ရှားမှုသဏ္ဍာန်များ"ဟု သင့်တင့်စွာခေါင်းစဉ်ပါ ဆောင်းပါးကို ဖတ်ရသောအခါ သဘောပေါက်သွားပြီး၊ ထိုအထဲတွင် ယခု လက်ရှိအချိန်တွင် သပိတ်များသည် အလုပ်သမားလူတန်းစား လှုပ်ရှား မှု၏ ပိုမိုမြင့်သောသဏ္ဍာန်သို့ ရောက်ရှိစေရမည် ဟုဆိုထားပြီး၊ အစည်းအဝေးများ၊ ဆန္ဒပြပွဲများခေါ်ဆို ကျင်းပရန်ဆိုလိုပေသည်။

ဤကဲ့သို့သောနည်းဖြင့် ဘော်ရှီဗစ်တို့၏ တရားမဝင်သော တော်လှန်ရေးလှုပ်ရှားမှုများကို "ပရာဗာဒါ"မှ တဆင့် အလုပ်သမားလူထုများကို လှုံ့ဆော်စည်းရုံးသည့် တရားဝင်သဏ္ဍာန်များနှင့် ပေါင်းစပ်ကြသည်။

"ပရာဗဒါ"သည် အလုပ်သမားများ၏ဘဝ၊ ၎င်းတို့၏ သပိတ်များနှင့် ဆန္ဒပြပွဲများကိုသာ ရေး သားဖော်ပြနေသည် မဟုတ်ဘဲ၊ လယ်သမားများ၏ဘဝ၊ ၎င်းတို့ခံစားနေရသည့်ကပ်ဘေးနှင့် ပဒေသရာဇ်မြေရှင်များ၏ သွေးစုပ်မှုများကိုလည်း မှန်မှန်ဖော်ပြလေ့ရှိသည်။ စတိုလီပင် "ပြု ပြင်ပြောင်းလဲရေးများ"၏ အကျိုးကြောင့် ကူးလတ်လယ်သမားများသည် လယ်သမားများလက်မှ အကောင်းဆုံးမြေများကို မည်ကဲ့သို့ လုယက်သွားကြောင်းကိုလည်းဖော်ပြသည်။ "ပရာဗဒါ"က လူတန်းစားအသိရှိသော အလုပ်သမားများ၊ ကျေးလက်တောရွာရှိ တငွေ့ငွေ့ လောင်နေသည့် အ ကျယ်အပြန့် မကျေနပ်မှုများကို ဂရုပြုလာရန် ဆွဲဆောင်ခဲ့သည်။ ၁၉၀၅ ခု တော်လှန်ရေး၏ ရည် မှန်းချက်ပန်းတိုင်သို့ မရောက်ရှိသေးကြောင်းနှင့် တော်လှန်ရေးသစ် ပေါ်ပေါက်လာမည်ဖြစ် ကြောင်းကို

ပစ္စည်းမဲ့များအား သင်ကြားပြသပေးသည်။ ဤ ဒုတိယတော်လှန်ရေးတွင် ပစ္စည်းမဲ့လူ တန်းစားသည် လူထု၏ တကယ့်ခေါင်းဆောင်နှင့် လမ်းညွှန်သူအဖြစ် ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ဤတော်လှန်ရေးတွင် တော်လှန်သည့် လယ်သမားထုကဲ့သို့သော အင်အားကြီးမားသော မဟာမိတ်ရှိမည် ဖြစ်ကြောင်းကိုလည်း သင်ကြားပြသပေးသည်။

မင်ရှီဗစ်များသည် ပစ္စည်းမဲ့များ၏ တော်လှန်ရေးအကြံကို စွန့်လွှတ်ရန်၊ ပြည်သူများအတွက်၊ ငတ်မွတ်နေသည့် လယ်သမားများအတွက်နှင့် ဘလက်ဟန်ဒရက် ပဒေသရာဇ်မြေရှင်များ၏ စိုးမိုးမှုတို့ကို မစဉ်းစားတော့ရန်နှင့် "လွတ်လပ်စွာစည်းရုံး ဖွဲ့စည်းခွင့်ရရန်နှင့် ထိုအတွက် ဇာဘုရင်အစိုးရထံ "အသနားခံစာ"တင်သွင်းရန်အတွက်သာ တိုက်ခိုက်ရန် ကြိုးပမ်းခဲ့ကြသည်။ ဘော်ရှီဗစ်များသည် အလုပ်သမားများကို ဤမင်ရှီဗစ်များ၏ တော်လှန်ရေးစွန့်လွှတ်သည့် လယ်သမားများနှင့် မဟာမိတ်ဖွဲ့ရေးကို စွန့်လွှတ်သည့်တရားများသည် ဓနရှင်များ၏ အကျိုးစီးပွားပေါ်တွင်သာ မူတည်ထား ကြောင်း ရှင်းလင်းပြပြီး၊ အလုပ်သမားများသည် လယ်သမားထုကို မဟာမိတ်ဖွဲ့နိုင်မှသာလျှင် ဇာ ဘုရင်စနစ်ကို မှုချေချေမှုန်းနိုင်မည်ဖြစ်ပြီး၊ မင်ရှီဗစ်ကဲ့သို့ သိုးထိန်းသမားလူဆိုးများကို တော်လှန်ရေး၏ ရန်သူများအဖြစ် မောင်းထုတ်ရမည်ဟု ရှင်းလင်းပြောပြသည်။

"လယ်သမားဘဝ"ဆိုသည့်ကဏ္ဍတွင် "ပရာဗဒါ"က ဘာတွေရေးခဲ့သနည်း။

ဥပမာအဖြစ် ၁၉၁၃ ခုနှစ်ကို ဖော်ပြသည့် စာအများအပြားကို ကြည့်ရှုပါက အောက်ပါအတိုင်း တွေ့နိုင်သည်။

"မြေယာအမှု"ဟုခေါင်းစဉ်တပ်ထားသည့် ဆမာရာမှ စာတစောင်တွင် ဘူရူလ်မားခရိုင်၊ နိုဗိုခါးစ်ဘူးလတ်ကျေးရွာရှိ လယ်သမား ၄၅ ယောက်သည် အများပိုင်မြေများကို ဘုံအဖွဲ့မှ နှုတ်ထွက်မည့် လယ်သမားများအတွက် အကွက်ချလုပ်ဆောင်ပေးနေသည့် မြေတိုင်းစာရေးကို နှောင့်ယှက်မှုဖြင့် တရားစွဲခံရပြီး၊ အများစုမှာ ထောင်နှစ်ရှည်ကျသွားကြောင်း သတင်းပို့ထားပါ သည်။

ပတ်စကော့ဗ်ပြည်နယ်မှ စာတိုလေးတစောင်တွင် "ပစစ်စာရွာ (ဇာဗာရဲလ်ဘူတာအနီး) မှ လယ်သမားများသည် ကျေးရွာပုလိပ်များကို လက်နက်နှင့်ခုခံကာကွယ်သည့် လူအများအပြား ဒဏ်ရာရသည်။ မြေယာအငြင်းအခုံကြောင့် ပဋိပက္ခ ပေါ်ရခြင်းဖြစ်သည်။ ကျေးရွာပုလိပ်များကို ပစစ်စာသို့ စေလွှတ်ပြီး၊ ဒုတိယဘုရင်ခံနှင့် တရားသူကြီးတို့မှာလည်း ရွာသို့သွားနေပါသည်" ဟုရေးသားထား သည်။

ဦးဖာပြည်နယ်မှစာတစောင်တွင် လယ်သမားများ၏ မြေကွက်များ အများအပြား ရောင်းချလိုက်ရပြီး၊ ကပ်ဘေးဒုက္ခများနှင့်လယ်သမားများ ရွာဘုံအဖွဲ့မှ ထွက်ခွင့်ပြုသည့် ဥပဒေက လယ်သမားအများအပြားကို မြေယာများ လက်မဲ့ဖြစ်သွားစေလိုက်ပါသည်။ ဘိုရီဆော့ဗ်ကာ ရွာ ငယ်လေးကို ကြည့်ပါ။ လယ်သမားအိမ်ထောင်စု ၂၇ အိမ်ထောင်ရှိပြီး၊ ၎င်းတို့တွင် စိုက်ပျိုးနိုင် သောမြေ ၅၄၃ dessiatins (dessiatin- ရုရှားမြေအတိုင်းအထွာ–၂.၇ဧက) ပိုင်ဆိုင်ထားသည်။ ကပ် ဘေးအတွင်း ငါးအိမ်ထောင်က ၃၁ dessiatin ကို ၁ dessiatins လျှင် ၂၅နှင့် ၃၃ ရူဘယ် အကြားဈေးနှုန်းနှင့် ရောင်းချခဲ့ရသည်။ မြေမှာ ဤတန်ဖိုးထက် ၃ ဆမှ ၄ ဆအထိ တန်သည်။ ဤရွာတွင် လယ်သမား ၇ ဦးမှာ စိုက်ပျိုးနိုင်သောမြေ ၁၇၇ dessiatins ပေါင်းနှံ ထားရပြီး၊ ထိုမြေကို ခြောက်နှစ်အတွက် ၁ dessiatin ကို ၁၈–၂၀ ရူဘယ်နှုန်းဖြင့် တနှစ် ၁၂ ရာခိုင်နှုန်းသာရပေသည်။ လူထု၏ ဆင်းရဲနွမ်းပါးမှုနှင့်

မတရားအတိုးကြီးစားခြင်းတို့ ထည့်သွင်းတွက်ချက်ပါက အတိုးကြီးစား များ၏လက်သို့ အထက်ပါမြေ၏ထက်ဝက်မှာ မုချ ရောက်ရှိသွားပေမည်။ အဘယ့်ကြောင့်ဆိုသော် ကြွေးယူသူများထဲမှာ ဤမျှကြီးမားလှသည့်ငွေကို ခြောက်နှစ်အတွင်းပြန်ဆပ်ရန်မှာ လူထက်ဝက်မျှပင် တတ်နိုင်မည်မဟုတ်ပေ။

"ရုရှားရှိမြေရှင်ကြီးနှင့် လယ်သမားကလေးများ၏ မြေယာပိုင်ဆိုင်မှု"ဟု ခေါင်းစဉ်တပ်ထားသော "ပရာဗဒါ" မှ ဆောင်းပါးတစောင်တွင် လီနင်က ကပ်ပါးမြေရှင်များ လက်ထဲတွင် မည်မျှများပြားလှသည့် မြေယာပစ္စည်းများရောက်ရှိနေကြောင်းကို အလွန်သိသာထင်ရှားစွာ ပြသခဲ့သည်။ မြေရှင်ကြီးသုံးသောင်းထဲက ပိုင်ဆိုင်မှုမှာ မြေ ၇၀,၀၀၀,၀၀၀ dessiatins ဖြစ်ပါသည်။ ဤသည်နှင့် ညီမျှသည့် မြေယာကို လယ်သမားအိမ်ထောင်စု ၁၀,၀၀၀,၀၀၀က ဝေမျှရရှိထားသည်။ ပျမ်းမျှဆိုလျှင် မြေရှင်ကြီးတဦးလျှင် ၂,၃၀၀ dessiatins ရှိပြီး၊ ကူးလက်အပါအဝင် လယ်သမား အိမ်ထောင်မှာ တဦးလျှင် ၇ dessiatins မျှသာဖြစ်သည်။ ထို့ပြင် လယ်သမားလေး အိမ်ထောင် ၅,၀၀၀,၀၀၀ ဆိုလိုသည်မှာ လယ်သမားထု၏ ထက်ဝက်ပိုင်ဆိုင်မှုသည် တဦးလျှင် ၁ သို့မဟုတ် ၂ dessiatins ထက်မပိုပေ။ ဤဂဏန်းများက လယ်သမားတို့၏ ဆင်းရဲနွမ်းပါးမှုနှင့် ထပ်ပြန်တလဲလဲ ကျရောက်နေသော ကပ်ဘေးတို့၏ အရင်းအမြစ်မှာ မြေယာပိုင်ဆိုင်မှုကြီးများနှင့် ကျေးကျွန်စနစ် ဆက်လက်ရှင်သန်နေမှုတို့ကြောင့်ဖြစ်ကြောင်း ပြသနေပြီး၊ ဤသည်မှ လွတ်မြောက်ရန်မှာ လယ်သမားများအတွက် အလုပ်သမားလူတန်းစား ဦးဆောင်သည့် တော်လှန်ရေးကသာ ဖြစ်နိုင်ပေသည်။

ကျေးလက်နှင့်အဆက်အသွယ်ရှိသည့် လယ်သမားများမှတဆင့် "ပရာဗဒါ"သည် ကျေးလက်များအတွင်း ဝင်ရောက်ကာ၊ နိုင်ငံရေးအရ တိုးတက်သည့် လယ်သမားများကို တော်လှန်ရေးတိုက်ပွဲတွင်းသို့ဝင်ရောက်လာစေရန် လှုံ့ဆော်ခဲ့ပေသည်။

"ပရာဗဒါ"ကိုတည်ထောင်စဉ်က တရားမဝင် ဆိုရယ်ဒီမိုကရက် အဖွဲ့အစည်းများသည် ဘော်ရှီဗစ်များ၏ ညွှန်ကြားမှုအောက်တွင် လုံးဝတည်ရှိသည်။ တဖက်တွင်လည်း အဖွဲ့အစည်း၏ တရားဝင်သဏ္ဍာန်များ၊ ဥပမာ ဒူးမားအုပ်စု၊ ပုံနှိပ်တိုက်၊ မကျန်းမာသူများထောက်ပံ့သည့် အစည်းအရုံးများ၊ အလုပ်သမားသမဂ္ဂများတွင်မူ မင်ရှီဗစ်များထံမှ လုံးလုံးရယူနိုင်ခြင်း မရှိသေးချေ။ ဘော်ရှီဗစ်များသည် အလုပ်သမားလူတန်းစား၏ တရားဝင်တည်ရှိဆဲ အဖွဲ့အစည်းများအတွင်းမှ ဖျက်သိမ်းရေးဝါဒီများကို မောင်းထုတ်ရန် ပိုင်းပိုင်းဖြတ်ဖြတ် တိုက်ပွဲဆင်နွှဲရသည်။ "ပရာဗဒါ"၏ ကျေးဇူးကြောင့် အဆုံးတွင် အောင်ပွဲရခဲ့သည်။

"ပရာဗဒါ"သည် ပါတီ၏မူများအတွက်၊ **လူထု**၊ အလုပ်သမားလူတန်းစား လူတန်းစား တော်လှန်ရေးပါတီတရပ် တည်ဆောက်ရန်အတွက် တိုက်ပွဲဗဟိုတွင် ရောက်ရှိနေပါသည်။ "ပရာ ဗဒါ"သည် ဘော်ရှီဗစ်ပါတီ၏ တရားမဝင် ဗဟိုချက်မများပတ်လည်တွင် တရားဝင်ရှိဆဲ အဖွဲ့အစည်းများကို ဝိုင်းရံစေပြီး၊ အလုပ်သမားလူတန်းစားလှုပ်ရှားမှုကို တော်လှန်ရေးအတွက် ပြင်ဆင်ခြင်းဆိုသည့် တခုတည်းသော တိကျသည့်ရည်ရွယ်ချက်သို့ ညွှန်ကြားခဲ့သည်။

"ပရာဗဒါ"တွင် အလုပ်သမားသတင်းထောက် အများအပြား ရှိသည်။ တနှစ်အတွင်းမှာပင် အလုပ်သမားများထံမှ စာပေါင်း သောင်းတစ်ထောင်ကျော် ပုံနှိပ်ခဲ့သည်။ "ပရာဗဒါ"က အလုပ်သမားလူတန်းစားလူထုကြီးနှင့် အဆက်အသွယ်ရှိ ထားသည်မှာ စာများနှင့်သာမကပါ။ စက်ရုံများမှ အလုပ်

သမားအများအပြားသည် နေ့စဉ်အယ်ဒီတာရုံးသို့ လာရောက်လည်ပတ်ကြသည်။ "ပရာဗဒါ"၏ အယ်ဒီတာအဖွဲ့ရုံးတွင် ပါတီ၏ စည်းရုံးရေးလုပ်ငန်းအများပိုင်း စုစည်းခဲ့ရာဖြစ်သည်။ ဤနေရာတွင် အစည်းအဝေးများကို ပါတီအမြုတေ ကိုယ်စားလှယ်များနှင့် စီစဉ်ကျင်းပခဲ့ကြပြီး၊ စက်ရုံ၊ အလုပ်ရုံ များမှ ပါတီလုပ်ငန်း အစီရင်ခံစာများကိုလည်း လက်ခံရရှိခဲ့သည်။ ထို့ပြင် ဤနေရာမှပင် စိန့်ပီတာစ ဘတ်ကော်မတီနှင့် ပါတီဗဟိုကော်မတီတို့၏ ညွှန်ကြားချက်များကို ပို့ပေးခဲ့ပေသည်။

တော်လှန်ရေး အလုပ်သမားလူတန်းစား လူထုပါတီတရပ်တည်ဆောက်ရေးအတွက် ဖျက်သိမ်းရေးဝါဒီများကို ဖွဲနဘဲကောင်းစွာ နှစ်နှစ်ခွဲတိတိ တိုက်ပွဲဆင်သည့်အကျိုးကြောင့်၊ ၁၉၁၄ ခု နွေကာလတွင် ဘော်ရှီဗစ်များသည် ဘော်ရှီဗစ်ပါတီနှင့် "ပရာဗဒါ"နည်းပရိယာယ်များအတွက် ရုရှား ရှိ နိုင်ငံရေးအရ တက်ကြွသော အလုပ်သမားများ **ငါးပုံလေးပုံ**၏ ထောက်ခံအားပေးမှုကို ရရှိခဲ့ပေသည်။ ဤသည်ကို ဥပမာအားဖြင့် အောက်ပါအချက်တွင် တွေ့နိုင်သည်။ ၁၉၁၄ ခု အလုပ်သမား သတင်းစဉ် အတွက် အလှူငွေကောက်ခံသည့် အလုပ်သမားအဖွဲ့ပေါင်း ၇,၀၀၀ တွင် ဘော်ရှီဗစ်သတင်းစာ အ တွက် အဖွဲ့ ၅,၆၀၀ က ငွေစု ဆောင်းပေးခဲ့ပြီး၊ မင်ရှီဗစ်သတင်းစာအတွက် အဖွဲ့ပေါင်း ၁,၄၀၀ ကသာ စုဆောင်းပေး ခဲ့သည်။ သို့သော် အခြားတဖက်တွင်လည်း မင်ရှီဗစ်များ၌ လစ်ဘရယ်ဓနရှင်နှင့် ဓနရှင်ပညာတတ် များအကြား "ချမ်းသာကြွယ်ဝသည့်မိတ်ဆွေ" အမြောက်အမြားရှိပြီး၊ မင်ရှီဗစ် သတင်းစာ လည် ပတ်နိုင်ရေးအတွက် လိုအပ်သည့် ရန်ပုံငွေထက်ဝက်ကျော်ကို ကြိုတင်ပေးထားနိုင်ခဲ့ ပေသည်။

ထိုအချိန်က ဘော်ရှီဗစ်များကို "ပရာဗဒါဝါဒီများ" (Pravdists) ဟုခေါ်ကြသည်။ တော်လှန် သည့် ပစ္စည်းမဲ့လူတန်းစား၏ မျိုးဆက်တခုလုံးကို "ပရာဗဒါ" ကမွေးမြူခဲ့ပြီး၊ ဤမျိုးဆက်သည် နောင် တွင် အောက်တိုဘာ ဆိုရှယ်လစ်တော်ရေးကို လုပ်ဆောင်ခဲ့သူများဖြစ်သည်။ အလုပ်သမား ရာပေါင်း ထောင်ပေါင်းများစွာသည် "ပရာဗဒါ" ကိုထောက်ခံခဲ့ကြသည်။ တော်လှန်ရေးလှုပ်ရှားမှု ဒီရေမြင့် လာချိန်တွင် ၁၉၁၂–၁၉၁၄ လူထု ဘော်ရှီဗစ်ပါတီအတွက် အခိုင်အမာအုတ်မြစ်ချပြီးဖြစ်ပြီး၊ ဤအုတ်မြစ် ကို နယ်ချဲ့စစ်ပွဲအတွင်း ဇာဘုရင်စနစ်၏ နှိပ်စက်ဖိနှိပ်မှုများက ဖျက်ဆီးနိုင်ခြင်း မရှိပေ။

"၁၉၁၂ ခုနှစ်၏ "ပရာဗဒါ"သည် ၁၉၁၇ ခု ဘော်ရှီဗစ်ဝါဒ အောင်ပွဲအတွက် အခြေခံအချက်ကြီး ဖြစ်သည်။" (စတာလင်)

ပါတီ၏ တရားဝင် လှုပ်ရှားနေသည့် ဗဟိုအာဘော် နောက်တခုမှာ စတုတ္ထနိုင်ငံတော်ဒူးမားတွင်ရှိ ဘော်ရှီဗစ်အုပ်စုဖြစ်သည်။

(၁၉၁၂) တွင် အစိုးရက စတုတ္ထဒူးမား အတွက် ရွေးကောက်ပွဲများ သတ်မှတ်ပေးသည်။ ကျွန်တော်တို့ပါတီက ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရေးကို အရေးတကြီးထားခဲ့ပါသည်။ ဒူးမား ဆိုရှယ်ဒီမိုကရေစီအုပ်စုနှင့် "ပရာဗဒါ" သည် လူထုအကြား၊ တိုင်းပြည်အနှံ့ တရားဝင် လှုပ်ရှားနေ သည့် တော်လှန်ရေးလုပ်ငန်း၏ အဓိကအခြေခံစခန်းများ ဖြစ်ခဲ့ပေသည်။

ဘော်ရှီဗစ်ပါတီသည် ဒူးမားရွေးကောက်ပွဲတွင် မိမိတို့ ကိုယ်ပိုင်ကြွေးကြော်သံများအောက် တွင် လွတ်လွတ်လပ်လပ် အမှီအခိုကင်းစွာ လုပ်ဆောင်ခဲ့ပြီး၊ တပြိုင်နက်တည်းမှာပင် အစိုးရပါတီများ ကိုရော၊ လစ်ဘရယ်ဓနရှင် (ဖွဲ့စည်းအုပ်ချုပ်ပုံဒီမိုကရက်) များကိုပါ တိုက်ခိုက်ခဲ့သည်။ ရွေးကောက်ပွဲ တရားပွဲများတွင် ဘော်ရှီဗစ်တို့၏ ကြွေးကြော်သံမှာ ဒီမိုကရေစီသမ္မတနိုင်ငံ၊ အလုပ်ချိန် ၈ နာရီနှင့် မြေယာအားလုံးကို သိမ်းယူရေးတို့ပင်ဖြစ်သည်။

စတုတ္ထ ဒူးမားအတွက် ရွေးကောက်ပွဲကို ၁၉၁၂ ဆောင်းဦးတွင် ကျင်းပခဲ့သည်။ အောက်တိုဘာ အစပိုင်းတွင် စိန့်ပီတာစဘတ် ရွေးကောက်ပွဲများကို မကျေမနပ်ဖြစ်နေသည့်အစိုးရသည် စက်ရုံကြီး အချို့မှ အလုပ်သမားများ၏ မဲပေးခွင့်ကို ရုပ်သိမ်း၊ စွက်ဖက်ရန် ကြိုးစားခဲ့ကြသည်။ တုံ့ပြန်သည့် အနေဖြင့် ရဲဘော်စတာလင်၏ အကြံပေးချက်အရ ပါတီ၏ စိန့်ပီတာစဘတ်ကော်မတီမှ စက်ရုံကြီးများ မှ အလုပ်သမားများကို တရက်သပိတ်မှောက်ရန် ဆင့်ခေါ်လိုက်သည်။ အစိုးရမှာ အခတ်အခဲ အကျပ် အတည်းတွေ့သွားပြီး၊ မလွှဲမရှောင်သာလိုက်လျောရကာ အလုပ်သမားများသည် အစည်းအဝေးများ တွင် မိမိတို့ကြိုက်နှစ်သက်သူကို ရွေးချယ်ခွင့်ရခဲ့သည်။ အလုပ်သမားအများစုကြီးသည် ၎င်းတို့ ကိုယ်စား လှယ်များနှင့် အမတ်လောင်းများသို့ ရဲဘော်စတာလင် ရေးဆွဲထားသည့် အမိန့်အာဏာ (Mandate) အတွက် မဲပေးခဲ့ကြသည်။ "စိန့်ပီတာစဘတ်အလုပ်သမားများမှ ၎င်းတို့၏ အလုပ်သမားကိုယ်စားလှယ် (အမတ်) အတွက် အမိန့်အာဏာ" တွင် ၁၉၀၅ ခု မပြီးဆုံးသောတာဝန်များကို ဂရုပြုရန် တောင်းဆို ထားသည်။

"အမိန့်အာဏာ"တွင် "ရုရှားသည် လူထုလှုပ်ရှားမှုကြီး၏ အကြိုကာလတွင် ရောက်ရှိနေပြီး၊ ဤသည် ၁၉၀၅ ခုနှစ်ကထက် ပိုမိုနက်ရှိုင်းကောင်း နက်ရှိုင်းလိမ့်မည်ဟု ကျွန်တော်တို့ ထင်မြင်သည်။ ၁၉၀၅ ခုနှစ်တုန်းကလိုပင်၊ ဤလှုပ်ရှားမှုများ၏ တွဲများပေါ်တွင်ကား ရုရှားလူ့အဖွဲ့အစည်း၏ ရှေ့တန်း အရောက်ဆုံးလူတန်းစား၊ ရုရှားပစ္စည်းမဲ့များပင်ဖြစ်သည်။ သူ၏ တဦးတည်းသောမဟာမိတ်မှာ ဆင်းရဲ ဒုက္ခတွင်း ကျနေသည့် လယ်သမားထုကြီးဖြစ်ပြီး၊ ၎င်းတို့သည် ရုရှားပြည်လွတ်မြောက်ရေးတွင် သေ ရေးရှင်ရေးတမျှ အာရုံစိုက် စိတ်ဝင်စားလျက်ရှိသည်။"

"အမိန့်အာဏာ"တွင် အနာဂတ်ပြည်သူလူထု၏ လှုပ်ရှားမှုကို စစ်မျက်နှာနှစ်ဖက်တွင် တိုက်ပွဲ သဏ္ဌာန်ဆောင်ရမည်။ တခုမှာ ဇာဘုရင်စနစ်ကို တိုက်ရန်ဖြစ်ပြီး၊ နောက်တဖက်မှာ ဇာဘုရင်နှင့် အပေးအယူ လုပ်နေသည့် လစ်ဘရယ်ဓနရှင်များကို တိုက်ရန်ဖြစ်သည်။

အလုပ်သမားများကို တော်လှန်ရေးတိုက်ပွဲတွင်းသို့ လှုံ့ဆော်ပေးသည်။ အမိန့်အာဏာအပေါ် လီနင်သည် အရေးတယူထားသည်။ အလုပ်သမားများသည် ၎င်းတို့၏ဆုံးဖြတ်ချက်များတွင် ဤလှုံ့ ဆော်ချက်ကို တုံ့ပြန်သည်။

ဘော်ရှီဗစ်များသည် ရွေးကောက်ပွဲတွင် အောင်ပွဲရရှိပြီး၊ စိန့်ပီတာစဘတ် အလုပ်သမားများက ရဲဘော်ဘာဒါရဲ့ဗ် (Badayev) ကို ဒူးမားသို့ ရွေးချယ်လိုက်သည်။

ဒူးမားရွေးကောက်ပွဲတွင် အလုပ်သမားများသည် လူထု၏တခြားအစိတ်အပိုင်းများမှလည်း သီးခြားမဲပေးခဲ့သေးသည်။ (ဤသည်ကို အလုပ်သမားကောင်စီ (curia)[၁၁] ဟုလည်းခေါ်သည်။) အလုပ်သမားကောင်စီမှ အရွေးခံရသည့် ကိုယ်စားလှယ်အမတ် ၉ ဦးတွင် ခြောက်ဦးမှာ ဘော်ရှီဗစ် ပါတီဝင်များဖြစ်သည်။ ဘာဒါရဲ့ဗ်၊ ပီထရော့ဗ်စကီး (Petrovsky)၊ မူရာနော့ဗ် (Muranov)၊ ဆမွိုင်း လော့ဗ် (Smoilov)၊ ရှာဂေါ့ဗ် (Shagov)နှင့် မာလင်နော့စကီး (Malinovsky) (ထိုသူမှာ နောက်ပိုင်း တွင် အတွင်းသူလျှိုဖြစ်သွားသည်)တို့ဖြစ်ကြသည်။ ဘော်ရှီဗစ်ကိုယ်စားလှယ်များကို အလုပ်သမား လူတန်းစား ငါးပုံလေးပုံထက် မနည်းစုဝေးနေသည့် စက်မှုလုပ်ငန်းဌာနကြီးများက ရွေးကောက်လိုက်ခြင်း

---

*၁၁။ အလယ်ခေတ် အမြင့်ဆုံးကောင်စီ*

ဖြစ်သည်။ တဖက်တွင် အရွေးခံရသည့်ဖျက်သိမ်းရေးဝါဒီများသည် အလုပ်သမားကောင်စီမှ ၎င်းတို့၏ အမိန့်အာဏာများရရှိထားခြင်းမရှိပေ။ ဆိုလိုသည်မှာ ၎င်းတို့မှာ အလုပ်သမားများက ရွေးကောက်ခြင်း မဟုတ်ပေ။ အကျိုးရရှိချက်မှာ ဒူးမားတွင် ဖျက်သိမ်းရေးဝါဒီ ၇ ဦးရှိပြီး၊ ဘော်ရှီဗစ်မှာ ၆ ဦးသာ ဖြစ်သည်။ အစပထမတွင် ဘော်ရှီဗစ်နှင့် ဖျက်သိမ်းရေးဝါဒီများသည် ဒူးမားတွင် ပူးတွဲဆိုရှယ်ဒီမိုကရက်အဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ၁၉၁၃ ခု အောက်တိုဘာတွင် ဘော်ရှီ ဗစ်များ၏ တော်လှန်ရေးလုပ်ငန်းကို နှောင့်ယှက်သည့် ဖျက်သိမ်းရေးဝါဒီများကို အပြင်းအထန် တိုက်ခိုက်ပြီး နောက်တွင် ဘော်ရှီဗစ်အမတ်များသည် ပါတီဗဟိုကော်မတီညွှန်ကြားမှုဖြင့် ပူးတွဲ ဆိုရှယ်ဒီမိုကရက်အဖွဲ့မှ နှုတ်ထွက်ပြီး၊ လွတ်လပ်သည့် ဘော်ရှီဗစ်အုပ်စုကို ဖွဲ့စည်းလိုက်သည်။

ဘော်ရှီဗစ်အမတ်များသည် ဒူးမားတွင် တော်လှန်ရေးမိန့်ခွန်းများပေးပြီး၊ သက်ဦးဆံပိုင်စနစ်ကို ဖွင့်ချကာ အလုပ်သမားများအပေါ် ဖိနှိပ်သည့်အမှုများ၊ အရင်းရှင်များ၏ အလုပ်သမားများအပေါ် လူမဆန်သော သွေးစုပ်မှုအပေါ် ဖြေရှင်းပြရန် အစိုးရအား တောင်းဆိုသည်။

သူတို့သည် ဒူးမားထဲတွင် မြေယာပြဿနာကိုလည်း တင်ပြပြောဆိုပြီး၊ ပဒေသရာဇ်မြေရှင်များကို တိုက်ခိုက်ရန် လယ်သမားများကို လှုံ့ဆော်ပြီး၊ မြေယာပြည်သူပိုင်သိမ်း၍ လယ်သမားများ ကိုဝေငှရန် ဆန့်ကျင်သည့် ဖွဲ့စည်းအုပ်ချုပ်ပုံ ဒီမိုကရက်ပါတီကိုလည်း ဖွင့်ချသည်။

ဘော်ရှီဗစ်များသည် နိုင်ငံတော်ဒူးမားသို့ အလုပ်ချိန် ၈ နာရီသတ်မှတ်ရေး ဥပဒေကြမ်းကို တင်သွင်းခဲ့သည်။ ဤဥပဒေကို ဒူးမားက လက်ခံခြင်းမပြုသော်လည်း အလွန်ကြီးမားသည့် လှုံ့ဆော်ချက်တရပ်ဖြစ်ခဲ့သည်။

ဒူးမားရှိ ဘော်ရှီဗစ်အုပ်စုသည် ပါတီဗဟိုကော်မတီနှင့်ရော၊ လီနင်နှင့်ပါ နီးနီးကပ်ကပ် ဆက်သွယ်ထားပြီး၊ လီနင်ထံမှ ညွှန်ကြားချက်များကို လက်ခံရရှိသည်။ သူတို့ကို ရဲဘော်စတာလင်က စိန့်ပီတာစဘတ်၌ နေ, နေစဉ် တိုက်ရိုက်ညွှန်ကြား ခေါင်းဆောင်ခဲ့သည်။

ဘော်ရှီဗစ်အမတ်များသည် ၎င်းတို့၏ လုပ်ငန်းများကို ဒူးမားအတွင်းတွင်သာ ကန့်သတ်မထားဘဲ၊ ဒူးမား အပြင်ဘက်တွင်လည်း တက်ကြွစွာလှုပ်ရှားခဲ့ပါသည်။ သူတို့သည် စက်ရုံများ၊ အလုပ်ရုံများနှင့် တိုင်းပြည်တွင်းရှိ အလုပ်သမားလူတန်းစား ချက်မဒေသများသို့ လှည့်လည်သွားရောက်ကြပြီး၊ မိန့်ခွန်းများပေးခြင်း၊ လျှို့ဝှက် အစည်းအဝေးခေါ်ဆိုခြင်းများ ပြုလုပ်ကာ ပါတီ၏ ဆုံးဖြတ်ချက်များကို ရှင်းလင်းပြောကြားပြီး၊ ပါတီအဖွဲ့အစည်းသစ်များကို ထူထောင်ကြသည်။ ကိုယ်စားလှယ်အမတ်များသည် တရားဝင်လှုပ်ရှားမှုများနှင့် တရားမဝင် မြေအောက်လုပ်ငန်းများကို ကျွမ်းကျင်လိမ်မာစွာ ပေါင်းစပ်လုပ်ဆောင်ကြသည်။

## ၃။ တရားဝင်တည်ရှိနေသော အဖွဲ့အစည်းများအတွင်းမှ ဘော်ရှီဗစ်များ၏အောင်ပွဲ။ နယ်ချဲ့စစ်ပွဲ၏ အကြို တော်လှန်ရေးလှုပ်ရှားမှု ဆက်လက်မြင့်တက်လာခြင်း။

ဤကာလအတွင်း ဘော်ရှီဗစ်ပါတီသည် ပစ္စည်းမဲ့လူတန်းစား၏ တိုက်ပွဲခေါင်းဆောင်မှုအခန်းကို သဏ္ဍာန်အားလုံးနှင့်ရော၊ ဖော်ပြချက်များတွင်ရော စံပြလုပ်ဆောင်ပြခဲ့သည်။ ၎င်းသည် တရားမဝင် အဖွဲ့အစည်းများကို တည်ထောင်ခဲ့သည်။ တရားမဝင် စာရွက်စာတမ်းများကို ဝေငှခဲ့သည်။

လူထုအကြား လျှို့ဝှက် တော်လှန်ရေးလုပ်ငန်းများကိုလည်း လုပ်ဆောင်ခဲ့သည်။ တချိန်တည်းမှာပင် အလုပ်သမားလူတန်းစား၏ တရားဝင်တည်ရှိဆဲ အဖွဲ့အစည်းအမျိုးမျိုးအတွင်း တဖြည်းဖြည်း ခေါင်းဆောင်မှု ရရှိလာသည်။ ပါတီသည် အလုပ်သမားသမဂ္ဂများကို စည်းရုံးနိုင်ကာ၊ ပြည်သူ့အနားစခန်းများ (people’s Houses) ညနေခင်း တက္ကသိုလ်များ၊ ကလပ်များ၊ နာမကျန်းသူများ ထောက်ပံ့ရေး အဖွဲ့အစည်းများတွင် ဩဇာကြီးမားလာသည်။ ဤတရားဝင် တည်ရှိသည့် အဖွဲ့အစည်းများကို ကာလကြာရှည်ကြာများ ဖျက်သိမ်းရေးဝါဒီများ ခိုလှုံရာဖြစ်ခဲ့သည်။ ဘော်ရှီဗစ်များသည် တရားဝင် တည်ရှိသည့် အဖွဲ့အစည်းများကို ပါတီ၏ အမာခံများအဖြစ် ပြောင်းလဲပစ်ရန် အပြင်းအထန် ကြိုးစားတိုက်ပွဲဝင်ခဲ့သည်။ တရားမဝင်လုပ်ငန်းနှင့် တရားဝင်လုပ်ငန်းတို့ကို ကျွမ်းကျင်စွာပေါင်းစပ်ခြင်းဖြင့် ဘော်ရှီဗစ်များသည် မြို့ကြီး ၂ ခု၊ စိန့်ပီတာစဘတ်နှင့် မော်စကိုရှိ အလုပ်သမားသမဂ္ဂ အဖွဲ့အစည်းအများစုကို စည်းရုံးရရှိလိုက်သည်။ ၁၉၁၃ ခု စိန့်ပီတာစဘတ် သတ္တုအလုပ်သမားသမဂ္ဂ အမှုဆောင်ကော်မတီရွေးပွဲတွင် ရရှိခဲ့သောအောင်ပွဲသည် အထူးပြောင်မြောက်လှသည်။ အစည်းအဝေး တက်ရောက်သူ သတ္တုအလုပ်သမား ၃,၀၀၀ အနက်၊ ဖျက်သိမ်းရေးသမားဝါဒီများကို မဲပေးသူမှာ ၁၅၀ မျှသာ ဖြစ်ပေသည်။

ထို့အတူပင် စတုတ္ထနိုင်ငံတော် ဒူးမားတွင်းရှိ ဆိုရှယ်ဒီမိုကရက်အုပ်စုမှာလည်း အလွန်အရေးပါသည့် တရားဝင်အဖွဲ့အစည်းတရပ် ဖြစ်ပေသည်။ ဒူးမားတွင် မင်ရှီဗစ် ကိုယ်စားလှယ် ၇ ဦးနှင့် ဘော်ရှီဗစ် ၆ ဦးသာရှိသော်လည်း အလုပ်သမားလူတန်းစား မဟုတ်သည့် ခရိုင်များမှ အရွေးခံရသည့် မင်ရှီဗစ် ကိုယ်စားလှယ်များသည် အလုပ်သမားလူတန်းစား ငါးပုံတပုံမျှသာ အနိုင်နိုင် ကိုယ်စားပြုနိုင်ပြီး၊ ဘော်ရှီဗစ် ကိုယ်စားလှယ်များမှာမူကား တိုင်းပြည်၏ အဓိက စက်မှုလုပ်ငန်းဌာနကြီးများ (စိန့်ပီတာစဘတ်၊ မော်စကို၊ အိုင်ဗာနိုဗို–ဗိုစ်နက်စဲန်က်၊ ကော့စထရိုမာ၊ အီကာတီရီနိုစလဗ်နှင့် ခါးကော့ဗ်)မှ အရွေးခံရပြီး၊ တတိုင်းပြည်လုံးရှိ အလုပ်သမားလူတန်းစား၏ ငါးပုံလေးပုံကျော်ကို ကိုယ်စားပြုပါသည်။ အလုပ်သမားများသည် သူတို့၏ ကိုယ်စားလှယ်များအဖြစ် မင်ရှီဗစ် ၇ ယောက် ကို မဟုတ်ဘဲ၊ ဘော်ရှီဗစ် ၆ ဦး (ဘာဒါရဲ့ဗ်၊ ပီထရိုစကီးနှင့် အခြားသူများ) ကိုသာ သတ်မှတ်သည်။

ဘော်ရှီဗစ်များက တရားဝင် တည်ရှိဆဲအဖွဲ့အစည်းများကို စည်းရုံးအောင်မြင်နိုင်ရခြင်း အကြောင်းမှာ ဇာဘုရင်အစိုးရ၏ ကြမ်းကြုတ်ရက်စက်သော ဖိနှိပ်ညှဉ်းပန်းမှုနှင့် ဖျက်သိမ်းရေးဝါဒီများနှင့် ထရော့စကီဝါဒီများ၏ အားမနာပစကားများ အကြားမှပင် သူတို့သည် တရားမဝင်ပါတီကို လုံခြုံစွာ ထိန်းသိမ်းကာကွယ်ထားနိုင်ပြီး၊ သူတို့အကြား တင်းကျပ်သည့် စည်းကမ်းများကို ထိန်းသိမ်းထားကာ၊ အလုပ်သမားလူတန်းစား၏ အကျိုးစီးပွားကို ပြတ်ပြတ်သားသား ကာကွယ်ပြီး၊ လူထုနှင့်နီးနီးကပ်ကပ်ဆက်သွယ်ကာ အလုပ်သမားလူတန်းစားလှုပ်ရှားမှု၏ ရန်သူများနှင့် မစေ့စပ်စတမ်း တိုက်ပွဲဆင်မှုကြောင့် ဖြစ်ပါသည်။

ဤသို့ဖြင့် တရားဝင်တည်ရှိဆဲ အဖွဲ့အစည်းများအတွင်း တောက်လျှောက်ပင် ဘော်ရှီဗစ်များ အောင်ပွဲဆင်ပြီး၊ မင်ရှီဗစ်များ ရှုံးနိမ့်သွားရပေသည်။ ဒူးမားစင်မြင့်ပေါ်မှ လှုံ့ဆော်ရေးလုပ်ငန်းများကြောင့်လည်းကောင်း၊ အလုပ်သမားသတင်းစဉ်နှင့် တခြားတရားဝင်တည်ဆဲ အဖွဲ့အစည်းများကြောင့်လည်းကောင်း၊ မင်ရှီဗစ်များသည် နောက်တန်းသို့ တွန်းပို့ခြင်းခံလိုက်ရသည်။ တော်လှန်ရေးလှုပ်ရှားမှု

သည် အလုပ်သမားလူတန်းစားအတွင်း အခိုင်အမာ အမြစ်တွယ်လာကာ သူတို့သည် ဘော်ရှီဗစ်များ ပတ်လည်တွင် ပြွတ်ပြွတ်သားသား စုစည်းလာကြပြီး၊ မင်ရှီဗစ်များကို ဘေးသို့ တွန်းဖယ်ပစ်လိုက် သည်။

နိဂုံးချုပ်ရာတွင် မင်ရှီဗစ်များသည် အမျိုးသားပြဿနာနှင့်ပတ်သက်၍လည်း ချွတ်ခြုံကျနေကြောင်းတွေ့ရသည်။ ရုရှား နယ်စပ်ဒေသများမှ တော်လှန်ရေးလှုပ်ရှားမှုများက အမျိုးသားပြဿနာအပေါ်ရှင်းလင်းသည့်လမ်းစဉ်ရှိဖို့ တောင်းဆိုသည်။ သို့သော် မင်ရှီဗစ်များတွင် မည်သူမျှ မကျေနပ်နိုင်သည့် ဘန်း၏"ယဉ်ကျေးမှုဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ရေး" (cultural autonomy) ဆိုသည် ကလွဲလို့ တခြားလမ်းစဉ်မရှိပါ။ ဘော်ရှီဗစ်များတွင်သာ အမျိုးသားပြဿနာအပေါ် မာ့က်စ်ဝါဒ လမ်းစဉ်ရှိပြီး၊ ရဲဘော်စတာလင်၏ ဆောင်းပါး "မာ့က်စ်ဝါဒနှင့် အမျိုးသားပြဿနာ" နှင့် လီနင်၏ "အမျိုးသားများ၏ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်" နှင့် "အမျိုးသားပြဿနာအပေါ် ဝေဖန်ရေးမှတ်စုများ"တွင် ဖော်ပြပြီးဖြစ်ပါသည်။

မင်ရှီဗစ်များ ဤကဲ့သို့ရှုံးနိမ့်သွားပြီးနောက် ဩဂုတ်လအုပ်စု စတင်ပြိုကွဲလာရသည်မှာ အထူးအဆန်းမဟုတ်တော့ပေ။ အစိတ်အပိုင်း အမျိုးမျိုးအစားစား ပေါင်းစပ်မှုကြောင့်၊ ဘော်ရှီဗစ်တို့၏ အပြင်းအထန် ထိုးနှက်တိုက်ခိုက်ခြင်းကို မခံနိုင်ဘဲ စတင်ပြိုကွဲလာရပါသည်။ ဘော်ရှီဗစ်ဝါဒကို ဆန့်ကျင် တိုက်ခိုက်ရန် ရည်ရွယ်ချက်ဖြင့် တည်ထောင်ခဲ့သော ဩဂုတ်လအုပ်စုသည် ဘော်ရှီဗစ်များ၏ ထိုးနှက်ချက်အောက်တွင် မကြာမီပင် အစိတ်စိတ်အမွှာမွှာ ဖြစ်သွားတော့သည်။ ထိုအုပ်စုမှ ပထမဆုံး ထွက်သွားသူများမှာ ဗစ်ပါရော့များ (vperyodites) (ဘော့ဒါးနော့ဗ်၊ လူနာချာစကီးနှင့် တခြားလူများ) ဖြစ်ပြီး၊ ထို့နောက် လက်တစ်များ **(letts)** နှင့်ကျန်လူများလည်း နောက်ကလိုက်သွားကြသည်။

ဖျက်သိမ်းရေးဝါဒီများသည် ဘော်ရှီဗစ်များနှင့် တိုက်သည့်တိုက်ပွဲတွင် ရှုံးနိမ့်သွားပြီးနောက်၊ ဒုတိယအင်တာနေရှင်နယ်သို့ အကူအညီ တောင်းလိုက်သည်။ ဒုတိယအင်တာနေရှင်နယ်က သူတို့အား အကူအညီပေးလိုက်သည်။ ဘော်ရှီဗစ်နှင့် ဖျက်သိမ်းရေးဝါဒီများအကြား "ဖြန်ဖြေစေ့စပ်သူ"အဖြစ် လုပ်ဆောင်ပြီး၊ "ပါတီတွင်းငြိမ်းချမ်းရေး"တည်ဆောက်ရန်ဟူသော ဟန်ပြစကားများဖြင့် ဒုတိယအင်တာနေရှင်နယ်က ဖျက်သိမ်းရေးဝါဒီများ၏ စေ့စပ်ရေးပေါ်လစီအပေါ် ဝေဖန်နေမှုများကို ဘော်ရှီဗစ်များအား ရပ်ပစ်ရန် တောင်းဆိုလိုက်သည်။ သို့သော် ဘော်ရှီဗစ်များက ပြန်လည်စေ့စပ်ရန် လက်မခံဘဲ၊ အချောင်သမား ဒုတိယအင်တာနေရှင်နယ်၏ ဆုံးဖြတ်ချက်များကို လိုက်နာရန်ငြင်းဆိုပြီး၊ မည်သည့် စေ့စပ်ကြေအေးမှုမျှ မလုပ်ရန် သဘောတူလိုက်ကြသည်။

ဘော်ရှီဗစ်များ၏ တရားဝင်တည်ရှိဆဲ အဖွဲ့အစည်းများအတွင်း အောင်ပွဲခံမှုသည် မတော်တဆ တိုက်ဆိုင်မှုတရပ် ဟုတ်လည်းမဟုတ်ခဲ့။ ဟုတ်လည်းမဟုတ်နိုင်ချေ။ အဘယ်ကြောင့်ဆိုသော် ဘော်ရှီဗစ်များသည် မိမိတို့တဦးတည်းသာ မှန်ကန်သည့် မာက့်စ်ဝါဒသဘောတရား၊ ရှင်းလင်း ပြတ်သားသည့် ပေါ်လစီနှင့် တိုက်ပွဲအတွင်း သံမဏိခဲတင်ထားသော တော်လှန်ရေးပစ္စည်းမဲ့ပါတီ တရပ်ရှိရုံမျှမက ဘော်ရှီဗစ်များ၏အောင်ပွဲသည် တော်လှန်ရေးဒီရေမြင့်ကို ရောင်ပြန်ဟပ်သောကြောင့်လည်း ဖြစ်ပါသည်။

အလုပ်သမားများ၏ တော်လှန်ရေးလှုပ်ရှားမှုသည် တဖြည်းဖြည်း တိုးတက်ဖြစ်ပေါ်နေပြီး၊ တမြို့မှ တမြို့သို့၊ ဒေသတခုမှတခုသို့ ပျံ့နှံ့နေပါသည်။ ၁၉၁၄ ခုအစပိုင်းတွင် အလုပ်သမားသပိတ်များ ယုတ်လျော့သွားရန်ဝေးစွ၊ အရှိန်အဟုန်သစ် ရရှိလာပါသည်။ သူတို့သည် ပို၍ပို၍ ပြင်းထန်မာ

ကျောလာကာ အလုပ်သမားဦးရေမှာလည်း ပို၍ပို၍ များပြားလာပါတော့သည်။ ဇန်နဝါရီ ၉ ရက်တွင် အလုပ်သမားပေါင်း ၂၅၀,၀၀၀ သပိတ်မှောက်ခဲ့ပြီး၊ စိန့်ပီတာစဘတ်တွင် ၁၄၀,၀၀၀ ရှိခဲ့သည်။ မေလ တရက်တွင် အလုပ်သမား ၅၀၀,၀၀၀ ကျော် သပိတ်မှောက်လာကြပြီး၊ စိန့်ပီတာစဘတ်တွင် ၂၅၀,၀၀၀ ကျော်ရှိပေသည်။ အလုပ်သမားများသည် သပိတ်များတွင် မကြုံစဖူးသော စွဲမြဲခိုင်မာမှုကို ပြသခဲ့ပေသည်။ စိန့်ပီတာစဘတ်ရှိ အိုဘူခေါ့ဗ်လုပ်ငန်းသပိတ်သည် နှစ်လကျော်ကြာခဲ့ပြီး၊ လက်စ်နာလုပ်ငန်းသပိတ်တွင်မူ သုံးလနီးပါးကြာခဲ့သည်။ စိန့်ပီတာစဘတ် စက်ရုံအချို့မှ အလုပ်သမား အများအပြားကို အဆိပ်ခတ်မှု (Whole sale poisoning) သည် အလုပ်သမား ၁၁၅,၀၀၀ သပိတ်မှောက်ရသည့် အကြောင်းအရင်းဖြစ်ပြီး ဆန္ဒပြပွဲများပါ ကျင်းပလာကြသည်။ လှုပ်ရှားမှုသည် ဆက်လက်ပျံ့နှံ့သွားခဲ့သည်။ ၁၉၁၄ ခု ပထမ နှစ်ဝက်တွင် (ဇူလိုင်လ အစောပိုင်း အပါ) စုစုပေါင်း အလုပ်သမား ၁,၄၂၅,၀၀၀ သပိတ်များတွင်ပါဝင်ခဲ့သည်။

မေလတွင် ဘာကူး၌ ပေါ်ပေါက်ခဲ့သော ရေနံအလုပ်သမားများ၏ အထွေထွေသပိတ်သည် ရုရှားရှိ ပစ္စည်းမဲ့တရပ်လုံး၏ အာရုံစိုက်ရာဖြစ်လာသည်။ သပိတ်တိုက်ပွဲသည် စည်းရုံးညီညွတ်သည့် နည်းဖြင့် လုပ်ဆောင်ကြသည်။ ဇွန် ၂၀ ရက် ဘာကူးတွင် အလုပ်သမား ၂၀,၀၀၀ ၏ ဆန္ဒပြပွဲကျင်းပ သည်။ ပုလိပ်များက ဘာကူးအလုပ်သမားများကို ရက်စက်ကြမ်းကြုတ်သည့်နည်းဖြင့် ဖြိုခွဲနှိမ်နင်း သည်။ မော်စကို၌ ဤသည်ကို ကန့်ကွက်ဆန္ဒပြသည့်အနေနှင့်ရော ဘာကူးအလုပ်သမားများနှင့် သွေးစည်းညီညွတ်ရေးကိုပြသည့် အနေနှင့်ရော သပိတ်မှောက်ခဲ့ကြပြီး၊ တခြားခရိုင်များသို့ ပျံ့နှံ့သွား သည်။

ဇူလိုင် ၃ ရက်နေ့၌ စိန့်ပီတာစဘတ် ပြူတီလော့ဗ်လုပ်ငန်း၌ ဘာကူးသပိတ်နှင့် ဆက်စပ်ပြီး အစည်းအဝေးတရပ် ကျင်းပခဲ့သည်။ ပုလိပ်များက အလုပ်သမားများကို ပစ်ခတ်ခဲ့သည်။ စိန့်ပီတာစဘတ်ပစ္စည်းမဲ့များသည် အလွန်အမင်းဒေါသထွက်ခဲ့ကြသည်။ ဇူလိုင် ၄ ရက်နေ့ စိန့်ပီတာစဘတ် ပါတီကော်မတီ၏ လှုံ့ဆော်ချက်အရ စိန့်ပီတာစဘတ် အလုပ်သမား ၉၀,၀၀၀ သည် ကန့်ကွက်သော အနေဖြင့် အလုပ်မလုပ်ပဲနေကြပြီး၊ ဇူလိုင် ၇ ရက်တွင် ၁၃၀,၀၀၀ ဖြစ်လာကာ၊ ဇူလိုင် ၈ ရက်တွင် ၁၅၀,၀၀၀ ဖြစ်လာပြီး၊ ဇူလိုင် ၁၁ ရက်တွင် ၂၀၀,၀၀၀ ဖြစ်လာသည်။

မငြိမ်မသက်အုံကြွမှုများသည် အလုပ်ရုံများအားလုံးသို့ ပျံ့နှံ့သွားပြီး၊ နေရာတကာတွင် အစည်းအဝေးများ၊ ဆန္ဒပြပွဲများကျင်းပကြသည်။ အလုပ်သမားများသည် ခံကတုတ်၊ အတားအဆီးများတောင် စတင်ပြုလုပ်ကြသည်။ ဘာကူးနှင့် လော့ဒ်စ်တွင်လည်း ခံကတုတ်များ ပြုလုပ်လာကြ သည်။ နေရာ အတော်များများတွင် ပုလိပ်များက အလုပ်သမားများကို ပစ်ခတ်ကြသည်။ အစိုးရက လှုပ်ရှားမှုကို ဖိနှိပ်ရန် “အရေးပေါ်အမိန့်” ကြေညာပြီး၊ မြို့တော်ကို လက်နက်ကိုင်စခန်းအဖြစ် ပြောင်းလဲလိုက်သည်။ “ပရာဗဒါ” ကိုပိတ်ပစ်လိုက်သည်။

သို့သော် ထိုအချိန် နိုင်ငံတကာ အချက်သစ်တရပ် ပေါ်ပေါက်လာသည်။ ဤသည်မှာ အဖြစ်အပျက် တစုံလုံးကို ပြောင်းလဲစေမည့် နယ်ချဲ့စစ်ပွဲပင်တည်း။ ဇူလိုင်လ တော်လှန်ရေး ဖြစ်ပေါ်တိုးပွားမှုအတွင်း ပြင်သစ်သမ္မတ ပွိုင်ကဲယား (Poincare) သည် မကြာခင်စတင်တော့မည် စစ်ပွဲအကြောင်းကို ဇာဘုရင်နှင့် ဆွေးနွေးတိုင်ပင်ရန် စိန့်ပီတာစဘတ်သို့ ရောက်လာသည်။ နောက်ရက် အချို့အတွင်း ဂျာမနီသည် ရုရှားကို စစ်ကြေညာလိုက်သည်။ ဇာဘုရင်စိုးရသည် ဘော်ရှီဗစ်အဖွဲ့အစည်းများကို ချေမှုန်းရန်နှင့် အလုပ်သမားလူတန်းစားလှုပ်ရှားမှုကို ဖြိုဖျက်ရန် စစ်ပွဲအခွင့်အကောင်းကို ယူလိုက်သည်။

တော်လှန်ရေးရှေ့တက်မှုကို ကမ္ဘာစစ်က ဖြတ်တောက်လိုက်ပြီး၊ ဇာဘုရင်အစိုးရသည် စစ်ပွဲအတွင်း တော်လှန်ရေးမှ လွတ်မြောက်ရေးရသွားသည်။

## အကျဉ်းချုပ်

တော်လှန်ရေးဒီရေမြင့်ကာလအတွင်း ၁၉၁၂–၁၄ ဘော်ရှီဗစ်ပါတီသည် အလုပ်သမား လုတန်းစားလှုပ်ရှားမှုကို ဦးဆောင်ပြီး၊ ဘော်ရှီဗစ်ကြွေးကြော်သံများအောက်တွင် တော်လှန်ရေးသစ်တရပ် ဆီသို့ ခေါင်းဆောင်ခဲ့သည်။ ပါတီသည် တရားမဝင်လုပ်ငန်းနှင့် တရားဝင်လုပ်ငန်းကို ကျွမ်းကျင်စွာ ပေါင်းစပ်ခဲ့သည်။ ဖျက်သိမ်းရေးဝါဒီများနှင့် ၎င်းတို့၏ မိတ်ဆွေများဖြစ်သော ထရော့စကီဝါဒီများနှင့် အော့ဇိုဗစ်များ၏ ခုံခံမှုကို ချေမှုန်းရင်း ပါတီသည် တရားဝင် လှုပ်ရှားမှုသဏ္ဌာန်အားလုံးတွင် ခေါင်းဆောင်မှုကို ရရှိခဲ့ပြီး၊ တရားဝင် တည်ရှိဆဲအဖွဲ့အစည်းများကို ပါတီတော်လှန်ရေးလုပ်ငန်း၏ အခြေခံ စခန်းများအဖြစ် ပြောင်းလဲစေခဲ့သည်။

အလုပ်သမားလှုပ်ရှားမှုအတွင်း အလုပ်သမားလုတန်းစား၏ ရန်သူများနှင့် ၎င်းတို့၏ သူလျှိုများကို တိုက်ပွဲဆင်ရင်း၊ ပါတီသည် မိမိတို့အချင်းချင်းအကြား ပိုမိုသိပ်သည်းခိုင်မာ ကျစ်လစ်စေကာ အလုပ်သမားလုတန်းစားနှင့် ဆက်သွယ်မှုကို ပိုမို တိုးချဲ့နိုင်ခဲ့သည်။ ဒူးမားကို တော်လှန်ရေး လှုံ့ဆော်ရာ စင်မြင့်အဖြစ် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုပြီး၊ အလွန်တန်းဖိုးရှိလှသည့် လူထု အလုပ် သမားသတင်းစာ “ပရာဗဒါ”ကို တည်ထောင်ကာ ပါတီသည် တော်လှန်ရေး အလုပ်သမား မျိုး ဆက်သစ် ပရာဗဒါဝါဒီများကို လေ့ကျင့်မွေးမြူပေးသည်။ နယ်ချဲ့စစ်ပွဲကာလအတွင်း ဤ အလုပ် သမားအစိတ်အပိုင်းသည် နိုင်ငံတာကာဝါဒနှင့် ပစ္စည်းမဲ့တော်လှန်ရေးအလံအပေါ် သစ္စာရှိခဲ့ကြသည်။ သူတို့သည် နောက်ပိုင်းတွင် ၁၉၁၇ ခု အောက်တိုဘာ တော်လှန်ရေးအတွင်း ဘော်ရှီဗစ်ပါတီ၏ ဗဟို မဏ္ဍိုင်ဖြစ်သည်။

နယ်ချဲ့စစ်ပွဲ အကြိုကာလတွင် ပါတီသည် ၎င်း၏ တော်လှန်ရေးလုပ်ငန်းများတွင် အလုပ်သမား လုတန်းစားကို ခေါင်းဆောင်ခဲ့သည်။ ၎င်းတို့သည် တပ်ဦးလှုပ်ရှားမှုများဖြစ်ကာ နယ်ချဲ့ စစ်ပွဲ၏ ဖြတ် တောက်ခြင်းခံလိုက်ရသော်လည်း၊ နောက် ၃ နှစ်အကြာတွင် ဇာဘုရင်စနစ် ချေမှုန်းရေးတွင် ပြန်လည် ပေါ်ပေါက်လာသည်။ ဘော်ရှီဗစ်ပါတီသည် ပစ္စည်းမဲ့နိုင်ငံတကာအလံကိုလွှင့်ပြီး၊ နယ်ချဲ့စစ်ပွဲ၏ ခက်ခဲလှသောကာလကို ဝင်ရောက်ဖြတ်သန်းလာခဲ့သည်။

# အခန်း (၆)
# နယ်ချဲ့စစ်ပွဲကာလတွင်းမှ ဘော်ရှီဗစ်ပါတီ
# ရုရှားနိုင်ငံ ဒုတိယတော်လှန်ရေးကာလ (၁၉၁၄–၁၉၁၇၊ မတ်လ)

## ၁။ နယ်ချဲ့စစ်ပွဲ ပေါ်ပေါက်လာခြင်းနှင့် အကြောင်းရင်းများ။

၁၉၁၄ခု၊ ဇူလိုင် ၁၄ရက် (ပြက္ခဒိန်သစ် ၂၇)တွင် ဇာဘုရင်အစိုးရက အထွေထွေ စစ်ရေးပြင်ဆင်လှုံ့ဆော်သည့်အမိန့် ထုတ်ပြန်ခဲ့သည်။ ဇူလိုင် ၁၉ ရက် (ပြက္ခဒိန်သစ် ဩဂုတ် ၁ရက်) တွင် ဂျာမနီက ရုရှားကို စစ်ကြေညာလိုက်သည်။

ရုရှား စစ်ထဲဝင်လာပေပြီ။

စစ်ပွဲ တကယ်ပေါ်ပေါက်မလာမီ ကြာရှည်ကြာများကပင် ဘော်ရှီဗစ် လီနင်သည် ဤစစ်ပွဲမှာ မလွှဲမရှောင်သာကြောင်း ကြိုတင်မြင်ခဲ့သည်။ နိုင်ငံတကာ ဆိုရှယ်လစ်ကွန်ဂရက်များ၌ လီနင်က စစ်ပွဲဖြစ်ပေါ်လာမှုတွင် ဆိုရှယ်လစ်များ၏ တော်လှန်ရေးလမ်းစဉ် လုပ်ကိုင်ဆောင်ရွက်မှုကို ဆုံးဖြတ်ရန် ရည်ရွယ်ချက်ဖြင့် အကြံပေးချက်များတင်ပြခဲ့သည်။

လီနင်က စစ်ပွဲသည် အရင်းရှင်စနစ်နှင့် အပြိုင် မရှောင်လွှဲနိုင်ကြောင်း ထောက်ပြခဲ့သည်။ နိုင်ငံခြားနယ်မြေကို တိုက်ခိုက်သိမ်းပိုက်ခြင်း၊ ကိုလိုနီများကို လုယက်ဖျက်ဆီး တိုက်ခိုက်သိမ်းပိုက်ခြင်းများနှင့် ဈေးကွက်သစ်သိမ်းပိုက်ခြင်းများသည် အကြိမ်ပေါင်းများစွာပင် အရင်းရှင်နိုင်ငံများ၏ ဆင်နွှဲခဲ့သော အောင်ပွဲခံ စစ်ပွဲများ၏ အကြောင်းရင်းများဖြစ်ခဲ့ပြီး ဖြစ်သည်။ အရင်းရှင်နိုင်ငံများအတွက် စစ်ပွဲသည် အလုပ်သမားလူတန်းစားကို သွေးစုပ်အမြတ်ထုတ်မှု ကဲ့သို့သော အရာများအတွက် သဘာဝကျသည့် တရားဝင် အကြောင်းအချက်တရပ်ကဲ့သို့ ဖြစ်နေပေသည်။

စစ်ပွဲများသည် ၁၉ ရာစုအကုန်၊ ၂၀ရာစုအစ အရင်းရှင်စနစ်က ၎င်း၏ အမြင့်ဆုံးနှင့် နောက်ဆုံးအဆင့် နယ်ချဲ့စနစ်သို့ မုချဝင်ရောက်သွားချိန်တွင် အထူးသဖြင့် မရှောင်မလွှဲသာ ဖြစ်လာပါသည်။ နယ်ချဲ့စနစ်အောက်တွင် အင်အားကြီးသော အရင်းရှင်အစည်းအရုံးများ (လက်ဝါးကြီးအုပ်များ Monoplies) နှင့် ဘဏ်တိုက်များသည် အရင်းရှင်နိုင်ငံများ၏ဘဝတွင် လွှမ်းမိုးသည့် အဆင့်နေရာသို့ ရောက်ရှိလာသည်။ ဘဏ္ဍာအရင်းအနှီးသည် အရင်းရှင်နိုင်ငံများ၏ အရှင်သခင် ဖြစ်လာသည်။ ဘဏ္ဍာရေး အရင်းအနှီးက ဈေးကွက်သစ်များ၏ ကိုလိုနီများသိမ်းပိုက်ရေး၊ အရင်းအနှီးတင်ပို့ရန် နယ်ပယ်သစ်များ၊ ကုန်ကြမ်းပစ္စည်းများလာရာ ရေသောက်မြစ်များကို တောင်းဆိုလိုက်ပါသည်။

သို့သော် ၁၉ ရာစုကုန်ခါနီးတွင် ကမ္ဘာမြေပြင်တခုလုံးကို အရင်းရှင်နိုင်ငံများအကြား ခွဲဝေထားပြီး ဖြစ်ပါသည်။ သို့ သော် နယ်ချဲ့စနစ်ခေတ်အခါတွင် အရင်းရှင်စနစ်ဖြစ်ပေါ်တိုးပွားမှုသည် အလွန်အမင်း မညီမညာဖြစ်ကာ ခုန်ပျံခြင်းများနှင့် တိုးတက်နေပါသည်။ ယခင်က ရှေ့ဆုံးတန်းတွင်ရှိခဲ့သော တချို့ နိုင်ငံတို့၏ စက်မှုလုပ်ငန်းတိုးတက်မှုမှာ ယခုအခါ၌ နှိုင်းယှဉ်ချက်အရ နှေးကွေးသွားပြီး၊ ယခင်က နောက်ကျခဲ့သည့် တခြားနိုင်ငံများသည် အလွန်လျင်မြန်စွာဖြင့် ၎င်းတို့ကို ကျော်တက်အနိုင်ယူသွားကြသည်။ နယ်ချဲ့နိုင်ငံများ၏ စီးပွားရေးနှင့် စစ်ရေးအင်အား အချိုးအစား နှိုင်းယှဉ်မှုများတွင် အပြောင်းအလဲများ ဖြစ်ပေါ် လျက်ရှိသည်။ ထိုမှ ကမ္ဘာကြီးအား ပြန်လည်ခွဲဝေရန် ကြိုးပမ်းအားထုတ်မှု ပေါ်ပေါက်လာပြီး၊ ဤပြန်လည်ခွဲဝေရေးတိုက်ပွဲက နယ်ချဲ့စစ်ပွဲကို မလွဲမရှောင်သာ ဖြစ်စေလိုက်ပါသည်။ ၁၉၁၄ ခု စစ်ပွဲသည် ကမ္ဘာကြီးတွင် ဩဇာလွှမ်းမိုးရာနယ်ပယ်များ ပြန်လည်ခွဲဝေရန်အတွက်ဖြစ်သော စစ်ပွဲဖြစ်သည်။ နယ်ချဲ့နိုင်ငံများအားလုံး ဤအတွက်ပြင်ဆင်နေခဲ့သည်မှာ ကြာပေပြီ။ နိုင်ငံအားလုံးမှ နယ်ချဲ့သမားများသည် ဤစစ်ပွဲအတွက် တာဝန်ရှိကြသည်။

သို့သော် အထူးသဖြင့် ဤစစ်ပွဲအတွက် ပြင်ဆင်သူများမှာ တဖက်တွင် ဂျာမနီနှင့် ဩစတြီးယားဖြစ်ပြီး၊ တဖက်တွင် ပြင်သစ်၊ အင်္ဂလိပ်နှင့်ရုရှားတို့ဖြစ်သည်။ ရုရှားမှာ ပြင်သစ်နှင့် အင်္ဂလိပ်အပေါ် မှီခိုရသူဖြစ်သည်။ အင်္ဂလိပ်၊ ပြင်သစ်၊ ရုရှား၊ မဟာမိတ်တို့၏ ၃ နိုင်ငံစာချုပ်ကို ၁၉၀၇ ခုတွင် ချုပ်ဆိုခဲ့သည်။ ဂျာမနီ၊ ဩစတြီးယား၊ ဟန်ဂေရီနှင့် အီတလီတို့သည် တခြားနယ်ချဲ့ မဟာမိတ်အဖွဲ့ ဖွဲ့လိုက်သည်။ သို့သော် ၁၉၁၄ ခု စစ်ပွဲဖြစ်ပေါ်လာချိန်တွင် အီတလီသည် ၎င်းမဟာမိတ်အဖွဲ့မှ ထွက်ပြီး၊ နောက်ပိုင်းတွင် သုံးနိုင်ငံနှင့် လာပေါင်းသည်။ ဂျာမနီ၊ ဩစတြီးယား၊ ဟန်ဂေရီကို ဘူလ်ဂေးရီးယားနှင့် တူရကီတို့က ထောက်ခံအားပေးသည်။

ဂျာမနီသည် အင်္ဂလိပ်နှင့် ပြင်သစ်တို့ထံမှ ကိုလိုနီများ၊ ရုရှားထံမှ ယူကရိန်း၊ ပိုလန်နှင့် ဘောလ်တစ်ပြည်နယ်များကို လုယူရန်ပုံစံဖြင့် နယ်ချဲ့စစ်ပွဲကို ပြင်ဆင်ခဲ့သည်။ ဘဂ္ဂဒက်မီးရထားလမ်းကို တည်ဆောက်ခြင်းဖြင့် ဂျာမနီသည် အရှေ့အရပ်ရှိ အင်္ဂလိပ်တို့၏ စိုးမိုးမှုကို ခြိမ်းခြောက်ခဲ့သည်။ ဗြိတိသျှ အင်္ဂလိပ်တို့သည် ဂျာမနီ၏ ရေတပ်အင်အားကြီးထွားလာမှုကို ကြောက်ရွံ့လာပေသည်။

ဇာဘုရင် ရုရှားက တူရကီကိုခွဲဝေယူရန် ကွန်စတင်တီနိုပဲလ်နှင့် ပင်လယ်နက်မှ မြေထဲပင်လယ်သို့ သွားသည့် ရေလက်ကြား (the Dardanell2es) ကိုရရန် စိတ်ကူးယဉ်ခဲ့ကြသည်။ ဇာဘုရင့် အစိုးရ၏ စီမံကိန်းတွင် ဩစတြီးယား – ဟန်ဂေရီ အစိတ်အပိုင်းတခုဖြစ်သည့် ဂေလီရှားကို သိမ်း ပိုက်ရန်လည်း ပါဝင်နေပေသည်။

ဂရိတ်ဗြိတိန်သည် စစ်ပွဲနည်းနာဖြင့် ၎င်း၏ အန္တရာယ်ကြီးလှသောပြိုင်ဘက် ဂျာမနီကိုချေမှုန်းရန် ကြိုးပမ်းလာသည်။ စစ်ပွဲမတိုင်မီက ဂျာမနီ၏ ကုန်ပစ္စည်းများသည် ဗြိတိသျှကုန်ပစ္စည်းများကို ကမ္ဘာ့စျေးကွက်မှ တဖြည်းဖြည်း တွန်းထုတ်ပစ်ခဲ့သည်။ ထို့အပြင် ဂရိတ်ဗြိတိန်သည် တူရကီထံမှ မက်ဆိုပိုတေးမီးယားနှင့် ပါလက်စတိုင်းကို သိမ်းယူရန်နှင့် အီဂျစ်၌ ခိုင်မာသည့် အခြေခံရရန် ရည်ရွယ်ခဲ့သည်။

ပြင်သစ်အရင်းရှင်များသည် ဂျာမနီထံမှ ကြွယ်ဝလှသောကျောက်မီးသွေးနှင့် သံရိုင်းဒေသ နှစ်ခုဖြစ်သည့် ဆာဘာဆင်နှင့် အာလ်ဆက် – လော်ရိမ်းဒေသများကို သိမ်းယူနိုင်ရန် ကြိုးစားလာပြီး လောရိမ်းမှာ ၁၈၇၀–၇၁ စစ်တွင်းက ပြင်သစ်ထံမှ ဂျာမနီက သိမ်းယူသွားခြင်းဖြစ်သည်။

ဤနည်းဖြင့် နယ်ချဲ့စစ်ပွဲသည် အရင်းရှင်နိုင်ငံများ၏ အုပ်စုနှစ်ခုအကြား နက်ရှိုင်းလှသော ပဋိပက္ခများကြောင့် ဖြစ်ပွားလာခဲ့ရသည်။

ကမ္ဘာကြီးကို ပြန်လည်ခွဲဝေရန်ဖြစ်သည့် ဤလောဘဇောတိုက်သည့်စစ်ပွဲကြီးသည် နယ်ချဲ့နိုင်ငံအားလုံး၏ အကျိုးစီးပွားများကို ထိခိုက်စေပြီး၊ ဂျပန်၊ အမေရိကန်နှင့် တခြားနိုင်ငံများလည်း အကျိုးဆက်အားဖြင့် နောက်ပိုင်းတွင် စစ်ပွဲသို့ ဆွဲသွင်းခံရပါသည်။

စစ်ပွဲသည် ကမ္ဘာ့စစ်ပွဲကြီး ဖြစ်လာပါပြီ။

နယ်ချဲ့စစ်ပွဲအတွက် ပြင်ဆင်မှုများကို ဓနရှင်များသည် ၎င်းပြည်သူများကို အထူးလျှို့ဝှက်ထားပါသည်။ စစ်ပွဲဖြစ်ပေါ်လာသည့်အခါ နယ်ချဲ့အစိုးရတိုင်းက ၎င်းတို့က အိမ်နီးနားချင်းများကို တိုက်ခိုက်ခြင်းမဟုတ်ဘဲ ၎င်းတို့ကသာ အိမ်းနီးနားချင်းများ၏ အတိုက်အခိုက်ခံရခြင်း ဖြစ်ကြောင်းကို သက်သေပြရန် အကြီးအကျယ် ကြိုးစားကြပါသည်။ ဓနရှင်များသည် စစ်ပွဲ၏ တကယ့်စစ်မှန်သည့် ရည်ရွယ်ချက်နှင့် ၎င်း၏ နယ်ချဲ့တိုးချဲ့ သိမ်းပိုက်လိုသည့်သဏ္ဌာန်ကို ဖုံးကွယ်ပြီး၊ ပြည်သူများကို လိမ်ညာခဲ့သည်။ နယ်ချဲ့အစိုးရတိုင်း မိမိနိုင်ငံကို ကာကွယ်ဖို့ စစ်ပွဲဆင်နွှဲရကြောင်း ကြေညာခဲ့ကြသည်။

ဒုတိယအင်တာနေရှင်နယ်မှ အချောင်သမားများသည် ပြည်သူများကို လိမ်ညာရန် ဓနရှင်များအားကူညီခဲ့သည်။ ဒုတိယ အင်တာနေရှင်နယ်မှ ဆိုရှယ်ဒီမိုကရက်များသည် ဆိုရှယ်လစ်စနစ် အရေးတော်ပုံ၊ ပစ္စည်းမဲ့များ၏ နိုင်ငံတကာ သွေးစည်း ညီညွတ်မှု အရေးတော်ပုံကို ယုတ်မာစွာ သစ္စာဖောက်ကြသည်။ စစ်ပွဲကိုဆန့်ကျင်ဖို့ဝေးစွ၊ စစ်ပွဲဖြစ်ပွားနေသည့် တိုင်းပြည်များရှိ အလုပ်သမားနှင့် လယ်သမားများကို အဖနိုင်ငံတော် ကာကွယ်ရန်ဆိုသည့် တောင်းဆိုချက်နှင့် တဦးနှင့်တဦး ရန်တိုက်လှုံ့ ဆော်ပေးရာတွင် ဓနရှင်များကို သူတို့ကကူညီခဲ့ကြသည်။

ရုရှားက မဟာမိတ်နိုင်ငံများ (Entente) ဘက်မှ ပြင်သစ်နှင့် ဂရိတ်ဗြိတိန်ဘက်မှ နယ်ချဲ့ စစ်ပွဲတွင်းဝင်ရောက်လာသည်မှာ မတော်တဆ တိုက်ဆိုင်မှုမဟုတ်ပါ။ ၁၉၁၄ ခုမတိုင်မီ ရုရှားစက်မှု လုပ်ငန်း၏ အရေးအကြီးဆုံးလုပ်ငန်းခွဲများမှာ အဓိကအားဖြင့် ပြင်သစ်၊ ဂရိတ်ဗြိတိန်နှင့် ဘယ်လ်ဂျီယံ စသည့် နိုင်ငံခြားအရင်းရှင်ကြီးများ၏ လက်ထဲတွင်ရှိသည်ကို သတိပြုရပါမည်။ ထိုနိုင်ငံများမှာ မဟာမိတ်စာချုပ်ဝင်နိုင်ငံများဖြစ်သည်။ ရုရှား၏ အရေးကြီးဆုံးသတ္တုလုပ်ငန်းမှာ ပြင်သစ်အရင်းရှင် များ၏ လက်တွင်ဖြစ်သည်။ အားလုံးထဲမှာ လေးပုံ သုံးပုံ (၇၂ ရာခိုင်နှုန်း) သော သတ္တုလုပ်ငန်းသည် နိုင်ငံခြားအရင်းအနှီးအပေါ် မှီခိုရသည်။ ဒိုနက်စ် ချိုင့်ဝှမ်းရှိ ကျောက်မီးသွေးလုပ်ငန်းမှာလည်း ထိုနည်းလည်းကောင်းပင် ဖြစ်သည်။ ဗြိတိသျှနှင့် ပြင်သစ် အရင်းအနှီးက ပိုင်ဆိုင်သည့် ရေနံမြေမှာ တိုင်းပြည်

ရေနံထွက်၏ ထက်ဝက်နီးပါးမျှဖြစ်သည်။ ရုရှားစက်မှုလုပ်ငန်းမှ အမြတ်တော်တော်များများသည် အဓိက ပြင်သစ်နှင့် အင်္ဂလိပ်စသည့် နိုင်ငံခြားဘဏ်များထဲသို့ စီးဝင်သွားခဲ့သည်။ ပြင်သစ်နှင့် ဗြိတိ သျှတို့ထံမှ ဇာဘုရင်က ချေးငွေအဖြစ် ယူထားသည့် သန်းထောင်ပေါင်းများစွာနှင့် ဒီအခြေအနေ အားလုံးက ဇာဘုရင်စနစ်ကို ဗြိတိသျှနှင့် ပြင်သစ်နယ်ချဲ့စနစ်နှင့် တတွဲတည်း ချည်နှောင်လိုက်ပြီး၊ ရုရှားကို ထိုနိုင်ငံများ၏ လက်အောက်ခံ၊ ကိုလိုနီတပိုင်းနိုင်ငံဘဝသို့ ရောက်ရှိစေလိုက်သည်။

ရုရှားဓနရှင်များက ၎င်းတို့၏အခြေအနေများ တိုးတက်ကောင်းမွန်လာစေရန် ရည်ရွယ်ချက်နှင့် စစ်ပွဲတွင်းဝင်ရောက် ခဲ့ခြင်းဖြစ်သည်။ ဈေးကွက်သစ်များရရန်၊ စစ်ပွဲကန်ထရိုက်များမှ ကြီးမားသည့် အမြတ်အစွန်းများရရန်၊ တချိန်တည်းမှာ စစ်ပွဲအခြေအနေကို အခွင့်ကောင်းယူပြီး တော်လှန်ရေးလှုပ် ရှားမှုကို ချေမှုန်းရန်တို့ဖြစ်သည်။

ဇာဘုရင် ရုရှားနိုင်ငံသည် စစ်ပွဲအတွက် အဆင်သင့်မဖြစ်ချေ။ ရုရှား စက်မှုလုပ်ငန်းသည် တ ခြားအရင်းရှင်နိုင်ငံများထက် အလွန်နောက်ကျနေပါသည်။ ဟောင်းနွမ်းနေသည့် စက်ယန္တရားများ နှင့် ခေတ်မမီတော့သော စက်ရုံအလုပ်ရုံများသာ ဖြစ်ပါသည်။ ကျေးကျွန်တပိုင်းစနစ်အပေါ် အခြေခံ သည့် မြေယာပိုင်ဆိုင်မှုစနစ် တည်ရှိနေမှုနှင့် ဆင်းရဲမွဲတေနေသော လယ်သမားထု အများအပြားတို့ ကြောင့် လယ်ယာလုပ်ငန်းသည်လည်း ရေရှည်စစ်ပွဲအတွက် ခိုင်မာသည့် စီးပွားရေးအခြေခံမဖြစ် နိုင်ပေ။

ဇာဘုရင်၏ အဓိက အားကိုးအားထားမှာ ပဒေသရာဇ်မြေရှင်ကြီးများ ဖြစ်ပါသည်။ ဘလက် ဟန်ဒရက် မြေရှင်ကြီးများသည် ဓနရှင်ကြီးများနှင့် မဟာမိတ်ဖွဲ့၍ တိုင်းပြည်နှင့် နိုင်ငံတော်ဒူးမားကို လွှမ်းမိုးထားသည်။ သူတို့သည် ဇာဘုရင်၏ ပြည်တွင်းပြည်ပပေါ်လစီများကို အပြည့်အဝ ထောက် ခံကြသည်။ ရုရှားနယ်ချဲ့ဓနရှင်များသည် ဇာဘုရင် သက်ဦးဆံပိုင်စနစ်အပေါ် မျှော်လင့်ချက်များ စုပုံ ထားကာ၊ ၎င်းတဖက်တွင် ဈေးကွက်သစ်များ၊ နယ်မြေသစ်များကို ရရှိစေနိုင်ပြီး၊ တဖက်တွင်လည်း အလုပ်သမား၊ လယ်သမားများ၏ တော်လှန်ရေးလှုပ်ရှားမှုများကို ချေမှုန်းနိုင်ပေလိမ့်မည်။

လစ်ဘရယ်ဓနရှင်များ၏ ပါတီ ဖွဲ့စည်းအုပ်ချုပ်ပုံ ဒီမိုကရက်ပါတီသည် အတိုက်အခံ ဟန်ထုတ် လိုက်သော်လည်း၊ ဇာဘုရင်အစိုးရ၏ နိုင်ငံခြားပေါ်လစီကို ပြောင်ပြောင်ပင် ထောက်ခံလိုက်သည်။

စစ်ပွဲစစချင်း၊ ဓနရှင်ပေါက်စပါတီများ ဆိုရှယ်လစ်တော်လှန်ရေးသမားများနှင့် မင်ရှီဗစ်များ သည် ဆိုရှယ်လစ်အလံကို ကန့်လန့်ကာအဖြစ် အသုံးပြုကာ စစ်ပွဲ၏ နယ်ချဲ့ လုယက်သိမ်းပိုက်သည့် လက္ခဏာကို ဖုံးကွယ်ပြီး၊ ပြည်သူကိုလိမ်လည်ရာတွင် ဓနရှင်များကို ကူညီခဲ့သည်။ သူတို့က ဓနရှင် "အဖနိုင်ငံ"ကို "ပရပ်ရှားခေးပြမျှား"ဘေးမှ ကာကွယ်ထိန်းသိမ်းရန် လိုအပ်ကြောင်း ဟောပြောကြပြီး၊ "ပြည်တွင်း ငြိမ်ချမ်းရေး"ပေါ်လစီကို ထောက်ခံကာ၊ ဤနည်းဖြင့် ရုရှား ဇာဘုရင်အစိုးရ စစ်ပွဲဝင်နိုင် ရန် ကူညီခဲ့သည်။ ဂျာမန် ဆိုရှယ်ဒီမိုကရက်များက ဂျာမန် ကိုင်ဇာအစိုးရကို "ရုရှားခေးပြမျှား"အား စစ်ပြုနိုင်ရန် ကူညီသကဲ့သို့ပင်ဖြစ်သည်။

ဘော်ရှီဗစ်ပါတီ တခုတည်းသာလျှင် ကြီးမြတ်သည့် တော်လှန်သော နိုင်ငံတကာ့ဝါဒ အရေး တော်ပုံအပေါ် သစ္စာစောင့်သိကျန်ရစ်ပြီး၊ ဇာဘုရင့် သက်ဦးဆံပိုင်စနစ်ကို ဆန့်ကျင်သည့်၊ မြေရှင်နှင့် အရင်းရှင်များကို ဆန့်ကျင်သည့်၊ နယ်ချဲ့စစ်ပွဲကို ဆန့်ကျင်သည့်၊ ကြံ့ခိုင်ပြတ်သားသည့် တိုက်ပွဲ၏ မာ့က်စ်ဝါဒ အနေအထားကို ခိုင်မာစွာ စွဲကိုင်ထားပါသည်။

စစ်ပွဲစစချင်း ဘော်ရှီဗစ်ပါတီက ဤစစ်ပွဲစတင်ခဲ့ခြင်းမှာ တိုင်းပြည်ကာကွယ်ဖို့မဟုတ်ပဲ၊ နိုင်ငံခြား နယ်မြေများကို သိမ်းပိုက်ဖို့၊ မြေရှင်များနှင့် အရင်းရှင်များ၏ အကျိုးစီးပွားအတွက် နိုင်ငံခြား တိုင်းပြည်များကို လုယက်ဖျက်ဆီးဖို့၊ အလုပ်သမားများက ဒီစစ်ပွဲအပေါ် ပိုင်းဖြတ်ချက်ရှိရှိ တိုက်ပွဲဝင်ရန် ဆော်ဩခဲ့သည်။ အလုပ်သမားလူတန်းစားက ဘော်ရှီဗစ်ပါတီကို ထောက်ခံခဲ့သည်။

အမှန်ပါဘဲ၊ စစ်ပွဲအစောပိုင်းတွင် ပညာတတ်များနှင့် လယ်သမားထဲမှ ကူးလတ်အစိတ်အပိုင်းများက ဓနရှင်တယူသန်မျိုးချစ်ဝါဒကို ဖော်ပြခဲ့ပြီး၊ ၎င်းတို့က အလုပ်သမား အစိတ်အပိုင်းအချို့သို့ ကူးစက်ခဲ့ပါသည်။ သို့သော် ဤသူများမှာ "ရုရှားပြည်သူ့အဖွဲ့ချုပ်မှ" အဖွဲ့ဝင် လူပေလူတေများ ဖြစ်ပြီး၊ တချို့မှာ ဆိုရှယ်လစ်တော်လှန်ရေးသမားများနှင့် မင်ရှီဗစ်ဩဇာများ လွှမ်းမိုးခံနေရသည့် အလုပ်သမားအချို့ဖြစ်သည်။ သဘာဝကျစွာပဲ သူတို့တတွေဟာ အလုပ်သမားလူတန်းစားရဲ့ ခံစားချက်များကို ကိုယ်စားလည်းမပြုဘူး။ ကိုယ်စားလည်းမပြုနိုင်ပါဘူး။ စစ်ပွဲအစောပိုင်း နေ့ရက် များအတွင်း ဇာဘုရင်အစိုးရက ဖန်တီးခဲ့တဲ့ ဓနရှင်များရဲ့ မျိုးချစ်ဆန္ဒပြပွဲများမှာ ပါဝင်ခဲ့သူများဟာ ဤအစိတ်အပိုင်းများ ဖြစ်ပါသည်။

## ၂။ ဒုတိယအင်တာနေရှင်နယ်မှ ပါတီများ၊ ၎င်းတို့၏နယ်ချဲ့အစိုးရများနှင့် ပူးပေါင်းသွားခြင်း၊ သီးခြားဆိုရှယ်ရှော်ဗင်ပါတီများအဖြစ်သို့ ဒုတိယအင်တာနေရှင်နယ် ပျက်ပြုန်းသွားခြင်း

လီနင်က ဒုတိယအင်တာနေရှင်နယ်၏ အချောင်ဝါဒနှင့် ၎င်းခေါင်းဆောင်များ၏ ယိမ်းယိုင်သည့် သဘောထားများအပေါ် မကြာခဏ သတိပေးခဲ့ပါသည်။ ဒုတိယအင်တာနေရှင်နယ် ခေါင်းဆောင်များသည် စစ်ဆန့်ကျင်ရေးကို ပါးစပ်ကသာ ပြောနေကြပြီး၊ စစ်ဖြစ်လာပါက ၎င်းတို့ သဘောထားများကို ပြောင်းလဲပြီး၊ နယ်ချဲ့အရင်းရှင်များထံ ပြေးဝင်ကာ၊ စစ်ထောက်ခံသူများ ဖြစ်လာလိမ့်မည်ဟု လီနင်က အမြဲပြောကြားခဲ့သည်။ စစ်ပွဲ၏ ပထမရက်များ အတွင်းမှာပင် လီနင် ကြိုတင်ပြောဆိုခဲ့မှုများ မှန်ကန်ကြောင်း တွေ့လာရသည်။

၁၉၁၀ ဒုတိယ အင်တာနေရှင်နယ်၏ ကိုပင်ဟေဂင်ကွန်ဂရက်တွင် ပါလီမန်အတွင်းရှိ ဆိုရှယ်လစ်များသည် စစ်ပွဲအသုံးစားရိတ်များကို ဆန့်ကျင်မဲပေးရန် ဆုံးဖြတ်ခဲ့သည်။ ၁၉၁၂ ဘော်လ်ကင်စစ်ပွဲတွင် ဒုတိယ အင်တာနေရှင်နယ်၏ ဘာဆဲလ် (Basle) ကမ္ဘာ့ကွန်ဂရက်က နိုင်ငံအားလုံးရှိ အလုပ်သမားများသည် အရင်းရှင်များ၏ အမြတ်တိုးများစေရေးအတွက် တဦးနှင့်တဦး ပစ်ခတ်လျှင် ပြစ်မှုကျူးလွန်သည်ဟု သဘောထားမည်ဟု ကြေညာခဲ့သည်။ ဤသည်မှာ သူတို့ပြောခဲ့သည့် စကား၊ သူ့တို့ ဆုံးဖြတ်ချက်ထဲမှာ ကြွေးကြော်ခဲ့ချက်များ ဖြစ်ပါသည်။

သို့သော် မုန်တိုင်းကျရောက်ခဲ့ပြီး နယ်ချဲ့စစ်ပွဲကြီးပေါ်ပေါက်လာပြီးနောက် ဤဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရန် အချိန်ကျရောက်လာသည့်အခါ ဒုတိယအင်တာနေရှင်နယ်မှ ခေါင်းဆောင်များသည် ပစ္စည်းမဲ့များကို သစ္စာဖောက်ပြီး၊ ဓနရှင်များကို အကျိုးပြုသည့် သစ္စာဖောက်လောက်ကောင်များအဖြစ်သို့ ဆိုက်ရောက်သွားပါသည်။ သူတို့သည် စစ်ပွဲကို ထောက်ခံ သူများ ဖြစ်လာကြသည်။

၁၉၁၄ ဩဂုတ် ၄ ရက်နေ့တွင် ပါလီမန်ရှိ ဂျာမန် ဆိုရှယ်ဒီမိုကရက်များက စစ်သုံးစရိတ်အတွက် မဲပေးခဲ့ကြသည်။ သူတို့သည် နယ်ချဲ့စစ်ပွဲတွင် ထောက်ခံမဲပေးခဲ့ကြသည်။ ပြင်သစ်၊ ဂရိတ်ဗြိတိန်၊ ဘယ်လ်ဂျီယံနှင့် တခြားနိုင်ငံများရှိ ဆိုရှယ်လစ် အများစုကြီးသည်လည်း ထိုနည်းလည်းကောင်း လုပ်ခဲ့သည်။

ဒုတိယအင်တာနေရှင်နယ် ရပ်ဆိုင်းသွားခဲ့ပေပြီ။ အမှန်မှာမူ ၎င်းသည် တဦးနှင့်တဦး စစ်ပွဲဆင်နွှဲနေသည့် သီးခြား ဆိုရှယ်ရှော်ဗင်ပါတီများအဖြစ် ပြိုကွဲသွားခဲ့ခြင်းဖြစ်သည်။

ဆိုရှယ်လစ်ပါတီများ၏ ခေါင်းဆောင်များသည် ပစ္စည်းမဲ့များကို သစ္စာဖောက်ကာ၊ ဆိုရှယ်ရှော်ဗင်ဝါဒ အနေအထားကို လက်ခံကျင့်သုံးပြီး နယ်ချဲ့အရင်းရှင်များကို ကာကွယ်ခဲ့သည်။ သူတို့သည် နယ်ချဲ့အစိုးရများက အလုပ်သမားလူတန်းစားကို လိမ်ညာပြီး အမျိုးသားစိတ် အဆိပ်အတောက်သင့်အောင်လုပ်ရာ၌ ကူညီခဲ့သည်။ အဖနိုင်ငံကို ကာကွယ်ရန်ဆိုသည့် ကြွေးကြော်သံကိုအသုံးပြုပြီး ဤဆိုရှယ်သစ္စာဖောက်များသည် ပြင်သစ်အလုပ်သမားများကို ဆန့်ကျင်ရန် ဂျာမန်အလုပ်သမားများကို လှုံ့ဆော်ပြီး၊ ဂျာမန်အလုပ်သမားများကို ဆန့်ကျင်ရန် ပြင်သစ်နှင့် အင်္ဂလိပ် အလုပ်သမားများကို လှုံ့ဆော်ခဲ့ကြသည်။ ဒုတိယအင်တာနေရှင်နယ်မှ မထင်ရှားလှသည့် အနည်းစု ကသာ နိုင်ငံတကာဝါဒီအနေထားကို ထိန်းသိမ်းထားပြီး ရေစီးကိုဆန်ခဲ့ကြသည်။ အမှန်ပင် သူတို့သည် လုံလောက်သောယုံကြည်မှုနှင့် ပြတ်သားမှုမရှိခဲ့သော်လည်း ရေစီးကိုတော့ဆန်ခဲ့သည်။

ဘော်ရှီဗစ်ပါတီသာလျှင် အလျင်အမြန်ချက်ခြင်းနှင့် တွေဝေယိမ်းယိုင်ခြင်းမရှိဘဲ၊ နယ်ချဲ့စစ်ပွဲ ဆန့်ကျင်သည့် ပြတ်သားသောတိုက်ပွဲအလံ လွှင့်ခဲ့သည်။ ၁၉၁၄ ခု ဆောင်းဦးတွင် လီနင် ရေးသားခဲ့သော စစ်ပွဲစာတမ်း၌ ဒုတိယအင်တာနေရှင်နယ် ကျဆုံးမှုသည် မတော်တဆတိုက်ဆိုင်မှုမဟုတ် ဟု ထောက်ပြခဲ့သည်။ ဒုတိယအင်တာနေရှင်နယ်သည် အချောင်သမားများ၏ ဖျက်ဆီးဖြိုဖျက်ခြင်း ခံရပြီး၊ ၎င်းတို့အပေါ် တော်လှန်သည့် ပစ္စည်းမဲ့များ၏ ရှေ့တန်းအရောက်ဆုံး ကိုယ်စားလှယ်များက အတော်စောစောကပင် သတိပေးခဲ့ပြီး ဖြစ်သည်။

ဒုတိယအင်တာနေရှင်နယ်မှ ပါတီများအတွင်း စစ်ပွဲမတိုင်မီကပင် အချောင်ဝါဒက ကူးစက်ပြန့်ပွားနေပြီဖြစ်သည်။ အချောင်သမားများက တော်လှန်ရေးတိုက်ပွဲများကို စွန့်လွှတ်ရန် မြှောက်ပင့်ပြောဆိုနေပြီးဖြစ်သည်။ သူတို့က “အရင်းရှင်စနစ်မှ ဆိုရှယ်လစ်စနစ်သို့ ငြိမ်းချမ်းစွာကူးပြောင်းရေး”သဘောတရားကို ဟောပြောနေပြီးဖြစ်သည်။ ဒုတိယအင်တာနေရှင်နယ်သည် အချောင်ဝါဒကို တိုက်ခိုက်ချင်စိတ်မရှိပေ။ အချောင်ဝါဒနှင့် ငြိမ်းချမ်းစွာနေချင်ပြီး၊ ၎င်းကို ခိုင်မာစွာရပ်တည် လာနိုင်အောင်ခွင့်ပြုခဲ့သည်။ အချောင်ဝါဒနှင့် စေ့စပ်ရေးနောက်လိုက်ပြီးနောက်၊ ဒုတိယအင်တာနေရှင်နယ်သည် ၎င်းကိုယ်တိုင် အချောင်သမားဖြစ်လာခဲ့သည်။

အလုပ်သမား မင်းစိုးရာဇာများဟု ခေါ်ဆိုလေ့ရှိသည့် ကျွမ်းကျင်သည့်အလုပ်သမား အထက်လွှာကို နယ်ချဲ့ဓနရှင်များသည် မြင့်မားသည့် လစာငွေများနှင့် တခြားစားကြွင်းစားကျန်များဖြင့် စနစ်တကျ လာဘ်ထိုးခဲ့သည်။ ကိုလိုနီများမှလည်းကောင်း၊ ခေတ်နောက်ကျသည့် နိုင်ငံများကို သွေးစုပ်ခြင်းဖြင့်လည်းကောင်း၊ ရရှိခဲ့သော အမြတ်တစိတ်တပိုင်းကို ဤရည်ရွယ်ချက်အတွက် အသုံးပြုခဲ့ကြသည်။ ဤအလုပ်သမား အစိတ်အပိုင်းမှသည် အလုပ်သမားသမဂ္ဂနှင့် သမဝါယမအဖွဲ့ ခေါင်းဆောင်များ၊ မြူနီစပယ်နှင့် ပါလီမန်အဖွဲ့ဝင်များ၊ သတင်းစာဆရာများနှင့် ဆိုရှယ်ဒီမိုကရက်တစ် အဖွဲ့

အစည်းများမှ အမှုထမ်းအရာထမ်းများ ပေါ်ထွက်လာသည်။ စစ်ပွဲဖြစ်လာသောအခါ အဆင့်နေရာ ပျောက်ဆုံးသွားမည်ကို ကြောက်ရွံ့သည့် ဤသူများသည် တော်လှန်ရေး၏ ရန်သူများဖြစ်လာကာ သူတို့၏ ခနရှင်များ၊ သူတို့၏ နယ်ချဲ့အစိုးရများကို အတက်ကြွဆုံးကာကွယ်သူများဖြစ်လာ ကြပါ သည်။

အချောင်သမားများသည် ဆိုရှယ်ရှော်ဗင်ဝါဒီများ ဖြစ်လာကြသည်။

ရုရှား မင်ရှီဗစ်များနှင့် ဆိုရှယ်လစ် တော်လှန်ရေးသမားများလည်း ပါဝင်သည့် ဆိုရှယ်ရှော်ဗင် ဝါဒီများက ပြည်တွင်းတွင် အလုပ်သမားနှင့် ခနရှင်အကြား **လူတန်းစားပြေငြိမ်းရေး** ဖော်ဆောင်ပြီး၊ နိုင်ငံခြား တခြားလူမျိုးများအပေါ် စစ်ခင်းရန် ဟောပြောကြသည်။ သူတို့စစ်ပွဲအတွက် မည်သူ့တွင် တကယ် တာဝန်ရှိသည်ဆိုခြင်းကို လူထုမသိအောင် ဖုံးကွယ်လိမ်ညာပြီး၊ မိမိတို့နိုင်ငံ၏ ခနရှင်များကို အပြစ်တင်ရန် မဟုတ်ကြောင်းပြောဆိုကြသည်။ ဆိုရှယ်ရှော်ဗင်ဝါဒီ အများအပြားဟာ သူတို့နိုင်ငံ နယ်ချဲ့ အစိုးရများ၏ ဝန်ကြီးများ ဖြစ်လာကြသည်။

အလယ်အလတ်ဝါဒီများ (Centralist) ဟု ခေါ်ဆိုလေ့ရှိသည့် ပုန်းအောင်းနေသော ဆိုရှယ်ရှော် ဗင်ဝါဒီများထက် ပစ္စည်းမဲ့အရေးတော်ပုံအတွက် အန္တရာယ်ရှိသူမရှိပါ။ အလယ်အလတ်ဝါဒီများဖြစ် သော ကောက်စကီး (Kautsky)၊ ထရော့စကီ၊ မားတော့ဗ်နှင့် တခြားသူများသည် ပြောင် ဆိုရှယ် ရှော်ဗင်ဝါဒီများကို ကာကွယ်ခုခံပြောဆိုခြင်းဖြင့် ပစ္စည်းမဲ့များကို သစ္စာဖောက်ရာတွင် ဆိုရှယ်ရှော် ဗင်ဝါဒီများနှင့် ပူးပေါင်းလိုက်ပါသည်။ အလုပ်သမားလူတန်းစားကို လိမ်လည်ရန် ရွယ်ချက်ဖြင့် စစ်ပွဲကို ဆန့်ကျင်တိုက်ခိုက်ခြင်းနှင့် ပတ်သက်သည့် “လက်ဝဲဝါဒီ” ဟောပြောချက်များဖြင့် ၎င်းတို့ သစ္စာ ဖောက်မှုကို ဖုံးကွယ်ခဲ့သည်။ အမှန်မှာမူ အလယ်အလတ်ဝါဒီများသည် စစ်ပွဲကို ထောက်ခံခဲ့သည်။ စစ်ပွဲအသုံးစရိတ်ကို ဆန့်ကျင်မဲမပေးဘဲ၊ ပျက်ကွက်မဲပေးရန် သာဖြစ်သည့် ၎င်းတို့၏ ဆုံးဖြတ်ချက် သည် စစ်ပွဲကိုထောက်ခံခြင်းမည်ပေသည်။ ဆိုရှယ်ရှော်ဗင် ဝါဒီများကဲ့သို့ပင် စစ်ပွဲအတွင်း လူတန်း စားတိုက်ပွဲကို စွန့်လွှတ်ရန် သူတို့က တောင်းဆိုကြပြီး၊ သူတို့၏နယ်ချဲ့အစိုးရများ စစ်ပွဲဆင်နွှဲရာမှာ အနှောင့်အယှက် မဖြစ်စေရန် ဖြစ်ပေသည်။ အလယ်အလတ်ဝါဒီ ထရော့စကီသည် စစ်ပွဲနှင့် ဆိုရှယ် လစ်စနစ်၏ အရေးကြီးသည့်ပြဿနာအားလုံးတွင် လီနင်နှင့် ဘော်ရှီဗစ်ပါတီကို ဆန့်ကျင်ခဲ့သည်။

စစ်ပွဲစတင်သည်နှင့်အတူ လီနင်က အင်တာနေရှင်နယ်သစ်၊ တတိယအင်တာနေရှင်နယ်ကို ဖန်တီးတည်ထောင်ရန် အင်အားများကို စတင်စုစည်းခဲ့ပါသည်။ ၁၉၁၄ ခု၊ နိုဝင်ဘာတွင်ထုတ်ဝေသည့် စစ်ဆန့်ကျင်သည့် ကြေညာစာတမ်းတွင် ဘော်ရှီဗစ်ပါတီ ဗဟိုကော်မတီက အရှက်တကွဲ အကျိုး နည်း ကျဆုံးသွားသည့် ဒုတိယအင်တာနေရှင်နယ်နေရာတွင် တတိယအင်တာနေရှင်နယ် တည် ထောင်ရန် ဆော်ဩလိုက်ပြီးဖြစ်ပါသည်။

၁၉၁၅ ဖေဖော်ရီလတွင် မဟာမိတ်စာချုပ်ဝင်နိုင်ငံများမှ ဆိုရှယ်လစ်များ၏ ကွန်ဖရင့်ကို လန် ဒန်၌ ကျင်းပခဲ့သည်။ လီနင်၏ ညွှန်ကြားချက်အရ ရဲဘော်လစ်ဗီနော့ဗ် (Litvinov) က ကွန်ဖရင့်တွင် ဘယ်လ်ဂျီယံနှင့် ပြင်သစ်ခနရှင်အစိုးရအဖွဲ့မှ ဆိုရှယ်လစ်များ (ဗန်ဒါလ်ဗဲလ်ဒီး Vandervelde ၊ ဆဲမ်ဘတ် Sembat နှင့် ဂတ်စ်ဒီး Guesde) တို့ နုတ်ထွက်ပြီး နယ်ချဲ့သမားများနှင့် လုံးဝပြတ်စဲရန်နှင့် မပူးပေါင်းတော့ရန် ပြောဆိုခဲ့သည်။ သူက ဆိုရှယ်လစ်အားလုံးသည် သူတို့၏ နယ်ချဲ့အစိုးရ များကို ဆန့်ကျင်ပြီး ပြတ်သားသည့်တိုက်ပွဲ ဆင်နွှဲသင့်ကြောင်းနှင့် စစ်အသုံးစားရိတ်အတွက် မဲပေးခြင်းကို

ရှုတ်ချခဲ့သည်။ သို့ သော် ကွန်ဖရင့်တွင် လစ်ဗီနေ့ဗ်ကို ထောက်ခံသည့် အသံတစ်သံမှ ထွက်မလာချေ။

၁၉၁၅ ခု စက်တင်ဘာအစပိုင်းတွင် နိုင်ငံတကာဝါဒီများ၏ ပထမကွန်ဖရင့်ကို ဇင်မာဝဲလ် (Zimmerwald) ၌ ကျင်းပကြသည်။ လီနင်က ဤကွန်ဖရင့်ကို စစ်ဆန့်ကျင်သည့် နိုင်ငံတကာ ဖြစ်ပေါ်တိုးတက်မှု၏ "ပထမခြေလှမ်း"ဟုခေါ်ဆိုခဲ့သည်။ ဤကွန်ဖရင့်တွင် လီနင်က ဇင်မာဝဲလ် လက်ဝဲအုပ်စုကို ဖွဲ့စည်းခဲ့သည်။ သို့သော် ဇင်မာဝဲလ် လက်ဝဲအုပ်စုထဲမှာပင် လီနင်ဦး ဆောင်သည့် ဘော်ရှီဗစ်ပါတီသာလျှင် စစ်ဆန့်ကျင်သည့် မှန်ကန်ကုန်စင်ညီညွတ်သည့် အနေအထားနှင့် ရပ်တည်ခဲ့ သည်။ ဇင်မာဝဲလ် လက်ဝဲအုပ်စုက ဂျာမန်ဘာသာဖြင့် "ဆင့်ခေါ်သံ"(Herald) ကိုထုတ်ဝေပြီး၊ လီနင် က ဆောင်ပါးများပေးပို့ခဲ့သည်။

၁၉၁၆ ခုတွင် နိုင်ငံတကာဝါဒီများသည် ခဲန်သာလ် (Kienthal) ဆိုသည့် ဆွစ်ရွာလေးတရွာတွင် ဒုတိယကွန်ဖရင့်ကို ခေါ်ဆိုနိုင်ခဲ့သည်။ ၎င်းကို ဒုတိယ ဇင်မာဝဲလ်ကွန်ဖရင့်ဟု လူသိများခဲ့သည်။ ဤအချိန်တွင် နိုင်ငံတိုင်းနီပါး၌ နိုင်ငံတကာဝါဒီအစုများ တည်ထောင်ပြီးဖြစ်ကာ၊ နိုင်ငံတကာဝါဒီ အစိတ်အပိုင်းများနှင့် ဆိုရှယ်ရှော်ဗင်ဝါဒီများအကြား ကွဲအက်မှုသည် ပိုမို နက်ရှိုင်းလာသည်။ သို့သော် အရေးကြီးဆုံးအရာမှာ ဤအချိန်တွင် လူထုကိုယ်တိုင် စစ်ပွဲနှင့် ၎င်း၏အနိဋ္ဌာရုံဂယက်များကြောင့် လက်ဝဲအုပ်စုဘက်သို့ ပြောင်းလဲလာခဲ့သည်။ ခဲန်သာလ် ကွန်ဖရင့်တွင် ရေးဆွဲခဲ့သည့် ကြေညာစာတမ်းသည် ဆန့်ကျင်ဘက် အုပ်စုအမျိုးမျိုးအကြား ရရှိခဲ့သော သဘောတူညီချက်ရလဒ် ဖြစ်ပြီး၊ ၎င်းသည် ဇင်မာဝဲလ် ကြေညာစာတမ်းထက် ရှေ့တိုးတက်ခဲ့သည်။

သို့သော် ခဲန်သာလ်ကွန်ဖရင့်သည် ဇင်မာဝဲလ်ကွန်ဖရင့်ကဲ့သို့ပင် ဘော်ရှီဗစ်ပေါ်လစီ၏ အခြေခံမှုများဖြစ်သော နယ်ချဲ့စစ်ပွဲကို ပြည်တွင်းစစ်အဖြစ် ကူးပြောင်းရန်၊ စစ်ပွဲတွင် မိမိတို့၏ နယ်ချဲ့ အစိုးရ ရှုံးနိမ့်စေရန်၊ တတိယအင်တာနေရှင်နယ်တည်ထောင်ရန်ကို လက်မခံခဲ့ပါ။ မည်သို့ပင် ဆိုစေ၊ ခဲန်သာလ်ကွန်ဖရင့်သည် နောက်ပိုင်း ကွန်မြူနစ် တတိယအင်တာနေရှင်နယ် ထူထောင်လာမည့် နိုင်ငံတကာဝါဒီ အစိတ်အပိုင်းများကို ကူညီစုစည်းပေးခဲ့ပါသည်။

လီနင်သည် လက်ဝဲဆိုရှယ်ဒီမိုကရက်များထဲမှ မခိုင်မြဲသည့် နိုင်ငံတကာဝါဒီများ ဥပမာ – ရိုဇာလူဇင်ဘတ် (Rosa Luxemburg) နှင့် ကားလ်လစ်ဘ်နက် (Karl Liebknecht) တို့၏ အမှားများကို ဝေဖန်သော်လည်း တချိန်တည်းမှာလည်း မှန်ကန်သည့် အနေအထားရရှိရန်၊ ကူညီခဲ့သည်။

## ၃။ စစ်၊ ငြိမ်းချမ်းရေးနှင့် တော်လှန်ရေးပြဿနာများအပေါ် ဘော်ရှီဗစ်ပါတီ၏ သဘောတရားနှင့် နည်းပရိယာယ်များ

ဘော်ရှီဗစ်များသည် လက်ဝဲ ဆိုရှယ်ဒီမိုကရက်အများစု ပြုလုပ်နေသကဲ့သို့ ငြိမ်းချမ်းရေးကိုသာ မျှော်မှန်းတမ်းတနေပြီး၊ ငြိမ်းချမ်းရေးအတွက် ဝါဒဖြန့်ချီရေးကိုသာ လုပ်ကိုင်နေသည့် ငြိမ်းချမ်းရေးဝါဒီသက်သက်မျှသာမဟုတ်ပါ။ ဘော်ရှီဗစ်များသည် ရန်မူသော ခရှင်နယ်ချဲ့တို့၏ အုပ်စိုးမှုကို တွန်းလှန်ဖြိုချသည့်အဆင့်ထိရောက်ပြီး၊ ငြိမ်းချမ်းရေးအတွက် တက်ကြွသော တော်လှန်ရေးတိုက်ပွဲကို ထောက်ခံအားပေးသူများဖြစ်သည်။ ဘော်ရှီဗစ်များမှာ ငြိမ်းချမ်းရေးအရေးတော်ပုံနှင့် ပစ္စည်းမဲ့တော်လှန်ရေး

အောင်ပွဲအရေးတော်ပုံနှင့် ဆက်စပ်လိုက်ပြီး စစ်ပွဲအဆုံးသတ်ကာ၊ တိုးချဲ့သိမ်းပိုက်ခြင်းနှင့် စစ်လျော်ကြေးများမရှိသည့် ငြိမ်းချမ်းရေး၊ တရားမျှတရေးရရှိရေးအတွက် အသေချာဆုံးလမ်းမှာ နယ်ချဲ့ခေ ရှင်များ၏ အုပ်စိုးမှုကို တွန်းလှန်ဖယ်ရှားရန်ဖြစ်ကြောင်း ကိုင်စွဲထားခဲ့သည်။

မင်ရှီဗစ်များနှင့် ဆိုရှယ်လစ်တော်လှန်ရေးသမားများ၏ တော်လှန်ရေးကို စွန့်လွှတ်ရန်နှင့် သူတို့၏စစ်ပွဲအတွင်း **"ပြည်တွင်းစစ်"**ထိန်းသိမ်းရန်ဆိုသည့် သစ္စာဖောက် ကြွေးကြော်သံကို ဆန့်ကျင်ပြီး၊ ဘော်ရှီဗစ်များက **"နယ်ချဲ့စစ်ပွဲကို ပြည်တွင်းစစ်အဖြစ် ပြောင်းလဲပစ်ရန်"**ဆိုသည့် ကြွေးကြော်သံ ကို တင်ခဲ့သည်။ ဤကြွေးကြော်သံကဆိုလိုသည်မှာ စစ်ယူနစ်ဖောင်းဝတ်ဆင် ထားသည့် လက်နက်ကိုင် အလုပ်သမား၊ လယ်သမားများ အပါအဝင် လုပ်သားလူထုကြီးသည် စစ်ပွဲအဆုံးသတ်ပြီး၊ တရားမျှတသည့် ငြိမ်းချမ်းရေးကိုရလိုပါက လက်နက်ကို မိမိတို့ခေရှင်များဘက်လှည့်ပြီး၊ ၎င်းတို့၏ အုပ်စိုးမှုကို ဖယ်ရှားတွန်းလှန်ရန် ဖြစ်ပေသည်။

ဘော်ရှီဗစ်များသည် မင်ရှီဗစ်များနှင့် ဆိုရှယ်လစ် တော်လှန်ရေးသမားများ၏ ခေရှင်အဖနိုင်ငံကာကွယ်ရေးပေါ်လစီကို ဆန့်ကျင်ပြီး "နယ်ချဲ့စစ်ပွဲတွင် မိမိတို့၏အစိုးရ ရှုံးနိမ့်ရေး"ပေါ်လစီကို တင်သွင်းခဲ့သည်။ ဤသည်ကဆိုလိုသည်မှာ စစ်သုံးစရိတ်များကို ဆန့်ကျင်မဲပေးရန်၊ လက်နက်ကိုင်တပ်ဖွဲ့များအတွင်း တရားမဝင် တော်လှန်ရေးအဖွဲ့အစည်းများဖွဲ့စည်းရန်၊ ရှေ့တန်းရှိစစ်သားများအကြား ရောဝင်ဆက်ဆံခြင်းကို ထောက်ခံအားပေးရန်၊ အလုပ်သမား၊ လယ်သမားများ၏ စစ်ဆန့်ကျင်ရေး တော်လှန်ရေးလှုပ်ရှားမှုများကို စည်းရုံးလှုံ့ဆော်ရန်နှင့် ဤလှုပ်ရှားမှုများကို မိမိနိုင်ငံ၏ နယ်ချဲ့အစိုးရများကို ဆန့်ကျင်သည့် အုံကြွမှုများအဖြစ် ပြောင်းလဲပစ်ရန်ဖြစ်ပေသည်။

ဘော်ရှီဗစ်များက နယ်ချဲ့စစ်ပွဲတွင် ဇာဘုရင်အစိုးရက စစ်ရေးအရ ရှုံးနိမ့်ခြင်းသည် ပြည်သူလူထု အတွက် ဆိုးကျိုးနည်းပါးနိုင်သည်ဟု သဘောထားပါသည်။ အဘယ်ကြောင့်ဆိုသော် ဤသည်က ဇာဘုရင်စနစ်အပေါ် ပြည်သူများ၏ အောင်ပွဲနှင့် အရင်းရှင်ကျေးကျွန်စနစ်နှင့် နယ်ချဲ့စစ်ပွဲများမှ အလုပ်သမား လူတန်းစားလွတ်မြောက်ရေးတိုက်ပွဲ အောင်ပွဲကို ပိုမိုမြန်ဆန် စေနိုင်ပါသည်။ မိမိတို့၏ နယ်ချဲ့အစိုးရ ရှုံးနိမ့်ရေးအတွက် လုပ်ဆောင်ရန် ပေါ်လစီက ရုရှားတော်လှန်ရေးသမားများသာ လုပ်ဆောင်ရန်မဟုတ်ဘဲ၊ ရန်ဘက်တိုင်းပြည်အားလုံးရှိ တော်လှန်သည့်အလုပ်သမားလူတန်းစားပါတီများကပါ လုပ်ဆောင်ရန်ဖြစ်သည်ဟု လီနင်ကခံယူသည်။

ဘော်ရှီဗစ်များက စစ်ပွဲအမျိုးစားတိုင်းကို ဆန့်ကျင်သည်မဟုတ်ပေ။ သူတို့ဆန့်ကျင်သည်မှာ တိုက်ခိုက်သိမ်းပိုက်သည့် နယ်ချဲ့စစ်ပွဲများကိုသာဖြစ်သည်။ ဘော်ရှီဗစ်များက စစ်ပွဲနှစ်မျိုးနှစ်စား ရှိသည်ဟုခံယူသည်။

**(က)** တရားသောစစ်ပွဲများ။ ။ တိုက်ခိုက်သိမ်းပိုက်သည့် စစ်ပွဲမဟုတ်ဘဲ လွတ်မြောက်ရေးစစ်ပွဲ။ နိုင်ငံခြားတိုက်ခိုက်မှုများနှင့် ကျေးကျွန်ပြုရန် ကြိုးပမ်းလာမှုများမှ ပြည်သူများကို ကာကွယ်သည့် တိုက်ပွဲသို့မဟုတ် အရင်းရှင်ကျေးကျွန်စနစ်အောက်မှ ပြည်သူများ လွတ်မြောက်ရေးအတွက် သို့မ ဟုတ် နောက်ဆုံး နယ်ချဲ့ထမ်းပိုးအောက်မှ ကိုလိုနီများနှင့် အမှီခိုနိုင်ငံများ လွတ်မြောက်ရန် ဆင်နွှဲသည့် စစ်ပွဲများနှင့် ....

**(ခ)** မတရားသည့်စစ်ပွဲများ။ ။ တိုက်ခိုက်သိမ်းပိုက်သည့်စစ်ပွဲ။ နိုင်ငံခြားတိုင်းပြည်များနှင့် လူမျိုးများကို တိုက်ခိုက်သိမ်းပိုက် ကျွန်ပြုရန် ဆင်နွှဲသည့် စစ်ပွဲများ ဟူ၍ဖြစ်သည်။

ဘော်ရှီဗစ်များက ပထမအမျိုးအစား စစ်ပွဲကိုထောက်ခံခဲ့သည်။ ဒုတိယအမျိုးအစားစစ်ပွဲကိုမူ ဘော်ရှီဗစ်များက မိမိတို့၏ နယ်ချဲ့အစိုးရကို တွန်းလှန်ရန်နှင့် တော်လှန်ရေးအမြင်တို့ဖြင့် ဤစစ်ပွဲမျိုးကို ဆန့်ကျင်သည့် ခိုင်မာသော တိုက်ပွဲဆင်နွှဲရမည်ဟု ခံယူထားပါသည်။

ကမ္ဘာ့ အလုပ်သမားလူတန်းစားအတွက် အလွန်အရေးကြီးသည့်အချက်မှာ စစ်အတွင်း လီနင်၏ သဘောတရားကျမ်း ဖြစ်ပါသည်။ ၁၉၁၆ နွေဦးတွင် လီနင်က "အရင်းရှင်စနစ်၏ အမြင့်ဆုံးအဆင့်၊ နယ်ချဲ့စနစ်"ဆိုသော ခေါင်းစဉ်ဖြင့် စာအုပ်တအုပ် ရေးသားခဲ့ပါသည်။ ဤ စာအုပ်တွင် သူက နယ်ချဲ့စနစ်သည် အရင်းရှင်စနစ်၏ အမြင့်ဆုံးအဆင့်ဖြစ်ကြောင်း"၊ "တိုးတက်သော အရင်းရှင်စနစ်မှ" မှီခိုစားသောက်ရသော (ကပ်ပါး) အရင်းရှင်စနစ်၊ ပုပ်စီးနေသောအရင်းရှင်စနစ်သို့ ပြောင်းလဲသွားပြီဖြစ်ကြောင်းနှင့် နယ်ချဲ့စနစ်သည် သေအံ့ဆဲဆဲအရင်းရှင်စနစ် ဖြစ်ကြောင်း ပြဆိုခဲ့သည်။ ဤသည်က အရင်းရှင်စနစ်သည် ပစ္စည်းမဲ့များ၏ တော်လှန်ရေးမပါဘဲ၊ သူ့အလိုအလျောက် သေဆုံးသွားခြင်း၊ ရိုးတံပေါ်တွင် ပုပ်သိုးသွားခြင်းဖြစ်မည်ဟု မဆိုလိုပေ။ လီနင်က အမြဲသင်ကြားခဲ့သည်မှာ အလုပ်သမားလူတန်းစား၏ တော်လှန်ရေးမပါဘဲ အရင်းရှင်စနစ်သည် ဖြိုလှဲနိုင်ခြင်းမရှိဟု ဖြစ်သည်။ ထို့ကြောင့် နယ်ချဲ့စနစ်ကို သေအံ့မူးမူး အရင်းရှင်စနစ်ဟု ဖော်ပြသည်နှင့် တချိန်တည်း လီနင်က "နယ်ချဲ့စနစ်သည် ပစ္စည်းမဲ့များ၏ လူမှုတော်လှန်ရေး၏ အကြို " ဖြစ်ကြောင်း ပြဆိုခဲ့သည်။

လီနင်က နယ်ချဲ့ခေတ်ကာလတွင် အရင်းရှင်ထမ်းပိုးသည် ပို၍ပို၍ ဖိနှိပ်လာကြောင်း၊ နယ်ချဲ့စနစ်အောက်တွင် အရင်းရှင်အခြေခံအုတ်မြစ်များကို ဆန့်ကျင်တိုက်ပွဲဝင်သည့် ပစ္စည်းမဲ့များ၏ တော်လှန်ရေးများ ကြီးထွားလာကြောင်းနှင့် အရင်းရှင်နိုင်ငံများတွင် တော်လှန်ရေးပေါက်ကွဲမှုအတွက် အစိတ်အပိုင်းများ စုစည်းလာကြောင်းပြဆိုခဲ့သည်။

လီနင်က နယ်ချဲ့ခေတ်ကာလတွင် ကိုလိုနီနှင့် မလွတ်လပ်သည့် နိုင်ငံများတွင် တော်လှန်ရေးများ ပိုမို ပြင်းထန်သည်းသန်လာကြောင်း၊ နယ်ချဲ့စနစ်ကို တော်လှန်ဆန့်ကျင်သည့် အစိတ်အပိုင်းများ၊ နယ်ချဲ့စနစ်လက်အောက်မှ လွတ်မြောက်ရေးစစ်ပွဲ အစိတ်အပိုင်းများ စုစည်းလာကြောင်း ပြဆိုခဲ့သည်။

လီနင်က နယ်ချဲ့စနစ်အောက်တွင် အရင်းရှင်စနစ်၏ မညီမမျှ ဖြစ်ပေါ်တိုးတက်မှုနှင့် ပဋိပက္ခများသည် အထူးပင် သည်းသန်ပြင်းထန်လာကြောင်း၊ အရင်းအနှီးတင်ပို့ရန်အတွက် ဈေးကွက်နှင့် နယ်မြေ တိုက်ပွဲများ၊ ကိုလိုနီနှင့် သယံဇာတပစ္စည်း (ကုန်ကြမ်း)ရေသောက်မြစ်များအတွက် တိုက်ပွဲများက ကမ္ဘာကိုပြန်လည်ခွဲဝေယူမည့် ကာလအလိုက် နယ်ချဲ့စစ်ပွဲများကို မလွဲမရှောင်သာ ဖြစ်စေမည်ဖြစ်ကြောင်း ပြဆိုခဲ့သည်။

လီနင်က အရင်းရှင်စနစ်၏ ဤမညီမမျှဖြစ်ပေါ်တိုးတက်မှုကပင် နယ်ချဲ့စစ်ပွဲများကို ဖြစ်ပေါ်စေလိမ့်မည်ဖြစ်ပြီး၊ ဤစစ်ပွဲများကပင် နယ်ချဲ့စနစ်၏ အင်အားကို ချည့်နဲ့လျော့ရဲစေနိုင်ကာ နယ်ချဲ့စနစ်၏ တပ်ဦးကို အားအနည်းဆုံးနေရာမှ ဖောက်ထွက်လာခြင်းကို ဖြစ်စေနိုင်မည်ဖြစ်ကြောင်း ပြဆိုခဲ့သည်။

ဤအချက်အားလုံးမှ လီနင်က နိဂုံးချုပ်လိုက်သည်မှာ ပစ္စည်းမဲ့များအဖို့ နယ်ချဲ့တပ်ဦးကို တနေရာ သို့မဟုတ် နေရာ အများအပြားမှ ဖောက်ထွက်နိုင်ကြောင်း၊ ဆိုရှယ်လစ်စနစ်အောင်ပွဲသည် ပထမနိုင်ငံအများအပြား သို့မဟုတ် တနိုင်ငံတည်းမှာပင် တဦးတည်းနှင့် အောင်ပွဲခံနိုင်ချေရှိကြောင်း၊ အရင်းရှင်စနစ်၏ မညီမမျှဖြစ်ပေါ်တိုးတက်မှုကြောင့် နိုင်ငံအားလုံးတွင် ဆိုရှယ်လစ်စနစ် တပြိုင်နက် အောင်ပွဲခံရေးမှာ မဖြစ်နိုင်ကြောင်းနှင့် ဆိုရှယ်လစ်စနစ်မှာ ပထမ နိုင်ငံတစ်နိုင်ငံ သို့မဟုတ် နိုင်ငံ

အများအပြားတွင် အောင်ပွဲခံပြီး၊ အခြားနိုင်ငံများသည် ခေရှင်နိုင်ငံများအဖြစ် အချိန်ကြာကြာ ဆက်ရှိမြဲရှိနေဦးမှာ ဖြစ်ကြောင်းတို့ဖြစ်ပါသည်။

ဤနိဂုံးချုပ်ချက်မှာ ထူးခြားပြောင်မြောက်လှပြီး၊ လီနင်က နယ်ချဲ့စစ်ပွဲအတွင်းရေးသားခဲ့သော ဆောင်းပါးနှစ်စောင်တွင် အောက်ပါနည်းများဖြင့် တီထွင်ဖန်တီးခဲ့ခြင်း ဖြစ်ပါသည်။

**၁။** "စီးပွားရေးနှင့် နိုင်ငံရေး မညီမညာစွာဖြစ်ပေါ်တိုးတက်မှုမှာ အရင်းရှင်စနစ်၏ အကြွင်းမဲ့တရား ဖြစ်သည်။ ထို့ကြောင့် ဆိုရှယ်လစ်စနစ်၏ အောင်ပွဲသည် ပထမတွင် နိုင်ငံအများအပြား သို့မဟုတ် တနိုင်ငံတည်းမှာပင် တဦးတည်း အောင်ပွဲခံနိုင်သည်။ ထိုနိုင်ငံမှ အောင်ပွဲရပစ္စည်းမဲ့များသည် အရင်းရှင်များ၏ ပစ္စည်းများကိုသိမ်းယူပြီး၊ မိမိတို့ပိုင် ဆိုရှယ်လစ်ထုတ်လုပ်ရေးများကို စည်းရုံးလုပ်ဆောင်ကာ၊ ကျန်အရင်းရှင် ကမ္ဘာကြီးတခုလုံးကို ဆန့်ကျင်ပြီးရပ်တည်ကာ အခြားနိုင်ငံမှ အဖိနှိပ်ခံလူတန်းစားများကို အရေးတော်ပုံသို့ ဆွဲဆောင်ရမည်။ **(၁၉၁၅၊ ဩဂုတ်လတွင် ရေးသားသည့် "ဥရောပပြည်ထောင်စု ကြွေးကြော်သံ"ဆောင်းပါး၊ လီနင်လက်ရွေးစင်ကျမ်း၊ အင်္ဂလိပ်ဘာသာ၊ မော်စကို၊ ၁၉၄၇၊ အတွဲ–၁၊ စာမျက်နှာ ၆၁၉)**

**၂။** အရင်းရှင်စနစ်၏ ဖြစ်ပေါ်တိုးတက်မှုမှာ နိုင်ငံအမျိုးမျိုးတွင် အလွန်အမင်း မညီမညာ ဖြစ်ပေါ်နေပါသည်။ ဤသို့မဟုတ်လျှင် ကုန်စည်ထုတ်လုပ်ရေး စနစ်အောက်သို့ မရောက်နိုင်ပေ။ ဤ သည်မှ မငြင်းဆိုနိုင်သည့်အချက်မှာ ဆိုရှယ်လစ်စနစ်သည် တိုင်းပြည်အားလုံးတွင် တပြိုင်တည်း အောင်ပွဲမရရှိနိုင် ဆိုခြင်းဖြစ်သည်။ ပထမတွင် တနိုင်ငံ သို့မဟုတ် နိုင်ငံအများအပြားတွင် အောင်ပွဲခံပြီး၊ တခြားနိုင်ငံများမှာ ကာလတချို့ ခေရှင် သို့မဟုတ် ခေရှင်အကြိုကာလ ဖြစ်နေပါလိမ့်မည်။ ဤသည်က ဆိုရှယ်လစ်နိုင်ငံမှ အောင်ပွဲခံပစ္စည်းမဲ့များကို ချေမှုန်းရန်၊ အခြားနိုင်ငံများမှ ခေရှင်အစိတ်အပိုင်းများသည် ပဋိပက္ခများကို ဖန်တီးရန်သာမက တိုက်ရိုက်ကြိုးစားအားထုတ်ခြင်းများ ဖြစ်လာစေပေလိမ့်မည်။ ဤနေရာမျိုးတွင် ကျွန်တော်တို့ဘက်က စစ်ပွဲသည်တရားနှင့်အညီ တရားသည့်စစ်ပွဲဖြစ်ပေလိမ့်မည်။ ဤသည် ဆိုရှယ်လစ်စနစ်အတွက်စစ်ပွဲ၊ ခေရှင်များလက်အောက်မှ အခြားပြည်သူများလွတ်မြောက်စေသည့် စစ်ပွဲဖြစ်မည်။" **(၁၉၁၆၊ ဆောင်းဦးတွင် ရေးသားသည့် "ပစ္စည်းမဲ့တော်လှန်ရေး၏စစ်လမ်းစဉ်" လီနင် ကျမ်းပေါင်းစုံ၊ ရုရှားဘာသာအတွဲ–၁၉ စာမျက်နှာ ၃၂၅)**

ဤသည်မှာ ဆိုရှယ်လစ်တော်လှန်ရေး၏ သဘောတရားအစုံနှင့်အသစ် ဖြစ်သည်။ ဤသဘောတရားက သီးခြားနိုင်ငံများတွင် ဆိုရှယ်လစ်စနစ် အောင်ပွဲခံနိုင်ကြောင်း အတည်ပြုပြီး၊ ဤအောင်ပွဲနှင့် ၎င်း၏အလားအလာများ၏ အကြောင်းအချက်များကို ဖော်ပြပေသည်။ ဤသဘောတရား၏ အခြေခံများကို လီနင်က ၁၉၀၅ ခု လောက်ကတည်းကပင် ၎င်း၏ "ဒီမိုကရေစီတော်လှန်ရေးအတွင်း ဆိုရှယ်ဒီမိုကရေစီ၏ နည်းပရိယာယ်နှစ်သွယ်" တွင် ဖော်ပြပြီးဖြစ်သည်။

ဤသဘောတရားသည် နယ်ချဲ့အကြို အရင်းရှင်ကာလအတွင်းက မာ့က်စ်ဝါဒီများအကြား ခေတ်စားခဲ့သည့်အမြင်နှင့် အခြေခံမှပင် ကွဲပြားခြားနားပေသည်။ ထိုစဉ်က သူတို့သည် သီးခြားတိုင်းပြည်တပြည်တွင် ဆိုရှယ်လစ်စနစ်အောင်ပွဲခံရန် မဖြစ်နိုင်ကြောင်းနှင့် တိုးတက်ပြီး၊ နိုင်ငံအားလုံးတွင် တပြိုင်တည်း ဖြစ်ပေါ်ရမည်ဖြစ်ကြောင်း ခံယူထားကြသည်။ သူ၏ မှတ်သားဖွယ်စာအုပ် "အရင်းရှင်စနစ်၏ အမြင့်ဆုံးအဆင့် နယ်ချဲ့စနစ်"တွင် နယ်ချဲ့အရင်းရှင်စနစ်နှင့် ပတ်သက်၍ ဖော်ပြထားသည့် အချက်အလက်များအပေါ် အခြေခံကာ လီနင်က ဤအမြင်ခေတ်ကုန်ပြီဟု ဖယ်ရှားပစ်ပြီး၊ သဘော

တရားအသစ်ကို ဖော်ထုတ်ခဲ့ပါသည်။ ဤသည်က ပြဆိုလိုက်သည်မှာ နိုင်ငံအားလုံးတွင် ဆိုရှယ်လစ်စနစ် တပြိုင်နက်တည်း အောင်ပွဲခံရေးမှာ မဖြစ်နိုင်၊ အရင်းရှင်နိုင်ငံတခုတည်းမှာလျှင် ဆိုရှယ်လစ်စနစ်အောင်ပွဲခံနိုင်ချေရှိသည်ဟူ၍ဖြစ်သည်။

ဆိုရှယ်လစ်တော်လှန်ရေးအပေါ် လီနင်သဘောတရား၏ မခန့်မှန်းနိုင်လောက်သည့်အရေးပါမှုသည် မာ့က်စ်ဝါဒကို သဘောတရားအသစ်ဖြင့် ကြွယ်ဝစေပြီး၊ မာ့က်စ်ဝါဒကို တိုးတက်စေသည့် အချက်တွင်သာမက သီးခြားနိုင်ငံခြားမှ ပစ္စည်းမဲ့များ၏ တော်လှန်ရေး အလားအလာများကို ဖွင့်ပေးလိုက်ပြီး၊ မိမိတို့နိုင်ငံ၏ ခေနရှင်များအပေါ် တိုက်ခိုက်ရေးလက်ဦးမှုကိုလည်း အနှောင်အဖွဲ့မှ လွှတ်ပေးလိုက်သည့်အချက်ပေါ်တွင်လည်း တည်ရှိပေသည်။ ဤသဘောတရားက သူတို့ကို စစ်ပွဲအခြေအနေကို အခွင့်ကောင်းယူပြီး၊ ဤတိုက်ခိုက်မှုကို လှုံ့ဆော်စည်းရုံးရန် သင်ကြားပေးကာ ပစ္စည်းမဲ့တော်လှန်ရေးအောင်ပွဲအပေါ် ယုံကြည်မှု ပိုမိုခိုင်မာစေပေသည်။

ဤသည်များသည် စစ်၊ ငြိမ်းချမ်းရေးနှင့် တော်လှန်ရေးပြဿနာများအပေါ် ဘော်ရှီဗစ်များ၏ သဘောတရားရေးရာနှင့် နည်းပရိယာယ် ရပ်တည်မှုဖြစ်သည်။

ရုရှားရှိ ၎င်းတို့၏ လက်တွေ့လုပ်ငန်းများကို လုပ်ဆောင်ရာတွင် ဘော်ရှီဗစ်များသည် ဤရပ်တည်ချက်ပေါ်တွင် အခြေခံပါသည်။

စစ်ပွဲအစပိုင်းတွင် ပုလိပ်များ၏ ပြင်းထန်သောဖိနှိပ်မှုများကြား၌ပင် ဒူးမားမှ ဘော်ရှီဗစ် အမတ်များဖြစ်သော ဘာဒါရဲ့ဗ်၊ ပီထရော့ဗ်စကီး၊ မူရာနော့ဗ်၊ ဆမ္မိုင်းလော့ဗ်နှင့် ရှာဂေါ့ဗ်တို့သည် အဖွဲ့စည်း အများအပြားသို့ ဝင်ရောက်ကြပြီး၊ ဘော်ရှီဗစ်၏ စစ်နှင့် တော်လှန်ရေး ပေါ်လစီများကို ရှင်းလင်းပြောကြားသည်။ ၁၉၁၄ ခု၊ နိုဝင်ဘာတွင် နိုင်ငံတော်ဒူးမားရှိ ဘော်ရှီဗစ်အုပ်စု၏ ကွန်ဖရင့်ကို စတင်ပြီး၊ စစ်ပွဲနှင့် ပတ်သက်သည့်ပေါ်လစီကို ဆွေးနွေးကြသည်။ ကွန်ဖရင့်တတိယမြောက်နေ့တွင် တက်ရောက်သူအားလုံး ဖမ်းဆီးခံရသည်။ တရားရုံးက နိုင်ငံတော် ဒူးမားမှ ဘော်ရှီဗစ်များကို အခွင့်အရေးများ ရုပ်သိမ်းပစ်ပြီး၊ အရှေ့ဆိုက်ဗေးရီးယားသို့ နယ်နှင်ဒဏ်ချမှတ်လိုက်သည်။ ဇာဘုရင် အစိုးရက သူတို့ကို "နိုင်ငံတော်သစ္စာဖောက်မှု" နှင့် စွဲချက်တင်ခဲ့သည်။

တရားရုံးတွင်ဖော်ပြသည့် ဒူးမားအဖွဲ့ဝင်များ လှုပ်ရှားဆောင်ရွက်ချက် ပုံသဏ္ဌာန်များသည် ကျွန်တော်တို့ပါတီအတွက် ဂုဏ်သိက္ခာတက်စေပါသည်။ ဘော်ရှီဗစ် ကိုယ်စားလှယ်များသည် ရဲရင့်စွာရင်ဆိုင်ခဲ့ပြီး၊ ဇာဘုရင်တရားရုံးကို ဇာဘုရင်စနစ်၏ ကျူးကျော်သိမ်းပိုက်ရေး ပေါ်လစီကို ဖော်ထုတ်ဖွင့်ချသည့် တရားဟောစင်မြင့်အဖြစ်သို့ ပြောင်းလဲပစ်လိုက်သည်။

အတော်ခြားနားသည်ကတော့ ကဲမီနက်ဗ်၏ လုပ်ဆောင်ချက်ပါဘဲ။ သူသည်လည်း ဤအမှုတွင် တရားစွဲဆိုခြင်း ခံထားရပါသည်။ သူရဲဘောကြောင်ခြင်းကြောင့် ပထမဆုံး အန္တရာယ်နှင့် ရင်ဆိုင်တွေ့သည်နှင့် သူသည် ဘော်ရှီဗစ်ပါတီ၏ ပေါ်လစီအပေါ် သစ္စာဖောက်လိုက်ပါသည်။ ကဲမီနက်ဗ်က တရားရုံးတွင် စစ်ပွဲပြဿနာအပေါ် ဘော်ရှီဗစ်များနှင့် သဘောမတူညီကြောင်း ကြေညာပြီး၊ ဤသည်ကို သက်သေပြရန် မင်ရှီဗစ် ဂျော်ဒန်စကီး (Jordansky) ကို သက်သေ အဖြစ်ခေါ်ယူပေးရန် တောင်းဆိုသည်။

စစ်ပွဲလိုအပ်မှုများကို ထမ်းဆောင်ရန် တည်ထောင်ခဲ့သော စစ်စက်မှုလုပ်ငန်းကော်မတီအားဆန့်ကျင်ရန်နှင့် အလုပ်သမားများကို နယ်ချဲ့ခေနရှင်များ၏ ဩဇာအောက်ကျရောက်စေရန် မင်ရှီဗစ်

များ၏ ကြိုးပမ်းအားထုတ်မှုများကို ဆန့်ကျင်ရာတွင် ဘော်ရှီဗစ်များသည် အလွန်အကျိုးထိရောက်စွာ လုပ်ဆောင်နိုင်ခဲ့သည်။ လူတိုင်းက နယ်ချဲ့စစ်ပွဲကို ပြည်သူ့စစ်ပွဲအဖြစ် ယုံကြည်ရန်မှာ မေနရှင်များအဖို့ သေရေးရှင်ရေးတမျှ အရေးကြီးနေပါသည်။ စစ်ပွဲအတွင်း မေနရှင်များသည် နိုင်ငံတော် အရေးအခင်း များတွင် အတော်အသင့် ဩဇာလွှမ်းမိုးလာနိုင်ပြီး၊ တပြည်လုံး၌ ဇမ်စတော့ (Zemstovs) ခရိုင်နှင့် မြို့များ၏သမဂ္ဂဟု ခေါ်ဆိုသည့် ၎င်းတို့ပိုင်အဖွဲ့အစည်းများကို ထူထောင်ခဲ့သည်။ မေနရှင်များအဖို့ အလုပ်သမားများကို ၎င်းတို့၏ ခေါင်းဆောင်မှု အောက်ရောက်ရန်နှင့် ဩဇာညောင်းရန်လည်း လိုအပ်သေးသည်။ ဤသည်ကိုလုပ်ဆောင်ဖို့အတွက် စစ်စက်မှုလုပ်ငန်း ကော်မတီ၏ “အလုပ်သမား အုပ်စုများ”ဖွဲ့စည်းခြင်းဖြင့် နည်းလမ်းရှာခဲ့သည်။ ဤအကြံဉာဏ်ကို မင်ရှီဗစ်တို့က ဆုပ်ကိုင်ခဲ့သည်။ ဤစစ်စက်မှု လုပ်ငန်းကော်မတီများတွင် အလုပ်သမားကိုယ်စားလှယ်များရရှိပါက မေနရှင်များ အတွက် အကျိုးရှိပေသည်။ ထိုကိုယ်စားလှယ်များက အလုပ်သမားလူတန်းစား လူထုကြီးကို ဗုံးဆန် များ၊ သေနတ်များ၊ ရိုင်ဖယ်များ၊ ကျည်ဆန်များနှင့် တခြားပစ္စည်းကို ထုတ်လုပ်သည့် စက်ရုံများတွင် ထုတ်လုပ်ရေးများ တိုးမြှင့်ရန် တိုက်တွန်း နှိုးဆော်ပေးနိုင်သည်။ “အရာရာ စစ်အတွက်၊ အရာအားလုံး စစ်အတွက်”ဆိုသည်မှာ မေနရှင်တို့၏ ကြွေးကြော်သံဖြစ်သည်။ အမှန်စင်စစ် ကြွေးကြော်သံက ဆိုလိုရင်းမှာ “စစ်ကန်ထရိုက်များနှင့် နိုင်ငံခြားနယ်မြေများကို သိမ်းယူရာတွင် ချမ်းသာသမျှ ချမ်းသာ နိုင်ရန်” ဟူ၍ပင်ဖြစ်သည်။ မင်ရှီဗစ်များသည် မေနရှင်များ၏ ဤမျိုးချစ်အတုအယောင် စီမံကိန်းတွင် တက်တက်ကြွကြွ ပါဝင်ခဲ့သည်။ စစ်စက်မှုလုပ်ငန်းကော်မတီများ၏ “အလုပ်သမားအုပ်စု” ရွေး ကောက်ပွဲများတွင် အလုပ်သမားများ ပါဝင်လာစေရန် ပြင်းထန်သည့် မဲဆွယ်ပွဲများ ပြုလုပ်ခြင်းဖြင့် မင်ရှီဗစ်များသည် “အရင်းရှင်များကို ကူညီခဲ့သည်။ ဤအစီအစဉ်ကို ဘော်ရှီဗစ်များက ဆန့်ကျင် ခဲ့ကြသည်။ သူတို့က စစ်စက်မှုလုပ်ငန်းကော်မတီများကို သပိတ်မှောက်ရန် ဆော်ဩပြီး၊ သပိတ်ကို ထိန်းသိမ်းရာတွင် အောင်မြင်ခဲ့သည်။ သို့သော် ဗော့စ်ဒက်ဗ် (Gvozdev) ဆိုသည့် ထင်ရှားသော မင်ရှီဗစ်နှင့် အတွင်းသူလျှို အာဘရောစီမော့ဗ် (Abrosimov) တို့ခေါင်းဆောင်သည့် အလုပ် သမားအချို့သည် စစ်စက်မှုလုပ်ငန်းကော်မတီ၏ လှုပ်ရှားမှုများတွင် ပါဝင်ဖြစ်အောင် ပါဝင်လိုက်သေး သည်။ သို့သော် ၁၉၁၅ ခု၊ စက်တင်ဘာလတွင် အလုပ်သမား ကိုယ်စားလှယ်များ တွေ့ဆုံပြီး၊ စစ်စက်မှုလုပ်ငန်းကော်မတီ၏ “အလုပ်သမားအုပ်စု” နောက်ဆုံး ရွေးကောက်ရာတွင် ကိုယ်စားလှယ် အများစုမှာ ပါဝင်လုပ်ကိုင်ရေးကို ဆန့်ကျင်ကြောင်းတွေ့ရှိရသည်။ အလုပ်သမားကိုယ်စားလှယ် အများစုသည် စစ်စက်မှုလုပ်ငန်းကော်မတီတွင် ပါဝင်ဆောင်ရွက်ရန် ငြင်းဆိုသည့် ပြတ်သား သော ဆုံးဖြတ်ချက်ကို လက်ခံကျင့်သုံးပြီး၊ အလုပ်သမားများသည် သူတို့၏ ရည်ရွယ်ချက်ကို ငြိမ်းချမ်း ရေးအတွက်နှင့် ဇာဘုရင်စနစ် ဖြုတ်ချရေးအတွက် တိုက်ခိုက်ရန်ဖြစ်ကြောင်း ကြေညာသည်။

ဘော်ရှီဗစ်များသည် တပ်မတော်နှင့် ရေတပ်တွင်လည်း အင်မတန်များပြား ကျယ်ပြန့်သည့် လှုပ်ရှားမှုများကို လုပ်ဆောင်နေသည့် စစ်ပွဲ၏ ပြိုင်ဘက်မရှိသော ကြောက်မက်ဖွယ်ရာများနှင့် ပြည်သူ များ၏ ဒုက္ခများအတွက် မည်သူတရားခံ ဖြစ်သည်ဆိုသည်ကို သူတို့က စစ်သားများနှင့် သင်္ဘော သားများကိုရှင်းလင်းပြောပြကြသည်။ သူတို့က နယ်ချဲ့သားသတ်ရုံမှ ပြည်သူများ လွတ်မြောက်နိုင် သည့်လမ်း တလမ်းတည်းသာရှိကြောင်းနှင့် ၎င်းမှာ တော်လှန်ရေးဖြစ်ကြောင်း ရှင်းလင်းပြောကြသည်။

တပ်တွင်းနှင့်ရေတပ်တွင်၊ ရှေ့တန်းနှင့်နောက်တန်းတို့တွင် ဘော်ရှီဗစ်များသည် အမြုတေများဖြစ်ကြပြီး၊ စစ်ဆန့်ကျင်ရေးတိုက်ပွဲဝင်ရန် ဆင့်ခေါ်သည့်စာရွက်စာတမ်းများကို ဖြန့်ဝေကြသည်။

ခရုန်းစတက်မှ ဘော်ရှီဗစ်များသည် ပါတီ၏ ပီထရိုဂရက် ကော်မတီနှင့် နီးကပ်စွာ ဆက်သွယ်မှုရှိသည့် "ခရုန်းစတက် စစ်ရေးအဖွဲ့အစည်း၏ ဗဟိုစုပေါင်းအဖွဲ့"ကိုတည်ထောင်သည်။ ပီထရိုဂရက် ပါတီကော်မတီ၏ စစ်ရေးအဖွဲ့အစည်းကို စစ်တန်းလျားများအကြား လုပ်ငန်းများလုပ်ဆောင်ရန် ထူထောင်လိုက်သည်။ ၁၉၁၆၊ ဩဂုတ်လတွင် ပီထရိုဂရက် အိုကရာနာ (Okarana) အကြီးအကဲက "ခရုန်းစတက် စုပေါင်းအဖွဲ့သည် အလွန်ကောင်းမွန်စွာစည်းရုံးထားပြီး အလွန်လျှို့ဝှက်ကာ၊ ၎င်းအဖွဲ့အစည်းဝင်များသည် အလွန်သတိကြီးပြီး တေမိများဖြစ်ကြသည်။ စုပေါင်းအဖွဲ့တွင် ထောက်ခံသည့် ကိုယ်စားလှယ်များရှိကြသည်။"ဟု သတင်းပို့ခဲ့သည်။

ပါတီက ရှေ့တန်းစစ်မျက်နှာတွင် စစ်ဖြစ်နေသည့် တပ်များအကြား စစ်သားများ၊ ညီနောင်သားချင်းသဖွယ် ဆက်ဆံဖို့ လှုံ့ဆော်၍ ကမ္ဘာ့ခနေရှင်များသာ ရန်သူဖြစ်ကြောင်း အလေးထားပြောကြားပြီး၊ နယ်ချဲ့စစ်ပွဲကို ပြည်တွင်းစစ်အဖြစ် ပြောင်းလဲကာ သေနတ်ပြောင်းဝများကို မိမိတို့ ခနေရှင်များနှင့် အစိုးရများဘက်သို့သာ လှည့်ပြောင်းမှသာလျှင် စစ်ပွဲအဆုံးသတ်နိုင်ကြောင်း ပြောပြကြသည်။ တပ်ဖွဲ့များ ထိုးစစ်ဆင်ရန်အမိန့်ကို ငြင်းဆန်သည့်အမှုများ ပို၍ပို၍ များပြားလာသည်။ ၁၉၁၅ ခုတွင် ဤကဲ့သို့သောကိစ္စများ ပေါ်ပေါက်နေပြီးဖြစ်ကာ ၁၉၁၆ ခုနှစ်တွင် ပိုများလာသည်။

ဘောလ်တစ်ပြည်နယ်များရှိ မြောက်ပိုင်းစစ်မျက်နှာမှ တပ်များအတွင်းရှိ ဘော်ရှီဗစ်လှုပ်ရှားမှုများမှာ အထူးပင်ကျယ်ပြန့်လှသည်။ ၁၉၁၇ ခု အစပိုင်းတွင် မြောက်ပိုင်းစစ်မျက်နှာမှ တပ်မှူးဗိုလ်ချုပ်ရာဇ်စကီးက ဌာနချုပ်သို့ အကြောင်းကြားရာမှ ၎င်းတို့စစ်မျက်နှာတွင် ဘော်ရှီဗစ်များက တော်လှန်ရေးလှုပ်ရှားမှုများ အပြင်းအထန် တိုးတက်ဖြစ်ပေါ်နေသည်ဟူ၍ ဖြစ်သည်။

ပြည်သူများ၏ဘဝ၊ ကမ္ဘာ့ အလုပ်သမားလူတန်းစားများ၏ ဘဝကို စစ်ပွဲကနက်ရှိုင်းစွာ ပြောင်းလဲစေလိုက်ပါသည်။ နိုင်ငံများ၏ကံကြမ္မာ၊ လူမျိုးများ၏ကံကြမ္မာ၊ ဆိုရှယ်လစ်လှုပ်ရှားမှု၏ကံကြမ္မာတို့သည် တဲတဲလေးသာ ကျန်ပါတော့သည်။ ထို့ကြောင့် စစ်ပွဲသည် မိမိကိုယ်မိမိ ဆိုရှယ်လစ်ဟု ခေါ်ဆိုကြသည့်ပါတီများနှင့် အယူအဆအနွယ်များအားလုံးကို စမ်းသပ်သည့် မှတ်ကျောက်ဖြစ်သည်။ ဤပါတီနှင့် အယူအဆနွယ်များမှာ ဆိုရှယ်လစ်အရေးတော်ပုံအပေါ် သစ္စာရှိပါ့မလား။ နိုင်ငံတကာဝါဒ အရေးတော်ပုံအပေါ် သစ္စာရှိပါ့မလား။ သို့မဟုတ် အလုပ်သမားလူတန်းစားကို သစ္စာဖောက်သည့်လမ်းရွေးပြီး ကိုယ့်အလံကိုယ်လိပ်ကာ ကိုယ်နိုင်ငံရှိ ခနေရှင်များ၏ ခြေရင်းမှာ ဝပ်စင်းကြမလား။ ဤသည်မှာ ထိုအချိန်က ပေါ်ထွက်လာသည့်မေးခွန်း ဖြစ်ပေသည်။

စစ်ပွဲက ဒုတိယ အင်တာနေရှင်နယ်မှ ပါတီများသည် ဤစမ်းသပ်မှုကို မခံနိုင်ကြောင်း၊ သူတို့သည် အလုပ်သမားလူတန်းစားကို သစ္စာဖောက်ပြီး၊ မိမိတို့တိုင်းပြည်မှ နယ်ချဲ့ခနေရှင်များ ရှေ့မှောက်တွင် လက်နက်ချအညံ့ခံလိုက်ကြောင်း ပြသလိုက်သည်။

၎င်းတို့အကြား အချောင်းသမားဝါဒကို ပြုစုမွေးမြူပြီး၊ အချောင်သမားများ၊ အမျိုးသားရေးဝါဒီများနှင့် စေ့စပ်ဖြေရှင်းရန် ကြီးထွားလာသော ဤပါတီများသည် တခြားနည်းလမ်းများကို လိုက်ရန်လည်း မဖြစ်နိုင်ချေ။

စစ်ပွဲက ဘော်ရှီဗစ်ပါတီသာလျှင် ဤစမ်းသပ်မှုတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် တစ်ခုတည်းသောပါတီဖြစ်ကြောင်း၊ ဆိုရှယ်လစ်စနစ်အရေးတော်ပုံ၊ ပစ္စည်းမဲ့နိုင်ငံတကာ့ဝါဒ အရေးတော်ပုံတို့ အပေါ် မယိမ်းမယိုင် တသမတ်တည်း သစ္စာရှိကြောင်းတို့ကို ပြသလိုက်သည်။

ဤသည်မှာလည်း မျှော်လင့်သကဲ့သို့ပင်ဖြစ်သည်။ ပါတီအမျိုးအစားသစ် တစ်ရပ်သာလျှင် အချောင်ဝါဒကို မစေ့စပ်စတမ်း တိုက်ပွဲဝင်သည့် စိတ်ဓာတ်ကိုမွေးမြူထားနိုင်သည်။ အချောင်ဝါဒနှင့် အမျိုးသားရေးဝါဒကင်းစင်သည့် ဤကဲ့သို့သော ပါတီတစ်ရပ်သာလျှင် ကြီးကျယ်လှသည့် စမ်းသပ်မှုကိုခံနိုင်ပြီး၊ အလုပ်သမားလူတန်းစားအရေးတော်ပုံ၊ ဆိုရှယ်လစ်စနစ်နှင့် နိုင်ငံတကာဝါဒ အရေးတော်ပုံတို့ အပေါ်သစ္စာရှိမြဲရှိမည် ဖြစ်ပေသည်။

ဘော်ရှီဗစ်ပါတီသည် ဤကဲ့သို့သော ပါတီဖြစ်သည်။

## ၄။ ဇာဘုရင့်တပ်မတော်စစ်ရှုံးခြင်း။ စီးပွားရေးပျက်စီးယိုယွင်းခြင်း။ ဇာဘုရင်စနစ်၏ အကျပ်အတည်း။

စစ်ပွဲဖြစ်ပွားနေသည်မှာ သုံးနှစ်ရှိသွားပါပြီ၊ သန်းနှင့်ချီသောလူထုသည် စစ်ပွဲအတွင်း အသတ်ခံရခြင်းသော်လည်းကောင်း၊ ဒဏ်ရာကြောင့် သေဆုံးခြင်းသော်လည်းကောင်း၊ စစ်ပွဲအခြေအနေကြောင့် ဖြစ်ပွားလာသည့် ကပ်ရောဂါများကြောင့် သေဆုံးခြင်းသော်လည်းကောင်း ဖြစ်ရပါပြီ။ ဓနရှင်နှင့် မြေရှင်များသည် စစ်ပွဲအတွင်းမှာ စည်းစိမ်ဥစ္စာများ တိုးပွားနေသည်။ သို့သော် အလုပ်သမားနှင့် လယ်သမားများမှာ အခက်အခဲများ၊ ချို့တဲ့ခြင်းများ တိုးများလာပါသည်။ စစ်ပွဲသည် ရုရှား၏ စီးပွားရေးဘဝကို ချို့တဲ့လာနေစေပါသည်။ သန်မာသော (able-bodied men) လူ ၁၄ သန်းမှာလည်း စီးပွားရေး ချွတ်ခြုံကျလာကာ စစ်တပ်တွင် သွပ်သွင်းခြင်းခံရသည်။ စက်ရုံနှင့် အလုပ်ရုံများလည်း ရပ်တန့်သွားသည်။ လုပ်အားနည်းပါးမှုကြောင့် စိုက်ပျိုးမြေလည်း လျော့နည်းသွားရသည်။ ပြည်သူလူထုနှင့် ရှေ့တန်းမှ စစ်သားများသည် အစားအစာ ငတ်မွတ်ခေါင်းပါးပြီး၊ ဖိနပ်မပါ၊ အဝတ်အစား ဗလာနှင့် ဖြစ်နေကြသည်။ စစ်ပွဲသည် တိုင်းပြည်၏ အရင်းအမြစ် သယံဇာတများကို ဝါးမြိုပစ်လိုက်ပါသည်။

ဇာဘုရင့်တပ်မတော်သည် ရှုံးနိမ့်ပြီးရင်း ရှုံးနိမ့်လာပါသည်။ ဂျာမန်အမြောက်တပ်က ဇာဘုရင့်တပ်များအပေါ် ပုံးမိုး ရွာချနေစဉ် ဇာဘုရင့်တပ်မတော်မှာ အမြောက်နှင့်အမြောက်ဆန်များ ချို့တဲ့နေပြီး၊ ရိုင်ဖယ်သေနတ်တောင် ရှားပါးနေပါသည်။ တခါတရံ စစ်သားသုံးယောက်က ရိုင်ဖယ်တလက်ကို မျှကိုင်နေရပါသည်။ စစ်ပွဲဖြစ်ပွားနေစဉ်မှာ ဇာဘုရင့် စစ်ဝန်ကြီး ဆူခုမ်လီနော့ဗ် (Sukhomlinov) သည် သစ္စာဖောက်ဖြစ်ကြောင်း သိရှိလာရပါသည်။ သူသည် ဂျာမန်သူလျှိုများနှင့် ဆက်စပ်နေပြီး၊ ဂျာမန်သူလျှိုဌာန၏ ညွှန်ကြားချက်ဖြစ်သော လက်နက်ခဲယမ်းမီးကျောက် ထောက်ပံ့ရေး ဖရိုဖရဲဖြစ်စေရန်နှင့် ရှေ့တန်းတွင် သေနတ်နှင့် ရိုင်ဖယ်များ ပြတ်လတ်စေရန်ဆိုသည်ကို အကောင်အထည်ဖော်နေပါသည်။ အချို့သော ဇာဘုရင့်ဝန်ကြီးများနှင့် ဗိုလ်ချုပ်များသည် ဂျာမန်တပ် အောင်မြင်ရေးအတွက် ခိုးကြောင်ခိုးဝှက်နှင့် ကူညီနေကြသည်။ ဂျာမန်နှင့် အဆက်အသွယ်ရှိသည့် ဇာဘုရင့်မိဖုရားနှင့်အတူ သူတို့သည် ဂျာမနီသို့ စစ်ရေးလျှို့ဝှက်ချက်များကို ဖော်ပြောနေသည်။ ဇာဘုရင့်

တပ်မတော် အရှုံးနှင့် ရင်ဆိုင်ရပြီး၊ နောက်ဆုတ်လာရခြင်းမှာ အံ့သြစရာမဟုတ်ပါ။ ၁၉၁၆ တွင် ဂျာမန်များသည် ပိုလန်နှင့် ဘောလ်တစ်ပြည်နယ်တစိတ်တပိုင်းကို သိမ်းပိုက်ပြီးဖြစ်သည်။

ဤအရာအားလုံးက ဇာဘုရင့်အစိုးရအပေါ် အလုပ်သမား၊ လယ်သမား၊ စစ်သားနှင့် ပညာတတ်များကို ဒေါသအမျက်မုန်းတီးမှု ဖြစ်စေပြီး၊ စစ်ဆန့်ကျင်ရေး၊ ဇာဘုရင်စနစ် ဆန့်ကျင်ရေး၊ တော်လှန်ရေးလှုပ်ရှားမှုများကို နောက်တန်းရော၊ ရှေ့တန်းမှာပါ ပြည်မနှင့် နယ်စပ်ဒေသအားလုံးမှာပါ အစပျိုးပြန့်ပွား တိုးတက်နေပါသည်။

မကျေမနပ်ဖြစ်မှုများသည် ရုရှား နယ်ချဲ့ဓနရှင်များအကြားတွင်လည်းစတင် ပြန့်ပွားလာပါ သည်။ လူသွမ်းလူပျက်များဖြစ်သည့် ရာ့စ်ပြူတင် (Rasputin) တို့လို ဂျာမနီတို့နှင့် သီးခြားငြိမ်းချမ်းရေးအတွက် အထင်အရှား လုပ်ဆောင်ခဲ့သူများက ဇာဘုရင့်တရားရုံးမှာ ဒါတွေပြောဆိုလာသည့်အခါ အလွန်အမင်း ဒေါသဖြစ်လာကြပါသည်။ ဓနရှင်များက ဇာဘုရင့်အစိုးရသည် စစ်ပွဲအောင်မြင်အောင် မဆင်နွှဲနိုင်ကြောင်း ပို၍ပို၍ သဘောပေါက်လာကြသည်။ ဇာဘုရင့်စနစ်သည် မိမိ၏ အနေအထားကို ကယ်တင်နိုင်ရန် ဂျာမန်များနှင့် သီးခြားငြိမ်းချမ်းရေးလုပ်သွားမည်ကို စိုးရိမ်လာကြသည်။ ထို့ကြောင့် ရုရှားဓနရှင်များသည် ဇာဘုရင် ဒုတိယနီကိုလတ် (Nicholas II) ကိုဖယ်ရှားပြီး၊ ဓနရှင်များနှင့် ဆက်စပ်နေသူ ညီ မိုက်ကယ်ရိုမာနော့ဗ် (Michael Romanov) နှင့် အစားထိုးရန် ရည်ရွယ်ချက်ဖြင့် နန်းတွင်းအာဏာသိမ်းပွဲ ပြုလုပ်ရန် စီစဉ်ဆုံးဖြတ်လာကြသည်။ ဤနည်းဖြင့် ခဲတလုံးတည်းနှင့် ငှက်နှစ်ကောင်သတ်ရန် ကြံစည်လာကြသည်။ ပထမမှာ မိမိတို့ကိုယ်တိုင် အာဏာရလာပြီး နယ်ချဲ့စစ်ပွဲ ဆက်လက်လုပ်ဆောင်ရန်နှင့် ဒုတိယမှာ တဖြည်းဖြည်း ဒီရေမြင့်လာသည့် လူကြိုက်များလှသည့် တော်လှန်ရေးကြီး ပေါ်ထွက်လာနိုင်မှုကို နန်းတွင်းအာဏာသိမ်းပွဲလေးဖြင့် တားဆီးထားရန်တို့ ဖြစ်ပါသည်။

ဇာဘုရင့်အနေဖြင့် စစ်ပွဲကို ဆက်လက် ဦးမဆောင်နိုင်တော့ကြောင်း မြင်တွေ့လာသည့် ဗြိတိသျှနှင့် ပြင်သစ်အစိုးရတို့သည် ဤကိစ္စတွင် ရုရှားဓနရှင်များကို အပြည့်အဝ ထောက်ခံခဲ့သည်။ သူတို့က ဇာဘုရင်သည် ဂျာမန်များနှင့် သီးခြားငြိမ်းချမ်းရေးလုပ်ကာ အဆုံးသတ်သွားမှာကို စိုးရိမ်ကြ သည်။ ဇာဘုရင်အစိုးရက ဂျာမန်များနှင့် သီးခြားငြိမ်းချမ်းရေးစာချုပ် ချုပ်လာပါက ဗြိတိသျှနှင့် ပြင်သစ်အစိုးရတို့အတွက် ပြင်သစ်စစ်မျက်နှာသို့ ချောဆွဲထားသည့် ရုရှားစစ်သား အများအပြား ပို့ပေးနေသည့် စစ်မဟာမိတ်ဆုံးရှုံးရကာ ရန်သူများကိုလည်း မိမိတို့ စစ်မျက်နှာသို့ ဦးလှည့်စေမည် ဖြစ်ပါ သည်။ ထို့ကြောင့် ဗြိတိသျှနှင့် ပြင်သစ်အစိုးရတို့သည် ရုရှားဓနရှင်များ၏ နန်းတွင်းအာဏာသိမ်းပွဲ ကြိုးပမ်းမှုများကို ထောက်ခံခဲ့ခြင်းဖြစ်ပါသည်။

ဤကဲ့သို့ဖြင့် ဇာဘုရင်သည် အထီးကျန်ဖြစ်သွားခဲ့သည်။

ရှေ့တန်း၌ စစ်ပွဲတပွဲပြီးတပွဲ ရှုံးနိမ့်နေစဉ် စီးပွားရေး ပျက်စီးယိုယွင်းလာမှုသည်လည်း ပိုမိုပြင်းထန်လာပါသည်။ ၁၉၁၇၊ ဇန်နဝါရီနှင့် ဖေဖော်ဝါရီတွင် အစားအသောက်၊ ကုန်ကြမ်းပစ္စည်းနှင့် လောင်စာထောက်ပံ့မှု၊ ဖရိုဖရဲဖြစ်မှု အတိုင်းအတာနှင့် ပြင်းထန်မှုသည် အထွတ်အထိပ်သို့ ရောက်ခဲ့သည်။ ပီထရိုဂရက်နှင့် မော်စကိုသို့ စားနပ်ရိက္ခာ ထောက်ပံ့ရေးများ ရပ်ဆိုင်းလုနီး ဖြစ်သွားသည်။ စက်ရုံတစ်ရုံပြီးတစ်ရုံ ပိတ်ပစ်လိုက်ရပြီး၊ ဤသည်က အလုပ်လက်မဲ့ပြဿနာကို ပြင်းထန်စေသည်။ အထူးသဖြင့် အလုပ်သမားများ၏ အခြေအနေမှာ သည်းညည်းခံနိုင်ဖွယ် မရှိတော့ပါ။ သည်းညည်းခံ

နိုင်ဖွယ်ရာမရှိသည့် အခြေအနေမှ တခုတည်းသောထွက်ရပ်လမ်းမှာ ဇာဘုရင့် သက်ဦးဆံပိုင်စနစ်ကို ဖြုတ်ချရန်သာဖြစ်သည်ဆိုသည့် နိဂုံးချုပ်ချက်ကို ရရှိသည့်လူများ ပို၍ပို၍ တိုးများလာကြသည်။ ဇာဘုရင့်စနစ်မှာ သေလောက်သည့် အကျပ်အတည်း ဒုက္ခကြီးနှင့် ရင်ဆိုင်ရသည်။ ခေါင်းမာ နေရှင်များက နန်းတွင်းအာဏာသိမ်းပွဲဖြင့် အကျပ်အတည်းကို ဖြေရှင်းရန်စဉ်းစားခဲ့ကြသည်။ သို့သော် ပြည်သူများက သူ့နည်းသူ့ဟန်နှင့် ဖြေရှင်းခဲ့သည်။

## ၅။ ဖေဖော်ဝါရီတော်လှန်ရေး။ ဇာဘုရင်စနစ်ကျဆုံးခြင်း။ အလုပ်သမားနှင့်စစ်သား ကိုယ်စားလှယ်များ၏ ဆိုဗီယက်များတည်ထောင်ခြင်း၊ ယာယီအစိုးရအဖွဲ့စည်းခြင်း။ အာဏာနှစ်ခု။

၁၉၁၇ ခုနှစ်ကို ဇန်နဝါရီ ၉ ရက်သပိတ်ဖြင့် စတင် ဖွင့်လှစ်လိုက်ပါသည်။ ဤသပိတ်တိုက်ပွဲအတွင်း ပီထရိုဂရက်၊ မော်စကို၊ ဘာကူးနှင့် နစ်ဇ်နီနိုဂိုရတ်မြို့များတွင် ဆန္ဒပြပွဲကျင်းပကြသည်။ မော်စကိုတွင် အလုပ်သမား သုံးပုံတပုံသည် ဇန်နဝါရီ ၉ ရက်သပိတ်တိုက်ပွဲတွင် ပါဝင်ခဲ့သည်။ ဗားစကွဲလမ်းကျယ်ကြီးပေါ်၌ ဆန္ဒပြနေသောလူ ၂,၀၀၀ကို မြင်းစီးပုလိပ်များက လူစုခွဲ လိုက်ပါသည်။ ပီထရိုဂရက် ရပ်ကွက် (Vyborg Chaussée) တခုမှာ ဆန္ဒပြပွဲကို စစ်သားများက ပူးပေါင်းလိုက်သည်။

ပီထရိုဂရက်ပုလိပ်က "အထွေထွေသပိတ်မှောက်ရေး အကြံဉာဏ်ကို လက်ခံလာသူ အသစ်များ တစ်နေ့တခြားတိုးများလာပြီး၊ ၁၉၀၅ ခုနှစ်ကကဲ့သို့ လူကြိုက်များလာကြသည်"ဟု သတင်း ပို့ခဲ့သည်။

မင်ရှီဗစ်နှင့် ဆိုရှယ်လစ်တော်လှန်ရေးသမားများက ဤတော်လှန်ရေးလှုပ်ရှားမှု အစပျိုးချက်ကို လစ်ဘရယ်နေရှင်များ လိုချင်သည့်လမ်းကြောင်းသို့ ပြောင်းသွားစေရန် ကြိုးစားခဲ့သည်။

မင်ရှီဗစ်များက နိုင်ငံတော်ဒူးမားသို့ အလုပ်သမားများ ချီတက်ဆန္ဒပြမည့်နေ့ကို ဒူးမားဖွင့်သည့်နေ့ ဖေဖေါ်ဝါရီ ၁၄ ရက်တွင် လုပ်ဆောင်ရန် တင်ပြသည်။ သို့သော် အလုပ်သမားလူတန်းစား လူထုကြီးသည် ဘော်ရှီဗစ်များနောက်လိုက်၍ ဒူးမားသို့မသွားခဲ့ဘဲ ဆန္ဒပြပွဲများ လုပ်ဆောင်သည်။

၁၉၁၇ ဖေဖေါ်ဝါရီ ၁၈ ရက်နေ့၌ ပီထရိုဂရက်၊ ပြူတီလော့လုပ်ငန်းဌာန၌ သပိတ်များ ပေါ်ပေါက်လာသည်။ ဖေဖေါ်ဝါရီ ၂၂ ရက်တွင် စက်ရုံကြီးအများစုမှ အလုပ်သမားများ သပိတ်မှောက်ကြသည်။ ကမ္ဘာ့အမျိုးသမီးနေ့ ဖေဖော်ဝါရီ ၂၃ (မတ်လ ၈ရက်)တွင် ပီထရိုဂရက် ဘော်ရှီဗစ်ကော်မတီ၏ ဆင့်ခေါ်မှုဖြင့် အလုပ်သမားများသည် ငတ်ပြတ်မှု၊ စစ်ပွဲနှင့် ဇာဘုရင်စနစ်ကို ဆန့်ကျင်ဆန္ဒပြရန် လမ်းမများပေါ်သို့ထွက်ခဲ့သည်။ ပီထရိုဂရက် အလုပ်သမားများသည် အလုပ်သမားများ၏ ဆန္ဒပြပွဲကို ထောက်ခံသည့် အနေဖြင့် မြို့အနှံ့သပိတ်လှုပ်ရှားမှု လုပ်ဆောင်လိုက်သည်။ နိုင်ငံရေး သပိတ်တိုက်ပွဲများသည် ဇာဘုရင်စနစ်ကို ဆန့်ကျင်သည့် အထွေထွေနိုင်ငံရေး ဆန္ဒပြပွဲကြီးအဖြစ်ကြီးထွားလာသည်။

ဖေဖော်ဝါရီ ၂၄ ရက် (မတ်လ ၉ ) တွင် ဆန္ဒပြပွဲသည် ပိုမို အရှိန်အဟုန်ကြီးလာသည်။ အလုပ်သမား ၂ သိန်းသည် သပိတ်မှောက်နေကြပြီးဖြစ်သည်။

ဖေဖော်ဝါရီ ၂၅ (မတ်လ ၁၀) တွင် ပီထရိုဂရက်ရှိ အလုပ်သမားလူတန်းစားတရပ်လုံး တော်လှန်ရေးလှုပ်ရှားမှုထဲ ပူးပေါင်းလာသည်။ ရပ်ကွက်များမှ နိုင်ငံရေးသပိတ်များသည် တမြို့တော်လုံး၏ အထွေထွေနိုင်ငံရေး သပိတ်ကြီးအဖြစ် ပူးပေါင်း ရောယှက်သွားသည်။ ဆန္ဒပြပွဲများနှင့် ပုလိပ်များ ထိပ်တိုက်တွေ့မှုများကို နေရာတကာ၌ တွေ့ရသည်။ "ဇာဘုရင်ကျဆုံးပါစေ"၊ "စစ်ပွဲများကျဆုံး ပါစေ"၊

"ငါတို့ပေါင်မုန့်လိုချင်တယ်"ဆိုသောကြွေးကြော်သံများနှင့် အလံနီများသည် အလုပ်သမား ထုကြီး၏ ခေါင်းများပေါ်တွင် ဝဲပျံနေကြသည်။

ဖေဖော်ဝါရီ ၂၆ (မတ်လ ၁၁) မနက်ပိုင်းတွင် နိုင်ငံရေးသပိတ်နှင့် ဆန္ဒပြပွဲကြီးသည် ဒီရေမြင့်ပုံ သဏ္ဍာန်ဆောင်လာပါသည်။ အလုပ်သမားများသည် ပုလိပ်နှင့် ရဲများကို လက်နက်ဖြုတ်ပြီး မိမိတို့ ကိုယ်မိမိ တပ်ဆင်ကြသည်။ သို့သော် ပုလိပ်များနှင့် လက်နက်ကိုင်ပစ်ခတ်မှုများတွင် ဇာနာမင်း စကားရား (Znamenskaya) ရင်ပြင်ဆန္ဒပြပွဲကို ပစ်ခတ်နှိမ်နင်းလိုက်ခြင်းဖြင့် အဆုံးသတ်သွားပါ သည်။

ပီထရိုဂရက်စစ်ဒေသ၏ တပ်မှူးဗိုလ်ချုပ်ခါဘာလော့ဗ် **(Khabalov)** က အလုပ်သမားများ ဖေဖော်ဝါရီ ၂၈ (မတ်လ ၁၃ )ရက်နေ့တွင် အလုပ်ပြန်တက်ရန်နှင့် ပြန်မတက်ပါက ရှေ့တန်းသို့ ပို့ မည်ဖြစ်ကြောင်းကြေညာပါသည်။ ဖေဖော်ဝါရီ ၂၅ (မတ်လ ၁၀)တွင် ဇာဘုရင်က ဗိုလ်ချုပ် ခါဘာလော့ဗ်ကို "မြို့တော်တွင်းရှိ မငြိမ်မသက်ဖြစ်မှုများကို မနက်ဖြန်ထက်နောက် မကျစေဘဲ ရပ်ပစ်ရန် အမိန့်ချသည်။" ဟုအမိန့်များ ထုတ်ပြန်သည်။ သို့သော် တော်လှန်ရေးကို "ရပ်ပစ်ရန်"မှာ မဖြစ်နိုင်တော့ချေ။

ဖေဖော်ဝါရီ ၂၆ (မတ်လ ၁၁ )တွင် ပက်ဗလော့စကီးတပ်မှ အရန်တပ်ရင်း၏ အမှတ် ၄ တပ်ခွဲ သည် အလုပ်သမားများကို မဟုတ်ဘဲ၊ အလုပ်သမားများနှင့် ရန်းရင်းဆန်ခတ်ဖြစ်နေသည့် မြင်း စီးပုလိပ်များကို သေနတ်များနှင့် ပစ်ခတ်ခဲ့ပါသည်။ စစ်သားများကို စည်းရုံးသိမ်းသွင်းနိုင်ရန် အထူး သဖြင့် အလုပ်သမားများသည် အလွန်တက်ကြွစွာနှင့် ဇွဲနဘဲကြီးစွာ တိုက်တွန်း ဟောပြော လုပ် ဆောင်ကြသည်။ စစ်သားများကို ၎င်းတို့ကိုယ်တိုင် မိန့်ခွန်းများဟောပြောပြီး၊ ညီနောင် သားချင်း များသဖွယ် ဆက်ဆံကာ မုန်းတီးရွံရှာဖွယ် ဇာဘုရင်သက်ဦးဆံပိုင်စနစ်ကို ဖြုတ်ချရေးတွင် ပြည်သူ များကို ကူညီရန် တောင်းဆိုကြသည်။

ထိုအချိန်က ဘော်ရှီဗစ်ပါတီ၏ လက်တွေ့လုပ်ငန်းများကို ပါတီဗဟိုကော်မတီဗျူရိုက ညွှန် ကြားနေပြီး၊ ပီထရိုဂရက်တွင် ဌာနများရှိနေကာ၊ ရဲဘော်မိုလိုတော့ဗ် **(Molotov)** က ခေါင်း ဆောင်နေပါ သည်။ ဖေဖော်ဝါရီ ၂၆ (မတ်လ ၁၁)တွင် ဗဟိုကော်မတီဗျူရိုက ဇာဘုရင်စနစ် အပေါ် လက်နက်ကိုင်တိုက်ပွဲ ဆက်လက်ဆင်နွှဲရန်နှင့် ယာယီတော်လှန်ရေးအစိုးရ ဖွဲ့စည်းရန် တောင်းဆိုသည့် ကြေညာစာတမ်း ထုတ်လိုက်သည်။

ဖေဖော်ဝါရီ ၂၇ (မတ်လ ၁၂)တွင် ပီထရိုဂရက်တပ်များက အလုပ်သမားများကိုပစ်ခတ်ရန် ငြင်းဆန်ပြီး၊ ပုန်ကန်မှုတွင် ပြည်သူနှင့် အတူပူးပေါင်းလိုက်ကြသည်။ ဖေဖော်ဝါရီ ၂၇ ရက် နံနက်ပိုင်းတွင် ပုန်ကန်မှုတွင်း ပူးပေါင်းလာသည့် စစ်သားဦးရေမှာ တသောင်းမကျော်သော်လည်း ညနေပိုင်းသို့ ရောက်လာသည့်အခါ ခြောက်သောင်းကျော်သွားခဲ့သည်။

ပုန်ကန်ထကြွလာသည့် အလုပ်သမားနှင့် စစ်သားများသည် ဇာဘုရင့်ဝန်ကြီးများနှင့် ဗိုလ်ချုပ် များကို စတင်ဖမ်းဆီးကြပြီး၊ ထောင်များထဲမှ တော်လှန်ရေးသမားများကို လွှတ်ပေးကြသည်။ လွှတ်မြောက်လာသည့် နိုင်ငံရေးအကျဉ်းသားများသည် တော်လှန်ရေးတိုက်ပွဲတွင် ပူးပေါင်းလာကြ သည်။

လမ်းများပေါ်တွင် အိမ်ခေါင်မိုးအပေါ်ထပ်များမှ ပုလိပ်နှင့်ရဲများ၏စက်သေနတ်နှင့် အပြန်အလှန်ပစ်ခတ်သံများ ကြားနေရသည်။ သို့သော် စစ်သားများသည် အလုပ်သမားများဘက်သို့ အလျင်အမြန်ကူးပြောင်းသွားကြပြီး၊ ဤသည်က ဇာဘုရင့်သက်ဦးဆံပိုင်စနစ်၏ ကံကြမ္မာကို အဆုံးအဖြတ်ပေးလိုက်ပါသည်။

ပီထရိုဂရက် တော်လှန်ရေးအောင်ပွဲသတင်းများ၊ အခြားမြို့များနှင့်ရှေ့တန်းသို့ ပျံ့နှံ့ ရောက်ရှိသွားသည့်အခါ အလုပ်သမားနှင့် စစ်သားများက နေရာတကာတွင် ဇာဘုရင့် အရာရှိများကို ဖြုတ်ချကြသည်။ ဖေဖေါ်ဝါရီ ဒီမိုကရေစီတော်လှန်ရေးကား အောင်ပွဲရခဲ့ပေပြီ။

ဤတော်လှန်ရေးတွင် အလုပ်သမားလူတန်းစားသည် တပ်ဦးမှနေ၍ “ငြိမ်းချမ်းရေး၊ ပေါင်မုန့်နှင့် လွတ်မြောက်ရေး” တောင်းဆိုကာ စစ်သားယူနစ်ဖောင်း ဝတ်ဆင်ထားသည့် လယ်သမားထု၏ လှုပ်ရှားမှုကို ခေါင်းဆောင်ခဲ့သောကြောင့် အောင်ပွဲဆင်ခဲ့ခြင်းဖြစ်သည်။ တော်လှန်ရေး အောင်ပွဲကို အဆုံးအဖြတ်ပေးလိုက်သည်မှာ ပစ္စည်းမဲ့များ၏ ခေါင်းဆောင်မှုဖြစ်သည်။

“တော်လှန်ရေးကို ပစ္စည်းမဲ့များက လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ပစ္စည်းမဲ့များသည် သူ့ရဲကောင်းဝါဒကိုပြသခဲ့သည်။ သွေးမြေကျခံခဲ့သည်။ သူနှင့်အတူ အကျယ်ပြန့်ဆုံးသော ဒုက္ခဆင်းရဲတွင်းမှ လူများကို ဆွဲခေါ်ယူသွားခဲ့သည်။”ဟု လီနင်က အစောပိုင်းရက်များတွင် ရေးသားခဲ့သည်။” **(လီနင်၊ ကျမ်းပေါင်းစုံ၊ ရုရှားဘာသာအတွဲ ၂၀၊ စာမျက်နှာ၂၃–၂၄)**

ပထမတော်လှန်ရေး ၁၉၀၅ တော်လှန်ရေးသည် ဒုတိယတော်လှန်ရေး ၁၉၁၇ တော်လှန်ရေး အလျင်အမြန် အောင်ပွဲခံရေးအတွက် ပြင်ဆင်ပေးခဲ့ပါသည်။

လီနင်က “ပြင်းထန်တဲ့ လူတန်းစားတိုက်ပွဲမရှိဘဲ၊ (၁၉၀၅–၀၇) သုံးနှစ်အတွင်း ရုရှား ပစ္စည်းမဲ့များ ဖော်ပြခဲ့သည့် တော်လှန်ရေးစွမ်းအားမရှိဘဲ၊ ဒုတိယတော်လှန်ရေး၏ အစပျိုးသည့် အဆင့် ရက်အချို့အတွင်းပြီးမြောက်ခဲ့ရာ၊ ဤမျှမြန်မြန်ဆန်ဆန်ပြီးမြောက်ရန်မဖြစ်နိုင်ပေ။” **(လီနင်လက်ရွေးစင်ကျမ်း၊ အင်္ဂလိပ်ဘာသာ၊ မော်စကို၊ ၁၉၄၇ အတွဲ ၁၊ စာမျက်နှာ ၇၃၅)**

တော်လှန်ရေး၏ ပထမဦးဆုံးသော ရက်များအတွင်းမှာပင် ဆိုဗီယက်များ ပေါ်ထွက်လာသည်။ အောင်ပွဲခံတော်လှန်ရေးသည် အလုပ်သမား၊ စစ်သားကိုယ်စားလှယ်များ၏ ဆိုဗီယက်များ၏ ထောက်ခံမှုပေါ် မူတည်နေသည်။ ပုန်ကန်ခဲ့ကြသည့် အလုပ်သမားနှင့် စစ်သားများသည် အလုပ်သမားနှင့် စစ်သားကိုယ်စားလှယ်များ၏ ဆိုဗီယက်များကို တည်ထောင်ကြသည်။ ၁၉၀၅ ခု၊ တော်လှန်ရေးက ဆိုဗီယက်များသည် လက်နက်ကိုင်ပုန်ကန်မှု၏ အင်္ဂါများဖြစ်ပြီး၊ တချိန်တည်းမှာလည်း တော်လှန်ရေးအာဏာသစ်၏ သန္ဓေသားဖြစ်ကြောင်း ပြသခဲ့သည်။ ဆိုဗီယက်အကြံဉာဏ်သည် အလုပ်သမားလူတန်းစားထုကြီး၏ ခေါင်းထဲတွင်ရှိနေခဲ့ပြီး၊ ဇာဘုရင်အစိုးရ ပြုတ်ကျလျှင် ပြုတ်ကျချင်း အကောင်အထည်ဖော်ခဲ့ကြသည်။ ၁၉၀၅ ခုနှင့် မတူတဲ့ ခြားနားမှုကတော့ ထိုစဉ်က တည်ထောင်ခဲ့သည်မှာ အလုပ်သမားကိုယ်စားလှယ်များ၏ ဆိုဗီယက်မျှသာ ဖြစ်ပြီး၊ ၁၉၁၇ ဖေဖော်ဝါရီတွင် ဘော်ရှီ ဗစ်တို့၏ ဦးဆောင်မှုဖြင့် အလုပ်သမားနှင့် စစ်သားများ၏ ကိုယ်စားလှယ်များ၏ ဆိုဗီယက် ဖြစ်ပါသည်။

လမ်းများပေါ်တွင် ဘော်ရှီဗစ်များက လူထုတိုက်ပွဲများကို ခေါင်းဆောင်ညွှန်ကြားနေစဉ်၊ စေ့စပ်ဖြန်ဖြေရေးအဖွဲ့များဖြစ်သော မင်ရှီဗစ်များနှင့် ဆိုရှယ်လစ် တော်လှန်ရေးသမားများသည် ဆိုဗီယက်များတွင် နေရာများရယူနေကာ အများစုဖြစ်အောင် တည်ဆောက်နေကြသည်။ ဤသည်ကို

ပိုမိုဖြစ်စေသည့် တစိတ်တပိုင်းသော အကြောင်းအချက်မှာ ဘော်ရှီဗစ်ပါတီမှ ခေါင်းဆောင်အများစုမှာ ထောင်ချခံရခြင်းသော်လည်းကောင်း၊ ပြည်နှင်ဒဏ်ခံနေရခြင်းသော်လည်းကောင်း (လီနင်မှာ ပြည်ပတွင် ပြည်နှင်ဒဏ် ခံနေရပြီး၊ စတာလင်နှင့် ဆဗားဒ်လောဗ့်တို့မှာ ဆိုက်ဗေးရီးယား၌ နယ်နှင်ခံနေရသည်) ဖြစ်နေပြီး၊ မင်ရှီဗစ်နှင့် ဆိုရှယ်လစ်တော်လှန်ရေးသမားများမှာမူ ပီထရိုဂရက် လမ်းများပေါ်တွင် လွတ်လပ်စွာလမ်းသလား နေနိုင်ကြသည်။ အကျိုးကတော့ ပီထရိုဂရက်ဆိုဗီယက်နှင့် ၎င်း၏ အမှုဆောင်ကော်မတီအတွင်းတွင် အလျှော့ပေးစေ့စပ်ရေးပါတီများ ဖြစ်သည့် မင်ရှီဗစ်နှင့် ဆိုရှယ် လစ်တော်လှန်ရေးသမားများအဖွဲ့မှ ကိုယ်စားလှယ်များ ခေါင်းဆောင်နေခြင်းဖြစ်သည်။ မော်စကိုနှင့် တခြားမြို့တချို့မှာလည်း ထိုနည်းလည်းကောင်းပင် ဖြစ်သည်။ အိုင်ဗင်နိုဗို–ဗိုနက်စဲန်ကက်၊ ကရာ စနိုရာခ်နှင့် နေရာအချို့တွင်သာ ဘော်ရှီဗစ်များသည် စကတည်းက ဆိုဗီယက်များတွင် အများစု ဖြစ်နေပါသည်။

လက်နက်ကိုင်ပြည်သူများဖြစ်သော အလုပ်သမားများနှင့် စစ်သားများသည် ပြည်သူ့အာဏာ အဆောက်အအုံသို့ စေလွှတ်သကဲ့သို့ မိမိတို့ကိုယ်စားလှယ်များကိုလည်း ဆိုဗီယက်သို့ စေလွှတ်ကြသည်။ သူတို့က အလုပ်သမားစစ်သားများ၏ ကိုယ်စားလှယ်များ၏ ဆိုဗီယက်များသည် တော်လှန်သော ပြည်သူများ၏ တောင်းဆိုချက်အားလုံးကို လုပ်ဆောင်ပေးလိမ့်မည်။ ပထမဆုံးငြိမ်းချမ်းရေး ရစေလိမ့်မည်ဟုထင်ခဲ့၊ မျှော်မှန်းခဲ့ကြသည်။

သို့သော် အလုပ်သမားများနှင့်စစ်သားများ၏ သူတို့နှင့်မထိုက်တန်သော ယုံကြည်ကိုးစားမှုများက သူတို့ကို မကောင်းမှုများ ပြုစေခဲ့သည်။ ဆိုရှယ်လစ်တော်လှန်ရေးသမားများနှင့် မင်ရှီဗစ်များသည် စစ်ပွဲရပ်စဲရေး၊ ငြိမ်းချမ်းရေး ထိန်းသိမ်းရန် စိုးစဉ်မျှမရည်ရွယ်ခဲ့ချေ။ သူတို့သည် တော်လှန်ရေးကို အခွင့်ကောင်းယူပြီး စစ်ပွဲဆက်လက်ဆင်နွှဲရန် စီစဉ်ကြသည်။ တော်လှန်ရေးနှင့် ပြည်သူများ၏ တော်လှန်ရေး တောင်းဆိုချက်များနှင့် ပတ်သက်၍မူ ဆိုရှယ်လစ်တော်လှန်ရေးသမားများနှင့် မင်ရှီဗစ်များက တော်လှန်ရေးပြီးဆုံးခဲ့ပြီ။ ယခုအခါ တာဝန်မှာ စာရင်းပိတ်လိုက်ရန်နှင့် ဓနရှင်များနဲ့ “မှန်တမ်း” ဖွဲ့စည်းအုပ်ချုပ်ပုံမှာ အတူယှဉ်တွဲနေထိုင်သွားရေးဖြစ်သည်ဟု သဘောထားကြသည်။ ပီထရိုဂရက်ဆိုဗီယက်မှ ဆိုရှယ်လစ်တော်လှန်ရေးသမားများနှင့် မင်ရှီဗစ်များသည် ထို့ကြောင့် စစ်ရပ်စဲရေးပြဿနာကို ချောင်ထိုးရန်၊ ငြိမ်းချမ်းရေးပြဿနာချောင်ထိုးရန်နှင့် ဓနရှင်များထံ အာဏာလွှဲအပ်ရန် အပြင်းအထန် ကြိုးစားလာကြသည်။

၁၉၁၇ ဖေဖော်ဝါရီ ၂၇ ရက် (မတ်လ–၁၂)တွင် စတုတ္ထနိုင်ငံတော်ဒူးမားမှ လစ်ဘရယ်အဖွဲ့ဝင်များသည် ဆိုရှယ်လစ်တော်လှန်ရေးသမားနှင့် မင်ရှီဗစ်ခေါင်းဆောင်များနှင့် လက်သိပ်ထိုး သဘောတူညီချက်ရယူပြီး၊ ဒူးမားလွှတ်တော်ဥက္ကဋ္ဌ၊ မြေရှင်နှင့်ဘုရင့်ဝါဒီ ရော့တ်ဇရိုင်ကို (Rodzyanko) ဦးဆောင်သည့် နိုင်ငံတော်ဒူးမား၏ ယာယီကော်မတီကို ဖွဲ့စည်းလိုက်သည်။ ရက် အချို့ကြာပြီးနောက် အလုပ်သမား၊ စစ်သားကိုယ်စားလှယ်များ၏ ဆိုဗီယက် အမှုဆောင်ကော်မတီမှ ဆိုရှယ်လစ်တော်လှန်ရေးသမားများနှင့် မင်ရှီဗစ်ခေါင်းဆောင်များသည် ဘော်ရှီဗစ်များကို အသိမပေးဘဲ၊ နိုင်ငံတော်ဒူးမား၏ ယာယီကော်မတီနှင့် ရုရှား၏အစိုးရသစ်ကိုဖွဲ့စည်းရန် သဘောတူလိုက်သည်။ လဗော့ဗ်မင်းသား (Prince Lvov) ဦးဆောင်သည့် ဓနရှင် ယာယီအစိုးရပင်ဖြစ်သည်။ ထိုသူမှာ ဖေဖော်ဝါရီတော်လှန်ရေး မတိုင်ခင်ကပင် ဒုတိယနီကိုလတ်ဇာဘုရင်က သူ့အစိုးရ၏ ဝန် ကြီးချုပ်အဖြစ်ခန့်ရန် လုပ်ဆောင်ခဲ့သူဖြစ်သည်။ ယာယီအစိုးရတွင် ဖွဲ့စည်းအုပ်ချုပ်ပုံ ဒီမိုကရက်များ၏ ခေါင်းဆောင် မီလျူကောဗ့် (Milyukov)၊

အောက်တိုဘာဝါဒီများ၏ ခေါင်းဆောင် ဂုချ်ကော့ဗ် (Guchkov) နှင့် အရင်းရှင်လူတန်းစားမှ တခြား ထင်ရှားသည့် ကိုယ်စားလှယ်များနှင့် "ဒီမိုကရေစီ"၏ ကိုယ်စားလှယ်အဖြစ် ဆိုရှယ်လစ်တော်လှန်ရေး သမား ကရင်စကီ (Kerensky) တို့ပါဝင်ကြသည်။

ဤသည်မှာ ဆိုဗီယက် အမှုဆောင်ကော်မတီ၏ မင်ရှီဗစ်နှင့် ဆိုရှယ်လစ်တော်လှန်ရေးသမား ခေါင်းဆောင်များ၊ ဓနရှင် အာဏာရှေ့မှောက်တွင် လက်နက်ချလိုက်ပုံပင်ဖြစ်သည်။ သို့သော်လည်း ဤကိစ္စကို အလုပ်သမား၊ စစ်သားကိုယ်စားလှယ်များ၏ ဆိုဗီယက်က သိရှိသည့် အခါတွင်လည်း ဆိုရှယ်လစ်တော်လှန်ရေးသမားများနှင့် မင်ရှီဗစ်လုပ်ဆောင်ချက်များကို ဘော်ရှီဗစ်များ ကန့်ကွက်နေ သည့်ကြားမှ အများစုက တရားဝင်သဘောတူညီလိုက်ကြပါသည်။

ဤနည်းဖြင့် ရုရှား၌ ပေါ်ထွက်ခဲ့သော နိုင်ငံတော်အာဏာသစ်သည် လီနင်ပြောခဲ့သည့်အတိုင်း "ဓနရှင်နှင့် ဓနရှင်ဖြစ်လာသည့် မြေရှင်များ"၏ ကိုယ်စားလှယ်များပါဝင်နေပေသည်။

သို့သော် ဓနရှင်အစိုးရနှင့်အတူ ဘေးချင်းယှဉ်လျက် အလုပ်သမား၊ စစ်သားကိုယ်စားလှယ် များ၏ ဆိုဗီယက်ဆိုသည့် နောက်အာဏာတခု တည်ရှိနေပါသည်။ ဆိုဗီယက်မှ စစ်သားကိုယ်စား လှယ်များမှာ များသောအားဖြင့် စစ်ပွဲအတွင်း စစ်တပ်တွင်းဆွဲသွင်းခြင်းခံရသော လယ်သမားများဖြစ် သည်။ အလုပ်သမား၊ စစ်သားကိုယ်စားလှယ်များ၏ ဆိုဗီယက်သည် ဇာဘုရင် အုပ်စိုးမှုကိုဆန့်ကျင် သည့် အလုပ်သမား၊ လယ်သမား မဟာမိတ်၏ အဆောက်အအုံယန္တရားဖြစ်သည်။ တချိန်တည်းမှာ လည်း ၎င်းတို့အာဏာ၏ အဆောက်အအုံ (organ)မှာ အလုပ်သမားလူတန်းစားနှင့် လယ်သမားထု အာဏာရှင်စနစ်၏ အဆောက်အအုံဖြစ်သည်။

ရရှိချက်ကတော့ အာဏာနှစ်ရပ်၊ အာဏာရှင်စနစ်နှစ်ခု ထူးခြားစွာ ပူးတွဲချိတ်ဆက်နေခြင်း ဖြစ်သည်။ ယာယီအစိုးရ ကိုယ်စားပြုသည့် ဓနရှင်စနစ်နှင့် အလုပ်သမား၊ စစ်သားကိုယ်စားလှယ်များ၏ ဆိုဗီယက်ကိုယ်စားပြုသည့် ပစ္စည်းမဲ့နှင့် လယ်သမားထု၏ အာဏာစနစ် ၂ မျိုးဖြစ်နေသည်။

အကျိုးမှာ စင်ပြိုင်အာဏာ ၂ ခုပင် ဖြစ်သည်။

ပထမပိုင်းတွင် ဆိုဗီယက်များ၌ အများစုမှာ မင်ရှီဗစ်တော်လှန်ရေးသမားများ ပါဝင်နေမှုကို မည်ကဲ့သို့ရှင်းလင်း ပြောဆိုမည်နည်း။

အောင်ပွဲရရှိသော အလုပ်သမားများနှင့် လယ်သမားများ၏ ကိုယ်စားလှယ်များကို မိမိ တို့စိတ်ဆန္ဒအလျောက် အာဏာအပ်ခဲ့သည်ကို မည်ကဲ့သို့ ရှင်းလင်းပြောဆိုမည်နည်း။

ဤသည်ကို လီနင်က ရှင်းလင်းပြောကြားရာမှ သန်းနှင့်ချီသောပြည်သူများသည် နိုင်ငံရေးတွင် အတွေ့အကြုံမရှိဘဲ နိုင်ငံရေးတွင် နိုးကြားလာကာ၊ နိုင်ငံရေးလှုပ်ရှားမှုထဲ ပါဝင်လာခဲ့ကြသည်။ သူတို့ တတွေမှာ များသောအားဖြင့် ပိုင်ဆိုင်သူကလေးများ၊ လယ်သမားများ၊ မကြာသေးခင်က လယ်သမား ဖြစ်ခဲ့သော အလုပ်သမားများဖြစ်ကြပြီး၊ ဓနရှင်နှင့် ပစ္စည်းမဲ့အကြား အလယ်လမ်း၌ ရပ်နေသူများ ဖြစ်ကြသည်။ ထိုအချိန်က ရုရှားသည် ဥရောပနိုင်ငံကြီးများ အားလုံးထဲတွင် ဓနရှင်ပေါက်စအများ ဆုံးဖြစ်သည်။ ဤနိုင်ငံတွင် "ကြီးမားလှသည့် ဓနရှင်ပေါက်စ ရေလှိုင်းကြီးက အရာရာတိုင်းအပေါ် လွှမ်းမိုးသွားပြီး၊ လူတန်းစားအသိရှိသည့် ပစ္စည်းမဲ့များအပေါ် အရေအတွက်အရသာမက အတွေး အခေါ်အရပါ လွှမ်းမိုးသွားသည်။ ဆိုလိုသည်မှာ အလွန်ကျယ်ပြန့်လှသည့် အလုပ်သမား အဝန်း

အပိုင်းများအတွင်း ဓနရှင်နိုင်ငံရေးအမြင်များ ကူးစက်ဝင်ရောက် စိမ့်ဝင်သွားသည်။'' (**လီနင် လက်ရွေးစင်ကျမ်း၊ အင်္ဂလိပ်ဘာသာ၊ မော်စကို ၁၉၄၇၊ အတွဲ ၂၊ စာမျက်နှာ ၂၉**)

ဤအခြေခံ ဓနရှင်ပေါက်စလှိုင်းကြီးက ဓနရှင်ပေါက်စ မင်ရှီဗစ်နှင့် ဆိုရှယ်လစ်တော်လှန်ရေးသမား ပါတီများကို ရှေ့တန်းသို့ပို့ပေးလိုက်ပါသည်။

လီနင်က အခြားအကြောင်းတရပ်ကိုလည်း ထောက်ပြလိုက်ပါသည်။ စစ်ပွဲအတွင်း ဖြစ်ပွားခဲ့သည့် ပစ္စည်းမဲ့များ၏ ဖွဲ့စည်းမှုအတွင်း အပြောင်းအလဲနှင့် တော်လှန်ရေးအစပိုင်း ပစ္စည်းမဲ့များ၏ လူတန်းစားအသိနှင့် စည်းရုံးဖွဲ့စည်းပုံ မလုံလောက်မှုတို့ဖြစ်သည်။ စစ်ပွဲအတွင်း ပစ္စည်းမဲ့များ အတွင်း မှာပင် ကြီးမားသည့် အပြောင်းအလဲများ ဖြစ်ပေါ်ခဲ့သည်။ ပုံမှန်အလုပ်သမားများထဲမှ ၄၀ ရာခိုင်နှုန်းမှာ စစ်တပ်အတွင်းသို့ ဆွဲသွင်းခြင်းခံရသည်။ ပစ္စည်းမဲ့ စိတ်သဘောထားနှင့် ကွဲပြားခြားနားသော ပိုင်ဆိုင်သူကလေးများ၊ လက်မှုပညာသည်များ၊ ဈေးသည်များသည် စစ်တပ်က ဆွဲသွင်းခြင်းမခံရအောင် စက်ရုံများသို့ ဝင်ရောက်လာသည်။

အလုပ်သမားများထဲမှ ဤဓနရှင်ပေါက်စအစိတ်အပိုင်းများသည် မင်ရှီဗစ်နှင့် ဆိုရှယ်လစ်တော်လှန်ရေးသမား၊ ဓနရှင် ပေါက်စနိုင်ငံရေးသမားများ ကြီးထွားလာရေးအတွက် ရေခံမြေခံ ဖြစ်စေခဲ့သည်။

ဤသည်ကြောင့်ပင် နိုင်ငံရေး အတွေ့အကြုံပါးမဝသေးသည့် လူအမြောက်အမြားသည် အခြေခံ ဓနရှင်ပေါက်စ ဝဲဩဃတွင်း မျောပါသွားပြီး၊ တော်လှန်ရေး၏ ပထမအောင်ပွဲများနှင့် ယစ်မူးအဆိပ်သင့်ကာ တော်လှန်ရေး၏ အစောပိုင်းလများအတွင်း စေ့စပ်ပြေငြိမ်းသည့်ပါတီများ၏ လွှမ်းမိုးမှုအောက်မှာ ဓနရှင်အာဏာသည် ဆိုဗီယက်၏လုပ်ငန်းများကို အနှောင့်အယှက်ပြုလိမ့်မည် မဟုတ်ဟု ရိုးသားစွာ ယုံကြည်မှုဖြင့် နိုင်ငံတော်အာဏာကို ဓနရှင်များလက်သို့ အသာတကြည်ပေးအပ်လိုက်ခြင်း ဖြစ်ပေသည်။

ဘော်ရှီဗစ်ပါတီ ရင်ဆိုင်နေရသောတာဝန်မှာ ယာယီအစိုးရ၏ နယ်ချဲ့လက္ခဏာကို လူထုကြီး မြင်ရအောင် မျက်စိဖွင့်ပေးရန်၊ ဆိုရှယ်လစ်တော်လှန်ရေးသမားနှင့် မင်ရှီဗစ်များ၏ သစ္စာဖောက်မှု ကို ဖွင့်ချရန်၊ ယာယီအစိုးရကို ဆိုဗီယက်အစိုးရနှင့် အစားထိုးခြင်းမပြုဘဲ ငြိမ်းချမ်းရေးမရနိုင်ကြောင်း၊ ဤလုပ်ငန်းကို စွမ်းအားအပြည့်အဝဖြင့် လုပ်ဆောင်ရန် ဘော်ရှီဗစ်ပါတီသည် မိမိကိုယ်မိမိ တာဝန်ပေးအပ်ခဲ့သည်။

ပါတီ တရားဝင်စာရွက်စာတမ်းများ ထုတ်ဝေခြင်းကို ပြန်လည်စတင် လုပ်ဆောင်ခဲ့သည်။ ဖေဖော်ဝါရီ တော်လှန်ရေးအပြီး ငါးရက်အကြာတွင် ပီထရိုဂရက်၌ ''ပရာဗဒါ ''သတင်းစာထွက်ပြီး၊ ရက်အချို့အကြာ မော်စကိုတွင်''ဆိုရှယ်ဒီမိုကရက်'' ထွက်လာပါသည်။ ပါတီသည် လစ်ဘရယ် ဓနရှင်များ၊ မင်ရှီဗစ်များ၊ ဆိုရှယ်လစ် တော်လှန်ရေးသမားများအပေါ် ယုံကြည်မှုလျော့ပါးလာသည့် လူထုအပေါ် ခေါင်းဆောင်မှု ပြန်လည်ရရှိလာသည်။ စစ်သားနှင့် လယ်သမားများကို အလုပ်သမားလူတန်းစားနှင့် ပူးပေါင်းလုပ်ဆောင်ရန် လိုအပ်ကြောင်း စိတ်ရှည်လက်ရှည် ရှင်းပြကြသည်။ တော်လှန်ရေး ဆက်လက်ဖြစ်ပေါ်တိုးတက်ပြီး၊ ဓနရှင်ယာယီအစိုးရကို ဆိုဗီယက်အစိုးရနဲ့ အစားထိုးခြင်း မပြုသရွေ့ လယ်သမားများ ငြိမ်းချမ်းရေးသို့မဟုတ် မြေရရှိနိုင်မည်မဟုတ်ကြောင်း သူတို့ကို ရှင်းပြခဲ့သည်။

## အကျဉ်းချုပ်

အရင်းရှင်နိုင်ငံများ၏ မညီမမျှ ဖြစ်ပေါ်တိုးတက်မှုကြောင့်လည်းကောင်း၊ အဓိက အင်အားများ အကြား ချိန်ခွင်လျှာ ကပြောင်းကပြန် ဖြစ်သွားခြင်းကြောင့်လည်းကောင်း၊ စစ်ပွဲဖြင့် ကမ္ဘာကို ပြန်လည် ခွဲဝေရန် ချိန်ခွင်လျှာအသစ်ဖန်တီးရန် နယ်ချဲ့သမားများ၏ လိုအပ်မှုကြောင့်လည်းကောင်း၊ နယ်ချဲ့စစ်ပွဲဖြစ်ပေါ်လာခဲ့သည်။

ဒုတိယအင်တာနေရှင်နယ်မှ ပါတီများသည် အလုပ်သမား လူတန်စားအရေးတော်ပုံကို သစ္စာ မဖောက်ခဲ့လျှင်သော်လည်းကောင်း၊ ဒုတိယအင်တာနေရှင်နယ်ကွန်ဂရက်များမှ စစ်ဆန့်ကျင်သည့် ဆုံးဖြတ်ချက်များကို မဖောက်ဖျက်ခဲ့လျှင်လည်းကောင်း၊ မိမိတို့၏ နယ်ချဲ့အစိုးရနှင့် စစ်လိုလားသူ များကို ဆန့်ကျင်ပြီး၊ သူတို့သည် အလုပ်သမားလူတန်းစားကို လှုံ့ဆော်လုပ်ဆောင် ရခဲ့လျှင် လည်းကောင်း၊ ဤစစ်ပွဲသည် ဤမျှဖျက်ဆီးနိုင်စွမ်း သို့မဟုတ် ဤမျှသော အတိုင်းအတာထိ ရောက် ရှိနိုင် မည်မဟုတ်ပါ။

ဆိုရှယ်လစ်ဝါဒနှင့် နိုင်ငံတကာ့ဝါဒအရေးတော်ပုံအပေါ် သစ္စာစောင့်သိပြီး၊ မိမိတို့ကိုယ်ပိုင် နယ်ချဲ့အစိုးရကိုဆန့်ကျင်သည့် ပြည်တွင်းစစ်ကို စည်းရုံးလုပ်ဆောင်ခဲ့သည့် တခုတည်းသော ပစ္စည်းမဲ့ ပါတီမှာ ဘော်ရှီဗစ်ပါတီသာဖြစ်သည်။ ဒုတိယအင်တာနေရှင်နယ်မှ တခြားပါတီအားလုံး၏ ခေါင်း ဆောင်များသည် ခေ့ရှင်များနှင့် ဆက်စပ်နေကြပြီး၊ နယ်ချဲ့စနစ်၏ လွှမ်းမိုးမှုကို ခံရကာ နယ်ချဲ့သမား များဘက်သို့ ကူးပြောင်းသွားကြသည်။

စစ်ပွဲသည် အရင်းရှင်စနစ်၏ အထွေထွေအကျပ်အတည်း၏ ရောင်ပြန်ဟပ်ချက်ဖြစ်ပြီး၊ တချိန်တည်းမှာပင် ဤသည်က ဤအကျပ်အတည်းကို ပိုမိုပြင်းထန်းစေပြီး၊ ကမ္ဘာ့အရင်းရှင်စနစ်ကို အင်အားချည့်နဲ့စေပါသည်။ ရုရှားအလုပ်သမားနှင့် ဘော်ရှီဗစ်ပါတီသည် ကမ္ဘာပေါ်တွင် အရင်းရှင်စနစ် အားနည်းမှုကို အခွင့်ကောင်းယူရာတွင် ပထမဆုံး အောင်မြင်ခဲ့သူများဖြစ်ကြသည်။ သူတို့သည် နယ်ချဲ့တပ်ဦးကို ကျိုးပေါက်စေပြီး ဇာဘုရင်ကိုဖြုတ်ချကာ အလုပ်သမား၊ စစ်သားကိုယ်စားလှယ် များ၏ ဆိုဗီယက်ကို တည်ဆောက်ခဲ့ကြသည်။

တော်လှန်ရေးပထမအောင်ပွဲများအပေါ် ယစ်မူးကာ၊ မင်ရှီဗစ်နှင့် ဆိုရှယ်လစ်တော်လှန်ရေး သမားများ၏ ယခုအချိန်မှစပြီး အရာရာအဆင်ပြေတော့မည်ဆိုသည့် အာမခံချက်များ၏ မှိုင်းမိပြီး နောက်ခေ့ရှင်ပေါက်စအစိတ်အပိုင်း၊ စစ်သားများ၊ ထို့အတူ အလုပ်သမားများသည် ယာယီအစိုးရ အပေါ်ယုံကြည်မှုများပုံအောကာ ထောက်ခံမှု ပေးခဲ့ကြသည်။

ပထမအောင်ပွဲများနှင့်ယစ်မူးနေသော အလုပ်သမားနှင့် စစ်သားထုကြီးကို တော်လှန်ရေး လုံးဝအောင်ပွဲရရေးမှာ ရေရှည်သွားရဦးမည် ဖြစ်ကြောင်း၊ ခေ့ရှင် ယာယီအစိုးရလက်ထဲ အာဏာရှိနေ သရွေ့ ဆိုဗီယက်များထဲတွင် စေ့စပ်ရေးသမားများဖြစ်သော မင်ရှီဗစ်နှင့် ဆိုရှယ်လစ်တော်လှန်ရေး သမားများ လွှမ်းမိုးနေသရွေ့၊ ပြည်သူလူထုအဖို့ ငြိမ်းချမ်းရေး သို့မဟုတ် ပေါင် မုန့်ရလိမ့်မည်မဟုတ် ကြောင်း၊ တော်လှန်ရေးအပြည့်အဝ အောင်ပွဲခံဖို့ ခြေတလှမ်းတိုးပြီး အာဏာကို ဆိုဗီယက်သို့ ပြောင်း လဲပေးရမည်ဖြစ်ကြောင်းတို့ကို ရှင်းလင်းပြောကြားရေးတာဝန်မှာ ဘော်ရှီဗစ်ပါတီအပေါ် ကျ ရောက်လာပေသည်။

## အခန်း (၇)
## အောက်တိုဘာဆိုရှယ်လစ်တော်လှန်ရေး ပြင်ဆင်ချိန်နှင့်အကောင်ထည်ဖော်သည့် ကာလအတွင်းက ဘော်ရှီဗစ်ပါတီ (ဧပြီ ၁၉၁၇–၁၉၁၈)

### ၁။ ဖေဖော်ဝါရီတော်လှန်ရေးအပြီး ပြည်တွင်းအခြေအနေ၊ ပါတီမြေအောက်မှထွက်လာပြီး ဖြောင်နိုင်ငံရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်ခြင်း၊ လီနင်ပီထရိုဂရက်သို့ ဆိုက်ရောက်လာခြင်း၊ လီနင်၏ ဧပြီစစ်တမ်း၊ ပါတီ၏ ဆိုရှယ်လစ်တော်လှန်ရေး ကူးပြောင်းရေးပေါ်လစီ။

အဖြစ်အပျက်များ၏ဖြစ်စဉ်နှင့် ယာယီအစိုးရ၏ လုပ်ဆောင်ချက်များက ဘော်ရှီဗစ်လမ်းစဉ် မှန်ကန်ကြောင်း နေ့စဉ်နှင့်အမျှ သက်သေပြနေပါသည်။ ယာယီအစိုးရသည် ပြည်သူလူထုအတွက် မဟုတ်ဘဲ ပြည်သူလူထုကို ဆန့်ကျင်ရပ်တည်နေကြောင်း၊ ငြိမ်းချမ်းရေးအတွက် မဟုတ်ဘဲ စစ်ပွဲ အတွက်သာ ရပ်တည်နေကြောင်းနှင့် ၎င်းသည် လူထုကို ငြိမ်းချမ်းရေး၊ မြေယာနှင့် ပေါင်မုန့်တို့ကို ပေးရန် စိတ်လည်း မပါ၊ ပေးလည်းမပေးနိုင်ကြောင်းတို့မှာ ပို၍ထင်ရှားလာပါသည်။ ဘော်ရှီဗစ်များ၏ ရှင်းပြသည့် လုပ်ငန်းများမှာ အလွန်အကျိုးရှိနေပါသည်။

အလုပ်သမားများနှင့် စစ်သားများက ဇာဘုရင်အစိုးရကို ဖြုတ်ချပြီး သက်ဦးဆံပိုင်စနစ်၏ အမြစ်နှင့် အကိုင်းအခက်များကို သုတ်သင်ရှင်းလင်းနေစဉ် ယာယီအစိုးရသည် သက်ဦးဆံပိုင်စနစ်ကို အသေအချာပင် ထိန်းသိမ်းချင်နေပေသည်။ ၁၉၁၇ ခု မတ်လ ၂ ရက်တွင် သူတို့က ဇာဘုရင်နှင့် တွေ့ဆုံရန် ဂုချ်ကော့ဗ်နှင့် ရှုလ်ဂျင် (Shulgin) ကို တိတ်တဆိတ်လျှို့ဝှက် စေလွှတ်ခဲ့သည်။ ဓနရှင်များက အာဏာကို နီကိုလတ်ရိုမာနောဗ့် (Nicholas Romanov) ၏ညီ မိုက်ကယ်ကို လွှဲပြောင်း

ပေးစေချင်ကြသည်။ သို့သော် မီးရထားလုပ်သားများ၏ အစည်းအဝေးတွင် ဂ့ါချ်ကော့ဗ်က ၎င်း၏ မိန့်ခွန်းကို "ဘုရင်မိုက်ကယ် သက်တော်ရာကျော်ရှည်ပါစေ"ဆိုသော စကားများနှင့် အဆုံးသတ်လိုက်သောအခါ အလုပ်သမားများက ဂ့ါချ်ကော့ဗ်ကို ချက်ချင်းဖမ်းဆီး ရှာဖွေစစ်ဆေးရန် တောင်း ဆိုကြသည်။ "ဒန့်ဒလွန်မြစ် (Horse-radish)က မုန်လာဥ (radish) ထက်ပိုမချိုပါဘူး"ဟု ရွံရှာမုန်းတီးစွာ ကြွေးကြော်ကြသည်။ အလုပ်သမားများက သက်ဦးဆံပိုင်ဘုရင်စနစ် ပြန်လည် တည် ဆောက်ရန်ကို ခွင့်ပြုမှာ မဟုတ်ကြောင်း ထင်ရှားနေပါသည်။

အလုပ်သမားများနှင့် လယ်သမားများ တော်လှန်ရေးအတွင်း သွေးမြေကျခံရင်း၊ စစ်ပွဲပြီး ဆုံးရန် မျှော်လင့်နေစဉ်၊ ပေါင်မုန့်နှင့်မြေယာအတွက် တိုက်ပွဲဝင်ပြီး စီးပွားရေး အရှုပ်အထွေးများကို အဆုံးသတ်ရန် ပြင်းထန်သည့် လုပ်ဆောင်ချက်များ တောင်းဆိုနေစဉ်၊ ယာယီအစိုးရသည် ပြည်သူလူထု၏ ဤသေရေးရှင်ရေး တောင်းဆိုချက်များကို မကြားချင်ယောင်ဆောင်ခဲ့သည်။ အရင်းရှင်နှင့်မြေရှင်များ၏ ထင်ရှားသည့်ကိုယ်စားလှယ်များ ပါဝင်နေသည့်အတိုင်း ဤအစိုးရသည် မြေယာများကို မိမိတို့အား ပေးရန်၊ လယ်သမားများ၏တောင်းဆိုချက်ကို ဖြည့်ဆည်းပေးရန် လုံးဝမရည်ရွယ်ပေ။ ထို့အတူ အလုပ်သမားများအားလည်း ပေါင်မုန့်ပေးရန် မရည်ရွယ်ပါ။ အဘယ်ကြောင့်ဆိုသော် ဤသို့လုပ်ပါက သူတို့သည် ရိက္ခာကုန်သည်ကြီးများ၏ အကျိုးစီးပွားကို ထိခိုက်ထိပါးစေမည်ဖြစ်ကာ ဖြစ်နိုင်သမျှ နည်းအားလုံး မြေရှင်များ၊ ကူးလတ်များထံမှ ရိက္ခာများကို ရယူရမည်။ ဤအစိုးရသည် ဤသည်ကိုတော့ မလုပ်ရဲပေ။ အဘယ်ကြောင့်ဆိုသော် သူတို့သည် ဤလူတန်းစားများ၏ အကျိုး စီးပွားနှင့် ဆက်စပ်နေခြင်းကြောင့်ဖြစ်သည်။ ထို့အတူ ပြည်သူများကို ငြိမ်းချမ်းရေးလည်း မပေးနိုင်ပေ။ ဗြိတိသျှ၊ ပြင်သစ်နယ်ချဲ့များနှင့် အကျိုးတူဖြစ်နေသည့်အတိုင်း ယာယီအစိုးရသည် စစ်ရပ်စဲရန် မရည်ရွယ်ချေ။ ဆန့်ကျင်စွာပင် တော်လှန်ရေးကို အခွင့်ကောင်းယူပြီး နယ်ချဲ့စစ်ပွဲအတွင်း ရုရှားများ၏ ပါဝင်မှုကို ပိုမိုတက်ကြွလာစေပြီး ကွန်စတင်တီနိုပယ်ရေလက်ကြားနှင့် ဂေလီရှားကို သိမ်းပိုက်ပြီး ၎င်း၏ နယ်ချဲ့ ပုံစံကို ဖော်ဆောင်ရန်အတွက် ကြိုးပမ်းလုပ်ဆောင်လာကြသည်။

ယာယီအစိုးရ၏ ပေါ်လစီအပေါ် ပြည်သူလူထု၏ ယုံကြည်မှုမကြာမီ အဆုံးသတ်တော့မည်မှာ ရှင်းလာပေပြီ။

ဖေဖော်ဝါရီ တော်လှန်ရေးအပြီး စင်ပြိုင်အာဏာနှစ်ရပ် ပေါ်ထွက်လာခြင်းသည် ရေရှည်ဖြစ်တော့မည်မဟုတ်ကြောင်း ပို၍ထင်ရှားလာသည်။ အဘယ်ကြောင့်ဆိုသော် အဖြစ်အပျက်များ၏ ဖြစ်စဉ်က ယာယီအစိုးရ သို့မဟုတ် ဆိုဗီယက်တခုတည်းသောအာဏာပိုင်များ၏ လက်ထဲတွင် အာဏာများ စုစည်းထားရန် တောင်းဆိုလာသည်။

မင်ရှီဗစ်နှင့် ဆိုရှယ်လစ်တော်လှန်ရေးသမားများ၏ စေ့စပ်ပြေငြိမ်းရေးပေါ်လစီကို လူထုက ထောက်ခံမြဲ ထောက်ခံလျက်ရှိသည်မှာ အမှန်ပင်ဖြစ်သည်။ အလုပ်သမားအချို့နှင့် စစ်သားနှင့် လယ်သမားအတော်များများသည် "ပြည်သူ့လွှတ်တော် မကြာမီ ကျင်းပမည်ဖြစ်ပြီး အရာရာကို ငြိမ်းချမ်းသည့်နည်းဖြင့် ဖြေရှင်းပေးမည်"ကို ယုံကြည်ဆဲဖြစ်ပြီး စစ်ပွဲသည် ရည်ရွယ်ချက်များကြောင့် မဟုတ်ဘဲ နိုင်ငံတော်ကို ကာကွယ်ရန်ဆိုသည့် လိုအပ်မှုကြောင့် ဆင်နွဲနေရခြင်းဖြစ်သည်ဟု ထင်မြင်နေတုန်းပင်ဖြစ်သည်။ လီနင်က ဤကဲ့သို့သော သူများကို ရိုးသားစွာ မှားယွင်းနေသော ကာကွယ်ရေးဝါဒီများဟု ခေါ်ခဲ့ပြီး သူတို့သည် ကတိများနှင့် ဖျားယောင်းသွေးဆောင်မှုများသာဖြစ်သည့် မင်ရှီဗစ်နှင့်

ဆိုရှယ်လစ်တော်လှန်ရေးသမားများ၏ ပေါ်လစီကို မှန်ကန်သည့်ပေါ်လစီဖြစ်သည်ဟု ထင်မြင်ယူဆဆဲဖြစ်သည်။ သို့သော်ကတိစကားများနှင့် ဖျားယောင်းမှုများမှာ ကြာရှည် မခံနိုင်တော့ဘဲ အဖြစ်အပျက်များ၏ ဖြစ်စဉ်နှင့်ယာယီအစိုးရ၏ လုပ်ဆောင်ချက်များက ဆိုရှယ်လစ်တော်လှန်ရေးသမားများနှင့် မင်ရှီဗစ်များ၏ စေ့စပ်ရေးပေါ်လစီသည် ရိုးအသူများကိုလိမ်ညာပြီး နှောင့်နှေးဆုတ်ဆိုင်း နေသည့် ပေါ်လစီသာဖြစ်ကြောင်း နေ့စဉ်နှင့်အမျှ ဖော်ပြသက်သေထူလျက်ရှိတော့သည်။

ယာယီအစိုးရသည် တော်လှန်ရေးကို နောက်ကျောက ဒါးဖြင့်ထိုးရန် ကြံစည်စီမံရာတွင် လူထု၏ တော်လှန်ရေး လှုပ်ရှားမှုများကို ခိုးကြောင်ခိုးဝှက် အမြဲတိုက်ခိုက်နေသည် မဟုတ်ချေ။ တခါတရံ ဒီမိုကရေစီလွတ်လပ်ရေးများအတွက် ပြောင်တိုက်ခိုက်မှုများ ပြုလုပ်ပြီး အထူးသဖြင့် စစ်သားများ အကြား “စည်းကမ်းပြန်လည်ထိန်းသိမ်းရန်” “အစီစဉ်တကျ ပြန်လည်တည်ဆောက်ရန်” ဆိုလိုသည်မှာ တော်လှန်ရေး၏ လမ်းကြောင်းကို ခနရှင်လိုအပ်ချက်များနှင့် ကိုက်ညီသည့် လမ်းကြောင်း ပေါ်ရောက်ရှိလာရန် ကြိုးပမ်းကြသည်။ သို့သော် ထိုလမ်းကြောင်းအတွက် ကြိုးပမ်းမှုများအားလုံး ဆုံးရှုံးသွားပြီး ပြည်သူလူထုသည် သူတို့၏ ဒီမိုကရေစီလွတ်လပ်ခွင့်များဖြစ်သော လွတ်လပ်စွာ ပြောဆိုခွင့်၊ သတင်းစာထုတ်ဝေခွင့်၊ အဖွဲ့အစည်းဖွဲ့ခွင့်၊ စုရုံးခွင့်နှင့် ဆန္ဒပြခွင့်များကို တက်ကြွစွာကျင့် သုံးလျက်ရှိသည်။ အလုပ်သမားများနှင့် စစ်သားများသည် တိုင်းပြည်၏ နိုင်ငံရေးဘဝတွင် တက်ကြွသောအခန်းမှ ပါဝင်ရန် အခြေအနေအပေါ် ထက်ထက်မြက်မြက်နားလည် နိုင်ကြပြီး နောက်တဆင့် မည်သို့လုပ်ဆောင်ရမည်ကို ဆုံးဖြတ်ရန်အတွက် မိမိတို့အသစ်စက်စက် ရရှိလာသော ဒီမိုကရေစီ အခွင့်ရေးများကို အပြည့်အဝအသုံးချရန် အားသွန်ကြိုးပမ်းခဲ့ကြသည်။

ဖေဖော်ဝါရီ တော်လှန်ရေးပြီးနောက် ဇာဘုရင်ခေတ်တွင် အလွန်အမင်းခက်ခဲစွာ တရားမဝင် လှုပ်ရှားခဲ့ရသော ဘော်ရှီဗစ်ပါတီအဖွဲ့အစည်းများသည် မြေအောက်မှထွက်လာပြီး နိုင်ငံရေးနှင့် စည်းရုံးရေး လုပ်ငန်းများတွင် ပြောင်စတင်ထူထောင် လုပ်ဆောင်လာခဲ့ပါသည်။ ထိုအချိန်က ဘော်ရှီဗစ်ပါတီဝင်ပေါင်း လေးသောင်း သို့မဟုတ် လေးသောင်းခွဲ မကျော်ခဲ့ပါ။ သို့သော် သူတို့အားလုံးသည် တိုက်ပွဲအတွင်း သံခဲတင်ထားသည့်၊ ကြံခိုင်သည့်တော်လှန်ရေးသမားများ ဖြစ်ကြသည်။ ပါတီကော်မတီများသည် ဒီမိုကရေစီဗဟိုချုပ်ကိုင်မှု မူအပေါ်တွင် ပြန်လည်စည်းရုံးဖွဲ့စည်းခဲ့သည်။ ပါတီအဖွဲ့အစည်းများအားလုံး အထက်မှ အောက်သို့ ရွေးကောက်တင်မြှောက်ကြသည်။

ပါတီတရားဝင် စတင်ရပ်တည်လာသည့်အခါ ပါတီဝင်များအကြား ကွဲပြားချက်များ ထင်ရှားသိသာလာသည်။ ကဲမီနက်ဗ်နှင့် မော်စကိုအစည်းအရုံးမှ အလုပ်သမားအများအပြား ဥပမာ – ရိုင်ကော့ဗ်၊ ဘော့နော့ဗ်နှင့် နိုဂျင် (Nogin)တို့သည် ယာယီအစိုးရနှင့် ကာကွယ်ရေး ဝါဒီများ၏ ပေါ်လစီကို ချွင်းချက်နှင့် ထောက်ခံသည့် မင်ရှီဗစ်တပိုင်း အနေအထားကို ခံယူထားသည်။ နယ်နှင်ဒဏ်မှ မကြာခင်ကပင် ပြန်ရောက်လာသည့် စတာလင်၊ မိုလိုတော့နှင့် တခြားသူများသည် ပါတီမှ အများစုနှင့်အတူ ယာယီအစိုးရအပေါ် အယုံအကြည်မရှိ ပေါ်လစီကိုကိုင်စွဲပြီး ကာကွယ်ရေးဝါဒကို ဆန့်ကျင်ကာ ငြိမ်းချမ်းရေးအတွက်နှင့် နယ်ချဲ့စစ်ပွဲဆန့်ကျင်ရေးအတွက် တက်ကြွစွာတိုက်ပွဲဝင်ရန် လှုံ့ဆော်ကြသည်။ အချို့ပါတီလုပ်သားများမှာ တွေဝေယိမ်းယိုင်ကြသည်။ ဤသည်မှာလည်း နှစ်ရှည်လများ ထောင်ကျနေမှုနှင့် နယ်နှင်ဒဏ်ခံနေရမှုတို့ကြောင့် ၎င်းတို့၏ နိုင်ငံရေးနောက်ကျမှု၏ ဖော်ပြချက်သာဖြစ်ပါသည်။

ပါတီခေါင်းဆောင် လီနင်မရှိမှုကို ခံစားသိရှိနေရသည်။

ကြာရှည်ကြာများ နယ်နှင်ဒဏ်ခံနေရပြီးနောက် လီနင်သည် ၁၉၁၇ခု ဧပြီလ ၃ (၁၆) ရက်နေ့တွင် ရုရှားသို့ပြန်ရောက် လာခဲ့သည်။

လီနင် ရောက်ရှိလာမှုသည် ပါတီနှင့် တော်လှန်ရေးအတွက် အလွန်အမင်း အရေးကြီးခဲ့ပါသည်။

ဆွစ်ဇာလန်၌ ရှိနေစဉ်ကပင် တော်လှန်ရေး၏ ပထမသတင်းများရပြီးနောက် လီနင်က ပါတီနှင့် ရုရှား၏ အလုပ်သမား လူတန်းစားသို့ "အဝေးရောက် ပေးစာများ"ကို ရေးသားခဲ့ပြီး ထိုစာများထဲတွင် သူက –

"အလုပ်သမားအပေါင်းတို့ သင်တို့သည် ဇာဘုရင်ကို တိုက်ခိုက်သည့် ပြည်တွင်းစစ်မှာ ပစ္စည်းမဲ့သူရဲကောင်းဝါဒ၊ လူထုသူရဲကောင်းဝါဒကို အံ့ဖွယ်သူရဲ ပြသပြီးဖြစ်သည်။ တော်လှန်ရေး၏ ဒုတိယအဆင့်မှာ သင်တို့အောင်ပွဲရရေးလမ်းကို ပြင်ဆင်ရန်၊ သင်တို့အနေဖြင့် အဖွဲ့အစည်း၊ ပစ္စည်းမဲ့ လူတန်းစားနှင့် ပြည်သူတရပ်လုံး၏ အဖွဲ့အစည်းရဲ့ အံ့ဖွယ်သူရဲအစွမ်းကိုလည်း ပြသရအုံးမည်။" **(လီနင်။ လက်ရွေးစင်ကျမ်း၊ အင်္ဂလိပ်ဘာသာ ၊ မော်စကို ၁၉၄၇၊ အတွဲ ၁၊ စာမျက်နှာ ၇၄၁)**

လီနင်သည် ပီထရိုဂရက်သို့ ဧပြီ ၃ ရက်ညတွင် ဆိုက်ရောက်လာသည်။ ထောင်သောင်းချီသော အလုပ်သမား၊ စစ်သား၊ ရေတပ်သားများသည် ဖင်လန်ဘူတာရုံနှင့် ဘူတာရုံရင်ပြင်တွင် သူ့ကို ကြိုဆိုရန် စုရုံးရောက်ရှိခဲ့ကြသည်။ လီနင် ရထားပေါ်မှ ဆင်းလာစဉ် သူတို့၏ စိတ်တက်ကြွမှုကို ဖော်ပြရန်ပင် မဖြစ်နိုင်ချေ။ သူ့တို့သည် သူတို့၏ ခေါင်းဆောင်ကို ပုခုံးများပေါ်တင်ပြီး ဘူတာရုံ၏ဧည့်ခန်းသို့ သယ်ဆောင်လာကြသည်။ ထိုနေရာတွင် မင်ရှီဗစ်များဖြစ်သော ချက်ဇ့် (Chkheidze)နှင့် စကိုဘီလက်ဗ် (Skobelev) တို့က ပီထရိုဂရက် ဆိုဗီယက်ကိုယ်စား "ကြိုဆို"သည့်မိန့်ခွန်းများ ပြော ကြားပြီး သူတို့နှင့် လီနင်တို့ "တူညီတဲ့သဘောထား" ရှာတွေ့ရန်မျှော်လင့်ကြောင်း ပြောကြားသည်။ သို့သော် လီနင်က ရပ်တန့်နားထောင်ခြင်းမပြုဘဲ ကျော်သွားကာ အလုပ်သမားနှင့် စစ်သားထုကြီး ထံသို့ ထွက်သွားခဲ့သည်။ သူက သံချပ်ကာကားပေါ်မှနေ၍ လူထုကြီးကို ဆိုရှယ်လစ်တော်လှန်ရေး အောင်ပွဲအတွက်တိုက်ရန် လှုံ့ဆော်သော ထင်ရှားကျော်ကြားလှသည့် မိန့်ခွန်းကို ပြောကြားခဲ့သည်။ ကြာရှည်ကြာများ နယ်နှင်ဒဏ်ခံနေရပြီးနောက်ပြောသော ဤပထမဆုံးသော မိန့်ခွန်းတွင် လီနင်က "ဆိုရှယ်လစ်တော်လှန်ရေးအဓွန့်ရှည်ပါစေ!"ဆိုသော စကားလုံးများဖြင့် နိဂုံးချုပ်ခဲ့သည်။

ရုရှားပြန်ရောက်ပြီးနောက် လီနင်သည် တော်လှန်ရေးလုပ်ငန်းတွင် အပြင်းအထန် အားသွန်ခွန်စိုက် နှစ်မြှုပ်လုပ်ဆောင်ခဲ့သည်။ သူဆိုက်ရောက်ပြီး နောက်နေ့တွင်ပင် ဘော်ရှီဗစ်များအစည်းအဝေး၌ စစ်ပွဲပြဿနာနှင့် တော်လှန်ရေးအပေါ် အစီရင်ခံချက်တင်သွင်းပြီး ထိုစာတမ်းကိုပင် မင်ရှီဗစ်ရော၊ ဘော်ရှီဗစ်များပါ တက်ရောက်သည့် အစည်းအဝေးတွင် ထပ်မံတင်ပြခဲ့သည်။

ဤသည်များမှာ လီနင်၏ကျော်ကြားလှသော "ဧပြီစစ်တမ်း" ဖြစ်ပြီး ပါတီနှင့်ပစ္စည်းမဲ့များအတွက် ဓနရှင်မှ ဆိုရှယ်လစ်တော်လှန်ရေးသို့ ကူးပြောင်းရေးအတွက် ရှင်းလင်းသည့် တော်လှန်ရေးလမ်းစဉ်တရပ် ပေးအပ်လိုက်သည်။

လီနင်၏စစ်တမ်းမှာ တော်လှန်ရေးနှင့်နောက်ပိုင်း ပါတီ၏လုပ်ငန်းများအတွက် ကြီးမားသည့် အဓိပ္ပာယ်ဆောင်ပေသည်။ တော်လှန်ရေးသည် တိုင်းပြည်၏ဘဝတွင် အလွန်အရေးကြီးသော အလှည့်အပြောင်းဖြစ်သည်။ ဇာဘုရင်ဖြုတ်ချပြီးနောက် တိုက်ပွဲ၏ အခြေအနေသစ်များတွင် ပါတီသည်

လမ်းစဉ်သစ်အတိုင်း ရဲရဲရင့်ရင့်နှင့် ယုံကြည်မှုရှိစွာချီတက်ရေးအတွက် ဦးတည်ချက်အသစ် လိုအပ်လာသည်။ လီနင်၏ စစ်တမ်းက ဤဦးတည်ချက်ကို ပေးလိုက်ပေသည်။

လီနင်၏ ဧပြီစစ်တမ်းသည် နေရှင်ဒီမိုကရေစီတော်လှန်ရေးမှ ဆိုရှယ်လစ်တော်လှန်ရေးသို့ ပထမအဆင့်မှ ဒုတိယအဆင့် ဆိုရှယ်လစ်တော်လှန်ရေးအဆင့်သို့ ကူးပြောင်းရေးအတွက် ပြောင်မြောက်လှသည့် တိုက်ပွဲစီမံကိန်းကို ပါတီအတွက် ချမှတ်ပေးခဲ့သည်။ ပါတီ၏ သမိုင်းတခုလုံးသည် ဤကြီးမြတ်လှသော တာဝန်အတွက် ပြင်ဆင်ထားခဲ့ပြီးဖြစ်သည်။ ၁၉၀၅ ခုနှစ်ကပင်စ၍ လီနင်က သူ၏ “ဒီမိုကရေစီတော်လှန်ရေးအတွင်း ဆိုရှယ်ဒီမိုကရေစီ၏ နည်းပရိယာယ်နှစ်သွယ်” စာတမ်းတွင် ဇာဘုရင်ကို ဖြုတ်ချပြီးနောက် ပစ္စည်းမဲ့များသည် ဆိုရှယ်လစ်တော်လှန်ရေးကို ဆက်လက်လုပ် ဆောင်ရမည်ဟု ရေးသားခဲ့ပြီး ဖြစ်သည်။ ဤစစ်တမ်း၌ အသစ်ပါရှိချက်မှာ ဆိုရှယ်လစ်တော်လှန်ရေး ကူးပြောင်းရေး အစကနဦးအဆင့်အတွက် အခိုင်အမာနှင့် သဘောတရား အခြေအမြစ်ရှိသည့် စီမံကိန်းပင်ဖြစ်သည်။

စီးပွားရေးနယ်ပယ်မှ ကူးပြောင်းရေးခြေလှမ်းများမှာ မြေများအားလုံး ပြည်သူပိုင်ပြုလုပ်ပြီး မြေယာများကို သိမ်းယူခြင်း၊ ဘဏ်များအားလုံးကို အလုပ်သမားကိုယ်စားလှယ်များ၏ ဆိုဗီယက် ချုပ်ထိန်းမှုအောက်တွင် အမျိုးသားဘဏ်တခုတည်းအဖြစ် ပူးပေါင်းပစ်ခြင်းနှင့် လူမှုထုတ်လုပ်ရေးများကို ချုပ်ထိန်းရေး၊ ကုန်ပစ္စည်းများကို ဖြန့်ခွဲရေးများကို ထူထောင်ခြင်းတို့ ဖြစ်ပါသည်။

နိုင်ငံရေးနယ်ပယ်တွင် လီနင်က ပါလီမန်သမ္မတနိုင်ငံမှ ဆိုဗီယက်သမ္မတနိုင်ငံသို့ ကူးပြောင်း ရေးကို တင်သွင်းအကြံပြုသည်။ ဤသည်မှာ မာက့်ဝါဒ၏ သဘောတရားနှင့် လက်တွေ့တွင် အရေး ကြီးသည့် ရှေ့ခြေလှမ်းတရပ်ဖြစ်သည်။ ထိုအချိန်ထိ မာက့်ဝါဒသဘောတရားရေးဝါဒီများက ပါလီမန် သမ္မတနိုင်ငံသည် ဆိုရှယ်လစ်စနစ်သို့ ကူးပြောင်းရေးတွင် အကောင်းဆုံး နိုင်ငံရေးသဏ္ဍာန်ဖြစ်သည်ဟု ယူဆထားသည်။ ယခုအခါ လီနင်က အရင်းရှင်စနစ်မှ ဆိုရှယ်လစ်စနစ်သို့ ကူးပြောင်းရေးကာလအတွင်း ဆိုရှယ်လစ်သမ္မတနိုင်ငံသည် လူ့အဖွဲ့အစည်း၏ နိုင်ငံရေးအဖွဲ့အစည်းတွင် အသင့်တော်ဆုံး သောသဏ္ဍာန်အဖြစ် ပါလီမန်သမ္မတနိုင်ငံကို အစားထိုးရန် တောင်းဆိုတင်ပြနေခြင်းဖြစ်သည်။

စစ်တမ်းတွင် “လက်ရှိရုရှား နိုင်ငံအခြေအနေ၏ ထူးခြားသည့်လက္ခဏာမှာ ပစ္စည်းမဲ့များ၏ လူတန်းစားအသိနှင့် အဖွဲ့အစည်းများ၏ မလုံလောက်မှုကြောင့် အာဏာကို နေရှင်များလက်အပ်ခဲ့သည့် ပထမအဆင့်တော်လှန်ရေးမှ ပစ္စည်းမဲ့များနှင့် လယ်သမားထု၏ အဆင်းရဲဆုံးအလွှာ လက်ထဲသို့ အာဏာထည့်ပေးရမည့် ဒုတိယအဆင့်သို့ ကူးပြောင်းနေမှုကို ကိုယ်စားပြုခြင်းဖြစ်သည်”။

**(အထက်ပါ စာစောင် အတွဲ၂၊ စာမျက်နှာ–၁၈)**

ထို့အပြင် ဆက်လက်ပြီး –

“ပါလီမန်သမ္မတနိုင်ငံကိုအလိုမရှိပါ။ အလုပ်သမားကိုယ်စားလှယ်များ၏ ဆိုဗီယက်များမှ ပါလီမန်သမ္မတနိုင်ငံသို့ ပြန်သွားခြင်းသည် နောက်ဆုတ်သည့် ခြေလှမ်းတရပ်ဖြစ်သည်။ သို့သော် လိုချင်သည်မှာ တတိုင်းပြည်လုံး အထက်မှအောက်အထိ အလုပ်သမား၊ လယ်ယာလုပ်သားများနှင့် လယ်သမားကိုယ်စားလှယ်များ၏ ဆိုဗီယက်သမ္မတနိုင်ငံဖြစ်သည်”**(အထက် ပါစာစောင်၊ စာမျက်နှာ– ၁၈)**

လီနင်က အစိုးရသစ် ယာယီအစိုးရ လက်အောက်တွင် စစ်ပွဲသည် လုယက်သတ်ဖြတ်သော နယ်ချဲ့စစ်ပွဲအဖြစ် ဆက်လက်ဖြစ်ပွားနေကြောင်း ပြောဆိုခဲ့သည်။ ဤအကြောင်းကို လူထုအား ရှင်း

လင်းပြောကြားရန်နှင့် ခနရှင်များဖြိုချခြင်း မခံရဘဲ။ စစ်ပွဲကို အလိုရမ္မက်ကြီးသော ငြိမ်းချမ်းရေးနှင့် မဟုတ်ဘဲ၊ စစ်မှန်သည့် ဒီမိုကရေစီငြိမ်းချမ်းရေးဖြင့် အဆုံးသတ်ရန် မဖြစ်နိုင်ကြောင်းကိုပြသရန်တို့မှာ ပါတီ၏တာဝန်ပင် ဖြစ်တော့သည်။

ယာယီအစိုးရနှင့် ပတ်သက်၍ လီနင်က "ယာယီအစိုးရကို မထောက်ခံ" ဟူသော ကြွေးကြော် သံတင်လိုက်သည်။

လီနင်က စစ်တမ်းတွင် ဆက်လက်ထောက်ပြသည်မှာ ကျွန်တော်တို့ပါတီသည် ဆိုဗီယက်များ ထဲတွင် အနည်းစုသာ ဖြစ်လျက်ရှိသေးကြောင်း၊ ဆိုဗီယက်များတွင် မင်ရှီဗစ်နှင့် ဆိုရှယ်လစ်တော်လှန်ရေးသမားအုပ်စုများ လွှမ်းမိုးနေကြောင်း၊ ၎င်းတို့မှာ ပစ္စည်းမဲ့များအပေါ် ခနရှင်လွှမ်းမိုးမှု ကိရိယာသာဖြစ်ကြောင်း။ ထို့ကြောင့် ပါတီ၏ တာဝန်မှာ အောက်ပါအတိုင်းဖြစ်သည်။

"လူထုအား ရှင်းပြရမည်မှာ အလုပ်သမားကိုယ်စားလှယ်များ၏ ဆိုဗီယက်များသာလျှင် တော်လှန်ရေးအစိုးရ၏ တခုတည်းသောဖြစ်နိုင်ချေသဏ္ဌာန်ဖြစ်ကြောင်း။ ထို့ကြောင့် ကျွန်တော်တို့ တာဝန်မှာ ဤအစိုးရက ခနရှင်ဩဇာခံနေသရွေ့ ၎င်းတို့နည်းပရိယာယ် အမှားများကို စိတ်ရှည် လက်ရှည် စနစ်တကျခိုင်မာစွာ ရှင်းလင်းတင်ပြရမှာဖြစ်ပြီး ရှင်းလင်းချက်မှာ အထူးသဖြင့် လူထုကြီး၏ လက်တွေ့လိုအပ်ချက်များနှင့် ဆီလျော်ကိုက်ညီရမည်။ ကျွန်တော်တို့ အနည်းစုဖြစ်နေသရွေ့ အမှားများကို ဝေဖန်ဖွင့်ချသည့်လုပ်ငန်းများကို ဆက်လက် လုပ်ဆောင်ရမှာဖြစ်ပြီး တချိန်တည်းတွင် အလုပ်သမားကိုယ်စားလှယ်များ၏ ဆိုဗီယက်များသို့ နိုင်ငံတော်အာဏာအားလုံးကို လွှဲပြောင်းပေးရန် လိုအပ်မှုကို ဟောပြောရမည်။" **(လီနင်ကျမ်းပေါင်းစုံ ၊ ရုရှားဘာသာ ၊ အတွဲ၂၀၊ စာမျက်နှာ–၈၈)**

လီနင်က ထိုအချိန်တွင် ဆိုဗီယက်များ၏ ယုံကြည်မှုကိုရရှိနေသည့် ယာယီအစိုးရကို ပုန်ကန်ရန် လှုံ့ဆော်ခြင်း၊ ၎င်းကို ဖြုတ်ချရန် တောင်းဆိုခြင်းလည်း မပြုချေ။ သို့သော် သူအလိုရှိသည်မှာ ရှင်းလင်းပြောဆို သိမ်းသွင်းသည့်လုပ်ငန်းများဖြင့် ဆိုဗီယက်များထဲတွင် အများစုရရေး၊ ဆိုဗီယက်၏ ပေါ်လစီကိုပြောင်းလဲရေးနှင့် ဆိုဗီယက်များမှတဆင့် အစိုးရ၏ဖွဲ့စည်းမှုနှင့် ပေါ်လစီတို့ကို ပြောင်းလဲနိုင်ရေးပင်ဖြစ်သည်။

ဤသည်မှာ တော်လှန်ရေး ငြိမ်းချမ်းစွာ ဖြစ်ပေါ်တိုးတက်ရန် ရည်ရွယ်သည့် လမ်းစဉ်ပင်ဖြစ်သည်။

လီနင်က ဆက်လက်တောင်းဆိုသည့် "ပေကျံနေသောအင်္ကျီ" ကို စွန့်ပစ်ရန်၊ ဆိုလိုသည်မှာ ပါတီသည် ဆိုရှယ်ဒီမိုကရက်ပါတီဆိုသောအမည်ကို မသုံးတော့ရန်ဖြစ်သည်။ ဒုတိယအင်တာနေရှင်နယ် ပါတီများနှင့် ရုရှားမင်ရှီဗစ်များသည် ၎င်းတို့ကိုယ်၎င်းတို့ ဆိုရှယ်ဒီမိုကရက်များဟု ခေါ်ကြသည်။ ဤအမည်သည် ဆိုရှယ်လစ်စနစ်ကို သစ္စာဖောက်သည့် အချောင်သမားများကြောင့် အမည်းစက်ထင်ကာ ဂုဏ်သိက္ခာကျဆင်းခဲ့ရသည်။ လီနင်က ဘော်ရှီဗစ်ပါတီကို မာက့်စ်နှင့်အိန်ဂယ်က ၎င်းတို့ပါတီကိုပေးခဲ့သော အမည်ဖြစ်သည့် **ကွန်မြူနစ်ပါတီ**ဟု မှည့်ခေါ်ရန် အကြံပြုသည်။ ဤအမည်မှာ သိပ္ပံနည်းကျစွာ မှန်ကန်နေပေသည်။ အဘယ်ကြောင့်ဆိုသော် ဘော်ရှီဗစ်များ၏ နောက်ဆုံး ရည်မှန်းချက်မှာ ကွန်မြူနစ်ဝါဒကို ရရှိရန်ဖြစ်သောကြောင့်တည်း။ လူသားများသည် အရင်းရှင်စနစ်မှ တိုက်ရိုက်ဆိုရှယ်လစ်စနစ်သို့သာ သွားရောက်နိုင်သည်။ ဆိုလို သည်မှာ ထုတ်လုပ်ရေး ပရိဘောဂများ၊ ဘုံပိုင်ဆိုင်သည့်စနစ်နှင့် အထွက်ပစ္စည်းများကို မိမိတို့လုပ်အားအလိုက် ခွဲဝေယူသည့်စနစ်သို့ ဖြစ် သည်။ လီနင်က ကျွန်တော်တို့ပါတီသည် ဤထက် ရှေ့သို့ပို၍သွားလိုသည်။ ဆိုရှယ်လစ်စနစ်သည် မလွဲမရှောင်

သာ တဖြည်းဖြည်းနှင့် ကွန်မြူနစ်စနစ် သို့ရောက်ရှိပြီး ၎င်း၏ အလံမှာ "လုပ်နိုင်သလောက်လုပ်၊ လိုသလောက်ယူ" ဟူသော ဆောင်ပုဒ်ပင်ဖြစ်သည်။

လီနင်က သူ၏စစ်တမ်းတွင် နောက်ဆုံးတောင်းဆိုထားသည်မှာ အချောင်သမားဝါဒနှင့် ဆိုရှယ်ရှော်ဗင်ဝါဒ ကင်းစင်သည့် တတိယ ကွန်မြူနစ်အင်တာနေရှင်နယ်၊ အင်တာနေရှင်နယ်သစ် တရပ်ကို တည်ဆောက်ရေးဖြစ်သည်။

လီနင်၏ စစ်တမ်းသည် ဓနရှင်များ၊ မင်ရှီဗစ်များနှင့် ဆိုရှယ်လစ်တော်လှန်ရေးသမားများထံမှ ကြောက်လန့်တကြား အော်ဟစ်ကန့်ကွက်သံများ ပေါ်ထွက်စေသည်။

မင်ရှီဗစ်များက အလုပ်သမားများထံ ကြေညာချက်တရပ်ထုတ်ပြန်ပြီး "တော်လှန်ရေးကြီး အန္တရာယ်ကျရောက်နေပြီ"ဆိုသည့် သတိပေးစကားနှင့် စတင်ထားသည့် မင်ရှီဗစ်များ၏ အမြင်တွင် အန္တရာယ်မှာ ဘော်ရှီဗစ်များက အလုပ်သမား၊ စစ်သားကိုယ်စားလှယ်များ၏ ဆိုဗီယက်များသို့ အာဏာလွှဲပြောင်းရေး တောင်းဆိုလာသောအချက်ကြောင့် ဖြစ်သည်။

ပလက်ကနော့ဗ်က သူ၏သတင်းစာ"သွေးစည်းရေး"တွင် ဆောင်းပါးတစောင်ရေးပြီး လီနင်၏ မိန့်ခွန်းကို "ဒေါသူပုန်ထပြောသွားသောမိန့်ခွန်း"ဟု အမည်တပ်ခဲ့သည်။ သူကမင်ရှီဗစ် ချက်ဇ့်၏ စကားဖြစ်သော လီနင်ဟာ တော်လှန်ရေးအပြင်မှာ တယောက်တည်းကျန်နေခဲ့မှာဖြစ်ပြီး ကျွန်တော်တို့က ကိုယ့်လမ်းကိုယ် ဆက်လျှောက်ကြမယ်ဆိုသည်ကို ကိုးကားလိုက်သည်။

ဧပြီ ၁၄ ရက်တွင် ပီထရိုဂရက်မြို့တော်မှာ ဘော်ရှီဗစ်ကွန်ဖရင့်ကို ကျင်းပခဲ့သည်။ ကွန်ဖရင့်က လီနင်၏ စစ်တမ်းကို လက်ခံအတည်ပြုပြီး ၎င်းတို့၏ လုပ်ငန်းအခြေခံအဖြစ် သတ်မှတ်လိုက်သည်။

အချိန်တိုအတွင်းမှာပင် ပါတီ၏ ဒေသအဖွဲ့အစည်းများကလည်း လီနင်၏ စစ်တမ်းကို လက်ခံအတည်ပြုကြသည်။

ကဲမီနက်ဗ် ၊ ရိုင်ကော့ဗ်နှင့် ပျာတာကော့ဗ် (Pyatakov) ဆိုသည့် လူအချို့တလေမှလွဲ၍ တပါတီလုံး လီနင်၏ စစ်တမ်းကို ကျေနပ်နှစ်သက်စွာ လက်ခံခဲ့ကြသည်။

## ၂ ။ ယာယီအစိုးရ၏ အကျပ်အတည်း စတင်လာခြင်း၊ ဘော်ရှီဗစ်ပါတီ၏ ဧပြီကွန်ဖရင့် ။

တော်လှန်ရေး ဆက်လက် ဖြစ်ပေါ်တိုးတက်ရေးအတွက် ဘော်ရှီဗစ်များ ပြင်ဆင်နေစဉ် ယာယီအစိုးရသည် ပြည်သူများကို ဆန့်ကျင်သည့်လုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေသည်။ ဧပြီ ၁၈ ရက် ယာယီအစိုးရ၏ နိုင်ငံခြားရေးဝန်ကြီး မီလျူကော့ဗ်က မဟာမိတ်များသို့ အကြောင်းကြားရာတွင် "ပြည်သူတရပ်လုံး ပြတ်သားသည့် အောင်ပွဲရသည်အထိ ကမ္ဘာစစ်ကို ဆက်လက်တိုက်ရန် ဆန္ဒ ရှိနေပြီး ယာယီအစိုးရအနေဖြင့် ကျွန်တော်တို့၏ မဟာမိတ်များအပေါ်ထားရှိသည့် ကတိ တာဝန် ဝတ္တရားများ အပြည့်အဝ အကောင်အထည်ပေါ်ရေးကို ရည်ရွယ်ပါသည်"ဟု ဆိုထားသည်။

ယာယီအစိုးရသည် ဤသို့ဖြင့် ဇာဘုရင်စာချုပ်များအပေါ် ၎င်းတို့၏ သစ္စာစောင့်သိမှုကို အာမခံပြီး "အောင်ပွဲခံ အဆုံးသတ်မှု" အတွက် နယ်ချဲ့သမားများ လိုအပ်သလောက် ပြည်သူများ သွေးမြေကျရေးအတွက် ဆက်လက်လုပ်ဆောင်ရန် ကတိပြုခဲ့သည်။

ဧပြီ ၁၉ ရက်နေ့တွင် ဤစာတမ်း (မီလျူကောဗ် စာတမ်း) ကို အလုပ်သမားနှင့် စစ်သားများ သိရှိသွားကြသည်။ ဧပြီ ၂၀ ရက်တွင် ဘော်ရှီဗစ်ပါတီဗဟိုကော်မတီသည် လူထုအား ယာယီအစိုးရ၏ နယ်ချဲ့ပေါ်လစီကို ဆန့်ကျင်ဆန္ဒပြရန် ဆင့်ခေါ်လိုက်သည်။ ၁၉၁၇ ဧပြီ ၂၀ - ၂၁ (မေ ၃ - ၄) ရက်တွင် "မီလျူကောဗ်စာတမ်း"ကြောင့် ဒေါသူပုန်ထနေသည့် တသိန်းထက်မလျော့သော အလုပ်သမားနှင့် စစ်သားများသည် ဆန္ဒပြပွဲတွင် ပါဝင်လာသည်။ သူတို့က "လျှို့ဝှက်စာချုပ်များ အသိပေး"၊"စစ်ပွဲကျဆုံးပါစေ"၊"အာဏာအားလုံးဆိုဗီယက်ကိုအပ်"ဆိုသည့် ကြွေးကြော်သံများ ကိုင်စွဲလာကြသည်။ အလုပ်သမားနှင့်လယ်သမားများသည် မြို့ပြင်များမှ ယာယီအစိုးရရုံးထိုင်သည့် မြို့လယ်သို့ ချီတက်လာကြသည်။ နက်ဖစကီး (the Nevsky) လုပ်ငန်းဌာနနှင့် နေရာအချို့တွင် ဓနရှင်အုပ်စုများနှင့် ထိပ်တိုက်တွေ့မှုများ ဖြစ်ပေါ်လာခဲ့သည်။

ဗိုလ်ချုပ်ကော်နီလော့ဗ် (Konilov) ကဲ့သို့ ပိုမိုပြောင်ကျသည့် တန်ပြန်တော်လှန်ရေးသမားများက ဆန္ဒပြသူများကို သေနတ်နှင့်ပစ်ရန် တောင်းဆိုပြီး ဤကဲ့သို့လုပ်ဆောင်ရန်ပင် အမိန့်ထုတ်ခဲ့သည်။ သို့သော် တပ်ဖွဲ့များက အမိန့်ကိုမနာခံခဲ့ချေ။

ဆန္ဒပြပွဲအတွင်း ပီထရိုဂရက် ပါတီကော်မတီမှ ကော်မတီဝင်အနည်းအပါး (ဘက်ဒတ်ရဲ့ဗ် Bagdatyev နှင့် အခြားသူများ) က ယာယီအစိုးရ ချက်ချင်းဖြုတ်ချရန် တောင်းဆိုသည့် ကြွေးကြော်သံကို ထုတ်ပြန်လိုက်သည်။ ဘော်ရှီဗစ်ပါတီ ဗဟိုကော်မတီက ဤ"လက်ဝဲ"စွန့်စားရေးဝါဒီများ၏ လုပ်ဆောင်ချက်ကို ပြတ်ပြတ်သားသား ရှုတ်ချလိုက်ပြီး ဤကြွေးကြော်သံသည် အချိန်မတိုင်ဘဲ မှားယွင်းနေကြောင်း၊ ဆိုဗီယက်များတွင် အများစုရလာရေးကို ကြိုးပမ်းနေသည့် ပါတီ၏လုပ်ဆောင် ချက်များကို အနှောင့်အယှက်ပြုသည့် ကြွေးကြော်သံဖြစ်ကြောင်းနှင့် ပါတီ၏ လမ်းစဉ်ဖြစ်သည့် တော်လှန်ရေးကို ငြိမ်းချမ်းစွာ ဖြစ်ပေါ်တိုးတက်ရေးဆိုသည်နှင့် မကိုက်ညီကြောင်းဖြင့် ယူဆသည်။

ဧပြီ ၂၀ –၂၁ ရက် အဖြစ်အပျက်များက ယာယီအစိုးရ အကျပ်အတည်း စတင်လာခြင်းကို ဖော်ပြပါသည်။

ဤသည်မှာ မင်ရှီဗစ်နှင့် ဆိုရှယ်လစ်တော်လှန်ရေးသမားများ၏ စေ့စပ်ရေးပေါ်လစီအတွင်း ပထမဆုံး ဖြစ်လာသည့် ကြီးမားသည့် အက်ကြောင်းဖြစ်သည်။

၁၉၁၇ မေလ ၂ ရက်တွင် လူထု၏ ဖိအားကြောင့် ယာယီအစိုးရမှ မီလျူကောဗ်နှင့် ဂွါချ်ကော့ဗ် တို့ကို ထုတ်ပစ်လိုက်ရသည်။

ပထမဆုံး ညွန့်ပေါင်းယာယီအစိုးရကို တည်ထောင်လိုက်သည်။ ထိုအထဲတွင် ဓနရှင်ကိုယ်စားလှယ်များအပြင် မင်ရှီဗစ် (စကိုဘီလက်ဗ်နှင့် ဇာရက်တလီ Tsereteli) နှင့် ဆိုရှယ်လစ်တော်လှန်ရေး သမားများ (ချာနော့ဗ် Chernov၊ ကရင်စကီနှင့် တခြားသူများ) ပါဝင်သည်။

ဤသို့ဖြင့် ၁၉၀၅ ခုနှစ်က ဆိုရှယ်ဒီမိုကရက်ပါတီမှ ကိုယ်စားလှယ်များ တော်လှန်သော ယာယီအစိုးရတွင် ဝင်ရောက်ပါဝင်ခွင့်မပြုနိုင်ဟု ကြေညာခဲ့သော မင်ရှီဗစ်များသည် ယခုအခါ ၎င်းတို့၏ ကိုယ်စားလှယ်များအား တန်ပြန်တော်လှန်ရေး ယာယီအစိုးရတွင်မူ ပါဝင်ခွင့်ပြုနိုင်ခဲ့ပေသည်။

မင်ရှီဗစ်နှင့် ဆိုရှယ်လစ်တော်လှန်ရေးသမားများသည် ဤနည်းဖြင့် တန်ပြန်တော်လှန်ရေးသမား ဓနရှင်များအုပ်စုဘက်သို့ ကူးပြောင်းသွားခဲ့ကြသည်။

၁၉၁၇ ဧပြီလ ၂၄ ရက်တွင် ဘော်ရှီဗစ်ပါတီ၏ သတ္တမ (ဧပြီ) ကွန်ဖရင့်ကို ကျင်းပခဲ့သည်။ ပါတီတည်ရှိကတည်းက ပထမဆုံးအကြိမ်အဖြစ် ဘော်ရှီဗစ်ကွန်ဖရင့်ကို ဖြောင်ကျင်းပခြင်းဖြစ်သည်။ ပါတီသမိုင်းတွင် ဤကွန်ဖရင့်သည် ပါတီကွန်ဂရက်တရပ်ကဲ့သို့ တန်းတူအရေးကြီးပေသည်။

ရုရှားပြည်လုံးဆိုင်ရာ ဧပြီကွန်ဖရင့်က ပါတီသည် အရှိန်အဟုန်ကြီးစွာဖြင့် တိုးပွားတိုးတက်နေကြောင်း ပြသလိုက် သည်။ ကွန်ဖရင့်တွင် မဲပေးနိုင်သူ ကိုယ်စားလှယ် ၁၃၃ ဦးနှင့် မဲမပေးနိုင်သူ ၁၈ ဦးတက်ရောက်ခဲ့သည်။ သူတို့သည် စည်းရုံးဖွဲ့စည်းထားသည့် ပါတီဝင် ၈၀,၀၀၀ ကို ကိုယ်စား ပြုသည်။

ကွန်ဖရင့်သည် အခြေခံပြဿနာများဖြစ်သော စစ်ပွဲနှင့် တော်လှန်ရေး၊ လက်ရှိအခြေအနေ၊ စစ်ပွဲ၊ ယာယီအစိုးရ၊ ဆိုဗီယက်များ၊ မြေယာပြဿနာ၊ အမျိုးသားရေးပြဿနာ အစရှိသည်တို့ အားလုံးနှင့် ပတ်သက်သော ပြဿနာများအပေါ် ပါတီ၏လမ်းစဉ်ကို ဆွေးနွေးရေးဆွဲချမှတ်ခဲ့ကြသည်။

လီနင်ကသူ၏ အစီရင်ခံစာတွင် ဧပြီစစ်တမ်း၌ ဖော်ပြပြီးဖြစ်သောမူများကိုအကျယ်ချဲ့ ရှင်းလင်းခဲ့ပါသည်။ ပါတီ၏ တာဝန်မှာ "အာဏာကိုနေရှင်များလက်ထဲတွင် အပ်နှံထားသည့် ပထမအဆင့်တော်လှန်ရေးကို ပစ္စည်းမဲ့များနှင့် လယ်သမားထုထဲမှာ အဆင်းရဲဆုံးအလွှာ လက်တွင်းသို့ အာဏာအပ်နှံထားသည့် ဒုတိယအဆင့်"သို့ ကူးပြောင်းရေးကို အထမြောက်စေရ မည် (လီနင်)။ ပါတီအနေဖြင့် လျှောက်လှမ်းသင့်သည့်လမ်းမှာ ဆိုရှယ်လစ်တော်လှန်ရေးအတွက် ပြင်ဆင်ရန်ဖြစ်သည်။ ပါတီ၏ လတ်တလောတာဝန်ကို "အာဏာအားလုံး ဆိုဗီယက်သို့" ဆိုသည့် ကြွေးကြော်သံတွင် လီနင်က ဖော်ပြလိုက်သည်။

"အာဏာအားလုံး ဆိုဗီယက်သို့"ဆိုသည့် ကြွေးကြော်သံက ဆိုလိုသည်မှာ စင်ပြိုင်အာဏာနှစ်ရပ်ဖြစ်နေသည့် ယာယီအစိုးရနှင့် ဆိုဗီယက်များအကြား အာဏာခွဲဝေနေရမှုကို အဆုံးသတ်ပစ်ရန်၊ အာဏာတခုလုံးကို ဆိုဗီယက်များသို့ လွှဲပြောင်းပေးရန်နှင့် အစိုးရအဆောက်အအုံ အဖွဲ့အစည်းများမှ မြေရှင်နှင့် အရင်းရှင် ကိုယ်စားလှယ်များကို မောင်းထုတ်ပစ်ရန် လိုအပ်သည် ဆိုခြင်းပင်ဖြစ်သည်။

"ယာယီအစိုးရမှာ ၎င်း၏သဘာဝအရပင် မြေရှင်နှင့်နေရှင်များ၏ အုပ်စိုးမှုကိရိယာသာဖြစ်သည်။"ဆိုသည့် အမှန်တရားကို လူထုအား မမောမပန်းရှင်းပြရန်နှင့် လူထုအား ကတိစကားအမျိုးမျိုးဖြင့် လိမ်ညာနေပြီး နယ်ချဲ့စစ်ပွဲနှင့် တန်ပြန်တော်လှန်ရေး၏ ထိုးနှက်ချက်များနှင့် ထိခိုက် စေရန်ကြိုးပမ်းနေသည့် ဆိုရှယ်လစ်တော်လှန်ရေးသမားနှင့် မင်ရှီဗစ်တို့၏ စေ့စပ်ရေး ပေါ်လစီသည် မည်မျှအန္တရာယ်ကြီးကြောင်းပြသရန်မှာ ပါတီ၏ အရေးအကြီးဆုံး လုပ်ငန်းတာဝန်တရပ် ဖြစ်ကြောင်း ကွန်ဖရင့်က ဆုံးဖြတ်ခဲ့ သည်။

ကွန်ဖရင့်တွင် ကဲမီနက်ဗ်နှင့် ရိုင်ကော့ဗ်တို့က လီနင်ကိုဆန့်ကျင် အတိုက်ခံပြုခဲ့သည်။ မင်ရှီဗစ်များ၏ လေသံအတိုင်း သူတို့က ရုရှားသည် ဆိုရှယ်လစ်တော်လှန်ရေးအတွက် မရင့်မှည့်သေးကြောင်းနှင့် နေရှင်သမ္မတနိုင်ငံသာလျှင် ရုရှား၌ ဖြစ်နိုင်ကြောင်းတင်ပြသည်။ ပါတီနှင့် အလုပ်သမားလူတန်းစားသည် "ယာယီအစိုးရ" ကို "ထိန်းချုပ်ရန်" သာ လုပ်ဆောင်ရန် သူတို့ ကထောက်ခံကြသည်။ အမှန်မှာမူ သူတို့သည် မင်ရှီဗစ်များကဲ့သို့ပင် အရင်းရှင်စနစ်နှင့် နေရှင်အာဏာကို ထိန်းသိမ်းရန် ရပ်တည်ခဲ့သည်။

ဇီနိုဗစ်သည်လည်း ကွန်ဖရင့်တွင် လီနင်ကို အတိုက်အခံပြုခဲ့သည်။ ဘော်ရှီဗစ်ပါတီသည် ဇင်မာဝဲလ် မဟာမိတ် အဖွဲ့အတွင်းမှာပင် ဆက်လက်တည်ရှိသင့်သလား၊ သို့မဟုတ် ၎င်းနှင့်အဆက်

ဖြတ်ပြီး အင်တာနေရှင်နယ်သစ်ကို ထူထောင်သင့်သလားဆိုသည့် ပြဿနာအပေါ်တွင်ဖြစ်သည်။ စစ်ပွဲကာလများက ပြသခဲ့သည်မှာ ဤအဖွဲ့သည် ငြိမ်းချမ်းရေးဝါဒဖြန့်ချိရေး လုပ်ငန်းများ လုပ်ဆောင်ခဲ့သော်လည်း စစ်ပွဲ၏ ဓနရှင်ပါတီများနှင့် တကယ်တမ်းပြတ်သားစွာ ခွဲထွက်ခြင်းမပြုခဲ့ချေ။ ထို့ကြောင့် လီနင်က ထိုအဖွဲ့မှချက်ချင်း နှုတ်ထွက်ပြီး ကွန်မြူနစ်အင်တာနေရှင်နယ်သစ် ထူထောင်ရန်တွန်းဆော်ခဲ့သည်။ ဇီနိုဗစ်က ပါတီသည် ဇင်မာဝဲလ်မဟာမိတ်အဖွဲ့အတွင်း ရှိနေသင့်သည်ဟု တင်ပြသည်။ လီနင်သည် ဇီနိုဗစ်၏ တင်ပြချက်ကို အပြင်းအထန်ရှုတ်ချပြီး ၎င်း၏ နည်းပရိယာယ်များကို "ဘေးအန္တရာယ်ကြီးလှသော – အချောင်သမားထိပ်သီး"ဟု ခေါ်ဆိုလိုက် သည်။

ဧပြီကွန်ဖရင့်က မြေယာနှင့် အမျိုးသားရေးပြဿနာများကိုလည်း ဆွေးနွေးခဲ့သည်။

လီနင်သည် မြေယာပြဿနာအပေါ် အစီရင်ခံစာနှင့် ဆက်စပ်ပြီး ကွန်ဖရင့်က မြေယာပိုင်ဆိုင်မှုအားလုံးကို သိမ်းယူပြီး လယ်သမားကော်မတီ စီမံခန့်ခွဲမှုအောက်တွင်ထားရှိရန်နှင့် လယ်ယာမြေအားလုံး နိုင်ငံတော်ပိုင်ပြုလုပ်ရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။ ဘော်ရှီဗစ်များက လယ်သမားများကို မြေယာအတွက် တိုက်ပွဲဝင်ရန် လှုံ့ဆော်ခဲ့ပြီး၊ ဘော်ရှီဗစ်ပါတီသည် တခုတည်းသော တော်လှန်ရေးပါတီဖြစ်ကြောင်းနှင့် မြေရှင်များကိုဖြုတ်ချရန် လယ်သမားများအား အစစ်အမှန်ကူညီနေသည့် တခုတည်းသော ပါတီဖြစ်ကြောင်းပြသခဲ့သည်။

အလွန်အရေးပါသည့် ကိစ္စတခုမှာ ရဲဘော်စတာလင်၏ အမျိုးသားရေးပြဿနာအပေါ် အစီရင်ခံစာဖြစ်သည်။ တော်လှန်ရေးမတိုင်မီကပင် နယ်ချဲ့စစ်ပွဲအကြိုကာလက လီနင်နှင့် စတာလင်သည် အမျိုးသားပြဿနာအပေါ် ဘော်ရှီဗစ်ပါတီ၏ ပေါ်လစီအခြေခံမှုများကို အသေးစိတ် အကျယ်ချဲ့ဆွေးနွေးခဲ့ကြသည်။ လီနင်နှင့် စတာလင်က နယ်ချဲ့စနစ်ကိုဆန့်ကျင်သည့် အဖိနှိပ်ခံပြည်သူများ၏ အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုကို ပစ္စည်းမဲ့ပါတီက ထောက်ခံရမည်ဟု ကြေညာခဲ့သည်။ အကျိုးဆက်အား ဖြင့် ဘော်ရှီဗစ်ပါတီသည် အမျိုးသားများကို ကိုယ်ပိုင်ဆုံးဖြတ်ခွင့် အခွင့်ရေးသာမက ခွဲထွက်ခွင့်နှင့် လွတ်လပ်သောနိုင်ငံ ထူထောင်ခွင့်များအထိရပ်ခံခဲ့သည်။ ကွန်ဖရင့်၌ ဗဟိုကော်မတီကိုယ်စား ရဲဘော်စတာလင်က သူ၏ အစီရင်ခံစာတွင် ကာကွယ်ခဲ့သော အမြင်ဖြစ်သည်။

လီနင်နှင့် စတာလင်ကို ပျာတာကော့ဗ်က ဆန့်ကျင်ခဲ့သည်။ ပျာတာကော့ဗ်သည် ဘူခါရင် (Bukharin)နှင့် အတူ စစ်အတွင်းက အမျိုးသားရေးပြဿနာအပေါ် အမျိုးသားရှော်ဗင်ဝါဒ ရပ်တည်မှုကို လက်ခံခဲ့သူများဖြစ်သည်။ ပျာတာကော့ဗ် နှင့် ဘူခါရင်တို့သည် အမျိုးသားများ ကိုယ်ပိုင်ဆုံးဖြတ်ခွင့် အခွင့်အရေးကို ဆန့်ကျင်ခဲ့သည်။

အမျိုးသားပြဿနာပေါ် ပါတီ၏ကြံ့ခိုင်ပြီး ပုံမှန်ကျသည့် အနေအထား၊ အမျိုးသားများလုံးဝတန်းတူရေးအတွက် ပါတီ၏တိုက်ပွဲဝင်မှု၊ အမျိုးသားဖိနှိပ်ရေးနှင့် အမျိုးသားများအကြား မညီမမျှဖြစ်နေသည့် သဏ္ဌာန်အားလုံး ဖျက်သိမ်းရေးအတွက် ပါတီ၏တိုက်ပွဲသည် အဖိနှိပ်ခံအမျိုးသားများ၏ ပါတီအပေါ်စာနာမှုနှင့် ထောက်ခံမှုကိုရရှိစေခဲ့သည်။

ဧပြီကွန်ဖရင့်က လက်ခံအတည်ပြုခဲ့သည့် အမျိုးသားရေးပြဿနာအပေါ် ဆုံးဖြတ်ချက်အပြည့်အစုံမှာ –

"သက်ဦးဆံပိုင်နှင့် ဘုရင်စနစ်မှ အမွေဆက်ခံသည့် အမျိုးသားဖိနှိပ်ရေး ပေါ်လစီကို ဓနရှင်များ၊ အရင်းရှင်များနှင့် ဓနရှင်ပေါက်စများသည် ၎င်းတို့လူတန်းစားအခွင့်ထူးများကို ကာကွယ်ရန်နှင့် အမျိုး

သားအမျိုးမျိုး အလုပ်သမားများအကြား မညီမညွတ်ဖြစ်စေရန် ထောက်ခံခဲ့ကြသည်။ အင်အားချည့်နဲ့သည့် လူမျိုးများကို လက်အောက်ခံပြုလုပ်ရန် ကြိုးပမ်းလာသည့် ခေတ်သစ်နယ်ချဲ့စနစ်သည် အမျိုးသားဖိနှိပ်ရေးကို ပြင်းထန်လာစေသည့် အချက်သစ်တရပ်ဖြစ်သည်။''

''အရင်းရှင်အဖွဲ့အစည်းတွင် အမျိုးသားရေးဖိနှိပ်မှုများကို လုံးဝဖျက်သိမ်းရေးကို ရရှိနိုင်သည်ဆိုသည်မှာလည်း လူမျိုးအားလုံးနှင့် ဘာသာစကားအားလုံးအတွက် အပြည့်အဝတန်းတူရေးကို အာမခံသည့်နိုင်ငံတော်အုပ်ချုပ်မှုစနစ်နှင့် ပုံမှန်ကျသော ဒီမိုကရေစီသမ္မတနိုင်ငံစနစ်တွင်သာ ဖြစ်နိုင်ခြေရှိ သည်။

''ရုရှားအစိတ်အပိုင်းများဖြစ်သည့် လူမျိုးအားလုံး လွတ်လပ်စွာခွဲထွက်ပြီး လွတ်လပ်သောနိုင်ငံထူထောင်ခွင့်ကို အသိအမှတ်ပြုရမည်။ ဤအခွင့်အရေးကို ငြင်းဆိုခြင်း၊ သို့မဟုတ် ၎င်းကိုလက်တွေ့အကောင်အထည်ဖော်ရေးအတွက် အာမခံသည့် လုပ်ဆောင်ချက်များကို လုပ်ဆောင်ရန် ပျက်ကွက်ခြင်းသည် နယ်မြေများကို တိုးချဲ့သိမ်းပိုက်ခြင်း ပေါ်လစီကို ထောက်ခံသည်နှင့် တူညီပေသည်။ ပစ္စည်းမဲ့များ၏ အမျိုးသားများခွဲထွက်ခွင့်ကို အသိအမှတ်ပြုခြင်းကသာလျှင် အမျိုးသားအသီးသီး အလုပ်သမားများအကြား လုံးဝသွေးစည်းညီညွတ်ရေးကို အာမခံနိုင်ပြီး အမျိုးသားများကို စစ်မှန်သည့် ဒီမိုကရေစီလမ်းစဉ်အပေါ် နီးကပ်စွာ ပူးပေါင်းလာရေးကို ကူညီပေးနိုင်မည်ဖြစ်သည်။

''အမျိုးသားများ လွတ်လပ်စွာ ခွဲထွက်ခွင့်ကို လူမျိုးတမျိုး၊ အချိန်ကာလတခုမှ သင့်တော်သလိုခွဲထွက်သွားခြင်းမျိုးနှင့် မရောထွေးသင့်ပါ။ ပစ္စည်းမဲ့ပါတီသည် လူမှုတိုးတက်ဖြစ်ပေါ်ရေး အကျိုးစီးပွားကို တခုလုံးအတွက်ရော ဆိုရှယ်လစ်စနစ်အတွက် ပစ္စည်းမဲ့များ၏ လူတန်းစားတိုက်ပွဲ အကျိုးစီးပွားအတွက်ပါ ရပ်တည်ပြီး သီးခြားကိစ္စတိုင်းအပေါ် လွတ်လပ်စွာဆုံးဖြတ်ရမည်။''

''ကျယ်ပြန့်သည့် ဒေသကိုယ်ပိုင်အုပ်ချုပ်ရေး၊ အထက်မှကြီးကြပ်အုပ်ချုပ်မှုကို ဖျက်သိမ်းရေး၊ မသင်မနေရ နိုင်ငံတော်ဘာသာကိုဖျက်သိမ်းရေးနှင့် စီးပွားရေး၊ လူမှုအခြေနေ၊ လူဦးရေအလိုက် ပါဝင်သင့်သည့် အနေအထားအရ အစရှိသည်တို့နှင့်အညီ ဒေသခံလူထုများ၏ ကိုယ်ပိုင်ခန့်ခွဲအုပ်ချုပ်သော ဒေသများ၏ နယ်နိမိတ်များကို ဆုံးဖြတ်ခွင့်များအား ပါတီကတောင်းဆို သည်။''

''ပစ္စည်းမဲ့များ၏ပါတီ''သည် ''ယဉ်ကျေးမှုဆိုင်ရာ အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ခွင့်'' (Cultural -national Autonomy) ဆိုသည်ကို ပြတ်ပြတ်သားသားဆန့်ကျင်သည်။ ထိုစနစ်တွင် ပညာရေးအစရှိသည်တို့သည် နိုင်ငံတော်၏ အုပ်ချုပ်မှုအောက်တွင် မဟုတ်ဘဲ၊ အမျိုးသားလွှတ်တော် အမျိုးအစားအောက်တွင် ထားရှိသည်။ ယဉ်ကျေးမှုဆိုင်ရာ အမျိုးသားကိုယ်ပိုင် အုပ်ချုပ်ခွင့်သည် ဒေသတခုအတွင်းတွင်နေထိုင်သည့် အလုပ်သမားများနှင့် စက်မှုလုပ်ငန်းတခုတည်းတွင် အလုပ်လုပ်နေကြသည့် အလုပ်သမားများအကြားမှာပင် ၎င်းတို့၏ ''အမျိုးသားယဉ်ကျေးမှု''အမျိုးမျိုးနှင့်အညီ တမင်သက်သက် ခွဲခြားပစ်သည်။ တနည်းပြောရလျှင် ၎င်းသည် အလုပ်သမားများနှင့် လူမျိုးတဦးချင်းအလိုက် ဓနရှင်ယဉ်ကျေးမှုအကြား ဆက်စပ်မှုကို ခိုင်မာတောင့်တင်းခြင်း သာဖြစ်ပြီး ဆိုရှယ်ဒီမိုကရက်များ၏ ရည်ရွယ်ချက်မှာမူ ကမ္ဘာ့ပစ္စည်းမဲ့များ၏ နိုင်ငံတကာယဉ်ကျေးမှု ဖြစ်ပေါ်တိုးတက်ရန်ဖြစ်သည်။''

''မည်သည့်အမျိုးသားမဆို ရရှိခံစားနေသည့် အခွင့်ထူးများအားလုံးနှင့် အမျိုးသားလူနည်းစုများ၏ အခွင့်အရေးများကို ဖောက်ဖျက်နေမှုများ အားလုံးကိုဖျက်သိမ်းသည့် အခြေခံဥပဒေများကို ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေတွင် ထည့်သွင်းရမည်ဟု ပါတီက တောင်းဆိုသည်။''

"အလုပ်သမားလူတန်းစား၏ အကျိုးစီးပွားက ရုရှားလူမျိုးပေါင်းစုံ အလုပ်သမားများသည် တူညီသည့် ပစ္စည်းမဲ့အစည်းအရုံးများဖြစ်သော နိုင်ငံရေး၊ အလုပ်သမားသမဂ္ဂ၊ သမဝါယမ၏ ပညာရေးအဖွဲ့အစည်းများ စသဖြင့် ရှိရန်တောင်းဆိုသည်။ လူမျိုးအသီးသီး အလုပ်သမားများ၏ ဤကဲ့သို့သော ဘုံအဖွဲ့အစည်းများကသာ ပစ္စည်းမဲ့များကို နိုင်ငံတကာ့အရင်းအနှီးနှင့် ဓနရှင် အမျိုးသားရေးဝါဒအပေါ် အောင်ပွဲခံနိုင်ပေမည်။"(C.P.S.U(B) **၏ ဆုံးဖြတ်ချက်များ၊ ရုရှားဘာသာ အပိုင်း(၁) စာမျက်နှာ ၂၃၉၊ ၂၄၀)**

ဤနည်းဖြင့် ဧပြီကွန်ဖရင့်က ကဲမီနက်ဗ်၊ ဇီနိုဗစ်၊ ပျာတာကော့ဗ်၊ ဘူခါရင်၊ ရိုင်ကော့ဗ်နှင့် သူတို့၏ နောက်လိုက်အနည်းငယ်တို့၏ လီနင်ဆန့်ကျင်သည့် အချောင်သမားရပ်တည်ချက်များကို ဖော်ထုတ် လိုက်သည်။

ကွန်ဖရင့်သည် အရေးကြီး ပြဿနာအားလုံးအပေါ် တိကျပြတ်သားစွာ ရပ်တည်ကာ ဆိုရှယ် လစ်အောင်ပွဲသို့ ရှေးရှုသည့်လမ်းကြောင်းကို လက်ခံလိုက်ခြင်းဖြင့် လီနင်ကို တညီတညွတ်တည်း ထောက်ခံလိုက်ကြသည်။

## ၃။ မြို့တော်တွင် ဘော်ရှီဗစ်ပါတီ၏ အောင်ပွဲများ။ ယာယီအစိုးရတပ်မတော်များ၏ မအောင်မြင်သော ထိုးစစ်များ၊ အလုပ်သမား၊ စစ်သားများ၏ ဇူလိုင်ဆန္ဒပြပွဲကို ဖိနှိပ်ဖြင်း။

ဧပြီကွန်ဖရင့်ဆုံးဖြတ်ချက်များ အခြေခံပေါ်တွင်ပါတီသည် လူထုအား စည်းရုံးသိမ်းသွင်းပြီး တိုက်ပွဲအတွက် လေ့ကျင့် ပြင်ဆင်စည်းရုံးရန် လှုပ်ရှားမှုလုပ်ဆောင်ချက်များကို အကျယ်အပြန့် အပြင်း အထန် ကြိုးစားခဲ့ကြသည်။ ထိုကာလက ပါတီ၏လမ်းစဉ်မှာ ဘော်ရှီဗစ်ပါတီ၏ ပေါ်လစီများကို စိတ်ရှည် လက်ရှည်ရှင်းပြပြီး မင်ရှီဗစ်နှင့် ဆိုရှယ်လစ်တော်လှန်ရေးသမားများ၏ စေ့စပ်ရေးပေါ်လစီကို ဖော်ထုတ် ဖွင့်ချခြင်းဖြင့် ထိုပါတီများကို လူထုနှင့် ကင်းကွာစေကာ ဆိုဗီယက်များတွင် အများစုရရှိရန် ဖြစ်ပေသည်။

ဘော်ရှီဗစ်များသည် ဆိုဗီယက်အတွင်း လုပ်ငန်းများအပြင် အလုပ်သမားသမဂ္ဂများနှင့် စက်ရုံ ကော်မတီများတွင် လှုပ်ရှားမှုများကို အကျယ်အပြန့်လုပ်ဆောင်နေကြသည်။

အထူးသဖြင့် အကျယ်အပြန့် လုပ်ဆောင်နေသည့်လုပ်ငန်းမှာ တပ်မတော်တွင်းမှ ဘော်ရှီဗစ် များ၏ လုပ်ငန်းဖြစ်သည်။ စစ်တပ်တွင်း အဖွဲ့အစည်းများ နေရာတကာတွင် စတင်ပေါ်ပေါက်လာ သည်။ ဘော်ရှီဗစ်များသည် ရှေ့တန်းတွင်ရော နောက်တန်းတွင်ပါ စစ်သားများနှင့် ရေတပ်သားများကို စည်းရုံးနိုင်ရန် မမောမပန်းလုပ်ဆောင်ကြသည်။ ရှေ့တန်းရှိ စစ်သားများအား တက်ကြွသည့် တော် လှန်ရေးသမားများ ဖြစ်လာအောင်လုပ်ဆောင်ရာတွင် ဘော်ရှီဗစ်သတင်းစာ "ကတုတ်တွင်းမှ အမှန် တရား" (Okopnaya Pravda) သည် အထူးအရေးကြီးသော အခန်းမှပါဝင်ခဲ့သည်။

ဘော်ရှီဗစ်တို့၏ ဝါဒဖြန့်ချိမှုနှင့် လှုံ့ဆော်မှုတို့ကြောင့် တော်လှန်ရေး၏ အစောပိုင်းကာလများ အတွင်းမှာပင် မြို့ကြီး အများအပြားမှ အလုပ်သမားများသည် ဆိုဗီယက်များ၊ အထူးသဖြင့် ခရိုင်ဆိုဗီ ယက်များအတွက် ရွေးကောက်ပွဲသစ်များပြုလုပ်ကာ မင်ရှီဗစ်များနှင့် ဆိုရှယ်လစ် တော်လှန်ရေးသ မားများကို မောင်းထုတ်လိုက်ပြီး သူတို့နေရာတွင် ဘော်ရှီဗစ်ပါတီဝင်များကို ရွေးချယ်တင်မြှောက် လိုက်ကြသည်။

ဘော်ရှီဗစ်များ၏ လုပ်ငန်းများသည် ထူးခြားပြောင်မြောက်သည့် အကျိုးများကို ရရှိလာခဲ့သည်။ ဤအချက်မှာ ပီထရိုဂရက်တွင် ထင်ရှားခဲ့သည်။

ပီထရိုဂရက် စက်ရုံကော်မတီ၏ ကွန်ဖရင့်ကို ၁၉၁၇ မေလ ၃၀ ရက်မှ ဇွန်လ ၃ ရက်နေ့အထိ ကျင်းပခဲ့သည်။ ဤ ကွန်ဖရင့်တွင် ကိုယ်စားလှယ် လေးပုံသုံးပုံသည် ဘော်ရှီဗစ်များကိုထောက်ခံပြီး ဖြစ်သည်။ ပီထရိုဂရက် ပစ္စည်းမဲ့တရပ်လုံးနီးပါး ဘော်ရှီဗစ်ကြွေးကြော်သံ "အာဏာအားလုံး ဆိုဗီယက်သို့" ဆိုသည်ကို ထောက်ခံခဲ့ကြသည်။

၁၉၁၇ ဇွန် ၃ (၁၆) တွင် ပထမအကြိမ် ရုရှားပြည်လုံးဆိုင်ရာ ဆိုဗီယက်များ၏ ကွန်ဂရက်စတင်ခဲ့သည်။ ဘော်ရှီဗစ်များသည် ဆိုဗီယက်ထဲတွင် အနည်းစု ဖြစ်မြဲဖြစ်နေသေးသည်။ ဤကွန်ဂရက်တွင် သူတို့သည် ကိုယ်စားလှယ် ၁၀၀ ကျော်လေးပင်ရှိကာ မင်ရှီဗစ်၊ ဆိုရှယ်လစ်တော်လှန်ရေးသမားနှင့် အခြားသူများ စုစုပေါင်းမှာ ၇၀၀ – ၈၀၀ ခန့်ရှိနေပေသည်။

ပထမကွန်ဂရက်တွင် ဘော်ရှီဗစ်များက ခနရှင်များနှင့် စေ့စပ်မှု၏အန္တရာယ်ကြီးလှသော အကျိုးဆက်များကို ဖိပြောပြီး စစ်ပွဲ၏နယ်ချဲ့လက္ခဏာကိုဖွင့်ချသည်။ လီနင်သည် ကွန်ဂရက်တွင်မိန့်ခွန်း ပြောကြားပြီး ဘော်ရှီဗစ်လမ်းစဉ်၏ မှန်ကန်မှုကိုပြသကာ ဆိုဗီယက်များ၏ အစိုးရကသာလျှင် အလုပ်သမားလူထုကို ပေါင်မုန့်ပေးနိုင်ကြောင်း၊ လယ်သမားကို မြေယာပေးနိုင်ကြောင်း၊ ငြိမ်းချမ်းရေးကို ကာကွယ်ပြီး တိုင်းပြည်ကို ဝရုန်းသုန်းကားဖြစ်မှုမှ ကယ်တင်နိုင်ကြောင်း ကြေညာလိုက်သည်။

ဆန္ဒပြပွဲကြီးတရပ်ကျင်းပပြီး ဆိုဗီယက်ကွန်ဂရက်သို့ တောင်းဆိုချက်များကို တင်ပြရန်အတွက် ထိုအချိန်က ပီထရိုဂရက် အလုပ်သမားလူတန်းစား ရပ်ကွက်ခရိုင်များတွင် လူထုတရားပွဲများ ကျင်းပခဲ့သည်။ ပီထရိုဂရက် ဆိုဗီယက်၏ အလုပ်အမှုဆောင် ကော်မတီသည် ၎င်းတို့၏ ခွင့်ပြုချက်မရှိဘဲ အလုပ်သမားများ ဆန္ဒပြမှုကို ကာကွယ်ရန်တကြောင်း၊ လူထု၏ တော်လှန်ရေးစိတ်ဓာတ်ကို မိမိတို့ အကျိုးအတွက် အသုံးပြုရန်တကြောင်း ဇွန် ၁၈ (ဇူလိုင် ၁) တွင် ဆန္ဒပြပွဲပြုလုပ်ရန် ဆုံးဖြတ်ခဲ့သည်။ မင်ရှီဗစ်နှင့် ဆိုရှယ်လစ်တော်လှန်ရေးသမားများက ဤဆန္ဒပြပွဲကို ဘော်ရှီဗစ်ဆန့်ကျင်သည့် ကြွေးကြော်သံများ ထွက်ပေါ်လာလိမ့်မည်ဟု မျှော်လင့်ခဲ့ကြသည်။ ဘော်ရှီဗစ်များက ဤဆန္ဒပြပွဲ အတွက် တက်တက်ကြွကြွ ပြင်ဆင်ခဲ့ကြသည်။ "ပရာဗဒါ"တွင် ရဲဘော်စတာလင်က ရေးခဲ့သည်မှာ "ဇွန် ၁၈ ရက် ပီထရိုဂရက်တွင် ကျင်းပမည့်ဆန္ဒပြပွဲသည် ကျွန်တော်တို့၏ တော်လှန်ရေးကြွေးကြော်သံများအောက်တွင် ကျင်းပခြင်းဖြစ်အောင်လုပ်ရေးမှာ ကျွန်တော်တို့၏တာဝန်ဖြစ်ပေသည်။"

၁၉၁၇ ဇွန်လ ၁၈ ရက်နေ့တွင် ဆန္ဒပြပွဲကို တော်လှန်ရေး၏ အာဇာနည် သူရဲကောင်းများ၏ ဂူဘေးတွင်ကျင်းပခဲ့သည်။ ဤဆန္ဒပြပွဲသည် ဘော်ရှီဗစ်ပါတီ အင်အားများ၏ တကယ်စစ်မှန်သော မြင်ကွင်းဖြစ်ကြောင်း ပြသလိုက်သည်။ ဤပွဲက လူထု၏ တိုးတက်လာသည့် တော်လှန်ရေးစိတ်ဓာတ်နှင့် ဘော်ရှီဗစ်ပါတီအပေါ် သူတို့၏ကြီးထွားလာသည့် ယုံကြည်မှုကို ဖော်ပြလိုက်သည်။ ယာယီအစိုးရအပေါ် ယုံကြည်ရန်နှင့် စစ်ပွဲကို ဆက်လက်တိုက်ရန်ဆင့်ခေါ်သည့် မင်ရှီဗစ်များနှင့် ဆိုရှယ်လစ်တော်လှန်ရေးသမားများ၏ ကြွေးကြော်သံများသည် ဘော်ရှီဗစ် ကြွေးကြော်သံပင်လယ်ပြင်တွင် နစ်မြုပ်ပျောက်ဆုံးသွားသည်။ ဆန္ဒပြသမား ၄ သိန်းသည် "စစ်ပွဲကျဆုံးပါစေ"၊ "အရင်းရှင်ဝန်ကြီး ၁၀ ဦး ကျဆုံးပါစေ!"၊ "အာဏာအားလုံး ဆိုဗီယက်သို့"ဆိုသည့် ကြွေးကြော်သံများနှင့် အလံများကို ကိုင်စွဲထားကြသည်။

ဤသည်မှာ တိုင်းပြည်၏ မြို့တော်တွင် မင်ရှီဗစ်နှင့်ဆိုရှယ်လစ် တော်လှန်ရေးသမားများ လုံးဝ အရှုံးကြီးရှုံးရသောပွဲ၊ ယာယီအစိုးရ၏ အရှုံးကြီးဖြစ်ပေသည်။

သို့သော် ယာယီအစိုးရသည် ပထမဆိုဗီယက်ကွန်ဂရက်၏ ထောက်ခံမှုကိုရရှိလိုက်ပြီး နယ်ချဲ့ပေါ်လစီကို ဆက်လက်လုပ်ဆောင်ရန် ဆုံးဖြတ်လိုက်သည်။ ဇွန် ၁၈ ရက် ထိုနေ့မှာပင် ယာယီအစိုးရသည် ဗြိတိသျှနှင့် ပြင်သစ်နယ်ချဲ့သမားများ၏ အလိုဆန္ဒများကိုနာခံကာ၊ ထိုးစစ်ဆင်ရန် စစ်သားများကို ရှေ့တန်းသို့မောင်းပို့လိုက်သည်။ ဓနရှင်များက တော်လှန်ရေးကို အဆုံးသတ်ပစ်ရန်အတွက် ဤနည်းတခုသာရှိသည်ဟု ယူဆကြသည်။ ထိုးစစ်အောင်ပွဲရပါက အာဏာတခုလုံးကို မိမိလက်ဝယ်ရယူလိုက်ပြီး ဆိုဗီယက်များကို မောင်းထုတ်ပစ်လိုက်ကာ ဘော်ရှီဗစ်များကိုချေမှုန်းရန် ဓနရှင်များက မျှော်လင့်ခဲ့ကြသည်။ စစ်ပွဲတွင် ရှုံးနိမ့်ပါကလည်း အပြစ်ဟူသမျှ ဘော်ရှီဗစ်များအပေါ် ပုံချပြီး တပ်မတော်ကို ဖြိုခွဲနေသည်ဟု သူတို့အားစွပ်စွဲရန်ဖြစ်သည်။

ထိုးစစ်ရှုံးနိမ့်မည်မှာ သံသယရှိစရာမလိုပါ။ တကယ်လည်း ရှုံးနိမ့်သွားပါသည်။ စစ်သားများမှာ ပင်ပန်းနွမ်းနယ်နေပြီး ထိုးစစ်၏ ရည်ရွယ်ချက်ကို သူတို့နားမလည်ဘဲ သူတို့အပေါ် ရန်လိုအငြိုးထားသည့် အရာရှိများအပေါ်မှာလည်း ယုံကြည်မှုမရှိဘဲ လက်နက်အမြောက်ဆန်များ ရှားပါးချို့တဲ့နေ သည်။ ဤအရာအားလုံးက ထိုးစစ်ရှုံးနိမ့်မှုကို တင်ကြိုတွက်ဆထားချက်အတိုင်း ဖြစ်စေလိုက်သည်။

ရှေ့တန်းမှ ထိုးစစ်သတင်းများနှင့် ရှုံးနိမ့်မှုသတင်းများသည် မြို့တော်ကို ကိုင်လှုပ်လိုက်သည်။ အလုပ်သမားနှင့် စစ်သားများ၏ မုန်းတီးရွံရှာမှုမှာ အကန့်အသတ်မရှိတော့ချေ။ ယာယီအစိုးရက ငြိမ်းချမ်းရေးပေါ်လစီ ကြွေးကြော်သည်မှာ လူထုကိုလိမ်ညာရန်သာဖြစ်ကြောင်းနှင့် သူတို့မှာနယ်ချဲ့စစ်ပွဲကို ဆက်လက်ဆင်နွဲနေခြင်းဖြစ်ကြောင်း ရှင်းလင်းသွားပါသည်။ ဆိုဗီယက်များ၏ ရုရှားပြည်လုံးဆိုင်ရာ ဗဟိုအလုပ်အမှုဆောင်ကော်မတီနှင့် ပီထရိုဂရက် ဆိုဗီယက်သည် ယာယီအစိုးရ၏ ရာဇဝတ်မှုများကို စစ်ဆေးချုပ်ကိုင် လုပ်ချင်စိတ်လည်းမရှိ၊ လုပ်လည်းမလုပ်နိုင်ဘဲ သူတို့နောက်လိုက်သာဖြစ်နေကြောင်း ထင်ရှားစေလိုက်သည်။

ပီထရိုဂရက် အလုပ်သမား စစ်သားများ၏ တော်လှန်ရေးဒေါသများ ဆူပွက်လာပေပြီ။ ဇူလိုင် ၃(၁၆) တွင် ပီထရိုဂရက် ဗီဘော့ဗ် **(Vyborg)** ရပ်ကွက်တွင် ဆန္ဒပြပွဲများ အလိုအလျောက် ပေါ်ပေါက်လာသည်။ တနေ့လုံး ဆင်နွဲကြသည်။ တကွဲတပြား ဆန္ဒပြပွဲများမှ ကြီးမားလှသော အထွေထွေ လက်နက်ကိုင်ဆန္ဒပြပွဲကြီးအဖြစ် ကြီးထွားလာပြီး ဆိုဗီယက်များသို့ အာဏာလွှဲပြောင်းပေးရန် တောင်းဆိုကြသည်။ ဘော်ရှီဗစ်ပါတီက ထိုအချိန်တွင် လက်နက်ကိုင်ရန်ကို ဆန့်ကျင်သည်။ အဘယ်ကြောင့်ဆိုသော် တော်လှန်ရေးအရှိန်သည် မရင့်မှည့်သေးဘဲ၊ တပ်နှင့် ပြည်နယ်များသည် မြို့တော်ပုန်ကန်မှုကို ထောက်ခံရန် မပြင်ဆင်ရသေးဘဲ တော်လှန်ရေး၏တပ်ဦးကို တန်ပြန်တော်လှန်ရေးသမားများက နှိမ်နင်းပစ်ရန် လွယ်ကူစေလိမ့်မည်ဟု ယူဆသောကြောင့်ဖြစ်သည်။ သို့သော်လူထုကို မတားဆီးနိုင်တော့ကြောင်း ရှင်းရှင်းလင်းလင်း မြင်တွေ့လိုက်ရပြီးနောက် ပါတီသည် ဆန္ဒ ပြပွဲများ၊ ငြိမ်းချမ်းစွာနှင့် စည်းရုံးမှုရှိစွာ ဖြစ်ပေါ်စေရန်အတွက် ဆန္ဒပြပွဲများတွင် ပါဝင်ရန်ဆုံးဖြတ်လိုက်သည်။ ဘော်ရှီဗစ်ပါတီသည်ဤ တာဝန်ကိုအောင်မြင်စွာ ထမ်းဆောင်ခဲ့သည်။ အမျိုးသား၊ အမျိုးသမီး အထောင်သောင်းတို့သည် ပီထရိုဂရက် ဆိုဗီယက်နှင့်ဆိုဗီယက်များ၏ ရုရှားပြည်လုံးဆိုင်ရာ ဗဟိုအလုပ်အမှုဆောင်

ကော်မတီ၏ ဌာနချုပ်များသို့ ချီတက်ကြပြီး ဆိုဗီယက်များအား မိမိတို့လက်ထဲ အာဏာများ ရယူရန်၊ နယ်ချဲ့ဓနရှင်များနှင့် လမ်းခွဲပြီး တက်ကြွသောငြိမ်းချမ်းရေး ပေါ်လစီကျင့်သုံးရန် တောင်းဆိုကြသည်။

အေးချမ်းစွာဆန္ဒပြမှုကို ပမာမထားဘဲ နှိမ်နင်းရန်အတွက် ဖောက်ပြန်ရေးတပ်ဖွဲ့များ၊ အရာရှိနှင့် ကဒက်တပ်ဖွဲ့တို့ကို ထုတ်သုံးလာကြသည်။ ပီထရိုဂရက် လမ်းမများတွင် အလုပ်သမား၊ စစ်သား များ၏ သွေးချောင်းစီးသွားသည်။ မသိနားမလည်ဆုံးနှင့် အဖောက်ပြန်ဆုံး တပ်များကိုရှေ့တန်းမှ ပြန်ခေါ်ယူပြီး အလုပ်သမားများကို ဖိနှိပ်စေသည်။

အလုပ်သမား၊ စစ်သားများ၏ ဆန္ဒပြပွဲကို ဖိနှိပ်ပြီးနောက် မင်ရှီဗစ်နှင့် ဆိုရှယ်လစ်တော်လှန်ရေး သမားများသည် ဓနရှင်နှင့် တပ်ဖြူဗိုလ်ချုပ်များကို မဟာမိတ်ဖွဲ့ကာ ဘော်ရှီဗစ်ပါတီအပေါ် ဖိနှိပ်လာသည်။ “ပရာဗဒါ”အဝန်းအဝိုင်းများ ဖျက်ဆီးခံရသည်။ “ပရာဗဒါ”၊ “ဆိုလ်ဒါစကာယာပရာဗဒါ”(စစ်သားများ၏ အမှန်တရား)နှင့် အခြား ဘော်ရှီဗစ်သတင်းစာများ ဖိနှိပ်ခံရသည်။ ဗိုင်အိုနော့ဗ် **(Voinov)**ဆိုသူ အလုပ်သမားတဦးမှာ ပရာဗဒါသတင်းစဉ် **(Pravda Bulletin)** ကိုရောင်းချနေရုံဖြင့်ပင် လမ်းပေါ်၌ ကဒက်များ၏ သတ်ဖြတ်ခြင်းကိုခံလိုက်ရသည်။ တပ်နီများကို လက်နက်စဖြုတ်လာသည်။ ပီထရိုဂရက် မြို့စောင့်တပ်မှ တော်လှန်ရေးတပ်ဖွဲ့များကို မြို့တော်မှ ရုပ်သိမ်းပြီး စစ်တန်းလျားများသို့ ပြန်စေခဲ့သည်။ ရှေ့တန်းရော နောက်တန်းပါ ဖမ်းဆီးမှုများပြုလုပ်လာသည်။ ဇူလိုင် ၇ ရက်တွင် လီနင်အားဖမ်းဆီးရန် ဝရမ်းထုတ်ပြန်လိုက်သည်။ ထင်ရှားသည့် ဘော်ရှီဗစ်ပါတီ ဝင်များ အဖမ်းခံရသည်။ ဘော်ရှီဗစ်စာစောင်များ၊ ပုံနှိပ်ထုတ်ဝေရာ ထရာဒ့်ပုံနှိပ်စက်ဖျက်ဆီးခံရသည်။ ပီထရိုဂရက်တရားရုံးမှ တာဝန်ရှိသူများက လီနင်နှင့် တခြား ဘော်ရှီဗစ်အချို့ကို “နိုင်ငံတော် သစ္စာဖောက်မှု”နှင့် လက်နက်ကိုင်ပုန်ကန်ရန် စည်းရုံးလှုံ့ဆော်မှုတို့ဖြင့် တရားစွဲဆိုကြောင်း ကြေညာလိုက်သည်။ ဗိုလ်ချုပ်ဒင်နီကင် **(Denikin)** ၏ ဌာနချုပ်တွင် လီနင်ကို အမှုဆင်ပြီး သူလျှိုများ၊ အတွင်းသူလျှိုများ၏ သက်သေခံချက်များအပေါ်အခြေခံသည်။

ဤနည်းဖြင့် မင်ရှီဗစ်နှင့် ဆိုရှယ်လစ်တော်လှန်ရေးသမားများထဲမှ ခေါင်းဆောင်ကိုယ်စားလှယ်များဖြစ်သော ဇာရက်တလီ၊ စကိုဘီလက်ဗ်၊ ကရင်စကီနှင့် ချာနော့ဗ်ပါဝင်သော ယာယီညွှန့်ပေါင်း အစိုးရသည် နယ်ချဲ့စနစ်နှင့် တန်ပြန်တော်လှန်ရေး နွံတွင်းနစ်မြုပ်သွားကြသည်။ ငြိမ်းချမ်းရေးပေါ်လစီ အစား၊ စစ်ပွဲဆက်လက်ဆင်နွှဲရေး ပေါ်လစီကို လက်ခံကျင့်သုံးခဲ့သည်။ ပြည်သူများ၏ ဒီမိုကရေစီ အခွင့်အရေးများကို ကာကွယ်ရမည့်အစား ဤအခွင့်အရေးများကို ဖျက်သိမ်းပြီး အလုပ်သမားနှင့် စစ်သားများကို လက်နက်နှင့်ဖိနှိပ်ရေးပေါ်လစီကို ကျင့်သုံးခဲ့သည်။

ဓနရှင်များ၏ ကိုယ်စားလှယ် ဂုချ်ကော့ဗ်နှင့် မီလျူကော့ဗ်တို့ လုပ်ဆောင်ရန် ချီတုံချတုံဖြစ်ခဲ့ရသည့် လုပ်ဆောင်ချက်များကို “ဆိုရှယ်လစ်”များဖြစ်ကြသော ကရင်စကီနှင့် ဇာရက်တလီ၊ ချာနော့ဗ်နှင့် စကိုဘီလက်ဗ်တို့က လုပ်ဆောင်ခဲ့ပေသည်။

စင်ပြိုင် အာဏာနှစ်ရပ်၏ အားပြိုင်ပွဲကား အဆုံးသတ်ခဲ့ပေပြီ။

ယာယီအစိုးရလက်တွင်းသို့ အာဏာအားလုံး ကျရောက်သွားပြီး၊ ဆိုဗီယက်များမှာ ၎င်း၏ ဆိုရှယ်လစ် တော်လှန်ရေးသမားနှင့် မင်ရှီဗစ်ခေါင်းဆောင်များနှင့်အတူ ယာယီအစိုးရ၏ အစွယ်အပွားမျှသာဖြစ်သွားကာ ဓနရှင်များက အသာရသွားခြင်းဖြင့် အဆုံးသတ်သွားပေသည်။

တော်လှန်ရေး၏ ငြိမ်းချမ်းသောကာလ အဆုံးသတ်သွားပြီး။ အစီအစဉ်နေရာတွင် ယခုအခါ လုံ့စွပ်များ ရောက်ရှိလာလေပြီ။

ပြောင်းလဲသွားသော အခြေအနေများအရ ဘော်ရှီဗစ်ပါတီသည် ၎င်း၏ နည်းပရိယာယ်များကို ပြောင်းလဲရန် ဆုံးဖြတ်လိုက်သည်။ ပါတီသည် မြေအောက်လျှိုးသွားပြီး မိမိ၏ ခေါင်းဆောင် လီနင်အတွက် လုံခြုံစိတ်ချရသော ပုန်းအောင်းရန် နေရာကို ရှာဖွေကာ ဓနရှင်များ၏ အာဏာကို အကြမ်းဖက်ဖြိုချပြီး ဆိုဗီယက်အာဏာထူထောင်ရန် ရည်ရွယ်ချက်ဖြင့် ပုန်ကန်ရန် စတင်ပြင်ဆင်လုပ်ဆောင်ပါတော့သည်။

## ၄။ ဘော်ရှီဗစ်ပါတီက လက်နက်ကိုင်ပုန်ကန်မှု ပြင်ဆင်သည့် လမ်းစဉ်ကို လက်ခံခြင်း။ ဆဋ္ဌမအကြိမ်ပါတီကွန်ဂရက်။

ဘော်ရှီဗစ်ပါတီ၏ ဆဋ္ဌမအကြိမ်ကွန်ဂရက်ကို ပီထရိုဂရက်၌ ဓနရှင်နှင့် ဓနရှင်ပေါက်စ သတင်းစာများက ဘော်ရှီဗစ်များအား အရူးအမူး တိုက်ခိုက်နေသည့်အလယ်တွင် ကျင်းပခဲ့ကြသည်။ ပဉ္စမအကြိမ်မြောက် (လန်ဒန်) ကွန်ဖရင့်အပြီး ဆယ်နှစ်အကြာနှင့် ဘော်ရှီဗစ်များ၏ ပရော့ဂ်ကွန်ဖရင့်အပြီး ငါးနှစ်အကြာတွင် ကျင်းပခဲ့ခြင်းဖြစ်သည်။ လျှို့ဝှက်စွာ ကျင်းပခဲ့သည့် ကွန်ဂရက်ကို ၁၉၁၇ ခု ဇူလိုင် ၂၆ မှ ဩဂုတ် ၃ ရက်နေ့အထိ ကျင်းပခဲ့သည်။ သတင်းစာထဲတွင် အခမ်းအနား ဖွင့်လှစ်သည့် ကြေညာချက်သာပါရှိပြီး အစည်းအဝေးနေရာကို မဖော်ထုတ်ချေ။ ပထမကျင်းပသည့်နေရာမှာ မိုင်ဖော့ဒ်ရပ်ကွက်တွင်ဖြစ်ပြီး နောက်ပိုင်းတွင် ယခု ယဉ်ကျေးမှုနန်းတော်နေရာဖြစ်သည့် နာဗားမုတ်တံခါးအနီးမှ ကျောင်းတကျောင်းတွင် ပြုလုပ်ခဲ့သည်။ ဓနရှင်သတင်းစာများက ကိုယ်စားလှယ်များကို ဖမ်းဆီးရန် တောင်းဆိုကြသည်။ စုံထောက်များသည် အစည်းအဝေးကျင်းပရာနေရာကို ရှာဖွေတွေ့ရှိနိုင်ရန် တမြို့လုံးကို သွေးရူးသွေးတန်း ပိုက်စိတ်တိုက်ရှာဖွေသော်လည်း အချည်းအနှီးပင်တည်း။

ဤသို့ဖြင့် ဇာဘုရင်ကိုဖြုတ်ချပြီး ငါးလအကြာတွင် ဘော်ရှီဗစ်များမှာ လျှို့ဝှက်၍သာ တွေ့ဆုံနိုင်ကြရပြီး ပစ္စည်းမဲ့ပါတီ၏ခေါင်းဆောင် လီနင်မှာလည်း မလွှဲမရှောင်သာ ပုန်းအောင်းနေရာက ရာဇ်လစ်ဘူတာရုံအနီး တဲစုတ်တခုတွင် ခိုအောင်းနေရသည်။

သူ့ကို ယာယီအစိုးရ၏ စုံထောက်များက အပြင်းအထန်လိုက်လံ ရှာဖွေနေသဖြင့် ကွန်ဂရက်သို့ မတက်ရောက်နိုင်ချေ။ သို့သော် ပုန်းအောင်းနေရာမှ သူ၏ လုပ်ငန်းများကို ပီထရိုဂရက်ရှိ ရင်းနှီးသော လုပ်ဖော်ကိုင်ဖက်များနှင့် တပည့်သာဝကများ ဖြစ်ကြသော စတာလင်၊ ဆဗားဒ်လော့ဗ်၊ မိုလိုတော့ဗ်၊ အော်ဂျိုနီကစ်ဇီတို့မှတဆင့် လမ်းညွှန်ခဲ့သည်။

ကွန်ဂရက်သို့ မဲပေးနိုင်သူ ကိုယ်စားလှယ် ၁၅၇ ဦးနှင့် မဲမပေးနိုင်သော ကိုယ်စားလှယ် ၁၂၈ ဦးတက်ရောက်သည်။ ထိုအချိန်က ပါတီဝင် ၂၄၀,၀၀၀ နီးပါးမျှရှိသည်။ အလုပ်သမားဆန္ဒပြပွဲများ မဖြိုခွဲခင် ဇူလိုင် ၃ ရက်နေ့ ဘော်ရှီဗစ်များ တရားဝင်နေထိုင်လုပ်ဆောင်နေစဉ်မှာပင် ပါတီသည် စာစောင် ၄၁ စောင် ထုတ်ဝေနေပြီး ၂၉ စောင်သည် ရုရှားဘာသာနှင့် ဖြစ်ကာ ၁၂ စောင်မှာ အခြားဘာသာနှင့်ဖြစ်သည်။

ဘော်ရှီဗစ်များနှင့် အလုပ်သမားလူတန်းစားများ ဖိနှိပ်ညှဉ်းပန်း နှိပ်စက်ခံရသည့် ဇူလိုင်ရက်များအတွင်း ပါတီ၏ ဩဇာသည် ကျဆင်းသွားဖို့ဝေးဆွ၊ ပို၍ပင် တောက်ပြောင်လာခဲ့ပါသည်။ အလုပ်သမားနှင့် စစ်သားများသည် မင်ရှီဗစ်နှင့် ဆိုရှယ်လစ် တော်လှန်ရေးသမားများကို စက်ဆုပ်ရွံရှာစွာ "ဆိုရှယ်လစ်ထောင်မှူးများ"ဟု အမည်သတ်မှတ်ပေးပြီး ၎င်းတို့ထံမှ အစုလိုက် အပြုံလိုက် ထွက်ခွာလာကြသည့် မရေမတွက်နိုင်သည့် အဖြစ်အပျက်များကို ပြည်နယ်များမှ ကိုယ်စားလှယ် များက ပြောပြကြသည်။ မင်ရှီဗစ်နှင့် ဆိုရှယ်လစ်တော်လှန်ရေးသမား ပါတီဝင်အလုပ်သမားနှင့် စစ်သားများသည် ဒေါသထွက်ခြင်း မုန်းတီးရွံရှာမှုနှင့်အတူ ၎င်းတို့၏ ပါတီဝင်ကဒ်ပြားများကို ဆုတ်ဖြဲပစ်ပြီး ဘော်ရှီဗစ်ပါတီသို့ ဝင်ခွင့်လျှောက်လွှာတင်ကြသည်။

ကွန်ဂရက်၌ ဆွေးနွေးသော အဓိကအကြောင်းအရာများမှာ ဗဟိုကော်မတီ၏ နိုင်ငံရေးအစီရင်ခံစာနှင့် နိုင်ငံရေးအခြေအနေ ဖြစ်သည်။ ရဲဘော်စတာလင်သည် ဤပြဿနာနှစ်ခုလုံးအပေါ် အစီရင်ခံသည်။ ဓနရှင်များက ဖိနှိပ်ရန် အစွမ်းကုန်ကြိုးစားနေသည့်ကြားမှ တော်လှန်ရေးသည် မည်ကဲ့သို့ ကြီးထွား ဖြစ်ပေါ်တိုးတက်နေသည်ကို သူက အရှင်းလင်းဆုံး ပြောကြား သွားသည်။ ထုတ်လုပ်ရေးနှင့် အထွက်ပစ္စည်းများ ဖြန့်ဝေရေးတွင် အလုပ်သမားများ ထိန်းချုပ်–ချုပ်ကိုင်မှုကိုထူထောင်ရန် လယ်သမားများကို မြေဝေငှပေးရန်နှင့် ဓနရှင်များထံမှ အာဏာကို အလုပ်သမားလူတန်းစားနှင့် ဆင်းရဲလယ်သမားများလက်သို့ လွှဲပြောင်းရန် တော်လှန်ရေးသည် ဦးဆောင်လုပ်ကိုင်နေပြီဖြစ်ကြောင်း သူက ထောက်ပြခဲ့သည်။ သူကတော်လှန်ရေးသည် ဆိုရှယ်လစ် တော်လှန်ရေးလက္ခဏာ ဆောင်လာပြီဖြစ်ကြောင်းပြောကြားပါသည်။

တိုင်းပြည်အတွင်းရှိ နိုင်ငံရေးအခြေအနေမှာ ဇူလိုင်နေ့ရက်များနောက်ပိုင်း ပြင်းထန်ပြတ် သားစွာ ပြောင်းလဲသွားခဲ့သည်။ စင်ပြိုင်အာဏာနှစ်ရပ် ဖြစ်နေမှုသည် အဆုံးသတ်သွားခဲ့ပြီ။ ဆိုရှယ်လစ်တော်လှန်ရေးသမားများနှင့် မင်ရှီဗစ်များ ဦးဆောင်သည့် ဆိုဗီယက်များသည် အာဏာအပြည့်အဝ ရယူရန် ငြင်းဆိုသောကြောင့် အာဏာအားလုံးဆုံးရှုံးသွားသည်။ ယခု အာဏာကို ဓနရှင်ယာယီအစိုးရက စုစည်းထိန်းချုပ်ထားလိုက်ပြီး တော်လှန်ရေးကို လက်နက်ဖြုတ်ရန်နှင့် ဘော်ရှီဗစ်ပါတီနှင့် ၎င်း၏အဖွဲ့အစည်းများကို ချေမှုန်းဖျက်ဆီးရန် ဆက်လက်ကြိုးစားလာသည်။ တော်လှန်ရေး ငြိမ်းချမ်းစွာ ဖြစ်ပေါ်တိုးတက်ရန် ဖြစ်နိုင်ချက်အားလုံး ပျောက်ဆုံးသွားပေပြီ။ တခုသာကျန်တော့ပြီး ဤသည်ကို ရဲဘော်စတာလင်က ယာယီအစိုးရအား ဖြုတ်ချပြီး အာဏာကို အကြမ်းဖက်ရယူရန်သာဖြစ်သည်ဟု အမည်တပ်ပြောကြားခဲ့သည်။ ထို့အပြင် ပစ္စည်းမဲ့များသာလျှင် ဆင်းရဲလယ်သမားများနှင့် မဟာမိတ်ဖွဲ့ပြီး အာဏာကို အကြမ်းဖက်ရယူနိုင်သည်ဟု ပြောခဲ့သည်။

မင်ရှီဗစ်နှင့် ဆိုရှယ်လစ်တော်လှန်ရေးသမားများ ထိန်းချုပ်ထားဆဲဖြစ်သည့် ဆိုဗီယက်များသည် ဓနရှင်များဘက် ရောက်သွားပြီး တည်ရှိနေသည့် အခြေအနေများအောက်တွင် ယာယီအစိုးရ၏ အစွယ်အပွားတခု အဖြစ်သာလျှင် လုပ်ဆောင်ရန်ဖြစ်တော့သည်။ ဇူလိုင်နေ့များ နောက်ပိုင်း ယခုအခါတွင် "အာဏာအားလုံး ဆိုဗီယက်သို့"ဆိုသည့်ကြွေးကြော်သံကို ရုပ်သိမ်းရမည်ဟု ရဲဘော်စတာလင်က ဆိုလိုက်သည်။ သို့သော် ဤကြွေးကြော်သံကို ယာယီရုပ်သိမ်းခြင်းသည် မည်သည့်နည်းနှင့်မျှ ဆိုဗီယက်အာဏာအတွက် တိုက်ပွဲကို စွန့်လွှတ်သည့် အဓိပ္ပာယ်မသက်ရောက်ပေ။ တော်လှန်ရေးတိုက်ပွဲ၏ ယန္တရားအဖြစ် ယေဘုယျ ဆိုဗီယက်များကို ပြဿနာတက်နေသည် မဟုတ်ဘဲ

တည်ရှိနေသည့် ဆိုဗီယက်များ၊ မင်ရှီဗစ်နှင့် ဆိုရှယ်လစ်တော်လှန်ရေးသမားများ ခြယ်လှယ်နေသည့် ဆိုဗီယက်များကိုသာဆိုလိုခြင်း ဖြစ်သည်။

ရဲဘော်စတာလင်က "တော်လှန်ရေး၏ ငြိမ်းချမ်းသောကာလ ပြီးဆုံးခဲ့ပြီ။ ထိပ်တိုက်ရင်ဆိုင်တွေ့မှုများနှင့် ပေါက်ကွဲမှုများကာလ၊ မငြိမ်းချမ်းသောကာလ စတင်ခဲ့ပြီ။"(R.S.D.L.P **ဆဋ္ဌမ ကွန်ဂရက် အစီရင်ခံစာ၊ ရုရှားဘာသာ ၊ စာမျက်နှာ–၁၁၁)**

ပါတီသည် လက်နက်ကိုင် ပုန်ကန်မှုအတွက် ဦးတည်နေပေပြီ။

ကွန်ဂရက်တွင် ခနရှင်ဩဇာများ ဂယက်ရိုက်ကာ ဆိုရှယ်လစ် တော်လှန်ရေးလမ်းစဉ် ကျင့်သုံးရေးကို ဆန့်ကျင်သူအချို့ရှိခဲ့သည်။

ထရော့စကီဝါဒီ – ပရီယိုဘရာဇင်စကီး (Preobrazhensky)က အာဏာအောင်ပွဲရရေး ဆုံးဖြတ်ချက်တွင် တိုင်းပြည်သည် အနောက်နိုင်ငံများ၌ ပစ္စည်းမဲ့တော်လှန်ရေး ဖြစ်ပေါ်မှသာလျှင် ဆိုရှယ်လစ်စနစ်ဆီသို့ ဦးတည်နိုင်မည်ဟု ထည့်သွင်းသင့်ကြောင်း အဆိုပြုလာသည်။

ဤထရော့စကီဝါဒီ၏ အဆိုကို ရဲဘော်စတာလင်က ဆန့်ကျင်ခဲ့သည်။ သူက "ရုရှားနိုင်ငံသည် ဆိုရှယ်လစ်လမ်းကိုခင်းမည့် နိုင်ငံဖြစ်သည်ဆိုသည့် ဖြစ်နိုင်ချက်ကို မဖယ်ထုတ်နိုင်ချေ။ ကျွန်တော် တို့အနေဖြင့် ဟောင်းနွမ်းရှေးကျသည့် ဥရောပကသာ ကျွန်တော်တို့ကို လမ်းပြနိုင်သည်ဆိုသည့် အတွေးအခေါ်ကို ဖယ်ရှားရမည်။ တရားသေ မာကံ့စ်ဝါဒနှင့် တီထွင်ဖန်တီးမှုရှိသည့် မာ့က်စ်ဝါဒ ဟူ၍ ရှိသည်။ ကျွန်တော် ဒုတိယဝါဒ အမျိုးအစားကို လက်ခံရပ်တည်သည်။" **(အထက်ပါ ၊ စာမျက်နှာ – ၂၃၃)**

ထရော့စကီဝါဒီတဦး ဖြစ်သည့် ဘူခါရင်က လယ်သမားများသည် စစ်ပွဲကို ထောက်ခံကြောင်း၊ သူတို့သည် ခနရှင်များနှင့် ပူးပေါင်းထားပြီး အလုပ်သမားလူတန်းစားနောက် လိုက်မှာမဟုတ်ကြောင်း အခိုင်အမာ ပြောဆိုသည်။

ဘူခါရင်ကို ချေပရာ၌ ရဲဘော်စတာလင်က လယ်သမား၊ အမျိုးမျိုး အစားစားရှိကြောင်း ပြသခဲ့သည်။ နယ်ချဲ့ခနရှင်များကို ထောက်ခံသည့် ချမ်းသာသည့်လယ်သမားများရှိပြီး အလုပ်သမားလူတန်းစားနှင့် မဟာမိတ်ဖွဲ့ပြီး တော်လှန်ရေးအောင်ပွဲအတွက် တိုက်ပွဲတွင် သူတို့ကို ထောက်ခံသည့် ဆင်းရဲသည့် လယ်သမားလည်းရှိသည်။

ကွန်ဂရက်က ပီရီယိုဘရာဇင်စကီးနှင့် ဘူခါရင်တို့၏ ဖြည့်စွက်ချက်များကို ပယ်ချလိုက်ပြီး ရဲဘော်စတာလင် တင်သွင်းသော ဆုံးဖြတ်ချက်များကို အတည်ပြုလက်ခံလိုက်သည်။

ကွန်ဂရက်သည် ဘော်ရှီဗစ်တို့၏ စီးပွားရေးမူဝါဒကို ဆွေးနွေးညှိနှိုင်းပြီး အတည်ပြုခဲ့ကြသည်။ ၎င်း၏ အဓိကအချက်မှာ မြေယာပိုင်ဆိုင်မှုများကို သိမ်းယူရေး၊ မြေအားလုံးနိုင်ငံပိုင်ပြုလုပ်ရေး၊ ဘဏ်များကို နိုင်ငံပိုင်ပြုလုပ်ရေး၊ အကြီးစား စက်မှုလုပ်ငန်းများကို နိုင်ငံပိုင်ပြုလုပ်ရေးနှင့် ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရေးကို အလုပ်သမားများ ချုပ်ကိုင်ရေးတို့ဖြစ်သည်။

ကွန်ဂရက်က ထုတ်လုပ်ရေးအပေါ် အလုပ်သမားများ ချုပ်ကိုင်ခွင့်ရရေးတိုက်ပွဲ၏ အရေးကြီးမှုကို အလေးပေးသည်။ ထိုမှတဆင့် အကြီးစား စက်မှုလုပ်ငန်းများကို နိုင်ငံပိုင်ပြုလုပ်ရာတွင် အရေးကြီးသည့် အခန်းမှ ပါဝင်လုပ်ဆောင်ရန် ဖြစ်ပါသည်။

ဆုံးဖြတ်ချက်များ အားလုံးတွင် ဆဋ္ဌမအကြိမ်ကွန်ဂရက်က အထူးအလေးထားသည်မှာ လီနင်၏ မူဖြစ်သော ဆိုရှယ်လစ် တော်လှန်ရေးအောင်ပွဲခံရေး အကြောင်းအချက်တရပ်အဖြစ် ပစ္စည်းမဲ့နှင့် ဆင်းရဲလယ်သမားအကြား မဟာမိတ်ဖွဲ့မှုပင်ဖြစ်သည်။

ကွန်ဂရက်က မင်ရှီဗစ်၏ သဘောတရားဖြစ်သော အလုပ်သမားသမဂ္ဂများ ကြားနေသင့်သည်ဆိုသည်ကို ရှုတ်ချလိုက်သည်။ ရုရှား အလုပ်သမားလူတန်းစား ရင်ဆိုင်နေရသည့် အလွန်အရေးကြီးသည့် တာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နိုင်ရန်မှာ အလုပ်သမားသမဂ္ဂများက ဘော်ရှီဗစ်ပါတီ၏နိုင်ငံရေးခေါင်းဆောင်မှုကိုအသိအမှတ်ပြုပြီး တက်ကြွထက်မြက်သည့် လူတန်းစားအဖွဲ့အစည်းများအဖြစ် တည်ရှိနေမှသာလျှင် ဖြစ်နိုင်ကြောင်းကို ကွန်ဂရက်က ထောက်ပြခဲ့သည်။

ထိုအချိန်က မကြာခဏ အလိုအလျောက်ပေါ်ပေါက်လာသည့် လူငယ်အဖွဲ့များအပေါ် ဆုံးဖြတ်ချက်ကိုလည်း ကွန်ဂရက်က ချမှတ်ခဲ့သည်။ ပါတီ၏ နောက်ပိုင်းကြိုးပမ်းမှုများကြောင့် ဤလူငယ်အဖွဲ့အစည်းများသည် ပါတီ၏အရံအင်အားအဖြစ် ခိုင်ခိုင်မာမာသစ္စာစောင့်သိ လိုက်နာလာခဲ့ ကြသည်။

ကွန်ဂရက်က လီနင်တရားရုံး၌ အစစ်ဆေးခံသင့်မသင့် ဆွေးနွေးသည်။ ကွန်ဂရက်မတိုင်မီကပင် ကဲမီနက်ဗ်၊ ရိုင်ကော့ဗ်၊ ထရော့စကီနှင့် အချို့လူများက လီနင်ဟာ တန်ပြန်တော်လှန်ရေးရုံးမှာ အစစ်ဆေးခံသင့်ကြောင်း ခံယူထားကြသည်။ ရဲဘော်စတာလင်က လီနင် တရားရုံး၌ အစစ်ဆေးခံရေးကို အပြင်းအထန် ဆန့်ကျင်ကန့်ကွက်သည်။ ဤသည်မှာ ဆဋ္ဌမ အကြိမ်ကွန်ဂရက်၏ ရပ်တည်မှုလည်းဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် တရားစီရင်မှာမဟုတ်ဘဲ အဆုံးစီရင်မှာဖြစ်သောကြောင့်ပင်။ ဓနရှင်များလိုချင်သည်မှာ ဓနရှင်တို့၏ အန္တရာယ်အကြီးဆုံး ရန်သူအဖြစ် လီနင်ကို သတ်ဖြတ်ပစ်ရေး တခုသာဖြစ်ကြောင်း ကွန်ဂရက်က သံသယမရှိပါ။ ကွန်ဂရက်က ပစ္စည်းမဲ့တော်လှန်ရေးခေါင်းဆောင်များအပေါ် ဓနရှင်များ၏ ဖမ်းဆီးနှိပ်စက်မှုများကို ဆန့်ကျင်ကန့်ကွက်ပြီး လီနင်ထံသို့ သဝဏ်လွှာ ပေးပို့ခဲ့သည်။

ဆဋ္ဌမအကြိမ်မြောက်ကွန်ဂရက်က ပါတီစည်းကမ်းသစ်များကို ချမှတ်ခဲ့သည်။ ဤစည်းကမ်းများက ပါတီအဖွဲ့အစည်းများအားလုံး **ဒီမိုကရေစီ ဗဟိုချုပ်ကိုင်မှု**အပေါ် တည်ဆောက်ရမည်ဟု ဆိုထားသည်။ ဤသည်မှာ –

**၁။** ပါတီ၏ ညွှန်ကြားသည့်အဖွဲ့အားလုံးကို အထက်မှအောက်သို့ ရွေးချယ်တင်မြောက်ရမည်။

**၂။**ဤပါတီအဖွဲ့များသည် သက်ဆိုင်ရာပါတီအဖွဲ့အစည်းများသို့ ၎င်းတို့၏ လုပ်ဆောင်ချက်များကို အချိန်ကာလအလိုက် အစီရင်ခံရမည်။

**၃။** တင်းကျပ်သည့် ပါတီစည်းကမ်းရှိရမည်ဖြစ်ပြီး အနည်းစုက အများစုကိုနာခံရမည်။

**၄။** အထက်အဖွဲ့မှ ဆုံးဖြတ်ချက်အားလုံးသည် အောက်ခြေအစုအဝေးများနှင့် ပါတီဝင်အားလုံးတို့နှင့် လုံးဝခြွင်းချက်မရှိ သက်ဆိုင်သည်။

ပါတီဝင်သစ်သိမ်းသွင်းရာတွင် ဒေသပါတီအဖွဲ့အစည်းမှတဆင့် ပါတီဝင်နှစ်ဦး၏ ထောက်ခံချက်နှင့်အတူ ဒေသအဖွဲ့အစည်း၏ ပါတီဝင်လုံးကျွတ်အစည်းအဝေး သဘောတူညီခွင့်ပြုချက်ဖြင့်သာ ဝင်နိုင်ကြောင်း ပါတီစည်းကမ်းက သတ်မှတ် သည်။

ဆဋ္ဌမအကြိမ်ကွန်ဂရက်က မီဇရာရောနှစ်စ် (Mezhrayoutsi)နှင့် ၎င်းတို့၏ခေါင်းဆောင် ထရော့စကီကို ပါတီဝင်ခွင့် ပြုခဲ့သည်။ သူတို့မှာ ၁၉၁၃ ခုနှစ်၌ ပီထရိုဂရက်တွင်တည်ရှိခဲ့သော အဖွဲ့ငယ်

လေးတခုဖြစ်ပြီး ထရော့စကီဝါဒီနှင့် မင်ရှီဗစ်များဖြစ်ကြကာ ပါတီမှခွဲထွက်ခဲ့သော ယခင်ဘော်ရှီဗစ် အချို့လည်း ပါဝင်သည်။ စစ်ပွဲအတွင်းကသူတို့သည် အလယ်အလတ် ဗဟိုဝါဒီများ ဖြစ်ခဲ့သည်။ သူတို့သည် ဘော်ရှီဗစ်များကို တိုက်ခိုက်ခဲ့သော်လည်း နေရာအတော်များများတွင်လည်း မင်ရှီဗစ်များနှင့်လည်း သဘောထားမတိုက်ဆိုင်ဘဲ အလယ်အလတ်ဗဟိုဝါဒီများအဖြစ် တွေဝေယိမ်းယိုင်သည့် အနေအထားရှိသည်။ ဆဋ္ဌမကွန်ဂရက်တွင် သူတို့က ဘော်ရှီဗစ်များနှင့် ပြဿနာအားလုံးတွင် သဘောတူညီကြောင်း ကြေညာပြီး ပါတီဝင်ခွင့်ပေးရန် တောင်းဆိုသည်။ သူတို့အချိန်မီ စစ်မှန်သည့် ဘော်ရှီဗစ်များ ဖြစ်လာရေး မျှော်လင့်ချက်ဖြင့် ကွန်ဂရက်က ပါတီဝင်ခွင့်ပေးခဲ့သည်။ တချို့လူများမှာ ဥပမာ – ဗိုလိုဒါးစကီး (Volodarsky)နှင့် ယူရစ်စကီး (Uritsky) တို့သည် တကယ်ပင် ဘော်ရှီဗစ်များဖြစ် ခဲ့ကြသည်။ ထရော့စကီနှင့် ၎င်း၏ နီးစပ်သည့် မိတ်ဆွေများမှာ ပါတီအကျိုးစီးပွား အတွက် အလုပ်လုပ်ရန်ဝင်လာခြင်း မဟုတ်ဘဲ ပါတီအား အတွင်းမှ ဖျက်ဆီးဖြိုခွင်းရန်သာဖြစ်ကြောင်း နောက်ပိုင်းတွင် သိသာ ထင်ရှားလာသည်။

ဆဋ္ဌမကွန်ဂရက်၏ ဆုံးဖြတ်ချက်အားလုံးသည် ပစ္စည်းမဲ့နှင့် အဆင်းရဲဆုံးလယ်သမားများ၊ လက်နက်ကိုင်ပုန်ကန်မှုကို ပြင်ဆင်ရန်အတွက် ရည်ရွယ်ခဲ့သည်။ ဆဋ္ဌမကွန်ဂရက်သည် ပါတီကို လက်နက်ကိုင်ပုန်ကန်မှုအတွက်၊ ဆိုရှယ်လစ်တော်လှန်ရေးအတွက် ဦးတည်ပေးခဲ့ပေသည်။

ကွန်ဂရက်က ပါတီ၏ ကြေညာစာတမ်းကို ထုတ်ပြန်လိုက်ပြီး အလုပ်သမား၊ စစ်သားနှင့် လယ်သမားများ၊ ဓနရှင်များနှင့် အပြတ်အသတ် တိုက်ပွဲဆင်ရန် အင်အားများ စုစည်းရန် လှုံ့ဆော်လိုက်သည်။ ဤကြေညာစာတမ်းကို အောက်ပါစာကားလုံးများဖြင့် အဆုံးသတ်လိုက်သည်။

“ထို့ကြောင့် တိုက်ဖော်တိုက်ဖက် ရဲဘော်များ – တိုက်ပွဲသစ်များအတွက် ပြင်ဆင်ကြပါစို့။ ကြံ့ခိုင်စွာ၊ တည်ကြည် ရဲရင့်စွာ၊ တည်ငြိမ်စွာ၊ အနှောင့်အယှက် အဖျက်အဆီးများကို အလျှော့မပေးဘဲ သင်တို့၏အင်အားစုများကိုစုစည်းပြီး တိုက်ပွဲဝင်အဖွဲ့များ ဖွဲ့စည်းကြလော့။ ပါတီ၊ ပစ္စည်းမဲ့လူတန်းစားနှင့် စစ်သားများ၏ အလံတော်အောက်တွင် စုရုံးကြပါစို့။ ကျေးလက်တောရွာ နင်းပြားများဖြစ်သည့် ကျွန်တော်တို့၏ အလံတော်အောက်တွင် စုရုံးကြပါစို့။”

## ၅။ တော်လှန်ရေးကို ဆန့်ကျင်ရန် ဗိုလ်ချုပ်ကော်နီလော့ဗ် အကြံဉာဏ်၊ ထိုကြံစည်မှုကို ဖိနှိပ်နှိမ်နင်းလိုက်ခြင်း၊ ပီထရိုဂရက်နှင့် မော်စကိုဆိုဗီယက်များ ဘော်ရှီဗစ်များဘက် ကူးပြောင်းသွားခြင်း။

ဓနရှင်များက အာဏာအားလုံးကို သိမ်းပိုက်လိုက်ပြီးနောက် ယခုအခါ အင်အားချည့်နဲ့ သွားသည့် ဆိုဗီယက်များကို ဖျက်ဆီးရန်နှင့် တန်ပြန်တော်လှန်ရေး အာဏာရှင်စနစ် ဖြောင်ထူထောင်ရန်တို့ကို စတင်ပြင်ဆင်လုပ်ဆောင်လာကြသည်။ သန်းကြွယ်သူဌေး ရိုင်ဘူရှင်စကီး (Ryabushinsky) က အခြေအနေမှ ထွက်ရပ်လမ်းမှာ “အငတ်ဘေးနှင့်ကြုံတွေ့ပြီး ဆင်းရဲဒုက္ခတွင်းကျနေသည့် လူထု၏ ပိန်ချုံးနေသောလက်များက ပြည်သူတို့၏ မိတ်ဆွေတု၊ မိတ်ဆွေယောင်များဖြစ်ကြသော ဒီမိုကရက်တစ် ဆိုဗီယက်များနှင့် ကော်မတီများကို လည်ပင်းညှစ် ဖမ်းဆီးရန်သာဖြစ်တော့သည်”ဟု မထေမဲ့မြင် စော်ကားမော်ကားပြောကြားခဲ့သည်။ ရှေ့တန်း၌ စစ်ခုံရုံးများက စစ်သားများအပေါ် အပြင်းအထန် လက်စားချေနေပြီး သေဒဏ်များကို အလုံးအရင်းနှင့် ပေးနေသည်။ ၁၉၁၇ ဩဂုတ်လ ၃ ရက်နေ့တွင်

စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကော်နီလော့ဗ်က နောက်ပိုင်းတွင်လည်း သေဒဏ်များပေးရန် တောင်းဆိုလာသည်။

သြဂုတ်လ ၁၂ ရက်နေ့တွင် ယာယီအစိုးရက ခေရှင်မြေရှင်အင်အားစုများကို လှုံ့ဆော်ရန် မော်စကို ဇာတ်သဘင်ရုံကြီး (Grand Theatre) ၌ နိုင်ငံတော်ကောင်စီကို ဖွင့်လှစ်လိုက်သည်။ ကောင်စီတွင် အဓိကအားဖြင့် မြေရှင်များ၊ ခေရှင်များ၊ ဗိုလ်ချုပ်များနှင့် ကော့ဆက်များ၏ ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။ မင်ရှီဗစ်နှင့် ဆိုရှယ်လစ် တော်လှန်ရေးသမားများက ဆိုဗီယက် ကိုယ်စားလှယ်များအဖြစ် ပါဝင်ကြသည်။

နိုင်ငံတော်ကောင်စီ ကျင်းပခြင်းကို ဆန့်ကျင်သည့် အနေဖြင့် ဖွင့်လှစ်သောနေ့မှာပင် ဘော်ရှီဗစ်များက မော်စကိုတွင် အထွေထွေသပိတ်မှောက်ရန် ဆင့်ခေါ်လိုက်ရာ အလုပ်သမားအများစု ပါဝင်လာသည်။ တချိန်တည်းမှာပင် တခြားမြို့ကြီးအချို့တွင်လည်း သပိတ်များပေါ်ပေါက်လာသည်။

ဆိုရှယ်လစ် တော်လှန်ရေးသမားများက ကရင်စကီက ကောင်စီတွင် ဝင့်ဝင့်ဝါဝါ မိန့်ခွန်း ပြောရင်း ခြိမ်းခြောက်လိုက်သည်မှာ မြေရှင်များ၏မြေယာများကို အခွင့်မရဘဲ လယ်သမားများ သိမ်းပိုက်ခြင်း အပါအဝင် တော်လှန်ရေးလှုပ်ရှားမှုအတွက် ကြိုးပမ်းမှုတိုင်းကို "သွေးထွက်သံယို" နှိပ်ကွပ်ပစ်မည်ဟူ၍ ဖြစ်သည်။

တန်ပြန်တော်လှန်ရေးသမား ဗိုလ်ချုပ်ကော်နီလော့ဗ်က "ကော်မတီနှင့် ဆိုဗီယက်များကို ဖျက်သိမ်းရမည်"ဟု တုံးတိ တောင်းဆိုလိုက်သည်။

ဘဏ်သူဌေးများ၊ ကုန်သည်ကြီးများနှင့် ထုတ်လုပ်သူများသည် ဌာနချုပ်ရှိ ဗိုလ်ချုပ်ကော်နီလော့ဗ်ထံ စုဝေးရောက်ရှိလာကာ ငွေနှင့် ၎င်းတို့၏ ထောက်ခံမှုကို အာမခံကြသည်။

"မဟာမိတ်" ဗြိတိန်နှင့် ပြင်သစ်မှ ကိုယ်စားလှယ်များသည် ဗိုလ်ချုပ်ကော်နီလော့ဗ်ဆီ ရောက်ရှိလာပြီး တော်လှန်ရေးကို နှိမ်နင်းပစ်ရန်အရေး မနှောင့်နှေးရန် တောင်းဆိုကြသည်။

ဗိုလ်ချုပ် ကော်နီလော့ဗ်၏ တော်လှန်ရေးဖိနှိပ်ရေး လုပ်ကြံမှုသည် ပုံပေါ်လာပေပြီ။

ကော်နီလော့ဗ်က သူ၏ပြင်ဆင်မှုကို ပြောင်ပင်လုပ်ဆောင်ခဲ့သည်။ လုပ်ကြံရေးသမားများက အာရုံလွှဲရန် အကြံဖြင့် ဘော်ရှီဗစ်များသည် တော်လှန်ရေး၏ ပထမ ခြောက်လပတ်နေ့ဖြစ်သော သြဂုတ် ၂၇ ရက်နေ့တွင် ပီထရိုဂရက်၌ လက်နက်ကိုင်ပုန်ကန်မှု လုပ်ဆောင်ရန် ပြင်ဆင်နေသည်ဟု ကောလာဟလ လွှင့်ထုတ်လိုက်သည်။ ကရင်စကီ ဦးဆောင်သည့် ယာယီအစိုးရသည် ဘော်ရှီဗစ်များကို ဒေါသတကြီးတိုက်ခိုက်ကာ၊ ပစ္စည်းမဲ့ပါတီကို ဆန့်ကျင်သည့် ဖိနှိပ်ရက်စက်မှုများကို တိုးတက်မြှင့်တင်လုပ်ဆောင်ခဲ့သည်။ တချိန်တည်းတွင် ဗိုလ်ချုပ်ကော်နီလော့ဗ်သည် ပီထရိုဂရက်၌ ဆိုဗီယက်များကို ဖျက်သိမ်းပစ်ပြီး စစ်အာဏာရှင်စနစ် ထူထောင်ရန် တပ်များ စုစည်းလိုက်သည်။

ကော်နီလော့ဗ်သည် သူ၏တန်ပြန်တော်လှန်ရေးလှုပ်ရှားမှုအတွက် ကရင်စကီနှင့် အကြိုသဘောတူညီချက် ရထားပြီးဖြစ်သည်။ သို့သော် ကော်နီလော့ဗ် လှုပ်ရှားမှုစတင်သည်နှင့်တပြိုင် နက် ကရင်စကီသည် မျက်နှာပြောင်တိုက်ကာ သူ့မဟာမိတ်နှင့် လမ်းခွဲလိုက်သည်။ ကရင်စကီက ကော်နီလော့ဗ် ဂိုဏ်းသားများကို အုံကြွဆန့်ကျင် ထကြွလာမည့် လူထုသည် ထိုဂိုဏ်းသားများကို ချေမှုန်းလိုက်မည်ဖြစ်ရုံမက တချိန်တည်းမှာ ကောနီလော့ဗ် အရေးအခင်းနှင့် အရှုပ်အရှင်းကင်းမထားပါက ကရင်စကီ ခေရှင်အစိုးရကို ဖယ်ရှားလိုက်မှာ စိုးရိမ်သောကြောင့်လည်း ဖြစ်သည်။

ဩဂုတ်လ ၂၅ ရက်တွင် ကော်နီလော့ဗ်က ဗိုလ်ချုပ်ခရိုင်မော့ဗ် (Krymov) ဦးစီးသည့် တတိယမြင်းတပ်ကို ပီထရိုဂရက်အား ဝိုင်းရန် အမိန့်ပေးလိုက်ပြီး "အဖနိုင်ငံကိုကာကွယ်ရန်" ရည်ရွယ်သည်ဟု ကြေညာခဲ့သည်။ ကော်နီလော့ဗ် ပုန်ကန်မှုအောက်တွင် ဘော်ရှီဗစ်ပါတီ ဗဟိုကော် မတီက အလုပ်သမားနှင့်စစ်သားများအား တန်ပြန်တော်လှန်ရေးကို ရင်ဆိုင်ရန် တက်ကြွသည့် လက်နက်ကိုင်ခုခံမှု ပြုလုပ်ရန်ဆင့်ခေါ်လိုက်သည်။ အလုပ်သမားများသည် အလျင်အမြန် လက်နက် တပ်ဆင်ပြီး ခုခံရန်ပြင်ဆင်ကြသည်။ တပ်နီတပ်ဖွဲ့များလည်း ဤရက်များအတွင်း အကြီးအကျယ်ကြီး ထွားလာသည်။ အလုပ်သမားသမဂ္ဂများက ၎င်းသမဂ္ဂဝင်များကို စည်းရုံးလှုံ့ဆော်ထားပြီးဖြစ်သည်။ ပီထရိုဂရက်ရှိ တော်လှန်သော စစ်ရေးတပ်ဖွဲ့များသည်လည်း တိုက်ပွဲဝင်ရန် အသင့်ပြင်ဆင်ထားကြ သည်။ ပီထရိုဂရက်ပတ်လည်၌ ကတုတ်ကျင်းများတူးထားပြီး သံဆူးကြိုးများနှင့် ဝိုင်းရံကာ၊ မြို့အဝင် မီးရထားလမ်းများကိုပါ ဖျက်ဆီးထားသည်။ ခရုန်းစတက်မှ ရေတပ်သား ထောင်ပေါင်းများစွာသည် မြို့တော်ကိုကာကွယ်ရန် ရောက်ရှိလာသည်။ ပီထရိုဂရက်သို့ ရှေးရှုလာနေသည့် "ရက်စက်စွာ ဖြိုခွဲရေးတပ်မများ"သို့ ကိုယ်စားလှယ်များစေလွှတ်ပြီး ထိုတပ်မများတွင်ပါဝင်နေသည့် ကော့ကေးရှ တောင်ပေါ်သားများအား ကိုယ်စားလှယ်များက ကော်နီလော့ဗ် လုပ်ဆောင်ချက်၏ ရည်ရွယ်ချက် ကိုရှင်းပြသည့်အခါ သူတို့က ရှေ့ဆက်တက်ရန် ငြင်းဆိုလာကြသည်။ လှုံ့ဆော်သူများကို အခြား ကော်နီလော့ဗ်တပ်ဖွဲ့များသို့လည်း စေလွှတ်ကြသည်။ အန္တရာယ်ရှိသည့်နေရာတိုင်း၌ ကော်နီလော့ဗ် ကို တိုက်ခိုက်ရန်အတွက် တော်လှန်ရေးကော်မတီနှင့် ဌာနချုပ်များ ထူထောင်လိုက်ကြသည်။

ထိုရက်များအတွင်း သေလောက်အောင် ကြောက်ရွံ့နေသည့် ကရင်စကီ အပါအဝင် ဆိုရှယ် လစ်တော်လှန်ရေးသမားများနှင့် မင်ရှီဗစ်ခေါင်းဆောင်များသည် ဘော်ရှီဗစ်များအား ကာကွယ်ရေး ဘက်သို့ လှည့်လာကြသည်။ အဘယ်ကြောင့်ဆိုသော် ဘော်ရှီဗစ်များသာလျှင် ကော်နီလော့ဗ်ကို ဖယ်ရှားနိုင်သည့် တခုတည်းသော မြို့တော်၏ ထိရောက်သည့် အင်အားစုဖြစ်ကြောင်း သိရှိသော ကြောင့်ဖြစ်သည်။

ကော်နီလော့ဗ်ပုန်ကန်မှုကို ချေမှုန်းရန် လူထုကို စည်းရုံးလှုံ့ဆော်နေစဉ် ဘော်ရှီဗစ်များသည် ကရင်စကီအစိုးရကို ဆန့်ကျင်သည့် ၎င်းတို့၏တိုက်ပွဲကို ရပ်တန့်ထားခြင်းမရှိချေ။ ကရင်စကီအစိုးရ၊ မင်ရှီဗစ်နှင့် ဆိုရှယ်လစ်တော်လှန်ရေးသမားများအား လူထုရှေ့၌ ဖွင့်ချပြီး ၎င်းတို့၏ ပေါ်လစီတခု လုံးမှာ ကော်နီလော့ဗ် တန်ပြန်တော်လှန်ရေးလုပ်ကြံမှုကို ကူညီရန်သာဖြစ်ကြောင်း ထောက်ပြ လိုက်သည်။

ဤလုပ်ဆောင်ချက်များ၏ အကျိုးကြောင့် ကော်နီလော့ဗ် ပုန်ကန်မှုကို ချေမှုန်းပစ်လိုက်နိုင် သည်။ ဗိုလ်ချုပ်ခရိုင်မော့ဗ် ကိုယ့်ကိုကိုယ် သတ်သေသွားသည်။ ကော်နီလော့ဗ်နှင့် သူ၏ ကြံဖော် ကြံဖက်များ ဖြစ်ကြသော ဒင်နီကင်နှင့် လူကော်မ်စကီး (Lukomsky)တို့ အဖမ်းခံရသည်။ (သို့သော် မကြာမီ ကရင်စကီက လွှတ်ပစ်ခဲ့သည်။)

ကော်နီလော့ဗ်ပုန်ကန်မှု ရှုံးနိမ့်သွားခြင်းက တော်လှန်ရေးနှင့် တန်ပြန်တော်လှန်ရေးတို့၏ အင်အားနှိုင်းယှဉ်ချက် အချိုးအစားကို တမုဟုတ်ချင်း ဖော်ပြလိုက်သည်။ ဤသည်က ဗိုလ် ချုပ်ကြီးများနှင့် ဖွဲ့စည်းအုပ်ချုပ်ပုံ ဒီမိုကရက်ပါတီမှအစ ခေရှင်များနှင့် ငြိတွယ်လာသည့် မင်ရှီဗစ်နှင့် ဆိုရှယ်လစ်တော်လှန်ရေးသမားများအထိ တန်ပြန်တော်လှန်ရေး အုပ်စုတခုလုံး ရှုံးနိမ့်တော့မည်ဖြစ် ကြောင်းပြသလိုက်သည်။ စစ်ပွဲ၏ သည်းညည်း မခံနိုင်ဖွယ်ဒုက္ခများ ရှည်ကြာစေသော ပေါ်လစီ

ကြောင့်လည်း ကောင်း၊ ရေရှည်စစ်ပွဲကြောင့် စီးပွားရေး ကမောက်ကမဖြစ်မှုများကြောင့်လည်းကောင်း၊ လူထုအကြားရှိ မင်ရှီဗစ်နှင့် ဆိုရှယ်လစ်တော်လှန်ရေးသမားများ၏ သြဇာမှာလုံးဝ ကျဆင်းသွားပေပြီ။

ကော်နီလော့ဗ်ပုန်ကန်မှု ရှုံးနိမ့်သွားခြင်းက ဘော်ရှီဗစ်ပါတီသည် တော်လှန်ရေး၏ ပြတ်သားသော အင်အားစုတရပ်အဖြစ် ကြီးထွားလာပြီဖြစ်ကြောင်းနှင့် မည်သည့် တန်ပြန်တော်လှန်ရေး ကြိုးပမ်းမှုကိုမဆို ချေမှုန်းနိုင်ကြောင်း ဆက်လက်ပြသလိုက်သည်။ ကျွန်တော်တို့ ပါတီသည် အုပ်စိုးသည့် ပါတီမဖြစ်သေးသော်လည်း ကော်နီလော့ဗ်ပုန်ကန်မှုရက်များအတွင်း တကယ့်အုပ်စိုးသည့်ပါတီတရပ်ကဲ့သို့ လုပ်ဆောင်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ၎င်း၏ညွှန်ကြားချက် များကို အလုပ်သမားနှင့် စစ်သားများက တွေဝေယိမ်းယိုင်ခြင်းမရှိ လိုက်နာလုပ်ဆောင်ခဲ့ကြ သောကြောင့်ဖြစ်သည်။

နောက်ဆုံး ကော်နီလော့ဗ် ပုန်ကန်မှု ရှုံးနိမ့်သွားခြင်းက မလှုပ်မရှားသေနေဟန်ရှိသော ဆိုဗီယက်များသည် တကယ်စင်စစ်ကြီးမားလှသော ငုပ်လျှိုးနေသည့် တော်လှန်သည့် ခုခံရေးအင် အားများ ရှိကြောင်း ပြသလိုက်သည်။ ကော်နီလော့ဗ်တပ်များကို တားဆီးပြီး ၎င်းတို့ အင်အားကို ဖြိုခွဲလိုက်သူများမှာ ဆိုဗီယက်များနှင့် ၎င်းတို့၏ တော်လှန်သော ကော်မတီများဖြစ်ကြောင်း သံသယရှိစရာမလိုပေ။

ကော်နီလော့ဗ် တိုက်ပွဲဆင်ရခြင်းက နွမ်းလျညှိုးငယ်နေသော အလုပ်သမား၊ စစ်သားကိုယ်စားလှယ်များ၏ ဆိုဗီယက်များကို အားသစ်အင်သစ်သွင်းပေးလိုက်ပါသည်။ ၎င်းတို့ကို စေ့စပ်ဖြန်ဖြေရေးပေါ်လစီအကြား ယိမ်းယိုင်နေမှုများမှ လွတ်ကင်းစေလိုက်ပါသည်။ ဤတိုက်ပွဲက သူတို့ကို တော်လှန်ရေးတိုက်ပွဲ လမ်းမပေါ် ဦးတည်ပေးလိုက်ပြီး ဘော်ရှီဗစ်ပါတီဘက်သို့ လှည့်ပြောင်းလာစေလိုက်ပါ သည်။

ဆိုဗီယက်များအတွင်း ဘော်ရှီဗစ်များ သြဇာပိုမိုခိုင်မာကြီးထွားလာသည်။

ကျေးလက်ဒေသများသို့လည်း ၎င်းတို့၏သြဇာ အလျင်အမြန် ပျံ့သွားသည်။

ကော်နီလော့ဗ်ပုန်ကန်မှုက ကျယ်ပြန့်လှသော လယ်သမားထုကြီးကို ရှင်းလင်းသိရှိစေလိုက်သည့်အချက်မှာ အကယ်၍သာ မြေရှင်နှင့် ဗိုလ်ချုပ်များက ဘော်ရှီဗစ်နှင့် ဆိုဗီယက်များကို ချေမှုန်းနိုင်လိုက်ပါက နောက်တဆင့်မှာ လယ်သမားများကို တိုက်ခိုက်ရန် ဖြစ်ပေသည်ဆိုသည့် အချက်ပင်ဖြစ်ပေသည်။ ထို့ကြောင့် ဆင်းရဲသားလယ်သမားထုမှာ ဘော်ရှီဗစ်များ ပတ်လည်တွင် ပိုမိုနီးကပ်စွာစတင် စည်းလုံးလာကြသည်။ ၁၉၁၇ ပြီမှ သြဂုတ်လ တော်လှန်ရေးကာလအတွင်းက ၎င်းတို့၏ တွေဝေယိမ်းယိုင်မှုများကြောင့် ဖြစ်ပေါ်တိုးတက်မှု နောက်ဆုတ်ခဲ့ရသည့် အလတ်တန်းစားလယ်သမားများသည် ကော်နီလော့ဗ် ပုန်ကန်မှုရှုံးနိမ့်သွားပြီးနောက် ပြတ်ပြတ်သားသား ဘော်ရှီဗစ်ပါတီသို့ လှည့်ပြောင်းလာပြီး ဆင်းရဲလယ်သမားများနှင့် ပူးပေါင်းလိုက်သည်။ ကျယ်ပြန့်လှသော လယ်သမားထုကြီးက ဘော်ရှီဗစ်ပါတီသာလျှင် သူတို့ကို စစ်ပွဲမှ ကယ်တင်နိုင်ကြောင်း၊ ဤပါတီကသာလျှင် မြေရှင်များကို ချေမှုန်းနိုင်ပြီး၊ မြေယာများကို လယ်သမားများသို့ ပေးဝေနိုင်ကြောင်း တဖြည်းဖြည်း နားလည်သဘောပေါက်လာသည်။ ၁၉၁၇ ခု စက်တင်ဘာနှင့် အောက်တိုဘာလအတွင်း လယ်သမားများ သိမ်းပိုက်သည့် မြေယာများ၊ အကြီးအကျယ်တိုးများလာသည်။ ခွင့်ပြုချက်မရဘဲ မြေရှင်၏မြေများကို ထွန်ယက်စိုက်ပျိုးခြင်းများ အကျယ်အပြန့်ဖြစ်လာသည်။ လယ်သမားများသည် တော်လှန်ရေးလမ်းပေါ်ရောက်ရှိလာပြီး၊ ချော့မြှူခြင်း သို့မဟုတ် အပြစ်ပေးခြင်းက ၎င်းတို့ကို တားဆီးနိုင်ခြင်း မပြုနိုင်တော့ပါ။

တော်လှန်ရေး ဒီရေမြင့်တက်လာပေပြီ။

ထိုအချိန်တွင် ဆိုဗီယက်များပြန်လည် လှုပ်ရှားလာသောကာလ၊ ၎င်းတို့ ဖွဲ့စည်းမှုတွင် အပြောင်းအလဲ ဖြစ်လာသောကာလ၊ ဘော်ရှီဗစ် ပီသလာသည့်ကာလ ဖြစ်ပေါ်လာသည်။ စက်ရုံများ၊ အလုပ်ရုံများနှင့် စစ်တပ်ဖွဲ့များတွင် ရွေးကောက်ပွဲ အသစ်များကျင်းပပြီး၊ မင်ရှီဗစ်နှင့် ဆိုရှယ်လစ်တော်လှန်ရေးသမားများနေရာတွင် ဘော်ရှီဗစ်ပါတီ ကိုယ်စားလှယ်များကို ဆိုဗီယက်များသို့ စေလွှတ်လိုက်ကြသည်။ ကော်နီလော့ဗ်အပေါ် အောင်ပွဲခံပြီး နောက်နေ့ ဩဂုတ် ၃၁ ရက်တွင် ပီထရိုဂရက်ဆိုဗီယက်က ဘော်ရှီဗစ်၏ ပေါ်လစီကို ထောက်ခံသဘောတူလိုက်သည်။ ချက်ဖ့် ဦးဆောင်သည့် ပီထရိုဂရက် ဆိုဗီယက်၏ မင်ရှီဗစ်နှင့် ဆိုရှယ်လစ်တော်လှန်ရေးသမားများ၏ သဘာပတိ အဖွဲ့ဟောင်းသည် နှုတ်ထွက်သွားပြီး၊ ဤနည်းဖြင့် ဘော်ရှီဗစ်များအတွက် လမ်းရှင်းသွားပေသည်။ စက်တင်ဘာ ၅ ရက်တွင် အလုပ်သမား ကိုယ်စားလှယ်များ၏ မော်စကို ဆိုဗီယက်သည် ဘော်ရှီဗစ်များဘက်သို့ ကူးပြောင်းသွားသည်။ မော်စကို ဆိုဗီယက်၏ ဆိုရှယ်လစ်တော်လှန်ရေးသမားများနှင့် မင်ရှီဗစ်များ၏ သဘာပတိအဖွဲ့လည်း နှုတ်ထွက်သွားပြီး ဘော်ရှီဗစ်များအတွက် လမ်းရှင်းပေးလိုက်သည်။

ဤသည်က အောင်မြင်သော ပုန်ကန်မှုအတွက် အဓိကအချက်အလက်များ ရင့်မှည့်နေပြီဖြစ်ကြောင်း ပြသလိုက်သည်။

"အာဏာအားလုံး ဆိုဗီယက်အပ်"ဆိုသည့် ကြွေးကြော်သံကို ပြန်လည်ဆွေးနွေးလာသည့် မူတရပ်ဖြစ်လာပြန်သည်။

သို့သော်မင်ရှီဗစ်နှင့် ဆိုရှယ်လစ် တော်လှန်ရေးသမားများ၏ ဆိုဗီယက်များသို့ အာဏာလွှဲပြောင်းရန် တောင်းဆိုသည့် ကြွေးကြော်သံဟောင်း မဟုတ်တော့ချေ။ ဤတချိတွင် ဤကြွေးကြော်သံမှာ ယာယီအစိုးရကို ပုန်ကန်ရန်အတွက် ဆိုဗီယက်များအား ဆင့်ခေါ်သည့် ကြွေးကြော်သံဖြစ်ပြီး ရည်ရွယ်ချက်မှာ တိုင်းပြည်ရှိ အာဏာအားလုံးကို ယခုအခါ ဘော်ရှီဗစ်များ ဦးဆောင် နေသည့် ဆိုဗီယက်များသို့ လွှဲပြောင်းပေးရန်ဖြစ်သည်။

စေ့စပ်ရေးပါတီများအကြား အပြိုပြိုအကွဲကွဲဖြစ်နေသည်။

တော်လှန်သည့် လယ်သမားများ၏ ဖိအားကြောင့် ဆိုရှယ်လစ်တော်လှန်ရေးပါတီအတွင်း "လက်ဝဲ" ဆိုရှယ်လစ် တော်လှန်ရေးသမားများဟုခေါ်သော လက်ဝဲဂိုဏ်းပေါ်လာပြီး ၎င်းတို့က ဓနရှင်များနှင့် စေ့စပ်မှုကို သဘောမတူညီကြောင်း ဖော်ပြလာကြသည်။

မင်ရှီဗစ်များအကြားမှာလည်း "နိုင်ငံတကာဝါဒီများ"ဟုခေါ်ဆိုသည့် "လက်ဝဲ"အုပ်စု ပေါ်ပေါက်လာပြီး ဘော်ရှီဗစ်များဘက်သို့ တိမ်းညွှတ်လာသည်။

မင်းမဲ့များမှာမူ အစပိုင်းတွင် မပြောစလောက်ဖြစ်သော်လည်း ယခုအခါအဖွဲ့ငယ်များ ကွဲသွားပြီး အချို့မှာ ရာဇဝတ်ကောင်များ၊ သူခိုးများ၊ သူလျှိုများစသည့် လူ့အဖွဲ့အစည်း၏ အမှိုက်သရိုက်များဖြစ်သွားကြကာ အချို့မှာယုံကြည်မှုအရ အဓမ္မသမားများဖြစ်လာကာ လယ်သမားနှင့် မြို့ငယ်၊ ရွာငယ်မှ လူများကို ခားပြတိုက်၊ အလုပ်သမားကလပ်များ၏ ပိုင်နက်များ၊ ရန်ပုံငွေများကို ယူငင် သုံးစွဲခြင်းများ ပြုလုပ်ကြသည်။ အချို့မှာမူ ပြောင်းပြန်ပင် တန်ပြန်တော်လှန်ရေးအဖွဲ့နှင့် ပူးပေါင်းပြီး၊ ဓနရှင်များ၏ အစေခံ၊ အခိုင်းခံများအဖြစ် ကျိုးနွံစွာ ဆောင်ရွက်နေကြသည်။ သူတို့သည် မည်သည့် အုပ်ချုပ်မှုကိုမဆို အထူးသဖြင့် အလုပ်သမား၊ လယ်သမားတို့၏ တော်လှန်သော အုပ်ချုပ်မှုကို ဆန့် ကျင်ကြသည်။

အဘယ်ကြောင့်ဆိုသော် တော်လှန်ရေးအစိုးရက ပြည်သူများကိုခါးပြတိုက်ရန်နှင့် အများပိုင်ပစ္စည်းများ ခိုးယူရန် သူတို့အားခွင့်ပြုလိမ့်မည်မဟုတ် ဆိုသည်ကို သူတို့သိရှိ နားလည် သောကြောင့်ဖြစ်သည်။

ကော်နီလော့ဗ်ဆုံးရှုံးပြီးနောက် မင်ရှီဗစ်နှင့်ဆိုရှယ်လစ် တော်လှန်ရေးသမားများသည် တော်လှန်ရေးဒီရေမြင့်လာမှုကို တားဆီးပိတ်ပင်ရန် ထပ်မံကြိုးစား အားထုတ်ကြပြန်သေးသည်။ ဤရည်ရွယ်ချက်ဖြင့် ၁၉၁၇ စက်တင်ဘာ ၁၂ ရက်တွင် သူတို့က ရုရှားပြည်လုံးဆိုင်ရာ ဒီမိုကရေစီကွန်ဖရင့်ကို ခေါ်ယူကျင်းပပြီး ဆိုရှယ်လစ်ဝါဒီများ၊ စေ့စပ်ရေးသမား ဆိုဗီယက်များ၊ အလုပ်သမားသမဂ္ဂများ၊ ဇမ်စ်တော့ဗ်၊ ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းများနှင့် စစ်တပ်ဖွဲ့များမှ ကိုယ်စားလှယ်များတက်ရောက်ကြသည်။ ကွန်ဖရင့်က ပါလီမန်အကြို (Pre- Parliament) ဟုခေါ်ဆိုသော သမ္မတနိုင်ငံ ယာယီကောင်စီကို ထူထောင်လိုက်သည်။ စေ့စပ်ရေးသမားများက ပါလီမန်အကြို၏ အကူအညီဖြင့် တော်လှန်ရေးကို ရပ်တန့်စေပြီး တိုင်းပြည်ကို ဆိုရှယ်လစ် တော်လှန်ရေးလမ်းကြောင်းမှ ခနရှင် ဖွဲ့စည်းအုပ်ချုပ်ပုံ စည်းမျဉ်းဖြစ်ပေါ်တိုးတက်မှု၊ ခနရှင်ပါလီမန်စနစ် လမ်းကြောင်းပြောင်း လဲလာရန် မျှော်လင့်ပေသည်။ သို့သော်ဤသည်မှာ တော်လှန်ရေးလှည်းဘီးကို နောက်လှည့်ရန် အချည်းအနှီးကြိုးစားသည့် နိုင်ငံရေးချွတ်ခြုံကျမှု တစိတ်တပိုင်းဖြစ်သည်။ ဤသည်မှာ အရှုံးကြီးရှုံးရန်ဖြစ်ပြီး တကယ်လည်း အရှုံးကြီးရှုံးသွားပါသည်။ အလုပ်သမားများက စေ့စပ်ရေး သမား များ၏ ပါလီမန်ဆိုင်ရာ ကြိုးစားမှုများကို သရော်လှောင်ပြောင်ကြပြီး ပါလီမန်အကြိုကို ရေချိုးခန်း အကြို (Pre-Bath house)လို့ ခေါ်ကြသည်။

ဘော်ရှီဗစ်ပါတီ ဗဟိုကော်မတီက ပါလီမန်အကြိုကို သပိတ်မှောက်ရန် ဆုံးဖြတ်လိုက်သည်။ ပါလီမန်အကြိုတွင်းက ဘော်ရှီဗစ်အုပ်စုတွင် ပါဝင်နေသော ကမေနက်ဗ်နှင့် တီရိုဒိုရိုဗစ်ချ် (Teodorovich)တို့လို လူမျိုးများက ယင်းပါလီမန် အကြိုထဲမှ မထွက်ခွာချင်သည်မှာ အမှန်ဖြစ်သော်လည်း ပါတီဗဟိုကော်မတီက သူတို့ကို ဤအတိုင်းလက်ခံစေခဲ့သည်။

ကမေနက်ဗ်နှင့် ဇီနိုဗစ်တို့သည် ပါလီမန်အကြိုတွင် ပါဝင်ဆောင်ရွက်ရေးကို ခေါင်းမာမာနှင့် တင်းခံနေပြီး ပါတီကိုပုန်ကန်မှုပြင်ဆင်ရေးများမှ လမ်းလွှဲသွားရန် ကြိုးပမ်းခဲ့သည်။ ရုရှားပြည် လုံးဆိုင်ရာ ဒီမိုကရေစီအဖွဲ့၏ ဘော်ရှီဗစ်အစုတွင် ရဲဘော်စတာလင်က မိန့်ခွန်းပြောရာတွင်၊ ပါလီမန် အကြိုတွင် ပါဝင်ဆောင်ရွက်ရေးကို ပြင်းထန်စွာဆန့်ကျင်လိုက်သည်။ သူက ပါလီမန်အကြိုကို “ကော်နီလော့ဗ်သားလျှောခြင်း”ဟု ခေါ်ဝေါ်လိုက်သည်။

လီနင်နှင့် စတာလင်က ပါလီမန်အကြိုတွင် ခေတ္တခဏပင်ဖြစ်စေ ပါဝင်ဆောင်ရွက်ခြင်းသည် ကြီးမားသည့်အမှားဟု ယူဆသည်။ အဘယ်ကြောင့်ဆိုသော် ဤသည်က လူထုအတွင်း ပါလီမန်အကြိုသည် လုပ်သားပြည်သူများအတွက် တကယ်ပင် တစုံတခု လုပ်ဆောင်ပေးနိုင်သည်ဟူသော အတုအယောင် မျှော်လင့်ချက်ပေါ်စေနိုင်သောကြောင့်ဖြစ်သည်။

တချိန်တည်းတွင် ဘော်ရှီဗစ်များက ဆိုဗီယက်များ ဒုတိယကွန်ဂရက် ခေါ်ယူကျင်းပနိုင်ရန် အပြင်းအထန်ပြင်ဆင်လာပြီး ၎င်းတို့အနေဖြင့် အများစုရရန် မျှော်လင့်ထားပေသည်။ ဘော်ရှီဗစ်ဆိုဗီယက်များ ဖိအားအောက်တွင် ရုရှားပြည်လုံးဆိုင်ရာ ဗဟိုအမှုဆောင်ကော်မတီတွင်းရှိ မင်ရှီဗစ်နှင့် ဆိုရှယ်လစ်တော်လှန်ရေးသမားများ၏ ကလိန်ဉာဏ်များကို ပမာမထားဘဲ၊ ရုရှားပြည်လုံးဆိုင်ရာ ဆိုဗီယက် များ၏ ဒုတိယကွန်ဂရက်ကို ၁၉၁၇ခု အောက်တိုဘာ ဒုတိယ လဝက်တွင် ခေါ်ဆိုလိုက်သည်။

**၆။ ပီထရိုဂရက်၌ အောက်တိုဘာပုန်ကန်မှုနှင့် ယာယီအစိုးရအား ဖမ်းဆီးခြင်း၊ ဆိုဗီယက်များ၏ ဒုတိယကွန်ဂရက်နှင့် ဆိုဗီယက်အစိုးရ ထူထောင်ခြင်း၊ ဆိုဗီယက်များ၏ ဒုတိယကွန်ဂရက်၏ ငြိမ်းချမ်းရေးနှင့် မြေယာအပေါ် အမိန့်ကြေညာစာများ၊ ဆိုရှယ်လစ်တော်လှန်ရေး၏ အောင်ပွဲ။ ဆိုရှယ်လစ်တော်လှန်ရေးအောင်ပွဲခံရခြင်း၏ အကြောင်းအရင်းများ။**

ဘော်ရှီဗစ်များသည် ပုန်ကန်မှုအတွက် အပြင်းအထန်စတင် ပြင်ဆင်လုပ်ဆောင်လာကြသည်။ လီနင်က မော်စကိုနှင့် ပီထရိုဂရက် မြို့တော်နှစ်ခုလုံးမှ အလုပ်သမား၊ စစ်သားကိုယ်စားလှယ်များ၏ ဆိုဗီယက်များတွင် အများစုရပြီးနောက် ဘော်ရှီ ဗစ်များသည် နိုင်ငံတော်အာဏာကို လက်ဝယ်ရယူနိုင်သည်။ ရယူသင့်သည်ဟု ကြေညာခဲ့သည်။ ဖြတ်သန်းခဲ့သည့်လမ်းကို ပြန်လည်စစ်ဆေးကြည့်ရှုရာတွင် လီနင်က “လူထုအများစုကြီးသည်” **“ကျွန်တော်တို့အတွက်”** ဖြစ်သည်ဆိုသည့်အချက်ကို အလေးတင်းခဲ့သည်။ ဗဟိုကော်မတီနှင့် ဘော်ရှီဗစ်အဖွဲ့အစည်းများသို့ ပို့ပေးသည့် သူ၏ ဆောင်းပါးများနှင့် စာများတွင် လီနင်က လက်နက်ကိုင်တပ်ဖွဲ့များ၊ ရေတပ်နှင့် တပ်နီတပ်ဖွဲ့များကို အဘယ်ကဲ့သို့ အသုံးပြုသင့်သည်၊ ပုန်ကန်မှုအောင်မြင်ရေးကို အာမခံနိုင်ရန် ပီထရိုဂရက်တွင် မည်သည့်အဓိက နေရာများကို သိမ်းပိုက်သင့်သည် စသည်ဖြင့် ပုန်ကန်မှုအတွက် အသေးစိတ် အစီအစဉ် စီမံကိန်းများကို ရေးဆွဲပေးခဲ့သည်။

အောက်တိုဘာ ၇ ရက်နေ့တွင် လီနင်သည် ဖင်လန်မှ ပီထရိုဂရက်သို့ လျှို့ဝှက်စွာ ဆိုက်ရောက်လာသည်။ ၁၉၁၇ ခု အောက်တိုဘာ ၁၀ ရက်တွင် ပါတီဗဟိုကော်မတီ၏ သမိုင်းဝင်အစည်းအဝေးတရပ်ကျင်းပခဲ့ပြီးနောက် ရက်အနည်းငယ်အတွင်း လက်နက်ကိုင်ပုန်ကန်မှု ဆင်နွှဲရန်ဆုံးဖြတ်ရန်ဖြစ်သည်။ လီနင်ရေးဆွဲသည့် ဗဟိုကော်မတီ၏ သမိုင်းတွင်သော ဆုံးဖြတ်ချက်၌ –

“ဗဟိုကော်မတီက ရုရှားတော်လှန်ရေး၏ နိုင်ငံတကာအနေအထား (ဥရောပတခွင်တွင် ကမ္ဘာ့ဆိုရှယ်လစ် တော်လှန်ရေးကြီးထွားမှု၏ ကြီးမားလှသည့် ဖော်ပြချက်တရပ်ဖြစ်သော ဂျာမနီရေတပ်အတွင်း ပုန်ကန်မှု)ကိုလည်းကောင်း၊ စစ်ရေးအခြေအနေ (ရုရှားဓနရှင်များနှင့် ကရင်စကီနဲ့ အပေါင်းအပါများ၏ ပီထရိုဂရက်ကို ဂျာမန်သို့ထိုးအပ်ရန် ယုံမှားဖွယ်မရှိသော ဆုံးဖြတ်ချက်) ကိုလည်း ကောင်း၊ ပစ္စည်းမဲ့ပါတီက ဆိုဗီယက်များတွင် အများစုရနေသည့်အချက်ကိုလည်းကောင်း၊ အသိ မှတ်ပြုပြီး၊ ဤအရာအားလုံးနှင့်အတူ လယ်သမားများ ပုန်ကန်လာမှုနှင့် ကျွန်တော်တို့ပါတီအပေါ် လူကြိုက်များလာမှု (မော်စကို ရွေးကောက်ပွဲများ) နှင့် နောက်ဆုံးဒုတိယ ကော်နီလော့ဗ် အရေးအခင်းအတွက် ပြောင်ပြင်ဆင်မှုများ (ပီထရိုဂရက်မှ တပ်များ ရုပ်သိမ်းသွားခြင်း၊ ပီထရိုဂရက်သို့ ကော့ဆက်များစေလွှတ်ခြင်း၊ မင့်န်စ်ကို ကော့ဆက်များနှင့် ဝိုင်းရံခြင်းစသဖြင့်) အားလုံးက လက်နက်ကိုင်ပုန်ကန်မှုကို ယနေ့လုပ်ငန်းစဉ် ဖြစ်လာစေပေသည်။

“ထို့ကြောင့် လက်နက်ကိုင်ပုန်ကန်မှုသည် မလွဲမရှောင်သာဖြစ်ပြီး ၎င်းအတွက် အချိန်ကလည်း အပြည့်အဝ ရင့်မှည့်နေပြီဟု ယူဆသောကြောင့် ဗဟိုကော်မတီက ပါတီအဖွဲ့အစည်းအားလုံးကို ဤအမြင်မှအစချီပြီး လက်တွေ့ပြဿနာအားလုံး (မြောက်ပိုင်းဒေသမှ ဆိုဗီယက်များ၏ ကွန်ဂရက်၊ ပီထရိုဂရက်မှတပ်များ ဆုတ်ခွာရေး၊ မော်စကိုနှင့် မင့်န်စ်ရှိ ကျွန်တော်တို့ လူထု၏လှုပ်ရှားမှု အစရှိ

သဖြင့်...) တို့ကို အခြေနေနဲ့ ကိုက်ညီစွာလမ်းညွှန်ပြီး ဆွေးနွေးဆုံးဖြတ်ရန် ညွှန်ကြားလိုက်သည်။"
**(လီနင် လက်ရွေးစင်ကျမ်း၊ အင်္ဂလိပ်ဘာသာ၊ မော်စကို ၁၉၄၇ ခု၊ အတွဲ၂၊ စာမျက်နှာ ၁၃၅)**

ဗဟိုကော်မတီဝင်နှစ်ဦးဖြစ်သူ ကဲမီနက်ဗ်နှင့် ဇီနိုဗစ်တို့သည် ဤသမိုင်းဝင်ဆုံးဖြတ်ချက်ကို ကန့်ကွက်စကားပြောပြီး ကန့်ကွက်မဲ ပေးခဲ့သည်။ သူတို့သည် မင်ရှီဗစ်များကဲ့သို့ပင် ဓနရှင်ပါလီမန် သမ္မတနိုင်ငံကို စိတ်ကူးယဉ်ခဲ့ပြီး အလုပ်သမားလူတန်းစားသည် ဆိုရှယ်လစ်တော်လှန်ရေး လုပ်ဆောင်ရန် အင်အားမရှိသေးကြောင်း၊ အာဏာရယူရန် မရင့်မှည့်သေး ကြောင်း ပြောဆိုပြီး အပုပ်ချခဲ့သည်။

ဤအစည်းအဝေးတွင် ထရော်စကီက ဆုံးဖြတ်ချက်ကို တိုက်ရိုက်ကန့်ကွက်မဲ မပေးခဲ့သော်လည်း ပုန်ကန်မှုအနေဖြင့် အခွင့်ကောင်းများဆုံးရှုံးပြီး အချည်းအနှီး ဖြစ်သွားစေရန် ပြင်ဆင်ချက် ထည့်ဖို့ကြိုးစားခဲ့သည်။ သူက ပုန်ကန်မှုကို ဆိုဗီယက်များ၏ ဒုတိယကွန်ဂရက်မတိုင်မီ စတင်သင့် ကြောင်း အဆိုပြုသည်။ ဤအဆိုသည် ပုန်ကန်မှုကို နှောင့်နှေးစေရန်၊ နေ့စွဲကို ဖော်ထုတ်လိုက်ရန်နှင့် ယာယီအစိုးရကို ကြိုတင်သတိပေးရန် ဆိုလိုပေသည်။

ဘော်ရှီဗစ်ပါတီ ဗဟိုကော်မတီက ဒိုနက်စ်ချိုင့်ဝှမ်း၊ ယူရဲလ်တောင်တန်း၊ ဟဲလ်ဆင်ဖိုး၊ ခရုန်းစတက်၊ အနောက်တောင် စစ်မျက်နှာနှင့် တခြားဒေသများသို့ ပုန်ကန်မှုကို စည်းရုံးလှုံ့ဆော်ရန် ကိုယ်စားလှယ် များ စေလွှတ်ခဲ့သည်။ ရဲဘော်ဗိုရိုရှီလော့ဗ် (Voroshilov) ၊ မိုလိုတော့ဗ် ၊ ဇာဇင်စကီး (Dzerzhinsky)၊ အိုဂျိုနစ်ကစ်ဇီ၊ ကီရော့ဗ် (Kirov)၊ ခါကာနိုဗစ်ချ် (Kaganovich)၊ ခီယူဘိုင်ရှက်ဗ် (Kuibyshev)၊ ဖရင့်စစ် (Frunze)၊ ယာရိုစလော့ဗ်စကီး (Yaroslovsky)နှင့် အခြားလူများ သည် ပြည်နယ်များမှ ပုန်ကန်မှုကို ညွှန်ကြားရန်ပါတီမှ အထူးတာဝန်ပေးခြင်းခံရသည်။ ရဲဘော်ဇာဒါနော့ဗ် (Zhadanov)သည် ယူရဲလ်တောင်တန်း ရှားဒရင့်ရှိ လက်နက်ကိုင်အင်အားစုများအကြား လုပ်ငန်းများ လုပ်ဆောင်ခဲ့သည်။ ရဲဘော်ရီဇော့ဗ် (Yezhov) သည် ဘိုင်လိုရုရှားရှိ အနောက်ဘက်စစ်မျက်နှာတွင် စစ်သားများပုန်ကန်မှုအတွက် ကြိုတင်ပြင်ဆင်ရေးကို လုပ်ဆောင်ခဲ့ပါသည်။ ဗဟို ကော်မတီ ကိုယ်စားလှယ်များက ပြည်နယ်များရှိ ဘော်ရှီဗစ်အဖွဲ့အစည်းများ၏ ခေါင်းဆောင်အဖွဲ့ဝင် များအား ပုန်ကန်မှုအစီစဉ်ကို အသိပေးပြောကြားပြီး ပီထရိုဂရက် ပုန်ကန်မှုကို ထောက်ခံရန် အဆင်သင့် ဖြစ်နေစေရေးအတွက် သူတို့ကို လှုံ့ဆော်စည်းရုံးထားသည်။

ပါတီဗဟိုကော်မတီ၏ ညွှန်ကြားချက်အရ ပီထရိုဂရက်ဆိုဗီယက်၏ "တော်လှန်သော စစ်ကော်မတီ"ကို တည်ထောင်လိုက်သည်။ ဤအဖွဲ့အစည်းသည် ပုန်ကန်မှု၏ တရားဝင်လည်ပတ် လှုပ်ရှားနေသော ဌာနချုပ်ဖြစ်လာခဲ့သည်။

တချိန်တည်းမှာပင် တန်ပြန်တော်လှန်ရေးသမားများကလည်း ၎င်းတို့အင်အားများကို အလျင်အမြန် စုစည်းနေကြသည်။ တပ်မတော်အရာရှိများက အရာရှိအဖွဲ့ချုပ်ဟုခေါ်ဆိုသော တန်ပြန် တော်လှန်ရေးအဖွဲ့အစည်းတရပ်ကို ဖွဲ့စည်းလိုက်သည်။ တန်ပြန်တော်လှန်ရေးသမားများ က နေရာတကာတွင် အကြမ်းဖက်တပ်များဖွဲ့စည်းရန် ဌာနချုပ်များဖွင့်လှစ်သည်။ အောက်တိုဘာလ ကုန်တွင် တန်ပြန်တော်လှန်ရေးသမားများသည် အကြမ်းဖက် တပ်မ ၄၃ ခုကို ဦးစီးလာနိုင်သည်။ စိန့်ဂျော့ လက်ဝါးကပ်တိုင်ညီနောင်များ အထူးတပ်ဖွဲ့ကိုလည်း ဖွဲ့စည်းထားသည်။

ကရင်စကီအစိုးရက ရုံးစိုက်ရာဒေသကို ပီထရိုဂရက်မှ မော်စကိုသို့ ပြောင်းရွှေ့ရန် စဉ်းစားလာသည်။ ဤသည်က သူတို့အနေဖြင့် မြို့တော်တွင် ပုန်ကန်မှုကို ကြိုတင်ဟန့်တားနိုင်ရန် အတွက်

ပီထရိုဂရက်မြို့အား ဂျာမန်များ လက်သို့ထိုးအပ်ရန် ပြင်ဆင်လာကြောင်းကို သိသာထင်ရှားစေလိုက်သည်။ ပီထရိုဂရက် အလုပ်သမားနှင့် စစ်သားများက ယာယီအစိုးရကို ပီထရိုဂရက်တွင် ဆက်လက်ရှိနေရန် ဖိအားပေးလိုက်သည်။

အောက်တိုဘာ ၁၆ ရက်နေ့တွင် ဗဟိုကော်မတီတိုးချဲ့ အစည်းအဝေးကို ခေါ်ယူကျင်းပခဲ့သည်။ ဤအစည်းအဝေးက ရဲဘော်စတာလင် ဦးစီးသည့် ပါတီဗဟိုကို ရွေးချယ်လိုက်ပြီး ပုန်ကန်မှုကို ညွှန်ကြားရန်ဖြစ်သည်။ ဤပါတီဗဟိုသည် ပီထရိုဂရက် ဆိုဗီယက်၏ တော်လှန်သော စစ်ကော်မတီ၏ ခေါင်းဆောင်ဗဟိုဖြစ်ပြီး ပုန်ကန်မှုတခုလုံးကို လက်တွေ့ညွှန်ကြားရန်လည်း ဖြစ်သည်။

ဗဟိုကော်မတီအစည်းအဝေးတွင် အလျှော့ပေးသမားများဖြစ်သော ဇီနိုဗစ်နှင့် ကမေနက်ဗ်တို့သည် ပုန်ကန်မှုကို ထပ်မံဆန့်ကျင်ကြပြန်သည်။ ၎င်းတို့အရေးနိမ့်သွားသောအခါ ပုန်ကန်မှုနှင့် ပါတီကို သတင်းစာများမှတဆင့် ပြောင်ဆန့်ကျင်လာကြသည်။ အောက်တိုဘာ ၁၈ ရက်နေ့တွင် မင်ရှီဗစ်သတင်းစာ "နာဗာရာဇင်း"တွင် ကမေနက်ဗ်နှင့် ဇီနိုဗစ်တို့က ကြေညာချက်တစောင် ထုတ်ပြန်ပြီး ဘော်ရှီဗစ်များ ပုန်ကန်မှုအတွက် ပြင်ဆင်နေကြောင်းနှင့် သူတို့က (ကမေနက်ဗ်နှင့် ဇီနိုဗစ်) ဤသည်ကို အရဲစွန့်ကစားခြင်းဟု သဘောထားကြောင်း ကြေညာလိုက်သည်။ ဤသို့ဖြင့် ကမေနက်ဗ်နှင့် ဇီနိုဗစ်တို့သည် ပုန်ကန်မှုနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်ကို ဖွင့်ချလိုက်ပြီး ပုန်ကန်မှု ကို မကြာမီရက် အနည်းငယ်အတွင်း ပြုလုပ်ရန် စီစဉ်ထားကြောင်းလည်း ဖော်ထုတ်ပြောလိုက်သည်။ ဤသည်မှာ သစ္စာဖောက်မှုပင် ဖြစ်တော့သည်။ ဤသည်နှင့် ဆက်စပ်ပြီး လီနင်က "ကမေနက်ဗ်နှင့် ဇီနိုဗစ်တို့သည် မိမိပါတီဗဟိုကော်မတီ၏ လက်နက်ကိုင်ပုန်ကန်မှု ဆုံးဖြတ်ချက်ကို ရိုဒ်ဇယင်ကို (Rodzyanko)နှင့် ကရင်စကီတို့ထံ သစ္စာဖောက်လိုက်သည်။"ဟု ရေးသားလိုက်သည်။ လီနင်က ဇီနိုဗစ်နှင့် ကမေနက်ဗ်တို့ကို ပါတီမှထုတ်ပစ်ရန် ပြသနာကို ဗဟိုကော်မတီသို့ တင်ပြလိုက်သည်။

သစ္စာဖောက်များ၏ ကြိုတင်သတင်းပေးမှုကြောင့် တော်လှန်ရေး၏ ရန်သူများသည် ချက်ချင်းပင် ပုန်ကန်မှုကို တားဆီးရန်နှင့် တော်လှန်ရေး၏ ညွှန်ကြားရာဌာနဖြစ်သော ဘော်ရှီဗစ် ပါတီကို ဖျက်ဆီးရန် စတင်ပြင်ဆင် လုပ်ဆောင်လာသည်။ ယာယီအစိုးရသည် လျှို့ဝှက်အစည်းအဝေး ခေါ်ယူကျင်းပပြီး ဘော်ရှီဗစ်များကိုရင်ဆိုင်ရန် နည်းနာများကို ဆုံးဖြတ်ခဲ့သည်။ အောက်တိုဘာ ၁၉ ရက်နေ့တွင် ယာယီအစိုးရသည် ရှေ့တန်းမှ တပ်ဖွဲ့များကို ပီထရိုဂရက်သို့ ကပျာကယာ ဆင့်ခေါ်လိုက် သည်။ လမ်းများကို အစောင့်များ ထူထပ်စွာ ချထားသည်။ တန်ပြန်တော်လှန်ရေးသမားများသည် အထူးသဖြင့် မော်စကိုတွင် အင်အားကြီးမားစွာ စုစည်းထားနိုင်ခဲ့သည်။ ယာယီအစိုးရက စီမံကိန်းတခု ရေးဆွဲခဲ့သည်။ ဆိုဗီယက်များ၏ ဒုတိယကွန်ဂရက် မတိုင်မီ ဘော်ရှီဗစ်ပါတီ ဗဟိုကော်မတီ၏ ဌာန ချုပ်ဖြစ်သော စမိုနီ (Smolny)ကို တိုက်ခိုက်သိမ်းပိုက်ရန်နှင့် ဘော်ရှီဗစ် ညွှန်ကြားရေးဗဟိုကို ဖျက်ဆီး ပစ်ရန်ဖြစ်သည်။ ဤရည်ရွယ်ချက်ဖြင့် အစိုးရက မိမိတို့အပေါ် အပြည့်အဝ သစ္စာရှိသည်ဟု ယုံကြည် ရသော ပီထရိုဂရက်တပ်များကို ဆင့်ခေါ်လိုက်သည်။

သို့သော် ယာယီအစိုးရ၏ နေ့ရက်များသာမက အချိန်နာရီပင်စေ့တော့မည်ဖြစ်သည်။ ဆိုရှယ်လစ်တော်လှန်ရေး၏ အောင်ပွဲချီတက်ရာလမ်းကြောင်းကို ယခုအခါ မည်သည့်အရာကမျှ တားဆီးနိုင်ခြင်း မရှိတော့ပါ။

အောက်တိုဘာ ၂၁ ရက်နေ့တွင် ဘော်ရှီဗစ်များသည် တော်လှန်သော တပ်ဖွဲ့အားလုံးသို့ တော်လှန်ရေးစစ်ကော်မတီမှ နိုင်ငံရေးမှူးများပို့ပေးခဲ့သည်။ ပုန်ကန်မှုမတိုင်မီရက်များအတွင်း တပ်ဖွဲ့များနှင့် စက်ရုံ၊ အလုပ်ရုံများတွင် အလွန်တက်ကြွစွာလှုပ်ရှားမှုအတွက် ပြင်ဆင်ခဲ့ကြသည်။ စစ်သင်္ဘောများဖြစ်သော အော်ရိုရာ (Aurora)နှင့် ဇာရာစဗိုဘော်ဒီ (Zarya Svobody)တို့သို့ တိကျသောညွှန်ကြားချက်များ ထုတ်ပြန်ခဲ့သည်။

ပီထရိုဂရက် ဆိုဗီယက်အစည်းအဝေးတွင် ထရော့စကီသည် လေလုံးထွားရင်း ဘော်ရှီဗစ်များ လက်နက်ကိုင်ပုန်ကန်မှုစတင်မည့်ရက်ကို ရန်သူကို ဖွင့်ပြောလိုက်သည်။ ကရင်စကီအစိုးရက ပုန်ကန်မှုကို မဖျက်ဆီးနိုင်စေရန်အတွက် ပါတီဗဟိုကော်မတီသည် သတ်မှတ်ထားသော အချိန်မတိုင်မီ စတင်လုပ်ဆောင်ရန်နှင့် ဒုတိယဆိုဗီယက်များ၏ ကွန်ဂရက်ဖွင့်ပွဲ မတိုင်မီ ၁ ရက် အလိုတွင် သတ်မှတ်ရန် ဆုံးဖြတ်လိုက်သည်။

ကရင်စကီသည် အောက်တိုဘာ ၂၄ (နိုဝင်ဘာ ၆) ရက်နေ့ လင်းအားကြီးအချိန်တွင် တိုက်ခိုက်မှုကို စတင်လိုက်ပြီး ဘော်ရှီဗစ်ပါတီ၏ အာဘော် (လုပ်သားများလမ်းစဉ်) ကို ဖိနှိပ်ရန် ညွှန်ကြား ကာ အယ်ဒီတာအဖွဲ့၏ ပရဝုဏ်အတွင်းနှင့် ဘော်ရှီဗစ်များ၏ ပုံနှိပ်စက်နေရာများသို့ သံချပ်ကာ ကားများကို စေလွှတ်လိုက်သည်။ နံနက် ၁၀ နာရီတွင် ရဲဘော်စတာလင်၏ ညွှန်ကြားချက်အရ တပ်နီများနှင့် တော်လှန်သည့် စစ်သားများသည် သံချပ်ကားများကို တွန်းလှန်ပစ်ပြီး ပုံနှိပ်တိုက် နှင့် အယ်ဒီတာရုံးခန်းများကို အစောင့်အင်အားတိုးချဲ့ ကာကွယ်ထားလိုက်သည်။ နံနက် ၁၁ နာရီတွင် "လုပ်သားများလမ်းစဉ်" သတင်းစာသည် ယာယီအစိုးရအား ဖြုတ်ချရန်ဆင့်ခေါ်သံဖြင့် ထွက်လာပါ သည်။ တချိန်တည်းမှာပင် ပုန်ကန်မှု၏ ပါတီဗဟိုညွှန်ကြားမှုဖြင့် တော်လှန်သည့် စစ်သားများ၊ တပ်ဖွဲ့ များနှင့် တပ်နီတော်များသည် စမိုနီသို့ အပြင်းချီတက်ခဲ့သည်။

ပုန်ကန်မှု စတင်ခဲ့ပေပြီ။

အောက်တိုဘာ ၂၄ ရက်ညတွင် စမိုနီသို့ လီနင်ရောက်ရှိလာပြီး ပုန်ကန်မှုကို ကိုယ်တိုင်ကိုယ်ကျ ညွှန်ကြားလာသည်။ ထိုညတညလုံး စစ်တပ်၏ တော်လှန်ရေးတပ်ဖွဲ့များ၏ တပ်နီတော်တပ်ဖွဲ့များ စမိုနီသို့ တဖွဲဖွဲရောက်ရှိလာပါသည်။ ဘော်ရှီဗစ်များက ၎င်းတို့ကို မြို့တော်ဗဟိုသို့ စေလွှတ်ပြီး ယာယီအစိုးရ ကြံ့ကြံ့ခိုင်ခုခံနေသည့် ဆောင်းရာသီနန်းတော်သို့ အဝိုင်းခိုင်းလိုက်ပါသည်။

အောက်တိုဘာ ၂၅ (နိုဝင်ဘာ ၇)ရက် တပ်နီများနှင့် တော်လှန်ရေးတပ်ဖွဲ့များသည် ဘူတာရုံများ၊ စာတိုက်ကြီး၊ ကြေးနန်းရုံး၊ ဝန်ကြီးရုံးများနှင့် နိုင်ငံတော်ဘဏ်ကို သိမ်းပိုက်လိုက်ကြသည်။

အကြိုပါလီမန် ပျက်သုဉ်းသွားပေပြီ။

ပီထရိုဂရက်ဆိုဗီယက်နှင့် ဘော်ရှီဗစ်ဗဟိုကော်မတီ၏ဌာနချုပ် စမိုနီသည် တော်လှန်ရေး၏ ဌာနချုပ်ဖြစ်လာပြီး ၎င်းမှ တိုက်ခိုက်ရေး အမိန့်များအားလုံး ပေါ်ထွက်လာသည်။

ထိုရက်များအတွင်း ပီထရိုဂရက် အလုပ်သမားများသည် ဘော်ရှီဗစ်ပါတီ၏ ခေါင်းဆောင်မှု အောက်တွင် သူတို့ရရှိခဲ့သည့်သင်ကြားချက်များ မည်မျှအဖိုးတန်ကောင်းမွန်ကြောင်း ပြသလိုက်သည်။ ပုန်ကန်မှုအတွက် ဘော်ရှီဗစ်များက ပြင်ဆင်လုပ်ဆောင်ထားသည့် စစ်တပ်၏ တော်လှန်ရေးတပ်ဖွဲ့ များသည် တိုက်ခိုက်ရေးအမိန့်များကို အတိအကျဆောင်ရွက်ကြပြီး တပ်နီတော်နှင့်အတူ ဘေးချင်း ယှဉ်တွဲ တိုက်ပွဲဝင်ခဲ့ကြသည်။ ရေတပ်သည် ကုန်းတပ်နောက်တွင် ကျန်မနေခဲ့ချေ။ ခရုန်းစတက်မှာ

ဘော်ရှီဗစ်ပါတီ၏ အမာခံဒေသဖြစ်ပြီး ကြာရှည်ကြာများကပင် ယာယီအစိုးရ၏ အုပ်ချုပ်မှုကို အသိအမှတ်ပြုရန် ငြင်းဆန်ခဲ့သည်။ စစ်သင်္ဘော အော်ရိုရာမှ အမြောက်များသည် ဆောင်းရာသီနန်းတော်ကို ချိန်ထားပြီး အောက်တိုဘာ ၂၅ ရက်နေ့တွင် ၎င်း၏အမြောက်သံသည် ကြီးမြတ်သော ဆိုရှယ်လစ်တော်လှန်ရေးခေတ်၊ ခေတ်သစ်တရပ်ကို သယ်ဆောင်လာပါသည်။

အောက်တိုဘာ ၂၅ (နိုဝင်ဘာ ၇)ရက်နေ့တွင် ဘော်ရှီဗစ်များသည် "ရုရှား ပြည်သူပြည်သားများသို့"ဆိုသည့် ကြေညာစာတမ်းတစောင် ထုတ်ဝေပြီး ခနရှင်ယာယီအစိုးရကို ဖြုတ်ချလိုက်ပြီဖြစ်ကြောင်းနှင့် နိုင်ငံတော်အာဏာသည် ဆိုဗီယက်များလက်ထဲ ရောက်ရှိသွားပြီဖြစ်ကြောင်း ကြေညာလိုက်သည်။

ယာယီအစိုးရသည် ကဒက်များနှင့် အကြမ်းဖက်တပ်မများ အကာအကွယ်ဖြင့် ဆောင်းရာသီနန်းတော်တွင် ခိုလုံနေသည်။ အောက်တိုဘာ ၂၅ ရက်ညတွင် တော်လှန်သည့် အလုပ်သမားများ၊ စစ်သားများနှင့် ရေတပ်သားများသည် ဆောင်းရာသီနန်းတော်ကို မုန်တိုင်းဆင် တိုက်ခိုက်ပြီး၊ ယာယီအစိုးရကို ဖမ်းဆီးလိုက်သည်။

ပီထရိုဂရက်ရှိ လက်နက်ကိုင်ပုန်ကန်မှု အောင်ပွဲခံလိုက်ပေပြီ။

ပီထရိုဂရက် လက်နက်ကိုင်ပုန်ကန်မှု အပြည့်အ၀ အောင်ပွဲခံပြီး မြို့တော်ရှိ အာဏာများ ပီထရိုဂရက် ဆိုဗီယက်လက်ထဲ အစစ်အမှန် ရရှိသွားချိန်၊ ၁၉၁၇ ခု အောက်တိုဘာ ၂၅ (နိုဝင်ဘာ ၇) ရက်၊ ည–၁၀း၄၅ စမိုနီ၌ ရုရှားပြည်လုံးဆိုင်ရာ ဒုတိယဆိုဗီယက်များ၏ ကွန်ဂရက်ကို ဖွင့်လှစ်လိုက်သည်။

ဘော်ရှီဗစ်များသည် ကွန်ဂရက်တွင် အများစုလွှမ်းမိုးထားသည်။ မိမိတို့နေ့ရက်များ ကုန် ဆုံးပြီကို မြင်တွေ့ကြပြီဖြစ်သော မင်ရှီဗစ်များ၊ ဘန်း၀ါဒီများနှင့် လက်ယာ ဆိုရှယ်လစ်တော်လှန် ရေးသမားများသည် ဝင်ရောက်ပါ၀င်ရန် ငြင်းဆိုပြီး ကွန်ဂရက်မှ ထွက်ခွာသွားကြသည်။ ဆိုဗီယက် များ၏ ကွန်ဂရက်၌ ဖတ်ပြသော ကြေညာချက်၌ သူတို့က အောက်တိုဘာတော်လှန်ရေးကို "စစ်ရေးလုပ်ကြံမှု"ဟု ဖော်ပြသည်။ ကွန်ဂရက်က မင်ရှီဗစ်နှင့် ဆိုရှယ်လစ် တော်လှန်ရေးသမားများကို ရှုတ်ချ လိုက်ပြီး ၎င်းတို့ထွက်ခွာသွားမှုကို ဝမ်းနည်းရန်ဝေးစွ၊ ကြိုဆိုပင် ကြိုဆိုလိုက်ကြသည်။ ကွန်ဂရက်မှ သစ္စာဖောက်များ ထွက်ခွာသွားမှုကြောင့် ကွန်ဂရက်သည် အလုပ်သမားနှင့် စစ်သားကိုယ်စားလှယ်များ၏ စစ်မှန်သည့် တော်လှန်သောကွန်ဂရက် ဖြစ်လာရသည်ဟု ကြေညာလိုက်သည်။

ကွန်ဂရက်က အာဏာအားလုံး ဆိုဗီယက်များလက်သို့ ရောက်ရှိလာပြီဖြစ်ကြောင်း ကြေညာလိုက်သည်။

"အလုပ်သမား၊ စစ်သားနှင့် လယ်သမားအများတကာ့အများစုကြီး၏ စိတ်ဆန္ဒအရ ထောက်ခံမှုကြောင့်လည်းကောင်း၊ ပီထရိုဂရက်၌ ဖြစ်ပေါ်ခဲ့သော အလုပ်သမားများနှင့် အစောင့်တပ်များ၏ အောင်မြင်သော ပုန်ကန်မှုကို ထောက်ခံမှုကြောင့်လည်းကောင်း၊ ကွန်ဂရက်သည် အာဏာကို ဆုပ်ကိုင်ထားလိုက်ပေပြီ။"ဟု ဆိုဗီယက်များ၏ ဒုတိယကွန်ဂရက်က ကြေညာလိုက်သည်။

အောက်တိုဘာ ၂၆ (နိုဝင်ဘာ ၈) ရက်၌ ဆိုဗီယက်များ၏ ဒုတိယကွန်ဂရက်က "ငြိမ်းချမ်းရေးအမိန့် ကြေညာချက်" ကို လက်ခံအတည်ပြုလိုက်သည်။ ကွန်ဂရက်က စစ်ဖြစ်နေသော နိုင်ငံများသို့ ငြိမ်းချမ်းရေးအတွက် စေ့စပ်ဆွေးနွေးရန် ချက်ချင်းပင် အပစ်အခတ်ရပ် စစ်ပြေငြိမ်းရေးကို ၃ လ

ထက်မနည်း ပြုလုပ်ရန် ကြေညာလိုက်သည်။ တချိန်တည်းမှာပင် ကွန်ဂရက်က စစ်ဖြစ်နေသော နိုင်ငံအားလုံးမှ အစိုးရများနှင့် ပြည်သူများကို မိန့်ခွန်းပြောကြားရာတွင် "လူ့သမိုင်းတွင် ရှေ့တန်း အရောက်ဆုံးနှင့် လက်ရှိစစ်ပွဲတွင် ပါဝင်နေသည့် အကြီးဆုံး ၃ နိုင်ငံဖြစ်သော ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီရှိ လူတန်းစားအသိရှိကြသော အလုပ်သမားများ"ကို မေတ္တာရပ်ခံလိုက်သည်။ ဤအလုပ် သမားများကို "ငြိမ်းချမ်းရေးအရေးတော်ပုံ အောင်မြင်စွာအဆုံးသတ်စေရန်နှင့် တချိန်တည်းတွင် ပြည်သူလူထုကြီးထဲမှ ဆင်းရဲပင်ပန်းလှသည့် အဖိနှိပ်ခံပြည်သူများ၊ ကျေးကျွန်သဏ္ဍာန်အားလုံးနှင့် သွေးစုပ်မှုသဏ္ဍာန်အားလုံးမှ လွတ်မြောက်စေရေး၊ အရေးတော်ပုံ အောင်မြင်စွာ အဆုံးသတ်စေရန်" ကူညီဖို့ တောင်းဆိုလိုက်သည်။

ထိုညမှာပင် ဆိုဗီယက်များ၏ ဒုတိယကွန်ဂရက်သည် "မြေယာအမိန့်ကြေညာချက်"ကို လက်ခံလိုက်ပြီး "မြေရှင်များ၏ မြေယာပိုင်ဆိုင်မှုစနစ်ကို လျော်ကြေးမပေးဘဲ ချက်ချင်းဖျက်သိမ်းလိုက် သည်"ဟု ကြေညာလိုက်သည်။ ဤမြေယာဥပဒေအတွက် လက်ခံလိုက်ရသည့် အခြေခံမှာ လယ် သမားထုက ကိုယ်စားလှယ်များအား လွှဲပေးလိုက်သော လုပ်ပိုင်ခွင့်အရဖြစ်ပြီး ဒေသအသီးသီးမှ လယ်သမားကိုယ်စားလှယ် ၂၄၂ ဦးက ဦးဆောင်တင်ပြချက် အရဖြစ်သည်။ ဤအမိန့်အရ မြေယာ တဦးချင်းပိုင်ဆိုင်မှုစနစ်သည် အမြဲထာဝရ ဖျက်သိမ်းခြင်းခံလိုက်ရပြီး၊ မြေယာအများပိုင် သို့မဟုတ် နိုင်ငံတော်ပိုင်နှင့် အစားထိုးလိုက်သည်။ မြေရှင်များ၊ ဇာဘုရင်မိသားစုနှင့် ဘုန်းတော်ကြီး ကျောင်းများ၏ မြေယာအားလုံးကို ဆင်းရဲသားများ လွတ်လပ်စွာ အသုံးပြုရန် လွှဲပြောင်းပေးရမည် ဖြစ်သည်။

ဤအမိန့်အရ လယ်သမားထုသည် အောက်တိုဘာတော်လှန်ရေးမှ ယခင်မြေရှင်၊ ခနရှင်၊ ဇာ မိသားစုနှင့် ဘုန်းတော်ကြီးကျောင်းများ ပိုင်ဆိုင်ခဲ့ကြသော မြေကေသန်း ၄၀၀ ကို ရရှိလိုက်ပေသည်။

ထို့အပြင် လယ်သမားများက မြေရှင်များသို့ နှစ်စဉ်ဆောင်ရသော အခွန်ငွေ ရူဘယ် သန်း ၅၀၀ မှလည်း လွတ်ငြိမ်းခွင့်ရရှိလိုက်သည်။

ဓာတ်သတ္တုပစ္စည်းများ (ရေနံ၊ ကျောက်မီးသွေး၊ သတ္တု စသဖြင့်) သစ်တောများနှင့် ရေများ အားလုံး ပြည်သူပိုင်ဖြစ်လာခဲ့သည်။

နောက်ဆုံးတွင် ရုရှားပြည်လုံးဆိုင်ရာ ဆိုဗီယက်များ၏ ဒုတိယကွန်ဂရက်က ဘော်ရှီဗစ်များ ချည်း ပါဝင်သော ပြည်သူ့နိုင်ငံရေးမှူးများ၏ကောင်စီ ပထမဆုံးသော ဆိုဗီယက်အစိုးရကို ဖွဲ့စည်း လိုက်သည်။ လီနင်သည် ပြည်သူ့နိုင်ငံရေးမှူးများ၏ ပထမကောင်စီတွင် ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရ သည်။

ဤတွင် သမိုင်းဝင် ဆိုဗီယက်များ၏ ဒုတိယကွန်ဂရက်၏ အားထုတ်လုပ်ဆောင်ချက်များ အပြီး သတ်သွားပါသည်။ ကွန်ဂရက် ကိုယ်စားလှယ်များသည် ပီထရိုဂရက်ရှိ ဆိုဗီယက်များ၏ အောင်ပွဲ သတင်းကို ဖြန့်ချိရန်နှင့် ဆိုဗီယက်အာဏာ တနိုင်ငံလုံးပြန့်သွားရေးကို အာမခံနိုင်ရန်အတွက် လူစု ခွဲလိုက်ကြသည်။ နေရာတိုင်းတွင် ဆိုဗီယက်များထံ အာဏာချက်ချင်း ရောက်ရှိလာခြင်းမရှိပါ။ ပီထရိုဂ ရက်၌ ဆိုဗီယက်အစိုးရ တည်ရှိလာပြီးသော်လည်း မော်စကို၌ လမ်းမများပေါ်တွင် ရက်တော်တော် များများ ဆက်လက်ပြင်းထန်သည့် တိုက်ပွဲများ ဖြစ်နေပါသည်။ မော်စကို ဆိုဗီယက်များထံသို့ အာဏာ ရောက်ရှိသွားမည့်အရေးကို တားဆီးရန်အတွက် တန်ပြန်တော်လှန်ရေးသမား မင်ရှီဗစ်နှင့် ဆိုရှယ်လစ်တော်လှန်ရေးသမားပါတီများသည် တပ်ဖြူများ၊ ကဒက်များနှင့် အတူ အလုပ်သမား၊

စစ်သားများကို လက်နက်ကိုင်တိုက်ပွဲ စတင်ဆင်နွှဲလာသည်။ မော်စကို၌ သူပုန်များကို နှိမ်နင်းရန်နှင့် ဆိုဗီယက်အာဏာ ထူထောင်ရန် ရက်ပေါင်းများစွာ ကြာမြင့်ခဲ့သည်။

ပီထရိုဂရက်မှာ ၎င်း၏ ခရိုင်အများအပြားတွင် တော်လှန်ရေးအောင်ပွဲခံပြီးစ ရက်များကပင် ဆိုဗီယက်အာဏာကို ဖြုတ်ချရန် တန်ပြန်တော်လှန်ရေး ကြိုးပမ်းမှုများ လုပ်ဆောင်လာခဲ့ကြသည်။ ၁၉၁၇ နိုဝင်ဘာ ၁၀ ရက်တွင် ပုန်ကန်မှုအတွင်း ပီထရိုဂရက်မှ နောက်ပိုင်းစစ်မျက်နှာသို့ ထွက်ပြေးသွားခဲ့သော ကရင်စကီသည် ကော့ဆက်တပ်အများအပြားစုရုံးပြီး ဗိုလ်ချုပ်ကာရာ့စ်နော့ဗ် (Karasnov) ကို အုပ်ချုပ်စေကာ ပီထရိုဂရက်ကို တိုက်ခိုက်ရန် စေလွှတ်ခဲ့သည်။ ၁၉၁၇ ခု နိုင်ဝင်ဘာ ၁၁ ရက်တွင် ဆိုရှယ်လစ်တော်လှန်ရေးသမားများ ဦးဆောင်သည့် "တော်လှန်ရေးနှင့် အဖနိုင်ငံ ကယ်တင်ရေးကော်မတီ"ဟု မိမိကိုယ်မိမိ ခေါ်ဆိုသည့် တန်ပြန်တော်လှန်ရေး အဖွဲ့အစည်းသည် ပီထရိုဂရက်၌ ကဒက်များ၏ ပုန်ကန်မှုကို ဖော်ထုတ်လိုက်သည်။ သို့သော် ထိုပုန်ကန်မှုကို အလွယ်တကူ နှိမ်နင်းပစ်လိုက်သည်။ ၁ ရက် အတွင်းမှာပင် နိုဝင်ဘာ ၁၁ ရက် ညနေပိုင်း၌ ရေတပ်သားနှင့် တပ်နီတပ်ဖွဲ့များက ကဒက်များ၏ ပုန်ကန်မှုကို နှိမ်နင်းပစ်လိုက်ပြီး နိုဝင်ဘာ ၁၃ ရက်နေ့တွင် ဘူရိုဗို တောင်တန်းများ အနီး၌ ဗိုလ်ချုပ်ကာရာစ့်နော့ဗ်ကို ချေမှုန်းလိုက်သည်။ လီနင်သည် အောက်တိုဘာပုန်ကန်မှုကို ကိုယ်တိုင်ကိုယ်ကျ ဦးစီးညွှန် ကြားခဲ့သကဲ့သို့ ဆိုဗီယက်ဆန့်ကျင်သည့် ပုန်ကန်မှုကို နှိမ်နင်းရာတွင်လည်း ကိုယ်တိုင်ကိုယ်ကျ ဦးစီးညွှန်ကြားခဲ့သည်။ သူ၏ အလျှော့အတင်းမလုပ်သော၊ တည်ကြည်မြဲမြန်မှုနှင့် အောင်ပွဲအပေါ်တည်ငြိမ်သော ယုံကြည်စိတ်ချမှုတို့က လူထုကို ပေါင်းစပ်စုစည်းပေးလိုက်သည်။ ရန်သူသည် ချေမှုန်းခြင်း ခံလိုက်ရသည်။ ကာရာ့စ်နော့ဗ်မှာ သုံ့ပန်းအဖြစ် အဖမ်းခံရပြီး "ဆိုဗီယက်အာဏာကို တိုက်ခိုက်ခြင်း မပြုတော့ပါ" ဟု "ကတိစကား"ပေးခဲ့သည်။ သူ့"ကတိစကား"ကြောင့် သူ့အား လွှတ်ပေးလိုက်သည်။ သို့သော် နောက်ပိုင်းကြားသိရသည်မှာ ဗိုလ်ချုပ်သည် သူ၏ကတိစကားကို ဖောက်ဖျက်ခဲ့သည်။ အမျိုးသမီးယောင်ဆောင်ထားသော ကရင်စကီသည် "မည်သည့် အရပ်မှာမှန်း မသိပျောက်ကွယ်"သွားခဲ့ပေသည်။

တပ်မတော်၏ ဌာနချုပ် မိုဂီလက်ဖ်တွင် ဦးစီးချုပ် ဗိုလ်ချုပ်ဒူခိုနင် (Dukhonin) သည်လည်း ပုန်ကန်မှုဖြစ်ပေါ်လာရန် ကြိုးစားခဲ့သေးသည်။ ဆိုဗီယက်အစိုးရက သူ့ကို ဂျာမန်စစ်တပ်နှင့် အပစ်အခတ်ရပ်စဲရေးအတွက် ချက်ချင်းစေ့စပ်ဆွေးနွေးပွဲ စတင်ရန် ညွှန်ကြားသောအခါ သူက ငြင်းဆိုခဲ့သည်။ ထိုအခါတွင် ဒူခိုနင်ကို ဆိုဗီယက်အစိုးရအမိန့်ဖြင့် ထုတ်ပယ်ပစ်လိုက်သည်။ တန်ပြန်တော်လှန်ရေး ဌာနချုပ် ဖျက်ဆီးချေမှုန်းခံလိုက်ရပြီး ဒူခိုနင်ကိုလည်း သူ့အား အာခံပုန်ကန်လာသည့် စစ်သားများက သတ်ပစ်လိုက်သည်။

ပါတီတွင်းနာမည်ပျက် အချောင်သမားအချို့ဖြစ်သော ကဲမီနက်ဗ်၊ ဇီနိုဗစ်၊ ရိုင်ကော့ဗ်၊ ရှာလ်ရပ်နီ ကော့ဗ် (Shlyapnikov)နှင့် အချို့သည်လည်း ဆိုဗီယက်အာဏာကို တိုက်ခိုက်ခဲ့ကြသေး သည်။ သူတို့က အောက်တိုဘာတော်လှန်ရေးက ဖြုတ်ချလိုက်သော မင်ရှီဗစ်နှင့် ဆိုရှယ်လစ်တော်လှန်ရေးသမားများပါဝင်သော "ဆိုရှယ်လစ်အားလုံးဆိုင်ရာအစိုးရ" (All-Socialist Government) ကိုတည်ထောင်ရန် တောင်းဆိုလိုက်သည်။ ၁၉၁၇၊ နိုဝင်ဘာ ၁၅ ရက်တွင် ဘော်ရှီဗစ်ပါတီ ဗဟိုကော်မတီက ဤတန်ပြန်တော်လှန်ရေးပါတီများနှင့် သဘောတူညီမှု ရရေးများကို ငြင်းဆန်သည့် ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ပြီး ကဲမီနက်ဗ်နှင့် ဇီနိုဗစ်တို့သည် တော်လှန်ရေး၏ သပိတ်ဖြိုခွဲသူများ (Strike

Breakers) ဖြစ်ကြောင်း ကြေညာလိုက်သည်။ နိုဝင်ဘာ ၁၇၊ ပါတီပေါ်လစီများနှင့် သဘောထားကွဲလွဲလာသည့် ကဲမီနက်ဗ်၊ ဇီနိုဗစ်၊ ရိုင်ကော့ဗ် နှင့် မီလီယူတင် (Milyutin)တို့သည် ဗဟိုကော်မတီမှ နှုတ်ထွက်ကြောင်း ကြေညာလိုက်သည်။ နိုဝင်ဘာ ၁၇ရက်နေ့ တနေ့တည်းမှာပင် နိုဂျင် သည် ရိုင်ကော့ဗ်၊ မီလီယူတင်၊ တီရိုဒိုရိုဗစ်ချ်၊ ရှာလ်ရပ်နီကော့ဗ်၊ ရိုင်ဇာနော့ဗ် (D.Ryazanov)၊ ယူရီနက်ဗ် (Yurenev) နှင့် လာရင် (Larin)စသည့် ပြည်သူ့နိုင်ငံရေးမှူးများ၏ ကောင်စီဝင်များသည် ပါတီဗဟိုကော်မတီ၏ ပေါ်လစီများနှင့် သဘောကွဲလွဲမှုများနှင့် ပြည်သူ့နိုင်ငံရေးမှူးများကောင်စီမှ နှုတ်ထွက်ကြောင်းကို ကြေညာခဲ့ကြသည်။ လက်တဆုပ်စာ သူရဲဘောကြောင်သူများ နှုတ်ထွက်သွားမှုကို အောက်တိုဘာတော်လှန်ရေး၏ ရန်သူများက ဝမ်းသာအားရ ဖြစ်ခဲ့ကြသည်။ ဓနရှင်နှင့် ၎င်း၏ သစ္စာရှိ နောက်လိုက်များက ဘော်ရှီဗစ်ဝါဒကျဆုံးခန်းနှင့် ဘော်ရှီဗစ်ပါတီ၏ စောစီးစွာ အဆုံးသတ်မှုကို ဝမ်းသားအားရ နိမိတ်ဖတ်ခဲ့ကြသည်။ သို့သော် ဤလက်တဆုပ်စာတို့၏ သစ္စာဖောက်မှုကြောင့် ပါတီသည် ခဏလေးမျှပင် တုန်လှုပ်ခြင်းမရှိခဲ့ပေ။ ပါတီ၏ ဗဟိုကော်မတီသည် သူတို့ကို တော်လှန်ရေးမှ ထွက်ပြေးသူများနှင့် ဓနရှင်များ၏ အပေါင်းပါများအဖြစ် ရှုံ့ရှာစွာသတ်မှတ်လိုက်ပြီး မိမိ လုပ်ငန်းကို ဆက်လက်လုပ်ဆောင်ခဲ့သည်။

"လက်ဝဲ"ဆိုရှယ်လစ် တော်လှန်ရေးသမားများနှင့် ပတ်သက်၍မူ ဘော်ရှီဗစ်များအပေါ်၊ မုချစာနာထောက်ခံသည့် လယ်သမားထုကြီးအပေါ် ၎င်းတို့၏ ဩဇာကို ထိန်းသိမ်းထားလိုသည့် ရည်ရွယ်ချက်ဖြင့် ဘော်ရှီဗစ်များနှင့် ရန်မဖြစ်ရန် ဆုံးဖြတ်ထားပြီး ထိုအချိန်အတွင်း တပ်ပေါင်းစု အနေ အထားကို ထိန်းသိမ်းထားသည်။ ၁၉၁၇၊ နိုဝင်ဘာတွင် ကျင်းပသည့် လယ်သမား ဆိုဗီယက် များ၏ ကွန်ဂရက်က အောက်တိုဘာဆိုရှယ်လစ်တော်လှန်ရေး၏ ရရှိချက်အားလုံးကို အသိမှတ်ပြုပြီး ဆိုဗီယက်အစိုးရ၏ အမိန့်များကို သဘောတူထောက်ခံလိုက်သည်။ "လက်ဝဲ"ဆိုရှယ်လစ် တော်လှန်ရေးသမားများနှင့် သဘောတူညီချက်ရရှိလိုက်ပြီး ထိုလူအတော်များများကို ပြည်သူ့ နိုင်ငံ ရေးမှူးများ၏ ကောင်စီတွင် ရာထူးများခန့်ထားပေးလိုက်သည်။ (ကိုလီဂါယက်ဗ် (Kolegayev)၊ စပိုင်ရီဒိုနိုဗာ (Spiridonova)၊ ပရော့ရှိယန် (Proshyan)နှင့် စတိန်းဘာ့ဂ် (Steinberg)သို့သော် ဤသဘောတူညီမှုသည် ဘရက်စ်–လစ်တော့ဗ်စ် (Brest- Litovsk) ငြိမ်းချမ်းရေး စာချုပ် ချုပ်ဆို သည့်အချိန်နှင့် ဆင်းရဲလယ်သမားကော်မတီဖွဲ့စည်းချိန်အထိသာလျှင် ခံခဲ့သည်။ ထို အချိန်တွင် လယ်သမားထုအကြားကွဲပြဲမှုနက်ရှိုင်းလာပြီး ကူးလတ်များ၏ အကျိုးစီးပွားကို ပို၍ပို၍ ရောင်ပြန် ဟပ်လာသည်။ "လက်ဝဲ"ဆိုရှယ်လစ်တော်လှန်ရေးသမားများသည် ဘော်ရှီဗစ်များအပေါ် ပုန်ကန်မှု စတင်ခဲ့ရာ ဆိုဗီယက်အာဏာက ချေမှုန်းပစ်လိုက်ရသည်။

၁၉၁၇ အောက်တိုဘာမှ ၁၉၁၈ ဖေဖော်ဝါရီ ကာလအတွင်း ဆိုဗီယက်တော်လှန်ရေးသည် တိုင်းပြည်၏ ကျယ်ပြန့်လှသော အဝန်းအဝိုင်းအတွင်း အလျင်အမြန်ပျံ့နှံ့သွားရာ လီနင်က ဆိုဗီယက်အာဏာ၏ "အောင်ပွဲခံချီတက်ပွဲ"ဟူ၍ပင် ရည်ညွှန်းပြောဆိုခဲ့သည်။

ကြီးမြတ်သည့် အောက်တိုဘာ ဆိုရှယ်လစ်တော်လှန်ရေးအောင်ပွဲခံခဲ့လေပြီ။

ရုရှားနိုင်ငံ၌ ဆိုရှယ်လစ်တော်လှန်ရေး ဤသို့နှိုင်းယှဉ်ချက်အရ အလွယ်တကူ အောင်ပွဲရရှိသည့် အကြောင်းအရင်း အများအပြားရှိပါသည်။ အောက်ပါ အဓိကအကြောင်းရင်းများမှာ မှတ်သားထိုက်ပါသည်။

၁။ အောက်တိုဘာတော်လှန်ရေးက ရင်ဆိုင်ရသည့်ရန်သူမှာ နိုင်းယှဉ်ချက်အရ အင်အားချည့်နဲ့ပြီး ဆိုးဝါးအားနည်းစွာ ဖွဲ့စည်းစည်းရုံးထားပြီး ရုရှားဓနရှင်များကဲ့သို့ပင် နိုင်ငံရေးအရ အတွေ့အကြုံမရှိသေးသောကြောင့် ဖြစ်သည်။ စီးပွားရေးအရ အားနည်းနေမြဲဖြစ်ကာ၊ အစိုးရကနိထရိုက်များအပေါ်တွင် အပြည့်အဝ မှီခိုနေရသည့် ရုရှားဓနရှင်များသည် နိုင်ငံရေးအရ မိမိကိုယ်မိမိ မှီခိုရပ်တည်နိုင်စွမ်း လုံလောက်မှုမရှိဘဲ အခြေအနေမှ ထွက်ပေါက်ရှာရန် လက်ဦးမှုလည်းမရှိချေ။ ၎င်းတို့သည် ပြင်သစ်ဓနရှင်များကဲ့သို့ နိုင်ငံရေးပူးပေါင်းမှုများနှင့် နိုင်ငံရေးလိမ်ညာမှုများ အကျယ်အပြန့်အတွေ့အကြုံလည်းမရှိ၊ အင်္ဂလိပ်ဓနရှင်များကဲ့သို့ ထင်ယောင်ထင်မှားဖွယ် ဉာဏ်များလှသော စေ့စပ်မှုအရာတွင် သင်ကြားထားခြင်းလည်း မရှိကြချေ။ ၎င်းတို့သည် မကြာမတင်ကပင် ဇာဘုရင်နှင့် နားလည်မှုရရှိလိုက်သော်လည်း ဇာဘုရင်ကို ယခုအခါမှာ ဖေဖော်ဝါရီတော်လှန်ရေးက ဖြုတ်ချလိုက်ပြီဖြစ် သည်။ ဓနရှင်များကိုယ်တိုင် အာဏာရလာသည့်အခါ ၎င်းတို့သည် အလွန်ရွံမုန်းခံရသော ဇာဘုရင် ၏ ပေါ်လစီများကို အဓိကအချက်များ အားလုံးတွင် ဆက်လက်လုပ်ဆောင်ရန်မှလွဲ၍ အခြား မည် သည့် ပိုမိုကောင်းမွန်သည့် လမ်းကိုမျှ မစဉ်းစားနိုင်ချေ။ စစ်ပွဲသည် နိုင်ငံတော်က တတ်နိုင်သည် ထက်လွန်နေပြီး ပြည်သူနှင့် တပ်မတော်ကို ချွတ်ခြုံကျနေစေသည့်တိုင် ဇာဘုရင်ကဲ့သို့ပင် ၎င်းတို့သည် “စစ်ပွဲကို အောင်ပွဲခံ အဆုံးသတ်ရေးသို့”ဆိုသည့်မှုကို ရပ်ခံကြသည်။ လယ်သမားထုသည် မြေမဲ့မှုနှင့် မြေရှင်တို့၏ ထမ်းပိုးဖိအားကြောင့် ဆင်းရဲချွတ်ခြုံကျနေသည့်တိုင် ဇာဘုရင်ကဲ့သို့ပင် မြေယာပိုင်ဆိုင် မှုကို ဆက်လက်ထိန်းသိမ်းရန် ရပ်တည်ကြသည်။ အလုပ်သမားပေါ်လစီနှင့် ပတ်သက်၍မူ အလုပ် သမားလူတန်းစားကို မုန်းတီးရာတွင် ရုရှားဓနရှင်များသည် ဇာဘုရင်ထက်ပင် ကျော်လွန်သွားခဲ့ပေ သည်။ အဘယ်ကြောင့် ဆိုသော် ၎င်းတို့သည် စက်ရုံပိုင်ရှင်များ၏ ထမ်းပိုးကို တောင့်တင်းခိုင်မာစေရန် ထိန်းသိမ်းပေးရုံမျှမက အပျံ့အနှံ့ဖြစ်နေသောအလုပ်ရှင်များ၏ တန်ပြန်သပိတ်များကို မခံမရပ်နိုင် တော့အောင် ပြုလုပ်ပေးလိုက်သည်။

ပြည်သူများအနေဖြင့် ဇာဘုရင်၏ ပေါ်လစီနှင့် ဓနရှင်တို့၏ ပေါ်လစီအကြား မည်သည့်အဓိက ခြားနားချက်မျှ မမြင်တွေ့ရဘဲ ၎င်းတို့၏ ဇာဘုရင်မုန်းတီးမှုကို ဓနရှင်ယာယီအစိုးရအပေါ် ပြောင်းလဲသွားမှုများသည် အံ့ဖွယ်မဟုတ်ချေ။

စေ့စပ်ရေးသမားများဖြစ်သည့် ဆိုရှယ်လစ်တော်လှန်ရေးသမားများနှင့် မင်ရှီဗစ်ပါတီများ၊ ပြည်သူများကြား တစုံတရာ သြဇာလွှမ်းမိုးထားနိုင်ပါက ဓနရှင်များသည် ၎င်းတို့ကို ကန့်လန့်ကာများအဖြစ် အသုံးပြုပြီး ၎င်းတို့အာဏာကို ဆက်လက် ထိန်းသိမ်းနိုင်ပေဦးမည်။ သို့သော် မင်ရှီဗစ်နှင့် ဆိုရှယ်လစ်တော်လှန်ရေးသမားများသည် နယ်ချဲ့ဓနရှင်များ၏ ကိုယ်စားလှယ်များအဖြစ် ပွင့်ကျသွားပြီးနောက် ပြည်သူများအကြား ၎င်းတို့သြဇာများကျဆင်းသွားကာ ယာယီအစိုးရအဖို့ ထောက်ခံသူ မရှိ ဖြစ်သွားပါသည်။

၂။ အောက်တိုဘာ တော်လှန်ရေးအား ဦးဆောင်ခဲ့သူမှာ ရုရှား အလုပ်သမားလူတန်းစားကဲ့သို့သော တော်လှန်သည့် လူတန်းစားတရပ်က ခေါင်းဆောင်ခဲ့ခြင်းဖြစ်ပြီး၊ တိုက်ပွဲအတွင်း သံခဲတင်ထားသော လူတန်းစားတရပ်ဖြစ်ကာ၊ ကာလတိုလေးအတွင်း တော်လှန်ရေးနှစ်ရပ်ကို ဖြတ်သန်းခဲ့ပြီး၊ တတိယတော်လှန်ရေး အကြိုကာလတွင် ငြိမ်းချမ်းရေး၊ မြေယာ၊ လွတ်မြောက်ရေးနှင့် ဆိုရှယ်လစ်စနစ်အတွက် တိုက်ပွဲတွင် ပြည်သူ၏ ခေါင်းဆောင်အဖြစ် အသိအမှတ်ပြုခံရသော လူတန်းစားလည်း

ဖြစ်သည်။ တော်လှန်ရေးတွင် ပြည်သူတို့၏ ယုံကြည်မှုကိုရရှိသော ရုရှား အလုပ်သမားလူတန်းစားကဲ့သို့သော ခေါင်းဆောင်မရှိခဲ့ပါက၊ အလုပ်သမားနှင့် လယ်သမားအကြား မဟာမိတ်ဖွဲ့မှုလည်း ရရှိမည်မဟုတ်ဘဲ၊ ဤကဲ့သို့သော မဟာမိတ်ဖွဲ့ဆိုမှု မရှိပါက အောက်တိုဘာတော်လှန်ရေး အောင်ပွဲ ခံရန်လည်း မဖြစ်နိုင်ချေ။

**၃။** ရုရှား အလုပ်သမားလူတန်းစားသည် လယ်သမားထုကြီး၏ အများစုကြီးဖြစ်သော ဆင်းရဲလယ်သမားကဲ့သို့သော ထိရောက်သည့် မဟာမိတ်ရှိထားသည်။ "မှန်တန်း"ဖြစ်ပေါ်တိုးတက်မှုနှစ်ဆယ်စုများစွာ၏ အတွေ့အကြုံနှင့် မဆိုင်းမတွ နှိုင်းယှဉ်နိုင်သည့် ရှစ်လကြာ တော်လှန်ရေး အတွေ့အကြုံသည် လုပ်သားလယ်သမားများအတွက်ဆိုလျှင် အချည်းအနှီးမဟုတ်ချေ။ ဤ ကာလအတွင်း ရုရှားရှိပါတီအားလုံးကို လက်တွေ့တွင် စစ်ဆေးရန် အခွင့်အရေးရရှိခဲ့ကြပြီးဖြစ်သည်။ ဖွဲ့စည်းအုပ်ချုပ်ပုံဒီမိုကရက်များ သို့မဟုတ် ဆိုရှယ်လစ်တော်လှန်ရေးသမားများနှင့် မင်ရှီဗစ်များသည် မည်သူမျှ လယ်သမားများ အကျိုးစီးပွားအတွက် အနစ်နာခံကာ မြေရှင်များနှင့် ထိရောက် ပြင်းထန်စွာ ရန်ဖြစ်မည်မဟုတ်ကြောင်း သိရှိနားလည်လာကြပြီး ရုရှား၏ ဘော်ရှီဗစ်ပါတီ တခုတည်းကသာ မြေရှင်များနှင့် မည်သို့မျှ ဆက်စပ်ခြင်းမရှိဘဲ လယ်သမားများ၏ လိုအပ်မှုကို ဖြည့်ဆည်းရန် မြေရှင်များအား ချေမှုန်းရန် ပြင်ဆင်ပြီးဖြစ်ကြောင်း သိရှိလာကြသည်။ ဤသည်ကား ပစ္စည်းမဲ့နှင့် ဆင်းရဲလယ်သမားအကြား မဟာမိတ်ဖွဲ့မှု၏ ခိုင်မာသော အခြေခံ ဖြစ်စေခဲ့သည်။ အလုပ်သမား လူတန်းစားနှင့် လယ်သမားများအကြား ဤမဟာမိတ်ဖွဲ့မှု တည်ရှိခြင်းက အလယ်အလတ် လယ်သမားများ၏ လုပ်ဟန်ကို ပြဋ္ဌာန်းပေးသည်။ အလယ်အလတ် လယ်သမားများသည် ကြာရှည်ကြာများ တွေဝေယိမ်းယိုင်နေပြီး အောက်တိုဘာပုန်ကန်မှုအကြိုကာလမှပင် တော်လှန်ရေးဘက် စိတ်ရောကိုယ်ပါ ကူးပြောင်းလာကာ ဆင်းရဲလယ်သမားများနှင့် ပူးပေါင်းခဲ့သည်။

ဤမဟာမိတ်ဖွဲ့မှု မရှိပါက အောက်တိုဘာတော်လှန်ရေးအောင်ပွဲ ရရှိမည်မဟုတ်ကြောင်း ပြောရန်ပင်မလိုချေ။

**၄။** အလုပ်သမားလူတန်းစားကို ဘော်ရှီဗစ်ပါတီကဲ့သို့ နိုင်ငံရေးတိုက်ပွဲများတွင် စမ်းသပ်ခံထားပြီးသော ပါတီတရပ်က ခေါင်းဆောင်ခဲ့ခြင်းဖြစ်သည်။ ဘော်ရှီဗစ်ပါတီကဲ့သို့သော ပါတီကသာလျှင် ပြည်သူများကို ပိုင်နိုင်ပြတ်သားသည့်တိုက်ပွဲများတွင် ခေါင်းဆောင်နိုင်စွမ်းရှိပြီး၊ ရည်မှန်းချက်အတွက် ချီတက်ရာတွင် ကျောက်ဆောင်ကျောက်ခဲအားလုံးကို ကင်းကင်းရှင်းရှင်း ဖြတ်ကျော်နိုင်ရန် သတိဝိရိယရှိပြီး၊ ငြိမ်းချမ်းရေးအတွက် အထွေထွေဒီမိုကရေစီလှုပ်ရှားမှု၊ မြေယာပိုင်ဆိုင်မှု ရရှိရေး အတွက် အလုပ်သမားများ၏ ဒီမိုကရေစီလှုပ်ရှားမှု၊ အမျိုးသားတန်းတူရေးနှင့် အမျိုးသားတန်း တူရေးအတွက် အဖိနှိပ်ခံလူမျိုးစုများ၏ လှုပ်ရှားမှုနှင့် ဓနရှင်လူတန်းစားကို ဖြုတ်ချပြီး ပစ္စည်းမဲ့အာဏာရှင်စနစ် ထူထောင်ရေးအတွက် ပစ္စည်းမဲ့လူတန်းစားများ၏ ဆိုရှယ်လစ်လှုပ်ရှားမှုစသည့် အမျိုးမျိုးအဖုံဖုံ ကွဲကွဲနေသည့် တော်လှန်ရေးလှုပ်ရှားမှု အားလုံးကို တစ်ခုတည်းသော တူညီသည့် တော်လှန်ရေး ရေစီးကြောင်းကြီးအဖြစ် ပူးပေါင်းသွားရန် ကျွမ်းကျင်စွာ ကိုင်တွယ်နိုင်ပါသည်။ ဤကဲ့သို့ အမျိုးမျိုး အဖုံဖုံ ကွဲကွဲနေသော တော်လှန်ရေးရေစီးကြောင်းများကို တခုတည်းသော အင်အားကြီးမားသည့် တော်လှန်ရေး ရေစီးကြောင်းကြီးအဖြစ်သို့ ပူးပေါင်းလိုက်ခြင်းသည် ရုရှားပြည် အရင်းရှင်စနစ်၏ ကံကြမ္မာကို အဆုံးအဖြတ်ပေးလိုက်သည်မှာ ယုံမှားဖွယ်မရှိချေ။

**၅။** အောက်တိုဘာတော်လှန်ရေး စတင်သည့်အချိန်မှာ နယ်ချဲ့စစ်ပွဲ အထွတ်အထိပ်ဖြစ်နေချိန်၊ အဓိက ဓနရှင်နိုင်ငံကြီးများ ရန်ဖက်အုပ်စုနှစ်ခုအဖြစ် ကွဲသွားချိန်နှင့် ဓနရှင်နိုင်ငံကြီးများသည် အပြန်အလှန် စစ်ပွဲတွင် နစ်မြုပ်နေကြသည်။ ၎င်းတို့သည် တဦးကိုတဦး အင်အားချည့်နဲ့အောင် လုပ်နေကာ "ရုရှားပြည်အရေးအခင်း"တွင် ထိထိရောက်ရောက် ဝင်စွက်ဖက်ပြီး၊ အောက်တို ဘာတော်လှန်ရေးကို တက်ကြွစွာဆန့်ကျင်ရန် မတတ်နိုင်ဖြစ်နေသည်။

ဤသည်က အောက်တိုဘာဆိုရှယ်လစ်တော်လှန် ရေးအောင်ပွဲကို လျှင်မြန်စေခဲ့သည်မှာ ယုံမှားဖွယ်မရှိချေ။

## ၇။ ဆိုဗီယက်အာဏာ တည်တန့်ခိုင်မြဲရေးအတွက် ဘော်ရှီဗစ်ပါတီ၏တိုက်ပွဲ၊ ဘရက်စ်– လစ်တော့ဗ်စ် ငြိမ်းချမ်းရေး၊ သတ္တမအကြိမ် ပါတီ ကွန်ဂရက်။

ဆိုဗီယက်အာဏာကို တည်တံ့ခိုင်မာအောင် ပြုလုပ်ရန်အတွက် ဓနရှင်နိုင်ငံတော် စက်ယန္တရားဟောင်းကို ချေမှုန်းဖျက်ဆီးပစ်ပြီး ၎င်းတို့၏နေရာတွင် ဆိုဗီယက်နိုင်ငံတော် စက်ယန္တရားသစ်ကို တည်ထောင်ရပေမည်။ ထို့အပြင် လူ့အဖွဲ့အစည်းကို ပဒေသရာဇ်ပိုင်ဆိုင်မှုနယ်ပယ်များ (Estates) အဖြစ်ခွဲခြားမှု အကြွင်းအကျန်များနှင့် အမျိုးသားဖိနှိပ်ရေး အုပ်ချုပ်ပုံစနစ်တို့ကို ဖျက်ဆီးရန်၊ ဘုရားရှိခိုးကျောင်းများ၏ အခွင့်ထူးများကို ဖျက်သိမ်းရန် တန်ပြန်တော်လှန်ရေး ပုံနှိပ်တိုက်များနှင့် တရားဝင်ရော တရားမဝင်ပါ တန်ပြန်တော်လှန်ရေးအဖွဲ့အစည်း အမျိုးမျိုးအားလုံးတို့ကို ဖိနှိပ်ပစ်ရန်နှင့် ဓနရှင်လူတန်းစား၏ လွှတ်တော်ကို ဖျက်သိမ်းပစ်ရပေမည်။ မြေယာများကို ပြည်သူပိုင်သိမ်းပြီးနောက် အကြီးစား စက်မှုလုပ်ငန်းအားလုံးကို ပြည်သူပိုင်ပြုလုပ်ရန်ဖြစ်သည်။ နောက်ဆုံးအနေနှင့်မူ ဆိုဗီယက်အာဏာ ခိုင်မာရေးအတွက် တခြားမည်သည့်အရာထက်မဆို အနှောင့်အယှက်ပေးနေသည့် စစ်ပွဲကို အဆုံးသတ်ပစ်ရပေလိမ့်မည်။

ဤကိစ္စများအားလုံးကို ၁၉၁၇ ခုနှစ်အကုန်မှ ၁၉၁၈ ခုနှစ် အလယ်လ အချို့အတွင်းမှာပင် လုပ်ဆောင်ခဲ့သည်။

ဆိုရှယ်လစ်တော်လှန်ရေးသမားများနှင့် မင်ရှိဗစ်များ စီစဉ်သည့် ဝန်ကြီးဌာနဟောင်းများမှ အရာရှိများ၏ နှောင့်ယှက်ဖျက်ဆီးမှုကို ချေမှုန်းအောင်မြင်နိုင်လိုက်သည်။ ဝန်ကြီးဌာနများကို ဖျက်သိမ်းလိုက်ပြီး ဆိုဗီယက်အုပ်ချုပ်ရေး စက်ယန္တရားနှင့် သင့်တော်သည့် ပြည်သူ့ဌာနများဖြင့် အစားထိုးလိုက်သည်။ အမျိုးသားစီးပွားရေး၏ အမြင့်ဆုံးကောင်စီကို နိုင်ငံတော်ရှိ စက်မှုလုပ်ငန်းများ အုပ်ချုပ်စီမံရန် တည်ထောင်လိုက်သည်။ ရုရှားပြည်လုံးဆိုင်ရာ အထူးကော်မရှင်ကို တန်ပြန်တော်လှန်ရေးနှင့် အဖျက်လုပ်ငန်းများကို ချေမှုန်းရန်အတွက် တည်ထောင်လိုက်ပြီး ဇာဇင်စကီးကို အကြီးအကဲအဖြစ် ခန့်အပ်လိုက်သည်။ တပ်နီတော်နှင့် ရေတပ်ဖွဲ့စည်းခြင်းကို အမိန့်ထုတ်ပြန်လိုက်သည်။ အောက်တိုဘာ တော်လှန်ရေးမတိုင်မီ အများအပြား ရွေးကောက်တင်မြှောက်ထားခြင်းခံရပြီး ဆိုဗီယက်များ၏ ဒုတိယ ကွန်ဂရက်မှ ငြိမ်းချမ်းရေး၊ မြေယာနှင့် အာဏာကို ဆိုဗီယက်များသို့ လွှဲပြောင်းပေးသည့် အမိန့်စာများကို အသိအမှတ်ပြုရန် ငြင်းဆိုနေသည့် လွှတ်တော်ကိုလည်း ဖျက်သိမ်းလိုက်သည်။

ပဒေသရာဇ်အကြွင်းအကျန်၊ နယ်ပယ်ခွဲခြားမှုစနစ်၊ လူမှုဘဝအလွှာအားလုံးအတွင်း မညီမျှမှုများ အဆုံးသတ်ပစ်ရန် မြေယာများဖျက်သိမ်းသည့် အမျိုးသားရေး သို့မဟုတ် ဘာသာရေး အပေါ် အခြေခံသည့် ကန့်သတ်မှုများကို ဖယ်ရှားသည့် နိုင်ငံတော်ကို၊ ဘုရားရှိခိုးကျောင်းများနှင့် ကျောင်းများကို၊ ဘုရားရှိခိုးကျောင်းများနှင့် ခွဲခြားသည့် အမျိုးသမီးများတန်းတူရေးနှင့် ရုရှားရှိ လူမျိုး အသီးသီး တန်းတူရေးကို ထူထောင်သည့် အမိန့်များထုတ်ဆင့်လိုက်သည်။

ဖြစ်ပေါ်တိုးတက်မှုများကို အနှောင့်အယှက်မပြုနိုင်ရန်နှင့် လုံးဝတန်းတူညီမျှရေးအတွက် "ရုရှားပြည်သူများ၏ အခွင့် အရေးများကြေညာချက်"ဆိုသည့် ဆိုဗီယက်အစိုးရ၏ အထူးအမိန့်တရပ်ကို ရုရှားပြည်သူများ၏ အခွင့်အရေး ဥပဒေတရပ်အဖြစ် ချမှတ်လိုက်သည်။

ခေတ်ရှင်လူတန်းစား၏ စီးပွားရေးအာဏာကို ချည့်နဲ့စေပြီး ဆိုဗီယက်အမျိုးသားစီးပွားရေးသစ်တရပ် ထူထောင်ကာ ပထမအားဖြင့် ဆိုဗီယက်စက်မှုလုပ်ငန်းသစ်ကို ထူထောင်ရန်၊ ဘဏ်တိုက်များ၊ မီးရထားလမ်းများ၊ နိုင်ငံခြားကုန်သွယ်ရေး ရေလမ်းသယ်ယူပို့ဆောင်ရေးနှင့် ကျောက်မီးသွေး သတ္တုရိုင်း၊ ဓာတုပစ္စည်းများ၊ စက်ကိရိယာတည်ဆောက်ရေး၊ အထည်အလိပ်လုပ်ငန်း၊ သကြားလုပ်ငန်း စသည့် စက်မှုလုပ်ငန်းခွဲအားလုံးမှ လုပ်ငန်းကြီးများအားလုံးကို ပြည်သူပိုင်သိမ်းပစ်လိုက်သည်။

ကျွန်တော်တို့တိုင်းပြည်ကို နိုင်ငံခြားအရင်းရှင်ကြီးများအပေါ် ဘဏ္ဍာရေးအရ အမှီခိုကင်းရန်နှင့် ၎င်းတို့၏ သွေးစုပ်မှု မှလွတ်မြောက်ရန်အတွက် ရုရှားဘုရင်နှင့် ယာယီအစိုးရတို့နှင့် ကန်ထရိုက်ချုပ်ဆိုထားသည့် နိုင်ငံခြားချေးငွေများကို ဖျက်သိမ်းပစ်လိုက်သည်။ ကျွန်တော်တို့ ပြည်သူများသည် စစ်ပွဲဆက်လက်ဆင်နွှဲရေးအတွက်နှင့် တိုင်းပြည်ကို နိုင်ငံခြားအရင်းအနှီးများ ချည်နှောင်ထားရန် တင်ရှိနေသည့် ကြွေးမြီများကို ပေးဆပ်ရန်ငြင်းဆိုလိုက်သည်။

ဤလုပ်ရပ်များနှင့်အလားတူ လုပ်ဆောင်ချက်များက ခေတ်ရှင်လူတန်းစား၊ မြေရှင်များ၊ ဖောက်ပြန်သည့် အရာရှိများနှင့် တန်ပြန်တော်လှန်ရေးပါတီများ၏ အာဏာအခြေခံကို အင်အား ချည့်နဲ့စေလိုက်ပြီး ပြည်တွင်း၌ ဆိုဗီယက်အစိုးရ၏ အဆင့်နေရာကို သိသာစွာ တောင့်တင်းစေပေသည်။

သို့သော် ဆိုဗီယက်အစိုးရ၏ အဆင့်နေရာသည် ရုရှားက ဂျာမနီ၊ ဩစတြီးယားတို့နှင့် စစ်ခင်းနေသမျှ အပြည့်အဝ လုံခြုံမည်ဟု မယူဆနိုင်ပေ။ ဆိုဗီယက်အာဏာ အဆုံးသတ်ခိုင်မာစေရန်မှာ စစ်ပွဲကိုအဆုံးသတ်စေရန်ပင်ဖြစ်သည်။ ထို့ကြောင့် ပါတီသည် အောက်တိုဘာတော်လှန်ရေး အောင်ပွဲရသည့် အချိန်မှစပြီး ငြိမ်းချမ်းရေးအတွက် တိုက်ပွဲဝင်ခဲ့သည်။

ဆိုဗီယက်အစိုးရက စစ်ဖြစ်နေသော ပြည်သူများနှင့် ၎င်းတို့၏ အစိုးရများအားလုံးကို တရားမျှတသည့်၊ ဒီမိုကရေစီကျသည့်၊ ငြိမ်းချမ်းရေးအတွက် စေ့စပ်ဆွေးနွေးပွဲ ချက်ချင်းစတင်ရန် တောင်းဆိုလိုက်သည်။ သို့သော် "မဟာမိတ်များ"ဖြစ်သည့် ဗြိတိန်နှင့် ပြင်သစ်က ဆိုဗီယက်အစိုးရ၏ တောင်းဆိုချက်ကို လက်ခံရန်ငြင်းဆိုခဲ့သည်။ ဤငြင်းဆန်မှု အခြေခံအပေါ် ဆိုဗီယက်အစိုးရသည် ဆိုဗီယက်များ၏ တောင်းဆိုချက်များကို လိုက်နာဆောင်ရွက်ရန်အလို့ငှာ ဂျာမနီ၊ ဩစတြီးယားတို့နှင့် စေ့စပ်ဆွေးနွေးပွဲ စတင်ရန် ဆုံးဖြတ်လိုက်သည်။

ဒီဇင်ဘာ ၃ ရက်နေ့ ဘရာက်စ်–လစ်တော့ဗ်စ်၌ စေ့စပ်ဆွေးနွေးပွဲများ စတင်ခဲ့သည်။ ဒီဇင်ဘာ ၅ ရက်နေ့၌ အပစ်အခတ်ရပ်စဲရေး စာချုပ်ချုပ်ဆိုသည်။

စေ့စပ်ပွဲများ ကျင်းပသည့်အချိန်မှာ တိုင်းပြည်အနေဖြင့် စီးပွားရေးဖရိုဖရဲဖြစ်နေချိန်၊ စစ်ပန်းမှု အပျံ့အနှံ့ဖြစ်ပေါ်နေချိန် ကျွန်တော်တို့တပ်သားများ စစ်တန်းလျားကို စွန့်ခွာပြီး ရှေ့တန်းပြိုနေချိန် ဖြစ်ပါသည်။ စေ့စပ်ဆွေးနွေးနေစဉ်အတွင်းမှာ ဂျာမန် အရင်းရှင်များသည် ယခင်ဇာဘုရင်အင်ပါယာမှ နယ်မြေအများအပြားကို လိုချင်နေကြောင်းနှင့် ပိုလန်၊ ယူကရိန်းနှင့် ဘောလတစ်နိုင်ငံများကို ဂျာမနီ လက်အောက်သွင်းနေချင်ကြောင်း ရှင်းလာပါသည်။

ဤကဲ့သို့သော အခြေအနေမျိုးတွင် စစ်ပွဲကိုဆက်လက်ဆင်နွှဲရန်မှာ အသစ်မွေးဖွားလာသော ဆိုဗီယက်သမ္မတနိုင်ငံ တည်ရှိမှုအတွက် အရဲစွန့်ခြင်းပင်ဖြစ်သည်။ အလုပ်သမားလူတန်းစားနှင့် လယ်သမားလူထုကြီးသည် ဆိုဗီယက်အာဏာကို ခိုင်မာအောင်လုပ်ရန်နှင့် ရန်သူ့တိုက်ခိုက်မှုမှ တိုင်းပြည်ကိုကာကွယ်နိုင်စွမ်းရှိမည့် တပ်မတော်သစ်၊ တပ်နီတော်ကို ထူထောင်ရန်၊ အနားယူချိန်သက်သာခွင့် အချိန်လေးရရှိရန်အတွက် အရေးပါလှသည့် ငြိမ်းချမ်းရေးတောင်းဆိုချက်များကို လက်ခံရန်နှင့် ထိုအချိန်၏ အန္တရာယ်အကြီးဆုံး ခေးပြ ဂျာမန်နယ်ချဲ့စနစ် ရှေ့မှောက်မှ ဆုတ်ခွာရန်လိုအပ်မှုနှင့် ရင်ဆိုင်နေရပါသည်။

မင်ရှီဗစ်နှင့် ဆိုရှယ်လစ်တော်လှန်ရေးသမားများမှအစ လူဆိုးသက်သက် တပ်ဖြုများအဆုံး၊ တန်ပြန်တော်လှန်ရေးသမားများအားလုံးသည် ငြိမ်းချမ်းရေးရရှိရေးကို အရူးအမူးဆန့်ကျင်တိုက်ပွဲ ဆင်ကြသည်။ သူတို့ပေါ်လစီက ရှင်းနေသည်။ သူတို့သည် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဖျက်ဆီးစေလို ပြီး ဂျာမန်ထိုးစစ်ကို ဆွပေးကာ ဤနည်းဖြင့် အင်အားချည့်နဲ့ဆဲဖြစ်သည့် ဆိုဗီယက်အာဏာကို အန္တရာယ်ပြုရန်နှင့် အလုပ်သမား၊ လယ်သမားများ၏ အကျိုးအမြတ်များကို ဖျက်ဆီးရန်ဖြစ်သည်။

ဤမကောင်းကြံစည်မှုတွင် ၎င်းတို့၏ မိတ်ဆွေများမှာ ထရော့စကီနှင့် အပေါင်းအပါ ဘူခါရင် တို့ဖြစ်ပြီး၊ ဘူခါရင်သည် ရာဒက်ခ် (Radek)၊ ပျာတကော့ဗ်တို့နှင့်အတူ "လက်ဝဲကွန်မြူနစ်များ" ဆိုသည့် အမည်ကို ကန့်လန်ကာအဖြစ် အသုံးပြုထားသော်လည်း ပါတီကို ဆန့်ကျင်သည့် အုပ်စုကို ခေါင်းဆောင်နေသည်။ ထရော့စကီနှင့် "လက်ဝဲကွန်မြူနစ်"အုပ်စုသည် ပါတီတွင်း၌ လီနင်ဆန့်ကျင် သည့် တိုက်ပွဲကို အရူးအမူး ဆင်နွှဲနေကြပြီး စစ်ပွဲဆက်လက်ဆင်နွှဲရန် တောင်းဆိုကြသည်။ ဤသူများ သည် ဂျာမန်နယ်ချဲ့သမားများနှင့် တိုင်းပြည်တွင်း တန်ပြန်တော်လှန်ရေးသမားများ လက်သို့ရောက်ရှိ အောင် ပရိယာယ်ဆင်နေသည်မှာ ရှင်းနေပါသည်။ အဘယ်ကြောင့်ဆိုသော် စစ်တပ် မရှိသေးသည့် ငယ်ရွယ်နုပျိုသော ဆိုဗီယက်သမ္မတနိုင်ငံကို ဂျာမန်နယ်ချဲ့စနစ်၏ အထိုးအနှက်ခံရစေရန် အကာ ကွယ်မဲ့သွားအောင် လုပ်ဆောင်နေသောကြောင့်ဖြစ်သည်။

ဤသည် လက်ဝဲစကားလုံးများဖြင့် ကျွမ်းကျင်စွာ မျက်နှာဖုံးစွပ်ထားသည့် အတွင်းသူလျှို ပေါ်လစီဖြစ်ပေသည်။

၁၉၁၈ခု၊ ဖေဖော်ဝါရီ ၁၀ ရက်၌ ဘရက်စ်–လစ်တော့ဗ်စ် ငြိမ်းချမ်းရေး ဆွေးနွေးပွဲပျက်သွားသည်။ ပါတီဗဟိုကော်မတီ အမည်ဖြင့် လီနင်နှင့် စတာလင်က ထိုငြိမ်းချမ်းရေးကို လက်မှတ်ထိုးလက်ခံရန် အတင်းအကျပ် တိုက်တွန်းခဲ့သော်လည်း ဘရက်စ်လစ်တော့ဗ်စ်ရှိ ဆိုဗီယက်ကိုယ်စားလှယ်အဖွဲ့ ဥက္ကဋ္ဌ ထရော့စကီက ဘော်ရှီဗစ်ပါတီ၏ တိုက်ရိုက်ညွှန်ကြားချက်များကို သစ္စာမဲ့စွာ ဖောက်ဖျက်ခဲ့သည်။ သူက ဆိုဗီယက်သမ္မတနိုင်ငံသည် ဂျာမနီကတင်ပြသည့် ငြိမ်းချမ်းရေးအတွက် တောင်း ဆိုချက်များကို

ပယ်ချကြောင်း ကြေညာသည်။ တချိန်တည်းမှာ သူက ဂျာမန်များကို ဆိုဗီယက်သမ္မတနိုင်ငံသည် စစ်တိုက်မှာမဟုတ်ဘဲစစ်တပ်ကို ဆက်လက်ဖျက်သိမ်းမည်ဖြစ်ကြောင်း အကြောင်းကြားခဲ့သည်။

ဤသည်မှာလည်း ယုတ်မာမှုဖြစ်သည်။ ဂျာမန်နယ်ချဲ့သမားများအနေဖြင့် ဆိုဗီယက်နိုင်ငံမှ အကျိုးအမြတ်များအတွက် ဤသစ္စာဖောက်မှုထက်ပို၍ လိုအပ်စရာမရှိတော့ပါ။

ဂျာမန်အစိုးရသည် အပစ်အခတ်ရပ်စဲရေးကို ဖျက်သိမ်းလိုက်ပြီး ထိုးစစ်ပြန်စခဲ့သည်။ ကျွန်တော်တို့၏ တပ်ဟောင်းမှ တပ်ကြွင်းတပ်ကျန်များသည် ဂျာမန်တပ်များ၏ အပြင်းအထန်တိုက်ခိုက်မှုအောက်တွင် ကစဉ့်ကလျားပြိုလဲကုန်ကြသည်။ ဂျာမနီများသည် အလျင်အမြန် ရှေ့တိုးလာပြီး နယ်မြေအများအပြားကို သိမ်းယူကာ၊ ပီထရိုဂရက်ကို ခြိမ်းခြောက်လာသည်။ ဂျာမန်နယ်ချဲ့စနစ် သည် ဆိုဗီယက်အာဏာကို ဖြုတ်ချရန်နှင့် ကျွန်တော်တို့နိုင်ငံကို သူတို့၏ ကိုလိုနီဖြစ်စေရန် ရည်ရွယ် ချက်ဖြင့် ဆိုဗီယက်မြေကို ကျူးကျော်လာခြင်းဖြစ်သည်။ ဇာဘုရင်တပ်ဟောင်း အကြွင်း အကျန် များသည် ဂျာမန်နယ်ချဲ့များ၏ လက်နက်ကိုင်အင်အားကို မခုခံနိုင်ဘဲ ၎င်းတို့၏ ထိုးနှက်ချက်များ အောက်တွင် တဖြည်းဖြည်း ဆုတ်ခွာလာရသည်။

သို့သော် ဂျာမန်နယ်ချဲ့သမားများ၏ လက်နက်ကိုင်စွက်ဖက် ကျူးကျော်မှုသည် တိုင်းပြည်တွင် အင်အားကြီးမားသည့် တော်လှန်ရေးဒီရေမြင့်အတွက် အချက်ပေးလိုက်သည်။ ပါတီနှင့် ဆိုဗီယက် အစိုးရက “ဆိုရှယ်လစ်အဖနိုင်ငံ အန္တရာယ်ကျရောက်နေပြီ” ဟူသော လှုံ့ဆော်သံကို ထုတ်ပြန်လိုက်သည်။ အလုပ်သမားလူတန်းစားသည် တုံ့ပြန်သောအနေဖြင့် တပ်နီတော်တပ်မများကို စိတ်အားထက်သန်စွာ စတင်ဖွဲ့စည်းလာသည်။ တပ်မတော်သစ်၏ ငယ်ရွယ်နုပျိုသောတပ်ဖွဲ့များ တော်လှန်သည့်ပြည်သူများ၏ တပ်မတော်သည် ခြေဆုံးခေါင်းဆုံး လက်နက်တပ်ဆင်ထားသည့် ဂျာမန်ဓားပြများကို ရဲဝံ့ပြောင်မြောက်စွာ ခုခံကြသည်။ နာဗာနှင့် ပစ်ကော့ဗ်တို့တွင် ဂျာမန် ကျူးကျော်ရေးသမားများသည် မြဲမြံကြံ့ခိုင်သော တွန်းလှန်မှုနှင့် ရင်ဆိုင်ရသည်။ ၎င်းတို့၏ ပီထရိုဂရက်သို့ ချီတက်မှုမှာလည်း ဟန့်တားခြင်း ခံရသည်။ ဂျာမန်နယ်ချဲ့တပ်များ တွန်းလှန်ခြင်းခံရသည့် ဖေဖော်ဝါရီ ၂၃ ရက်ကို တပ်နီတော် မွေးဖွားသည့်နေ့အဖြစ် သတ်မှတ်သည်။

၁၉၁၈ ဖေဖော်ဝါရီ ၁၈ ရက်တွင် ပါတီဗဟိုကော်မတီသည် ဂျာမန်အစိုးရကို ချက်ချင်း ငြိမ်းချမ်းရေးယူရေးအတွက် ကမ်းလှမ်းရန် ကြေးနန်းရိုက်ရေး ဆိုသည့် လီနင်၏တင်ပြချက်ကို သဘောတူလိုက်သည်။ သို့သော် ဂျာမန်များသည် အခွင့်အရေး ပိုမိုရရှိစေရန် ရှေ့ဆက်ချီတက်လာပြီး ဖေဖော်ဝါရီ ၂၂ ရက်နေ့ကျမှသာလျှင် ငြိမ်းချမ်းရေးစာချုပ်ချုပ်ရန် လိုလားကြောင်း ဂျာမန် အစိုးရက ဖော်ပြလာသည်။ တောင်းဆိုချက်များမှာ မူလတောင်းဆိုချက်များထက် ပိုမိုကြီးလေးလာပေသည်။

လီနင်၊ စတာလင်၊ ဆဗားဒ်လော့ဗ်တို့သည် ငြိမ်းချမ်းရေး ၊ စာချုပ်ချုပ်ဆိုရေး ဆုံးဖြတ်ချက်မရရှိမီ ဗဟိုကော်မတီ အတွင်း၌ ထရော့စကီ၊ ဘူခါရင်နှင့် အခြား ထရော့စကီဝါဒီများနှင့် အလွန်ပြင်းထန်စွာ တိုက်ပွဲဆင်ရသည်။ လီနင်က ဘူခါရင်နှင့် ထရော့စကီတို့သည် “အမှန်စင်စစ်တွင်မူ ဂျာမန်နယ်ချဲ့သမားများကို ကူညီခဲ့ပြီး၊ ဂျာမန်တော်လှန်ရေး ကြီးထွားလာရေးနှင့် ဖြစ်ပေါ်တိုးတက်မှုတို့ကို အတားအဆီးဖြစ်စေခဲ့သည်”ဟု ဆိုလိုက်သည်။ **(လီနင် လက်ရွေးစင်ကျမ်း၊ အတွဲ ၂၊ စာမျက်နှာ–၂၈၇)**

ဖေဖော်ဝါရီ ၂၃ ရက်တွင်မူ ဗဟိုကော်မတီက ဂျာမန်စစ်ဌာနချုပ်၏ တောင်းဆိုချက်များကို လိုက်နာပြီး ငြိမ်းချမ်းရေး စာချုပ် လက်မှတ်ရေးထိုးရန် ဆုံးဖြတ်လိုက်သည်။ ထရော့စကီနှင့် ဘူခါရင်တို့၏

သစ္စာဖောက်မှုအတွက် ဆိုဗီယက်သမ္မတနိုင်ငံသည် အတော်ပင် နစ်နာခဲ့ရသည်။ ပိုလန်ကို ပြောရန် မလိုဘဲ၊ လတ်ဗီးယားနှင့် အက်စ်တိုးနီးယားတို့ကို ဂျာမန်လက်ထဲ ထိုးအပ်လိုက်ရပြီး၊ ယူကရိန်းကို ဆိုဗီယက်သမ္မတနိုင်ငံနှင့် အဆက်ဖြတ်ပစ်လိုက်ကာ ဂျာမနီနိုင်ငံ၏ လက်အောက်ခံဖြစ်သွားစေ ခဲ့သည်။ ဆိုဗီယက်သမ္မတနိုင်ငံက ဂျာမန်များကို စစ်လျော်ကြေးပေးရန် သဘောတူညီလိုက်ရသည်။

တချိန်တည်းတွင် "လက်ဝဲကွန်မြူနစ်များ"က လီနင်ကိုဆန့်ကျင်သည့် ၎င်းတို့၏ တိုက်ပွဲကို ဆက်လက်ဆင်နွှဲရင်း သစ္စာဖောက် ရွံ့နွံအတွင်းသို့ ကျပြီးရင်း ကျရင်းဖြစ်နေသည်။

မော်စကိုဒေသ ပါတီဗျူရိုတွင် "လက်ဝဲကွန်မြူနစ်များ" (ဘူခါရင်၊ အိုစင်စကီး Ossinsky၊ ရာကော့ဗ်လီဗာ Yakovleva၊ စတူးကော့ဗ် Stukovနှင့် မန်စက် Mantsev)သည် ယာယီအုပ်စီး ထားနိုင်ပြီး ပါတီကိုခွဲပစ်ရန် ရည်ရွယ်ကာ ဗဟိုကော်မတီကို အယုံအကြည်မရှိဆိုသည့် ဆုံးဖြတ် ချက်ကို ချမှတ်လိုက်သည်။ ဗျူရိုက "အလွန်နီးကပ်လှသော အနာဂတ်တွင် ရှောင်လွှဲ၍ မဖြစ်လောက် အောင် ပါတီပြိုကွဲတော့မည်" ဖြစ်ကြောင်းကြေညာသည်။ "လက်ဝဲကွန်မြူနစ်များ"သည် ၎င်းတို့၏ ဆုံးဖြတ်ချက်တွင် ဆိုဗီယက်ဆန့်ကျင်သည့် ရပ်တည်မှုလက်ခံရေးအထိပင် ပြုလုပ်လာသည်။ သူတို့က "နိုင်ငံတကာ တော်လှန်ရေး အကျိုးစီးပွားအတွက် ကျွန်တော်တို့သည် ယခုအခါ သဏ္ဌာန် သက်သက်မျှသာရှိတော့သော ဆိုဗီယက်အာဏာ ရှုံးနိမ့်ချေရှိလာမှုကို ခွင့်ပြုရန်မှာ လျော်ကန်သင့် မြတ်သည်ဟု ယူဆသည်"ဟု ကြေညာခဲ့သည်။

လီနင်က ဤဆုံးဖြတ်ချက်ကို "ထူးဆန်းပြီး ယုတ်မာသည်"ဟု တံဆိပ်နှိပ်ပေးလိုက်သည်။

ထိုအချိန်ကား ထရော့စကီနှင့် "လက်ဝဲကွန်မြူနစ်များ"၏ ပါတီဆန့်ကျင်ရေး အပြုအမူများ၏ တကယ့်အကြောင်းရင်းကို ပါတီအတွင်း၌ အမြင်မရှင်းကြသေးချေ။ သို့သော်မကြာမီက တရားစစ်ဆေး ခဲ့သော ဆိုဗီယက်ဆန့်ကျင်သည့် "လက်ယာနှင့် ထရော့စကီဝါဒီအုပ်စု" (၁၉၃၈ အစပိုင်း) စစ်ဆေး ချက်များက ဖော်ပြသည်မှာ ဘူခါရင်နှင့် ၎င်းခေါင်းဆောင်သည့် လက်ဝဲကွန်မြူနစ်များသည် ထရော့စ ကီ၊ "လက်ဝဲ"ဆိုရှယ်လစ်တော်လှန်ရေးသမားများနှင့် အတူ ထိုအချိန်ကပင် ဆိုဗီယက်အစိုးရကို လုပ်ကြံရန် တိတ်တဆိတ် ကြံစည်နေပြီဖြစ်သည်။ ဘူခါရင်၊ ထရော့စကီနှင့် ၎င်းတို့၏ ကြံဖော်ကြံဖက် များသည် ဘရက်စ်–လစ်ဘော့ဗ်စ် ငြိမ်းချမ်းရေးကိုဖျက်ဆီးပြီး၊ လီနင်၊ စတာလင်နှင့် ဆဗားဒ်လော့ဗ် တို့ကို ဖမ်းဆီးလုပ်ကြံသတ်ဖြတ်ကာ ဘူခါရင်ဝါဒီများ၊ ထရော့စကီဝါဒီများနှင့် "လက်ဝဲ"ဆိုရှယ်လစ် တော်လှန်ရေးသမားများ ပါဝင်သည့် အစိုးရတရပ်ကိုဖွဲ့စည်းရန် ကြံစည်ခဲ့ကြောင်း ယခုအခါ၌ သိရှိရပြီ ဖြစ်သည်။

ဤလျှို့ဝှက်တန်ပြန်တော်လှန်ရေးလုပ်ကြံမှုကို ကြံစည်လုပ်ဆောင်နေစဉ်မှာပင် "လက်ဝဲ ကွန်မြူနစ်များ"သည် ထရော့စကီ၏ ထောက်ခံမှုနှင့် ဘော်ရှီဗစ်ပါတီကို ပြောင်တိုက်ခိုက်နေပြီး၊ ပါတီကွဲအောင်နှင့် ပါတီဝင်များအကြား ကွဲပြဲသွားအောင် ကြိုးစားခဲ့ကြသည်။ သို့သော် ဤကဲ့သို့ သော အရေးကြီးလှသည့်ကာလတွင် ပါတီသည် လီနင်၊ စတာလင်နှင့် ဆဗားဒ်လော့ဗ်တို့၏ ပတ်လည် တွင် သိပ်သည်း စွာဝိုင်းရံပြီး တခြားပြဿနာအားလုံးများမှာကဲ့သို့ပင် ငြိမ်းချမ်းရေး ပြဿနာ၌လည်း ဗဟိုကော်မတီကို ထောက်ခံခဲ့သည်။

''လက်ဝဲကွန်မြူနစ်''အုပ်စုသည် အထီးကျန်ဖြစ်ကာ ရှုံးနိမ့်သွားသည်။ ပါတီသည် ငြိမ်းချမ်း ရေး ပြဿနာအပေါ် နောက်ဆုံးဆုံးဖြတ်ချက်ကို ကြေညာနိုင်ရန်အတွက် သတ္တမအကြိမ် ကွန်ဂရက်ကို ခေါ်ဆိုလိုက်သည်။

၁၉၁၈ ခု၊ မတ်လ ၆ ရက်တွင် ကွန်ဂရက်ကို ဖွင့်လှစ်လိုက်သည်။ ဤသည်မှာ ကျွန်တော်တို့ပါတီ အာဏာရရှိပြီးနောက် ခေါ်ယူကျင်းပသည့် ပထမဆုံး ကွန်ဂရက်ဖြစ်သည်။ မဲပေးနိုင်သည့် ၄၆ ဦးနှင့် မဲမပေးနိုင်သည့် ကိုယ်စားလှယ်သက်သက် ၅၈ ဦးတက်ရောက်ခဲ့ပြီး ပါတီဝင် ၁၄၅ ,၀၀၀ကို ကိုယ်စား ပြုသည်။ အမှန်မှာမူ ထိုအချိန်က ပါတီဝင်ဦးရေမှာ ၂၇၀,၀၀၀ ထက်မလျော့ချေ။ ကွန်ဂရက်ကို အလျင်အမြန်ခေါ်ဆိုရခြင်းကြောင့် အဖွဲ့အစည်းအများအပြားသည် အချိန်မီ ကိုယ်စားလှယ်များ မစေလွှတ်နိုင်သောကြောင့် ဤကဲ့သို့ကွဲလွဲပြီး မညီမမျှ ဖြစ်သွားရခြင်းဖြစ်သည်။ ထို့အပြင် ထိုအချိန် ဂျာမန်များ သိမ်းယူထားသည့် နယ်မြေများမှ ကိုယ်စားလှယ်များ စေလွှတ်နိုင်ခြင်းမရှိချေ။

ဤကွန်ဂရက်၌ ဘရက်စ်–လစ်တော့ဗ်စ်ခ် ငြိမ်းချမ်းရေးအပေါ် လီနင်က အစီရင်ခံရာတွင် ''ကျွန်တော်တို့ပါတီ ယခုအခါ တွေ့ကြုံနေရသော ကြီးမားသည့် အကျပ်အတည်းမှာ ပါတီတွင်း လက်ဝဲ အတိုက်အခံ တည်ရှိနေမှုကြောင့် ရုရှားတော်လှန်ရေးက တွေ့ကြုံခဲ့ရသည့် အကျပ်အတည်းများတွင် အဆိုးဆုံး ဖြစ်နေတော့သည်''ဟု ဆိုလိုက်သည်။ **(လီနင်လက်ရွေးစင်ကျမ်း၊ အတွဲ၂၊ စာမျက်နှာ–၂၉၉)**

ဘရက်စ်–လစ်တော့ဗ်စ်ခ် ငြိမ်းချမ်းရေးပြဿနာအပေါ် လီနင်တင်သွင်းသည့် ဆုံးဖြတ်ချက်ကို ထောက်ခံမဲ ၃၀၊ ကန့်ကွက်မဲ ၁၂၊ ကြား ၁၂ မဲ ဖြင့် လက်ခံအတည်ပြုလိုက်သည်။

ဤဆုံးဖြတ်ချက်ကို လက်ခံအတည်ပြုပြီး နောက်တရက်တွင် လီနင်က''ဒုက္ခကြီးမားလှသော ငြိမ်းချမ်းရေး''ဟူသော ခေါင်းစဉ် ဖြင့် ဆောင်းပါးရေးသားရာတွင် ''ငြိမ်းချမ်းရေးအတွက် လိုက်လျော ရသည့် အချက်အလက်များမှာ မခံမရပ်နိုင်ဖွယ်၊ ပြင်းထန်ရက်စက်လှသည်။ သို့သော် သမိုင်းက ဆုံးဖြတ်လိမ့်မည်။ ကျွန်တော်တို့ စည်းရုံးရန်နှင့် စည်းရုံးရန်လုပ်ငန်းများကို စတင်ကြပါစို့။ စမ်းသပ်မှု အများအပြားရှိသော်လည်း အနာဂတ်သည် ကျွန်တော်တို့အတွက်ဖြစ်သည်''ဟု ရေးသားထား သည်။ **(လီနင်ကျမ်းပေါင်းစုံ၊ အတွဲ၂၂၊ စာမျက်နှာ–၂၈၈)**

ဆုံးဖြတ်ချက်တွင် ကွန်ဂရက်က ကြေညာလိုက်သည်မှာ နယ်ချဲ့နိုင်ငံများ၏ ဆိုဗီယက်သမ္မတ နိုင်ငံကို ဆက်လက်ပြီး စစ်ရေးအရ တိုက်ခိုက်ရာမှာ မလွဲမရှောင်သာဖြစ်ကြောင်းနှင့် ထို့ကြောင့် ပါတီ၏ အခြေခံလုပ်ငန်းတာဝန်မှာ အလုပ်သမားနှင့် လယ်သမားများအနေဖြင့် မိမိကိုယ်မိမိ တင်းကျပ်ရေး၊ စည်းကမ်းများ ခိုင်မာရန်အတွက် စွမ်းအားအရှိဆုံးနှင့် ခိုင်မာမြဲမြံသည့် နည်းလမ်းများကို ချမှတ်ရန် ဆိုဗီယက်နိုင်ငံတော်ကို ကိုယ်ကျိုးစွန့်ကာကွယ်ရေးအတွက် လူထုကိုပြင်ဆင်ပေးရန်၊ တပ်နီတော် ဖွဲ့စည်းရန်နှင့် အပုံ့အနှံ့ စစ်လေ့ကျင့်ခန်းများ လုပ်ဆောင်ရန်ဖြစ်သည်ဟု ကွန်ဂရက်က သဘောထား ပေးသည်။

ဘရက်စ်– လစ်တော့ဗ်စ်ခ်ငြိမ်းချမ်းရေးနှင့် ပတ်သက်သည့် လီနင်ပေါ်လစီကို ထောက်ခံရင်း ကွန် ဂရက်သည် ထရော့စကီနှင့် ဘူခါရင်တို့၏ အနေအထားကို ရှုတ်ချပြီး ရှုံးနိမ့်သွားသော ''လက်ဝဲ ကွန်မြူနစ်များ''ကွန်ဂရက်တွင် ဂိုဏ်းခွဲ၍ ဆက်လုပ်ဆောင်နေမှုများကို ဖျက်ဆီးလိုက်သည်။

ဘရက်စ်–လစ်တော့ဗ်စ် ငြိမ်းချမ်းရေးက ပါတီအတွက် ဆိုဗီယက်အာဏာကို ခိုင်မာအောင် လုပ်နိုင်ရန်နှင့် တိုင်းပြည်၏ စီးပွားရေးဘဝ စုစည်းမှုလုပ်ဖို့ အချိန်ကာလတခု ပေးလိုက်ပါသည်။

ငြိမ်းချမ်းရေးက နယ်ချဲ့အုပ်စုအတွင်း ပဋိပက္ခများ (ဩစတြီးယား၊ ဂျမနီကတဖက် မဟာမိတ်ကတဖက် ဆက်လက် ဖြစ်နေသည့်စစ်ပွဲ) ကို အခွင့်ကောင်းယူနိုင်စေခဲ့ပြီး၊ ရန်သူ့အင်အားကို ဖြိုခွဲရန်၊ ဆိုဗီယက်စီးပွားရေးစနစ်ကို စုစည်းရန်နှင့် တပ်နီတော်တည်ထောင်ရန် အခွင့်အလမ်းရစေ ခဲ့သည်။

ငြိမ်းချမ်းရေးက ပစ္စည်းမဲ့များအတွက် လယ်သမားများ၏ ထောက်ခံမှုကို ဆက်လက်ထိန်းသိမ်းထားနိုင်စေခဲ့ပြီး ပြည်တွင်းစစ်တွင် တပ်ဖြူပိုလ်ချုပ်များ ရှုံးနိမ့်သွားရေးအတွက် အင်အားစုဆောင်းနိုင်စေခဲ့ပါသည်။

အောက်တိုဘာ တော်လှန်ရေးကာလတွင် လီနင်က ဘော်ရှီဗစ်ပါတီကို ရှေ့တိုးရန်အချက်အလက်များ သာနေစဉ် အကြောက်အရွံ့ကင်းစွာနှင့် ခိုင်မာစွာ မည်သို့ရှေ့ချီတက်ရကြောင်း သင်ကြားပေးခဲ့သည်။ ရန်သူ၏ အင်အားက မိမိထက်သိသာစွာ များပြားနေသော ဘရက်စ်–လစ်တော့ဗ်စ် ငြိမ်းချမ်းရေးကာလတွင် ထိုးစစ်အသစ်အတွက် အစွမ်းကုန် အင်အားများကို ပြင်ဆင်ရန်အတွက် စနစ်တကျ မည်ကဲ့သို့ ဆုတ်ခွာသင့်ကြောင်း သင်ကြားပေးခဲ့သည်။

သမိုင်းက လီနင်၏လမ်းစဉ် မှန်ကန်ကြောင်း အပြည့်အဝသက်သေပြခဲ့သည်။

သတ္တမအကြိမ်ကွန်ဂရက်တွင် ပါတီ၏အမည်ကို ပြောင်းရန်နှင့် ပါတီလမ်းစဉ်ပြောင်းရန် ဆုံးဖြတ်လိုက်သည်။ ပါတီ၏အမည်ကို ရုရှားကွန်မြူနစ်ပါတီ (ဘော်ရှီဗစ်) R.C.P.(B)သို့ ပြောင်းလိုက်သည်။ လီနင်က ကျွန်တော်တို့ပါတီကို ကွန်မြူနစ်ပါတီဟု ခေါ်ဝေါ်ရန်အဆိုပြုခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ဤအမည်သည် ပါတီ၏ ရည်ရွယ်ချက်ဖြစ်သော ကွန်မြူဝါဒ အောင်ပွဲရရေးနှင့် အတိအကျ လိုက်လျောနေသောကြောင့်ဖြစ်သည်။

လီနင်နှင့် စတာလင်တို့ပါဝင်သည့် အထူးကော်မရှင်ကို ပါတီလမ်းစဉ်ရေးဆွဲရန် ရွေးကောက်တင်မြောက်လိုက်ပြီး လီနင်၏ လမ်းစဉ်မူကြမ်းကို အခြေခံအဖြစ် လက်ခံလိုက်ကြသည်။

ဤနည်းဖြင့် သတ္တမအကြိမ်ကွန်ဂရက်သည် သမိုင်းဝင် နက်ရှိုင်းလေးနက်သည့် အရေးပါသော တာဝန်ကို အောင်မြင်စွာ ထမ်းဆောင်လိုက်သည်။ ပါတီဝင်ထုအတွင်း ပုန်းအောင်းနေသည့်ရန်သူ "လက်ဝဲကွန်မြူနစ်များ"နှင့် ထရော့စကီဝါဒီများကို နှိမ်နင်းလိုက်သည်။ တိုင်းပြည်ကို နယ်ချဲ့စစ်ပွဲအတွင်းမှ အောင်မြင်စွာ ဆွဲထုတ်နိုင်ခဲ့သည်။ ငြိမ်းချမ်းရေးနှင့် အနားယူသက်သာခွင့် အချိန်ရရှိစေလိုက်သည်။ ပါတီအတွက် တပ်နီတော်ဖွဲ့စည်းရန် အချိန်ရစေလိုက်သည်။ ပါတီအား အမျိုးသားစီးပွားရေးတွင် ဆိုရှယ်လစ်အနေအထား စတင်ပြုလုပ်ရေးတာဝန်ကို စီစဉ်ပြင်ဆင်ပေးနိုင်စေခဲ့သည်။

**၈။ ဆိုရှယ်လစ်တည်ဆောက်ရေး ပထမခြေလှမ်းများအတွက် လီနင်၏စီမံကိန်း၊ ဆင်းရဲလယ်သမားကော်မတီများနှင့်ကူးလတ်များအားထိန်းချုပ်ခြင်း၊ "လက်ဝဲ"ဆိုရှယ်လစ်တော်လှန်ရေး သမားများ၏ ပုန်ကန်မှုနှင့် ၎င်းကို နှိမ်နင်းခြင်း၊ ဆိုဗီယက်များ၏ ပဉ္စမကွန်ဂရက်နှင့် ရုရှားဆိုဗီယက် ဖက်ဒရယ်ဆိုရှယ်လစ်သမ္မတနိုင်ငံ R.S.F.S.R ၏ ဖွဲ့စည်းအုပ်ချုပ်ပုံကို အတည်ပြုခြင်း။**

ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုအပြီး ဤနည်းဖြင့် အချိန်ကာလတခု ရအောင်ယူပြီးနောက် ဆိုဗီယက်အစိုးရသည် ဆိုရှယ်လစ်တည်ဆောက်ရေးလုပ်ငန်းကို စတင်လုပ်ဆောင်ခဲ့သည်။ လီနင်က ၁၉၁၇ ခု၊ နိုဝင်ဘာမှ ၁၉၁၈ ခု၊ ဖေဖော်ဝါရီလအထိကာလကို "အရင်းအနှီးအပေါ် တပ်နီများ၏

တိုက်ခိုက်သည့်''အဆင့်ဟု ခေါ်ဆိုခဲ့သည်။ ၁၉၁၈ ခု၊ ပထမနှစ်ဝက်တွင် ဆိုဗီယက်အာဏာသည် ဓနရှင်များ၏ စီးပွားရေးစွမ်းအားကို ချိုးဖျက်ရာတွင်လည်းကောင်း၊ အမျိုးသားစီးပွားရေး၏ အဓိကအချက်အချာ လုပ်ငန်းများ (စက်ရုံအလုပ်ရုံ၊ ဘဏ်၊ မီးရထားလမ်း၊ နိုင်ငံခြားကုန်သွယ်ရေး၊ ရေကြောင်းသယ်ယူပို့ဆောင်ရေးစသဖြင့်)တို့ကို မိမိလက်ထဲစုစည်းရာတွင်လည်းကောင်း အောင်မြင်ခဲ့ပြီး၊ နိုင်ငံတော်အာဏာ၏ ဓနရှင်စက်ယန္တရားကိုချေမှုန်းကာ ဆိုဗီယက်အာဏာကို ဖြုတ်ချရန် ပထမဆုံးသော တန်ပြန်တော်လှန်ရေး ကြိုးပမ်းချက်များကို အောင်မြင်စွာ ဖြိုဖျက်နိုင်ခဲ့သည်။

သို့သော် ဤမျှဖြင့်မလုံလောက်သေးပါ။ တိုးတက်လိုပါက အနေအထားဟောင်းကို ဖျက်ဆီးပစ်လိုပါက အသစ်တည်ဆောက်ရေးဖြင့် အစားထိုးရမည်။ ဤသည်နှင့် ကိုက်ညီစွာပင် ၁၉၁၈ နွေဦး၌ ကူးပြောင်းရေးကာလ စတင်ခဲ့ပြီး "သိမ်းယူသူများထံမှ အများပိုင်သိမ်းယူခြင်း" မှ ဆိုရှယ်လစ်တည်ဆောက်ရေး အဆင့်သစ်ရရှိလာသော အောင်ပွဲများ၏ စည်းရုံးရေးရာ ခိုင်မာမှု ဆိုဗီယက်အမျိုးသားစီးပွားရေး တည်ဆောက်ခြင်းသို့ ကူးပြောင်းလာခဲ့သည်။ လီနင်က ဆိုရှယ်လစ်စီးပွားရေးစနစ် အခြေခံအုတ်မြစ်စတင်ချနိုင်ရန် စစ်ပွဲမှ အနားယူထားသည့် ကာလကို အစွမ်းကုန် အခွင့်ကောင်းယူရမည်ဟု ခံယူသည်။ ဘော်ရှီဗစ်များသည် ထုတ်လုပ်ရေးကို နည်းလမ်းသစ်ဖြင့် စုစည်းစီမံလုပ်ဆောင်နိုင်ရန် သင်ယူလေ့လာရသည်။ လီနင်က ဘော်ရှီဗစ်ပါတီသည် ရုရှားကိုချမ်းသာသူများလက်မှ ပြည်သူများအတွက် အောင်ပွဲရစေခဲ့သည် ဆိုသည်ကို ရုရှားပြည်ကို သဘောပေါက် နားလည်စေပြီး ဖြစ် သည်။ ယခုအခါ ဘော်ရှီဗစ်ပါတီသည် ရုရှားကို အုပ်ချုပ်ဖို့ လေ့လာရမည်ဟု ရေးသားခဲ့သည်။

လီနင်က ယခုအဆင့်၏ အဓိကတာဝန်မှာ တိုင်းပြည်မှ ထုတ်လုပ်သည့် အရာအားလုံးကို စာရင်းအင်းများထားရှိပြီး အထွက်ပစ္စည်းအားလုံး ဖြန့်ဝေခြင်းပေါ် ထိန်းချုပ်ရမည်ဟု ခံယူထားသည်။ ဓနရှင်ပေါက်စ အစိတ်အပိုင်းများသည် တိုင်းပြည်၏ စီးပွားရေးစနစ်တွင် လွှမ်းမိုးနေသည်။ မြို့နှင့်ကျေးလက်များရှိ အသေးစားပိုင်ဆိုင်သူ သန်းပေါင်းများစွာသည် အရင်းရှင်စနစ်အတွက် ရေခံမြေခံကောင်းဖြစ်နေသည်။ အသေးစားပိုင်ဆိုင်သူလေးများသည် အလုပ်စည်းကမ်း သို့မဟုတ် ပြည်သူ့စည်းကမ်းများကို အသိအမှတ်မပြု၊ နိုင်ငံတော်စာရင်းအင်းကောက်ယူခြင်းနှင့် ထိန်းချုပ်ခြင်း စနစ်ကို လက်မခံချေ။ ဤခက်ခဲလှသည့် ကာလတွင် အထူးအန္တရာယ်ကြီးသည်မှာ ဓနရှင်ပေါက်စများ အမြတ်ကြီးစားရန် ကြံစည်မှုနှင့် အမြတ်ကြီးစားခြင်း၊ အရှုပ်အထွေးများနှင့် အသေးစားပိုင်ဆိုင်သူများနှင့် ကုန်သည်လေးများ၏ ပြည်သူများ လိုအပ်ချက်အပေါ် အမြတ်စားရန် ကြိုးပမ်းချက်များဖြစ်ပေသည်။

ပါတီသည် အလုပ်တွင် ဖြစ်ကတတ်ဆန်းဖြစ်နေမှု၊ စစ်မှုလုပ်ငန်းများတွင် လုပ်အားစည်းကမ်းမရှိမှုတို့အပေါ် ပြင်းထန် စွာတိုက်ပွဲဆင်နွှဲခဲ့သည်။ လူထုသည် အလုပ်လုပ်ကိုင်ရာတွင် အကျင့်သစ်များကို လက်ခံရယူရန် နှေးကွေးနေသည်။ အကျိုးအားဖြင့် အလုပ်စည်းကမ်း၏ တိုက်ပွဲသည် ထိုကာလ၏ အဓိကလုပ်ငန်း ဖြစ်လာပေတော့သည်။

လီနင်က ထောက်ပြသည်မှာ စက်မှုလုပ်ငန်းတွင် ဆိုရှယ်လစ်ပြိုင်ဆိုင်မှုကို ဖြစ်ပေါ်တိုးပွားစေရန် လိုအပ်မှု၊ ပုတ်ပြတ် ငွေပေးစနစ်ကို တီထွင်ရန် လိုအပ်မှု၊ လစာတန်းတူပေးရေးကို တိုက်ဖျက်ရန် လိုအပ်မှု၊ ပညာပေးရေးဖျောင်းဖျပြောဆိုသည့် နည်းနာများအပြင် နိုင်ငံတော်မှရရှိနိုင်သမျှ ယူဖို့သာ လုပ်နေသူများ၊ လူပျင်းများနှင့် အမြတ်ကြီးစားများအား အလုပ်ထုတ်ပစ်သည့် နည်းနာများပါ အသုံး ပြုရန်လိုအပ်မှုတို့ ဖြစ်သည်။ သူက စည်းကမ်းသစ်များဖြစ်သော အလုပ်စည်းကမ်း၊ ရဲဘော်ရဲဘက် သဖွယ်

ဆက်ဆံရေးစည်းကမ်း၊ ဆိုဗီယက်စည်းကမ်းတို့သည် အလုပ်သမားသန်းပေါင်းများစွာ၏ နေ့စဉ်လက်တွေ့ လုပ်ငန်းဖြစ်စဉ်များမှ တဖြည်းဖြည်း တဆင့်ချင်းတဆင့် ပေါ်ထွက်လာသည့် အရာကိစ္စဖြစ်ကြောင်းနှင့်"ဤတာဝန်သည် သမိုင်းဝင်ကဏ္ဍသစ် တရပ်လုံးကိုသိမ်းယူလိမ့်မည်"ဖြစ်ကြောင်းပြောကြားသည်။ **(လီနင်ကျမ်းပေါင်းစုံ၊ အတွဲ ၂၃၊ စာမျက်နှာ– ၄၄)**

ဆိုရှယ်လစ်တည်ဆောက်ရေး၊ ဆိုရှယ်လစ်ထုတ်လုပ်မှု ဆက်ဆံရေးအသစ်တို့၏ ဤပြဿနာအားလုံးကို လီနင်သည် သူ၏ ကြော်ကြားလှသောစာအုပ် "ဆိုဗီယက်အစိုးရ၏ လတ်တလော လုပ်ငန်းတာဝန်များ"တွင် ဖော်ပြထားသည်။

ဤပြဿနာများအပေါ် "လက်ဝဲကွန်မြူနစ်များ"သည်လည်း ဆိုရှယ်လစ်တော်လှန်ရေးသမားများ မင်ရှီဗစ်များနှင့် အတူတွဲ၍ လီနင်ကို တိုက်ခိုက်ခဲ့သေးသည်။ ဘူခါရင်၊ အိုစင်စကီးနှင့်အချို့လူများသည် စည်းကမ်းများသတ်မှတ်မှု၊ လုပ်ငန်းများ၌ တဦးတည်း စီမံအုပ်ချုပ်မှု၊ စက်မှုလုပ်ငန်းများ၌ ဓနရှင်ကျွမ်းကျင်သူများကိုခန့်ထားမှု၊ လည်ပတ်နိုင်စွမ်းရှိသော စီးပွားရေးနည်းနာများ သတ်မှတ်မှုကိုဆန့်ကျင်ကြသည်။ သူတို့က ဤပေါ်လစီသည် ဓနရှင်အကြောင်းချက်များကို ပြန်လာစေခြင်းဖြစ်သည်ဟုဆိုပြီး လီနင်ကိုအပုပ်ချခဲ့သည်။ တချိန်တည်းတွင် "လက်ဝဲကွန်မြူနစ်များ"သည် ထရော့စကီဝါဒီများ၏ အမြင်ဖြစ်သော ရုရှား၌ ဆိုရှယ်လစ်တည်ဆောက်ရေးနှင့် ဆိုရှယ်လစ်စနစ် အောင်ပွဲခံရေးမဖြစ်နိုင်ဆိုသည်ကို ဖြန့်ဖြူးကြသည်။

စည်းကမ်းများကို ဆန့်ကျင်ပြီး စီးပွားရေးဘဝအပေါ် နိုင်ငံတော်ထိန်းချုပ်မှုနှင့် စာရင်းအင်းများကောက်ယူခြင်း၊ ထိန်းချုပ်ခြင်းတို့အပေါ် မလိုလား၊ ရန်လိုကြသည့် ကူးလတ်များ၊ လူပျင်းများ၊ အမြတ်ကြီးစားများကို ကာကွယ်ရန်အတွက် "လက်ဝဲကွန်မြူနစ်များ"၏ လက်ဝဲစကားလုံးများက အကူညီအကာကွယ်ပေးထားသည်။

ဆိုဗီယက်စက်မှုလုပ်ငန်းအသစ်၏ ဖွဲ့စည်းပုံမှုများကို ဖြေရှင်းတည်ငြိမ်စေပြီးနောက် ပါတီသည် ထိုအချိန်က ဆင်းရဲလယ်သမားနှင့် ကူးလတ်အကြား တိုက်ပွဲကြီးမားနေသည့် ကျေးလက်ရှိပြဿနာများကို ဆက်လက်ပြီး ဖြေရှင်းကိုင်တွယ် လုပ်ဆောင်ရပါသည်။ ကူးလတ်များသည် အင်အားတောင့်တင်းလာပြီး မြေရှင်များထံမှ သိမ်းယူထားသည့် မြေများကို တဖြည်းဖြည်းသိမ်းယူနေသည်။ ဆင်းရဲလယ်သမားများသည် အကူညီလိုအပ်နေသည်။ ကူးလတ်များသည် ပစ္စည်းမဲ့များ၏ အခြေအနေကို တိုက်ခိုက်လာပြီး ၎င်းတို့အား သီးနှံများကို သတ်မှတ်ထားသည့် ဈေးနှုန်းနှင့် ရောင်းချရန် ငြင်းဆိုကြသည်။ သူတို့က ဆိုရှယ်လစ်နည်းလမ်းများကို စွန့်လွှတ်စေရန်အတွက် ဆိုဗီယက်နိုင်ငံတော်အား ငတ်မွတ်ခေါင်းပါးစေချင်သည်။ ပါတီသည် တန်ပြန်တော်လှန်ရေးသမားများ၊ ကူးလတ်များကို ချေမှုန်းရန်တာဝန်ကို စတင်လိုက်သည်။ ဆင်းရဲလယ်သမားများကို စည်းရုံးလှုံ့ဆော်ပြီး အပိုအလျှံ ရိက္ခာများကို သိမ်းထားနေသည့် ကူးလတ်များကို တိုက်ပွဲဆင်ရာတွင် အောင်ပွဲရရှိရေးအတွက် စက်မှုအလုပ်သမားများ တပ်ဖွဲ့များကို ကျေးရွာများသို့ စေလွှတ်ခဲ့သည်။

လီနင်က "အလုပ်သမားရဲဘော်အပေါင်းတို့ တော်လှန်ရေးသည် အရေးကြီးသော အချိန်သို့ ရောက်နေပြီဆိုသည်ကို သတိရကြပါ။ တော်လှန်ရေးကို **ခင်ဗျားတို့ တဦးတည်းသာလျှင်** ကယ်တင်နိုင်သည်။ မည်သူမှ မကယ်နိုင်ဘူးဆိုသည်ကို သတိရပါ။ ကျွန်တော်တို့လိုအပ်သည်မှာ ဆိုရှယ်လစ် အရေးတော်ပုံအပေါ် သစ္စာရှိသည့် နိုင်ငံရေးအရ တိုးတက်သည့်လက်ရွေးစင် အလုပ်သမားထောင်သောင်း

တို့ဖြစ်ကာ သူတို့သည် လာဘ်ပေးလာဘ်ယူနှင့် လစ်ရင်လစ်သလို ဘုံးခြင်း၊ ဝှက်ချင်စိတ် ဆန္ဒများကို ချိုးနှိမ်ကာ ကူးလတ်များ၊ အမြတ်ကြီးစားများ၊ ခေးပြများ၊ လာဘ်ထိုးသူများနှင့် စည်းရုံးမှု ပျက်ပြား စေသူများကိုခုခံသည့် သံကန့်လန့်ကာ တည်ထောင်နိုင်သူများဖြစ်ရမည်။''ဟုရေးခဲ့သည်။ **(လီနင်ကျမ်း ပေါင်းစုံ၊ အတွဲ၂၃၊ စာမျက်နှာ–၂၅)**

လီနင်က ''ပေါင်မုန့်အတွက် တိုက်ပွဲဝင်ခြင်းသည် ဆိုရှယ်လစ်စနစ်အတွက် တိုက်ပွဲဝင်ခြင်းဖြစ် သည်''ဟု ဆိုလိုက်သည်။ ထို့အပြင်အလုပ်သမားတပ်ဖွဲ့များကို ကျေးလက်ဒေသသို့ စေလွှတ်ရန် စည်းရုံးလှုံ့ဆော်မှုကို ဤကြွေးကြော်သံအောက်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ရိက္ခာ အာဏာရှင်စနစ် (Food dictatorship) ကိုထူထောင်သည့် အမိန့်များ၊ သတ်မှတ်သည့် စျေးနှုန်းများနှင့် စားနပ်ရိက္ခာ များ ရောင်းချရေးအတွက် ပြည်သူ့ရိက္ခာဌာနများကို အရေးပေါ် အာဏာများပေးအပ်သည့် အမိန့် များ ထုတ်ဆင့်လိုက်သည်။

၁၉၁၈ခု၊ ဇွန်လ ၁၁ ရက်တွင် ဆင်းရဲသားလယ်သမား ကော်မတီများ ဖွဲ့စည်းရေးအတွက် အမိန့်ကြေညာချက် ထုတ်ပြန်လိုက်သည်။ ဤကော်မတီများသည် ကူးလတ်များနှင့် တိုက်ပွဲဆင်ရာ တွင်လည်းကောင်း၊ သိမ်းပိုက်လယ်ယာများကို ပြန်လည်ခွဲဝေရာတွင်လည်းကောင်း၊ လယ်ယာပစ္စည်း များကို ဝေခြမ်းရာတွင်လည်းကောင်း၊ ကူးလတ်များထံမှ ရိက္ခာအပိုများ စုဆောင်းရာတွင် လည်း ကောင်း၊ အလုပ်သမားလူတန်းစားနှင့် တပ်နီတော်တို့ကို ရိက္ခာပစ္စည်းများ ထောက်ပံ့ရာတွင်လည်း ကောင်း အရေးကြီးသည့်အခန်းမှပါဝင်ခဲ့သည်။ ကူးလတ်များ၏ မြေယာဟတ်တာ သန်း ၅၀ သည် ဆင်းရဲနှင့် အလယ်အလတ် လယ်သမားများလက်သို့ ရောက်ရှိသွားခဲ့သည်။ ကူးလတ်များ၏ ထုတ် လုပ်ရေးကိရိယာ အများပိုင်းကို သိမ်းယူကာ ဆင်းရဲ လယ်သမားများလက်သို့ ကူးပြောင်းပေးခဲ့သည်။

ဆင်းရဲလယ်သမားများကော်မတီ တည်ထောင်ခြင်းက ကျေးလက်ဒေသ၌ ဆိုရှယ်လစ်တော်လှန် ရေး ဖြစ်ပေါ်တိုးတက်မှု ရှေ့တဆင့်တက်ခြင်းဖြစ်သည်။ ကော်မတီများသည် ကျေးရွာများတွင် ပစ္စည်းမဲ့အာဏာရှင်စနစ်၏ ခံကတုတ်များဖြစ်သည်။ ၎င်းတို့မှတဆင့် လယ်သမားများအကြား တပ်နီတော်အတွက် စစ်သားစုဆောင်းခဲ့ခြင်းဖြစ်သည်။

ကျေးလက်ဒေသများတွင် ပစ္စည်းမဲ့စစ်ဆင်ရေးနှင့် ဆင်းရဲသားလယ်သမားကော်မတီများ၏ စည်းရုံးလှုံ့ဆော်ချက်များက ကျေးလက်ရှိ ဆိုဗီယက်အာဏာကို ခိုင်မာတောင့်တင်းစေပြီး အလယ် အလတ် လယ်သမားများ ဆိုဗီယက်အာဏာဘက် ပြောင်းလာစေရန် ကြိုးစားရာတွင် ကြီးမားသော နိုင်ငံရေးအရ အရေးပါအရာရောက်သော အကြောင်းတရပ်ဖြစ်ခဲ့သည်။ ၁၉၁၈ အကုန်တွင် ဆင်းရဲ လယ်သမား ကော်မတီသည် ၎င်း၏တာဝန် ပြီးမြောက်အောင်မြင်ပြီးသောအခါ ကျေးလက် ဆိုဗီယက် များနှင့် ပူးပေါင်းလိုက်ပြီး၊ ၎င်းတို့ တည်ရှိမှုမှာလည်း အဆုံးသတ်သွားခဲ့သည်။

၁၉၁၈ ဇွန်လ ၄ ရက်တွင် ဖွင့်လှစ်သည့် ဆိုဗီယက်များ၏ ပဉ္စမကွန်ဂရက်တွင် ''လက်ဝဲ'' ဆို ရှယ်လစ်တော်လှန်ရေးသမားများသည် ကူးလတ်များကို ကာကွယ်ရန် လီနင်ကို ပြင်းထန်စွာ တိုက် ခိုက်သည်။ ၎င်းတို့က ကူးလတ်များကို ဆက်လက် တိုက်ပွဲမဆင်တော့ရန်နှင့် လုပ်သားရိက္ခာ တပ် ဖွဲ့များ ကျေးလက်စေလွှတ်ခြင်းရပ်ရန် တောင်းဆိုသည်။ ''လက်ဝဲ''ဆိုရှယ်လစ်တော်လှန်ရေး သမား များသည် ၎င်းတို့၏ပေါ်လစီကို ကွန်ဂရက်မှ အများစုက ဆန့်ကျင်ကြောင်း သိမြင်လာသည့်အခါ မော်စကိုတွင် ပုန်ကန်မှုကို စတင်လိုက်ပြီး ထရိုင်ယိုစရာတစ်တဲလ်စကီးလမ်းကြားကို သိမ်း

ပိုက်လိုက်သည်။ ထိုမှ ကရင်မလင်ကို အမြောက်ဖြင့်ပစ်ခတ်ခဲ့သည်။ ဤရုတ်တရက် မိုက်ရူးရဲ လုပ်ဆောင်ချက်ကို ဘော်ရှီဗစ်များက နာရီအချို့အတွင်း နှိမ်နင်းလိုက်နိုင်ခဲ့သည်။ ''လက်ဝဲ'' ဆိုရှယ်လစ်တော်လှန်ရေးသမားများသည် တိုင်းပြည်၏ အခြားဒေသများတွင်လည်း ပုန်ကန်ရန် ကြိုးပမ်းခဲ့ကြသေးသော်လည်း ဤအရေးအခင်းများကို နေရာတကာတွင် အလျင်အမြန် နှိမ်နင်းပစ်လိုက်နိုင်သည်။

ဆိုဗီယက်ဆန့်ကျင်သည့် ''လက်ယာနှင့် ထရော့စကီဝါဒီများ''အုပ်စုအမှု ယခုတွင် ပေါ်ထွက်လာပြီးဖြစ်သည့်အတိုင်း ''လက်ဝဲ''ဆိုရှယ်လစ်တော်လှန်ရေးသမားများ၏ ပုန်ကန်မှုသည် ဘူခါရင်နှင့် ထရော့စကီတို့ သိရှိ သဘောတူခွင့်ပြုချက်ဖြင့် စတင်ခြင်းဖြစ်ကာ ဘူခါရင်ဝါဒီများ၊ ထရော့စကီဝါဒီများ ''လက်ဝဲ''ဆိုရှယ်လစ်တော်လှန်ရေးသမားများက ဆိုဗီယက်အာဏာကို ဆန့်ကျင်သည့် အထွေထွေ တန်ပြန်တော်လှန်ရေး လုပ်ကြံမှု၏ တစိတ်တပိုင်းဖြစ်ခဲ့ပေသည်။

နောက်ပိုင်း ထရော့စကီ၏ သူလျှိုများဖြစ်သွားသူ ဘလမ်ခင် (Blumkin)ဆိုသည့်အမည်နှင့် ''လက်ဝဲ''ဆိုရှယ်လစ်တော်လှန်ရေးတဦးသည် ထိုကာလမှာပင် ဂျာမန်သံရုံးအတွင်း တိတ်တဆိတ်ဝင်ရောက်ပြီး မော်စကိုရှိ ဂျာမန်သံအမတ်ကြီး မားဘတ်ချ် (Mirbach)ကို လုပ်ကြံသတ်ဖြတ်လိုက် သည်။ ဂျာမနီနှင့် စစ်ဖြစ်ရန် ရည်ရွယ်ချက်ဖြင့် လုပ်ကြံခြင်းဖြစ်သည်။ သို့သော် ဆိုဗီယက်အစိုးရက စစ်ကိုရှောင်လွှဲလိုက်ပြီး တန်ပြန်တော်လှန်ရေးသမားများ၏ လုပ်ကြံမှုကို ပျက်ပြားစေလိုက်ပါသည်။

ဆိုဗီယက်များ၏ ပဉ္စမကွန်ဂရက်က ပထမဆုံးသော ဆိုဗီယက်ဖွဲ့စည်းအုပ်ချုပ်ပုံ၊ ရုရှားဆိုဗီယက်ဖက်ဒရယ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံကို လက်ခံအတည်ပြုလိုက်သည်။

# အကျဉ်းချုပ်

၁၉၁၇ခု၊ ဖေဖော်ဝါရီမှ အောက်တိုဘာလအထိ ရှစ်လအတွင်း ဘော်ရှီဗစ်ပါတီသည် အလွန်ခက်ခဲလှသော လုပ်ငန်းဖြစ်သည့် အလုပ်သမားလူတန်းစား အများစုနှင့် ဆိုဗီယက်အများစု သိမ်းသွင်းရေးနှင့် ဆိုရှယ်လစ်တော်လှန်ရေးအတွက် လယ်သမားသန်းပေါင်းများစွာ၏ ထောက်ခံမှုရရေးတို့ကို ပြီးမြောက်အောင်မြင်အောင် ထမ်းဆောင်နိုင်ခဲ့သည်။ ဓနရှင်ပေါက်စများ (ဆိုရှယ်လစ်တော်လှန်ရေးသမားများ၊ မင်ရှီဗစ်များနှင့် မင်းမဲ့များ) ၏ ပေါ်လစီကို တဆင့်ပြီးတဆင့် ဖော်ထုတ် ဖွင့်ချပြီး အလုပ်သမားပြည်သူများ၏ အကျိုးစီးပွားနှင့် ဗီလာဆန့်ကျင်ကြောင်း ပြသခြင်းဖြင့် ဤ လူထုကြီးကို ထိုပါတီများ၏ ဩဇာဂယက်အောက်မှ ဆွဲယူခဲ့သည်။ ဘော်ရှီဗစ်ပါတီသည် ရှေ့ တန်းမှာရော၊ နောက်တန်းမှာပါ နိုင်ငံရေးလုပ်ငန်းများကို အကျယ်အပြန့် လုပ်ဆောင်ခဲ့ပြီး အောက် တိုဘာဆိုရှယ်လစ်တော်လှန်ရေးအတွက် လူထုကို ပြင်ဆင်ပေးခဲ့သည်။

ဤကာလအတွင်း ပါတီ၏သမိုင်းတွင် အဆုံးအဖြတ်အခန်းက ပါဝင်သည့် အရေးကြီးသည့် အဖြစ်အပျက်များမှာ လီနင် နိုင်ငံခြားမှ ပြန်ရောက်လာခြင်း၊ သူ၏ဧပြီစစ်တမ်း၊ ဧပြီပါတီကွန်ဖရင့်နှင့် ဆဋ္ဌမပါတီကွန်ဂရက်တို့ဖြစ်သည်။ ပါတီဆုံးဖြတ်ချက်များသည် အလုပ်သမားလူတန်းစားအတွက် အင်အားရေသောက်မြစ်ဖြစ်ကာ အောင်ပွဲအပေါ် ယုံကြည်မှုများပေါ်ထွက်စေခဲ့ပေသည်။ ထိုဆုံးဖြတ်ချက်များတွင် အလုပ်သမားများသည် တော်လှန်ရေး၏ အရေးကြီးသော ပြဿနာများ၏ အဖြေကို ရှာတွေ့ခဲ့သည်။ ဧပြီကွန်ဖရင့်က ပါတီ၏လုပ်ငန်းကို ဓနရှင်ဒီမိုကရေစီတော်လှန်ရေးမှ ဆိုရှယ်လစ်တော်လှန်ရေးသို့ ကူးပြောင်းရေးတိုက်ပွဲသို့ လမ်းညွှန်ခဲ့သည်။ ဆဋ္ဌမကွန်ဂရက်က ပါတီကို ဓနရှင်လူတန်းစားနှင့် ၎င်း၏ယာယီအစိုးရကို လက်နက်ကိုင်ပုန်ကန်ရန် ဦးဆောင်လမ်းညွှန်မှု ပေးခဲ့သည်။

စေ့စပ်ရေးသမားများဖြစ်သော ဆိုရှယ်လစ်တော်လှန်ရေးသမားများနှင့် မင်ရှီဗစ်ပါတီများ၊ မင်းမဲ့ပါတီများနှင့် အခြားကွန်မြူနစ် မဟုတ်သည့် ပါတီများသည် ၎င်းတို့၏ ဖြစ်ပေါ်တိုးတက်မှု သံသရာကို ပြည့်ဝစေလိုက်သည်။ ၎င်းတို့ အားလုံးသည် အောက်တိုဘာ တော်လှန်ရေးမတိုင်မီမှာပင် ဓနရှင်ပါတီများ ဖြစ်သွားကြပြီး အရင်းရှင်စနစ် စုစည်းထားရှိရေးနှင့် ထိန်းသိမ်းရေးအတွက် တိုက်ပွဲဝင်ကြသည်။ ဘော်ရှီဗစ်ပါတီသည် ဓနရှင်လူတန်းစားကို ဖြုတ်ချပြီး ဆိုဗီယက်အာဏာကို ထူထောင်ရန် လူထုများ၏ တိုက်ပွဲကို ခေါင်းဆောင်မည့် တခုတည်းသော ပါတီဖြစ်သည်။

တချိန်တည်းတွင် ဘော်ရှီဗစ်များသည် ပါတီတွင်းမှ အညံ့ခံသမားများဖြစ်သော ဇီနိုဗစ်၊ ကဲမီနက်ဗ်၊ ရိုင်ကော့ဗ်၊ ဘူခါရင်၊ ထရော့စကီနှင့် ပျာတကော့ဗ်တို့၏ ဆိုရှယ်လစ်တော်လှန်ရေးလမ်းမှ ပါတီကို လမ်းလွဲသွားအောင် ကြိုးပမ်းမှုများကိုလည်း ချေမှုန်းလိုက်သည်။

ဘော်ရှီဗစ်ပါတီ၏ ခေါင်းဆောင်မှုဖြင့် အလုပ်သမားလူတန်းစားသည် ဆင်းရဲလယ်သမားနှင့်အတူ မဟာမိတ်ဖွဲ့လျက် စစ်သား၊ ရေတပ်သားများကို ထောက်ခံမှုရယူကာ ဓနရှင်လူတန်းစား၏ အာဏာကိုဖြုတ်ချပြီး ဆိုဗီယက်အာဏာကို ထူထောင်သော ပုံစံသစ်နိုင်ငံတော်ဖြစ်သည်။ ဆိုရှယ်လစ်ဆိုဗီယက်နိုင်ငံကိုထူထောင်၊ မြေရှင်များ၏ မြေယာပိုင်ဆိုင်မှုစနစ်ကို ဖျက်သိမ်း၊ လယ်သမားများ အသုံးပြုရန် မြေများပေးအပ်၊ တိုင်းပြည်ရှိ မြေယာအားလုံးကို ပြည်သူပိုင်သိမ်း၊ အရင်းရှင်များ၏ ပစ္စည်းကို သိမ်းယူ၊ ရုရှားနိုင်ငံအား စစ်ပွဲမှနောက်ဆုတ်စေလိုက်နိုင်သည်။ ငြိမ်းချမ်းရေးကိုရရှိစေခဲ့သည်။

ဤသည်မှာ အလွန်လိုအပ်သည့် အနားယူကာလဖြစ်ပြီး ဤနည်းဖြင့် ဆိုရှယ်လစ်တည်ဆောက်ရေး၊ ဖြစ်ပေါ်တိုးတက်ရေးအတွက် အကြောင်းအချက်များကို ဖန်တီးလိုက်သည်။

အောက်တိုဘာ ဆိုရှယ်လစ်တော်လှန်ရေးသည် အရင်းရှင်စနစ်ကို ချေမှုန်းလိုက်ပြီး ဓနရှင်လူတန်းစားကို ထုတ်လုပ်ရေး ကိရိယာလက်မဲ့ဖြစ်စေကာ စက်ရုံများ၊ အလုပ်ရုံများ၊ မြေယာ၊ မီးရထားလမ်းနှင့်၊ ဘဏ်တိုက်များကို ပြည်သူအားလုံးပိုင်ပစ္စည်း၊ အများပိုင်ပစ္စည်းအဖြစ် ပြောင်းလဲပစ်လိုက်သည်။

ပစ္စည်းမဲ့အာဏာရှင်စနစ်ကို ဤတော်လှန်ရေးက တည်ထောင်လိုက်ပြီး တိုင်းပြည်အဝန်းမှ အစိုးရကို အလုပ်သမားလက်သို့ ပေးအပ်လိုက်ကာ ၎င်းတို့ကို အုပ်စိုးသူလူတန်းစားဖြစ်စေလိုက် သည်။

ဤနည်းဖြင့် အောက်တိုဘာ ဆိုရှယ်လစ်တော်လှန်ရေးက လူသားသမိုင်းတွင် ခေတ်သစ်တရပ် ပစ္စည်းမဲ့တော်လှန်ရေးခေတ်ကို ဆောင်ကြဉ်းလာခဲ့ပေသည်။

# အခန်း (၈)
# နိုင်ငံခြားမှ စစ်ရေးအရ စွက်ဖက်မှုနှင့် ပြည်တွင်းစစ်ကာလအတွင်းမှ ဘော်ရှီဗစ်ပါတီ။ (၁၉၁၈–၁၉၂၀)

## ၁။ နိုင်ငံခြားမှ စစ်ရေးအရ စွက်ဖက်လာခြင်း။ ပြည်တွင်းစစ် ပထမကာလ။

အနောက်နိုင်ငံများ၌ စစ်ပွဲအစွမ်းကုန်ကြဲနေချိန်တွင် ဘရက်စ်– လစ်တော့ဗ်စ် ငြိမ်းချမ်းရေး စာချုပ်ချုပ်ဆိုလိုက်ခြင်း၊ ဆိုဗီယက်အာဏာ တည်တံ့ခိုင်မြဲစေခြင်းနှင့် ကျင့်သုံးလုပ်ဆောင်နေသော တော်လှန်သည့် စီးပွားရေးနည်းနာ တသီတတန်းကြီး၏ အကျိုးကြောင့်၊ အနောက်နိုင်ငံအရင်းရှင်များ အထူးသဖြင့် မဟာမိတ်နိုင်ငံများအတွင်း အရေးတကြီး စိုးရိမ်ပူပန်မှုများ ပေါ်ထွက်လာခဲ့သည်။

ဂျာမနီနှင့် ရုရှားအကြား ငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုလိုက်ခြင်းက စစ်ပွဲအတွင်း ဂျာမနီအနေအထား တိုးတက်ကောင်းမွန်သွားစေသည်နှင့်အညီ မဟာမိတ်နယ်ချဲ့သမားများက မိမိတို့တပ်များ၏ အခြေအနေ ဆိုးရွားသွားမည့် အရေးကို စိုးရိမ်လာကြသည်။ ထို့အပြင် ရုရှားနှင့် ဂျာမနီအကြား ငြိမ်းချမ်းရေးက နိုင်ငံအားလုံးနှင့် စစ်မျက်နှာအားလုံးတို့တွင် ငြိမ်းချမ်းရေးလိုလားမှုကို လှုံ့ဆော်ပေးလိုက်သည်။ စစ်ပွဲဆက်လက်ဆင်နွှဲရေးအတွက် ဤအကြောင်းက အတားအဆီးတခုလိုဖြစ်နေပြီး၊ နယ်ချဲ့စနစ် အရေးတော်ပုံ ပျက်စီးမည့်အန္တရာယ်ကို ပိုမိုကြောက်ရွံ့ခြင်းဖြစ်သည်။ နောက်ဆုံးကြောက်ရွံ့မှုမှာ အလွန်ကျယ်ပြန့်လှသော နိုင်ငံနယ်နိမိတ်တခွင်၌ ဆိုဗီယက်အာဏာ တည်ရှိလာမှုကြီးနှင့် ခနရှင်အာဏာပြိုပျက်ပြီးနောက် ပြည်တွင်းတွင် ရရှိလာသော အောင်ပွဲများက အနောက်နိုင်ငံမှ အလုပ်သမားများနှင့် စစ်သားများကို ကူးစက်ပျံ့နှံ့စေမည့် ဥပမာတရပ်ကဲ့သို့ ဖြစ်လာမည်ကိုပင်ဖြစ်သည်။ ရေရှည်စစ်ကြီးအပေါ် နက်နဲစွာ မုန်းတီးရွံ့ရှာလာသော အလုပ်သမားနှင့် စစ်သားများသည် ရုရှားများ၏ ခြေလှမ်းများအတိုင်း လိုက်လာကြပြီး မိမိတို့၏ လုံ့စွပ်များကို မိမိတို့၏

အရှင်သခင်များနှင့် ဖိနှိပ်သူများဘက်လှည့်လာနိုင်ပေသည်။ အကျိုးဆက်အားဖြင့် မဟာမိတ်နိုင်ငံ အစိုးရများသည် ဆိုဗီယက်အစိုးရကို ဖြုတ်ချပြီး ဓနရှင် အစိုးရကိုထူထောင်ရန် ရည်ရွယ်ချက်ဖြင့် လက်နက်ကိုင်အင်အားဖြင့် ရုရှားကို ဝင်ရောက် စွက်ဖက်ကျူးကျော်ရန်၊ ထိုမှတဆင့် တိုင်းပြည်၌ ဓနရှင်စနစ်ပြန်လည်ထူထောင်ပြီး ဂျာမန်နှင့် ငြိမ်းချမ်းရေးစာချုပ်ကို ဖျက်သိမ်းကာ ဂျာမနီနှင့် ဩစတြီးယားကို ရင်ဆိုင်ဖို့အတွက် စစ်ရေးမဟာမိတ် ပြန်ထူထောင်ရန် ဆုံးဖြတ်လိုက်သည်။

မဟာမိတ်နိုင်ငံ နယ်ချဲ့သမားများသည် ဆိုဗီယက်အစိုးရ မတည်မငြိမ်ဖြစ်နေသည်ဟု ယုံကြည်နားလည်ထားသောကြောင့် ဤယုတ်မာလှသော လုပ်ငန်းကို ရှောရှောရှူရှူ လုပ်ဆောင်ခဲ့ကြပြီး သူတို့က သူတို့၏ ရန်သူများဘက်မှ ကြိုးပမ်းမှု တခုဖြင့် မုချပင် ရန်သူများ အလွယ်တကူ စောလျင်စွာ နိဂုံးချုပ်သွားမည်ဟု ယုံကြည်ခဲ့ကြသည်။

ဆိုဗီယက်အာဏာ အောင်ပွဲရမှုနှင့် ၎င်းတည်ငြိမ်ခိုင်ခန့်လာမှုတို့က ဖယ်ရှားခြင်းခံရသည့် လူတန်းစားများဖြစ်သော မြေရှင်များနှင့် အရင်းရှင်များ၊ ပျောက်ကွယ်သွားရသည့် ပါတီများဖြစ်သော ဖွဲ့စည်းအုပ်ချုပ်ပုံ ဒီမိုကရက်များ၊ မင်ရှီဗစ်များ၊ ဆိုရှယ်လစ်တော်လှန်ရေးသမားများ၊ မင်းမဲ့သမား များနှင့် အရောင်အသွေးအမျိုးမျိုးသော အမျိုးသားဓနရှင်များနှင့် တပ်ဖြူ ဗိုလ်ချုပ်များ၊ ကော့ဆက် အရာရှိများ၊ သူတို့အကြားတွင် ပို၍ပင်ကြီးမားသည့် စိုးရိမ်သောကများ ဖြစ်ပေါ်စေသည်။

အောင်ပွဲခံ အောက်တိုဘာတော်လှန်ရေး ပထမရက်များအတွင်းမှာပင် ဤရန်လိုသည့် ပထမအစိတ်အပိုင်းအားလုံးက လူသိရှင်ကြား အော်ကြီးဟစ်ကျယ်ဖြင့် ရုရှား၌ ဆိုဗီယက်အာဏာ အတွက် နေရာမရှိကြောင်း ကျဆုံးပျက်စီးမှာဖြစ်ကြောင်း တပတ်နှစ်ပတ် သို့မဟုတ် အလွန်ဆုံး တလ၊ နှစ်လအတွင်း ကျဆုံးမှာဖြစ်ကြောင်း စတင်ပြောဆိုလာကြသည်။ သို့သော် ရန်သူများကျိန်စာတိုက်နေသည့်ကြားမှပင် ဆိုဗီယက်အာဏာသည် ဆက်လက်တည်တံ့ပြီး အင်အားတောင့်တင်းလာကာ ရုရှားပြည်တွင်းရှိ ရန်သူများက  သူတို့ထင်ထားသည်ထက် အင်အားတောင့်တင်းကြောင်းနှင့် ၎င်းကိုဖြိုချရန်မှာ အလွန်ကြီးမားစွာ အင်အားစိုက်ထုတ်ရမှာဖြစ်ပြီး တန်ပြန်တော်လှန်ရေးအင်အားစုအားလုံးမှ ပြင်းထန်သည်းသန်သည့် တိုက်ပွဲလိုအပ်ကြောင်း ဝန်ခံပြောကြားလာရသည်။ ထို့ကြောင့် သူတို့က တန်ပြန်တော်လှန်ရေး၊ ထကြွပုန်ကန်ရေး လှုပ်ရှားမှုများ အကျယ်အပြန့် လုပ်ဆောင်ရန်အတွက် တန်ပြန်တော်လှန်ရေး အင်အားစုများကို လှုံ့ဆော်ရန်၊ စစ်ရေးကေဒါများကို စုရုံးပြီး၊ အထူးသဖြင့် ကော့ဆက်နှင့် ကူးလတ်တို့ရှိရာအရပ်များတွင် ပုန်ကန်မှုများ စည်းရုံးရန်ဆုံးဖြတ်ခဲ့ကြသည်။

ဤနည်းဖြင့် ၁၉၁၈ ခု ပထမနှစ်ဝက်မှာပင် မဟာမိတ်နိုင်ငံများမှ ပြည်ပနယ်ချဲ့သမားများနှင့် ပြည်တွင်းတန်ပြန်တော်လှန်ရေးသမားများဟူသည့် ပြတ်သားသည့် အင်အားစု ၂ ရပ်သည် ဆိုဗီယက်အာဏာကို ဖြုတ်ချရန် ပြင်ဆင်လုပ်ဆောင်လာကြပြီး ဖြစ်ပေသည်။

ဤအင်အားစုများအနက် မည်သည့်အင်အားစုမှ ဆိုဗီယက်အာဏာကို တဦးတည်းဖြိုချရန် လိုအပ်သည့် လိုအပ်ချက်များ အားလုံးမရှိချေ။ ရုရှားရှိ တန်ပြန်တော်လှန်ရေးသမားများထဲတွင် ဆိုဗီယက်အာဏာကို ပုန်ကန်မှုစတင်ရန် လုံလောက်သော စစ်ရေးကေဒါများနှင့် လူအင်အားအချို့ရှိပြီး ၎င်းတို့မှာအဓိကအားဖြင့် ကော့ဆက်အထက်တန်းစားများမှနှင့် ကူးလတ်များမှဖြစ်ကြသည်။ သို့သော် သူတို့မှာ ငွေသော်လည်းကောင်း၊ လက်နက်သော်လည်းကောင်းမရှိချေ။ တဖက်မှာလည်း နိုင်ငံခြားနယ်ချဲ့သမားများမှာ ငွေနှင့် လက်နက်ရှိသော်လည်း ဝင်ရောက်စွက်ဖက်ရန် ရည်ရွယ်ပြီး တပ်အလုံ

အလောက်မစေလွတ်နိုင်ချေ။ ဤသို့မလုပ်နိုင်သည့် အကြောင်းမှာ ဤတပ်များသည် ဂျာ မနီနှင့် ဩစတြီးယားတို့နှင့် စစ်တိုက်ရန် လိုအပ်နေရုံမျှမက ၎င်းတို့သည် ဆိုဗီယက်အာဏာ နှင့်စစ်ခင်းရန် ယုံကြည်စိတ်ချ အားကိုးလောက်ဖွယ်ရှိနိုင်ကောင်းမှ ရှိနိုင်မည်ဖြစ် သောကြောင့်တည်း။

ဆိုဗီယက်အာဏာကို ဆန့်ကျင်တိုက်ခိုက်မည့် တိုက်ပွဲ၏ အကြောင်းအချက်များက ဆိုဗီယက် ဆန့်ကျင်သည့် ပြည်တွင်းပြည်ပ အင်အားစုနှစ်ရပ်၏ စုပေါင်းညီညွတ်ရေးကို တောင်းဆိုပြဌာန်းလိုက်သည်။ ဤပေါင်းစည်းမှုမှာ ၁၉၁၈ ခု ပထမနှစ်ဝက်တွင် အကောင်အထည် ပေါ်လာသည်။ ဤသည်မှာ ပြည်တွင်းမှ တန်ပြန်တော်လှန်ရေး ပုန်ကန်မှုများ၏ ကူညီထောက်ပံ့မှုဖြင့် ဆိုဗီယက်အာဏာကိုဖြုတ်ချရန် နိုင်ငံခြားမှ စစ်ရေးအရ စွက်ဖက်မှု မည်ကဲ့သို့ စတင်ခဲ့ပုံပင်ဖြစ်တော့သည်။

ဤသည်မှာ ရုရှားတွင် စစ်နားချိန်အဆုံးသတ်သွားမှုဖြစ်ပြီး ပြည်တွင်းစစ်၏ အစပျိုးချက်ဖြစ်ကာ ရုရှားအမျိုးသား အလုပ်သမား၊ လယ်သမားများကတဖက်၊ ဆိုဗီယက်အာဏာ၏ ပြည်တွင်းပြည်ပ ရန်သူများကတဖက် ဖြစ်ပွားသည့် စစ်ပွဲဖြစ်သည်။

ဝင်ရောက်စွက်ဖက်မှုမှာ စစ်ပွဲဖြစ်ပြီး ရုရှားကိုတိုက်သည့်စစ်ပွဲ၊ အဆိုးဝါးဆုံးသော အမျိုးအစား စစ်ပွဲဖြစ်သော်လည်း ဗြိတိန်၊ ပြင်သစ်၊ ဂျပန်နှင့် အမေရိကန်နယ်ချဲ့သမားများသည် ၎င်းတို့၏ စစ်ရေးအရ ကျူးကျော်စွက်ဖက်မှုကို စစ်ကြေညာခြင်းမပြုဘဲ စတင်ခဲ့သည်။ ဤ“လူယဉ်ကျေး” ဓားပြကြီးများသည် ရုရှားကမ်းခြေကို လျှို့ဝှက်စွာ ခိုးကြောင်းခိုးဝှက် ဝင်လာခဲ့ပြီး ၎င်းတို့၏ တပ်များကို ရုရှားမြေပေါ်တွင် ချရပ်လိုက်သည်။

မြောက်ပိုင်းသို့ဝင်လာသည့် ဗြိတိသျှနှင့် ပြင်သစ်တပ်များသည် အာချဲန်ဂျဲလ်နှင့် မားမက်ကို သိမ်းပိုက်ပြီး ဒေသဖြူ ပုန်ကန်မှု၏ ကူညီထောက်ခံမှုဖြင့် ဆိုဗီယက်ကိုဖြုတ်ချပြီး တပ်ဖြူ၏ “မြောက်ပိုင်း ရုရှားအစိုးရ”ကို ထူထောင်လိုက်သည်။

ဗလာဒီဗော့စတော့ဗ်သို့ တက်ရောက်လာသည့် ဂျပန်တပ်များသည် မေရီတိုင်းပြည်နယ်ကို သိမ်းပိုက်လိုက်ပြီး ဆိုဗီယက်ကို ဖျက်သိမ်းကာ တပ်ဖြူသူပုန်များကို ထောက်ခံကာ ၎င်းတို့သည် မကြာမီမှာပင် ဓနရှင်စနစ်ကို ပြန်လည်ထူထောင်လိုက်သည်။

မြောက်ပိုင်း ကော့ကေးရှ၌ ဗိုလ်ချုပ်ကိုနီလော့ဗ်၊ အလက်ဇီယက်ဗ် (Alexeyev)နှင့် ဒင်နီကင်တို့သည် ဗြိတိသျှ၊ ပြင်သစ်တို့၏ အကူအညီဖြင့် တပ်ဖြူ“ဗော်လံတီယာ(အပျော်တမ်း) တပ်မ တော်”ကို ဖွဲ့စည်းလိုက်ပြီး ကော့ဆက် အထက်လွှာများ၏ပုန်ကန်မှုကို စတင်လိုက်ကာ ဆိုဗီယက်များ ကို ရန်ပြုနှောင့်ယှက်မှုများ စတင်လာပါတော့သည်။

ဒွန်းမြစ်ပေါ်တွင် ဗိုလ်ချုပ်ကာရာစ်နော့ဗ် (Krasnov)နှင့် မာမွန်တော့ဗ် (Mamontov) တို့သည် ဂျာမန်နယ်ချဲ့သမားများ၏ လျှို့ဝှက်အကူအညီဖြင့် (ဂျာမန်များသည် ဂျာမနီနှင့် ရုရှားအကြားချုပ်ဆိုထားသော ငြိမ်းချမ်းရေးစာချုပ်ကြောင့် ပွင့်ပွင့်လင်းလင်းကူညီရန် တွေဝေနေကြသည်။) ဒွန် ကော့ဆက်များ၏ ပုန်ကန်မှုကို စတင်လိုက်ပြီး ဒွန်ဒေသကို သိမ်းပိုက်လိုက်ကာ ဆိုဗီယက်များကို ရန်လိုနှောင့်ယှက်မှုများ စတင်ခဲ့သည်။

ဗော်လဂါအလယ်ပိုင်းနှင့် ဆိုက်ဗေးရီးယားတို့တွင် ဗြိတိသျှနှင့် ပြင်သစ်တို့က ချက်ကိုစလိုဗက်တပ်များ၏ ပုန်ကန်မှုကို လှုံ့ဆော်ဆွပေးသည်။ စစ်အကျဉ်းသားများပါဝင်သည့် ဤတပ်ဖွဲ့ များသည် ဆိုက်ဗေးရီးယားနှင့် အရှေ့ဖျားဒေသကို ဖြတ်သန်း၍ အိမ်ပြန်ရန် ဆိုဗီယက် အစိုးရထံမှ ခွင့်ရပြီးဖြစ်သည်။

သို့သော် လမ်းခရီး၌ ဆိုရှယ်လစ်တော်လှန်ရေးသမားများနှင့် ဗြိတိသျှ၊ ပြင်သစ်တို့၏ ဆိုဗီယက်အာဏာကို ပုန်ကန်ရန် အသုံးပြုခြင်းခံလိုက်ရသည်။ တပ်ဖွဲ့၏ ပုန်ကန်မှုသည် ဗော်လဂါ ဒေသနှင့် ဆိုက်ဗေးရီးယားရှိ ကူးလတ်များ၊ ပုန်ကန်ရန်နှင့် ဆိုရှယ်လစ်တော်လှန်ရေးသမားများ၏ ဩဇာလွှမ်းမိုးနေသည့် ဗော့ဒ်ကင့်နိစ် နှင့် အိုင်ရှက်ဖ်လုပ်ငန်းဌာနများမှ အလုပ်သမားများ၊ ပုန်ကန်ရန် အချက်ပေးလိုက်ခြင်း ဖြစ်သည်။ ဗော်လ်ဂါဒေသ၊ ဆာမာရာတွင် တပ်ဖြူ ဆိုရှယ်လစ် တော်လှန်ရေး အစိုးရနှင့် အော့မ်စ်တွင် ဆိုက်ဗေးရီးယား တပ်ဖြူအစိုးရကို ထူထောင်လိုက်ကြသည်။

ဂျာမနီသည် ဤဗြိတိသျှ၊ ပြင်သစ်၊ ဂျပန်၊ အမေရိကန်အုပ်စု၏ ဝင်ရောက်စွက်ဖက်မှုတွင် မပါဝင်ချေ။ ပါဝင်ခြင်းလည်း မပြုနိုင်ပါ။ တခြားမည်သည့် အကြောင်းမျှမရှိတောင် ဤအုပ်စုနှင့် စစ်ဖြစ်နေရသောကြောင့်တည်း။ သို့သော်ငြားလည်း၊ ထိုအပြင် ရုရှားနှင့် ဂျာမနီအကြား ငြိမ်းချမ်းရေးစာချုပ်ကို အလေးဂရုပြုခြင်းမရှိပဲ ကိုင်ဇာဝီလီယံအစိုးရသည် ဆိုဗီယက် ရုရှားအတွက် ဗြိတိသျှ၊ ပြင်သစ်၊ ဂျပန်၊ အမေရိကန် ကျူးကျော်သူများကဲ့သို့ပင် အရူးအမူး ခါးသီးသော ရန်သူဖြစ်သည်ဆိုခြင်းကို ယုံမှားသံသယ မရှိသည့် ဘော်ရှီဗစ်တဦးမျှမရှိပါ။ အမှန်မှာမူ ဂျာမန်နယ်ချဲ့သမားများသည် ဆိုဗီယက်ရုရှားကို အထီးကျန်ဖြစ်စေရန် အင်အားချည့်နဲ့စေရန်၊ ပျက်စီးစေရန် အစွမ်းကုန်ပြုလုပ်ခဲ့လေသည်။ သူတို့ သည် ယူကရိန်းကို အလစ်ဝင်ဆွဲလိုက်သည်။ တပ်ဖြူ ယူကရိန်းရာဒါ (Rada- ယူကရိန်း အမျိုးသားဓနရှင်တန်ပြန်တော်လှန်ရေးအစိုးရ ဖြစ်ပြီး၊ တော်လှန်ရေးကို ညှစ်သတ်ရန် ရည်ရွယ်ချက်ဖြင့် ဩစတြီးယား ဂျာမန် နယ်ချဲ့သမားများအား ယူကရိန်းသို့ ဝင်ရောက်ရန် ခေါ်ယူခဲ့သည်...ဘာသာပြန်သူ) နှင့် ချုပ်ဆိုထားသည့် "စာချုပ်"အရ လုပ်ဆောင်သည်ဆိုခြင်းမှာ အမှန်ပင်ဖြစ်သည်။ ရာဒါ၏ တောင်းဆိုချက်ဖြင့် ၎င်းတို့တပ်များ ဝင်ရောက်လာပြီး ယူကရိန်းပြည်သူများကို အသနားအညှာတာကင်းမဲ့စွာ စတင်လုယက် တိုက်ခိုက်ဖိနှိပ်ပြီး၊ ဆိုဗီယက်ရုရှားနှင့် မည်သည့်ဆက်ဆံမှုမျှ မပြုလုပ်ရန် တားဆီးပိတ်ပင်ခဲ့သည်။ သူတို့သည် ထရန့်ကော့ကေးရှကို ဆိုဗီယက်ရုရှားမှ အဆက်ဖြတ်လိုက်ပြီး ဂျော်ဂျီယာ နှင့် အဇာဘိုင်ဂျန် အမျိုးသားရေးဝါဒီများ၏ တောင်းဆိုချက်ဖြင့် ဂျာမန်နှင့် တူရကီတပ်များ စေလွှတ်လိုက်ကာ တစ်ဖလစ်နှင့် ဘာကူးတို့တွင် အရှင်သခင်များသဖွယ် စတင်လုပ်ဆောင်လာကြသည်။ ဆိုဗီယက်အာဏာအား ဒွန်မှ ပုန်ကန်ခြင်းကို စတင်သည့် ဗိုလ်ချုပ်ကရာစ်နော့ဗ်ကို သူတို့က လက်နက်နှင့် ထောက်ပံ့ရေး အမြောက်အမြားကို ပြောင်မဟုတ်သော်လည်း တကယ်လုပ် ပေးခဲ့သည်။

ဤနည်းဖြင့် ဆိုဗီယက်ရုရှားသည် ၎င်း၏အဓိက အစားအစာ၊ ကုန်ကြမ်းပစ္စည်းနှင့် လောင်စာ ရေသောက်မြစ်များမှ ဖြတ်တောက်ခြင်း ခံလိုက်ရသည်။

ထိုအချိန်က ဆိုဗီယက်ရုရှား၌ အခြေအနေများမှာ အလွန်ပြင်းထန်ခက်ခဲနေပေသည်။ ပေါင်မုန့်နှင့် အသားပြတ်လတ်နေသည်။ အလုပ်သမားများ ငတ်မွတ်နေကြသည်။ မော်စကိုနှင့် ပီထရိုဂရက်တွင် တရက်ခြားပေါင်မုန့် 1/8 ပေါင် ရာရှင် ထုတ်ပေးပြီး ပေါင်မုန့်လုံးဝ ထုတ်မပေးနိုင်သည့် အချိန်များလည်း ရှိသည်။ အလုပ်သမားများ ငတ်မွတ်နေကြသည်။ လောင်စာနှင့် ကုန်ကြမ်းပစ္စည်းချို့တဲ့မှုတို့ကြောင့် စက်ရုံများရပ်ဆိုင်းထားရခြင်းသော်လည်းကောင်း သို့မဟုတ် ရပ်ရလုမတတ်သော်လည်းကောင်း ဖြစ်နေပါသည်။ သို့သော်အလုပ်သမားသူတန်းစားသည် စိတ်ဓာတ်မကျခဲ့ချေ။ ထိုနည်းတူ ဘော်ရှီဗစ်ပါတီသည်လည်း စိတ်ဓာတ်မကျချေ။ ထိုကာလ၏ မယုံနိုင်ဖွယ် အခက်အခဲများကိုကျော်လွှားနိုင်ရန်

အသည်းအသန် ကြိုးပမ်းခဲ့ရသောတိုက်ပွဲက အလုပ်သမားလူတန်းစား၌ ငုပ်နေသည့် မကုန်မခန်းနိုင်သော စွမ်းအားမည်မျှရှိကြောင်းနှင့် ဘော်ရှီဗစ်ပါတီ၏ အစဉ်အလာ ဂုဏ်သိက္ခာ မည်မျှကြီးမြင့်ကြောင်းကို ပြသလိုက်သည်။

ပါတီသည် တိုင်းပြည်ကို စစ်တပ်အဖြစ် ကြေညာလိုက်ပြီး ၎င်း၏စီးပွားရေး၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေးဘဝတို့ကို စစ်ပွဲအခြေခံပေါ်၌ လည်ပတ်စေခဲ့သည်။ ဆိုဗီယက်အစိုးရက "ဆိုရှယ်လစ် အဖနိုင်ငံ အန္တရာယ်ကျရောက်နေပြီ"ဟု ကြေညာလိုက်ပြီး တိုင်းပြည်ကို ကာကွယ်ရန် လူထုအား လှုံ့ဆော်လိုက်သည်။ လီနင်က "အရာရာရှေ့တန်းအတွက်"ဆိုသည့် ကြွေးကြော်သံကို ထုတ်လိုက်ပြီး ထောင်သောင်းချီသော အလုပ်သမား ၊ လယ်သမားများသည် တပ်နီတွင်ပါဝင်လာကြကာ ရှေ့တန်းသို့ ထွက်ခွာသွားခဲ့ကြသည်။ ပါတီဝင်နှင့် ကွန်မြူနစ်လူငယ်အဖွဲ့ဝင် ထက်ဝက်နီးပါးခန့်သည် ရှေ့တန်းတက်ခဲ့ကြသည်။ ပါတီက ပြည်သူလူထုကို "အဖနိုင်ငံအတွက် စစ်ပွဲ"၊ နိုင်ငံခြားကျူးကျော် လာသူများနှင့် တော်လှန်ရေးက ဖြုတ်ချလိုက်သည့် သွေးစုပ်လူတန်းစားများ၏ ပုန်ကန်မှုကိုတိုက်သည့် စစ်ပွဲအတွက် လှုံ့ဆော်လိုက်သည်။ လီနင် စည်းရုံးဖွဲ့စည်းသည့် အလုပ်သမား၊ လယ်သမား ကာကွယ်ရေးကောင်စီက ရှေ့တန်းသို့ စစ်ကူများ၊ အစားအစာများ၊ အဝတ်အစား၊ လက်နက်များ ထောက်ပံ့ရေးလုပ်ငန်းကို ညွှန်ကြားခဲ့သည်။ အပျော်တမ်း၊ စစ်မှုထမ်းစနစ်ကို မထမ်းမနေရ စစ်မှုထမ်းစနစ်ဖြင့် အစားထိုးလိုက်ခြင်းကြောင့် တပ်နီတော်အတွင်း တပ်သားသစ် အမြောက်အမြား ရောက်ရှိလာပြီး အင်အားမှာ အလွန်တိုတောင်းသည့် ကာလအတွင်း လူ ၁ သန်းကျော် ဖြစ်သွားခဲ့သည်။

တိုင်းပြည်တွင် အခက်အခဲများနှင့် ရင်ဆိုင်နေရပြီး နုနယ်လှသေးသည့် တပ်နီတော်မှာ အင်အားတောင့်တင်းခိုင်မာခြင်း မရှိသေးသော်လည်း လုပ်ဆောင်ခဲ့သည့် ကာကွယ်ရေးလုပ်ငန်းများသည် မကြာမီမှာပင် ပထမဆုံးသော အောင်ပွဲများရလာသည်။ ဗိုလ်ချုပ် ကရာစနော့ဗ်မှာ သူမုချသိမ်းနိုင်မည်ဟု ယူဆထားသည့် စာရင့်စဲန်မှ တွန်းလှန်ခြင်းခံလိုက်ရပြီး၊ ဒွန်မြစ် အလွန်အထိ မောင်းထုတ်ခြင်းခံ လိုက်ရပါသည်။ ဗိုလ်ချုပ်ဒင်နီကင်၏ စစ်ဆင်ရေးများမှာ မြောက်ပိုင်းကော့ကေးဆပ်မှ အလွန်ငယ်သည့် နယ်မြေတွင်သာ ကန့်သတ်ခြင်းခံနေရပြီး ဗိုလ်ချုပ်ကော်နီလော့ဗ်မှာ တပ်နီတော်နှင့် တိုက်ခိုက်နေစဉ် ထိခိုက်သေဆုံးသွားသည်။ ချက်နှင့် တပ်ဖြူ ဆိုရှယ်လစ်တော်လှန်ရေးသမား တပ်ဖွဲ့များသည် ကဇန်၊ ဆင်းဘတ်စ်နှင့် ဆမာရာတို့မှ ဖယ်ရှားခြင်းခံရပြီး ယူရဲလ်တောင်တန်းသို့ မောင်းထုတ်ခြင်းခံလိုက်ရသည်။ မော်စကိုရှိ ဗြိတိသျှ မစ်ရှင်ခေါင်းဆောင် လော့ခ်ဟတ် (Lockhart) က စည်းရုံးပြီး တပ်ဖြူ ဆာဗင်ကော့ဗ်က ဦးဆောင်သည့် ရာဂိုစလာဗ့် ပုန်ကန်မှုသည် ချေမှုန်းခြင်းခံလိုက်ရကာ လော့ခ်ဟတ် ကိုယ်တိုင် အဖမ်းခံလိုက်ရသည်။ ရဲဘော်ယူရစ်စကီးနှင့် ဗိုလိုဒါစကီးတို့ကို လုပ်ကြံသတ်ဖြတ်ခဲ့ပြီး လီနင်၏ အသက်ကိုပါ ဆိုးယုတ်စွာကြံစည်ခဲ့သည့် ဆိုရှယ်လစ်တော်လှန်ရေးသမားများမှာ ဘော်ရှီဗစ်များအပေါ် ၎င်းတို့၏ ရောင်ဖြူခြိမ်းခြောက် အန္တရာယ်ပြုမှုအတွက် လက်စားချေခြင်းခံရပြီး၊ ရုရှား အလယ်ပိုင်းရှိ အရေးကြီးသည့် မြို့များအားလုံးမှာ ချေမှုန်းခြင်းခံလိုက်ရသည်။

ငယ်ရွယ်နုပျိုသည့် တပ်နီတော်သည် တိုက်ပွဲအတွင်း ရင့်ကျက်မာကျောလာပေသည်။

ကွန်မြူနစ် နိုင်ငံရေးမှူးများ၏ လုပ်ငန်းမှာ တပ်နီတော်အား နိုင်ငံရေးအရပညာပေးမှုနှင့် ခိုင်မာတောင့်တင်းစေရေးတွင်လည်းကောင်း၊ ၎င်း၏ စည်းကမ်းတိုးတက်ရေးနှင့် တိုက်ခိုက်ရေးစွမ်းရည်တိုးတက်ရေးတွင်လည်းကောင်း၊ အဆုံးအဖြတ်ပေးသည့် အရေးကြီးသည့် အခန်းပင်ဖြစ်သည်။

သို့သော် ဘော်ရှီဗစ်ပါတီက ဤသည်များသည် တပ်နီတော်၏ ပထမ အောင်ပွဲများသာလျှင်ဖြစ်ပြီး အပြတ်အသတ်အောင်ပွဲများ မဟုတ်သေးကြောင်း သိရှိကြသည်။ ပိုမိုပြင်းထန်သည့် တိုက်ပွဲသစ်များလာဦးမှာဖြစ်ပြီး တိုင်းပြည်အနေနှင့် ဆုံးရှုံးခဲ့သော အစားအစာ၊ ကုန်ကြမ်းနှင့် လောင်စာဒေသများကို ရန်သူနှင့်ရေရှည်ပြင်းထန်မာကျောသည့် တိုက်ပွဲများ တိုက်ခြင်းဖြင့်သာ ပြန်လည်ရယူနိုင်မှာဖြစ်ကြောင်း သတိပြုမိသည်။ ထို့ကြောင့် ဘော်ရှီဗစ်များသည် ရေရှည်တိုက်ပွဲ ဆင်နွှဲရန် ပြင်းထန်သည့် ပြင်ဆင်မှုများ လုပ်ဆောင်ခဲ့ပြီး၊ တတိုင်းပြည်လုံးအနေဖြင့် ရှေ့တန်းကို အလုပ်အကျွေးပြုရန် ဆုံးဖြတ်ချက် ချမှတ်ခဲ့သည်။ ဆိုဗီယက်အစိုးရသည် "စစ်ကွန်မြူနစ်စနစ်" (War Communism) ကို ကျင့်သုံးလိုက်သည်။ အစိုးရသည် အကြီးစား စက်မှုလုပ်ငန်းများအပြင် အလယ်အလတ်နှင့် အသေးစား စက်မှုလုပ်ငန်းများကို ထိန်းချုပ်လိုက်သည်။ ဤသည်မှာ တပ်များကို ထောက်ပံ့ရန်နှင့် စိုက်ပျိုးရေး အလုပ်သမားများအတွက် ကုန်ပစ္စည်းများကို စုဆောင်းနိုင်ရန် အတွက်ဖြစ်သည်။ ရိက္ခာကုန်သွယ်ရေးအပေါ် နိုင်ငံတော်လက်ဝါးကြီးအုပ်စနစ် ကျင့်သုံးလိုက်ပြီး ရိက္ခာများ၊ တသီးပုဂ္ဂလိက ကုန်သွယ်ခြင်းကိုတားမြစ်လိုက်ကာ ပိုလျှံရိက္ခာခန့်ခွဲသည့်စနစ်ကို ကျင့်သုံးသည်။ ထိုစနစ်အောက်တွင် လယ်သမားများလက်ထဲ၌ ထုတ်လုပ်ထားသော ပိုလျှံရိက္ခာများ အားလုံးကို မှတ်ပုံတင်စေပြီး၊ နိုင်ငံတော်က သတ်မှတ်ထားသည့် နှုန်းအတိုင်းရယူရန်ဖြစ်ကာ တပ်နှင့် အလုပ်သမားများအတွက် ထောက်ပံ့ရန် ရိက္ခာများစုဆောင်းနိုင်ရန်ဖြစ်သည်။ နောက်ဆုံး အစိုးရက လူတန်းစားအားလုံးအတွက် အကြွင်းမဲ့တညီတည်းသော လုပ်အားတာဝန်ကို ကျင့်သုံးလိုက်သည်။ ဓနရှင်များကို ကာယလုပ်အား မလုပ်မနေရ လုပ်ကိုင်စေခြင်းဖြင့်လည်းကောင်း၊ ဤနည်းဖြင့် အလုပ်သမားများကို ရှေ့တန်းရှိ ပိုမိုအရေးကြီးသည့် အခြားတာဝန်များအတွက် လွှတ်ပေးလိုက် စေခြင်းဖြင့်လည်းကောင်း၊ ပါတီသည် "အလုပ်မလုပ်သူ မစားရ" ဆိုသည့်မူကို လက်တွေ့အကောင် အထည်ဖော်လိုက်သည်။

အမျိုးသားကာကွယ်ရေး၏ ထူးခြားခက်ခဲလှသော အကြောင်းအချက်များ၏ လိုအပ်ချက်များကြောင့် ဖြစ်ပေါ်လာရပြီး ယာယီလက္ခဏာဆောင်သည့် ဤလုပ်ဆောင်ချက်အားလုံးကို အပြည့်အစုံအားဖြင့် စစ်ကွန်မြူနစ်စနစ်ဟု ခေါ်သည်။

နိုင်ငံတော်သည် ပင်ပန်းဆင်းရဲကျပ်တည်းလှသော ရေရှည်ပြည်တွင်းစစ်ဖြစ်သော ဆိုဗီယက်အာဏာ၏ အတွင်းအပြင်ရန်သူများနှင့် စစ်အတွက်ပြင်ဆင်ခဲ့သည်။ ၁၉၁၈ ခုနှစ်အကုန်တွင် တပ်မတော်၏ အင်အားကို သုံးဆတိုးမြှင့်လိုက်ပြီး ဤတပ်မတော်အတွက် ထောက်ပံ့ရေးပစ္စည်းများကို စုဆောင်း ရပေတော့သည်။

ထိုအချိန်က လီနင်ပြောခဲ့သည်မှာ –

"ကျွန်တော်တို့အနေဖြင့် နွေဦးရောက်သည့်အချိန်တွင် စစ်သားတသန်းရှိ တပ်မတော်ဖြစ်လာရန် ဆုံးဖြတ်ခဲ့သည်။ ယခု ကျွန်တော်တို့ စစ်သား ၃ သန်းရှိ တပ်မတော်လိုအပ်သည်။ ကျွန်တော်တို့ ရနိုင်သည်။ ရလည်းရရမည်။

## ၂။ ဂျာမနီစစ်ရှုံးခြင်း။ ဂျာမနီတော်လှန်ရေး။ တတိယအင်တာနေရှင်နယ် တည်ထောင်ခြင်း။ အဋ္ဌမ အကြိမ်ပါတီကွန်ဂရက်။

ဆိုဗီယက်နိုင်ငံက နိုင်ငံခြားစွက်ဖက် ကျူးကျော်သည့် အင်အားစုများနှင့် တိုက်ပွဲသစ်များ ရင်ဆိုင်ရန် ပြင်ဆင်နေချိန်တွင် အနောက်နိုင်ငံနှင့် စစ်ဖြစ်နေသောနိုင်ငံများတွင် ရှေ့တန်း၌ရော ပြည်တွင်းမှာပါ အပြတ်အသတ် အဖြစ်အပျက်များ ဖြစ်ပေါ်နေသည်။ ဂျာမနီနှင့် ဩစတြီးယားသည် စစ်ပွဲအကျပ်အတည်းနှင့် ရိက္ခာအကျပ်အတည်းကြောင့် နစ်မွန်းနေသည်။ ဗြိတိသျှ၊ ပြင်သစ်နှင့် အမေရိကန်တို့မှာမူ ရေသောက်မြစ်အသစ်များရရှိနေပြီး ဂျာမနီနှင့် ဩစတြီးယားမှာ ၎င်းတို့၏ နောက်ဆုံးကျန်ရှိသည့် နည်းပါးလှသည့်အရန်ပစ္စည်းများကို သုံးစွဲနေရသည်။ အလွန်အကျွံ ပင်ပန်းနွမ်းနယ်သည့်အဆင့်သို့ ရောက်လာသော ဂျာမနီနှင့် ဩစတြီးယားသည် ဆုံးရှုံးမှု နှုတ်ခမ်းသို့ ရောက်လုမတတ် အခြေအနေသို့ ဆိုက်ရောက်လာပေသည်။

တချိန်တည်းတွင် ဂျာမနီနှင့် ဩစတြီးယား ပြည်သူများသည် မပြီးနိုင်၊ မစီးနိုင်သော အန္တရာယ်ကြီးလှသည့် စစ်ပွဲနှင့် သူတို့အား ပင်ပန်းနွမ်းနယ် ငတ်မွတ်ခေါင်းပါးစေသော သူတို့၏ နယ်ချဲ့အစိုးရများအပေါ် အမျက်ဒေါသထွက်နေကြသည်။ ဆိုဗီယက်စစ်သားများသည် ဆိုဗီယက်ရုရှားနှင့် စစ်ပွဲတကယ် အဆုံးသတ်သွားစေပြီး ငြိမ်းချမ်းရေးအတွက် ချုပ်ဆိုလိုက်သည့် ဘရက်စ်–လစ်တော့ဗ်စ် ငြိမ်းချမ်းရေး မတိုင်မီကပင် ရှေ့တန်း၌ ဩစတြီးယန်းနှင့် ဂျာမန်စစ်သားများကို ရင်းနှီးကျွမ်းဝင်ဆက်ဆံနေသည့်အတွက် အောက်တိုဘာတော်လှန်ရေး၏ ဩဇာဂယက်သည် ကြီးမားစွာရိုက်ခတ်လျက် ရှိသည်။ ရုရှားပြည်သူများသည် သူတို့၏နယ်ချဲ့အစိုးရကို ဖြုတ်ချလိုက်ခြင်းဖြင့် ရွံမုန်းဖွယ်စစ်ကြီးကို အဆုံးသတ်ပစ်လိုက်နိုင်ခြင်းက ဩစတြီးယားနှင့် ဂျာမန်အလုပ်သမားများအတွက် အခိုင်အမာ သင်ခန်းစာကြီး ဖြစ်နေပေသည်။ အရှေ့စစ်မျက်နှာမှာ ချုပ်ထားခြင်းခံရပြီးနောက် ဘရက်စ်–လစ်တော့ဗ်စ် ငြိမ်းချမ်းရေးစာချုပ်အပြီး အနောက်စစ်မျက်နှာသို့ ပြောင်းရွှေ့ခြင်းခံရသော ဂျာမန်စစ်သားများသည် ၎င်းတို့နှင့် ဆိုဗီယက်စစ်သားများ ရင်းနှီးကျွမ်းဝင်မှုနှင့် ဆိုဗီယက်စစ်သားများက စစ်ပွဲကို ချုပ်ငြိမ်းစေလိုက်သည့် နည်းလမ်းများကို ပြန်လည်ပြောပြခြင်းဖြင့် ထိုစစ်မျက်နှာမှ ဂျာမန် တပ်များ၏ စိတ်ဓာတ်ကို ယိုင်နဲ့ စေသည်။ ထိုတူညီသည့် အကြောင်းရင်းများကြောင့်ပင် ဩစတြီးယား တပ်မတော် ဖရိုဖရဲပြိုကွဲနေမှုမှာ ပို၍စောစွာကပင် စတင်ခဲ့ပြီးဖြစ်သည်။

ဤအရာအားလုံးက ဂျာမန် စစ်သားများအကြား ငြိမ်းချမ်းရေး လိုချင်တောင့်တမှုကို ပို၍ပင် ပြင်းထန်စေသည်။ သူတို့သည် သူတို့၏ ယခင်ကရှိခဲ့သော တိုက်ခိုက်ရေး အရည်အချင်းများ ကျဆင်းပျောက်ကွယ်သွားပြီး မဟာမိတ်တပ်မတော်များ၏ အပြင်းအထန် ထိုးစစ်အောက်တွင် နောက်ဆုတ်နေရပေသည်။ ၁၉၁၈ နိုဝင်ဘာတွင် ဂျာမနီ၌ တော်လှန်ရေးဖြစ်ပေါ်ခဲ့ပြီး ဝီလျံနှင့် သူ၏အစိုးရ ဖြုတ်ချခြင်းခံလိုက်ရသည်။

ဂျာမနီသည် စစ်ရှုံးခြင်းကိုဝန်ခံလိုက်ရပြီး မလွှဲမရှောင်သာ ငြိမ်းချမ်းရေးအတွက် ကမ်းလှမ်းလိုက်ရသည်။

ဤတချက်တည်းနှင့်ပင် ဂျာမနီသည် ပထမတန်းစား အင်အားကြီးနိုင်ငံမှ ဒုတိယတန်းစား နိုင်ငံသို့ လျှောကျသွားသည်။

ဆိုဗီယက်နိုင်ငံတော် အနေအထားနှင့် ပတ်သက်၍မူ ဤအခြေအနေသည် အားနည်းချက် အချို့ကို ဖြစ်စေခဲ့သည်။ ဆိုဗီယက်အာဏာကို လက်နက်ကိုင် ငြိမ်းခြောက်ကျူးကျော်မှုကို စတင်ခဲ့ပြီးဖြစ်သည့် မဟာမိတ်နိုင်ငံများသည် ဥရောပနှင့် အာရှတွင် လွှမ်းမိုးသည့် အင်အားစုဖြစ်လာပြီး၊ ဆိုဗီယက်နိုင်ငံကို ပိုမိုတက်ကြွစွာ စွက်ဖက်ပိတ်ဆို့ကာ ဆိုဗီယက်နိုင်ငံတော်ကို ပို၍တင်းကျပ်စွာ လည်ပင်းညှစ်လာနိုင်သောကြောင့်ဖြစ်သည်။ ကျွန်တော်တို့ နောက်ပိုင်းတွင် မြင်လာသည့်အတိုင်း ဤသည်မှာ တကယ်ပင် ဖြစ်ပျက်ခဲ့ပါသည်။ အခြားတဖက်မှာလည်း အားနည်းချက်များထက် အားကောင်းချက် ပိုများပြားခဲ့ပြီး အခြေခံအားဖြင့် ဆိုဗီယက်ရုရှား၏ အနေအထားကို တိုးတက်ကောင်းမွန်စေခဲ့သည်။ ပထမအချက် အနေဖြင့် ဆိုဗီယက်အစိုးရသည် လုယက်ဓားပြတိုက်နေသော ဘရက်စ်–လစ်တော့ဗ်စ် ငြိမ်းချမ်းရေးစာချုပ်ကို ဖျက်သိမ်းလိုက်နိုင်ပြီး စစ်လျော်ကြေးများ ပေးနေရမှုကို ရပ်ဆိုင်းလိုက်နိုင်ကာ ဂျာမန် နယ်ချဲ့ထမ်းပိုးအောက်မှ အက်စ်တိုးနီးယား၊ လတ်ဗီးယား၊ ဘိုင်လိုရုရှား၊ လစ်သူနေယား၊ ယူကရိန်းနှင့် ထရန့်ကော့ကေးရှားတို့ လွတ်မြောက်ရေးအတွက် စစ်ရေး၊ နိုင်ငံရေး ပြောင်တိုက်ပွဲများ စတင်နိုင်လိုက်ပေသည်။ ဒုတိယအချက်နှင့် အဓိကအားဖြင့် ဥရောပ၏ ဗဟိုအချက် အချာ ဂျာမနီ၌ သမ္မတနိုင်ငံအုပ်စိုးမှုနှင့် အလုပ်သမား၊ စစ်သား ကိုယ်စားလှယ်များ၏ ဆိုဗီယက်များ ပေါက်ပေါ်လာမှုက ဥရောပနိုင်ငံများကို လုံးဝပြောင်းလဲစေရန် ဖြစ်လာပြီး၊ တကယ်လည်း ပြောင်းလဲစေလိုက်သဖြင့် ဤသည်က ရုရှားရှိ ဆိုဗီယက်အာဏာ အနေအထားကို အင်အားတောင့်တင်း စေလိုက်ပါသည်။

ဂျာမနီတော်လှန်ရေးသည် ဆိုရှယ်လစ်တော်လှန်ရေးမဟုတ်ဘဲ ဓနရှင်တော်လှန်ရေးပင်ဖြစ်ကာ ဆိုဗီယက်များတွင် ရုရှား မင်ရှီဗစ်များကဲ့သို့ စေ့စပ်ရေးသမားများဖြစ်သော ဆိုရှယ်ဒီမိုကရက်များက လွှမ်းမိုးနေသဖြင့် ဓနရှင်ပါလီမန်၏ ကျိုးနွံသော ကိရိယာဖြစ်နေသည်မှာ အမှန်ပင်ဖြစ်ပေသည်။ ဤသည်က အမှန်အားဖြင့် ဂျာမန်တော်လှန်ရေး၏ အားနည်းချက်ကို ရှင်းလင်းပြဆိုလိုက်ပေသည်။ မည်မျှအားနည်းသည်ဆိုခြင်းကို ဂျာမန်တပ်ဖြူများက ကျော်ကြားသည့် တော်လှန်ရေးသမားများ ဖြစ်သော ရိုဇာလူဇင်ဘတ်နှင့် ကားလ်လစ်ဘနစ်တို့အား အပြစ်ဒဏ်မခံရဘဲ လုပ်ကြံနိုင်စေသည့် ဥပမာက ပြသပေသည်။ မည်သို့ပင် ဆိုစေကာမူ ဤသည်မှာ တော်လှန်ရေးတရပ်ပင် ဖြစ်သည်။ ဝီ လျံမှာ ဖြုတ်ချခံလိုက်ရပြီး အလုပ်သမားများက ၎င်းတို့၏ နှောင်ကြိုးများကို ဖြတ်ပစ်လိုက်သည်။ ဤသည်ကိုက အနောက်နိုင်ငံက တော်လှန်ရေးကို ဇက်လွတ်ပေးစေလိုက်ပြီး ဥရောပနိုင်ငံများမှ တော်လှန်ရေးဒီရေမြင့်ကို ခေါ်ဆောင်လိုက်သည်။

ဥရောပ တော်လှန်ရေး ဒီရေလှိုင်း စတင်မြင့်တက်လာပေပြီ။

ဩစတြီးယား၌ တော်လှန်ရေးလှုပ်ရှားမှု စတင်ခဲ့ပြီး ဟန်ဂေရီ၌ ဆိုဗီယက်သမ္မတနိုင်ငံ ပေါ်ထွက်လာသည်။ တော်လှန်ရေးဒီရေမြင့်နှင့်အတူ ကွန်မြူနစ်ပါတီများ ရှေ့ထွက်လာကြသည်။ ကွန်မြူနစ်ပါတီများ စုပေါင်းဖွဲ့စည်းရေးအတွက် တတိယကွန်မြူနစ်အင်တာနေရှင်နယ် တည်ဆောက်ရေးအ တွက် ယခုအခါ တကယ့် အခြေခံအချက်များ ပေါ်ထွက်လာပြီဖြစ်သည်။

၁၉၁၉ ခု မတ်လတွင် လီနင်ခေါင်းဆောင်သည့် ဘော်ရှီဗစ်များ၏ လှုံ့ဆော်ဦးဆောင်မှုဖြင့် နိုင်ငံအသီးသီးမှ ကွန်မြူနစ်ပါတီများ၏ ပထမကွန်ဂရက်ကို မော်စကို၌ ကျင်းပခဲ့ပြီး၊ ကွန်မြူနစ်အင်တာနေရှင်နယ်ကို တည်ထောင်လိုက်သည်။ ကိုယ်စားလှယ် အများအပြားမှာ ပိတ်ဆို့မှုနှင့် နယ်ချဲ့

သမားများ၏ ညှဉ်းပန်းနှိပ်စက်မှုများကြောင့် မော်စကိုသို့ ရောက်မလာနိုင်ကြသော်လည်း ဥရောပနှင့် အမေရိကမှ အရေးကြီးဆုံးသော နိုင်ငံများသည် ပထမကွန်ဂရက်သို့ တက်ရောက်နိုင်ခဲ့သည်။ လီနင်က ကွန်ဂရက်၏ လုပ်ငန်းကို ဦးဆောင်ညွှန်ကြားခဲ့သည်။

လီနင်က ဓနရှင်ဒီမိုကရေစီနှင့် ပစ္စည်းမဲ့အာဏာရှင်စနစ် ပြဿနာအပေါ် အစီရင်ခံခဲ့သည်။ သူက ဆိုဗီယက်စနစ်၏ အရေးပါမှုကို တင်ပြပြီး ဤသည်မှာ အလုပ်သမားပြည်သူများအတွက် စစ်မှန်သော ဒီမိုကရေစီကို ဆိုလိုကြောင်းပြသခဲ့သည်။ ကွန်ဂရက်မှ နိုင်ငံအားလုံးရှိ ပစ္စည်းမဲ့များသို့ ကြေညာစာတမ်း ထုတ်ပြန်ပြီး၊ ပစ္စည်းမဲ့အာဏာရှင်စနစ်အတွက်နှင့် ကမ္ဘာတဝန်းလုံး၌ ဆိုဗီယက်များ ၏ အောင်ပွဲအတွက် ပြတ်သားစွာတိုက်ပွဲဝင်ရန် လှုံ့ဆော်လိုက်သည်။

ကွန်ဂရက်က တတိယကွန်မြူနစ်အင်တာနေရှင်နယ်၏ အလုပ်အမှုဆောင်ကော်မတီကို တည်ထောင်လိုက်သည်။

ဤနည်းဖြင့် နိုင်ငံတကာ့တော်လှန်သော ပစ္စည်းမဲ့အဖွဲ့အစည်း အမျိုးအစားသစ် ကွန်မြူနစ်အင်တာနေရှင်နယ်၊ မာက့်စ်ဝါဒ၊ လီနင်ဝါဒ အင်တာနေရှင်နယ် ပေါ်ထွက်လာပေသည်။

၁၉၁၉ မတ်လတွင် အဋ္ဌမအကြိမ် ပါတီကွန်ဂရက်ကို ကျင်းပခဲ့သည်။ ဤကွန်ဂရက်မှာ ပဋိပက္ခဖြစ်ဖွယ် အချက်အလက်များ အလယ်တွင် ကျင်းပခဲ့ရခြင်းဖြစ်သည်။ တဖက်တွင် ဆိုဗီယက်အာဏာကို ဆန့်ကျင်သည့် ဖောက်ပြန်သော မဟာမိတ်နိုင်ငံများသည် ပိုမိုအင်အားကြီးထွားလာ နေပြီး တဖက်တွင်မူ ဥရောပ အထူးသဖြင့် စစ်ရှုံးနိုင်ငံများ၏ တော်လှန်ရေးဒီရေမြင့်သည့် ဆိုဗီယက် နိုင်ငံ၏ အနေအထား အတန်အသင့် တိုးတက် ကောင်းမွန်လာစေနေသည်။

ကွန်ဂရက်တွင် ပါတီဝင် ၃၁၃,၇၆၆ ကို ကိုယ်စားပြုသည့် မဲပေးနိုင်သည့် ကိုယ်စားလှယ် ၃၀၁ ဦးနှင့် ဆွေးနွေးနိုင်သည့် ကိုယ်စားလှယ် ၁၀၂ ဦး တက်ရောက်ခဲ့သည်။

ကွန်ဂရက် အဖွင့်မိန့်ခွန်းတွင် လီနင်က ကွန်ဂရက်အကြိုကာလတွင် ကွယ်လွန်သွားသည့် ဘော်ရှီဗစ်ပါတီ၏ ပထမတန်း စည်းရုံးရေးမှူးတဦးဖြစ်သူ ဝိုင်အဲမ်–ဆဗားဒ်လော့ဗ်ကို သတိတရ အလေးပြုလိုက်သည်။

ကွန်ဂရက်က ပါတီလမ်းစဉ်တရပ်ကို ချမှတ်ခဲ့သည်။ ဤလမ်းစဉ်က အရင်းရှင်စနစ်နှင့် ၎င်း၏ အမြင့်ဆုံးစနစ်၊ နယ်ချဲ့စနစ်ကို ရှင်းလင်းဖော်ပြထားသည်။ ၎င်းကဓနရှင် ဒီမိုကရေစီစနစ်နှင့် ဆိုဗီယက်စနစ် နိုင်ငံတော်စနစ် နှစ်မျိုးကိုနှိုင်းယှဉ်ပြထားသည်။ ဆိုရှယ်လစ်စနစ်အတွက် တိုက်ပွဲအတွင်း၊ ဓနရှင်လူတန်းစားကို အများပိုင်သိမ်းယူသည့်လုပ်ငန်းများ ပြီးပြည့်စုံရေး၊ တခုတည်းသော ဆိုရှယ်လစ်စီမံကိန်းနှင့်အညီ တိုင်းပြည်တွင်း စီးပွားရေးဘဝကို စီမံအုပ်ချုပ်ရေး၊ အမျိုးသားစီးပွားရေး အဖွဲ့အစည်းတွင် အလုပ်သမားသမဂ္ဂများပါဝင် လုပ်ဆောင်ရေး၊ ဆိုရှယ်လစ်လုပ်အားစည်းကမ်း၊ ဆိုဗီယက်အဖွဲ့အစည်းများ၏ အုပ်ချုပ်မှုအောက်တွင် စီးပွားရေးနယ်ပယ်များ၌ ဓနရှင် ကျွမ်းကျင်ပညာရှင်များကို အသုံးချရေး၊ ဆိုရှယ်လစ်တည်ဆောက်ရေးလုပ်ငန်းတွင် အလယ်အလတ် လယ်သမားများကို တဖြည်းဖြည်း စနစ်တကျသိမ်းသွင်းရေး၊ လုပ်ငန်းများတွင် ပါတီ၏ အခိုင်အမာလုပ်ငန်းများကို အသေးစိတ်ဖော်ပြထားသည်။

ကွန်ဂရက်က လီနင်၏ တင်ပြချက်ဖြစ်သော လုပ်ငန်းစဉ်တွင် နယ်ချဲ့စနစ်ကို အရင်းရှင်စနစ်၏ အမြင့်ဆုံးစနစ်အဖြစ် အဓိပ္ပာယ်ဖွင့်ဆိုချက်အား ထည့်သွင်းရန်အပြင်၊ ဒုတိယပါတီကွန်ဂရက်က

အတည်ပြုခဲ့သော လမ်းစဉ်ဟောင်းတွင်ပါရှိသည့် စက်မှုလုပ်ငန်းအရင်းရှင်စနစ်နှင့် ကုန်စည်ထုတ်လုပ်ရေး သက်သက်တို့၏ အဓိပ္ပာယ်ဖွင့်ချက်ကိုပါ ထည့်သွင်းရန် လက်ခံအတည် ပြုလိုက်သည်။ လီနင်က လုပ်ငန်းစဉ်သည် ကျွန်တော်တို့ စီးပွားရေးစနစ်၏ ရှုပ်ထွေးမှုကို ထည့်သွင်းစဉ်းစားပြီး အလယ်အလတ် လယ်သမားများက ကိုယ်စားပြုသည့် အသေးစား ကုန်စည်ထုတ်လုပ်ရေးအပါအဝင် တိုင်းပြည်တွင်းရှိ အမျိုးမျိုးအပြားပြား ကွဲပြားနေသော စီးပွားရေးသဏ္ဍာန်များ တည်ရှိမှုကို သတိပြုရန် လိုအပ်သည်ဟု ယူဆသည်။ ထို့ကြောင့်လုပ်ငန်းစဉ်အပေါ် ဆွေးနွေးငြင်းခုံရာတွင် လီနင်က ဘော်ရှီဗစ်အမြင်များနှင့် ဆန့်ကျင်သည့် ဘူခါရင်ကို အပြင်းအထန် ဝေဖန်ရှုတ်ချလိုက်သည်။ ဘူခါရင်က လုပ်ငန်းစဉ်တွင် အရင်းရှင်စနစ်၊ အသေးစားကုန်စည်ထုတ်လုပ်ရေး၊ အလယ်အလတ် လယ်သမားများ၏ စီးပွားရေး ဆိုသည့် စကားလုံးများကို ဖြုတ်ထားရန် အဆိုတင်ခဲ့သည်။ ဘူခါရင်၏ အမြင်များသည် ဆိုဗီယက်နိုင်ငံတော် ဖြစ်ထွန်းရာတွင် အလယ်အလတ်လယ်သမားများ၏ အခန်းကိုငြင်းပယ်သည့် မင်ရှီဗစ်–ထရော့စကီဝါဒီများကို ကိုယ်စားပြုသည်။ ထို့အပြင် ဘူခါရင်သည် လယ်သမားများ၏ အသေးစား ကုန်စည်ထုတ်လုပ်ရေးက ကူးလတ်အစိတ်အပိုင်းများကို ကျွေးမွေးပြုစုထားသည့် အချက်ကိုလည်း ဖုံးဖိလိုက်သည်။

လီနင်က အမျိုးသားရေးပြဿနာအပေါ် ဘော်ရှီဗစ်အမြင်များနှင့် ဆန့်ကျင်သည့် ဘူခါရင်နှင့် ပျာတာကော့ဗ်တို့ကို ဆက်လက် ကန့်ကွက်လိုက်သည်။ သူတို့က လုပ်ငန်းစဉ်တွင် လူမျိုးများ၏ ကိုယ်ပိုင်ဆုံးဖြတ်ခွင့် စာပိုဒ်ပါဝင်ခြင်းကို ဆန့်ကျင်ပြီး လူမျိုးများ တန်းတူရေးကိုလည်း ဆန့်ကျင်သည်။ ဤကြွေးကြော်သံသည် ပစ္စည်းမဲ့တော်လှန်ရေးအောင်ပွဲနှင့် လူမျိုးအသီးသီး ပစ္စည်းမဲ့များ၏ သွေးစည်းညီညွတ်ရေးကို အဟန့်အတားပြုနိုင်သည်ဟု ပြောဆိုလာသည်။ လီနင်က ဤဘူခါရင်နှင့် ပျာတာကော့ဗ်တို့၏ လုံးလုံးအန္တရာယ်ကြီးလှသော နယ်ချဲ့လူမျိုးကြီးအမြင်များကို ဖြုတ်ချလိုက် သည်။

အဋ္ဌမကွန်ဂရက်၏ အလေးအနက် ဆွေးနွေးချက်များတွင် အလယ်အလတ်လယ်သမားများ အပေါ်ထားရှိသည့် ပေါ်လစီနှင့် ပတ်သက်ပြီး အတော်အရေးပေး ဆွေးနွေးခဲ့သည်။ မြေယာအမိန့် ကြေညာချက်ကြောင့် အလယ်အလတ်လယ်သမားဦးရေ တဖြည်းဖြည်းတိုးများလာနေပြီး ယခုအခါ လယ်သမားထု၏ အများစုကြီး ဖြစ်လာနေပေသည်။ ခေနရှင်လူတန်းစားနှင့် ပစ္စည်းမဲ့လူတန်းစား အကြား ယိမ်းယိုင်နေတတ်သည့် အလတ်တန်းစား လယ်သမားများ၏ သဘောထားနှင့် လုပ်ဟန် သည် ပြည်တွင်းစစ်နှင့် ဆိုရှယ်လစ်တည်ဆောက်ရေး ကံကြမ္မာအတွက် အလွန်အရေးကြီးသော အချက်ဖြစ်နေသည်။ ပြည်တွင်းစစ် အနိုင်အရှုံးသည် အလတ်တန်းစား လယ်သမားများ မည်သည့်ဘက်ယိမ်းမည်၊ ပစ္စည်းမဲ့ သို့မဟုတ် ခေနရှင်လူတန်းစား မည်သည့်လူတန်းစားနှင့် မဟာမိတ်ဖွဲ့မည်ဆိုသည့် အချက်အပေါ် အလွန်ကြီးမားစွာမူတည်နေသည်။ လယ်သမားထုသည် ဆိုဗီယက်အာဏာဖက်သို့ ကူးပြောင်းလာကြသည်။ ချက်များ၊ တပ်ဖြူများ၊ ကူးလတ်များ၊ ဆိုရှယ်လစ်တော်လှန်ရေးသမားများနှင့် မင်ရှီဗစ်များသည် ဗော်လဂါဒေသတွင် အလတ်တန်းစားလယ်သမားများ၏ ထောက်ခံမှုကြောင့် ၁၉၁၈ နွေကာလ ဆိုဗီယက်အာဏာကို ဖြုတ်ချလိုက်နိုင်ခြင်းဖြစ်သည်။ ရုရှားအလယ်ပိုင်းက ကူးလတ်များ၏ ပုန်ကန်မှုတွင်လည်း အလားတူပင်ဖြစ်သည်။ သို့သော် ၁၉၁၈ ဆောင်းဦးတွင် အလတ်တန်းစားလယ်သမားထုသည် ဆိုဗီယက်အာဏာဘက်သို့ ကူးပြောင်းလာကြသည်။ တပ်ဖြူများ၏ အောင်ပွဲနောက်တွင် မြေရှင်များ၏ အာဏာပြန်လည်ထူထောင်လာခြင်း၊ လယ်သမားများ၏ မြေကို သိမ်းပိုက်ခြင်း၊ လယ်သမားများကို ခေါးပြတိုက်၊ နှိပ်စက်ညှဉ်းပန်းခြင်းများ လိုက်ပါလာသည်ကို လယ်

သမားများ တွေ့မြင်လာသည်။ ကူးလတ်များကို ချေမှုန်းခဲ့သည့် ဆင်းရဲလယ်သမားကော်မတီများ၏ လုပ်ဆောင်ချက်များကလည်း လယ်သမားများ၏ သဘောထားအပြောင်းအလဲကို အထောက် အကူပြုခဲ့ပေသည်။ ဤသည်နှင့်လျော်ညီစွာ လီနင်က ၁၉၁၈ နိုဝင်ဘာတွင် ကြွေးကြော်သံထုတ်လိုက်သည်။ “ကူးလတ်များကို ဆန့်ကျင်သည့် တိုက်ပွဲအား တခဏမျှ မစွန့်လွှတ်ဘဲ၊ တချိန်တည်းတွင် ဆင်းရဲလယ်သမားအပေါ် လုံးလုံးလျားလျား ခိုင်ခိုင်မာမာမှီခိုကာ၊ အလတ်တန်းစား လယ်သမားများနှင့် သဘောတူညီမှုရရေးအတွက် သင်ယူလေ့လာရမည်။” **(လီနင်ကျမ်းပေါင်းစုံ အတွဲ၂၃၊ စာမျက်နှာ–၂၉၄)**

အလတ်တန်းစား လယ်သမားများသည် လုံးဝမယိမ်းမယိုင်ဖြစ်သွားခြင်း မဟုတ်သော်လည်း ဆိုဗီယက်အစိုးရနှင့် တဖြည်းဖြည်း နီးကပ်လာပြီး ပိုမိုခိုင်မာစွာ စတင် ထောက်ခံလာသည်။ ဤသည်ကို အဋ္ဌမပါတီကွန်ဂရက်က ချမှတ်လိုက်သည့် အလတ်တန်းစားလယ်သမားများဆိုင်ရာ ပေါ်လစီက ပိုမိုချောမော ပြေပြစ်မြန်ဆန်စေလိုက်ပါသည်။

အဋ္ဌမအကြိမ် ကွန်ဂရက်မှာ ပါတီ၏အလတ်တန်းစား လယ်သမားပေါ်လစီ၏ လမ်းကြောင်းပြောင်းချက်ဖြစ်သည်။ လီနင်၏ အစီရင်ခံစာနှင့် ကွန်ဂရက်၏ ဆုံးဖြတ်ချက်များသည် ဤပြဿနာအပေါ် ပါတီ၏ လမ်းစဉ်သစ်ကို ချမှတ်လိုက်သည်။ ကွန်ဂရက်က ပါတီအဖွဲ့အစည်းများနှင့် ကွန်မြူနစ်အားလုံးကို အလတ်တန်းစားလယ်သမားနှင့် ကူးလတ်အကြား တင်းကျပ်သည့် ပိုင်းခြားချက်ပြုလုပ်ရန်နှင့် အလတ်တန်းစား လယ်သမားများ၏ လိုအပ်ချက်များကို နီးနီးကပ်ကပ် လေ့လာဂရုပြုခြင်းဖြင့် ၎င်းတို့ကို အလုပ်သမားလူတန်းစားဘက် ရောက်လာအောင် စည်းရုံးရန်တောင်းဆိုလိုက်သည်။ အလတ်တန်းစား လယ်သမားများ၏ ခေတ်နောက်ကျမှုကို အတင်းအကျပ်ခိုင်းစေခြင်း၊ တိုက်တွန်း ခြင်းဖြင့် မဟုတ်ဘဲ သွေးဆောင်ချော့မော့သည့်နည်းဖြင့် ကျော်နင်းစေရမည်။ ထို့ကြောင့်ကွန်ဂရက်က ကျေးလက်ဒေသများ၌ ဆိုရှယ်လစ်လုပ်ဆောင်ချက်များ (ဘုံအဖွဲ့များ၊ စိုက်ပျိုးရေး အဖွဲ့များဖွဲ့ စည်းခြင်း) အကောင်အထည်ဖော်ရာတွင် အတင်းအဓမ္မနည်းကို အသုံးမပြုရန် ညွှန်ကြားသည်။ အလတ်တန်းစား လယ်သမားများ၏ အချက်အချာအကျိုးစီးပွားကို ထိခိုက်စေသည့် ကိစ္စများ အား လုံးတွင် သူတို့နှင့် လက်တွေ့ကျသည့်သဘော တူညီချက်အရရှိရမည်ဖြစ်ပြီး ဆိုရှယ်လစ်ပြောင်းလဲမှုများကို ဖော်ဆောင်သည့် **နည်းနာ**များတွင် အထူးအခွင့်အရေးများပေးရမည်။ ကွန်ဂရက်က အလတ်တန်းစားလယ်သမားနဲ့ တည်ငြိမ်သည့်မဟာမိတ်ဖွဲ့ရေးနှင့် ဤမဟာမိတ်၏ **ခေါင်းဆောင်မှု အခန်း**ကို ပစ္စည်းမဲ့လူတန်းစားက ထိန်းသိမ်းထားရေး ပေါ်လစီကို ချမှတ်လိုက်သည်။

အဋ္ဌမအကြိမ် ကွန်ဂရက်တွင် လီနင်တင်သွင်းသည့် အလတ်တန်းစား လယ်သမားဆိုင်ရာ ပေါ်လစီသစ်တွင် ပစ္စည်းမဲ့လူတန်းစားသည် ဆင်းရဲလယ်သမားအပေါ် မှီခိုပြီး အလတ်တန်းစားလယ်သမားနှင့် တည်ငြိမ်သည့် မဟာမိတ်ပြုကာ၊ ကူးလတ်များကို တိုက်ခိုက်ရန်ဖြစ်သည်။ အဋ္ဌမအကြိမ် ကွန်ဂရက် မတိုင်မီက ပါတီပေါ်လစီမှာ ယေဘုယျအားဖြင့် အလတ်တန်းစား လယ်သမားများကို ကြားထားရန်ဖြစ်သည်။ အလတ်တန်းစား လယ်သမားများ ကူးလတ်များနှင့် ပူးပေါင်းသွားပြီး ယေဘုယျအားဖြင့် ဓနရှင်လူတန်းစားနှင့် ပူးပေါင်းသွားခြင်းကို ပါတီက ကြိုးပမ်းတားဆီးရန် ဆိုလိုသည်။ သို့သော် ယခုအခါ ဤသည်နှင့် မလုံလောက်တော့ပေ။ အဋ္ဌမကွန်ဂရက်က အလတ်တန်းစား လယ်သမားကို ကြားထားရေးပေါ်လစီမှ တပ်ဖြုနှင့် နိုင်ငံခြားမှ ကျူးကျော်စွက်ဖက်မှုကို တိုက်ခိုက်ရန်

ရည်ရွယ်ချက်နှင့် ဆိုရှယ်လစ်စနစ်အောင်မြင်စွာ တည်ဆောက်နိုင်ရေးအတွက် ၎င်းတို့နှင့် **တည်ငြိမ်သော မဟာမိတ်ဖွဲ့ရေး** ပေါ်လစီသို့ ပြောင်းလိုက်သည်။

ကွန်ဂရက်က လယ်သမားထုအများစုဖြစ်သော အလတ်တန်းစား လယ်သမားဆိုင်ရာ ပေါ်လစီကိုချမှတ်လိုက်နိုင်မှုက နိုင်ငံခြားကျူးကျော်သူများနှင့် ၎င်းတို့၏ နောက်လိုက်တပ်ဖြူများအား တိုက်ခိုက်ရသည့် ပြည်တွင်းစစ်တွင် အောင်ပွဲအာမခံရေး၏ အဆုံးအဖြတ်ပိုင်းဖြစ်ခဲ့သည်။ ၁၉၁၉ ဆောင်းဦးတွင် လယ်သမားများအဖို့ ဆိုဗီယက်အာဏာနှင့် ဒင်နီကင်အကြား ရွေးချယ်ရန်ဖြစ်လာသောအခါ သူတို့သည် ဆိုဗီယက်များကို ထောက်ခံလိုက်ကြပြီး ပစ္စည်းမဲ့အာဏာရှင်စနစ်အနေဖြင့် မိမိ၏ အန္တရာယ်အကြီးဆုံးရန်သူကို အောင်နိုင်လိုက်သည်။

တပ်နီတော်တည်ဆောက်ရေးနှင့် ပတ်သက်သည့်ပြဿနာများကလည်း ကွန်ဂရက်၏ ဆွေးနွေးပွဲများတွင် အထူးနေရာယူလာပြီး ထိုနယ်ပယ်တွင် “စစ်ရေးအတိုက်အခံ”ဆိုသည်ကို ပေါ်ပေါက်လာစေသည်။ ထို“စစ်ရေးအတိုက်အခံ”တွင် ယခုအခါ ပျက်သုဉ်းသွားပြီဖြစ်သော “လက်ဝဲကွန်မြူနစ်များ” အုပ်စုမှ အဖွဲ့ဝင်အဟောင်းအချို့ ပါဝင်နေပြီး ဘယ်သောအခါကမှ အတိုက်အခံများတွင် မပါဝင်ခဲ့သော်လည်း ထရော့စကီ၏ တပ်ပြဿနာများ ကိုင်တွယ်လုပ်ဆောင်ပုံများကို မကျေနပ်သည့် ပါတီလုပ်သားအချို့လည်း ပါဝင်နေသည်။ တပ်မတော်မှ ကိုယ်စားလှယ်အများစုသည် ထရော့စကီအပေါ် ထင်ရှားသိသာစွာ မုန်းတီးနေကြပြီး သူ၏ ဇာဘုရင့်တပ်မတော်ဟောင်းမှ စစ်ရေး ပါရဂူများအပေါ် ရိုကျိုးလေးစားလွန်းခြင်းကို မကျေနပ်ကြချေ။ ဤသူအချို့မှာ ပြည်တွင်းစစ်တွင် ပြောင် ပြောင်တင်းတင်းပင် ကျွန်တော်တို့ကို သစ္စာဖောက်နေသည်။ တပ်မတော်တွင်းမှ ဘော်ရှီဗစ် ဟောင်းကြီးများအပေါ် ထရော့စကီ၏ မောက်မာရန်လိုသည့် သဘောထားကိုလည်း မကျေနပ်ကြချေ။ ထရော့စကီ၏ “အကျင့်များ”ကိုလည်း ကွန်ဂရက်၌ ဥပမာအဖြစ်တင်ပြကြသည်။ ဥပမာ ရှေ့တန်း၌ တာဝန်ထမ်းဆောင်နေသည့် ထင်ရှားသည့် တပ်မတော်မှ ကွန်မြူနစ်အချို့ကို ကိုယ်စိတ်တိုင်း မကျရုံ လေးဖြင့် ပစ်သတ်ရန်ကြိုး စားခဲ့သည်။ ဤသည်မှာ ရန်သူအတွက် တိုက်ရိုက်အလုပ်အကျွေး ပြုခြင်း ဖြစ်သည်။ ဇဟိုကော်မတီမှ ဝင်ရောက်လာခြင်းကြောင့်လည်းကောင်း၊ စစ်တပ်မှ လူများ၏ ဆန့်ကျင် ကန့်ကွက်မှုကြောင့်လည်းကောင်း ဤရဲဘော်များ၏ အသက်ကို ကယ်လိုက်နိုင်ခြင်းဖြစ်သည်။

သို့သော်ပါတီ၏ စစ်ရေးပေါ်လစီအပေါ် ထရော့စကီ၏ ပုံဖျက်မှုကိုတိုက်နေသည်နှင့် တပြိုင် တည်း “စစ်ရေးအတိုက်အခံ”တို့သည် စစ်တပ်တည်ဆောက်ရေးနှင့် ပတ်သက်ပြီး အချက်အချို့တွင် မမှန်ကန်သောအမြင်များ ရှိနေကြသည်။ လီနင်နှင့် စတာလင်သည် စစ်ရေးအတိုက်အခံများကို အပြင်းအထန် ဝေဖန်ရှုတ်ချလိုက်သည်။ အဘယ်ကြောင့်ဆိုသော် ဤစစ်ရေး အတိုက်အခံများက ပျောက်ကြားစိတ်ဓာတ် ဆက်လက်အသက်ရှင်ရေးကို အကာကွယ်ပေးကာ ပုံမှန်တပ်နီတော်ဖွဲ့စည်းရေး၊ တပ်ဟောင်းမှ စစ်ရေးပါရဂူများကို အသုံးချရေးနှင့် မည်သည့်စစ်မှန်သည့်တပ်မှ မရှိရင်မဖြစ်သည့် သံမဏိစည်းကမ်း ထူထောင်ရေးတို့ကို တားဆီးခုံခံနေသောကြောင့်ဖြစ်သည်။ ရဲဘော်စတာလင်က“စစ်ရေးအတိုက်အခံများ”ကို ပြန်လည်ချေပလိုက်ပြီး အတင်းအကျပ်ဆုံးသော စည်းကမ်း စိတ်ဓာတ်သွင်းထားသည့် ပုံမှန်တပ်မတော် တည်ထောင်ရန် တောင်းဆိုလိုက်သည်။

သူက “ကျွန်တော်တို့သည် တကယ့်အလုပ်သမား၊ လယ်သမားများ၏ အဓိကအားဖြင့် လယ်သမားများ၏ တပ်မတော်တရပ်၊ စည်းကမ်းတင်းကျပ်သည့် တပ်မတော်တရပ်ထူထောင်ပြီး သမ္မတ

နိုင်ငံကို ကာကွယ်မလား သို့မဟုတ် ကျွန်တော်တို့ ပျက်စီးဆုံးရှုံးကြမလားဟုဆိုသည်။ "စစ်ရေးအတိုက်အခံများ"က တင်သွင်းသည့် အဆိုပြုချက်အချို့ကို ပယ်ချရင်း၊ ကွန်ဂရက်က ထရော့စကီကို ဗဟိုစစ်အဖွဲ့အစည်းလုပ်ငန်းများတွင် တိုးတက်ကောင်းမွန်လာစေရန်နှင့် တပ်မတော်တွင်း ကွန်မြူနစ်များ၏ အခန်းကို မြှင့်တင်ပေးရန် တောင်းဆိုလိုက်ခြင်းဖြင့် ထိုးနှက်ဝေဖန်လိုက်သည်။

ကွန်ဂရက်တွင် စစ်ကော်မရှင်ကို တည်ထောင်လိုက်ပြီး ၎င်း၏ကြိုးပမ်းချက်ကြောင့် စစ်ရေးပြဿနာဆုံးဖြတ်ချက်အပေါ် ကွန်ဂရက်က တညီတညွတ်တည်း လက်ခံအတည်ပြုလိုက်သည်။

ဤဆုံးဖြတ်ချက်၏ အကျိုးမှာ တပ်နီတော်ကို အင်အားတောင့်တင်းစေရန်နှင့် ပါတီနှင့်ပို၍ နီးကပ်လာအောင် ဆွဲယူနိုင်ခြင်းတို့ပင် ဖြစ်သည်။

ကွန်ဂရက်က ဆက်လက်ပြီး ပါတီနှင့် ဆိုဗီယက်ရေးရာများနှင့် ဆိုဗီယက်များအတွင်း ပါတီ၏ ခေါင်းဆောင်ညွှန်ကြားသည့် အခန်းကို ဆွေးနွေးကြသည်။ ဒုတိယ ပြဿနာအပေါ် အပြန်အလှန်ငြင်းခုံဆွေးနွေးမှုအတွင်း ကွန်ဂရက်က အချောင်သမား ဆာပရိုနော့ဗ်–အိုဇင်စကီး (Sapronov-Ossinsky) အုပ်စု၏ အမြင်ကို ပယ်ချလိုက်သည်။ ၎င်းတို့က ပါတီသည် ဆိုဗီယက်များ၏ လုပ်ငန်းကို ဦးမဆောင်သင့်ဟုဆိုခဲ့သည်။

နောက်ဆုံးပါတီဝင်သစ်များ အစုလိုက်အပြုံလိုက် ဝင်လာမှုကြောင့် ကွန်ဂရက်က ပါတီ၏ လူမှုဖွဲ့စည်းမှုတိုးတက်ကောင်းမွန်ရန် နည်းလမ်းများ ရေးဆွဲပြီးပါတီဝင်များ ပြန်လည်မှတ်ပုံတင်စိစစ်ရန် ဆုံးဖြတ်လိုက်သည်။

ဤသည်က ပါတီဝင်များအတွင်း ပထမဆုံး အပုပ်ချပွဲ စတင်လိုက်သည်။

## **၃။ ဝင်ရောက်စွက်ဖက်မှု တိုးချဲ့လာခြင်း။ ဆိုဗီယက်နိုင်ငံအား ပိတ်ဆို့ခြင်း ကော့ချက်စစ်ဆင်ရေးနှင့် ရှုံးနိမ့်မှု။ ဒင်နီကင်စစ်ဆင်ရေးနှင့် ရှုံးနိမ့်မှု။ သုံးလစစ်နားခြင်း။ နဝမအကြိမ်မြောက် ကွန်ဂရက်။**

ဂျာမနီနှင့် ဩစတြီးယားကို အောင်နိုင်ပြီးနောက်၊ မဟာမိတ်နိုင်ငံများသည် ဆိုဗီယက်နိုင်ငံကို ဆန့်ကျင်ရန် စစ်အင်အားစုကြီးများကို ပို့လွှတ်ရန်ဆုံးဖြတ်ခဲ့သည်။ ဂျာမနီစစ်ရှုံးကာ ၎င်း၏တပ်များ ယူကရိန်းနှင့် ထရန်ကော့ကေးရှားမှ ဆုတ်ခွာသွားရပြီးနောက် ၎င်းတို့နေရာတွင် ဗြိတိသျှနှင့် ပြင်သစ်များ ရောက်ရှိလာကြသည်။ ၎င်းတို့သည် ပင်လယ်နက်သို့လည်း ရေတပ်များစေလွှတ်ကာ အိုဒက်ဆာနှင့် ထရန်ကော့ကေးရှားတွင် ချရပ်ထားသည်။ ကျူးကျော်လာသည့် မဟာမိတ်တပ်များသည် ၎င်းတို့ သိမ်းပိုက်ထားသည့် ဒေသမှ အလုပ်သမား၊ လယ်သမားကို အစုလိုက်အပြုံလိုက် ပစ်သတ်ရန် လက်မနှေးခဲ့ဘဲ ၎င်းတို့၏ ရက်စက်မှုကို ဖော်ပြခဲ့သည်။ တာကစ်စတန်ကို သိမ်းပိုက်ပြီးနောက် ရှဲဘော်ရှမ်ယန် (Shaumyan)၊ ဖီရိုလီတော့ဗ် (Fioletov)၊ ဂျာပါရာဇ် (Djaparidze)၊ မာလီဂျင် (Malygin)၊ အဇစ်ဘီကော့ဗ် (Azizbekov)၊ ကော်ဂါနော့ဗ် (Korganov)စသည့် ဘာကူးမှ ခေါင်းဆောင် ဘော်ရှီဗစ် ၂၆ ဦးကို ထရန့်စကက်စပြန်းဒေသသို့ ခေါ်ဆောင်သွားပြီး ဆိုရှယ်လစ် တော် လှန်ရေးသမားများ အကူအညီဖြင့် ရက်စက်စွာပစ်သတ်ကာ ၎င်းတို့၏ ဒေါသကို အဆုံးစွန်ဖော်ပြ ကြသည်။

စွက်ဖက်ကျူးကျော်ရေးသမားများက မကြာမီမှာပင် ရုရှားကို **ဖိတ်ဆို့ရန်** ကြေညာသည်။ ရေကြောင်းလမ်းအားလုံးနှင့် ပြင်ပကမ္ဘာသို့ ဆက်သွယ်သည့် တခြားလမ်းကြောင်းများကို ဖြတ်တောက်လိုက်သည်။

ဆိုဗီယက်နိုင်ငံသည် ဘက်အားလုံးနီးပါးမှ ဝိုင်းရံခြင်းခံနေရသည်။ မဟာမိတ်နိုင်ငံများသည် ဆိုက်ဗေးရီးယား၊ အော့မ်စ်ရှိ ၎င်းတို့၏ ရုပ်သေးရေတပ် ဗိုလ်ချုပ်ကောလ်ချက် (Kolchak) အပေါ် ၎င်းတို့၏ အဓိကမျှော်လင့်ချက်များကို ပုံထားခဲ့သည်။ သူ့ကို "ရုရှား၏ အမြင့်ဆုံးအုပ်စိုးသူ"ဟု ကြေညာပေးပြီး တိုင်းပြည်ရှိ တန်ပြန်တော်လှန်ရေး အင်အားစုအားလုံးကို သူ့ခေါင်းဆောင်မှုအောက်တွင် ထားရှိလိုက်သည်။

ဤနည်းဖြင့် အရှေ့ဘက် စစ်မျက်နှာသည် အဓိကစစ်မျက်နှာဖြစ်လာသည်။

ကော့ချက်သည် အလွန်ကြီးလှသည့် တပ်ကြီးကို စုရုံးလိုက်ပြီး ၁၉၁၉ နွေဦးတွင် ဗောလ်ဂါသို့ ရောက်လုမတတ်ဖြစ်လာသည်။ အကောင်းဆုံး ဗော်ရှီဗစ်အင်အားစုများသည် သူ့ကိုတွန်းထုတ် လိုက်ပြီး ကွန်မြူနစ်လူငယ်အဖွဲ့များနှင့် အလုပ်သမားများကို အရေးပေါ် စစ်သားစုဆောင်းလိုက်သည်။ ၁၉၁၉ ခု ဧပြီတွင် ကော့ချက်တပ်သည် တပ်နီတော်များ၏ လက်တွင် မရှုမလှဆုံးရှုံးပြီး မကြာမီအတွင်း စစ်မျက်နှာတခုလုံးမှ နောက်ဆုတ်သွားရသည်။

ရှေ့တန်းစစ်မျက်နှာတွင် တပ်နီတော်ချီတက်မှု အရှိန်မြင့်နေစဉ် ထရော့စကီသည် သံသယ မကင်းဖွယ် စီမံကိန်းတခုကို တင်လာသည်။ သူက ယူရဲလ်တောင်တန်း မရောက်ခင် ချီတက်မှုကို ရပ်ဆိုင်းရန်၊ ကော့ချက်တပ်များ နောက်လိုက်နေမှုကိုရပ်ပြီး တပ်များကို အရှေ့စစ်မျက်နှာမှ တောင်ပိုင်းစစ်မျက်နှာသို့ ပြောင်းရွှေ့ရန်အဆိုပြုသည်။ ပါတီဗဟိုကော်မတီက ယူရဲလ်နှင့် ဆိုက်ဗေးရီးယားကို ကော့ချက်လက်တွင် ထားခဲ့ရန် မဖြစ်ကြောင်း ကောင်းကောင်းနားလည်သည်။ အဘယ်ကြောင့်ဆိုသော် ထိုနေရာမှ ဂျပန်နှင့် ဗြိတိသျှတို့၏ အကူအညီဖြင့် သူသည် ပြန်လည်နာလန်ထူနိုင်ပြီး နဂိုအနေအထား ပြန်ရသွားနိုင်သောကြောင့်ဖြစ်သည်။ ထို့ကြောင့် ဤစီမံကိန်းကို ပယ်ချလိုက်ကာ ဆက်တက်ရန် ညွှန်ကြားလိုက်သည်။ ထရော့စကီက ဤညွှန်ကြားချက်များကို သဘောမတူဘဲ နုတ်ထွက်စာတင်ရာ ဗဟိုကော်မတီက ပယ်ချလိုက်ပြီး တချိန်တည်းတွင် အရှေ့ဘက်စစ်မျက်နှာ စစ်ဆင်ရေးများ၌ ညွှန်ကြားနေရာတွင် ပါဝင်နေမှုများအားလုံးမှ ချက်ချင်းဘေးဖယ်ရန် အမိန့်ထုတ်လိုက်သည်။ တပ်နီတော်သည် ကော့ချက်အပေါ် ထိုးစစ်ကို ပိုမိုကြီးမားသည့် အစွမ်းဖြင့် ဆင်နွှဲကြပြီး သူ့အပေါ် ဆုံးရှုံးမှုအသစ်များနှင့် ရင်ဆိုင်စေကာ ယူရဲလ်နှင့် ဆိုက်ဗေးရီးယားကို တပ်ဖြူများလက်မှ လွတ်မြောက်စေလိုက်သည်။ ဤဒေသများတွင် တပ်နီတော်ကို ရောင်ဖြူနောက်တန်းဒေသမှ အင်အားကြီးမားလှသည့် ပါတီဝင်ထု၏ လှုပ်ရှားမှုများက ကူညီထောက်ခံမှုပေးခဲ့သည်။

၁၉၁၉ နွေဥတုတွင် နယ်ချဲ့သမားများက အနောက်မြောက်ဒေသ (ဘော်လတစ်နိုင်ငံများ၊ ပီထရိုဂရက်၏ အဝန်းအဝိုင်းအတွင်း) တန်ပြန်တော်လှန်ရေးကို ခေါင်းဆောင်နေသည့် ဗိုလ်ချုပ် ယူဒီနစ်ချ် (Yudenich)အား အရှေ့စစ်မျက်နှာမှ တပ်နီတော်၏ အာရုံကို ပြောင်းလဲရန်အတွက် ပီထရိုဂရက်ကို တိုက်ခိုက်ရန် တာဝန်ပေးလိုက်သည်။ ယခင်အရာရှိဟောင်းများ ၏ တန်ပြန်တော်လှန် ရေးလှုံ့ဆော်မှု လွှမ်းမိုးခြင်းကြောင့် ပီထရိုဂရက်အဝန်းအဝိုင်းမှ ခံတပ်နှစ်ခုမှ အစောင့်တပ်သားများ သည် ဆိုဗီယက်အစိုးရကို ပုန်ကန်လာကြသည်။ တချိန်တည်းတွင် တန်ပြန်တော်လှန်ရေး ကြံစည်မှု တခုကို

ရှေ့တန်းဌာနချုပ်၌ ဖော်ထုတ်လိုက်နိုင်သည်။ ရန်သူက ပီထရိုဂရက်ကို ခြိမ်းခြောက်လာသည်။ သို့သော် အလုပ်သမားရေတပ်သားများ၏ ကူညီထောက်ခံမှုဖြင့် ဆိုဗီယက်အစိုးရ၏ လုပ်ဆောင်ချက် များကြောင့် ပုန်ကန်သည့်ခံတပ်များမှ တပ်ဖြူများကို ဖယ်ရှားလိုက်နိုင်ပြီး ယူဒီနစ်ချ်တပ်များ ရှုံးနိမ့် သွားကာ အက်စတိုးနီးယားသို့ ပြန်မောင်းထုတ်ခြင်းခံလိုက်ရသည်။

ပီထရိုဂရက်အနီး ယူဒီနစ်ချ် စစ်ရှုံးခြင်းက ကော့ချက်ကို ဖြေရှင်းရန် ပိုမိုလွယ်ကူစေလိုက်ပြီး ၁၉၁၉ ခုအကုန်တွင် သူ၏ တပ်ကို လုံးဝချေမှုန်းလိုက်နိုင်သည်။ ကော့ချက်ကိုယ်တိုင် အကျဉ်းသားအဖြစ် အဖမ်းခံလိုက်ရပြီး အာကတ်စ်ရှိ တော်လှန်ရေးကော်မတီ၏ စီရင်ချက်ဖြင့် ပစ်သတ်ခြင်းခံလိုက်ရ သည်။

ဤသည်မှာ ကော့ချက်၏ အဆုံးသတ်ပင်တည်း။

ဆိုက်ဗေးရီးယား လူထုအကြား ကော့ချက်နှင့်ပတ်သက်ပြီး ခေတ်စားသည့် သီချင်းတပုဒ် ရှိခဲ့ သည်။

"– ဗြိတိသျှတို့ထံမှ စစ်ယူနီဖောင်းများ
– ပြင်သစ်တို့ထံမှ တံဆိပ်ပန်းပွားများ
– ဂျပန်တို့ထံမှ ဆေးလိပ်များဖြင့်
– ကော့ချက်က ဦးဆောင်ကပြနေပေပြီ . . . ။
– ယူနီဖောင်းများလည်း အစုတ်စုတ်အပြတ်ပြတ်၊
– တံဆိပ်ပန်းပွားများလည်း မရှိတော့၊
– ထို့အတူ ဆေးလိပ်လည်း ဝေ်ပြီ၊
– ကော့ချက်နေ့ရက်မှာလည်း ကုန်သွားခဲ့ပြီ။ "

သူတို့ မျှော်လင့်ချက်များကို ကော့ချက်က မစွမ်းဆောင်နိုင်သည့်အတွက် ကျူးကျော်ရေးသမား များသည် ဆိုဗီယက်သမ္မတနိုင်ငံကို တိုက်ခိုက်ရန် ၎င်းတို့၏စီမံကိန်းကို ပြုပြင်ပြောင်းလဲလိုက်သည်။ အိုဒက်ဆာ၌ ချရပ်ထားသော စစ်တပ်များကို ဆုတ်ခွာခိုင်းလိုက်ရသည်။ အဘယ်ကြောင့်ဆိုသော် ဆိုဗီယက်သမ္မတနိုင်ငံ တပ်များနှင့် ဆက်သွယ်ထိတွေ့မှုများက ၎င်းတို့ကို တော်လှန်ရေးစိတ်ဓာတ် ကူးစက်ပြန့်ပွားစေပြီး ၎င်းတို့၏ နယ်ချဲ့အရှင်သခင်များကို စတင်ပုန်ကန်လာစေသည်။ ဥပမာ အိုဒက်ဆာ၌ အင်ဒရေမာတီ (Andre Marty) ဦးဆောင်သည့် ပြင်သစ်ရေတပ်သားများ၏ ပုန်ကန်မှု ပေါ်ခဲ့သည်။ ယခုအခါ ကော့ချက်စစ်ရှုံးသွားပြီ ဖြစ်သည့်အားလျော်စွာ မဟာမိတ်များသည် ကော်နီ လေဘ့်ဇ်၏ ကြံရာပါဖြစ်ပြီး "အပျော်တမ်းတပ်"ကို စည်းရုံးဖွဲ့စည်းသူ ဗိုလ်ချုပ်ဒင်နီကင် အပေါ် အာရုံစူး စိုက်လာကြသည်။ ထိုအချိန်က ဒင်နီကင်သည် တောင်ပိုင်းရှိကူဘန်ဒေသမှ ဆိုဗီယက်အာဏာကို တိုက်ခိုက်စစ်ဆင်နေသည်။ သူ၏တပ်ကို မဟာမိတ်များက လက်နက်ခဲယမ်းမီးကျောက် အမြောက် အမြား ထောက်ပံ့ကာ ဆိုဗီယက်အာဏာကို တိုက်ခိုက်ရန် မြောက်ပိုင်းသို့ စေလွှတ်လိုက်သည်။

ယခုအခါ တောင်ဘက်စစ်မျက်နှာပြင်သည် အဓိကစစ်မျက်နှာပြင် ဖြစ်လာသည်။ ဒင်နီကင် သည် ၁၉၁၉ နွေတွင် ဆိုဗီယက်အာဏာကို ဆန့်ကျင်သည့် အဓိကထိုးစစ်ကို စတင်ခဲ့သည်။ ထရော့ စကီက တောင်ပိုင်းစစ်မျက်နှာကို ဖျက်ဆီးလိုက်ပြီး ကျွန်တော်တို့တပ်များသည် ရှုံးပြီးရင်းရှုံးရင်း ဖြစ်နေ သည်။ အောက်တိုဘာလအလယ်တွင် တပ်ဖြူများသည် ယူကရိန်းတခုလုံးကို သိမ်းပိုက်ထားပြီး အိုရဲလ်ကို သိမ်းထားကာ ကျနော်တို့တပ်ကို ကျည်ဆံများ၊ ရိုင်ဖယ်များနှင့် စက်သေနတ်များ ထောက်ပံ့ နေသည့်

ကူးလားမြို့သို့ ချဉ်းကပ်လာနေသည်။ တပ်ဖြူများသည် မော်စကိုသို့ ချီတက်ချဉ်းကပ် လာနေသည်။ ဆိုဗီ ယက်သမ္မတနိုင်ငံ၏ အခြေအနေသည် အလွန်အမင်း စိုးရိမ်ဖွယ် ဖြစ်လာနေသည်။ ပါတီက လူထုကို တပ်လှန့်နှိုးဆော်လိုက်ပြီး ခုခံရန်လှုံ့ဆော်လိုက်သည်။ လီနင်က "အရာရာ ဒင်နီ ကင်ကို တိုက်ခိုက်ရန် အတွက်"ဆိုသည့် ကြွေးကြော်သံကို တင်လိုက်သည်။ ဘော်ရှီဗစ်များ၏ နှိုးဆော် မှုဖြင့် အလုပ်သမား၊ လယ်သမားများသည် ရန်သူကို ချေမှုန်းရန် မိမိတို့ အင်အားစုအားလုံးကို စုစည်းလိုက်သည်။

ဗဟိုကော်မတီက ရဲဘော်စတာလင်၊ ဗိုရိုရှီလော့ဗ် (Boroshilov)၊ အိုဂျိုနီကစ်ဇီနှင့် ဘူဒ်ရောင်နီ (Budyonny)တို့ကို တောင်ပိုင်းစစ်မျက်နှာသို့ စေလွှတ်ပြီး ဒင်နီကင်ကို ချေမှုန်းရန် ပြင်ဆင်စေသည်။ တောင်ပိုင်းရှိ တပ်နီတော်စစ်ဆင်ရေး ညွှန်ကြားအုပ်ချုပ်မှုမှ ထရော့စကီကို ဖယ်ရှား လိုက်သည်။ ရဲဘော် စတာလင် ရောက်မလာမီ တောင်ပိုင်းစစ်မျက်နှာ အမိန့်ပေးဌာနမှ ထရော့စကီ၏ ပူးတွဲဆောင်ရွက်မှုနှင့်အတူ စီမံကိန်းတခု ရေးဆွဲထားသည်။ ယင်းမှာ ဒွန် ကွင်းပြင်ကိုဖြတ်ကာ နိုဗိုရိုဆစ် အရပ်သို့ ဦးတည်ပြီး ဇာရစ်ဆင်မှ ဒင်နီကင်ကို အဓိက ထိုးနှက်ရန်ဖြစ်သည်။ ဒွန်ကွင်းပြင်မှာ လမ်းများ မရှိဘဲ တပ်နီတော်ဖြတ်ချီတက်ရမည့် နေရာများကလည်း ထိုအချိန်က အများစုမှာ တပ်ဖြူသြဇာ သက်ရောက်နေသည့်၊ ကော့ဆက်များနေသည့် အရပ်များဖြစ်နေသည်။ ရဲဘော်စတာလင်က ဤစီမံကိန်းကို ပြင်းထန်စွာ ဝေဖန်လိုက်ပြီး ဗဟိုကော်မတီသို့ ဒင်နီကင်အား တိုက်ခိုက်ရန် သူ၏စီမံ ကိန်းကို တင်ပြလိုက်သည်။ ဤစီမံကိန်းအရ အဓိကထိုးနှက်ချက်မှာ ရော့တော့ဗ်– ဒိုနက်ချိုင့်ဝှမ်း – ခါးကော့ဗ် လမ်းမှ ဆင်နွှဲရန်ဖြစ် သည်။ ဤစီမံကိန်းက ဒင်နီကင်တိုက်ခိုက်ရေးအတွက် ကျွန်တော် တို့တပ်များ အလျင်အမြန် ချီတက်နိုင်ရေးကို အာမခံမည်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် တပ် သားများအား အားပေးစာနာထောက်ခံသည့် လူထုများရှိသည့် အလုပ်သမားလူတန်းစားနှင့် လယ်သမားဒေသများကို ဖြတ်သန်းချီတက်ရမည် ဖြစ်သောကြောင့်ဖြစ်သည်။ ထို့ပြင် ဤဒေသရှိ ထူထပ်များပြားလှသော ရထားလမ်းများကြောင့် ကျွန် တော်တို့တပ်အတွက် လိုအပ်သမျှ အားလုံးကို ပံ့မှန်ထောက်ပံ့ ပို့ပေးနိုင်သည်။ နောက်ဆုံးမှာ ဤစီမံကိန်းက ဒိုနက်ကျောက်မီးသွေး ချိုင့်ဝှမ်းကို လွတ်မြောက်စေနိုင်ပြီး ထို့ကြောင့်ပင် နိုင်ငံတော်အား လောင်စာ ထောက်ပံ့နိုင်မည်ဖြစ်သည်။

ပါတီဗဟိုကော်မတီက ရဲဘော်စတာလင်၏ စီမံကိန်းကို လက်ခံလိုက်သည်။ ဒင်နီကင်သည် အပြင်းအထန်ခုခံပြီးနောက် ၁၉၁၉ အောက်တိုဘာ ဒုတိယလဝက်တွင် အိုရဲလ်နှင့် ဗိုလ်ရိုနက်စ် အပြတ်အသတ် တိုက်ပွဲများတွင် တပ်နီတော်အား ရှုံးနိမ့်သွားပါသည်။ သူ အလျင်အမြန် ဆုတ်ခွာ ရာသို့ ကျွန်တော်တို့ တပ်များက နောက်မှ လိုက်သွားရင်း သူသည် တောင်ပိုင်းသို့ ဆုတ်ပြေးသွား သည်။ ၁၉၂၀ ခုနှစ် အစပိုင်းတွင် ယူကရိန်းတခုလုံးနှင့် မြောက်ပိုင်း ကော့ကေးဆပ်တို့မှ တပ်ဖြူများကို ရှင်းလင်းပစ်လိုက်သည်။

တောင်ပိုင်းစစ်မျက်နှာမှ အပြတ်အသတ်တိုက်ပွဲများအတွင်း နယ်ချဲ့သမားများသည် တောင် ပိုင်းရှိ ကျွန်တော်တို့ တပ်များကို လမ်းကြောင်းပြောင်းရေးနှင့် ဒင်နီကင်တပ်များ အခြေအနေ သက်သာ တိုးတက်ကောင်းမွန်စေရေးအတွက် ယူဒီနစ်ချ်တပ်များကို ပီထရိုဂရက်သို့ ထပ်မံစေလွှတ် ခဲ့ပြန်သည်။ တပ်ဖြူများသည် ပီထရိုဂရက်၏ တံခါးဝများသို့တိုင် ချီတက်လာခဲ့ပေသည်။ တော်လှန်ရေး၏ အဓိပတိမြို့တော်မှ သူရဲကောင်း ပစ္စည်းမဲ့များသည် ခိုင်မာသည့် တံတိုင်းများအဖြစ် ထကြွလာပြီး မြို့တော်ကိုကာကွယ်ခဲ့သည်။ ကွန်မြူနစ်များသည် အစဉ်မြဲဖြစ်ခဲ့သည့်အတိုင်း တပ်ဦးမှာ ရှိခဲ့ကြသည်။

ပြင်းထန်သည့်တိုက်ပွဲပြီးနောက် တပ်ဖြူများသည် ရှုံးနိမ့်ကာ ကျွန်တော်တို့၏ နယ်ခြားများကို ကျော်ဖြတ်ပြီး အက်စ်တိုးနီးယားသို့ ထွက်ပြေးသွားခဲ့သည်။

ဤသည် ဒင်နီကင်၏ အဆုံးသတ်ပင်ဖြစ်သည်။

ကော့ချက်နှင့် ဒင်နီကင်တို့၏ ရှုံးနိမ့်အပြီး တိုတောင်းသည့် စစ်နားချိန် တချိန်ရရှိခဲ့သည်။

တပ်ဖြူများ ချေမှုန်းခံလိုက်ရခြင်း၊ ကျူးကျော်မှု ရှုံးနိမ့်သွားခြင်း၊ ဆိုဗီယက်အာဏာ တနိုင်ငံလုံး၌ ခိုင်မာတောင့်တင်း လာနေခြင်း၊ တချိန်တည်းတွင် အနောက်နိုင်ငံများမှ အလုပ်သမားများက ဆိုဗီယက်သမ္မတနိုင်ငံကို စစ်ရေးအရ ကျူးကျော်မှုအပေါ် ဆန့်ကျင်မှုများ ကြီးထွားလာနေခြင်းတို့ကို တွေ့မြင်လာသောအခါ နယ်ချဲ့သမားများသည် ဆိုဗီယက်နိုင်ငံတော်အပေါ် သူတို့၏သဘောထားကို စတင်ပြောင်းလဲလာသည်။ ၁၉၂၀ ဇန်နဝါရီလတွင် ဗြိတိန်၊ ပြင်သစ်၊ အီတလီတို့သည် ဆိုဗီယက် ရုရှားကို ပိတ်ဆို့ထားမှုအား ရပ်လိုက်ရန်ဆုံး ဖြတ်လိုက်သည်။

ဤသည်မှာ စွက်ဖက်မှုတံတိုင်းတွင် အရေးကြီးသည့် ချိုးဖောက်မှုတရပ်ဖြစ်သည်။

ဤသည်က ဆိုဗီယက်နိုင်ငံတော်သည် ကျူးကျော်စွက်ဖက်မှုနှင့် ပြည်တွင်းစစ်ကို ကျော်နင်းနိုင်သည်ဟု မဆိုလိုပေ။ နယ်ချဲ့ပိုလန်၏ တိုက်ခိုက်ခံရမှု အန္တရာယ်ရှိမြဲရှိနေသေးသည်။ ကျူးကျော်သည့် အင်အားစုများအား အရှေ့ဖျားဒေသ၊ ထရန်ကော့ကေးရှားနှင့် ခရိုင်းမီးယားတို့မှ လုံးဝဥဿုံ မောင်းထုတ်နိုင်ခြင်း မရှိသေးချေ။ သို့သော် ဆိုဗီယက်ရုရှားအတွက် ယာယီအသက်ရှူပေါက်ရကာ စီးပွားရေးဖြစ်ထွန်းမှုအတွက် အင်အားစုများကို ပို၍အသုံးပြုလိုက်နိုင်ပေသည်။ ပါတီသည် ယခုအခါ စီးပွားရေးပြဿနာများအပေါ် အာရုံပို၍စိုက်နိုင်လာပေသည်။

ပြည်တွင်းစစ်အတွင်း ကျွမ်းကျင်သည့်အလုပ်သမားများသည် စက်ရုံ၊ အလုပ်ရုံများ ပိတ်ပစ်လိုက်မှုကြောင့် စက်မှုလုပ်ငန်းများမှ ထွက်ခွာသွားခဲ့ကြရသည်။ ပါတီက ယခုအခါ စက်မှုလုပ်ငန်းများမှ သူတို့လုပ်ငန်းများတွင် ပြန်လည်လုပ်ကိုင်ရန် လုပ်ဆောင်ရပါတော့သည်။ မီးရထားလမ်းများမှာ အခြေအနေ အတော်ဆိုးဝါးနေပြီး ကွန်မြူနစ်ထောင်ပေါင်းများစွာတို့သည် ပြန်လည်ပြုပြင်ရေး လုပ်ငန်းများ လုပ်ဆောင်နေကြရသည်။ အဘယ်ကြောင့်ဆိုသော် ဤလုပ်ငန်းပုံမှန်ပြန် မဖြစ်ပါက စက်မှုလုပ်ငန်း အဓိက ဌာနခွဲများ၊ ပြန်လည်ပုံမှန်ကျရေးကို အပြင်းအထန် လုပ်ဆောင် နိုင်မည် မဟုတ်သောကြောင့်ပင် စားနပ်ရိက္ခာထောက်ပံ့ရေး အဖွဲ့အစည်းကို ပိုမိုတိုးချဲ့ပြီး တိုးတက်ကောင်းမွန်စေခဲ့သည်။ ရုရှားအား လျှပ်စစ်ဓာတ်အားပေးရေး စီမံကိန်းမူကြမ်းကို စတင်ရေးဆွဲခဲ့သည်။ တပ်နီတော် ငါးသန်းနီးပါးသည် လက်နက်တပ်ဆင်ထားရပြီး စစ်ပွဲအန္တရာယ်ကြောင့် တပ်ထွက်ခွင့်မပြုနိုင်ပဲရှိသည်။ ထို့ကြောင့် တပ်နီတော် အစိတ်အပိုင်းတရပ်ကို လုပ်အားတပ်မတော် များအဖြစ် ပြောင်းလဲစေလိုက်ပြီး စီးပွားရေးနယ်ပယ်တွင် အသုံးပြုရသည်။ အလုပ်သမား၊ လယ်သမား ကာကွယ်ရေးကောင်စီကို လုပ်အားနှင့် ကာကွယ်ရေးကောင်စီ အဖြစ် ကူးပြောင်းစေလိုက်ပြီး ၎င်းကို ကူညီရန် နိုင်ငံတော်စီမံကိန်းကော်မရှင်ကို တည်ထောင်လိုက်သည်။

ဤအခြေအနေများသည် နဝမအကြိမ်မြောက် ကွန်ဂရက်ဖွင့်လှစ်ချိန်တွင် ပေါ်ပေါက်နေမှုများဖြစ်သည်။

၁၉၂၀ ခုနှစ် မတ်လအကုန်တွင် ကွန်ဂရက်ကျင်းပခဲ့သည်။ ပါတီဝင်ပေါင်း ၆၁၁,၉၈၇ ကို ကိုယ်စားပြုသောမဲပေးနိုင်သည့် ကိုယ်စားလှယ် ၅၅၄ ဦးနှင့် မဲမပေးနိုင်သည့် ကိုယ်စားလှယ် ၁၆၂ ဦး တက်ရောက်ခဲ့သည်။

ကွန်ဂရက်က နိုင်ငံတော်၏ လတ်တလောတာဝန်များမှာ သယ်ယူပို့ဆောင်ရေးနှင့် စက်မှုလုပ်ငန်း နယ်ပယ်တွင်ဖြစ်သည်ဟုဖော်ပြခဲ့သည်။ အလုပ်သမားသမဂ္ဂများသည် စီးပွားရေးဘဝတည်ဆောက်ရာတွင် ပါဝင်လုပ်ဆောင်ရန် လိုအပ်မှုကို အထူးအလေးတင်းခဲ့သည်။

ကွန်ဂရက်က အထူးအလေးပေး စဉ်းစားသည့်ကိစ္စမှာ ပထမနေရာတွင် မီးရထားလမ်းများ၊ လောင်စာ စက်မှုလုပ်ငန်းနှင့် သံ၊ သံမဏိလုပ်ငန်းတို့ကို ပုံမှန်လည်ပတ်ရေးအတွက် တခုတည်သော စီးပွားရေးစီမံကိန်းဖြစ်သည်။ ဤစီမံကိန်း၏ အဓိကအစီအစဉ်မှာ တိုင်းပြည်၏ လျှပ်စစ်ဓာတ်အားပေးရေး စီမံကိန်းဖြစ်ပြီး ဤသည်ကို လီနင်က "နောင်ဆယ်နှစ်သို့မဟုတ် အနှစ်နှစ်ဆယ်အတွက် ကြီးမြတ်သည့်လုပ်ငန်းစဉ်"ဟု ကြိုတင်ဟောကိန်းထုတ်ခဲ့သည်။ ဤသည်မှာ ကြော်ကြားလှသည့် ရုရှား၏ လျှပ်စစ်ဓာတ်အားပေးသွင်းရေး နိုင်ငံတော်ကော်မရှင်စီမံကိန်း၏ အခြေခံဖြစ်ပြီး၊ ဤသည်မှ ထုတ်လုပ်ပေးခဲ့သည့် အရာများသည် ယနေ့ထိ ကျော်လွန်ရရှိနေပေသည်။

ကွန်ဂရက်က မိမိကိုယ်မိမိ "ဒီမိုကရေစီဗဟိုချုပ်ကိုင်မှု"အုပ်စုဟု ခေါ်ဆိုသည့် ပါတီဆန့်ကျင်ရေးအုပ်စု၏ အမြင်များကို ပယ်ချလိုက်သည်။ ၎င်းတို့က တဦးတည်း စီမံအုပ်ချုပ်မှုနှင့် လုပ်ငန်းဒါရိုက်တာများအကြား ဘာမှ မခွဲခြားဘဲ တာဝန်ရှိသည့်စနစ်ကို ဆန့်ကျင်သည်။ သူတို့က စက်မှုလုပ်ငန်းများ စီမံအုပ်ချုပ်ရေးတွင် တဦးချင်းတာဝန်ယူမှုမရှိသည့် အကန့်သတ်မရှိ "အုပ်စု စီမံအုပ်ချုပ်ရေး"ကို သဘောကျပြောဆိုခဲ့သည်။ ဤ ပါတီဆန့်ကျင်ရေးအုပ်စု၏ အဓိကပုဂ္ဂိုလ်များမှာ ဆာပရိုနော့ဗ်၊ အိုဇင်စကီးနှင့် ဝိုင်–စမားနော့ဗ် (Y-Smirnov)တို့ဖြစ်သည်။ ကွန်ဂရက်တွင် သူတို့အား ရိုင်ကော့ဗ်နှင့် တွမ်စကီး (Tomsky) တို့က ထောက်ခံခဲ့သည်။

### ၄။ ပိုလန်အထက်လွှာမှ ဆိုဗီယက်ရုရှားအား တိုက်ခိုက်လာခြင်း။ ဗိုလ်ချုပ်ရဲန်ဂဲလ်၏ စစ်ဆင်ရေး။ ပိုလန်၏အကြံအစည် ရှုံးနိမ့်သွားခြင်း။ ရဲန်ဂဲလ် ရှုံးနိမ့်သွားခြင်း။ ဝင်ရောက်စွက်ဖက်ကျူးကျော်မှု အဆုံးသတ်ခြင်း။

ကော့ချက်နှင့် ဒင်နီကင် ရှုံးနိမ့်သွားကြသော်လည်း ဆိုဗီယက်သမ္မတနိုင်ငံသည် တပ်ဖြူများနှင့် ကျူးကျော်ရေးတပ်များကို မြောက်ပိုင်းဒေသများ၊ တာကစ္စတန်၊ ဆိုက်ဗေးရီးယား၊ ဒွန်ဒေသ၊ ယူကရိန်း စသည်တို့မှ ဖယ်ရှားရှင်းလင်းပစ်ပြီး ၎င်းတို့၏နယ်မြေများကို တဖြည်းဖြည်း ပြန်လည်ရရှိနေသော် လည်း မဟာမိတ်နိုင်ငံများအနေဖြင့် ရုရှားပိတ်ဆို့ရေးကို မလွဲမရှောင်သာ ဖျက်သိမ်းလိုက်ရသော် လည်း သူတို့သည် ဆိုဗီယက်အာဏာသည် မပျက်မစီးနိုင်ဘဲ အောင်ပွဲရလာသည် ဆိုသည်ကို လက်ခံရန်ငြင်းဆိုနေကြသည်။ ထို့ကြောင့် သူတို့သည် ဆိုဗီယက်ရုရှားကို နောက်ထပ်တကြိမ် ကျူး ကျော်ရန် ဆုံးဖြတ်ခဲ့ကြသည်။ သူတို့သည် ဤတကြိမ်တွင် ပိုလန်နိုင်ငံ၏ ခေါင်းဆောင် အကြီးအကဲ ဖြစ်နေသော တန်ပြန်တော်လှန်ရေး အမျိုးသားခေါင်းဆောင် ပီလ်စူစကီး (Pilsudski)နှင့် ကရိုင်းမီးယားမှ ဒင်နီကင် တပ်ကြွင်း၊

တပ်ကျန်များကို စုစည်းပြီး ထိုနေရာမှ ဒိုနက်ချိုင့်ဝှမ်းနှင့် ယူကရိန်းတို့ကို ခြိမ်းခြောက်နေသည့် ဗိုလ်ချုပ်ရဲန်ဂဲလ် **(Wrangle)**နှစ်ဦးလုံးကို အသုံးချရန် ဆုံးဖြတ်ကြသည်။

လီနင်ပြောသကဲ့သို့ပင် ပိုလန်အထက်လွှာနှင့် ရဲန်ဂဲလ်တို့သည် နိုင်ငံတကာနယ်ချဲ့စနစ်က ဆိုဗီယက်ရုရှားကို လည်မျိုညှစ်ရန် ကြိုးပမ်းခဲ့သည့် လက်နှစ်ဖက်ပင် ဖြစ်သည်။

ပိုလန်လူမျိုးများ(ပိုလ်း)၏ အကြံအစည်မှာ ဒနီပါး (Dnieper) အနောက်ဘက်ရှိ ဆိုဗီယက် ယူကရိန်းကို သိမ်းပိုက်ပြီး ဆိုဗီယက် ဘိုင်လိုရုရှားကို သိမ်းပိုက်ကာ ထိုဒေသ၏ ပိုလန်စီးပွားရေး ဘုရင်များကို အာဏာပြန်လည်အပ်နှင်းပြီး ပိုလန် နိုင်ငံ၏နယ်စပ်ကို ဒန်ဇစ်မှ အိုဒက်ဆာအထိ "ပင်လယ်မှ ပင်လယ်သို့" တိုးချဲ့နိုင်မည်ဖြစ်ကာ အပြန်အလှန်အားဖြင့် တပ်နီတော်ချေမှုန်းပြီး ဆိုဗီယက်ရုရှား၌ မြေရှင်များနှင့် အရင်းရှင်များ အာဏာပြန်လည်ရရှိရေးကို လုပ်ဆောင်ရန် ရဲန်ဂဲလ် အားငင်းတို့အနေဖြင့် ကူညီရန်ဖြစ်သည်။

ဤစီမံကိန်းကို မဟာမိတ်နိုင်ငံများက သဘောတူခဲ့ကြသည်။

ဆိုဗီယက်အစိုးရသည် ငြိမ်းချမ်းရေး ထိန်းသိမ်းရေးနှင့် စစ်ပွဲကိုရှောင်တိမ်းရန် ရည်ရွယ်ချက်ဖြင့် ပိုလန်နှင့် စေ့စပ်ဆွေးနွေးရန် အချည်းနှီး ကြိုးပမ်းခဲ့သေးသည်။ ပီလ်စုစကီးက ငြိမ်းချမ်းရေးဆွေးနွေးရန် ငြင်းဆန်ခဲ့သည်။ သူသည် စစ်သာ အလို ရှိသည်။ သူက ကော့ချက်နှင့် ဒင်နီကင်တို့နှင့် တိုက်ခိုက်ခဲ့ရပြီး စစ်ပန်းနေသည့် တပ်နီတော်သည် ပိုလန်တပ်များ၏ တိုက်ခိုက်မှုကို ခံနိုင်မည်မဟုတ်ဟု တွက်ဆခဲ့ သည်။

တိုတောင်းလှသည့် အသက်ရှူခွင့်ရချိန်မှာ အဆုံးသတ်သွားခဲ့ပေပြီ။

၁၉၂၀ ဧပြီလတွင် ပိုလန်များသည် ဆိုဗီယက်ယူကရိန်းကို ကျူးကျော်ဝင်ရောက်ပြီး ကီးယေ့ဗ်ကို သိမ်းပိုက်လိုက်သည်။ တချိန်တည်းတွင် ရဲန်ဂဲလ်က ထိုးစစ်ကို စတင်လိုက်ပြီး ဒိုနက်မြစ်ဝှမ်းကို ခြိမ်းခြောက်လာသည်။

တုံ့ပြန်သောအားဖြင့် တပ်နီတော်သည် စစ်မျက်နှာတလျှောက်လုံး ပိုလ်းများကို တန်ပြန်ထိုးစစ် စတင်ခဲ့သည်။ ကီးယေ့ဗ်ကို ပြန်လည်သိမ်းပိုက်လိုက်ပြီး ပိုလန်စစ်ဘုရင်များကို ယူကရိန်းနှင့် ဘိုင်လိုရုရှားမှ မောင်းထုတ်ပစ်လိုက်သည်။ တောင်ပိုင်းစစ်မျက်နှာမှ တပ်နီတော်သားများ၏ အရှိန်ပြင်းလှသော ချီတက်မှုသည် ဂေးလီရှားရှိ လာဗော့ဗ်တံခါးဝသို့ ရောက်ရှိလာပြီး အနောက်ဘက် စစ်မျက်နှာမှ တပ်များသည် ဝါဆောမြို့ အနီးသို့ ချဉ်းကပ်မည့်အခါ ပိုလန်တပ်မတော်သည် လုံးလုံးလျားလျား ရှုံးနိမ့်မည့် တဲတဲဖြစ်လာနေသည်။

သို့သော် တပ်နီတော် ဗဟိုဌာနချုပ်မှ ထရော့စကီနှင့် သူ၏ နောက်လိုက်များ၏ သံသယမကင်းဖွယ် လုပ်ဆောင်ချက်များကြောင့် အချည်းနှီးဖြစ်ခဲ့ရသည်။ ထရော့စကီနှင့် တူခါချက်ဗ်စကီး **(Tukhachevsky)** တို့၏ အပြစ်ကြောင့် အနောက်ဘက်စစ်မျက်နှာမှ ဝါဆောသို့ချီတက်သည့် တပ်ဖွဲ့သည် လုံးဝဖရိုဖရဲဖြစ်နေသည်။ တပ်ဖွဲ့များသည် ၎င်းတို့ရရှိသည့် အနေအထားများကို ခိုင်မာအောင် လုပ်ဆောင်ရန် အခွင့်အရေးမရရှိခဲ့ဘဲရှိသည်။ ရှေ့တန်းမှ ချီတက်သည့်တပ်များမှာ ရှေ့လွန်နေပြီး အရန်တပ်နှင့် လက်နက်ခဲယမ်းများမှာ နောက်တန်းအဝေးကြီး၌ ကျန်ခဲ့သည်။ အကျိုးအားဖြင့် ရှေ့တန်းတပ်ဖွဲ့များသည် လက်နက်ခဲယမ်းနှင့် အရန်အင်အားများနှင့် ပြတ်တောက်သွားပြီး ရှေ့တန်းမှာအဆုံးမရှိ ပြန့်ထွက်သွားသည်။ ဤသည်က ရှေ့တန်းစစ်မျက်နှာတွင် ချိုးဖောက်ရန် လွယ်ကူသွားစေသည်။ ထို့ကြောင့် ပိုလန် အင်အားလေးတစုက ကျွန်တော်တို့၏ အနောက်ဘက်စစ်မျက်နှာ

ရှိ နေရာတခုကို ထိုးဖောက်လိုက်သည့်အခါ ကျွန်တော်တို့တပ်များသည် ခဲယမ်းမရှိတော့သဖြင့် ဆုတ်ပေးလိုက်ရသည်။ တောင်ပိုင်းစစ်မျက်နှာမှ တပ်ဖွဲ့များမှာမူ လဗော့ဗ်မြို့တံခါးများသို့ရောက်ရှိနေပြီး ပိုလန်တပ်များကို တအားဖိထားချိန်တွင် နာမည်ပျက်လှသော "တော်လှန်ရေး စစ်ကောင်စီဥက္ကဋ္ဌ"ဖြစ်သူ ထရော့စကီက လဗော့ဗ်မြို့ သိမ်းပိုက်ရေးကို တားဆီးလိုက်သည်။ သူက တောင်ပိုင်းစစ်မျက်နှာမှ အဓိကအင်အားဖြစ်သည့် မြင်းစီးတပ်မတော်ကို အရှေ့မြောက်သို့ ပြောင်းရွှေ့ရန် အမိန့်ပေးလိုက် သည်။ ဤသည်ကို အနောက်ပိုင်းစစ်မျက်နှာသို့ ကူညီရန်ဟူသော အကြောင်းပြချက်ဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အနောက်ဘက်စစ်မျက်နှာကို ကူညီရန်အကောင်းဆုံးနည်းလမ်းနှင့် တကယ်ဖြစ်နိုင်သောတခုတည်းသောလမ်းမှာ လဗော့ဗ်ကို သိမ်းပိုက်ရန်သာဖြစ်ကြောင်း အလွယ်တကူ မြင်တွေ့နိုင်သော်လည်း ဤကဲ့သို့လုပ်ဆောင်လိုက်ခြင်းဖြစ်သည်။ တောင်ပိုင်းစစ်မျက်နှာမှ မြင်းစီးတပ်မတော်ဆုတ်ခွာပြီး လဗော့ဗ်မှ ဆုတ်ခွာခြင်းသည် အမှန်စင်စစ် တောင်ပိုင်းစစ်မျက်နှာမှ ကျွန်တော်တို့တပ်များ ဆုတ်ခွာခြင်းပင်ဖြစ်သည်။ ထရော့စကီထုတ်ပြန်ခဲ့သည့် ဤအဖျက်သမား အမိန့်သည် ဤနည်းဖြင့် တောင်ပိုင်းစစ်မျက်နှာမှ ကျွန်တော်တို့တပ်များအတွက် နားမလည်နိုင်ဖွယ်နှင့် လုံးဝတရားမမျှတသော ဆုတ်ခွာမှုကို ပြုလုပ်လိုက်ရပြီး ပိုလန်အထက်လွှာများ အတွက် ဝမ်းမြောက်ဖွယ်ဖြစ်သွားတော့သည်။

ဤသည်မှာ တကယ်တော့ ကျွန်တော်တို့၏ တောင်ပိုင်းစစ်မျက်နှာကို မဟုတ်ဘဲ ပိုလန်အထက်လွှာများနှင့် မဟာမိတ်နိုင်ငံများကို တိုက်ရိုက် ကူညီအားပေးခဲ့ခြင်းပင် ဖြစ်ပေတော့သည်။

ရက်အနည်းငယ်အတွင်းမှာပင် ပိုလန်တပ်များ၏ ရှေ့တိုးမှုကိုဟန့်တားလိုက်နိုင်ပြီး ကျွန်တော်တို့တပ်များက ပြန်လည်ထိုးစစ်အတွက် ပြင်ဆင်မှုများ စတင်ခဲ့သည်။ သို့သော် စစ်ပွဲကို ဆက်လက်မဆင်နွှဲနိုင်တော့၊ တပ်နီများ၏ တန်ပြန်ထိုးစစ် အလားလာကို လန့်သောကြောင့်လည်း ကောင်း ပိုလန်သည် ဒနီပါး မြစ်အနောက်ဖက်ရှိ ယူကရိန်းနယ်မြေနှင့် ဘိုင်လိုရုရှားတို့ကို ပိုင်ဆိုင်ခွင့်ကို ငြင်းပယ်လိုက်ပြီး ငြိမ်းချမ်းရေးဆွေးနွေးရန် ကမ်းလှမ်းလာသည်။ ၁၉၂၀ အောက်တိုဘာ ၂၀ တွင် ရီဂါ ငြိမ်းချမ်းရေးစာချုပ်လက်မှတ်ရေးထိုးလိုက်သည်။ ဤစာချုပ်နှင့်အညီ ပိုလန်က ဂေလီရှားနှင့် ဘိုင်လိုရုရှား တစိတ်တပိုင်းကို ဆက်လက်ထိန်းသိမ်းခွင့်ရသွားသည်။

ပိုလန်နှင့်ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုပြီးနောက် ဆိုဗီယက်သမ္မတနိုင်ငံသည် ရန်ဂဲလ်ကို အဆုံးသတ်ပစ်ရန် ဆုံးဖြတ်လိုက်သည်။ ဗြိတိသျှနှင့် ပြင်သစ်တို့က သူ့ကို နောက်ဆုံးပေါ် အမျိုးအစားသေနတ်ရိုင်ဖယ်၊ သံချပ်ကာကား၊ တင့်ကား၊ လေယဉ် ပျံနှင့် ခဲယမ်းမီးကျောက်များကို ထောက်ပံ့ပေးခဲ့သည်။ သူ့တွင် အရာရှိများ အဓိကပါဝင်ထားသည့် တပ်ဖြူမုန်တိုင်းတပ်များ (Shock Regiment) ရှိသည်။ သို့သော် ရန်ဂဲလ်သည် ကူဘန်နှင့် ဒွန်ဒေသတို့၌ ချရပ်ထားသည့် တပ်ဖွဲ့များကို ထောက်ပံ့ရန် လယ်သမားနှင့် ကော့ဆက် အသင့်အတင့်ကိုမျှ စည်းရုံးနိုင်ခြင်းမရှိခဲ့ချေ။ သို့သော်လည်း သူသည် ဒိုနက်စ်ချိုင့်ဝှမ်း တံခါးပေါက်များအထိပင် ချီတက်လာနိုင်ပြီး ကျွန်တော်တို့၏ ကျောက်မီးသွေးဒေသကြီးကို အန္တရာယ်ပေးရန် ခြိမ်းခြောက်လာသည်။ ထိုအချိန်က ဆိုဗီယက်အစိုးရ၏ အနေအထားမှာ တပ်နီတော်၏ မတန်တဆ စစ်ပန်းထားမှုကြောင့် ရှုပ်ထွေးနေပါသည်။ တပ်ဖွဲ့များသည် အလွန်ခက်ခဲသည့် အခြေနေများအောက်တွင် မလွဲမရှောင်သာ ချီတက်နေရပြီး တချိန်တည်းတွင် ရန်ဂဲလ်ကို ထိုးစစ်ဆင်ကာ ရန်ဂဲလ်ကို ကူညီနေသည့် မက်ဂ်နို မင်းမဲ့ဂိုဏ်းကိုလည်း ချေမှုန်းနေရသည်။ သို့သော် ရန်ဂဲလ်သည် လက်နက်ကိရိယာသာလွန်မှုရှိနေပြီး တပ်နီတော်တွင် တင့်ကားများမရှိသော်လည်း ရန်ဂဲလ်ကို

ကရိုင်းမီးယားကျွန်းဆွယ်သို့ မောင်းထုတ်လိုက်ကာ ထိုအရပ်တွင် သူ့ကို ရပ်တန့်ထားလိုက်သည်။ ၁၉၂၀ နိုဝင်ဘာတွင် တပ်နီတော်တပ်ဖွဲ့များသည် ပီရီကော့ဗ်ခံတပ်ကို သိမ်းပိုက်လိုက်သည်။ သည့်နောက် ကရိုင်းမီးယားတွင်ထိုးဝင်ကာ ရဲန်ဂဲလ်အင်အားများကို ချေမှုန်းပြီး တပ်ဖြူများနှင့် ကျူးကျော်စွက်ဖက်သည့် အင်အားများကို ကျွန်းစွယ်အရပ်မှ ရှင်းပစ်လိုက်သည်။ ကရိုင်းမီးယားသည် ဆိုဗီယက်နယ်မြေ ဖြစ်လာခဲ့သည်။

ပိုလန်နယ်ချဲ့သမားများ၏ စီမံကိန်းကျဆုံးသွားခြင်းနှင့် ရဲန်ဂဲလ်ရှုံးနိမ့်သွားခြင်းက စွက်ဖက်ကျူးကျော်မှုကာလကို အဆုံးသတ်စေခဲ့သည်။

၁၉၂၀ ခုအကုန်၌ ထရန်ကော့ကေးရှားလွတ်မြောက်ပြီး အဇာဘိုင်ဂျန်သည် အမျိုးသားခနရှင်မူဆာဗေးတစ် (Mussavatist) ထမ်းပိုးအောက်မှလည်းကောင်း၊ ဂျော်ဂျီယာသည် မင်ရှီဗစ် အမျိုးသားရေးဝါဒီများအောက်မှလည်းကောင်း၊ အာမေးနီးယားသည် ဒက်ရှ်နက် (Dashnaks) အောက်မှလည်းကောင်း လွတ်မြောက်လာကြသည်။ အဇာဘိုင်ဂျန်၊ အာမေးနီးယားနှင့် ဂျော်ဂျီယာတို့တွင် ဆိုဗီယက်အာဏာက အောင်ပွဲရခဲ့သည်။

ဤသည်ကား စွက်ဖက်ကျူးကျော်မှုအားလုံး အဆုံးသတ်သွားပြီဟု မဆိုလိုနိုင်သေးချေ။ အရှေ့ဖျားဒေသ၌ ဂျပန်များ၏ ကျူးကျော်မှုများမှာ ၁၉၂၂ ခုထိ ကြာခဲ့သည်။ ထို့ပြင် စွက်ဖက်ကျူးကျော်မှု အသစ်များလည်း ပြုလုပ်ခဲ့သေးသည်။ (၁၉၂၁ ခု၌ အရှေ့ဘက်တွင် အာတာမင်ဆဲမ် ရှိနောဗ့်နှင့် ဆိုင် ရှိုင်ဟန်ချင်နှင့် ကာရီလီယား၌ ဖင်လန်တပ်ဖြူများ)သို့သော် ဆိုဗီယက်နိုင်ငံ၏ အဓိကရန်သူများ စွက်ဖက်ကျူးကျော်မှု၏ အဓိကအင်အားများသည် ၁၉၂၀ ခုနှစ် အကုန်ပိုင်းတွင် အကွဲကွဲအပြားပြား ဖြစ်နေသည်။

ဆိုဗီယက်များကို တိုက်ခိုက်သည့် နိုင်ငံခြား ကျူးကျော်စွက်ဖက်ရေးသမားများနှင့် ရုရှား တပ်ဖြူတို့ကို တိုက်ရသောစစ်ပွဲသည် ဆိုဗီယက်များ၏ အောင်ပွဲနှင့် အဆုံးသတ်သွားခဲ့သည်။

ဆိုဗီယက်သမ္မတနိုင်ငံသည် ၎င်းတို့၏လွတ်မြောက်ရေးနှင့် လွတ်လပ်ရေးကို ထိန်းသိမ်း ထားနိုင်ခဲ့သည်။

ဤသည်မှာ နိုင်ငံခြားမှ စစ်ရေးအရ ကျူးကျော်စွက်ဖက်မှုနှင့် ပြည်တွင်းစစ်၏ အဆုံးသတ်မှုဖြစ်သည်။

ဤသည်မှာ ဆိုဗီယက်အာဏာ၏ သမိုင်းဝင်အောင်ပွဲဖြစ်သည်။

**၅။ ဆိုဗီယက်သမ္မတနိုင်ငံက ဗြိတိသျှ၊ ပြင်သစ်၊ ဂျပန်၊ ပိုလန်တို့မှ ဝင်ရောက်စွက်ဖက်သည့် အင်အားများနှင့် ရုရှားမှတန်ပြန် တော်လှန်ရေးသမား၊ ခနရှင်၊ မြေရှင်။ တပ်ဖြူ စုပေါင်းအင်အားစုများကို ဘာကြောင့် ဘယ်လိုအောင်မြင်ခဲ့သနည်း၊**

စွက်ဖက် ကျူးကျော်သည့်ကာလအတွင်း ထိပ်တန်းဥရောပနှင့် အမေရိကန်သတင်းစာများနှင့် ဆောင်းပါးများကို လေ့လာကြည့်ပါက စစ်ဘက်မှသော်လည်းကောင်း၊ အရပ်ဘက်မှသော်လည်းကောင်း၊ မည်သည့်ထင်ရှားသည့် စာရေးဆရာတဦးတယောက်မျှ သော်လည်းကောင်း၊ စစ်ရေးပါရဂူတဦးတယောက်မျှ သော်လည်းကောင်း၊ ဆိုဗီယက်အာဏာ အနိုင်ရလိမ့်မည်ဟု ယုံကြည်ခြင်းမရှိ

ကြောင်းကို အလွယ်တကူ တွေ့ရှိနိုင်ပေသည်။ ဆန့်ကျင်စွာပင် နိုင်ငံအားလုံးမှ ထင်ရှားသည့် စာရေးဆရာများ၊ စစ်ရေးပါရဂူများနှင့် တော်လှန်ရေးသမိုင်းဆရာများအားလုံး၊ ပညာရှိသုတေသီဟု ဆိုကြသူအားလုံးကပင် ဆိုဗီယက်အာဏာသည် ကုန်ဆုံးတော့မည်ဖြစ်ကြောင်း၊ ၎င်းတို့၏ ရှုံးနိမ့်မှုမှာ မလွဲမရှောင်နိုင်တော့ကြောင်း တညီတညွတ်တည်း ပြောဆိုလာကြသည်။

ဆိုဗီယက်ရုရှား၌ စည်းရုံးစုစည်းပြီးသား တပ်မတော်မရှိဘဲ၊ အတိုက်ခံရချိန်ကျမှ တပ်နီတော်ကို တည်ထောင်ရတာ ကျူးကျော် စွက်ဖက်ရေးသမားများနှင့် တပ်ဖြူများအတွက်မူ အရန်သင့်ပြင်ဆင်ပြီးသား တပ်မတော်ရှိနေသည့် အချက်ပေါ်တွင် အခြေခံ၍သူတို့က ကျူးကျော်ရေးအင်အားစုများ အောင်ပွဲခံနိုင်သည်ဟု ကျိန်းသေတွက်ထားခဲ့သည်။

ထို့အပြင် တပ်နီတော်၌ အတွေ့အကြုံရှိ စစ်ရေးသမားများမရှိဘဲ အများစုကလည်း တန်ပြန်တော်လှန်ရေးဘက် ကူးပြောင်းသွားကာ၊ ကျူးကျော်ရေးသမားများနှင့် တပ်ဖြူများတွင်မူကား ဤကဲ့သို့သော လူများရှိနေသည်ဆိုသည့် အချက်ပေါ်တွင်လည်း ၎င်းတို့၏ ကျိန်းသေတွက်မှုကို အခြေခံထားပေသည်။

ထို့အပြင် ရုရှားစက်မှုလုပ်ငန်း ခေတ်နောက်ကျမှုကြောင့် တပ်နီတော်သည် လက်နက်နှင့်ခဲယမ်းမီးကျောက် ချို့တဲ့နေပြီး ရှိပြီးလက်နက်မှာလည်း အရည်အချင်းညံ့ဖျင်းကာ ရုရှားကိုဘက်အသီးသီးမှ အလုံအခြုံ ပိတ်ဆို့ထားမှုများကြောင့် နိုင်ငံခြားမှလည်း ထောက်ပံ့ရေးများ မရရှိနိုင်ဘူးဆိုသည့် အချက်ပေါ်တွင်လည်း ၎င်းတို့၏ ကျိန်းသေတွက်ချက်မှုကို အခြေခံပေသည်။ တဖက်က ကျူးကျော်ရေးသမားများနှင့် တပ်ဖြူများ၏ တပ်မှာမူ အများအပြား၊ အလျှံအပယ်တပ်ဆင်ထားပြီး ဆက်လက်၍လည်း ပထမတန်းစား လက်နက်ခဲယမ်းမီးကျောက်နှင့် ပစ္စည်းများနှင့် ထောက်ပံ့မှုရနိုင်ပေသည်။

နောက်ဆုံး သူတို့အခြေခံသည့်အချက်မှာ ကျူးကျော်ရေးနှင့် တပ်ဖြူများ၏ တပ်များသည် ရုရှား၏ အကြွယ်ဝဆုံး ရိ က္ခာထုတ်လုပ်သည့် ဒေသကိုသိမ်းပိုက်ထားပြီး တပ်နီတော်တွင်မူ ဤကဲ့သို့ ဒေသ မရှိသည့်အပြင် စားနပ်ရိက္ခာချို့တဲ့မှုနှင့် ရင်ဆိုင်နေရသည်။

တပ်နီတော်အနေဖြင့် ဤချို့တဲ့မှုများနှင့် အခက်အခဲများအားလုံးနှင့် ရင်ဆိုင်နေရသည်မှာလည်း တကယ်အမှန်ပင်ဖြစ်သည်။

ဤဘက်တွင်သာ၊ သို့သော် ဤဘက်တဖက်တွင်သာ ကျူးကျော်ရေးသမား လူကြီးလူကောင်းများသည် လုံးဝမှန်ကန်ခဲ့ပါသည်။

ဤကဲ့သို့သော စိုးရိမ်ဖွယ် အားနည်းချက်များနှင့် ရင်ဆိုင်နေရလျက်က တပ်နီတော်သည် ဤအားနည်းချက်များနှင့်  ကင်းဝေးသည့် ကျူးကျော်ရေးနှင့် တပ်ဖြူတပ်မတော်ကို အောင်နိုင်ခဲ့သည်ကို မည်ကဲ့သို့ ရှင်းပြမည်နည်း။

**၁။** တပ်နီတော်သည် အောင်ပွဲခံခဲ့သည်။ အဘယ်ကြောင့်ဆိုသော် တပ်နီတော်က တိုက်ခိုက်ပေးနေရသည့် ဆိုဗီယက်အစိုးရ၏ ပေါ်လစီသည် မှန်ကန်သည့် ပေါ်လစီတရပ်ဖြစ်ပြီး ပြည်သူလူထု၏ အကျိုးစီးပွားနှင့် ကိုက်ညီသောကြောင့်လည်းကောင်း၊ ပြည်သူများကလည်း ဤသည်ကို မှန်ကန်သည့် ပေါ်လစီတရပ်၊ ၎င်းတို့၏ကိုယ်ပိုင်ပေါ်လစီတရပ်အဖြစ် နားလည်သဘောပေါက်ပြီး ခြွင်းချက်မရှိ ထောက်ခံခဲ့သောကြောင့်လည်းကောင်း ဖြစ်သည်။

ဘော်ရှီဗစ်များသည် မှားယွင်းသည့် ပေါ်လစီအတွက်၊ ပြည်သူလူထုက မထောက်ခံသည့် ပေါ်လစီအတွက် တိုက်ခိုက်ရသည့် တပ်မတော်သည် အောင်ပွဲမရနိုင်ကြောင်း သိရှိပေသည်။ ကျူးကျော်ရေးသမားများနှင့် တပ်ဖြူများ၏ တပ်မတော်သည် ဤကဲ့သို့သော တပ်မတော်ဖြစ်သည်။ ၎င်းတွင် အရာအားလုံးရှိသည်။ အတွေ့အကြုံ ရင့်ကျက်ပြီးသား တပ်မှူးများနှင့် ပထမတန်းစား လက်နက်ခဲယမ်းများနဲ့ စားနပ်ရိက္ခာများ အားလုံးရှိသည်။ သူတို့မှာ ရုရှားပြည်သူလူထု၏ ထောက်ခံ စာနာမှု တခုတည်းသာ ချို့တဲ့နေသည်။ ရုရှားပြည်သူများသည် စွက်ဖက်ကျူးကျော်ရေးသမားများနှင့် တပ်ဖြူ"အုပ်စိုးသူများ"၏ ပေါ်လစီကို ထောက်လည်း မထောက်ခံနိုင်၊ ထောက်လည်း မထောက်ခံချေ။ အဘယ်ကြောင့်ဆိုသော် ဤပေါ်လစီသည် ပြည်သူများနှင့် ကဏ္ဍကောစ ဖြစ်နေသောကြောင့်ပင် တည်း။ ထို့ကြောင့် ကျူးကျော်ရေးသမားနှင့် တပ်ဖြူတပ်သည် ရှုံးနိမ့်သွားရခြင်းဖြစ်သည်။

**၂။** တပ်နီတော်သည် အောင်ပွဲခံခဲ့သည်။ အဘယ်ကြောင့်ဆိုသော် တပ်နီတော်သည် ပြည်သူလူထုအပေါ် အကြွင်းမဲ့သစ္စာစောင့်သိပြီး ဤအတွက်ကြောင့်ပင် ပြည်သူလူထုက ၎င်းအပေါ် ချစ်ခင်မြတ်နိုး ထောက်ခံခဲ့ပြီး မိမိတို့ကိုယ်ပိုင် တပ်မတော်အဖြစ် သဘောထားခဲ့ပေသည်။ တပ်နီတော် သည် ပြည်သူလူထု၏ သားသမီးဖြစ်ပြီး သစ္စာရှိသားတယောက်က အမေ့အပေါ် ရှိသေသစ္စာရှိ သကဲ့သို့ လူထုအပေါ်တွင်လည်း ၎င်းက ရှိသေသစ္စာရှိပါက ပြည်သူလူထု၏ ထောက်ခံမှုရရှိကာ မလွဲမသွေ အောင်ပွဲခံရပေမည်။ ပြည်သူလူထုကို ဆန့်ကျင်သည့် တပ်မတော်သည် ဆုံးရှုံးမှုနှင့် ရင်ဆိုင် ရပေလိမ့်မည်။

**၃။** တပ်နီတော်သည်အောင်ပွဲခံခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ဆိုဗီယက်အစိုးရသည် နောက်တန်းတခုလုံး၊ တတိုင်းပြည်လုံးကို စုစည်းနိုင်ခဲ့ပြီး ရှေ့တန်းမှလိုအပ်ချက်များကို ဖြည့်ဆီးနိုင်ခြင်း ကြောင့်ဖြစ်သည်။ ရှေ့တန်းကို နည်းလမ်းအားလုံးနှင့် ထောက်ပံ့နိုင်သသည်။ ခိုင်မာတောင့် တင်းသည်။ နောက်တန်းမရှိသည့် တပ်မတော်သည် ရှုံးနိမ့်မှုနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။ ဘော်ရှီဗစ်များက ဤသည်ကို သိရှိနားလည်ပြီး ထို့ကြောင့်ပင် တနိုင်ငံလုံးကို ရှေ့တန်းသို့လက်နက်ခဲယမ်းမီးကျောက်၊ ပစ္စည်းကိရိယာ၊ အစားအစာနှင့် စစ်ကူများ ထောက်ပံ့သည့် တပ်စခန်းတခုအဖြစ် ပြောင်းလဲပစ်လိုက် ခြင်းဖြစ်သည်။

**၄။** တပ်နီတော်သည် အောင်ပွဲခံခဲ့သည်။ အဘယ်ကြောင့်ဆိုသော်

(က) တပ်နီတော်သားများသည် စစ်ပွဲ၏ရည်မှန်းချက်နှင့် ရည်ရွယ်ချက်များကို နားလည် သဘောပေါက်ပြီး ၎င်းတို့၏ တရားမျှတမှုကို အသိမှတ်ပြုသည်။

(ခ) စစ်ပွဲ၏ ရည်မှန်းချက်နှင့် ရည်ရွယ်ချက်များ၏ တရားမျှတမှုအပေါ် အသိအမှတ်ပြုခြင်းက ၎င်းတို့၏ စည်းကမ်းလိုက်နာ စောင့်ထိန်းမှုနှင့် တိုက်ခိုက်ရေးစွမ်းရည်ကို တောင့်တင်းခိုင်မာစေသည်။

(ဂ) အကျိုးအားဖြင့် တပ်နီတော်သည် ရန်သူနှင့် ရင်ဆိုင်ရသည့် တိုက်ပွဲတလျှောက်လုံး မရှိခဲ့ဖူး သော၊ ပြိုင်ဘက်ကင်းသည့် ကိုယ်ကျိုးစွန့်မှုနှင့် ထူးခြားလှသော တခဲနက်သူရဲကောင်း စိတ်ဓာတ်ကို ပြသခဲ့သည်။

**၅။** တပ်နီတော်သည် အောင်ပွဲခံခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ၎င်း၏ ခေါင်းဆောင်ဗဟိုသည် ရှေ့တန်းတွင်ရော နောက်တန်းတွင်ပါ ဘော်ရှီဗစ်ပါတီဖြစ်သည်။ ၎င်းသည် သွေးစည်းညီညွတ်မှုနှင့် စည်းမျဉ်းစည်းကမ်းတွင် ညီညွတ်ကာ တော်လှန်ရေး စိတ်ဓာတ်ပြင်းထန်ပြီး တူညီသော အရေးတော်ပုံ

အတွက် မည်သည့်စွန့်လွတ်မှုမျိုး အတွက်ကိုမဆို အဆင်သင့်ရှိကာ သန်းချီသော လူများလိုစည်းရုံးပြီး ရှုပ်ထွေးသည့် အခြေအနေတွင် နည်းမှန်လမ်းမှန် ခေါင်းဆောင်နိုင်စွမ်းတွင်လည်း မည်သူမျှ မကျော်လွန်နိုင်ချေ။

လီနင် ပြောခဲ့သည်မှာ "ပါတီ၏ နိုးကြားတက်ကြွမှုနှင့် ၎င်း၏ တင်းကျပ်သည့် စည်းကမ်းကြောင့် ပါတီ၏ အာဏာပိုင်များက အစိုးရဌာနနှင့် အသင်းအဖွဲ့အားလုံးတို့ကို စည်းရုံးနိုင်မှုကြောင့်၊ ဗဟိုကော်မတီက ထုတ်ပြန်သော ကြွေးကြော်သံကို ပြည်သူ ထောင်သောင်းသိန်းသန်းတို့က လူတယောက်တည်းကဲ့သို့ စည်းရုံးလိုက်နာခဲ့သောကြောင့် မယုံနိုင်ဖွယ် စွန့်လွတ်မှုများကြောင့်သာလျှင် ထူးထွေသည့် အံ့ရာသော်များ ဖြစ်ပေါ်နိုင်ပြီး၊ တကယ်လည်းဖြစ်ခဲ့ပေသည်။ ဤအရာအားလုံးကြောင့် သာလျှင် ကျွန်တော်တို့သည် မဟာမိတ်နိုင်ငံများနှင့် တကမ္ဘာလုံးမှ နယ်ချဲ့သမားများ၏ နှစ်ကြိမ်၊ သုံးကြိမ်၊ လေးကြိမ်မျှသော၊ အကြိမ်ကြိမ်စစ်ဆင်မှုအကြားမှာပင် အောင်ပွဲဆင်နိုင်ခဲ့ခြင်းဖြစ်သည်။ " **(လီနင် လက်ရွေးစင်ကျမ်း၊ အတွဲ၂၊ စာမျက်နှာ–၅၅၆)**

**၆။** တပ်နီတော်သည် အောင်ပွဲခံခဲ့သည်။ အဘယ်ကြောင့်ဆိုသော်

(က) ၎င်းတို့တပ်မတော်သားများထဲမှ ဖရန်းစစ် (Frunze)၊ ဗိုရိုရှီလော့ဗ်၊ ဘူဒ်ရောင်နီနှင့် အခြားလူများကဲ့သို့သော အမျိုးအစားသစ် စစ်တပ်မှူးများ ပေါ်ထွက်စေခဲ့သည်။

(ခ) ၎င်းတို့ထဲမှ ကိုတော့ဗ်စကီး (Kotovsky)၊ ချာပါးယက်ဗ် (Chapayev)၊ လာဇို (Lazo)၊ စကော့စ် (Shchors)၊ ပါကိုမန်းကိုး (Parkhomenko)ကဲ့သို့သော ပြည်သူထဲမှ လူစွမ်းကောင်းများ တိုက်ခိုက်ခဲ့သည်။

(ဂ) တပ်နီတော်၏ နိုင်ငံရေးပညာပေးမှုမှာ လီနင်၊ စတာလင်၊ မိုလိုတော့ဗ်၊ ကာလင်နင်၊ ဆဗားဒ်လော့ဗ်၊ ခါကာနိုဗစ်ချ်၊ အိုဂျိုနီကစ်ဇီ၊ ကီးရော့ဗ်၊ ခီယူဘိုင်ရှက်ဗ်၊ မီကိုယန် (Mikoyan)၊ ဇာဒါးနော့ဗ်၊ အန်ဒရေးရက်ဗ် (Andreyev)၊ ပီထရော့ဗ်စကီး (Petrovsky)၊ ရာရိုစလာဗ့်စကီး (Yaroslavsky)၊ ရီဇော့ဗ်၊ ဇာဇင်စကီး၊ ချာဒင်ကို (Shchadenko)၊ မီကလစ် (Mekhlis)၊ ခရူးရှော့ဗ် (Khrushchev)၊ ရှဗားနိခ် (Shvernik)၊ စကရာတော့ဗ် (Shkiryatov)စသူတို့၏ လက်ထဲတွင်ရှိနေခဲ့သည်။

(ဃ) တပ်နီတော်တွင် တပ်နိုင်ငံရေးမှူးကဲ့သို့သော အလွန်ပြောင်မြောက်သည့် စည်းရုံးရေးမှူးနှင့် လှုံ့ဆော်သူများရှိနေသည်။ သူတို့သည် တပ်နီတော်သားများကို ခိုင်မြဲစည်းလုံးနေစေပြီး စည်းကမ်းစိတ်ဓာတ်နှင့် စစ်ရေးစွန့်စားမှုများ ပေါ်ထွက်လာစေရန် စိတ်ဓာတ် သွင်းပေးကာ အချို့တပ်မှူးများကို သစ္စာဖောက်လုပ်ရပ် အတက်အသွေက်များကို တက်ကြွစွာ လျင်မြန်စွာနှင့် မဆုတ်မနစ် ခိုင်မြဲစွာ ဖဲ့ထုတ်ပစ်ခဲ့သည်။ တဖက်တွင်လည်း ဆိုဗီယက်အာဏာကို သစ္စာစောင့်သိပြီး၊ တပ်နီတော်တပ်ဖွဲ့ကို ခိုင်ခိုင်မာမာ ခေါင်းဆောင်နိုင်သည့် ပါတီဝင်နှင့် ပါတီပမှ ထင်ရှားကျော်ကြား ဂုဏ်သတင်းကြီးသည့် တပ်မှူးများကို သူတို့သည် ရဲဝံ့စွာနှင့် ခိုင်မာစွာ ထောက်ခံခဲ့ကြသည်။ လီနင်က "စစ်တပ်နိုင်ငံရေးမှူးများမရှိပါက တပ်နီတော်လည်း ရှိမှာမဟုတ်ချေ။"ဟု ဆိုခဲ့သည် ။

**၇။** တပ်နီတော်သည် အောင်ပွဲခံခဲ့သည်။ အဘယ်ကြောင့်ဆိုသော် တပ်ဖြူများ၏ နောက်တန်း၌ ကော့ချက်၊ ဒင်နီကင်၊ ကရာစ်နော့ဗ်နှင့် ရဲန်ဂဲလ်တို့၏ နောက်တန်း၌ အဖိုးတန်လှသော ဘော်ရှီဗစ်များ၊ ပါတီဝင်နှင့် ပါတီပမှ လူများသည် လျှို့ဝှက်စွာ လှုပ်ရှားခဲ့ပြီး အလုပ်သမား၊ လယ်သမားများကို

ကျူးကျော်သူများနှင့် တပ်ဖြူများအား ဆန့်ကျင်ပုန်ကန်ထကြွစေခဲ့သည်။ ဆိုဗီယက်အာဏာ၏ ရန်သူ့နောက်တန်းကို အင်အားချည့်နဲ့စေကာ ဤနည်းဖြင့် တပ်နီတော်၏ ရှေ့ချီတက်မှုကို လျင်မြန်စေခဲ့သည်။ ယူကရိန်း၊ ဆိုက်ဗေးရီးယား၊ အရှေ့ဖျားဒေသ၊ ယူရဲလ်တောင်တန်းဒေသ၊ ဘိုင်လိုရုရှားနှင့် ဗောလ်ဂါဒေသတို့မှ ပါတီဝင်များ၊ တပ်ဖြူများနှင့် ကျူးကျော်သူများ၏ နောက်တန်းများကို အင်အားချည့်နဲ့စေခြင်းဖြင့် တပ်နီတော်ကို အဖိုးမဖြတ်နိုင်သော ကောင်းမှုပြုခဲ့သည်ကို လူတိုင်းသိရှိကြပါသည်။

**၈။** တပ်နီတော်သည် အောင်ပွဲခံခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ဆိုဗီယက်သမ္မတနိုင်ငံသည် တပ်ဖြူတန်ပြန်တော်လှန်ရေးနှင့် နိုင်ငံခြားမှ စွက်ဖက်ကျူးကျော်မှုများကို တိုက်သည့်တိုက်ပွဲတွင် တဦးတည်း မဟုတ်ဘဲ ဆိုဗီယက်အာဏာ၏ တိုက်ပွဲများနှင့် ၎င်း၏အောင်ပွဲများသည် ကမ္ဘာတခုလုံးမှ ပစ္စည်းမဲ့များ၏ စာနာကူညီထောက်ခံမှုရရှိခဲ့ခြင်းကြောင့်ဖြစ်သည်။ နယ်ချဲ့သမားများက ဆိုဗီယက်သမ္မတနိုင်ငံကို ပိတ်ဆို့စွက်ဖက်ကျူးကျော်မှုဖြင့် မွန်းကျပ်အောင်ပြုလုပ်နေစဉ် နယ်ချဲ့နိုင်ငံများမှ အလုပ်သမားများသည် ဆိုဗီယက်များဘက်မှလိုက်ကာ ကူညီခဲ့သည်။ ၎င်းတို့၏ ဆိုဗီယက် သမ္မတ နိုင်ငံကို ရန်လိုသည့် နိုင်ငံများရှိ အရင်းရှင်များအပေါ် ဆင်နွှဲသည့်တိုက်ပွဲများက အဆုံး၌ နယ်ချဲ့ သမားများအတွက် စွက်ဖက်ကျူးကျော် ရပ်ဆိုင်းသွားစေရန် ကူညီလိုက်ပေသည်။ ဗြိတိန်၊ ပြင်သစ်နှင့် အခြားစွက်ဖက်သည့် နိုင်ငံများမှ အလုပ်သမားများသည် သပိတ်မှောက်ရန် လှုံ့ဆော်လိုက်ပြီး ကျူးကျော်သူများနှင့် တပ်ဖြူဗိုလ်ချုပ်များကို ပေးပို့ရန်ရှိသည့် ခဲယမ်းမီးကျောက်များ ကုန်တင်ကုန်ချရေးကို ငြင်းဆိုကြသည်။ "လုပ်ငန်းကောင်စီ"ကို ထူထောင်ပြီး "ရုရှားမှလက်ဖယ်ကြ!"ဆိုသည့် ကြွေး ကြော်သံ ညွှန်ကြားမှုအောက်တွင် လုပ်ငန်းများကို လုပ်ဆောင်ကြသည်။

"နိုင်ငံတကာ့ အရင်းရှင်များသည် ကျွန်တော်တို့အား တိုက်ခိုက်ရန် လက်များကို မြှောက်လိုက်ရာ ဤသည်မှာ ၎င်းတို့၏ အလုပ်သမားများက ဖမ်းဆီးဖို့ မြှောက်ပေးခြင်းသာလျှင် ဖြစ်သွားပေတော့သည်။"ဟု လီနင်က ဆိုခဲ့သည်။ **(လီနင် ကျမ်းပေါင်းစုံ၊ အတွဲ ၂၅၊ စာမျက်နှာ–၄၀၅)**

# အကျဉ်းချုပ်

အောက်တိုဘာ တော်လှန်ရေးက ဖြုတ်ချခြင်း ခံလိုက်ရသော မြေရှင်နှင့် အရင်းရှင်များသည် တပ်ဖြုတ်ဗိုလ်ချုပ်များနှင့်အတူ မဟာမိတ်နိုင်ငံ အစိုးရများနှင့်ပူးပေါင်းပြီး မိမိတိုင်းပြည်၏ အကျိုးစီးပွားကို ဆန့်ကျင်၍ဆိုဗီယက်မြေပေါ်တွင် ပူးပေါင်း လက်နက်ကိုင်တိုက်ခိုက်ပြီး၊ ဆိုဗီယက်အာဏာကို ဖြုတ်ချရန် ကြံစည်ခဲ့သည်။ ဤသည်က ရုရှား၏ နယ်စပ်ဒေသများ၌ တပ်ဖြုများ၏ ပုန်ကန်မှုနှင့် မဟာမိတ် နိုင်ငံများ၏ စစ်ရေးစွက်ဖက်မှုတို့၏ အခြေခံဖြစ်ပေသည်။ အကျိုးအားဖြင့် ရုရှားသည် ၎င်း၏ စားနပ်ရိက္ခာနှင့် ကုန်ကြမ်းပစ္စည်း ရေသောက်မြစ်များမှ ဖြတ်တောက်ခြင်းခံလိုက်ရပေသည်။

ဂျာမနီ စစ်ရေးအရ ရှုံးနိမ့်သွားခြင်းနှင့် ဥရောပရှိ နယ်ချဲ့ ညွန့်ပေါင်းအဖွဲ့ ၂ ဖွဲ့အတွင်း စစ်ပွဲအဆုံးသတ်သွားခြင်းက မဟာမိတ် နိုင်ငံများကို ပိုမို အင်အားတောင့်တင်းစေပြီး၊ စွက်ဖက်ကျူးကျော်မှုတို့ကို တိုးမြှင့်လုပ်ဆောင်စေကာ ဆိုဗီယက်ရုရှားအတွက် အခက်အခဲသစ်များ ပေါ်ပေါက်လာစေသည်။

တဖက်တွင်လည်း ဂျာမနီတော်လှန်ရေးနှင့် ဥရောပနိုင်ငံများမှ တော်လှန်ရေးလှုပ်ရှားမှု အစပျိုးချက်များက ဆိုဗီယက်အာဏာအတွက် နိုင်ငံတကာအခြေအနေ အခွင့်အလမ်းသာစေပြီး ဆိုဗီယက်သမ္မတနိုင်ငံ၏ အနေအထားကို သက်သာခွင့်ရစေပါသည်။

ဘော်ရှီဗစ်ပါတီသည် **အဖနိုင်ငံအတွက်** စစ်ပွဲ၊ နိုင်ငံခြားကျူးကျော်မှုနှင့် ခနရှင်၊ မြေရှင်တပ်ဖြုများနှင့် စစ်ပွဲတိုက်ရန် အလုပ်သမား၊ လယ်သမားများကို လှုံ့ဆော်ခဲ့သည်။ ဆိုဗီယက်သမ္မတနိုင်ငံ၏ ၎င်း၏ တပ်နီတော်သည် ကော့ချက်၊ ယူဒါနစ်ချ်၊ ဒင်နီကင်၊ ကရာစ်နော့ဗ်၊ ရဲန်ဂဲလ် စသည့်မဟာမိတ်နိုင်ငံများ၏ ရုပ်သေးတဦးပြီး တဦးကို နှိမ်နင်းလိုက်ပြီးနောက်၊ ရုပ်သေးတဦး ပီလ်စူစကီးကို ယူကရိန်းနှင့် ဘိုင်လိုရုရှားတို့မှ မောင်းထုတ်လိုက်ပြီး ဤနည်းဖြင့် နိုင်ငံခြားစွက်ဖက်ရေး အင်အားစုများကို ထိုးနှက်လိုက်ပြီး ဆိုဗီယက်နိုင်ငံမှ မောင်းထုတ်လိုက်သည်။

နိုင်ငံတကာ အရင်းအနှီး၏ ဆိုဗီယက်နယ်မြေကို ပထမဆုံး လက်နက်ကိုင် တိုက်ခိုက်မှုသည် ဤနည်းဖြင့်လုံးဝ အရှုံးကြီးရှုံးပြီး အဆုံးသတ်သွားသည်။

စွက်ဖက်ရေးကာလအတွင်း တော်လှန်ရေး၏ ချေမှုန်းခြင်းခံရသည့် ပါတီများဖြစ်သော ဆိုရှယ်လစ် တော်လှန်ရေးသမားများ၊ မင်ရှီဗစ်များ၊ မင်းမဲ့များနှင့် အမျိုးသားရေးဝါဒီများသည် တပ်ဖြု ဗိုလ်ချုပ်များနှင့် ကျူးကျော်သူများကို ကူညီထောက်ခံကြပြီး၊ ဆိုဗီယက်သမ္မတ နိုင်ငံအပေါ် တန်ပြန်တော်လှန်ရေး လုပ်ကြံမှုကို ကြံစည်ခဲ့ပြီး ဆိုဗီယက်ခေါင်းဆောင်များကို အကြမ်းဖက်လုပ်ကြံရန် စီစဉ်ခဲ့သည်။ အောက်တိုဘာ တော်လှန်ရေးမတိုင်မီက အလုပ်သမားလူတန်းစားအကြား ဩဇာအသင့်တင့်ရှိ သော ဤပါတီများသည် ပြည်တွင်းစစ်အတွင်း လူထုကြီး၏ ရှေ့မှောက်တွင် တန်ပြန်တော်လှန်ရေးပါတီများ အဖြစ် မိမိကိုယ်မိမိတို့ ဖော်ထုတ်လိုက်သည်။

ပြည်တွင်းစစ်နှင့် ကျူးကျော်ရေးကာလက ရုရှားတွင် ပါတီများ၏ နိုင်ငံရေးကျဆုံးခန်းနှင့် ကွန်မြူနစ်ပါတီ၏ နောက်ဆုံးအောင်ပွဲကို တွေ့မြင်လိုက်ရပေသည်။

## အခန်း (၉)

## ငြိမ်းချမ်းစွာစီးပွားရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းသို့ ကူးပြောင်းရေးကာလအတွင်းမှ ဗော်ရှီဗစ်ပါတီ (၁၉၂၁–၁၉၂၅)

### ၁။ စွက်ဖက်ကျူးကျော်မှုရှုံးနိမ့်ပြီးနောက်နှင့် ပြည်တွင်းစစ်ပြီးနောက် ဆိုဗီယက်သမ္မတနိုင်ငံ။ ပြန်လည် ထူထောင်ရေးကာလအတွင်းမှအခက်အခဲများ။

စစ်ပွဲအဆုံးသတ်ပြီးနောက် ဆိုဗီယက်သမ္မတနိုင်ငံသည် ငြိမ်းချမ်းစွာ စီးပွားရေးပြန်လည် ထူထောင်ရေးလုပ်ငန်းသို့ လှည့်လာရသည်၊ စစ်ပွဲ၏ ဒဏ်ရာဒဏ်ချက်များကို ကုစားရပေဦးမည်။ တိုင်းပြည်၏ ကျေမွပျက်စီးနေသော စီးပွားရေးဘဝကို ပြန်လည်တည်ဆောက်ရမည်ဖြစ်၍ စက်မှုလုပ်ငန်း၊ မီးရထားနှင့် စိုက်ပျိုးရေးလုပ်ငန်းများကိုလည်း ပြန်လည်ထူထောင် ရပေဦးမည်။

သို့သော် ငြိမ်းချမ်းစွာဖြစ်ပေါ်တိုးတက်ရေး လုပ်ငန်းများကို အလွန်အကျွံခက်ခဲနေသည့် အခြေအနေများအောက်တွင် လုပ်ဆောင်ရပေမည်။ ပြည်တွင်းစစ် အောင်ပွဲခံနိုင်ခြင်းသည် အလွယ်တကူ မဟုတ်ခဲ့ချေ။ တိုင်းပြည်သည် လေးနှစ်ကြာ နယ်ချဲ့စစ်ပွဲနှင့် သုံးနှစ်ကြာ ကျူးကျော်စွက်ဖက်ရေး စစ်ပွဲများကြောင့် ပြာပုံဘဝသို့ ရောက်ရှိနေပေပြီ။

၁၉၂၀ ခုနှစ် ပျမ်းမျှလယ်ယာထွက်ကုန်မှာ ဇာဘုရင်ခေတ်က ဆင်းရဲနွမ်းပါးလှသည့် ရုရှားကျေးလက်မှ စစ်ပွဲမတိုင်မီ ထွက်ကုန်၏ ထက်ဝက်မျှသာဖြစ်ပေသည်။ ပို၍အခြေအနေဆိုးရန် ဖန်တီးလာမှုမှာ ၁၉၂၀ ခုနှစ်တွင် ပြည်နယ်အတော်များများ၌ စိုက်ပျိုးရေး မအောင်မြင်မှုနှင့် ကြုံတွေ့ရသည်။ စိုက်ပျိုးရေးမှာ နာကြည်းဖွယ် အကျပ်အတည်းများနှင့် ရင်ဆိုင်နေရသည်။

စက်မှုလုပ်ငန်းအခြေအနေမှာ ပိုမို၍ပင် ဆိုးရွားနေပြီး၊ လုံးဝဖရိုဖရဲ အခြေအနေသို့ ရောက်ရှိနေသည်။ ၁၉၂၀ ခုနှစ် အကြီးစား စက်မှုလုပ်ငန်း၏ ထွက်ကုန်မှာ စစ်ပွဲမတိုင်မီထွက်ကုန်၏ ခုနစ်ပုံတပုံ

သာသာမျှသာဖြစ်သည်။ စက်ရုံအလုပ်ရုံ အများစုသည်ရပ်ထားရပြီး၊ သတ္တုတွင်းနှင့် ကျောက်မီးသွေးတွင်းများလည်း ပျက်စီးကာ ရေများဖြင့် ပြည့်လျှံနေသည်။ အဆိုးတကာ အဆိုးဆုံးမှာ ရေနှင့်သံမဏိလုပ်ငန်း အခြေအနေပင်ဖြစ်သည်။ ၁၉၂၁ ခုနှစ် သံစိမ်းထွက်ကုန် စုစုပေါင်းမှာ ၁၁၆, ၃၀၀ တန် သို့မဟုတ် စစ်မဖြစ်မီထွက်ကုန်၏ သုံးရာခိုင်နှုန်းမျှသာဖြစ်သည်။ လောင်စာချို့တဲ့မှုလည်း ဖြစ်နေပါသည်။ သယ်ယူပို့ဆောင် ရေးများလည်း ပျက်စီးနေသည်။ ပြည်တွင်းသတ္တုနှင့် အဝတ်အထည် သိုလှောင်ရုံများလည်း ကုန်ခမ်းလုနီးဖြစ်နေပေသည်။ ပေါင်မုန့်၊ ဆီ၊ အသား၊ ဖိနပ်၊ အဝတ်အစား၊ မီးခြစ်၊ ဆား၊ ရေနံဆီနှင့် ဆပ်ပြာစသည့် အခြေခံလိုအပ်သည့် ကုန်များမှာလည်း အကြီးအကျယ် ချို့တဲ့နေပေသည်။

စစ်ပွဲဖြစ်နေစဉ် လူထုသည် ရှားပါးချို့တဲ့မှုများကို သည်းညည်းခံနိုင်ပြီး တခါတရံ မေ့မေ့ပျောက်ပျောက်ပင်ထားရှိနိုင်သည်။ သို့သော် စစ်ပွဲလည်း ပြီးသွားပြီဖြစ်သော ယခုအခါ၌ သူတို့သည် ရှားပါးမှုများကို ရှတ်တရက် မခံမရပ်နိုင်ဖြစ်လာကာ အမြန်ပြင်ဆင်ပေးရမည်ဟု တောင်းဆိုလာသည်။

လယ်သမားများအကြား မကျေမနပ်မှုတွေ ပေါ်ပေါက်လာသည်။ ပြည်တွင်းစစ်မီးက အလုပ်သမားလူတန်းစားနှင့် လယ်သမားထု၏ စစ်ရေး၊ နိုင်ငံရေး မဟာမိတ်ဖွဲ့မှုကို သံခဲတင်ခိုင်မာ မြဲမြံစေခဲ့သည်။ ဤမဟာမိတ်ဖွဲ့မှုသည် ပြတ်သားရှင်းလင်းသည့် အခြေခံပေါ်တွင် ရပ်တည်သည်။ ဆိုဗီယက်အာဏာသည် လယ်သမားများအား မြေယာရရှိစေပြီး၊ မြေရှင်နှင့် ကူးလတ်များ၏ ဘေးမှ ကာကွယ်ပေးခဲ့သည်။ အလုပ်သမားများက ပိုလျှံရိက္ခာ သိမ်းဆည်းသည့်စံနစ်မှတဆင့် လယ်သမားထုထံမှ ရိက္ခာများရရှိခဲ့သည်။

ယခုအခါ၌ ဤအခြေခံအချက်သည် လုံလောက်ခြင်းမရှိတော့ချေ။

ဆိုဗီယက်နိုင်ငံတော်သည် အမျိုးသားကာကွယ်ရေး လိုအပ်ချက်များအတွက် လယ်သမားများထုတ်လုပ်သည့် ပိုလျှံရိက္ခာအားလုံးကို မလွဲမရှောင်သာ သိမ်းဆည်းခဲ့ရသည်။ ပြည်တွင်းစစ် အောင်ပွဲရရှိမှုသည် ပိုလျှံရိက္ခာ သီးသန့် ထားရှိသည့်စနစ် မရှိဘဲ၊ စစ်ကွန်မြူနစ်စနစ် မရှိဘဲ ဖြစ်နိုင်ခဲ့မည် မဟုတ်ချေ။ စစ်ပွဲနှင့် ဝင်ရောက်စွက်ဖက်မှုကြောင့် ဤပေါ်လစီကို လိုအပ်ခဲ့သည်။ စစ်ပွဲဆက်လက်ဖြစ်နေသရွေ့ လယ်သမားများသည် ပိုလျှံရိက္ခာ သိမ်းဆည်းရေးစနစ်ကို မငြင်းမဆန်လိုက်လျောနိုင်ပြီး ကုန်စည်ရှားပါးမှုကိုလည်း ပမာထားမည်မဟုတ်ပေ။ သို့သော် စစ်ပွဲပြီးသွားပြီး မြေရှင်များ ပြန်လာမည့်အန္တရာယ်မရှိတော့သည့်အခါ လယ်သမားများသည် ၎င်းတို့၏ ပိုလျှံရိက္ခာများအားလုံး အပ်နှံရသည့်အတွက်၊ ပိုလျှံရိက္ခာစနစ်အတွက် မကျေနပ်ချက်များကို စတင်ဖော်ပြလာပြီး ကုန်စည်များလုံလောက်စွာထောက်ပံ့ရန် တောင်းဆိုလာကြသည်။

လီနင်ထောက်ပြသည့်အတိုင်း စစ်ကွန်မြူနစ်စနစ်တခုလုံးသည် လယ်သမားများ၏ အကျိုးစီးပွားနှင့် ထိပ်တိုက်ရင်ဆိုင် ဖြစ်လာလေတော့သည်။

မကျေနပ်ချက် စိတ်ဓာတ်သည် အလုပ်သမားလူတန်းစားကိုလည်း ရိုက်ခတ်လာပါသည်။ ပစ္စည်းမဲ့များသည် ပြည်တွင်းစစ်၏အပြင်းထန်ဆုံးသော ဒဏ်ကိုခံခဲ့ရပြီး၊ တပ်ဖြူနှင့် နိုင်ငံခြားတပ်များကို သူရသတ္တိပြည့်ဝစွာ၊ စွန့်လွှတ်မှုကြီးစွာနှင့် တိုက်ခိုက်ခဲ့ကာ စီးပွားရေး ပျက်စီးယိုယွင်းမှုနှင့် ငတ်မွတ်ခေါင်းပါးခြင်း ဘေးဒဏ်များကိုလည်း တိုက်ခိုက်ခဲ့ရသည်။ အကောင်းဆုံး လူတန်းစားအသိ အမြင့်မားဆုံး၊ အစွန့်လွှတ်ဆုံးနှင့် စည်းကမ်းအရှိဆုံး အလုပ်သမားများသည် ဆိုရှယ်လစ်အသိ စိတ်ဓာတ်မြင့်မားတက်ကြွနေသည်။ သို့သော် စီးပွားရေးလုံးဝချွတ်ခြုံကျမှုက အလုပ်သမားလူတန်း စားသို့ လည်း

ဂယက်ရိုက်ခတ်လိုက်ပေသည်။ ဆက်လက်လည်ပတ်နေသေးသော စက်ရုံအလုပ်ရုံ အနည်းငယ်မျှသည်လည်း လည်တချက် မလည်တချက် ဖြစ်နေသည်။ အလုပ်သမားများမှာ အသက်ရှင်နေထိုင်ရေးအတွက် အလုပ်စုံလုပ်ကိုင်နေကြရပြီး မီးခြစ်များပြုလုပ်ကာ ကျေးရွာများတွင် အစားအသောက်များနှင့် နယ်လှည့်လဲလှယ်လုပ်ကိုင် (လွယ်အိတ် ကုန်သွယ်ရေး) နေကြရပါသည်။ ပစ္စည်းမဲ့အာဏာရှင်စနစ်၏ လူတန်းစားအခြေခံသည် အင်အားချည့်နဲ့လာပြီး၊ အလုပ်သမားများသည် ပြန့်ကျဲကုန်ကာ၊ ကျေးရွာများသို့ ထွက်ပြေးနေကြကာ၊ အလုပ်သမားများမဟုတ်တော့ဘဲ လူတန်း စားပျက်များ ဖြစ်လာကြသည်။ အလုပ်သမားအချို့မှာ ဆာလောင်ငတ်မွတ်မှုနှင့် ပင်ပန်းဆင်းရဲမှုတို့ကြောင့် မကျေနပ်သည့် လက္ခဏာများ စတင်ပြသလာလေတော့သည်။

ပါတီသည် တိုင်းပြည်၏ စီးပွားရေးဘဝကို ဖြစ်ထွန်းစေမည့် ပြဿနာအားလုံးအပေါ် ပေါ်လစီ လမ်းစဉ်သစ်တရပ်၊ အခြေအနေသစ်နှင့် ကိုက်ညီသည့် လမ်းစဉ်တရပ် ရေးဆွဲရန်လိုအပ်လာပေသည်။

ထို့ကြောင့် ပါတီသည် စီးပွားရေးဖြစ်ပေါ်တိုးတက်မှု ပြဿနာများပေါ် ပေါ်လစီလမ်းစဉ်ရေးဆွဲရန် ဆက်လက်လုပ်ဆောင်ခဲ့သည်။

သို့သော် လူတန်းစားရန်သူကလည်း ငိုက်မြည်းနေသည် မဟုတ်ချေ။ စိတ်ပျက်ဖွယ်စီးပွားရေးအခြေအနေနှင့် လယ်သမားများ၏ မကျေနပ်ချက်များကို မိမိတို့ရည်ရွယ်ချက်များအတွက် အမြတ်ထုတ်ရန် ကြိုးစားလာကြသည်။ ဆိုက်ဗေးရီးယား၊ ယူကရိန်းနှင့် တဲလ်ဘော့ဗ်ပြည်နယ် (အင်တိုနော့ဗ်ပုန်ကန်မှု) တို့တွင် တပ်ဖြူများနှင့် ဆိုရှယ်လစ်တော်လှန်ရေးသမားများ စီစဉ်သည့် ကူးလက် ပုန်ကန်မှုများပေါ်ထွက်လာသည်။ မင်ရှီဗစ်၏ ဆိုရှယ်လစ်တော်လှန်ရေးသမားများ၊ မင်းမဲ့ဝါဒီများ၊ တပ်ဖြူ များ၊ အမျိုးသားခနရှင်များစသည့် တန်ပြန်တော်လှန်ရေး အမျိုးအစားအားလုံး ပြန်လည် တက်ကြွလာကြပြန်သည်။ ရန်သူများက ဆိုဗီယက်အာဏာကို တိုက်ခိုက်ရန် တိုက်ပွဲနည်းပရိယာယ်သစ်များ ကျင့်သုံးလာကြသည်။ သူတို့က ဆိုဗီယက် အဆင်တန်ဆာကို ငှားရမ်းပြီး၊ သူတို့၏ ကြွေး ကြော်သံမှာလည်း ဆိုဗီယက်များကျဆုံးပါစေ မဟုတ်တော့ဘဲ ကွန်မြူနစ်များမပါသည့် ဆိုဗီယက်အတွက်ဆို သည့် ကြွေးကြော်သံသစ်ကို တင်လာသည်။

လူတန်းစားရန်သူ၏ နည်းပရိယာယ်သစ်များထဲမှ ထင်ရှားသည့်အဖြစ်အပျက်တရပ်မှာ ခရုန်းစတက်၌ တန်ပြန်တော်လှန်ရေး အာဏာသိမ်းမှုပင်ဖြစ်သည်။ ၁၉၂၁ ခုနှစ် မတ်လ ၁ဝ ကြိမ်မြောက်ကွန်ကရက်မတိုင်မီ တပတ်အလိုတွင် ဖြစ်ပွားခဲ့ သည်။ တပ်ဖြူများနှင့် ကြံရာပါများဖြစ်သော မင်ရှီဗစ်နှင့် နိုင်ငံခြားတိုင်းပြည်များမှ ကိုယ်စားလှယ်များသည် ပုန်ကန်မှုကို ခေါင်းဆောင်ခဲ့သည်။ ပုန်ကန်သူများသည် ၎င်းတို့၏ ရည်ရွယ်ချက်ဖြစ်သော အရင်းရှင်၊ မြေရှင်တို့၏အာဏာနှင့် ခနပစ္စည်းများ ပြန်လည်ထူထောင်ရေးကို ဖုံးကွယ်ရန်အလို့ငှာ “ဆိုဗီယက်” ဆိုသော ဆိုင်းဘုတ်ကို အသုံးချခဲ့ကြသည်။ သူတို့က ကွန်မြူနစ်များမပါသည့် ဆိုဗီယက်များအတွက် ကြွေးကြော်ခဲ့သည်။ တန်ပြန်တော်လှန်ရေးသမားများသည် ဆိုဗီယက်အာဏာကို ဆိုဗီယက်ကြွေးကြော်သံအတုဖြင့် ဖြုတ်ချနိုင်ရန် ခနရှင်ပေါက်စ လူထု၏ မကျေနပ်ချက်များကို အမြတ်ထုတ်အသုံးပြုရန် ကြိုးစားခဲ့ကြသည်။

ခရုန်းစတက်ပုန်ကန်မှု ထွက်ပေါ်လာရေးကို အခြေအနေနှစ်ရပ်က တွန်းဆော်လျင်မြန်စေခဲ့ သည်။ သင်္ဘောများမှ သင်္ဘောသားများ၏ ဖွဲ့စည်းမှုယိုယွင်းလာခြင်းနှင့် ခရုန်းစတက်ရှိ ဗော်ရှီဗစ် အဖွဲ့အစည်းများ အားနည်းလာမှုဖြစ်သည်။ အောက်တိုဘာတော်လှန်ရေး၌ ပါဝင်ခဲ့သော သင်္ဘော

သားဟောင်း အားလုံးနီးပါးမှာ တပ်နီတော်သားများအဖြစ် ရှေ့တန်းတွင် ရွတ်ရွတ်ချွံချွံ တိုက်ခိုက်နေကြရသည်။ ရေတပ်တွင် နောက်ထပ် အင်အားဖြည့်တင်းရာ၌ တော်လှန်ရေးထဲတွင် ပါဝင်လေ့ကျင့်သင်ကြားခံရခြင်းမရှိသည့် လူသစ်များဖြစ်နေသည့် သူတို့တတွေမှာ ပိုလျှံရိက္ခာ သိမ်းဆည်းရေးစနစ်အပေါ် လယ်သမားများ၏ မကျေနပ်ချက်များကို ဖော်ပြနေသည့် အရိုးခံသက်သက် လယ်သမားထုများဖြစ်သည်။ ခရုန်းစတက်ရှိ ဗော်ရှီဗစ်အဖွဲ့အစည်းမှာမူ ရှေ့တန်းအတွက် စစ်သားစုဆောင်းပေးလိုက်ရမှုများကြောင့် အလွန်အမင်း အားနည်းပေသည်။ ဤသည်က ဆိုရှယ်လစ်တော်လှန်ရေးသမားများ၊ မင်ရှီဗစ်များနှင့် တပ်ဖြူများကို ခရုန်းစတက်အတွက် တစတစ တိုးဝင်လာနိုင်စေပြီး အပေါ်စီးရရှိ စေလိုက်ပေသည်။

ပုန်ကန်သူများ ပထမတန်းစားခံတပ်၊ ရေတပ်ဖွဲ့လက်နက်ခဲယမ်းမီးကျောက် အမြောက်အမြားကို သိမ်းပိုက်နိုင်သွားသည်။ နိုင်ငံတကာ တန်ပြန်တော်လှန်ရေးသမားများ အူမြူးသွားကြသည်။ သို့သော် သူတို့၏ ပျော်ရွှင်မှုမှာ အချိန်စောသွားသည်။ ခရုန်းစတက် ပုန်ကန်မှု ကို နှိမ်နှင်းရန် ပါတီကသူ၏ အကောင်းဆုံးသားများဖြစ်သော ရဲဘော်ဗိုရိုရှီလော့ဗ် ခေါင်းဆောင်သည့် ၁၀ ကြိမ်မြောက် ကွန်ဂရက်မှ ကိုယ်စားလှယ်များကို စေလွှတ်ခဲ့သည်။ တပ်နီတော်သားများသည် ပါးလွှာသည့် ရေခဲပြင်ပေါ် ဖြတ်ကာ ခရုန်းစတက်သို့ချီတက်ခဲ့ရပြီး၊ ရေခဲပြင်မှာ နေရာတော်တော်များများ၌ အက်ကွဲပြီးအတော်များများ ရေနစ်သေဆုံးရသည်။ ခရုန်းစတက်၏ ခံတပ်များမှာ မဖောက်ထွင်းနိုင်လောက်အောင်ဖြစ်ကာ အပြင်းအထန်တိုက်ခိုက်ရမည် ဖြစ်သော်လည်း တော်လှန်ရေး အပေါ်သစ္စာရှိမှု၊ ရဲစွမ်းသတ္တိရှိမှုနှင့် ဆိုဗီယက်အတွက် အသက်စွန့်ရန် အဆင်သင့်ရှိမှုတို့က အောင်ပွဲရစေခဲ့သည်။ တပ်နီတော်၏ တိုက်ခိုက်မှုအောက်တွင် ခရုန်းစတက်ခံတပ်များကို သိမ်းပိုက်ရရှိ လိုက်သည်။ ခရုန်းစတက်ပုန်ကန်မှုကို နှိမ်နှင်းသိမ်းပိုက်လိုက်နိုင်ပေပြီ။

## ၂။ အလုပ်သမားသမဂ္ဂများနှင့် ပတ်သက်သောပါတီဆွေးနွေးပွဲများ။ ၁၀ ကြိမ်မြောက်ပါတီ ကွန်ဂရက်။ အတိုက်အခံများ၏ ရှုံးနိမ့်မှု၊ စီးပွားရေး ပေါ်လစီသစ် (NEC) ကိုလက်ခံအတည်ပြုခြင်း။

စစ်ပွဲမှာ ယခုအခါ ပြီးဆုံးသွားပြီဖြစ်ပြီး၊ ငြိမ်းချမ်းစွာ စီးပွားရေး ဖြစ်ပေါ်တိုးတက်ရန် လုပ်ဆောင်သင့်ကာ စစ်ပွဲနှင့် ပိတ်ဆို့မှုများ၏ ရလဒ်ဖြစ်သော တင်းကျပ်သည့် စစ်ကွန်မြူနစ်စနစ် ဆက်လက်မကျင့်သုံးတော့ရန် လီနင်ဝါဒီအများစုပါဝင်သည့် ပါတီဗဟိုကော်မတီက ရှင်းရှင်းကြီးမြင်လာကြသည်။

ဗဟိုကော်မတီအနေဖြင့် ပိုလျှံရိက္ခာ သိမ်းဆည်းသည့်စနစ် လိုအပ်မှုမှာ ကျော်လွန်လာပြီးလယ်သမားများအား ၎င်းတို့၏ ပိုလျှံရိက္ခာများကို သင့်လျော်သလို အသုံးပြုနိုင်ရန်၊ အကောက်အခွန်ပုံစံနှင့် အစားထိုးရန်သိမြင်လာသည်။ ဗဟိုကော်မတီက ဤနည်းနာသည် စိုက်ပျိုးရေး ပြန်လည်အသက်သွင်းရန်၊ စက်မှုလုပ်ငန်းတိုးတက်ရေးအတွက် လိုအပ်သည့်ရိက္ခာနှင့် စက်မှုသီးနှံများ စိုက်ပျိုးတိုးချဲ့ရန်၊ ကုန်စည်များလည်ပတ်ရေးကိုအသက်သွင်းရန်၊ မြို့များသို့ ကုန်စည်များ ပိုမိုထောက်ပံ့နိုင်ရန်နှင့် အလုပ်သမား၊ လယ်သမား မဟာမိတ်ဖွဲ့မှုအတွက် စီးပွားရေးအခြေခံ၊ အခြေခံသစ်ကို တည်ထောင်ရန်ဖြစ်နိုင်မည်ဟု သိမြင်လာသည်။

ဗဟိုကော်မတီအနေဖြင့် အဓိကတာဝန်မှာ စက်မှုလုပ်ငန်းများကို ပြန်လည်အသက်သွင်းရန် ဖြစ်ကြောင်း သိမြင်သော်လည်း ဤလုပ်ငန်းကို အလုပ်သမားလူတန်းစားနှင့် ၎င်း၏အလုပ်သမား သမဂ္ဂများမှ ထောက်ခံမှုမပါဘဲ မလုပ်ဆောင်နိုင်ကြောင်း နားလည်သည်။ အလုပ်သမားများ ဤလုပ်ငန်းအတွင်း ပါဝင်လာရေးအတွက် စီးပွားရေးချွတ်ခြုံကျမှုသည် ဝင်ရောက်စွက်ဖက်မှုနှင့် ပိတ်ဆို့ မှုများကဲ့သို့ပင် လူထုအတွက် အန္တရာယ်ကြီးလှသော ရန်သူဖြစ်ကြောင်းပြသရန် ပါတီနှင့် အလုပ်သမားသမဂ္ဂများသည် အလုပ်သမားလူတန်းစားအပေါ် ၎င်းတို့၏ အရှိန်သြဇာကို အမိန့်မသုံး မဖြစ်သည့် ရှေ့တန်းမှာကဲ့သို့ စစ်ရေးအမိန့်များ အသုံးမပြုဘဲ ချော့မော့ဖျောင်းဖျသည့် နည်းနာများ အသုံးပြုခြင်း၊ သဘောပေါက်အောင် ကြိုးစားခြင်းတို့ဖြင့် မုချပင်အောင်မြင်နိုင်ကြောင်းကို နားလည်သည်။

သို့သော် ပါတီဝင်အားလုံးသည် ဗဟိုကော်မတီနှင့် တစိတ်တည်းတဝမ်းတည်းမဟုတ်ချေ။ အတိုက်အခံ အဖွဲ့ငယ်ကလေးများဖြစ်သော ထရော့စကီဝါဒီများ၊ "အလုပ်သမားအတိုက်အခံအဖွဲ့" "လက်ဝဲကွန်မြူနစ်များ" "ဒီမိုကရေစီအလယ်အလတ်ဝါဒီများ" စသည်တို့သည် ဦးနှောက်ရှုပ်ထွေး နေကြပြီး၊ ငြိမ်းချမ်းစွာစီးပွားရေးတည်ဆောက်မှုသို့ ကူးပြောင်းရေးအတွင်း ကြုံတွေ့နေရသော အခက်အခဲများ ရှေ့မှောက်တွင် တွေဝေယိမ်းယိုင်နေကြသည်။ ပါတီတွင်း၌ မင်ရှီဗစ်၊ ဆိုရှယ်လစ်တော်လှန်ရေးသမား–ဘန်းနှင့် **ဘို့ရောဒ်ဘစ်ပါတီ***တို့မှ ပါတီဟောင်းများနှင့် ရုရှားနယ်စပ်ဒေသများမှ အမျိုးသားရေးတပိုင်းဝါဒီများ အမျိုးစုံရှိနေသည်။ ၎င်းတို့အများစုသည် အတိုက်အခံအဖွဲ့တခုခုနှင့် ပူးပေါင်းမိကြသည်။ ဤသူများသည် စစ်မှန်သည့်မာ့က်စ်ဝါဒီများ မဟုတ်ကြခြင်း၊ စီးပွားရေးဖြစ်ပေါ် တိုးတက်မှုတရားကို မသိနားမလည်ခြင်း၊ လီနင်ဝါဒပါတီ၏ လေ့ကျင့်သင်ကြားပေးမှုလည်း မရရှိခြင်းတို့ကြောင့် အတိုက်အခံအဖွဲ့များ၏ ရှုပ်ထွေးမှုနှင့် တွေဝေယိမ်းယိုင်မှုများကိုသာ ပိုမို ဆိုးဝါးလာစေခဲ့သည်။ ၎င်းတို့အထဲမှ အချို့က စစ်ကွန်မြူနစ်စနစ်၏ တင်းကျပ်သည့်အုပ်ချုပ်မှုကို လျှော့ပစ်ခြင်းမှာ မှားသည်ဟုယူဆပြီး ဆန့်ကျင်စွာပင် "ပို၍ဝက်အူတင်းရမည် " ဟုယူဆကြသည်။ တချို့ကမူ စီးပွားရေးပြန်လည်တည်ဆောက်ရေးတွင် ပါတီနှင့် နိုင်ငံတော်သည် လက်ရှောင်နေသင့်ပြီး ၎င်းကို အလုပ်သမားသမဂ္ဂများ လက်တွင်း လုံးဝပုံအပ်ထားသင့်သည်ဟု မြင်ကြသည်။

ပါတီတွင်း အချို့အုပ်စုများအတွင်း ဤကဲ့သို့သော ရှုပ်ထွေးမှုများ ပေါ်ထွက်လာသောအခါ အငြင်းပွားမှုများကို ကြိုက်နှစ်သက်သူများဖြစ်သည့် အတိုက်အခံအဖွဲ့ တခုမဟုတ် တခုခုမှ ခေါင်းဆောင်များသည် ပါတီအပေါ် ဆွေးနွေးငြင်းခုံရန် တောင်းဆိုကြိုးစားလာကြမည်မှာ ရှင်းနေသည်။ ဤကဲ့သို့ပင်ဖြစ်သည်။

ထိုအချိန်က ပါတီပေါ်လစီ၏ အဓိကပြဿနာမှာ အလုပ်သမားသမဂ္ဂပြဿနာ မဟုတ်သော်လည်း ဆွေးနွေးငြင်းခုံမှုမှာ အလုပ်သမား သမဂ္ဂ၏အခန်းပေါ်မှ စတင်ခဲ့သည်။

လီနင်ဝါဒီအများစုဖြစ်သည့် ဗဟိုကော်မတီကို ဆန့်ကျင်ကာ လီနင်ကိုတိုက်ခိုက်ပြီး ငြင်းခုံမှုကိုစတင်သူမှာ ထရော့စကီပင်ဖြစ်သည်။ အခြေအနေကို ပိုမိုရှုပ်ထွေး ဆိုးဝါးစေရန်ရည်ရွယ်ချက်ဖြင့် ၁၉၂၀ နိုဝင်ဘာ အစပိုင်းတွင်ကျင်းပသော ပဉ္စမအကြိမ်မြောက် ရုရှားပြည်လုံးဆိုင်ရာ အလုပ် သမား

---

**ဘို့ရောဗစ်ပါတီ* (**Borotbists**)* – *ရှော်ဗင်အမျိုးသားရေးပါတီ။ ယူကရိန်းဆိုရှယ်လစ်တော်လှန်ရေးသမားများ၏ လက်ဝဲဂိုဏ်း။ ၁၉၁၈ ခုနှစ်အထိ ၎င်းတို့၏ ဗဟိုအာဘော်သတင်းစာ* "*BOROTBA*"*ကို ထုတ်ဝေခဲ့သည်။ (ဘာသာပြန်သူ)*

သမဂ္ဂကွန်ဖရင့်သို့ လာရောက်ကြသော ကွန်မြူနစ်ကိုယ်စားလှယ်များ၏ အစည်းအဝေးတွင် ထရော့စကီသည် "ဝက်အူများပိုတင်းရန်" နှင့် "အလုပ်သမားသမဂ္ဂများကို အပြောင်းအလဲပြုရန်" ဆိုသည့် သံသယဖြစ်ဖွယ် ကြွေးကြော်သံများတင်လာခဲ့သည်။ သူက အလုပ်သမားသမဂ္ဂများကို ချက်ချင်း "အစိုးရအဖွဲ့အစည်းပြုလုပ်ရန်" တောင်းဆိုလိုက်သည်။ သူက အလုပ်သမားလူတန်းစားနှင့် ဆက်သွယ်ရာမှာ ချော့မော့ဖျောင်းဖျသည့်နည်း အသုံးပြုခြင်းကို ဆန့်ကျင့်ပြီး၊ အလုပ်သမားသမဂ္ဂများအတွင်း စစ်ရေးနည်းများသွတ်သွင်းရန် လိုလားနေသည်။ ထရော့စကီသည် အလုပ်သမားသမဂ္ဂများအတွင်း ဒီမိုကရေစီ တိုးချဲ့ပေးခြင်းကိုလည်းကောင်း၊ အလုပ်သမားသမဂ္ဂ အဖွဲ့အစည်း များကို ရွေးကောက်တင်မြှောက်သည့်မှုကိုလည်းကောင်း ဆန့်ကျင်ခဲ့သည်။

အလုပ်သမားလူတန်းစား အဖွဲ့အစည်းများ၏ လှုပ်ရှားမှုများတွင် ၎င်းမပါပါက မစဉ်းစားနိုင် လောက်အောင်ဖြစ်ခဲ့သော ချော့မော့ဖြောင်းဖျသည့် နည်းနာများအစား လုံးဝမလုပ်မနေရ သို့မဟုတ် အမိန့်ပေးခြင်း နည်းနာများသုံးရန် ထရော့စကီဝါဒီများက အဆိုပြုကြသည်။ ထရော့စကီဝါဒီများ နေရာရှိထားသည့် အလုပ်သမားသမဂ္ဂများအတွင်း ဤပေါ်လစီကို ကျင့်သုံးသည့် နေရာတိုင်းတွင် သမဂ္ဂအတွင်းပဋိပက္ခများ၊ မညီညွတ်မှုများနှင့် စိတ်ဓာတ်ကျဆင်းမှုများကို ဖြစ်ပေါ်စေခဲ့သည်။ ၎င်းတို့၏ ပေါ်လစီအရ ထရော့စကီဝါဒီများသည် ပါတီပ အလုပ်သမားထုကြီးကို ပါတီဆန့်ကျင်ရေး ဖြစ်ပေါ်စေခဲ့ပြီး အလုပ်သမားလူတန်းစားအတွင်း ကွဲပြဲစေခဲ့သည်။

အမှန်မှာမူ အလုပ်သမားသမဂ္ဂများအပေါ် ငြင်းခုံဆွေးနွေးမှုသည် အလုပ်သမားသမဂ္ဂပြဿ နာထက် ပိုမိုကျယ်ပြန့်သည့် အဓိပ္ပာယ်ဆောင်ပေသည်။ နောက်ပိုင်း ၁၉၂၅ ဇန်နဝါရီ ၁၇ ရက်၌ လက်ခံအတည်ပြုခဲ့သည့် ရုရှားကွန်မြူနစ်ပါတီ (ဘော်ရှီဗစ်) ဗဟိုကော်မတီ မျက်နှာစုံညီ အစည်း အဝေး ဆုံးဖြတ်ချက်တွင် ဖော်ပြသည့်အတိုင်း ပေါ်ပေါက်နေသည့် ပြဿနာ၏ တကယ့်အချက်မှာ "စစ်ကွန်မြူနစ်စနစ်အပေါ် ဆန့်ကျင်လာသည့် လယ်သမားထုအပေါ် ကျင့်သုံးမည့်ပေါ်လစီ၊ ပါတီပ အလုပ်သမားထုအပေါ် ကျင့်သုံးမည့်ပေါ်လစီနှင့် ယေဘုယျအားဖြင့် ပြည်တွင်းစစ်ပြီးဆုံးလာချိန်တွင် လူထုအား ပါတီက မည်သို့ချဉ်းကပ်မည်" ဆိုသည်ပင်ဖြစ်သည်။ **(ဆိုဗီယက်ယူနီယံ ကွန်မြူနစ်ပါတီ (ဘော်ရှီဗစ်) ၏ ဆုံးဖြတ်ချက်များ၊ ရုရှား ဘာသာအပိုင်း ၁။ နှာ–၆၅၁)**

ထရော့စကီ၏ ဦးဆောင်မှုအောက်သို့ အခြားပါတီဆန့်ကျင်သည့် အဖွဲ့များဖြစ်သော "အလုပ် သမားအတိုက်အခံအဖွဲ့ (ရှာလ်ရပ်နီကော့ဗ် (Shlyapnikov)၊ မက်ဗက်ရက်ဗ် (Medvedyev)၊ ကိုလိုတိုင် (Kollontai) စသူများ) ဒီမိုကရေစီ အလယ်အလတ်ဝါဒီများ (စပရိုနော့ဗ် (Sapronov)၊ ဒရောဗ်နစ် (Drobnis)၊ ဘိုဂတ်လက်ဗ်စကီး (Boguslavsky)၊ အိုစင်စကီး၊ ဗွီစမားနော့ဗ် (V.Smirnov) စသူများ) "လက်ဝဲကွန်မြူနစ်များ"(ဘူခါရင်၊ ပရီယိုဘရာဇင်စကီး Preobraz - hensky) များက လိုက်ပါခဲ့ကြသည်။

"အလုပ်သမားအတိုက်အခံအဖွဲ့"က အမျိုးသားစီးပွားရေးတခုလုံး၏ စီမံအုပ်ချုပ်ရေးကို "ရုရှားပြည်လုံးဆိုင်ရာ ထုတ်လုပ်သူများ ကွန်ဂရက်" သို့အပ်နှံရန် တောင်းဆိုသည့် ကြွေးကြော်သံ တင်လာသည်။ သူတို့က ပါတီ၏ အခန်းကို သုညအထိ လျှော့ချပစ်လိုကြပြီး စီးပွားရေးဖြစ်ပေါ် တိုးတက်မှုအတွက် ပစ္စည်းမဲ့အာဏာရှင်စနစ်၏ အရေးကြီးမှုကို ငြင်းဆိုသည်။ "အလုပ်သမားအ တိုက်အခံအဖွဲ့"က အလုပ်သမားသမဂ္ဂများ၏ အကျိုးစီးပွားသည် ဆိုဗီယက်နိုင်ငံတော်နှင့် ကွန်မြူနစ်

ပါတီ၏ အကျိုးစီးပွားများနှင့် ဆန့်ကျင်သည်ဟု အခိုင်အမာဆိုကြသည်။ သူတို့က အလုပ်သမားလူတန်းစားအဖွဲ့အစည်း၏ အမြင့်ဆုံးသဏ္ဍာန်မှာ ပါတီမဟုတ်ဘဲ၊ အလုပ်သမားသမဂ္ဂများ ဖြစ်သည်ဟု ခံယူထားသည်။ "အလုပ်သမားအတိုက်အခံအဖွဲ့"သည် အရင်းခံအားဖြင့် ပါတီဆန့်ကျင်သည့် မင်းမဲ့ဆင်ဒီကိတ်ဝါဒီများ ဖြစ်ကြပေသည်။

ဒီမိုကရေစီအလယ်အလတ်ဝါဒီများ (**Decists**) က ဂိုဏ်းအုပ်စုများအတွက် လုံးဝ လွတ်လပ်ခွင့်ကို တောင်းဆိုလာကြသည်။ ထရော့စကီဝါဒီများကဲ့သို့ပင် ဒီမိုကရေစီအလယ်အလတ်ဝါဒီ များ သည် ဆိုဗီယက်များနှင့် အလုပ်သမားသမဂ္ဂများအတွင်း ပါတီ၏ ခေါင်းဆောင်မှုကို ဖြိုဖျက်ရန် ကြိုးစားခဲ့ကြသည်။ လီနင်က ဒီမိုကရေစီအလယ်အလတ်ဝါဒီများကို "အာကျယ်" ဂိုဏ်း၊ ၎င်းတို့၏မူကို ဆိုရှယ်လစ်တော်လှန်ရေးသမားများ မင်ရှီဗစ်များ၏ မူ ဟုဆိုခဲ့သည်။

လီနင်နှင့် ပါတီကို ဆန့်ကျင်တိုက်ခိုက်ရာတွင် ထရော့စကီကို ဘူခါရင်က အကူအညီပေးခဲ့သည်။ ပရီယိုဘရာဇင်စကီး၊ စီရီဗရာယာကော့ဗ် (**Serebryakov**)၊ ဆိုကိုလ်နီကော့ဗ် (**Sokolnikov**)တို့နှင့် အတူ ဘူခါရင်သည် "ကြားခံ" အုပ်စုကို ဖွဲ့စည်းသည်။ ဤအုပ်စုသည် ဂိုဏ်းခွဲရေးသမား အားလုံးထဲတွင် အဆိုးဆုံးဖြစ်သော ထရော့စကီဝါဒီများကို ကာကွယ်ပေးခဲ့သည်။ လီနင်က ဘူခါရင်၏ အပြုအမူသည် "အတွေးအခေါ် ဆိုးယုတ်ညစ်ညမ်းမှု၏ အထွတ်အထိပ်ဖြစ်သည်" ဟု ဆိုလိုက်သည်။ မကြာမီမှာပင် ဘူခါရင်ဝါဒီများသည် လီနင်ကို ဆန့်ကျင်ရာတွင် ထရော့စကီဝါဒီများနှင့် ပြောင်ပူးပေါင်းလိုက်ကြသည်။

လီနင်နှင့် လီနင်ဝါဒီများသည် တိုက်ခိုက်ရေးအားကို ထရော့စကီဝါဒီများအပေါ် ပါတီဆန့်ကျင်ရေးအုပ်စုများ၏ ကျောရိုးအဖြစ် စုပုံအောလိုက်ကြသည်။ သူတို့က အလုပ်သမားသမဂ္ဂနှင့် စစ်တပ်အဖွဲ့အစည်းအကြား ခြားနားချက်ကို လျစ်လျူရှုမှုအတွက် ထရော့စကီဝါဒီများကို ပြစ်တင် ရှုတ်ချလိုက်ပြီး အလုပ်သမားသမဂ္ဂများတွင် စစ်တပ်နည်းနာများ မသုံးနိုင်ကြောင်း သူတို့ကို သတိပေးလိုက်သည်။ လီနင်နှင့် လီနင်ဝါဒီများသည် အတိုက်အခံအုပ်စုများ၏ မူဝါဒများနှင့် စိတ်ဓာတ်အရ လုံးဝဆန့်ကျင်သည့် ၎င်းတို့ကိုယ်ပိုင်မူများကို ရေးဆွဲခဲ့သည်။ ဤမူတွင် အလုပ်သမားသမဂ္ဂကို စီမံခန့်ခွဲရေးဆိုင်ရာ ပညာသင်ကြားရာကျောင်း၊ အုပ်ချုပ်ညွှန်ကြားရေးဆိုင်ရာ ပညာသင်ကြားရာကျောင်းနှင့် ကွန်မြူနစ်ဝါဒသင်ကြားရေးကျောင်းအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုသည်။ အလုပ်သမား သမဂ္ဂများသည် ၎င်းတို့၏ လှုပ်ရှားမှုအားလုံးကို ချော့မော့ဖျောင်းဖျသည့် နည်းနာများ အပေါ်တွင် အခြေခံသင့်သည်။ သို့မှသာလျှင် အလုပ်သမားသမဂ္ဂသည် အလုပ်သမားထု တရပ်လုံးကို၊ စီးပွားရေး ချွတ်ခြုံကျမှုကို တိုက်ပွဲဆင်ရန် လှုံ့ဆော်နိုင်မှာဖြစ်ပြီး ဆိုရှယ်လစ်တည်ဆောက်ရေးတွင် ပါဝင်လာစေနိုင်မည်ဖြစ်သည်။

အတိုက်အခံအုပ်စုများကို တိုက်ခိုက်ရသည့် ဤတိုက်ပွဲတွင် ပါတီအဖွဲ့အစည်းများသည် လီနင်၏ ပတ်လည်တွင် ဝိုင်းရံခဲ့ကြသည်။ တိုက်ပွဲသည် မော်စကို၌ အထူးပြင်းထန်သည်။ ဤနေရာ တွင် အတိုက်အခံများသည် မြို့တော်၏ ပါတီအဖွဲ့အစည်းကို အုပ်စီးမိရန် ရည်ရွယ်ချက်ဖြင့် မိမိ၏ အဓိကအင်အားများကို စုစည်းခဲ့ကြသည်။ သို့သော် ဤဂိုဏ်းခွဲရေး သမားများ၏ လုပ်ကြံမှုများသည် မော်စကို ဗော်ရှီဗစ်များ၏ တက်တက်ကြွကြွ ခုခံမှုကြောင့် ပျက်ပြားသွားခဲ့ရသည်။ ယူကရိန်း ပါတီ အဖွဲ့အစည်းများတွင်လည်း ပြင်းထန်သည့်တိုက်ပွဲဖြစ်ပွားခဲ့သည်။ ထိုအချိန်က ယူကရိန်း ကွန်မြူ နစ်ပါတီ

ဗဟိုကော်မတီ၏ အတွင်းရေးမှူး ရဲဘော်မိုလိုတော့ဗ်၏ ခေါင်းဆောင်မှုဖြင့် ယူကရိန်း ဖော်ရှိ ဗစ်များသည် ထရော့စကီဝါဒီများနှင့် ရှာလ်ရပ်နီကိုဗိုက်(ရှလ်ရပ်နီကိုဝါဒီ)များကို အပြတ်နိမ်နင်း လိုက်သည်။ ယူကရိန်းကွန်မြူနစ်ပါတီသည် လီနင်ဝါဒီ၏ သစ္စာရှိထောက်ခံသူ ဖြစ်မြဲဖြစ်နေသည်။ ဘာကူးတွင် အတိုက်အခံများ နှိမ်နင်းရေးကို ရဲဘော်အိုဂျိုနီကစ်ဇီက ခေါင်းဆောင်ခဲ့သည်။ အာရှ အလယ်ပိုင်းတွင် ပါတီ ဆန့်ကျင့်ရေးအုပ်စုတိုက်ပွဲကို ရဲဘော်အယ်လ်ကာ ဂါနိုဗစ်က ဦးဆောင်ခဲ့သည်။

ပါတီ၏ အရေးကြီးသော ဒေသအဖွဲ့အစည်းများအားလုံးသည် လီနင်၏ မူကို သဘောတူ ထောက်ခံလိုက်သည်။

၁၉၂၁ မတ်လ ၈ ရက်နေ့တွင် ၁၀ ကြိမ်မြောက်ကွန်ဂရက်ကို ဖွင့်လှစ်လိုက်သည်။ ကွန်ဂရက် သို့ ပါတီဝင် ၇၃၂,၅၂၁ ကို ကိုယ်စားပြုသည့် မဲပေးနိုင်သည့် ကိုယ်စားလှယ် ၆၉၄ ဦးနှင့် မဲမပေးနိုင် ကိုယ်စားလှယ် ၂၉၆ ဦး တက်ရောက်ခဲ့သည်။

ကွန်ဂရက်သည် အလုပ်သမားသမဂ္ဂ ပြဿနာအပေါ်ဆွေးနွေးချက်ကို နိဂုံးချုပ်ပေးပြီး၊ လီနင်၏ မူကို အများစုက သဘောတူထောက်ခံခဲ့သည်။

ကွန်ဂရက်ကို ဖွင့်လှစ်ရာတွင် လီနင်က ဆွေးနွေးငြင်းခုံပွဲများသည် ခွင့်မလွှတ်နိုင်သော ဇိမ်ခံမှု တရပ်သာဖြစ်သည်ဟု ဆိုလိုက်သည်။ သူက ပါတီတွင်း ခိုက်ရန်ဖြစ်ပွားမှုနှင့် ကွန်မြူနစ်ပါတီတွင်းကွဲ ပြဲမှုကို ရန်သူက မှန်းဆနိုင်လိုက်သည်ဟုဆိုသည်။

ဖော်ရှိဗစ်ပါတီနှင့် ပစ္စည်းမဲ့အာဏာရှင်စနစ် အတွက် ဂိုဏ်းဂဏအုပ်စုများ တည်ရှိနေခြင်းသည် အလွန်အမင်းအန္တရာယ်ရှိနေကြောင်း နားလည်သည့်အတွက် ၁၀ ကြိမ်မြောက် ကွန်ဂရက်သည် ပါတီစည်းလုံးညီညွတ်ရေးကို အထူးအရေးပေးခဲ့ပေသည်။ ဤပြဿနာအပေါ် လီနင်က အစီရင်ခံခဲ့ သည်။ ကွန်ဂရက်က အတိုက်အခံအဖွဲ့အားလုံးကို ရှုတ်ချလိုက်ပြီး သူတို့သည် "အမှန်စင်စစ်အားဖြင့် ပစ္စည်းမဲ့တော်လှန်ရေး၏ လူတန်းစားရန်သူကို ကူညီနေခြင်း" ဖြစ်သည် ဟုဆိုလိုက်သည်။

ကွန်ဂရက်က ဂိုဏ်းအုပ်စုအားလုံး ဖျက်သိမ်းရန် အမိန့်ထုတ်လိုက်ပြီး ပါတီအဖွဲ့အစည်း အားလုံးကို  ဂိုဏ်းဂနဝါဒ မပေါ်ပေါက်စေရန်၊ တင်းကျပ်စွာစောင့်ကြည့်ရန်၊ ပါတီ၏ ဆုံးဖြတ်ချက်ကို မလိုက်နာပါက ပါတီမှ ချက်ခြင်းပင်အကြွင်းမဲ့ ထုတ်ပစ်ရန်ကို ညွှန်ကြားလိုက်သည်။ ဗဟိုကော်မတီဝင် များ စည်းကမ်းဖောက်ဖျက်ပါက သို့မဟုတ် ဂိုဏ်းဂနဝါဒကို ပြန်လည်အသက်သွင်းခြင်း သို့မဟုတ် လက်ပိုက်ကြည့်နေပါက ဗဟိုကော်မတီနှင့် ပါတီမှထုတ်ပယ်ပြစ်မှုအပါအဝင် ပါတီအပြစ်ဒဏ်များ ချမှတ်နိုင်ရန် ဗဟိုကော်မတီကို ကွန်ဂရက်က အာဏာအပ်နှင်းလိုက်သည်။

လီနင်အဆိုပြုတင်သွင်းသည့် အထူးဆုံးဖြတ်ချက် "ပါတီစည်းလုံးညီညွတ်ရေး" တွင် ဤအချက်များပါဝင်ခဲ့ပြီး၊ ကွန်ဂရက်က လက်ခံ အတည်ပြုခဲ့သည်။ ဤဆုံးဖြတ်ချက်တွင် ကွန်ဂရက်က ပါတီဝင်အားလုံးကို ၁၀ ကြိမ်မြောက် ကွန်ဂရက်ကာလ အချိန်၊ အခြေအနေအချို့ တိုင်းပြည်၏ ဓနရှင်ပေါက်စ လူထုအကြား တွေဝေယိမ်းယိုင်မှုကို တိုးများလာနေစေသည့် အချက်အချာကာလ၌ ပါတီတွင်း စည်းလုံးညီညွတ်ရေးနှင့် သွေးစည်းခိုင်မာရေး ပစ္စည်းမဲ့တပ်ဦး၏ တညီတညွတ်တည်းသော စိတ်ဆန္ဒကို အထူးအရေးကြီး လိုအပ်နေကြောင်း သတိပေးလိုက်သည်။

ဆုံးဖြတ်ချက်ထဲတွင် "ဤကဲ့သို့ဖြစ်သော်ငြားလည်း၊ ပါတီ၏ အလုပ်သမားသမဂ္ဂများအပေါ် အထွေထွေဆွေးနွေးပွဲများ မတိုင်မီကပင် ပါတီတွင်း ဂိုဏ်းခွဲရေးလက္ခဏာများ ထင်ရှားလာပြီးဖြစ် သည်။

ဥပမာ သီးခြားမှုများနှင့် အုပ်စုများပေါ်ပေါက်လာခြင်း၊ ခွဲခြမ်းခွဲခြမ်းလုပ်လာမှုများနှင့် မိမိတို့ ပိုင်အုပ်စုများမှ စည်းကမ်းကလနားများ တီထွင်လာခြင်း စသည်တို့ဖြစ်သည်။ လူတန်းစားအသိ နိုးကြားသည့် အလုပ်သမားအားလုံးအနေဖြင့် မည်သည့်ဂိုဏ်ခွဲရေးဝါဒမဆို အန္တရာယ်ကြီးကြောင်းနှင့် မည်သို့မျှ ခွင့်မပြုနိုင်ကြောင်း ရှင်းရှင်းလင်းလင်း သိရှိနားလည်ရမည်။ အဘယ်ကြောင့်ဆိုသော် ဂိုဏ်းခွဲရေးဝါဒသည် လက်တွေ့တွင် စုပေါင်းလုပ်ငန်းကို မလွဲမရှောင်သာ အင်အားချည့်နဲ့ခြင်းကို ဖြစ်စေကာ၊ အာဏာရလာသော ပါတီဖြစ်လာမှုကြောင့် ပိုမိုသဲသဲမဲမဲ တိုက်ခိုက်လာသော ပါတီ၏ ရန်သူများအတွက် (ပါတီတွင်း) အကွဲအပြဲများကို ပိုမိုကျယ်ပြန့်စေကာ၊ ဤသည်ကို တန်ပြန် တော်လှန်ရေး ရည်ရွယ်ချက်အတွက် အသုံးချရန် ထပ်ပြန်တလဲလဲ ကြိုးပမ်းမှုများကို ဖြစ်ပေါ်စေ နိုင်မည် ဖြစ်ကြောင်းပင်တည်း”ဟု ဖော်ပြထားသည်။

ထို့အပြင် ထိုဆုံးဖြတ်ချက် စာတမ်းမှာပင် ကွန်ဂရက်က ဤသို့တင်ပြခဲ့သည် “ပြည့်စုံကုံလုံ ညီညွတ်သည့် ကွန်မြူနစ်လမ်းစဉ်မှ မည်သည့်သွေဖီတိမ်းစောင်းမှုကိုမဆို၊ ပစ္စည်းမဲ့လူတန်းစား၏ ရန်သူများက အခွင့်ကောင်းယူပုံကို ခရုန်းစတက်ပါတီ ပုန်ကန်မှုအရေးအခင်းက အထင်ရှားဆုံး ဖြစ်နိုင်သည်။ ထိုအချိန်က ကမ္ဘာ့နိုင်ငံအားလုံးမှ တပ်ဖြူများနှင့် တန်ပြန်တော်လှန်ရေးသမားများသည် ရုရှားပြည်၌ ပစ္စည်းမဲ့အာဏာရှင်စနစ်ကို ဖြုတ်ချနိုင်ရန် အာမခံချက်ရှိပါက ဆိုဗီယက်ကြွေးကြော် သံများကိုပင် လက်ခံရန် အဆင်သင့်ရှိကြောင်း အလျင်အမြန် ဖော်ပြခဲ့ကြပြီး ဆိုရှယ်လစ် တော်လှန် ရေးသမားများနှင့် ဓနရှင်တန်ပြန်တော်လှန်ရေးသမားများသည် ခရုန်းစတက်တွင် အပေါ်ယံအားဖြင့် ဆိုဗီယက်အာဏာ အကျိုးအတွက်ဟုဆိုကာ ဆိုဗီယက်အစိုးရကို ပုန်ကန်ထကြွရန်၊ လှုံ့ဆော်ရန် ကြွေးကြော်သံများကို ယေဘုယျအားဖြင့် သုံးခဲ့ကြသည်။ ဤအချက်အလက်များက တပ်ဖြူများသည် ရုရှားရှိ ပစ္စည်းမဲ့တော်လှန်ရေး၏ ခံတပ်ကြီးကို အင်အားချည့်နဲ့စေရန်နှင့် ဖြုတ်ချရန် ရည်ရွယ်ချက် သက်သက်ဖြင့် မိမိတို့ကိုယ်ကိုမိမိတို့ ကွန်မြူနစ်များအဖြစ်လည်းကောင်း၊ ကွန်မြူနစ်များထက် “ပိုမို လက်ဝဲကျသူ” များအဖြစ်လည်းကောင်း ကြိုးစားဟန်ဆောင်လုပ်ဆောင်နိုင်ကြောင်းကို ကောင်း ကောင်းပြသလိုက်သည်။ ခရုန်းစတက်ပုန်ကန်မှု အကြိုကာလအတွင်း ပီထရိုဂရက်၌ ဖြန့်ဝေခဲ့သော မင်ရှီဗစ်စာရွက်စာတမ်းများကလည်း ထိုနည်းလည်းကောင်းပင်ဖြစ်သည်။ ၎င်းတို့အထဲတွင် ခရုန်း စတက် သူပုန်များ၊ ဆိုရှယ်လစ်တော်လှန်ရေးသမားများနှင့် တပ်ဖြူများကို တကယ်တမ်း ထောက်ခံ အားပေး လှုံ့ဆော်နိုင်ရန် ရုရှားကွန်မြူနစ်ပါတီ၏ သဘောကွဲလွဲနေမှုများကို မည်ကဲ့သို့ အခွင့်ကောင်း ယူခဲ့ပုံ၊ တဖက်တွင် လည်း ပုန်ကန်မှုကိုဆန့်ကျင်ပြီး ဆိုဗီယက်အာဏာကို ထောက်ခံသူများဖြစ်ကြောင်း ပြုပြင်မွမ်းမံမှု အနည်းအကျဉ်းဖြင့် ပြောဆိုလာသည်ကို တွေ့နိုင်ပေသည်။

ဆုံးဖြတ်ချက်စာတမ်းက ပါတီအနေဖြင့် မိမိ၏ ဝါဒဖြန့်ချိရေးတွင် ပါတီတွင်း ဂိုဏ်းခွဲရေးဝါဒသည် ပါတီတွင်းသွေးစည်းညီညွတ်ရေးကိုရော၊ ပစ္စည်းမဲ့အာဏာရှင်စနစ် အောင်ပွဲအတွက် အခြေခံ အကြောင်းအချက်တရပ်ဖြစ်သည့် ပစ္စည်းမဲ့တပ်ဦး ရည်ရွယ်ချက်၏ သွေးစည်းညီညွတ်ရေးကိုပါ ဘေး အန္တရာယ်ဖြစ်စေနိုင်ကြောင်းကို အသေးစိတ်ရှင်းလင်းဆွေးနွေးပြရန် တောင်းဆိုလိုက်သည်။

ကွန်ဂရက်ဆုံးဖြတ်ချက်စာတမ်းတွင် တဖက်ကလည်း ပါတီသည် ၎င်း၏ ဝါဒဖြန့်ချိရေးတွင် ဆိုဗီယက်အာဏာ၏ ရန်သူများက အသုံးပြုလာသည့် နောက်ဆုံးပေါ် နည်းပရိယာယ်နည်းနာများ၏ ထူးခြားချက်ကို ရှင်းလင်းဖော်ပြရမည်ဟု ဆိုထားသည်။ “ဤရန်သူများသည် ဖြောင်လွှင့်ထုထားသော

တပ်ဖြူအလံတော်အောက်မှ တန်ပြန်တော်လှန်ရေး၏ မျှော်လင့်ချက်ကင်းမဲ့မှုကို နားလည်သဘော ပေါက်လာပြီး ယခုအခါ ရုရှားကွန်မြူနစ်ပါတီအတွင်း သဘောကွဲလွဲမှုများကို အသုံးချရန် အစွမ်းကုန် ကြိုးစားလာကြသည်။ အပေါ်ယံအာဖြင့် ဆိုဗီယက်အာဏာကို အသိအမှတ်ပြုရန် အနီးကပ်ဆုံး အနေအထားရောက်နေသည့် နိုင်ငံရေးအုပ်စုများသို့ အာဏာလွှဲပြောင်းရယူပြီး တန်ပြန်တော်လှန် ရေးကို တနည်းမဟုတ်တနည်း ဆက်လက်လုပ်ဆောင်ရန် ကြိုးပမ်းနေကြသည်။'' **(လီနင် လက်ရွေးစင် ကျမ်း။ အတွဲ ၂ ၊ နှာ–၆၈၀**) ဟု ထိုစာတမ်းတွင် ရေးသားဖော်ပြထားသည်။

ဆုံးဖြတ်ချက်တွင် ဆက်လက်ဖော်ပြထားသည်မှာ ၎င်း၏ ဝါဒဖြန့်ချိရေးတွင် ပါတီသည် ''တန် ပြန် တော်လှန်ရေးသမားများက တော်လှန်သောအာဏာရှင်စနစ်ကို အင်အားချည့်နဲ့ပြုတ် ကျစေကာ ဤနည်းဖြင့် အရင်းရှင်များနှင့် မြေရှင်များ၏ တန်ပြန်တော်လှန်ရေးကို အပြည့်အဝ အောင်ပွဲခံရန်၊ လမ်းခင်းပေးရန် ရည်ရွယ်ချက်ဖြင့် တော်လှန်ရေးအကျဆုံးပါတီ အနီးစပ်ဆုံး ကပ်နေသော ခနရှင် ပေါက်စအုပ်စုများကို အမြဲထောက်ခံခဲ့သည်။ ယခင်တော်လှန်ရေးများ၏ သင်ခန်းစာများကိုလည်း သင်ကြားပေးရမည်''ဟူ၍ဖြစ်သည်။

''ပါတီစည်းလုံးညီညွတ်ရေး'' ဆုံးဖြတ်ချက်နှင့် နီးနီးကပ်ကပ် ဆက်စပ်နေသည့် နောက် ဆုံးဖြတ် ချက်တစ်ခုမှာ ''ကျွန် တော်တို့ပါတီတွင်း ***ဆင်ဒီကိတ်ဝါဒီ** (Syndicalism) များနှင့် မင်းမဲ့ဝါဒီများ၏ တိမ်းစောင်းမှု'' ဖြစ်ပြီး၊ ၎င်းကိုလည်း လီနင်ကပင် အဆိုတင်သွင်းကာ ကွန်ဂရက်က လက်ခံအတည်ပြုခဲ့ သည်။ ဤဆုံးဖြတ်ချက်တွင် ၁၀ ကြိမ်မြောက် ကွန်ဂရက် ''အလုပ်သမား အတိုက်အခံအဖွဲ့'' ဟုခေါ်ဆို သောအဖွဲ့ကို ရှုတ်ချသော အဆိုတင်ခဲ့သည်။ ကွန်ဂရက်က မင်းမဲ့တပိုင်း ဆင်ဒီကိတ်ဝါဒီတပိုင်း တိမ်း စောင်းမှု အတွေး အခေါ်များကို ဝါဒဖြန့်မှုသည် ပါတီဝင်အဖြစ်နှင့် မကိုက်ညီဘဲ ဤတိမ်းစောင်းမှုကို ပြင်းပြင်းထန်ထန် ချေမှုန်းတိုက်ခိုက်ရန် ပါတီကို တောင်းဆိုလိုက်သည်။

၁၀ ကြိမ်မြောက် ကွန်ကရက်က ပိုလျှံရိက္ခာသိမ်းဆည်းသည့်စနစ်ကို အကောက်ခွန်သဏ္ဍာန် ဖြင့် အစားထိုးရန် စီးပွားရေးပေါ်လစီသစ် **(NEP)** ကို လက်ခံအတည်ပြုရန်ဆိုသည့် အလွန်အရေး ကြီးလှသော ဆုံးဖြတ်ချက်ကို ချမှတ်လိုက်သည်။

ဤစစ်ကွန်မြူနစ်စနစ်မှ စီးပွားရေးပေါ်လစီသစ် (**NEP**) သို့ အလှည့်အပြောင်းသည် လီနင် ပေါ်လစီ၏ ဉာဏ်ပညာအမြော်အမြင်ကြီးမှု၏ ထင်ရှားသည့် သာဓကတစ်ရပ် ဖြစ်သည်။

ကွန်ဂရက်၏ဆုံးဖြတ်ချက်က ပိုလျှံရိက္ခာသိမ်းဆည်းမှုစနစ်ကို အကောက်ခွန်သဏ္ဍာန်နှင့် အစားထိုးမှုအားလည်း ဖြေရှင်းပေးသည့် အကောက်ခွန်သဏ္ဍာန်သည် ပိုလျှံရိက္ခာသိမ်းဆည်းမှု စနစ်၏ အခွန်စည်းကြပ်ခြင်းထက် ပိုမိုပေါ့ပါးရမည်ဖြစ်သည်။ အကောက်ခွန် စုစုပေါင်းအရေအတွက် ကို နွေဦးစိုက်ပျိုးချိန်မတိုင်မီ နှစ်စဉ်ကြေညာရန်ဖြစ်သည်။ အကောက်ခွန်ပေးအပ်ရမည့်နေ့စွဲကိုလည်း တိကျစွာဖော်ပြရမည်။ အကောက်ခွန်အရေအတွက်၏ အထက် အပိုထွက်သည့် ပစ္စည်းအားလုံး လယ်သမား များဘာသာ လုံးဝစီမံခန့်ခွဲရန်ဖြစ်ပြီး၊ မိမိစိတ်ဆန္ဒနှင့်အညီ ပိုလျှံရိက္ခာများကို ရောင်းချရန်

---

**အထွေထွေသပိတ်များ၊ အဖျက်လုပ်ငန်းများနှင့် အကြမ်းဖက်နည်းတခုခုဖြင့် စက်မှုလုပ်ငန်းနှင့် အစိုးရအဖွဲ့ကို အလုပ်သမားသမဂ္ဂများလက်အောက်တွင် ထားရန်ကြိုးပမ်းမှု၊ ဆိုရှယ်လစ်ဝါဒ၏ အလွန်အကျွံသဏ္ဍာန်တခုဖြစ်ပြီး လူ့အဖွဲ့ အစည်းကို အကြမ်းဖက်နည်းဖြင့် လုံးဝဖြိုချရန်ရည်ရွယ်သည်။ (ဘာသာပြန်သူ) (The World Book Dictonary)*

လွတ်လပ်စေရမည်ဖြစ်သည်။ လီနင်က သူ၏မိန့်ခွန်းတွင် လွတ်လပ်စွာ ကုန်ကူးသန်းရောင်းဝယ်ခွင့်သည် တိုင်းပြည်၏ ပထမပိုင်းတွင် အရင်းရှင်စနစ်ကို တစုံတရာ ပြန်လည်အသက်သွင်းခြင်းကို ဖြစ်စေနိုင်သည်။ တသီးပုဂ္ဂလိက ကုန်သွယ်ရေးကို ခွင့်ပြုရန်နှင့် တသီးပုဂ္ဂလိက ထုတ်လုပ်သူများကို စီးပွားရေး လုပ်ငန်းငယ်လေးများ လုပ်ခွင့်ပြုရန်လိုအပ်သည်။ သို့သော် ဤအချက်အပေါ် ကြောက်လန့်မနေသင့်ဟုဆိုခဲ့သည်။ လီနင်က ယူဆသည်မှာ တစုံတရာသော လွတ်လပ်သည့် ကုန်သွယ်ရေးသည် လယ်သမားများကို စီးပွားရေးမက်လုံးပေးပြီး သူတို့ ပိုမိုထုတ်လုပ်စေအောင်လှုံ့ဆော်ပေးကာ လယ်ယာစိုက်ပျိုးရေးတွင် လျင်မြန်သောဖြစ်ပေါ်တိုးတက်မှုကို ဖြစ်စေနိုင်သည်။ ဤ အခြေခံပေါ်တွင် နိုင်ငံတော်ပိုင် စက်မှုလုပ်ငန်းများ ပြန်လည်ထူထောင်ပြီး၊ တသီးပုဂ္ဂလိက အရင်းအနှီးကို ဖယ်ထုတ်နိုင်ကြောင်း၊ စွမ်းအားနှင့် အရင်းအမြစ်ကို စုစည်းလိုက်နိုင်ပြီးနောက် ဆိုရှယ်လစ်စနစ်၏ စီးပွားရေး အခြေခံအဖြစ် အင်အားကောင်းလှသော စက်မှုလုပ်ငန်းကို တည်ထောင်နိုင်မည်ဖြစ်၍ ထိုအချိန်ကျမှသာ တိုင်းပြည်တွင်းရှိ အရင်းရှင်စနစ် အကြွင်းအကျန်များကို ပြတ်ပြတ်သားသား ထိုးစစ်ဆင်နိုင်မည်ဖြစ်သည်။

စစ်ကွန်မြူနစ်စနစ်သည် မြို့နှင့် ကျေးလက်ရှိ အရင်းရှင်အစိတ်အပိုင်းများ၏ ခံတပ်ကို ပြောင်ပြောင်ပင် ချဉ်းနင်းဝင်ရောက် တိုက်ခိုက်သိမ်းပိုက်ရန် ကြိုးပမ်းချက်ဖြစ်ပေသည်။ ဤထိုးစစ်အတွင်း ပါတီသည် ရှေ့အတော်လွန်သွားပြီး၊ ၎င်း၏အခြေခံမှ ပြတ်တောက်ခြင်းခံရမည့် အန္တရာယ်နှင့် ကြုံတွေ့ခဲ့ရသည်။ ယခုအခါ လီနင်သည် အခြေခံဖက် ပိုမိုတိုးတက်ပြီး ခေတ္တခဏလျှော့ချရန်၊ ခံတပ်အား တိုက်ခိုက်ချေမှုန်းခြင်းကို ပိုမိုဖြည်းဖြည်းခြင်း ဝိုင်းရံပိတ်ဆို့သည့် နည်းနာသို့ ပြောင်းလဲရန် အကြံပြုတင်သွင်းခဲ့ပြီးဖြစ်သည်။ သို့မှသာလျှင် အင်အားစုစည်းနိုင်ပြီး ထိုးစစ်ကို တဖန်ဆင်နွှဲနိုင်ပေမည်။

တရော့စကီဝါဒီနှင့် တခြားအတိုက်အခံများက စီပွားရေးပေါ်လစီသစ်မှာ နောက်ဆုတ်ခြင်းတရပ်မှလွဲ၍ တခြားဘာမှမဟုတ်ဟု ခံယူသည်။ ၎င်းတို့၏ လမ်းစဉ်မှာလည်း အရင်းရှင်စနစ် ပြန်လည်ထူထောင်ရန်သာဖြစ်သည့်အတွက် ဤကဲ့သို့သော အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ သူတို့၏ရည်ရွယ်ချက်နှင့်လည်းကိုက်ညီနေပေသည်။ ဤသည်မှာ စီးပွားရေးပေါ်လစီသစ်အပေါ် အန္တရာယ်အကြီးဆုံးနှင့် လီနင်ဆန့်ကျင်ရေး  အဓိပ္ပာယ်ဖွင့်ဆိုချက်တရပ် ပင်ဖြစ်သည်။ ထို့ကြောင့်ပင် စီးပွားရေးပေါ်လစီသစ် ကျင့်သုံးပြီး တနှစ်အကြာ ၁၁ ကြိမ်မြောက် ပါတီကွန်ဂရက်တွင် လီနင်က “နောက်ဆုတ်မှု အဆုံးသတ်သွားပြီ” ဟုဆိုကာ “တသီးပုဂ္ဂလိကအရင်းအနှီးအပေါ် ထိုးစစ်ကိုပြင်ဆင်ကြ” ဆိုသည့် ကြွေးကြော်သံတင်လိုက်သည်။ (**လီနင်၊ ကျမ်းပေါင်းစုံ၊ အတွဲ ၂၇၊ နှာ–၂၁၃**)

အတိုက်အခံသမားများ ညံ့ဖျင်းလှသောမော့က်စ်ဝါဒီများနှင့် ဘော်ရှီဗစ် ပေါ်လစီပြဿနာများအပေါ် တတ်ယောင်ကားများသည် စီးပွားရေးပေါ်လစီသစ်၏ အဓိပ္ပာယ်ကိုသော်လည်းကောင်း၊ NEP အစပိုင်း၌ လုပ်ဆောင်ခဲ့သည့် နောက်ဆုတ်သော လက္ခဏာကိုသော်လည်းကောင်း ၊ နားလည်ခြင်းမရှိခဲ့ချေ။ အထက်တွင် စီးပွားရေးပေါ်လစီသစ်၏အဓိပ္ပာယ်ကို  ဖော်ပြပြီးဖြစ်သည်။ နောက်ဆုတ်မှုလက္ခဏာနှင့် ပတ်သက်၍မူ နောက်ဆုတ်မှုနှင့် နောက်ဆုတ်မှုများရှိနေပါသည်။ ပါတီတရပ် သို့မဟုတ် တပ်မတော်တရပ်သည် ဆုံးရှုံးမှုနှင့် ရင်ဆိုင်ရသောကြောင့် နောက်ဆုတ်ရသည့် အချိန်များ ရှိရသည်။ ဤကဲ့သို့သော အချိန်မျိုးတွင် တပ်မတော် သို့မဟုတ် ပါတီသည် မိမိအင်အားကို ထိမ်းသိမ်းပြီး တိုက်ပွဲသစ် ဆင်နွှဲရန်အတွက် နောက်ဆုတ်ရသည်။ စီးပွားရေးပေါ်လစီသစ်ကို တင်သွင်းသည့်အခါက

လီနင်တင်ပြခဲ့သော နောက်ဆုတ်မှုဆိုသည်မှာ ဤကဲ့သို့သော နောက်ဆုတ်မှုမျိုး မဟုတ်ချေ။ အဘယ် ကြောင့်ဆိုသော် ထိုအချိန်ကပါတီသည် ဆုံးရှုံးမှု၊ မအောင်မြင်မှုများ ကြုံရရန်ဝေးစွ၊ ပြည်တွင်းစစ် အတွင်း ကျူးကျော်ရေးသမားများနှင့် တပ်ဖြူများကို တိုက်ခိုက်နှိမ်နင်းလိုက်နိုင်ချိန်ပင်ဖြစ်သည်။ သို့သော် အောင်ပွဲရပါတီ သို့မဟုတ် တပ်မတော်သည် ရှေ့သို့ချီတက်ရာတွင် နောက်တန်း၌ လုံ လောက်သော အခြေခံဒေသမရှိဘဲ ရှေ့အလွန်အကျွံ ရောက်သွားသောအချိန်မျိုး ရှိတတ်သည်။ ဤ သည်က အလွန်ကြီးမားသည့် အန္တရာယ်နှင့် ရင်ဆိုင်ရနိုင်သည်။ ထို့ကြောင့် အတွေ့အကြုံ ရင့်ကျက် ပြီးသောပါတီ သို့မဟုတ် တပ်မတော်သည် မိမိအခြေခံနှင့် အဆက်အသွယ် မပြတ်စေရန် ဤကဲ့သို့ သောအခြေအနေမျိုးတွင် ယေဘုယျအားဖြင့် နောက်သို့ အနည်းငယ်ဆုတ်ပေးရန် လိုအပ်ပြီး၊ အခြေခံပိုမိုနီးကပ်စွာ တိုးတက်လာပြီး ပိုမိုကောင်းမွန်သည့် အဆက်အသွယ်များကို ထူထောင်ရန် လိုအပ်ပေသည်။ သို့မှသာလျှင် မိမိလိုအပ်ချက်အားလုံးကို ရရှိနိုင်ပြီး ထိုမှတဆင့် အောင်ပွဲကို အာ မခံနိုင်ကာ ပိုမိုစိတ်ချယုံကြည်စွာဖြင့် ထိုးစစ်ကို ပြန်လည်စတင်နိုင်မည်ဖြစ်သည်။ လီနင်က စီးပွား ရေးပေါ်လစီသစ်တွင် ဖော်ထုတ်ခဲ့သည်မှာ ဤကဲ့သို့သော ယာယီနောက်ဆုတ်မှုမျိုး ဖြစ်သည်။ ကွန် မြူနစ်အင်တာနယ်ရှင်နယ်၏ စတုတ္ထကွန်ဂရက်တွင် စီးပွားရေးပေါ်လစီကို ဖော်ထုတ်ရန် တွန်းအား ပေးသည့် အကြောင်းရင်းများကို အစီရင်ခံရာ၌ လီနင်က "ကျွန်တော်တို့၏ စီးပွားရေးထိုးစစ်အတွင်း ကျွန်တော်တို့ ရှေ့သိပ်ကျွံသွားပြီ။ ကျွန်တော်တို့အတွက် လုံလောက်သည့် အခြေခံမရနိုင် ဖြစ်နေ ပါသည်"ဟု ရှင်းရှင်းဆိုလိုက်သည်။ ထို့ကြောင့် လုံခြုံစိတ်ချရသည့် နောက်တန်းသို့ ယာယီဆုတ် ခွာရန် လိုအပ်ပေသည်။

အတိုက်အခံများ၏ ကံအကြောင်းမလှပုံမှာ ၎င်းတို့အသိဉာဏ်မဲ့မှုကြောင့် စီးပွားရေးပေါ်လစီသစ် အောက်တွင် ဤကဲ့သို့သော နောက်ဆုတ်မှုသဏ္ဍာန်ကို နားလည်းမလည်ခဲ့ခြင်းနှင့် သူတို့၏ နောက်ဆုံးရက်များအထိ နားကိုလည်မသွားခဲ့ခြင်းပင်ဖြစ်သည်။

၁၀ ကြိမ်မြောက် ကွန်ဂရက်၏ စီးပွားရေးပေါ်လစီသစ် ဆုံးဖြတ်ချက်သည် ဆိုရှယ်လစ်စနစ် တည်ဆောက်ရန် အလုပ်သမားလူတန်းစားနှင့် လယ်သမားထုအကြား ကြာရှည်တည်တန့်ခိုင်မာ သည့် စီးပွားရေးမဟာမိတ်ဖွဲ့မှုကို အာမခံလိုက်ပေသည်။

ဤအဓိကရည်ရွယ်ချက်ကို အခြားဆုံးဖြတ်ချက် တရပ်ဖြစ်သည့် အမျိုးသားရေးပြဿနာ ဆုံးဖြတ်ချက်က ဖြစ်မြောက်အောင်မြင်စေခဲ့သည်။ ရဲဘော်စတာလင်က အမျိုးသားရေးပြဿနာကို အစီရင်ခံသည်။ သူက ကျွန်တော်တို့၏ အမျိုးသားရေးဖိနှိပ်မှုကို ဖျက်သိမ်းလိုက်ပြီးသော်လည်း ဤ သည်မှာ မလုံလောက်သေးဟုဆိုသည်။ လုပ်ရမည့်တာဝန်မှာ အတိတ်မှာ ကျန်ခဲ့သည့်အမွေဆိုး များဖြစ်သော ယခင်အဖိနှိပ်ခံအမျိုးသားများ၏ စီးပွားရေး၊ နိုင်ငံရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ နောက် ကျမှုများကို ဖျက်သိမ်းပစ်ရန်ဖြစ်သည်။ ၎င်းတို့ ဗဟိုရုရှားကို အမှီလိုက်လာနိုင်ရေးအတွက် ကူညီရ မည်။

ရဲဘော်စတာလင်က ဆက်လက်၍ အမျိုးသားရေးပြဿနာအပေါ် ပါတီဆန့်ကျင်သည့် တိမ်းစောင်းမှုနှစ်ခုဖြစ်သည့် လွှမ်းမိုးသောလူမျိုး (ရုရှားကြီး) လူမျိုးကြီးဝါဒနှင့် ဒေသလူမျိုးရေးဝါဒကို ထောက်ပြခဲ့သည်။ ကွန်ဂရက်က တိမ်းစောင်းမှု နှစ်ခုလုံးကို ကွန်မြူနစ်ဝါဒနှင့် ပစ္စည်းမဲ့နိုင်ငံတကာ ဝါဒအတွက် အန္တရာယ်များအဖြစ် ရှုတ်ချလိုက်သည်။ တချိန်တည်းတွင် ပိုမိုအန္တရာယ်ကြီးသည့်

လွှမ်းမိုးသောလူမျိုးကြီးဝါဒကို ဆိုလိုသည်မှာ ဇာဘုရင်ခေတ်က ရုရှားလူမျိုးကြီးဝါဒီများက ရုရှားမဟုတ်သည့် လူမျိုးစုများအပေါ် ဖော်ပြကျင့်သုံးလုပ်ဆောင်ခဲ့သည့် သဘောထား အကြွင်းအကျန်များအပေါ် အဓိကထိုးနှက်ရန် ညွှန်ပြလိုက်သည်။

**၃။ စီးပွားရေးပေါ်လစီသစ်၏ ပထမအကျိုးကျေးဇူးများ။ ၁၁ ကြိမ်မြောက် ပါတီကွန်ဂရက်။ ပြည်ထောင်စုဆိုဗီယက်ဆိုရှယ်လစ် သမ္မတနိုင်ငံ ထူထောင်ခြင်း။ လီနင် နာမကျန်းဖြစ်မှု။ လီနင်၏ သမဝါယမစီမံကိန်း။ ၁၂ ကြိမ်မြောက် ပါတီကွန်ဂရက်။**

ပါတီတွင်းရှိ မတည်ငြိမ်သည့် အဓိကအစိတ်အပိုင်းများက စီးပွားရေးပေါ်လစီသစ်ကို ခုခံဆန့်ကျင်ခဲ့သည်။ ခုခံမှုသည် ထောင့်နှစ်ထောင့်မှလာသည်။ ပထမတခုမှာ လိုမီနာဒ်ဇီ (Lominaze)၊ ရှာတ်စကင် (Shatskin)ကဲ့သို့သော နိုင်ငံရေးလူကြောင်များ၊ "လက်ဝဲ" လေသံပစ်သူများထံမှဖြစ်ပြီး၊ သူတို့က စီးပွားရေးပေါ်လစီသစ်ဆိုသည်မှာ အောက်တိုဘာတော်လှန်ရေး၏ အောင်သီးအောင်ပွင့်များကို စွန့်လွှတ်ခြင်းသာဖြစ်ကြောင်း၊ အရင်းရှင်စနစ်ကို ပြန်သွားခြင်းဖြစ်ကြောင်းနှင့် ဆိုဗီယက် အာဏာ၏ ကျဆုံးမှုသာဖြစ်ကြောင်းတို့ကို ပြသရန် "သက်သေအထောက်အထားများ" ကိုတင်ပြလာသည်။ ၎င်းတို့၏ နိုင်ငံရေးပညာမဲ့မှုနှင့် စီးပွားရေးဖြစ်ပေါ်တိုးတက်မှုတရားများကို သိနားလည်ခြင်းမရှိမှုတို့ကြောင့်၊ သူတို့သည် ပါတီ၏ပေါ်လစီကို နားမလည်နိုင်ဘဲ အထိတ်တလန့်ဖြစ်ကာ စိတ်ဓာတ်ကျဆင်းပြီး စိတ်ပျက်လက်လျှော့သွားကြသည်။ နောက်တဦးမှာ ဖြောင်အညံ့ခံသမားများဖြစ်သော ထရော့စကီ၊ ရာဒက်ခ်၊ ဇီနိုဗစ်၊ ဆိုကိုလ်နီကောဗ်၊ ကဲမီနက်ဗ်၊ ရှာလ်ရပ်နီကောဗ်၊ ဘူခါရင်၊ ရိုင်ကောဗ်ကဲ့သို့သော သူများမှဖြစ်ပြီး၊ ၎င်းတို့က ကျွန်ုပ်တို့နိုင်ငံ၏ ဆိုရှယ်လစ်ဖြစ်ပေါ် တိုးတက်မှု ဖြစ်နိုင်ချေရှိမှုတို့ကို မယုံကြည်ဘဲ၊ အရင်းရှင်စနစ်၏ "တန်ခိုးတော်အနန္တ"အောက်သို့ ဒူးထောက်ကာ၊ ဆိုဗီယက်နိုင်ငံ၌ အရင်းရှင်စနစ်၏အဆင့် နေရာကို ခိုင်မာတောင့်တင်းစေရန် ကြိုးပမ်း သည့်အနေဖြင့် ပြည်တွင်းမှာရော၊ ပြည်ပမှာပါ တသီးပုဂ္ဂလိက အရင်းအနှီးအပေါ် အရေးပါ အရာရောက်သည့် ခွင့်ပြုချက်များပြုလုပ်ရန်နှင့် စီးပွားရေးနယ်ပယ်မှ ဆိုဗီယက်အာဏာ၏ အဆင့်နေရာအချို့ကို တသီး ပုဂ္ဂလိက အရင်းအနှီးများသို့ပေးအပ်ရန် တောင်းဆိုလာသည်။ ပေးအပ်ရန်နည်းလမ်းမှာ ပူးတွဲဖက်စပ် စတော့ကုမ္ပဏီများတွင် နိုင်ငံတော်၏ အထူးအခွင့်အရေးရရှိသူများ အဖြစ်သော်လည်းကောင်း သို့မဟုတ် အစုစပ်ဝင်သူအဖြစ်လည်းကောင်း လုပ်ကိုင်ရန်ဖြစ်သည်။

အုပ်စုနှစ်ခုစလုံးသည် မာ့က်စ်ဝါဒ၊ လီနင်ဝါဒနှင့် ဆန့်ကျင်နေသည်။ ပါတီသည် နှစ်ဦးစလုံးကို ဖွင့်ချဖော်ထုတ် အထီးကျန်ဖြစ်စေပြီး အခြောက်အလှန့်သမားများကိုရော အညံ့ခံရေးသမားကိုပါ ပြင်းထန်စွာ ဝေဖန်ရှုတ်ချခဲ့သည်။

ပါတီပေါ်လစီကို ဤကဲ့သို့သောခုခံမှုက ပါတီအနေဖြင့် မတည်ငြိမ်သည့်အစိတ်အပိုင်းများကို ထုတ်ပယ်ရန်လိုအပ်ကြောင်း နောက်ထပ်သတိပေးနှိုးဆော်လိုက်သည်။ ဤသည်နှင့်အညီ ဗဟိုကော်မတီသည် ၁၉၂၁ ခုတွင် ပါတီတွင်းအပုပ်ချပွဲကို ပြုလုပ်ခဲ့ပြီး၊ ဤသည်က ပါတီအင်အားတောင့်တင်းခိုင်မာစေရန် အတော်အသင့် အထောက်အကူပြုလိုက်ကြသည်။ အပုပ်ချပွဲများကို ဖြောင်အစည်းအဝေးများတွင် ပါတီအပမှလူများကို ပါဝင်လှုပ်ရှားတက်ရောက်စေလျက် ကျင်းပခဲ့သည်။ လီနင်က

ပါတီသည် ‘‘လူယုတ်မာများ၊ ဗျူရိုကရက်များ၊ မရိုးသားသူများ သို့မဟုတ် ယိမ်းယိုင် သည့် ကွန်မြူနစ်များနှင့် အပြင် ‘‘မျက်နှာစာ’’ ကိုအရောင်ပြန်ဆိုးထားသော်လည်း အူထဲအသဲထဲမှာ မင်ရှိဗစ်ဖြစ်မြဲဖြစ်နေသေးသည့် မင်ရှိဗစ်များကို လုံးဝသန့်စင်သွားအောင် ပြုလုပ်ရမည်’’ ဟု အကြံပေးခဲ့ သည်။ **(လီနင်လက်ရွေးစင်ကျမ်း၊ အင်္ဂလိပ်ဘာသာ၊ မော်စကို ၁၉၄၇၊ အတွဲ ၁၁၊ နှာ–၇၄၆)**

အပုပ်ချပွဲတွင် စုစုပေါင်းလူပေါင်း ၁၇၀,၀၀၀ နီးပါး သို့မဟုတ် ပါတီဝင်စုစုပေါင်း ၂၅ ရာခိုင်နှုန်း ပါတီမှ ထုတ်ပယ်ခံရသည်။ အပုပ်ချပွဲသည် ပါတီကို အလွန်ပင် အင်အားတောင့်တင်း ခိုင်မာစေလိုက်ကာ ၎င်း၏လူမှုဖွဲ့စည်းမှုကို ကောင်းမွန်တိုးတက်စေ၍ လူထု၏ ၎င်းအပေါ်ယုံကြည်မှုကို တိုးတက်ရရှိစေပြီး၊ ၎င်း၏ဂုဏ်သိက္ခာကို မြင့်တင်နိုင်လိုက်သည်။ ပါတီသည် ပို၍ နီးနီးကပ်ကပ် စည်းလုံးပေါင်းစပ်ပြီး ပို၍ စည်းကမ်းကောင်းမွန်လာသည်။

စီးပွားရေး ပေါ်လစီသစ်၏ မှန်ကန်မှုကို ပထမနှစ်မှာပင် တွေ့ရှိလာရသည်။ ဤပေါ်လစီကို လက်ခံကျင့်သုံးလိုက်မှုက အခြေခံသစ်ပေါ်တွင် အလုပ်သမား၊ လယ်သမားမဟာမိတ်ဖွဲ့မှုကို အလွန်အမင်း အင်အားတောင့်တင်း ခိုင်မာစေလိုက်သည်။ ပစ္စည်းမဲ့အာဏာရှင်စနစ်သည် အင်အားရောစွမ်းရည်ပါ ရရှိလာသည်။ ကူးလတ်ခားပြ သောင်းကျန်းမှုကိုလည်း လုံးဝနီးပါး ချေမှုန်းလိုက်နိုင်သည်။ ယခုအခါ ပိုလျှံရိက္ခာသိမ်းဆည်းသည့်စနစ်ကို ဖျက်သိမ်းလိုက်ပြီဖြစ်၍ အလယ်အလတ်လယ်သမားများကလည်း ဆိုဗီယက်အစိုးရကို ကူးလတ်အဖွဲ့များအား တိုက်ခိုက်ရန် အကူအညီပေးလာကြသည်။ ဆိုဗီယက်အစိုးရသည် စီးပွားရေးနယ်ပယ်မှ အဓိကနေရာများဖြစ်သော အကြီးစားစက်မှုလုပ်ငန်း၊ ကူးသန်းသွားလာသယ်ဆောင်ရေးများ၊ ဘဏ်များ၊ လယ်မြေနှင့် ပြည်တွင်းပြည်ပ ကုန်သွယ်ရေးအားလုံးတို့ကို ကိုင်စွဲထားသည်။ ပါတီသည် စီးပွားရေး စစ်မျက်နှာတွင် အကောင်းဘက်သို့ တိကျခိုင်မာစွာ လှည့်ပြောင်းလာသည်။ လယ်ယာစိုက်ပျိုးရေးသည်လည်း အလျင်အမြန်စတင်ပြီး ရှေ့တိုးတက်လာသည်။ စက်မှုလုပ်ငန်းများနှင့် မီးရထားလုပ်ငန်းများလည်း ၎င်းတို့၏ ပထမ အောင်ပွဲများကို စံချိန်တင်လာသည်။ စီးပွားရေးပြန်လည် အသက်ဝင်လာမှု စတင်လာပြီး ဤသည်မှာ အလွန်နှေးနေသေးသော်လည်း စိတ်ချသေချာနေပေသည်။ အလုပ်သမားနှင့် လယ်သမားများက ပါတီသည် လမ်းမှန်ပေါ်ရောက်နေကြောင်း သိမြင်ထားလာကြသည်။

၁၉၂၂ ခု မတ်လတွင် ပါတီက ၁၁ ကြိမ်မြောက်ကွန်ဂရက်ကို ကျင်းပခဲ့သည်။ ယခင်ကွန်ဂရက်ထက်နည်းသည့် ပါတီဝင်ပေါင်း ၅၃၂,၀၀၀ ကိုကိုယ်စားပြုသည့် မဲပေးနိုင်သည့်ကိုယ်စားလှယ် ၅၂၂ တက်ရောက်ခဲ့သည်။ မဲမပေးနိုင်သည့် ကိုယ်စားလှယ် ၁၆၅ ဦး တက်ရောက်ခဲ့သည်။ ပါတီဝင်ဦးရေလျော့သွားရသည့်အကြောင်းရင်းမှာ စတင်နေပြီးဖြစ်သော ပါတီအပုပ်ချပွဲကြောင့်ဖြစ်သည်။

ဤကွန်ဂရက်တွင် ပါတီက စီးပွားရေးပေါ်လစီသစ် ပထမနှစ်က အကျိုးအမြတ်များကို ပြန်လည်သုံးသပ်ခဲ့သည်။ ဤအကျိုးအမြတ်များက လီနင်ကို ကွန်ဂရက်တွင် အောက်ပါအတိုင်း ကြေညာခွင့် ရစေလိုက်သည်။

‘‘ကျွန်ုပ်တို့သည် တနှစ်လုံးနောက်ဆုတ်နေခဲ့သည်။ ပါတီ၏အမည်ဖြင့် ဤသည်ကို ယခုရပ်တံ့ရန် ကျွန်ုပ်တို့ တောင်းဆိုရမည်။ နောက်ဆုတ်မှု၏ ရည်ရွယ်ချက်သည်လည်း ပြီးမြောက်ရန် ရရှိပြီးဖြစ်သည်။ ဤကာလသည် အဆုံးသတ်ရန်နီးလာပြီ သို့မဟုတ် အဆုံးသတ်ပြီဖြစ်သည်။ ယခု ကျွန်ုပ် တို့၏

ရည်ရွယ်ချက်မှာ ခြားနားလာပေပြီ။ ကျွန်ုပ်တို့အင်အားများကို ပြန်လည် စုစည်းရန်ဖြစ်သည်။''
(**အထက်ပါစာစောင်၊ စာမျက်နှာ ၇၈၂၊ ၇၈၃**)

လီနင်က စီးပွားရေးပေါ်လစီသစ်မှာ အရင်းရှင်စနစ်နှင့် ဆိုရှယ်လစ်စနစ်အကြား သေရေးရှင်ရေး တိုက်ပွဲမည်ကြောင်း ဆိုလိုက်သည်။ ''မည်သူအနိုင်ရမည်နည်း'' ဆိုသည်မှာ ပြဿနာဖြစ်သည်။ ကျွန်တော်တို့ အနိုင်ရရန်အတွက်မှာမူ အလုပ်သမား လူတန်းစားနှင့် လယ်သမားအကြား၊ ဆိုရှယ်လစ်စက်မှုလုပ်ငန်းနှင့် လယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းအကြား မဟာမိတ်ဖွဲ့ ချည်နှောင်ထားမှုကို မြို့နှင့်တောအကြား ကုန်ပစ္စည်းဖလှယ်မှု အစွမ်းကုန် ဖြစ်ပေါ်တိုးတက်စေခြင်းဖြင့် ခိုင်ခံ့သေချာ စိတ်ချရအောင်လုပ်ထားရန်ဖြစ်သည်။ ဤရည်ရွယ်ချက်အတွက် စီမံအုပ်ချုပ်မှုအတတ်ပညာနှင့် အရည်အချင်းပြည့်ဝသော ကုန်သွယ်ရေးနည်းပညာများကို လေ့လာဆည်းပူးရမည်။

ထိုကာလတွင် ပါတီရင်ဆိုင်နေရသည့် ပြဿနာတသီတတန်းကြီးတွင် ကုန်သွယ်ရေးသည် အဓိကကွင်းဆက် ဖြစ်နေသည်။ ဤပြဿနာကို မဖြေရှင်းနိုင်ပါက မြို့နှင့်တောအကြား ကုန်ပစ္စည်းဖလှယ်မှုဖြစ်ပေါ်တိုးတက်စေရန်လည်းကောင်း၊ အလုပ်သမားနှင့် လယ်သမားအကြား စီးပွားရေး မဟာမိတ်ဖွဲ့မှုကို တောင့်တင်းစေရန်လည်းကောင်း မဖြစ်နိုင်ဘဲ လယ်ယာစိုက်ပျိုးရေးများကိုလည်း တိုးတက်စေနိုင်မည်မဟုတ်၊ သို့မဟုတ် စက်မှုလုပ်ငန်းမှာ ပျက်ပြားနေသည့်အခြေအနေမှ လွတ်အောင် ရုန်းထွက်နိုင်မည်မဟုတ်ပေ။

ထိုအချိန်က ဆိုဗီယက်ကုန်သွယ်ရေးသည် အလွန်ပင် မဖွံ့ဖြိုးမတိုးတက်သေးဘဲ ဖြစ်မြဲဖြစ်နေသည်။ ကုန်သွယ်ရေးယန္တရားမှာ အလွန်ပင်မပြည့်မစုံ မလုံမလောက်ဖြစ်နေပြီး၊ ကွန်မြူနစ်များက လည်း ကုန်သွယ်ရေးနည်းပညာများတွင် လည်ဝယ်တတ်ကျွမ်းခြင်းမရှိသေးဘဲ ရန်သူများဖြစ်သည့် နက်ပ်မင်(**Nepmen**)တို့အကြောင်းကိုလည်း မလေ့လာရသေး၊ သို့မဟုတ် ၎င်းတို့အား မည်သို့ တိုက်ရမည်ကိုလည်း မသိရှိသေးချေ။ နက်ပ်မင် သို့မဟုတ် တသီးပုဂ္ဂလိက ကုန်သည်များသည် အဝတ်အထည်နှင့် အထွေထွေလိုအပ်သည့် ကုန်ပစ္စည်းကုန်သွယ်ရေးကို သိမ်းယူရရှိနိုင်ရန် မဖွံ့ဖြိုးမတိုးတက်သော ဆိုဗီယက်ကုန်သွယ်ရေးအခြေအနေကို အခွင့်ကောင်းယူခဲ့ကြသည်။ နိုင်ငံတော်နှင့် သမဝါယမကုန်သွယ်ရေးကို စည်းရုံးဖွဲ့စည်းရေးမှာ အလွန့်အလွန်အရေးပါသော ပြဿနာဖြစ်လာသည်။

၁၀ ကြိမ်မြောက် ကွန်ဂရက်အပြီးတွင် စီးပွားရေးနယ်ပယ်မှ လုပ်ငန်းကို အရှိန်အဟုန်နှစ်ဆ တိုး၍ ပြန်စခဲ့ကြသည်။ မကြာမီက ရိက္ခာထွက်ကျဆင်းမှု၏ အကျိုးသက်ရောက်မှုများကိုလည်း အောင်မြင်စွာပြုပြင်နိုင်ခဲ့သည်။ လယ်သမားများ၏ လယ်ယာလုပ်ငန်းလည်း အမြန်ပြန်၍ နာလန် ထူလာသည်။ မီးရထားလမ်းများ ပိုမိုကောင်းမွန်စွာ စတင်လာသည်။ ပြန်လည် လည်ပတ်လာသော စက်ရုံ အလုပ်ရုံ အရေအတွက်မှာလည်း တိုးများလာသည်။

၁၉၂၂ ခု အောက်တိုဘာတွင် ဆိုဗီယက်သမ္မတနိုင်ငံသည် အလွန်ကြီးမားသည့် အောင်ပွဲသဘင်ဆင်ယင်ကျင်းပခဲ့သည်။ ကျူးကျော်သူများလက်တွင် နောက်ဆုံးကျန်ခဲ့သည့် ဆိုဗီယက်နယ်မြေဖြစ်သော ဗလာဒီဗော့စတော့ဗ်ကို တပ်နီတော်နှင့် အရှေ့ဖျားအရပ်ရှိ ပါတီဝင်များက ဂျပန်များ လက်မှ ပြန်လည်သိမ်းပိုက်ရရှိခဲ့သည်။

ဆိုဗီယက်သမ္မတနိုင်ငံ၏ နယ်မြေတခုလုံးမှ ကျူးကျော်စွက်ဖက်သူများ ရှင်းလင်းသွားပြီးနောက် ဆိုရှယ်လစ်တည်ဆောက်ရေးနှင့် အမျိုးသားကာကွယ်ရေး လိုအပ်ချက်များက ဆိုဗီယက်ပြည်သူများ၏ ပြည်ထောင်စု ဆက်လက်ခိုင်မာတောင့်တင်းရေးကို တောင်းဆိုလာမှုကြောင့် ယခုအခါ ဆိုဗီယက်သမ္မတ နိုင်ငံများ၏ တခုတည်းသော ဖက်ဒရယ်နိုင်ငံအဖြစ် အတူတကွ ပေါင်းစပ်ရန် လိုအပ်လာသည်။ ပြည်သူလူထု၏ အင်အားစုများအားလုံး ဆိုရှယ်လစ်စနစ် တည်ဆောက်ရေးလုပ်ငန်းအတွက် ပူးပေါင်းကြရမည်။ တိုင်းပြည်မှာ တောင့်တင်းခိုင်မာပြီး မထိုးဖောက်နိုင်အောင်ဖြစ်ရမည်။ ကျွန်တော်တို့ တိုင်းပြည်ရှိလူမျိုးတို့၏ ဘက်စုံဖြစ်ပေါ်တိုးတက်ရေးအတွက် အချက်အလက်များကို ဖန်တီးပေးရမည်။ ဤသည်က ဆိုဗီယက်လူမျိုးများအားလုံး ပိုမို ရင်းရင်းနှီးနှီး ပူးပေါင်းထားရသည့် ပြည်ထောင်စု တရပ်ဖြစ်လာရေးကို လိုအပ်လာစေသည်။

၁၉၂၂ ခုနှစ် ဒီဇင်ဘာတွင် ပြည်ထောင်စုတခုလုံးရှိ ဆိုဗီယက်များ၏ ပထမအကြိမ်မြောက် ကွန်ဂရက်ကိုကျင်းပခဲ့ပြီး၊ ထိုကွန်ဂရက်တွင် လီနင်နှင့် စတာလင်တို့၏ တင်ပြချက်နှင့် ဆိုဗီယက်လူမျိုးများ၏ မိမိစိတ်ဆန္ဒအလျောက်ပါဝင်သော နိုင်ငံတော်၊ ပြည်ထောင်စုဆိုဗီယက်ဆိုရှယ်လစ်ပြည်ထောင်စုသမ္မတနိုင်ငံ (**U.S.S.R**) ကိုတည်ထောင်လိုက်သည်။ အစကနဦး၌ **U.S.S.R** တွင်ပါဝင်သည့်သမ္မတနိုင်ငံများမှာ ရုရှား ဆိုဗီယက် ဖယ်ဒရယ်ဆိုရှယ်လစ်သမ္မတနိုင်ငံ (**R.S.F.S.R**)၊ ထရန့်စ်ကော့ကေးရှား၊ ဆိုဗီယက်ဖယ်ဒရယ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ယူကရိန်းဆိုဗီယက်ဆိုရှယ်လစ်သမ္မတနိုင်ငံနှင့် ဘိုင်ဘိုလိုရုရှား ဆိုဗီယက် ဆိုရှယ်လစ်သမ္မတနိုင်ငံတို့ဖြစ်သည်။ နောက်မကြာမီ ဥဇ္ဗဘက်၊ တာ့ခ်မင်နှင့် တာဂျစ်ဆိုသည့်လွတ်လပ်သည့် ဆိုဗီယက်ပြည်ထောင်စုသမ္မတနိုင်ငံများ အာရှတိုက်အလယ်ပိုင်းတွင် တည်ထောင်ခဲ့သည်။ ဤသမ္မတနိုင်ငံများအားလုံးသည် ယခုအခါ တခု တည်းသော ဆိုဗီယက်ပြည်ထောင်စုနိုင်ငံ (**U.S.S.R**) အဖြစ် မိမိတို့၏ စိတ်ဆန္ဒအလျောက်နှင့် တန်းတူရေးအခြေခံပေါ်တွင် နိုင်ငံတိုင်း ဆိုဗီယက်ယူနီယံမှ လွတ်လပ်စွာခွဲထွက်ခွင့်ရယူထားကာ စည်းလုံးပူးပေါင်းလိုက်ကြသည်။

(**U.S.S.R**) တည်ထောင်လိုက်ခြင်းက ဆိုဗီယက်အာဏာ၏ အခြေခိုင်မာလာမှုနှင့် ဘော်ရှီဗစ်ပါတီ၏ အမျိုးသား ပြဿနာအပေါ် လီနင်၊ စတာလင်ဝါဒီများ၏ ပေါ်လစီကြီးမားစွာအောင်ပွဲခံလိုက်နိုင်မှုကို ပြသပေသည်။

၁၉၂၂ ခု နိုဝင်ဘာတွင် မော်စကိုဆိုဗီယက်၏ မျက်နှာစုံညီအစည်းအဝေး၌ လီနင်က မိန့်ခွန်းပြောကြားရာ ဆိုဗီယက်အုပ်ချုပ်မှု၏ ငါးနှစ်ကာလကို ပြန်လည်သုံးသပ်ပြီး "စီးပွားရေးပေါ် လစီသစ်နှင့် ရုရှားသည် ဆိုရှယ်လစ်ရုရှားမုချဖြစ်လာမည်" ဆိုသော ခိုင်မာသည့်ယုံကြည်ချက်ကို ထုတ်ဖော်ပြောကြားလိုက်သည်။ ဤသည်မှာ တိုင်းပြည်သို့ပြောကြားသော သူ၏ နောက်ဆုံး မိန့်ခွန်းဖြစ်သည်။ ထိုဆောင်းဦးတွင်ပင် ပါတီအတွက် ကံဆိုးမိုးမှောင်ကျခဲ့ပေသည်။ လီနင်သည် အပြင်းအထန် နာမကျန်းဖြစ်လာသည်။ သူ၏ နာမကျန်းဖြစ်မှုသည် တပါတီလုံးနှင့် အလုပ်သမားထု တရပ်လုံးအတွက် အလွန်ပြင်းထန် နက်ရှိုင်းသည့် ပုဂ္ဂိုလ်ရေး ထိခိုက်နစ်နာမှုပင်ဖြစ်သည်။ အားလုံးသည် ၎င်းတို့ ချစ်မြတ်နိုးလှသော လီနင်၏ အသက်အတွက် ကြောက်ရွံ့ထိတ်လန့် တုန်လှုပ်စွာ နေကြရသည်။ သို့သော် နာမကျန်းဖြစ်နေလျက်ကပင် လီနင်သည် သူ၏လုပ်ငန်းများကို ရပ်ဆိုင်းခြင်းမပြုချေ။ အလွန်ဖျားနာနေသည့်တိုင်အောင် အလွန်အရေးကြီးသော ဆောင်းပါးအချို့ကို ရေးသားခဲ့သေးသည်။ ဤ

နောက်ဆုံးရေးသားချက်များတွင် သူသည် ဆောင်ရွက်ပြီးသည့် လုပ်ငန်းများအပေါ် ပြန်လည်ဆန်းစစ်အပြီး ဆိုရှယ်လစ်တည်ဆောက်ရေး အရေးတော်ပုံတွင် လယ်သမားထုကို ပါဝင်လာစေခြင်းဖြင့် ကျွန်တော်တို့နိုင်ငံတွင် ဆိုရှယ်လစ်စနစ် တည်ဆောက်ရေးအတွက် စီမံကိန်းကိုရေးဆွဲခဲ့သည်။ ဤစီမံကိန်းတွင် ဆိုရှယ်လစ်စနစ် တည်ဆောက်ရေးလုပ်ငန်းအတွင်း လယ်သမားပါဝင်လာရေးကို အာမခံနိုင်ရန်ဖြစ်သော သူ၏ သမဝါယမစီမံကိန်းပါဝင်သည်။

လီနင်က ယေဘုယျအားဖြင့် သမဝါယမအဖွဲ့အစည်းများ၊ အထူးသဖြင့် လယ်ယာသမဝါယမအဖွဲ့အစည်းများကို ကူးပြောင်းရေးနည်းနာတရပ်အဖြစ် သဘောထားသည်။ ဤနည်းနာကို သန်းပေါင်းများစွာသော လယ်သမားထုက နားလည်သဘောပေါက်ပြီး လက်လှမ်းမှီနိုင်သည်။ အ သေးစားတသီးပုဂ္ဂလိကလယ်ယာလုပ်ငန်းကို အကြီးစား ထုတ်လုပ်ရေး အဖွဲ့အစည်းများ သို့မဟုတ် စုပေါင်းလယ်ယာများအဖြစ် ကူးပြောင်းရန်ဖြစ်သည်။ လီနင်က တိုင်းပြည်၏ လယ်ယာစိုက်ပျိုးရေးဖြစ်ပေါ်တိုးတက်ရန် လိုက်ရမည့်လမ်းစဉ်မှာ လယ်သမားများကို သမဝါယမအဖွဲ့အစည်းများမှတဆင့် ဆိုရှယ်လစ်စနစ် တည်ဆောက်ရေးလုပ်ငန်းအတွင်း ဆွဲသွင်းရန်၊ လယ်ယာစိုက်ပျိုးရေးတွင် စုပေါင်းမှုများကို တဖြည်းဖြည်းသွင်းရန်၊ ပထမရောင်းချခြင်းတွင် စတင်ပြီး၊ နောက်မှ ယာထွက်သီးနှံများစိုက်ပျိုးရေးတွင် ပြုလုပ်ရန်ဖြစ်ကြောင်း ထောက်ပြခဲ့သည်။ ပစ္စည်းမဲ့အာဏာရှင်စနစ်နှင့် အလုပ်သမားလူတန်းစားနှင့် လယ်သမားထု၏ မဟာမိတ်ဖွဲ့မှုရှိနေခြင်း၊ လယ်သမားထုအပေါ် ပစ္စည်းမဲ့များ၏ ခေါင်းဆောင်မှု အာမခံချက်ရှိနေခြင်းနှင့် ဆိုရှယ်လစ်စက်မှုလုပ်ငန်းတည်ရှိနေခြင်းတို့ကြောင့် လီနင်က သန်းပေါင်းများစွာသော လယ်သမားများ ပါဝင်ပတ်သက်သည့် စနစ်တကျ ဖွဲ့စည်းထားသော ဖြစ်ထွန်းနေသည့် သမဝါယမစနစ်သည် ကျွန်တော်တို့တိုင်းပြည်တွင် ပြည့်ဝပြည့်စုံသော ဆိုရှယ်လစ်အဖွဲ့အစည်းတည်ထောင်မည့် နည်းနာဖြစ်ကြောင်း ပြောကြားခဲ့သည်။

၁၉၂၃ ခု ဧပြီလတွင် ပါတီသည် ၁၂ ကြိမ်မြောက် ကွန်ဂရက်ကို ကျင်းပခဲ့သည်။ ဤသည်မှာ ဘော်ရှီဗစ်များ အာဏာသိမ်းပြီးနောက် လီနင် မတက်ရောက်နိုင်သော ပထမဆုံးသောကွန်ဂရက်ဖြစ်သည်၊ ကွန်ဂရက်သို့ ပါတီဝင် ၃၈၆,၀၀၀ ကို ကိုယ်စားပြုသည့် မဲပေးနိုင်သောကိုယ်စားလှယ် ၄၀၈ ဦးတက်ရောက်ခဲ့သည်။ ဤသည်မှာ ယခင်ကွန်ဂရက်ထက်နည်းပြီး၊ နည်းရသည့်အကြောင်းရင်းမှာ ကြားကာလထဲတွင် ပါတီအပုပ်ချုပ္ပဲ ဆက်လက်ကျင်းပနေပြီး ပါတီဝင်ရာခိုင်နှုန်းအချို့မှာ အထုတ်ခံရသောကြောင့်ဖြစ်သည်။ မဲမပေးနိုင်သည့် ကိုယ်စားလှယ် ၄၁၇ ဦးလည်း တက်ရောက်ခဲ့သည်။

၁၂ ကြိမ်မြောက် ပါတီကွန်ဂရက်က ၎င်း၏ ဆုံးဖြတ်ချက်များတွင် လီနင်၏ မကြာခင်က ရေးသားခဲ့သည့် ဆောင်းပါးများ၊ ပေးစာများမှ ထောက်ခံချက်များကို ထည့်သွင်းဖော်ပြခဲ့သည်။

ကွန်ဂရက်က စီးပွားရေးပေါ်လစီသစ်ကို ဆိုရှယ်လစ်အခြေအနေအဆင့်မှ နောက်ဆုတ်ခြင်း၊ အရင်းရှင်စနစ်အား အလျှော့ပေးလက်နက်ချခြင်းဟု လက်ခံသူများကိုရော အရင်းရှင်စနစ်အနှောင်အဖွဲ့သို့ ပြန်ဦးလှည့်ရန် ပြောဆိုနေသူကိုပါ ပြင်းထန်စွာ ပြစ်တင်ဝေဖန်ခဲ့သည်။ ကွန်ဂရက်တွင် ဤကဲ့သို့သော အကြံပေးချက်များကို ထရော့စကီ၏ နောက်လိုက်များဖြစ်သော ရာဒက်ခ်နှင့် ကရာစင် (Karassin) တို့က တင်သွင်းခဲ့သည်။ သူတို့က ဆိုဗီယက်နိုင်ငံအတွက် သေရေးရှင်ရေးတမျှ အရေးပါလိုအပ်သော စက်မှုလုပ်ငန်းခွဲများတွင် အထူးအခွင့်အရေးများပေးသည့်ပုံစံဖြင့် နိုင်ငံခြား အရင်းရှင်များ၏ သနားကရုဏာခံယူသင့်ကြောင်း၊ သူတို့ကို အလျှော့ပေးသင့်ကြောင်း တင်ပြလာသည်။

အောက်တိုဘာ တော်လှန်ရေးက ပယ်ဖျက်ခဲ့သည့် ဇာဘုရင်အစိုးရ၏ ကြွေးမြီများကိုလည်း ကျွန်တော်တို့ကပေးရန် သူတို့ကတင်ပြသည်။ ပါတီက ကျန်လက်နက်ချ အလျှော့ပေးသည့် အကြံ ပေးချက်များကို သစ္စာဖောက်မှုအဖြစ် အပြစ်တင်ရှုတ်ချ ဝေဖန်တံဆိပ်တပ်ပေးလိုက်သည်။ ပါတီက အထူးအခွင့်အရေး ပေးရေးပေါ်လစီကို မငြင်းပယ်သော်လည်း ဆိုဗီယက်နိုင်ငံတော်အတွက် အကျိုးရှိမည့် လုပ်ငန်းမျိုးနှင့် အတိုင်းအတာမျိုးတွင်သာပေးရန်ဖြစ်သည်။

ကွန်ဂရက်မတိုင်မီကပင် ဘူခါရင်နှင့် ဆိုကိုလ်နီကောဗ်တို့က နိုင်ငံခြားကုန်သွယ်ရေးတွင် နိုင်ငံတော်ပိုင်လုပ်ထားမှုကို ဖျက်သိမ်းရန် တင်ပြခဲ့သည်။ စီးပွားရေးပေါ်လစီသစ်သည် အရင်းရှင်စနစ်ကို အလျှော့ပေးလိုက်လျောခြင်းဖြစ်သည်ဆိုသော ယူဆချက်အပေါ်၌ ဤအကြံပေးတင်ပြချက်က အခြေခံထားခြင်းလည်းဖြစ်သည်။ လီနင်က ဘူခါရင်ကို အမြတ်ကြီးစားများ၊ ကူးလတ်များ၊ နက်ပ်မင် များ၏ ကိုယ်စားလှယ်အဖြစ် တံဆိပ်တပ်လိုက်သည်။ ၁၂ ကြိမ်မြောက် ကွန်ဂရက်က နိုင်ငံခြားကုန် သွယ်ရေး၏ လက်ဝါးကြီးအုပ်မှုကို အားနည်းချို့ယွင်းစေမည့် ကြိုးပမ်းချက်များကို ခိုင်မာစွာတွန်း လှန်ပစ်လိုက်သည်။

အန္တရာယ်ကြီးလှသည့် လယ်သမားပေါ်လစီတရပ်ကို ပါတီအား လက်ခံစေရန် တင်သွင်းလာမည့် ထရော့စကီ၏ ကြိုးပမ်းချက်ကိုလည်း ကွန်ဂရက်က တွန်းလှန်ပစ်လိုက်ပြီး တိုင်းပြည်တွင်းရှိ အသေးစားလယ်သမား လယ်ယာလုပ်ငန်းလွှမ်းမိုးမှုမှာ မေ့ပျောက်၍မဖြစ်သော တကယ့်အချက်အလက်ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။ အကြီးစား စက်မှုလုပ်ငန်းအပါအဝင် စက်မှု လုပ်ငန်းဖြစ်ပေါ်တိုးတက်မှုများသည် လယ်သမားလူထုကြီး၏ အကျိုးစီးပွားနှင့် မဆန့်ကျင်ရဘဲ လုပ်သားလူထုတရပ်လုံး၏ အကျိုးစီးပွားအတွက် လယ်သမားများနှင့် နီးကပ်စွာပူးပေါင်း ဆက်စပ်မှု ပေါ်တွင် အခြေခံရမည်ဟု ထိရောက်ပြတ်သားစွာ ကြေညာလိုက်သည်။ ဤဆုံးဖြတ်ချက်များက ထရော့စကီကို အဖြေပေးလိုက်ခြင်းဖြစ်ပြီး ထရော့စကီက ကျွန်တော်တို့၏ စက်မှုလုပ်ငန်းများကို လယ်သမားများအား အသုံးချအမြတ်ထုတ်၍ တည်ဆောက်သင့်ကြောင်း တင်ပြထားကာ တကယ် စင်စစ်မှာတော့ သူသည် ပစ္စည်းမဲ့များနှင့် လယ်သမား မဟာမိတ်ဖွဲ့သည့်ပေါ်လစီကို လက်ခံခြင်း မပြုသူဖြစ်သည်။

တချိန်တည်းတွင် ထရော့စကီက တိုင်းပြည်ကာကွယ်ရေးအတွက် အရေးကြီးသော ပြူတီလော့ဗ်၊ ဘရာန်းခ်စသည့် လုပ်ငန်းကြီးများကို အမြတ်အစွန်းမရှိဟူသော စွဲချက်အခြေခံပေါ်တွင် ပိတ်ပစ်ရန် အဆိုတင်ခဲ့ပြန်သည်။ ကွန်ဂရက်က ထရော့စကီ၏ တင်ပြချက်ကို ပြင်းထန်စွာဝေဖန်ပြီး ပယ်ချလိုက်သည်။

ကွန်ဂရက်သို့ ရေးသားပေးပို့ခဲ့သော လီနင်၏ အကြံပေးချက်အရ ၁၂ ကြိမ်မြောက်ကွန်ဂရက်သည် ပါတီဗဟိုချုပ်ကိုင်ရေးကော်မရှင်နှင့် အလုပ်သမား၊ လယ်သမား စုံစမ်းစစ်ဆေးရေးအဖွဲ့တို့ကို တဖွဲ့တည်းအဖြစ် ပူးပေါင်းလိုက်သည်။ ဤပူးပေါင်းလိုက်သည့်အဖွဲ့ကို ပါတီစည်းလုံးညီညွတ်ရေး ထိန်းသိမ်းကာကွယ်ရေး၊ ပါတီနှင့် ပြည်သူပြည်သားများ၏ စည်းကမ်းများ တောင့်တင်းခိုင်မာရေးနှင့် ဆိုဗီယက်နိုင်ငံတော် စက်ယန္တရားနည်းပေါင်းစုံဖြင့် ကောင်းမွန်တိုးတက်ရေးဆိုသည့် အရေးကြီး တာဝန်များကို အပ်နှင်းပေးထားလိုက်သည်။

ကွန်ဂရက်အစီအစဉ်တွင် အရေးကြီးအချက်မှာ အမျိုးသားရေးပြဿနာဖြစ်ပြီး၊ ဤသည်နှင့် ပတ်သတ်သည့် အစီရင်ခံစာကို ရဲဘော်စတာလင်က တင်သွင်းခဲ့သည်။ ရဲဘော်စတာလင်က အမျိုးသား

ရေးပြဿနာအပေါ် ကျွန်တော်တို့၏ ပေါ်လစီ၏ နိုင်ငံတကာအရေးပါမှုကို အလေးပေး ပြောကြားခဲ့သည်။ အရှေ့နှင့်အနောက်နိုင်ငံများရှိ အဖိနှိပ်ခံပြည်သူများအတွက် အမျိုးသား ပြဿနာကို ဖြေရှင်းပြီး၊ အမျိုးသားဖိနှိပ်မှုကို ပယ်ဖျက်ရာတွင် ဆိုဗီယက်ယူနီယံသည် စံပြပုံစံ ဖြစ်လာတော့သည်။ သူက ဆိုဗီယက်ယူနီယံရှိ လူမျိုးများအကြား စီးပွားရေးနှင့် ယဉ်ကျေးမှု မညီမမျှဖြစ်နေမှုများကို အဆုံးသတ်ပစ်ရန် အင်တိုက်အားတိုက် လုပ်ဆောင်ချက်များ လိုအပ်သည်ဟု ထောက်ပြခဲ့သည်။ သူက အမျိုးသားရေးပြဿနာတွင် တိမ်းစောင်းမှုများဖြစ်သည့် ရုရှားလူမျိုးကြီးဝါဒနှင့် ဒေသ ခနရှင် အမျိုးသားရေးဝါဒတို့အပေါ် ပြတ်ပြတ်သားသားတိုက်ပွဲဝင်ရန် ပါတီကို တောင်းဆိုလိုက်သည်။

ကွန်ကရက်တွင် အမျိုးသားရေးဝါဒီ တိမ်းစောင်းသူများနှင့် လူမျိုးစုများအပေါ် ၎င်းတို့၏ လူမျိုးကြီး (လွှမ်းမိုးသည့်လူမျိုး) ပေါ်လစီများကို ဖော်ထုတ်ဖွင့်ချလိုက်သည်။ ထိုအချိန်က ဂျော်ဂျီယာ အမျိုးသားရေးဝါဒီများဖြစ်သော မစ်ဒီဗာနီ (Mdivani)နှင့် အချို့သည် ပါတီကို ဆန့်ကျင်နေကြ သည်။ သူတို့သည် ထရန့်ကော့ကေးရှားဖယ်ဒရေးရှင်းကို ဆန့်ကျင်ခဲ့ကြပြီး၊ တရန့်ကော့ကေးရှား ရှိ လူမျိုးများအကြား ချစ်ကြည်ရင်းနှီးမှု တိုးတက်ကောင်းမွန်ရေးကို ဆန့်ကျင်ကြသည်။ တိမ်းစောင်းသူများသည် ဂျော်ဂျီယာရှိ အခြားလူမျိုးများအပေါ် ပြောင်ပြောင်တင်းတင်းပင် လူမျိုးကြီးများကဲ့သို့ ကျင့်ကြံ လုပ်ဆောင်နေကြသည်။ သူတို့သည် တဖက်မှ ဂျော်ဂျီယာမဟုတ်သူများ၊ အထူးသဖြင့် အာမေနီးယားများကို အစုလိုက်အပြုံလိုက် မောင်းထုတ်ပစ်နေပြီး ဂျော်ဂျီယာလူမျိုးမဟုတ်သူများ နှင့် လက်ထပ်သည့် ဂျော်ဂျီယာအမျိုးသမီးများကို ဂျော်ဂျီယာနိုင်ငံသားအဖြစ်မှ ရုပ်သိမ်းသည့် ဥပဒေကို ပြဋ္ဌာန်းခဲ့ကြသည်။ ဂျော်ဂျီယာ အမျိုးသားရေးဝါဒီ တိမ်းစောင်းသူများကို ထရော့စကီ၊ ရာဒက်ခ်၊ ဘူခါရင်၊ စက်ခ်ရပ်နစ်ခ် (Skrypnik) နှင့် ရာကော့ဗ်စကီး (Rakovsky)တို့က ထောက်ခံခဲ့ ကြသည်။

ကွန်ဂရက်ပြီးလျှင်ပြီးခြင်း အမျိုးသားပြဿနာကို ဆွေးနွေးရန် အမျိုးသားသမ္မတနိုင်ငံများမှ ပါတီ လုပ်သားများကို အထူးကွန်ဖရင့်ခေါ်ယူ ကျင်းပခဲ့သည်။ ဤတွင် ခနရှင်တာတာ အမျိုးသားရေး ဝါဒီ ဆူလတန်ဂါလစ်ဗ် (Sultan Galiev) အုပ်စုနှင့် ဥဇ္ဗဘက်အမျိုးသားရေးဝါဒီ ဖိုင်ဇူလာခေါ့ဒ် ဂျာယက်ဗ် (Faizulla Khodjayev)အုပ်စု တို့ကို ဖော်ထုတ်ဖွင့်ချခဲ့သည်။

၁၂ ကြိမ်မြောက်ပါတီကွန်ဂရက်က လွန်ခဲ့သည့်နှစ်နှစ်အတွင်း စီးပွားရေးသစ်ပေါ်လစီ၏ အကျိုးအမြတ်များကို ပြန်လည်ဆန်းစစ်ခဲ့သည်။ ဤသည်များမှာ အလွန်အားတက်ဖွယ်ရာ ရလဒ်များဖြစ်ပြီး နောက်ဆုံးပိတ်အောင်ပွဲအတွက် ယုံကြည်ချက်ကို ခိုင်မာစေခဲ့ပါသည်။

ရဲဘော်စတာလင်က "ကျွန်ုပ်တို့ပါတီသည် စည်းလုံးညီညွတ်ပြီး တစုတစည်းတည်း ခိုင်မာနေသည်။ ပါတီသည် အလွန်အရေးပါသော အလှည့်အပြောင်း၏ စမ်းသပ်မှုကို ကြံ့ကြံ့ခံနိုင်ခဲ့ပြီး ထူးချွန်ပြောင်မြောက်စွာ ရှေ့သို့ချီတက်နေသည်"ဟု ကွန်ဂရက်တွင် ကြေညာလိုက်သည်။

**၄။ စီးပွားရေး ပြန်လည်ထူထောင်တည်ဆောက်ရေးအတွင်း အခက်အခဲများကို တိုက်ပွဲ ဆင်ခြင်း။ ထရော့စကီဝါဒီများက ၎င်းတို့၏လှုပ်ရှားမှုကို တိုးမြင့်လာခြင်း။ လီနင် နာမကျန်းဖြစ်မှုအား အခွင့်ကောင်း ယူ၍ ပါတီဆွေးနွေးပွဲသစ်များ။ ထရော့စကီဝါဒီများ ရှုံးနိမ့်ခြင်း။ လီနင်ကွယ်လွန်ခြင်း။ လီနင်အထိမ်းအမှတ်ပါတီဝင် လျှောက်လွှာတင်ခြင်း။ ၁၃ ကြိမ်မြောက် ပါတီကွန်ဂရက်။**

အမျိုးသားစီးပွားရေး ပြန်လည်ထူထောင်ရေးကြိုးပမ်းရာတွင် ပထမနှစ်များတွင်ပင် သိသာထင်ရှားသော အကျိုးရလဒ်များ ပေါ်ထွက်လာသည်။ ၁၉၂၄ ခုတွင် နယ်ပယ်အားလုံး၌ တိုးတက်မှုများ တွေ့မြင်လာရသည်။ ၁၉၂၁ ခုမှစ၍ ကောက်ပဲသီးနှံစိုက်ပျိုးရေိယာသည် သိသာစွာ တိုးလာပြီး လယ်သမားများ၏ လယ်ယာလုပ်ငန်းမှာလည်း တဖြည်းဖြည်း တိုးတက်ကောင်းမွန် လာသည်။ ဆိုရှယ်လစ်စက်မှုလုပ်ငန်းလည်း ကြီးထွားလာလျက်ရှိကာ ကျယ်ပြန့်လာနေသည်။ အလုပ်သမားလူတန်းစားသည် အရေအတွက်အားဖြင့် အကြီးအကျယ် တိုးပွားလာလျက်ရှိသည်။ လခများလည်း မြင့်တက်လာနေသည်။ အလုပ်သမား၊ လယ်သမားများ၏ဘဝသည် ၁၉၂၀–၂၁ ခုနှစ်များနှင့် နှိုင်းစာသော် ပိုမို၍ကောင်းမွန်လာသည်။

သို့သော် စီးပွားရေးကြေပြုန်းမှု ဒဏ်ရာဒဏ်ချက်များ ဆက်လက်ကျန်ရှိမြဲ ရှိနေသေးသည်။ စက်မှုလုပ်ငန်းမှာ စစ်ပွဲမတိုင်မီအဆင့်ထက် နိမ့်ကျနေသေးပြီး ဖြစ်ပေါ်တိုးတက်မှုမှာလည်း တိုင်းပြည်လိုအပ်ချက်နှင့် အများကြီးကွာဟ နောက်ကျနေသေးသည်။ ၁၉၂၃ ခုနှစ် အကုန်တွင် အလုပ်လက်မဲ့ ၁ သန်းခန့်ရှိပြီး၊ အမျိုးသားစီးပွားရေးမှာလည်း အလုပ်လက်မဲ့များကို သိမ်းသွင်းရန် အလွန်နှေးကွေးစွာ တိုးတက်နေသည်။ ကုန်သွယ်ရေး ဖြစ်ပေါ်တိုးတက်မှုမှာလည်း စက်ရုံများမှ ထွက်လာသည့် ကုန်ပစ္စည်းများ၏ အလွန်အမင်း ကြီးမြင့်လှသည့် ဈေးနှုန်းများကြောင့် နှောင့်နှေးနောက်ကျနေရ သည်။ နက်ပ်မင်နှင့် ကျွန်ုပ်တို့ ကုန်သွယ်ရေးအဖွဲ့အစည်းတွင်းရှိ နက်ပ်မင် အစိတ်အပိုင်းများက ဤဈေးနှုန်းများကို တိုင်းပြည်အပေါ် စည်းကြပ်ထားခြင်းဖြစ်သည်။ ဤအကြောင်းကြောင့် ရုရှားရူဘယ်လ်ငွေသည် အလွန်အမင်း မတည်မငြိမ်ဖြစ်ကာ တန်းဖိုးအရကျဆင်းသွားရသည်။ ဤ အချက်အလက်များက အလုပ်သမား၊ လယ်သမားများ၏ အခြေအနေကောင်းမွန် တိုးတက်ရေးကို ပိတ်ပင်တားဆီးနေပေသည်။

၁၉၂၃ ခုဆောင်းဦးကာလတွင် ကျွန်ုပ်တို့၏ စက်မှုလုပ်ငန်းနှင့် ကူးသန်းရောင်းဝယ်ရေး အဖွဲ့အစည်းများက ဆိုဗီယက် ဈေးနှုန်းပေါ်လစီကို ဖောက်ဖျက်ခြင်းကြောင့် စီးပွားရေး အခက်အခဲများမှာ ပိုမိုဆိုးဝါးသယောင် ဖြစ်လာသည်။ စက်ရုံအလုပ်ရုံအတွက် ပစ္စည်းများတန်ဖိုးနှင့် လယ်ယာထွက်ပစ္စည်းတန်ဖိုးအကြား ကွာဟချက်မှာ ကြီးမားနေသည်။ သီးနှံတန်ဖိုးမှာ နိမ့်ကျနေပြီး၊ စက်ရုံ အလုပ်ရုံထွက်ပစ္စည်းများ တန်ဖိုးမှာ အဆမတန်မြင့်မားနေသည်။ စက်မှုလက်မှုလုပ်ငန်းများတွင် အလွန် အကျွံအပိုကုန်ကျစရိတ်များကြောင့် ဝန်ပိနေပြီး၊ ထိုကြောင့်ပင် ကုန်ပစ္စည်းဈေးနှုန်းများ မြင့်တက် ရပြန်သည်။ လယ်သမားများအနေဖြင့် ၎င်းတို့သီးနှံအတွက် ရရှိလိုက်သည့်ငွေမှာလည်း အလျင်အမြန် တန်ဖိုးကျဆင်းသွားသည်။ အခြေအနေများ ပိုမိုဆိုးဝါးချင်တော့ ထိုအချိန်က အမျိုးသားစီးပွားရေးကောင်စီဝင် ထရော့စကီဝါဒီ ပျာတာကော့ဗ်က စက်မှုလက်မှုလုပ်ငန်း ဖြစ်ပေါ်တိုး တက်ရေးကို ရည်ရွယ်၍ဟု အသံကောင်းဟစ်ကာ စက်ရုံအလုပ်ရုံမှ ထွက်ရှိသည့် ပစ္စည်းများကို ဈေးနှုန်းအမြင့်ဆုံး အထိ

မြှင့်တင်ကာရောင်းချပြီး အမြတ်များရတတ်သမျှ ညှစ်ထုတ်ယူရန် ရာဇဝတ်မှုတမျှကြီးလေး သည့် ညွှန်ကြားချက်ကို ထုတ်လိုက်သည်။ အမှန်မှာမူ ဤပေါ်လစီသည် စက်မှုလက်မှု လုပ်ငန်း အခြေခံကို ကျဉ်းမြောင်းစေပြီး အင်အားချည့်နဲ့စေသည်။ လယ်သမားများအတွက် စက်ရုံအလုပ်ရုံမှ ထွက်ရှိသည့် ပစ္စည်းများဝယ်ယူရန် မည်သည့် အကျိုးအမြတ်မျှမရှိသည့်အတွက် သူတို့ မဝယ် ကြတော့ချေ။ အကျိုးမှာ အရောင်းထိုင်းသွားပြီး အကျပ်အတည်းဆိုက်ကာ ထိုမှတဆင့် စက်မှု လက်မှုလုပ်ငန်းများ ထိခိုက်ကုန်သည်။ လစာများပေးရန် အခက်အခဲများ ကြုံတွေ့လာရသည်။ ဤသည်က အလုပ်သမားများအကြား မကျေနပ်မှုများကို ဖြစ်ပေါ်စေခဲ့သည်။ အချို့စက်ရုံများတွင် ပိုမို အတွေးအခေါ်နောက်ကျသည့် အလုပ်သမားများသည် အလုပ်မလုပ်ကြတော့ချေ။

ပါတီဗဟိုကော်မတီသည် ဤအခက်အခဲများနှင့် အလွဲလွဲအချော်ချော်ဖြစ်မှုများကို ဖယ်ရှားရန် နည်းလမ်းများကို ချမှတ်လိုက်သည်။ အရောင်းထိုင်းကျဆင်းသွားမှုကို ကျော်လွှားနိုင်ရန် ခြေလှမ်းများ လှမ်းခဲ့သည်။ စားသုံးကုန်ပစ္စည်းများ၏ ဈေးနှုန်းကို လျော့ချလိုက်သည်။ ငွေကြေးကို ပြန်လည်ပြုပြင် ရန်နှင့် တည်ငြိမ်ခိုင်မာသည့်ငွေကြေးယူနစ် (Cheruonete) ကို လက်ခံအသုံးပြုရန် ဆုံးဖြတ်သည်။ ပုံမှန်လစာများကို ပြန်လည်ထုတ်ပေးခဲ့သည်။ နိုင်ငံတော်နှင့် သမဝါယမလမ်းကြောင်းများဖြင့် ကုန် သွယ်ရေး ဖြစ်ပေါ်တိုးတက်စေရန်နှင့် တသီးပုဂ္ဂလိက ကုန်သည်များနှင့် အမြတ်ကြီးစားများ ပပျောက် စေရန် နည်းလမ်းများကို ရေးဆွဲလိုက်သည်။

ယခုလိုအပ်သည်မှာ လူတိုင်းတူညီသည့် ကြိုးပမ်းမှုတွင် ပါဝင်ကြပြီး၊ အကျိုးလက်မောင်းပင့် ကာ အားရပါးရ စိတ်ပါလက်ပါ အလုပ်လုပ်ကြရန်သာဖြစ်သည်။ ပါတီကို သစ္စာရှိသူအားလုံးက ဤနည်းအတိုင်း စဉ်းစားခဲ့ပြီး လုပ်ဆောင်ခဲ့ကြသည်။ သို့သော် ထရော့စကီဝါဒီများက ဤအတိုင်း မဟုတ်ခဲ့ချေ။ သူတို့သည် ပြင်းထန်စွာနာမကျန်းဖြစ်မှုကြောင့် အိပ်ရာမှမထနိုင်သော လီနင်မရှိမှု ကို အခွင့်ကောင်းယူကာ ပါတီနှင့် အဖွဲ့၏ ခေါင်းဆောင်မှုတို့ကို တိုက်ခိုက်ရန် လုပ်ဆောင်လာသည်။ သူတို့က ဤအချိန်သည် ပါတီကိုချေမှုန်းပြီး၊ ပါတီ၏ခေါင်းဆောင်မှုကိုဖြုတ်ချရန် အခွင့်သာသော အချိန်ကောင်းဖြစ်သည်ဟု ဆုံးဖြတ်ကြသည်။ သူတို့သည် ပါတီကိုတိုက်ခိုက်ရန် လက်နက်အဖြစ် သုံးနိုင်သမျှ အရာတိုင်းကို အသုံးပြုခဲ့သည်။ ၁၉၂၃ ခု ဆောင်းဦးကာလအတွင်း ဂျာမနီနှင့် ဘူလ်ဂေးရီးယား၌ တော်လှန်ရေးရှုံးနိမ့်မှု၊ ပြည်တွင်း၌ စီးပွါးရေးအကျပ်အတည်း၊ လီနင်၏ နာမကျန်း ဖြစ်မှု စသည့်များဖြစ်သည်။ ပါတီခေါင်းဆောင် မမာမကျန်းဖြစ်နေပြီး ဆိုဗီယက်နိုင်ငံတော် အခက်အခဲ ကြုံနေရသည့် ကျန်ကာလတွင် ထရော့စကီသည် ဘော်ရှီဗစ်ပါတီအပေါ် စတင်တိုက်ခိုက်လာခဲ့သည်။ သူသည် ပါတီတွင်းရှိ လီနင်ဆန့်ကျင်သည့် အစိတ်အပိုင်းအားလုံးကို စည်းရုံးစုစည်းလိုက်ပြီး၊ ပါတီ၏ ခေါင်းဆောင်မှုနှင့် ပါတီ၏ ပေါ်လစီများကိုဆန့်ကျင်သည့် အတိုက်အခံကြေညာချက်တစ်ခုကို ဖန်တီးလိုက်သည်။ ဤကြေညာချက်ကို အတိုက်အခံသမား လေးဆယ့်ခြောက်ဦး ကြေညာချက်ဟု ခေါ်သည်။ ထရော့စကီဝါဒီများ၊ ဒီမိုကရေစီအလယ်အလတ်ဝါဒီများနှင့် “လက်ဝဲကွန်မြူနစ်”နှင့် “အလုပ်သမားအတိုက်ခံ” အုပ်စုများမှ အကြွင်းအကျန်များ စသည့် အတိုက်အခံအုပ်စုများ အားလုံး သည် လီနင်ဝါဒီပါတီကို တိုက်ခိုက်ရန် စည်းရုံးသွားကြသည်။ ၎င်းတို့၏ ကြေညာချက်တွင် စီးပွားရေး အကျပ်အတည်းအခက်အခဲများနှင့် ဆိုဗီယက်အာဏာပြိုလဲမှုကို နိမိတ်ဖတ်လိုက်ပြီး ထိုအခြေအနေမှ

တခုတည်းသောထွက်ပေါက်အဖြစ် ဂိုဏ်းအစုအဖွဲ့များအား လွတ်လပ်ခွင့်ပေးရန် တောင်းဆိုလိုက်သည်။

ဤသည်မှာ ၁၀ ကြိမ်မြောက်ကွန်ဂရက်က လီနင်တင်ပြချက်အရ တားဆီးပိတ်ပင်ခဲ့သော ဂိုဏ်းခွဲရေးဝါဒကို ပြန်လည်တည်ထောင်လာရန် အားတိုက်လာခြင်းဖြစ်သည်။

ထရော့စကီဝါဒီများသည် လယ်ယာစိုက်ပျိုးရေး သို့မဟုတ် စက်မှုလုပ်ငန်း တိုးတက်ကောင်းမွန်ရေးအတွက်သော်လည်းကောင်း၊ ကုန်ပစ္စည်းများလည်ပတ်ရေးတွင် တိုးတက်ကောင်းမွန်ရေးအတွက်သော်လည်းကောင်း၊ အလုပ်သမားပြည်သူများ၏ အခြေအနေကောင်းမွန်ရေးအတွက်သော်လည်းကောင်း အကြံပေးတင်ပြချက် တခုတလေမျှပင် မပြုလုပ်ခဲ့ချေ။ သူတို့သည် ဤသည်ကို စိတ်ဝင်စားခြင်းလည်း မရှိပေ။ သူတို့ စိတ်ဝင်စားသည့် တခုတည်းသောအကြောင်းမှာ ပါတီတွင်း ဂိုဏ်းခွဲများ ပြန်လည်တည်ထောင်ရန်၊ ပါတီ အခြေခံအုတ်မြစ်များနှင့် ဗဟိုကော်မတီကို အင်အားချည့်နဲ့စေရန်၊ လီနင်၏ အစည်းအဝေးမတက်ရောက်နိုင်မှုကို အခွင့်ကောင်းယူရန်သာဖြစ်သည်။

လေးဆယ့်ခြောက်ဦး၏ ကြေညာချက်ထုတ်ပြီးနောက် ထရော့စကီ၏ ပေးစာတစ်စောင် ထုတ်ပြန်သည်။ ထိုအထဲတွင် သူက ပါတီကေဒါများကို မဟုတ်မမှန် ပုတ်ခတ်ရေးသားပြီး ပါတီအပေါ် ဂုဏ်သိက္ခာထိခိုက်စေသည့် စွပ်စွဲချက်အသစ်များကို တင်လိုက်သည်။ ထိုအထဲတွင် ထရော့စကီထံမှ ယခင်ကာလများက ပါတီအကြိမ်ကြိမ်ကြားခဲ့ရသော မင်ရှီဗစ်အကြောင်းအရာဟောင်းများကို ထပ်ပြန်တလဲလဲ ဖော်ပြထားပါသည်။

ပထမအချက်အနေဖြင့် ထရော့စကီဝါဒီများသည် ပါတီအဖွဲ့အစည်းများကို တိုက်ခိုက်ခဲ့သည်။ ပါတီသည် သန်မာတောင့်တင်းသည့် အဖွဲ့အစည်းများမရှိလျှင် ဆက်လက်ရှင်သန်လှုပ်ရှား လုပ်ကိုင်ရန် မဖြစ်နိုင်ကြောင်း သူတို့သိသည်။ အတိုက်အခံများက ပါတီအဖွဲ့အစည်းများကို အင်အားချည့်နဲ့ ပျက်စီးသွားစေရန်လည်းကောင်း၊ ပါတီဝင်များက ဤသည်တို့ကို ဆန့်ကျင်လာစေရန်လည်းကောင်း၊ လူငယ်ပါတီဝင်များက ပါတီ၏ လက်ရုံးဟောင်းကြီးများကို ဆန့်ကျင်စေရန်လည်းကောင်း ကြိုးစားခဲ့ကြသည်။ ဤအထဲတွင် ထရော့စကီက ပါတီ၏ ထရော့စကီဝါဒအတိုက်ခံရသည့် တိုက်ပွဲ သမိုင်းကို သိကျွမ်းနားလည်ခြင်းမရှိသည့် လူငယ်ပါတီဝင်ကျောင်းသားများကို ချဉ်းကပ်ခဲ့သည်။ ကျောင်းသားများ၏ ထောက်ခံမှုရရှိနိုင်ရန် ထရော့စကီက သူတို့ကို "ပါတီ၏စိတ်အချရဆုံး အခြေအနေပြကိရိယာ" ဟု မြှောက်ပင့် ခေါ်ဆိုလိုက်ပြီး တချိန်တည်းမှာပင် လီနင်ဝါဒီ လူဟောင်းကြီးများသည် ပျက်စီး ယိုယွင်းသွားပြီဟု ပြောဆိုလိုက်သည်။ ဒုတိယအင်တာနယ်ရှင်နယ်၏ ခေါင်းဆောင်များ ပျက်စီးယိုယွင်းလာမှုကို ရည်ညွှန်းပြောဆိုရင်း သူက ဘော်ရှီဗစ်ဟောင်းကြီးများလည်း ဤလမ်းကြောင်းအတိုင်း လျှောက်နေကြောင်း ယုတ်မာစွာမဟုတ်မမှန် စောင်းမြောင်းပြောဆိုခဲ့သည်။ ပါတီ၏ ပျက်စီးယိုယွင်းမှုအပေါ် ဤကဲ့သို့ ရှုတ်ချလိုက်ခြင်းဖြင့် ထရော့စကီသည် သူကိုယ်တိုင်၏ ပျက်စီးယိုယွင်းမှုနှင့် သူ၏ ပါတီဆန့်ကျင်သည့်စီမံကိန်းကို ဖုံးကွယ်ရန် ကြိုးစားခဲ့သည်။

ထရော့စကီဝါဒီများသည် အတိုက်အခံစာတမ်း ၂ စောင်ဖြစ်သည့် လေးဆယ့်ခြောက်ဦးကြေညာချက်နှင့် ထရော့စကီပေးစာကို ခရိုင်များသို့နှင့် ပါတီကလာပ်စည်းများအကြား ဖြန့်ဝေလိုက်ပြီး ပါတီဝင်များ ဆွေးနွေးရန်တင်ပြလိုက်သည်။

သူတို့က ပါတီကိုဆွေးနွေးရန် စိန်ခေါ်လိုက်သည်။ ဤနည်းဖြင့် ထရော့စကီဝါဒီများသည် ပါတီကို အထွေထွေဆွေးနွေးပွဲခေါ်ယူရန် ဖိအားပေးလိုက်ပြီး ဤသို့ ၁၀ ကြိမ်မြောက်ကွန်ဂရက်မတိုင်မီ အလုပ်သမားသမဂ္ဂပြဿနာ အပေါ် အငြင်းပွားစဉ်ကာလက လုပ်ခဲ့သည့်အတိုင်း ပြုလုပ်ခြင်းပင်ဖြစ်ပါသည်။

ပါတီသည် တိုင်းပြည်၏ စီးပွားရေးနှင့်ပတ်သက်၍ ပိုမိုအရေးကြီးသောပြဿနာများဖြင့် အလုပ်ရှုပ်နေသော်လည်း စိမ်ခေါ်မှုကို လက်ခံလိုက်ပြီး ဆွေးနွေးပွဲခေါ်လိုက်သည်။

ပါတီတရပ်လုံး ဝင်ရောက်ဆွေးနွေးခဲ့ကြသည်။ တိုက်ပွဲမှာ အလွန်ပြင်းထန်ခဲ့သည်။ မြို့တော်ရှိ ပါတီအဖွဲ့အစည်းကို သိမ်းပိုက်နိုင်ရန် ထရော့စကီဝါဒီများက အပြင်းအထန်ကြိုးပမ်းခဲ့မှုကြောင့် မော်စကိုတွင်တိုက်ပွဲများ အပြင်းအထန်ဆုံး ဖြစ်ခဲ့ရသည်။ သို့သော်ဆွေးနွေးပွဲများသည် ထရော့စကီဝါဒီများအတွက် ဘာမှအကျိုးမရှိခဲ့ချေ။ ၎င်းတို့အတွက် အရှက်တကွဲ အကျိုးနည်းသာဖြစ်ခဲ့ရသည်။ သူတို့သည် မော်စကိုတွင်ရော၊ ဆိုဗီယက်ယူနီယံ၏ အခြားဒေသများတွင်ပါ လုံးဝရှုံးနိမ့် သွားကြ သည်။ တက္ကသိုလ်များနှင့် ရုံးများရှိ ကလာပ်စည်းအနည်းအကျဉ်းမျှကသာ ထရော့စကီဝါဒီများအား မဲပေးခဲ့ကြသည်။

၁၉၂၄ ခု ဇန်နဝါရီလတွင် ပါတီသည် ၁၃ ကြိမ်မြောက်ကွန်ဖရင့်ကို ခေါ်ဆိုလိုက်သည်။ ကွန်ဖရင့်တွင် ရဲဘော် စတာလင်က ဆွေးနွေးပွဲ၏ ရရှိချက်များကို နိဂုံးချုပ်ပြီး အစီရင်ခံခဲ့သည်။ ကွန်ဖရင့်က ထရော့စကီဝါဒီများ၏ အတိုက်အခံပြုမှုကို ရှုတ်ချလိုက်ပြီး၊ ဤသည်မှာ မာ့က်စ်ဝါဒမှ “ခနရှင်ပေါက်စတိမ်းစောင်းမှု” ဖြစ်သည်ဟု ကြေညာလိုက်သည်။ ကွန်ဖရင့်၏ ဆုံးဖြတ်ချက်များကို ၁၃ ကြိမ်မြောက် ပါတီကွန်ဂရက်နှင့် ကွန်မြူနစ်အင်တာနေရှင်နယ်၏ ပဥ္စမကြိမ်မြောက် ကွန်ဂရက်တို့က ဆက်လက်သဘောတူ ထောက်ခံခဲ့သည်။ နိုင်ငံတကာကွန်မြူနစ်ပစ္စည်းမဲ့များက ထရော့စကီဝါဒကို ဆန့်ကျင်တိုက်ခိုက်ခဲ့သည့် ဘော်ရှီဗစ်ပါတီကို ထောက်ခံခဲ့သည်။

သို့သော် ထရော့စကီဝါဒီများသည် သူတို့၏အဖျက်လုပ်ငန်းများကို ရပ်မပစ်ခဲ့ချေ။ ၁၉၂၄ ခု ဆောင်းဦးတွင် ထရော့စကီသည် “အောက်တိုဘာသင်ခန်းစာများ” ဟုခေါင်းစဉ်တပ်ထားသည့် ဆောင်းပါးတစ်စောင်ထုတ်ဝေခဲ့ပြီး၊ ထရော့စကီဝါဒီနှင့် လီနင်ဝါဒကို အစားထိုးရန်ကြိုးပမ်းခဲ့သည်။ ဤသည်မှာ ကျွန်တော်တို့ ပါတီနှင့် ခေါင်းဆောင်လီနင်အပေါ် မဟုတ်မမှန် လုပ်ကြံမှုသက်သက်သာ ဖြစ်သည်။ ဤ အသရေပျက်စေသောစာတမ်းကို ကွန်မြူနစ်ဝါဒနှင့် ဆိုဗီယက်အာဏာ၏ ရန်သူအားလုံးက အမိအရ ဖမ်းကိုင်လိုက်ပေသည်။ ဤကဲ့သို့ ဘော်ရှီဗစ်ဝါဒ၏ ရဲစွမ်းသတ္တိသမိုင်းအပေါ် မဟုတ်မမှန် ပုံဖျက်ပြောဆိုခြင်းအပေါ် ပါတီသည် အလွန်အမင်းဒေါသဖြစ်ခဲ့သည်။ စတာလင်က ထရော့ စကီ၏ လီနင်ဝါဒကို ထရော့စကီဝါဒနှင့် အစားထိုးရန် ကြိုးပမ်းမှုအား ရှုတ်ချခဲ့သည်။ သူက “ထရော့ စကီဝါဒကို အတွေးအခေါ်စီးကြောင်းအဖြစ် မြှုပ်နှံပစ်ရန်မှာ ပါတီ၏တာဝန်ဖြစ်သည်” ဟု ကြေညာ လိုက်သည်။

ထရော့စကီဝါဒ၏ အတွေးအခေါ်ရေးရာကျဆုံးမှုနှင့် လီနင်ဝါဒကာကွယ်ရေးအတွက် အရေးပါထိရောက်သည့် လုပ်ဆောင်ချက်တစ်ရပ်မှာ ၁၉၂၄ ခု ထုတ်ဝေလိုက်သော ရဲဘော်စတာလင်၏ သဘောတရားရေးရာစာအုပ် “လီနင်ဝါဒအခြေခံများ” ပင်ဖြစ်သည်။ ဤစာအုပ်သည် လီနင်ဝါဒကို ကျွမ်းကျင်နိုင်နင်းစွာရှင်းလင်းပြထားပြီး လေးနက်ခိုင်မာသော ဖော်ပြချက်လည်းဖြစ်သည်။ ဤစာအုပ်သည် ကမ္ဘာပေါ်ရှိ ဘော်ရှီဗစ်များ၏လက်ထဲမှ ထက်မြက်လှသောမာ့က်စ်ဝါဒ၊ လီနင်ဝါဒ သဘောတရားရေး လက်နက်ဖြစ်ခဲ့ပြီး၊ ယနေ့အထိလည်း ဖြစ်ဆဲပင်ရှိသည်။ ထရော့စကီဝါဒီအား တိုက်ခိုက်ခဲ့

သည့်စာတမ်းသည် ပါတီဗဟိုကော်မတီထဲတွင်ဖွဲ့စည်းသော ကျနော်တို့တိုင်းပြည်၏ ဆိုရှယ်လစ်စနစ်အောင်ပွဲအဖြစ် ထပ်မံတိုက်ပွဲဝင်ရန် စည်းရုံးလှုံ့ဆော်ခဲ့သည်။ လှုံ့ဆော်သည့်စာတွင် ဆိုရှယ်လစ်စနစ်အောင်မြင်စွာ ထပ်မံချီတက်နိုင်ရေးအာမခံရန်မှာ ထရော့စကီဝါဒကို အတွေးအခေါ်အရ ဖျက်ပစ်ရမည်ဖြစ်ကြောင်း သက်သေပြခဲ့သည်။

ထရော့စကီဝါဒကို တိုက်ပွဲဝင်ခဲ့သည့် ဤကာလကို ပြန်လည်ဆန်းစစ်ရင်း ရဲဘော်စတာလင်က–

"ထရော့စကီဝါဒ မကျဆုံးခဲ့လျှင် စီးပွားရေးပေါ်လစီသစ်၏ အကြောင်းအချက်များအောက်တွင် အောင်ပွဲရနိုင်မည်မဟုတ်" "ယနေ့ရုရှားကို ဆိုရှယ်လစ်ရုရှားအဖြစ် ပြောင်းလဲနိုင်မည်မဟုတ်" ဟုဆိုခဲ့သည်။

သို့သော် ပါတီ၏ လီနင်ဝါဒီ ပေါ်လစီများကို ကာကွယ်စောင့်ရှောက်သည့်အောင်ပွဲများအား ယခုအခါ ပါတီနှင့် အလုပ်သမားလူတန်းစားအပေါ် ကျရောက်လာသော အနစ်နာဆုံးသော ဘေးအန္တရာယ်ကြီးက ဖုံးလွှမ်းသွားခဲ့သည်။ ၁၉၂၄ ဇန်နဝါရီ ၂၁ ရက်နေ့တွင် ကျွန်တော်တို့၏ ခေါင်းဆောင်နှင့်ဆရာကြီး၊ ဗော်ရှီဗစ်ပါတီကိုတည်ထောင်သူ လီနင်သည် မော်စကို အနီး ဂေါ်ကီရွာတွင် ကွယ်လွန်သွားခဲ့သည်။ ကမ္ဘာပေါ်ရှိ အလုပ်သမားလူတန်းစားက လီနင်ကွယ်လွန်မှုကို အဆိုးဝါးဆုံးသော နစ်နာဆုံးရှုံးမှုဟု ယူဆခဲ့သည်။ လီနင်၏ ဈာပနနေ့တွင် နိုင်ငံတကာပစ္စည်းမဲ့များက အလုပ် ငါးမိနစ်ရပ်ရန် ကြေညာလိုက်သည်။ မီးရထားလမ်း၊ စက်ရုံအလုပ်ရုံများအားလုံး ရပ်တန့်သွားကြသည်။ လီနင်အား ဂူသွင်းစဉ် တကမ္ဘာလုံးရှိ အလုပ်သမားလူထုကြီးသည် မိမိတို့၏ ဖခင်နှင့် ဆရာအဖြစ်လည်းကောင်း၊ အကောင်းဆုံးမိတ်ဆွေနှင့် ကာကွယ်စောင့်ရှောက်သူအဖြစ်လည်းကောင်း၊ ဝမ်းနည်းတသ ယူကြုံးမရဖြင့် အလေးပြုခဲ့ကြသည်။

လီနင်ကို ဆုံးရှုံးလိုက်ရမှုက ဆိုဗီယက်ယူနီယံရှိ အလုပ်သမားလူတန်းစားကို လီနင်ဝါဒီ ပါတီပတ်လည်တွင် ပိုမိုခိုင်မာတောင့်တင်းစွာဝိုင်းရံစေခဲ့သည်။ ဤဝမ်းနည်းပူဆွေးသည့် နေ့ရက်များ အတွင်း လူတန်းစားအသိရှိသည့် အလုပ်သမားတိုင်းသည် လီနင်၏ တောင်းဆိုချက် အမိန့်မှာတမ်းများကို အကောင်အထည်ဖော်ရန် လွှဲအပ်ခြင်းခံရသော ကွန်မြူနစ်ပါတီအပေါ် မိမိတို့၏သဘောထားများကိုဖော်ပြကြသည်။ ပါတီဗဟိုကော်မတီသည် အလုပ်သမားများထံမှ ပါတီဝင်ခွင့်လျှောက်လွှာ ထောင်နှင့်သောင်းနှင့်ချီ၍ လက်ခံရရှိလိုက်သည်။ တိုးတက်သည့် အလုပ်သမားများ၏ ဤလှုပ်ရှားမှုကို ပါတီဗဟိုကော်မတီက အသိအမှတ်ပြုတုံ့ပြန်လိုက်ပြီး ပါတီတွင်းသို့ တိုးတက်သည့်အလုပ် သမားများ အားဝင်ခွင့်၊ လီနင်အထိမ်းအမှတ် ပါတီဝင်ခွင့်ကို ကြေညာလိုက်သည်။ ထောင်နှင့်သောင်းနှင့် ချီသော အလုပ်သမားများ ပါတီတွင်းသို့ အစုလိုက်အပြုံလိုက် ဝင်ရောက်ခဲ့သည်။ သူတို့သည် ပါတီ၏ အရေးတော်ပုံအတွက်၊ လီနင်၏ အရေးတော်ပုံအတွက် မိမိတို့အသက်ကို စွန့်လွှတ်ရန် အဆင်သင့်ပြင်ဆင်ထားသူများဖြစ်သည်။ ကာလတိုလေးအတွင်း အလုပ်သမား ၂၄၀,၀၀၀ သည် ဘော်ရှီဗစ်ပါတီတွင်းဝင်ရောက်ခဲ့သည်။ သူတို့သည် အလုပ်သမားလူတန်းစား၏ ရှေ့တန်းအရောက်ဆုံး အစိတ်အပိုင်း၊ လူတန်းစားအသိရှိဆုံးနှင့် တော်လှန်ရေးအကျဆုံး ရဲစွမ်းသတ္တိအရှိဆုံးနှင့် စည်းကမ်းအရှိဆုံးသူများဖြစ်သည်။ ဤသည်မှာ "လီနင် အထိမ်းအမှတ် ပါတီဝင်ခြင်း" ဖြစ်သည်။

လီနင်ကွယ်လွန်ခြင်းအပေါ် ဂယက်ရိုက်မှုက ကျွန်တော်တို့ပါတီ၏ လူထုနှင့် နီးနီးကပ်ကပ်ဆက်စပ်နေမှုကိုလည်းကောင်း၊ အလုပ်သမားများ၏ အသဲနှလုံးကြားတွင် လီနင်ပါတီ မည်မျှမြင့်မြင့်

မားမားရောက်ရှိနေသည်ကိုလည်းကောင်း ပြသလိုက်သည်။ လီနင်အတွက် ဝမ်းနည်းပူဆွေးသည့် အထိမ်းအမှတ်ရက်များအတွင်း ဆိုဗီယက်များ၏ ဒုတိယကွန်ဂရက်တွင် ပါတီ၏ အမည်ဖြင့် ရဲဘော် စတာလင်က ခန့်ညားတည်ကြည်စွာ အဓိဋ္ဌာန်ပြုခဲ့သည်။ သူက–

"ကျွန်တော်တို့ကွန်မြူနစ်များသည် အထူးပုံစံသွင်းထားသူများဖြစ်သည်။ ကျနော်တို့သည် အထူးပစ္စည်းများဖြင့် ပြုလုပ်ထားသူများဖြစ်သည်။ ကျွန်တော်တို့သည် ကြီးမြတ်လှသော ပစ္စည်းမဲ့ သေနင်္ဂဗျူဟာသမားကြီး၏ တပ်မတော်၊ ရဲဘော်လီနင်၏ တပ်မတော်မှဖြစ်သည်။ ဤတပ်တွင် ဝင်ရောက်ပါဝင်နေရခြင်းထက် မြင့်မားသည့်ဂုဏ်သိက္ခာမရှိချေ။ ရဲဘော်လီနင် တည်ထောင်ခဲ့ပြီး ခေါင်းဆောင်ခဲ့သောပါတီ၏ ပါတီဝင်တဦးဖြစ်ရခြင်းထက် ပိုမိုမြင့်မားသည့် ဂုဏ်သိက္ခာမရှိချေ။

"ကျွန်တော်တို့ကို ခွဲခွာသွားရင်း ရဲဘော်လီနင်က ပါတီဝင်၏ ကြီးမြတ်သည့် ဂုဏ်သိက္ခာကို မြင့်မြင့်မားမားကိုင်စွဲပြီး၊ သန့်စင်မှုကို ထိမ်းသိမ်းရန် တင်းကျပ်စွာ တောင်းဆိုခဲ့သည်။ ရဲဘော်လီနင် သင်၏ မိန့်မှာချက်ကို ကျွန်တော်တို့ ဂုဏ်ယူစွာ ပြည့်ဝစေမည်ဖြစ်ဖြစ်ကြောင်း အဓိဋ္ဌာန်ပြုပါသည်။

"ကျွန်တော်တို့ကို ခွဲခွာသွားရင်း ရဲဘော်လီနင်က ပါတီ၏စည်းလုံးညီညွတ်ရေးကို မျက်လုံးအိမ် သဖွယ် စောင့်ထိန်း ကာကွယ်ရန် တင်းတင်းကျပ်ကျပ် တောင်းဆိုခဲ့သည်။ ရဲဘော်လီနင်၏ ဤမိန့်မှာ ချက်ကိုလည်း ကျွန်တော်တို့ ဂုဏ်ယူစွာပြည့်ဝစေမည်ဖြစ်ကြောင်း အဓိဋ္ဌာန်ပြုပါသည်။

"ကျွန်တော်တို့ကို ခွဲခွာသွားရင်း ရဲဘော်လီနင်က ပစ္စည်းမဲ့အာဏာရှင်စနစ်ကို ထိန်းသိမ်း ကာကွယ် ခိုင်မာတင့်တင်းစေရန် တင်းတင်းကျပ်ကျပ် တောင်းဆိုခဲ့သည်။ ရဲဘော်လီနင်၊ သင်၏ ဤမိန့်မှာချက်ကိုလည်း ကျွန်တော်တို့ဂုဏ်ယူစွာနှင့် ပြည့်ဝစေရန် အစွမ်းကုန်ကြိုးစားမည်ဖြစ် ကြောင်း အဓိဋ္ဌာန်ပြုပါသည်။

"ကျွန်တော်တို့ကို ခွဲခွာသွားရင်း ရဲဘော်လီနင်က အလုပ်သမားလယ်သမား မဟာမိတ်ဖွဲ့မှုကို ခိုင်မာတောင့်တင်းစေရေးကို ကျွန်တော်တို့ အစွမ်းကုန် ကြိုးစားရန် တင်းတင်းကျပ်ကျပ်တောင်းဆို သွားသည်။ ရဲဘော်လီနင် ဤမိန့်ကြားချက်ကို လည်း ကျွန်တော်တို့ ဂုဏ်ယူပြည့်ဝစေမည်ဖြစ် ကြောင်း အဓိဋ္ဌာန်ပြုပါသည်။

"ရဲဘော်လီနင်က ကျွန်တော်တို့နိုင်ငံတွင်းရှိ လူမျိုးများ၏ စိတ်ဆန္ဒအရ သွေးစည်းညီညွတ် ပူးပေါင်းမှုကို ထိမ်းသိမ်းရန် လိုအပ်မှု၊ ၎င်းတို့အချင်းချင်းကြား သမ္မတနိုင်ငံများ၏ ပြည်ထောင်စုဘောင် အတွင်းတွင် ညီရင်းအစ်ကိုသဖွယ် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်မှုကို မနားမနေ မမောမပန်း တောင်း ဆို တိုက်တွန်းသွားခဲ့ပါသည်။ ကျွန်တော်တို့ကို ခွဲခွာသွားရင်း ရဲဘော်လီနင် က သမ္မတနိုင်ငံ များ၏ ပြည်ထောင်စုကို ခိုင်မာစေပြီး၊ ကျယ်ပြန့်လာစေရန် တင်းတင်းကျပ်ကျပ် တောင်းဆိုသွားသည်။ ရဲဘော် လီနင် ဤမိန့်မှာချက်ကိုလည်း ကျွန်တော်တို့ ဂုဏ်ယူစွာဖြင့် ပြည့်ဝစေမည်ဖြစ်ကြောင်း အဓိဋ္ဌာန်ပြု ပါသည်။

"ရဲဘော်လီနင်က တပ်နီတော်ကို ခိုင်မာတောင့်တင်းစေရေးနှင့် ၎င်း၏ အခြေအနေများ ကောင်းမွန် တိုးတက်စေရေးတို့သည် ကျွန်တော်တို့ပါတီ၏ အရေးကြီးဆုံး တာဝန်ကြီးဖြစ်ကြောင်း တကြိမ်ထက်မက ထောက်ပြခဲ့သည်။ ဤသို့ဖြစ်ပါက ရဲဘော်တို့ ကျွန်တော်တို့တပ်နီတော်နှင့် ရေတပ် နီတော်ကို ခိုင်မာတင့်တင်းစေရေးအတွက် အစွမ်းကုန်ကြိုးပမ်းမည်ဖြစ်ကြောင်း အဓိဋ္ဌာန်ပြုကြပါစို့။

"ကျွန်တော်တို့ကို ခွဲခွာသွားရင်း ရဲဘော်လီနင်က ကွန်မြူနစ်အင်တာနေရှင်နယ်၏ မူများကို သစ္စာရှိရန် အတင်းအကျပ်တောင်းဆိုခဲ့သည်။ ရဲဘော်လီနင် ကမ္ဘာကြီးတခုလုံးရှိ ဆင်းရဲသားများ၏ သမဂ္ဂဖြစ်သည့် ကွန်မြူနစ်အင်တာနေရှင်နယ်ကို ခိုင်မာတောင့်တင်း ကျယ်ပြန့်လာစေရန်အတွက် ကျနော်တို့ အသက်ကို စွန့်လွှတ်မည်ဖြစ်ကြောင်း အဓိဋ္ဌာန်ပြုပါသည်။"

ဤသည်မှာ နှစ်ပေါင်းများစွာ ဥဒါန်းတွင်ကျန်ရစ်မည့် ဘော်ရှီဗစ်ပါတီ၏ ခေါင်းဆောင်လီနင်ကို ဘော်ရှီဗစ်ပါတီက ပြုအပ်သည့်အဓိဋ္ဌာန် စာတမ်းပင်ဖြစ်ပါသည်။

၁၉၂၄ ခုမေလတွင် ပါတီက ၁၂ ကြိမ်မြောက် ကွန်ဂရက်ကို ကျင်းပခဲ့သည်။ ကွန်ဂရက်သို့ ပါတီဝင် ၇၃၅,၈၈၁ ကို ကိုယ်စားပြုသောမဲပေးနိုင်သည့် ကိုယ်စားလှယ် ၇၄၈ ဦးတက်ရောက်ခဲ့သည်။ ယခင် ကွန်ဂရက်နှင့်နှိုင်းစာပါက ပါတီဝင်ဦးရေ သိသာထင်ရှားစွာ တိုးမြင့်လာရခြင်းမှာ လီနင် အထိမ်း အမှတ် ပါတီဝင်ခြင်းမှ ပါတီဝင်သစ် ၂၅၀,၀၀၀ တိုးလာခြင်းကြောင့်ဖြစ်သည်။ မဲမပေးနိုင်သည့် ကိုယ်စားလှယ်မှာ ၄၁၆ ဦးရှိသည်။

ကွန်ဂရက်က ထရော့စကီဆန့်ကျင့်ရေးဂိုဏ်း၏ ကြေညာချက်ကို မာ့က်စ်ဝါဒမှ ခရေပေါက်စ တိမ်းစောင်းမှု အဖြစ်လည်းကောင်း၊ လီနင်ဝါဒ၏ ပြန်လည်ပြင်ဆင်ချက်အဖြစ်လည်းကောင်း သတ်မှတ်ဖော်ပြပြီး၊ တညီတညွတ်တည်း ရှုတ်ချခဲ့ကာ ၁၃ ကြိမ်မြောက်ကွန်ဂရက်၏ "ပါတီရေးရာ များ"နှင့်"ဆွေးနွေးပွဲ အကျိုးရရှိချက်များ" အပေါ်ဆုံးဖြတ်ချက်များကို သဘောတူ ထောက်ခံလိုက် သည်။

မြို့နှင့်ကျေးလက်အကြား အနှောင်အတည်းကို ခိုင်မာတောင့်တင်းစေရန် ရည်ရွယ်ချက်ဖြင့် ကွန်ဂရက်က စက်မှုလုပ်ငန်းများ ဆက်လက်တိုးချဲ့ရန် ဦးစွာပထမ အသေးစားစက်မှုလုပ်ငန်းများကို လုပ်ဆောင်အပြီး၊ သံနှင့်သံမဏိလုပ်ငန်းများ အလျင်အမြန် တိုးတက်ဖြစ်ပေါ်လာရေးအတွက် အထူး အလေးထားရန် ညွှန်ကြားလိုက်သည်။

ကွန်ဂရက်က ပြည်တွင်းကုန်သွယ်ရေး ပြည်သူ့ကော်မရှင်ဌာနတည်ထောင်ခြင်းကို သဘောတူ လိုက်ပြီး ကုန်သွယ်ရေးဌာနများကို ဈေးကွက်အား ထိန်းချုပ်ရန်နှင့် ကုန်သွယ်ရေးအဝန်းအဝိုင်းတွင်းမှာ တသီးပုဂ္ဂလိက အရင်းအနှီးများကို ဖယ်ထုတ်ပစ်ရန် တာဝန်များပေးအပ်လိုက်သည်။

ကျေးလက်ရှိ အတိုးကြီးစားများကို ရှင်းပစ်နိုင်ရေးအတွက် ကွန်ဂရက်က လယ်သမားများကို နိုင်ငံတော်က ကြွေးတိုးမြင့်ရန် ညွှန်ကြားလိုက်သည်။

ကွန်ဂရက်က ကျေးလက်၏ အရေးကြီးဆုံးတာဝန်အဖြစ် လယ်သမားများ၏ သမဝါယမလှုပ် ရှားမှုကို အမြင့်ဆုံးဖြစ်ပေါ်တိုးတက်စေရန် လှုံ့ဆော်လိုက်သည်။

နောက်ဆုံးကွန်ဂရက်က လီနင် အထိမ်းအမှတ်ပါတီဝင်မှု၏ နက်ရှိုင်းသည့် အရေးကြီးမှုကို အလေးတင်းလိုက်ပြီး လူငယ်ပါတီဝင်များနှင့် လီနင်အထိမ်းအမှတ်ပါတီဝင်မှုမှ ဝင်ရောက်လာသူများ အား လီနင်၏ မူဝါဒများနှင့် ပညာပေးရေးမှာ အကြီးအကျယ် လုံးပန်းရန် လိုအပ်ကြောင်း ပါတီ အနေဖြင့် အာရုံစိုက်စေခဲ့သည်။

**၅။ ပြန်လည်ထူထောင်ရေးကာလအပြီးသို့ ရောက်ရှိလာသော ဆိုဗီယက် ပြည် ထောင်စု။ ကျွန်တော်တို့တိုင်းပြည်၏ ဆိုရှယ်လစ်တည်ဆောက်ရေးနှင့် ဆိုရှယ်လစ် အောင်ပွဲပြဿနာ။ ဇီနိုဗစ်၊ ကဲမီနက်ဗ်တို့၏ "အတိုက်အခံသစ်"။ ၁၄ ကြိမ်မြောက် ပါတီကွန်ဂရက်။ တိုင်းပြည်၏ ဆိုရှယ်လစ်စက်မှု တပ်ဆင်ရေးပေါ်လစီ။**

ဘော်ရှီဗစ်ပါတီနှင့် အလုပ်သမားလူတန်းစားသည် စီးပွားရေးပေါ်လစီသစ်လမ်းစဉ်အတိုင်း လေးနှစ်ကျော် အားကြိုးမာန်တက် ကြိုးပမ်းလုပ်ဆောင်ခဲ့ကြသည်။ ပြောင်မြောက်လှသော စီးပွားရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းမှာ ပြီးစီးလုနီး ဖြစ်လာခဲ့သည်။ ဆိုဗီယက်ပြည်ထောင်စု၏ စီးပွားရေးနှင့် နိုင်ငံရေးအင်အားစွမ်းရည်မှာ တဖြည်းဖြည်းကြီးထွားလာနေသည်။

ဤအချိန်တွင် နိုင်ငံတကာ့အခြေအနေတွင် အပြောင်းအလဲများ ဖြစ်ပေါ်လာခဲ့သည်။ နယ်ချဲ့စစ်ပွဲပြီးနောက် အရင်းရှင်စနစ်သည် လူထုကြီး၏ ပထမဦးဆုံးအကြိမ် တော်လှန်ရေး တိုက်ပွဲကြီးကို ကြံ့ကြံ့ ခံနိုင်ခဲ့သည်။ ဂျာမနီ၊ အီတလီ၊ ဘူလ်ဂေးရီးယား၊ ပိုလန်နှင့် နိုင်ငံအချို့ရှိ တော်လှန်ရေး လှုပ်ရှားမှုများမှာ ချေမှုန်းခံလိုက်ရသည်၊ ဤနေရာတွင် ဓနရှင်များကို အလျှော့ပေးလိုက်လျောရေးသမား များဖြစ်သော ဆိုရှယ်ဒီမိုကရက်ပါတီများမှ ခေါင်းဆောင်များက ပူးပေါင်းကူညီခဲ့သည်။ တော်လှန်ရေး ဒီရေသည် ယာယီကျဆင်းမှုနှင့် ကြုံတွေ့လာရသည်။ နောက်ဥရောပ၏အရင်းရှင်စနစ် ယာယီတစိတ် တပိုင်းတည်ငြိမ်မှု၊ အရင်းရှင်စနစ်၏ အဆင့်နေရာ ခိုင်မာတောင့်တင်းမှုများ စတင်ပေါ် ပေါက် လာသည်။ သို့သော် အရင်းရှင်စနစ်၏ တည်ငြိမ်မှုက အရင်းရှင်အဖွဲ့အစည်းကို ဆွဲဖြဲနေသည့် အခြေခံပဋိပက္ခများ ကို ပပျောက်အောင် မလုပ်နိုင်ချေ။ ဤသည်နှင့်ဆန့်ကျင်စွာပင် အရင်းရှင်စနစ်၏ တစိတ်တပိုင်းတည် ငြိမ်မှုက အလုပ်သမားများနှင့် အရင်းရှင်များအကြား နယ်ချဲ့စနစ်နှင့် ကိုလိုနီနိုင်ငံများအကြား နိုင်ငံ အသီးသီးမှ နယ်ချဲ့အုပ်စုများအကြား ပဋိပက္ခများကို ပိုမိုပြင်းထန်စေခဲ့သည်။ အရင်းရှင်စနစ် တည် ငြိမ်မှုက ပဋိပက္ခများအသစ်ပေါက်ကွဲရန်၊ အရင်းရှင်နိုင်ငံများတွင် အကျပ်အတည်းသစ်များ ပေါ်ပေါက် လာရန် စီစဉ်ပြင်ဆင်နေသည်။

အရင်းရှင်စနစ်တည်ငြိမ်မှုနှင့် အပြိုင် ဆိုဗီယက်ပြည်ထောင်စုသည်လည်း တည်ငြိမ်လာသည်။ သို့သော် ဤတည်ငြိမ်မှုနှစ်ရပ်သည် လက္ခဏာအရ အခြေခံအားဖြင့် ကွဲပြားပေးသည်။ အရင်းရှင်စနစ် တည်ငြိမ်မှုက အရင်းရှင်စနစ်၏ အကျပ်အတည်းအသစ်ကို နိမိတ်ဖတ်နေသည်။ ဆိုဗီယက်ပြည် ထောင်စု၏တည်ငြိမ်မှုမှာ ဆိုရှယ်လစ်နိုင်ငံ၏ စီးပွားရေးနှင့် နိုင်ငံရေးအင်အားစွမ်းရည် ဆက်လက် ကြီးထွားမှုကို ဖော်ညွှန်းနေသည်။

အနောက်နိုင်ငံများမှ တော်လှန်ရေးများ ရှုံးနိမ့်နေသည့် အကြားမှ နိုင်ငံတကာအသိုင်းအဝန်း အတွင်း ဆိုဗီယက်ပြည်ထောင်စုအဆင့်နေရာသည် အလွန်နှေးသည့်နှုန်းနှင့် ဖြစ်နေသော်လည်း အမှန်ပင်ဆက်လက် ကြီးထွားသန်မာလာနေပါသည်။

၁၉၂၂ ခု အီတလီ ဂျီနိုအာဒ္ဒကျင်းပသော နိုင်ငံတကာ စီးပွားရေးကွန်ဖရင်သို့ တက်ရောက်ရန် ဆိုဗီယက်ယူနီယံကို ဖိတ်ကြားခဲ့သည်။ ဂျီနိုအာကွန်ဖရင့်တွင် အရင်းရှင်နိုင်ငံများမှ တော်လှန်ရေးများ ရှုံးနိမ့်သွားမှုများကြောင့် အားတက်နေကြသည့် နယ်ချဲ့နိုင်ငံများက ဆိုဗီယက်သမ္မတနိုင်ငံကို ဖိအား သစ်များပေးရန် ကြိုးစားလာကြသည်။ ဤတကြိမ်တွင်မူ သံတမန်နည်းဖြစ်သည်။ နယ်ချဲ့သမားများ က ဆိုဗီယက်သမ္မတနိုင်ငံကို ပြောင်တင်းလှသည့် တောင်းဆိုချက်များ တင်ပြလာသည်။ အောက်တို

ဘာ တော်လှန်ရေးက ပြည်သူပိုင်သိမ်းဆည်းခဲ့သော စက်ရုံအလုပ်ရုံများကို နိုင်ငံခြား အရင်းရှင်လက်သို့ ပြန်ပေးရန် ဇာဘုရင်အစိုးရ၏ ကြွေးများကို ပြန်ဆပ်ရန် သူတို့ကတောင်းဆိုသည်။ အပြန်အလှန်အားဖြင့် နယ်ချဲ့နိုင်ငံများက ဆိုဗီယက်နိုင်ငံကို မဆိုစလောက် ချေးငွေများပေးရန် ကတိပြုသည်။

ဆိုဗီယက်ပြည်ထောင်စုက ဤတောင်းဆိုချက်ကို ပယ်ချလိုက်သည်။ ဂျီနိုအာ ကွန်ဖရင့်မှာ မည်သည့် အကျိုးအမြတ်မှ မရှိခဲ့ပေ။ ၁၉၂၃ ခု တွင် ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီးလော့ဒ်ကာဇွန် **(Lord Curzon)** ၏ ရာဇာသံတွင်ပါရှိသော ဝင်ရောက်စွက်ဖက်မှုအသစ်ဆိုသည့် ခြိမ်းခြောက်မှု မှာလည်း ၎င်းနှင့်ထိုက်တန်သည့် ငြင်းပယ်ခြင်းကို ခံလိုက်ရသည်။ ဆိုဗီယက်နိုင်ငံတော်၏ အင်အားကို စမ်းသပ်ကြည့်ရှုပြီး၊ ၎င်း၏တည်ငြိမ်မှုကို နားလည်သဘောပေါက်သွားသည့်အခါ အရင်းရှင်နိုင်ငံများသည် ကျွန်တော်တို့နိုင်ငံနှင့် သံတမန်ဆက်ဆံရေးများ ပြုလုပ်ကြရန် တနိုင်ငံပြီးတနိုင်ငံ စတင်လုပ်ဆောင်လာကြသည်။ ၁၉၂၄ ခုတွင် ဂရိတ်ဗြိတိန်၊ ပြင်သစ်၊ ဂျပန်၊ အီတလီတို့နှင့် သံတမန်ဆက်ဆံရေးများ ပြန်လည်ထူထောင်လိုက်သည်။ ဆိုဗီယက်ပြည်ထောင်စုသည် ရှည်ကြာသည့် အသက်ရှူခွင့် အချိန်၊ ငြိမ်းချမ်းရေးကာလတခု ရနိုင်တော့မည်ဖြစ်ကြောင်း သေချာသွားသည်။ ပြည်တွင်း အခြေအနေများမှာလည်း ပြောင်းလဲလာသည်။ ဘော်ရှီဗစ်ပါတီ၏ ခေါင်းဆောင်မှုဖြင့် အလုပ်သမား၊ လယ်သမားများ၏ ကိုယ်ကျိုးစွန့် ကြိုးစားအားထုတ်မှုများသည်လည်း အောင်သီးအောင်နှံများ ရရှိလာသည်။ အမျိုးသားစီးပွားရေး လျင်မြန်ဖြစ်ပေါ်တိုးတက်လာမှုမှာ ထင်ရှားပေါ်လွင်လာသည်။ ၁၉၂၄–၂၅ ဘဏ္ဍာရေးနှစ်အတွင်း လယ်ယာစိုက်ပျိုးရေးမှ အထွက်ပစ္စည်းများသည် စစ်မဖြစ်မီအဆင့်သို့ ချဉ်းကပ်လာပြီး စစ်မဖြစ်မီ အထွက်ပစ္စည်း၏ ၈၅% သို့ရောက်ရှိလာသည်။ ၁၉၂၅ တွင် ဆိုဗီယက်ပြည်ထောင်စု၏ အကြီးစား စက်မှုလုပ်ငန်းများမှ စစ်မဖြစ်မီ စက်မှုလုပ်ငန်းများ၏ အထွက်ပစ္စည်း၏ “လေးပုံသုံးပုံ”ခန့်ကို ထုတ်လုပ်လာပြီးဖြစ်သည်။ ၁၉၂၄–၂၅ ဘဏ္ဍာရေးနှစ်တွင် ဆိုဗီယက်ယူနီယံသည် မြို့တော်တည်ဆောက်ရေးလုပ်ငန်းအတွက် ရူဘယ်ငွေ ၃၈၅,၀၀၀,၀၀၀ ကိုမြှုပ်နှံရင်းနှီး နိုင်ပြီးဖြစ်သည်။ တိုင်းပြည်ကို လျှပ်စစ်ဓာတ်အား တပ်ဆင်ရေးစီမံကိန်းမှာလည်း အောင်မြင်စွာရှေ့တိုးလုပ်ဆောင်နေကြသည်။ အမျိုးသားစီးပွားရေးတွင် ဆိုရှယ်လစ်စနစ်သည် ၎င်း၏ အချက်အချာနေရာများကို ခိုင်မြဲအောင်လုပ်ဆောင်နေသည်။ စက်မှုနှင့် ကုန်သွယ်ရေးလုပ်ငန်းတွင်းရှိ တသီးပုဂ္ဂလ အရင်းအနှီးများကို တိုက်ရိုက်တိုက်ပွဲတွင်လည်း အရေးပါသော အောင်ပွဲများရနေသည်။

စီးပွားရေးတိုးတက်မှုနှင့်အတူ အလုပ်သမားလယ်သမားများ၏အခြေအနေ ဆက်လက်ကောင်းမွန်လာမှုသည် ပူးတွဲလိုက်ပါလာသည်။ အလုပ်သမားလူတန်းစားသည် အလျင်အမြန်ကြီးထွားနေသည်။ လစာများတိုးမြင့်လာပြီး၊ ထိုကြောင့် လုပ်အားထုတ်လုပ်မှုစွမ်းအားလည်း တက်လာသည်။ လယ်သမားများ၏ နေထိုင်မှုဘဝမှာ အကြီးအကျယ် ကောင်းမွန်တိုး တက်လာသည်။ ၁၉၂၄–၂၅ ခုတွင် အလုပ်သမားလယ်သမားများ၏ နိုင်ငံတော်သည် အလုပ်သမားကလေးများကို ကူညီရန် ရည်ရွယ်ချက်ဖြင့် ရူဘယ်ငွေ ၂၉၀,၀၀၀,၀၀၀ နီးပါးကို သတ်မှတ်ရာထားပေးနိုင်သည်။ အလုပ်သမားလယ်သမားများ၏ အခြေအနေ ကောင်းမွန်တိုးတက်လာမှုက လူထုများဘက်တွင် ပိုမိုကြီးမားသော နိုင်ငံရေး လှုပ်ရှားမှုများကို ရှေ့ဆောင်ခဲ့သည်။ ပစ္စည်းမဲ့အာဏာရှင်စနစ်သည် ယခုအခါ ပိုမိုခိုင်မာစွာ ထူထောင်ပြီးဖြစ်သည်။ ဘော်ရှီဗစ်ပါတီ၏ ဂုဏ်သိက္ခာ သြဇာဂယက်သည် ကြီးထွားလာလျက်ရှိ သည်။ အမျိုးသားစီးပွားရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းမှာ ပြီးစီးနီးပါးဖြစ်နေပေပြီ။ သို့သော် စီးပွားရေး

ပြန်လည်ထူထောင်ရေးသက်သက်မျှ စစ်မဖြစ်မီအဆင့်သို့ ရောက်ရှိရုံသက်သက်မျှသည် ဆိုရှယ်စနစ်တည်ဆောက်နေသည့် နယ်မြေဖြစ်သော ဆိုဗီယက်ယူနီယံအတွက် မလုံလောက်ချေ။ စစ်မဖြစ်မီအဆင့်သည် ခေတ်နောက်ကျသည့် နိုင်ငံအဆင့်သာဖြစ်သည်။ ထိုအဆင့်ထက်လွန်အောင် ချီတက်ရမည်။ ဆိုဗီယက်နိုင်ငံတော်ရရှိလိုက်သည့် ရှည်ကြာသော အသက်ရှူခွင့်အချိန်က ဆက်လက်ဖြစ်ပေါ်တိုးတက်နိုင်ခြေရှိမှုကို အာမခံလိုက်သည်။

သို့သော် ဤသည်က ပြဿနာများကို အရေးတကြီးပေါ်ပေါက်လာစေသည်။ တခုလုံးခြုံသည့် အစီအစဉ်အမြင်များ၊ ကျွန်တော်တို့၏ တိုးတက်မှုနှင့် တည်ဆောက်ရေးတို့၏လက္ခဏာသည် မည်သို့နည်း။ ဆိုဗီယက်ယူနီယံ၏ ဆိုရှယ်လစ်စနစ်၏ ကံကြမ္မာသည် မည်သို့နည်း။ ဆိုဗီယက်ယူနီယံစီး ပွားရေး တည်ဆောက်မှုကို မည်သည့်လမ်းအတိုင်း တည်ဆောက်မည်နည်း။ ဆိုရှယ်လစ်လမ်းလော သို့မဟုတ် အခြားလမ်းလော။ ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ကျွန်တော်တို့ တည်ဆောက်သင့်ပါသ လော၊ တည်ဆောက်နိုင်သလော သို့မဟုတ် တခြားစီးပွားရေးစနစ်၊ အရင်းရှင် စီးပွားရေးစနစ်အတွက် ရေခံမြေခံ ဖန်တီးပေးရန် ကျွန်တော်တို့မှာ ကံကြမ္မာဖန်လာသလော။ ဆိုဗီယက်ယူနီယံတွင် ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်ရေးမှာ ဖြစ်ကောင်းဖြစ်နိုင်ပါသလော။ ဖြစ်နိုင်ခဲ့ပါက အရင်းရှင်နိုင်ငံများတွင် တော်လှန်ရေးများ နှောင့်နှေးကြန့်ကြာနေမှု၊ အရင်းရှင်စနစ် တည်ငြိမ်နေမှုများ အကြား တည်ဆောက်နိုင်ပါသလော။ စီးပွားရေးပေါ်လစီသစ်သည် တဖက်တွင် တိုင်းပြည်တွင်းရှိ ဆိုရှယ်လစ်အင်အားစုများကို ကူညီအင်အားတောင့်တင်းစေသော်လည်း တဖက်တွင်မူ အရင်းရှင်စနစ် အတန်အသင့်ကြီးထွားမှုကို တိုးမြှင့်ပေးသည့်အတွက် ဤနည်းဖြင့် ဆိုရှယ်လစ်စီးပွားရေစနစ်ကို တည်ဆောက်နိုင်ပါသလော။ ဆိုရှယ်လစ်စီးပွားရေးစနစ်ကို မည်ကဲ့သို့ တည်ဆောက်ရမည်နည်း။ ၎င်းတည်ဆောက်ရေးကိုမည်သည့်နေရာမှစသင့်သနည်း။ပါတီသည် ပြန်လည်ထူထောင်ရေး ကာလပြီးဆုံးခါနီးအချိန်တွင် ဤမေးခွန်းများ အားလုံးနှင့် ရင်ဆိုင်လာရပြီး၊ ဤမေးခွန်းများမှာ သဘောတရားရေးမေးခွန်းများအဖြစ်မဟုတ်တော့ဘဲ လက်တွေ့မေးခွန်းများ၊ နေ့စဉ်ရင်ဆိုင်နေရသော စီးပွားရေးပေါ်လစီ မေးခွန်းများဖြစ်လာပေသည်။

ဤမေးခွန်းများအားလုံးအတွက် တိကျရှင်းလင်းသည့် အဖြေများလိုအပ်ပြီး၊ သို့သော် စက်မှုလုပ်ငန်းနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်နေရသည့် ပါတီဝင်များနှင့် ယေဘုယျလူထုပါ အရင်းရှင်စနစ်လမ်းလား သို့မဟုတ် ဆိုရှယ်လစ်လမ်းလား၊ မည့်သည့်လမ်းအတိုင်း လုပ်ဆောင်ရမည်ကို သိရှိနိုင်မည်ဖြစ်သည်။

ဤမေးခွန်းများအတွက် ရှင်းလင်းလွယ်ကူသည့် အဖြေများမရှိပါက ကျွန်ုပ်တို့၏ တည်ဆောက်ရေး လက်တွေ့လုပ်ငန်းအားလုံးတို့သည် တခုလုံးခြုံသည့် အမြင်အစီအစဉ်မရှိ။ အမှောင်ထဲတွင် စမ်းတဝါးဝါးနှင့် အချည်းနှီးသာဖြစ်သည်။

ပါတီက ဤမေးခွန်းအားလုံးအတွက် ရှင်းလင်းတိကျသည့်အဖြေများကို ပေးလိုက်သည်။

ပါတီက ဖြေကြားလိုက်သည်မှာမှန်သည်။ ကျွန်ုပ်တို့တိုင်းပြည်တွင် ဆိုရှယ်လစ်စီးပွားရေးစနစ်ကို တည်လည်း တည်ဆောက်နိုင်သည်။ တည်လည်း တည်ဆောက်သင့်သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့ ဆိုရှယ်လစ်စီးပွားရေး တည်ဆောက်ရေးအတွက် ပြည့်ဝစုံလင်သည့် ဆိုရှယ်လစ်လူ့အဖွဲ့အစည်းအတွက် လိုအပ်သည့်အရာအားလုံး ရှိနေသောကြောင့်ဖြစ်သည်။ ၁၉၁၇ အောက်

တိုဘာတွင် အလုပ်သမားလူတန်းစားသည် မိမိတို့ ကိုယ်ပိုင်နိုင်ငံရေး အာဏာရှင်စနစ်ကို ထူထောင်လိုက်ခြင်းဖြင့် အရင်းရှင်စနစ်ကို နိုင်ငံရေးအရ အောင်ပွဲခံလိုက်သည်။ ထိုအချိန်မှစ၍ ဆိုဗီယက်အစိုးရသည် အရင်းရှင်စနစ်၏ စီးပွားရေးအာဏာကို ချေမှုန်းရန်နှင့် ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်ရေးအတွက် အကြောင်းအချက်များ ဖန်တီးရန် နည်းလမ်းအားလုံးကို လုပ်ဆောင်ခဲ့သည်။ ဤလုပ်ဆောင်ချက်နည်းနာများမှာ အရင်းရှင်များနှင့် မြေရှင်များ၏ပစ္စည်းများကို သိမ်းယူခြင်း၊ လယ်မြေ၊ အလုပ်ရုံ၊ စက်ရုံများ၊ မီးရထားလမ်းများနှင့်ဘဏ်တိုက်များကို အများပိုင်အဖြစ် ပြောင်းလဲလိုက်ခြင်း၊ စီးပွားရေးပေါ်လစီသစ်ကို လက်ခံအတည်ပြုခြင်း၊ နိုင်ငံတော်ပိုင် ဆိုရှယ်လစ် စက်မှုလုပ်ငန်းများကို တည်ထောင်ခြင်းနှင့် လီနင်၏ သမဝါယမစီမံကိန်းတို့ ဖော်ဆောင်လုပ်ဆောင်ခြင်းတို့ဖြစ်သည်။ ယခုအခါ အဓိက လုပ်ငန်းတာဝန်မှာ တတိုင်းပြည်လုံးအနှံ့ ဆိုရှယ်လစ်စီးပွားရေး စနစ်သစ်ကို တည်ဆောက်ရေးဆီသို့ ရှေးရှုရန်ဖြစ်ပြီး၊ ဤနည်းဖြင့် အရင်းရှင်စနစ်ကို စီးပွားရေးအရ လည်းချေမှုန်းပစ်ရန်ဖြစ်သည်။ ကျွန်ုပ်တို့၏ လက်တွေ့လုပ်ငန်းအားလုံး ကျွန်ုပ်တို့၏ လှုပ်ရှားမှုများ အားလုံးသည် ဤအဓိကရည်ရွယ်ချက်ကို အကျိုးပြုရန်ဖြစ်သည်။ အလုပ်သမားလူတန်းစားသည် ဤလုပ်ငန်းကိုလုပ်လည်းလုပ်နိုင်သည်။ လုပ်လည်းလုပ်ပေလိမ့်မည်။ ဤကြီးမားလှသည့် လုပ်ငန်းကြီးကို အကောင်အထည်ဖော်ရန်မှာ တိုင်းပြည်အား စက်မှုတပ်ဆင်ခြင်းလုပ်ငန်းဖြင့် စတင်ရေးဖြစ်သည်။ တိုင်းပြည်၏ ဆိုရှယ်လစ် စက်မှုလက်မှုတပ်ဆင်ခြင်းသည် အဓိကကွင်းဆက်ဖြစ်နေပြီး၊ ဤသည်နှင့် အတူ ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်ခြင်းကို စတင်ရမည်ဖြစ်သည်။ အနောက်နိုင်ငံများ၏တော်လှန်ရေးများ နှောင့်နှေးသွားခြင်းကသော်လည်းကောင်း၊ ဆိုဗီယက်မဟုတ်သည့် နိုင်ငံများ၏ အရင်းရှင်စနစ် တစိတ်တပိုင်း တည်ငြိမ်သွားခြင်းကသော်လည်းကောင်း၊ ကျွန်ုပ်တို့၏ ဆိုရှယ်လစ်စနစ်သို့ချီတက်ရေးကို တားဆီးနိုင်မည်မဟုတ်ချေ။ စီးပွားရေးသစ်ပေါ်လစီသည် ဤတာဝန်လုပ်ငန်းကို ပိုမို၍ လွယ်ကူစေပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့ စီးပွားရေးစနစ်အတွက် ဆိုရှယ်လစ် အခြေခံအုတ်မြစ်ချရေးကို လျင်မြန်စေရန် အထူးရည်ရွယ်ပြီး ပါတီက ချမှတ်လုပ်ဆောင်ကျင့်သုံးသောကြောင့်ဖြစ်သည်။

ဤသည်မှာ ကျွန်ုပ်တို့တိုင်းပြည်တွင် ဆိုရှယ်လစ်တည်ဆောက်ရေး အောင်ပွဲရနိုင်၊ မရနိုင်ဆိုသည့်မေးခွန်းကို ပါတီက ပေးလိုသည့်အဖြေ ဖြစ်သည်။

သို့သော် တိုင်းပြည်တပြည်တွင် ဆိုရှယ်လစ်စနစ်အောင်ပွဲခံရေးပြဿနာသည် ဤနေရာတွင် ပြီးဆုံးသွားခြင်းမရှိကြောင်း ပါတီကသိသည်။ ဆိုဗီယက်ပြည်ထောင်စု၌ ဆိုရှယ်လစ်စနစ် တည်ဆောက်ခြင်းသည် လူသားများ၏သမိုင်းတွင် အလွန်အရေးကြီးသော အလှည့်အပြောင်းတရပ်ဖြစ်ပြီး၊ ဆိုဗီယက်ယူနီယံသမ္မတနိုင်ငံရှိ အလုပ်သမားလူတန်းစားနှင့် လယ်သမားများ၏ အောင်ပွဲဖြစ်ကာ ကမ္ဘာ့သမိုင်းတွင် ခေတ်သစ်တစ်ရပ် ပေါ်ထွက်စေပေသည်။ သို့သော်လည်း ဤသည်မှာ ဆိုဗီယက်ယူနီယံ၏ ပြည်တွင်းရေးသာဖြစ်ပြီး ဆိုရှယ်လစ်စနစ်အောင်ပွဲခံရေးပြဿနာ၏ အစိတ်အပိုင်း တရပ်သာဖြစ်သည်။ ပြဿနာ၏ အခြားအစိတ်အပိုင်းမှာ ၎င်း၏ နိုင်ငံတကာအရ ဖြစ်သည်။ ဆိုရှယ်လစ်စနစ်မှာ တိုင်းပြည်တပြည်တွင် အောင်ပွဲခံနိုင်သည်ဆိုသော သဘောတရားကို အကောင် အထည်ဖော်ရာတွင် ရဲဘော်စတာလင်က ဤပြဿနာအား ပြည်တွင်းရေးနှင့် နိုင်ငံတကာရေးဟူသည့် ဖက်နှစ်ဖက်မှ ကြည့်မြင်သင့်ကြောင်း ထပ်ပြန်တလဲလဲ ထောက်ပြခဲ့သည်။ ပြဿနာ၏ ပြည်တွင်းရေး ဖက်မှ ကြည့်လျှင်

ဆိုလိုသည်မှာ တိုင်းပြည်တွင်းရှိ လူတန်းစားဆက်ဆံမှုများအရကြည့်လျှင် ဆိုဗီ ယက်ယူနီယံရှိ အလုပ်သမားလူတန်းစားနှင့် လယ်သမားထုသည် ၎င်းတို့၏ ဓနရှင်လူတန်းစားကို စီးပွားရေးအရ ချေမှုန်းနိုင်ပြီး၊ ပြည့်စုံသည့် ဆိုရှယ်လစ်အဖွဲ့အစည်း တည်ထောင်နိုင်သောစွမ်းရည် အပြည့်အ၀ရှိနေပြီးဖြစ်သည်။ သို့သော် ပြဿနာ၏ နိုင်ငံတကာဘက်တဘက်လည်း ရှိနေသေး သည်။ ထိုအရာမှာ နိုင်ငံခြားဆက်ဆံရေးနယ်ပယ်၊ ဆိုဗီယက်ပြည်ထောင်စုနှင့် အရင်းရှင်နိုင်ငံ များအကြား ဆိုဗီယက်ပြည်သူလူထုနှင့် ဆိုဗီယက်စနစ်ကိုမုန်းတီးပြီး၊ ဆိုဗီယက်ယူနီယံကိုထပ်မံ၍ လက်နက်ကိုင်စွက်ဖက်မှု စတင်ရန်၊ ဆိုဗီယက်ယူနီယံတွင် အရင်းရှင်စနစ် ပြန်လည်ထူထောင်ရန် ကြိုးပမ်းမှုအသစ်များ စတင်ရန် အခွင့်ကောင်းချောင်းနေသည့် နိုင်ငံတကာ ဓနရှင်လူတန်းစားအကြား ဆက်ဆံရေးနယ်ပယ်ပင် ဖြစ်သည်။ ထို့ကြောင့် ဆိုဗီယက်ယူနီယံသည် တခုတည်းသော ဆိုရှယ်လစ်နိုင်ငံ ဖြစ်နေပြီး ကျန်နိုင်ငံအားလုံး အရင်းရှင်နိုင်ငံချည်းဖြစ်နေသေးကာ ဆိုဗီယက်ယူနီယံမှာ အရင်းရှင်နိုင်ငံများ၏ ဝိုင်းဝန်းခြင်းကိုခံနေ၍၊ အရင်းရှင်များ၏ ကျူးကျော်စွက်ဖက်မှု အန္တရာယ် ရှိနေသည်။ ဤအရင်းရှင်များ၏ ဝိုင်းဝန်းထားမှုတည် ရှိနေသရွေ့၊ အရင်းရှင်များ၏ ကျူးကျော်စွက်ဖက်မှု အန္တရာယ်ရှိနေမည်ဆိုသည်မှာ ရှင်းနေသည်။ ဆိုဗီယက်ပြည်သူများသည် မိမိတို့တဦးတည်း ကြိုးပမ်းမှုဖြင့် ဤပြင်ပအန္တရာယ် ဖြစ်သော ဆိုဗီယက်ယူနီယံသို့ အရင်းရှင်များ၏ ကျူးကျော်စွက် ဖက်မှု အန္တရာယ်ကို ကျော်နင်းနိုင်မည်လော၊ မဖြစ်နိုင်ပေ၊ သူတို့ မကျော်နင်းနိုင်ပေ။ အဘယ်ကြောင့် ဆိုသော် အရင်းရှင်များ၏ ကျူးကျော်စွက်ဖက်မှုကို ချေမှုန်းနိုင်ရန် အရင်းရှင်များ၏ ဝိုင်းဝန်းမှုကို ချေ မှုန်းနိုင်ရမည်ဖြစ်ပြီး၊ အနည်းဆုံးတိုင်းပြည်အများအပြားတွင် ပစ္စည်းမဲ့ တော်လှန်ရေးအောင်ပွဲများ ရရှိမှသာလျှင် အရင်းရှင်များဝိုင်းဝန်းမှုကို ချေမှုန်းနိုင်မည်ဖြစ်သောကြောင့်ဖြစ်သည်။ ဤသည်က ဖော်ပြလိုက်သည်မှာ နိုင်ငံခြားလက်နက်ကိုင် ကျူးကျော်စွက်ဖက်မှုအန္တရာယ်နှင့် အရင်းရှင်စနစ် ပြန်လည်ထူထောင်ရေး ကြိုးပမ်းချက်များကို မချေမှုန်းနိုင်သရွေ့ ဆိုရှယ်လစ်နိုင်ငံသည် ဤအန္တရာယ်မှ ကာကွယ်လုံခြုံမှု အာမခံချက်မရှိသရွေ့ အရင်းရှင် စီးပွားရေးဖျက်သိမ်းပြီး ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်ခြင်းမျှသာရှိသည့် ဆိုရှယ်လစ်ပြည်ထောင်စုရှိ ဆိုရှယ်လစ်စနစ်အောင်ပွဲဆိုသည်ကို နောက်ဆုံးပိတ်အောင်ပွဲဟု မသတ်မှတ်နိုင်ချေ။ နိုင်ငံခြားကျူး ကျော်စွက်ဖက်မှုအန္တရာယ်ကို ကျော်နင်းနိုင်ရန် အရင်းရှင်ဝိုင်းဝန်းမှုကို ချေမှုန်းရမည်။

ဆိုဗီယက်အစိုးရသည် မှန်ကန်သည့်ပေါ်လစီကို လုပ်ဆောင်နေသရွေ့ ဆိုဗီယက်ပြည်သူများနှင့် ၎င်းတို့၏ တပ်နီတော်သည် ၁၉၁၈–၂၀ ခုနှစ်က အရင်းရှင်များ၏ ပထမဆုံးသော စွက်ဖက်ကျူးကျော်မှုကို ချေမှုန်းတိုက်ခိုက်လိုက်နိုင်သကဲ့သို့ နိုင်ငံခြားအရင်းရှင်များ၏ စွက်ဖက်ကျူးကျော်မှုသစ်များ ကိုလည်း မုချတိုက်နိုင်စွမ်းရှိပေသည်။ သို့သော် ဤသည်က အရင်းရှင်များ၏ ကျူးကျော်စွက်ဖက်မှု အသစ်အန္တရာယ်ကို ဖယ်ရှားနိုင်ပြီးဖြစ်သည်ဟု မဆိုလိုချေ။ ပထမကျူးကျော် စွက်ဖက်မှုကို အောင်မြင်လိုက်သော်လည်း၊ ကျူးကျော်စွက်ဖက်မှု၏ ရေသောက်မြစ်အစဖြစ်သော အရင်းရှင်များ၏ ဝိုင်းဝန်းမှု ဆက်လက်တည်ရှိနေသရွေ့၊ စွက်ဖက်ကျူးကျော်မှုအသစ်အန္တရာယ်ကို မဖယ်ရှားနိုင်ချေ။ အရင်းရှင်များ၏ ဝိုင်းဝန်းမှု ဆက်လက်တည်ရှိနေပါက ကျူးကျော်စွက်ဖက်မှုအသစ်ကို အောင်မြင်လိုက်ခြင်းကလည်း ကျူးကျော်စွက်ဖက်မှုအန္တရာယ်ကို ဖယ်ရှားနိုင်ဦးမည်မဟုတ်ချေ။

ဤသည်က ဖော်ပြလိုက်သည်မှာ အရင်းရှင်နိုင်ငံများရှိ ပစ္စည်းမဲ့လူတန်းစားတော်လှန်ရေး အောင်ပွဲခံရေးသည် ဆိုဗီယက်ပြည်ထောင်စုရှိ လုပ်သားပြည်သူများအတွက် အရေးတကြီး အလေးထားရမည့် ပြဿနာဖြစ်လာသည်။

ဤသည်မှာ ကျွန်ုပ်တို့တိုင်းပြည်တွင် ဆိုရှယ်လစ်စနစ်အောင်ပွဲခံရေး ပြဿနာအပေါ် ပါတီ၏ လမ်းစဉ်ဖြစ်သည်။

ဗဟိုကော်မတီက ဤလမ်းစဉ်ကိုလာမည့် ၁၄ ကြိမ်မြောက် ပါတီကွန်ဖရင့်တွင် ဆွေးနွေးရန် တောင်းဆိုလိုက်ပြီး၊ ပါတီဝင်အားလုံးကို စုစည်းလိုက်သည့် ပါတီ၏ ဥပဒေတရပ်အဖြစ်၊ ပါတီ၏ လမ်းစဉ်အဖြစ် သဘောတူထောက်ခံပြီး လက်ခံအတည်ပြုရန်ဖြစ်သည်။

ဤပါတီလမ်းစဉ်သည် အခြားသူများထက် အတိုက်အခံများအတွက် မိုးကြိုးပစ်လိုက်သကဲ့သို့ ဖြစ်သွားပေသည်။ အဘယ်ကြောင့်ဆိုသော် ပါတီသည် ဤလမ်းစဉ်တွင် အခိုင်အမာလက်တွေ့ လက္ခဏာပါရှိစေကာ တိုင်းပြည်၏ ဆိုရှယ်လစ်စက်မှုတပ်ဆင်ခြင်းအတွက် လက်တွေ့စီမံကိန်းနှင့် ဆက်စပ်ပေးကာ၊ ဤလမ်းစဉ်ကို ပါတီဝင်များ အားလုံးအား စုစည်းလိုက်သည့် ပါတီ၏ ဥပဒေတရပ် အဖြစ်လည်းကောင်း၊ ၁၄ ကြိမ်မြောက် ကွန်ဂရက်ဆုံးဖြတ်ချက်အဖြစ်လည်းကောင်း၊ ဖော်ထုတ်ရန် တောင်းဆိုလိုက်ခြင်းကြောင့်ဖြစ်သည်။

ဤပါတီ၏လမ်းစဉ်ကို ထရော့စကီဝါဒီများက ဆန့်ကျင်ခဲ့ပြီး၊ ၎င်းကိုတိုက်ခိုက်ရန် မင်ရှီဗစ်များ၏ “အမြဲတမ်းတော်လှန်ရေးသဘောတရား ”ကိုထုတ်ထောင်လိုက်သည်။ ဤသည်ကို မာ့က်စ်ဝါဒ သဘောတရားဟုခေါ်ဆိုရန်မှာ မာ့က်စ်ဝါဒအား စော်ကားမှုတခုသာဖြစ်ပြီး၊ ၎င်းတွင် ဆိုဗီယက်ပြည်ထောင်စု၏ ဆိုရှယ်လစ်တည်ဆောက်ရေး အောင်ပွဲခံနိုင်ခြေရှိမှုကို ငြင်းဆိုထားသည်။

ဘူခါရင်ဝါဒီများသည် ပါတီ၏လမ်းစဉ်ကို ပြောင်မဆန့်ကျင်ဝံ့ကြချေ။ သို့သော် ဤလမ်းစဉ်ကို ဆန့်ကျင်ရန် ၎င်းတို့၏ ကိုယ်ပိုင် “သဘောတရား” ဖြစ်သော ခေနရှင်လူတန်းစားများ၏ ဆိုရှယ်လစ်စနစ်သို့ ငြိမ်းချမ်းစွာကြီးထွားလာရေးဆိုသည်ကို “ကြွေးကြော်သံအသစ်” “ချမ်းသာအောင် လုပ်ကြ” နှင့် တိုးချဲ့ထားသည့်သဘောတရားကို မရဲတရဲ ထုတ်ထောင်လိုက်ကြသည်။ ဘူခါရင်ဝါဒီများ၏ အဆိုအရ ဆိုရှယ်လစ်စနစ်အောင်ပွဲဆိုသည်မှာ ခေနရှင်လူတန်းစားကို ဖျက်သိမ်းခြင်း မဟုတ်ဘဲ ဖွံ့ဖြိုးအောင် ထောက်ပံ့ပေးခြင်း ကြွယ်ဝစေခြင်းကို ဆိုလိုသည်။

ဇီနိုဗစ်နှင့် ကမေနက်ဗ်တို့က တိုင်းပြည်၏ နည်းပညာနှင့် စီးပွားရေးနောက်ကျမှုတို့ကြောင့် ဆိုဗီယက်ပြည်ထောင်စုတွင် ဆိုရှယ်လစ်စနစ်အောင်ပွဲမခံနိုင်ဟူသောအဆိုကို အရဲစွန့်တင်ပြလာသေးသော်လည်း မကြာမီမှာပင် အမြော်အမြင်ရှိစွာ နောက်ဆုတ်သွားကြသည်။

၁၄ ကြိမ်မြောက် ပါတီကွန်ဖရင့် (ဧပြီလ ၁၉၂၅ ) က၊ ပြောင်နှင့် ပုန်းလျှိုးကွယ်လျှိုး အတိုက်အခံများ၏ ဤအလျှော့ပေးရေး “သဘောတရားများ” အားလုံးကို ရှုတ်ချလိုက်ပြီး ဆိုဗီယက်ပြည်ထောင်စုတွင် ဆိုရှယ်လစ်စနစ်အောင်ပွဲခံရေး လုပ်ငန်းအတွက် ပါတီလမ်းစဉ်ကို အတည်ပြုကာ ဤအတွက် ဆုံးဖြတ်ချက်ချမှတ်လိုက်သည်။ မလွှဲမရှောင်သာသည့်အတွက် ဇီနိုဗစ်နှင့် ကမေနက်ဗ်တို့သည် ဤဆုံးဖြတ်ချက်ကို ထောက်ခံမဲပေးခဲ့ကြသည်။ သို့သော် သူတို့သည် တိုက်ပွဲကို ရွှေ့ဆိုင်းလိုက်ခြင်းသာဖြစ်ပြီး၊ ၁၄ ကြိမ်မြောက် ပါတီကွန်ဂရက်တွင် “ပါတီကို တိုက်ပွဲဆင်ရန်” ဆုံးဖြတ်

ထားကြောင်း ပါတီက သိရှိသည်။ သူတို့သည် လီနင်ဂရက်တွင် နောက်လိုက်များစုဆောင်းနေပြီး "အတိုက်အခံသစ်" ဆိုသည်ကို ထူထောင်နေကြသည်။

၁၄ ကြိမ်မြောက် ပါတီကွန်ဂရက်ကို ၁၉၂၅ ခု ဒီဇင်ဘာတွင် ဖွင့်လှစ်လိုက်သည်။ ပါတီတွင်းရှိ အခြေအနေမှာ တင်းမာနေသည်။ ပါတီ၏ သမိုင်းတလျှောက်တွင် လီနင်ဂရက်ကဲ့သို့ ပါတီ၏အရေးကြီး ဌာနကြီးတခုမှ ကိုယ်စားလှယ်အားလုံး ဗဟိုကော်မတီကို အတိုက်အခံပြုရန် ပြင်ဆင်ထားမှုမျိုး မရှိခဲ့ဘူးချေ။ ကွန်ဂရက်သို့ ပါတီဝင် ၆၄၃,၀၀၀ နှင့်အရံပါတီဝင် ၄၄၅,၀၀၀ ကို ကိုယ်စားပြုသည့် မဲပေးနိုင်သည့် ကိုယ်စားလှယ် ၆၆၅ ဦးနှင့် မဲမပေးနိုင်သည့်ကိုယ်စားလှယ် ၆၄၁ ဦး တက်ရောက်ခဲ့သည်။ ဤအရေအတွက်မှာ ယခင်ကွန်ဂရက်သို့ တက်ရောက်သည့် ကိုယ်စားလှယ် အရေအတွက် ထက်အနည်းငယ် လျော့နည်းသည်။ တစိတ်တပိုင်းထုတ်ပစ်မှုများကြောင့် လျော့ကျသွားခြင်း ဖြစ်သည်။ ပါတီဆန့်ကျင်သည့် အစိတ်အပိုင်းများ ထိုးဖောက်ဝင်ရောက်ခဲ့သည့် တက္ကသိုလ်များ၊ ရုံးများ၏ ပါတီအဖွဲ့အစည်းများမှ ထုတ်ပစ်ရခြင်းဖြစ်သည်။

ဗဟိုကော်မတီ၏ နိုင်ငံရေးအစီရင်ခံစာကို ရဲဘော်စတာလင်က တင်သွင်းခဲ့သည်။ သူက ဆိုဗီယက်ပြည်ထောင်စု၏ နိုင်ငံရေး၊ စီးပွားရေး အစွမ်းသတ္တိ၏ ကြီးထွားမှုကို ထင်ရှားပြတ်သားစွာ ပုံဖော်ပြခဲ့သည်။ ဆိုဗီယက်စီးပွားရေးစနစ်၏ အားကောင်းချက်များကြောင့် စက်မှုလုပ်ငန်းရော လယ်ယာစိုက်ပျိုးရေးပါ နှစ်မျိုးစလုံး နှိုင်းယှဉ်ချက်အရ တိုတောင်းလှသည့် အချိန်လေးအတွင်းမှာပင် ပြန်လည် ထူထောင်လိုက်နိုင်ပြီး စစ်မဖြစ်မီအဆင့်သို့ နီးစပ်လာသည်။ သို့သော် ဤရရှိချက်များ ကောင်းမွန်သော်လည်း ဤအချက်က ကျွန်တော်တို့တိုင်းပြည်၏ ခေတ်နောက်ကျသော လယ်ယာစိုက် ပျိုးသည့်နိုင်ငံ ဖြစ်မြဲဖြစ်နေမှုကို မချေဖျက်နိုင်သည့်အတွက် ဤနေရာတွင်ပင် ရပ်တန့်မပစ်သင့်ကြောင်း ရဲဘော်စတာလင်ကတင်ပြခဲ့သည်။ တိုင်းပြည်၏ စုစုပေါင်းထုတ်လုပ်ရေး၏ သုံးပုံနှစ်ပုံမှာ လယ်ယာ စိုက်ပျိုးရေးမှ ထွက်ရှိခြင်းဖြစ်ပြီး၊ သုံးပုံတပုံသာလျှင် စက်မှုလုပ်ငန်းမှ ဖြစ်သည်။ ရဲဘော် စတာလင်က ယခုအခါတွင် တိုင်းပြည်ကို အရင်းရှင်နိုင်ငံများအပေါ် စီးပွားရေးအရ အမှီအခိုကင်းသော စက်မှု နိုင်ငံအဖြစ်သို့ ပြောင်းလဲရမည့်ပြဿနာနှင့် တည့်တည့်ရင်ဆိုင်တိုးနေမိပြီဖြစ်ကြောင်း ပြောကြားလိုက် သည်။ ဤကိစ္စကို လုပ်လည်းလုပ်နိုင်သည်။ လုပ်လည်းလုပ်ရမည်။ တိုင်းပြည်ကို ဆိုရှယ်လစ် စက်မှုတပ်ဆင်ရန်၊ ဆိုရှယ်လစ်စနစ်အောင်ပွဲခံရန်အတွက် တိုက်ပွဲဝင်ရေးမှာ ယခုအခါ ပါတီ၏ အရေးတကြီးတာဝန်ကြီး ဖြစ်လာပေတော့သည်။

ရဲဘော်စတာလင်က ကျွန်တော်တို့၏ နိုင်ငံကို လယ်ယာစိုက်ပျိုးသည့် နိုင်ငံအဖြစ်မှ လိုအပ် သည့်စက်မှုကရိယာများကို ကိုယ်တိုင်ကြိုးပမ်းထုတ်ယူနိုင်သည့် စက်မှုနိုင်ငံအဖြစ်ပြောင်းလဲရေး ... ဤသည်မှာ ကျွန်တော်တို့ အထွေထွေလမ်းစဉ်၏ အနှစ်သာရနှင့် အခြေခံဖြစ်သည်ဟုဆိုခဲ့သည်။

တိုင်းပြည်ကို စက်မှုတပ်ဆင်လိုက်ခြင်းက ၎င်း၏စီးပွားရေးအမှီခိုကင်းမှုကို အာမခံလိုက်ပြီး၊ ၎င်း၏ ကာကွယ်ရေးစွမ်းအားကို တောင့်တင်းစေကာ ဆိုဗီယက်ယူနီယံတွင် ဆိုရှယ်လစ်စနစ်အောင်ပွဲခံရေး အတွက် အကြောင်းအချက်များကို ဖန်တီးပေးလိုက်သည်။

ဇီနိုဗစ်ဝါဒီများက ပါတီ၏ အထွေထွေလမ်းစဉ်ကို ဆန့်ကျင်ခဲ့သည်။ စတာလင်၏ ဆိုရှယ်လစ် စက်မှုတပ်ဆင်ရေးစီမံကိန်းကို ဆန့်ကျင်ပြီး၊ ဇီနိုဗစ်ဝါဒီ ဆိုကိုလ်လီနီကော့ဗ်က ထိုအချိန်က နယ်ချဲ့ လောဘအိုးများ အကြားခေတ်စားနေသည့် ဓနရှင်စီမံကိန်းတခုကို တင်ပြလာသည်။ ထိုစီမံကိန်းအရ

ဆိုဗီယက်ယူနီယံသည် လယ်ယာစိုက်ပျိုးသည့် နိုင်ငံအဖြစ် တည်ရှိမြဲတည်ရှိနေပြီး၊ အဓိကအားဖြင့် ကုန်ကြမ်းပစ္စည်းများနှင့် အစားအသောက်များကိုသာထုတ်လုပ်ပြီး နိုင်ငံခြားသို့ ထုတ်ကုန်များ အဖြစ် တင်ပို့ကာ၊ နိုင်ငံခြားမှ စက်မှုပစ္စည်းများကို မှာယူတင်သွင်းရမည်ဖြစ်သည်။ စက်မှုပစ္စည်းများကို မိမိဘာသာ ထုတ်လည်းမထုတ်ရ၊ ထုတ်လည်းမထုတ်သင့်ပေဟုဆိုသည်။ ၁၉၂၅ ခုရှိ အကြောင်းအချက်များအရ ဤသည်မှာ စက်မှုဖွံ့ဖြိုးတိုးတက်ပြီးနိုင်ငံများ၏ ဆိုဗီယက်ယူနီယံအပေါ် စီးပွားရေးကျွန်ပြုမှုအတွက် စီမံသည့်သဘောသက်ရောက်ပြီး ဤစီမံကိန်းမှာ အရင်းရှင်နိုင်ငံများမှ နယ်ချဲ့သမားလောဘအိုးများ၏ အကျိုးကျေးဇူးအတွက် ဆိုဗီယက်ယူနီယံ၏ စက်မှုလုပ်ငန်းနောက်ကျမှုကို ထာဝစဉ် တည်ရှိနေရေးပင်ဖြစ်သည်။

ဤစီမံကိန်းကို လက်ခံလုပ်ဆောင်ပါက ကျွန်တော်တို့တိုင်းပြည်သည် အရင်းရှင်ကမ္ဘာ၏ အားနည်းသော လယ်ယာစိုက်ပျိုးသည့် လယ်သမားနိုင်ငံ အစွယ်အပွားတရပ်အဖြစ်သာ ပြောင်းလဲသွားနိုင်ပြီး၊ ပတ်ပတ်လည်ဝိုင်းရံလျက်ရှိသော အရင်းရှင်ကမ္ဘာအလယ်တွင် အကာကွယ်မဲ့၊ စွမ်းအားမဲ့ဖြစ်ကာ အဆုံး၌ ဆိုဗီယက်ယူနီယံရှိ ဆိုရှယ်လစ်စနစ်အရေးတော်ပုံပင် ပျက်စီးဆုံးရှုံးသွားနိုင်ပေသည်။

ကွန်ဂရက်က ဇီနိုဗစ်ဝါဒီများ၏ စီးပွားရေး "စီမံကိန်း"ကို ဆိုဗီယက်ယူနီယံအား ကျွန်ပြုရေးစီမံကိန်းအဖြစ် ရှုတ်ချလိုက်သည်။

"အတိုက်အခံသစ်"၏ အခြားသော တိုက်ခိုက်မှုများမှာလည်း ဤကဲ့သို့ပင် မအောင်မမြင်ဖြစ်သွားသည်။ ဥပမာ သူတို့က (လီနင်ကို အာခံ၍) ကျွန်တော်တို့၏ နိုင်ငံတော်ပိုင် စက်မှုလုပ်ငန်းများမှာ ဆိုရှယ်လစ်စက်မှုလုပ်ငန်းများ မဟုတ်ကြောင်း ပြောဆိုသည့်အခါတွင်လည်းကောင်း၊ သို့မဟုတ် သူတို့က (လီနင်ကိုနောက်ထပ်အာခံပြီး) ဆိုရှယ်လစ်တည်ဆောက်ရေးလုပ်ငန်းတွင် အလယ်အလတ်လယ်သမားများသည် အလုပ်သမားလူတန်းစား၏ မဟာမိတ်မဖြစ်နိုင်ကြောင်း ပြောဆိုသည့်အခါတွင်လည်းကောင်း သူတို့သည် ရှုံးနိမ့်သွားကြသည်။

ကွန်ဂရက် "အတိုက်အခံသစ်"၏ ဤတိုက်ခိုက်မှုများကို လီနင်ဆန့်ကျင်ရေးအဖြစ် ရှုံ့ချဝေဖန်လိုက်သည်။ ရဲဘော်စတာလင်က "အတိုက်အခံသစ်"၏ ထရော့စကီ–မင်ရှီဗစ်အနှစ်သာရကို ဖော်ထုတ်ဖွင့်ချလိုက်သည်။ သူက ဇီနိုဗစ်နှင့် ကဲမီနက်ဗ်တို့သည် လီနင်က အလျှော့မပေးစတမ်း တိုက်ပွဲဆင်ခဲ့ရသော ပါတီ၏ ရန်သူများ၏ တေးသီချင်းဟောင်းများကိုသာ အပ်ကြောင်းထပ်ပြန်ဆိုနေခြင်းဖြစ်ကြောင်းပြသလိုက်သည်။

ဇီနိုဗစ်ဝါဒီများသည် မသပ်မယပ် ရုပ်ဖျက်ဟန်ဆောင်ထားသည့် ထရော့စကီဝါဒီများမှ လွဲ၍ အခြားမဖြစ်နိုင်ကြောင်းမှာ ရှင်းနေပါသည်။

ရဲဘော်စတာလင် အလေးတင်းပြောကြားသည့်အချက်မှာ ကျွန်ုပ်တို့ ပါတီ၏ အဓိကတာဝန်မှာ ဆိုရှယ်လစ်စနစ် တည်ဆောက်ရေးလုပ်ငန်း၌ အလုပ်သမားလူတန်းစားနှင့် အလယ်အလတ်လယ်သမားများ၏ ခိုင်မာသည့် မဟာမိတ်ဖွဲ့မှုကို ထိန်းသိမ်းထားရေးဖြစ်သည်။ ထိုအချိန်က ပါတီတွင်း၌ တည်ရှိနေသော လယ်သမားပြဿနာအပေါ် တိမ်းစောင်းမှုနှစ်ခုကို သူက ထောက်ပြခဲ့ပြီး၊ ဤနှစ်ခုစလုံးမှာ ဤမဟာမိတ်ဖွဲ့မှုအပေါ် ခြိမ်းခြောက်အန္တရာယ်ပြုလျက်ရှိသည်။ ပထမ တိမ်းစောင်းမှုမှာ ကူးလတ်များ၏အန္တရာယ် လျှော့ပေါ့တွက်ချက် သေးသိမ်စေမှုဖြစ်ပြီး၊ ဒုတိယမှာ ကူးလတ် များကို အတိတ်တလန့် ကြောက်ရွံ့နေကာ အလယ်အလတ်လယ်သမားများ၏ အခန်းကိုလျှော့ပေါ့ တွက်ချက်

အထင်သေးမှု ဖြစ်သည်။ မည့်သည့်တိမ်းစောင်းမှုက ပိုမိုဆိုဝါးသနည်းဆိုသောမေးခွန်းကို ရဲဘော်စတာလင်က ဖြေကြားရာ၌ နှစ်ခုစလုံး အတူတူပင်ဖြစ်သည်။ ထို့ပြင် ဤတိမ်းစောင်း ချက်များကို ဆက်လက်ဖြစ်ပေါ်ခွင့်ပြုပါက ၎င်းတို့သည် ပါတီကို ပျက်စီးယိုယွင်းသွားစေလိမ့်မည်။ ကံအားလျော်စွာ ကျွန်တော်တို့ပါတီတွင် တိမ်းစောင်းမှု "နှစ်ခုစလုံးကို ဖယ်ရှားနိုင်စွမ်းရှိသည့် အင်အားစုများ ရှိနေသည်" ဟုဖြေကြားခဲ့သည်။

တကယ်ပင် ပါတီသည် "လက်ဝဲ"၊ လက်ယာ တိမ်းစောင်းမှုနှစ်ခုလုံးကို တိုက်ဖျက်လိုက်နိုင်ပြီး သုတ်သင်ဖယ်ရှားလိုက်နိုင်သည်။ စီးပွားရေး ဖြစ်ပေါ်တိုးတက်မှု ပြဿနာအပေါ် အပြန်အလှန်ငြင်းခုံ ဆွေးနွေးမှုများအပေါ် ပေါင်းချုပ်ပြီး (၁၄) ကြိမ်မြောက်ပါတီ ကွန်ဂရက်က အတိုက်အခံသမားများ၏ အလျှော့ပေးရေးစီမံကိန်းကို တညီတညွတ်တည်းပယ်ချလိုက်ကာ ယခုအခါ ထင်ရှားကျော်ကြားလှသော ဆုံးဖြတ်ချက်ကိုလည်း မှတ်တမ်းတင်ခဲ့သည်။

"စီးပွားရေး ဖြစ်ပေါ်တိုးတက်မှုနယ်ပယ်၌ ကွန်ဂရက်ကခံယူထားသည်မှာ ကျွန်ုပ်တို့၏ နယ်မြေ၊ ပစ္စည်းမဲ့အာဏာရှင်စနစ်၏ နယ်မြေ၌ "ပြည့်စုံကုံလုံသည့် ဆိုရှယ်လစ်လူ့အဖွဲ့အစည်း တည်ထောင်ရေးအတွက် အကြောင်းခံအချက်အလုံးစုံ" ရှိသည်။ (လီနင်)ကွန်ဂရက်က ယူဆသည်မှာ ကျွန်ုပ်တို့ပါတီ၏ အဓိကတာဝန်မှာ ဆိုဗီယက်ပြည်ထောင်စု၌ ဆိုရှယ်လစ်တည်ဆောက်ရေး အောင်ပွဲခံနိုင်ရေးအတွက် တိုက်ပွဲဝင်ရန်ဖြစ်သည်"။

၁၄ ကြိမ်မြောက် ပါတီကွန်ဂရက်က ပါတီ၏စည်းမျဉ်းစည်းကမ်းသစ်ကို လက်ခံအတည်ပြုလိုက်သည်။

၁၄ ကြိမ်မြောက်ကွန်ဂရက်မှစ၍ ပါတီ၏အမည်ကို ဆိုဗီယက်ယူနီယံကွန်မြူနစ်ပါတီ (ဗော်ရှီ ဗစ်) **C.P.S.U (B)** ဟုခေါ်တွင်လိုက်သည်။

ကွန်ဂရက်၌ ရှုံးနိမ့်သွားသော်လည်း ဇီနိုဗစ်ဝါဒီများသည် ပါတီကို နာခံခြင်းမရှိချေ။ သူတို့သည် ၁၄ ကြိမ်မြောက်ကွန်ဂရက်၏ ဆုံးဖြတ်ချက်များကို စတင်တိုက်ခိုက်လာသည်။ ကွန်ဂရက်စလျှင် စခြင်း ဇီနိုဗစ်သည် ကွန်မြူနစ်လူငယ်အဖွဲ့၏ လီနင်ဂရက်ပြည်နယ်ကော်မတီ အစည်းအဝေးကို ခေါ်ဆိုလိုက်သည်။ ဤအဖွဲ့၏ ခေါင်းဆောင်အုပ်စုကို ပါတီ၏ လီနင်ဝါဒီ ဗဟိုကော်မတီအား မုန်းတီးဆန့်ကျင်မှု စိတ်ဓာတ်ဖြင့် ဇီနိုဗစ်၊ ဇာလူးစကီး **(Zalutsky)**၊ ဘာခါရက်ဗ် **(Bakayev)**၊ ရက်ဗ်ဒိုကီမော့ဗ် **(Yevdokimov)** ၊ ကူကလင် **(Kuklin)**၊ ဆာဖရော့ဗ် **(Safarov)** အစရှိသည့် နှစ်ဖက်မျက်နှာ သမားများသာ မွေးမြူထားခြင်းဖြစ်ပါသည်။ ဤအစည်းအဝေးတွင် လီနင်ဂရက် ပြည်နယ်ကော်မတီက ကွန်မြူနစ်လူငယ်အဖွဲ့သမိုင်းတွင် မကြုံဖူးသောဆုံးဖြတ်ချက်ကို ချမှတ်ခဲ့သည်။ ၁၄ ကြိမ်မြောက် ပါတီကွန်ဂရက်၏ဆုံးဖြတ်ချက်များကို လိုက်နာ ဆောင်ရွက်ရန် ငြင်းပယ်လိုက်သည်။

သို့သော် လီနင်ဂရက် ကွန်မြူနစ်လူငယ်အဖွဲ့၏ ဇီနိုဗစ်ဝါဒီခေါင်းဆောင်များသည် လီနင်ဂရက် ကွန်မြူနစ်လူငယ်အဖွဲ့မှ ထု၏ စိတ်ဆန္ဒကို မည်သည့်နည်းနှင့်မျှ ကိုယ်စားပြုနိုင်ခြင်းမရှိပေ။ ထို့ကြောင့် သူတို့သည် အလွယ်တကူ အချေမှုန်းခံလိုက်ရပြီး မကြာမီမှာပင် လီနင်ဂရက် အဖွဲ့အစည်းသည် ကွန်မြူနစ်လူငယ်အဖွဲ့အတွင်း ၎င်းနှင့်ထိုက်တန်သည့်နေရာကို ပြန်လည်ရရှိသွားခဲ့သည်။

၁၄ ကြိမ်မြောက်ကွန်ဂရက် အဆုံးသတ်ခါနီးတွင် ရဲဘော်မိုလိုတော့ဗ်၊ ကီးရော့ဗ်၊ ဘိုရိုရှီလော့ဗ်၊ ကာလီနင်၊ အဲန်ဒီရီယက်ဗ်အစရှိသည့် ကွန်ဂရက် ကိုယ်စားလှယ်အုပ်စုတခုကို လီနင်ဂရက်သို့

စေလွှတ်ပြီး လီနင်ဂရက် ပါတီအဖွဲ့အစည်းဝင်များအား ၎င်းတို့ကို လိမ်လည်လှည့်ဖျားပြီး၊ ၎င်းတို့၏ ကိုယ်စားလှယ်လွှဲအပ်မှုကိုရယူခဲ့သည့် လီနင်ဂရက်ကိုယ်စားလှယ်အဖွဲ့၏ ကွန်ဂရက်အတွင်းရပ်ခံခဲ့သော ဘော်ရှီဗစ်ဆန့်ကျင်သည့် ရပ်တည်မှုကို ရှင်းလင်းပြောပြစေခဲ့သည်။ ကွန်ဂရက်တွင် တင်သွင်းခဲ့သော အစီရင်ခံစာများကို ဆွေးနွေးသည့်အစည်းအဝေးများသည် အလွန်ပြင်းထန်ခဲ့သည်။ လီနင်ဂရက်ပါတီအဖွဲ့အစည်း၏ အထူးကွန်ဖရင့်ကို ခေါ်ယူခဲ့သည်။ လီနင်ဂရက်ပါတီဝင် အများတကာ့ အများစု (၉၇ ရာခိုင်နှုန်း) သည် ၁၄ ကြိမ် မြောက် ပါတီကွန်ဂရက်၏ ဆုံးဖြတ်ချက်များကို အပြည့်အဝ လက်ခံသဘောတူလိုက်ပြီး၊ ပါတီဆန့်ကျင်ရေး ဇီနိုဗစ်ဝါဒီ “အတိုက် အခံသစ်”များကို ရှုတ်ချလိုက်သည်။ ထိုအချိန်တွင် “အတိုက်အခံသစ်” များသည် စစ်တပ်မရှိသည့် ဗိုလ်ချုပ်များ ဖြစ်နေကြသည်။

လီနင်ဂရက်ဘော်ရှီဗစ်များသည် လီနင်၊ စတာလင်တို့၏ ပါတီ၏ ရှေ့တန်းစစ်မျက်နှာတွင် ရပ်မြဲရပ်တည်လျက်ရှိသည်။

၁၄ ကြိမ်မြောက် ပါတီကွန်ဂရက်၏ ရရှိချက်များကို နိဂုံးချုပ်ရာ၌ ရဲဘော်စတာလင်က “ဆိုဗီယက်ယူနီယံကွန်မြူနစ်ပါတီ (ဘော်ရှီဗစ်) ၏ ၁၄ ကြိမ်မြောက်ကွန်ဂရက်၏ သမိုင်းဝင်ထူးခြားချက်မှာ အတိုက်အခံသစ်များအမှား၏ တကယ့်ဇစ်မြစ်ကို ဖော်ထုတ်ဖွင့်ချနိုင်ခြင်း၊ ၎င်းတို့၏ သံသယနှင့် အပိုစကား အချွဲအပစ်များကို ပစ်ပယ်လိုက်နိုင်ခြင်း၊ ဆိုရှယ်လစ်စနစ်၏ ရှေ့တိုက်ပွဲလမ်းကြောင်းကို ရှင်းလင်းသေချာကျနစွာ ညွှန်ပြလိုက်ခြင်း၊ ပါတီအတွက် အောင်ပွဲအလားအလာကို ဖော်ထုတ်ပြသလိုက်ခြင်းနှင့် ဤနည်းဖြင့် ပစ္စည်းမဲ့များအား ဆိုရှယ်လစ်စနစ်တည်ဆောက်ရေး အောင်ပွဲအပေါ် မယိမ်းမယိုင် ယုံကြည်မှုကို ပေးလိုက်နိုင်သည့် အချက်ပင်ဖြစ်တော့သည်ဟု” ရေးသားခဲ့သည်။

## အကျဉ်းချုပ်

ငြိမ်းချမ်းစွာ စီးပွားရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းအတွက် ကူးပြောင်းရေးကာလနှစ်များသည် ဗော်ရှီဗစ်ပါတီသမိုင်းတွင် အရေးကြီးဆုံး အချက်အချာကာလပင်ဖြစ်သည်။ တင်းမာသည့် အခြေအနေအောက်တွင် ပါတီသည် စစ်ကွန်မြူနစ်ပေါ်လစီမှ စီးပွားရေးပေါ်လစီသစ်သို့ လှည့်ပြောင်းသည့် ခက်ခဲသည့်လုပ်ငန်းကို အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့သည်။ ပါတီသည် စီးပွားရေးသစ် အခြေခံ အုတ်မြစ်ပေါ်တွင် အလုပ်သမား၊ လယ်သမား မဟာမိတ်ဖွဲ့မှုကို ပိုမိုအင်အားတော့်တင်းစေခဲ့သည်။ ဆိုဗီယက် ဆိုရှယ်လစ်သမ္မတနိုင်ငံများတွင် ပြည်ထောင်စုကို တည်ထောင်လိုက်နိုင်သည်။

စီးပွားရေးပေါ်လစီသစ်ကြောင့် တိုင်းပြည်၏စီးပွားရေးဘဝကို ပြည်လည်ထူထောင်ရာတွင် ထင်ရှားသိသာသော အကျိုးကျေးဇူးများရရှိခဲ့သည်။ ဆိုဗီယက်ယူနီယံသည် စီးပွားရေးပြန်လည်ထူထောင်ရေးကာလအတွင်း အောင်ပွဲနှင့် ထွက်ပေါ်လာပြီး ကာလသစ်ဖြစ်သော စက်မှုတပ်ဆင်သည့် ကာလသို့ ဝင်ရောက်လာသည်။

ပြည်တွင်းစစ်မှ ငြိမ်းချမ်းစွာ ဆိုရှယ်လစ် တည်ဆောက်ရေးသို့ ကူးပြောင်းရာတွင် အလွန်ကြီးမားသည့် အခက်အခဲများကို အထူးသဖြင့် အစောပိုင်းကာလများတွင် တွေ့ကြုံခဲ့ရသည်။ ဘော်ရှီဗစ်ဝါဒ၏ ရန်သူများ၊ ဆိုဗီယက်ယူနီယံကွန်မြူနစ်ပါတီ (ဘော်ရှီဗစ်)အတွင်းရှိ ပါတီဆန့်ကျင်သည့် အစိတ်အပိုင်းများသည် လီနင်ပါတီကို ဤကာလတွင် တလျှောက်လုံး အပြင်းအထန် ဆန့်ကျင်တိုက်ပွဲဝင် ခဲ့ကြသည်။ ထရော့စကီသည် ဤပါတီဆန့်ကျင်သည့် အစိတ်အပိုင်းများကို ခေါင်းဆောင်ခဲ့သည်။ ဤတိုက်ပွဲတွင် သူ၏လက်ရုံးများမှာ ကဲမီနက်ဗ်၊ ဇီနိုဗစ်နှင့် ဘူခါရင်တို့ဖြစ်သည်။ လီနင်ကွယ်လွန်ပြီး နောက် အတိုက်အခံသမားများက ဘော်ရှီဗစ်ပါတီတွင်း စိတ်ဓာတ်ကျအောင်၊ ပါတီကွဲအောင် ရည် ရွယ်ပြီး ဆိုဗီယက်ယူနီယံ၌ ဆိုရှယ်လစ်စနစ် အောင်ပွဲခံနိုင်ခြေရှိမှုအပေါ် မယုံကြည်အောင် ဝါဒဖြန့် ကြသည်။ အမှန်စင်စစ်မှာမူ ထရော့စကီဝါဒီများသည် ဆိုဗီယက်ယူနီယံတွင် အခြားပါတီတရပ်၊ မှန်ရှင်သစ်များ၏ နိုင်ငံရေးအဖွဲ့အစည်း၊ မှန်ရှင်စနစ် ပြည်လည်ထူထောင်ရေးပါတီ ထူထောင်ရန် ကြိုးစားလာခြင်းဖြစ်သည်။

ပါတီသည် လီနင် အလံတော်အောက်တွင် လီနင်ဝါဒီ ဗဟိုကော်မတီ၏ပတ်လည်၊ ရဲဘော်စတာလင် ပတ်လည်တွင် စုရုံးခဲ့ကြပြီး ထရော့စကီဝါဒီများကိုရောနှင့် ၎င်းတို့၏ မိတ်ဆွေသစ် လီနင်ဂရက်ရှိ ဇီနိုဗစ်၊ ကဲမီနက်ဗ် အတိုက်အခံသစ်ကိုပါ ချေမှုန်းပစ်လိုက်သည်။

အင်အားစွမ်းရည်နှင့် အခြေခံအရင်းအမြစ်များကို စုစည်းပြီးနောက် ဘော်ရှီဗစ်ပါတီသည် တိုင်းပြည်ကို သမိုင်းတွင်အဆင့်သစ်တခုဖြစ်သော ဆိုရှယ်လစ်စက်မှုတပ်ဆင်သည့်အဆင့်သို့ ရောက်ရှိစေခဲ့သည်။

# အခန်း (၁၀)
# တိုင်းပြည်အား ဆိုရှယ်လစ်စက်မှုလက်မှုတပ်ဆင်ရေး တိုက်ပွဲအတွင်းမှ ဘော်ရှီဗစ်ပါတီ (၁၉၂၆-၁၉၂၉)

**၁။ ဆိုရှယ်လစ် စက်မှုလက်မှုတပ်ဆင်ရေး ကာလအတွင်းမှ အခက်အခဲများနှင့် ၎င်းတို့ကို ကျော်နင်းနိုင်ရန်အတွက်တိုက်ပွဲများ၊ ထရော့စကီဝါဒီများနှင့် ဇီနိုဗစ်ဝါဒီများ ပါတီဆန့်ကျင်ရေးအုပ်စုဖွဲ့ခြင်း၊ ထိုအုပ်စု၏ ဆိုဗီယက်ဆန့်ကျင်ရေး လှုပ်ရှားမှုများအုပ်စုရှုံးနိမ့်သွားခြင်း။**

၁၄ ကြိမ်မြောက် ကွန်ဂရက်ပြီးနောက် ပါတီသည် ဆိုဗီယက်အစိုးရ၏ အထွေထွေလမ်းစဉ်ဖြစ်သော တိုင်းပြည်အား ဆိုရှယ်လစ်စက်မှုတပ်ဆင်ရေးကို အကောင်အထည်ဖော်ရန်အတွက် အပြင်းအထန် ကြိုးစားလုံးပန်းတိုက်ပွဲဝင်ရတော့သည်။ ပြန်လည်ထူထောင်ရေး ကာလအတွင်း လုပ်ငန်းတာဝန်အားလုံးထဲတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို ပြန်လည်အသက်သွင်းရေးမှာ ရှေ့ဆုံးကဖြစ်ပြီး ဤနည်းအားဖြင့် ကုန်ကြမ်းပစ္စည်းများနှင့် စားနပ်ရိက္ခာများရရှိလာသော စက်မှုလုပ်ငန်းများ တည်ရှိနေသည့် စက်ရုံအလုပ်ရုံများကို ပြန်လည်ထူထောင် လည်ပတ်စေနိုင်မည်ဖြစ်သည်။

ဆိုဗီယက်အစိုးရသည် ဤတာဝန်ကို နှိုင်းယှဉ်ချက်အရ သက်တောင့်သက်သာ လွယ်ကူစွာဖြင့် ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့သည်။

သို့သော် ပြန်လည်ထူထောင်ရေးကာလတွင် အဓိကအားနည်း၊ ချို့ယွင်းချက် သုံးချက်ရှိခဲ့သည်။ ပထမအချက်မှာ စက်ရုံအလုပ်ရုံများမှာ အိုမင်းနေပြီး တပ်ဆင်ထားသည့် စက်ကိရိယာများမှာလည်း ရှေးကျပြောင်းနွမ်းနေကာ မကြာမီအတွင်း လည်ပတ်နိုင်တော့မည် မဟုတ်ခြင်းဖြစ်သည်။ ယခုတာဝန်မှာ ၎င်းတို့ကို ခေတ်မီကိရိယာများနှင့် ပြန်လည်တပ်ဆင်ရန်ဖြစ်သည်။

ဒုတိယအချက်မှာ ပြန်လည်ထူထောင်ရေးကာလအတွင်းရှိ စက်မှုလုပ်ငန်းသည် အလွန်ကျဉ်းမြောင်းသည့် အခြေခံအုတ်မြစ်ပေါ်တွင် တည်ရှိနေသည်။ တိုင်းပြည်တွင် မရှိမဖြစ် လုံးဝလိုအပ်နေ သော

စက်ကိရိယာ တည်ဆောက်သည့် လုပ်ငန်းကြီးများ ချို့တဲ့နေသည်။ ဤကဲ့သို့သော လုပ်ငန်းကြီး များကို ရာနှင့်ချီ၍ တည်ဆောက်ရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤလုပ်ငန်းကြီးများ မရှိပါက မည်သည့်တိုင်းပြည်မျှ အစစ်အမှန် စက်မှုလက်မှု တပ်ဆင်ပြီးဖြစ်သည်ဟု မပြောဆိုနိုင်သော ကြောင့်ဖြစ်သည်။ ယခုလက်ရှိတာဝန်မှာ ဤလုပ်ငန်းကြီးများကို တည်ဆောက်ပြီး ခေတ်မီကရိယာများ တပ်ဆင်ရန်ဖြစ်သည်။

တတိယအချက်မှာ ဤကာလအတွင်းရှိ စက်မှုလုပ်ငန်းများမှာ များသောအားဖြင့် အသေးစား သို့မဟုတ် အပေါ့စား စက်မှုလုပ်ငန်းများ ဖြစ်နေခြင်းဖြစ်သည်။ ဤလုပ်ငန်းများသည် ဖြစ်ပေါ်တိုး တက်နေပြီး ကောင်းကောင်းရပ်တည်နေနိုင်ပြီ ဖြစ်သည်။ သို့သော်အကြီးစား စက်မှုလုပ်ငန်းများ အားနည်းမှုကြောင့် အသေးစားစက်မှုလုပ်ငန်းများမှာ တစုံတရာသော အချက်ထက် ကျော်လွန်၍ ဆက်လက်ဖြစ်ပေါ်တိုးတက်ရန် အတားအဆီး အခက်အခဲများနှင့် ကြုံတွေ့နေရသည်။ တိုင်းပြည်တွင် အကြီးစားစက်မှုလုပ်ငန်း ကောင်းကောင်း ဖြစ်ပေါ်တိုးတက်မှသာလျှင် အခြားလိုအပ်ချက်များ ပြည့်ဝနိုင်မည် ဆိုသောအချက်မှာ ပြောရန်ပင်မလိုချေ။ ယခုလက်ရှိလုပ်ငန်းတာဝန်မှာ အသေးစား စက်မှုလုပ်ငန်းကို ဦးစားပေးပြီး သတ်မှတ်ရန်ပင်ဖြစ်သည်။

ဤလုပ်ငန်းတာဝန်သစ်အားလုံးကို ဆိုရှယ်လစ်စက်မှုလက်မှုတပ်ဆင်ရေးပေါ်လစီက အောင် မြင်အောင် ထမ်းဆောင်ရန်ဖြစ်သည်။

ဇာဘုရင့် ရုရှား၌ မရှိခဲ့ဘူးသည့် စက်မှုလုပ်ငန်းများဖြစ်သော စက်ယန္တရားသစ်များ စက်ကိ ရိယာများ တန်ဆာပလာများ၊ မော်တော်ကား၊ ဓာတုပစ္စည်းများ၊ သံနှင့်သံမဏိ စက်ရုံကြီးများ စသည့် စက်မှုလုပ်ငန်းသစ်များ အများအပြားကို တည်ဆောက်ပြီး အင်ဂျင်စက်များနှင့် စွမ်းအား ဆိုင်ရာကိရိယာများ ထုတ်လုပ်ရေးအတွက် စည်းရုံးလုပ်ဆောင်ကာ သတ္တုရိုင်းနှင့် ကျောက်မီးသွေး တူးဖော်ရေးတို့ကို တိုးတက်လုပ်ကိုင်ရန် လိုအပ်နေသည်။ ဤသည်တို့မှာ ဆိုဗီယက်ပြည်ထောင်စု၌ ဆိုရှစ်လစ်စနစ် အောင်ပွဲခံရေးအတွက် လိုအပ်ချက်ဖြစ်သည်။

လက်နက်ကိရိယာ အသစ်အဆန်းများထုတ်လုပ်သည့် စက်မှုလုပ်ငန်းများ ဖန်တီးရန် အ မြောက်များ၊ အမြောက်ဆံများ၊ လေယာဉ်ပျံများ၊ တင့်ကားများနှင့် စက်သေနတ်များ ထုတ်လုပ်ရေး အတွက် လုပ်ငန်းသစ်များ ထူထောင်ရန်လိုအပ်သည်။ ဤသည်တို့ မှာ အရင်းရှင်ကမ္ဘာက ဝိုင်းရံထား သည့် ဆိုဗီယက်ပြည်ထောင်စု ကာကွယ်ရေးအတွက် လိုအပ်ချက်ဖြစ်သည်။

ခေတ်မီစိုက်ပျိုးရေး စက်ယန္တရားများ ထုတ်လုပ်ရန်အတွက် လယ်ထွန်စက်လုပ်ငန်းများနှင့် အလုပ်ရုံကြီးများ တည်ဆောက်ပြီး ထိုစက်ကိရိယာများဖြင့် လယ်ယာစိုက်ပျိုးရေးကို တပ်ဆင်ဖြည့် ဆည်းပေးရန်လိုအပ်သည်။ သို့မှသာ တသီးပုဂ္ဂလိက လယ်သမားကလေး သန်းပေါင်းများစွာတို့၏ လယ်ယာများကို အကြီးစားစုပေါင်းပိုင်ဆိုင်သည့် လယ်ယာမြေများ အဖြစ်သို့ ပြောင်းလဲ နိုင်မည်ဖြစ် သည်။ ဤသည်တို့မှာ ကျေးလက်ဒေသ၌ ဆိုရှစ်လစ်စနစ်အောင်ပွဲခံရေးအတွက် လိုအပ်ချက် ဖြစ်သည်၊ ဤအရာအားလုံးကို စက်မှုတပ်ဆင်ရေး ပေါ်လစီက အောင်မြင်ရရှိရန်ဖြစ်သည်။ တိုင်းပြည် အား စက်မှုတပ်ဆင်ခြင်းဆိုသည်မှာ ဤသည်ကို ဆိုလိုခြင်းဖြစ်သည်။

ဤမျှကြီးမားသည့် အတိုင်းအတာရှိသည့် တည်ဆောက်ရေးလုပ်ငန်းမှာ ရူဘယ်ငွေသန်းပေါင်း ထောင်နှင့်ချီ၍ လိုအပ်မည်ဖြစ်ကြောင်း ရှင်းနေသည်။ အရင်းရှင်နိုင်ငံများက ချေးငွေများ ထုတ်ချေးရန်

ငြင်းဆိုနေသည့်အတွက် နိုင်ငံခြားဈေးငွေများအပေါ် မှီခိုရန်မှာ မစဉ်းစားနိုင်ချေ၊ ကျွန်တော်တို့သည် နိုင်ငံခြားအကူအညီမပါဘဲ မိမိတို့ အရင်းအမြစ်များပေါ်တွင်သာ တည်ဆောက်ရန်ဖြစ်သည်။ ထိုအချိန်က ကျွန်တော်တို့တိုင်းပြည်မှာ ဆင်းရဲသောတိုင်းပြည်တပြည် ဖြစ်နေသည်။

ဤသည်မှာ အဓိကအခက်အခဲများမှ တခုဖြစ်သည်။

အရင်းရှင်နိုင်ငံများသည် လုပ်ရိုးလုပ်စဉ်အရ အကြီးစားစက်မှုလက်ငန်းများ တည်ဆောက်ရာတွင် နိုင်ငံခြားမှရရှိသည့် ရန်ပုံငွေများ ၊ ကိုလိုနီသွေးစုပ်မှုများမှလည်းကောင်း၊ စစ်အနိုင်ခံရသည့် နိုင်ငံများဆီမှ စစ်လျော်ကြေးများ ရယူခြင်းများမှလည်းကောင်း၊ နိုင်ငံခြားဈေးငွေများမှလည်းကောင်း၊ ရရှိသည့်ရန်ပုံငွေများဖြင့် တည်ဆောက်ကြသည်။ ဆိုဗီယက်ယူနီယံသည် ကိုလိုနီများနှင့် စစ်အနိုင်ခံရသည့် နိုင်ငံများကို သွေးစုပ်ပြီး ရန်ပုံငွေယူသည့် ဤနာမည်ပျက်လှသော နည်းနာများကို မူအရပင် အသုံးမပြုနိုင်ချေ။ နိုင်ငံခြားဈေးငွေနှင့်ပတ်သက်၍မူ အရင်းရှင်နိုင်ငံများက ငြင်းဆိုနေသဖြင့် ဆိုဗီယက်ယူနီယံအဖို့ လမ်းပိတ်နေသည်။ ရန်ပုံငွေမှာ တိုင်းပြည်တွင်းမှာပင် ရှာဖွေရရှိရန်ဖြစ်ပါတော့သည်။

ရှာလည်းရှာဖွေ တွေ့ရှိခဲ့သည်။ ဆိုဗီယက်ပြည်ထောင်စုတွင် ဘဏ္ဍာရေး ရေသောက်မြစ်များကို အခြားမည်သည့် အရင်းရှင်နိုင်ငံများမှာမှ မရရှိနိုင်သည့်နေရာများမှ ရယူခဲ့သည်။ ဆိုဗီယက်နိုင်ငံတော်သည် အရင်းရှင်များ မြေရှင်များထံမှ အောက်တိုဘာ ဆိုရှစ်လစ်တော်လှန်ရေးက လုယူထားလိုက်သည့် စက်ရုံ၊ အလုပ်ရုံ နှင့်လယ်ယာမြေအားလုံး၊ သယ်ယူပို့ဆောင်ရေးလမ်းအားလုံး ဘဏ်တိုက်များနှင့် ပြည်တွင်းပြည်ပ ကုန်သွယ်ရေးလုပ်ငန်းများကို သိမ်းယူလိုက်သည်။ နိုင်ငံတော်ပိုင် စက်ရုံအလုပ်ရုံများမှလည်းကောင်း၊ သယ်ယူပို့ဆောင်ရေးလမ်းများ၊ ဘဏ်များနှင့် ကုန်သွယ်ရေးလုပ်ငန်းများမှလည်းကောင်း ၊ ရရှိသည့် အမြတ်အစွန်းများသည် ယခုအခါတွင် ကပ်ပါးအရင်းရှင်လူတန်းစား အိတ်ထဲသို့ ရောက်ရှိသွားခြင်းမရှိတော့ဘဲ စက်မှုလုပ်ငန်း ဆက်လက်တိုးချဲ့ လုပ်ဆောင်ရန် ရောက်ရှိသွားတော့သည်။

ဆိုဗီယက်အစိုးရသည်၊ ဇာဘုရင်၏ ကြွေးများကို ဖျက်သိမ်းပစ်လိုက်သည်။ နှစ်စဉ်ပြည်သူများသည်၊ အတိုးအတွက်ပင် ရှူဘယ်ရွှေသန်းရာနှင့်ချီ၍ ပေးဆပ်နေခဲ့ကြရသည်။ မြေယာများအားမြေရှင်များပိုင်ဆိုင်ခွင့်ကို ဖျက်သိမ်းလိုက်ခြင်းဖြင့် ဆိုဗီယက်အစိုးရသည် နှစ်စဉ်လယ်သမားများ မြေငှားခအဖြစ် ပေးနေရသည့် ရှူဘယ်ရွှေသန်း ၅၀၀ ကို သက်သာခွင့်ရစေ လိုက်သည်။ ဤဝန်ထုပ်ဝန်ပိုးမှ လွတ်မြောက်ပြီးနောက် လယ်သမားထုသည် နိုင်ငံတော်ကို အင်အားတောင့်တင်းသည့် စက်မှုလုပ်ငန်းသစ်များ တည်ဆောက်ရန်ကူညီမည့် အနေအထားသို့ ရောက်ရှိလာသည်။ လယ်သမားများသည် လယ်ထွန်စက်များနှင့် တခြားစိုက်ပျိုးရေး စက်ယန္တရားများရရှိရန် အလွန်အမင်း စိတ်ဝင်စားလာကြသည်။

ဤဝင်ငွေ အရင်းအမြစ်အားလုံးသည် ဆိုဗီယက်နိုင်ငံတော်၏ လက်တွင်းတွင်ရှိပါသည်။ ဤသည်များမှာ အကြီးစား စက်မှုလုပ်ငန်းများတည်ထောင်ရန် ရှူဘယ်သန်းပေါင်း ရာနှင့်ထောင်နှင့်ချီ၍ ထွက်လာနိုင်သည်။ လိုအပ်သည်မှာ စီးပွားရေး ဆန်ဆန်ချဉ်းကပ်မှု၊ ရန်ပုံငွေများကို တင်းကျပ်စွာ စနစ်တကျ ချွေတာသုံးစွဲမှု၊ စက်မှုလုပ်ငန်းများ အကုန်အကျသက်သာစေရန် ပြုပြင်ပြောင်းလဲခြင်း၊ ထုတ်လုပ်ရေးစရိတ်ကျဆင်းစေခြင်း ၊ ထုတ်လုပ်မှုမဟုတ်သည့် (Unproductive) အသုံးအစွဲများကို ဖြတ်တောက်ခြင်း အစရှိသည်တို့ ဖြစ်သည်။

ဤသည်မှာလည်း ဆိုဗီယက်အစိုးရ လက်ခံကျင့်သုံးလုပ်ဆောင်ခဲ့သည့် လမ်းကြောင်းဖြစ်ခဲ့ သည်၊ ၊ တင်းကျပ်သည့် စီးပွားရေး ချုပ်ကိုင်မှုကြောင့် အရင်းအနှီးဖြစ်ထွန်းမှုအတွက် ရရှိခဲ့သည့် ရန်ပုံငွေများမှာ တနှစ်ထက်တနှစ်တိုးများလာခဲ့သည်။ ဤသည်က အလွန်ကြီးမားလှသည့် တည်ဆောက်ရေးလုပ်ငန်းများဖြစ်သော ဒူနူးဘီရေအားလျှပ်စစ်စက်ရုံ၊ တာကစ္စတန်–ဆိုက်ဘေးရီးယား မီးရထားလမ်း၊ စတာလင်ဂရက် လယ်ထွန်စက်စက်ရုံ၊ စက်ကိရိယာလုပ်ငန်းများ၊ မော်တော်ကားလုပ်ငန်း (AMO-ZIS) စသည့် လုပ်ငန်းများကို စတင်တည်ဆောက်နိုင်စေခဲ့သည်။

၁၉၂၆–၂၇ ခုနှစ်အတွင်း စက်မှုလုပ်ငန်းများတွင် ရူဘယ်ငွေသန်း ၁,၀၀၀ နီးပါးမြှုပ်နှံနိုင်ပြီး နောက်သုံးနှစ်အကြာ ရူဘယ်သန်း ၅,၀၀၀ နီးပါးမြှုပ်နှံလာနိုင်သည် ကိုတွေ့ရှိရသည်။

စက်မှုတပ်ဆင်ခြင်းလုပ်ငန်းသည် မှန်မှန်တိုးတက်နေသည်။ အရင်းရှင်နိုင်ငံများသည် ဆိုဗီယက်ယူနီယံရှိ ဆိုရှယ်လစ် စီးပွားရေးစနစ် အင်အားကြီးထွားလာမှုအပေါ် အရင်းရှင်စနစ်တည်ရှိမှု၏ အန္တရာယ်တရပ်အဖြစ် ကြည့်မြင်ခဲ့သည်။ ထို့ကြောင့်ပင် နယ်ချဲ့နိုင်ငံများသည် ဆိုဗီယက်ယူနီယံကို ဖိအားသစ်များပေးရန် တိုင်းပြည်တွင်း မတည်မငြိမ် မကျေမနပ် ဖြစ်စေမှုများကို ဖန်တီးရန် ဆိုဗီယက်ယူနီယံ စက်မှုလက်မှုတပ်ဆင်ရေးလုပ်ငန်းကို ပျက်ပြားစေရန် သို့မဟုတ် အနည်းဆုံး တားဆီးပိတ်ပင်နိုင်ရန် သူတို့ လုပ်နိုင်သမျှ အားလုံးလုပ်ဆောင်ခဲ့ကြသည်။

၁၉၂၇ ခု မေလတွင် ထိုအချိန်က အာဏာရနေသော ဗြိတိသျှကွန်ဆာဗေးတစ် ခေါင်းမာဂိုဏ်းက Arcos (ဗြိတိန်ရှိ ဆိုဗီယက်ကုန်သွယ်ရေးဌာန)ကို ရန်စသည့် ဝင်ရောက်စီးနင်းမှု ပြုလုပ်လိုက်သည်။ ၁၉၂၇ မေလ ၂၆ ရက်တွင် ဗြိတိသျှကွန်ဆာဗေးတစ်အစိုးရသည့် ဆိုဗီယက်ယူနီယံနှင့် သံတမန်နှင့် ကုန်သွယ်ရေးဆက်ဆံမှုများကို ဖြတ်တောက်လိုက်သည်။

၁၉၂၇ ဇွန်လ ၇ ရက်တွင် ဝါဆောရှိ ဆိုဗီယက်သံအမတ်ကြီး ရဲဘော်ဗိုကော့ဗ် (Voikov) သည် ပိုလန်နိုင်ငံသားအဖြစ်ခံယူထားသည့် ရုရှားတပ်ဖြူသူလျှိုတဦး၏ လုပ်ကြံသတ်ဖြတ်မှုခံလိုက်ရသည်။

ဤအချိန်လောက်မှာပင် ဆိုဗီယက်ယူနီယံ၌လည်း ဗြိတိသျှသူလျှိုများနှင့် လမ်းလွှဲရေးသမားများသည် လီနင်ဂရက်ရှိ ပါတီကလပ်တခုမှာ ပြုလုပ်နေသည့် အစည်းအဝေး၌ ဗုံးပစ်သွင်းခဲ့ပြီး လူ ၃၀ ဒဏ်ရာရစေခဲ့ရာ အချို့သူများ၏ ဒဏ်ရာမှာ အတော်ပြင်းထန်သည်။

၁၉၂၇ ခုနွေရာသီတွင် ဘာလင်၊ ပီကင်း၊ ရှန်ဟဲ၊ ထျန်ကျင်းရှိ ဆိုဗီယက်သံရုံးများနှင့် ကုန်သွယ်ရေးကိုယ်စားလှယ်ဌာနများမှာ တချိန်တည်းနီးပါး ဝင်ရောက်စီးနင်း တိုက်ခိုက်ခြင်းခံရသည်။

ဤသည်က ဆိုဗီယက်အာဏာ၏ အခက်အခဲများကို ထပ်မံတိုးစေခဲ့သည်။ သို့သော် ဆိုဗီယက်ယူနီယံသည် အခြိမ်းခြောက်မခံဘဲ နယ်ချဲ့သမားများနှင့် ၎င်းတို့၏ သူလျှိုများက ရန်စကြိုးပမ်းမှုများကို အလွယ်တကူ တွန်းလှန်လိုက်သည်။ ထရော့စကီဝါဒီများနှင့် အခြားအတိုက်အခံများ၏ အဖျက်လုပ်ငန်းများကြောင့် ပါတီနှင့် ဆိုဗီယက်နိုင်ငံတော် ကြုံတွေ့ရသည့် အခက်အခဲများမှာလည်း မသေးလှချေ၊ ဆိုဗီယက်အာဏာကို ဆန့်ကျင်ရန်အတွက် ချိန်ဘာလိန်မှအစ ထရော့စကီအထိ တပ်ပေါင်းစုသဏ္ဍာန်မျိုးတခု ထူထောင်လိုက်သည်ဟု ရဲဘော်စတာလင်ကဆိုရာ၌ အကျိုးအကြောင်း ရှိသည်။ ၁၄ ကြိမ်မြောက်ပါတီ ကွန်ဂရက်၏ ဆုံးဖြတ်ချက်များနှင့် အတိုက်အခံသမားများ၏ သစ္စာစောင့်သိရန် ဝန်ခံကတိပြုချက်များ ရှိခဲ့သော်လည်း အတိုက်အခံသမားများသည် အလျှော့မပေးသေးချေ၊ ဆန့်

ကျင်စွာပင် သူတို့သည်ပါတီကို အင်အားချည့်နဲ့စေရန်နှင့် ကွဲပြဲရန် ၎င်းတို့၏ ကြိုးပမ်းချက်များကို ပိုမိုအားဖြည့်လုပ်ဆောင်ခဲ့သည်။

၁၉၂၆ ခု နွေရာသီတွင် ထရော့စကီဝါဒီများနှင့် ဇီနိုဗစ်ဝါဒီများပူးပေါင်းပြီး ပါတီဆန့်ကျင် ရေးအုပ်စု တည်ထောင်ခဲ့သည်။ ဤအုပ်စုများကို ရှုံးနိမ့်သွားသည့် အတိုက်အခံအဖွဲ့များ အားလုံးမှ အကြွင်းအကျန်များ စုစည်းသည့်နေရာဖြစ်စေပြီး ၎င်းတို့၏ လီနင်ဆန့်ကျင်သော လျှို့ဝှက်ပါတီ တရပ်အတွက် အခြေခံအုတ်မြစ်ချလိုက်သည်။ ဤနည်းဖြင့် ဂိုဏ်းအုပ်စုများ ဖွဲ့ခြင်းကို တားမြစ်ထားသည့် ပါတီစည်းကမ်းများနှင့် ပါတီကွန်ဂရက် ဆုံးဖြတ်ချက်များကို လုံးဝဖောက်ဖျက်လိုက်သည်။ ပါတီဗဟိုကော်မတီက နာမည်ပျက်လှသော မင်ရှီဗစ်များ၏ ဩဂုတ်လအုပ်စုနှင့် သဏ္ဍာန်တူသည့် ဤပါတီဆန့်ကျင်ရေးအုပ်စုကို မဖျက်သိမ်းပါက ၎င်း၏နောက်လိုက်များအတွက် ပြဿနာများ အဆုံးသတ်ကောင်းမည် မဟုတ်ကြောင်း သတိပေးခဲ့သည်။ သို့သော် ထိုအုပ်စု နောက်လိုက်များသည် မရပ်တန့်ခဲ့ချေ။

ထိုဆောင်းဦးရာသီတွင် ၁၅ ကြိမ်မြောက် ပါတီကွန်ဂရက် အကြိုကာလ၌ သူတို့သည် မော်စကို၊ လီနင်ဂရက်နှင့် အခြား မြို့ကြီးများရှိ စက်ရုံပါတီအစည်းအဝေးများ၌ စတင်တိုက်ခိုက်လာပြီး ပါတီကို ဆွေးနွေးပွဲသစ်များ ပြုလုပ်ပေးရန် ဖိအားပေး ကြိုးပမ်းလာကြသည်။ သူတို့က ပါတီဝင်များအား ဆွေးနွေးရန်တိုက်တွန်းလာသည့် မူများမှာ ကြားနေကျ လီနင်ဆန့်ကျင်သည့် ထရော့စကီ–မင်ရှီဗစ်မူများကို အသစ်မွမ်းမံထားသည်များသာ ဖြစ်သည်။ ပါတီဝင်များသည် အတိုက်အခံများကို ပြင်းပြင်းထန်ထန်ငြင်းပယ်လိုက်ပြီး အချို့နေရာများတွင်မူ အစည်းအဝေးများတွင်းမှ သူတို့ကိုနှင်ထုတ်ပစ်လိုက်ပါသည်။ ဗဟိုကော်မတီက ထိုအုပ်စုထောက်ခံသူများကို ထပ်မံ၍ ပြင်းပြင်းထန်ထန် သတိပေးလိုက်ပြီး ပါတီသည်သူတို့၏ အဖျက်လုပ်ငန်းများကို ဆက်လက်သည်း ခံနိုင်တော့မည် မဟုတ်ကြောင်း ကြေညာခဲ့သည်။

ထိုအခါ အတိုက်အခံများသည် ဗဟိုကော်မတီသို့ ထရော့စကီ၊ ဇီနိုဗစ်၊ ကဲမီနက်ဗ်၊ ဆိုကိုလ်နီကောဗ့်တို့ လက်မှတ်ရေးထိုးထားသော စာတမ်းတစောင်တင်သွင်းပြီး သူတို့ကိုယ်တိုင်၏ ဂိုဏ်းခွဲရေးလုပ်ငန်းများကို ရှုတ်ချကာ အနာဂတ်တွင် သစ္စာစောင့်သိပါမည်ဖြစ်ကြောင်း ကတိပြုခဲ့ သည်၊ ၊ သို့သော် ထိုအုပ်စုသည် ဆက်လက်တည်ရှိနေပြီး ၎င်း၏ နောက်လိုက်များကလည်း ပါတီ ဆန့်ကျင့်ရေး လျှို့ဝှက်ရေးလုပ်ငန်းများကို ရပ်ဆိုင်းခြင်းမပြုခဲ့ချေ။ သူတို့သည် လီနင်ဆန့်ကျင်ရေး ပါတီတရပ် စုစည်းဖွဲ့စည်းရေးကို ဆက်လက်လုပ်ဆောင်နေကြပြီး တရားမဝင် ပုံနှိပ်ထုတ်ဝေခြင်းများ စတင်လုပ်ဆောင်နေကာ ၎င်းတို့၏ ထောက်ခံသူများထံမှ အဖွဲ့ဝင်ကြေးများ ကောက်ခံလျက် ၎င်းတို့မူဝါဒများကို ဖြန့်ချိနေသည်။

ထရော့စကီဝါဒီနှင့် ဇီနိုဗစ်ဝါဒီများ၏ အပြုအမူများကြောင့် ၁၅ ကြိမ်မြောက် ပါတီကွန်ဂရက် (၁၉၂၆ နိုဝင်ဘာ) နှင့် ကွန်မြူနစ်အင်တာနေရှင်နယ် အလုပ်အမှုဆောင်အဖွဲ့ တိုးချဲ့အစည်းအဝေး (၁၉၂၆ ဒီဇင်ဘာ) တို့တွင် ထရော့စကီဝါဒီနှင့် ဇီနိုဗစ်ဝါဒီများ၏ အုပ်စုနှင့် ပတ်သက်သော ပြဿနာကို ဆွေးနွေးကာ ဤအုပ်စုကို ထောက်ခံသူများမှာ ပြောင် မင်ရှီဗစ်ဝါဒမူများကို ကိုင်စွဲထား သည့် ဂိုဏ်ခွဲရေးသမားဖြစ်ကြောင်း ရှုတ်ချပြစ်တင်သည့် ဆုံးဖြတ်ချက်ကို ချမှတ်လိုက်သည်။

သို့သော် ဤသည်ပင် သူတို့ကို အသိတရားရစေခြင်းငှာ မတတ်နိုင်ခဲ့ချေ။ ၁၉၂၇ ခု တွင် ဗြိတိသျှကွန်ဆာဗေးတစ်များက ဆိုဗီယက်ပြည်တောင်စုနှင့် သံတမန်နှင့် ကုန်သွယ်ရေး ဆက်ဆံမှု အားလုံးဖြတ်တောက်ချိန်တွင်ပင် ထိုအုပ်စုသည် ပါတီကို အားသစ်အင်သစ်ဖြင့် တိုက်ခိုက်လာသည်။ လီနင်ဝါဒဆန့်ကျင်ရေးမှု အသစ်ဖြစ်သော "၈၃ ဦး၏ ကြေညာချက်" ဆိုသည်ကို တီထွင်ဉာဏ် ဆင်လာပြီး ပါတီဝင်များအကြား စတင်ဖြန့်ချိလာကာ တချိန်တည်းတွင် ဗဟိုကော်မတီ အထွေထွေ ပါတီဆွေးနွေးပွဲအသစ်များ လုပ်ဆောင်ပေးရန် တောင်းဆိုလိုက်သည်။

ဤသည်မှာ အတိုက်အခံအားလုံးထဲတွင် မမှန်ကန်ဆုံးနှင့် မိမိသာလျှင်မှန်သည်ဟု အထင် ဆုံးသော ကြေညာချက်ဖြစ်ဟန်ရှိပေသည်။

၎င်းတို့၏ ကြေညာချက်တွင် ထရော့စကီဝါဒီနှင့် ဇီနိုဗစ်ဝါဒီများက သူတို့သည် ပါတီ၏ ဆုံးဖြတ်ချက်များ၊ လိုက်နာလုပ်ဆောင်ရေးကို မည်သို့မျှ ထင်မြင်ချက်မရှိကြောင်းနှင့် သူတို့အားလုံးက ပါတီအပေါ် သစ္စာစောင့်သိရေးကို အလေးထားကြောင်း ဖွင့်ဟဝန်ခံထားသော်လည်း အမှန်စင်စစ်မှာမူ သူတို့သည် ပါတီ၏ ဆုံးဖြတ်ချက်များကို ပြောင်ချိုးဖောက်ကြပြီး ပါတီနှင့် ဗဟိုကော်မတီအပေါ် သစ္စာ ရှိရေးအတွေးအခေါ်ကို ပျက်ရယ်ပြုခဲ့သည်။

၎င်းတို့၏ ကြေညာချက်တွင် ၎င်းတို့ကပါတီတွင်း သွေးစည်းညီညွတ်ရေးအပေါ် မည်သို့မျှ ထင်မြင်ချက်မရှိကြောင်းနှင့် ဂိုဏ်းခွဲရေးများကို ဆန့်ကျင်ကြောင်း ဖွင့်ဟဝန်ခံထားသော်လည်း အမှန်စင် စစ်မှာမူ သူတို့သည် ပါတီ၏ သွေးစည်းညီညွတ်ရေးကို ပြောင်ချိုးဖောက်နေကြပြီး ဂိုဏ်းခွဲရေးအတွက် လုပ်ဆောင်နေကြသော ဆိုဗီယက်ဆန့်ကျင်သည့် တန်ပြန်တော်လှန်ရေး ပါတီတရပ်ဖြစ်လာရေး အ တွက် လိုအပ်ချက်အားလုံးရှိနေသည့် ၎င်းတို့ကိုယ်ပိုင်တရားမဝင် လီနင်ဆန့်ကျင်ရေး ပါတီတရပ် လည်း ရှိနေပြီးဖြစ်သည်။

၎င်းတို့၏ ကြေညာချက်တွင် ၎င်းတို့က စက်မှုတပ်ဆင်ရေးပေါ်လစီကို ထောက်ခံကြောင်းနှင့် ဗဟိုကော်မတီက စက်မှုတပ်ဆင်ခြင်းကို လျင်မြန်သင့်သလောက် လျင်မြန်စွာ မလုပ်ကိုင်ဟူ၍ပင် အပြစ်တင်ပြောဆိုသော်လည်း အမှန်စင်စစ်မှာမူ ဆိုဗီယက်ယူနီယံ၌ ဆိုရှယ်လစ်စနစ်အောင်ပွဲခံမှု အပေါ်၊ ပါတီ၏ ဆုံးဖြတ်ချက်အပေါ် အပြစ်ရှာကာ ဆိုရှယ်လစ်စက်မှုလက်မှု တပ်ဆင်ခြင်းပေါ်လစီ အပေါ် ပျက်ရယ်ပြုပြီး စက်ရုံအလုပ်ရုံအချို့ကို နိုင်ငံခြားများသို့ အထူးအခွင့်အရေးပုံစံဖြင့် ပေးအပ်ရန် တောင်းဆိုလာသည်။ ဆိုဗီယက်ယူနီယံတွင် နိုင်ငံခြားအရင်းရှင်များ၏ အထူးအခွင့်အရေးများအပေါ် သူတို့၏ အဓိကမျှော်လင့်ချက်များကို ပုံထားလိုက်သည်။

၎င်းတို့၏ ကြေညာချက်တွင် ၎င်းတို့က စုပေါင်းလယ်ယာလှုပ်ရှားမှုကို ထောက်ခံကြောင်းနှင့် ဗဟိုကော်မတီကို စုပေါင်းလုပ်ဆောင်ရေး အကောင်အထည်ဖော်ရာတွင် မြန်သင့်သလောက် မမြန် ဟူ၍ပင် အပြစ်တင်ပြောဆိုသော်လည်း အမှန်စင်စစ်မှာမူ သူတို့သည် လယ်သမားများကို ဆိုရှယ် လစ်တည်ဆောက်ရေးလုပ်ငန်းတွင် သွတ်သွင်းသည့် ပေါ်လစီကို ပျက်ရယ်ပြုကြပြီး အလုပ်သမား လူတန်းစားနှင့် လယ်သမားထုအကြား "မဖြေရှင်းနိုင်သည့်ပဋိပက္ခများ" မှာ မလွှဲမရှောင်သာဖြစ် ပေါ်နေသည်ဆိုသည့် အတွေးအခေါ်ကို ဖြန့်ချိဟောပြောနေကြသည်။ ကျေးလက်ရှိ "ယဉ်ကျေး သိမ်မွေ့သော လယ်မြေအငှားချသူများ" တနည်း– ကူးလတ်များအပေါ် ၎င်းတို့၏ မျှော်လင့်ချက်များ ကို ပုံထားလိုက်သည်။

ဤသည်မှာ အတိုက်အခံ ကြေညာချက်များအားလုံးထဲတွင် မမှန်ကန်ဆုံး အလိမ်ညာဆုံးသာ ဖြစ်တော့သည်။

ဤသည်မှာ ပါတီကိုလိမ်လည်လှည့်ဖြားရန်ဖြစ်သည်။

ဗဟိုကော်မတီက ရုတ်တရက်ချက်ချင်း အထွေထွေဆွေးနွေးပွဲ ကျင်းပပေးရန်ကို ငြင်းဆိုလိုက်သည်၊၊ ဗဟိုက အထွေထွေဆွေးနွေးပွဲကို ပါတီစည်းမျဉ်းများနှင့် အညီသာ လုပ်ဆောင်နိုင်ကြောင်း၊ ဆိုလိုသည်မှာ ပါတီကွန်ဂရက်မတိုင်မီ နှစ်လအလိုတွင်သာ လုပ်ဆောင်နိုင်ကြောင်း အတိုက်အခံများကို အကြောင်းကြားလိုက်ပါသည်။ ၁၅ ကြိမ်မြောက် ကွန်ဂရက်မတိုင်မီ နှစ်လအလိုတွင် ၁၉၂၇ ခု အောက်တိုဘာတွင် ပါတီဗဟိုကော်မတီက အထွေထွေပါတီ ဆွေးနွေးပွဲကို ကြေညာလိုက်ပြီး တိုက်ပွဲကို စတင်တော့သည်၊၊ ရလဒ်မှာ ထရော့စကီဝါဒီနှင့် ဇီနိုဗစ်ဝါဒီများ အုပ်စုအတွက် အမှန်ပင်ကြေကွဲစရာဖြစ်ပေသည်။ ပါတီဝင် ၇၂၄,၀၀၀ က ဗဟိုကော်မတီ၏ ပေါ်လစီကို ထောက်ခံခဲ့ပြီး ပါတီဝင် ၄,၀၀၀ သို့မဟုတ် ၁ ရာခိုင်နှုန်းထက် လျော့သူများက ထ ရော့စကီဝါဒီနှင့် ဇီနိုဗစ်ဝါဒီ အုပ်စုအတွက် ထောက်ခံမဲပေးခဲ့သည်။ ပါတီဆန့်ကျင်ရေးအုပ်စုကို လုံးဝချေမှုန်းလိုက်သည်။ ပါတီဝင် အများတကာ့ အများစုကြီးက တညီတညွတ်တည်းဖြင့် ပါတီဆန့်ကျင်သည့်အုပ်စုကို ပယ်ချလိုက်သည်။

ဤသည်မှာ ပါတီက ရှင်းလင်းစွာ ဖော်ပြလိုက်သော စိတ်ဆန္ဒဖြစ်ပြီး အတိုက်အခံများ ကိုယ်တိုင်က ဤပါတီဆုံးဖြတ်ချက်ကို တောင်းခံထားခြင်းဖြစ်သည်။

သို့သော် ဤအုပ်စုနောက်လိုက်များမှာ ဤသင်ခန်းစာကိုပင်ယူရန် ပျက်ကွက်ခဲ့သည်။ ပါတီ၏ ဆုံးဖြတ်ချက်ကို လိုက်နာလာရမည့်အစား ဤသည်ကို ဖျက်ဆီးရန် ဆုံးဖြတ်လိုက်ကြသည်။ ဆွေးနွေးပွဲများ မပြီးမီမှာပင် အရှက်တကွဲ အကျိုးနည်းရှုံးနိမ့်ရတော့မည်ကို သိရှိလာပြီးနောက် သူတို့သည် ပါတီနှင့် ဆိုဗီယက်အစိုးရကို ပိုမိုပြင်းထန်သည်းသန်သည့် သဏ္ဍာန်ဖြင့် တိုက်ပွဲဝင်ရန်နှင့် မော်စကိုနှင့် လီနင်ဂရက်တို့တွင် ပြောင်လူထုဆန္ဒပြပွဲများ လုပ်ဆောင်ရန် ဆုံးဖြတ်လိုက်သည်၊၊ ဆန္ဒပြပွဲ လုပ်ဆောင်ရန် ရွေးချယ်လိုက်သည့်နေ့မှာ ဆိုဗီယက်ပြည်ထောင်စုရှိ အလုပ်သမားပြည်သူများ တပြည်လုံး နှစ်စဉ်တော်လှန်ရေး အထိမ်းအမှတ် လူထုချီတက်ပွဲ ဆင်နွှဲနေကျဖြစ်သော နိုဝင်ဘာ ၇ ရက်နေ့ပင်ဖြစ်သည်။ ဤနည်းဖြင့် ထရော့စကီနှင့် ဇီနိုဗစ်ဝါဒီများသည် စင်ပြိုင်ချီတက်ပွဲလုပ်ရန် စီစဉ်ခဲ့သည်။ မျှော်လင့်ထားသည့်အတိုင်း အုပ်စုနောက်လိုက်များသည် လက်တဆုပ်စာ အစွယ်အပွားအချို့ကိုသာ လမ်းများပေါ် ခေါ်ထုတ်လာနိုင်ခဲ့ပြီး ဤအစွယ်အပွားများနှင့် ၎င်းတို့၏ ဆရာသခင် များကို လူထုချီတက်ပွဲကြီးက ဖုံးလွှမ်းလိုက်ပြီး လမ်းပေါ်မှာ မောင်းထုတ်ကျော်လွှားခြင်း ခံခဲ့ရပါသည်။

ထရော့စကီ ဇီနိုဗစ်ဝါဒီများသည်၊ ပြတ်ပြတ်သားသားပင် ဆိုဗီယက်ဆန့်ကျင်သူများ ဖြစ်နေပြီဖြစ်ကြောင်း သံသယရှိစရာ မလိုတော့ချေ။ ပါတီဆွေးနွေးပွဲအတွင်းက သူတို့သည် ဗဟိုကော်မတီကို ဆန့်ကျင်ပြီး ပါတီကို တင်ပြအသနားခံခဲ့ကာ ယခုအခါတွင်မူ ၎င်းတို့၏ သနားစဖွယ်လူရာမဝင်သော ဆန္ဒပြပွဲအတွင်း ပါတီနှင့် ဆိုဗီယက်နိုင်ငံတော်ကို ဆန့်ကျင်ပြီး ရန်လိုသည့် လူတန်းစားများကို တင်ပြအသနားခံခဲ့သည်၊၊ ဘော်ရှီဗစ်ပါတီ အင်အားချည့်နဲ့ရေးဆိုသည်ကို သူတို့၏ ရည်ရွယ်ချက်အဖြစ် ထားလိုက်ပြီးချိန်မှစ၍ သူတို့သည် ဆိုဗီယက်နိုင်ငံတော် အင်အားချည့်နဲ့ရေး အထိကိုပင် မလွဲမရှောင် လုပ်ဆောင်လာကြတော့မည် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဆိုဗီယက်ပြည်ထောင်စုတွင် ဘော်ရှီဗစ်ပါတီနှင့် နိုင်ငံတော်သည် မခွဲမခွာ အတူတွဲလျက် ရှိနေခြင်း

ကြောင့်ဖြစ်သည်။ ထို့ကြောင့် ထရော့စကီ–ဇီနိုဗစ်ဝါဒီအုပ်စု၏ အဓိက ခေါင်းဆောင်များသည် ၎င်းတို့ဘာသာ၎င်းတို့ ပါတီပြင်ပသို့ရောက်ရှိသွားကြသည်။ အဘယ်ကြောင့်ဆိုသော် ဆိုဗီယက် ဆန့်ကျင်သည့် လှုပ်ရှားမှုများအထိ လုပ်ဆောင်ခဲ့သူများကို ဘော်ရှီဗစ်ပါတီဝင်များအဖြစ် ဆက်လက်လက်မခံနိုင်တော့ချေ။

၁၉၂၇ ခု နိုဝင်ဘာ ၁၄ ရက်နေ့တွင် ဗဟိုကော်မတီနှင့် ဗဟိုထိန်းသိမ်းရေးကော်မရှင်ပူးတွဲအစည်းအဝေးက ထရော့စကီနှင့် ဇီနိုဗစ်တို့ကို ပါတီမှ ထုတ်ပယ်ပစ်လိုက်သည်။

## **၂။ ဆိုရှယ်လစ်စက်မှုတပ်ဆင်ရေး တိုးတက်လာခြင်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း နောက်ကျနေခြင်း၊ ၁၅ ကြိမ်မြောက် ပါတီကွန်ဂရက်၊ လယ်ယာစိုက်ပျိုးရေး၌ စုပေါင်းမှု ပေါ်လစီ၊ ထရော့စကီနှင့် ဇီနိုဗစ်ဝါဒီအုပ်စုကို နှိမ်နင်းခြင်း၊ နိုင်ငံရေး လျှာနှစ်ခွလုပ်မှု။**

၁၉၂၇–ခု ကုန်ခါနီးအချိန်တွင် ဆိုရှယ်လစ်စက်မှုတပ်ဆင်ရေးပေါ်လစီ အပြတ်အသတ် အောင်မြင်လာမှုမှာ ကေန်မုချဖြစ်လာတော့သည်။ စီးပွားရေးပေါ်လစီသစ်အောက်တွင် စက်မှုတပ်ဆင်ရေးလုပ်ငန်းသည် ကာလတိုအတွင်းမှာပင် အတော်အသင့် တိုးတက်ခဲ့ပေသည်။ စက်မှုလုပ်ငန်းနှင့် လယ်ယာလုပ်ငန်း (သစ်လုပ်ငန်းနှင့် ငါးဖမ်းလုပ်ငန်း အပါအဝင်) တို့မှ စုစုပေါင်း အထွက်မှာ စစ်မဖြစ်မီအဆင့်သို့ ရောက်ရှိလာပြီး ကျော်လွန်၍ပင်သွားခဲ့သည်။ စက်မှုလုပ်ငန်းမှ အထွက်မှာ စစ်မဖြစ်မီအချိုးအစားဖြစ်သော တိုင်းပြည်၏ အထွက်ပစ္စည်း စုစုပေါင်း၏ ၄၂ ရာခိုင်နှုန်း သို့တက်လာခဲ့သည်။

စက်မှုလုပ်ငန်း၏ ဆိုရှယ်လစ်အစိတ်အပိုင်းသည် တသီးပုဂ္ဂလိက အစိတ်အပိုင်းကို ထိခိုက်နစ်နာစေပြီးနောက် အလျင်အမြန် ကြီးထွားလာနေပြီး ယင်းမှ အထွက်မှာ ၁၉၂၄–၂၅ ခု စုစုပေါင်းအထွက်ပစ္စည်း၏ ၈၁ ရာခိုင်နှုန်းမှ ၁၉၂၆–၂၇ ခုတွင် ၈၆ ရာခိုင်နှုန်းသို့တိုးတက်လာခဲ့သည်။ ထိုအချိန်မှာပင် တသီးပုဂ္ဂလိကအစိတ်အပိုင်းမှာမူ ၁၉ ရာခိုင်နှုန်းမှ ၁၄ ရာခိုင် နှုန်းသို့ ကျဆင်းသွားပေသည်။

ဤသည်ကပြနေသည်မှာ ဆိုရှယ်လစ်ပြည်ထောင်စု၏ စက်မှုတပ်ဆင်ရေးလုပ်ငန်းသည် သိသာပြတ်သားစွာ ဆိုရှယ်လစ်လက္ခဏာဆောင်ကြောင်း၊ စက်မှုလုပ်ငန်းသည် ဆိုရှယ်လစ်ထုတ်လုပ်ရေးစနစ်သို့ ဖြစ်ပေါ်တိုးတက်လျက်ရှိကြောင်းနှင့် စက်မှုလုပ်ငန်းနှင့် ပတ်သက်၍ "မည်သူနိုင်မည်နည်း" ဆိုသည့် ပြဿနာတွင် ဆိုရှယ်လစ်စနစ်က အသာစီးရရှိနေပြီ ဖြစ်ကြောင်းတို့ပင်ဖြစ်သည်။

ကုန်သွယ်ရေး နယ်ပယ်၌ တသီးပုဂ္ဂလိက ဈေးသည်များသည်လည်း အလျင်အမြန်ဖယ်ရှားခြင်းခံနေရကာ လက်ကားဈေးကွက်တွင်မဆိုထားနှင့် လက်လီဈေးကွက်တွင်ပင် ၎င်းတို့၏ ရှယ်ရာဝေစုမှာ ၁၉၂၄–၂၅ခုတွင် ၄၂ ရာခိုင်နှုန်း ရှိနေရာမှ ၁၉၂၆ –၂၇ တွင် ၃၂ ရာခိုင်နှုန်းသို့ကျဆင်းသွားသည်။ လက်ကားဈေးကွက်ရှိ တသီးပုဂ္ဂလိကဈေးသည်များ၏ အချိုးအစားမှာ ထိုတချိန်တည်းတွင်ပင် ၉ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းသို့ကျဆင်းသွားသည်။

ဆိုရှယ်လစ်အကြီးစား စက်မှုလုပ်ငန်းမှာ ပိုမို၍ပင် လျင်မြန်စွာ ကြီးထွားနေသည်။ ပြန်လည်ထူထောင်ရေးကာလအပြီး၊ ပထမနှစ်ဖြစ်သော ၁၉၂၇ ခု တွင် ၎င်း၏ အထွက်မှာ ယခင်နှစ်က ထက်

၁၈ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ ဤတိုးတက်မှုမှာ စံချိန်ဖြစ်ပြီး ရှေ့တန်း အရောက်ဆုံး အရင်းရှင်နိုင်ငံများ၏ အကြီးစားစက်မှုလုပ်ငန်းများကပင် မီမည်မဟုတ်ချေ။

သို့သော်လယ်ယာ စိုက်ပျိုးရေးတွင် အထူးသဖြင့် သီးနှံစိုက်ပျိုးရေးတွင် ခြားနား ကွာခြားနေသည်။ လယ်ယာစိုက်ပျိုးရေး တခုလုံးအနေဖြင့် စစ်မဖြစ်မီအဆင့်ထက် ကျော်လွန်နေစေကာမူ ၎င်း၏ အရေးကြီးဆုံးအပိုင်း သီးနှံစိုက်ပျိုးရေး၏ စုစုပေါင်းအထွက်မှာ စစ်မဖြစ်မီအဆင့်၏ ၉၁ ရာခိုင်နှုန်းသာရှိနေပြီး ရောင်းချလိုက်သည့် ရိက္ခာသီးနှံအစု၊ ဆိုလိုသည်မှာ မြို့များသို့ထောက်ပံ့ရန် ရောင်းချပေးလိုက်သော သီးနှံအရေအတွက်မှာ စစ်မဖြစ်မီ ကိန်းဂဏန်း၏ ၃၇ ရာခိုင်နှုန်း ရရှိရန်ပင် အနိုင်နိုင်ဖြစ်သည်။ ထို့အပြင်ရောင်းချနိုင်သော သီးနှံအရေအတွက် ဆက်လက်ကျဆင်းမည့် အန္တရာယ်ရှိနေကြောင်း လက္ခဏာအားလုံးက ပြသနေပါသည်။

ဤသည်က ၁၉၁၈ ခုနှစ်က စတင်ခဲ့သည့် ဖြစ်စဉ်တခုဖြစ်သော ဈေးကွက်အတွက် ထုတ်လုပ်ပေးနေကျ အကြီးစား လယ်ယာမြေများကို အသေးစား လယ်ယာမြေအဖြစ်သို့ လည်း ကောင်း အသေးစား လယ်ယာမြေများကို အငယ်စားလယ်ယာမြေအဖြစ်သို့လည်းကောင်း ခွဲပစ်နေ သောဖြစ်စဉ်သည် ဆက်လက်ဖြစ်ပွားနေကြောင်း၊ ဤအသေးစားနှင့် အငယ်စားလယ်ယာ မြေများ သည် လက်တွေ့အားဖြင့် သဘာဝစီးပွားရေးသဏ္ဍာန်သို့ နောက်ဆုတ်သွားနေပြီး ဈေးကွက်အတွက် မပြောပလောက်သော အရေအတွက်သာရှိသည့် သီးနှံကို ထောက်ပံ့နိုင်ကြောင်း ၁၉၂၇ ခု ကာလတွင် သီးနှံအထွက်မှာ စစ်မဖြစ်မီ ကာလထက် အနည်းငယ်ခန့်သာလျော့နည်းသော်လည်း မြို့များသို့ ထောက်ပံ့ရန် ရောင်းချနိုင်သော ပိုလျှံရိက္ခာမှာ စစ်မဖြစ်မီရောင်းချနိုင်သော ပိုလျှံရိက္ခာ၏ သုံးပုံ တပုံထက် အနည်းငယ်မျှသာ ပိုကြောင်း ပြသခဲ့သည်။

သီးနှံစိုက်ပျိုးရေးတွင် ဤကဲ့သို့သော ပြဿနာများ ဆက်လက်ဖြစ်ပေါ်နေပါက တပ်မတော်နှင့် မြို့နေလူထုသည် ရေရှည်ငတ်မွတ်ခေါင်းပါးခြင်းဘေးနှင့် ရင်ဆိုင်ရတော့မည်မှာ သံသယ ရှိစရာမလိုချေ။ ဤသည်မှာ သီးနှံစိုက်ပျိုးရေး၏ အခက်အခဲအကျပ်အတည်း ဖြစ်ပြီး၊ ၎င်းနောက်မှ တိရစ္ဆာန်မွေးမြူရေးကပ်ဘေးသည်လည်း မလွဲမသွေပါလာပေတော့မည်။

ဤဆိုးဝါးလှသည့် အခြေအနေမှ တခုတည်းသော ထွက်ပေါက်မှာ အကြီးစားလယ်ယာမြေသို့ ပြောင်းလဲရန်ဖြစ်ပြီး ဤသည်ကသာလျှင် လယ်ထွန်စက်များ၊ စိုက်ပျိုးရေး စက်ယန္တရားများ အသုံးပြုနိုင်စေကာ ရောင်းချနိုင်သည့် ပိုလျှံသီးနှံများကို အဆပေါင်းများစွာ တိုးတက်စေနိုင်ပေလိမ့်မည်။ တိုင်းပြည်အတွက် ရွေးစရာ ၂ လမ်းရှိသည်။ တလမ်းမှာ အကြီးစား အရင်းရှင် လယ်ယာလုပ်ငန်းကို လုပ်ဆောင်ရန်၊ ဤသည်မှာ လယ်သမားလူထုကို ပျက်စီးစေပြီး အလုပ်သမားလူတန်းစားနှင့် လယ်သမားထု၏ မဟာမိတ်ဖွဲ့ထားမှုကို ဖျက်ဆီးကာ ကူးလတ်များ၏ အင်အားကိုတိုးပွားစေပြီး ကျေးလက်ရှိ ဆိုရှယ်လစ်စနစ်ကျဆင်းစေခြင်းကို ဆိုလိုပေသည်။ နောက်တလမ်းမှာ လယ်သမားကလေးများပိုင်ဆိုင်သည့် မြေယာများကို ကြီးမားသည့် ဆို ရှယ်လစ်လယ်ယာမြေများ၊ စုပေါင်း လယ်ယာများအဖြစ် ပေါင်းစပ်လိုက်သည့်လမ်းဖြစ်သည်။ ဤကဲ့သို့ပြုလုပ်လိုက်ပါက သီးနှံစိုက်ပျိုးရေး၌ လျင်မြန်သည့် အောင်မြင်မှုများရရှိရန်နှင့် ရောင်းချနိုင်သော ပိုလျှံသီးနှံများ အလျင်အမြန် တိုးများလာစေရန် လယ်ထွန်စက်များနှင့် တခြားခေတ်မီစက်ယန္တရားများ အသုံးပြုနိုင်မည်ဖြစ်သည်။

ဘော်ရှီဗစ်ပါတီနှင့် ဆိုဗီယက်နိုင်ငံတော်အဖို့ လယ်ယာစိုက်ပျိုးရေးဘက်တွင် ဖြစ်ပေါ်တိုးတက်ရေးအတွက် စုပေါင်းလယ်ယာမြေလမ်းဆိုသည့် ဒုတိယလမ်းကိုသာ လိုက်နိုင်မည်ဖြစ်ကြောင်း မှာရှင်းနေသည်။ ဤနေရာတွင် ပါတီကို လမ်းညွှန်မှုများ ပေးနေသည်မှာ လယ်သမားကလေးများစိုက်ပျိုးရေးမှ အကြီးစားသမဝါယမ၊ စုပေါင်းပိုင်ဆိုင်သည့် လယ်ယာစိုက်ပျိုးရေးသို့ကူးပြောင်းရန် လိုအပ်မှုနှင့် ပတ်သတ်သည့် လီနင်၏ သွန်သင်ချက်များပင်ဖြစ်သည်။

**က။** အသေးစား လယ်ယာမြေလုပ်ငန်းအတွက် ဆင်းရဲတွင်းမှ လွတ်ကင်းမည့် လမ်းမရှိချေ၊ **(လီနင်ကျမ်းပေါင်းစုံ အတွဲ ၂၄၊ နှာ ၊ ၅၄၀)**

**ခ။** အသေးစား လယ်ယာမြေလုပ်ငန်းကို အဟောင်းအတိုင်း ဆက်လက်လုပ်ဆောင်ပါက အခမဲ့မြေမှ လွတ်လပ်သည့် ပြည်သူပြည်သားများအဖြစ်နှင့်ပင်လျှင် မလွှဲမရှောင်သာဘဲ ပျက်စီးမှုနှင့် ကျွန်တော်တို့ ရင်ဆိုင်မြဲရင်ဆိုင်ရပေဦးမည်။ **(အထက် ပါ-အတွဲ၂၀၊ နှာ-၄၁၇)**

**ဂ။** လယ်သမားများ၏ လယ်ယာစိုက်ပျိုးရေးကို ဆက်လက်ဖြစ်ပေါ် တိုးတက်မည် ဆိုပါက နောက်အဆင့်တခုသို့ ကူးပြောင်းရေးကိုလည်း ကျွန်တော်တို့ ခိုင်ခိုင်မာမာအာမခံချက်ပေးရပေမည်။ ဤနောက်အဆင့်သည် အကျိုးအမြတ်အနည်းဆုံးနှင့် ခေတ်နောက် အကျဆုံးဖြစ်သော အသေးစား လယ်သမားများ၏ သီးသန့်လယ်မြေများကို အကြီးစားစုပေါင်းလယ်မြေများအဖြစ် တဖြည်းဖြည်း ပေါင်းစပ်စုစည်းတည်ထောင်သွားမည့်ဖြစ်စဉ်မှုချပင်ဖြစ်ရပေမည်။ **(အထက်ပါကျမ်း အတွဲ ၂၆၊ စာမျက်နှာ-၂၉၉)**

**ဃ။** ကျွန်တော်တို့သည် လယ်သမားများကို လက်တွေ့ဘဝတွင် အများစုပေါင်းထားသည့် သမဝါယမ ထွန်ယက် စိုက်ပျိုးခြင်း၏ အားသာချက်များကိုပြသရာ၌အောင်မြင်မှသာလျှင်၊ ကျွန်တော်တို့သည် လယ်သမားများကို သမဝါယမ စိုက်ပျိုးရေးနည်းနာဖြင့် ကူညီရာတွင် အောင်မြင်မှသာလျှင်၊ နိုင်ငံတော် အာဏာကိုင်စွဲထားသည့် အလုပ်သမားလူတန်းစားသည် လယ်သမားများကို ၎င်းတို့၏ ပေါ်လစီမှန်ကန်ကြောင်း ယုံကြည်လက်ခံ နိုင်လာစေမည်ဖြစ်ပြီး လယ်သမား သန်းပေါင်းများစွာ၏ စစ်မှန်သည့် ရေရှည်ခံနိုင်ရည်ရှိသော လိုက်ပါမှုကို အာမခံနိုင်မည်ဖြစ်သည်။ **(လီနင်လက်ရွေးစင်ကျမ်း မော်စကို ၁၉၄၇ ၊ အတွဲ ၂၊ စာမျက် နှာ- ၅၃၉)**

ဤသည်များမှာ ၁၅ ကြိမ်မြောက် ပါတီကွန်ဂရက်မတိုင်မီ အခြေအနေများဖြစ်ပေသည်။ ၁၅ ကြိမ်မြောက် ပါတီကွန်ဂရက်ကို ၁၉၂၇ ဒီဇင်ဘာ၂ ရက်နေ့တွင် ဖွင့်လှစ်လိုက်သည်။ ကွန်ဂရက် သို့ ပါတီဝင် ၈၈၇,၂၃၃ ဦးနှင့် အရံပါတီဝင် ၃၄၈,၉၅၇ ဦးကို ကိုယ်စားပြုသည့် မဲပေးနိုင်သည့် ကိုယ်စားလှယ် ၈၉၈ နှင့် မဲမပေးနိုင်သည့် ကိုယ်စားလှယ် ၇၇၁ ဦး တက်ရောက်ခဲ့သည်။

ဗဟိုကော်မတီကိုယ်စား ရဲဘော်စတာလင်က အစီရင်ခံရာတွင် စက်မှုတပ်ဆင်ခြင်း၏ အကျိုးကျေးဇူးများနှင့် ဆိုရှယ်လစ်စက်မှုလုပ်ငန်း အလျှင်အမြန် တိုးချဲ့လာနေမှုကို ကိုးကားပြောဆိုပြီး ပါတီ၏ အောက်ပါတာဝန်ကို ချမှတ်လိုက်သည်။

"တောနှင့်မြို့များရှိ စီးပွားရေးဌာနခွဲများအားလုံးတွင် ကျွန်တော်တို့၏ အဓိက ဆိုရှယ်လစ် အဆင့်နေရာများကို တိုးချဲ့ပြီး ခိုင်မာတောင့်တင်းစေရန်နှင့် အမျိုးသားစီးပွားရေးမှ အရင်းရှင် အစိတ်အပိုင်းကို သုတ်သင်ဖယ်ရှားပစ်ရန်" ပင်ဖြစ်သည်။

လယ်ယာလုပ်ငန်းနှင့် စက်မှုလုပ်ငန်းကို နှိုင်းယှဉ်ရင်း လယ်ယာလုပ်ငန်း၏ ခေတ်နောက်ကျမှု အထူးသဖြင့် သီးနှံစိုက်ပျိုးရေးဘက်တွင် နောက်ကျမှုတို့ကို သတိပြုရင်း လယ်ယာလုပ်ငန်း၏ ကျယ်ပြန့်နေသော အနေအထားကြောင့် ရဲဘော်စတာလင်က ဤအားတက်ဖွယ်မရှိသော လယ်ယာလုပ်ငန်းအခြေအနေသည် အမျိုးသားစီးပွားရေးတခုလုံးကို အန္တရာယ်ပြုနိုင်ကြောင်း အလေးတင်းပြောကြားခဲ့သည်။

ရဲဘော်စတာလင်က "ထွက်ပေါက်ဟာ ဘာလဲ" ဟုမေးခဲ့သည်။

သူက "ထွက်ပေါက်ဟာ ကျယ်ပြန့်နေတဲ့ အသေးစားလယ်သမားများရဲ့ လယ်ယာမြေများကို အတူတကွ စုပေါင်းထွန်ယက် စိုက်ပျိုးခြင်းအပေါ်အခြေခံသည့် အကြီးစားစုပေါင်းထားသည့် လယ်ယာမြေများအဖြစ်သို့ ပြောင်းလဲရန် ပိုမိုအဆင့်မြင့်သည့် နည်းပညာများအပေါ် အခြေခံပြီး မြေယာကိုစုပေါင်းထွန်ယက်စိုက်ပျိုးခြင်းကို တင်သွင်းရန်ပင်ဖြစ်သည်။ ထွက်ပေါက်မှာ အသေးစားနှင့် အလယ်စား လယ်သမားများ၏ လယ်ယာမြေများကို ပြင်းထန်စူးစိုက်သည့် (Intensive) လယ်ယာလုပ်ငန်းအတွက် သိပ္ပံနည်းကျနည်းနာများ၊ လယ်ယာစက်ယန္တရားများ၊ လယ်ထွန်စက်များ အသုံးပြုပြီး မြေယာကို အတူတကွ သမဝါယမ စုပေါင်းထွန်ယက်စိုက်ပျိုးသည့် အကြီးစားလယ်ယာမြေများအဖြစ်သို့တဖြည်းဖြည်း၊ သို့သော်သေချာစွာဖြင့် ဖိအားမသုံးဘဲ နမူနာပုံစံများပြခြင်း ဖျောင်းဖျ ဆွေးနွေးခြင်းတို့ဖြင့် စုပေါင်းညီညွတ်လာရေးဖြစ်သည်။ အခြားထွက်ပေါက်မရှိ"ဟုဆိုခဲ့ပါသည်။

၁၅ ကြိမ်မြောက် ကွန်ဂရက်က လယ်ယာစိုက်ပျိုးရေးတွင် စုပေါင်းမှု ပြုလုပ်ခြင်း (collectivization) ကို အပြည့်ဝဆုံး ဖြစ်ပေါ်တိုးတက်စေရန် တောင်းဆိုသည့် ဆုံးဖြတ်ချက်ကို ချမှတ် လိုက်သည်။ ။ ကွန်ဂရက်က စုပေါင်းလယ်မြေများနှင့် နိုင်ငံတော်လယ်မြေများကို တိုးချဲ့ပြီး ခိုင်မာတောင့်တင်းစေရေးစီမံကိန်းကို လက်ခံအတည်ပြုကာ လယ်ယာလုပ်ငန်း စုပေါင်းပိုင်ဆိုင်မှု ပြုလုပ်ရာတွင် အသုံးပြုရမည့် နည်းနာများနှင့် ပတ်သတ်သည့် ရှင်းလင်းသေချာသည့် ညွှန်ကြားချက်များကို ဖော်ပြပေးလိုက်သည်။

တချိန်တည်းတွင် ကွန်ဂရက်က ညွှန်ကြားချက်များပေးခဲ့သည်။

"ကူးလတ်များကို ဆက်လက်ထိုးစစ်ဆင်ရန်နှင့် ကျေးလက်ဒေသ၌ အရင်းရှင်စနစ်ဖြစ်ပေါ် တိုးတက်မှုကို ချုပ်ထိန်းမည့် နည်းနာသစ်များသုံးပြီး လယ်သမားများ၏ လယ်ယာစိုက်ပျိုးရေးကို ဆိုရှယ်လစ်စနစ်ဆီသို့ ဦးဆောင်လမ်းပြသွားရန်" [C.P.S.U (B) **၏ဆုံးဖြတ်ချက်များ ၊ ရုရှားဘာသာ အပိုင်း၂၊ နှာ–၂၆၀**]

နောက်ဆုံးတွင် စီးပွားရေးစီမံကိန်း အခြေခံခိုင်မာစွာ အမြစ်တွယ်နေပြီဖြစ်၍ စီးပွားရေး စစ်မျက်နှာတခုလုံးတွင် အရင်းရှင်အစိတ်အပိုင်းများကို ဆိုရှယ်လစ်စနစ်က စနစ်တကျ ထိုးစစ်ဆင်ရန် ရည်ရွယ်ချက်ဖြင့် ကွန်ဂရက်က အမျိုးသားစီးပွားရေး ဖြစ်ပေါ်တိုးတက်ရေးအတွက် "ပထမ ၅ နှစ်စီမံကိန်း" ရေးဆွဲရန် သင့်တော်သည့် အဖွဲ့များကို ညွှန်ကြားလိုက်သည်။

ဆိုရှယ်လစ်တည်ဆောက်ရေး ပြဿနာများအပေါ် ဆုံးဖြတ်ချက်များ ချမှတ်ပြီးနောက် ကွန်ဂရက်သည် ထရော့စကီနှင့် ဇီနိုဗစ်အုပ်စု ချေမှုန်းရေးပြဿနာကို ဆက်လက်ဆွေးနွေးခဲ့သည်။

ကွန်ဂရက်က''အတိုက်အခံများသည် လီနင်ဝါဒနှင့် အတွေးခေါ်အရ ပြတ်တောက်ကင်းကွာသွားပြီဖြစ်ကြောင်း၊ မင်ရှီဗစ်အုပ်စုအဖြစ် ပျက်စီးယိုယွင်းသွားပြီးဖြစ်ကြောင်း၊ ပြည်တွင်းပြည်ပနေ ဓနရှင်အင်အားစုများကို အလျှော့ပေး လက်နက်ချသည့်လမ်းကို လိုက်သွားပြီးဖြစ်ကြောင်းနှင့် ပစ္စည်းမဲ့ အာဏာရှင်စနစ် အုပ်စိုးမှုကို ဆန့်ကျင်သည့် တန်ပြန်တော်လှန်ရေး၏ အသုံးခံကိရိယာ အမှန်ပင် ဖြစ်သွားပြီးဖြစ်ကြောင်း'' ကို လက်ခံအသိအမှတ်ပြုခဲ့သည်။ (C.P.U.S(B) **၏ ဆုံးဖြတ်ချက်များ ၊ အပိုင်း၂၊ နှာ– ၃၂)**

ကွန်ဂရက်က ပါတီနှင့် အတိုက်အခံများအကြား ခြားနားမှုသည် လမ်းစဉ်ခြားနားမှုအထိသို့ တိုးတက်သွားပြီဖြစ်ကြောင်းနှင့် ထရော့စကီဝါဒီ အတိုက်အခံများသည် ဆိုဗီယက်အာဏာကို ဆန့်ကျင့်တိုက်ခိုက်သည့်လမ်းကို လိုက်သွားပြီ ဖြစ်ကြောင်းတွေ့ရှိလာရသည်။ ထို့ကြောင့်ကွန်ဂရက်က ထရော့စကီဝါဒီ အတိုက်အခံများအပေါ် သစ္စာစောင့်သိလိုက်ပါနေမှုနှင့် ၎င်းတို့၏ အမြင်များကို ဖြန့်ချိနေမှုများသည် ဘော်ရှီဗစ်ပါတီဝင်အဖြစ်နှင့် သဟဇာတမဖြစ်နိုင်တော့ကြောင်းကို ကြေညာလိုက်သည်။

ဗဟိုကော်မတီနှင့် ဗဟိုချုပ်ကိုင်ရေးကော်မရှင် ပူးတွဲအစည်းအဝေး၏ ဆုံးဖြတ်ချက်ဖြစ်သော ထရော့စကီနှင့် ဇီနိုဗစ်တို့အား ပါတီမှထုတ်ပစ်ရေးတို့ကို ကွန်ဂရက်က သဘောတူထောက်ခံလိုက်ပြီး ထရော့စကီ၊ ဇီနိုဗစ်ဝါဒအုပ်စု၏ တက်ကြွသည့် အဖွဲ့ဝင်များဖြစ်သော ရာဒက်၊ ပရီယိုဘရာဇင်စကီး ၊ ရာလောဗ့်စကီး ၊ ပျာတာကော့ဗ်၊ ဆီရီဗရာယာကော့ဗ်၊ အိုင်–စမားနော့ဗ်၊ ကမေနက်ဗ်၊ ဆာကစ်၊ ဆာဖရော့ဗ်၊ လစ်ရှစ် (Lifshitz)၊ မီဒီဗာနီ (Mdivani)၊ စမီလ်ဂါ (Smilga)နှင့် ဒီမိုကရက်တစ် အလယ်အလတ်ဝါဒီများအုပ်စုအားလုံး (ဆာပရာနော့ဗ်၊ ဗွီစမားနော့ဗ်၊ ဘိုဂတ်လက်ဗ်စကီး၊ ဒရော့ဗ်နစ်စသဖြင့် ) တို့ကို ထုတ်ပစ်ရန် ဆုံးဖြတ်လိုက်သည်။

အတွေးအခေါ်အရ ရှုံးနိမ့်သွားပြီး စည်းရုံးရေးအရ ချေမှုန်းခြင်းခံလိုက်ရသည့် ထရော့စကီနှင့် ဇီနိုဗစ်ဝါဒီအုပ်စု နောက်လိုက်များသည် ပြည်သူများကြားတွင်း ၎င်းတို့၏ နောက်ဆုံး အရိပ်အရောင်များ ပျောက်ဆုံးသွားခဲ့ရသည်။

၁၅ ကြိမ်မြောက် ပါတီကွန်ဂရက်ပြီးလျှင်ပြီးချင်း ပါတီမှ ထုတ်ပယ်ခြင်းခံရသည့် လီနင်ဝါဒ ဆန့်ကျင်ရေးသမားများသည် ထရော့စကီဝါဒကို စွန့်ပစ်ကြောင်းနှင့် ပါတီသို့ပြန်လည်ဝင်ရောက်ခွင့် ပြုရန် တောင်းဆိုထားသည့်စာများ စတင်တင်သွင်းလာကြသည်။ ထိုအချိန်က ပါတီသည် ထရော့စကီ၊ ရာကော့ဗ်စကီး၊ ရာဒက်ခ်၊ ခရက်စ်တင်စကီး (Krestinsky)၊ ဆိုကိုလ်နီကော့ဗ်စသူတို့သည် ပြည်သူများ၏ ရန်သူများဖြစ်နေသည်မှာ ကြာလှပြီဖြစ်ကြောင်း၊ နိုင်ငံခြားသူလျှိုလုပ်ငန်းများက ငှားရမ်းပေးကမ်းထားသည့် သူလျှိုများဖြစ်ကြောင်း မသိခဲ့သေးချေ။

ထို့ပြင် ကမေနက်ဗ်၊ ဇီနိုဗစ်၊ ပျာတာကော့ဗ် စသူတို့သည် အရင်းရှင်နိုင်ငံများရှိ ဆိုဗီယက်ပြည်ထောင်စု၏ ရန်သူများနှင့် ဆိုဗီယက်ပြည်သူများကို ဆန့်ကျင်ရန် ''ပူးပေါင်းဆောင်ရွက်ရေး'' ရည်ရွယ်ချက်ဖြင့် အဆက်အသွယ်များ ထူထောင်ထားပြီး ဖြစ်ကြောင်းကိုလည်း မသိခဲ့သေးချေ။ သို့သော် အချက်အချာအကျဆုံး အချိန်ကာလများ၌ လီနင်နှင့် လီနင်ပါတီကို မကြာခဏ တိုက်ခိုက်ခဲ့ကြသည့်

ဤသူများထံမှ မည်သည့်ဆိုးယုတ်မှုမျိုးမဆို ဖြစ်ပေါ်လာနိုင်ကြောင်းကို အတွေ့အကြုံများက ပါတီကို သင်ကြားပေးခဲ့သည်။ ထို့ကြောင့် သူတို့၏ ပါတီသို့ ပြန်လည်ဝင်ရောက်ခွင့်ရရေး တောင်းခံလွှာများ အပေါ် သံသယရှိစရာများရှိနေသည်။ သူတို့၏ ရိုးသားမှုကို ပဏာမ စစ်ဆေးချက်အနေဖြင့် အောက်ပါ အကြောင်းအချက်များအောက်တွင် သူတို့ကို ပါတီတွင်း ပြန်လည်ဝင်ရောက်ခွင့်ပြုခဲ့သည်။

**(က)** သူတို့သည် ထရော့စကီဝါဒကို ဘော်ရှီဗစ်ဆန့်ကျင်သည့် ဆိုဗီယက်ဆန့်ကျင်သည့် အတွေးအခေါ် တရပ်အဖြစ် လူသိရှင်ကြားရှုတ်ချရမည်။

**(ခ)** သူတို့သည် ပါတီ၏ ပေါ်လစီကို တခုတည်းသော မှန်ကန်သည့်ပေါ်လစီဖြစ်ကြောင်း လူသိရှင်ကြား အသိအမှတ် ပြုရမည်။

**(ဂ)** သူတို့ သည် ပါတီနှင့် ၎င်း၏ အဖွဲ့အစည်းများ၏ ဆုံးဖြတ်ချက်များကို ခြွင်းချက်မရှိ လိုက်နာလုပ်ဆောင်ရမည်။

**(ဃ)** သူတို့သည် အစမ်းကာလတခုဖြတ်သန်းရမည်ဖြစ်ပြီး ဤကာလအတွင်း ပါတီက သူ တို့အား စစ်ဆေးစမ်းသပ်မည်။ ဤကာလကုန်ဆုံးပြီးပါက ပါတီက စစ်ဆေးစမ်းသပ်မှုရ လဒ်များအပေါ်မူတည်၍ တဦးချင်းပါတီတွင်း ပြန်လည်ဝင်ရောက်ခွင့်ကို စဉ်းစားပေးမည်။

ပါတီတွင်းမှ ထုတ်ပယ်ခံရသူများက ဤအချက်များကို လူသိရှင်ကြား လက်ခံလိုက်ရခြင်းသည် မည်သည့်ကိစ္စတွင်မဆို ပါတီအတွက် အကျိုးရှိသည်ဟု ပါတီက သဘောထားသည်။ အဘယ့်ကြောင့် ဆိုသော် ဤသည်က ထရော့စကီ ဇီနိုဗစ်ဝါဒီများအကြား စည်းလုံးညီညွတ်ရေးကို ပျက်ပြားစေနိုင်ပြီး ၎င်းတို့၏ စိတ်ဓာတ်ကို အားနည်းချည့်နဲ့စေသည်။ ပါတီ၏မှန်ကန်မှုနှင့် စွမ်းရည်ကို နောက်ထပ် တကြိမ် ဖော်ပြလိုက်ပြီး ပါတီအတွက် ပြန်လည်ဝင်ရောက်ခွင့် တင်သူများသည် ရိုးသားပါက ယခင် လုပ်သားများကို ၎င်းတို့နေရာတွင် ပြန်လည်နေရာချထားနိုင်မည်။ မရိုးသားပါကလည်း အများ ပြည်သူများ၏ ရှေ့မှောက်တွင် ၎င်းတို့သည် လမ်းလွဲလိုက်နေသည့် လူများမဟုတ်ဘဲ မူမဲ့သည့် အချောင်သမားများ၊ အလုပ်သမားလူတန်းစားကို လိမ်လည်သူများနှင့် မပြုပြင်နိုင်တော့သည့် ၂ ဖက်မျက်နှာသမားများဖြစ်ကြောင်း ဖော်ထုတ်နိုင်ပေလိမ့်မည်။

ပါတီမှ အထုတ်ခံရသူ အများစုသည် ပြန်လည်ဝင်ခွင့်ရရေး အချက်များကိုလက်ခံပြီး သတင်းစာ များတွင် လူသိရှင်ကြား ဝန်ခံကြေညာချက်များ ထုတ်ပြန်ခဲ့သည်။

သူတို့ကို ညှာတာထောက်ထားသော အားဖြင့်လည်းကောင်း၊ ပါတီနှင့် အလုပ်သမားလူတန်း စား၏ ဘက်တော်သားများ တဖန်ပြန်ဖြစ်လာရေး အခွင့်အရေးကို မငြင်းပယ်လိုသောကြောင့်လည်း ကောင်း၊ ပါတီသည်သူတို့အား ပါတီတွင်းပြန်လည်ဝင်ရောက်ခွင့် ပြုခဲ့သည်။

သို့သော် ထရော့စကီနှင့် ဇီနိုဗစ်ဝါဒီအုပ်စု၏ "ဦးဆောင်လမ်းပြသူများ" ၏ ဝန်ချတောင်း ပန်မှုများသည် ခြွင်းချက် အနည်းငယ်မှလွဲ၍ အတုအယောင်များသာဖြစ်ကြောင်း အစမှအဆုံး သူ တော်ကောင်းယောင် ဆောင်ထားခြင်းသာဖြစ်ကြောင်း အချိန်က ပြသခဲ့သည်။

ဤလူကြီးလူကောင်းများသည် သူတို့၏ ဝန်ချတောင်းပန်စာများ မတင်သွင်းမီကပင် ပြည်သူ လူထုရှေ့မှောက်၌ သူတို့၏ အမြင်များကို အဆင့်သင့်ကာကွယ်ပေးနိုင်သည့် နိုင်ငံရေးလမ်းကြောင်းကို ကိုယ်စားပြုနိုင်ခြင်း မရှိတော့ဘဲ မိမိတို့၏ ကိုယ်ပိုင်နောက်ဆုံးအမြင် အကြွင်းအကျန်များကို လူသိ ရှင်ကြား ခြေဖြင့်နင်းချေရန် အဆင်သင့်ရှိနေပြီး သူတို့နှင့် ဆန့်ကျင်ဘက် ဖြစ်သည့် ပါတီ၏အမြင်

များကို လူသိရှင်ကြား ချီးကျူးနိုင်သည့် မှုမဲ့သောအချောင်သမား ဂိုဏ်းအုပ်စုဖြစ်နေသည်။ ပါတီနှင့် အလုပ်သမားလူတန်စားအတွင်း ခိုကပ်နေနိုင်ပြီး အလုပ်သမားလူတန်းစားနှင့် သူ၏ပါတီကို အန္တရာယ်ပေးနိုင်သည့် အခွင့်အရေးရနေပါက ပုတ်သင်ညိုကဲ့သို့ မည်သည့်အရောင်ကိုမဆို ပြောင်းလဲနိုင်ပေသည်။

ထရော့စကီနှင့် ဇီနိုဗစ်ဝါဒီအုပ်စု၏ "ဦးဆောင်လမ်းပြသူများ" သည် နိုင်ငံရေးလူလိမ်များ နိုင်ငံရေး ၂ ဖက်မျက်နှာသမားများဖြစ်ကြောင်း သိရှိလာကြရသည်။

နိုင်ငံရေး ၂ ဖက်မျက်နှာသမားများသည် လိမ်ညာလှည့်ဖြားခြင်းဖြင့် စတင်လေ့ရှိကြပြီး လူထုအလုပ်သမား လူတန်းစားနှင့် အလုပ်သမားလူတန်းစား၏ပါတီကို လိမ်ညာလှည့်ဖြားခြင်းဖြင့်၊ ၎င်းတို့၏ ဆိုးယုတ်ညစ်ညမ်းလှသော အဆုံးသတ်မှုဆီသို့ ရောက်သွားကြသည်။ သို့သော်နိုင်ငံရေး ၂ ဖက်မျက်နှာသမားများကို သာမန်လူလိမ်လူညာများကဲ့သို့ သဘောထား၍ မဖြစ်ချေ။ နိုင်ငံရေး ၂ ဖက်မျက်နှာသမားများသည် မှုမဲ့သည့်နိုင်ငံရေး အချောင်သမားအုပ်စုဖြစ်ပြီး ပြည်သူများ၏ ယုံကြည်မှုကို ကြာရှည်ကြာများကပင် ဆုံးရှုံးခဲ့ရကာ နိုင်ငံရေးပုဂ္ဂိုလ်ဆိုသည့် ဘွဲ့တံဆိပ်ရရှိရေးအတွက် လိမ်ညာခြင်း၊ ကလိန်ကျခြင်း၊ ပုတ်သင်ညိုလို အရောင်ပြောင်းခြင်းစသည့် နည်းပေါင်းစုံဖြင့် သူတို့ အပေါ်ယုံကြည်မှု ပြန်လည်ရရေးအတွက် ထိုးဖောက်ဝင်ရောက်နိုင်ရန် ကြိုးစားသူများဖြစ်သည်။ နိုင်ငံရေး ၂ ဖက်မျက်နှာသမားများသည် မှုမဲ့သည့် နိုင်ငံရေးအချောင်သမား အုပ်စုဖြစ်ပြီး "အခါအခွင့်သင့်သည့်အချိန်"တွင် နိုင်ငံရေးစင်မြင့်ပေါ် ပြန်တက်ကာ ပြည်သူလူထု၏ ကျောပေါ်တွင် သူတို့၏ "အုပ်ချုပ်သူများ"၊ အဖြစ်ပြန်လည်ခွစီးနိုင်ရန်အတွက်သာ ရာဇဝတ်သမားများအကြား၊ အဖွဲ့အစည်း၏ အမှိုက်သရိုက်များအကြား၊ ပြည်သူလူထု၏ အလွန်အန္တရာယ်ကြီးလှသော ရန်သူများအကြားမှာပင် ထောက်ခံမှုကိုရှာကြံရန် အဆင်သင့်ဖြစ်နေသူများဖြစ်ကြသည်။

ထရော့စကီနှင့် ဇီနိုဗစ်ဝါဒီအုပ်စု၏ "ဦးဆောင်လမ်းပြသူများ"သည် ဤကဲ့သို့သော နိုင်ငံရေး ၂ ဖက်မျက်နှာသမား အမျိုးအစား ဖြစ်သည်။

## ၃။ ကူးလတ်များအား ထိုးစစ်ဆင်ခြင်း၊ ဘူခါရင်–ရိုင်ကော့ဗ် ပါတီဆန့်ကျင်ရေးအုပ်စု၊ ပထမ ၅ နှစ်စီမံကိန်းကို ချမှတ်အတည်ပြုခြင်း၊ ဆိုရှယ်လစ်ပြိုင်ဆိုင်မှု စုပေါင်းသည့် လယ်မြေလုပ်ရှားမှုကြီး စတင်ခြင်း။

ပါတီပေါ်လစီကို ဆန့်ကျင်သည့် ဆိုရှစ်လစ်စနစ် တည်ဆောက်ရေးကို ဆန့်ကျင်သည့် စုပေါင်းမှုကို ဆန့်ကျင်သည့် ထရော့စကီ–ဇီနိုဗစ်ဝါဒီအုပ်စုက ဦးဆောင်ခဲ့သည့် လှုံ့ဆော်မှုများနှင့် စုပေါင်းလယ်မြေများက ဘာမှ ထွက်ရှိလာမှာ မဟုတ်ကြောင်း၊ ကူးလတ်များဟာ ၎င်းတို့ကိုယ်တိုင် ဆိုယ်ရှယ်လစ်စနစ်ဆီသို့ "ကြီးထွား"သွားမှာဖြစ်သောကြောင့် သူတို့အား လွှတ်ထားသင့်ကြောင်း၊ နေရှင်များချမ်းသာလာမှုသည် ဆိုယ်ရှယ်လစ်စနစ်အား မည်သို့မျှအန္တရာယ်မပြုနိုင်ကြောင်း စသည်တို့ကို ပြောကြားနေသည့် ဘူခါရင်ဝါဒီများ ဦးဆောင်သည့်လှုံ့ဆော်မှုများသည် တိုင်းပြည်ရှိ အရင်းရှင်အစိတ်အပိုင်းများနှင့် အထူးသဖြင့် ကူးလတ်များအကြား အလွန်တက်ကြွသည့် တုံ့ပြန်မှုများ ရရှိနေသည်။ ယခုအခါ သတင်းစာများမှ ကူးလတ်များ သိရှိလာကြသည်မှာ သူတို့သည် တဦးတည်း

မဟုတ်ကြောင်း သူတို့မှာ ပုဂ္ဂိုလ်အရ ထရော့စကီ–ဇီနိုဗစ် ၊ ကဲမီနက်ဗ်၊ ဘူခါရင်၊ ရိုင်ကော့ဗ် အစ ရှိသူများကို သူတို့၏ ကာကွယ်ပေးသူများ၊ ဖြန့်ဖြေတောင်းပန်ပေးသူများ အဖြစ်ရရှိပြီး ဖြစ်ကြောင်း ပင်ဖြစ်သည်။ သဘာဝကျစွာပင် ဤသည်က ကူးလတ်များ၏ ဆိုဗီယက်အစိုးရ ပေါ်လစီအပေါ် ခုခံဆန့်ကျင်သည့် စိတ်ဓာတ်ကို ပိုမိုတင်းမာစေခဲ့ပါသည်။ အမှန်လည်း ကူးလတ်များ၏ ခုခံမှုသည် ပို၍ ခေါင်းမာလာခဲ့သည်။ သူတို့၏ အသင့်အတင့် စုဆောင်းသိုလှောင်ထားသော ပိုလျှံရိက္ခာအား နိုင်ငံတော်သို့ ရောင်းပေးရန်ကို သူတို့က တစုတဝေးတည်း ငြင်းဆိုလိုက်သည်။ သူတို့သည် စုပေါင်း လယ်ယာလယ်သမားများနှင့် ကျေးလက်ရှိ ပါတီလုပ်သားများနှင့် အစိုးရအရာရှိများအပေါ် အကြမ်း ဖက်ကြပြီး စုပေါင်းလယ်ယာများနှင့် အစိုးရရိက္ခာသိုလှောင်ရုံများကို မီးရှို့ကြသည်။

ပါတီက ကူးလတ်များ၏ ခုခံမှုကို ဖြိုခွင်းနိုင်မှသာ၊ လယ်သမားထုအကျယ်အပြန့်ရှေ့တွင် ပြောင်တိုက်ပွဲဆင်ပြီး သူတို့ကို ချေမှုန်းနိုင်မှသာလျှင် အလုပ်သမားလူတန်းစားနှင့် တပ်နီတော်သည် ရိက္ခာချို့တဲ့မှုမှာ သက်သာနိုင်မှာဖြစ်ပြီး လယ်သမားအကြား စုပေါင်းပိုင်ဆိုင်မှု လှုပ်ရှားမှုသည် လည်း လူထုလက္ခဏာဆောင်လာနိုင်မည်ဖြစ်သည်။

၁၅ ကြိမ်မြောက် ပါတီကွန်ဂရက်၏ ညွှန်ကြားချက်များကို လိုက်နာပြီး ပါတီသည် ကူးလတ်များကို ပြတ်ပြတ်သားသား ထိုးစစ်ဆင်ကာ ဆင်းရဲသားလယ်သမားထုအပေါ် ခိုင်ခိုင်မာမာမှီခို၊ အလယ် အလတ်လယ်သမားထုနှင့် မဟာမိတ်ဖွဲ့၊ ကူးလတ်များကို ပြတ်ပြတ်သားသား တိုက်ပွဲဆင် ဆိုသည့် ကြွေးကြော်သံကို အကောင်အထည်ဖော်ခဲ့သည်။ သတ်မှတ်ထားသော ဈေးနှုန်းဖြင့် ၎င်းတို့၏ ပိုလျှံ ရိက္ခာများကို နိုင်ငံတော်အား ရောင်းချပေးရေးကို ကူးလတ်များ၏ ငြင်းဆန်ချက်အပေါ် တုံ့ပြန်သော အားဖြင့် ပါတီနှင့် အစိုးရသည် ကူးလတ်များအား အရေးယူရန် အရေးပေါ်နည်းလမ်းအချို့ကို ချမှတ်လိုက်သည်။ ရာဇဝတ်ကျင့်ထုံးအပိုဒ် ၁၀၇ ကို အသုံးပြုပြီး တရားရုံးများကို ကူးလတ်များနှင့် အမြတ်ကြီးစားများ သတ်မှတ်ထားသော ဈေးနှုန်းဖြင့် နိုင်ငံတော်အား ရောင်းချပေးရန် ငြင်းဆိုပါက ပိုလျှံရိက္ခာများကို သိမ်းဆည်းခွင့်အပ်နှင်းပေးပြီး ဆင်းရဲလယ်သမားများကို သိမ်းဆည်းထားသည့် ကူးလတ်များ၏ ရိက္ခာများထဲမှ ၂၅ ရာခိုင်နှုန်းကို ၎င်းတို့ စိတ်ကြိုက်ခန့်ခွဲခွင့် အပါအဝင် အခွင့်အ ထူးအချို့ကို ပေးအပ်လိုက်သည်။

ဤအရေးပေါ်နည်းလမ်းများကလည်း အကျိုးသက်ရောက်မှုများရှိသည်။ ဆင်းရဲနှင့် အ လယ်အလတ် လယ်သမားထုသည် ကူးလတ်များကို ပြတ်ပြတ်သားသား တိုက်ပွဲဆင်မှုတွင် ပါဝင်ပူး ပေါင်းလာကြပြီး ကူးလတ်များသည် အထီးကျန်ဖြစ်လာကာ ကူးလတ်နှင့် အမြတ်ကြီးစားများ၏ ခုခံမှုသည်လည်း ပြိုကွဲသွားခဲ့သည်။ ၁၉၂၈ ခုအကုန်တွင် ဆိုဗီယက်နိုင်ငံတော်တွင် ကြိုက်သလိုခန့်ခွဲ စီစဉ်နိုင်လောက်သည့် ရိက္ခာအလုံအလောက် စုဆောင်းရရှိလိုက်နိုင်ပြီး စုပေါင်းပိုင်ဆိုင်သည့် လယ် ယာလှုပ်ရှားမှုသည်လည်း ပိုမိုခိုင်မာသေချာသော ခြေလှမ်းများဖြင့်ရှေ့တိုးလာခဲ့သည်။

ထိုနှစ်မှာပင် ဓနရှင် အတတ်ပညာကျွမ်းကျင်သူများ ပါဝင်သည့် ကြီးမားလှသည့် အဖျက်သမား အဖွဲ့အစည်းတရပ်ကို ဒိုနက်စ် (**Donetz**) ကျောက်မီးသွေးချိုင့်ဝှမ်းရှိ ရှိတ်တီ (Shakhty) အရပ်၌ ဖော်ထုတ်လိုက်နိုင်သည်။ ရှိတ်တီ အဖျက်သမားများသည် ယခင်ပိုင်ရှင်များဖြစ်သော ရုရှားနှင့် နိုင်ငံခြားအရင်းရှင်များနှင့်လည်းကောင်း၊ နိုင်ငံခြားစစ်သူလျှိုအဖွဲ့နှင့်လည်းကောင်း နီးနီးကပ်ကပ် ဆက်သွယ်ခဲ့သည်။ ၎င်းတို့၏ ရည်ရွယ်ချက်မှာ ဆိုရှယ်လစ်စက်မှုလုပ်ငန်း ဖြစ်ထွန်းတိုးတက်ရေးကို

ချေမှုန်းရန်နှင့် ဆိုဗီယက်ယူနီယံတွင် အရင်းရှင်စနစ် ပြန်လည်ထူထောင်ရေးကို လျင်မြန်စေရန်ဖြစ် သည်။ အဖျက်သမားများသည် ကျောက်မီးသွေးအထွက်လျော့ကျစေရန် မိုင်းတွင်းများကို တမင်သက်သက် အလွဲလွဲအမှားမှားဖြစ်အောင် စီမံအုပ်ချုပ်ပြီး စက်ကိရိယာများနှင့် လေဝင်လေထွက်ကရိယာများကို ဖျက်ဆီးကာ တွင်းများပြိုစေခြင်း၊ ပေါက်ကွဲစေခြင်းများ ဖြစ်စေလျက် တွင်းများ၊ စက်ရုံများနှင့် စွမ်းအင်စက်ရုံများကို မီးတင်ရှို့ခဲ့သည်။ အဖျက်သမားများသည် အလုပ်သမားများ၏ အခြေအနေ တိုးတက်ကောင်းမွန်ရေးကို အစီအစဉ်ရှိရှိ ပိတ်ဆို့ခဲ့ပြီး ဆိုဗီယက်အလုပ်သမား ကာကွယ်ရေး ဥပဒေများကို ချိုးဖောက်ခဲ့သည်။

အဖျက်သများများမှာ ရုံးတင်တရားစွဲ စစ်ဆေးခြင်းခံခဲ့ရပြီး သင့်တော်သည့် ပြစ်ဒဏ်များကို ရရှိသွားကြသည်။

ပါတီအဖွဲ့အစည်းအားလုံးကို ရှိတ်တီ အမှုကိစ္စမှာ လိုအပ်သည့် နိဂုံးချုပ်ချက်များယူရန် ဗဟိုကော်မတီကညွှန်ကြားခဲ့သည်။ ရဲဘော်စတာလင်က ဖော်ရှီဗစ်စီးပွားရေးဆိုင်ရာ အုပ်ချုပ်သူများကိုယ်တိုင် ထုတ်လုပ်ရေးနည်းပညာများတွင် ကျွမ်းကျင်သူများ ဖြစ်လာရမည်ဖြစ်ကြောင်း သို့မှသာ ခေါင်းရှင်လူဟောင်း ကျွမ်းကျင်သူများအကြားမှ အဖျက်သမားများ၏ အလိမ်အညာခံရမည် မဟုတ်ကြောင်းနှင့် အလုပ်သမားလူတန်းစားများအကြားမှ နည်းပညာရှင်သစ်များ မွေးမြူရေးကို အမြန်လုပ်ဆောင်ရ မည်ဖြစ်ကြောင်း ကြေညာပြောဆိုခဲ့သည်၊

ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်နှင့် အညီ အတတ်ပညာကျောင်းများ၌ လူငယ်ကျွမ်းကျင်သူများ မွေးမြူသင်ကြားရေးသည် တိုးတက်လာခဲ့သည်။ အလုပ်သမားလူတန်းစား အရေးတော်ပုံအတွက် သစ္စာရှိသော ပါတီဝင်များ ကွန်မြူနစ်လူငယ်အဖွဲ့ဝင်များနှင့် ပါတီမှ လူထုထောင်ပေါင်းများစွာတို့ကို လေ့လာသင်ကြားရေးအတွက် လွှဲဆောင်နိုင်ခဲ့သည်။

ပါတီက ကူးလတ်များအား ထိုးစစ်မဆင်မီနှင့် ထရော့စကီ၊ ဇီနိုဗစ်ဝါဒီအုပ်စုများအား ချေမှုန်းနေရစဉ်က ဘူခါရင်နှင့် ရိုင်ကော့ဗ်အုပ်စုသည် အသာလျှိုနေကြပြီး ပါတီဆန့်ကျင်ရေး အင်အားစု၏ အရံအင်အားအဖြစ် ထိန်းသိမ်းထားကာ ထရော့စကီဝါဒီများကို ဖြောင်မထောက်ခံရဲကြဘဲ တခါတရံ ထရော့စကီဝါဒီများအား ဆန့်ကျင်ရန် ပါတီနှင့်ပင် အတူပူးပေါင်း လုပ်ဆောင်ခဲ့ကြသည်။ သို့သော် ပါတီက ကူးလတ်များအား ထိုးစစ်စတင်ပြီး အရေးပေါ်နည်းလမ်းများ ကျင့်သုံးလာသည့်အခါ ဘူခါရင်–ရိုင်ကော့ဗ် အုပ်စုသည် မိမိတို့၏ မျက်နှာဖုံးများကို ခွာချလိုက်ပြီး ပါတီပေါ်လစီများကို ဖြောင်ဆန့်ကျင်လာသည်။ ဘူခါရင်–ရိုင်ကော့ဗ်အုပ်စု၏ ကူးလတ်ဝိဉာဉ်သည် အပေါ်စီးရလာပြီး ကူးလတ်များကို ကာကွယ်ရန် ဖြောင်ထွက်လာကြသည်။ သူတို့က အရေးပေါ်နည်းလမ်းများကို ရုပ် သိမ်းရန်တောင်းဆိုကြသည်။ မရုပ်သိမ်းပါက စိုက်ပျိုးရေးလုပ်ငန်းသည် “ပျက်စီးယိုယွင်း”လာနိုင်ပြီး ယခုအခါ ဤဖြစ်စဉ်မှာ စတင်နေပြီဖြစ်ကြောင်းနှင့် ရိုးအသူများအား ခြိမ်းခြောက် ခဲ့သည်။ စိုက်ပျိုးရေးအဖွဲ့အစည်းများ၏ ပိုမိုကောင်းမွန်သည့် ပုံစံများဖြစ်သော စုပေါင်းလယ်ယာနှင့် နိုင်ငံပိုင် လယ် ယာများ၏ ကြီးထွားမှုကို မမြင်နိုင်ဘဲ ကူးလတ်လယ်လုပ်ငန်း၏ ကျဆင်းမှုကို ခံစားသိမြင်လာသော သူတို့သည် စိုက်ပျိုးရေးလုပ်ငန်းတွင် ပျက်စီးယိုယွင်းလာသကဲ့သို့ ကူးလတ်လယ်လုပ်ငန်း၏ ပျက်စီး ယိုယွင်းမှုကို ကိုယ်စားပြုခဲ့သည်။ ၎င်းတို့သည် သဘောတရားရေးရာ ထောက်ခံမှု ရရှိနိုင်ရန် အဓိ ပ္ပာယ်မရှိသော “လူတန်းစားတိုက်ပွဲ လျော့ကျသွားခြင်း သဘောတရား” ကို တီထွင်လာပြီး ထိုသ ဘောတရားအရ

လူတန်းစားတိုက်ပွဲသည် အရင်းရှင်အစိတ်အပိုင်းကို တိုက်ပွဲဆင်ပြီး ဆိုရှယ်လစ်စနစ်အောင်ပွဲ တပွဲရရှိပြီးတိုင်း ပိုမိုပျော့ပျောင်းလာကြောင်း မကြာမီမှာပင် လူတန်းစား တိုက်ပွဲသည် လျော့ကျသွားမှာဖြစ်ပြီး လူတန်းစားရန်သူကလည်း တိုက်ပွဲမဆင်တော့ဘဲ လက်နက် ချအရှုံးပေးမှာ ဖြစ်ကြောင်းနှင့် အကျိုးဆက်အားဖြင့် ကူးလတ်များအား ထိုးစစ်ဆင်ရန် မလိုအပ် ကြောင်း အခိုင်အမာ ပြောဆိုလာကြသည်။ ဤနည်းဖြင့် သူတို့သည် စုတ်ပြတ်နေသော ဓနရှင် သဘောတရားဖြစ်သည့် ကူးလတ်များသည် ငြိမ်းချမ်းစွာနှင့် ဆိုရှယ်လစ်စနစ်သို့ ကြီးထွားသွား လိမ့်မည်ဆိုသည်ကို အရောင်တင်ချယ်မှုန်းလာသည်။ သို့ဖြင့် ကျော်ကြားလှသော လီနင်ဝါဒ သဘောတရားဖြစ်သော ဆိုရှယ်လစ်စနစ်တိုးတက်မှု အကောင်အထည်ဖော်လာသည်နှင့် လူတန်းစား ရန်သူ၏ ခုခံမှုသည် ပိုမိုသည်းသန်ပြင်းထန်သည့်သဏ္ဍာန်ဆောင်လာနိုင်ကြောင်း လူတန်းစားရန်သူကို ချေမှုန်းပြီးမှသာလျှင် လူတန်းစားတိုက်ပွဲ "လျော့ကျသွား" နိုင်မည်ဖြစ်ကြောင်း ဆိုသည်ကို မထေ မဲ့မြင်ပြု ငြင်းပယ်လိုက်သည်။

ပါတီရင်ဆိုင်နေရသည့် ဘူခါရင်–ရိုင်ကော့ဗ်အုပ်စုတွင် ထရော့စကီ–ဇီနိုဗစ်ဝါဒီအုပ်စုနှင့် သဏ္ဍာန်အရသာ ကွဲပြားသည့် လက်ယာအချောင်သမားအုပ်စုဖြစ်ကြောင်း အလွယ်တကူတွေ့မြင်နိုင်သည်။ ထရော့စကီနှင့် ဇီနိုဗစ်ဝါဒီ အညှံ့ခံရေးသမားများသည် ၎င်းတို့၏ ပင်ကိုယ်အမှန်အနေအ ထားကို "ထာဝစဉ်တော်လှန်ရေး"နှင့် ပတ်သက်သည့် လက်ဝဲတော်လှန်ရေး အော်ဟစ်သံများဖြင့် ဖုံးကွယ်ထားနိုင်သော အခွင့်အရေးရရှိခဲ့သော်လည်း ပါတီကကူးလတ်များကို ထိုးစစ်ဆင်လာသည့်အတွက် ဆန့်ကျင်လာသော ဘူခါရင်–ရိုင်ကော့ဗ် အုပ်စုမှာမူ ၎င်းတို့၏ အညှံ့ခံရေး လက္ခဏာကို ဖုံးကွယ်ထားနိုင်ရန် မတတ်နိုင်ဘဲ ကျွန်တော်တို့ တိုင်းပြည်ရှိ ဖောက်ပြန်ရေးအုပ်စုများ အထူးသဖြင့် ကူးလတ်များကို ဟန်ဆောင်ခြင်း သို့မဟုတ် မျက်နှာဖုံးစွပ်ခြင်းသော်လည်းကောင်း မလုပ်နိုင်တော့ဘဲ ကာကွယ်ခုခံလာရတော့သည်။ ၎င်းတို့ ၂ ဖွဲ့သည် ဤအချက်တွင်သာ ကွာခြားပေသည်။

ဘူခါရင်–ရိုင်ကော့ဗ်အုပ်စုသည် ပါတီဆန့်ကျင်ရေးတူညီသော လှုပ်ရှားမှုအတွက် ထရော့စကီ–ဇီနိုဗစ်အုပ်စု အကြွင်းအကျန်များနှင့် အနေးနှင့် အမြန် ပူးပေါင်းကြတော့မည်ဖြစ်ကြောင်း ပါတီအနေဖြင့် နားလည်သိရှိသည်။

နိုင်ငံရေး ကြေညာချက်များနှင့်အတူ တပြိုင်နက် ဘူခါရင်–ရိုင်ကော့ဗ်အုပ်စုသည် နောက်လိုက် နောက်ပါများကို စည်းရုံးစုစည်းရန် "လုပ်ဆောင်"လာကြသည်။ ဘူခါရင်မှတဆင့် စလက်ပ်ကော့ဗ် (Slepkov)၊ မာရက်စကီ (Maretsky)၊ အီချင်ဝဲလ် (Eichenwald)၊ ဂိုးလ်ဒင်ဘာ့ဂ် (Goldenberg) စသည့် လူငယ်ဓနရှင်များကိုလည်းကောင်း ထရော့စကီမှတဆင့် အလုပ်သမား သမဂ္ဂများမှ ဗြူရိုကရက်ကြီးများ (မီလ်နီချန်စကီး Melnichansky၊ ဒိုဂါဒေါ့ဗ် Dogadovစသည်) ကိုလည်းကောင်း ရိုင်ကော့ဗ်မှတဆင့် စိတ်ဓာတ်ကျနေသော ဆိုဗီယက်အရာရှိကြီးများ (အေ–စမားနော့ဗ်၊ အစ်မောက် (Eismont)၊ ဗွီ– စမစ်(V.Schmidt)စသည်) ကိုလည်းကောင်း၊ စည်းရုံး ပူးပေါင်းလိုက်ကြသည်။ ဤအုပ်စုသည် နိုင်ငံရေးအရ ပျက်စီးယိုယွင်းနေပြီး မိမိတို့၏ အလျှော့ ပေးရေးစိတ်ဓာတ်ကို မဖုံးကွယ်တော့သည့်လူများကို အလွယ်တကူ ဆွဲဆောင်စည်းရုံးလိုက်နိုင်သည်။

ထိုအချိန်လောက်မှာပင် ဘူခါရင်–ရိုင်ကော့ဗ်အုပ်စုသည် မော်စကို ပါတီအဖွဲ့အစည်းအတွင်းမှ အဆင့်မြင့် အရာရှိကြီးများ (ယူဂလာနော့ဗ် (Uglanov)၊ ကိုတော့ဗ် (Kotov)၊ ယူခါနော့ဗ်

(Ukhanov)၊ ရူတင် (Ryutin)၊ ယူဂိုတာ (Yugoda)၊ ပိုလန်စကီး (Polonsky) စသူများ)၏ ထောက်ခံမှုကို ရရှိလိုက်သည်။ လက်ယာအစိတ်အပိုင်းတခုသည် အသာလျှိုနေပြီး ပါတီ၏လမ်းစဉ်ကို ဖြောင့်တိုက်ခိုက်ခြင်းမပြုဘဲ ရှောင်နေခဲ့သည်။ မော်စကိုပါတီသတင်းစာများနှင့် ပါတီအစည်းအဝေးများတွင် ကူးလတ်များကို အထူးအခွင့်အရေးများပေးရန် ရှေ့နေလိုက်ထားပြီး ကူးလတ်များကို ကြီးလေးသော အကောက်အခွန်များ ချမှတ်ခြင်းကို မလုပ်သင့်ကြောင်း စက်မှုလက်မှုတပ်ဆင်ခြင်းသည် ပြည်သူလူထုကို ဝန်ထုပ်ဝန်ပိုးဖြစ်စေကြောင်းနှင့် အကြီးစားစက်မှုဖြစ်ပေါ်တိုးတက်ရေးမှာ အချိန်မတိုင်သေးကြောင်း ပြောဆိုလာကြသည်။ ယူဂလာနော့ဗ်သည် ဒနီပါး (Dnieper) ရေအားလျှပ်စစ်စီမံကိန်းကြီးကို ဆန့်ကျင်ကန့်ကွက်ပြီး ငွေများကို အကြီးစားစက်မှုလုပ်ငန်းမှ အသေးစားစက်မှုလုပ်ငန်းများသို့ လွှဲပြောင်းပေးရန် တောင်းဆိုလိုက်သည်။ ယူဂလာနော့ဗ်နှင့် အခြားလက်ယာအညံ့ခံရေးသမားများက မော်စကိုသည် သရက်ထည်လုပ်ငန်းရက်လုပ်ရာ ဒေသဖြစ်ခဲ့ပြီး ဆက်လက်ပြီးလည်း ဤအတိုင်း ရှိရမည်ဖြစ်ကြောင်း ပြောဆိုကြကာ မော်စကိုတွင် အင်ဂျင်နီယာ စက်မှုလုပ်ငန်းများတည်ဆောက်ရန် မလိုအပ်ဟု ဆိုကြသည်။

မော်စကို ပါတီအဖွဲ့အစည်းက ယူဂလာနော့ဗ်နှင့် ၎င်း၏ နောက်လိုက်များကို ဖော်ထုတ်ဖွင့်ချလိုက်ပြီး ၎င်းတို့အား နောက်ဆုံးသတိပေးကာ ဗဟိုကော်မတီ၏ ပတ်လည်တွင် ပိုမို၍ပင် ဝန်းရံလိုက်သည်။ ၁၉၂၈ ခုတွင် ကျင်းပသော C.P.S.U(B) မော်စကိုကော်မတီ မျက်နှာစုံညီ အစည်းအဝေးတွင် ရဲဘော်စတာလင်က လက်ယာတိမ်းစောင်းမှုတွင် တိုက်ခိုက်မှုကိုစုစည်းပြီး စစ်မျက်နှာ ၂ ခုလုံးကို တိုက်ခိုက်ရမည်ဟု ဆိုလိုက်သည်။ ရဲဘော်စတာလင်က လက်ယာသမားများမှာ ပါတီတွင်းမှ ကူး လတ်ကိုယ်စားလှယ်များ ဖြစ်သည်ဟု ဆိုလိုက်သည်။

"ကျွန်တော်တို့ပါတီတွင် လက်ယာတိမ်းစောင်းမှု အောင်မြင်လွှမ်းမိုးခြင်းက အရင်းရှင်စနစ် အင်အားစုများကို ကြိုးဖြေလွှတ်ပေးပြီး ပစ္စည်းမဲ့များ၏ တော်လှန်ရေးအဆင့်အတန်းများကို အင်အားချည့်နဲ့စေကာ တိုင်းပြည်တွင် အရင်းရှင်စနစ် ပြန်လည်ထူထောင်ရေး အခွင့်အရေးများကို တိုးတက်စေပေလိမ့်မည်"ဟု ရဲဘော်စတာလင်က ဆိုခဲ့သည်။ **(ဂျေ စတာလင်၊ လီနင်ဝါဒ ပြဿနာများ၊ မော်စကို ၄၇၊ နှာ–၂၃၃)**

၁၉၂၉ ခုအစပိုင်းတွင် လက်ယာအညံ့ခံရေးသမားအုပ်စုများ၏ အာဏာလွှဲအပ်ခြင်းခံရသော ဘူခါရင်သည် ကဲမိနက်ဗ်မှတဆင့် ထရော့စကီဝါဒီများနှင့် ဆက်သွယ်ပြီး ပါတီကို ပူးတွဲတိုက်ပွဲဆင်ရန် သဘောတူညီချက်ကို စေ့စပ်ဆွေးနွေးနေကြောင်း ဖော်ထုတ်သိရှိရသည်။ ဗဟိုကော်မတီသည် လက်ယာအညံ့ခံရေးသမားများ၏ ဤရာဇဝတ်ပြစ်မှု လုပ်ရပ်များကို ဖော်ထုတ်ဖွင့်ချလိုက်ပြီး ဤပြဿနာသည် ဘူခါရင်၊ ရိုင်ကော့ဗ်၊ တွမ်စကီး (Tomsky)နှင့် ကျန်လူများအတွက် ဝမ်းနည်းကြေကွဲဖွယ် အဆုံးသတ်နိုင်ကြောင်း သတိပေးလိုက်သည်။ သို့သော်လက်ယာ အညံ့ခံရေးသမားများသည် သတိပေးချက်ကို ဂရုမစိုက်ခဲ့ချေ။ ဗဟိုကော်မတီ အစည်းအဝေး၌ သူတို့သည် ပါတီဆန့် ကျင်ရေး ကြေညာချက်စာတမ်းသစ် တစောင်တင်သွင်းရာ ယင်းကို ဗဟိုကော်မတီက ရှုတ်ချလိုက် သည်။ ဗဟိုကော်မတီက ထရော့စကီ–ဇီနိုဗစ်ဝါဒီအုပ်စုများ ဖြစ်ပျက်သွားပုံကို ထပ်မံ သတိပေး ပြောကြားလိုက်သည်။ သို့သော်လည်း ဘူခါရင်–ရိုင်ကော့ဗ်အုပ်စုသည် ပါတီဆန့်ကျင်ရေး လှုပ်ရှားမှုများကို ဆက်လက် လုပ်ဆောင်ခဲ့ကြသည်။ ရိုင်ကော့ဗ်၊ တွမ်စကီးနှင့် ဘူခါရင်တို့သည် ၎င်းတို့၏

နုတ်ထွက်စာများကို ဗဟိုကော်မတီသို့တင်သွင်းပြီး ဤနည်းဖြင့် ပါတီကို ခြိမ်းခြောက် နိုင်လိမ်မည့်ဟု ထင်ခဲ့ကြသည်။ ဗဟိုကော်မတီက ဤနုတ်ထွက်စာများ၏ အဖျက်လုပ်ဟန်ကို ရှုတ်ချ လိုက်သည်။ နောက်ဆုံး ၁၉၂၉ နိုင်ဝင်ဘာလထဲတွင် ကျင်းပခဲ့သော ဗဟိုကော်မတီ မျက်နှာစုံညီ အစည်းအဝေးက လက်ယာအချောင်သမားများ၏ အမြင်များကို ဝါဖြန့်ချိနေမှုများသည် ပါတီဝင် အဖြစ်နှင့် မသင့်တော်တော့ကြောင်း ကြေညာပြီး လက်ယာအညှဲ့ခံရေးသမားများ၏ ခေါင်းဆောင်နှင့် လှုံ့ဆော်သူ ဘူခါရင်အား ဗဟိုကော်မတီ၊ ပေါ်လစ်ဗျူရိုမှ ဖယ်ရှားရန်ဆုံးဖြတ်ကာ ရိုင်ကော့ဗ်၊ တွမ်စကီး နှင့် တခြားလက်ယာအချောင်သမားများကို ပြင်းထန်စွာ သတိပေးလိုက်သည်။

အခြေအနေမဟန်တော့ကြောင်း သိရှိရိပ်မိလာသည်နှင့် လက်ယာအညှဲ့ခံရေးသမားများ၏ ခေါင်းဆောင်များသည် ၎င်းတို့၏ အမှားများကိုဝန်ခံပြီး ပါတီ၏ နိုင်ငံရေးလမ်းစဉ်မှန်ကြောင်း ထောက်ခံသည့်စာတမ်း တင်သွင်းလာသည်။

လက်ယာအညှဲ့ခံရေးသမားများသည် ၎င်းအုပ်စုဝင်များ ဒုက္ခရောက်ခြင်းမှ ရှောင်ကြဉ်နိုင်ရန်အတွက် ယာယီနောက်ဆုတ်ရန် ဆုံးဖြတ်ခဲ့ကြသည်။

ဤသည်ကပါတီ၏ လက်ယာအညှဲ့ခံရေးသမားများအပေါ် တိုက်ပွဲပထမအဆင့်ကို ပြီးဆုံးစေလိုက်သည်။

ပါတီတွင်းကွဲပြားမှု အသစ်များက ဆိုဗီယက်ယူနီယံ၏ ပြင်ပရန်သူများတို့၏ အာရုံကို ဆွဲဆောင်ခဲ့သည်။ ပါတီတွင်း "သဘောကွဲလွဲမှုအသစ်များ" သည် ပါတီ၏ အားနည်းချက်ကို ပြသခြင်း ဖြစ်သည်ဟု ယုံကြည်ပြီး ဆိုဗီယက်ယူနီယံကို စစ်ပွဲတွင်ပါဝင်ပတ်သက်လာရန်နှင့် စက်မှုတပ်ဆင်ရေးလုပ်ငန်းကျကျနန မလုပ်ဆောင်နိုင်မီ လွဲချော်သွားစေရန် ကြိုးပမ်းမှုအသစ်များ စတင်လုပ်ကိုင်လာသည်။ ၁၉၂၉ ခု နွေရာသီတွင် နယ်ချဲ့သမားများက တရုတ်နှင့် ဆိုဗီယက်ယူနီယံအကြား ပဋိပက္ခပေါ်ပေါက်လာစေရန် လှုံ့ဆော်ပေးပြီး တရုတ်ပြည် အရှေ့ဘက်မီးရထားလမ်း၊ ဆိုဗီယက်ယူနီယံက ပိုင်ဆိုင်သည်ကို တရုတ်စစ်ဗိုလ်များက သိမ်းပိုက်ရန်နှင့် ကျွန်ုပ်တို့၏ အရှေ့ဖျားနယ်စပ်ကို တရုတ်တပ်ဖြူများက သိမ်းပိုက်ရန် မြှောက်ပေးခဲ့သည်။ သို့သော် တရုတ်စစ်ဗိုလ်များ၏ ဤစီးနင်းတိုက်ခိုက်သိမ်းပိုက်မှုများကို အပြတ်အသတ် နှိမ်နင်းပစ်လိုက်နိုင်ပြီး တပ်နီတော်၏ ချေမှုန်းခြင်းကို ခံလိုက်ရသည့် စစ်သွေးကြွသမားများသည် နောက်ဆုတ်သွားကာ မန်ချူးရီးယားအာဏာပိုင်များနှင့် ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုလိုက်ခြင်းဖြင့် ပဋိပက္ခအဆုံးသတ်သွားပါသည်။

ပြင်ပရန်သူများ၏ လျှို့ဝှက်လုပ်ကြံမှုများနှင့် ပါတီတွင်းရှိ "သဘောကွဲလွဲမှုများ" ရှိခဲ့သော်ငြားလည်း အခက်အခဲ အတားအဆီး အားလုံးရှေ့တွင် ပါတီ၏ ငြိမ်းချမ်းရေးပေါ်လစီသည် ထပ်မံအောင်ပွဲခံလိုက်သည်။

ဤကိစ္စများ ဖြစ်ပျက်ပြီးမကြာမီမှာပင် ဗြိတိသျှကွန်ဆာဗေးတစ်များက ဖြတ်တောက်ခဲ့သည့် ဆိုဗီယက်ယူနီယံနှင့် ဂရိတ်ဗြိတိန်အကြား သံတမန်နှင့် ကုန်သွယ်ရေးဆက်ဆံမှုများကို ပြန်လည်ထူထောင်လိုက်ကြသည်။

ပြည်တွင်း၊ ပြည်ပရန်သူများ၏ တိုက်ခိုက်မှုများကို အောင်မြင်စွာ တွန်းလှန်လိုက်ပြီးနောက် ပါတီသည် အကြီးစားစက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းရေး ဆိုရှယ်လစ်ပြိုင်ဆိုင်မှုကို စည်းရုံးလှုံ့ဆော်ရေး၊ နိုင်ငံတော်ပိုင်လယ်ယာနှင့် စုပေါင်းလယ်ယာများ တည်ဆောက်ရေးနှင့် နောက်ဆုံး အမျိုး

သား စီးပွားရေးဖြစ်ပေါ်တိုးတက်ရေးအတွက် ပထမ ၅ နှစ် စီမံကိန်း လက်ခံအတည်ပြုရေးနှင့် လုပ်ကိုင်ဆောင်ရွက်ရေးတို့အတွက် ရေခံမြေခံများ ပြင်ဆင်ရေးတို့ အတွက် အလုပ်ရှုပ်နေတော့သည်။

၁၉၂၉ ခု ဧပြီလတွင် ပထမ ၅နှစ် စီမံကိန်းကို အစည်းအဝေး အစီအစဉ်၏ အဓိကအစီအစဉ်အဖြစ်ထားပြီး ပါတီ၏ ၁၆ ကြိမ်မြောက်ကွန်ဂရက်ကို ကျင်းပခဲ့သည်။ ကွန်ဂရက်က လက်ယာအညံ့ခံရေး သမားများတင်သွင်းသည့် ၅ နှစ် စီမံကိန်း၏ "အနိမ့်ဆုံး"ကွဲလွဲမှု (Minimal uariant) ကို ပယ်ချလိုက်ပြီး အချက်အလက် အခြေအနေအားလုံးကိုစုစည်းကာ "အမြင့်ဆုံး" ကွဲလွဲမှု (Optimal uariant) ကို လက်ခံအတည်ပြုလိုက်သည်။

ဤသို့ဖြင့် ပါတီသည် ဆိုရှယ်လစ်စနစ် တည်ဆောက်ရေးအတွက် ကျော်ကြားလှသော ပထမ ၅ နှစ် စီမံကိန်းကို လက်ခံအတည်ပြုလိုက်သည်။

၅ နှစ် စီမံကိန်းက ၁၉၂၈–၃၃ ခု ကာလအတွင်း အမျိုးသားစီးပွားရေး၏ အရင်းအနှီး မြှုပ်နှံမှုအတိုင်းအတာကို ရူဘယ်ငွေ ၆၄,၆၀၀,၀၀၀,၀၀၀ ဟု သတ်မှတ်လိုက်သည်။ ထိုအထဲမှ စက်မှုလုပ်ငန်းနှင့် လျှပ်စစ်စွမ်းအားလုပ်ငန်းအတွက် ရူဘယ်ငွေ ၁၉,၅၀၀,၀၀၀,၀၀၀ သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် ရူဘယ်ငွေ ၁၀,၀၀၀,၀၀၀,၀၀၀ နှင့် လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းတွင် ရူဘယ်ငွေ ၂၃,၂၀၀,၀၀၀,၀၀၀ မြှုပ်နှံရန်ဖြစ်သည်။

ဤသည်မှာ ဆိုဗီယက်ယူနီယံ၏ စက်မှုလုပ်ငန်းနှင့် လယ်ယာလုပ်ငန်းကို ခေတ်မီနည်းပညာများ တပ်ဆင်ရန်ဆိုသည့် အလွန်ကြီးမားလှသော စီမံကိန်းဖြစ်သည်။

ရဲဘော် စတာလင်က "၅ နှစ် စီမံကိန်း၏ အခြေခံတာဝန်မှာ စက်မှုလုပ်ငန်းတခုလုံးတည်းကိုသာမက သယ်ယူပို့ဆောင်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများကိုလည်း ဆိုရှယ်လစ်စနစ် အခြေခံပေါ်တွင် ထပ်မံတပ်ဆင်နိုင်ပြီး ထပ်မံစုစည်းလုပ်ဆောင်နိုင်သည့် စက်မှုလုပ်ငန်းမျိုးကို ကျွန်တော်တို့နိုင်ငံတွင် တီထွင်ရန်ဖြစ်သည်" ဟုဆိုခဲ့သည်။ **(ဂျေ စတာလင် လီနင်ဝါဒ ပြဿနာများ မော်စကို ၄၇ ၊ နှာ ၃၉၇)**

ဤစီမံကိန်းမှာ ကြီးကျယ်လှသော်လည်း ဘော်ရှီဗစ်များအဖို့ စိတ်ရှုတ်ထွေးစရာသော် လည်းကောင်း၊ အံ့သြစရာသော်လည်းကောင်း မဟုတ်ခဲ့ချေ။ ဤအတွက်နည်းလမ်းကို စက်မှုလက်မှု တပ်ဆင်ရေးနှင့် စုပေါင်းပိုင်ဆိုင်မှု ပြုလုပ်ခြင်းတို့၏ ဖြစ်ပေါ်တိုးတက်မှု လမ်းကြောင်းတစ်ခုလုံးက အသင့်ပြင်ဆင်ပေးပြီး "ဆိုရှယ်လစ်ပြိုင်ဆိုင်မှု" ဆိုသည်တွင် တွေ့ရှိနိုင်ကာ အလုပ်သမား၊ လယ်သမားများအား ဖမ်းစားထားသည့် လုပ်အားတက်ကြွမှုလှိုင်းက ရှေ့ဆောင်ခဲ့သည်။

၁၆ ကြိမ်မြောက် ပါတီကွန်ဖရင့်က ဆိုရှယ်လစ်ပြိုင်ဆိုင်မှု ဆက်လက် ဖြစ်ပေါ်တိုးတက်ရေးကို လှုံ့ဆော်ထားသည့် အလုပ်သမား ပြည်သူလူထုအားလုံး၏ တောင်းဆိုချက်ကို လက်ခံအတည်ပြုလိုက်သည်။

ဆိုရှယ်လစ်ပြိုင်ဆိုင်မှုက စံပြလုပ်အားစိုက်ထုတ်မှုနှင့် လုပ်အားအပေါ် သဘောထားသစ်များ၏ သာဓကအများအပြားကို ဖော်ထုတ်လိုက်သည်။ စက်ရုံများ စုပေါင်းလယ်ယာနှင့် နိုင်ငံတော်လယ်ယာအများအပြားတို့တွင် အလုပ်သမားများနှင့် စုပေါင်းလယ်ယာလယ်သမားများသည် နိုင်ငံတော်စီမံကိန်းသတ်မှတ်ချက်ထက် အထွက်ပစ္စည်းများ ကျော်လွန်စေရန် "တန်ပြန်စီမံကိန်း" (Counter-plan)ကို ရေးဆွဲခဲ့ကြသည်။ သူတို့သည် လုပ်အားဘက်တွင် သူရဲကောင်းဝါဒကို ပြသခဲ့သည်။ သူတို့သည် ပါတီနှင့်အစိုးရက ချမှတ်ခဲ့သော ဆိုရှယ်လစ်ဖြစ်ပေါ်တိုးတက်ရေး စီမံကိန်းများကို ပြည့်မီရုံမျှ

မက ကျော်လွန်၍ပင်သွားခဲ့သည်။ လုပ်အားနှင့်ပတ်သက်သည့် သဘောထားမှာ ပြောင်းလဲသွား ခဲ့ပေပြီ၊ ၊ အရင်းရှင်စနစ်အောက်တွင် စေတနာမပါသော အပြစ်ဒဏ်နှင့် မလွတ်ကင်းလှသည့် ကျွန်ဘဝ မှ "ဂုဏ်ယူစရာကိစ္စ၊ ဂုဏ်ကျက်သရေပြည့်ဝသည့်ကိစ္စ၊ ရဲစွမ်းသတ္တိနှင့် သူရဲကောင်းဆန်သည့်ကိစ္စ" ဖြစ်လာနေပေတော့သည်။ **(စတာလင်)**

စက်မှုလုပ်ငန်းသစ် တည်ဆောက်ရေးများသည်လည်း တပြည်လုံးတွင် အလွန်ကြီးမားသည့် အတိုင်းအတာဖြင့် တိုးတက်နေသည်။ ဒနီပါး ရေအားလျှပ်စစ်စီမံကိန်းသည်လည်း အရှိန်ရနေပြီဖြစ်သည်။ ကရာမာတော့ဗ်နှင့် ဂေါ်လေ့ဗ်ကာ သံနှင့် သံမဏိလုပ်ငန်းများ တည်ဆောက်ရေးနှင့် လူကန့်တ်စ်မီးရထား စက်ခေါင်းလုပ်ငန်းများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများသည်လည်း ဒိုနက်စ်ချိုင့်ဝှမ်း၌ စတင်နေပြီဖြစ်သည်။ ကျောက်မီးသွေးတွင်းသစ်များနှင့် သတ္တုကြိုမီးဖိုများလည်း ပေါ်ထွက်လာသည်။ ယူရဲလ် စက်ကိရိယာတည်ဆောက်ရေးလုပ်ငန်းများနှင့် ဘရင်စလီနှင့် ဘိုလီကမ်စ်ဓာတုလုပ်ငန်းများကိုလည်း ယူရဲလ်ဒေသတွင် တည်ဆောက်နေပေပြီ။ မက်နီတိုဂေ့ါ သံနှင့် သံမဏိစက်ရုံတည်ဆောက်ရေးလုပ်ငန်းများ စတင်နေပေပြီ၊ မော်စကိုနှင့် ဂေါ်ကီတွင် ကြီးမားလှသည့် မော်တော်ကားစက်ရုံကြီးများ တည်ထောင်နေကြပြီး ရော့စတော့စ်–အွန်–ဒွန် တွင် ကြီးမားလှသော လယ်ထွန်စက် စက်ရုံကြီးများ၊ ကောက်ရိတ်ပူးတွဲ စက်ရုံများနှင့် အလွန်ကြီးမားသော လယ်ယာလုပ်ငန်းစက်ယန္တရား စက်ရုံကြီးများကို တည်ဆောက်နေကြပေပြီ။ ဆိုဗီယက်ယူနီယံ၏ ဒုတိယကျောက်မီးသွေးထွက်ရာ အရပ်ဖြစ်သော ကတ်ဇနက် ကျောက်မီးသွေးတွင်းများကို တိုးချဲ့ခဲ့ပေပြီ။ စတာလင်ဂရက် အနီးရှိ ကွင်းပြင်ကြီးတွင် ဆယ့်တစ်လအတွင်း ကြီးမားသော လယ်ထွန်စက်ရုံ လုပ်ငန်းကြီးပေါ်ထွက်လာသည်။ ဒနီးပါး ရေအားလျှပ်စစ်စက်ရုံနှင့် စတာလင်ဂရက် လယ်ထွန်စက်ရုံ လုပ်ငန်းထူထောင်ရာတွင် အလုပ်သမားများသည် လုပ်အား ကုန်ထုတ်လုပ်မှုတွင် ကမ္ဘာ့စံချိန်များကို ချိုးပစ်လိုက်သည်။

စက်မှုလုပ်ငန်းတည်ဆောက်ရာတွင် ဤကဲ့သို့သော အတိုင်းအတာကြီးမားလှသည့် ဖြစ်ပေါ်တိုးတက်မှု အသစ်များအတွက် ဤကဲ့သို့သော စိတ်အားထက်သန်မှုနှင့် အလုပ်သမားလူတန်းစားသန်းပေါင်းများစွာ၏ ဤကဲ့သို့သော လုပ်အားသူရဲကောင်းဝါဒများသည် သမိုင်းတွင်မရှိခဲ့ဘူးချေ။

ဤသည်မှာဆိုရှယ်လစ်ပြိုင်ဆိုင်မှုက မွေးဖွားပေးပြီး လှုံ့ဆော်ပေးလိုက်သည့် တကယ့်စစ်မှန်သော လုပ်အားတက်ကြွမှုလှိုင်းပင် ဖြစ်ပေတော့သည်။

ဤအကြိမ်တွင် လယ်သမားများသည် အလုပ်သမားများနောက်ကျမကျန်ခဲ့ပါ။ ကျေးလက်တွင်လည်း စုပေါင်းလယ်ယာလုပ်ငန်းများအတွက် လှုံ့ဆော်စည်းရုံးနေသည့် လယ်သမားထုများအကြား ဤလုပ်အားတက်ကြွမှု စိတ်ဓာတ်မှာ စတင်ပျံ့နှံ့နေပြီဖြစ်သည်။ လယ်သမားထုကြီးသည် စုပေါင်းလယ်ယာလုပ်ငန်းဘက်သို့ ပြတ်ပြတ်သားသား ဦးလှည့်လာကြသည်။ ဤနေရာတွင် နိုင်ငံတော်ပိုင်လယ်ယာများနှင့် စက်ယန္တရားနှင့် လယ်ထွန်စက်ရုံကြီးများက ကြီးမားသည့် အခန်းမှပါဝင်ခဲ့သည်။ လယ်သမားများသည် လူစုလူဝေးဖြင့် နိုင်ငံတော်ပိုင်လယ်ယာများနှင့် စက်ယန္တရားနှင့် လယ်ထွန်စက်ရုံများသို့ လာရောက်ကြကာ လယ်ထွန်စက်နှင့် အခြားလယ်ယာသုံး စက်ယန္တရားများ၏ လုပ်ဆောင်ချက်များကို ကြည့်ရှုကြပြီး ၎င်းတို့၏ သရုပ်ဖော်ဆောင်ရွက်ချက်များကို အားကျလက်ခံကာ ထိုအချိန်နှင့် ထိုနေရာမှာပင် "စုပေါင်းလယ်ယာများတွင် ပါဝင်ကြစို့"ဟု ဆုံးဖြတ်လိုက်ကြသည်။

မိမိတို့၏ သေးငယ်လှသော အငယ်စားတစ်ဦးချင်း လုပ်ဆောင်သော လယ်မြေကိုယ်စီတွင် ကွဲပြားအစည်းပြေနေပြီး အသုံးပြုနိုင်သော မည်သည့်ကိရိယာမှလည်းမရှိ၊ ကျယ်ပြောလှသော မထွန်ယက်ရသေးသည့် နယ်မြေများကို ထွန်ယက်စိုက်ပျိုးရန် နည်းလမ်းလည်းမရှိဘဲ မိမိတို့၏ လယ်ယာမြေများ တိုးတက်ရာ တိုးတက်ကြောင်းအတွက် နည်းလမ်းမရှိဖြစ်သော ဆင်းရဲခြင်း၏ ဖိစီးခြင်းခံရလျက် မိမိတို့ပိုင် ကိရိယာလေးများဖြင့်သာ အထီးကျန်ဖြစ်နေရသည့် လယ်သမားများသည် နောက်ဆုံး၌ ပိုမိုကောင်းမွန်သောဘဝအတွက် ထွက်ရပ်လမ်းကို တွေ့ရှိကြတော့သည်။ မိမိတို့၏ ထွက်ပေါက်ကို ၎င်းတို့၏ လယ်မြေကလေးများကို သမဝါယမ စုပေါင်းပိုင်ဆိုင်သည့် လယ်ယာမြေများအဖြစ်သို့ ပူးပေါင်းလိုက်ခြင်းတွင်လည်းကောင်း၊ မထွန်ယက်ရသေးသည့် မည့်သည့် “မြေမာ”ကိုမဆို ထွန်ယက်နိုင်သည့် လယ်ထွန်စက်များတွင်လည်းကောင်း၊ နိုင်ငံတော်က စက်ယန္တရား၊ ငွေအား၊ လူအားနှင့် အကြံဉာဏ်အားဖြင့် ပေးအပ်လာသည့် ကူညီမှုများတွင်လည်းကောင်း၊ ကူးလတ်များ၏ အနှောင်အဖွဲ့များမှ မိမိတို့ကိုလွတ်မြောက်စေရန် ရရှိလာသည့် အခွင့်အရေးတွင်လည်းကောင်း တွေ့ရှိလာရသည်။ ကူးလတ်များကိုလည်း ဆိုဗီယက်အစိုးရက မကြာမီကပင် ချေမှုန်းလိုက်ခြင်းမှာ သန်းပေါင်းများစွာသော လယ်သမားများအတွက် ဝမ်းသာဖွယ်ဖြစ်ပေတော့သည်။

ဤအခြေခံပေါ်တွင် လူထုစုပေါင်းပိုင်ဆိုင်သည့် လယ်ယာမြေ လှုပ်ရှားမှုစတင်ခဲ့ကာ နောက်ပိုင်းတွင် အထူးသဖြင့် ၁၉၂၉ ခု ကုန်ခါနီး၌ အလျင်အမြန် ဖြစ်ပေါ်ထိုးပွားသွားပြီး ဆိုရှယ်လစ် စက်မှုလုပ်ငန်းတွင်ပင် မရှိခဲ့ဘူးသည့် နှုန်းထားနှင့် တိုးတက်လာခဲ့သည်။

၁၉၂၈ ခုတွင် စုပေါင်းလယ်ယာမြေ၏ ထွန်ယက်စိုက်ပျိုးသည့် ဧရိယာစုစုပေါင်းမှာ ဟက်တာ ၁,၃၉၀,၀၀၀ ရှိပြီး ၁၉၂၉ တွင် ၄,၂၆၂,၀၀၀ ဟက်တာဖြစ်လာကာ ၁၉၃၀ ခုတွင် စုပေါင်းလယ်ယာ၌ ထွန်ယက်မည့် စီမံကိန်းတွင် ၁၅,၀၀၀,၀၀၀ ဖြစ်လာခဲ့သည်။

ရဲဘော်စတာလင်က “ကြီးမားသည့်ပြောင်းလဲမှုနှစ် ၁၉၂၉” ဆိုသည့် သူ၏ဆောင်းပါးတွင် စုပေါင်းလယ်ယာများ၏ ကြီးထွားမှုနှုန်းကို ကိုးကားပြောဆိုရာ၌ “ဤကဲ့သို့ အရှိန်အဟုန်ပြင်းလှသော ဖြစ်ပေါ်တိုးတက်မှုနှုန်းမှာ၊ ဖြစ်ပေါ်တိုးတက်မှုနှုန်း၌ ထူးခြားထင်ရှားလှသည်ဟု ယေဘုယျ သတ်မှတ်ခြင်းခံရသော ဆိုရှယ်လစ်စနစ်နှင့်အညီ တည်ဆောက်ခဲ့သည့် ကျွန်တော်တို့၏ အကြီးစား စက်မှုလုပ်ငန်းကပင် အမှီမလိုက်နိုင်တော့ကြောင်းဝန်ခံရပေမည်” ဟုရေးသားခဲ့သည်။

ဤသည်မှာ စုပေါင်းလယ်ယာလှုပ်ရှားမှု ဖြစ်ပေါ်တိုးတက်ခြင်း၏ အလှည့်အပြောင်းပင် ဖြစ်တော့သည်။

ဤသည်မှာ လူထုစုပေါင်းလယ်ယာလှုပ်ရှားမှု၏ အစပြုချက်ပင်ဖြစ်ပေတော့သည်။ ရဲဘော်စတာလင်ကသူ၏ “ကြီးမားသည့်ပြောင်းလဲမှုနှစ်” ဆောင်းပါးတွင် “လက်ရှိစုပေါင်း လယ်ယာလှုပ်ရှားမှု၏ အသွင်သစ်မှာ မည်သည်နည်း” ဟု မေးမြန်းခဲ့ပြီး အောက်ပါအတိုင်းဖြေဆိုခဲ့သည်။

“လက်ရှိစုပေါင်းလယ်ယာလှုပ်ရှားမှု၏ ပြတ်သားသည့် အသွင်သစ်မှာ လယ်သမားများသည် စုပေါင်းလယ်ယာမြေများတွင် ပူးပေါင်းရာ၌ ယခင်ကဲ့သို့ တကွဲတပြားအစုလေးများဖြင့် ဝင်ရောက်ကြခြင်း မဟုတ်တော့ဘဲ တရွာလုံး၊ တခရိုင်လုံး၊ ဒေသတခုလုံးပင် ပါဝင်ခဲ့ကြသည်။ ဤသည်က မည်သည်ကို ဆိုလိုသနည်း။ အလယ်အလတ်သမားများ စုပေါင်းလယ်ယာမြေ လှုပ်ရှားမှုတွင် ပါဝင်ခဲ့ကြပြီ

ဟုဆိုလိုပေသည်။ ဤသည်မှာ လယ်ယာစိုက်ပျိုးရေး ဖြစ်ပေါ်တိုးတက်မှု၏ အောက်ခြေသိမ်းပြောင်းလဲမှု၏ အခြေခံဖြစ်ပြီး ဆိုဗီယက်အာဏာ၏အရေးကြီးဆုံးအောင်မြင်မှုကို ကိုယ်စားပြုပေသည်။”

ဤသည်က ခိုင်မာတောင့်တင်းသည့် စုပေါင်းပိုင်ဆိုင်မှု ပြုလုပ်ခြင်းပေါ်တွင် အခြေခံပြီး ကူးလတ်များကို လူတန်းစားတရပ်အဖြစ်မှ ပယ်ဖျက်ချေမှုန်းလိုက်ရန် အချိန်ရင့်မှည့်လာနေပြီ သို့မဟုတ် အချိန်ရင့်မှည့်ပြီး ဖြစ်သည်ဟု ဆိုလိုပေသည်။

## အကျဉ်းချုပ်

၁၉၂၆–၂၉ ကာလအတွင်း ပါတီသည် တိုင်းပြည်ကို ဆိုရှယ်လစ်စက်မှု၊ လက်မှုတပ်ဆင်ခြင်း တိုက်ပွဲအတွင်း ပြည်တွင်းနှင့် နိုင်ငံခြား စစ်မျက်နှာများတွင် ကြီးမားလှသည့် အခက်အခဲများနှင့် လုံးပန်း တိုက်ခိုက်ကျော်လွှားခဲ့ရသည်။ ပါတီနှင့် အလုပ်သမား လူတန်းစား၏ကြိုးပမ်းဆောင်ရွက်ချက်များ ကြောင့် ဆိုရှယ်လစ်စက်မှုလက်မှုတပ်ဆင်ရေးပေါ်လစီသည်အောင်ပွဲခံခဲ့သည်။

အဓိကအားဖြင့် စက်မှုလက်မှုတပ်ဆင်ရေးပြဿနာများထဲတွင် အခက်ခဲဆုံးတခုဖြစ်သော အကြီးစားစက်မှုလုပ်ငန်း တည်ဆောက်ရေးအတွက် ရန်ပုံငွေ စုဆောင်းရေးပြဿနာကို ဖြေရှင်းနိုင်ခဲ့ သည်။ အမျိုးသားစီးပွားရေးတခုလုံးကို ပြန်လည်ဖြည့်တင်း တပ်ဆင်နိုင်သည့် အကြီးစားစက်မှုလုပ်ငန်း အတွက် အခြေခံအုတ်မြစ်များကိုချခဲ့သည်။

ဆိုရှယ်လစ်တည်ဆောက်ရေး ပထမ ၅ နှစ် စီမံကိန်းကို လက်ခံအတည်ပြုခဲ့သည်။ စက်ရုံ သစ်များ၊ နိုင်ငံတော်ပိုင် လယ်ယာများနှင့် စုပေါင်း လယ်ယာမြေ တည်ဆောက်ရေးများသည်လည်း အကျယ် အပြန့်ဖြစ်ပေါ်တိုးတက်လျက်ရှိသည်။

ဆိုရှယ်လစ်စနစ်သို့ တိုးတက်ရှေးရှုလာမှုနှင့်အတူ တိုင်းပြည်တွင် လူတန်းစားတိုက်ပွဲပြင်းထန် လာမှုနှင့် ပါတီတွင်း လူတန်းစားတိုက်ပွဲ ပြင်းထန်သည်းသန်လာမှုများပါ လိုက်ပါလာသည်။ ဤတိုက် ပွဲ၏ အဓိက အကျိုးကျေးဇူးရလဒ်များမှာ ကူးလတ်များ၏ ခုခံမှုကို ချေမှုန်းလိုက်နိုင်ခြင်း၊ ထရော့စကီနှင့် ဇီနိုဗစ်ဝါဒီ အညှံ့ခံရေးအုပ်စုကို ဆိုဗီယက်ဆန့်ကျင်ရေးအုပ်စုအဖြစ် ဖွင့်ချလိုက်နိုင်ခြင်း၊ လက်ယာ အညှံ့ခံရေးသမားများကို ကူးလတ်များ၏ ကိုယ်စားလှယ်သူလျှိုများအဖြစ် ဖွင့်ချလိုက်နိုင်ခြင်း။ ထရော့စကီဝါဒီများကို ပါတီမှ ထုတ်ပယ်လိုက်နိုင်ခြင်းနှင့် ထရော့စကီဝါဒီများနှင့် လက်ယာ အချောင် သမားများ၏ အမြင်များမှာ ဆိုဗီယက်ယူနီယံ ကွန်မြူနစ်ပါတီ (ဘော်ရှီဗစ်) C.P.S.U(B) ၏ ပါတီ ဝင်အဖြစ်နှင့် မကိုက်ညီတော့ကြောင်း ကြေညာလိုက်နိုင်ခြင်းတို့ ဖြစ်သည်။

ထရော့စကီဝါဒီများသည် ဘော်ရှီဗစ်ပါတီ၏ အတွေးအခေါ်အရ ချေမှုန်းခြင်းကိုခံလိုက်ရပြီး အလုပ်သမား လူတန်းစားအကြား ထောက်ခံမှု အားလုံးဆုံးရှုံးသွားပြီးနောက် နိုင်ငံရေးအယူအဆ တရပ်အဖြစ်မှ ရပ်စဲသွားကြပြီး မူမဲ့သည့် နိုင်ငံရေးလူလိမ်လူညာ အခွင့်အရေးသမားအုပ်စု၊ နိုင်ငံ ရေးလျှာ ၂ ခွ သမားများဖြစ်သွားကြတော့သည်။

အကြီးစားစက်မှုလုပ်ငန်း၏ အခြေခံအုတ်မြစ်များကိုချပြီးနောက် ပါတီသည် ဆိုဗီယက်ယူနီ ယံ၏ ဆိုရှယ်လစ်တည်ဆောက်ရေး ပထမ ၅ နှစ် စီမံကိန်း ပြည့်ဝစေရန်အတွက် အလုပ်သမား လူတန်းစားနှင့် လယ်သမားထုကို စုစည်း စည်းရုံးခဲ့သည်။ တပြည်လုံးအနှံ့ အလုပ်သမား သန်း ပေါင်းများစွာအကြား ဆိုရှယ်လစ်ပြိုင်ဆိုင်မှု စိတ်ဓာတ်ဖြစ်ပေါ်တိုးတက်ခဲ့ပြီး လုပ်အား တက်ကြွ စိတ်သည် ကြီးကြီးမားမား အင်အားရှိလှသော လှိုင်းသဖွယ်ပေါ်ပေါက်လာကာ အလုပ်သမား စည်း ကမ်းသစ် (New Labour discipline) ကိုပေါ်ထွက်လာစေခဲ့သည်။

ဤကာလသည် စက်မှုလုပ်ငန်းတွင် ဆိုရှယ်လစ်စနစ်၏ သိမ်းကြုံးအောင်ပွဲခံမှု လယ်ယာစိုက် ပျိုးရေးတွင် အရေးကြီးသော ပထမဆုံးအောင်ပွဲခံမှုများ၊ အလယ်အလတ်လယ်သမားများ၏ စုပေါင်း လယ်ယာဘက်သို့ ကူးပြောင်းလာမှုနှင့် လူထုစုပေါင်းပိုင်ဆိုင်သည့် လယ်ယာမြေလှုပ်ရှားမှု စတင် ခြင်းများဖြင့် ထူးခြားနေသည့် ကြီးမားသောပြောင်းလဲမှုနှစ်အဖြစ် အဆုံးသတ်ခဲ့သည်။

# အခန်း (၁၁)
# လယ်ယာစိုက်ပျိုးရေးတွင် စုပေါင်းပိုင်ဆိုင်မှုလုပ်ငန်းတိုက်ပွဲတွင်းမှ ဘော်ရှီဗစ်ပါတီ (၁၉၃၀–၁၉၃၄)

## ၁။ ၁၉၃၀ – ၃၄ အတွင်းက နိုင်ငံတကာ့အခြေအနေ၊ အရင်းရှင်နိုင်ငံများအတွင်း စီးပွားရေး အကျပ်အတည်း၊ မန်ချူးရီးယားကို ဂျပန်တို့တိုးချဲ့သိမ်းပိုက်ခြင်း၊ ဂျာမနီ၌ ဖက်ဆစ်များ အာဏာရရှိလာကြခြင်း။ စစ်ပွဲနေရာ – နှစ်နေရာ။

ဆိုဗီယက်ပြည်ထောင်စု၌ ဆိုရှယ်လစ် စက်မှုလက်မှုလုပ်ငန်းတွင် အရေးပါသည့် တိုးတက်မှုများ ရရှိနေပြီး စက်မှုလုပ်ငန်းများ အလျှင်အမြန် ဖြစ်ပေါ်တိုးတက်နေချိန်ဝယ် အရင်းရှင်နိုင်ငံများ၌ မကြုံဘူးသော အတိုင်းအတာရှိသည့် ကမ္ဘာ့စီးပွားရေး အကြီးအကျယ်ကပ်ဆိုက်မှုသည် ၁၉၂၉ ခု ကုန်ခါနီးတွင် ဖြစ်ပွားလာခဲ့ကာ နောက်သုံးနှစ်အတွင်း ပိုမိုသည်းသန်ပြင်းထန်လာခဲ့သည်။ စက်မှုလုပ်ငန်း အကျပ်အတည်းများသည် လယ်ယာစိုက်ပျိုးရေး အကျပ်အတည်းများနှင့် ရောထွေးယှက်တင် ဖြစ်နေပြီး ဤပြဿနာများက အရင်းရှင်နိုင်ငံများအတွက် ပိုမိုဆိုးဝါးစေခဲ့ပါသည်။

စီးပွားရေးအကျပ်အတည်းကာလ သုံးနှစ် (၁၉၃၀ – ၃၃) တွင် စက်မှုအထွက်မှာ ၁၉၂၉ ခုနှစ်နှင့် နှိုင်းစာလျှင် အမေရိကန်က ၆၅ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဗြိတိသျှတို့၏ အထွက်နှုန်း ၈၆ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဂျာမနီမှာ ၆၆ ရာခိုင်နှုန်းသို့လည်းကောင်း၊ ပြင်သစ်မှာ ၇၇ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီး ကျဆင်းသွားခဲ့ကြသည်။ သို့သော် ထိုအချိန်မှာပင် ဆိုဗီယက်၏ စက်မှုအထွက်မှာ နှစ်ဆတိုးခဲ့ပြီး ၁၉၃၃ ခု တွင် ၁၉၂၉ ခု အထွက်၏ ၂၀၁ ရာခိုင်နှုန်းသို့ ရောက်ရှိခဲ့သည်။

ဤသည်မှာ ဆိုရှယ်လစ်စီးပွားရေးစနစ်က အရင်းရှင်စီးပွားရေးစနစ်ထက် သာလွန်မှုကို ထပ်မံသက်သေပြချက် ဖြစ်သည်။ ဤသည်က ကမ္ဘာပေါ်တွင် ဆိုရှယ်လစ်စနစ်နိုင်ငံ တနိုင်ငံသာလျှင် စီးပွားရေးကပ်ဘေးမှ လွတ်ငြိမ်းကြောင်း ပြသခဲ့သည်။

ကမ္ဘာ့စီးပွားရေးအကျပ်အတည်းကြီးက အလုပ်လက်မဲ့ပေါင်း ၂၄,၀၀၀,၀၀၀ ၏ ငတ်မွတ် ခေါင်းပါးခြင်း၊ ဆင်းရဲဒုက္ခတ်ခြုံကျခြင်းများကို ဖြစ်ပေါ်စေခဲ့သည်။ လယ်ယာအကျပ်အတည်းများကလည်း လယ်သမားသန်းပေါင်းများစွာကို ဒုက္ခကြီးစွာ ရောက်စေခဲ့သည်။

ကမ္ဘာ့စီးပွားရေးအကျပ်အတည်းက နယ်ချဲ့နိုင်ငံများအကြား စစ်နိုင်သည့်နိုင်ငံနှင့် စစ်ရှုံးသည့် နိုင်ငံအကြား၊ နယ်ချဲ့နိုင်ငံများနှင့် ကိုလိုနီနှင့် လက်အောက်ခံနိုင်ငံများအကြား၊ အလုပ်သမားနှင့် အရင်းရှင်များအကြား၊ လယ်သမားနှင့် မြေရှင်များအကြား ပဋိပက္ခများကို ပိုမိုသည်းသန်လာစေခဲ့သည်။

၁၆ ကြိမ်မြောက် ပါတီကွန်ဂရက်၌ ဗဟိုကော်မတီကိုယ်စား အစီရင်ခံရာတွင် ရဲဘော်စတာလင်က နေရှင်များသည် တဖက်တွင် ဖက်ဆစ်အာဏာရှင်စနစ်၊ ဆိုလိုသည်မှာ လူမျိုးကြီးဝါဒ၊ နယ်ချဲ့ဝါဒနှင့် အရင်းရှင်ဝါဒ အစိတ်အပိုင်းများထဲမှ အဖောက်ပြန်ဆုံးသော အာဏာရှင်စနစ်ကို ထူထောင်ပြီး အလုပ်သမားလူတန်းစားကို ချေမှုန်းပစ်ခြင်းဖြင့်လည်းကောင်း၊ တဖက်တွင် ကာကွယ်ရေး ညံ့ဖျင်းသော နိုင်ငံများကို ချေမှုန်းပြီး ကိုလိုနီနှင့်ဩဇာခံနယ်မြေများ ပြန်လည်ခွဲဝေယူရန် စစ်ပွဲဖြစ်ပေါ်လာရေးကို လှုံ့ဆော်ခြင်းဖြင့်လည်းကောင်း စီးပွားရေးကပ်ဘေးမှ ထွက်ပေါက်ရှာလိမ့်မည် ဖြစ်ကြောင်း ထောက်ပြခဲ့သည်။

ဤအတိုင်းလည်း ဖြစ်ပျက်ခဲ့သည်။

၁၉၃၂ ခုတွင် ဂျပန်ကြောင့် စစ်ပွဲအန္တရာယ် ပိုကြီးလာခဲ့သည်။ ဥရောပနိုင်ငံများနှင့် အမေရိကန်နိုင်ငံတို့သည် စီးပွားရေးအကျပ်အတည်းကြောင့် ပြည်တွင်းရေးရာများနှင့်သာ လုံးဝလုံးပန်းနေရကြောင်းရိပ်စားမိပြီးနောက် ဂျပန်စစ်ဝါဒီများသည် ထိုအခွင့်အရေးကိုယူပြီး ကာကွယ်ရေးညံ့ဖျင်း လှသည့် တရုတ်ပြည်ကို ဖိအားပေးကာ လက်အောက်ခံနိုင်ငံပြုလုပ်ရန် ဆုံးဖြတ်လိုက်ကြသည်။ သူတို့ကိုယ်တိုင်လှုံ့ဆော် လုပ်ဆောင်ခဲ့သည့် "ဒေသအဖြစ်အပျက်များ" ကို တမင်သက်သက် အမြတ်ထုတ်ကာ ဂျပန်နယ်ချဲ့သမားများသည် တရုတ်ပြည်ကို စစ်ကြေညာခြင်းမပြုဘဲ ခိုးပြသူခိုးများကဲ့သို့ မန်ချူးရီးယားအတွင်း စစ်တပ်များဝင်ရောက်လာခဲ့သည်။ ဂျပန်စစ်တပ်များသည် မန်ချူးရီးယား တခုလုံးကို သိမ်းပိုက်လိုက်နိုင်ပြီး ဤနည်းဖြင့် တရုတ်ပြည် မြောက်ပိုင်းကို သိမ်းပိုက်ရေးနှင့် ဆိုဗီယက်ကို တိုက်ခိုက်ရေးအတွက် သင့်တင့်အဆင်ပြေသည့် နင်းခုံတခုကို ပြင်ဆင်ခဲ့သည်။ ဂျပန်သည် လွတ်လွတ်လပ်လပ် လုပ်ဆောင်နိုင်ရန်အတွက် နိုင်ငံများအဖွဲ့ချုပ်မှ နှုတ်ထွက်လိုက်ပြီး အရှုးအမူးနိုင်သော လျင်မြန်မှုဖြင့် လက်နက်များ စတင်တပ်ဆင်ခဲ့သည်။

ဤသည်က အမေရိကန်၊ ဗြိတိန်နှင့် ပြင်သစ်တို့ကို အရှေ့ဖျားအရပ်၌ ရေတပ်အင်အား တိုးတက်ခိုင်မာအောင် လုပ်ဆောင်လာရေးအတွက် တွန်းပေးလိုက်သည်။ ဂျပန်က တရုတ်ပြည်ကို လက်အောက်ခံပြုလုပ်ပြီး ထိုနိုင်ငံမှ ဥရောပနှင့် အမေရိကန်နယ်ချဲ့သမား အင်အားများကို ဖယ်ရှားရန် မှာ ရှင်းနေပါသည်။ သူတို့က ၎င်းတို့၏ လက်နက်အင်အားများကို တိုးမြှင့်လိုက်ခြင်းဖြင့် အဖြေပေးလိုက်သည်။

သို့သော် ဂျပန်တွင် နောက်ရည်ရွယ်ချက် တခုလည်း ရှိနေပါသေးသည်။ ဆိုဗီယက်အရှေ့ဖျား ဒေသကို သိမ်းပိုက်ရန်ဖြစ်သည်။ သဘာဝကျစွာပင် ဆိုဗီယက်သည် ဤအန္တရာယ်ကို မျက်စိမှိတ်မ ထားနိုင်ဘဲ ၎င်း၏အရှေ့ဖျားနယ်မြေ၏ ကာကွယ်ရေးကို အပြင်းအထန် တိုးတက်လုပ်ဆောင်လာခဲ့ သည်။

ဤနည်းဖြင့် အရှေ့ဖျားဒေသတွင် ဂျပန်ဖက်ဆစ်နယ်ချဲ့များကြောင့် စစ်ပွဲအတွက် ပထမ တနေရာပေါ်လာခဲ့သည်။

သို့သော် စီးပွားရေးအကျပ်အတည်းက အရင်းရှင်စနစ်၏ ပဋိပက္ခများကို ပြင်းထန်စေခဲ့သည်မှာ အရှေ့ဖျားဒေသတခုတည်း တွင်သာမဟုတ်ချေ။ ဥရောပတွင်လည်း ပဋိပက္ခများ ပြင်းထန်လာသည်။ စက်မှုလုပ်ငန်းနှင့် လယ်ယာစိုက်ပျိုးရေးအတွင်း ကြာရှည်ကြာများ ကျရောက်ခဲ့သော အကျပ်အတည်း၊ အလုပ်လက်မဲ့ဦးရေ အဆမတန်တိုးများလာခြင်းနှင့် ဆင်းရဲသား လူတန်းစားများအတွက် ပိုမိုမလုံမခြုံဖြစ်လာခြင်းများက အလုပ်သမား၊ လယ်သမားများ၏ မကျေနပ်ချက်များကို လေပင့်ပေးခဲ့ သည်။ အလုပ်သမားလူတန်းစား၏ မကျေနပ်မှုများသည် တော်လှန်သည့် မကျေနပ်မှုသို့ တိုးတက် လာခဲ့သည်။ ဤသည်ကို ဂျာမနီ၌ အထူးတွေ့ရှိနိုင်သည်။ ဂျာမနီသည် စစ်ပွဲကြောင့် သော်လည်း ကောင်း၊ အင်္ဂလိပ်၊ ပြင်သစ် စစ်နိုင်သူများကို လျော်ကြေးပေးနေရခြင်းကြောင့် သော်လည်းကောင်း၊ စီးပွားရေးကပ်ဆိုက်မှုကြောင့်လည်းကောင်း၊ စီးပွားရေးအရ ချွတ်ခြုံကျနေကာ အလုပ်သမားလူတန်း စားသည်လည်း ပြည်တွင်းဓနရှင်များနှင့် နိုင်ငံခြားအင်္ဂလိပ်၊ ပြင်သစ်ဓနရှင်များ၏ ထမ်းပိုးနှစ်ခု အောက်တွင် ဖိစီးနှိပ်စက်ခံနေရသည်။ ဤမကျေနပ်ချက်၏ အတိုင်းအတာကို ဖက်ဆစ်များ အာဏာ မရမီ နောက်ဆုံး ရိုင်စတက်ရွေးကောက်ပွဲ၌ ဂျာမန်ကွန်မြူနစ်ပါတီကို မဲခြောက်သန်းပေးလိုက်ခြင်းက ရှင်းရှင်းလင်းလင်း ပြသနေသည်။ ဂျာမန်ဓနရှင်များက ဂျာမနီ၌ ထိန်းသိမ်းထားသည့် ဓနရှင်ဒီမိုကရေ စီလွတ်လပ်ခွင့်များသည် သူတို့အပေါ် မကောင်းမှုသက်ရောက်နိုင်ကြောင်း အလုပ်သမား လူတန်း စားက ဤလွတ်လပ်ခွင့်များကို အသုံးပြုကာ တော်လှန်ရေးလှုပ်ရှားမှုကို တိုးချဲ့နိုင်ကြောင်း ရိပ်စား မိလာကြသည်။ ထို့ကြောင့် သူတို့သည် ဂျာမနီ၌ ဓနရှင်များ အာဏာထိန်းသိမ်းထားနိုင်ရန် နည်းလမ်းတခုတည်းသာ ရှိတော့ကြောင်းနှင့် ဤသည်မှာ ဓနရှင်လွတ်လပ်ခွင့်များကို ဖျက်သိမ်းရန်၊ ရိုင်စတက်ကို သုညအဖြစ်သို့ လျှော့ချလိုက်ရန်နှင့် အကြမ်းဖက်သည့် ဓနရှင်အမျိုးသားရေး အာ ဏာရှင်စနစ်ကို ထူထောင်ရန် ဆုံးဖြတ်လိုက်ကြသည်။ ဤအာဏာရှင်စနစ်ကသာလျှင် အလုပ်သမား လူတန်းစားကို ဖိနှိပ်ပြီး ဂျာမနီ၏ စစ်ရှုံးမှုကို လက်စားချေချင်နေသည့် ဓနရှင်ပေါက်စ လူတန်းစား အပေါ် မိမိတို့အခြေခံနိုင်မည်ဖြစ်သည်။ ထို့ကြောင့် သူတို့သည် ပြည်သူများ၏ မျက်စိကို သဲနှင့်ပက် ရန် ရည်ရွယ်ချက်ဖြင့် မိမိတို့ကိုယ်မိမိတို့ အမျိုးသားဆိုရှယ်လစ်ပါတီဟု ခေါ်ဆိုသော ဖက်ဆစ်ပါတီကို အာဏာရရှိစေခဲ့သည်။ ဖက်ဆစ်ပါတီသည် ပထမအချက် – အလုပ်သမား လူတန်းစားအပေါ် ရန်အလိုဆုံးနှင့် အဖောက်ပြန်ဆုံးသောနယ်ချဲ့ဓနရှင်အစိတ်အပိုင်းကို ကိုယ်စားပြုကြောင်း။ ဒုတိယ အချက် – လက်စားချေရန် ပြတ်သားသည့် ပါတီဖြစ်နေပြီး အမျိုးသားရေးဝါဒပြင်းထန်သည့် ဓနရှင် ပေါက်စ သန်းပေါင်းများစွာကို လှည့်ဖျားနိုင်သည့် ပါတီတရပ်ဖြစ်ကြောင်း ကောင်းကောင်းသိကြသည်။ ဤနေရာတွင် သူတို့ကို အလုပ်သမားလူတန်းစား၏ သစ္စာဖောက်များဖြစ်သော ဂျာမန်ဆိုရှယ်

ဒီမိုကရက်တစ်ပါတီမှ ခေါင်းဆောင်များက အကူအညီပေးခဲ့သည်။ သူတို့၏ စေ့စပ်ရေးပေါ်လစီက ဖက်ဆစ်ဝါဒအတွက် လမ်းခင်းပေးခဲ့သည်။

ဤသည်များမှာ ၁၉၃၃ ခု ဂျာမန်ဖက်ဆစ်များ အာဏာရရှိလာစေခဲ့သည့် အကြောင်းအချက်များ ဖြစ်ပေသည်။

၁၇ ကြိမ်မြောက် ပါတီကွန်ဂရက်၌ အစီရင်ခံစာတွင် ဂျာမနီရှိ အဖြစ်အပျက်များ ခွဲခြမ်းစိတ်ဖြာပြီး ရဲဘော်စတာလင် က –

"ဂျာမနီ၌ ဖက်ဆစ်ဝါဒအောင်ပွဲခံခြင်းက အလုပ်သမားလူတန်းစား၏ အားနည်းချက် လက္ခဏာတရပ်ဖြစ်ပြီး ဖက်ဆစ်ဝါဒကို လမ်းခင်းပေးခဲ့သည့် ဆိုရှယ်ဒီမိုကရက်ပါတီ၏ အလုပ်သမားလူတန်းစားအပေါ် သစ္စာဖောက်မှု၏ ရရှိချက်တရပ်ဖြစ်သည်ဟု သတ်မှတ်ရမည်သာမက ဤသည်မှာ ဓနရှင်လူတန်းစား၏ အားနည်းချက် လက္ခဏာတရပ်ဖြစ်ကြောင်း ဓနရှင်လူတန်းစားသည် ပါလီမန်စနစ်နှင့် ဓနရှင်ဒီမိုကရေစီဆိုသည့် နည်းလမ်းဟောင်းများအတိုင်း အုပ်စိုးရန်မဖြစ်နိုင်တော့ကြောင်းနှင့် အကျိုးဆက်အားဖြင့် ပြည်တွင်းရေးပေါ်လစီတွင် အကြမ်းဖက်အုပ်ချုပ်သည့်နည်းကို မလွှဲမရှောင်သာ သုံးစွဲလာရကြောင်းကိုလည်း ပြသနေပေသည်။" **(ဂျေစတာလင်–လီနင်ဝါဒ ပြဿနာများ၊ မော်စကို ၁၉၄၇၊ စာမျက်နှာ–၄၆၁)**

ဂျာမန်ဖက်ဆစ်များသည် ၎င်းတို့၏ ပြည်တွင်းရေးပေါ်လစီကို ရိုင်းစတက်လွှတ်တော်အား မီးရှို့ခြင်း၊ အလုပ်သမား လူတန်းစားကို ရက်စက်စွာ နှိပ်ကွပ်ခြင်း၊ ၎င်းတို့၏ အဖွဲ့အစည်းများကို ဖျက်ဆီးချေမှုန်းခြင်းနှင့် ဓနရှင်ဒီမိုကရေစီ အခွင့်အရေးများကို ဖျက်သိမ်းလိုက်ခြင်းတို့ဖြင့် စတင်လိုက်သည်။ ၎င်းတို့၏ နိုင်ငံခြားရေးပေါ်လစီကို နိုင်ငံပေါင်းစုံအဖွဲ့ချုပ်မှ နှုတ်ထွက်လိုက်ခြင်းနှင့် ဥရောပနိုင်ငံများ၏ နယ်နိမိတ်များကို ဂျာမနီအတွက် အရေးသာစေမည့် ပြန်လည်ညှိနှိုင်းမှုများကို အကြမ်းနည်းသုံး၍ လုပ်ဆောင်ရန်အတွက် စစ်တိုက်ရန် ပြောင်ပြောင်ဆင်ခြင်းတို့ဖြင့် ဖွင့်လှစ်လိုက်သည်။

ဤနည်းဖြင့် အလယ်ပိုင်းဥရောပတွင် ဂျာမနီဖက်ဆစ်များ၏ ကျေးဇူးကြောင့် စစ်ပွဲအတွက် ဒုတိယနေရာ ပေါ်လာခဲ့သည်။

သဘာဝကျစွာပင် ဆိုဗီယက်ယူနီယံအနေဖြင့် ဤမျှ အန္တရာယ်ကြီးကို မျက်စေ့မှိတ်မထားနိုင်ဘဲ အနောက်နိုင်ငံများမှ အဖြစ်အပျက်များကို သတိမပြတ်လေ့လာနေပြီး အနောက်ပိုင်းနယ်နိမိတ် ကာကွယ်ရေး တောင့်တင်းရေးအတွက် စတင်ခဲ့ရသည်။

## ၂။ ကူးလတ်အစိတ်အပိုင်းများကို ကန့်သတ်ထိန်းချုပ်ရေးပေါ်လစီမှ ကူးလတ်များကို လူတန်းစားတရပ်အဖြစ် ချေမှုန်းပစ်ရေး ပေါ်လစီသို့၊ စုပေါင်းလယ်ယာလှုပ်ရှားမှုအပေါ် ပါတီ၏ ပေါ်လစီအားပုံဖျက်မှုများကို ဆန့်ကျင်တိုက်ပွဲဆင်ခြင်း၊ လမ်းစဉ်တရပ်လုံးတွင် အရင်းရှင် အစိတ်အပိုင်းများကို ထိုးစစ်ဆင်ခြင်း၊ ၁၆ ကြိမ်မြောက် ပါတီကွန်ဂရက်။

၁၉၂၉ နှင့် ၁၉၃၀ အတွင်း စုပေါင်းလယ်ယာများအတွင်းသို့ လယ်သမားများအစုလိုက်အပြုံလိုက် ဝင်ရောက်လာမှုများသည် ပါတီနှင့် အစိုးရ၏ ရှေ့ပြေးလုပ်ငန်းတခုလုံး၏ ရရှိချက်ဖြစ်သည်။ လယ်ယာစိုက်ပျိုးရေးအတွက် စက်ကိရိယာများနှင့် လယ်ထွန်စက်များကို အစုလိုက် အပြုံလိုက် စတင်

ထုတ်လုပ်ပေးသည့် ဆိုရှယ်လစ်စက်မှုလုပ်ငန်းကြီးထွားလာခြင်း၊ ၁၉၂၈–၂၉ ရိက္ခာဝယ်ရေး စစ်ဆင်မှုအတွင်း ကူးလတ်များကို ပြင်းပြင်းထန်ထန် အရေးယူခြင်း၊ လယ်သမားများကို စုပေါင်းလယ်ယာနှင့် တဖြည်းဖြည်းယဉ်ပါးစေသည့် လယ်ယာသမဝါယမအဖွဲ့များ ကျယ်ပြန့်လာခြင်း၊ ပထမဆုံးသော စုပေါင်းလယ်ယာနှင့် နိုင်ငံတော်လယ်ယာများက ထွက်ရှိလာသည့်နမူနာများ ကောင်းမွန်ခြင်း – ဤသည်အားလုံးက အခိုင်အမာ စုပေါင်းပိုင်ဆိုင်ရေးလမ်းကို ပြင်ဆင်ပေးလိုက်ပြီး ရွာတရွာလုံး၊ ခရိုင်တခုလုံးနှင့် ဒေသတခုလုံးရှိ လယ်သမားများက စုပေါင်းလယ်ယာများသို့ ဝင်လာခဲ့ကြသည်။

အခိုင်အမာ စုပေါင်းပိုင်ဆိုင်ရေးလုပ်ငန်းသည် လယ်သမားအများတကာ့ အများစုကြီးက စုပေါင်းလယ်ယာများထဲသို့ အလွယ်တကူ ဝင်ရောက်ရုံမျှသက်သက်ဖြစ်သော ငြိမ်းချမ်းသည့် ဖြစ်စဉ်မျှမဟုတ်ဘဲ ကူးလတ်များကို ဆန့်ကျင်တိုက်ခိုက်ရသည့် လယ်သမားများ၏ တိုက်ပွဲလည်းဖြစ်သည်။

အခိုင်အမာ စုပေါင်းပိုင်ဆိုင်ရေးလုပ်ငန်းဆိုသည်မှာ စုပေါင်းလယ်ယာဖွဲ့စည်းထားသည့် ကျေးလက်ဒေသများမှ မြေများအားလုံးကို စုပေါင်းလယ်ယာအဖွဲ့များ လက်သို့လွှဲပြောင်းပေးရေးဖြစ်သည်။ သို့သော် ဤမြေ၏ အစိတ်အပိုင်းအချို့ကို ကူးလတ်များက ပိုင်ဆိုင်ထားပြီးဖြစ်သောကြောင့် လယ်သမားများက ၎င်းတို့ထံမှ သိမ်းယူကာ ၎င်းတို့ကို လယ်မြေများမှ မောင်းထုတ်ပြီး ၎င်းတို့၏ ကျွဲ၊ နွား၊ စက်ကိရိယာများကို သိမ်းယူ၊ ၎င်းတို့အားဖမ်းဆီး၊ ဒေသများမှ မောင်းထုတ်ရန် ဆိုဗီယက် အာဏာပိုင်များကို တောင်းဆိုသည်။

ထို့ကြောင့် အခိုင်အမာ (Solid) စုပေါင်းပိုင်ဆိုင်ရေးလုပ်ငန်း ဆိုသည်မှာ ကူးလတ်များကိုချေမှုန်းရေးဖြစ်သည်။

ဤသည်မှာ အခိုင်အမာစုပေါင်းပိုင်ဆိုင်ရေးလုပ်ငန်းအပေါ် အခြေခံ၍ ကူးလတ်များကို လူတန်းစားတရပ်အဖြစ်မှ ချေမှုန်းပစ်မည့် ပေါ်လစီဖြစ်သည်။

ထိုအချိန်က ကူးလတ်များကို အဆုံးသတ်ပစ်ကာ ၎င်းတို့၏ ခုခံမှုကို ချိုးဖောက်၊ ၎င်းတို့ကို လူတန်းစားတရပ်အဖြစ် ချေမှုန်းပြီး ကူးလတ် လယ်ယာစိုက်ပျိုးရေးကို စုပေါင်းနှင့် နိုင်ငံတော်လယ်ယာစိုက်ပျိုးရေးနှင့် အစားထိုးရန်အတွက် ဆိုဗီယက်ပြည်ထောင်စု၌ ခိုင်မာတောင့်တင်းသည့် ရုပ်ဝတ္ထုအင်အားအခြေခံ အလုံအလောက်ရှိသည်။

၁၉၂၇ ခုတွင် ကူးလတ်များသည် သီးနှံ ၆၀၀,၀၀၀,၀၀၀ ပွတ် (ပွတ်– pood ရုရှား အလေးချိန်ဖြစ်သည်၊ တပွတ် သည် ၃၆ ⋅ ၁၁၃ ပေါင်နှင့်ညီမျှသည် … ဘာသာပြန်သူ) ထုတ်လုပ်နေဆဲဖြစ်ပြီး ၎င်းတို့အထဲမှ ၁၃၀,၀၀၀,၀၀၀ ပွတ် နီးပါးကို ရောင်းချနိုင်ပေသည်။ ထိုနှစ်မှာပင် စုပေါင်းနှင့် နိုင်ငံတော်လယ်ယာမှ ရောင်းချနိုင်သည့် သီးနှံအရေအတွက်မှာ ၃၅,၀၀၀,၀၀၀ ပွတ်မျှသာဖြစ်သည်။ ၁၉၂၉ ခုတွင် ဘော်ရှီဗစ်ပါတီ၏ နိုင်ငံတော်လယ်ယာများနှင့် စုပေါင်းလယ်ယာများ ဖြစ်ပေါ်တိုးတက်ရေးအတွက် ခိုင်မာသည့်ပေါ်လစီကြောင့်နှင့် ဆိုရှယ်လစ်စက်မှုလုပ်ငန်းက ကျေးလက်သို့ လယ်ယာ စက်ကိရိယာများနှင့် လယ်ထွန်စက်များ ထောက်ပံ့ရာတွင် တိုးတက်ကောင်းမွန်မှုတို့ကြောင့် စုပေါင်းလယ်ယာနှင့် နိုင်ငံတော်လယ်ယာများသည် အရေးကြီးသည့် အကြောင်းတရပ် ဖြစ်လာပါသည်။ ထိုနှစ်မှာပင် စုပေါင်းလယ်ယာများနှင့် နိုင်ငံတော်လယ်ယာများက သီးနှံ ၄၀၀,၀၀၀,၀၀၀ ပွတ်ထက် မလျော့ဘဲ ထုတ်လုပ်ပြီးဖြစ်ကာ ၎င်းတို့ထဲမှ ၁၃၀ ,၀၀၀,၀၀၀ ပွတ်ကျော်ကို ရောင်းချနိုင်ခဲ့သည်။ ဤသည်မှာ ၁၉၂၇ ခုတွင် ကူးလတ်များ ရောင်းချခဲ့သည်ထက် များပါသည်။ ၁၉၃၀ ခုတွင် စု

ပေါင်းလယ်ယာနှင့် နိုင်ငံတော်လယ်ယာများက ရောင်းချရန် သီးနှံ ၄၀၀,၀၀၀,၀၀၀ ပွတ်ကျော်ကို ထုတ်လုပ်ရန်နှင့် တကယ်လည်း ထုတ်လုပ်ခဲ့ပြီး ဤသည်မှာ ၁၉၂၇ ကူးလတ်များ ရောင်းချခဲ့သည့် အရေအတွက်နှင့် မနှိုင်းယှဉ်နိုင်အောင်များသည်။

ထို့ကြောင့် တိုင်းပြည်၏ စီးပွားရေးဘဝတွင် လူတန်းစား အင်အားစုများ၏ မဟာမိတ်ဖွဲ့မှု အပြောင်းအလဲကြောင့်နှင့် ကူးလတ်များ၏ သီးနှံအထွက်ကို စုပေါင်းနှင့် နိုင်ငံတော် လယ်ယာမှ သီးနှံ အထွက်နှင့် အစားထိုးရန်လိုအပ်သော ရုပ်ဝတ္ထုအခြေခံတည်ရှိလာမှုကြောင့် ဘော်ရှီဗစ်ပါတီသည် ကူးလတ်များကို ချုပ်ထိန်းရေးပေါ်လစီမှ ပေါ်လစီသစ်ဖြစ်သော “ခိုင်မာသည့် စုပေါင်းပိုင်ဆိုင်မှု လုပ်ငန်း ပေါ်အခြေခံပြီး သူတို့ကို လူတန်းစားတရပ်အဖြစ် ချေမှုန်းပစ်ရေး” သို့ လုပ်ဆောင်လာနိုင်ခဲ့ပါသည်။

၁၉၂၉ ခု မတိုင်မီက ဆိုဗီယက်အာဏာသည် ကူးလတ်များကို ချုပ်ထိန်းရေးပေါ်လစီကို ကျင့် သုံးခဲ့သည်။ ကူးလတ်များအပေါ် မြင့်မားသည့် အကောက်ခွန်များ ချမှတ်ခြင်း၊ သတ်မှတ်ထားသည့် ဈေးနှုန်းဖြင့် သီးနှံများကို နိုင်ငံတော်ကို ရောင်းပေးရခြင်း၊ သူသုံးနိုင်သည့် မြေယာအရေအတွက်ကိုသာ ငှားပေးသည့် ဥပဒေပြဋ္ဌာန်းခြင်း၊ တသီးပုဂ္ဂလ လယ်ယာများအတွက် အလုပ်သမားများ ငှားရမ်းရာတွင် ၎င်း၏ လယ်ယာအတိုင်းအတာနှင့် သတ်မှတ်ပေးသည့် ဥပဒေပြဋ္ဌာန်းခြင်းတို့ကို ပြုလုပ်ခဲ့သည်။ သို့သော် ကူးလတ်များ ချေမှုန်းရေးပေါ်လစီကို မကျင့်သုံးသေးဘဲ၊ မြေယာငှားရမ်းရေး၊ အလုပ်သမား ငှားရမ်းရေးတို့တွင် ၎င်းတို့ လုပ်ဆောင်နိုင်ရန် တရားဥပဒေက ခွင့်ပြုထားပြီး တချိန်တည်းတွင်လည်း ၎င်းတို့ကို သိမ်းပိုက်ရေးကို တားဆီးပိတ်ပင်ထားသည့်အတွက် ဤဘက်တွင် ၎င်းတို့အား အတော် အသင့် အာမခံချက်ရရှိနေစေပေသည်။ ဤပေါ်လစီ၏ အကျိုးသက်ရောက်မှုမှာ ကူးလတ်လူတန်းစား ကြီးထွားလာမှုကို တားဆီးရန်ဖြစ်ပြီး ၎င်းတို့အထဲမှ အစိတ်အပိုင်းအချို့မှာ ဤချုပ်ထိန်းမှုများ၏ ဖိအားကိုမခံနိုင်ဘဲ အလုပ်အကိုင် ပျက်စီးသွားကြသည်။ သို့သော် ဤပေါ်လစီသည် ကူးလတ်များ၏ စီးပွားရေးအခြေခံ အဆောက်အအုံကို လူတန်းစားတရပ်အဖြစ် မဖျက်ဆီးနိုင်ရုံမျှမက ၎င်းတို့ ချေမှုန်း ရန်လည်း မဖြစ်နိုင်ချေ။ ဤသည်မှာ ကူးလတ်များကို ချုပ်ထိန်းသည့် ပေါ်လစီသာဖြစ်ပြီး ချေမှုန်းရန် မဟုတ်ချေ။ ဤပေါ်လစီသည် အချိန်ကာလတပိုင်း၊ ဆိုလိုသည်မှာ စုပေါင်းလယ်ယာများနှင့် နိုင်ငံ တော်လယ်ယာများ အားနည်းနေသေးပြီး သီးနှံထုတ်လုပ်ရေး၌ ကူးလတ်များကို အစားမထိုးနိုင် သေးသည့် ကာလအထိသာ လိုအပ်ပေသည်။

၁၉၂၉ ခုနှစ် အကုန်စုပေါင်းလယ်ယာများနှင့် နိုင်ငံတော်ပိုင်လယ်ယာများ ကြီးထွားလာ မှုနှင့်အတူ ဆိုဗီယက်အာဏာသည် ဤပေါ်လစီမှ ကူးလတ်များကို ချေမှုန်းရေး၊ လူတန်းစားတရပ် အဖြစ် ဖျက်သိမ်းရေးပေါ်လစီသို့ ရုတ်တရက်ပြောင်းလဲလိုက်သည်။ မြေငှားခြင်းနှင့် အလုပ်သမား ငှားခြင်း ဥပဒေများကို ရုပ်သိမ်းလိုက်ပြီး ဤနည်းဖြင့် ကူးလတ်များအတွက် မြေရော၊ စာရင်းငှားများပါ ဆုံးရှုံးလက်လွှတ်သွားစေခဲ့သည်။ ကူးလတ်များအပေါ် သိမ်းဆည်းရေး (Expropriation) တား မြစ်မိန့်ကို ရုပ်သိမ်းလိုက်သည်။ စုပေါင်းလယ်ယာအကျိုးအတွက် လယ်သမားများကို ကူးလတ်များ၏ မြင်း၊ နွား၊ တိရိစ္ဆာန်များ၊ စက်ယန္တရားများနှင့် လယ်ယာပစ္စည်းများကို သိမ်းယူ ခွင့်ပြုလိုက်သည်။ ကူးလတ်များ၏ ပစ္စည်းများ အသိမ်းခံရသည်။ ၁၉၁၈ ခု စက်မှုလုပ်ငန်းနယ်ပယ်၌ အရင်းရှင်များ ပြည်သူပိုင် အသိမ်းခံရသကဲ့သို့ ကူးလတ်များလည်း အသိမ်းခံလိုက်ရသည်။ သို့သော် ခြားနားမှု တခုမှာ

ကူးလတ်များ၏ ထုတ်လုပ်ရေးပစ္စည်းများသည် နိုင်ငံတော်လက်ဝယ်သို့ ရောက်ရှိသွားခြင်း မဟုတ်ဘဲ စုပေါင်းလယ်ယာများတွင် စည်းရုံးထားသည့် လယ်သမားများ၏ လက်သို့ရောက်ရှိသွား ခြင်းဖြစ်သည်။

ဤသည်မှာ လေးနက်နက်ရှိုင်းလှသော တော်လှန်ရေးတရပ်ဖြစ်ကာ လူ့အဖွဲ့အစည်း၏ အရည်အချင်းဟောင်း အဆင့်တခုမှ အရည်အချင်းသစ် အဆင့်တခုသို့ ခုန်ကူးကာ ၎င်း၏ အကျိုးဆက်များတွင်လည်း ၁၉၁၇ ခု အောက်တိုဘာတော်လှန်ရေးနှင့် တန်းတူခဲ့ပေသည်။

ဤတော်လှန်ရေး၏ ထူးခြားသည့်လက္ခဏာတရပ်မှာ နိုင်ငံတော်၏ ဦးဆောင်ဦးရွက်ပြုမှုဖြင့် အထက်မှ ပြီးမြောက် အောင်မြင်ပြီးမှ ကူးလတ်များ၏ အနှောင်အဖွဲ့များကို ဖယ်ရှားပြီး စုပေါင်းလယ်ယာများတွင် လွတ်လပ်စွာနေထိုင်နိုင်ရေးအတွက် တိုက်ပွဲဝင်နေကြသော သန်းပေါင်းများစွာသော လယ်သမားဖြစ်သော အောက်ခြေမှ တိုက်ရိုက်ထောက်ခံမှုကို ရရှိခဲ့ခြင်းဖြစ်သည်။

ဤတော်လှန်ရေးသည် တချက်တည်းနှင့် ဆိုရှယ်လစ်တည်ဆောက်ရေး၏ အခြေခံပြဿနာ သုံးခုကို ဖြေရှင်းလိုက် သည်။

၁။ ဤတော်လှန်ရေးက ကျွန်ုပ်တို့ပြည်တွင်းရှိ သွေးစုပ်လူတန်းစားအများဆုံးဖြစ်သည့် အရင်းရှင်စနစ် ပြန်လည်ထူ ထောင်ရေးအတွက် ဒေါက်တိုင်ဖြစ်သော ကူးလတ်လူတန်းစားကို ချေမှုန်းလိုက်သည်။

၂။ ဤတော်လှန်ရေးက ကျွန်ုပ်တို့ပြည်တွင်းရှိ အလုပ်သမားလူတန်းစား၊ အများဆုံးဖြစ်သည့် လယ်သမား လူတန်းစားအား အရင်းရှင်စနစ်ကို ပေါက်ဖွားမွေးမြူပေးနေသည့် တဦးချင်း လယ်ယာလုပ်ငန်းလမ်းမှ သမဝါယမ – စုပေါင်းဆိုဗီယက် လယ်ယာလုပ်ငန်းလမ်းသို့ လွှဲပြောင်းပေးလိုက်သည်။

၃။ ဤတော်လှန်ရေးက ဆိုဗီယက်အုပ်စိုးမှုကို လယ်ယာစိုက်ပျိုးရေးတွင် ဆိုရှယ်လစ်အခြေခံဖြင့် ဖြည့်ဆည်းပေးလိုက်သည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသည် အမျိုးသားစီးပွားရေးလုပ်ငန်းခွဲများအတွင်း အကျယ်ပြန့်ဆုံးနှင့် သေရေးရှင်ရေးတမျှ အရေးကြီး လိုအပ်သော်လည်း ဖွံ့ဖြိုးတိုးတက်မှု အနိမ့်ဆုံးလုပ်ငန်းခွဲ ဖြစ်နေသေးသည်။

ဤသည်က တိုင်းပြည်အတွင်း အရင်းရှင်စနစ် ပြန်လည်ထူထောင်ရေးအကြောင်းရင်းတခုကို ချေမှုန်းလိုက်ပြီး တချိန်တည်းတွင် ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်ရေးအတွက် ထင်ရှားပြတ်သားသည့် အကြောင်းအချက်သစ်များကို ဖန်တီးပေးလိုက်သည်။

၁၉၂၉ ခုတွင် ရဲဘော်စတာလင်က ကူးလတ်များကို လူတန်းစားတရပ်အဖြစ် ချေမှုန်းသည့် ပေါ်လစီ၏ အကြောင်းရင်းများကို ရှင်းပြရင်း လယ်သမားများ၏ အခိုင်အမာ စုပေါင်းပိုင်ဆိုင်မှုလုပ်ငန်းအတွက် လူထုလှုပ်ရှားမှု၏ ရရှိချက်များကို နိဂုံးချုပ်ပေးရာ၌ အောက်ပါအတိုင်း ရေးသားခဲ့သည်။

"ဆိုဗီယက်ယူနီယံ၌ အရင်းရှင်စနစ် ပြန်လည်ထူထောင်ရေးအတွက် စိတ်ကူးယဉ်နေကြသည့် နိုင်ငံအားလုံးမှ အရင်းရှင်များ၏ နောက်ဆုံးမျှော်လင့်ချက် – ပုဂ္ဂလိကပိုင်ဆိုင်မှု၏ အထွတ်အမြတ်မူဝါဒ"မှာ ပြိုလဲကျဆင်းပြီး ပျောက်ကွယ်နေသည်။

သူတို့က အရင်းရှင်စနစ်ရေခံမြေခံအတွက် ရုပ်ဝတ္ထုမြေသြဇာဟု သဘောထားသော လယ်သမားများသည် မိုးထိအောင် မြှောက်ပင့်ထားသည့် "တသီးပုဂ္ဂလိကပိုင်ဆိုင်မှု"အလံကို အစုလိုက်အပြုံလိုက် စွန့်ပစ်နေကြပြီး စုပေါင်းပိုင်ဆိုင်မှုလမ်း၊ ဆိုရှယ်လစ်လမ်းကို လိုက်နေကြပြီဖြစ်သည်။

အရင်းရှင်ပြန်လည်ထူထောင်ရေးအတွက် နောက်ဆုံးမျှော်လင့်ချက်သည် ပြိုလဲကျနေပေသည်။ **(စတာလင်၊ လီနင်ဝါဒပြဿနာများ၊ စာမျက်နှာ–၂၉၈)**

၁၉၃၀ ဇန်နဝါရီ ၅ ရက်နေ့၌ ဆိုဗီယက်ယူနီယံ ကွန်မြူနစ်ပါတီဘော်ရှီဗစ် ဗဟိုကော်မတီက လက်ခံအတည်ပြုခဲ့သော ''စုပေါင်းပိုင်ဆိုင်မှုလုပ်ငန်းနှင့် စုပေါင်းလယ်ယာများ ဖြစ်ပေါ်တိုးတက်ရေးကို ကူညီရန် နိုင်ငံတော်၏ နည်းလမ်းများ''ဆိုသည့် သမိုင်းဝင်ဆုံးဖြတ်ချက်ထဲတွင် ကူးလတ်များကို လူတန်းစားတရပ်အဖြစ် ချေမှုန်းပစ်ရေးပေါ်လစီကို ထည့်သွင်းဖော်ပြထားသည်။ ဤဆုံးဖြတ်ချက်တွင် ဆိုဗီယက်ယူနီယံ ခရိုင်အသီးသီး၏ ကွဲပြားခြားနားသည့် အကြောင်းအချက်များနှင့် စုပေါင်းပိုင်ဆိုင်မှု လုပ်ငန်းအတွက် ဒေသ၏ ရင့်မှည့်မှု အဆင့်အမျိုးမျိုးတို့ကို အပြည့်အစုံ ရှင်းလင်းဖော်ပြထားသည်။

စုပေါင်းပိုင်ဆိုင်မှုလုပ်ငန်းနှုန်း အမျိုးမျိုးတို့ကို တည်ဆောက်ပြီး ဤအတွက် ဗဟိုကော်မတီက ဆိုဗီယက်ယူနီယံ၏ ဒေသများကို အုပ်စုသုံးစုခွဲရန် ရည်ရွယ်သည်။

ပထမအုပ်စု အဓိကသီးနှံစိုက်ပျိုးသည့် နေရာများ၊ ၎င်းတို့မှာ ကော့ကေးရှပ်မြောက်ပိုင်း (ကျူဘန်း၊ ဒွန်နှင့်ထရက်စ်) ဗော်လဂါအလယ်ပိုင်းနှင့် ဗော်လဂါအောက်ပိုင်း အရပ်များ၊ ထိုအရပ်များတွင် လယ်ထွန်စက် အများဆုံးရှိပြီး နိုင်ငံတော်ပိုင် လယ်ယာလည်းအများဆုံးဖြစ်ကာ ပြီးခဲ့သည့် သီးနှံဝယ်ယူရေး စစ်ဆင်မှုအတွင်း ကူးလတ်များနှင့် တိုက်ပွဲဆင်ရာတွင် အတွေ့အကြုံ အများဆုံးလည်းရရှိထားပြီးဖြစ်သဖြင့် စုပေါင်းပိုင်ဆိုင်မှု လုပ်ငန်းအတွက် အရင့်မှည့်ဆုံးဖြစ်နေသည်။ ဗဟိုကော်မတီက ဤသီးနှံစိုက်ပျိုးသည့်အုပ်စုတွင် စုပေါင်းပိုင်ဆိုင်မှုလုပ်ငန်းကို အဓိကအားဖြင့် ၁၉၃၁ နွေဦးတွင် အပြီးသတ်သင့်ကြောင်းတင်ပြသည်။

ဒုတိယသီးနှံစိုက်ပျိုးသည့် နေရာအုပ်စု၊ ယူကရိန်း ဗဟိုမြေမဲ့ဒေသ၊ ဆိုက်ဘေးရီးယား၊ ယူရဲလ်၊ ကာဇတ်စတန်နှင့် အခြားဒေသများတွင် စုပေါင်းပိုင်ဆိုင်မှုလုပ်ငန်းကို အဓိကအားဖြင့် ၁၉၃၂ ခု နွေဦးတွင် အပြီးသတ်လုပ်ဆောင်နိုင်သည်။

အခြားဒေသများ၊ နယ်မြေများနှင့် သမ္မတနိုင်ငံများ (မော်စကိုဒေသ၊ ထရန့်ကော့ကေးရှား၊ အလယ်အာရှသမ္မတနိုင်ငံများအစရှိသဖြင့်) လည်း စုပေါင်းပိုင်ဆိုင်မှု လုပ်ငန်းကို ငါးနှစ်စီမံကိန်းအပြီး ဆိုလိုသည်မှာ ၁၉၃၃ ခုနှစ်ထိ အချိန်တိုးလုပ်နိုင်သည်။

စုပေါင်းပိုင်ဆိုင်မှုလုပ်ငန်း အရှိန်အဟုန်တက်လာခဲ့သည့်အတွက် ပါတီဗဟိုကော်မတီက လယ်ထွန်စက်များ၊ ရိတ်သိမ်းစက်များ၊ ထွန်စက်၊ ဆွဲစက်ယန္တရားများ ထုတ်လုပ်သည့် စက်ရုံများ တည်ဆောက်ရေးကို အရှိန်တိုးရန်လိုအပ်သည်ဟု ဆုံးဖြတ်သည်။ တချိန်တည်းတွင် ဗဟိုကော်မတီက ''စုပေါင်းလယ်ယာလှုပ်ရှားမှု၏ လက်ရှိအဆင့်တွင် မြင်းများနှင့် ထွန်ယက်ခြင်း၏ အရေးကြီးမှုကို အထင်သေး ဂရုမစိုက်သည့် တိမ်းစောင်းမှု၊ မြင်းများကို အရမ်းကာရော ရောင်းချဖြုန်းပစ်မှုများကို ဖြစ်စေသည့် တိမ်းစောင်းမှုကို ပြတ်ပြတ်သားသား ချုပ်ကိုင်စစ်ဆေး ရမည်''ဟု တောင်းဆိုလိုက်သည်။

၁၉၂၉–၃၀ ခုနှစ်အတွက် စုပေါင်းလယ်ယာများသို့ နိုင်ငံတော်ချေးငွေမှာ မူလစီမံကိန်းနှင့် နှိုင်းစာပါက နှစ်ဆတိုး (ရူဘယ်ငွေ ၅၀၀,၀၀၀,၀၀၀) ပေးခဲ့သည်။

စုပေါင်းလယ်ယာမြေများကို တိုင်းထွာစစ်ဆေးခြင်းနှင့် နယ်မြေသတ်မှတ်ခြင်းများအတွက် ကုန်ကျစရိတ်ကို နိုင်ငံတော်က ကျခံရန်ဖြစ်သည်။

ဆုံးဖြတ်ချက်တွင် အလွန်အရေးကြီးသည့် ညွှန်ကြားချက်ပါရှိပြီး ၎င်းမှာ စုပေါင်းလယ်ယာလုပ်ရှားမှု လက်ရှိအဆင့်၏ အဓိကသဏ္ဌာန်မှာ စိုက်ပျိုးရေးသမဝါယမ (Agricultural Artel- ရုရှားစကား artel မှလာသည်၊ တူညီသောလုပ်ငန်း 'သမဝါယမ ဖွဲ့ခြင်း' အတွက် စုခြင်းဟု အဓိပ္ပာယ်ရသည်... ဘာသာပြန်သူ) ဖြစ်ပြီး အဓိက ထုတ်လုပ်ရေးပစ္စည်းများကိုသာ စုပေါင်းပိုင်ဆိုင်မှု ပြုလုပ်ရန်ဖြစ်သည်။

ဗဟိုကော်မတီက ပါတီအဖွဲ့အစည်းများအား "စုပေါင်းလယ်ယာ ဖွဲ့စည်းရာတွင် စစ်မှန်သည့် ဆိုရှယ်လစ်ပြိုင်ဆိုင်မှုကို စုပေါင်းပိုင်ဆိုင်မှုလုပ်ငန်း အတုအယောင်နှင့် အစားထိုးနိုင်သည့် အန္တရာယ်ဖြစ်လာစေနိုင်သော စုပေါင်းလယ်ယာလှုပ်ရှားမှုက "အထက်အမိန့်" များနှင့် ဖိအားပေးသည့် လုပ်ဆောင်ချက်များကို ဆန့်ကျင်ရန်" အလေးနက်ဆုံး သတိပေးထားသည်။(C.P.S.U(B) **၏ဆုံးဖြတ်ချက်များ အတွဲ ၂၊ စာမျက်နှာ–၆၆၂)**

ဤဆုံးဖြတ်ချက်တွင် ဗဟိုကော်မတီက ပါတီ၏ ကျေးလက်ပေါ်လစီသစ်အား မည်ကဲ့သို့ အသုံးပြုရမည်ဆိုသည်ကို ရှင်းလင်းထားသည်။

ကူးလတ်များကို လူတန်းစားတရပ်အဖြစ် ချေမှုန်းပစ်ရေးနှင့် အခိုင်အမာ စုပေါင်းပိုင်ဆိုင်မှုလုပ်ငန်း ပေါ်လစီသည် အင်အားကြီးမားလှသည့် စုပေါင်းလယ်ယာလှုပ်ရှားမှုကို လှုံ့ဆော်ပေးလိုက် သည်။ တရွာလုံးနှင့် တခရိုင်လုံးရှိ လယ်သမားများသည် စုပေါင်းလယ်ယာမြေထဲသို့ ပူးပေါင်းပါဝင် လာကြပြီး မိမိတို့လမ်းမှ ကူးလတ်များကို မောင်းထုတ်လိုက်ကာ ကူးလတ်များ၏ နှောင်ကြိုးများမှ ရုန်းထွက်လိုက်ကြသည်။

သို့သော် စုပေါင်းပိုင်ဆိုင်မှု လုပ်ငန်းအတွင်း ထူးခြားသည့် တိုးတက်မှုများနှင့်အတူ ပါတီလုပ်သားများဘက်မှ အချို့အပြစ်အနာအဆာများ စုပေါင်းလယ်ယာဖြစ်ထွန်းရေးအတွင်း ပါတီပေါ်လစီကို ပုံဖျက်ခြင်းများ ပေါ်ထွက်လာခဲ့သည်။ ဗဟိုကော်မတီက ပါတီလုပ်သားများကို စုပေါင်းပိုင်ဆိုင်မှု လုပ်ငန်းများ၏ အောင်ပွဲများအပေါ် မယစ်မူးရန် သတိပေးခဲ့သော်လည်း အများအပြားသည် အချိန်၊ နေရာ၊ အချက်အလက်များကို ထည့်သွင်းစဉ်းစားခြင်းမပြု၊ လယ်သမားများ စုပေါင်းလယ်ယာထဲ ပါဝင်ရေးအတွက် အသင့်ရှိမှု အခြေအနေကို ဂရုမပြုဘဲ စုပေါင်းပိုင်ဆိုင်မှုခြေလှမ်းကို အပေါ်ယံ အဖြစ်သာ ဖိအားပေးလုပ်ဆောင်လာကြသည်။

စုပေါင်းလယ်ယာများကို စိတ်ဆန္ဒအရသာ တည်ထောင်ရမည့်မူကို ဖောက်ဖျက်ကြောင်းနှင့် ခရိုင်အချို့တွင် ပစ္စည်းများကို သိမ်းယူမည်၊ မဲဆန္ဒပေးခွင့် ရုပ်သိမ်းမည်စသည်ဖြင့် ခြိမ်းခြောက်မှုများဖြင့် လယ်သမားများကို စုပေါင်းလယ်ယာများအတွင်းသို့ အတင်းအကျပ်သွင်းခဲ့ကြောင်း တွေ့ရှိလာ ရသည်။

ခရိုင်အချို့တွင် ပြင်ဆင်ရေးလုပ်ငန်းများနှင့် စုပေါင်းပိုင်ဆိုင်မှုလုပ်ငန်းနှင့် ပတ်သက်သော ပါတီ၏ ပေါ်လစီအခြေခံမူများကို စိတ်ရှည်လက်ရှည် ရှင်းလင်းပြသရမည့်အစား အထက်မှ ဗျူရိုကရက်ဆန်စွာ အမိန့်များထုတ်ခြင်း စုပေါင်းလယ်ယာတည်ထောင်ခြင်းများနှင့် ပတ်သက်၍ မဟုတ်မမှန် လုပ်ကြံသည့် ကိန်းဂဏန်းများကို ချဲ့ကားခြင်းနှင့် စုပေါင်းပိုင်ဆိုင်မှုလုပ်ငန်း ရာခိုင်နှုန်းကို ကလိမ်ဉာဏ်ဆင်၍ ဖောင်းပွခြင်းများပြုလုပ်လာသည်။

ဗဟိုကော်မတီက စုပေါင်းလယ်ယာလှုပ်ရှားမှု၏ အဓိကသဏ္ဌာန်မှာ အဓိကထုတ်လုပ်ရေး ပစ္စည်းများကိုသာ စုပေါင်းပိုင်ဆိုင်မှုပြုလုပ်ထားသည့် စိုက်ပျိုးရေး သမဝါယမဖြစ်ရမည်ဟု အတိ

အကျဖော်ပြ ညွှန်ကြားထားသော်လည်း နေရာအချို့တွင် သမဝါယမကို ကျော်ဖြတ်ပြီး ဘုံအဖွဲ့တိုက်ရိုက်ဖွဲ့ရန် ခေါင်းမာသည့်ကြိုးပမ်းမှုများ၊ ဈေးကွက်အတွက်မဟုတ်သည့် အိမ်ရာအဆောက် အအုံ၊ နို့စားနွားမများ၊ ကျွဲ၊ နွား၊ ကြက်ဝက်အစရှိသည်များကို စုပေါင်းပိုင်လုပ်လိုက်ကြသည်။

စုပေါင်းပိုင်ဆိုင်မှုလုပ်ငန်း၏ ကနဦးအောင်ပွဲများအပေါ် ယစ်မူးပြီးဒေသအချို့ရှိ အာဏာပိုင်များသည် ဗဟိုကော်မတီ၏ စုပေါင်းပိုင်ဆိုင်မှုလုပ်ငန်းအတွင်း အချိန်နှင့် ခြေလှမ်းကန့်သတ်ချက်နှင့် ပတ်သက်သော ရှင်းလင်းသေချာသည့် ညွှန်ကြားချက်များကို ဖောက်ဖျက်ကြသည်။ ဖောင်းပွကိန်းဂဏန်းများအတွက် စိတ်အားထက်သန်နေကြသော မော်စကိုဒေသခေါင်းဆောင်မှု အဖွဲ့သည် စုပေါင်းပိုင်ဆိုင်မှု လုပ်ငန်းပြီးမြောက်ရေးအတွက် ၃ နှစ်ထက်မနည်း (၁၉၃၂ ခုနှစ်အဆုံးပိုင်း) အချိန်ရရှိပါလျက်နှင့် မိမိအောက်ခြေရဲဘော်များကို ၁၉၃၀ ခုနွေဦးတွင် အပြီးသတ်လုပ်ဆောင်ရန် သတ်မှတ်ပေးလိုက်သည်။ ထရန်ကော့ကေးရှားနှင့် ဗဟိုအာရှဒေသများမှ ဖောက်ဖျက်မှုများမှာ ပို၍ပင် ဆိုးဝါးပေသေးသည်။

ဤပေါ်လစီ ပုံဖျက်သွေဖီမှုများကို မိမိအကျိုးအတွက် အသုံးချကာ ကူးလတ်နှင့် ၎င်း၏ ကပ်ဖားယပ်ဖားများသည် ၎င်းတို့ကိုယ်တိုင် စတင်ပြီးစိုက်ပျိုးရေး သမဝါယမများဖွဲ့မည့်အစား ဘုံအဖွဲ့များဖွဲ့ရန်နှင့် တချိတည်းနှင့် နေအိမ်အဆောက်အအုံများ၊ ကျွဲ၊ နွား၊ ကြက်၊ ဘဲ၊ ဝက်စသည့် တိရိစ္ဆာန်များကိုလည်း စုပေါင်းပိုင်ဆိုင်မှုပြုလုပ်ရန် တင်ပြပြောဆိုလာသည်။

ထို့အပြင် ကူးလတ်များက လယ်သမားကို စုပေါင်းလယ်ယာများထဲ မဝင်ရောက်မီ ၎င်းတို့ တိရိစ္ဆာန်များကို သတ်ပစ်ရန် လှုံ့ဆော်ခဲ့ပြီး “မည်သည့်နည်းနှင့်မဆို အခြားကိုသယ်သွားလိမ့်မည်”ဟု အကြောင်းပြခဲ့သည်။ လူတန်းစားရန်သူများက စုပေါင်းပိုင်ဆိုင်မှု လုပ်ငန်းစဉ်အတွင်း ဒေသခံအဖွဲ့အစည်းများက ကျူးလွန်ခဲ့ကြသည့် ပေါ်လစီသွေဖီမှုများနှင့် အမှားများအပေါ် လယ်သမားထုက ဒေါသအမျက်ထွက်လာပြီး ဆိုဗီယက်အာဏာကို ဆန့်ကျင်ပုန်ကန်မှုများ ပေါ်ပေါက်လာနိုင်သည်ဟု တွက်ချက်ခဲ့ကြသည်။

ပါတီအဖွဲ့အစည်းများ၏ အမှားများကြောင့် လူတန်းစားရန်သူ၏ ပြောင်ကျသော နှောင့်ယှက်လှုံ့ဆော်သည့် ဆူပူမှုများကြောင့် ၁၉၃၀ခု ဖေဖော်ဝါရီ နောက်ဆုံးလဝက်တွင် စုပေါင်းပိုင်ဆိုင်မှုလုပ်ငန်း၏ မငြင်းကွယ်နိုင်သည့် အောင်မြင်မှုများ ယေဘုယျ အခြေခံရှိနေလျက်ကပင် ခရိုင်အချို့တွင် လယ်သမားထုအကြား စိုးရိမ်စဖွယ် မကျေနပ်မှုလက္ခဏာများ နက်နက်ရှိုင်းရှိုင်းထွက်ပေါ်လာသည်။ နေရာအချို့၌ ကူးလတ်နှင့် ၎င်း၏ကိုယ်စားလှယ်များသည် လယ်သမားများကို ဆန့်ကျင်ရေး လှုပ်ရှားမှုများ ပြောင်ပြောင်တင်းတင်း လုပ်ဆောင်ရန် လှုံ့ဆော်နိုင်ခဲ့ပေသည်။

စုပေါင်းပိုင်ဆိုင်မှုလုပ်ငန်းကို ထိခိုက်စေနိုင်သည့် ပါတီလမ်းစဉ်သွေဖီမှုများ၏ ထိတ်လန့်စဖွယ်လက္ခဏာများကို ရရှိသိရှိပြီးနောက် ပါတီဗဟိုကော်မတီသည် ချက်ချင်းပင် အခြေအနေများကို ပြုပြင်ရန်နှင့် ပါတီလုပ်သားများ အမှားများကို မြန်နိုင်သမျှမြန်စွာ ပြုပြင်ရန်လုပ်ဆောင်ခဲ့သည်။ ၁၉၃၀ မတ်လ ၂ ရက်တွင် ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်နှင့် ရဲဘော်စတာလင်၏ “အောင်ပွဲနှင့်ယစ်မူးခြင်း” ဆောင်းပါးကို ထုတ်ဝေလိုက်သည်။ ဤဆောင်းပါးမှာ စုပေါင်းပိုင်ဆိုင်မှုလုပ်ငန်းများအတွက် အောင်ပွဲများအပေါ်ယစ်မူးလွန်ပြီး ကြီးမားသည့်အမှားများကို ကျူးလွန်ကာ ပါတီလမ်းစဉ်မှ သွေဖီသွားသူများအားလုံးနှင့် လယ်သမားများအား စုပေါင်းလယ်ယာအတွင်း ဝင်ရောက်လာအောင် အဓမ္မ

လုပ်ဆောင်နေသူများအားလုံးကို သတိပေးလိုက်သည်။ ထို ဆောင်းပါးတွင် စုပေါင်းလယ်ယာ ထူထောင်ရေးတွင် စိတ်ဆန္ဒနှင့် အညီသာ လုပ်ဆောင်ရမည့်မူနှင့် စုပေါင်းပိုင်ဆိုင်မှုလုပ်ငန်း ခြေလှမ်းနှင့် နည်းနာများကိုဆုံးဖြတ်ရာတွင် ဆိုဗီယက်ပြည်ထောင်စု ဒေသအသီးသီး၏ ကွဲပြားခြားနားလျက် ရှိသော အချက်အလက်များကို ထည့်သွင်းစဉ်းစားရန် လိုအပ်မှုတို့ကို အလေးတင်းအရေး ပေးရေးသားထားသည်။ ရဲဘော်စတာလင်က စုပေါင်းလယ်ယာလှုပ်ရှားမှု၏ အဓိကသဏ္ဍာန်မှာ စိုက်ပျိုးရေး သမဝါယမသာဖြစ်ကြောင်း သီးနှံစိုက်ပျိုးရေးတွင် အဓိကအသုံးပြုသည့် အဓိက ထုတ်လုပ်ရေးပစ္စည်းများကို စုပေါင်းပိုင်ဆိုင်ရမည်ဖြစ်ကြောင်း အိမ်မြေများ၊ နေထိုင်ရာအဆောက်အအုံများ၊ နို့စားနွားမအစိတ်အပိုင်းများ၊ တိရိစ္ဆာန်ငယ်များမွေးမြူရေး၊ ကြက်ဘဲစသည်တို့ကို စုပေါင်းပိုင် မလုပ်ရကြောင်း ထပ်မံပြောဆိုလိုက်သည်။

ရဲဘော်စတာလင်၏ ဆောင်းပါးသည် နိုင်ငံရေးအရ အလွန်အရေးပါခဲ့သည်။ ဤသည်က ပါတီအဖွဲ့အစည်းများကို အမှားများပြင်ဆင်ရန် အကူအညီပေးခဲ့ပြီး ပေါ်လစီသွေဖီမှုများကို အခွင့်ကောင်းယူကာ လယ်သမားများအား ဆိုဗီယက်အာဏာကို ပုန်ကန်လာရန် လှုံ့ဆော်ပေးရန် မျှော်လင့်နေသည့် ဆိုဗီယက်အာဏာ၏ ရန်သူများကိုလည်း ပြင်းထန်စွာထိုးနှက်လိုက်သည်။ လယ်သမားထု အများစုကြီးက ယခုအခါ ဘော်ရှီဗစ်ပါတီ၏ လမ်းစဉ်သည် ဒေသအာဏာပိုင်များ၏ ခေါင်းမာသော "လက်ဝဲ"သွေဖီမှုများနှင့် မည်သို့မျှ မတူကြောင်း သိမြင်လာကြသည်။ ဤဆောင်းပါးက လယ်သမားများကို စိတ်အေးသွားစေခဲ့သည်။

သွေဖီမှုများနှင့် အမှားများကို ပြုပြင်ရန် ရဲဘော်စတာလင်၏ ဆောင်းပါးက စတင်လှုံ့ဆော်ခဲ့ပြီး ထိုလုပ်ငန်းပြည့်စုံစေရန် ပါတီဗဟိုကော်မတီသည် နောက်ထပ်ထိုးနှက်ချက် တခုလုပ်ဆောင်ရန် ဆုံးဖြတ်ခဲ့ကာ ၁၉၃၀ ခုမတ်လ ၁၅ ရက်နေ့၌ "စုပေါင်းလယ်ယာလှုပ်ရှားမှုအတွင်း ပါတီလမ်းစဉ် သွေဖီမှုများအား တိုက်ဖျက်ရန် နည်းနာများ"ဆိုသည့် ဆုံးဖြတ်ချက်ကို ထုတ်ဝေလိုက်သည်။

ဤဆုံးဖြတ်ချက်တွင် ကျူးလွန်ခဲ့သည့် အမှားများကို အသေးစိတ် နိဂုံးချုပ်ခွဲခြမ်းစိတ်ဖြာထားပြီး ၎င်းတို့မှာပါတီ၏ လီနင်၊ စတာလင်ဝါဒ လမ်းစဉ်မှ သွေဖီခြင်းဖြစ်ကြောင်းနှင့် ပါတီ၏ ဆုံးဖြတ်ချက်များကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်မှု၏ ရရှိချက်ဖြစ်ကြောင်း ဖော်ပြထားသည်။

ဗဟိုကော်မတီက ဤ "လက်ဝဲ"သွေဖီမှုများသည် လူတန်းစားရန်သူများကို တိုက်ရိုက် အသုံးပြုကြောင်း ထောက်ပြထားသည်။

ဗဟိုကော်မတီက "ပါတီလမ်းစဉ်သွေဖီမှုများကို မတိုက်ဖျက်နိုင်သူများ သို့မဟုတ် တိုက်ဖျက်ရန် မလိုလားသူများကို ၎င်းတို့၏နေရာများမှ ဖယ်ရှားပြီး အစားထိုးရမည်"ဟု ညွှန်ကြား လိုက်သည်။
**(ဆိုဗီယက်ယူနီယံ ကွန်မြူနစ်ပါတီ (ဘော်ရှီဗစ်) ဆုံးဖြတ် ချက်များ အတွဲ ၂၊ စာမျက်နှာ–၆၆၃)**

နိုင်ငံရေးအမှားများ ကျူးလွန်ပြီး ၎င်းတို့ကို ပြုပြင်နိုင်ခြင်းမရှိသည့် ဒေသအချို့နှင့် နယ်မြေအချို့ (မော်စကိုဒေသ၊ ထရန့်စ် ကော့ကေးရှား) မှ ပါတီအဖွဲ့အစည်းခေါင်းဆောင်များကို ဗဟိုကော်မတီက ပြောင်းလဲပစ်ခဲ့သည်။

၁၉၃၀ ခု ဧပြီလ ၃ရက်၌ ရဲဘော်စတာလင်၏ "စုပေါင်းလယ်ယာ ရဲဘော်များသို့ ပြန်ကြားချက်"ဆောင်းပါးကို ထုတ်ဝေလိုက်ပြီး ထိုဆောင်းပါးထဲတွင် သူက လယ်သမားပြဿနာအတွင်း အမှားများ၏ ဇာစ်မြစ်အကြောင်းရင်းနှင့် စုပေါင်း လယ်ယာလှုပ်ရှားမှုအတွင်း ကျူးလွန်ခဲ့သော အဓိက

အမှားများကို ဖော်ပြထားသည်။ ၎င်းတို့မှာ အလယ်အလတ် လယ်သမားများသို့ မှားယွင်းစွာ ချဉ်းကပ်မှု၊ စုပေါင်းလယ်ယာ တည်ထောင်ရေးကို စိတ်ဆန္ဒအရ ပြုလုပ်ရန်ဆိုသည့် လီနင်ဝါဒမူကို ဖောက်ဖျက်ခြင်း၊ ဆိုဗီယက်ယူနီယံ ဒေသအသီးသီးရှိ အခြေအနေများ ကွဲပြားခြားနားမှုကို ထည့်သွင်း စဉ်းစားရန်ဆိုသည့် လီနင်ဝါဒမူကို ဖောက်ဖျက်ခြင်းနှင့် သမဝါယမအဆင့်ကို ကျော်လွှန်ပြီး တိုက်ရိုက် ဘုံအဖွဲ့ ဖွဲ့ရေးကြိုးပမ်းမှုများဖြစ်သည်။

ဤလုပ်ဆောင်ချက် အားလုံးကြောင့် ခရိုင်အချို့ရှိ ဒေသပါတီ အလုပ်သမားများက ကျူးလွန်ခဲ့ သည့် ပေါ်လစီသွေဖီမှုများကို ပါတီက ပြုပြင်ရာတွင် အာမခံချက်ရရှိခဲ့ပေသည်။

အောင်ပွဲအပေါ်ယစ်မူးပြီး ပါတီလမ်းစဉ်များမှ အလျင်အမြန်လမ်းလွဲသွားနေသည့် ပါတီ လုပ် သားအတော်များများကို ချက်ချင်းပြုပြင်နိုင်ရန် ဗဟိုကော်မတီအနေဖြင့် အစွမ်းကုန် ခိုင်မာအောင် လုပ်၊ တင်းကျပ်ရန်နှင့် ရေစီးကိုဆန့်ကျင်ပြီး သွားနိုင်သည့် အရည်အချင်းရှိရန်လိုအပ်သည်။

ပါတီသည် စုပေါင်းလယ်ယာလှုပ်ရှားမှုအတွင်း ပါတီလမ်းစဉ်သွေဖီမှုများကို ပြုပြင်ရာတွင် အောင်မြင်ခဲ့သည်။

ဤသည်က စုပေါင်းလယ်ယာလှုပ်ရှားမှု အောင်ပွဲကို အခြေခံ တောင့်တင်း ခိုင်မာစေနိုင်ခဲ့သည်။

ဤသည်က စုပေါင်းလယ်ယာလှုပ်ရှားမှုတွင် အင်အားကြီးမားစွာ ရှေ့ချီတက်ရေး ခြေလှမ်း သစ်များကိုလည်း ဖြစ်ပေါ်စေနိုင်ခဲ့သည်။

ကူးလတ်များကို လူတန်းစားတရပ်အဖြစ် ချေမှုန်းရေးပေါ်လစီကို ပါတီက ချမှတ်ကျင့်သုံးခြင်း မပြုမီ အရင်းရှင်အစိတ်အပိုင်းများကို စက်မှုလုပ်ငန်း စစ်မျက်နှာတို့တွင် ချေမှုန်းပစ်ရေး ရည်ရွယ်ချက် ဖြင့် ၎င်းတို့ကို အဓိကအားဖြင့် မြို့များတွင် အဟုန်ပြင်းစွာ ထိုးစစ်ဆင်ခဲ့သည်။ ထိုအချိန်ထိ ကျေးလက် ဒေသ လယ်ယာစိုက်ပျိုးရေးသည် မြို့များနောက်၊ စက်မှုလုပ်ငန်း နောက်ကျန်နေခဲ့သည်။ အကျိုးဆက် အားဖြင့် ထိုးစစ်မှာ ဘက်ပေါင်းစုံပြည့်စုံပြီး ယေဘုယျ လက္ခဏာမဆောင်ခဲ့ပေ။ သို့သော် ယခုအခါ ကျေးလက်၏ ခေတ်နောက်ကျမှုဆိုသည်မှာ အတိတ်တွင်ကျန်ခဲ့ကာ ယခုအခါကူးလတ်များကို လူတန်းစားတရပ်အဖြစ် ချေမှုန်းပစ်ရေး၊ လယ်သမားများ၏ တိုက်ပွဲသည် ရှင်းရှင်းလင်းလင်း ပုံပေါ်လာ ပြီး ပါတီကလည်း ကူးလတ်လူတန်းစားချေမှုန်းရေးပေါ်လစီ လက်ခံအတည်ပြုလိုက်ပြီးဖြစ်သဖြင့် အရင်းရှင်အစိတ်အပိုင်းများအပေါ် ထိုးစစ်ဆင်မှုသည် အထွေထွေ လက္ခဏာဆောင်လာသည်။ ထိုးစစ်တစိတ်တပိုင်းသည် စစ်မျက်နှာတခုလုံး၏ ထိုးစစ်အဖြစ်သို့ ဖြစ်ပေါ်တိုးတက်သွားခဲ့သည်။ ၁၆ ကြိမ်မြောက် ပါတီကွန်ဂရက် စတင်သည့်အချိန်တွင် အရင်းရှင်အစိတ်အပိုင်းများကို အထွေထွေ ထိုးစစ်ဆင်မှုသည် တောက်လျှောက်ဆက်လက်ဖြစ်ပေါ်နေသည်။

၁၉၃၀ ဇွန်လ ၂၆ ရက်တွင် ၁၆ ကြိမ်မြောက် ကွန်ဂရက်စတင်ခဲ့သည်။ ထိုအစည်းအဝေးသို့ ပါတီဝင်ပေါင်း ၁,၂၆၀,၈၇၄ နှင့် အရန်ပါတီဝင် ၇၁၁,၆၀၉ ဦးတို့ ကိုယ်စားပြုသည့် မဲပေးနိုင်သည့် ကိုယ်စားလှယ် ၁,၂၆၈ ဦးနှင့် မဲမပေး နိုင်သည့် ကိုယ်စားလှယ် ၈၉၁ ဦးတို့ တက်ရောက်ကြသည်။ ပါတီ၏ သမိုင်းတွင် ၁၆ ကြိမ်မြောက်ကွန်ဂရက်မှာ "စစ်မျက်နှာတခွင်တပြင်လုံးတွင် ဆိုရှယ်လစ် စနစ်၏ သိမ်းကျုံးထိုးစစ်ဆင်သော၊ ကူးလတ်များကို လူတန်းစားတရပ်အဖြစ် ချေမှုန်းလိုက်သော၊ အခိုင်အမာ စုပေါင်းပိုင်ဆိုင်မှုလုပ်ငန်းကို အကောင်အထည်ဖော်သောကွန်ဂရက်"ဟု ထင်ရှားခဲ့ ပါသည်။ **(စတာလင်)**

ဗဟိုကော်မတီ၏ နိုင်ငံရေးအစီရင်ခံစာကို တင်သွင်းရာ၌ ရဲဘော်စတာလင်က ဆိုရှယ်လစ်ထိုးစစ်ဆင်နွှဲနေစဉ်အတွင်း ဘော်ရှီဗစ်ပါတီက မည်သည့်အောင်ပွဲကြီးများ ရရှိနေကြောင်းတင်ပြသည်။

ဆိုရှယ်လစ်စက်မှုတပ်ဆင်ရေးလုပ်ငန်း အကြီးအကျယ်တိုးတက်နေရာ တိုင်းပြည်၏ အထွက်စုစုပေါင်း၏ စက်မှုလုပ်ငန်း အချိုးကျဝေစုမှာ ယခုအခါ လယ်ယာစိုက်ပျိုးရေးအထွက်ထက် ကျော်လွန်လွှမ်းမိုးသွားပေပြီ။ ၁၉၂၉–၃၀ ဘဏ္ဍာရေးနှစ် အတွင်း စက်မှုလုပ်ငန်း၏ အချိုးကျဝေစုမှာ တိုင်းပြည်အထွက် စုစုပေါင်း၏ ၅၃ ရာခိုင်နှုန်းထက် မလျော့တော့ဘဲ လယ်ယာ စိုက်ပျိုးရေး၏ အချိုးကျဝေစုမှာ ၄၇ ရာခိုင်နှုန်းမျှသာဖြစ်သည်။

၁၉၂၆–၂၇ ဘဏ္ဍာရေးနှစ်အတွင်း ၁၅ ကြိမ်မြောက် ပါတီကွန်ဂရက်ကာလက စက်မှုလုပ်ငန်း၏ စုစုပေါင်းအထွက်မှာ စစ်မဖြစ်မီ အထွက်၏ ၁၀၂.၅ ရာခိုင်နှုန်းမျှသာဖြစ်ပြီး ၁၉၂၉–၃၀ ခု ၁၆ ကြိမ်မြောက် ကွန်ဂရက်ကာလတွင် ၁၈၀ ရာခိုင်နှုန်းသို့ ရောက်ရှိပြီးဖြစ်သည်။

ထုတ်လုပ်ရေးပစ္စည်းများ ထုတ်လုပ်ခြင်း၊ စက်ယန္တရားများ တည်ဆောက်ခြင်းစသည့် အကြီးစားစက်မှုလုပ်ငန်းသည် တဖြည်းဖြည်း အင်အားကြီးထွားလာနေသည်။

“ကျွန်တော်တို့သည် ကျွန်တော်တို့တိုင်းပြည်ကို လယ်ယာစိုက်ပျိုးရေး နိုင်ငံအဖြစ်မှ စက်မှုနိုင်ငံသို့ ကူးပြောင်းနေသည့် အကြိုကာလသို့ ရောက်ရှိလာခဲ့ပေပြီ”ဟု ရဲဘော်စတာလင်က ကွန်ဂရက်တွင် အားရပါးရ လက်ခုပ်သံများအကြားတွင် ကြေညာလိုက်သည်။

သို့သော်ရဲဘော်စတာလင်က ဆက်လက်ရှင်းပြသည်မှာ စက်မှုလုပ်ငန်း ဖြစ်ပေါ်တိုးတက်မှု၏ မြင့်မားသည့်နှုန်းကို စက်မှုလုပ်ငန်း ဖြစ်ပေါ်တိုးတက်မှု၏ အဆင့်အတန်းနှင့် ရောထွေးမပစ်ရန်ဖြစ် သည်။ ဆိုရှယ်လစ်စက်မှုလုပ်ငန်းတွင် မကြုံဖူးလောက်သောနှုန်းဖြင့် ဖြစ်ပေါ်တိုးတက်နေသော်လည်း ကျွန်တော်တို့သည် စက်မှုလုပ်ငန်းဖြစ်ပေါ်တိုးတက်မှု၏ အဆင့်အတန်းနှင့်ပတ်သက်၍မူ ဖွံ့ဖြိုးတိုးတက်ပြီး အရင်းရှင်နိုင်ငံများ၏ နောက်၌ နောက်ကျကျန်မြဲ ကျန်နေသေးသည်။ ဆိုဗီယက်ယူနီယံကို လျှပ်စစ်ဓာတ်အားတပ်ဆင်ရေးတွင် ထူးခြားစွာတိုးတက်နေသော်လည်း လျှပ်စစ်ပါဝါဘက်တွင် နောက်ကျနေသည်ကိုတွေ့ရှိနိုင်သည်။ ဓာတ်သတ္တုလုပ်ငန်းတွင်လည်း နောက်ကျနေသည်ကို တွေ့နိုင်သည်။ စီမံကိန်းအရ ဆိုဗီယက်ယူနီယံမှ သံစိမ်းအထွက်မှာ ၁၉၂၉–၃၀ တွင် ၅,၅၀၀,၀၀၀ တန် ဖြစ်ရန်ဖြစ်ပြီး ၁၉၂၉ ဂျာမနီမှ သံစိမ်းအထွက်မှာ ၁၃,၄၀၀,၀၀၀ တန်၊ ပြင်သစ်မှ ၁၀,၄၅၀,၀၀၀ တန်ဖြစ်နေပေသည်။ ကျွန်ုပ်တို့၏ နည်းပညာနှင့်စီးပွားရေး ခေတ်နောက်ကျမှုကို အချိန်အနည်းငယ်အတွင်း ပြုပြင်ကောင်းမွန်လာနိုင်ရေးအတွက် ကျွန်တော်တို့၏ စက်မှုလုပ်ငန်း ဖြစ်ပေါ်တိုးတက်မှုနှုန်းကို ဆက်လက်အရှိန်မြှင့်တင်သွားရမည်။ ထို့ပြင် ဆိုရှယ်လစ်စက်မှုလုပ်ငန်း ဖြစ်ပေါ်တိုးတက်မှုနှုန်းကို လျော့ကျသွားရန် ကြိုးပမ်းနေသည့် အချောင်သမားများကို အပြတ်သားဆုံး တိုက်ပွဲဆင်ရမည်။

“ကျွန်ုပ်တို့၏ စက်မှုလုပ်ငန်းဖြစ်ပေါ်တိုးတက်မှုနှုန်းကို လျှော့ချရန် လိုအပ်ကြောင်း ပြောဆိုနေသည့်သူများသည် ဆိုရှယ်လစ်စနစ်၏ ရန်သူများ၊ ကျွန်ုပ်တို့၏ လူတန်းစားရန်သူ၏ ကိုယ်စားလှယ်များဖြစ်သည်”ဟု ရဲဘော်စတာလင်က ဆိုခဲ့သည်။ **(စတာလင်၊ လီနင်ဝါဒပြဿနာများ၊ စာမျက်နှာ – ၃၆၉)**

ပထမငါးနှစ်စီမံကိန်း၏ ပထမနှစ် လုပ်ငန်းစဉ်အောင်မြင်စွာ ပြည့်ဝပြီး ကျော်လွန်သွားသည့် အခါ လူထုအကြားမှာ “ငါးနှစ်စီမံကိန်းကို လေးနှစ်နှင့်ပြည့်ဝစေရေး”ကြွေးကြော်သံ ပေါ်ထွက်လာခဲ့ သည်။

စက်မှုလုပ်ငန်းဌာနခွဲများ (ရေနံ၊ သစ်ရွက်သစ်ဆွေးများကို မြေသြဇာလုပ်သည့်လုပ်ငန်း၊ အထွေထွေ စက်ယန္တရားတည်ဆောက်ရေး၊ စိုက်ပျိုးရေး၊ စက်ယန္တရားလုပ်ငန်း၊ လျှပ်စစ်ပစ္စည်းလုပ်ငန်း) သည်၊ ၎င်းတို့၏ စီမံကိန်းများကို အလွန်အောင်မြင်စွာ အကောင်အထည်ဖော်နေရာ ငါးနှစ် စီမံကိန်းကို ၂½ သို့မဟုတ် သုံးနှစ်အတွင်းတွင် ပြည့်ဝနိုင်တော့မည်ဖြစ်သည်။ ဤသည်က "ငါးနှစ်စီမံကိန်းကို လေးနှစ်နှင့်ပြည့်ဝစေရေး" ဆိုသည့် ကြွေးကြော်သံမှာ ဖြစ်နိုင်ကြောင်း ပြသလိုက်ပြီး သံသယရှိနေသူများ၏ အချောင်ဝါဒကို ဤနည်းဖြင့် ဖွင့်ချလိုက်သည်။

၁၆ ကြိမ်မြောက် ကွန်ဂရက်က ပါတီဗဟိုကော်မတီကို "ဆိုရှယ်လစ်တည်ဆောက်ရေးအတွင်း တက်ကြွသည့်ဘော်ရှီဗစ်အရှိန်ကို ထိန်းသိမ်းထားရေးနှင့် ငါးနှစ်စီမံကိန်းကို တကယ်ပင် လေးနှစ်နှင့်ပြည့်ဝစေရေးကို အာမခံရန်ညွှန်ကြားလိုက်သည်။"

၁၆ ကြိမ်မြောက်ကွန်ဂရက်ကာလတွင် ဆိုဗီယက်ယူနီယံ၏ လယ်ယာစိုက်ပျိုးရေးဖြစ်ပေါ်တိုးတက်မှုတွင် အလွန်အရေးကြီးသည့် အပြောင်းအလဲဖြစ်ပေါ်နေသည်။ ကျယ်ပြန့်လှသည့် လယ်သမားထုကြီးသည် ဆိုရှယ်လစ်စနစ်သို့ လှည့်ပြောင်းလာကြသည်။ ၁၉၃၀ ခု မေလ ၁ ရက်နေ့ အဓိက သီးနှံ စိုက်ပျိုးသည့်ဒေသများ၏ စုပေါင်းပိုင်ဆိုင်မှုလုပ်ငန်းသည် လယ်သမား အိမ်ထောင်စုများ ၏ ၄၀–၅၀ ရာခိုင်နှုန်းကို အကျုံးဝင်လာစေခဲ့သည်။ (၁၉၂၈ နွေဦးတွင် ၂–၃ ရာခိုင်နှုန်းသာ ရှိခဲ့သည်။) စုပေါင်းလယ်ယာ၏ သီးနှံစိုက်ပျိုး ဧရိယာမှာ ၃၆,၀၀၀,၀၀၀ ဟက်တာသို့ ရောက်ရှိခဲ့သည်။

ထို့ကြောင့် ၁၉၃၀ခု ဇန်နဝါရီ ၅ ရက်နေ့က ဗဟိုကော်မတီဆုံးဖြတ်ချက်တွင် ချမှတ်ခဲ့သော တိုးတက်ရမည့် လုပ်ငန်းစဉ် (၃၀,၀၀၀,၀၀၀ ဟက်တာ) မှာ ပြည့်ဝသည်ထက် ကျော်လွန်သွားခဲ့ပေပြီ။ စုပေါင်းလယ်ယာ ဖြစ်ပေါ်တိုးတက်ရေး၏ ၅ နှစ် စီမံကိန်းမှာ နှစ်နှစ်အတွင်း ၁ ဆခွဲကျော်ပို၍ ပြီး မြောက်သွားခဲ့သည်။

သုံးနှစ်အတွင်း စုပေါင်းလယ်ယာမှ ရောင်းချခဲ့သည့် အထွက်အရေအတွက်မှာ အဆလေးဆယ် ကျော်သွားခဲ့သည်။ ၁၉၃၀ ခုနှစ်တွင် တိုင်းပြည်အတွင်း ရောင်းဝယ်နေသည့် သီးနှံထက်ဝက်ကျော်မှာ စုပေါင်းလယ်ယာမှဖြစ်ပြီး ၎င်းတို့အထဲတွင် နိုင်ငံတော်လယ်ယာများမှ ထုတ်လုပ်သည့် သီးနှံများ မပါသေးချေ။

ဤသည်က ယခုအချိန်မှစ၍ လယ်ယာစိုက်ပျိုးရေး၏ ကံကြမ္မာကို ပုဂ္ဂလိကလယ်ယာများက မဆုံးဖြတ်နိုင်တော့ဘဲ စုပေါင်းနှင့် နိုင်ငံတော်လယ်ယာများကသာ ဆုံးဖြတ်တော့မည်ဖြစ်ကြောင်း ဆိုလိုပေသည်။

လယ်သမားများ စုပေါင်းလယ်ယာအတွင်းသို့ အစုလိုက်အပြုံလိုက် ဝင်မလာမီက ဆိုရှယ်လစ် အာဏာသည် အဓိကအားဖြင့် ဆိုရှယ်လစ်စက်မှုလုပ်ငန်းအပေါ်တွင် မှီခိုနေရပြီး ယခုအခါတွင်မူ အလျင်အမြန် တိုးတက်ကျယ်ပြန့်လာနေသော ဆိုရှယ်လစ်စိုက်ပျိုးရေး အစိတ်အပိုင်း စုပေါင်းနှင့် နိုင်ငံတော် လယ်ယာများတွင်လဲ မှီခိုလာနိုင်သည်။

၁၆ ကြိမ်မြောက် ပါတီကွန်ဂရက်က ဆုံးဖြတ်ချက်တခုတွင် ဖော်ပြခဲ့သည့်အတိုင်း စုပေါင်း လယ်ယာ၊ လယ်သမားများသည် "ဆိုဗီယက်အာဏာ၏ စစ်မှန်ခိုင်မာသော ဒေါက်တိုင်ဖြစ်လာပေ သည်"။

**၃။ အမျိုးသားစီးပွားရေးဌာနခွဲများအားလုံးကို ပြန်လည်တည်ဆောက်ရေးပေါ်လစီ၊ နည်းပညာတို့၏ အရေးပါမှု၊ စုပေါင်းလယ်ယာလှုပ်ရှားမှု ဆက်လက်ပျံ့နှံ့လာခြင်း၊ စက်ယန္တရားနှင့် လယ်ထွန်စက် အလုပ်ရုံများ၏ နိုင်ငံရေးဌာနများ၊ ငါးနှစ်စီမံကိန်းကို လေးနှစ်နှင့်ပြီးမြောက်သွားခြင်း၏ အကျိုးကျေးဇူး များ၊ စစ်မျက်နှာတခုလုံး၌ ဆိုရှယ်လစ်စနစ်အောင်ပွဲခံခြင်း၊ ၁၇ ကြိမ်မြောက် ပါတီကွန်ဂရက်။**

အကြီးစား စက်မှုလုပ်ငန်း အထူးသဖြင့် စက်ယန္တရားတည်ဆောက်ရေးများကို တည်ထောင်ခဲ့ပြီး မိမိ၏ခြေထောက်ပေါ်မိမိ ခိုင်ခိုင်မာမာရပ်တည်လာနိုင်ကာ အသင့်အတင့် လျင်မြန်သည့် ခြေလှမ်းဖြင့် ဖြစ်ပေါ်တိုးတက်လာနေကြောင်း ထင်ရှားလာသည့်အခါ ပါတီက ရင်ဆိုင်လာရသည့် နောက် တာဝန်တရပ်မှာ အမျိုးသားစီးပွားရေးဌာနခွဲများအားလုံးကို ခေတ်မီနည်းများဖြင့် ပြန်လည်တည် ဆောက်ရန်ဖြစ်သည်။ လောင်စာစက်မှုလုပ်ငန်း၊ ဓာတ်သတ္တုလုပ်ငန်း၊ အသေးစားစက်မှုလုပ်ငန်း၊ အစားအသောက်လုပ်ငန်း၊ သစ်လုပ်ငန်း၊ လက်နက်လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများသို့ ခေတ်မီနည်းပညာများ၊ ခေတ်မီစက်ယန္တရားများ တပ်ဆင်ရန် ဖြစ်သည်။ လယ်ယာထွက်ပစ္စည်းနှင့် စက်ရုံထွက်ပစ္စည်းများ တောင်းဆိုမှုအလွန်အမင်း တိုးမြင့်လာသည့်အတွက် ထုတ်လုပ်ရေးဌာနခွဲများအားလုံးအတွက် အထွက်ကို နှစ်ဆနှင့် သုံးဆ မြှင့်တင်ရန်လိုအပ်လာသည်။ သို့သော် စက်ရုံအလုပ်ရုံများနှင့် စုပေါင်းလယ်ယာနှင့် နိုင်ငံတော်လယ်ယာများသည် ခေတ်မီကိရိယာများ အလုံအလောက် တပ်ဆင်ထားမှသာလျှင် ထိုသို့ထွက်ရှိနိုင်မည်ဖြစ်သည်။ ကိရိယာ အဟောင်းအနွမ်းများဖြင့် လိုအပ်သည့် အထွက်တိုးမှုကို အာမခံနိုင်မည်မဟုတ်ချေ။

အမျိုးသားစီးပွားရေး အဓိကဌာနခွဲများကို ပြန်လည်တည်ဆောက်ခြင်းမပြုဘဲ အမြဲကြီးထွားလာနေသည့် တိုင်းပြည်နှင့် စီးပွားရေးစနစ်၏ တောင်းဆိုမှုသစ်များကို ဖြည့်ဆည်းနိုင်မည်မဟုတ်ချေ။

ပြန်လည်တည်ဆောက်ခြင်းမပြုဘဲ စစ်မျက်နှာတခုလုံး၌ ဆိုရှယ်လစ်စနစ်၏ ထိုးစစ်ဆင်မှုကို အပြည့်အဝ ဖော်ဆောင်နိုင်မည် မဟုတ်ချေ။ အဘယ့်ကြောင့်ဆိုသော် မြို့နှင့် ကျေးလက်များရှိ အရင်းရှင်အစိတ်အပိုင်းများကို လုပ်အားနှင့် ပိုင်ဆိုင်မှု အဖွဲ့အစည်းသစ်များနှင့်သာ တိုက်ခိုက်ချေမှုန်းရမည် ဖြစ်သည်သာမက နည်းပညာသစ်များ၊ နည်းပညာဘက်ဆိုင်ရာ သာလွန်မှုများနှင့်လည်း တိုက်ခိုက်ချေမှုန်းရမည်ဖြစ်သည်။

ပြန်လည်တည်ဆောက်ခြင်းမပြုဘဲ နည်းပညာအရ၊ စီးပွားရေးအရ ခေတ်မီသည့် အရင်းရှင်နိုင်ငံများကို အမီလိုက်၍ ကျော်တက်နိုင်ရန်မဖြစ်နိုင်ချေ။ အဘယ့်ကြောင့်ဆိုသော် ဆိုဗီယက်ယူနီယံသည် စက်မှုလုပ်ငန်း ဖြစ်ပေါ်တိုးတက်မှုနှုန်းတွင် အရင်းရှင်နိုင်ငံများထက် သာလွန်သော်လည်း စက်မှုလုပ်ငန်း ဖြစ်ပေါ်တိုးတက်မှုအဆင့်အတန်း စက်မှုအထွက်ပစ္စည်း အရေအတွက်တွင် အတော်ပင် နောက်ကျ ကျန်မြဲကျန်နေသေးသည်။

၎င်းတို့ကို အမီလိုက်ရန်အတွက် ထုတ်လုပ်မှုဆိုင်ရာ ဌာနခွဲတိုင်းကို နည်းပညာသစ်များ တပ်ဆင်ရမည်ဖြစ်ပြီး ခေတ်အမီဆုံး နည်းပညာများနှင့် ပြန်လည်တည်ဆောက်ရမည်ဖြစ်သည်။

နည်းပညာပြဿနာသည် အင်မတန်မှ အရေးကြီးလာခဲ့သည်။

အဓိကအတားအဆီးမှာ ခေတ်မီစက်ယန္တရားနှင့် စက်ကိရိယာများ မလုံလောက်မှုဟု သိပ်မဆိုနိုင်ချေ။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်တို့၏ တည်ဆောက်ရေးစက်မှုလုပ်ငန်းက ခေတ်မီကိရိယာများ

ကို ထုတ်လုပ်နိုင်သည့် အခြေအနေသို့ ရောက်ရှိနေပြီးဖြစ်သည်။ သို့သော် ကျွန်ုပ်တို့၏ လုပ်ငန်းအုပ်ချုပ်သူများ၏ မှားယွင်းသည့်သဘောထား ပြန်လည်တည်ဆောက်ရေး ကာလအတွင်း နည်းပညာအရေးကြီးမှုအပေါ် ၎င်းတို့၏ အထင်အမြင်သေး ရှုတ်ချမှုစသည်တို့က ပိုဆိုးနေသည်။ ၎င်းတို့၏ အမြင်တွင် နည်းပညာပြဿနာများသည် "ပါရဂူ"များ၏ ကိစ္စသာဖြစ်သည်။ ဒုတိယတန်းစား အရေးပါမှု လောက်သာဖြစ်သည်။ ခေါင်းဆောင်ပါရဂူများကို ကြည့်ကြပ်ရန် လွှဲပေးထားရန်ဖြစ်သည်။ ကွန်မြူနစ်လုပ်ငန်းအုပ်ချုပ်သူများသည် ထုတ်လုပ်ရေး၏ နည်းပညာပိုင်းဆိုင်ရာဘက်တွင် ဝင်ရောက်စွက်ဖက်ရန် မလိုအပ်ဘဲ ပို၍အရေးကြီးသည်ဟု ဆိုရမည့် စက်မှုလုပ်ငန်း၏ အထွေထွေစီမံ အုပ်ချုပ်မှုကို ဂရုပြုရမည်ဟု သဘောထားကြသည်။

ထို့ကြောင့် ခေါင်းဆောင်ပါရဂူများသည် ထုတ်လုပ်ရေးပြဿနာများတွင် လွတ်လွတ်လပ်လပ် လုပ်ဆောင်ခွင့်ရနေကြပြီး ကွန်မြူနစ် လုပ်ငန်းအုပ်ချုပ်သူများကမူ "အထွေထွေ" ညွှန်ကြားရေးလုပ်ငန်း လက်မှတ်ထိုးခြင်း အလုပ်ကိုသာ ထိန်းသိမ်းထားခဲ့ကြသည်။

ဤကဲ့သို့သော သဘောထားမျိုးက "အထွေထွေ" လမ်းညွှန်မှုကို ညွှန်ကြားချက် စာပြောင်းများအဖြစ် ဘာအကျိုးမှ ဖြစ်ထွန်းမလာနိုင်သည့် အချည်းနှီးစာရွက်များအပေါ်တွင် လက်မှတ်ထိုးနေကြသည့်အဖြစ်သို့ ပျက်စီးယုတ်လျော့သွားစေမည်ဖြစ်ကြောင်း ပြောရန်ပင်မလိုချေ။

ကွန်မြူနစ်လုပ်ငန်းအုပ်ချုပ်သူများက နည်းပညာဆိုင်ရာ ပြဿနာများတွင် ဤသို့ရှုတ်ချအထင်သေးသည့် သဘောထားများ ဆက်လက်ထားရှိနေပါက ခေတ်မီအရင်းရှင်နိုင်ငံများကို ကျော်လွန်ရန် မဆိုထားနှင့် မှီအောင်လိုက်နိုင်မည်ပင် မဟုတ်ကြောင်းရှင်းလင်းနေပေသည်။ ဤသဘောထားသည် အထူးသဖြင့် ပြန်လည်တည်ဆောက်ရေးကာလတွင် ကျွန်တော်တို့ တိုင်းပြည်ကို ခေတ်နောက်ကျစေနိုင်ပြီး ဖြစ်ပေါ်တိုးတက်မှုနှုန်းကိုလဲ လျော့ချပစ်ပေလိမ့်မည်။ အမှန်မှာမူ နည်းပညာပြဿနာများ အပေါ် ဤကဲ့သို့သော သဘောထားခြင်းမှာ အချို့သော ကွန်မြူနစ်လုပ်ငန်း အုပ်ချုပ်ရေးသမားအစိတ်အပိုင်းတို့၏ စက်မှုလုပ်ငန်းဖြစ်ပေါ်တိုးတက်ရေးနှုန်းကို နှောင့်နှေးလျော့ချပစ်ရန်ဆန္ဒကို လျှို့ဝှက်ဖုံးကွယ်သည့် မျက်နှာဖုံးကန့်လန့်ကာ တခုမျှသာဖြစ်သည်။ သို့မှသာ ထုတ်လုပ်ရေးအတွက် တာဝန်ရှိသူများကို ပါရဂူများအပေါ် လွှဲချပြီး မိမိတို့မှာမူ အပြစ်လွတ်မျက်နှာမပျက် နေနိုင်ပေမည်။

ကွန်မြူနစ်လုပ်ငန်း အုပ်ချုပ်ရေးသမားများသည် နည်းပညာပြဿနာများအပေါ် အာရုံစိုက်လာရန် နည်းပညာများကို လိုက်စားလာရန် လိုအပ်လာသည်။ ဘော်ရှီဗစ်လုပ်ငန်း အုပ်ချုပ်ရေးသမားများအဖို့ ခေတ်သစ်နည်းပညာများ ကျွမ်းကျင်ရေးသည် သေရေးရှင်ရေးတမျှ အရေးကြီးကြောင်း သူတို့ကိုပြသရန်လိုအပ်သည်။ သို့မဟုတ်ပါက ကျွန်ုပ်တို့တိုင်းပြည်ကို ခေတ်နောက်ကျခြင်းနှင့် ထိုင်းမှိုင်းအီလည်နေသော ဘဝသို့ ပြန်ပို့မည့် အန္တရာယ်ရှိနေပါတော့သည်။

ဤပြဿနာကို မဖြေရှင်းနိုင်ပါက ဆက်လက်တိုးတက်ရေးမှာ မဖြစ်နိုင်ချေ။

ဤသည်နှင့် ဆက်စပ်၍ အရေးကြီးဆုံးမှာ ၁၉၃၁ ခု ဖေဖော်ဝါရီလ၌ စက်မှုလုပ်ငန်း မန်နေဂျာများ၏ ပထမကွန်ဖရင့်တွင် ရဲဘော်စတာလင် မိန့်ကြားခဲ့သည့် မိန့်ခွန်းဖြစ်သည်။

ရဲဘော်စတာလင်က "အရှိန်ကို အနည်းငယ်လျော့ချရန် လှုပ်ရှားမှုကို ထိန်းချုပ်ရန်မဖြစ်နိုင်ဘူးလားဟု တခါတရံ အမေးခံရပါတယ်။ မဖြစ်ဘူးရဲဘော်တို့ ဖြစ်ကိုမဖြစ်နိုင်ဘူး။ အရှိန်ကို လုံးဝမလျော့ရ။ အရှိန်ကို လျော့လိုက်ခြင်းဟာ နောက်လျောကျသွားခြင်းဖြစ်ပါတယ်။ နောက်ပြီး နောက်

လျှောကျသွားသူများကို သူများကနိုင်တတ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့က အနိုင်မခံလိုဘူး။ ကျွန်တော်တို့ အရှုံးမပေးရဘူး၊”

“ရုရှားနိုင်ငံဟောင်းသမိုင်းရဲ့ လက္ခဏာတခုက နောက်ကျကျန်နေမှု၊ ခေတ်နောက်ကျမှုတို့ကြောင့် အဆက်မပြတ် အနိုင်ခံရမှုများဖြစ်တယ်။ မွန်ဂိုခန်းများက အနိုင်ကျင့်ခဲ့တယ်။ တူရကီများက အနိုင်ကျင့်ခဲ့တယ်။ ဆွီဒင်ပဒေသရာဇ်များက အနိုင်ကျင့်ခဲ့တယ်။ ပိုလန်နှင့် လစ်သူနီးယား အထက်လွှာများက အနိုင်ကျင့်ခဲ့တယ်။ ဗြိတိသျှနှင့်ပြင်သစ် အရင်းရှင်များက အနိုင်ကျင့်ခဲ့တယ်။ ဂျပန်မှူးမတ် များက အနိုင်ကျင့်ခဲ့တယ်။ ခေတ်နောက်ကျမှုကြောင့် အားလုံးက အနိုင်ကျင့်ခဲ့ကြတယ်။

ကျွန်တော်တို့ဟာ ခေတ်မီနိုင်ငံများရဲ့ နောက်မှာ နှစ်ငါးဆယ် သို့မဟုတ် အနှစ် ၁၀၀ နောက်ကျကျန်နေပါတယ်။ ဒါကို ဆယ်နှစ် အတွင်း အမီလိုက်ရမယ်။ ကျွန်တော်တို့ အမီလိုက်မလား၊ ဒါမှမဟုတ် အချေမှုန်းခံမလား။

အလွန်ဆုံး ၁၀ နှစ်အတွင်း ခေတ်မီနိုင်ငံများနောက် နောက်ကျကျန်နေမှုကို အမှီလိုက်ရမယ်။ ဒီအတွက် ကျွန်တော်တို့မှာ ပကတိဘ၀ အခွင့်အလမ်းများ အကုန်ရှိပါတယ်။ လိုနေတာတခုတည်းကတော့ ဒီအခွင့်အလမ်းများကို သင့်တော်စွာ အသုံးချနိုင်တဲ့ အရည်အချင်းဖြစ်ပါတယ်။ ဒါဟာလည်း ကျွန်တော်တို့အပေါ် မူတည်နေပါတယ်။ ကျွန်တော်တို့ အပေါ်မှာသာ ဖြစ်တယ်။ ဒီအခွင့်အရေးများကို အသုံးချတတ်အောင် ကျွန်တော်တို့ သင်ယူရမယ့် အချိန်ရောက်ပါပြီ။ ထုတ်လုပ်ရေးမှာ ၀င်ရောက်စွက်ဖက်ခြင်းမပြုရဆိုတဲ့ ပုပ်သိုးနေတဲ့ပေါ်လစီကို စွန့်ပစ်ရမယ့် အချိန်ရောက်ပါပြီ။ အချိန်ကာလနဲ့ ကိုက်ညီတဲ့ပေါ်လစီ၊ အရာရာတိုင်း၀င်ရောက်ရမယ့် ပေါ်လစီသစ်ကို ချမှတ်ရမယ့် အချိန်ရောက်ပါပြီ။ တကယ်လို့ခင်ဗျားဟာ စက်ရုံမန်နေဂျာ တယောက်ဖြစ်ပါက စက်ရုံရဲ့ကိစ္စအားလုံးမှာ ၀င်ရောက်စွက်ဖက်ပါ။ အရာရာတိုင်းကို စစ်ဆေးကြည့်ရှုပါ။ ဘာတခုမှ အလွတ်မပေးပါနဲ့။ လေ့လာပါ။ ထပ်လေ့လာပါ။ ဘော်ရှီဗစ်များဟာ နည်းပညာကျွမ်းကျင်ရမယ်။ ဘော်ရှီဗစ်များကိုယ်တိုင် ပါရဂူများဖြစ်ရမယ့် အချိန်ရောက်လာပါပြီ။ တည်ဆောက်ရေးကာလမှာ နည်းပညာက အရာရာကိုဆုံးဖြတ်တယ်”။

**(စတာလင်၊ လီနင်ဝါဒပြဿနာများ မော်စကို ၄၇၊ စာမျက်နှာ–၃၅၅၊ ၃၅၈)**

ရဲဘော်စတာလင် မိန့်ခွန်း၏ သမိုင်း၀င်အရေးပါမှုမှာ ကွန်မြူနစ်လုပ်ငန်း အုပ်ချုပ်ရေးသမား များ၏ နည်းပညာအပေါ် အထင်သေးရှုတ်ချသည့်သဘောထားကို အဆုံးသတ်ပစ်လိုက်ပြီး နည်းပညာပြဿနာများကို ရင်ဆိုင်စေကာ ဘော်ရှီဗစ်များကိုယ်တိုင် နည်းပညာ ကျွမ်းကျင်ရေးတိုက်ပွဲ အဆင့်သစ်တရပ်ကို ဖွင့်လှစ်ပေးလိုက်သည်။ ထိုနည်းဖြင့် စီးပွားရေးတည်ဆောက်ရေးလုပ်ငန်း တိုးတက်ရေးကို အကူညီပေးလိုက်သည်။

ထိုအချိန်မှစ၍ နည်းပညာဆိုင်ရာ အတတ်ပညာသည် နေရှင်ပါရဂူများ၏ လက်ဝါးကြီးအုပ်မှုမှ ချုပ်ငြိမ်းသွားပြီး ဘော်ရှီဗစ်လုပ်ငန်း အုပ်ချုပ်ရေးသမားများကိုယ်တိုင် အရေးကြီးဂရုပြုရမည့် ပြဿနာဖြစ်လာကာ ပါရဂူဆိုသည့် စကားသည်လည်း လှောင်ပြောင်ခေါ်ဝေါ်သည့် စကားမဟုတ်တော့ဘဲ နည်းပညာကျွမ်းကျင်သည့် ဘော်ရှီဗစ်များအတွက် ဂုဏ်ယူဖွယ်စကားဖြစ်လာသည်။

ထိုအချိန်မှစ၍ နည်းပညာတတ်ကျွမ်းပြီး စက်မှုလုပ်ငန်းများကို ညွှန်ကြားလုပ်ဆောင်နိုင်သော ပါရဂူနီများ ထောင်နှင့်သောင်းနှင့်ချီ၍ ပေါ်ပေါက်လာနိုင်ပြီး တကယ်လည်း ပေါ်ပေါက်လာခဲ့သည်။

ၔင်းတို့မှာ ဆိုဗီယက်နည်းပညာ၊ အတတ်ပညာရှင်သစ်များ၊ အလုပ်သမားလူတန်းစားနှင့် လယ်သမားထု၏ အတတ်ပညာရှင်၊ ပညာတတ်များဖြစ်ကာ ယခုအခါ ၎င်းတို့သည်စက်မှုလုပ်ငန်းများ စီမံအုပ်ချုပ်မှု၏ အဓိက အင်အားစုဖြစ်လာတော့သည်။

ဤသည်အားလုံးက စီးပွားရေးပြန်လည်တည်ဆောက်ရေး လုပ်ငန်းတိုးတက်စေရန်ဖြစ်ပြီး တကယ်လည်း တိုးတက်လာစေခဲ့သည်။

ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကို စက်မှုလုပ်ငန်းနှင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်း တွင်သာ ကန့်သတ်ထားခြင်း မဟုတ်ချေ။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် ပို၍ပင်လျင်မြန်စွာ ဖြစ်ပေါ်တိုးတက်နေသည်။ အကြောင်းရင်းကိုတော့ ဝေးဝေး ရှာရန်မလိုပေ။ လယ်ယာလုပ်ငန်းသည် အခြားလုပ်ငန်းများထက် စက်မှုတပ်ဆင်မှုလျော့နည်းနေသေးပြီး ဤနေရာတွင် ခေတ်မီ စက်ယန္တရား များ လိုအပ်မှုသည် အခြားနေရာများထက် ပိုမို ပြင်းထန်နေသည်။ စုပေါင်းလယ်ယာ အရေအတွက်မှာ တလထက် တလ၊ တပတ်ထက်တပတ်ကြီးထွားလာပြီး လယ်ထွန်စက်များနှင့် အခြားလယ်ယာသုံး စက်ယန္တယားများ ထောင်နှင့်သောင်းနှင့်ချီ၍ လိုအပ်လာမှုကြောင့် ခေတ်မီလယ်ယာသုံး စက်ယန္တရားများ ထောက်ပံ့ရေးကိုတိုးမြှင့်ရန်မှာ အရေးတကြီးလိုအပ်မှု ဖြစ်လာသည်။

၁၉၃၁ ခုနှစ်တွင် လယ်ယာမြေလှုပ်ရှားမှု ဆက်လက်တိုးတက်မှုကို တွေ့မြင်ရသည်။ အဓိက သီးနှံစိုက်ပျိုးသည့် ခရိုင်များတွင် လယ်ယာမြေ ၈၀ ရာခိုင်နှုန်းကျော်မှာ စုပေါင်းလယ်ယာအဖြစ် ပူးပေါင်းလိုက်ပြီးဖြစ်နေသည်။ ဤနေရာတွင် အခိုင်အမာ စုပေါင်းပိုင်ဆိုင်ရေးလုပ်ငန်းသည် အဓိက အားဖြင့် အောင်မြင်ပြီးဖြစ်နေသည်။ သိပ်အရေးမကြီးသည့် သီးနှံစိုက်ပျိုးသည့် ခရိုင်များနှင့် စက်မှု သီးနှံစိုက်ပျိုးသည့် ခရိုင်များတွင်မူ လယ်ယာမြေ၏ ၅၀ ရာခိုင်နှုန်းကျော်မှာ စုပေါင်းလယ်ယာများ ဖြစ်နေပေပြီ။ ယခုအခါ စုပေါင်းလယ်ယာ ၂၀၀,၀၀၀ နှင့် နိုင်ငံတော်လယ်ယာ ၄,၀၀၀ ရှိနေပြီး ၎င်းတို့တွင် တိုင်းပြည်သီးနှံရေိယာစုစုပေါင်း၏ သုံးပုံနှစ်ပုံကို စိုက်ပျိုးကြပြီး တဦးချင်းလယ်သမားက သုံးပုံတပုံကိုသာ စိုက်ပျိုးနေကြသည်။

ဤသည်မှာ ကျေးလက်တွင် ဆိုရှယ်လစ်စနစ်ကြီးမားစွာ အောင်ပွဲခံခြင်း ဖြစ်ပေသည်။

သို့သော် စုပေါင်းလယ်ယာလှုပ်ရှားမှု၏ တိုးတက်မှုကို ယခုအထိ အတိမ်အနက်ထက် အလျား လိုက်တိုင်းထွာနေကြခြင်းမျှသာ ဖြစ်သည်။ စုပေါင်းလယ်ယာများသည် အရေအတွက်အရ တိုးများ နေပြီး တခရိုင်မှ တခရိုင် ပျံ့နှံ့နေသော်လည်း စုပေါင်းလယ်ယာလုပ်ငန်းတွင် သော်လည်းကောင်း သို့မဟုတ် လူပုဂ္ဂိုလ်များ၏ ကျွမ်းကျင်မှုတွင်လည်းကောင်း တပြေးညီတိုးတက်လာခြင်း မဟုတ်ချေ။ ဤသည်မှာ စုပေါင်းလယ်ယာများမှ ခေါင်းဆောင်ကေဒါများနှင့် အတတ်ပညာရှင်များ၏ ကြီး ထွားမှုက စုပေါင်းလယ်ယာများ အရေအတွက်အရ ကြီးထွားလာမှုကို အမီမလိုက်နိုင်ခြင်း ကြောင့်ဖြစ်သည်။ အကျိုးဆက်မှာ စုပေါင်းလယ်ယာသစ်များ၏ လုပ်ငန်းမှာ အမြဲသဖြင့် ကျေနပ်ဖွယ် မဟုတ်ဘဲ စုပေါင်းလယ်ယာများကိုယ်တိုင်ပင် အားနည်းမြဲ နည်းနေခြင်းဖြစ်သည်။ စုပေါင်းလယ်ယာ များအတွက် မရှိမဖြစ်လိုအပ်သည့် စာတတ်သူများ (စာရင်းပြုစုသူ၊ သိုလှောင်ရုံ မန်နေဂျာ၊ အတွင်း ရေးမှူးစသဖြင့်) ကျေးလက်၌ ရှားပါးမှုနှင့် စုပေါင်းလုပ်ငန်း အကြီးစားများ စီမံအုပ်ချုပ်ရာတွင် လယ် သမားများ အတွေ့အကြုံ မရှိမှုများကလည်း ပိုမိုနောက်ကျစေခဲ့သည်။ စုပေါင်း လယ်ယာလယ်သမား များသည် ယမန်နေ့က တသီးပုဂ္ဂလိက လယ်သမားများဖြစ်ခဲ့ပြီး မြေကွက်ငယ်လေးများတွင် လယ် ယာလုပ်သည့်

အတွေ့အကြုံရှိသော်လည်း အကြီးစားစုပေါင်းလယ်ယာလုပ်ငန်းများတွင် အတွေ့ မကြုံမရှိချေ။ ဤကဲ့သို့သော အတွေ့အကြုံကိုလည်း တရက်တည်းနှင့် မရနိုင်ပေ။

အကျိုးဆက်အားဖြင့် စုပေါင်းလယ်ယာလုပ်ငန်း ပထမအဆင့်များကို ကြီးမားသည့် အားနည်းချက်များက နှောင့်ယှက်တားဆီးခဲ့ပါသည်။ စုပေါင်းလယ်ယာလုပ်ငန်းများတွင် စည်းရုံးမှု အလွန်ညံ့ဖျင်းနေပြီး အလုပ်သမားစည်းကမ်းများ လျော့ရဲနေသည်ကို တွေ့ရှိရသည်။ စုပေါင်းလယ်ယာ အများအပြားတွင် ဝင်ငွေများကို ဖြန့်ဝေရာတွင် အလုပ်လုပ်ရက်နှင့် မခွဲဝေဘဲ မိသားစုဝင်ဦးရေနှင့် ခွဲဝေပေးနေသည်။ အချောင်ခိုသူများက ကြိုးကြိုးစားစား ပင်ပင်ပန်းပန်း လုပ်နေသည့် စုပေါင်းလယ်ယာ လယ်သမားများထက် ဝင်ငွေပိုရနေသည့် အဖြစ်အပျက်များလည်း မကြာခဏဖြစ်ပျက်နေသည်။ စုပေါင်းလယ်ယာစီမံ အုပ်ချုပ်သူများ၏ အားနည်းချက်များက အဖွဲ့ဝင်များ၏ တက်ကြွစိတ်ကို လျော့ကျစေခဲ့သည်။ အလုပ်ပြင်းထန်သည့် ရာသီတွင်ပင် အလုပ်မတက်သည့် အဖွဲ့ဝင်အများအပြား ရှိနေကြပြီး ဆောင်းတွင်းနှင်းများကျလာသည်အထိ သီးနှံများမရိတ်သိမ်းရဘဲ ရှိနေတတ်သည်။ ရိတ်သိမ်းရာတွင်လည်း တော်ရိရော်ရိလုပ်ကြသဖြင့် သီးနှံအမြောက်အမြား ဆုံးရှုံးရပြန်သည်။ စက်ယန္တရားများ၊ မြင်းများ၊ လုပ်ငန်းများအတွက် တဦးချင်းတာဝန်ယူမှုမရှိခြင်းက စုပေါင်းလယ်ယာလုပ်ငန်းများကို အား နည်းစေပြီး ဝင်ငွေကိုလျော့ကျစေသည်။

ယခင်ကူးလတ်များနှင့် ကပ်ပါးရပ်ပါးများ စုပေါင်းလယ်ယာများထဲသို့ တိုးဝှေ့ဝင်ရောက်လာနိုင်ပြီး တစုံတရာ ယုံကြည်ခံရသော အဆင့်နေရာများရရှိနေသည့် ဒေသများတွင် အခြေအနေမှာ ပိုမိုဆိုးရွားနေပေသည်။ မကြာခဏပင် ယခင်ကူးလတ်များသည် မသိရသည့် အရပ်များသို့ ပြောင်းရွှေ့သွားကြပြီး အဖျက်လုပ်ငန်းများလုပ်ရန် ရည်ရွယ်ချက်ဖြင့် ရည်ရွယ်ချက် ရှိရှိဖြင့် စုပေါင်းလယ်ယာများအတွင်း တိုးဝှေ့ဝင်ရောက်ခဲ့ကြသည်။ တခါတရံတွင် ပါတီလုပ်သားများနှင့် ဆိုဗီယက်အရာရှိများ ၏ သတိပေါ့လျော့မှုကြောင့် ကူးလတ်များသည် ၎င်းတို့၏ နေရပ်မှာပင် စုပေါင်းလယ်ယာများထဲသို့ ဝင်ရောက်လာနိုင်ခဲ့ကြသည်။ ယခင်ကူးလတ်များက ၎င်းတို့၏ နည်းပရိယာယ်များကို အကုန်အစင်ပြောင်းလဲလိုက်မှုက ၎င်းတို့စုပေါင်းလယ်ယာအတွင်း ထိုးဖောက်ဝင်ရောက်မှုကို လွယ်ကူစေခဲ့သည်။ ယခင်က ကူးလတ်များသည် စုပေါင်းလယ်ယာများကို ပြောင်တိုက်ခိုက်ခဲ့ပြီး စုပေါင်းလယ်ယာများမှ ခေါင်းဆောင်ကေဒါများ၊ ရှေ့တန်းရောက်လယ်သမားများကို ရိုင်းစိုင်းစွာ နှိပ်စက်ညှဉ်းပမ်းခြင်း၊ ယုတ်ယုတ်မာမာ လုပ်ကြံသတ်ဖြတ်ခြင်း၊ ၎င်းတို့၏အိမ်များ၊ စပါးကျီများကို မီးရှို့ခြင်း စသည်များ ပြုလုပ်ခဲ့ကြသည်။ ဤနည်းများဖြင့် လယ်သမားထု ကြောက်လန့်သွားပြီး စုပေါင်းလယ်ယာ ဝင်ရောက်ရေးများကို နောက်ဆုတ်သွားလိမ့်မည်ဟု ထင်ခဲ့ကြသည်။ ယခုအခါ စုပေါင်းလယ်ယာအပေါ် ပြောင်တိုက်ပွဲရှုံးနိမ့်သွားပြီဖြစ်သဖြင့် သူတို့၏ နည်းပရိယာယ်ကို ပြောင်းလဲခဲ့ကြသည်။ သူတို့သည် သေနတ်တိုများ ဘေးဖယ်ထားလိုက်ပြီး ယင်ကောင်တကောင်ကိုတောင် အန္တရာယ်မပြုသည့် အပြစ်မဲ့သူများအဖြစ် ဟန်ဆောင်လာကြသည်။ ဆိုဗီယက်ကို ထောက်ခံသော သစ္စာရှိသူများအဖြစ် ပုံဖမ်းလာကြသည်။ စုပေါင်းလယ်ယာအတွင်း ဝင်ရောက်မိသည်နှင့် ၎င်းတို့၏ အဖျက်လုပ်ငန်းကို ခိုးကြောင်ခိုးဝှက် စတင်လုပ်ဆောင်ကြတော့သည်။ သူတို့သည် စုပေါင်းလယ်ယာများကို အတွင်းမှနေ၍ ဖရိုဖရဲဖြစ်အောင်၊ အလုပ်သမားစည်းကမ်းများ အားနည်းအောင် သီးနှံစာရင်းအင်းများနှင့် လုပ်ငန်းမှတ်စုများ ရှုပ်ထွေးအောင်လုပ်ဆောင်ကြသည်။ စုပေါင်းလယ်ယာများမှ မြင်းများကို တမင်သက်သက် လျှာ

နာခွါနာ၊ ဝဲနာနှင့် တခြားရောဂါများနှင့် ကူးစက်စေခြင်း သို့မဟုတ် ဂရုမစိုက်မှုကြောင့်လည်းကောင်း၊ အခြားအကြောင်းများကြောင့်လည်းကောင်း ဒုက္ခိတဖြစ်စေခြင်းတို့မှာ သူတို့၏ အဖျက်လုပ်ငန်း စီမံကိန်း၏ တစိတ်တပိုင်းဖြစ်ပြီး မကြာခဏ အောင်မြင်ခဲ့ကြပါသည်။ သူတို့သည် လယ်ထွန်စက် များနှင့် လယ်ယာစက်ယန္တရားများကို ဖျက်ဆီးခဲ့ကြသည်။

စုပေါင်းလယ်ယာများ အားနည်းမြဲ အားနည်းနေသေးပြီး ၎င်း၏လုပ်သားများကလည်း အတွေ့အကြုံနည်းမြဲ နည်းနေသေးသည့်အတွက် ကူးလတ်များသည် မကြာခဏပင် စုပေါင်းလယ်ယာလယ်သမားများကို လိမ်လည်လှည့်ဖျားနိုင်ကာ အဖျက်လုပ်ငန်းများကိုလည်း အပြစ်ဒဏ်မခံရဘဲ ကျူးလွန်နိုင်ခဲ့ကြသည်။

ကူးလတ်များ၏ အဖျက်လုပ်ငန်းများကို အဆုံးသတ်ပစ်ရန်နှင့် စုပေါင်းလယ်ယာလုပ်ငန်းများ ခိုင်မာတောင့်တင်းစေရေးတို့ အလျင်အမြန်ဆောင်ရွက်ရန်အတွက် လူအား၊ အကြံဉာဏ်အားနှင့် ခေါင်းဆောင်မှုတွင် ထိရောက်သည့် အကူအညီများကို အလျင်အမြန်ပေးရပေမည်။

ဤအကူအညီကို ဘော်ရှီဗစ်ပါတီမှ ပေးလာခဲ့သည်။

၁၉၃၃ ဇန်နဝါရီတွင် ပါတီဗဟိုကော်မတီက စုပေါင်းလယ်ယာများရှိ စက်ယန္တရားများနှင့် လယ်ထွန်စက် အလုပ်ရုံများတွင် **နိုင်ငံရေးဌာနများ** ဖွဲ့စည်းရန်ဆုံးဖြတ်ချက် ချမှတ်လိုက်သည်။ ပါတီ လုပ်သား ၁၇,၀၀၀ ခန့်ကို ဤနိုင်ငံရေးဌာနများတွင် တာဝန်ယူပြီး စုပေါင်းလယ်ယာများကို ကူညီရန် ကျေးလက်သို့စေလွှတ်လိုက်သည်။

ဤကူညီမှုသည် အလွန်အမင်းထိရောက် အကျိုးရှိခဲ့သည်။

နှစ်နှစ်အတွင်း (၁၉၃၃–၁၉၃၄) စက်ယန္တရားနှင့် လယ်ထွန်စက် အလုပ်ရုံများမှ နိုင်ငံရေးဌာန များသည် စုပေါင်းလယ်ယာ လယ်သမားများ၏ တက်ကြွသည့် အဖွဲ့များတည်ထောင်ရာတွင် လည်းကောင်း၊ စုပေါင်းလယ်ယာလုပ်ငန်းတွင်းရှိ အားနည်းချက်များကို ဖယ်ရှားရာတွင်လည်းကောင်း၊ စုပေါင်းလယ်ယာများကို ခိုင်မာတောင့်တင်းစေရာတွင်လည်းကောင်း၊ ရန်သူကူးလတ်များနှင့် အဖျက်သမားများကို ချေမှုန်းရာတွင်လည်းကောင်း ကြီးမားစွာကောင်းမှုပြုခဲ့ကြသည်။

နိုင်ငံရေးဌာများသည် ၎င်းတို့၏တာဝန်ကို အထူးအောင်မြင်စွာ ထမ်းဆောင်နိုင်ခဲ့ကြသည်။ သူတို့သည် စုပေါင်းလယ်ယာများ၏ စည်းရုံးရေးကိုရော၊ လုပ်စွမ်းရည်ကိုပါ ခိုင်မာစေပြီး ၎င်းတို့အ တွက် အရည်အချင်းပြည့်ဝသည့် ပုဂ္ဂိုလ်များ လေ့ကျင့်ပေးကာ စီမံအုပ်ချုပ်မှုပိုင်းတွင် တိုးတက် ကောင်းမွန်စေ၍ စုပေါင်းလယ်ယာအဖွဲ့ဝင်များ၏ နိုင်ငံရေးရေချိန်ကို မြှင့်တင်ပေးခဲ့သည်။

စုပေါင်းလယ်ယာများ ခိုင်မာတောင့်တင်းရေးအတွက် စုပေါင်းလယ်ယာသမားများရှေ့သို့ ကြိုးပမ်းချီတက်ရေးအတွက် လှုံ့ဆော်ရာတွင် အလွန်အရေးကြီးသောကိစ္စမှာ စုပေါင်းလယ်ယာ မုန် တိုင်းတပ်ဖွဲ့ အလုပ်သမားများ (Shock Worker) ၏ ပြည်လုံးဆိုင်ရာပထမကွန်ဂရက် (၁၉၃၃၊ ဖေဖော်ဝါရီ) နှင့် ထိုကွန်ဂရက်၌ ရဲဘော်စတာလင် ပြောကြားခဲ့သည့် မိန့်ခွန်းဖြစ်သည်။

ရဲဘော်စတာလင်က ကျေးလက်ရှိ စုပေါင်းလယ်ယာမတိုင်မီ စနစ်ဟောင်းနှင့် စုပေါင်း လယ်ယာစနစ်သစ်တို့ကို နှိုင်း ယှဉ်ပြီးပြောကြားရာတွင် –

“စနစ်ဟောင်းအောက်၌ လယ်သမားတိုင်းသည် တဦးချင်းသီးသန့်အလုပ်လုပ်ကြရပြီး ၎င်းတို့၏ ဘိုးဘွားများ၏ နည်းနာဟောင်းများအတိုင်း အလုပ်လုပ်ရာတွင် ရှေးဟောင်းကိရိယာများ၊

ခေတ်နောက်ကျသည့် ကိရိယာများကို သုံးခဲ့သည်။ သူတို့သည် မြေရှင်များနှင့် အရင်းရှင်များ၊ ကူးလတ်နှင့် အမြတ်ကြီးစားများအတွက် အလုပ်လုပ်ခဲ့ကြသည်။ သူတို့သည် အလွန်ဆင်းရဲချို့တဲ့စွာ နေထိုင်ခဲ့ကြပြီး တပါးသူများကို ချမ်းသာကြွယ်ဝစေခဲ့သည်။ စုပေါင်းစနစ်သစ်အောက်တွင် လယ်သမားများသည် ခေတ်မီကိရိယာများဖြစ်သော ထွန်စက်များ၊ လယ်ယာသုံးစက်ယန္တရားများ အသုံးပြု၍ စုပေါင်းညီညာစွာ အတူတကွ အလုပ်လုပ်ကြသည်။ သူတို့သည် သူတို့အတွက်နှင့် သူတို့၏စုပေါင်းလယ်မြေများအတွက် အလုပ်လုပ်ကြသည်။ သူတို့သည် အရင်းရှင်များနှင့် မြေရှင်များ၊ ကူးလတ်များနှင့် အမြတ်ကြီးစားများမရှိဘဲ နေထိုင်ကြသည်။ သူတို့သည် သူတို့၏ သာယာဝပြောမှု အဆင့်အတန်းနှင့် ယဉ်ကျေးမှု တနေ့တခြားမြင့်တက်လာရေး ရည်ရွယ်ချက်ဖြင့် အလုပ်လုပ်ကိုင်ကြသည်''။ **(စတာလင်၊ လီနင်ဝါဒ ပြဿနာများ၊ နှာ ၄၄၃)**

ဤမိန့်ခွန်းတွင် ရဲဘော်စတာလင်က လယ်သမားများအနေဖြင့် စုပေါင်းလယ်ယာနည်းလမ်းလက်ခံလုပ်ဆောင်ခြင်းကြောင့် အဘယ်အရာများကို အောင်မြင်ရရှိခဲ့သည်ကို ပြသလိုက်သည်။ ဘော်ရှီဗစ်ပါတီသည် ဆင်းရဲလယ်သမား သန်းပေါင်း များစွာ စုပေါင်းလယ်ယာများသို့ ဝင်ရောက်ရန်နှင့် ကူးလတ်များ၏ကျွန်ဘဝမှ လွတ်မြောက်ရန်ကူညီခဲ့သည်။ စုပေါင်းလယ်ယာများသို့ ဝင်ရောက်ခဲ့ပြီး အကောင်းဆုံးမြေများကိုရရှိကာ မိမိတို့ကိုယ်တိုင် စီမံခန့်ခွဲနိုင်သည့် အကောင်းဆုံး ထုတ်လုပ်ရေးကိရိယာများကို လက်ဝယ်ရထားပြီးဖြစ်သည့် ယခင်ဆင်းရဲချို့တဲ့စွာ နေထိုင်ခဲ့ရသော ဆင်းရဲလယ်သမားသန်းပေါင်းများစွာသည် ယခုအခါ စုပေါင်းလယ်ယာလယ်သမားများအဖြစ် အလတ်တန်းစား လယ်သမားများအဆင့်သို့ မြင့်တက်လာကာ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ လုံခြုံမှုကို ရရှိလာခဲ့ကြသည်ဟု ထောက်ပြခဲ့သည်။

ဤသည်မှာ စုပေါင်းလယ်ယာဖြစ်ပေါ်တိုးတက်မှု၏ ပထမအဆင့် ပထမအောင်မြင်ချက်ဖြစ်သည်။

ရဲဘော်စတာလင်က နောက်တဆင့်မှာ စုပေါင်းလယ်ယာလယ်သမားများ ယခင်ဆင်းရဲ လယ်သမားရော၊ ယခင်အလတ်တန်းစားလယ်သမားရော နှစ်ဦးလုံးကို ပိုမိုအဆင့်မြင့်မားသည့် အဆင့်သို့မြှင့်တင်ရန် စုပေါင်းလယ်ယာ လယ်သမားများ အားလုံးချမ်းသာဝပြောစေရန်နှင့် စုပေါင်းလယ်ယာအားလုံးကို ဘော်ရှီဗစ်ဖြစ်လာအောင် လုပ်ဆောင်ရန်ဖြစ်သည်ဟုဆိုသည်။

ရဲဘော်စတာလင်က–''ယခုအခါ စုပေါင်းလယ်ယာလယ်သမားများ ချမ်းသာဝပြောလာရန် တခုတည်းသာ လိုတော့သည်။ ၎င်းမှာ သူတို့အနေဖြင့် စုပေါင်းလယ်ယာများတွင် တက်တက်ကြွကြွ အလုပ်လုပ်ရန်၊ လယ်ထွန်စက်နှင့် စက်ယန္တရားများကို ကောင်းမွန်အသုံးဝင်စွာ အသုံးပြုရန်၊ ဝန်တင်တိရစ္ဆာန်များကို ကောင်းမွန်စွာ အသုံးချရန်၊ မြေကို လုပ်စွမ်းရည်ရှိစွာ ထွန်ယက်စိုက်ပျိုးရန်နှင့် စုပေါင်းလယ်ယာပိုင်ပစ္စည်းများကို မြတ်နိုးရန်ဖြစ်သည်''ဟု ရေးထားသည်။ **(အထက်ပါစာအုပ်၊ စာမျက်နှာ – ၄၄၈)**

ရဲဘော်စတာလင်၏မိန့်ခွန်းမှာ စုပေါင်းလယ်ယာလယ်သမားသန်းပေါင်းများစွာ၏ စိတ်ထဲတွင် နက်ရှိုင်းစွာစွဲငြိသွားပြီး စုပေါင်းလယ်ယာများအတွက် လက်တွေ့လုပ်ငန်းစဉ် ဖြစ်သွားပါသည်။

၁၉၃၄ ခုအကုန်တွင် စုပေါင်းလယ်ယာများသည် တောင့်တင်းခိုင်မာသော အင်အားစုများ ဖြစ်လာသည်။ ဆိုဗီယက်ယူနီယံရှိ လယ်သမားအိမ်ထောင်စုများ အားလုံး၏ လေးပုံသုံးပုံနှင့် စုစုပေါင်း သီးနှံစိုက်ပျိုးရေးယာ၏ ၉၀ ရာခိုင်နှုန်းခန့်သည် စုပေါင်းလယ်ယာ ဖြစ်လာကြသည်။

၁၉၃၄ တွင် ဆိုဗီယက်ကျေးလက်ဒေသ၌ လယ်ထွန်စက်ပေါင်း ၂၈၁,၀၀၀ နှင့် ရိတ်သိမ်းစက် ပါ ပူးတွဲထားသည့်စက် **(harvester combine)** ၃၂,၀၀၀ ရှိလာပေပြီ။ ထိုနှစ် နွေဦးစိုက်ပျိုးမှုမှာ ၁၉၃၃ ခုနှစ်ထက်စာလျှင် ၁၅ ရက် ၂၀ ရက်မျှ စောပြီးခဲ့ပြီး၊ ၁၉၃၂ ခုနှစ်ထက် ၃၀–၄၀ ရက်မျှစောပြီးခဲ့ သည်။ နိုင်ငံတော်သို့ ရိက္ခာအပ်သည့် စီမံကိန်းမှာ ၁၉၃၂ ခုနှစ်ထက် သုံးလ စောပြည့်ဝခဲ့သည်။

ဤသည်မှာ စုပေါင်းလယ်ယာများ နှစ်နှစ်အတွင်း မည်မျှခိုင်မာစွာ အခြေခံချပြီးဖြစ်သည်ကို ပြသလိုက်ခြင်းဖြစ်ပြီး ပါတီနှင့် အလုပ်သမား၊ လယ်သမား နိုင်ငံတော်၏ ကြီးမားလှသော ကူညီ ထောက်ပံ့မှုကြောင့်ပင်ဖြစ်သည်။

ဤစုပေါင်းလယ်ယာစနစ်၏ အခိုင်အမာအောင်ပွဲနှင့် ပူးတွဲပါလာသည့် လယ်ယာစိုက်ပျိုးရေး တိုးတက်ကောင်းမွန်မှုတို့က ဆိုဗီယက်အစိုးရအတွက် ပေါင်မုန့်နှင့် တခြားပစ္စည်းများ ရာရှင် လုပ်ထားမှုတို့ကို ဖျက်သိမ်းစေနိုင်ခဲ့ပြီး အစားအသောက်များ ထိန်းချုပ်မှုမရှိ ရောင်းဝယ်ခွင့်ပြု လိုက်စေ နိုင်ခဲ့သည်။

စက်ယန္တရားနှင့် လယ်ထွန်စက် အလုပ်ရုံများမှ နိုင်ငံရေးဌာနများသည် ၎င်းတို့အား ယာယီ ဖန်တီးထားမှု၏ ရည်ရွယ်ချက်များကို ထမ်းဆောင်ပြီးနောက် ဗဟိုကော်မတီက သူတို့အား ၎င်းတို့ ဒေသများရှိ ခရိုင်ပါတီကော်မတီများနှင့် ပူးပေါင်းစေလိုက်ပြီး သာမန်ပါတီ အဖွဲ့အစည်းများအဖြစ် ပြောင်းလဲပစ်ရန် ဆုံးဖြတ်လိုက်သည်။

ငါးနှစ်စီမံကိန်းကို အောင်မြင်စွာ ပြည့်ဝစေလိုက်ခြင်းဖြင့် ဤအောင်မြင်မှုအားလုံး လယ်ယာ စိုက်ပျိုးရေးတွင်ရော၊ စက်မှုလုပ်ငန်းတွင်ပါ ရရှိဖြစ်ပေါ်စေနိုင်ခဲ့သည်။

၁၉၃၃ ခု အစတွင် ပထမ ငါးနှစ်စီမံကိန်းသည် သတ်မှတ်ထားသည့် အချိန်ထက်စောစွာ လေးနှစ်နှင့်သုံးလအတွင်း ပြည့်ဝနိုင်ပြီ ဖြစ်ကြောင်း ထင်ရှားလာသည်။

ဤသည် ဆိုဗီယက်ယူနီယံ၏ အလုပ်သမားလူတန်းစားနှင့် လယ်သမားထု၏ ကြီးမားလှသော ရာဇဝင်တွင်လောက်သည့် အောင်ပွဲဖြစ်သည်။

၁၉၃၃ ခု ဇန်နဝါရီ၌ ကျင်းပခဲ့သော ဗဟိုကော်မတီ မျက်နှာစုံညီ အစည်းအဝေးနှင့် ပါတီဗဟို ချုပ်ထိန်းရေးကော်မရှင် အစည်းအဝေးတွင် အစီရင်ခံရာ၌ ရဲဘော်စတာလင်က ပထမငါးနှစ်စီမံကိန်း၏ ရရှိချက်များကို ဝေဖန်သုံးသပ်သည့်အစီရင်ခံစာတွင် ပထမငါးနှစ်စီမံကိန်း အကောင်အထည်ပေါ်ရေး ကြိုးပမ်းသည့် ကာလတွင် ပါတီနှင့် ဆိုဗီယက်အစိုးရသည် အောက်ဖော်ပြပါ အဓိကရရှိချက်ကြီးများ ရရှိခဲ့သည်ဟု ရှင်းပြခဲ့သည်။

**၁။** ဆိုဗီယက်ယူနီယံ၏ စက်မှုထွက်ကုန်အချိုးအစားသည် တိုင်းပြည်ဖြစ် စုပေါင်းထုတ်လုပ်ရေး ၏၇၀ ရာခိုင်နှုန်းသို့ တက်လာသဖြင့် တိုင်းပြည်ကို လယ်ယာစိုက်ပျိုးရေးနိုင်ငံမှ စက်မှုနိုင်ငံ အဖြစ်သို့ ပြောင်းလဲစေလိုက်သည်။

၂။ ဆိုရှယ်လစ် စီးပွားရေးစနစ်သည် စက်မှုလုပ်ငန်းနယ်ပယ်ရှိ အရင်းရှင်အစိတ်အပိုင်းများကို ဖျက်ဆီးချေမှုန်းပစ်လိုက်ပြီး၊ စက်မှုလုပ်ငန်းတွင် တခုတည်းသော စီးပွားရေးစနစ် ဖြစ်လာသည်။

၃။ ဆိုရှယ်လစ်စီးပွားရေးစနစ်သည် လယ်ယာစိုက်ပျိုးရေးနယ်ပယ်၌ ကူးလက်များကို လူတန်းစားတရပ်အဖြစ် ဖျက်ဆီးချေမှုန်းလိုက်ပြီး လယ်ယာစိုက်ပျိုးရေးတွင် ကြီးစိုးလွှမ်းမိုးသည့် အင်အားစုဖြစ်လာသည်။

၄။ စုပေါင်းလယ်ယာစနစ်က ကျေးလက်ဒေသရှိ ဆင်းရဲမွဲပြာကျမှုနှင့် လိုချင်တောင့်တမှုများကို အဆုံးသတ်ပေးလိုက်ပြီး ဆင်းရဲလယ်သမားသန်းပေါင်းများစွာသည် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ လုံခြုံမှု အဆင့်အတန်းသို့ မြင့်တက်လာပါသည်။

၅။ စက်မှုလုပ်ငန်းတွင်းရှိ ဆိုရှယ်လစ်စီးပွားရေးစနစ်က အလုပ်လက်မဲ့ဖြစ်မှုကို ဖျက်သိမ်းလိုက်ပြီး ဌာနခွဲအချို့တွင် အလုပ်ချိန် ၈ နာရီ သတ်မှတ်ထားဆဲဖြစ်သော်လည်း လုပ်ငန်းအများအပြားတွင် အလုပ်ချိန် ၇ နာရီနှင့် ကျန်းမာရေးနှင့် မညီညွတ်သည့် လုပ်ငန်းများတွင် ၆ နာရီ သတ်မှတ်ပြီးဖြစ်သည်။

၆။ အမျိုးသားစီးပွားရေးဌာနခွဲအားလုံးရှိ ဆိုရှယ်လစ်စနစ်အောင်ပွဲမှ လူလူချင်း၊ သွေးစုပ်မှုကို ဖျက်သိမ်းလိုက်နိုင်ခြင်းဖြစ်သည်။

ပထမငါးနှစ်စီမံကိန်း အောင်မြင်ချက်များ၏ အချုပ်သဘောမှာ အလုပ်သမား၊ လယ်သမားများအား သွေးစုပ်မှုထမ်းပိုးအောက်မှ လုံးဝလွတ်မြောက်စေလိုက်ပြီး ဆိုဗီယက်ယူနီယံ လုပ်သားပြည်သူအားလုံးတို့အတွက် ချမ်းမြေ့သာယာဝပြောပြီး ယဉ်ကျေးသည့် ဘဝလမ်းကို ဖွင့်လှစ်ပေးလိုက်ခြင်းဖြစ်သည်။

၁၉၃၄ခု ဇန်နဝါရီလတွင် ပါတီသည် ၁၇ ကြိမ်မြောက် ကွန်ဂရက်ကို ကျင်းပခဲ့သည်။ ထိုကွန်ဂရက်သို့ ပါတီဝင် ၁,၈၇၄,၄၈၈ နှင့် အရန်ပါတီဝင်ပေါင်း ၉၃၅,၂၉၈ ကို ကိုယ်စားပြုသည့် မဲပေးနိုင်သည့် ကိုယ်စားလှယ် ၁,၂၂၅ ဦးနှင့် မဲမပေး နိုင်သည့် ကိုယ်စားလှယ် ၇၃၆ ဦး တက်ရောက်ခဲ့သည်။

၎င်းကွန်ဂရက်က လွန်ခဲ့သည့် ကွန်ဂရက်မှစ၍ ပါတီ၏လုပ်ငန်းများကို ပြန်လည်ဆန်းစစ်သည်။ စီးပွားရေးနှင့် ယဉ်ကျေးမှုဘဝတွင်းရှိ ဌာနခွဲများအားလုံး၌ ဆိုရှယ်လစ်စနစ်ကြောင့် အပြတ်အသတ် အောင်မြင်ရရှိခဲ့သည့် အကျိုးကျေးဇူးများကို အသိအမှတ်ပြုပြီး ပါတီ၏ အထွေထွေလမ်းစဉ်သည် စစ်မျက်နှာတခုလုံး၌ အောင်မြင်ကြောင်း မှတ်တမ်းတင်လိုက်သည်။

၁၇ ကြိမ်မြောက် ပါတီကွန်ဂရက်သည် သမိုင်းတွင် "အောင်ပွဲခံသူများ၏ ကွန်ဂရက်"ဟု ထင်ရှားလူသိများသည်။

ဗဟိုကော်မတီလုပ်ငန်း အစီရင်ခံစာတွင် ရဲဘော်စတာလင်က ဆိုဗီယက်ယူနီယံအတွင်း ၎င်းကာလအတွင်း ဖြစ်ပျက်ခဲ့သည့် အခြေခံပြောင်းလဲမှုများကို ထောက်ပြခဲ့သည်။

၎င်းကာလအတွင်း ဆိုဗီယက်ယူနီယံသည် အရင်းအမြစ်မှစ ပြောင်းလဲပြီး ခေတ်နောက်ကျမှုနှင့် အလယ်ခေတ်တွင် ကျန်ရစ်မှု ဥခွံကို ခွဲပစ်လိုက်သည်။

လယ်ယာစိုက်ပျိုးသော နိုင်ငံမှ စက်မှုနိုင်ငံဖြစ်လာခဲ့ပေပြီ။ တဦးချင်းအသေးစား လယ်ယာစိုက်ပျိုးသောနိုင်ငံမှ စုပေါင်းအကြီးစား စက်မှုတပ်ဆင်ထားသည့် လယ်ယာစိုက်ပျိုးသောနိုင်ငံ ဖြစ်

လာခဲ့ပေပြီ။ စာမတတ်ပေမတတ်၊ ယဉ်ကျေးမှုမရှိ၊ မသိနားမလည်သောနိုင်ငံမှ ဆိုဗီယက်ယူနီယံရှိ အမျိုးသားအသီးသီး ဘာသာစာပေနှင့် သင်ကြားပေးနေသည့် အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများဖြင့် ပြည့်ဝနေသည့် စာတတ်ပေတတ်၊ ယဉ်ကျေးမှုရှိသည့် နိုင်ငံတခုအဖြစ်သို့ ရောက်ရှိလာခဲ့ပြီး သို့မဟုတ် ရောက်ရှိလာနေပေပြီ။ **(စတာလင်၊ လီနင်ဝါဒပြဿနာများ၊ စာမျက်နှာ –၄၇၀)**

ထိုအချိန်တွင် နိုင်ငံ၏ စက်မှုလုပ်ငန်း ၉၉ ရာခိုင်နှုန်းမှာ ဆိုရှယ်လစ်စက်မှုလုပ်ငန်းဖြစ်နေပေပြီ။ ဆိုရှယ်လစ် လယ်ယာလုပ်ငန်း စုပေါင်းလယ်ယာလုပ်ငန်းနှင့် နိုင်ငံတော်လယ်ယာသည် တိုင်းပြည် ၏ စုစုပေါင်းသီးနှံစိုက်ပျိုးသည့် ဧရိယာ၏ ၉၀ ရာခိုင်နှုန်းခန့်ရှိသည်။ ကုန်ကူးသန်းရောင်းဝယ်ရေး၌ အရင်းရှင်အစိတ်အပိုင်းများသည် လုံးဝပင်ဖယ်ရှားခြင်း ခံလိုက်ရပေသည်။

စီးပွားရေးပေါ်လစီ လုပ်ဆောင်နေစဉ် လီနင်က ကျွန်တော်တို့တိုင်းပြည်တွင် လူမှုစီးပွားရေး သဏ္ဌာန် အစိတ်အပိုင်း ၅ ခုရှိသည်ဟု ဆိုခဲ့သည်။ ပထမအမျိုးမှာ အဖကြီးစိုးသည့် (Patriarchal) စီးပွားရေးစနစ်ဖြစ်ပြီး များသောအားဖြင့် သဘာဝ စီးပွားရေးသဏ္ဌာန်ဖြစ်သည်။ ဆိုလိုသည်မှာ လက်တွေ့အားဖြင့် ကုန်သွယ်ရေးမရှိသည့် သဏ္ဌာန်ဖြစ်သည်။ ဒုတိယသဏ္ဌာန်မှာ လယ်သမား၊ လယ်ယာအများစု ကိုယ်စားပြုသည့် အသေးစားကုန်စည်ထုတ်လုပ်ရေးဖြစ်ပြီး လယ်ယာထွက်ပစ္စည်း များကို လယ်သမားများနှင့် လက်မှုပညာသည်များက ရောင်းချကြသည်။ စီးပွားရေးပေါ်လစီသစ်၏ ပထမနှစ်တွင် ဤစီးပွားရေး သဏ္ဌာန်သည် လူဦးရေ၏ အများတကာ့ အများစုကြီးကို ချုပ်ကိုင်ထား သည်။ တတိယသဏ္ဌာန်မှာ တသီးပုဂ္ဂလိက အရင်းရှင် စနစ်ဖြစ်ပြီး စီးပွားရေးပေါ်လစီသစ်၏ အစော ပိုင်းကာလတွင် ပြန်လည်စတင်ရှင်သန်လာသည်။ စတုတ္ထသဏ္ဌာန်မှာ နိုင်ငံတော် အရင်းရှင်စနစ်ဖြစ်ပြီး အဓိကအားဖြင့် အထူးအခွင့်အရေးသဏ္ဌာန်ဖြစ်ကာ ကြီးထွားကျယ်ပြန့်လာခြင်း သိပ်မရှိခဲ့ချေ။ ပဉ္စမ သဏ္ဌာန်မှာ ဆိုရှယ်လစ်စနစ်ဖြစ်ပြီး ဆိုရှယ်လစ် စက်မှုလုပ်ငန်းသည် အားနည်းမြဲ အားနည်းနေသေး ကာ နိုင်ငံတော်လယ်ယာနှင့် စုပေါင်းလယ်ယာများသည် စီးပွားရေးပေါ်လစီသစ်အစပိုင်းတွင် စီးပွားရေးအရ မပြောပလောက်သေးဘဲဖြစ်နေကာ နိုင်ငံတော် ကုန်သွယ်ရေးနှင့် သမဝါယမအဖွဲ့ အစည်းများသည် ထိုအချိန်က အားနည်းနေသေးသည်။

လီနင်က ဤသဏ္ဌာန်များအားလုံးထဲမှ ဆိုရှယ်လစ်သဏ္ဌာန်သည် အထက်စီးရရှိမည် ဖြစ် သည်ဟုဆိုသည်။

စီးပွားရေးပေါ်လစီသစ်သည် ဆိုရှယ်လစ်စီးပွားရေးသဏ္ဌာန် လုံးဝအောင်ပွဲခံရေးအတွက် ရေးဆွဲခဲ့ခြင်းဖြစ်ပါသည်။

၁၇ ကြိမ်မြောက် ပါတီကွန်ဂရက်ကျင်းပချိန်၌မူ ဤရည်ရွယ်ချက်မှာ အောင်မြင်ထ မြောက် ပြီးဖြစ်သည်။

ရဲဘော်စတာလင်က “ယခုအခါ ပထမ၊ တတိယနှင့် စတုတ္ထလူမှုစီးပွားသဏ္ဌာန်မရှိတော့ဟု ကျွန်ုပ်တို့ပြောနိုင်ပေပြီ။ ဒုတိယ လူမှုစီးပွားရေးသဏ္ဌာန်ကိုလည်း အရေးမကြီးသည့် လက်အောက်ခံ အဆင့်သို့ ပို့ပစ်လိုက်နိုင်ပြီး ပဉ္စမ လူမှုစီးပွားရေးသဏ္ဌာန်ဖြစ်သည့် ဆိုရှယ်လစ်သဏ္ဌာန်သာလျှင် ယခုအခါ ပြိုင်ဘက်မရှိ လွှမ်းမိုးထားပြီး အမျိုးသားစီးပွားရေးတခုလုံးမှာ တခုတည်းသော ခံ့ညား သည့် အင်အားစုဖြစ်နေပေသည်ဟု ဆိုခဲ့သည်။ **(အထက်ပါ၊ စာမျက်နှာ–၄၇၂)**

ရဲဘော်စတာလင်၏ အစီရင်ခံစာတွင် အရေးကြီးသော ပြဿနာတခုမှာ အတွေးအခေါ်ရေးရာ နိုင်ငံရေးခေါင်းဆောင်မှု ပြဿနာပင်ဖြစ်သည်။ သူကပါတီကို ရှေ့သို့ သတိပေးပြောကြားလိုက်သည်။ ပါတီရန်သူများ၊ အချောင်သမားများနှင့် အရောင်အသွေး အမျိုးမျိုးရှိသည့် အမျိုးသားရေးဝါဒီများ သည် ရှုံးနိမ့်သွားပြီးဖြစ်သော်လည်း ၎င်းတို့၏ အတွေးအခေါ် အကြွင်းအကျန်များသည် ပါတီဝင်အချို့ ခေါင်းထဲတွင် စွဲကျန်နေသေးပြီး မကြာခဏပင် ဖော်ပြချက်များရှိနေသည်။ စီးပွားရေးဘဝနှင့် အထူးသဖြင့် လူများ၏ စိတ်ထဲတွင် အရင်းရှင်စနစ် ရှင်သန်ကျန်ရှိနေမှုက ကျဆုံးသွားသည့် လီနင်ဝါဒကို ဆန့်ကျင်ရေး အုပ်စု၏ အတွေးအခေါ်များ ပြန်လည်ရှင်သန်လာရေးအတွက် ရေခံမြေခံကောင်း ဖြစ်နေသည်။ ပြည်သူများ၏ စိတ်နေသဘောထားဖြစ်ပေါ်တိုးတက်မှုသည် ၎င်းတို့၏စီးပွားရေး အဆင့်အတန်းကို အမီမလိုက်နိုင်ချေ။ အကျိုးဆက်အားဖြင့် ဓနရှင်အတွေးအခေါ် အကြွင်းအကျန်များသည် လူများ၏ စိတ်ထဲတွင် ကျန်ရှိမြဲ ကျန်ရှိနေသေးပြီး စီးပွားရေးဘဝ၌ အရင်းရှင်စနစ် ဖျက်သိမ်းပြီး သည့်တိုင် ဆက်လက်ရှိ နေနိုင်သည်။ ကျွန်ုပ်တို့ကိုယ်တိုင်ပင် သတိကြီးစွာထား စောင့်ကြည့်နေရသည့် ပတ်ပတ်လည် အရင်းရှင်နိုင်ငံများကလည်း ဤအတွေးအခေါ်များ ရှင်သန်ကျန်ရှိနေရေးအတွက် မွေးမြူကြိုးစား လုပ်ဆောင်နေကြောင်းကိုလည်း သတိရှိနေရမည်။

ရဲဘော်စတာလင်က အမျိုးသားရေးပြဿနာတွင် လူများ၏စိတ်ထဲ၌ အရင်းရှင်ဝါဒ အကြွင်းအကျန်များ ရှင်သန်လျက် ရှိနေသေးပြီး အထူးသဖြင့် ခေါင်းမာလှကြောင်းကိုလည်း အလေးထား ပြောကြားခဲ့သည်။ ဘော်ရှီဗစ်ပါတီသည် မဟာရုရှား လူမျိုးကြီးဝါဒ တိမ်းစောင်းမှုကိုရော ဒေသအမျိုးသားရေးဝါဒ တိမ်းစောင်းမှုကိုပါ စစ်မျက်နှာနှစ်ခုလုံးကို ဆန့်ကျင်တိုက်ခိုက်ခဲ့သည်။ သမ္မတနိုင်ငံအချို့ (ယူကရိန်း၊ ဘိုင်လိုရုရှားစသဖြင့်) တို့တွင် ပါတီအဖွဲ့အစည်းများသည် ဒေသအမျိုးသားရေးဝါဒအပေါ် ဆန့်ကျင်တိုက်ခိုက်ရန် လျော့ရဲလာကြပြီး ရန်လိုသည့်အင်အားစုများအား စွက်ဖက် ကျူးကျော်ရေး အင်အားစုများနှင့် ပူးပေါင်းကာ နိုင်ငံတော်အတွက် ခြိမ်းခြောက် အန္တရာယ်ပြုလာသည်အထိ ကြီးထွားခွင့်ပြုခဲ့သည်။ အမျိုးသားရေးပြဿနာတွင် မည်သည့်တိမ်းစောင်းမှုက အန္တရာယ်ဖြစ် သနည်းဆိုသည့် မေးခွန်းကို ဖြေကြားရာ၌ ရဲဘော်စတာလင်က –

"အဓိကအန္တရာယ်မှာ ကျွန်တော်တို့ ဆက်လက် မတိုက်ခိုက်ဘဲ ရပ်ပစ်ပြီး ဤနည်းဖြင့် တိုင်းပြည်ကို ခြိမ်းခြောက်အန္တရာယ်ပြုလာနိုင်သည်အထိ ကြီးထွားလာစေခဲ့သည့် တိမ်းစောင်းမှုဖြစ်သည်"ဟု ဆိုခဲ့သည်။ **(အထက်ပါစာစောင်၊ စာမျက်နှာ–၅၀၇)**

ရဲဘော်စတာလင်က ပါတီကိုအတွေးအခေါ်ရေးရာ နိုင်ငံရေးလုပ်ငန်းကို ပိုမိုတက်ကြွစွာ လုပ်ဆောင်ကြရန်၊ ရန်လိုသည့် လူတန်းစားများနှင့် လီနင်ဝါဒကိုရန်လိုသည့် တိမ်းစောင်းမှုများ၏ အတွေးအခေါ်နှင့် အတွေးအခေါ်အကြွင်းအကျန်များကို ဖော်ထုတ်ဖွင့်ချရန် လှုံ့ဆော်လိုက်သည်။

သူကအစီရင်ခံစာ၌ ဆက်လက်ထောက်ပြရာတွင် မှန်ကန်သည့် ဆုံးဖြတ်ချက်များကို လက်ခံအတည်ပြုလိုက်ခြင်း တခုတည်းဖြင့် အောင်ပွဲကို အာမမခံနိုင်ကြောင်း၊ အောင်ပွဲကို အာမခံ နိုင်ရန်မှာ လူမှန်နေရာမှန်ဖြစ်ရန် လိုအပ်ကြောင်း၊ ခေါင်းဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်နိုင်သူများကို နေရာပေးပြီး ဆုံးဖြတ်ချက်များ အကောင်အထည်ပေါ်, မပေါ် စစ်ဆေးကြည့်ရှုရန် လိုအပ်ကြောင်း ထောက်ပြခဲ့သည်။ ဤကဲ့သို့သော စည်းရုံးရေးဆိုင်ရာ လုပ်ဆောင်ချက်များမရှိပါက ဆုံးဖြတ်ချက်များသည် လက်တွေ့ဘဝနှင့် ကင်းကွာပြီး စာရွက်ပေါ်မှာပင် ရှိမြဲရှိနေမည့် အန္တရာယ်ရှိ

သည်။ ဤအချက်ကို ထောက်ခံရန် ရဲဘော်စတာလင်က ရဲဘော်လီနင်၏ ကျော်ကြားလှသော ပြောစကားတခုဖြစ်သည့် စည်းရုံးရေးဆိုင်ရာလုပ်ငန်းတွင် အဓိကအချက်မှာ လူပုဂ္ဂိုလ်ရွေးချယ်မှုနှင့် ဆုံးဖြတ်ချက်များ အကောင်အထည် ပေါ်, မပေါ် အမြဲစစ်ဆေး ကြည့်ရှုခြင်းဖြစ်သည် ဆိုသည်ကို ကိုးကားလိုက်သည်။ ရဲဘော်စတာလင်က လက်ခံအတည်ပြုပြီးသော ဆုံးဖြတ်ချက်များနှင့် ဤဆုံးဖြတ်ချက်များကို အကောင်ထည်ဖော်ခြင်း၊ အကောင်ထည်ပေါ်, မပေါ် စစ်ဆေးဆုံးဖြတ်ခြင်းတို့၏ စည်းရုံးရေးဆိုင်ရာလုပ်ငန်းအကြား မညီမျှကွာဟမှုသည် ကျွန်တော်တို့၏ လက်တွေ့လုပ်ငန်းအတွင်းမှာ အဓိကမကောင်းဆိုးဝါးမှု ဖြစ်သည်ဟုဆိုသည်။

ပါတီနှင့်အစိုးရ၏ ဆုံးဖြတ်ချက်များ အကောင်အထည်ပေါ်မပေါ် ပိုမိုကောင်းမွန်စွာ စစ်ဆေးကြည့်ရှုနိုင်ရန် ၁၇ ကြိမ်မြောက် ပါတီကွန်ဂရက်က ကွန်မြူနစ်ပါတီ ဗဟိုကော်မတီလက်အောက် တွင် ပါတီထိန်းသိမ်းရေးကော်မရှင် (Party Control Commisson) နှင့် ဆိုဗီယက်ယူနီယံ ပြည်သူ့နိုင်ငံရေးမှူးများ ကောင်စီလက်အောက်တွင် ဆိုဗီယက် ထိန်းသိမ်းရေး ကော်မရှင်ကို တည်ထောင်လိုက်ကြသည်။ ၁၂ ကြိမ်မြောက် ပါတီကွန်ဂရက်က ချမှတ်ခဲ့သည့် တာဝန်များ ထမ်းဆောင်ရန် ထူထောင်ခဲ့သည့် ဗဟိုထိန်းသိမ်းရေးကော်မရှင်နှင့် အလုပ်သမားလယ်သမား စုံစမ်းစစ်ဆေးရေးအဖွဲ့နှစ်ခု လုပ်ငန်းတာဝန်များ ပြီးစီးသွားသည့်အတွက် ၎င်းတို့နေရာတွင် အစားထိုးလိုက်ခြင်းဖြစ်သည်။

ရဲဘော်စတာလင်က အဆင့်သစ်သို့ရောက်ရှိနေသော ပါတီ၏စည်းရုံးရေးဆိုင်ရာ လုပ်ငန်းများကို အောက်ပါအတိုင်း ပုံစံချပေးလိုက်သည်။

**၁။** ကျွန်တော်တို့၏ စည်းရုံးရေးဆိုင်ရာ လုပ်ငန်းများသည် ပါတီ၏နိုင်ငံရေးလမ်းစဉ် လိုအပ်ချက်များနှင့် ဆီလျော်ကိုက်ညီရမည်။

**၂။** စည်းရုံးရေးဆိုင်ရာ ခေါင်းဆောင်မှုကို နိုင်ငံရေးခေါင်းဆောင်မှုအဆင့်အထိ မြှင့်တင်ရမည်။

**၃။** စည်းရုံးရေးဆိုင်ရာ ခေါင်းဆောင်မှုကို ပါတီ၏ဆုံးဖြတ်ချက်များနှင့် နိုင်ငံရေးကြွေးကြော်သံများ အကောင်အထည်ဖော်ရေး အာမခံသည့်လုပ်ငန်းများနှင့် လုံးဝတန်းတူဖြစ်ရမည်။

နိဂုံးချုပ်အနေဖြင့် ရဲဘော်စတာလင်က ပါတီကို သတိပေးရာတွင် ဆိုရှယ်လစ်ဝါဒသည် ကြီးမားသည့်အောင်ပွဲများကို ရရှိခဲ့ပြီး ထိုအောင်ပွဲများအပေါ် ကျွန်ုပ်တို့အနေဖြင့် တရားမျှတစွာ ဂုဏ်ယူသင့်သော်လည်း ကျွန်ုပ်တို့သည် အောင်ပွဲကြောင့် မယစ်မူးသင့်၊ အောင်ပွဲကြောင့် “စိတ်ကြီးမဝင်သင့်” ကြောင်း သတိပေးလိုက်သည်။

“ကျွန်ုပ်တို့သည် ပါတီကိုသာယာ မသွားစေသင့်ဘဲ နိုးနိုးကြားကြားရှိနေစေရမည်။ ကျွန်ုပ်တို့သည် အိပ်ပျော်သွား ခြင်းမပြုဘဲ အချိန်မရွေးအဆင်သင့်ဖြစ်နေရမည်။ လက်နက်ဖြုတ်ခြင်းမပြုပဲ လက်နက်တပ်ဆင်ရမည်။ ပါတီကိုဖျက်သိမ်းခြင်းမပြုဘဲ ဒုတိယ ငါးနှစ်စီမံကိန်း အကောင်အထည်ဖော်ရေးအတွက် ခါးတောင်းကြိုက်ထားရမည်”ဟု ရဲဘော်စတာလင်က ပြောကြားခဲ့သည်။

**(အထက်ပါစာစောင်၊ စာမျက်နှာ ၅၁၇)**

၁၇ ကြိမ်မြောက် ကွန်ဂရက်တွင် အမျိုးသားစီးပွားရေး ဖြစ်ပေါ်တိုးတက်ရေးအတွက် ဒုတိယ ငါးနှစ် စီမံကိန်းအပေါ် ရဲဘော်မိုလိုတော့ဗ်နှင့် ရဲဘော်ခီယူဘိုင်ရှက်ဗ်တို့က အစီရင်ခံစာများ တင်သွင်းကြသည်။ ဒုတိယ ငါးနှစ်စီမံကိန်း၏လုပ်ငန်းမှာ ပထမ ငါးနှစ်စီမံကိန်းထက်ပင် ပိုမိုကြီးမား ကျယ်ပြောသည်။ ဒုတိယ ငါးနှစ်စီမံကိန်းကာလ အဆုံးသတ်သည့် ၁၉၃၇ တွင် စက်မှုလုပ်ငန်းအထွက် မှာ

စစ်ပွဲမတိုင်မီ ကာလထက်နှိုင်းယှဉ်ပါက ရှစ်ဆနီးပါးတိုးမြှင့်ရန်ဖြစ်သည်။ ဒုတိယ ငါးနှစ်စီမံကိန်းကာလအတွင်း ဌာနခွဲများအားလုံး၌ မြို့တော်ဖြစ်ပေါ်တိုးတက်မှု၊ ရင်းနှီးမြှုပ်နှံမှုမှာ ရူဘယ်ငွေပေါင်း ၁၃၃,၀၀၀,၀၀၀,၀၀၀ ဖြစ်ရန်ဖြစ်ပြီး ပထမ ငါးနှစ်စီမံကိန်းကာလအတွင်းက ရူဘယ်လ်ငွေ ပေါင်း ၆၄,၀၀၀,၀၀၀,၀၀၀ ကျော်မျှလောက်သာရှိသည်။

မြို့တော် တည်ဆောက်ရေးလုပ်ငန်းသစ်၏ ကြီးမားလှသည့် အတိုင်းအတာက အမျိုးသားစီးပွားရေးဌာနခွဲများအားလုံးကို နည်းပညာပိုင်းဆိုင်ရာ ကိရိယာများ ပြန်လည်တပ်ဆင်နိုင်ရေးကို အာမခံချက်ပေးလိမ့်မည်။

ဒုတိယငါးနှစ်စီမံကိန်းမှာ အဓိကအားဖြင့် လယ်ယာစိုက်ပျိုးရေး စက်မှုလက်မှုတပ်ဆင်ခြင်း ပြည့်စုံအောင်လုပ်ရေး ဖြစ်သည်။ လယ်ထွန်စက်အားလုံး စုစုပေါင်းမှာ ၁၉၃၂ ခုတွင် မြင်းကောင်ရေအား ၂,၂၅၀,၀၀၀ ရှိနေရာမှ ၁၉၃၇ တွင် မြင်းကောင်ရေအား ၈,၀၀၀,၀၀၀ အထက် တိုးမြင့်လာရန် ဖြစ်သည်။ စီမံကိန်းက သိပ္ပံနည်းကျ စိုက်ပျိုးရေးနည်းနာများ (သီးနှံများကို မှန်ကန်စွာ အလှည့်ကျစိုက်ပျိုးရေး၊ ရွေးချယ်ပြီးမျိုးစေ့များကိုသုံးရေး၊ ဆောင်းဦးထွန်ယက်ခြင်း စသဖြင့်) ကို အကျယ်အပြန့် အသုံးချနိုင်ရေးကို ပြည့်တင်းအောင်ဆောင်ရွက်ပေးသည်။

သယ်ယူပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းများ၏ နည်းပညာဆိုင်ရာ ပြန်လည်တည်ဆောက်ရေးအတွက် ကြီးမားလှသည့် စီမံကိန်းကြီး ရေးဆွဲသည်။

ဒုတိယငါးနှစ်စီမံကိန်းတွင် အလုပ်သမား၊ လယ်သမားများ၏ ရုပ်ဝတ္ထုပစ္စည်းနှင့် ယဉ်ကျေးမှု အဆင့်အတန်း ပိုမိုမြင့်မားကောင်းမွန်လာရေးအတွက် ကျယ်ပြန့်သည့် လုပ်ငန်းစဉ်တို့ပါရှိသည်။

၁၇ ကြိမ်မြောက် ကွန်ဂရက်က စည်းရုံးရေးဆိုင်ရာ ပြဿနာများအပေါ် အလေးထား ဂရုစိုက်ပြီး ရဲဘော်ခါကာနိုဗစ်ချ်၏ အစီရင်ခံစာနှင့် ဆက်စပ်၍ ပါတီနှင့် ဆိုဗီယက်များ၏ လုပ်ငန်း ဆုံးဖြတ်ချက်များ ချမှတ်ခဲ့သည်။ ယခုအခါ ပါတီ၏ အထွေထွေလမ်းစဉ်က အနိုင်ရပြီး ပါတီပေါ်လစီကို သန်းပေါင်းများစွာသော အလုပ်သမား၊ လယ်သမားများ၏ အတွေ့အကြုံက ကြိုးစားစမ်းသပ် လုပ်ဆောင်ခဲ့ပြီးဖြစ်သဖြင့် စည်းရုံးရေးဆိုင်ရာပြဿနာသည် ပိုမိုအရေးကြီးလာသည်။ ဒုတိယငါးနှစ် စီမံကိန်း၏ ရှုပ်ထွေးလှသော တာဝန်သစ်များက နယ်ပယ်အားလုံးမှ လုပ်ငန်းအဆင့်အတန်း ပိုမို မြင့်မားရေးကို တောင်းဆိုလိုက်သည်။

ဒုတိယ ငါးနှစ်စီမံကိန်း၏ အဓိကလုပ်ငန်း တာဝန်များဖြစ်သော အရင်းရှင်အစိတ်အပိုင်းများကို လုံးဝချေမှုန်းရန်၊ စီးပွားရေးဘဝနှင့် လူအများ၏ စိတ်ထဲတွင်ရှိနေသော အရင်းရှင်စနစ် အကြွင်းအကျန် ရှင်သန်နေမှုများကို ကျော်လွှားရန်၊ အမျိုးသားစီးပွားရေးတခုလုံးကို ခေတ်မီနည်းပညာများနှင့် အပြည့်အဝ ပြန်လည်တည်ဆောက်ရန်၊ နည်းပညာဆိုင်ရာ ကိရိယာသစ်များနှင့် လုပ်ငန်းကိုင်ငန်းသစ်များ အသုံးချရေးကို လေ့လာသင်ကြားရန် လယ်ယာစိုက်ပျိုးရေးကို စက်မှုတပ်ဆင်ရေး၊ ထုတ်လုပ်နိုင်စွမ်းကို တိုးမြင့်ရန်တို့အား နယ်ပယ်အားလုံးမှ လုပ်ငန်းများ ကောင်းမွန်တိုးတက်ရေး အတွက် ပထမဆုံးနှင့် ရှေ့တန်း အရောက်ဆုံးလုပ်ငန်းမှာ လက်တွေ့စည်းရုံးရေးဆိုင်ရာ ခေါင်းဆောင်မှုဆိုသည့် ပြဿနာနှင့်အတူ ကျနော်တို့အနေဖြင့် ခေါင်းမာစွာနှင့် အားချင်းရင်ဆိုင်နေကြရသည်။ ဤသည်ကို စည်းရုံးရေးဆိုင်ရာ ပြဿနာအပေါ် ကွန်ဂရက်၏ ဆုံးဖြတ်ချက်များတွင် ဖော်ပြထားသည်။ (C.P.S.U(B) **ဆုံးဖြတ်ချက်များအတွဲ ၂၊ စာမျက်နှာ–၅၉၁)**

၁၇ ကြိမ်မြောက် ပါတီကွန်ဂရက်က ပါတီစည်းကမ်းသစ်များကို ချမှတ်ခဲ့သည်။ ပထမဦးစွာ ပဏာမ အချီးစကား ထည့်သွင်းလိုက်ခြင်းဖြင့် အဟောင်းနှင့်ခြားနားသွားသည်။ ဤပဏာမအချီးစကားတွင် ကွန်မြူနစ်ပါတီ၏ အဓိပ္ပာယ်အကျဉ်းချုပ်ကို ဖော်ပြထားပြီး ပစ္စည်းမဲ့လူတန်းစားတိုက်ပွဲအတွင်း ၎င်း၏အခန်းနှင့် ပစ္စည်းမဲ့အာဏာရှင်စနစ် အဖွဲ့အစည်းအတွင်း ၎င်း၏နေရာကို သတ်မှတ်ပြဋ္ဌာန်းထားသည်။ စည်းကမ်းသစ်များတွင် ပါတီဝင်များ၏ တာဝန်ဝတ္တရားများကို အသေးစိပ် ဖော်ပြထားသည်။ ပါတီဝင်သစ်များ သိမ်းသွင်းရာတွင် ပိုမိုတင်းကျပ်သည့် သတ်မှတ်ချက်များနှင့် စာနာထောက်ခံသည့် အုပ်စုများနှင့် ပတ်သက်သည့်စာပိုဒ်များ ထည့်သွင်းလိုက်သည်။ စည်းကမ်းသစ်များတွင် ပါတီ၏စည်းရုံးရေးဆိုင်ရာ အဆောက်အအုံနှင့် ပတ်သက်၍ ပိုမိုအသေးစိပ်ကျသော ရှင်းလင်းချက်များပါဝင်ကာ ပါတီကလာပ်စည်း သို့မဟုတ် အခြေခံအဖွဲ့အစည်းနှင့် ပတ်သက်၍ စာပိုဒ်သစ်များလည်း ထည့်သွင်းထားသည်။ ၁၇ ကြိမ်မြောက် ပါတီကွန်ဂရက်မှစ၍ ပါတီကလာပ်စည်းများကို အခြေခံအဖွဲ့အစည်းဟု ခေါ်ဆိုခဲ့သည်။ ပါတီတွင်းဒီမိုကရေစီနှင့် ပါတီစည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်သည့် စာပိုဒ်အသစ်များလည်း ထပ်မံထည့်သွင်းဖော်ပြခဲ့သည်။

**၄။ ဘူခါရင်ဝါဒီများ နိုင်ငံရေးနစ်မျက်နှာသသမားများအဖြစ် ပျက်စီးယိုယွင်းသွားခြင်း၊ ထရော့စကီဝါဒီနှစ်ဖက်မျက်နှာသမားများ၊ တပ်ဖြုလူသတ်သမားများနှင့် သူလျှိုဂိုဏ်းအဖြစ် ပျက်စီးယိုယွင်းသွားခြင်း၊ ကီရော့ဗ် ယုတ်မာစွာ လုပ်ကြံသတ်ဖြတ်ခံရခြင်း၊ ဘော်ရှီဗစ်နိုးကြားမှုကို မြှင့်တင်ရန် ပါတီ၏ လုပ်ဟန်များ။**

ကျွန်တော်တို့ တိုင်းပြည်အတွင်း ဆိုရှယ်လစ်ဝါဒ အောင်မြင်မှုများကြောင့် ပျော်ရွှင်ဝမ်းမြောက်ရသူများမှာ ပါတီသာမက အလုပ်သမားများ၊ စုပေါင်းလယ်သမားများသာမက ကျွန်တော်တို့ ဆိုဗီယက်ပညာတတ်များနှင့် ဆိုဗီယက်ယူနီယံရှိ ရိုးသားဖြောင့်မတ်သည့် ပြည်သူပြည်သားများ အားလုံးလည်းပါဝင်သည်။

သို့သော် ရှုံးနိမ့်သွားရသည့် သွေးစုပ်လူတန်းစား အကြွင်းအကျန်များအတွက်မူ ပျော်ရွှင်စရာ အကြောင်းမရှိခဲ့ချေ။ ဆန့်ကျင်စွာပင် ဤအောင်မြင်မှုများ အချိန်ကာလကြာလေလေ သူတို့ကို ဒေါသဖြစ်စေလေလေဖြစ်သည်။

ဤအောင်မြင်မှုများက ရှုံးနိမ့်သွားသည့် လူတန်းစားများ၊ (ကပ်ပါး၊ ယပ်ပါးများဖြစ်သော ဘူခါရင်၊ ထရော့စကီ)တို့၏ နောက်လိုက်အကြွင်းအကျန် အစအနများကို ဒေါသူပုန်ထစေပါသည်။

ဤလူကြီးမင်းများက အလုပ်သမား၊ စုပေါင်းလယ်ယာ လယ်သမားများ၏ အောင်မြင်မှုများကို အကဲဖြတ်ရာတွင် ဤကဲ့သို့သော အောင်မြင်ချက်တိုင်းကို ချီးကျူးထောမနာပြုခဲ့သည့် ပြည်သူလူထု၏ အကျိုးစီးပွားပေါ်တွင် အခြေမခံဘဲ တကယ့်ဘဝအဖြစ်အပျက်မှန်များနှင့် လုံးဝအဆက်အသွယ်ပြတ်နေသည့် ၎င်းတို့၏ စက်ဆုပ်ရွံ့ရှာဖွယ် ပုပ်သိုးဆွေးမြေ့နေသည့်ဂိုဏ်း အကျိုးစီးပွားများအပေါ် အခြေခံပေသည်။ ကျွန်တော်တို့တိုင်းပြည်တွင် ဆိုရှယ်လစ်စနစ် အောင်မြင်ချက်များက ပါတီ၏ ပေါ်လစီအောင်ပွဲနှင့် ၎င်းတို့ကိုယ်ပိုင်ပေါ်လစီများ ရှုံးနိမ့်မှုကိုပြသနေသော်လည်း ဤလူကြီးမင်းများသည် ထင်ရှားသိသာလှသည့် အမှန်အချက်အလက်များကို လက်ခံပြီး တူညီသည့် အရေးတော်ပုံ

အတွက် လက်တွဲလုပ်ဆောင်ကြရမည့်အစား ၎င်းတို့၏ ရှုံးနိမ့်မှု၊ ချွတ်ခြုံကျမှုတို့အတွက် ပါတီနှင့် ပြည်သူလူထုကို စတင်လက်စားချေလာကြသည်။ သူတို့သည် အလုပ်သမား၊ စုပေါင်းလယ်ယာ လယ်သမားများ၏ အရေးတော်ပုံကို ဆန့်ကျင်သည့် အဖျက်လုပ်ငန်းများ၊ ယုတ်မာညစ်ညမ်းသည့် လုပ်ကြံမှုများ စတင်လုပ်ဆောင်လာကြသည်။ ကျောက်မီးသွေးတွင်းများ ဖောက်ခွဲခြင်း၊ စက်ရုံများ မီးတင်ရှို့ခြင်း၊ စုပေါင်းနှင့် နိုင်ငံတော်ပိုင် လယ်ယာများကို ဖျက်ဆီးခြင်းစသည်တို့ကို ပြုလုပ်ကြသည်။ အလုပ်သမား၊ စုပေါင်းလယ်ယာလယ်သမားများ၏ အောင်မြင်ချက်များကို ချေဖျက်ရန်နှင့် ဆိုဗီယက်အစိုးရအပေါ် မကျေမနပ် အုံကြွမှုများဖြစ်လာရေးကို ရည်ရွယ်၍လုပ်ဆောင်ကြခြင်းဖြစ်သည်။ ဤကဲ့သို့ တဖက်ကလုပ်ဆောင်နေရင်းကပင် ၎င်းတို့၏ လက်တဆုပ်စာလူစုကို ဖွင့်ချဖော်ထုတ်ခြင်း၊ ဖျက်ဆီးခံရခြင်းဘေးမှ ကာကွယ်ပေးရန်အလို့ငှာ သူတို့သည်ပါတီအပေါ် ပိုမိုသစ္စာရှိသည့်ပုံဆောင်ခဲ့ပြီး အထူးမျက်နှာလိုအားရ ချီးကျူးမြှောက်ပင့်ကာ ရှိသေခယဝပ်တွားခဲ့သည်။ တကယ်အမှန်မှာမူ အလုပ်သမား၊ လယ်သမားများကို ဆန့်ကျင်သည့် မသမာမှုများ၊ အဖျက်လုပ်ငန်းများကို ဆက်လက်လုပ်ဆောင်နေကြသည်။

၁၇ ကြိမ်မြောက် ပါတီကွန်ဂရက်တွင် ဘူခါရင်၊ ရိုင်ကော့ဗ်နှင့် တွမ်စကီးတို့သည် နောင်တရသည့် မိန့်ခွန်းများ ပြောကြားပြီး ပါတီနှင့် ပါတီ၏အောင်မြင်ချက်များကို မိုးထိအောင် မြှောက်ပင့်ချီးကျူးပြောဆိုခဲ့သည်။ သို့သော် ကွန်ဂရက်က ၎င်းတို့၏ မိန့်ခွန်းများထဲမှ မရိုးသားမှုနှင့် လျှာနှစ်ခွဖြစ်နေမှုတို့ကို ရိပ်မိသိရှိလိုက်သည်။ ပါတီက ၎င်းတို့ထံမှ မျှော်လင့်ထားသည်မှာ အောင်မြင်မှုများအပေါ် ချီးကျူးမှုများ၊ ဘုန်းတော်ဘွဲ့များမဟုတ်ဘဲ ဆိုရှယ်လစ်စစ်မြေပြင်တွင် ၎င်းတို့၏ တာဝန်ကျေပြွန်စွာ လုပ်ဆောင်ရမည့် လုပ်ငန်းများသာဖြစ်သည်။ ဤသည်ကို ဘူခါရင်ဝါဒီများသည် အချိန်ကာလကြာကြာပင်လုံးဝ လက္ခဏာမပြခဲ့ပါ။ ဤလူကြီးမင်းများ၏ ဗလာသက်သက် မိန့်ခွန်းများ သည် အမှန်စင်စစ် ကွန်ဂရက်ပြင်ပရှိ ၎င်းတို့၏ နောက်လိုက်များကို လျှာနှစ်ခွလုပ်ရာတွင် သင်ခန်းစာပေးရန်နှင့် လက်နက်မချရန် လှုံ့ဆော်လိုက်ခြင်းသာဖြစ်ကြောင်း ပါတီကတွေ့မြင်သိရှိလိုက်သည်။

ကွန်ဂရက်တွင် ထရော့စကီဝါဒီ၊ ဇီနိုဗစ်နှင့် ကဲမီနက်ဗ်တို့ကလည်း မိန့်ခွန်းများပြောကြားခဲ့ပြီး ၎င်းတို့၏ အမှားများအပေါ် ၎င်းတို့ကိုယ်တိုင် အလွန်အကျွံဝေဖန်တိုက်ခိုက်ပြီး ပါတီအပေါ်လည်း ၎င်း၏ အောင်မြင်ချက်များကြောင့် အလွန်အကျွံ ချီးကျူးပြန်သည်။ သို့သော် ကွန်ဂရက်က ၎င်းတို့၏ အော့နှလုံးနာဖွယ် ကိုယ့်ကိုယ်ကို ဝေဖန်အပြစ်တင်မှုနှင့် လွန်လွန်းသော ပါတီအပေါ် ချီးကျူးမှုများသည် မသန့်ရှင်းသောလိပ်ပြာကို ကာကွယ်ဖုံးကွယ်ရန်သာဖြစ်ကြောင်း သိမြင်လိုက်သည်။ သို့သော် ဤလူကြီးမင်းများသည် ကွန်ဂရက်၌ ချီးအီနေသော မိန့်ခွန်းများကိုပြောကြားရင်း တဖက်က အက်စ်အဲမ်ကီရော့ဗ်ကို ယုတ်မာ စွာလုပ်ကြံရန် ကြံစည်နေကြောင်းကိုမူ ပါတီသည် သိလည်း မသိသေး၊ သင်္ကာမကင်းလည်း မဖြစ်သေးချေ။

၁၉၃၄ ခု ဒီဇင်ဘာ ၁၇ ရက်နေ့၌ အက်စ်အဲမ်ကီရော့ဗ်သည် လီနင်ဂရက် စမိုလ်နီ၌ ခြောက်လုံးပြူးကျည်ဆံဖြင့် ယုတ်မာရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခြင်းခံလိုက်ရသည်။

လုပ်ကြံသတ်ဖြတ်သူကို လက်ပူးလက်ကြပ်ဖမ်းမိလိုက်ပြီး ၎င်းမှာလီနင်ဂရက်ရှိ ဆိုဗီယက်ဆန့်ကျင်သည့် ဇီနိုဗစ်ဝါဒီ များနှင့် ဖွဲ့စည်းထားသည့် လျှို့ဝှက်တန်ပြန်တော်လှန်ရေး အုပ်စုဝင်တဦးဖြစ်နေသည်။

ကီရော့ဗ်မှာပါတီနှင့် အလုပ်သမားလူတန်းစားများ၏ ချစ်မြတ်နိုးခြင်းခံသူဖြစ်ပြီး ဤလုပ်ကြံသတ်ဖြတ်မှုက ပြည်သူလူထုအကြား နက်နက်ရှိုင်းရှိုင်း ထိခိုက်လှုပ်ရှားကာ တတိုင်း ပြည်လုံးတွင် ဝမ်းနည်းမှုနှင့်ဒေါသ အမျက်ချောင်းချောင်းထွက်မှုတို့ ဖုံးလွှမ်းသွားခဲ့သည်။

စုံစမ်းစစ်ဆေးမှုများက သိရှိလာရသည်မှာ ၁၉၃၃ နှင့် ၁၉၃၄ ခုတွင် လီနင်ဂရက်တွင် မြေအောက်တန်ပြန်တော်လှန်ရေး အကြမ်းဖက်အုပ်စုတခု တည်ထောင်ခဲ့ပြီး ဇီနိုဗစ် အတိုက်အခံအုပ်စုမှ အဖွဲ့ဝင်ဟောင်းများပါဝင်ကာ “လီနင်ဂရက်ဗဟို”ဆိုသည်က ခေါင်းဆောင်ခဲ့သည်။ ဤအုပ်စု၏ ရည်ရွယ်ချက်မှာ ကွန်မြူနစ်ပါတီ၏ ခေါင်းဆောင်များကို လုပ်ကြံသတ်ဖြတ်ရန်ဖြစ်သည်။ အက်ခ်အဲမ်ကီရော့ဗ်ကို ပထမဆုံးသော သားကောင်အဖြစ်ရွေးချယ်ခဲ့သည်။ ဤတန်ပြန်တော်လှန်ရေး အုပ်စုဝင်များ၏ ထွက်ဆိုချက်များအရ သူတို့သည် နိုင်ငံခြားအရင်းရှင်နိုင်ငံများမှ ကိုယ်စားလှယ်များ နှင့် ဆက်သွယ်ပြီး ၎င်းတို့ထံမှ ရန်ပုံငွေများလက်ခံရရှိခဲ့ကြသည်။

ဤအဖွဲ့အစည်းမှ ဖော်ထုတ်ဖမ်းမိသည့် အဖွဲ့ဝင်များကို ဆိုဗီယက်ယူနီယံအမြင့်ဆုံး တရားရုံးနှင့် စစ်ခုံရုံးက အမြင့်ဆုံးအပြစ်ဒဏ်ပေးကာ ပစ်သတ်ရန်အမိန့်ချလိုက်သည်။

မကြာမီမှာပင် “မော်စကိုဗဟို”ဟုခေါ်ဆိုသည့် မြေအောက်တန်ပြန်တော်လှန်ရေး အဖွဲ့အစည်းတခု တည်ရှိနေမှုကို ဖော်ထုတ်သိရှိလာရသည်။ ပဏာမ စုံစမ်းစစ်ဆေးခြင်းနှင့် တရားရုံးစစ်ဆေးချက်များအရ ဇီနိုဗစ်၊ ကဲမီနက်ဗ်၊ ရက်ဗ်ဒွေါကီနော့ဗ်နှင့် ထိုအဖွဲ့အစည်း၏ တခြားခေါင်းဆောင်များ၏ ၎င်းတို့နောက်လိုက်များအကြား အကြမ်းဖက်စိတ်သဘောထားများ မွေးမြူပြုစုပျိုးထောင်ပေးရာတွင်လည်းကောင်း၊ ပါတီဗဟိုကော်မတီဝင်နှင့် ဆိုဗီယက်အစိုးရအဖွဲ့ဝင်များကို လုပ်ကြံသတ်ဖြတ်ရန် ကြံစည်မှုတွင်လည်းကောင်း ဆိုးယုတ်စွာပါဝင်ခဲ့ပုံများကို ဖော်ထုတ်လိုက် နိုင်သည်။

အက်စ်အဲမ်ကီရော့ဗ် **(S.M.Kirov)**ကို လုပ်ကြံသတ်ဖြတ်ရာတွင် စည်းရုံးလှုံ့ဆော်သူတဦး ဖြစ်ခဲ့ပြီး လူသတ်သမားအား အမြန်သတ်ရန် တိုက်တွန်းခဲ့သော ဇီနိုဗစ်သည် ကီရော့ဗ်ကို အလွန်ချီးကျူးထားသည့် အသုဘစာတမ်းကို ရေးသားခဲ့ပြီး ပုံနှိပ်ထုတ်ဝေရန် တောင်းဆိုခဲ့သည်။ ဤသူများသည် ဤမျှအထိ ဆိုးယုတ်ပြီး လျှာနှစ်ခွလုပ်ခဲ့ကြသည်။

ဇီနိုဗစ်ဝါဒီများသည် တရားရုံး၌ နောင်တရဟန်ဆောင်ထားကြသည်။ သို့သော်သူတို့သည် တရားခံဘဝ၌ပင် နှစ်ဖက်မျက်နှာလုပ်နေသေးသည်။ သူတို့နှင့် ထရော့စကီ၏ ဆက်စပ်မှုကို ဖုံးကွယ်ထားကြသည်။ သူတို့သည် ထရောစကီဝါဒီများနှင့်အတူ ဖက်ဆစ်သူလျှိုလုပ်ငန်းများတွင် မိမိတို့ကိုယ်မိမိတို့ ရောင်းစားထားပြီးဖြစ်သည် ဆိုသည့်အချက်ကို ဖုံးကွယ်ထားကြ သည်။ သူတို့၏စုံထောက်နှင့် အဖျက်လုပ်ငန်းကို ဖုံးကွယ်ထားကြသည်။ သူတို့သည် တရားရုံး၌ ဘူခါရင်ဝါဒီများနှင့် သူတို့ ၏ဆက်စပ်မှုကိုလည်းကောင်း၊ ပူးပေါင်းထားသည့် ထရော့စကီ၊ ဘူခါရင်ဝါဒီများ၏ ဖက်ဆစ်ကြေးစားဂိုဏ်း တည်ရှိနေမှု ကိုလည်းကောင်း ဖုံးကွယ်ခဲ့သည်။

နောက်ပိုင်း၌သိရှိ ပေါ်ထွက်လာရသည်မှာ ရဲဘော်ကီရော့ဗ် လုပ်ကြံမှုမှာ ဤပူးပေါင်းထားသည့် ထရော့စကီ၊ ဘူခါရင်ဂိုဏ်း၏ လက်ချက်ဖြစ်သည်။

၁၉၃၅ ခုမှစ၍ ဇီနိုဗစ်အုပ်စုသည် ဖုံးကွယ်ထားသော တပ်ဖြူအဖွဲ့အစည်းတရပ် ဖြစ်နေသည်မှာ ရှင်းလင်းလာနေပြီး ၎င်းအဖွဲ့ဝင်များကို တပ်ဖြူများအဖြစ် လုံးဝအပြည့်ပင် အသေသဘောထားသင့်ပေသည်။

တနှစ်ကြာပြီးနောက် သိရှိလာရသည်မှာ ကီရော့ဗ်လုပ်ကြံမှုကို အစစ်အမှန်တိုက်ရိုက် စည်းရုံးလုပ်ဆောင်သူများမှာ ထရော့စကီ၊ ဇီနိုဗစ်၊ ကဲမီနက်ဗ်နှင့် ၎င်း၏အပေါင်းအပါများဖြစ်ကြောင်းနှင့် အခြားဗဟိုကော်မတီဝင်များကိုလည်း သတ်ဖြတ်ရန် ကြံစည်ခဲ့သေးကြောင်းပင်ဖြစ်သည်။ ဇီနိုဗစ်၊ ကဲမီနက်ဗ်၊ ဘာခါရက်ဗ်၊ ရက်ဒ္ဒေါ့ကီမော့ဗ်၊ ပီကဲလ် (Pikel)၊ အိုင်အဲန် စမားနော့ဗ်၊ မာရက် ကော့ဗ်စကီး (Mrachkovsky)၊ တာ– ဗာဂန်းယန်း (Ter-Vaganyan)၊ ရိုင်းဂိုးလ် (Reingold) စသည့်တို့ကို ရုံးတင်တရားစွဲခဲ့သည်။ သက်သေအထောက်အထားများနှင့် ဖြစ်သည့်အတွက် သူတို့သည် လူထုတက်ရောက်နိုင်သည့် တရားရုံး၌ လူသိရှင်ကြားဝန်ခံရပြီး သူတို့သည် ကီးရော့ဗ် လုပ်ကြံမှုကို စည်းရုံးလုပ်ခဲ့ရုံမျှမက အခြားသောပါတီနှင့် အစိုးရခေါင်းဆောင်အားလုံးကို သတ်ဖြတ်ရန် စီစဉ်ခဲ့ကြောင်းကိုလည်း ထုတ်ဖော်ဝန်ခံခဲ့ကြရသည်။ နောက်ပိုင်း စုံစမ်းစစ်ဆေးမှုများအရ ဤ လူဆိုးများသည် သူလျှိုလုပ်ငန်းတွင်ပါဝင်ပတ်သက်နေပြီး လမ်းလွဲစေမည့်လုပ်ရပ်များကိုလည်း လုပ်ဆောင်ခဲ့ကြောင်း သိရှိရသည်။ ပါတီအပေါ်သစ္စာရှိလေဟန် ကြောင်သူတော်မျက်နှာဖုံးနှင့် ဖွင့်ဟဝန်ခံချက်များဖြင့် ဖုံးကွယ်ထားသည့် ဤသူများ၏ ယုတ်မာလှသော စိတ်ဓာတ်နှင့် နိုင်ငံရေး အကျင့်စရိုက်ဆိုး အပြည့် အဝကိုလည်းကောင်း၊ ၎င်းတို့၏ ရွံမုန်းဖွယ် ယုတ်မာပက်စက်မှုနှင့် သစ္စာဖောက်မှုကိုလည်းကောင်း၊ ၁၉၃၆ ခု မော်စကို၌ ပြုလုပ်ခဲ့သော တရားရုံးစစ်ဆေးမှု၌ ဖော်ထုတ်သိရှိခဲ့ကြရသည်။

ဤလူသတ်သမား သူလျှိုဂိုဏ်း၏ အဓိကခေါင်းဆောင်နှင့် လှုံ့ဆော်သူမှာ ***ဂျူးဒါးစ်** ထရော့စကီပင်တည်း။ သူ၏ တန်ပြန်တော်လှန်ရေးညွှန်ကြားချက်များကို အကောင်အထည်ဖော်ခဲ့သည့် သူ၏လက်ထောက်နှင့် သူလျှိုများမှာ ဇီနိုဗစ်၊ ကဲမီနက်ဗ်နှင့် ၎င်းတို့၏ ထရော့စကီဝါဒီနောက်လိုက်များဖြစ်သည်။ သူတို့သည် ဆိုဗီယက်ယူနီယံကို အရင်းရှင်နိုင်ငံများက တိုက်ခိုက်သည့်အချိန်အခါတွင် ပျက်စီးသွားရေးအတွက် ပြင်ဆင်ခဲ့ကြသည်။ သူတို့သည် အလုပ်သမား၊ လယ်သမား နိုင်ငံတော်နှင့် ပတ်သက်၍ အရှုံးပေးလိုစိတ်ရှိသူများ (Defeatist) ဖြစ်ပြီး ဂျာမန်နှင့် ဂျပန်ဖက်ဆစ်များ၏ ရွံရှာဖွယ် အစေအပါးများနှင့် သူလျှိုများဖြစ်သွားတော့သည်။

အက်စ်အဲမ်ကီရော့ဗ်အား ယုတ်မာစွာလုပ်ကြံသတ်ဖြတ်မှုတွင် ပါဝင်ပတ်သက်ခဲ့သူများကို ရုံးတင်တရားစွဲဆွဲရာမှ ပါတီအဖွဲ့အစည်းများ ရယူလိုက်သည့် အဓိကသင်ခန်းစာမှာ သူတို့သည် မိမိတို့၏ နိုင်ငံရေးမျက်ကန်းကျမှုနှင့် နိုင်ငံရေးသတိပေါ့လျော့မှုကို အဆုံးသတ်ပစ်ရန်နှင့် မိမိတို့၏ နိုးကြားမှုနှင့် ပါတီဝင်အားလုံးတို့၏ နိုးကြားမှုကို မြှင့်တင်ရန်ဖြစ်ပေတော့သည်။

အက်စ်အဲမ်ကီရော့ဗ် လုပ်ကြံသတ်ဖြတ်မှု ပြဿနာအပေါ် ပါတီအဖွဲ့အစည်းများသို့ ဖြန့်ဝေသည့် ဗဟိုကော်မတီ၏ စာတမ်းတွင် ဤသို့ပါရှိသည်။

**က။** ကိုယ့်အင်အားကြီးထွားလာလေလေ ရန်သူကပိုမိုယဉ်ပါး လိမ္မာပျော့ညံ့လာလေလေ ဖြစ်လိမ့်မည်ဟူသော မှားယွင်းသည့် ယူဆချက်မှ ပေါက်ဖွားလာသည့် မိမိကိုယ်မိမိ ကျေနပ်နှစ်သိမ့်နေသော အချောင်သမားဝါဒကို ကျွန်ုပ်တို့အဆုံးသတ်ပစ်ရမည်။ ဤယူဆချက်မှာ လုံးဝမှားယွင်းသည်။ ဤသည်မှာ ကျွန်ုပ်တို့၏ ရန်သူများသည် တဦးချင်းမျှမက အားလုံးခြုံ၍လည်း ဆိုရှယ်လစ်စနစ်သို့

*ဂျူးဒါးစ်ဆိုတာ ခရစ်တော်အား ဖမ်းဆီးသတ်ဖြတ်ရန် လာသူများအား လက်ထောက်ချခဲ့သော ခရစ်တော်၏ သာဝကတဦး။ (ဘာသာပြန်သူ)*

တဖြည်းဖြည်းချဉ်းကပ်လာပြီးအဆုံး၌ စစ်မှန်သော ဆိုရှယ်လစ်များဖြစ်လာလိမ့်မည်ဟု အာမခံခဲ့သည့် လက်ယာတိမ်းစောင်းမှု နောက်ထပ်တကြိမ်ပေါ်ပေါက်လာခြင်းသာဖြစ်သည်။ ဘော်ရှီဗစ်များသည် သူတို့၏ အောင်ပွဲပေါ်တွင် ယစ်မူးရန်မဟုတ်၊ မိမိတို့ရာထူး အဆင့်နေရာများတွင် အိပ်ပျော်နေရန် မဟုတ်။ ကျွန်ုပ်တို့ လိုအပ်သည်မှာ မိမိတို့ကိုယ်မိမိ ကျေနပ်နှစ်သိမ့်နေမှု မဟုတ်ဘဲ နိုးကြားမှု စစ်မှန်သည့် ဘော်ရှီဗစ်နိုးကြားမှုဖြစ်သည်။ ရန်သူများ၏ အခြေအနေ မျှော်လင့်ချက်မဲ့လာလေလေ ဆိုဗီယက်အာဏာကို ဆန့်ကျင်တိုက်ပွဲဝင်ရာတွင် တခုတည်းသော အားကိုးအားထားအဖြစ် "အလွန်အကျွံ ဆောင်ရွက်ချက်များ"ကို တက်ကြွစွာဆုပ်ကိုင်လေလေ ဖြစ်လာမည်ကို သတိရ သင့်သည်။ ကျွန်ုပ်တို့သည် ဤသည်ကို သတိရှိပြီး နိုးနိုးကြားကြားရှိရမည်။

**၁။** ကျွန်ုပ်တို့သည် ပါတီဝင်များကို ပါတီသမိုင်းအကြောင်း ပါတီသမိုင်းအတွင်းမှ ပါတီဆန့်ကျင်သည့် အုပ်စုများ၊ တခုချင်းရော အားလုံးခြုံ၍ပါ ပါတီ၏ လမ်းစဉ်ကို ဆန့်ကျင်တိုက်ခိုက်သည့် ၎င်းတို့၏ နည်းနာများနှင့် နည်းပရိယာယ်များကို သင်ကြားလေ့လာပေးရန် စနစ်တကျ သင့်တော်စွာ စည်းရုံးလှုံ့ဆော်ကြရမည်။ ထို့အပြင် ပါတီဆန့်ကျင်ရေး အုပ်စုများကို တိုက်ခိုက်ရာတွင် ပါတီ၏နည်းပရိယာယ်နှင့် နည်းနာများ၊ ဤအုပ်စုများကို ချေမှုန်းအောင်မြင်ဖြေရှင်းစေလိုက်နိုင်သည့် ပါတီ၏နည်းပရိယာယ်နှင့် နည်းနာများကိုလည်း ပို၍သင်ကြားပေးရမည်။ ပါတီဝင်များသည် ပါတီ၏ ဖွဲ့စည်းအုပ်ချုပ်ပုံဒီမိုကရက်များ၊ ဆိုရှယ်လစ်တော်လှန်ရေးသမားများ၊ မင်ရှီဗစ်နှင့် မင်းမဲ့ဝါဒီများကို မည်ကဲ့သို့ချေမှုန်း အောင်မြင်ဖြေရှင်းလိုက်သည်ကို သိရှိရန်လိုအပ်ရုံမျှမက ထရော့စကီဝါဒီများ၊ ဒီမိုကရက် အလယ်အလတ်ဝါဒီများ၊ အလုပ်သမားအတိုက်အခံများ၊ ဇီနိုဗစ်ဝါဒီများ၊ လက်ယာတိမ်းစောင်းသူများ၊ လက်ယာ – လက်ဝဲ စိတ်ရူးပေါက်သူများစသည်များကိုလည်း မည်ကဲ့သို့ ချေမှုန်းလိုက်ကြောင်းကိုပါ သိရှိရန်လိုအပ်သည်။ ပါတီ၏သမိုင်းကို သိရှိနားလည်မှုသည် ပါတီဝင်များ၏ တော်လှန်ရေး နိုးကြားမှုကို အပြည့်အဝ အာမခံချက်ပေးသည့် အရေးကြီးဆုံး၊ အလိုအပ်ဆုံး နည်းနာဖြစ်သည် ဆိုသည်ကို မည်သည့်အခါမျှ မမေ့အပ်ပေ။

ဤကာလအတွင်း အလွန်အရေးပါသည့် အဖြစ်အပျက်မှာ ၁၉၃၃ ခု၌ ပါတီ၏ အဆင့်နေရာများမှာ မတော်တဆ ရောက်ရှိလာသူများ၊ မစစ်မှန်သည့် အစိတ်အပိုင်းများကို ထုတ်ပယ်အပုပ်ချခြင်းများ စတင်ခဲ့ပြီး အထူးသဖြင့် ကီရော့ဗ် သတ်ဖြတ်မှုအပြီး၌ ပါတီဝင်များ၏ မှတ်တမ်းများကို အသေချာ လေးနက်စစ်ဆေးကြည့်ရှုခြင်းနှင့် ပါတီဝင်ကဒ်ပြားအဟောင်းများကို အသစ်နှင့်လဲလှယ်ပေးခြင်း များဖြစ်သည်။

ပါတီဝင်များ၏ မှတ်တမ်းများကို စစ်ဆေးခြင်းမပြုမီက ပါတီအဖွဲ့အစည်း အတော်များများ၌ ပါတီကဒ်ပြားများကို ကိုင်တွယ်ရာတွင် တာဝန်မဲ့မှုများနှင့် ပေါ့လျော့မှုများရှိခဲ့သည်။ အဖွဲ့အစည်း အချို့၌ လုံးဝသည်းခံနိုင်ဖွယ်မရှိသော ကွန်မြူနစ်များ မှတ်ပုံတင်ခြင်း၌ ကစဉ့်ကလျား ဖရိုဖရဲဖြစ်မှုများ တွေ့ရှိရပြီး ဤအဖြစ်ကို ရန်သူများက သူတို့၏ ယုတ်မာလှသည့် ရည်ရွယ်ချက်များအတွက် လှည့် ကာ ပါတီဝင်ကဒ်ပြား ပိုင်ဆိုင်မှုကို အဖျက်လုပ်ငန်းများ၊ သူလျှိုလုပ်ငန်းများ၏ ကန့်လန့်ကာအဖြစ် သုံးခဲ့ကြ သည်။ ပါတီအဖွဲ့အစည်းများ၏ ခေါင်းဆောင်အများအပြားသည် ပါတီဝင်သစ်များ မှတ်ပုံ တင်ရေးနှင့် ပါတီဝင်ကဒ်ပြားများ ထုတ်ပေးရေးများကို သာမန်အဆင့်နိမ့် ပုဂ္ဂိုလ်များကိုလွှဲထားပြီး တခါတရံ ယုံကြည်စိတ်ချရခြင်းမရှိသေးသည့် ပါတီဝင်များကိုပင် လွှဲပေးထားတတ်သည်။

၁၉၃၅ မေလ ၁၃ ရက်နေ့စွဲနှင့် ထုတ်ဝေသည့် စာတမ်းတွင် ဗဟိုကော်မတီက မှတ်ပုံတင်ခြင်း၊ လုံခြုံစွာ သိမ်းဆည်းခြင်းနှင့် ပါတီဝင်ကဒ်များ ထုတ်ပေးခြင်းတို့တွင် ပါတီအဖွဲ့အစည်းများအားလုံးကို ပါတီဝင်၏မှတ်တမ်းကို သေချာကျနစွာ စစ်ဆေးရန်နှင့် မိမိတို့ပါတီ အိမ်ကြီးတွင် ဘော်ရှီဗစ်စည်းမျဉ်း စနစ်ကို ထူထောင်ရန် ညွှန်ကြားလိုက်သည်။

ပါတီဝင်မှတ်တမ်းများကို စစ်ဆေးခြင်းသည် ကြီးမားသည့် နိုင်ငံရေးတန်ဖိုး သက်ရောက်မှု ရှိခဲ့သည်။ ပါတီဝင်မှတ်တမ်းများကို စစ်ဆေးရရှိချက်များနှင့် ဆက်စပ်ပြီး ပါတီဗဟိုကော်မတီ၏ မျက်နှာစုံညီအစည်းအဝေးက ၁၉၃၅ ဒီဇင်ဘာ ၂၅ ရက်တွင် ဆုံးဖြတ်ချက်တခုချခဲ့ပြီး ဤစစ်ဆေးမှုသည် ပါတီဝင်များအတွင်း ခိုင်မာတောင့်တင်းရေးအတွက် အလွန်အရေးပါသော စည်းရုံးရေးနှင့် နိုင်ငံရေး ဆောင်ရွက်ချက်တရပ်ဖြစ်သည်ဟု ကြေညာခဲ့သည်။

ပါတီဝင်မှတ်တမ်းများ စစ်ဆေးပြီး ပါတီကဒ်များကို လဲလှယ်ပေးပြီးနောက် ပါတီဝင်သစ်များ သိမ်းသွင်းရေးကို ပြန်စစေခဲ့သည်။ ဤသည်နှင့် ပတ်သက်၍ ဗဟိုကော်မတီက ပါတီဝင်သစ်များကို ပါတီတွင် အလုံးအရင်းနှင့် ဝင်ခွင့်မပြုပဲ ''တကယ်တမ်း ရှေ့တန်းရောက်သည့်သူများ၊ အလုပ်သမား လူတန်းစားအရေးတော်ပုံအတွက် တကယ်တမ်းသစ္စာရှိသူများ၊ အလုပ်သမားများ အကြားမှ၊ လယ်သမားများအကြားမှ၊ တက်ကြွသည့်ပညာတတ်များ အကြားမှ အကောင်းဆုံးလူများ၊ ဆိုရှယ်လစ်စနစ်တိုက်ပွဲ နယ်ပယ်အသီးသီးမှ စစ်ဆေးစမ်းသပ်ခံပြီးသူများ'' ကို တဦးချင်းတင်းကျပ်စွာ ဝင်ခွင့်ပေးရန် တောင်းဆိုလိုက်သည်။

ပါတီဝင်သစ်များကို ဝင်ခွင့်စတင်ပေးခြင်းနှင့် ပတ်သက်၍ ဗဟိုကော်မတီက ပါတီအဖွဲ့အစည်းများကို သတိပေးညွှန်ကြားလိုက်သည်မှာ ရန်လိုသည့်အစိတ်အပိုင်းများသည် ပါတီတွင်းသို့ တိုးဝင်လာရန် ဆက်လက်ကြိုးပမ်းလိမ့်မည်ဖြစ်ကြောင်း သတိရှိရန်ဖြစ်သည်။ အကျိုးဆက်အားဖြင့် ''ဘော်ရှီဗစ် နိုးကြားမှုကို အမြင့်ဆုံးသို့ မြှင့်တင်ရန်၊ လီနင်ပါတီအလံကို အမြင့်ဆုံးလွှင့်ထူရန်၊ ပါတီအတွင်းသို့ ရန်လိုသည့် မစစ်မှန်သည့် အမှတ်တမဲ့ရောက်လာသည့်သူများ မပါဝင်လာရန်မှာ ပါတီအဖွဲ့အစည်းတိုင်း၏ တာဝန်ဖြစ်သည်''။ **(ဆိုဗီယက်ယူနီယံ ကွန်မြူနစ်ပါတီ ဘော်ရှီဗစ်) ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်၊ စက်တင်ဘာ ၂၉၊ ၁၉၃၆– ပရာဗဒါသတင်းစာ နံပါတ် ၂၇၀၊ ၁၉၃၆တွင် ဖော် ပြခဲ့သည်။)**

ပါတီတွင်းထုတ်ပယ်ခြင်းများနှင့် ခိုင်မာတောင့်တင်းစေမှုများ ပြုလုပ်ကာ ပါတီ၏ရန်သူများကို ချေမှုန်း၊ ပါတီလမ်းစဉ် သွေဖီမှုများကို မညှာမတာ အလျှော့မပေးတိုက်ခိုက်ပြီးနောက် ဘော်ရှီဗစ်ပါတီသည် ဗဟိုကော်မတီ၏ ပတ်လည်တွင် ပိုမိုသိပ်သည်းစွာ စည်းလုံးခဲ့သည်။ ဤဗဟိုကော်မတီ၏ ခေါင်းဆောင်မှုအောက်တွင် ပါတီနှင့်နိုင်ငံတော်သည် ယခုအခါ အဆင့်သစ်တရပ် လူတန်းစားမဲ့ ဆိုရှယ်လစ်လူ့အဖွဲ့အစည်း တည်ဆောက်ရေးကို ပြီးမြောက်စေရေးသို့ ဝင်ရောက်လာခဲ့တော့သည်။

# အကျဉ်းချုပ်

၁၉၃၀–၃၄ ကာလတွင် ဘော်ရှီဗစ်ပါတီသည် အာဏာရပြီးနောက် ပစ္စည်းမဲ့တော်လှန်ရေး၏ အခက်ခဲဆုံးသမိုင်းဝင် ပြဿနာကို ဖြေရှင်းခဲ့ရသည်။ ထိုပြဿနာမှာ သန်းနှင့်ချီသော လယ်သမားကလေးများအား စုပေါင်းလယ်ယာလမ်း ဆိုရှယ်လစ်စနစ်လမ်းကို လက်ခံလာရေးဖြစ်သည်။

သွေးစုပ်လူတန်းစားထဲမှ အရေအတွက်အများဆုံးဖြစ်သည့် ကူးလတ်များကို ချေမှုန်းလိုက်ခြင်းနှင့် လယ်သမားအများစုက စုပေါင်းလယ်ယာလမ်းကို လက်ခံလိုက်ခြင်းတို့က တိုင်းပြည်တွင်းရှိ နောက်ဆုံးအရင်းရှင်စနစ်အမြစ်ကို ဖျက်ဆီးပေးလိုက်ပြီး လယ်ယာစိုက်ပျိုးရေး၌ ဆိုရှယ်လစ်စနစ်၏ နောက်ဆုံးပိတ်အောင်ပွဲကိုရရှိစေကာ ကျေးလက်၌ ဆိုရှယ်လစ်အာဏာ အပြည့်အဝ ခိုင်မာတောင့်တင်းစေခဲ့သည်။

စည်းရုံးရေးဆိုင်ရာ ပြဿနာ အခက်အခဲအချို့ကို ကျော်လွှားပြီးနောက် စုပေါင်းလယ်သမားသည် ခိုင်ခိုင်မာမာပေါ်ထွက်လာပြီး ချမ်းသာဝပြောသည့်လမ်းသို့ ချီတက်ဝင်ရောက်လာခဲ့သည်။

ပထမငါးနှစ်စီမံကိန်း ရရှိချက်များက ကျွန်ုပ်တို့နိုင်ငံကို ပထမတန်းစား ဆိုရှယ်လစ်အကြီးစား စက်မှုလုပ်ငန်းနှင့် စက်မှုတပ်ဆင်ထားသည့် စုပေါင်းလယ်ယာ စိုက်ပျိုးရေးပုံစံဖြင့် ဆိုရှယ်လစ်စီးပွားရေးစနစ်၏ မယိမ်းမယိုင်သော အခြေခံအုတ်မြစ်ကို ချပေးပြီး အလုပ်လက်မဲ့ဖြစ်မှုကို အဆုံးသတ်ပစ်ကာ လူလူချင်းသွေးစုပ်မှုစနစ်ကို ချေမှုန်းလျက် လုပ်သားပြည်သူများ၏ ရုပ်ဝတ္ထုနှင့် ယဉ်ကျေးမှုအဆင့်အတန်းကို တဖြည်းဖြည်း တိုးမြှင့်ပေးမည့် အချက်အလက်များကို ဖန်တီးပေးရန်ဖြစ်သည်။

ဤကြီးမားလှသည့် အောင်မြင်ချက်များသည် အလုပ်သမားလူတန်းစား၊ လယ်သမားများနှင့် တိုင်းပြည်၏လုပ်သား ပြည်သူအားလုံးကြောင့် ရရှိခဲ့ခြင်းဖြစ်ပြီး ယေဘုယျအားဖြင့် ပါတီနှင့်အစိုးရတို့၏ ရဲရင့်ပြီးတော်လှန်ရေးကျကာ အမြော်အမြင်ရှိသည့် ပေါ်လစီကြောင့်ဖြစ်သည်။

ဘေးပတ်လည်ဝိုင်းရံလျက်ရှိသော အရင်းရှင်အသီးသီးသည် ဆိုဗီယက်ယူနီယံ၏ စွမ်းအားကိုချည့်နဲ့ ချိုးဖဲ့ပစ်ရန် ကြိုးစားနေပြီး ဆိုဗီယက်ယူနီယံအတွင်း လူသတ်သမားများ၊ အဖျက်သမားများ၊ သူလျှိုများဂိုဏ်းကို စည်းရုံးလှုံ့ဆော်နိုင်ငံရေးအတွက် နှစ်ဆတိုးလုပ်ဆောင်ခဲ့ကြသည်။ ဤပတ်ပတ်လည်ရှိ အရင်းရှင်များ၏ ရန်လိုသည့်လုပ်ဆောင်မှုများသည် ဂျာမနီနှင့် ဂျပန်၌ ဖက်ဆစ် ဝါဒအာဏာရလာသည့်အခါ ပိုမိုသိသာထင်ရှားလာသည်။ ထရော့စကီဝါဒီနှင့် ဇီနိုဗစ်ဝါဒီများ အကြားဖက်ဆစ်ဝါဒသည် သစ္စာရှိ ကျေးကျွန်များကို ရှာဖွေတွေ့ရှိခဲ့ပြီး ထိုသူများသည် စုံထောက်ရန်၊ အဖျက်လုပ်ငန်းလုပ်ရန်၊ အကြမ်းမဖက်ဝါဒနှင့် သွေးကွဲရန်အမှုများကို ပြုလုပ်ရန်နှင့် ဆိုဗီယက်ယူနီယံကျဆုံးပြီး အရင်းရှင်စနစ်ပြန်လည် ထူထောင်ရန် အတွက် လုပ်ဆောင်ကြရန် အဆင်သင့်ရှိနေကြသည်။

ဆိုဗီယက်အစိုးရသည် ဤလူဆိုးလူယုတ်မာများကို တိုင်းပြည်၏ သစ္စာဖောက်များအဖြစ် ပြည်သူများ၏ ရန်သူများအဖြစ် ရက်ရက်စက်စက် သံလက်သီးဖြင့် ဆုံးမအပြစ်ပေးခဲ့သည်။

## အခန်း(၁၂)

## ဆိုရှယ်လစ် အဖွဲ့ အစည်းတည်ဆောက်ရေး အောင်မြင်ပြီးမြောက်ရေးတိုက်ပွဲအတွင်းမှ ဘော်ရှီဗစ်ပါတီ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံစည်းမျဉ်းသစ်ကို လက်ခံကျင့်သုံးခြင်း(၁၉၃၅–၁၉၃၇)

**၁။ ၁၉၃၅ – ၃၇ ခုနှစ်က နိုင်ငံတကာ့အခြေအနေ။ စီးပွားရေးအကျပ်အတည်း ယာယီလျော့ ကျသွားခြင်း။ စီးပွားရေးကပ် ဘေးအသစ် စတင်လာခြင်း။ အီတလီက အယ်ဘီးဆီးနီးယားကို သိမ်းပိုက်လိုက်ခြင်း။ စပိန်ကို ဂျာမနီနှင့် အီတလီ ဝင်ရောက်စွက်ဖက်ခြင်း။ အလယ်ပိုင်း တရုတ်ပြည်ကို ဂျပန်များ ကျူးကျော်ဝင်ရောက်ခြင်း။ ဒုတိယ နယ်ချဲ့စစ်ပွဲ စတင်လာခြင်း။**

၁၉၂၉ ခုနှစ် ဒုတိယနှစ်ဝက်အတွင်း အရင်းရှင်နိုင်ငံများ၌ ဖြစ်ပွားခဲ့သည့် စီးပွားရေး ကပ်ဘေးသည် ၁၉၃၃ ခုနှစ်ကုန် အထိ ကြာညောင်းခဲ့သည်။ ထိုနောက် စက်မှုလုပ်ငန်းများ ကျဆင်းမှု ရပ်ဆိုင်းသွားခဲ့ပြီး၊ အကျပ်အတည်းကာလအပြီး၊ အီလည်နေသောကာလ ပေါ်ပေါက်လာခဲ့ပြီး တစုံတရာပြန်လည်ရှင်သန်လာကာ တစုံတရာဦးမော့လာသည့် အရိပ်အရောင် ပေါ်ပေါက်လာသည်။ သို့သော် ဤ ဦးမော့လာမှုသည် ပိုမိုမြင့်မားလာသည့် အခြေခံသစ်ပေါ်တွင် စက်မှုလုပ်ငန်း စန်းထခြင်း (boom) ကိုဖြစ်ပေါ်လာစေနိုင်သည့် အမျိုးအစားမျိုးမဟုတ်ချေ။ ကမ္ဘာ့အရင်းရှင် စက်မှုလုပ်ငန်း သည် ၁၉၂၉ ခုနှစ် အဆင့်သို့ပင် မရောက်နိုင်သေးဘဲ ၁၉၃၇ ခုနှစ် အလယ်လောက်တွင် ထိုအဆင့်၏ ၉၅–၉၆ ရာခိုင်နှုန်းသာ ရောက်ရှိကြိုပမ်းနိုင်ခဲ့သည်။ ၁၉၃၇ ခုနှစ် ဒုတိယနှစ်ဝက်တွင် စီးပွားရေး ကပ်ဘေးသစ် စတင်လာခဲ့ပြီး ပထမဦးစွာ အမေရိကန်နိုင်ငံကို ထိခိုက်စေခဲ့သည်။ ၁၉၃၈ ခုနှစ် အကုန်တွင် အမေရိကန်ပြည်ထောင်စုရှိ အလုပ်လက်မဲ့ဦးရေမှာ ၁၀ သန်းသို့တက်လာခဲ့သည်။ ဗြိတိန်၌လည်း အလုပ်လက်မဲ့များ အလွန်လျင်မြန်တိုးပွားနေသည်။

ဤသို့ဖြင့် အရင်းရှင်နိုင်ငံများသည် ပထမစီးပွားရေးကပ်၏ အပျက်အစီးများမှ နာလန်မထူမီမှာပင် စီးပွားရေးကပ်အသစ်နှင့် ရင်ဆိုင်လာရပေသည်။ အကျိုးဆက်မှာ နယ်ချဲ့နိုင်ငံများအကြား ပဋိပက္ခများသည် ဓနရှင်နှင့်ပစ္စည်းမဲ့များအကြား ပဋိပက္ခများကဲ့သို့ပင် ပိုမိုသည်းသန်ပြင်းထန်လာခြင်းဖြစ်သည်။ ထို့ကြောင့် ကျူးကျော်ရန်စသည့် နိုင်ငံများသည် မိမိတို့ပြည်တွင်း၏ စီးပွားရေးအကျပ်အတည်းကြောင့် ဆုံးရှုံးရမှုများကို ထေမိကာမိနိုင်စေရန်အတွက် အခြားကာကွယ်ရေး ညံ့ဖျင်းသည့် နိုင်ငံများအပေါ် အနိုင်ကျင့်ရန် နှစ်ဆတိုးကြိုးပမ်းလာခဲ့ကြသည်။ နာမည်ပျက် ကျူးကျော်ရန်စသည့် နှစ်နိုင်ငံဖြစ်သည့် ဂျာမနီနှင့် ဂျပန်ကို ယခုအကြိမ်တွင် တတိယ အီတလီနိုင်ငံက ပူးပေါင်းခဲ့သည်။

၁၉၃၅ ခုနှစ်တွင် ဖက်ဆစ်အီတလီသည် အယ်ဘီဆီးနီးယားကို တိုက်ခိုက်ပြီး လက်အောက်ခံပြုလိုက်သည်။ အီတလီက ဤသို့ပြုလုပ်ရာတွင် မည်သည့် အကြောင်းပြချက်မျှလည်းမရှိ။ နိုင်ငံတကာ့တရားဥပဒေတွင် ခိုင်လုံသောအကြောင်းလည်း မရှိချေ။ ဖက်ဆစ်များအတွက် ခေတ်စားနေသည့် စစ်ကြေညာခြင်းမရှိဘဲ သူခိုး၊ ဓားပြများကဲ့သို့ တိုက်ခိုက်ခြင်းသာဖြစ်သည်။ ဤသည်မှာ အယ်ဘီးဆီးနီးယားတပြည်တည်းသာ ထိုးနှက်တိုက်ခိုက်ခံရခြင်းမဟုတ် ဗြိတိန်ပါ ထိခိုက်ရသည်။ ဥရောပမှ အိန္ဒိယနှင့် ယေဘုယျအားဖြင့် အာရှတိုက်သို့ ဗြိတိန်၏ ရေလမ်းခရီးကို ထိခိုက်ခြင်းဖြစ်သည်။ ဗြိတိန် သည် အီတလီတို့ အယ်ဘီးဆီးနီးယား၌ အခြေမကျနိုင်ရေးအတွက် တားဆီးရန် အချည်းအနှီးကြိုးစားခဲ့သေးသည်။ နောက်ပိုင်း၌ အီတလီသည် လွတ်လွတ်လပ်လပ် လှုပ်ရှားနိုင်ရန် နိုင်ငံတကာအဖွဲ့ချုပ်မှ နှုတ်ထွက်လိုက်ပြီး ရောမအတိုင်းအတာအရ စတင် လက်နက်တပ်ဆင်လာသည်။

ဤသို့ဖြင့် ဥရောပနှင့် အာရှအကြား အတိုဆုံးရေကြောင်းခရီးပေါ်တွင် စစ်ပွဲကွင်းဆက်သစ်တခု ပေါ်ထွက်လာသည်။

ဖက်ဆစ်ဂျာမနီသည် ဗာဆေးငြိမ်းချမ်းရေးစာချုပ်ကို တဖက်သတ် ဆုတ်ဖြဲလိုက်ပြီး ဥရောပမြေပုံကို အကြမ်းဖက် ပြန်လည်ခွဲဝေရန် စီမံကိန်းကို လုပ်ဆောင်လာသည်။ ဂျာမန်ဖက်ဆစ်များသည် အိမ်နီးနားချင်းနိုင်ငံများကို လက်အောက်ခံပြုရေး ကြိုးပမ်းမှုကိုလည်းကောင်း၊ အနည်းဆုံး ဂျာမန်လူမျိုးများနေထိုင်သည့် ထိုနိုင်ငံများ၏ နယ်မြေများကို သိမ်းပိုက်ရန်ကြိုးစားမှုကိုလည်းကောင်း ဖုံးကွယ်ထားခြင်းမရှိချေ။ ဤသည်နှင့်အညီ သူတို့သည် ပထမ ဩစတြီးယားကို သိမ်းပိုက်ရန် ထို့နောက် ချက်ကိုစလိုဗက်ကီးယားကို တိုက်ခိုက်ရန်၊ ထို့နောက် ဖြစ်နိုင်သည်မှာ ပိုလန်။ ဤနိုင်ငံတွင် ဂျာမန်လူမျိုးများ အစုလိုက်အပြုံလိုက် နေထိုင်သည့် နေရာဒေသများရှိပြီး ဂျာမနီနှင့်လည်း နယ်နိမိတ်စပ်နေသည်။ သည့်နောက် ကောင်းပါပြီ။ "ကျွန်တော်တို့ စောင့်ကြည့်သေးတာပေ့ါ"။

၁၉၃၆ နွေရာသီတွင် ဂျာမနီနှင့်အီတလီသည် စပိန်သမ္မတနိုင်ငံကို စစ်ရေးအရ ကျူးကျော်စွက်ဖက်မှု စတင်ခဲ့သည်။ စပိန်ဖက်ဆစ်များကို ထောက်ခံမှုဆိုသည့် အယောင်ဆောင်မှုအောက်တွင် သူတို့သည် ပြင်သစ်အနောက်ပိုင်းရှိ စပိန်နယ်မြေတွင် စစ်တပ်များကို ခိုးကြောင်ခိုးဝှက် ချရပ်ထားပြီး၊ တောင်ပိုင်း၌ ဘာလာရစ်ကျွန်းများနှင့် ဂျီဘရော်လ်တာ၊ အနောက်ဘက်၌ အတ္တလန်တိတ်ပင်လယ် မြောက်ပိုင်း၌ ဘစ္စကေ(Biscay) ပင်လယ်ကွေ့ရှိသည့် ဖုံနယ် စပိန်ရေပြင်၌ သူတို့၏ ရေတပ်ကို ချရပ်ထားသည့် အခွင့်အရေးကို ရရှိလိုက်ကြသည်။ ၁၉၃၈ အစပိုင်း၌ ဂျာမန်ဖက်ဆစ်များသည် ဩစတြီယားကို သိမ်းပိုက်လိုက်ပြီး ဤနည်းဖြင့် "ဒင်းညူ" အလယ်ပိုင်းဒေသများနှင့် အလှမ်းမီသည့်

အရပ်များတွင် အခြေချလိုက်ပြီး တောင်ပိုင်းဥရောပ "အေဒရားတစ်" ပင်လယ်ဆီသို့ တိုးချဲ့လာနိုင်ခဲ့သည်။

ဂျာမနီနှင့် အီတလီဖက်ဆစ်များသည် စပိန်ကို ကျူးကျော်စွက်ဖက်မှု တိုးချဲ့လုပ်ဆောင်နေပြီး တချိန်တည်းတွင် သူတို့သည် "စပိန်အနီ" များကိုသာ တိုက်ခိုက်နေခြင်းဖြစ်ကာ အခြားအကြံ အစည်များ လုံးဝမရှိကြောင်း ကမ္ဘာကို အာမခံနေပါသည်။ သို့သော် ဤသည်လူအများကိုသာ လိမ်လည်လှည့်ဖျားနိုင်သည့်၊ ရိုင်းစိုင်းလှသည့်၊ စကောလောက်မှ ဇောက်မနက်သည့် ဖုံးကွယ်လိမ်ညာမှုသာဖြစ်သည်။ အမှန်မှာသူတို့သည် အာဖရိက– အာရှ၌ ကိုလိုနီအများအပြား ပိုင်ဆိုင်ထားသည့် ဗြိတိန်နှင့် ပြင်သစ်တို့၏ ရေကြောင်းဆက်သွယ်ရေးလမ်းကြောင်းပေါ် ခွထိုင်လိုက်ခြင်းဖြင့် ထိုနိုင်ငံများကို ထိုးနှက်လိုက်ခြင်းဖြစ်သည်။

ဩစတြီးယားကို သိမ်းပိုက်လိုက်သည့် ကိစ္စတွင်မူ ဗာဆေးစာချုပ်ကို ဆန့်ကျင်သည့်တိုက်ပွဲအဖြစ်လည်းကောင်း၊ ပထမ နယ်ချဲ့စစ်အတွင်းက ဆုံးရှုံးသွားခဲ့သည့် နယ်မြေများကို ပြန်လည် သိမ်းပိုက်ပြီး မိမိတို့၏ "အမျိုးသားအကျိုးစီးပွား" ကာကွယ်ရန် ဂျာမနီ၏ ကြိုးပမ်းချက်အဖြစ်လည်း ကောင်း လက်ခံအတည်ပြုရန် မဖြစ်နိုင်ချေ။ ဩစတြီယားသည် စစ်ပွဲမတိုင်မီကလည်းကောင်း၊ စစ်ပွဲအပြီးတွင်လည်းကောင်း၊ ဂျာမနီ၏ အစိတ်အပိုင်းမဟုတ်ခဲ့ချေ။ ဩစတြီးယားအား အကြမ်းဖက် သိမ်းပိုက်လိုက်ခြင်းသည် နိုင်ငံခြားနယ်မြေကို ဖြောင်နယ်ချဲ့ကျူးကျော်မှု တရပ်သာဖြစ်သည်။ ဤသည်က ဖက်ဆစ်ဂျာမနီသည် အနောက်ဥရောပတိုက်၌ ကြီးစိုးလွှမ်းမိုးနေရေးအတွက် ကြံစည်ကြိုးစားလာကြောင်း ရှင်းလင်းထင်ရှားသွားစေပါသည်။

ဤသည်မှာ အခြားအရာများထက် ပြင်သစ်နှင့် ဂရိတ်ဗြိတိန်တို့၏ အကျိုးစီးပွားကို ထိုးနှက်တိုက်ခိုက်လိုက်ခြင်းပင်ဖြစ်သည်။

ဤသို့ဖြင့် ဥရောပတောင်ပိုင်း ဩစတြီးယား၊ အေဒရားတစ် နယ်မြေနှင့် ဥရောပအနောက် ဖက်စွန်း စပိန်နှင့် ၎င်း၏ရေပြင်နယ်မြေတို့တွင် စစ်ပွဲကွင်းဆက်သစ်တခု ပေါ်ထွက်လာသည်။

၁၉၃၇ခုနှစ်တွင် ဂျပန်ဖက်ဆစ်ဝါဒီများသည် ပေဖင်းကို သိမ်းပိုက်လိုက်ကာ အလယ်ပိုင်း တရုတ်ပြည်ကို ကျူးကျော်ပြီး ရှန်ဟဲကိုသိမ်းယူလိုက်သည်။ လွန်ခဲ့သည့် နှစ်ပေါင်းများစွာက မန်ချူးရီးယားကို ဂျပန်တို့ ကျူးကျော်ခဲ့သည်အတိုင်း အလယ်ပိုင်းတရုတ်ပြည်ကို ကျူးကျော်ရာ၌လည်း ဂျပန်များ၏ ပြုလုပ်နေကျနည်း ဓားပြပုံစံဖြင့် ဂျပန်များကိုယ်တိုင် ပါဝင်လုပ်ဆောင်ခဲ့ကြသည်။ "ဒေသအဖြစ်အပျက်အမျိုးမျိုး"အပေါ် မရိုးမသားအမြတ်ထုတ်၍လည်းကောင်း၊ နိုင်ငံတကာ စံချိန်များ၊ စာချုပ်များ၊ သဘောတူညီချက်အားလုံးတို့ကို ချိုးဖောက်ခြင်းဖြင့်လည်းကောင်း လုပ်ဆောင်ခဲ့ကြသည်။ ထျန်ကျင်းနှင့် ရှန်ဟဲကို သိမ်းပိုက်လိုက်ခြင်းက ကြီးမားလှသည့် တရုတ်ပြည်ဈေးကွက် အချက်အချာများကို ဂျပန်လက်တွင်းကျရောက်သွားစေခဲ့သည်။ ဂျပန်များ ရှန်ဟဲနှင့် ထျန်ကျင်းတို့ကို ကိုင်ထားသရွေ့ အလယ်ပိုင်းတရုတ်ပြည်၌ ငွေအကြီးအကျယ် ရင်းနှီးမြှုပ်နှံထားသည့် ဂရိတ်ဗြိတိန်နှင့် အမေရိကန်တို့ကို အချိန်မရွေးမောင်းထုတ်နိုင်ပေသည်။

သို့သော် တရုတ်ပြည်သူများနှင့် ၎င်းတို့တပ်မတော်၏ ဂျပန်များကိုခုခံသည့် ရဲစွမ်းသတ္တိပြောင်မြောက်လှသော တိုက်ပွဲများ၊ တရုတ်ပြည်တွင် ကြီးမားလှသော အမျိုးသားစိတ်နိုးကြားလာခြင်း၊ ကြီးမားလှသော လူအင်အားနှင့် နယ်မြေအင်အား အရင်းအမြစ်များနှင့် နောက်ဆုံးတရုတ်ပြည်

နယ်မြေမှ ကျူးကျော်သူများကို လုံးဝမောင်းထုတ်ပြီးသည့်အထိ လွတ်မြောက်ရေးတိုက်ပွဲ ဆင်နွှဲရေးအတွက် တရုတ်အမျိုးသားအစိုးရ၏ ဆုံးဖြတ်ချက်၊ ဤအရာအားလုံးက တရုတ်ပြည်၌ ဂျပန်နယ်ချဲ့သမားများအတွက် အနာဂတ်မရှိကြောင်း၊ ဘယ်တော့မှလည်းရှိမည် မဟုတ်ကြောင်းကို ယုံမှားသံသယရှိစရာမလိုအောင် ပြသလိုက်သည်။

သို့သော် ဘယ်လိုပဲဖြစ်ဖြစ် ယခုလက်ရှိအချိန်တွင် ဂျပန်က တရုတ်ကုန်သွယ်ရေး အချက်အချာများကို ကိုင်ထားမှုနှင့် တရုတ်ပြည်အပေါ် ၎င်း၏ စစ်ပွဲက ဂရိတ်ဗြိတိန်နှင့် အမေရိကန်တို့၏ အကျိုးစီးပွားများကို ကြီးမားစွာ ထိုးနှက်လိုက်မှုများမှာ အမှန်ပင်ဖြစ်သည်။

ထို့ကြောင့် ပစိဖိတ်ဒေသ တရုတ်နယ်မြေတွင် စစ်ကွင်းဆက်တခုထပ်မံပေါ်ပေါက်လာပါသည်။

ဤအချက်အားလုံးက ဒုတိယနယ်ချဲ့စစ်ပွဲ အမှန်ပင်စတင်လိုက်ပြီ ဖြစ်ကြောင်းပြသလိုက်ပေသည်။ ဤစစ်ပွဲကို ကြေညာခြင်းမရှိဘဲ ခိုးကြောင်ခိုးဝှက် စတင်လိုက်ကြသည်။ နိုင်ငံအများနှင့် အမျိုးသားများသည် မသိမသာဖြင့် ဒုတိယနယ်ချဲ့စစ်ပွဲစက်ဝန်းအတွင်းသို့ လျှောဝင်သွားကြသည်။ ဂျာမနီ၊ အီတလီ၊ ဂျပန်ဆိုသည့်ကျူးကျော်သည့် နိုင်ငံ ၃ နိုင်ငံမှ အုပ်စိုးသူ ဖက်ဆစ်အဝန်းအဝိုင်းများက ကမ္ဘာ့နယ်မြေအသီးသီး၌ စစ်ပွဲကိုစတင်လိုက်ခြင်းဖြစ်သည်။ ဂျီဘရော်လ်တာမှ ရှန်ဟဲအထိ ဖြန့်ကျက်ထားသည့် ကြီးမားကျယ်ပြောသောနယ်မြေပေါ်၌ ဖြစ်ပွားခဲ့သည်။ ပြည်သူလူထုသန်းပေါင်း ၅၀၀ ကို စစ်ပွဲစက်ဝန်းအတွင်း ဆွဲသွင်းလိုက်သည်။ နောက်ဆုံးခွဲခြမ်း စိတ်ဖြာချက်အရ ဤစစ်ပွဲသည် ဂရိတ်ဗြိတိန်၊ ပြင်သစ်နှင့် အမေရိကန်တို့မှ အရင်းရှင်အကျိုးစီးပွားများကို ဆန့်ကျင်ဆင်နွှဲခဲ့ခြင်း ဖြစ် သည်။ စစ်ပွဲ၏ရည်ရွယ်ချက်မှာ ကျူးကျော်သည့်နိုင်ငံများအတွက် အကျိုးရှိစေပြီး ဒီမိုကရေစီနိုင်ငံ များဟု ခေါ်ဆိုသည့် နိုင်ငံများ၏အကျိုးစီးပွားကို ထိခိုက်စေမည့် ကမ္ဘာနှင့် ဩဇာခံနယ်မြေများကို ပြန်လည်ခွဲဝေယူရန် ဖြစ်သည့်အတွက်ကြောင့်ပေတည်း။

ဒုတိယ နယ်ချဲ့စစ်ပွဲ၏ ထူးခြားသည့် လက္ခဏာတရပ်မှာ ယခုအချိန်ထိ စစ်ပွဲကို စတင်ဆင်နွှဲ တိုးချဲ့လုပ်ဆောင်သူများမှာ ကျူးကျော်သည့် အင်အားကြီး နိုင်ငံများဖြစ်သည်။ အခြားအင်အားကြီး နိုင်ငံများဖြစ်သည့် ဒီမိုကရေစီနိုင်ငံကြီးများသည် ဤစစ်ပွဲက အမှန်အားဖြင့် ၎င်းတို့အား ရည်စူးသော်လည်း၊ ၎င်းတို့က ဘာမှပူပန်စိုးရိမ်မှုမရှိ ဟန်ဆောင်ပြီး၊ နောက်ဆုတ် လက်ရှောင်နေကာ ငြိမ်းချမ်းရေးမြတ်နိုးမှုကို အော်ဟစ်နေကြသည်။ ဖက်ဆစ်ကျူးကျော်သူများကို ပြစ်တင်ကြိမ်းမောင်းကြသည်။ ထို့နောက်— ကျူးကျော်သူများလက်သို့ ၎င်းတို့၏နေရာများကို တစစီ၊ တစစီပေးအပ်နေကာ တချိန်တည်းမှာလည်း ခုခံရန်ပြင်ဆင်နေကြောင်း အခိုင်အမာပြောဆိုနေပြန်သည်။

ဤစစ်ပွဲသည် တွေ့ရသည့်အတိုင်း ခပ်ဆန်းဆန်းဖြစ်ပြီး၊ တဖက်သတ်ဖြစ်ခဲ့သည်။ သို့သော် ဤသည်က စစ်ပွဲကို အယ်ဘီးဆီးနီးယား၊ ဂျပန်နှင့်တရုတ်ပြည်ရှိ ကာကွယ်ရေးချို့တဲ့ ညံ့ဖျင်းသည့် ပြည်သူများအပေါ် အပြတ်အသတ်အနိုင်ရသည့် ရက်စက်ကြမ်းကြုတ်သောစစ်ပွဲအဖြစ်မှ မတားဆီးနိုင်ခဲ့ချေ။

ဤစစ်ပွဲ၏ တဖက်သတ်ဖြစ်မှုလက္ခဏာကို "ဒီမိုကရေစီနိုင်ငံများ" ၏ စစ်ရေး၊ စီးပွားရေး၊ အားနည်းမှုအပေါ် ပုံချပါက မှားပေလိမ့်မည်။ အမှန်မှာ "ဒီမိုကရေစီနိုင်ငံများ" သည် ဖက်ဆစ် နိုင်ငံများထက် အင်အားတောင့်တင်းသည်။ ဖြစ်ပေါ်တိုးပွား ကျယ်ပြန့်လှသည့် ကမ္ဘာစစ်၏ တဖက်

သတ်လက္ခဏာမှာ ဖက်ဆစ်အာဏာများကိုခုခံမည့် “ဒီမိုကရေစီနိုင်ငံများ” ၏ ညီညွတ်ရေး တပ်ပေါင်းစု မရှိမှုကြောင့်ဖြစ်သည်။ “ဒီမိုကရေစီနိုင်ငံများ” ဟုခေါ်ဆိုသူများသည် တကယ်တော့ ဖက်ဆစ်နိုင်ငံများ၏ “အလွန်အကျွံများ” အပေါ် လက်ခံသဘောတူခြင်းလည်းမရှိ၊ ဤဖက်ဆစ် နိုင်ငံများ အင်အားကြီးထွားလာမည်ကိုလည်း ကြောက်လန့်စိုးရိမ်ခဲ့ကြသည်။ သို့သော်သူတို့သည် ဥရောပရှိ အလုပ်သမားလူတန်းစားလှုပ်ရှားမှုနဲ့ အာရှတိုက်ရှိ အမျိုးသား လွတ်မြောက်ရေး လှုပ်ရှား မှုအပေါ် ပို၍ကြောက်လန့်စိုးရိမ်ကြပြီး ဤ “အန္တရာယ်ကြီးမားလှသော” လှုပ်ရှားမှုအတွက် ဖက်ဆစ်ဝါဒ သည် “အလွန်ကောင်းမွန်သောအဆိပ်ဖြေဆေး”အဖြစ် သဘောထားကြသည်။ ဤအကြောင်း ကြောင့်ပင် “ဒီမိုကရေစီနိုင်ငံများ”၏ အုပ်ချုပ်သည့် အဝန်းအဝိုင်း၊ အထူးသဖြင့် ဗြိတိန်၏ အုပ်ချုပ်သူကွန်ဆာဗေးတစ် အဝန်းအဝိုင်းများက မာနကြီးလှသော ဖက်ဆစ်အုပ်ချုပ်သူများကို “အလွန်အကျွံမလုပ်ကြရန်” တောင်းပန်သည့် ပေါ်လစီကို ကိုင်စွဲထားပြီး တချိန်တည်းတွင် သူတို့က ဖက်ဆစ်များကို “အပြည့်အဝနားလည် သဘောပေါက်ကြောင်း”နှင့် တခုလုံးခြုံ၍ အလုပ်သမားလူတန်းစား လှုပ်ရှားမှုနှင့် အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုများအပေါ် သူတို့၏ ဖောက်ပြန်သည့် ပုလိပ်ပေါ်လစီများအပေါ် စာနာနိုင်ကြောင်းသိနားလည်စေခဲ့သည်။ ဤသည်နှင့် ပတ်သက်၍ ဗြိတိန်၏ အုပ်ချုပ်သူအသိုင်းအဝိုင်းသည် ဇာဘုရင်လက်အောက်ကာလက ရုရှား လစ်ဘရယ်ဘုရင့်နိုင်ငံဝါဒီ (Monarchist) ခေါင်းဆောင်များ လက်ခံကျင့်သုံးခဲ့သည့် ပေါ်လစီနှင့် အကြမ်းဖျင်းအားဖြင့် တူညီသည့် ပေါ်လစီကို လုပ်နေခြင်းဖြစ်သည်။ ရုရှား–လစ်ဘရယ်ခေါင်းဆောင်များသည် တဖက်တွင် ဇာဘုရင်ပေါ်လစီ၏ “အလွန်အကျွံများ”ကို ကြောက်လန့်စိုးရိမ်မိသလို၊ တဖက်တွင်လည်း ပြည်သူများကို ပိုမို၍ ကြောက်ရွံ့သည့်အတွက် ဇာဘုရင်ကို တောင်းပန်တိုးလျှိုးသည့် ပေါ်လစီကို ကျင့်သုံးလာပြီး အကျိုးဆက် အားဖြင့် ပြည်သူကို ဆန့်ကျင်တိုက်ခိုက်ရန် ဇာဘုရင်နှင့် ပူးပေါင်းကြံစည်လာကြရသည်။ သိကြသည့် အတိုင်းပင် ရုရှား၏ လစ်ဘရယ်ဘုရင်နိုင်ငံဝါဒီ ခေါင်းဆောင်များသည် ဤနှစ်ဖက်မျက်နှာပေါ်လစီအတွက် တန်ဖိုးကြီးစွာပေးခဲ့ရသည်။ သမိုင်းက ဗြိတိန်၏ အုပ်ချုပ်သူ အဝန်းအဝိုင်းထံမှရော၊ ပြင်သစ်နှင့် အမေရိကန်ရှိ ၎င်းတို့၏ မိတ်ဆွေများထံမှပါ အကုသိုလ် အပြစ်ဒဏ်ကို အတင်းအကျပ် တောင်းဆိုပေလိမ့်မည်ဟု တင်စားပြောဆိုနိုင်ပေသည်။

ဆိုဗီယက်ပြည်ထောင်စုသည် ဤကဲ့သို့သော နိုင်ငံတကာ့ အခြေအနေအပြောင်းအလဲကို မသိကျိုးကျွံပြုကာ နိမိတ်ဆိုးများကို လစ်လျူရှုခြင်းမပြုနိုင်ကြောင်း ရှင်းနေပါသည်။ ကျူးကျော်သူများ စတင်သည့် မည်သည့်စစ်ပွဲမဆို မည်မျှပင်သေးငယ်ပါစေ ငြိမ်းချမ်းစွာနေလိုသည့် နိုင်ငံများအတွက် ခြိမ်းခြောက်မှုအန္တရာယ်ပင်ဖြစ်သည်။ နိုင်ငံများကို “သိသာထင်ရှားခြင်းမရှိစွာ” ခိုးယူပြီး ပြည်သူသန်းပေါင်း ၅၀၀ ပါဝင် ပတ်သက်နေရသည့် ဒုတိယနယ်ချဲ့စစ်ပွဲသည် နိုင်ငံများအားလုံးနှင့် ပထမနေရာတွင် ဆိုဗီယက်ယူနီယံအတွက် အန္တရာယ်အကြီးဆုံး ခြိမ်းခြောက်မှုဖြစ်နေသည်။ ဤသည်ကို ဂျာမနီ၊ အီတလီနှင့် ဂျပန်တို့၏ “ကွန်မြူနစ် ဆန့်ကျင်ရေးအုပ်စု”ထူထောင်လိုက်ခြင်းက လေးနက်စွာ ပြသလိုက်သည်။ ထို့ကြောင့် ကျွန်တော်တို့နိုင်ငံသည် ငြိမ်းချမ်းရေးပေါ်လစီကို လက်ခံကျင့်သုံးရင်း နယ်စပ်ကာကွယ်ရေးများနှင့် တပ်နီတော်နှင့် ရေတပ်တို့၏ တိုက်ခိုက်ရေးစွမ်းရည်များ တိုးတက်ခိုင်မာတောင့်တင်းရေးအတွက် လုပ်ဆောင်လာခဲ့ကြရသည်။ ၁၉၃၄ ခုနှစ် ကုန်ခါနီးတွင် ဆိုဗီယက်ယူနီယံသည် နိုင်ငံတကာ အဖွဲ့ချုပ်သို့ ဝင်ရောက်ခဲ့သည်။ ဤကဲ့သို့ ဝင်ရသည့်အကြောင်းမှာ အဖွဲ့ချုပ်သည်

အားနည်းမှုရှိသော်လည်း ကျူးကျော်သူများကို ဖော်ထုတ်ဖွင့်ချနိုင်သည့် နေရာအဖြစ် ထမ်းဆောင်နိုင်ပြီး အင်အားချည့်နဲ့သော်လည်း ငြိမ်းချမ်းရေးကိရိယာတခုအဖြစ် စစ်ပွဲပေါ်လာခြင်းကို တားဆီးနိုင်ကောင်း တားဆီးနိုင်မည် ဖြစ်သောကြောင့်တည်း။ ဆိုဗီယက်ယူနီယံအနေဖြင့် ယခုလို အချိန်မျိုးတွင် နိုင်ငံများအဖွဲ့ချုပ်ကဲ့သို့ အင်အားချည့်နဲ့သည့် နိုင်ငံတကာ့ အဖွဲ့အစည်းတရပ်ကိုပင် လျစ်လျူရှုရန် မသင့်ဟုယူဆသည်။ ၁၉၃၅ ခု မေလတွင် ပြင်သစ်နှင့် ဆိုဗီယက်ပြည်ထောင်စုသည် ကျူးကျော်တိုက်ခိုက်ခံရပါက အပြန်အလှန်ကူညီရေးစာချုပ်ကို ချုပ်ဆိုလိုက်သည်။ ဆိုဗီယက် ပြည်ထောင်စုနဲ့ ချက်ကိုစလိုဗက်ကီးယားအကြား အလားတူစာချုပ်ကို တပြိုင်တည်းချုပ် ဆိုလိုက်သည်။ ၁၉၃၆ ခုနှစ် မတ်လတွင် ဆိုဗီယက်ပြည်ထောင်စုသည် မွန်ဂိုလီးယားပြည်သူ့သမ္မတနိုင်ငံနှင့် အပြန်အလှန် ကူညီရေးစာချုပ် ချုပ်ဆိုခဲ့ပြီး၊ ၁၉၃၇ ခုနှစ် ဩဂုတ်လတွင် တရုတ်သမ္မတနိုင်ငံနှင့် မကျူးကျော်ရေးစာချုပ် ချုပ်ဆိုခဲ့သည်။

**၂။ ဆိုဗီယက်ယူနီယံ၏ စက်မှုလုပ်ငန်းနှင့် လယ်ယာစိုက်ပျိုးရေး ဆက်လက်တိုးတက် လာခြင်း။ ဒုတိယ ၅ နှစ်စီမံကိန်း အချိန်စော၍ ပြီးစီးခြင်း။ လယ်ယာစိုက်ပျိုးရေး ပြန်လည် တည်ဆောက်မှုနှင့် စုပေါင်းပိုင်ပြုလုပ်သည့်လုပ်ငန်း အပြီးသတ်မှု။ ကေဒါများ အရေးကြီးပုံ ။ "စတက်ခနော့ဗ်" လှုပ်ရှားမှု။ လူနေမှုအဆင့်အတန်းတက်လာခြင်း။ ယဉ်ကျေးမှုအဆင့်အတန်းတက်လာခြင်း။ ဆိုဗီယက် တော်လှန်ရေး၏ အင်အား။**

၁၉၃၀–၃၃ ခုနှစ် စီးပွားရေး အကျပ်အတည်းအပြီး ၃ နှစ်ကြာပြီးနောက် အရင်းရှင်နိုင်ငံများ၌ စီးပွားရေးအကျပ်အတည်းသစ် စတင်လာချိန်တွင် ဆိုဗီယက်ယူနီယံနိုင်ငံ၏ စက်မှုလုပ်ငန်းသည် ဤကာလတလျှောက်လုံး အဆက်မပြတ် မှန်မှန်တိုးတက်လျက်ရှိသည်။ ကမ္ဘာ့အရင်းရှင်စက်မှု လုပ်ငန်းတခုလုံးအနေဖြင့် ၁၉၃၇ ခုနှစ် အလယ်တွင် ၁၉၂၉ ခုနှစ် ထုတ်လုပ်ရေးအဆင့်၏ ၉၅–၉၆ ရာခိုင်နှုန်းကို အနိုင်နိုင်ရရှိခဲ့ပြီး ၁၉၃၇ ခုနှစ် ဒုတိယနှစ်ဝက်တွင် အကျပ်အတည်းသစ်၏ ဒုက္ခများ အကြားကျရောက်သွားချိန်၌ ဆိုဗီယက်ယူနီယံ၏ စက်မှုလုပ်ငန်းသည် မှန်မှန်စုပုံလာသည့် တိုးတက်မှု ကြောင့် ၁၉၃၇ ခုနှစ်အကုန်တွင် ၁၉၂၉ ခုနှစ် အထွက်၏ ၄၂၈ ရာခိုင်နှုန်း သို့မဟုတ် စစ်မဖြစ်မီ အထွက်၏ ၇၀၀ ရာခိုင်နှုန်းကျော်ရရှိလာသည်။

ဤအောင်မြင်မှုများမှာ ပါတီနှင့် အစိုးရက ဇွဲနဘဲကြီးစွာ လုပ်ဆောင်ခဲ့ကာ ပြန်လည်တည်ဆောက်ရေးပေါ်လစီ၏ တိုက်ရိုက်ရရှိချက်များပင်ဖြစ်သည်။ ဤအောင်မြင်ချက်များ၏ ရလဒ်မှာ ဒုတိယ ၅ နှစ်စီမံကိန်း အချိန်စော၍ ပြီးစီးသွားခြင်းဖြစ်ပါသည်။

၁၉၃၇ ဧပြီ ၁ ရက် ၊ ဆိုလိုသည်မှာ ၄ နှစ်နှင့် ၃ လ အတွင်း ပြီးစီးသွားခြင်းဖြစ်ပါသည်။

ဤသည်မှာ ဆိုရှယ်လစ်စနစ်၏ အရေးကြီးဆုံးအောင်ပွဲဖြစ်သည်။ လယ်ယာစိုက်ပျိုးရေး၌ တိုးတက်မှုမှာလည်း အတူတူပင်ဖြစ်သည်။ သီးနှံစိုက်ပျိုးသည့် ဧရိယာစုစုပေါင်းမှာ (၁၉၁၃ ခုနှစ် စစ်မဖြစ်မီ) တွင် ဟက်တာပေါင်း ၁၀၅,၀၀၀,၀၀၀ ရှိနေရာမှ ၁၉၃၇ တွင် ၁၃၅,၀၀၀,၀၀၀ သို့တိုးများလာခဲ့သည်။ သီးနှံအထွက်မှာ ၁၉၁၃ ခုနှစ်တွင် ၄,၈၀၀,၀၀၀,၀၀၀ ပွတ် ရှိရာမှ ၁၉၃၇ တွင် ၆,၈၀၀,၀၀၀,၀၀၀ ပွတ် သို့တက်လာကာ ဝါဂွမ်းအကြမ်းမှာ ၄၄,၀၀၀,၀၀၀ ပွတ် မှ ၁၇၄,၀၀၀,၀၀၀

ပွတ်သို့၊ ဂုံလျှော်မှာ ၁၉,၀၀၀,၀၀၀ ပွတ်မှ ၃၁,၀၀၀,၀၀၀ ပွတ်သို့၊ သကြားချက်သည့် မုန်လာဥနီမှာ ၆၅၄,၀၀၀,၀၀၀ ပွတ်မှ ၁,၃၁၁,၀၀၀,၀၀၀ ပွတ်သို့၊ ဆီထွက်သီးနှံမှာ ၁၂၉,၀၀၀,၀၀၀ ပွတ်မှ ၃၀၆,၀၀၀,၀၀၀ ပွတ်သို့တိုးတက်ခဲ့ပါသည်။

၁၉၃၇ ခုနှစ်တွင် စုပေါင်းလယ်ယာတခုတည်း (နိုင်ငံတော်ပိုင် လယ်ယာမပါ) ကထွက်ရှိသည့် ရောင်းဝယ်နိုင်သည့် ပိုလျှံသီးနှံမှာ ၁,၇၀၀,၀၀၀,၀၀၀ ပွတ်ကျော်ခဲ့ပြီး ၁၉၁၃ ခုနှစ်က မြေရှင်များ၊ ကူးလတ်များ၊ လယ်သမားများ အတူတကွ ရောင်းချခဲ့သည့် သီးနှံထက် အနည်းဆုံး ၄၀၀,၀၀၀,၀၀၀ ပွတ်ကျော်ခဲ့သည်ကို ဖော်ပြရန်လိုပါသည်။

လယ်ယာစိုက်ပျိုးရေး လုပ်ငန်းခွဲတခုဖြစ်သည့် တိရိစ္ဆာန်မွေးမြူရေးတခုသာလျှင် စစ်မဖြစ်မီ အဆင့်ထက် နောက်ကျမြဲ နောက်ကျနေသေးပြီး ပိုမိုနှေးကွေးသည့်နှုန်းဖြင့် ဆက်လက်တိုးတက်နေပါသည်။

လယ်ယာစိုက်ပျိုးရေးကို စုပေါင်းပိုင်လုပ်ဆောင်သည့် လုပ်ငန်းနှင့် ပတ်သက်၍မူ ပြည့်စုံသွားပြီဟု ယူဆနိုင်ပါသည်။ ၁၉၃၇ ခုနှစ်၌ စုပေါင်းလယ်ယာသို့ဝင်ခဲ့သည့် လယ်သမား အိမ်ထောင်စု ပေါင်းမှာ ၁၈,၅၀၀,၀၀၀ ရှိပြီး လယ်သမားအိမ်ထောင်စု စုစုပေါင်း၏ ၉၃ ရာခိုင်နှုန်း ရှိပြီး၊ စုပေါင်းလယ်ယာ သီးနှံထွက် ဧရိယာမှာ လယ်သမားများ၏ သီးနှံထွက်ဧရိယာစုစုပေါင်း၏ ၉၉ ရာခိုင် နှုန်းရှိသည်။

ယခုအခါတွင် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းကို ပြန်လည်တည်ဆောက်မှုနှင့် လယ်ယာစိုက်ပျိုးရေး ရည်မှန်းချက်များအတွက် လယ်ထွန်စက်နှင့် စက်ယန္တရားများ အများအပြား ထောက်ပံ့ပေးမှုတို့၏ အောင်သီးအောင်နှံများ ပေါ်ထွက်လာခဲ့ပြီးဖြစ်သည်။ စက်မှုလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်း ပြန်လည်တည်ဆောက်ခြင်း ပြီးပြည့်စုံသွားမှု၏ အကျိုးရလဒ်အဖြစ် အမျိုးသားစီးပွားရေးသည် ယခုအခါ ပထမတန်းစား နည်းပညာများဖြင့် ပေါပေါများများ တပ်ဆင်ပြီးဖြစ်သည်။ စက်မှုလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးစနစ်နှင့် စစ်တပ်တို့တွင် ခေတ်မီနည်းပညာများဖြစ်သော စက်ယန္တရားနှင့် စက်ကိရိယာများ၊ လယ်ထွန်စက်နှင့် လယ်ယာသုံးစက်ယန္တရားများ၊ မီးရထားနှင့် ပင်လယ်ကူးသင်္ဘောများ၊ အမြောက်နှင့် တင့်ကားများ၊ လေယာဉ်ပျံနှင့် စစ်သင်္ဘောစသည့် ပစ္စည်း အမြောက်အမြား တပ်ဆင်ခဲ့ပြီးဖြစ်ပေသည်။ ဤနည်းပညာအားလုံးကို ကြိုးကိုင်အသုံးပြုပြီး အမြတ်အများဆုံး ထုတ်ယူနိုင်သည့် ပညာသည်များ ထောင်နှင့်သောင်းနှင့်ချီ၍ လိုအပ်ခဲ့သည်။ ဤအရာမရှိပါက နည်းပညာများကို ကျွမ်းကျင်သည့် လူအလုံအလောက်မရှိပါက နည်းပညာသည် အသက်မရှိ၊ အသုံးမပြုရသောအရာ ဖြစ်သွားမည့်အန္တရာယ်ရှိသည်။ ဤသည်မှာ အလွန်အရေးကြီးသည့် အန္တရာယ်ဖြစ်ပြီး နည်းပညာများကို ကြိုးကိုင်အသုံးပြုနိုင်သော၊ ကျွမ်းကျင်သော ပညာသည်များ တိုးပွားမှုသည် နည်းပညာကျယ်ပြန့်လာမှုနှင့် အညီလိုက်၍ မမီနိုင်ပဲ အလွန်နောက်ကျ ကျန်နေခဲ့ခြင်း၏ရလဒ်ဖြစ်သည်။ စက်မှုလုပ်ငန်းအုပ်ချုပ်ရေးအရာရှိ အတော်များများသည် ဤအန္တရာယ်ကို မမြင်ဘဲ နည်းပညာများသည် “ မိမိဘာသာ အလုပ်လုပ်သွားလိမ့်မည်” ဟု ယုံကြည်နေကြသည့် အချက်က ပြဿနာများကို ပိုမိုရှုပ်ထွေးစေခဲ့သည်။ ထို့အပြင် ယခင်က သူတို့သည် နည်းပညာ၏ အရေးပါမှုကို အထင်သေးရှုတ်ချခဲ့ပြီး၊ ယခုအခါ၌မူ အလွန်အကျွံ အထင်ကြီးကာ ကိုးကွယ်ဆည်းကပ်လာပြန်ပါသည်။ နည်းပညာကို ကျွမ်းကျင်သည့်သူများမရှိပါက နည်းပညာသည် အသက်မဲ့သည့်

အရာဖြစ်ကြောင်းကို နားလည်သိမြင်ခြင်း မရှိကြချေ။ နည်းပညာကို အစွမ်းကုန်ဖြစ်ထွန်းနိုင်ရန်မှာ နည်းပညာကျွမ်းကျင်သူများ လိုအပ်ကြောင်းကို သိနားလည်ခြင်းမရှိကြချေ။

ထို့ကြောင့် နည်းပညာကျွမ်းကျင်သည့် ကေဒါများပြဿနာသည် အဓိက အရေးကြီးသည့် အချက်ဖြစ်လာတော့သည်။ နည်းပညာအပေါ်တွင် အလွန်အကျွံ စိတ်အားထက်သန်မှု ပြသပြီး အကျိုးဆက်အဖြစ် နည်းပညာကျွမ်းကျင်သူများ၊ ကေဒါများ အပေါ်အထင်အမြင်သေးသည့် အုပ်ချုပ်သူများသည် မိမိတို့၏ အာရုံစူးစိုက်မှုကို နည်းပညာများ လေ့လာကျွမ်းကျင်မှုရှိရန်နှင့် နည်းပညာ များကို ကိုင်စွဲအသုံးချနိုင်ပြီး အစွမ်းကုန်အသုံးချနိုင်သည့် ကေဒါပညာသည်များ အမြောက်အမြား မွေးမြူရေးတွင် အစစအရာရာ လုပ်ဆောင်ပေးရန် လှည့်ပြောင်းပေးရမည်။

ယခင် ပြန်လည်တည်ဆောက်ရေးကာလ စတင်စဉ်ဖြစ်သော တိုင်းပြည်တွင် နည်းပညာ ရှားပါးစဉ်က ပါတီသည် “ပြန်လည်တည်ဆောက်ရေးကာလအတွင်း နည်းပညာသည် အရာရာကို ဆုံးဖြတ်သည်” ဟူသောကြွေးကြော်သံကို ထုတ်ပြန်ခဲ့သော်လည်း ယခုအခါ၌မူ နည်းပညာများ ပေါပေါ များများ ရှိလာပြီးသောအခါ ပြန်လည်တည်ဆောက်ရေးသည် အဓိကအားဖြင့် ပြီးပြည့်စုံပြီဖြစ်သော အခါနှင့် တိုင်းပြည်၌ ကေဒါရှားပါးမှုနှင့် ကြုံတွေ့နေရသောအခါ ပါတီအတွက် ကြွေးကြော်သံအသစ် တရပ်ထုတ်ပြန်ရန် တာဝန်ကျရောက်လာပါသည်။ နည်းပညာအပေါ် သိပ်အာရုံမစိုက်ပဲ၊ နည်းပညာ ကို အပြည့်အဝ အသုံးချနိုင်သည့် ကေဒါပေါ်တွင် အာရုံစိုက်သည့် ကြွေးကြော်သံတရပ် ထုတ်ရန်ဖြစ် သည်။

ဤပြဿနာနှင့် ပတ်သက်၍ ၁၉၃၅ ခုနှစ် မေလတွင် တပ်နီတော် အကယ်ဒမီမှ ဘွဲ့ရကျောင်း ဆင်းများအား ရဲဘော်စတာလင် ပြောကြားခဲ့သည့် မိန့်ခွန်းမှာ အလွန်အရေးကြီးသည်။

ရဲဘော်စတာလင်က – “ယခင်ကနည်းပညာသည် အရာရာကိုဆုံးဖြတ်သည်” ဟု ကျွန်တော် တို့ ဆိုလေ့ရှိခဲ့သည်။ ဤကြွေးကြော်သံသည် အတတ်ပညာရှားပါးမှု အဆုံးသတ်ပစ်ရေးအတွက် ကျွန်တော်တို့ကို အကူအညီပေးခဲ့ပြီး ပထမတန်းစား နည်းပညာများနှင့် ပြည်သူများကို တပ်ဆင် ပေးသည့် လုပ်ငန်းခွဲများအားလုံးတွင် ကျယ်ပြောလှသော နည်းပညာဆိုင်ရာ အခြေခံကို ဖန်တီး ပေးခဲ့သည်။ ဤသည်မှာအလွန်ကောင်းသည်။ သို့သော်ဤသည်မှာ မလုံလောက်ပေ။ ယခုအချိန်တွင် မလုံလောက်သေးပေ။ နည်းပညာကို ဆက်လက်ဖြစ်ပေါ်ပြီး အပြည့်အဝ အသုံးချနိုင်ရန်အတွက် နည်းပညာကျွမ်းကျင်သည့်သူများ လိုအပ်သည်။ ဤနည်းပညာကို အတတ်ပညာစည်းကမ်း အားလုံး နဲ့အညီ ကျွမ်းကျင်အသုံးချနိုင်သည့် ကေဒါများ လိုအပ်သည်။ နည်းပညာကျွမ်းကျင်သည့်သူများမရှိ ပါက နည်းပညာသည် အသေပင်ဖြစ်သည်။ နည်းပညာကျွမ်းကျင်သူများ၏ စီမံကွပ်ကဲမှုအောက်တွင် နည်းပညာသည် ထူးထွေသည့် အံ့ရာသောဝ်များကို လုပ်လည်းလုပ်ဆောင်နိုင်သည်။ လုပ်လည်းလုပ်ရ မည်ဖြစ်သည်။ ကျွန်တော်တို့၏ ပထမတန်းစား စက်ရုံ၊ အလုပ်ရုံများတွင် ကျွန်တော်တို့၏ နိုင်ငံတော် ပိုင် လယ်ယာများနှင့် စုပေါင်းလယ်ယာများတွင်၊ ကျွန်တော်တို့၏ သယ်ယူပို့ဆောင်ရေးစနစ်တွင်၊ ကျွန်တော်တို့၏ တပ်နီတော်တွင် ဤနည်းပညာကို ကြိုးကိုင်အသုံးချနိုင်သည့် ကေဒါ အလုံအလောက် ရှိပါက ကျွန်တော်တို့တိုင်းပြည်သည် လက်ရှိအဆင့်ထက် သုံးလေးဆပိုမြင့်သည့် ရလဒ်များကို အာမခံ နိုင်သည်။ ထို့ကြောင့်ပင် ယခုအခါ၌ လူတွေအပေါ်၊ ကေဒါတွေအပေါ်၊ နည်းပညာကျွမ်းကျင်သည့် အလုပ်သမားများအပေါ် အရေးထားကြရခြင်းဖြစ်သည်။ ထို့ကြောင့်ပင် ပြီးခဲ့သည့်ကာလ၊ အတတ်

ပညာရှားပါးသည့်ကာလကို ရောင်ပြန်ဟပ်သည့် “နည်းပညာသည် အရာရာ ဆုံးဖြတ်သည်” ဟူသော ကြွေးကြော်သံဟောင်းနေရာတွင် ကြွေးကြော်သံသစ် “ကေဒါများသည် အရာရာဆုံးဖြတ် သည်” ဆိုသည်နှင့် အစားထိုးလာခြင်းဖြစ်သည်။ ယခုအခါ ဤသည်မှာ အဓိက ဖြစ်နေပေသည်။

“ကမ္ဘာကပိုင်ဆိုင်သည့် အဖိုးတန်အရင်းအနှီးအားလုံးထဲတွင် တန်ဖိုးအရှိဆုံးနှင့် အဆုံးအဖြတ်အကျဆုံးမှာ လူ၊ ကေဒါဖြစ်သည်ဆိုခြင်းကို သိဖို့အချိန်ကျရောက်လာပေပြီ။ ယခုလက်ရှိအခြေအနေတွင် “ကေဒါများသည် အရာရာဆုံးဖြတ်သည်” ဆိုသည်ကို နားလည်ရမည်။ ကျွန်တော်တို့ စက်မှုလုပ်ငန်း၊ လယ်ယာလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးနှင့် စစ်တပ်တွင် ကေဒါကောင်း အမြောက်အမြားရှိပါက ကျွန်တော်တို့တိုင်းပြည်ကို မည်သူမျှ ရန်ပြုချိုးနှိမ်နိုင်မည် မဟုတ်ပေ။ ဤကဲသို့သော ကေဒါများမရှိပါက ကျွန်တော်တို့သည် ခြေနှစ်ဖက်စလုံး မသန်မစွမ်းဖြစ်နေသူနှင့် တူပေလိမ့်မည်။ **(ဂျေ စတာလင်၊ လီနင်ဝါဒ ပြဿနာများ။ အင်္ဂလိပ်ဘာသာ၊ မော်စကို ၁၉၄၇ ခုနှစ်။ စာမျက်နှာ ၅၂၃၊ ၅၂၄)**

ဤသို့ဖြင့် ယခုကာလ၏ အဓိကတာဝန်မှာ အတတ်ပညာသည် ကေဒါများ အရှိန်မြှင့်လေ့ကျင့်မွေးမြူရန်နှင့် နည်းပညာသစ်များကို အလျင်အမြန် ကျွမ်းကျင်လာရေးဖြစ်လာသည်။ ဤသည်တို့မှာ လုပ်အားထုတ်လုပ်မှု (productivity of labour) အဆက်မပြတ်မြင့်တက် နေရေးအတွက် ရည်ရွယ်ပေသည်။

ဤကဲ့သို့ကေဒါများ ပေါ်ထွက်လာခြင်း၊ နည်းပညာအသစ်များကို ကျွန်ုပ်တို့ ပြည်သူများက ကျွမ်းကျင်လာခြင်းနှင့် လုပ်အားထုတ်လုပ်မှု အဆက်မပြတ် မြင့်တက်နေခြင်းတို့၏ အထင်ရှားဆုံး ဥပမာမှာ စတက်ခနော့ဗ် (Stakhanov) လှုပ်ရှားမှုပင်ဖြစ်သည်။ ဤလှုပ်ရှားမှုသည် ဒိုနက်ဇ် ချိုင့်ဝှမ်းရှိ ကျောက်မီးသွေးလုပ်ငန်း စတင်ပေါ်ပေါက် ဖြစ်ထွန်းတိုးတက်လာပြီး အခြားစက်မှုလုပ်ငန်းခွဲများ၊ မီးရထားလုပ်ငန်းများသို့ ပျံ့နှံ့သွားကာ နောက်ပိုင်းတွင် လယ်ယာလုပ်ငန်းသို့လည်း ရောက်ရှိသွားတော့သည်။ ဤလှုပ်ရှားမှုကို စတင်ဖန်တီးသူ အလယ်ပိုင်း အာမီနို ကျောက်မီးသွေးတွင်း (ဒိုနက်ဇ်) ချိုင့်ဝှမ်းမှ ကျောက်မီးသွေးတူးသမား အလက်ဇီ စတက်ခနော့ဗ် (Alexei Stakhanov) ၏ အမည်ကို အကြောင်းပြုပြီး စတက်ခနော့ဗ် လှုပ်ရှားမှုဟုခေါ်တွင်ခြင်းဖြစ်သည်။ စတက်ခနော့ဗ်ကို ကျောက်မီးသွေးတူးခြင်းတွင် ယခင်စံချိန်ဟောင်းအားလုံးကို ချိုးပစ်သည့် နီကိတာအိုင်ဇိုတော့ဗ် (Nikita Izotov) ကကျော်တက်ခဲ့သည်။ ၁၉၃၅ ခုနှစ်၊ ဩဂုတ် ၃၁ ရက်နေ့၌ စတက်ခနော့ဗ်သည် အလုပ်ဆိုင်းတဆိုင်းအတွင်း ကျောက်မီးသွေး ၁၀၂ တန်ကို တူးခဲ့ပြီး စံချိန်အထွက်နှုန်းထက် ၁၄ ဆကျော်သွားခဲ့သည်။ ဤသည်က အထွက်စံချိန်များမြှင့်တင်ရေးနှင့် လုပ်အားထုတ်လုပ်မှု တိုးတက်ရေးအသစ်တရပ်အတွက် အလုပ်သမားနှင့် စုပေါင်းလယ်ယာလယ်သမားများ၏ လူထုလှုပ်ရှားမှုတရပ်ကို ဖွင့်လှစ်ပေးလိုက်သည်။ ကားလုပ်ငန်းဌာနမှ ဘူစီဂျင် (Busygin)၊ ဖိနပ်လုပ်ငန်းမှ စမီတာနင် (Smetanin)၊ မီးရထားလုပ်ငန်းမှ ခရီဗိုနော့စ် (Krivonoss)၊ သစ်လုပ်ငန်းမှ မူဇင်စကီး (Musinsky)၊ အဝတ်အထည်လုပ်ငန်းမှ အဗ်ဒိုကရား ဗီနိုဂရာဒိုဗာ (Evdokia Vinogradova)နှင့် မာရီယာ ဗီနိုဂရာဒိုဗာ (Maria Vinogradova)နှင့် လယ်ယာစိုက်ပျိုးရေးမှ မာရီယာ ဒင်မ်ချက်ကို (Maria Demchenko) ၊ မာရီယာနာတင်ကို (Meria Gnatenko)၊ ပီအင်ဂျယ်လီနာ (P.Angelina)၊ ပိုလာဂူတင် (Polagutin)၊ ကိုလက်ဆော့ဗ် (Kolesov)၊ ကိုဗာဒက်ခ် (Kovardok)နှင့် ဘိုရင် (Borin)...။ ဤသူများသည် စတက်ခနော့ဗ် လှုပ်ရှားမှု၏ ပထမဆုံးသော စံပြများဖြစ်ကြသည်။

သူတို့ကို တပ်နှင့်ချီသော အခြားစံပြများက အမီလိုက်ခဲ့ကြပြီး၊ သူတို့သည် ယခင်စံပြများ၏ လုပ်အားထုတ်လုပ်မှုကို ကျော်လွန်ခဲ့ကြသည်။

၁၉၃၅ ခု နိုဝင်ဘာလ၌ ကရင်မလင်တွင် ကျင်းပခဲ့သော ပထမအကြိမ် စတက်ခနော့ဗ်များ၏ တပြည်လုံးဆိုင်ရာ (**All-union**) ကွန်ဖရင့်နှင့် ထိုကွန်ဖရင့်တွင် ရဲဘော်စတာလင် ပြောကြားခဲ့သည့် မိန့်ခွန်းက စတက်ခနော့ဗ် လှုပ်ရှားမှုကို အကြီးအကျယ် လှုံ့ဆော်ပေးလိုက်သည်။

ထိုမိန့်ခွန်း၌ ရဲဘော်စတာလင်က ... "စတက်ခနော့ဗ် လှုပ်ရှားမှုသည် ဆိုရှယ်လစ်ပြိုင်ဆိုင်မှု၏ ဒီရေလှိုင်းသစ်တခု၊ ဆိုရှယ်လစ်ပြိုင်ဆိုင်မှု၏ အဆင့်မြင့်သစ်တရပ်ကို ဖော်ပြခြင်းဖြစ်သည်။ အတိတ်က လွန်ခဲ့သည့် ၃ နှစ်က ဆိုရှယ်လစ်ပြိုင်ဆိုင်မှု ပထမအဆင့်ကာလက ဆိုရှယ်လစ်ပြိုင်ဆိုင်မှုသည် ခေတ်သစ်နည်းပညာနှင့် မလွဲကေန်ပေါင်းစပ်ထားခြင်း မရှိသေးချေ။ အမှန်ပြောရလျှင် ထိုအချိန်က ကျွန်တော်တို့တွင် ခေတ်မီနည်းပညာ အလွန်ရှားပါးနေသည်။ တဖက်တွင်မူ ဆိုရှယ်လစ်ပြိုင်ဆိုင်မှု၏ လက်ရှိအဆင့် စတက်ခနော့ဗ်လှုပ်ရှားမှုမှာ ခေတ်မီနည်းပညာနှင့် မလွဲကေန်တွဲဖက်မိခဲ့သည်။ စတက်နော့ဗ် လှုပ်ရှားမှုမှာ အဆင့်မြင့်နည်းပညာမရှိပါက စဉ်းစား၍ပင်မရနိုင်။ ကျွန်တော်တို့တွင် ရဲဘော်စတက်ခနော့ဗ်၊ ဘူစီဂျင်၊ စမီတာနင်၊ ခရီဗိုနော့ဗ်၊ ဗီနုဂရာဒိုဗာ စသည့် လုပ်ငန်းနည်းပညာ များကို တတ်ကျွမ်းပြီး ၎င်းတို့ကိုအသုံးချကာ ရှေ့တန်းတင်နိုင်သည့် ဥပမာများ အများအပြားရှိထား ပါသည်။ လွန်ခဲ့သည့် ၃ နှစ်က ဤကဲ့သို့သော လူမျိုးများမရှိခဲ့။ သို့မဟုတ် အနိုင်နိုင်သာ ရှိခဲ့ပါသည်။ စတက်ခနော့ဗ် လှုပ်ရှားမှု၏ ထူးခြားချက်မှာ မလုံလောက် မပြည့်စုံဖြစ်နေသည့်အတွက် နည်းပညာဟောင်းများကို ဖျက်သိမ်းလိုက်ပြီး၊ ကိစ္စအတော်များများတွင် ရှေ့တန်းအရောက်ဆုံး အရင်းရှင် နိုင်ငံများ၏ လုပ်အားထုတ်လုပ်မှုကို ကျော်လွန်နိုင်ခဲ့သည်။ ဤနည်းဖြင့် ကျွန်တော်တို့ တိုင်းပြည်၏ ဆိုရှယ်လစ်စနစ်ကို ဆက်လက်ခိုင်မာလာစေရန် လက်တွေ့ဖြစ်နိုင်ခြေများ၊ အချမ်းသာအကြွယ်ဝ ဆုံးသောနိုင်ငံအဖြစ်သို့ ကျွန်တော်တို့ တိုင်းပြည်ကို ပြောင်းလဲစေနိုင်သည်။ ဖြစ်နိုင်ခြေများကို ဖန်တီးပေးသည့် အချက်ပင်ဖြစ်ပေ သည်။ **(အထက်ပါစာစောင်၊ စာမျက်နှာ ၅၂၆၊ ၅၂၇)**

စတက်ခနော့ဗ်များ၏ လုပ်ငန်းနည်းနာများကို ရှင်းပြရင်း အနာဂတ်တိုင်ပြည်အတွင်း စတက်ခနော့ဗ်လှုပ်ရှားမှု၏ ကြီးမားလှသော ထူးခြားချက်ကို ဖော်ပြရာ၌ ရဲဘော်စတာလင်က ဆက်လက်ပြောကြားသည်မှာ...

"ကျွန်တော်တို့၏ စတက်ခနော့ဗ် ရဲဘော်များကို ပိုပြီးနီးနီးကပ်ကပ်ကြည့်ကြပါ။ သူတို့ဟာ ဘယ်လိုလူစားမျိုးတွေပါလဲ။ သူတို့ဟာ အများသောအားဖြင့် လူငယ် သို့မဟုတ် လူလတ်အလုပ်သမားနှင့် အလုပ်သမများဖြစ်ပြီး ယဉ်ကျေးမှုနှင့် နည်းပညာအတတ်ပညာများရှိကာ လုပ်ငန်းတိကျမှန်ကန်ပြတ်သားရာ၌ စံပြအခန်းဖော်ထုတ်ကြပြီး လုပ်ငန်းအတွင်း အချိန်၊ အကြောင်းအချက်အလက်ကို လေးလေးနက်နက် တန်ဖိုးထားနိုင်ကာ၊ မိနစ်များကိုသာမက စက္ကန့်များကိုပင် ထည့်သွင်းတွက်ချက်တတ်သူများဖြစ်သည်။ ၎င်းတို့အများစုသည် အနိမ့်ဆုံးနည်း ပညာ (**Technical minimum-** ဆိုရှယ်လစ်စက်မှုလုပ်ငန်းတွင်းရှိ အလုပ်သမားများအတွက် အနိမ့်ဆုံးလိုအပ်သည့် အတတ်ပညာ) သင်တန်းများကို တက်ရောက်ခဲ့ဖူးသူများဖြစ်ပြီး နည်းပညာ၊ အတတ်ပညာများကို ဆက်လက်သင်ယူနေကြသည်။ သူတို့သည် တချို့အင်ဂျင်နီယာများ၊ အတတ်ပညာရှင်များနှင့် လုပ်ငန်းအုပ်ချုပ်သူများတွင် ရှိနေသော အစဉ်အလာဝါဒစွဲများနှင့် ထိုင်းမှိုင်းနေခြင်း (stagnation)

များကင်းဝေးပြီး ရှေ့သို့ရဲရဲကြီးချီတက်နေသည်။ ခေတ်မမီ နောက်ကျနေသည့် အတတ်ပညာ စံချိန်များကို ချေမှုန်းပြီး ပိုမိုမြင့်မားသည့် စံချိန်သစ်များကို ဖန်တီးနေကြသည်။ သူတို့သည် စက်မှုလုပ်ငန်းခေါင်းဆောင်များက ရေးဆွဲပေးသည့် စီးပွားရေးစီမံကိန်းများနှင့် ပုံစံချပေးထားသော လုပ်နိုင်ချေများကို ပြုပြင်ချက်များ တင်သွင်းလာကြသည်။ သူတို့သည် အင်ဂျင်နီယာများနှင့် အတတ်ပညာသည်များ ပြောဆိုမှုကို မကြာခဏဖြည့်စွက်ခြင်း၊ အမှားပြင်ခြင်းများကို လုပ်လာကြသည်။ သူတို့က ထိုသူများကို မကြာခဏ သင်ကြားပေးပြီး ရှေ့တိုးရန် တွန်းပေးကြသည်။ အဘယ်ကြောင့် ဆိုသော် သူတို့သည် ၎င်းတို့၏ လုပ်ငန်းနည်းပညာကို လုံးဝအပြည့်အစုံ ကျွမ်းကျင်သူများဖြစ်ပြီး အတတ်ပညာများထံမှ အမြင့်ဆုံး ညှစ်ထုတ်နိုင်သမျှ ညှစ်ထုတ်နိုင်စွမ်းရှိသူများ ဖြစ်ခြင်းကြောင့်ပင်ဖြစ်သည်။ ယနေ့ စတက်ခနော့ဗ်များသည် အရေအတွက် နည်းပါးနေသေးသော်လည်း မနက်ဖြန်တွင် ၎င်းတို့၏ ၁၀ ဆဖြစ်လာနိုင်သည်ကို မည်သူက သံသယဖြစ်လာနိုင်မည်နည်း။ စတက်ခနော့ဗ်များသည် စက်မှုလုပ်ငန်းတွင် အသစ်အဆန်းတီထွင်သူများဖြစ်ကြောင်း၊ စတက်ခနော့ဗ်လှုပ်ရှားမှုသည် ကျွန်တော်တို့ စက်မှုလုပ်ငန်း၏ အနာဂတ်ကို ကိုယ်စားပြုကြောင်း၊ ဤလှုပ်ရှားမှုတွင် အလုပ်သမားလူတန်းစား၏ ယဉ်ကျေးမှုနှင့် နည်းပညာအဆင့်အတန်း အနာဂတ်မြင့်တက်နိုင်မှုမျိုးစေ့များ ပါရှိနေကြောင်း၊ ဤလှုပ်ရှားမှုသည် ဆိုရှယ်လစ်စနစ်မှ ကွန်မြူနစ်စနစ်ကူးပြောင်းရေးအတွက်နှင့် ဉာဏလုပ်အား၊ ကာယလုပ်အား ကွာခြားမှုကို ဖျက်သိမ်းရေးအတွက် လိုအပ်သည့် ကုန်လုပ်စွမ်းအား၏ စံချိန်အညွှန်း (indices) မြင့်များကို မိမိတဦးတည်းဖြင့် အောင်မြင်ရရှိနိုင်သည့် လမ်းကြောင်းကို ဖွင့်လှစ်ပေးကြောင်းဆိုသည်ကိုရှင်းမနေပေဘူးလား။ **(အထက်ပါစာစောင်၊ စာမျက်နှာ ၅၂၉)**

စတက်ခနော့ဗ် လှုပ်ရှားမှု ပျံ့နှံ့သွားခြင်းနှင့် ဒုတိယ– ၅ နှစ်စီမံကိန်း အချိန်စောပြီးလိုက်ခြင်းက လုပ်သားပြည်သူများ၏ ယဉ်ကျေးမှုနှင့် နေထိုင်မှုအဆင့်အတန်းတွင် တိုးတက်လာမှုအသစ်အတွက် အကြောင်းအချက်များကို ဖန်တီးပေးလိုက်သည်။

ဒုတိယ ၅ နှစ် စီမံကိန်းကာလအတွင်း အလုပ်သမားနှင့် ရုံးဝန်ထမ်းများ၏ လစာစာရင်းမှာ ၂ ဆကျော်တိုးခဲ့သည်။ စုစုပေါင်း လစာစာရင်း (payroll) မှာ ၁၉၃၃ ခုနှစ်တွင် ရူဘယ်ငွေ ၃၄,၀၀၀,၀၀၀,၀၀၀ ရှိနေရာမှ ၁၉၃၇ တွင် ရူဘယ်ငွေ ၈၁,၀၀၀,၀၀၀,၀၀၀ သို့တိုးလာခဲ့သည်။ လူမှုရေး အာမခံရန်ပုံငွေမှာလည်း ထိုကာလတွင်မှာပင် ၄,၆၀၀,၀၀၀,၀၀၀ မှ ၅,၆၀၀,၀၀၀,၀၀၀ ရူဘယ်သို့ တိုးခဲ့သည်။ ၁၉၃၇ တနှစ်တည်းမှာပင် လူမှုရေးအဆင့်အတန်း မြင့်မားလာရေးနှင့် ယဉ်ကျေးမှု လိုအပ်ချက်များရရှိရန် အနားယူစခန်းများ၊ ကျန်းမာရေးစခန်းများ၊ ဆေးရုံများနှင့် ကျန်းမာရေးဌာနများတွင် အလုပ်သမားနှင့် ဝန်ထမ်းများအတွက် နိုင်ငံတော်မှ အာမခံငွေ ၁၀,၀၀၀,၀၀၀,၀၀၀ ရူဘယ် ငွေကိုတိုးချဲ့သုံးစွဲခဲ့သည်။

ကျေးလက်များ၌ စုပေါင်းလယ်ယာစနစ်သည် အခိုင်အမာ အနယ်ထိုင် တည်တန့်နေပြီး ဖြစ်သည်။ ဤသည်ကို ၁၉၃၅ ခုနှစ် ဖေဖော်ဝါရီလ၌ ကျင်းပသော စုပေါင်းလယ်ယာ မှန်တိုင်းလုပ်သားများ၏ ဒုတိယကွန်ဂရက်က ချမှတ်လိုက်သော လယ်ယာသမဝါယမ စည်းမျဉ်းများနှင့် ထာဝစဉ် လုပ်ပိုင်ခွင့် (perpetual tenure) နှင့် ၎င်းတို့ထွန်ယက်စိုက်ပျိုးသော မြေယာ၏ စုပေါင်းလယ်ယာများ အတွက် တာဝန်ခွဲဝေမှုများက ကြီးမားစွာ အထောက်အကူပြုခဲ့သည်။ စုပေါင်းလယ်ယာစနစ် ခိုင်မာ တောင့်တင်းလာခြင်းက ကျေးလက်လူထုအကြားရှိ ဆင်းရဲမှုနှင့်မလုံမခြုံဖြစ်မှုကို အဆုံးသတ်ပစ်

လိုက်သည်။ ယခင်လွန်ခဲ့သည့် ၃ နှစ်က စုပေါင်းလယ်ယာသမားများသည် တနေ့လုပ်ခယူနစ် (work-day-unit) အတွက် သီးနှံ ၁ ကီလိုမှ ၂ ကီလိုဂရမ် သာရရှိခဲ့ပြီး၊ ယခုအခါ၌မူ သီးနှံစိုက်ပျိုးမှု ဒေသများမှ စုပေါင်းလယ်ယာ လယ်သသမား အများစုသည် ၅ ကီလိုဂရမ် မှ ၁၂ ကီလိုဂရမ်ရရှိနေကာ အများအပြားမှာ တနေ့လုပ်ခ တယူနစ် အတွက် ၂၀ ကီလိုဂရမ်ပင်ရရှိနေသည်။ ထို့အပြင် အခြား ထွက်ကုန်အမျိုးအစားနှင့် ဝင်ငွေများလည်းရှိနေပါသည်။ သီးနှံစိုက်ပျိုးသည့် ဒေသများမှ စုပေါင်းလယ်ယာ အိမ်ထောင်စုများတွင် နှစ်စဉ်ရိက္ခာ ပွတ် (poods) ၅၀၀ မှ ၁၅၀၀ အထိ ရရှိလာသည့် သူများမှာ သန်းနှင့်ချီရှိနေပြီး ဝါဂွမ်း၊ မုံလာဉ၊ ဂုံလျှော်၊ တိရိစ္ဆာန်မွေးမြူရေး၊ စပျစ်သီးနှင့် အသီးအနှံ စိုက်ပျိုးရေး၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးရေးဒေသများ၌လည်း နှစ်စဉ်ဝင်ငွေမှာ ရူဘယ်ထောင်၊ သောင်း ချီနေပေသည်။ စုပေါင်းလယ်ယာများသည် ထွန်းကားကြွယ်ဝလာကြသည်။ ယခုအခါ စုပေါင်း လယ်ယာ အိမ်ထောင်စုများ၏ အဓိကကြောင့်ကြမှုမှာ စပါးကျီသစ်များ၊ ဂိုဒေါင်သစ်များ ဆောက် ရန်ဖြစ်ပြီး အဆောက်အဦးဟောင်းများမှာ နှစ်စဉ်ရရှိသည့် အနည်းအပါးအတွက်သာ ဆောက်လုပ် ထားသဖြင့် ယခုအခါ တအိမ်ထောင်လိုအပ်မှု၏ ဆယ်ပုံတပုံမျှပင် မရှိချေ။ ၁၉၃၆ ခုနှစ်၌ ပြည်သူ လူထု၏ လူနေမှုအဆင့်အတန်း မြင့်လာသည့်အတွက် အစိုးရသည် သားဖျက်ချမှုကို တားဆီးသည့် ဥပဒေပြဋ္ဌာန်းပြီး တချိန်တည်းမှာပင် သားဖွားရုံများ၊ ကလေးထိန်းကျောင်းများ၊ နို့တိုက်ဌာနများ (milk centres) နှင့် သူငယ်တန်းကျောင်းအတွက် ကြီးမားကျယ်ပြန့်လှသည့် စီမံကိန်းကို ချမှတ်လိုက် သည်။ ၁၉၃၅ ခုနှစ်တွင် ဤလုပ်ငန်းအတွက် ရူဘယ်ငွေ ၈၇၅,၀၀၀,၀၀၀ သုံးခဲ့ပြီး၊ ၁၉၃၆ ခုနှစ်တွင်မူ၂,၁၇၄,၀၀၀,၀၀၀ ရူဘယ်ငွေ အကုန်ခံရန် လျာထားသည်။ အိမ်ထောင်စုကြီးသူများအတွက် သင့်တော်သည့်ထောက်ပံ့ငွေများပေးရန် ဥပဒေပြဋ္ဌာန်းသည်။ ဤဥပဒေအရ ၁၉၃၇ တွင် ထောက်ပံ့ ငွေစုစုပေါင်း ရူဘယ် ၁,၀၀၀,၀၀၀,၀၀၀ ထုတ်ပေးခဲ့သည်။

မသင်မနေရ အကြွင်းမဲ့ပညာရေးစနစ် ကျင့်သုံးမှုနှင့် ကျောင်းများအသစ် ဆောက်လုပ်ပေး ခြင်းတို့က ပြည်သူလူထု၏ ပညာရေးတိုးတက်မှုကို လျင်မြန်စေခဲ့သည်။ တိုင်းပြည်တဝန်း ကျောင်း အများအပြား တည်ဆောက်ခဲ့သည်။ မူလတန်းနှင့် အလယ်တန်း ကျောင်းသားဦးရေမှာ ၁၉၁၄ ခုနှစ်တွင် ၈,၀၀၀,၀၀၀ ရှိရာမှ ၁၉၃၆–၃၇ ခုနှစ်စာသင်နှစ်တွင် ၂၈,၀၀၀,၀၀၀ သို့တိုးများခဲ့သည်။ ထိုကာလတွင်ပင် တက္ကသိုလ်ကျောင်းသားများမှာ ၁၁၂,၀၀၀ မှ ၅၄၂,၀၀၀ သို့တိုးလာခဲ့ပေသည်။

ဤသည်မှာစစ်မှန်လှသော ယဉ်ကျေးမှုတော်လှန်ရေး တရပ်ပင်တည်း။ လူထု၏ လူမှုဖူလုံရေး နှင့် ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားလာခြင်းသည် ကျွန်တော်တို့ ဆိုရှယ်လစ်တော်လှန်ရေး အင်အား၊ စွမ်းရည်နှင့် အနိုင်မခံအရှုံးမပေးခြင်းတို့ကို ရောင်ပြန်ဟပ်ပြသည်။ အတိတ်က တော်လှန်ရေး များသည် လူထုကို လွတ်လပ်ရေးပေးသော်လည်း လူထု၏ ရုပ်ဝတ္ထုပစ္စည်းနှင့် ယဉ်ကျေးမှုအ ခြေအနေများကို လေးလေးနက်နက် တိုးတက်ကောင်းမွန်အောင် မလုပ်နိုင်မှုကြောင့် ဆုံးရှုံးခဲ့ရသည်။ ဤနေရာမှာ အဓိကအားနည်းချက်ဖြစ်သည်။ ကျွန်တော်တို့ တော်လှန်ရေးများနှင့် အခြား တော်လှန် ရေး အားလုံး၏ ခြားနားချက်မှာ ဤတော်လှန်ရေးသည် ပြည်သူများကို ဇာဘုရင်အုပ်စိုးမှုနှင့် အရင်း ရှင်စနစ်အောက်မှ လွတ်မြောက်စေရုံမက ပြည်သူလူထု၏ လူမှုဖူလုံရေးနှင့် ယဉ်ကျေးမှု အဆင့်အတန်း ကို အရင်းအမြစ်မှစ၍ တိုးတက်ကောင်းမွန်စေခြင်းပင်ဖြစ်သည်။ ဤနေရာမှာ ၎င်း၏ အင်အားစွမ်းရည် နှင့် အနိုင်မခံအရှုံးမပေးခြင်းပင်ဖြစ်သည်။

စတက်ခနော့ဗ်များ၏ ပြည်လုံးဆိုင်ရာ ပထမကွန်ဖရင့်တွင် ရဲဘော်စတာလင် ပြောကြားရာ၌

“ ကျွန်တော်တို့၏ ပစ္စည်းမဲ့တော်လှန်ရေးသည် ပြည်သူများကို နိုင်ငံရေးအကျိုးများသာမက ရုပ်ဝတ္ထုပစ္စည်းအကျိုးများကိုလည်း ပြသပေးနိုင်သည့် ကမ္ဘာပေါ်ရှိတခုတည်းသော တော်လှန်ရေးဖြစ်သည်။ အလုပ်သမားများ၏ တော်လှန်ရေး အားလုံးထဲတွင် အာဏာရယူနိုင်သည့် တော်လှန်ရေးတခုကိုသာ ကျွန်တော်တို့သိသည်။ ထိုတော်လှန်ရေးမှာ ပဲရစ်ဘုံအဖွဲ့ဖြစ်သည်။ သို့သော် ကြာကြာမခံခဲ့။ ၎င်းက အရင်းရှင်စနစ်၏ အချုပ်အနှောင်များကို ချေမှုန်းရန် ကြိုးပမ်းခဲ့သည် မှန်သော်လည်း ချေမှုန်းရန် အချိန်မရရှိခဲ့ပဲ၊ ပြည်သူများကိုလည်း တော်လှန်ရေး၏ ရုပ်ဝတ္ထုအကျိုးကျေးဇူးများကို မပြသနိုင်ခဲ့ချေ။ ကျွန်တော်တို့၏ တော်လှန်ရေးသည် အရင်းရှင်စနစ်၏ အချုပ်အနှောင်များကို ချေမှုန်းပြီး ပြည်သူလူထုကို လွတ်လပ်ခွင့်ပေးရုံမျှမက ပြည်သူလူထု၏ ဘဝချမ်းသာ ကြွယ်ဝလာစေရန် ရုပ်ဝတ္ထု အကြောင်းအချက်များကိုလည်း ဖန်တီးပေးသည့် တခုတည်းသော တော်လှန်ရေးဖြစ်ပေသည်။ ဤသည်မှာကျွန်တော်တို့တော်လှန်ရေး၏ စွမ်းရည်နှင့် မချိုးနှိမ်နိုင်မှုဖြစ်သည်။ **(အထက်ပါစာစောင်၊ စာမျက်နှာ–၅၃၂)**

## ၃။ ဆိုဗီယက်များ၏ (၈) ကြိမ်မြောက် ကွန်ဂရက်။ ဆိုဗီယက်ယူနီယံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေစည်းမျဉ်းသစ်ကို လက်ခံအတည်ပြုခြင်း။

၁၉၃၅ ခုနှစ် ဖေဖော်ပါရီတွင် ဆိုဗီယက်ဆိုရှယ်လစ်ပြည်ထောင်စုသမ္မတနိုင်ငံ၊ ဆိုဗီယက်များ၏ ၇ ကြိမ်မြောက် ကွန်ဂရက်က ၁၉၂၄ ခုနှစ်က လက်ခံအတည်ပြုခဲ့သည့် ဆိုဗီယက်ပြည်ထောင်စု၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြောင်းလဲရန် ဆုံးဖြတ်ချက်ချခဲ့သည်။ ပထမဖွဲ့စည်းအုပ်ချုပ်ပုံကို ၁၉၂၄ ခုနှစ်က စတင်လက်ခံချိန်မှစ၍ ဆိုဗီယက်ယူနီယံ၏ ဘဝသည် အလွန်ကြီးမားစွာ ပြောင်းလဲပြီးဖြစ်၍ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ပြုပြင်ရန် လိုအပ်လာခဲ့သည်။ ဤကာလအတွင်း တိုင်းပြည်တွင်းရှိ လူတန်းစားအင်အားစုများ၏ ဆက်ဆံမှုသည် လုံးဝပြောင်းလဲခဲ့ပြီး ဆိုရှယ်လစ် စက်မှုလုပ်ငန်းသစ်ကိုလည်း ဖန်တီးတည်ထောင်ခဲ့ပြီးဖြစ်သည်။ ကူးလတ်များကိုလည်း ချေမှုန်းခဲ့ပြီး စုပေါင်းလယ်ယာစနစ်လည်း အောင်ပွဲခံကာ ထုတ်လုပ်ရေးပရိဘောဂများအား ဆိုရှယ်လစ်ပိုင်ဆိုင်မှုကိုလည်း အမျိုးသားစီးပွားရေး၏ လုပ်ငန်းခွဲတိုင်း၌ ဆိုဗီယက်အဖွဲ့အစည်း၏ အခြေခံအဖြစ် ထူထောင်ပြီးဖြစ်သည်။ ဆိုရှယ်လစ်စနစ် အောင်ပွဲခံလိုက်မှုက ရွေးကောက်ပွဲစနစ် ပိုမိုဒီမိုကရေစီကျရေးနှင့် တန်းတူညီမျှသော အားလုံးလျှို့ဝှက်မဲနှင့် တိုက်ရိုက်မဲပေးခွင့် ကျင့်သုံးရေးကိုဖြစ်နိုင်စေခဲ့သည်။

ဆိုဗီယက်ယူနီယံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအသစ်ကို ရဲဘော်စတာလင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် ဖွဲ့စည်းအုပ်ချုပ်ပုံရေးဆွဲရေး ကော်မရှင်က ထိုရည်ရွယ်ချက်ဖြင့် ရေးဆွဲခဲ့သည်။ မူကြမ်းကို နိုင်ငံအဝန်း လေ့လာဆွေးနွေးခဲ့ရာ ဆွေးနွေးပွဲမှာ ၅ လခွဲ ကြာမြင့်ခဲ့သည်။ ထိုနောက် ဆိုဗီယက်များ၏ ၈ ကြိမ်မြောက် ကွန်ဂရက်တွင် တင်သွင်းခဲ့သည်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအသစ် မူကြမ်းကို လက်ခံအတည်ပြုရန် သို့မဟုတ် ပယ်ချရန်အတွက် အထူးခေါ်ယူကျင်းပသော ဆိုဗီယက်များ၏ ၈ ကြိမ်မြောက်ကွန်ဂရက်ကို ၁၉၃၆ ခုနှစ် နိုဝင်ဘာလတွင်ကျင်းပခဲ့သည်။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအသစ် မူကြမ်းနှင့်ပတ်သက်ပြီး ကွန်ဂရက်၌ အစီရင်ခံရာတွင် ရဲဘော်စတာလင်က ၁၉၂၄ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအား ကျင့်သုံးချိန်မှစ၍ ဆိုဗီယက်ယူနီယံ၌ ပေါ်ပေါက်ခဲ့သော အဓိကပြောင်းလဲမှုများကို ရေတွက်ပြသခဲ့သည်။

၁၉၂၄ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံကို စီးပွားရေး ပေါ်လစီသစ်ကာလ အစောပိုင်းတွင် ရေးဆွဲခဲ့သည်။ ထိုအချိန်က ဆိုဗီယက်အစိုးရသည် အရင်းရှင်စနစ် ဖြစ်ပေါ်တိုးတက်မှုကို ဆိုရှယ်လစ်စနစ် ဖြစ်ပေါ်တိုးတက်မှုနှင့် ယှဉ်တွဲလျက် ခွင့်ပြုခဲ့ဖြစ်ခဲ့သည်။ အရင်းရှင်စနစ်နှင့် ဆိုရှယ်လစ်စနစ်ဆိုသည့်စနစ် နှစ်ခုအကြား ပြိုင်ဆိုင်မှုဖြစ်စဉ်အတွင်း စီးပွားရေးနယ်ပယ်၌ ဆိုရှယ်လစ်စနစ်က အရင်းရှင်စနစ်အပေါ် အောင်ပွဲခံနိုင်ရေးကို စည်းရုံးလုပ်ဆောင်ရန်နှင့် အာမခံနိုင်ရန်အတွက် ဆိုဗီယက်အစိုးရက စီစဉ်ခဲ့သည်။ “မည်သူနိုင်မည်နည်း” ဆိုသည့်ပြဿနာကို မဖြေရှင်းနိုင်သေးချေ။ ဟောင်းနွမ်းခေတ်နောက်ကျနေပြီး မလုံလောက်သော အတတ်ပညာ ကိရိယာများနှင့် စက်မှုလုပ်ငန်းသည် စစ်မဖြစ်မီအဆင့်ကို မမီသေးချေ။ လယ်ယာလုပ်ငန်းမှ ပုံဖော်မှုများမှာ ပို၍ပင်အားမရစရာဖြစ်သည်။ နိုင်ငံတော်လယ်ယာနှင့် စုပေါင်းလယ်ယာများမှာ၊ တဦးချင်းလယ်သမား လယ်ယာများ၏ ကျယ်ပြောလှသော သမုဒ္ဒရာပြင်ထဲမှ ကျွန်းသေး၊ ကျွန်းမွှားမျှသာ ဖြစ်နေသေးသည်။ ထိုအချိန်က ပြဿနာမှာ ကူးလတ်များကို ချေမှုန်းရေး မဟုတ်သေးဘဲ၊ ထိန်းချုပ်ရေးမျှသာဖြစ်သေးသည်။ ဆိုရှယ်လစ်အစိတ်အပိုင်းမှာ တိုင်းပြည်ကုန်သွယ်ရေး၏ ၅၀ ရာခိုင်နှုန်းမျှ လောက်သာရှိသေးသည်။

၁၉၃၆ ခုနှစ် ဆိုဗီယက်ယူနီယံ၏ ပုံသဏ္ဍာန်များမှာ လုံးဝကွဲပြားခြားနားခဲ့ပေပြီ။ ထိုအချိန်တွင် တိုင်းပြည်၏ စီးပွားရေးဘဝသည် လုံးဝပြောင်းလဲသွားခဲ့ပေပြီ။ အရင်းရှင် အစိတ်အပိုင်းများသည် လုံးဝအချေမှုန်းခံလိုက်ရပြီး ဆိုရှယ်လစ်စနစ်သည် စီးပွားရေးဘဝအားလုံး၌ အောင်ပွဲခံနေသည်။ ယခုအခါ စစ်မဖြစ်မီ အထွက်ထက် ၇ ဆတိုး ထွက်နိုင်သေးသည့် အင်အားတောင့်တင်းလှသော ဆိုရှယ်လစ်စက်မှုလုပ်ငန်းရှိလာပြီး၊ တသီးပုဂ္ဂလစက်မှုလုပ်ငန်းများကို လုံးဝဘေးဖယ်လိုက်နိုင်နေပါပြီ။ ခေတ်မီစက်ယန္တရားများ တပ်ဆင်ထားပြီး ကမ္ဘာပေါ်တွင် အချိုးအစား အကြီးမားဆုံးလည်ပတ် နေသည့် စုပေါင်းလယ်ယာနှင့် နိုင်ငံတော်လယ်ယာများသဏ္ဍာန်နှင့် စက်မှုတပ်ဆင်ထားသည့် ဆိုရှယ်လစ်လယ်ယာလုပ်ငန်းသည်လည်း လယ်ယာစိုက်ပျိုးရေး၌ အောင်ပွဲခံနေသည်။ ၁၉၃၆ ခုနှစ်၌ ကူးလတ်များသည် လူတန်းစားအဖြစ်မှ ပျောက်ကွယ်သွားပြီး တသီးပုဂ္ဂလိက လယ်သမားများသည် တိုင်းပြည်၏ စီးပွားရေးဘဝတွင်မည်သည့် အရေးပါသည့်အခန်းမျှ မရှိတော့ချေ။ ကုန်သွယ်ရေးမှာ နိုင်ငံတော်နှင့် သမဝါယမများ၏ လက်ထဲတွင် လုံးဝစုပုံစုစည်းထားပြီးဖြစ်သည်။ လူလူချင်း သွေးစုပ်မှုစနစ်သည်လည်း ထာဝရဖျက်သိမ်းလိုက်ပြီဖြစ်သည်။ ထုတ်လုပ်ရေးပရိဘောဂများ၏ ဆိုရှယ်လစ်အများပိုင်စနစ်သည်လည်း စီးပွားရေးဘဝလုပ်ငန်းခွဲ အားလုံးတွင် ဆိုရှယ်လစ်စနစ်၏ မယိမ်းယိုင်သော အခြေခံအုတ်မြစ်အဖြစ် ထူထောင်ပြီးဖြစ်သည်။ ဆိုရှယ်လစ်လူ့အဖွဲ့အစည်းသစ်၌ အကျပ်အတည်းများ၊ ဆင်းရဲချို့တဲ့ခြင်းနှင့် အလုပ်လက်မဲ့ဖြစ်မှုများသည် ထာဝရ ပျောက်ကွယ်သွားခဲ့ပေပြီ။ ဆိုဗီယက်လူ့အဖွဲ့အစည်းဝင် အားလုံးအတွက် ယဉ်ကျေးမှုရှိပြီး ချမ်းသာကြွယ်ဝသည့် ဘဝရရှိရန် အချက်အလက်များကို ဖန်တီးပေးလိုက်သည်။

ရဲဘော်စတာလင်က သူ၏ အစီရင်ခံစာတွင် ဆိုဗီယက်ယူနီယံ လူထု၏လူတန်းစား ဖွဲ့စည်းမှုသည်လည်း အလားတူ ပြောင်းလဲလာခဲ့သည် ဟုဆိုသည်။ ပြည်တွင်းစစ်ကာလအတွင်း မြေရှင်လူ

တန်းစားနှင့် နယ်ချဲ့ဓနရှင်ဟောင်းကြီးများကိုလည်း ချေမှုန်းခဲ့ပြီးဖြစ်သည်။ ဆိုရှယ်လစ်တည်ဆောက်ရေးနှစ်များအတွင်း သွေးစုပ်သည့်အစိတ်အပိုင်းအားလုံး အရင်းရှင်၊ ကုန်သည်၊ ကူးလတ်နှင့် အမြတ်ကြီးစားတို့ကို ချေမှုန်းခဲ့ပြီးဖြစ်သည်။ ချေမှုန်းခံရပြီး သွေးစုပ်လူတန်းစားထဲမှ မပြောပလောက်သော အနည်းအကျဉ်းမျှသာ ကျန်နေသေးပြီး မကြာမီကာလအတွင်း လုံးဝချေမှုန်းပြီး ဖြစ်လိမ့်မည်။

ဆိုဗီယက်ယူနီယံရှိ လုပ်သားပြည်သူများဖြစ်သည့် - အလုပ်သမား၊ လယ်သမားနှင့် ပညာတတ်များ– သည် ဆိုရှယ်လစ်တည်ဆောက်ရေး ကာလအတွင်း လေးလေးနက်နက် ပြောင်းလဲလာခဲ့ပေပြီ။

အလုပ်သမားလူတန်းစားသည် အရင်းရှင်စနစ်အောက်က ထုတ်လုပ်ရေးကရိယာများ မရှိ၊ ချို့တဲ့သည့် သွေးစုပ်ခံလူတန်းစားအဖြစ်မှ ရပ်စဲသွားပေပြီ။ အလုပ်သမားလူတန်းစားသည် အရင်းရှင်စနစ်ကို ချေမှုန်းလိုက်ပြီး အရင်းရှင်များထံမှ ထုတ်လုပ်ရေးပရိဘောဂများကို သိမ်းယူကာ အများပိုင်ပြုလုပ်လိုက်သည်။ သင့်လျော်လျော်ကန်သည့် စကားလုံးဟောင်း ပစ္စည်းမဲ့ဆိုသည့်ဘဝကို အဆုံးသတ်လိုက်ပေသည်။ နိုင်ငံတော်အာဏာကို ပိုင်ဆိုင်နေသည့် ဆိုဗီယက်ပြည်ထောင်စုမှ ပစ္စည်းမဲ့လူတန်းစားသည် လုံးဝသစ်လွင်သည့် လူတန်းစားတရပ်သို့လုံးဝကူးပြောင်းသွားခဲ့ပေပြီ။ ၎င်းတို့သည် သွေးစုပ်မှုမှ လွတ်မြောက်လာသည့် အလုပ်သမားလူတန်းစားတရပ်အဖြစ်သို့ လည်းကောင်း၊ အရင်းရှင်စီးပွားရေးစနစ်ကိုဖျက်သိမ်းပြီး ဆိုရှယ်လစ်စနစ်ပိုင်ဆိုင်မှုကိုထူထောင်သည့် အလုပ်သမားလူတန်းစားအဖြစ်သို့လည်းကောင်း ရောက်ရှိလာပြီဖြစ်သည်။ ထိုနည်းဖြင့် လူသားများသမိုင်း၌ မရှိခဲ့ဘူးသေး သည့် အလုပ်သမားလူတန်းစားတရပ် ဖြစ်လာခဲ့သည်။

ဆိုဗီယက်ပြည်ထောင်စု လယ်သမားများ၏ အခြေအနေ ပြောင်းလဲမှုများသည်လည်း ထိုနည်းနည်းတူနက်ရှိုင်းခဲ့ပါသည်။ ရှေးဟောင်းက ကျဲပြန့်နေသာ တဦးချင်းအိမ်ထောင်စု သန်း ၂၀ ကျော်တို့သည် လယ်သမားကလေးသော်လည်းကောင်း၊ အလတ်တန်းစားလယ်သမားကလေးသော်လည်းကောင်း၊ ၎င်းတို့၏ မြေကွက်ငယ်ကလေးများတွင် ဟောင်းနွမ်းနောက်ကျသော နည်းပညာ၊ ကိရိယာများဖြင့် တဦးချင်းကြက်ယက်သလို ရှာဖွေစားသောက်ခဲ့ရသည်။ သူတို့သည် မြေရှင်များ၊ ကူးလတ်များ၊ ကုန်သည်များနှင့် အမြတ်ကြီးစားများ စသည်တို့၏ သွေးစုပ်မှုကိုခံခဲ့ရသည်။ ယခုအခါ ဆိုဗီယက်ပြည်ထောင်စုတွင် လုံးဝသစ်လွင်သည့် လယ်သမားထု ပေါ်ထွက်လာပြီဖြစ်သည်။ လယ်သမားများအား သွေးစုပ်မည့် မြေပိုင်ရှင်၊ ကူးလတ်၊ ကုန်သည်နှင့် အမြတ်ကြီးစားတို့ မရှိတော့ချေ။ လယ်သမားအိမ်ထောင်စု အများတကာ့ အများစုကြီးသည် ထုတ်လုပ်ရေး ပရိ ဘောဂများအပေါ် ပုဂ္ဂလိကပိုင်ဆိုင်သည့်စနစ်အပေါ် အခြေမခံပဲ အများပိုင်ဆိုင်သည့်စနစ်အပေါ် အခြေခံသည့် စုပေါင်းလယ်ယာများအတွင်း ဝင်ရောက်ခဲ့ကြသည်။ စုပေါင်းလုပ်အားမှ ထွက်ပေါ်လာသည့် စုပေါင်းပိုင်ဆိုင်မှုဖြစ်သည်။ ဤသည်မှာ သွေးစုပ်မှုအားလုံးမှ လွတ်မြောက်သည့် လယ်သမားထု၊ လယ်သမား အမျိုးအစားသစ်တရပ် ဖြစ်သည်။ ဤသည်မှာ လူသားများသမိုင်း၌ မရှိခဲ့ဘူးသေးသည့် လယ်သမားထုတရပ်ဖြစ်လာခဲ့သည်။

ဆိုဗီယက်ပြည်ထောင်စု ပညာတတ်အလွှာသည်လည်း ပြောင်းလဲလာခဲ့သည်။ အများစုမှာ လုံးဝသစ်လွင်သည့် ပညာတတ်အလွှာဖြစ်လာသည်။ အများစုကြီးသည် အလုပ်သမား၊ လယ်သမားများမှ လာကြသူများဖြစ်သည်။ ၎င်းတို့သည် ပညာတတ်လူဟောင်းများကဲ့သို့ အရင်းရှင်စနစ်ကို

အလုပ်ကျွေးပြုသူများ မဟုတ်မတော့ဘဲ ဆိုရှယ်လစ်စနစ်ကို အလုပ်အကျွေး ပြုနေကြပြီဖြစ်သည်။ သူတို့သည် တန်းတူသည့် ဆိုရှယ်လစ် လူ့အဖွဲ့အစည်းဝင်များ ဖြစ်လာကြပြီဖြစ်သည်။ သူတို့သည် အလုပ်သမား၊ လယ်သမားများနှင့်အတူ သစ်လွင်သည့် ဆိုရှယ်လစ်လူ့အဖွဲ့အစည်းကို တည်ဆောက်နေကြသည်။ ဤသည်မှာ သွေးစုပ်မှုအားလုံးမှ လွတ်မြောက်သည့် ပြည်သူလူထုကို အလုပ်အကျွေးပြုသော ပညာတတ်အမျိုးအစားတရပ် ဖြစ်လာသည်။ ဤသည်မှာ လူသားများသမိုင်း၌ မရှိခဲ့ဘူးသေးသည့် ပညာတတ်အလွှာတရပ်ဖြစ်လာခဲ့သည်။

ဤနည်းဖြင့် ဆိုဗီယက်ယူနီယံမှာ လုပ်သားပြည်သူများအကြား လူတန်းစားခွဲခြားသည့် လမ်းဟောင်းကို ပိတ်ပစ်လိုက်ပြီး လူတန်းစားသီးသန့်ဖြစ်မှုများကိုလည်း ပျောက်ကွယ်သွားစေသည်။ အလုပ်သမား၊ လယ်သမားနှင့် ပညာတတ်များအကြား နိုင်ငံရေး၊ စီးပွားရေး ပဋိပက္ခများ လျော့ပါးလာပြီး တဖြည်းဖြည်း ပျောက်ကွယ်လာနေပေပြီ။ လူ့အဖွဲ့အစည်း၏ စိတ်ဓာတ်ရေးရာနှင့် နိုင်ငံရေးစည်းလုံး ညီညွတ်မှု အခြေခံအုတ်မြစ်ကိုလည်း ဖန်တီးလိုက်သည်။

ဆိုဗီယက်ယူနီယံ ဘဝအတွင်း ကြီးမားလေးနက်လှသည့် ဤပြောင်းလဲမှုများကို ဆိုဗီယက်ယူနီယံရှိ ဆိုရှယ်လစ်စနစ်က အပြတ်အသတ် ရရှိထားသော ဤအောင်ပွဲများကို ဖွဲ့စည်းအုပ်ချုပ်ပုံသစ်တွင် ရောင်ပြန်ဟပ်ပြထားသည်။

ဖွဲ့စည်းအုပ်ချုပ်ပုံသစ်အရ ဆိုဗီယက်လူ့အဖွဲ့အစည်းတွင် အလုပ်သမားနှင့် လယ်သမား ဆိုသည့် ချစ်ကြည်ရင်းနှီးသည့် လူတန်းစားနှစ်ရပ်ပါဝင်ပြီး ထိုနှစ်မျိုးအကြား လူတန်းစား ကွဲပြားခြားနားချက်များလည်း ဆက်လက်ရှိမြဲရှိနေသေးသည်။ ဆိုဗီယက်ဆိုရှယ်လစ် ပြည်ထောင်စုသမ္မတနိုင်ငံသည် အလုပ်သမား၊လယ်သမားများ၏ ဆိုရှယ်လစ်နိုင်ငံတော်ဖြစ်သည်။

မြေရှင်နှင့် အရင်းရှင်တို့၏ အာဏာကိုဖြိုလှဲပြီး ပစ္စည်းမဲ့အာဏာရှင်စနစ် အောင်မြင်ချက်များကြောင့် ဖြစ်ပေါ်တိုး တက် အင်အားကြီးထွားလှသည့် လုပ်သားပြည်သူ့ ကိုယ်စားလှယ်များ၏ ဆိုဗီယက်များက ဆိုဗီယက်ယူနီယံ၏ အခြေခံအုတ်မြစ်ဖြစ်ပေသည်။

ဆိုဗီယက်ယူနီယံ၏ အာဏာအားလုံးကို တောရွာမြို့ပါရှိ လုပ်သားပြည်သူများက ပိုင်ကြပြီး လုပ်သားပြည်သူ့ကိုယ်စားလှယ်များ၏ ဆိုဗီယက်များက ကိုယ်စားပြုသည်။

ဆိုဗီယက်ယူနီယံ၏ နိုင်ငံတော်အာဏာ အမြင့်ဆုံးအဆောက်အအုံမှာ ဆိုဗီယက်ယူနီယံ၏ အမြင့်ဆုံးဆိုဗီယက် (Supreme Soviet) ဖြစ်သည်။

ဆိုဗီယက်ယူနီယံ၏ အမြင့်ဆုံးဆိုဗီယက်တွင် တန်းတူညီမျှသည့် အခွင့်အရေးများနှင့် လွှတ်တော်နှစ်ရပ်ရှိသည်။ ၎င်းတို့မှာ ပြည်ထောင်စုဆိုဗီယက်နှင့် အမျိုးသားများဆိုဗီယက်တို့ဖြစ်ပြီး ဆိုဗီယက်ပြည်သူများက ၄ နှစ်သက်တမ်းအတွက် လျို့ဝှက်မဲဖြင့် အကြွင်းမဲ့တန်းတူ တိုက်ရိုက်မဲပေးသည့်စနစ်အခြေခံပေါ်တွင် ရွေးကောက်တင်မြှောက်ကြသည်။

လုပ်သားပြည်သူ့ ကိုယ်စားလှယ်များ၏ ဆိုဗီယက်အားလုံးမှာကဲ့သို့ပင် အမြင့်ဆုံးဆိုဗီယက်သို့ ရွေးကောက်ပွဲများသည် အကြွင်းမဲ့ဖြစ်သည်။ ဆိုလိုသည်မှာ ဆိုဗီယက်ပြည်ထောင်စုသားအားလုံး အသက် ၁၈ နှစ်ပြည့်သူတိုင်း လူမျိုး၊ ဘာသာ၊ ပညာအရည်အချင်း၊ နေရပ်ဌာနီ၊ လူမှုဇာစ်မြစ်၊ ပစ္စည်းအဆင့်အတန်း သို့မဟုတ် အတိတ်က လုပ်ဆောင်ချက်များကို ပဓာန မပြုဘဲ ကိုယ်စားလှယ်များ

ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိပြီး၊ ဝင်ရောက်ရွေးချယ်ခံခွင့်လည်းရှိသည်။ ရူးသွပ်နေသူများနှင့် တရားရုံးများမှ အပြစ်ဒဏ်ချမှတ်ထားသည့် တရားခံများသာလျှင် ရွေးကောက်ပွဲအခွင့်အရေးများ မရနိုင်ချေ။

ကိုယ်စားလှယ်များ ရွေးကောက်ပွဲများသည် တိုက်ရိုက်ဖြစ်သည်။ ဆိုလိုသည်မှာ တောရောမြို့ပါရှိ လုပ်သားပြည်သူ့ကိုယ်စားလှယ် ဆိုဗီယက်များကအစ၊ အမြင့်ဆုံးဆိုဗီယက်အဆုံး လုပ်သားပြည်သူ့ ကိုယ်စားလှယ်များ၏ ဆိုဗီယက်များအားလုံးကို ပြည်သူအားလုံးက တိုက်ရိုက်မဲဆန္ဒဖြင့် ရွေးကောက်တင်မြှောက်သည်။

အမြင့်ဆုံးဆိုဗီယက်သည် လွှတ်တော်နှစ်ရပ်ပူးတွဲစည်းဝေးပြီး အမြင့်ဆုံးဆိုဗီယက်၏ သဘာပတိအဖွဲ့နှင့် ဆိုဗီယက်ယူနီယံ ပြည်သူ့နိုင်ငံရေးမှူးများကောင်စီကို ရွေးကောက်တင်မြှောက်သည်။

ဆိုဗီယက်ယူနီယံ၏ စီးပွားရေးအခြေခံမှာ ဆိုရှယ်လစ်စီးပွားရေးစနစ်နှင့် ထုတ်လုပ်ရေးပရိဘောဂများကို ဆိုရှယ်လစ် ပိုင်ဆိုင်မှုစနစ်ဖြစ်သည်။ ဆိုရှယ်လစ်မှုဖြစ်သော "လုပ်နိုင်သလောက်လုပ်၊ လုပ်သလောက်ယူ" ဆိုသည်ကို ဆိုဗီယက်ယူနီယံ၌ အကောင်အထည်ဖော်နေသည်။

ဆိုဗီယက်ယူနီယံ ပြည်သူအားလုံးတို့သည် အလုပ်လုပ်ခွင့်၊ အလုပ်နားခွင့်၊ ပညာသင်ခွင့် ၊ အသက်ကြီးသည့်အခါနှင့် ဖျားနာဒုက္ခိတဖြစ်သောအခါ ပင်စင်ခံစားခွင့်များရှိကြသည်။ နယ်ပယ်အားလုံးတွင် အမျိုးသမီးများကို အမျိုးသားများနှင့် တန်းတူအခွင့်အရေးပေးရမည်။ အမျိုးသားမရွေး၊ လူမျိုးမရွေး ဆိုဗီယက်ယူနီယံ ပြည်သူအားလုံး၏ တန်းတူညီမျှမှုသည် ထာဝရဥပဒေဖြစ်သည်။ လွတ်လပ်စွာယုံကြည်ခွင့်နှင့် လွတ်လပ်စွာဘာသာတရားဆန့်ကျင်ခွင့်၊ ဝါဒဖြန့်ချိချက်များကိုလည်း ပြည်သူအားလုံးအတွက် အသိအမှတ်ပြုသည်။

ဆိုရှယ်လစ်လူ့အဖွဲ့အစည်းကို ခိုင်မာတောင့်တင်းစေရေးအတွက် ဖွဲ့စည်းအုပ်ချုပ်ပုံက လွတ်လပ်စွာ ပြောဆိုရေးသား စုရုံးစည်းဝေးခွင့်၊ လူထုအစည်းအရုံးများကို စည်းရုံးနိုင်ခွင့်၊ လူပုဂ္ဂိုလ်များကို လေးစားခြင်း၊ စာပေးစာယူများကို လွတ်လပ်ခွင့်ပေးခြင်း၊ လုပ်သားပြည်သူများ၏ အကျိုးစီးပွားကို ကာကွယ်သည့်အတွက်လည်းကောင်း၊  သိပ္ပံနည်းကျ လုပ်ဆောင်ချက်များကြောင့်လည်းကောင်း၊ ၎င်းတို့အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲများကြောင့်လည်းကောင်း၊ ဖိနှိပ်ညှဉ်းပန်းခံရသည့် နိုင်ငံခြားသားများကို ခိုလှုံခွင့်ပြုခြင်းများကို  ခွင့်ပြုအာမခံသည်။

ဖွဲ့စည်းအုပ်ချုပ်ပုံစည်းမျဉ်းသစ်က ဆိုဗီယက်ယူနီယံရှိ ပြည်သူပြည်သားအားလုံးအပေါ် ကြီးမားနက်ရှိုင်းသည့် တာဝန်များ အပ်နှင်းလိုက်သည်။ တရားဥပဒေများကို လိုက်နာရန်၊ လုပ်အားစည်းကမ်းများကို ထိန်းသိမ်းရန်၊ အများဆိုင်ရာတာဝန် များကို ရိုးသားဖြောင့်မတ်စွာ ထမ်းဆောင်ရန်၊ ဆိုရှယ်လစ်အဖွဲ့အစည်းဝင် စည်းကမ်းများကို လေးစားရန်၊ အများပိုင် ဆိုရှယ်လစ် ပစ္စည်းဥစ္စာများကို ကာကွယ်စောင့်ရှောက်ရန်နှင့် ဆိုရှယ်လစ် အဖနိုင်ငံတော်ကို ကာကွယ်ရန်တာဝန်များဖြစ်သည်။

"အဖနိုင်ငံကာကွယ်ရေးသည် ဆိုဗီယက်ပြည်သူတိုင်း၏ အထွတ်အမြတ်တာဝန်ဖြစ်သည်။" အဖွဲ့အစည်းအမျိုးမျိုးအတွင်း နိုင်ငံသားများ လွတ်လပ်စွာစည်းရုံးခွင့်နှင့် ပတ်သက်၍ ဖွဲ့စည်းအုပ် ချုပ်ပုံ၌ ဖော်ပြချက်တခုမှာ ...

" အလုပ်သမားလူတန်းစားထဲမှနှင့် အခြားလုပ်သားပြည်သူ အစိတ်အပိုင်းများထဲမှ အတက်အကြွဆုံးနှင့် နိုင်ငံရေးနိုးကြားမှုအရှိဆုံး လူများသည် ဆိုဗီယက်ယူနီယံကွန်မြူနစ်ပါတီ (ဘော်ရှိဗစ်) အတွင်းစည်းရုံးပါဝင်လာကြပြီး ပါတီသည် လုပ်သားပြည်သူများ၏ ဆိုရှယ်လစ်စနစ် တောင့်တင်း

ခိုင်မာဖြစ်ပေါ်တိုးပွားရေးတိုက်ပွဲ၏ တပ်ဦးဖြစ်ကာ လုပ်သားပြည်သူများ၏ အများပိုင်နှင့် နိုင်ငံတော်ပိုင် အဖွဲ့အစည်းအားလုံး၏ ခေါင်းဆောင်ဗဟိုမဏ္ဍိုင်လည်းဖြစ်သည်။"

၈ ကြိမ်မြောက် ဆိုဗီယက်များ၏ ကွန်ဂရက်က ဆိုဗီယက်ယူနီယံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အသစ် မူကြမ်းကို တညီတညွတ်တည်း လက်ခံအတည်ပြု ဆုံးဖြတ်ခဲ့ကြသည်။

ဤနည်းဖြင့် ဆိုဗီယက်နိုင်ငံတွင် ဖွဲ့စည်းအုပ်ချုပ်ပုံအသစ် ရရှိလိုက်ပြီး ဖွဲ့စည်းအုပ်ချုပ်ပုံတွင် ဆိုရှယ်လစ်စနစ် အောင်ပွဲခံမှုနှင့် အလုပ်သမား၊ လယ်သမား ဒီမိုကရေစီကို ထည့်သွင်းရုပ်လုံးဖော်ထား သည်။

ဤနည်းဖြင့် ဆိုဗီယက်ယူနီယံသည် ဖြစ်ပေါ်တိုးတက်မှု အဆင့်သစ်တရပ်သို့ ဆိုရှယ်လစ်လူ့ အဖွဲ့အစည်း တည်ဆောက်မှု ပြီးစီးသွားသည့် အဆင့်မှ "လုပ်နိုင်သလောက်လုပ်၊ လိုသလောက်ယူ" ဆိုသည့် ကွန်မြူနစ်မူကို လူ့အဖွဲ့အစည်းဘဝ၏ လမ်းညွှန်မှုအဖြစ်ထားရှိသည့် ကွန်မြူနစ်လူ့အဖွဲ့ အစည်းသို့ တဖြည်းဖြည်း ကူးပြောင်းဝင်ရောက်နေပြီဆိုသည့် သမိုင်းတွင်လောက်သည့် အချက်ကို ဖွဲ့စည်းအုပ်ချုပ်ပုံစည်းမျဉ်းက ဥပဒေကြောင်းအရ သရုပ်ဖော်ပြလိုက်ပေသည်။

**၄။ သူလျှိုများ၊ အဖျက်သမားများနှင့် တိုင်းပြည်သစ္စာဖောက် ဘူခါရင်–ထရော့စကီဂိုဏ်း အကြွင်း အကျန်များကို ချေမှုန်းဖျက်ဆီးခြင်း။ ဆိုဗီယက်ယူနီယံ၏ အမြင့်ဆုံး ဆိုဗီယက်ရွေးကောက်ပွဲ အတွက် ပြင်ဆင်မှုများ။ ပါတီ၏ ခရီးလမ်းကြောင်း အဖြစ် ကျယ်ပြန့်သည့် ပါတီတွင်းဒီမိုကရေစီ။ ဆိုဗီယက် ယူနီယံ၏ အမြင့်ဆုံး ဆိုဗီယက်ရွေးကောက်ပွဲ။**

၁၉၃၇ ခုနှစ်တွင် ဘူခါရင်–ထရော့စကီဂိုဏ်း၏ ရက်စက်ယုတ်မာသော အမှုများနှင့် ပတ် သက်သည့် အချက်အလက်သစ်များ ပေါ်ပေါက်လာသည်။ ပျာတာကော့ဗ်၊ ရာဒက်ခ် စသူများ၏ အမှုစစ် ဆေးချက်၊ တူခါချက်ဗ်စကီး (Tukhachevsky)၊ ရာကာ (Yakir) စသူများ၏ အမှုစစ် ဆေးချက်နှင့် နောက်ဆုံး ဘူခါရင်၊ ရိုင်ကော့ဗ်၊ ခရက်စတင်းစကီး (Krestinsky)၊ ရိုစင်ကော့စ် (Rosengoltz) စသူများ၏ အမှုစစ်ဆေးချက်အားလုံးတို့မှ သိရှိလာရသည်မှာ ဘူခါရင်၊ ထရော့စကီ နောက်လိုက်များမှာ "လက်ျာသမားများနှင့် ထရော့စကီဝါဒီအုပ်စု" ဟူသောအမည်ဖြင့် လှုပ်ရှား နေသည့် ပြည်သူ့ ရန်သူများ၏ ဂိုဏ်းတခုကို ကြာရှည်ကြာများကပင် ပူးပေါင်းဖွဲ့စည်းခဲ့သည်ဆိုသည့် အချက်ပင်ဖြစ်သည်။

လူသားများ၏ အမှိုက်သရိုက်ဖြစ်သော ထရော့စကီ၊ ဇီနိုဗစ်နှင့် ကဲမီနက်ဗ်တို့သည် ပြည်သူ့ ရန်သူများနှင့် ပူးပေါင်းဆက်စပ်၍ အောက်တိုဘာ ဆိုရှယ်လစ်တော်လှန်ရေး အစောပိုင်း ရက်များ ကပင် လီနင်ပါတီနှင့် ဆိုဗီယက်နိုင်ငံတော်ကို လျှို့ဝှက်လုပ်ကြံ ပုန်ကန်ရန် ကြံစည်ခဲ့ပုံကို အမှုစစ်ဆေး ချက်များအတွင်း ပေါ်ထွက်လာခဲ့သည်။ ၁၉၁၈ ခု အစောပိုင်း ကာလ အတွင်း ဘရက်စ်–လစ်တော့ဗ်စ် ငြိမ်းချမ်းရေးပျက်အောင် တဖြည်းဖြည်းကြိုးပမ်းမှုများ၊ ၁၉၁၈ ခုနှစ် နွေဦးပေါက်တွင် လီနင်အား လုပ်ကြံရန်ကြံစည်မှုနှင့် "လက်ဝဲ" ဆိုရှယ်လစ်တော်လှန်ရေးသမားများနှင့် ပူးပေါင်းပြီး လီနင်၊ စတာ လင်နှင့် ဆဗားဒ်လော့ဒ်တို့ကို ဖမ်းဆီးသတ်ဖြတ်ရန် ကြံစည်မှု၊ ၁၉၁၈ ခု နွေကာလတွင် လီနင်ဒဏ်ရာ ရသော သေနတ်ပစ်မှု၊ ၁၉၁၈ ခု နွေကာလတွင် "လက်ဝဲ" ဆိုရှယ်လစ်တော်လှန်ရေး သမားများ၏ ပုန်ကန်မှု၊ ပါတီတွင်းမှနေ၍ လီနင်၏ ခေါင်းဆောင်မှုကို အားနည်းချည့်နဲ့စေကာ ပြုတ်ကျစေရန် ရည်ရွယ်ချက်ဖြင့် ၁၉၂၁ ခုနှစ် ပါတီတွင်း သဘောထားကွဲလွဲမှုများကို ပိုမိုပြင်းထန်ရန် အစီစဉ်ရှိရှိ

လုပ်ဆောင်ချက်များ၊ လီနင် နာမကျန်းဖြစ်နေစဉ်နှင့် သေဆုံးပြီးနောက် ပါတီ၏ခေါင်းဆောင်မှုကို ဖယ်ရှားရန် ကြိုးပမ်းမှုများ၊ နိုင်ငံတော်၏ လျှို့ဝှက်ချက်များကို သစ္စာဖောက်ခြင်းနှင့် နိုင်ငံခြားသူလျှို အဖွဲ့အစည်းများသို့ သူလျှိုသဘောဆောင်သော အချက်အလက်များပို့ပေးခြင်း၊ ကိရော့ဗ်အား ရက်စက်စွာသတ်ဖြတ်ခြင်း၊ အဖျက်လုပ်ငန်းများ၊ လမ်းလွှဲမှုများ၊ ဖောက်ခွဲမှုများ၊ မဲန်ဇင်စကီး (Manzhinsky)၊ ခီယူဘိုင်ရှက်ဖ်၊ ဂေါ်ကီ (Gorky)တို့ကို သူရဲဘောကြောင်စွာ သတ်ဖြတ်ခြင်းစသည့် အနှစ်နှစ်ဆယ်အတွင်း ဤဆိုးယုတ်လှသည့် အမှုများအားလုံးကို ခနရှင်နိုင်ငံများ ၏ သူလျှို လုပ်ငန်းများ မှ အမိန့်ပေးချက်အရ ထရော့စကီ၊ ဇီနိုဗစ်၊ ကဲမီနက်ဗ်၊ ဘူခါရင်၊ ရိုင်းကော့ဗ်နှင့် ၎င်းတို့၏ လက်ရုံးများ ပူးပေါင်းပါဝင်ဆင်နွှဲခြင်း သို့မဟုတ် ညွှန်ကြားချက်များဖြင့် ကျူးလွန်ခဲ့ ကြပေသည်။

အမှုစစ်ဆေးချက်များအတွင်း၌ ထရော့စကီ – ဘူခါရင် လူယုတ်မာများသည် ၎င်းတို့ ဆရာ များဖြစ်သော နိုင်ငံခြားတိုင်းပြည်များမှ သူလျှိုဌာနများ၏ အလိုဆန္ဒများကို နာယူလိုက်နာကာ ပါတီနှင့်ဆိုဗီယက်နိုင်ငံတော်ကို ဖျက်ဆီးရန်၊ တိုင်းပြည်၏ ကာကွယ်ရေးအင်အားကို ချည့်နဲ့ အားနည်း သွားစေရန် စစ်ရေးအရ နိုင်ငံခြားမှ ဝင်ရောက်စွက်ဖက်မှုကို ကူညီရန်၊ တပ်နီတော် ရှုံးနိမ့်ရေးအတွက် ပြင်ဆင်ရန်၊ ဆိုဗီယက်ယူနီယံကြီး ပြိုကွဲပျက်စီးစေရန်၊ ဆိုဗီယက်၏ ပင်လယ်မြေကို ဂျပန်သို့လည်း ကောင်း၊ ဘိုင်လိုရုရှားကို ပိုလန်သို့ လည်းကောင်း၊ ဆိုဗီယက်ယူကရိန်းကို ဂျာမနီသို့ လည်းကောင်း ထိုးအပ်ရန် အလုပ်သမားများနှင့် စုပေါင်းလယ်သမားများ၏ အောင်သီးအောင်ပွင့်များကို ဖျက်ဆီး ရန်နှင့် ဆိုဗီယက်ပြည်ထောင်စုတွင် အရင်းရှင်ကျေးကျွန်ပြုမှု ပြန်လည်ထူထောင်ရန် လုပ်ဆောင်ခဲ့ကြ သည်ဆိုသည့် အချက်များပေါ်ထွက်လာသည်။

ခြင်တကောင်လောက်ပင် အင်အားမရှိသည့် ဤတပ်ဖြုလူပျက်များသည် မိမိတို့ ကိုယ်ကိုယ် တိုင် တိုင်းပြည်၏ အရှင်သခင်များအဖြစ် အထင်ကြီး ဘဝင်မြင့်နေဟန်ရှိပြီး ယူကရိန်း၊ ဘိုင်လို ရုရှားနှင့် ပင်လယ်ပြင်ကိုပေးပစ်ခြင်း သို့မဟုတ် ရောင်းချနိုင်သည့် အာဏာ ၎င်းတို့တွင် တကယ်ရှိသည်ဟု ထင်မြင်ယူဆနေကြသည်။

ဤတပ်ဖြု မကောင်းဆိုးဝါးများသည် ဆိုဗီယက်နိုင်ငံတော်၏ တကယ့်အရှင်သခင်များမှာ ဆိုဗီယက်ပြည်သူများသာ ဖြစ်ကြောင်းနှင့် ရိုင်ကော့ဗ်များ၊ ဘူခါရင်များ၊ ဇီနိုဗစ်များနှင့် ကဲမီနက်ဗ်များ သည် နိုင်ငံတော်၏ ယာယီလုပ်သားများသာဖြစ်ပြီး မည်သည့်အချိန်မဆို ၎င်းတို့ကို အသုံးမကျသည့် အမှိုက်သရိုက်များအဖြစ် ရာထူးများမှ ထုတ်ပယ်နိုင်ကြောင်းများကို မေ့လျော့ခဲ့ကြသည်။

ဤစက်ဆုပ်ရွံရှာဖွယ် ဖက်ဆစ်နောက်လိုက်ခွေးများသည် ဆိုဗီယက်ပြည်သူများက လက် ချောင်းလေးတချောင်း လှုပ်လိုက်ရုံဖြင့် ၎င်းတို့အစအနများ မကျန်အောင်ဖြစ်သွားနိုင်သည်ကို မေ့လျော့ ခဲ့ကြသည်။ ဆိုဗီယက် တရားရုံးက ဘူခါရင် – ထရော့စကီ လူယုတ်မာများကို ပစ်သတ်ရန် အမိန့်ချ လိုက်သည်။ ပြည့်သူ့ပြည်ထဲရေးဝန်ကြီးဌာနက ထိုအမိန့်ကို အကောင်အထည်ဖော်သည်။

ဆိုဗီယက်ပြည်သူများသည် ဘူခါရင်–ထရော့စကီးဂိုဏ်း ချေမှုန်းလိုက်ခြင်းကို ထောက်ခံလိုက်ပြီး၊ နောက်လုပ်ငန်းသစ် စတင်ခဲ့ကြသည်။ နောက်လုပ်ငန်းမှာ ဆိုဗီယက်ယူနီယံအမြင့်ဆုံး ဆိုဗီယက်အ တွက် ရွေးကောက်ပွဲကို ပြင်ဆင်ကြရန်ဖြစ်ပြီး၊ ဤသည်ကို စည်းရုံးမှုရှိရှိ အကောင်အထည်ဖော်ရန် ဖြစ်သည်။

ပါတီသည် ရွေးကောက်ပွဲ ပြင်ဆင်မှုများအတွက် အားသွန်ဆောင်ရွက်ခဲ့သည်။ ပါတီက ဖွဲ့စည်းအုပ်ချုပ်ပုံအသစ်ကို အကောင်အထည်ဖော်ခြင်းသည် တိုင်းပြည်နိုင်ငံရေးဘဝ၏ အလှည့် အပြောင်းကိုဖော်ညွှန်းသည်ဟု ခံယူထားသည်။ ဤအလှည့်အပြောင်းဆိုသည်မှာ ရွေးကောက်ပွဲစနစ်ကို အပြည့်အဝဒီမိုကရေစီကျရေး ကန့်သတ်မဲပေးခွင့်ကို အကြွင်းမဲ့ မဲပေးခွင့်ဖြင့် အစားထိုးခြင်း၊ လုံးဝတန်းတူမှုမရှိသည့် မဲပေးခွင့်ကို တန်းတူမဲပေးခွင့်ဖြင့် အစားထိုးခြင်း၊ သွယ်ဝိုက်ရွေးကောက်ပွဲကို တိုက် ရိုက်ရွေးကောက်ပွဲဖြင့် အစားထိုးခြင်း၊ ပြောင်မဲပေးခြင်းကို လျှို့ဝှက်မဲပေးခြင်းဖြင့် အစားထိုးခြင်းတို့ကို ဆိုလိုပေသည်။

ဖွဲ့စည်းအုပ်ချုပ်ပုံအသစ်မပြဋ္ဌာန်းမီက ဘုန်းကြီးများ၊ ယခင်တပ်ဖြူဟောင်းများ၊ ကူးလတ်ဟောင်းများနှင့် လူမှုရေး အရ အသုံးကျသည့် အလုပ်အကိုင်မရှိသူများ၏ မဲဆန္ဒပေးခွင့်နှင့် ပတ်သက်၍ ကန့်သတ်မှုများရှိပါသည်။ ဖွဲ့စည်းအုပ်ချုပ်ပုံအသစ်က ကိုယ်စားလှယ်ရွေးကောက်ပွဲများကို အကြွင်းမဲ့ဖြစ်စေလိုက်ခြင်းဖြင့် ဤကဲ့သို့သော အမျိုးအစားနိုင်ငံသားများ၏ မဲဆန္ဒပေးခွင့် ကန့်သတ်ချက် များကို ဖျက်သိမ်းလိုက်သည်။

ယခင်က ကိုယ်စားလှယ် ရွေးကောက်ပွဲများတွင် မြို့နှင့်ကျေးလက်လူထုများအတွက် ကိုယ်စားပြုသည့် အခြေခံများမှာ မတူညီကွဲပြားပြီး တန်းတူမှုမရှိချေ။ သို့သော် ယခုအခါ မဲဆန္ဒပေးခွင့် တန်းတူမှုအပေါ် ကန့်သတ်ချက်များအတွက် လိုအပ်ချက်အားလုံး ပျောက်ကွယ်သွားပြီး နိုင်ငံတော်သူနိုင်ငံတော်သားအားလုံး တန်းတူညီမျှသည့် အခြေခံပေါ်တွင် ရွေးကောက် ပွဲများ၌ ပါဝင်ခွင့်ရရှိခဲ့သည်။

ယခင်က ဆိုဗီယက်အာဏာ၏ အလယ်အလတ်နှင့် ပိုမိုမြင့်မားသည့် အဆောက်အအုံ ရွေးကောက်ပွဲများမှာ သွယ်ဝိုက်ရွေးကောက်ခြင်းဖြစ်သည်။ သို့သော်ယခုအခါ ဖွဲ့စည်းအုပ်ချုပ်ပုံအသစ်အောက်၌ ဆိုဗီယက်များအားလုံး ကျေးလက်နှင့် မြို့ရွာများမှ အစ အမြင့်ဆုံး ဆိုဗီယက်အထိ နိုင်ငံသားများက တိုက်ရိုက်ရွေးကောက်ရန်ဖြစ်သည်။

ယခင်က ဆိုဗီယက်ကိုယ်စားလှယ်များကို ပြောင်မဲဆန္ဒဖြင့် ရွေးချယ်ခဲ့ပြီး ကိုယ်စားလှယ်လောင်းအမည်စာရင်းများကိုသာ မဲပေးခဲ့ကြသည်။ သို့သော် ယခုအခါ ကိုယ်စားလှယ် မဲပေးမှုများသည် လျှို့ဝှက်မဲပေးရန်ဖြစ်ပြီး အမည်စာရင်းအရ မဟုတ်တော့ဘဲ ရွေးကောက်ပွဲနေရာတိုင်းတွင် ကိုယ်စားလှယ်လောင်းများကို တဦးချင်းအမည်တင်သွင်းရသည်။ ဤသည်မှာ တိုက်ပြည်း၏ နိုင်ငံရေး ဘဝတွင် အပြတ်အသတ် လှည့်ပြောင်းမှုတရပ်ဖြစ်သည်။

ပြည်သူလူထု၏ နိုင်ငံရေးလှုပ်ရှားမှုကို မြှင့်တင်ရာတွင်လည်းကောင်း၊ ဆိုဗီယက်အာဏာအဆောက်အအုံများအပေါ် လူထုက ပိုမိုထိန်းချုပ်ရာတွင်လည်းကောင်း၊ ဆိုဗီယက်အာဏာအဆောက်အအုံများက ပြည်သူလူထုအပေါ် တာဝန်ယူမှု တိုးမြှင့်လာရာတွင်လည်းကောင်း ရွေးကောက်ပွဲစနစ်သည် မုချပင်အကျိုးရှိစေရန်ဖြစ်ပြီး အမှန်လည်း အကျိုးများလာခဲ့သည်။

ဤအလှည့်အပြောင်းအတွက် အပြည့်အဝပြင်ဆင်ပြီးဖြစ်စေရန် ပါတီသည် ဤအလှည့်အပြောင်း၏ တွန်းအားစိတ်ဓာတ်ဖြစ်ရမည်ဖြစ်ကာ ရှေ့လာမည့် ရွေးကောက်ပွဲများအတွင်း ပါတီ၏ ခေါင်းဆောင်မှုအခန်းကို အပြည့်အဝ အာမခံရပေမည်။ သို့သော် ပါတီအဖွဲ့အစည်းများ ကိုယ်တိုင်က ၎င်းတို့၏ နေ့စဉ်လုပ်ငန်းများတွင် အကုန်အစင် ဒီမိုကရေစီကျမှသာလျှင်၊ ပါတီစည်းမျဉ်းစည်းကမ်း၌ တောင်းဆိုထားသည့်အတိုင်း ပါတီတွင်းဘဝ၌ ဒီမိုကရေစီဗဟိုချုပ်ကိုင်မှုများကို အပြည့်အဝ လိုက်

နာကျင့်သုံးမှသာလျှင်၊ ပါတီအဆောက်အအုံအားလုံး ရွေးကောက်တင်မြှောက်ခံရမှသာလျှင်၊ ပါတီတွင်းဝေဖန်ရေးနှင့် မိမိကိုယ်ကိုယ် ဝေဖန်ရေးများကို အပြည့်အဝဖြစ်ထွန်းမှသာလျှင်၊ ပါတီအဆောက် အအုံများက ပါတီဝင်များအပေါ် တာဝန်ယူမှု ပြည့်ဝပြီး ပါတီဝင်များကိုယ်တိုင် အကုန်အစင် အပြည့် အဝ တက်ကြွလာမှသာလျှင် ဤသည်ကို လုပ်ဆောင်နိုင်လိမ့်မည်ဖြစ်သည်။

၁၉၃၇ ခုနှစ် ဖေဖော်ဝါရီလအကုန် ဗဟိုကော်မတီအစည်းအဝေး၌ ဆိုဗီယက်ယူနီယံ၏ အမြင့်ဆုံးဆိုဗီယက် ရွေးကောက်ပွဲများအတွက် ပါတီအဖွဲ့အစည်းများ၏ ပြင်ဆင်မှုပြဿနာအပေါ် ရဲဘော်ဇာဒါနော့ဗ်၏ အစီရင်ခံစာတွင် ပါတီအဖွဲ့အစည်းအချို့သည် နေ့စဉ်လုပ်ငန်းများအတွင်း ပါတီ၏ စည်းမျဉ်းစည်းကမ်းများနှင့် ဒီမိုကရေစီဗဟိုချုပ်ကိုင်မှုကို စနစ်တကျ ဖောက်ဖျက်နေပြီး ရွေးကောက်ပွဲအမည်စာရင်းများကို ကော်မတီဝင်များက ထည့်သွင်းခြင်းဖြင့် အစားထိုးခြင်း၊ ကိုယ်စားလှယ်လောင်းတဦးချင်း မဲပေးရမည်ကို အမည်စာရင်းနှင့် မဲပေးခြင်းဖြင့် အစားထိုးခြင်း၊ လျှို့ဝှက်မဲပေးခြင်းကို ပြောင်မဲပေးခြင်းဖြင့် အစားထိုးခြင်းကို ပြုလုပ်နေကြောင်းဖော်ပြထားသည်။ ဤကဲ့သို့လုပ်ဆောင်နေကြသော အဖွဲ့အစည်းများသည် အမြင့်ဆုံး ဆိုဗီယက်ရွေးကောက်ပွဲများတွင် ၎င်းတို့တာဝန်များကို သင့်တော်ကောင်းမွန်စွာ ပြည့်ဝနိုင်စေမည်မဟုတ်သည်မှာ ရှင်းနေပါသည်။ ထို့ကြောင့် ပါတီအဖွဲ့အစည်းများအတွင်း ဤကဲသို့သော ဒီမိုကရေစီဆန့်ကျင်သည့် လုပ်ဟန်များကို ရပ်ပစ်ပြီး ကျယ်ပြန့်သည့် ဒီမိုကရေစီလမ်းစဉ်များအတိုင်း ပါတီလုပ်ငန်းများကို ပြန်လည်စည်းရုံး ဖွဲ့စည်းရန် အရင်ဆုံးလိုအပ်နေပါသည်။

ဤသည်နှင့်အညီ ရဲဘော်ဇာဒါနော့ဗ်၏ အစီရင်ခံစာကို နားထောင်ပြီးနောက် ဗဟိုကော်မတီအစည်းအဝေးက အောက်ပါအတိုင်း ဆုံးဖြတ်ခဲ့သည်။

**(က)**ပါတီစည်းမျဉ်းစည်းကမ်းများက သတ်မှတ်ထားသည့်အတိုင်း ပါတီတွင်း ဒီမိုကရေစီမူများကို အပြည့်အဝ အကြွင်းမဲ့နာခံမှု အခြေခံပေါ်တွင် ပါတီလုပ်ငန်းများကို ပြန်လည်စည်းရုံး ဖွဲ့စည်းရန်။

**(ခ)** ပါတီကော်မတီများအတွင်း ကော်မတီဝင်များက အမည်စာရင်းတင်သွင်းသည့် လုပ်ဟန်ကို ဖျက်သိမ်းပြီး ပါတီစည်းမျဉ်းစည်းကမ်းများက သတ်မှတ်ထားသည့်အတိုင်း ပါတီအဖွဲ့အစည်းများက ညွှန်ကြားသည့် အဆောက်အအုံများ၏ ရွေးကောက်ပွဲမှုများကို ပြန်လည်ထူထောင်ရန်။

**(ဂ)** ပါတီအဖွဲ့အစည်းများ ရွေးကောက်ပွဲတွင် အမည်စာရင်းနှင့် မဲပေးခြင်းကို တားမြစ်ရန်။ ကိုယ်စားလှယ်လောင်း တဦးချင်းကိုမဲပေးရန်။ ပါတီဝင်အားလုံးအနေဖြင့် ကိုယ်စားလှယ်လောင်းများအား စိန်ခေါ်ခွင့် (သို့မဟုတ် ) ဝေဖန်ခွင့်ကို အကန့်အသတ်မရှိ အာ မခံချက်ပေးရမည်။

**(ဃ)** ပါတီအဆောက်အအုံများ ရွေးကောက်ပွဲတွင် လျှို့ဝှက်မဲပေးမှုကို ကျင့်သုံးရန်။

**(င)** အခြေခံအဖွဲ့အစည်းများ၏ ပါတီကော်မတီများမှအစ ဒေသဆိုင်ရာ၊ ပြည်နယ်ဆိုင်ရာနှင့် အမျိုးသား ကွန်မြူနစ်ပါတီများ၏ ဗဟိုကော်မတီများအထိ၊ ပါတီအဖွဲ့အစည်းများအား

လုံး၏ ပါတီအဖွဲ့အစည်းများ ရွေးကောက်ပွဲကိုကျင်းပရန်။ ရွေးကောက်ပွဲကို မေ ၂၀ ရက်နေ့ထက် နောက်မကျစေရ။

**(စ)** ပါတီစည်းကမ်း စည်းမျဉ်းများအတွင်း ပါတီအဖွဲ့အစည်းသက်တမ်းများနှင့်ပတ်သက်၍ သတ်မှတ်ချက်များကို တင်းကျပ်စွာလိုက်နာရန်။ ပါတီအဖွဲ့အစည်းများ အားလုံးကို ညွှန်ကြားရန်။ ၎င်းတို့မှာ – အခြေခံပါတီအဖွဲ့အစည်း ရွေးကောက်ပွဲများကို တနှစ် တကြိမ်ပြုလုပ်ရန်။ ခရိုင်နှင့် မြို့တော် အဖွဲ့အစည်းများအတွက် တနှစ်တကြိမ် ဒေသဆိုင်ရာ၊ ပြည်နယ်ဆိုင်ရာ၊ သမ္မတနိုင်ငံဆိုင်ရာ အဖွဲ့အစည်းများအတွက် ၁၈ လ တကြိမ်ပြုလုပ်ရန်ဖြစ်သည်။

**(ဆ)** အထွေထွေ စက်ရုံအစည်းဝေးများ၌ ပါတီကော်မတီ ရွေးချယ်သည့်စနစ်ကို အခြေခံပါတီအဖွဲ့အစည်းများက တင်းကျပ်စွာလိုက်နာရေးကို အာမခံရန်။ အထွေထွေစက်ရုံအစည်းဝေးများအား ကိုယ်စားလှယ် ကွန်ဖရင့်များနှင့် အစားထိုးခြင်းကို ခွင့်မပြုရန်။

**(ဇ)**အခြေခံပါတီ အဖွဲ့အစည်းအချို့၌ အနုံ့အပြား ဖြစ်ပွားနေသည့် အထွေထွေအစည်းဝေးများ အမှန်ပင်ပျောက်ကွယ်နေပြီး၊ လုပ်ငန်းဆိုင်ရာအစည်းဝေများ (shop meetings)၊ ကိုယ်စားလှယ် ကွန်ဖရင့်များဖြင့် အစားထိုးမှုစသည့် လုပ်ဟန်များကို ရပ်ဆိုင်းပစ်ရန်။

ဤနည်းဖြင့်ပါတီသည် လာမည့်ရွေးကောက်ပွဲများအတွက်ပြင်ဆင်မှုများ စတင်လုပ်ဆောင်ခဲ့သည်။

ဗဟိုကော်မတီ၏ ဤဆုံးဖြတ်ချက်သည် ကြီးမားလှသည့် နိုင်ငံရေးအဓိပ္ပာယ်ဆောင်သည်။ ၎င်း၏ ထူးခြားမှုမှာ ဆိုဗီယက်ယူနီယံအမြင့်ဆုံး ဆိုဗီယက်ရွေးကောက်ပွဲများအတွင်း ပါတီတိုက်ပွဲနိဒါန်း ကိုဖွင့်လှစ်လိုက်ရုံမျှမက အဓိကအားဖြင့် ပါတီအဖွဲ့အစည်းများ ၎င်းတို့လုပ်ငန်းများကို ပြန်လည်စည်းရုံးလုပ်ဆောင်ရန် ပါတီတွင်းဒီမိုကရေစီမှုများကို အသုံးပြုရေးအတွက် အမြင့်ဆုံးဆိုဗီယက် ရွေးကောက်ပွဲများ အပြည့်အဝပြင်ဆင်မှုရှိစေသည့် အချက်ပင်ဖြစ်သည်။

ပါတီက ကွန်မြူနစ်များနှင့် ပါတီပလူထုများ၏ ရွေးကောက်ပွဲအုပ်စုဖွဲ့ရေး အကြံကို ရွေးကောက်ပွဲလုပ်ငန်းများ (campaign) တိုးတက်ရေးအတွက် ၎င်းတို့ပေါ်လစီ၏ အခြေခံမူရင်း အဖြစ်လုပ်ဆောင်ရန် ဆုံးဖြတ်လိုက်သည်။ ပါတီသည် ရွေးကောက်တင်မြှောက်ရမည့် ဒေသများတွင် ပါတီပလူထုနှင့် ပူးတွဲကိုယ်စားလှယ်များ တင်မြှောက်ရန် ဆုံးဖြတ်လိုက်ခြင်းဖြင့် ရွေးကောက်ပွဲသို့ ပါတီပလူထုနှင့် မဟာမိတ်အုပ်စုဖွဲ့ပြီး ဝင်ရောက်ခဲ့သည်။ ဤသည်မှာ ခနရှင်နိုင်ငံများ၏ ရွေးကောက်ပွဲများတွင် မရှိခဲ့ဘူးသည့်အဖြစ်ဖြစ်ပြီး လုံ၀လည်းမဖြစ်နိုင်ချေ။ သို့သော် ကျွန်တော်တို့ နိုင်ငံတွင်မူ ကွန်မြူနစ်များနှင့် ပါတီပ လူထုအကြား အုပ်စုဖွဲ့မှုမှာ သဘာဝကျသည်။ ကျွန်တော်တို့တိုင်းပြည်၌ ရန်လိုသည့်လူတန်းစားများ မရှိတော့ဘဲ လူထုအစိတ်အပိုင်းအားလုံးအကြား စိတ်ဓာတ်ရေးရာနှင့် နိုင်ငံရေးအရ စည်းလုံးညီညွတ်မှုမှာ မငြင်းနိုင်သော အချက်ဖြစ်နေခြင်း ကြောင့်ပင်တည်း။

၁၉၃၇ ခုနှစ် ဒီဇင်ဘာ ၇ ရက်နေ့က ပါတီဗဟိုကော်မတီက မဲဆန္ဒရှင်များသို့ ပန်ကြားလွှာထုတ်ဝေရာတွင် ဖော်ပြထားသည်မှာ...

"၁၉၃၇ ခုနှစ်ဒီဇင်ဘာ ၁၂ ရက်နေ့၌ ဆိုဗီယက်ယူနီယံ၏ လုပ်သားပြည်သူများသည် ကျွန်တော်တို့၏ ဆိုရှယ်လစ်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံပေါ်တွင် ဆိုဗီယက်ပြည်ထောင်စု အမြင့်ဆုံး ဆိုဗီယက်၏ ကိုယ်စားလှယ်များကို ရွေးချယ်တော့မည်ဖြစ်သည်။ ဘော်ရှီဗစ်ပါတီသည် ရွေးကောက်ပွဲသို့ ပါတီပ အလုပ်သမားများ၊ လယ်သမားများ၊ ရုံးအမှုထမ်းများ၊ ပညာတတ်များနှင့် အုပ်စုဖွဲ့၍၊ မဟာမိတ်ပြု၍ဝင်ရောက်သည်။ ...ဘော်ရှီဗစ်ပါတီသည် ပါတီပပြည်သူများနှင့် စည်းခြားထားခြင်းမပြုဘဲ ဆန့်ကျင်စွာပင် ရွေးကောက်ပွဲသို့ ပါတီပလူထုနှင့် အုပ်စုမဟာမိတ်ဖွဲ့၍ လည်းကောင်း၊ အလုပ်သမားရုံးဝန်ထမ်းများ၏သမဂ္ဂများနှင့် အုပ်စုဖွဲ့၍လည်းကောင်း၊ ကွန်မြူနစ်လူငယ်အဖွဲ့နှင့် အခြားပါတီအဖွဲ့အစည်းများ၊ အစည်းအရုံးများနှင့် အုပ်စုဖွဲ့၍လည်းကောင်း ဝင်ရောက်ပါဝင်ခဲ့သည်။ အကျိုးဆက်အားဖြင့် ကိုယ်စားလှယ်လောင်းများသည် ကွန်မြူနစ်များနှင့် ပါတီပ လူထုများ၏ ပူးတွဲ ကိုယ်စားလှယ်များ ဖြစ်လာပြီး ပါတီပကိုယ်စားလှယ်တိုင်းသည် ကွန်မြူနစ်များ၏ ကိုယ်စားလှယ်လည်း ဖြစ်လာနိုင်ကာ၊ ကွန်မြူနစ်ကိုယ်စားလှယ်တိုင်းသည် ပါတီပလူထု၏ ကိုယ်စားလှယ်ဖြစ်နိုင် သကဲ့သို့ပင်ဖြစ်သည်။"

ဗဟိုကော်မတီ၏ ထုတ်ပြန်ချက်တွင် မဲဆန္ဒရှင်များသို့ အောက်ပါတောင်းဆိုချက်များဖြင့် နိဂုံးချုပ်ထားသည်။

"ဆိုဗီယက်ယူနီယံ ကွန်မြူနစ်ပါတီ (ဘော်ရှီဗစ်) ဗဟိုကော်မတီက ကွန်မြူနစ်များနှင့် စာနာထောက်ခံသူများအားလုံးကို ကွန်မြူနစ်ကိုယ်စားလှယ်လောင်းများအား မဲပေးသော တူညီသည့် တညီတညွတ်တည်းဖြစ်မှုဖြင့် ပါတီပ ကိုယ်စားလှယ်လောင်းများအားလည်း မဲပေးရန်တောင်းဆိုလိုက်သည်။"

"ဆိုဗီယက်ယူနီယံ ကွန်မြူနစ်ပါတီ (ဘော်ရှီဗစ်) ဗဟိုကော်မတီက ပါတီပမှ မဲဆန္ဒပေးသူများအားလုံးကို ပါတီပကိုယ်စားလှယ်လောင်းများအား မဲပေးသော တူညီသည့် တညီတညွတ်တည်းဖြစ်မှုဖြင့် ပါတီကိုယ်စားလှယ်လောင်းများအား မဲပေးရန် တောင်းဆိုလိုက်သည်။"

"ဆိုဗီယက်ယူနီယံ ကွန်မြူနစ်ပါတီ (ဘော်ရှီဗစ်) ဗဟိုကော်မတီက မဲဆန္ဒရှင်အားလုံးအား ဒီဇင်ဘာ ၁၂ ရက်နေ့တွင် မဲပေးသည့် ဌာနများသို့ လူပုဂ္ဂိုလ် တဦးတယောက်အဖြစ် လာရောက်ကြပြီး ပြည်ထောင်စု၏ ဆိုဗီယက်နှင့် အမျိုးသားများ၏ ဆိုဗီယက်ကိုယ်စားလှယ်များကို ရွေးချယ်တင်မြှောက်ကြရန် တောင်းဆိုလိုက်သည်။"

"ဆိုဗီယက်နိုင်ငံတော်၏ အမြင့်ဆုံးအဆောက်အအုံသို့ ကိုယ်စားလှယ်ရွေးချယ်ရေးဆိုသည့် မိမိတို့၏ ဂုဏ်ယူဖွယ်အခွင့်အရေးကို မကျင့်သုံးသည့် မဲဆန္ဒရှင်တဦးတလေမျှမရှိရ။"

"အမြင့်ဆုံးဆိုဗီယက်ရွေးကောက်ပွဲများကို ခြွင်းချက်မရှိ မဲဆန္ဒရှင်အားလုံးပါဝင်ရေး အာမခံချက်ကို မိမိတို့ နိုင်ငံသားတာဝန်အဖြစ် မမှတ်ယူသည့် နိုင်ငံသားတဦးတလေမျှ မရှိရ။"

" ၁၉၃၇ ခုနှစ်ဒီဇင်ဘာ ၁၂ ရက်နေ့ သည် လီနင်– စတာလင် တို့၏ အောင်ပွဲရ အောင်လံတော်ပတ်လည်တွင် ဆိုဗီယက်ယူနီယံ၏ လူမျိုးပေါင်းစုံပြည်သူအားလုံးတို့၏ လုပ်သားပြည်သူများ၏ ပူးပေါင်းစည်းလုံးမှုကို အောင်ပွဲသဘင် ဆင်ယင်ကျင်းပသည့်နေ့အား ရက်ထူးရက်မြတ်ဖြစ်ရမည်။"

၁၉၃၇ ခုနှစ်ဒီဇင်ဘာ ၁၁ ရက်နေ့ ရွေးကောက်ပွဲ အကြိုနေ့တွင် ရဲဘော်စတာလင်က သူ၏ အမည်တင်သွင်းခြင်းခံရသော ဒေသရှိမဲဆန္ဒရှင်များကို မိန့်ခွန်းပြောရာတွင် ပြည်သူလူထုကရွေးချယ်သည့် လူထုခေါင်းဆောင်များ၊ ဆိုဗီယက်ယူနီယံ၏ အမြင့်ဆုံး ဆိုဗီယက်ကိုယ်စားလှယ်များသည် မည်သို့သော အမျိုးအစားဖြစ်ရမည် ဆိုသည်ကိုဖော်ပြခဲ့သည်။

သူက…” မဲဆန္ဒရှင်ပြည်သူများက ၎င်းတို့၏ ကိုယ်စားလှယ်များကို တောင်းဆိုရမည်မှာ သူတို့သည် သူတို့၏ တာဝန်ဝတ္တရားများကို နိုင်နင်းစွာဆောင်ရွက်နိုင်ရမည်။ သူတို့၏လုပ်ငန်းများ အတွင်း နိုင်ငံရေးနလပိန်းတုံးများ ဖြစ်မသွားရ။ ၎င်းတို့၏ ရာထူးနေရာများတွင် လီနင်ပုံစံ နိုင်ငံရေးခေါင်းဆောင်များအဖြစ်ရှိနေရမည်။ လူထုခေါင်းဆောင်များအဖြစ် လီနင်ကဲ့သို့ ရှင်းလင်း ပြတ်သားသူဖြစ်ရမည်။ သူတို့သည် လီနင်ကဲ့သို့ တိုက်ပွဲအတွင်း ကြောက်ရွံ့မှုကင်းပြီး၊ ပြည်သူ့ရန်သူကို အညှာအတာကင်းရမည်။ အရာကိစ္စများ ရှုပ်ထွေးလာလျှင်သော်လည်းကောင်း၊ အန္တရာယ်အရိပ်အယောင်များ ပေါ်လာလျှင်သော်လည်းကောင်း၊ သူတို့သည် ကြောက်ရွံ့ခြင်း သဏ္ဍာန်အားလုံးမှကင်းဝေးရမည်။ သူတို့သည် လီနင်ကဲ့သို့ ကြောက်ရွံ့ခြင်းသဏ္ဍာန်အားလုံးမှ ကင်းဝေးရမည်။ သူတို့သည် အချက်အလက် ပြည့်စုံစွာ ကိုင်တွယ်လုပ်ဆောင်ပြီး အကျိုးအကြောင်း၊ အဆိုးအကောင်း အပြန်အလှန်စဉ်းစားရန် လို အပ်သည့် ရှုပ်ထွေးသည့်ပြဿနာများကို ဆုံးဖြတ် လုပ်ဆောင်ရာတွင် လီနင်ကဲ့သို့ ဉာဏ်အမြော် အမြင်ကြီးမားပြီး၊ အသေအချာ ဆင်ခြင်စဉ်းစားရမည်။ သူတို့သည် လီနင်ကဲ့သို့ ဖြောင့်မတ် တည်ကြည်ရိုးသားရမည်။ သူတို့သည် လီနင်ကဲ့သို့ ပြည်သူများကို ချစ်မြတ်နိုးရမည်။”

ဆိုဗီယက်ယူနီယံ၏ အမြင့်ဆုံးဆိုဗီယက်ရွေးကောက်ပွဲများကို ဒီဇင်ဘာ ၁၂ ရက်နေ့တွင် အလွန်လှုပ်ရှားတက်ကြွ ပျော်ရွှင်စွာကျင်းပခဲ့ကြသည်။ ဤသည်မှာ ရွေးကောက်ပွဲများထက် ပိုမိုသွားပြီး ဆိုဗီယက်ပြည်သူများ၏ အောင်ပွဲသဘင် ဆင်ယင်ကျင်းပသည့် ဆိုဗီယူနီယံအတွင်းရှိ ပြည်သူများ၏ ကြီးမားမွန်မြတ်လှသည့် ချစ်ကြည်မှုကို ဖော်ထုတ်ပြသသည့်နေ့အား နေ့ထူးနေ့မြတ် ဖြစ်သွား စေသည်။

မဲဆန္ဒပေးနိုင်သူစုစုပေါင်း ၉၄,၀၀၀,၀၀၀ ရှိသည့်အနက် ၉၁,၀၀၀,၀၀၀ သို့မဟုတ် ၉၆.၈ ရာခိုင်နှုန်း မဲပေးခဲ့သည်။ ဤအထဲမှ ၈၉,၈၄၄,၀၀၀ သို့မဟုတ် ၉၈.၆ ရာခိုင်နှုန်းသည် ကွန်မြူနစ်များနှင့် ပါတီပ လူထု၏ အုပ်စုကိုယ်စားလှယ်လောင်းများကို မဲဆန္ဒပေးခဲ့သည်။ လူပေါင်း ၆၃၂,၀၀၀ သို့မဟုတ် ၁ ရာခိုင်နှုန်း အောက်သာလျှင် ကွန်မြူနစ်များနှင့် ပါတီပ လူထု၏ အုပ်စုကိုယ်စားလှယ်လောင်းများကို ဆန့်ကျင်မဲပေးခဲ့သည်။ အုပ်စု၏ ကိုယ်စားလှယ်လောင်းများ အားလုံး ခြွင်းချက်မရှိ အရွေးခံရသည်။

ဤသို့ဖြင့်လူပေါင်း ၉၀,၀၀၀,၀၀၀ တို့သည် ၎င်းတို့၏ တညီတညွတ်တည်းသော မဲဖြင့် ဆိုဗီယက်ယူနီယံ၏ ဆိုရှယ်လစ်စနစ် အောင်ပွဲခံမှုကို အတည်ပြုလိုက်သည်။

ဤသည်မှာ ကွန်မြူနစ်များနှင့် ပါတီပလူထု အုပ်စုဖွဲ့မှု၏ သိသာထင်ရှားလှသည့် အောင်ပွဲဖြစ်သည်။

ဤသည်မှာ ဘော်ရှီဗစ်ပါတီ အောင်ပွဲခံခြင်းဖြစ်သည်။

ဤသည်မှာ အောက်တိုဘာတော်လှန်ရေး အနှစ် ၂၀ ပြည့် နှစ်ပတ်လည် အခမ်းအနားၞ ရဲဘော်မိုလိုတော့ဗ် မိန့်ကြားခဲ့သည့် သမိုင်းဝင်မိန့်ခွန်းထဲတွင် ရည်ညွှန်းဖော်ပြခဲ့သည့် ဆိုဗီယက် ပြည်သူများ၏ စိတ်ဓာတ်ရေး၊ နိုင်ငံရေး ညီညွတ်စည်းလုံးမှု၏ ပြောင်မြောက်လှသော အတည်ပြု ချက်ဖြစ်ပေသတည်း ■

# နိဂုံး

ဘော်ရှိဗစ်ပါတီ ဖြတ်သန်းခဲ့သည့် သမိုင်းလမ်းကြောင်းအတွင်းမှ မည်သည့် အဓိက နိဂုံးချုပ်ချက်များရရှိပါသနည်း။

ဆိုဗီယက်ယူနီယံ ကွန်မြူနစ်ပါတီ (ဘော်ရှီဗစ်) သမိုင်းက ကျွန်ုပ်တို့ကို မည်သို့သင်ကြားပေးခဲ့ပါသနည်း။

**၁။** ပါတီသမိုင်းက ကျွန်ုပ်တို့ကို ပထမဆုံး သင်ကြားပေးလိုက်သည်မှာ ပစ္စည်းမဲ့တော်လှန် ရေး၏ အောင်ပွဲ၊ ပစ္စည်းမဲ့အာဏာရှင်စနစ်၏ အောင်ပွဲကို အချောင်ဝါဒမှ ကင်းလွတ်သည့် စေ့စပ်ပြေငြိမ်းလိုသူများ၊ အညှီခံရေးသမားများနှင့် ပြန်လည်စေ့စပ်သင့်မြတ်ခြင်း မပြုဘဲ၊ ဓနရှင်များနှင့် ၎င်းတို့၏ နိုင်ငံတော်အာဏာအပေါ် တော်လှန်ရေးသဘောထားထားရှိသည့် ပစ္စည်းမဲ့လူတန်းစား၏ တော်လှန်ရေးပါတီ တရပ်မရှိဘဲ မဖြစ်နိုင်ချေ။

ပါတီသမိုင်းက ကျွန်ုပ်တို့ကို သင်ကြားပေးလိုက်သည်မှာ ဤကဲ့သို့သော ပါတီတရပ်မရှိဘဲ၊ ပစ္စည်းမဲ့များအား ပစ်ထားလိုက်ခြင်းသည် တော်လှန်ရေးခေါင်းဆောင် မရှိအောင်ပြုလုပ်သည့် သဘောသက်ရောက်သည်။ တော်လှန်ရေးခေါင်းဆောင်မှု မရှိအောင်ပြုလုပ်ခြင်းဆိုသည်မှာ ပစ္စည်းမဲ့တော်လှန်ရေး အရေးတော်ပုံကို ဖျက်ဆီးသည့် သဘောသက်ရောက်သည်။

ပါတီသမိုင်းက ကျွန်ုပ်တို့ကို သင်ကြားပေးလိုက်သည်မှာ အနောက်ဥရောပ အမျိုးအစား သာမန်ဆိုရှယ်ဒီမိုကရေစီ ပါတီများသည် ပြည်တွင်းငြိမ်းချမ်းရေး အကြောင်းအချက်များ အောက်တွင် ပေါ်ထွက်လာပြီး အချောင်သမားများ အမြီးခိုကပ် လိုက်ပါလာကာ လူမှုပြုပြင်ရေးများကိုသာ စိတ်ကူးယဉ်နေပြီး လူမှုတော်လှန်ရေးကို အကြောက်ကြီးကြောက်နေကြသည့်အတွက် ဤကဲ့သို့သော ပါတီတရပ်မဖြစ်နိုင်ချေ။

ပါတီသမိုင်းက ကျွန်ုပ်တို့ကို သင်ကြားပေးလိုက်သည်မှာ အမျိုးအစားသစ်ပါတီတရပ်၊ မာ့က်စ်ဝါဒ – လီနင်ဝါဒ ပါတီ၊ လူမှုတော်လှန်ရေးပါတီ၊ ပစ္စည်းမဲ့များက ခနရှင်များအပေါ် အပြတ်အသတ် တိုက်ပွဲဆင်ရန် ပြင်ဆင်ပေးနိုင်ပြီး ပစ္စည်းမဲ့တော်လှန်ရေးအောင်ပွဲကို စည်းရုံးလုပ် ဆောင်နိုင်သည့် ပါတီတရပ်သာလျှင် ဤကဲ့သို့သော ပါတီတရပ် ဖြစ်နိုင်ပေသည်။

ဆိုဗီယက်ယူနီယံ၏ ဘော်ရှီဗစ်ပါတီသည် ဤကဲ့သို့သောပါတီတရပ်ဖြစ်ပေသည်။

ရဲဘော်စတာလင်က …“ တော်လှန်ရေးအကြိုကာလ အနည်းနှင့်အများ ငြိမ်းချမ်းစွာဖြစ်ပေါ်တိုးတက်ရေးကာလ၊ ဒုတိယအင်တာနေရှင်နယ်ပါတီများက အလုပ်သမားလူတန်းစား လှုပ်ရှားမှုအတွင်း အပေါ်စီးရရှိနေပြီး ပါလီမန်တိုက်ပွဲသဏ္ဍာန်ကို အဓိကအဖြစ်ထားနေချိန်က ပါတီသည် ကြီးမားပြတ်သားသည့် အရေးပါမှုများလည်းမရခဲ့။ ရလည်းမရနိုင်ခဲ့ချေ။ နောက်ပိုင်းတွင် ပြောင်တော်လှန်ရေးတိုက်ပွဲအကြောင်းအချက်များ ရရှိလာသည့် အခါမှသာ ပါတီသည် အရေးပါသည့် အခန်းသို့ရရှိလာခဲ့သည်။ ဒုတိယ အင်တာနေရှင်နယ်ကို တိုက်ခိုက်နေမှုများကို ကာကွယ်ရင်း၊ ကောက်စကီက ဒုတိယအင်တာနေရှင်နယ် ပါတီများသည် စစ်ပွဲအတွက်မဟုတ်ဘဲ ငြိမ်းချမ်းရေးအတွက် ကိရိယာများသာဖြစ်ပြီး ထိုအကြောင်းကြောင့်ပင် စစ်ပွဲအတွင်း ပစ္စည်းမဲ့များ၏ တော်လှန်ရေး လုပ်ငန်းကာလအတွင်း ၎င်းတို့သည် အင်အားမဲ့ရခြင်းဖြစ်သည်ဟု ဆိုလိုက်သည်။ မှန်ပါသည်။ သို့သော် ဤက မည်သည်ကို ဆိုလိုသနည်း။ ဆိုလိုသည်မှာ ဒုတိယ အင်တာနေရှင်နယ် ပါတီများသည် ပစ္စည်းမဲ့များ၏ တော်လှန်ရေးတိုက်ပွဲများအတွက် မသင့်တော်ကြောင်း ၎င်းတို့သည် ပစ္စည်းမဲ့များ၏ တိုက်ခိုက်နိုင်စွမ်းရှိသည့် ပါတီများ မဟုတ်ကြောင်း၊ ပါလီမန်ရွေးကောက်ပွဲများနှင့် ပါလီမန်တိုက်ပွဲများအတွက် ကျင့်သုံးသည့် ရွေးကောက်ပွဲယန္တရားများ အာဏာဆီသို့သာ အလုပ်သမားများကို ခေါ်ဆောင်သွားနိုင်သည့် ပါတီများသာဖြစ်ကြောင်း ဆိုလိုသည်။ ဤသည်မှာ ဒုတိယ အင်တာနေရှင်နယ်၏ အချောင်သမားများ ကြီးစိုးလွှမ်းမိုးနေစဉ်ကာလက ပစ္စည်းမဲ့များ၏ အဓိကနိုင်ငံရေး အဖွဲ့အစည်းများမှာ ကျွန်ုပ်တို့ ပါတီမဟုတ်ဘဲ ၎င်းတို့ ပါလီမန်အုပ်စုများဖြစ်နေရခြင်း အကြောင်းအရင်းပင် ဖြစ်တော့ သည်။ ထိုအချိန်က ကျွန်ုပ်တို့ပါတီသည် ပါလီမန်အုပ်စုများ၏ အရေးမကြီး အရာမထင်လှသော အစွယ်အပွားများသာ ဖြစ်နေကြောင်း အားလုံးပင်သိကြသည်။ ဤကဲ့သို့သော အခြေအနေများနှင့် ဦးဆောင်လမ်းပြနေသော ပါတီတရပ်သည် ပစ္စည်းမဲ့များ တော်လှန်ရေးအတွက် ပြင်ဆင်ရန် မည်သည့် မျှတတ်နိုင်ဦးမည် မဟုတ်ကြောင်းမှာ ပြောရန်ပင်မလိုချေ။ ”

“ သို့သော် ကာလသစ် ရောင်ခြည်ဖြာလာသည်နှင့် အကြောင်းကိစ္စများသည် အရင်း အမြစ်မှစ၍ ပြောင်းလဲလာသည်။ ကာလသစ်မှာ ဖြောင်လူတန်းစားတိုက်ပွဲ၊ ပစ္စည်းမဲ့လူတန်းစား၏ တော်လှန်ရေးလှုပ်ရှားမှုများ၊ ပစ္စည်းမဲ့တော်လှန်ရေးကာလ ဖြစ်ပြီး နယ်ချဲ့စနစ်ကို ဖြိုချပြီး ပစ္စည်းမဲ့များက အာဏာသိမ်းယူရန်အတွက် အင်အားစုများကို တိုက်ရိုက်စည်းရုံး စုစည်းလာသည့် ကာလဖြစ်သည်။ ဤကာလအတွင်း ပစ္စည်းမဲ့များသည် တာဝန်ဝတ္တရားသစ်များနှင့် ရင်ဆိုင်လာရပြီး ထိုတာ ဝန်များမှာ ပါတီလုပ်ငန်းအားလုံးကို တော်လှန်ရေးလမ်းစဉ်သစ်များနှင့် ပြန်လည်စည်းရုံးလုပ်ဆောင်ရခြင်း၊ အလုပ်သမားများကို အာဏာရရေးအတွက် တော်လှန်ရေးတိုက်ပွဲဆင်နွှဲရေး စိတ်ဓာတ် ပညာပေးရခြင်း၊ အရန်အင်အားများကို လှုံ့ဆော်ပြင်ဆင် စည်းရုံးရခြင်း၊ အိမ်နီးနားချင်း နိုင်ငံများမှ ပစ္စည်းမဲ့များနှင့် မဟာမိတ်ပြုရေးလုပ်ဆောင်ရခြင်း၊ ကိုလိုနီနှင့် အမှီခိုနိုင်ငံများ၏ လွတ်မြောက်ရေး လှုပ်ရှားမှုများနှင့်

ဆက်သွယ်ရေးထူထောင်ရခြင်း စသည် ... စသည်များဖြစ်ပါသည်။ ပါလီမန်စနစ်၏ ငြိမ်းချမ်းသော အကြောင်းအချက်အောက်တွင် ပေါ်ထွက်လာသည့် ဆိုရှယ်ဒီမိုကရေစီပါတီများက ဤကဲ့သို့သော တာဝန်သစ်များကို ထမ်းဆောင်နိုင်လိမ့်မည်ဟု ထင်မှတ်ခြင်းသည် မျှော်လင့်ချက်မရှိသော စိတ်ပျက်ဖွယ်နှင့် မရှောင်လွှဲသာသော ဆုံးရှုံးမှုနှင့် ရင်ဆိုင်ကြုံတွေ့ရဖွယ်ပင်ဖြစ်သည်။ ဤကဲ့သို့ သောတာဝန်များကို ထမ်းဆောင်ရမည်ဆိုလျှင် ပါတီဟောင်းများအောက်ရှိ ပစ္စည်းမဲ့များသည် လုံးဝလက်နက်မဲ့ပေလိမ့်မည်။ ပစ္စည်းမဲ့လူတန်းစားသည် ဤကဲ့သို့ အဖြစ်ခံနိုင်မည် မဟုတ်ကြောင်းမှာ ပြောရန်ပင် မလိုချေ။ ”

“ ထို့ကြောင့် ပါတီသစ်တရပ်၊ တိုက်စိတ်ခိုက်စိတ်ရှိသည့် ပါတီတရပ်၊ တော်လှန်ရေးပါတီတရပ်၊ ပစ္စည်းမဲ့များ အာဏာရယူရေးတိုက်ပွဲကို ရဲရင့်စွာ ခေါင်းဆောင်နိုင်မည့် ပါတီတရပ်၊ တော်လှန်ရေး အခြေအနေ အရှုပ်အထွေးအကြား မိမိ၏ ဦးတည်ချက်ကို ရှာဖွေနိုင်သည့် အတွေ့အကြုံ အလုံလောက်ရှိပြီး ပါတီတရပ်နှင့် မိမိရည်မှန်းချက် ခရီးလမ်းအတွင်းရှိ ကျောက်ဆောင် ကျောက်ကမ္ဘားအားလုံးကို ကျွမ်းကျင်ပျော့ပြောင်းစွာ ကျော်လွှားပဲ့ကိုင်နိုင်သည့် ပါတီတရပ် လိုအပ်လာသည်။”

“ဤကဲ့သို့သော ပါတီတရပ်မရှိပဲ နယ်ချဲ့စနစ်ကို ဖြုတ်ချကျော်နင်းပြီး ပစ္စည်းမဲ့အာဏာရှင် စနစ်အောင်မြင်ရေးအတွက် စဉ်းစားရန်ပင် မဖြစ်နိုင်ပေ။”

“ဤပါတီသစ်သည် လီနင်ဝါဒ ပါတီဖြစ်သည်”**(ဂျေ – စတာလင်၊ လီနင်ဝါဒ ပြဿနာများ၊ မော်စကို၊ ၁၉၄၇ ခုနှစ်၊ စာမျက်နှာ ၈၀၊ ၈၁)**

**၂။** ပါတီ၏သမိုင်းက ကျွန်တော်တို့ကို ဆက်လက်သင်ကြားပေးသည်မှာ အလုပ်သမား လူတန်းစား၏ ပါတီတရပ်သည် အလုပ်သမားလူတန်းစားလှုပ်ရှားမှု၏ ရှေ့တန်းရောက်သဘောတရားဖြစ် သည့် မာ့က်စ်–လီနင်ဝါဒ သဘောတရားများ မရှိဘဲ မိမိလူတန်းစား၏ ခေါင်းဆောင်မှုအခန်းကို မထမ်းရွက်နိုင်ကြောင်း၊ ပစ္စည်းမဲ့တော်လှန်ရေး၏ စည်းရုံးခေါင်းဆောင်သူအခန်းကို မထမ်း ဆောင်နိုင်ကြောင်းပင်ဖြစ်သည်။

မာက့်စ်–လီနင်ဝါဒ၏ စွမ်းပကားသည် မည်သည့်အခြေအနေတွင်မဆို ပါတီ၏မှန်ကန်သည့် ဦးတည်ချက်ကိုရှာဖွေရရှိနိုင်ပြီး လက်ရှိအဖြစ်အပျက်များ၏ အတွင်းပိုင်းဆက်ဆံမှုများကို နားလည်သဘောပေါက်ကာ ၎င်းတို့၏ ခရီးလမ်းကြောင်းကို ကြိုတင်သိမြင်နိုင်ပြီး လက်ရှိအချိန်တွင် မည်သည့်ဘက်သို့ မည်သို့မည်ပုံ တိုးတက်ဖြစ်ပေါ်နေကြောင်းကို သိမြင်နိုင်ရုံမျှမက အနာဂတ်တွင်လည်း မည်သည့်ဘက်သို့ မည်သို့မည်ပုံ တိုးတက်ဖြစ်ပေါ်နိုင်ကြောင်းကိုလည်း သိမြင်နိုင်သည်။

မာ့က်စ်ဝါဒ – လီနင်ဝါဒကို ကျွမ်းကျင်သည့် ပါတီတရပ်သာလျှင် အလုပ်သမားလူတန်းစားကို ယုံကြည်စိတ်ချစွာ ရှေ့သို့တွန်းတင် ခေါင်းဆောင်နိုင်မည်ဖြစ်သည်။

မာက့်စ်ဝါဒ – လီနင်ဝါဒ ကျွမ်းကျင်ရေးအတွက် လိုအပ်ချက်များအားလုံးမှာ မာ့က်စ်၊ အိန်ဂယ်၊ လီနင်တို့၏ကျမ်းများမှ တသီးတခြား ဖယ်ထုတ်ထားသည့် နိဂုံးချုပ်ချက်များ အကြံပေးအဆိုပြုချက်များကို လုံ့လဝီရိယကြီးမားစွာဖြင့် အလွတ်ကျက်မှတ်ခြင်း၊ အခါအခွင့်သင့်သည့်အချိန်တွင် ကိုးကားရန်နှင့် ဤကဲ့သို့ အရကျက်ထားသည့် နိဂုံးချုပ်ချက်များ အကြံပေး အဆိုပြုချက်များသည် နေရာတိုင်း၊ အခြေအနေတိုင်းနှင့် သင့်တော်ဆီလျော်သည်ဟု ယူဆခြင်းဖြင့် ထိုနေရာတွင်ပင် ရပ်နားနေခြင်းတို့ပင်ဖြစ်ဟန် လက္ခဏာရှိသည်။ သို့သော် မာ့က်စ်ဝါဒ – လီနင်ဝါဒ သဘောတရားအပေါ် ဤသို့ချဉ်း

ကပ်မှုသည် လုံးဝမှားယွင်းသည်။ မာ့က်စ်ဝါဒ – လီနင်ဝါဒ သဘောတရားကို စုစည်းထားသော တရားသေဝါဒများ (collection of dogmas) အဖြစ်လည်းကောင်း၊ အမေး၊ အဖြေ ညွှန်ကြားချက်များ (catechism) အဖြစ်လည်းကောင်း၊ သစ္စာတရား၏ လက္ခဏာအဖြစ် လည်းကောင်း မသတ်မှတ်ရဘဲ၊ မာ့က်စ်ဝါဒီများ ကိုယ်တိုင်ကိုလည်း သမားဂုဏ်ဝင့်သူများ (pedants)၊ တရားသေဝါဒီများ (dogmatist) အဖြစ်မသတ်မှတ်သင့်ပေ။ မာ့က်စ်ဝါဒ –လီနင်ဝါဒ သဘောတရားဆိုသည်မှာ လူ့အဖွဲ့အစည်း ဖြစ်ပေါ်တိုးတက်မှု၏ သိပ္ပံပညာ၊ အလုပ်သမားလူတန်းစားလှုပ်ရှားမှု၏သိပ္ပံပညာ၊ ပစ္စည်းမဲ့တော်လှန်ရေး၏သိပ္ပံပညာ၊ ကွန်မြူနစ်လူ့အဖွဲ့အစည်း တည်ဆောက်ရေး၏ သိပ္ပံပညာဖြစ်သည်။ သိပ္ပံပညာရပ် အနေဖြင့်လည်း တသမတ်တည်း ရပ်လည်းမနေ၊ ရပ်လည်းမနေနိုင်ပဲ ဆက်လက်ဖြစ်ပေါ်တိုးတက်ပြီး မိမိကိုယ်မိမိ ပြည့်ဝပြည့်စုံလာအောင် လုပ်ဆောင်ပေသည်။ ၎င်း၏ဖြစ်ပေါ်တိုးတက်မှုအတွင်း အတွေ့အကြုံသစ်များ၊ ဗဟုသုတအသစ်များဖြင့် ကြွယ်ဝလာနိုင်သည်မှာ ရှင်းနေပြီး အချို့သော အကြံပြုချက်များနှင့် နိဂုံးချုပ်ချက်များသည် အချိန်ကာလ လမ်း ကြောင်း ပြောင်းလဲလာရမည်ဖြစ်ကာ သမိုင်းအချက်အလက်အသစ်များနှင့် ကိုက်ညီသည့် နိဂုံးချုပ်ချက်အသစ်များ အကြံပြုချက်များနှင့် အစားထိုးလာရမည်ဖြစ်သည်။

မာ့က်စ်ဝါဒ – လီနင်ဝါဒ သဘောတရားကို ကျွမ်းကျင်စရာလိုသည်မှာ ၎င်း၏ပုံသေနည်းများ၊ နိဂုံးချုပ်ချက်များကို အလွတ်ကျက်မှတ်ပြီး၊ စာကြောင်းတိုင်းကို ဖက်တွယ်ထားရန် နည်းနည်းမျှ မဟုတ်ချေ။ မာ့က်စ်ဝါဒ – လီနင်ဝါဒကို ကျွမ်းကျင်ရန်မှာ ကျွန်ုပ်တို့သည် ပထမဦးဆုံး ၎င်း၏စာကြောင်းများနှင့် အနှစ်သာရကို ခွဲခြားသိရှိရန် လေ့လာရမည်။

မာ့က်စ်ဝါဒ – လီနင်ဝါဒသဘောတရားကို ကျွမ်းကျင်ရေးဆိုသည်မှာ ဤသဘောတရား၏ အနှစ်သာရကို ကျေညက်အောင် ပြုလုပ်ပြီး ပစ္စည်းမဲ့လူတန်းစား၏ လူတန်းစားတိုက်ပွဲ အကြောင်းအချက်အမျိုးမျိုးရှိ တော်လှန်ရေးလှုပ်ရှားမှု လက်တွေ့ ပြဿနာများကို ဖြေရှင်းရာတွင် အသုံးပြုနိုင်အောင် သင်ယူလေ့လာရေး ဖြစ်သည်။

မာ့က်စ်ဝါဒ – လီနင်ဝါဒ သဘောတရားကို ကျွမ်းကျင်ရေးဆိုသည်မှာ ဤသဘောတရားကို တော်လှန်ရေးလှုပ်ရှားမှု အတွေ့အကြုံသစ်များဖြင့် ကြွယ်ဝလာစေနိုင်ပြီး အကြံပြုချက် အသစ်များနှင့် နိဂုံးချုပ်ချက်အသစ်များဖြင့် ထည့်သွင်းပြည့်စုံလာစေနိုင်ခြင်းကို ဆိုလိုသည်။ သဘောတရား၏ အနှစ်သာရနှင့်အညီ ခေတ်နောက်ကျသွားသည့် အကြံပြုချက်များ၊ နိဂုံးချုပ်ချက်များကို သမိုင်းအခြေအနေသစ်များနှင့်ကိုက်ညီသည့် အသစ်တွေ့ရှိချက်များနှင့် အစားထိုးရန် ဝန်လေးတွန့်ဆုတ်ခြင်း မရှိပဲထို အသစ်တွေ့ရှိချက်များကို တိုးတက်ဖြစ်ပွားစေပြီး ရှေ့တွန်းတင်နိုင်စွမ်းရှိခြင်းကို ဆိုလိုပေသည်။

မာ့က်စ်ဝါဒ – လီနင်ဝါဒ သဘောတရားသည် တရားသေဝါဒမဟုတ်ဘဲ လှုပ်ရှားမှု၏ လမ်းညွှန်ဖြစ်သည်။

ဒုတိယ ရုရှားတော်လှန်ရေး၊ ၁၉၁၇ ခုနှစ် ဖေဖော်ဝါရီ မတိုင်မီက နိုင်ငံအားလုံးရှိ မာ့က်စ်ဝါဒီများအနေဖြင့် အရင်းရှင်စနစ်မှ ဆိုရှယ်လစ်စနစ်သို့ ကူးပြောင်းသည့်ကာလတွင် လူ့အဖွဲ့အစည်းအတွင်းရှိ နိုင်ငံရေးအဖွဲ့အစည်းများ၏ အသင့်တော်ဆုံးသဏ္ဍာန်မှာ ပါလီမန်ဒီမိုကရေစီ သမ္မတနိုင်ငံဖြစ်သည်ဟု ယူဆခဲ့ကြသည်။ ခုနှစ်ဆယ်စုနှစ်များအတွင်း မာ့က်စ်က ပစ္စည်းမဲ့အာဏာရှင်စနစ် အတွက်အသင့်တော်ဆုံးသဏ္ဍာန်မှာ ပါလီမန်သမ္မတနိုင်ငံမဟုတ်ဘဲ ပဲရစ်ဘုံအဖွဲ့ အမျိုးအစားမျိုး ဖြစ်သည်ဟု

ဆိုခဲ့သည်မှာ မှန်သည်။ သို့သော်ကံအကြောင်းမလှစွာပဲ မာ့က်စ်သည် ဤအဆိုပြု ချက်ကို ၎င်း၏ကျမ်းများတွင် ဆက်လက်မရေးသားခဲ့တော့ဘဲ ဤအကြောင်းမှာလည်း မေ့ပျောက်ခြင်း ခံရပြီး မှေးမှိန်သွားခဲ့သည်။ ထိုအပြင် အိန်ဂယ်က ၁၈၉၁ ခုနှစ် "အာဖတ်လုပ်ငန်းစဉ်" (Erfurt programe) မူကြမ်းကိုဝေဖန်ရေးသားရာ၌ "ဒီမိုကရေစီသမ္မတနိုင်ငံ... သည် ပစ္စည်းမဲ့အာဏာ ရှင်စနစ်အတွက် အခိုင်အမာသဏ္ဌာန်ဖြစ်သည်။" ဟူသော ပိုင်နိုင်သည့် စကားပိုဒ်တပိုဒ်ပါရှိပြီး ဤသည်က မာ့က်စ်ဝါဒီအနေဖြင့် ဒီမိုကရေစီသမ္မတနိုင်ငံကို ပစ္စည်းမဲ့အာဏာရှင်စနစ်အတွက် နိုင်ငံရေးသဏ္ဌာန်အဖြစ် ဆက်လက်သဘောထားနေသည်မှာ ယုံမှားသံသယရှိစရာမလိုချေ။ နောက်ပိုင်းတွင် အိန်ဂယ်၏ အဆိုပြုချက်မှာ လီနင်အပါအဝင် မာ့က်စ်ဝါဒီအားလုံးအတွက် လမ်းညွှန်မှုဖြစ် လာခဲ့၏။ သို့သော် ၁၉၀၅ ခုနှစ် ရုရှားတော်လှန်ရေးနှင့် အထူးသဖြင့် ၁၉၁၇ ခုနှစ် ဖေဖော်ဝါရီ တော် လှန်ရေးက အလုပ်သမား၊ လယ်သမား ကိုယ်စားလှယ်များ၏ ဆိုဗီယက်ဆိုသည့် လူမှုနိုင်ငံရေး အဖွဲ့အစည်းသဏ္ဌာန်သစ်တရပ်ကို ဖော်ထုတ်ပေးလိုက်သည်။ လီနင်သည် ရုရှားတော်လှန်ရေးနှစ်ရပ်၏ အတွေ့ကြုံစုပေါင်း ရရှိချက်အဖြစ် မာ့က်စ်ဝါဒ၏ သဘောတရားအခြေခံပေါ်တွင် ပစ္စည်းမဲ့ အာဏာရှင်စနစ်၏ အကောင်းဆုံး နိုင်ငံရေးသဏ္ဌာန်မှာ ပါလီမန်ဒီမိုကရေစီသမ္မတနိုင်ငံမဟုတ်ပဲ ဆိုဗီယက်များ၏ သမ္မတနိုင်ငံဖြစ်သည်ဟူသော နိဂုံးချုပ်ချက်တရပ်ကို ရရှိလိုက်သည်။ ဤအချက်မှအစချီ၍ ၁၉၁၇ ခုနှစ် ဧပြီလတွင် ဓနရှင်တော်လှန်ရေးမှ ဆိုရှယ်လစ်တော်လှန်ရေးသို့ ကူးပြောင်းနေသည့်ကာလအတွင်း လီနင်က ဆိုဗီယက်များ၏ သမ္မတနိုင်ငံကို ပစ္စည်းမဲ့များ၏ အကောင်းဆုံးနိုင်ငံရေးသဏ္ဌာန်အဖြစ် ကြွေးကြော်သံ ထုတ်ပြန် လိုက်သည်။ နိုင်ငံအားလုံးမှ အချောင်သမားများသည် ပါလီမန်သမ္မတနိုင်ငံကို ဖက်တွယ်ထားပြီး လီနင်ကို မာ့က်စ်ဝါဒမှ ဖယ်ခွာပြီး ဒီမိုကရေစီကို ဖျက်ဆီးသူအဖြစ် စွပ်စွဲ အပြစ်တင်ကြသည်။ သို့သော် မာ့က်စ်ဝါဒ သဘောတရားကို အမှန်တကယ် ကျွမ်းကျင်သူမှာ အချောင်သမားများမဟုတ်ကြပဲ လီနင်ပင်ဖြစ်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် လီနင်သည် မာ့က်စ်ဝါဒ သဘောတရားကို အတွေ့အကြုံသစ်များဖြင့် ကုန်လုံကြွယ်ဝကာ ရှေ့တိုးတက်စေပြီး၊ အချောင်သမားများမှာမူ မာ့က်စ်ဝါဒသ ဘောတရားကို နောက်ပြန်ဆွဲကာ အကြံပြုအဆိုပြုချက်များကို တရားသေများအဖြစ် ပြောင်းလဲလိုက်သောကြောင့်ဖြစ်သည်။

အကယ်၍လီနင်သည် မာ့က်စ်ဝါဒ၏ စာကြောင်းများကို အကြောက်လွန်ပြီး၊ အိန်ဂယ်ဖော်စပ် ရေးသားခဲ့သည့် မာ့က်စ်ဝါဒ အဆိုပြုချက်ဟောင်းများကို သမိုင်းအကြောင်းအချက်အသစ်များနှင့် ကိုက်ညီသည့် ဆိုဗီယက်များ၏ သမ္မတနိုင်ငံနှင့် ပတ်သက်သော အဆိုပြုချက်သစ်များနှင့် အစားထိုး လုပ်ဆောင်ရန် သတ္တိမရှိခဲ့ပါက ပါတီ၊ ကျွန်ုပ်တော်တို့တော်လှန်ရေးနှင့် မာ့က်စ်ဝါဒတို့သည် မည်သည့် အခြေသို့ဆိုက် ရောက်သွားမည်နည်း။ ပါတီသည် အမှောင်ထဲတွင် စမ်းတဝါးဝါး ဖြစ်နေပြီး ဆိုဗီယက်များလည်း အစည်းပြေကာ ကျွန်ုပ်တော်တို့လည်း ဆိုဗီယက်အာဏာကို ရရှိမှာမဟုတ်ပဲ မာ့က်စ်ဝါဒမှာလည်း အလွန်ပြင်းထန်စွာ နစ်နာသွားပေလိမ့်မည်။ ပစ္စည်းမဲ့များ ရှုံးနိမ့်မည်ဖြစ်ပြီး ပစ္စည်းမဲ့များ၏ ရန်သူများက အောင်ပွဲခံသွားပေလိမ့်မည်။

နယ်ချဲ့စနစ်မတိုင်မီ အရင်းရှင်စနစ်ကို စူးစမ်းလေ့လာရရှိချက်အဖြစ် မာ့က်စ်နှင့် အိန်ဂယ်တို့က ဆိုရှယ်လစ်တော်လှန် ရေးသည် တနိုင်ငံတည်း၊ တဦးတည်းနှင့် အောင်ပွဲမခံနိုင်ကြောင်း၊ နိုင်ငံအားလုံးသို့မဟုတ် ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံအများစုတွင် တပြိုင်နက်တည်းသာလျှင် အောင်ပွဲခံနိုင်ကြောင်းဆို

သည့် နိဂုံးချုပ်ချက်ကို ရရှိခဲ့သည်။ ထိုအချိန်မှာ ၁၉ ရာစုအလယ်လောက်က ဖြစ်သည်။ ဤနိဂုံးချုပ်ချက်မှာ နောက်ပိုင်းတွင် မာ့က်စ်ဝါဒီ အားလုံးအတွက် လမ်းညွှန်မှုတရပ်ဖြစ်လာခဲ့သည်။ သို့သော် ၂၀ ရာစု စတင်ချိန်တွင် နယ်ချဲ့စနစ်မတိုင်မီ အရင်းရှင်စနစ်သည် နယ်ချဲ့အရင်းရှင်စနစ်အဖြစ် ကြီးထွားသွားပြီး တိုးတက်သော အရင်းရှင်စနစ်သည် သေအံ့ဆဲဆဲအရင်းရှင်စနစ်သို့ ကူးပြောင်းသွားပြီးဖြစ်သည်။ နယ်ချဲ့အရင်းရှင်စနစ်ကို စူးစမ်းလေ့လာရရှိချက်အဖြစ် လီနင်က မာ့က်စ်ဝါဒသဘောတရားအခြေခံပေါ်တွင် အိန်ဂယ်နှင့်မာ့က်စ်တို့၏ ပုံသေနည်းဟောင်းများသည် သမိုင်းအကြောင်းအချက်သစ်များနှင့် မကိုက်ညီတော့ကြောင်း ဆိုရှယ်လစ်တော်လှန်ရေးကို တနိုင်ငံတည်းတဦးတည်းနှင့် အောင်ပွဲခံနိုင်ကြောင်းဆိုသည့် နိဂုံးချုပ်ချက်တရပ်ကိုရရှိခဲ့သည်။ နိုင်ငံအားလုံးမှ အချောင်သမားအားလုံးသည်၊ အိန်ဂယ်နှင့် မာ့က်စ်တို့၏ ပုံသေနည်းဟောင်းများကို ဆုပ်ကိုင်ထားကြပြီး လီနင်ကို မာ့က်စ်ဝါဒမှ သွေဖယ်သူအဖြစ် စွပ်စွဲကြသည်။ သို့သော် မာ့က်စ်ဝါဒသဘောတရားကို အမှန်တကယ်ကျွမ်းကျင်သူများမှာ အချောင်သမားများမဟုတ်ကြဘဲ၊ လီနင်ပင် ဖြစ်တော့သည်။ အဘယ်ကြောင့်ဆိုသော် လီနင်သည် မာ့က်စ်ဝါဒသဘောတရားကို အတွေ့အကြုံ သစ်များဖြင့် ကုံလုံကြွယ်ဝ ရှေ့တိုးစေခဲ့ပြီး၊ အချောင်သမားများမှာမူ နောက်ပြန်ဆွဲကာ အသေကောင် ပြုလုပ်နေသောကြောင့်ဖြစ်သည်။

အကယ်၍ လီနင်သည် မာ့က်စ်ဝါဒစာကြောင်းများကို အကြောက်လွန်ပြီး မာ့က်စ်ဝါဒ၏ နိဂုံးချုပ်ချက်အဟောင်းတခုကို စွန့်ပစ်ကာ သမိုင်းအကြောင်းချက်သစ်များနှင့် ကိုက်ညီသည့် ဆိုရှယ်လစ်အောင်ပွဲကို တနိုင်ငံတည်း၊ တဦးတည်းဖြင့် ရယူနိုင်သည်ဆိုသည့် နိဂုံးချုပ်ချက်အသစ် တရပ်နှင့် အစားထိုးရဲသည့်၊ သဘောတရားရေးရာ ယုံကြည်ခိုင်မာသည့် သတ္တိမရှိခဲ့ပါက ပါတီ၊ ကျွန်ုပ်တော်တို့ တော်လှန်ရေးနှင့် မာ့က်စ်ဝါဒသည် မည်သည့်အခြေသို့ ဆိုက်ရောက်သွားမည်နည်း။ ပါတီသည် အမှောင်ထဲတွင် စမ်းတဝါးဝါး ဖြစ်နေမည်ဖြစ်ပြီး ပစ္စည်းမဲ့တော်လှန်ရေးသည်လည်း ခေါင်းဆောင်မှု မဲ့ကာ မာ့က်စ်ဝါဒသဘောတရားမှာ စတင်ပုပ်သိုး ဆွေးမြေ့လာပေမည်။ ပစ္စည်းမဲ့များ ရှုံးနိမ့်ပြီး ပစ္စည်းမဲ့များ၏ ရန်သူများက အောင်ပွဲခံပေလိမ့်မည်။

အချောင်သမားဝါဒမှာ မာ့က်စ်ဝါဒသဘောတရား သို့မဟုတ် ၎င်း၏ အဆိုပြုချက်၊ နိဂုံးချုပ်ချက်များကို တိုက်ရိုက်ငြင်းဆိုမှုဖြစ်သည်ဟု အစဉ်အမြဲမဆိုလိုပေ။ အချောင်သမားဝါဒသည် တခါတရံ ခေတ်နောက်ကျနေပြီဖြစ်သော မာ့က်စ်ဝါဒ၏ အဆိုပြုချက်အချို့ကို ဖက်တွယ်ထားပြီး တရားသေအဖြစ်ပြောင်းလဲကာ မာ့က်စ်ဝါဒကို ဆက်လက်ဖြစ်ပေါ်တိုးတက်စေခြင်းမှ ဟန့်တားသည့် ကြိုးပမ်းမှုများဖြင့်လည်း ဖော်ပြလာနိုင်ပေသည်။ အကျိုးဆက်အားဖြင့် ပစ္စည်းမဲ့များ၏ တော်လှန်ရေးလှုပ်ရှားမှု ဖြစ်ပေါ်တိုးတက်ရေးကို နှောင့်နှေးသွားစေသည်။

အိန်ဂယ် ကွယ်လွန်ပြီးနောက် သဘောတရားရေး ဆရာတဦးဖြစ်သော လီနင်နှင့် လီနင်နောက်တွင် စတာလင်နှင့် လီနင်၏ အခြားတပည့်များသည် မာ့က်စ်ဝါဒ သဘောတရားကို ရှေ့တိုးစေပြီး ပစ္စည်းမဲ့လူတန်းစားတိုက်ပွဲ အကြောင်းအချက်သစ်များအတွင်းမှ အတွေ့အကြုံသစ်များဖြင့် ကုံလုံကြွယ်ဝစေသည့် မာ့က်စ်ဝါဒီများဖြစ်သည်ဆိုသည့် ပြောဆိုချက်မှာ အပိုချဲ့ကားခြင်းမဟုတ်ချေ။

လီနင်နှင့် လီနင်ဝါဒီများက မာ့က်စ်ဝါဒသဘောတရားကို ဆက်လက်တိုးတက်စေခဲ့သည့် အတွက်ကြောင့်ပင် လီနင်ဝါဒသည် မာ့က်စ်ဝါဒ၏ ဆက်လက် ဖြစ်ပေါ်တိုးတက်မှုတရပ်ဖြစ်ပြီး ပစ္စည်း

မဲ့လူတန်းစားတိုက်ပွဲ အကြောင်းအချက်များအတွင်းက မာ့က်စ်ဝါဒ၊ နယ်ချဲ့စနစ်ခေတ်နှင့် ပစ္စည်းမဲ့တော်လှန်ရေးများ၏ မာ့က်စ်ဝါဒ၊ ကမ္ဘာမြေကြီး၏ ခြောက်ပုံတပုံနေရာတွင် ဆိုရှယ်လစ်စနစ် အောင်ပွဲခံသည့်ခေတ်၏ မာ့က်စ်ဝါဒပင်ဖြစ်လာရတော့သည်။

ဘော်ရှီဗစ်ပါတီ၏ ထိပ်ဆုံးခေါင်းဆောင်များသည် မာ့က်စ်ဝါဒသဘောတရားကို နားလည်ကျွမ်းကျင်ခြင်းမရှိပါက၊ ဤ သဘောတရားကို လှုပ်ရှားမှု၏ လမ်းညွှန်အဖြစ် သဘောထားခြင်းမရှိပါက၊ ပစ္စည်းမဲ့လူတန်းစား၏ တိုက်ပွဲအတွေ့အကြုံသစ်များနှင့် မာ့က်စ်ဝါဒ သဘောတရားကို ကုန်လုံးကြွယ်ဝရေ့တိုးအောင်လုပ်ခဲ့ခြင်းမရှိပါက ၁၉၁၇ ခုနှစ် အောက်တိုဘာလအတွင်းက အောင်မြင်အောင် လုပ်ဆောင်နိုင်ခဲ့မည် မဟုတ်ချေ။

အမေရိကန် အလုပ်သမားလူတန်းစားလှုပ်ရှားမှုကို ဦးဆောင်ရန် တာဝန်ယူထားသည့် ဂျာမန်မာ့က်စ်ဝါဒီများကို ဝေဖန်ရာ၌ အိန်ဂယ်ရေးခဲ့သည်မှာ ...

"ဂျာမန်များသည် သူတို့၏ သဘောတရားကို အမေရိကန်လူထု လှုပ်ရှားနိုးထလာစေမည့် မောင်းတန်အဖြစ် မည်ကဲ့သို့ အသုံးပြုရမည်ကို နားမလည်ခဲ့ချေ။ သူတို့သည် သဘောတရား အများစုအပိုင်းကို နားလည်ခြင်းမရှိပဲ အလွတ်ကျက်မှတ်ရမည့် အရာတခုအဖြစ်နှင့် လိုအပ်သည့်နေရာတိုင်းတွင် ပြင်ဆင်မွမ်းမံခြင်းမရှိ အသုံးပြုနိုင်သောအရာအဖြစ်နှင့် ဩဝါဒသ ဘောတရားနှင့် တရားသေနည်းများအတိုင်း လုပ်ဆောင်ခဲ့ကြသည်။ သူတို့အတွက် ဤသဘောတရားသည် လှုပ်ရှားမှု၏ လမ်းညွှန်မဟုတ်ဘဲ အယူဝါဒတရပ် (credo) လိုဖြစ်နေသည်။" **(Sorge သို့ပေးစာ ၊ နိုဝင်ဘာ ၂၉ ရက်၊ ၁၈၈၆)**

၁၉၁၇ ခုနှစ် ဖေပြီ တော်လှန်ရေးလှုပ်ရှားမှုက ရှေ့သို့တိုးတက်သွားပြီး ဆိုရှယ်လစ်တော်လှန်ရေးသို့ ကူးပြောင်းရန် တောင်းဆိုနေချိန်တွင် လယ်သမားများနှင့် ပစ္စည်းမဲ့များ၏ တော်လှန်သော ဒီမိုကရေစီ အာဏာရှင်စနစ်ဆိုသည့် ပုံသေဟောင်းကြီးကိုဖက်တွယ်ထားသည့် ကဲမီနက်ဗ်နှင့် အခြားဘော်ရှီဗစ်ဟောင်းကြီးများကို ဝေဖန်ရာ၌ လီနင်ကရေးသားခဲ့သည်မှာ ...

"ကျွန်ုပ်တို့၏ သင်ကြားချက်များသည် တရားသေမဟုတ်ဘဲ လှုပ်ရှားမှု၏ လမ်းညွှန်သာဖြစ်သည်ဟု မာ့က်စ်နှင့် အိန်ဂယ်တို့က ပြောလေ့ပြောထရှိခဲ့သည်။ သူတို့က 'ပုံသေနည်းများ' ကို အလွတ်ကျက်မှတ်ပြီး ထပ်ပြန်တလဲလဲ ရွတ်ဆိုနေမှုများကို အတိအကျပင် ပြောင်လှောင်သရော်ခဲ့ပြီး၊ ဤသည်များသည် အလွန်ဆုံး အထွေထွေလုပ်ငန်းများကိုသာ ပုံဖော်နိုင်ပြီး၊ ဤလုပ်ငန်းများသည် လည်းသမိုင်းလမ်းကြောင်းအတွင်းရှိ သီးခြားအဆင့်တိုင်း၏ အခိုင်အမာစီးပွားရေး၊ နိုင်ငံရေးအကြောင်းအချက်များက မွမ်းမံပြင်ဆင်ပေးရန် လိုအပ်ပေသည်။ မာ့က်စ်ဝါဒီတဦးသည် တကယ့်ဘဝနှင့် အခိုင်အမာဖြစ်ရပ်များကို အသိအမှတ်ပြုလက်ခံရမှာဖြစ်ပြီး မနေ့ကသဘောတရားများကို ဆက်လက်ဆုပ်ကိုင်ထားခြင်းဆိုသည့် မငြင်းနိုင်ဖွယ်အမှန်တရားများကို နားလည်သိမြင်ရန်လိုအပ်ပါသည်။ **(လီနင်ကျမ်းပေါင်းစုံ၊ အတွဲ ၂၀၊ စာမျက်နှာ–၁၀၀)**

**၃။** ပါတီသမိုင်းက ကျွန်ုပ်တို့ကို ဆက်လက် သင်ကြားပေးသည်မှာ အလုပ်သမား လူတန်းစားများအကြား လှုပ်ရှားတက်ကြွပြီး၊ အလုပ်သမားလူတန်းစားအတွင်းမှ နောက်တန်းရောက် အစိတ်အပိုင်းများကို ဓနရှင်များ၏ ရင်ခွင်တွင်းသို့ တွန်းပို့နေခြင်းဖြင့် အလုပ်သမားလူတန်းစား၏ ညီညွတ်ရေး

ကို ခွဲပစ်နေသည့် ဓနရှင်ပေါက်စပါတီများ အချေမှုန်းမခံရမချင်း ပစ္စည်းမဲ့တော်လှန်ရေး အောင်ပွဲခံနိုင်မည်မဟုတ်ချေ။

ကျွန်ုပ်တို့ပါတီသမိုင်းသည် ဓနရှင်ပေါက်စပါတီများဖြစ်သော ဆိုရှယ်လစ်တော်လှန်ရေးသမားများ၊ မင်ရှီဗစ်များ၊ မင်းမဲ့ဝါဒီများနှင့် အမျိုးသားရေးဝါဒီများအား ဆန့်ကျင်တိုက်ခိုက်ပြီး လုံးဝရှုံးနိမ့်စေခဲ့သည့် တိုက်ပွဲသမိုင်းဖြစ်သည်။ ဤပါတီများကို အနိုင်တိုက်ခိုက်ပြီး အလုပ်သမား လူတန်းစားများအတွင်းမှ မောင်းထုတ်နိုင်ခြင်းမရှိခဲ့ပါက အလုပ်သမားလူတန်းစားသည် စည်းလုံးညီညွတ်ရေးကို ရရှိနိုင်ခဲ့လိမ့်မည်မဟုတ်ဘဲ အလုပ်သမားလူတန်းစား စည်းလုံးညီညွတ်ရေးမရှိခဲ့ပါက ပစ္စည်းမဲ့တော်လှန်ရေး အောင်ပွဲခံရေးမှာလည်း ဖြစ်နိုင်ခဲ့လိမ့်မည်မဟုတ်ပါ။

ပထမပိုင်းတွင် အရင်းရှင်စနစ် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ရပ်တည်ခဲ့ကြပြီး အောက်တိုဘာတော်လှန်ရေးအပြီး နောက်ပိုင်းတွင် အရင်းရှင်စနစ် ပြန်လည်ထူထောင်ရေးအတွက် ရပ်တည်ခဲ့ကြသော ဤပါတီများ လုံးဝချေမှုန်းခြင်းမခံရပါက ပစ္စည်းမဲ့အာဏာရှင်စနစ်ကို ထိန်းသိမ်းစောင့်ရှောက်ရန်သော်လည်းကောင်း၊ ပြည်ပမှလက်နက်နှင့် ဝင်ရောက်စွက်ဖက် ကျူးကျော်မှုကို အနိုင်ရရန် သော်လည်းကောင်း၊ ဆိုရှယ်လစ်စနစ်တည်ဆောက်ရန်သော်လည်းကောင်း မဖြစ်နိုင်ချေ။

ပြည်သူလူထုအား လိမ်လည်လှည့်ဖျားရန် မိမိတို့ကိုယ်မိမိတို့ "တော်လှန်ရေး"၊ "ဆိုရှယ်လစ်" ပါတီများဟု အမည်တပ်ထားခဲ့ကြသော ဓနရှင်ပေါက်စပါတီများဖြစ်သည့် ဆိုရှယ်လစ်တော်လှန်ရေးသမားများ၊ မင်ရှီဗစ်များ၊ မင်းမဲ့ဝါဒီများနှင့် အမျိုးသားရေးဝါဒီပါတီများသည် ဆိုရှယ်လစ်အောက်တိုဘာတော်လှန်ရေး မတိုင်မီကပင် တန်ပြန်တော်လှန်ရေးပါတီများ ဖြစ်နေပြီး နောက်ပိုင်းတွင် နိုင်ငံခြားဓနရှင်များ၏ သူလျှိုအဖွဲ့ဝင်များ၊ သတင်းပေးများ၊ အဖျက်သမားများ၊ လမ်းလွှဲပေးသူများ၊ လုပ်ကြံသတ်ဖြတ်သူများ၊ တိုင်းပြည်သစ္စာဖောက်သူများ ဖြစ်သွားခြင်းတို့အား မတော်တဆတိုက်ဆိုင်မှု ဟု သဘောမထားနိုင်ပေ။

လီနင်က ... "လူမှုတော်လှန်ရေးခေတ်အတွင်း ပစ္စည်းမဲ့များ၏ ညီညွတ်ရေးကို မာ့က်စ်ဝါဒ တော်လှန်ရေးအကျဆုံး ပါတီကသာလျှင် အခြားပါတီအားလုံးကို မညှာမတာ တိုက်ပွဲဆင်ခြင်းဖြင့်သာလျှင် ရရှိနိုင်သည်ဟုဆိုခဲ့သည်။ **(လီနင် – ကျမ်းပေါင်းစုံ၊ အတွဲ ၂၆၊ စာမျက်နှာ–၅၀)**

**၄။** ပါတီသမိုင်းက ကျွန်ုပ်တို့ကို ဆက်လက် သင်ကြားပေးသည်မှာ အလုပ်သမားလူတန်းစား၏ ပါတီသည် မိမိတို့အတွင်းရှိ အချောင်သမားများကို မစေ့စပ်တမ်းတိုက်ပွဲဆင်ခြင်းမပြုပါက မိမိတို့ အကြားရှိ အညှံ့ခံရေးသမားများကို ချေမှုန်းမပစ်ပါက မိမိတို့ကြား ညီညွတ်ရေးနှင့် စည်းကမ်းစည်းမျဉ်း များကို ထိန်းသိမ်းနိုင်မည်မဟုတ်ချေ။ ပစ္စည်းမဲ့တော်လှန်ရေးကို စုစည်း, စည်းရုံးခေါင်းဆောင်သော အခန်းကို လည်းကောင်း၊ ဆိုရှယ်လစ်လူ့အဖွဲ့အစည်းသစ် တည်ဆောက်သူအခန်းကိုလည်းကောင်း ဖော်ဆောင်လုပ်ဆောင်နိုင်မည် မဟုတ်ချေ။

ကျွန်ုပ်တို့၏ ပါတီတွင်းဘဝ ဖြစ်ပေါ်တိုးတက်မှုသမိုင်းသည် ပါတီတွင်းအချောင်သမား အုပ်စုများဖြစ်သော "စီးပွားရေးဝါဒီများ "၊ မင်ရှီဗစ်များ၊ ထရော့စကီဝါဒီများ၊ ဘူခါရင်ဝါဒီများနှင့် အမျိုးသားသွေဖီရေးသမားများကို ဆန့်ကျင်တိုက်ခိုက်ပြီး ဤအုပ်စုများကို လုံးဝဖျက်ဆီးချေမှုန်းလိုက်သည့် တိုက်ပွဲသမိုင်းဖြစ်သည်။

ကျွန်ုပ်တို့၏ ပါတီသမိုင်းက သင်ကြားပေးသည်မှာ ဤအလျှော့ပေးသမား အုပ်စုများသည် အမှန်စင်စစ်တွင်မူ ပါတီတွင်း မင်ရှီဗစ်ဝါဒ၏ ကိုယ်စားလှယ်များ၊ မင်ရှီဗစ်ဝါဒ၏ နောက်ကျန် အနယ် အနှစ်များ၊ မင်ရှီဗစ်ဝါဒကို ဆက်လက် လုပ်ဆောင်နေကြသူများဖြစ်ကြောင်း မင်ရှီဗစ်များကဲ့သို့ပင် အလုပ်သမားလူတန်းစားအကြားနှင့် ပါတီတွင်း ဓနရှင်ဩဇာဂယက်များကို ဖြန့်ဖြူးပေးနေသူများဖြစ် ကြောင်း ထို့ကြောင့် ပါတီတွင်း ဤအုပ်စုများးကို ချေမှုန်းရန် တိုက်ပွဲဆင်ခြင်းသည် မင်ရှီဗစ်ဝါဒကို ချေမှုန်းရေးတိုက်ပွဲ၏ အဆက်ဖြစ်ကြောင်းပင်ဖြစ်သည်။

ကျွန်ုပ်တို့အနေနှင့် “ စီးပွားရေးဝါဒီ “များနှင့် မင်ရှီဗစ်များကို မချေမှုန်းနိုင်ခဲ့ပါက ပါတီကို တည်ဆောက်နိုင်မည်မဟုတ်ပဲ ပစ္စည်းမဲ့တော်လှန်ရေးအတွက် အလုပ်သမားလူတန်းစားကို ခေါင်း ဆောင်နိုင်မည်လည်း မဟုတ်ချေ။

ကျွန်ုပ်တို့သည် ထရော့စကီဝါဒီများနှင့် ဘူခါရင်ဝါဒီများကို မချေမှုန်းနိုင်ခဲ့ပါက  ဆိုရှယ်လစ်စနစ်တည်ဆောက်ရေးအတွက်  လိုအပ်သည့် အကြောင်းအချက်များကို ဖော်ဆောင်နိုင်မည်မဟုတ်ချေ။

ကျွန်ုပ်တို့သည် အရောင်အသွေးအမျိုးမျိုးသော အမျိုးသားဝါဒီသွေဖီရေးသမားများကို မချေမှုန်းနိုင်ခဲ့ပါက ပြည်သူလူထုအား နိုင်ငံတကာ့ဝါဒစိတ်ဓာတ်နှင့် ပညာပေးနိုင်မည်လည်းမဟုတ်။ ဆိုဗီယက်ယူနီယံ အမျိုးသားများ၏ ကြီးမြတ်လှသည့် ချစ်ကြည်ရေးအလံကိုလည်း ကာကွယ်နိုင်မည် မဟုတ်။ ဆိုဗီယက်ဆိုရှယ်လစ်သမ္မတနိုင်ငံများ၏ ပြည်ထောင်စုကိုလည်း တည်ထောင်နိုင်မည် မဟုတ်ချေ။

ဘော်ရှီဗစ်များသည် ပါတီတွင်းအချောင်သမား အစိတ်အပိုင်းများကို ဆန့်ကျင်တိုက်ခိုက်မှုတွင် အချိန်ယူလွန်းသည်။ ၎င်းတို့၏ အရေးပါမှုကို ပိုမိုတွက်ဆလွန်းသည်ဟု အချို့ကမှတ်ယူကောင်းမှတ်ယူလိမ့်မည်။ သို့သော်ဤသည်မှာ လုံးဝမှားယွင်းသည် ကျွန်ုပ်တို့၏အကြား အချောင်ဝါဒသည် ကျန်းမာသန်စွမ်းသည့် အင်္ဂါရပ်အတွင်းရှိ အနာနှင့်တူပြီး ဤသည်ကို သည်းခံ၍မဖြစ်ချေ။ ပါတီသည် အလုပ်သမားလူတန်းစား၏ ခေါင်းဆောင်တပ်ခွဲနှင့် ၎င်း၏ ရှေ့တန်းရောက် ခံတပ်၊ ၎င်း၏ စစ်ဦးစီးဖြစ်သည်။ အလုပ်သမားလူတန်းစား၏ ညွှန်ကြားရေးအဖွဲ့အတွင်း သံသယရှိသူများ၊ အချောင်သမား များ၊ အလျှော့ပေးရေးသမားများနှင့်  သစ္စာဖောက်များကို  သည်းခံလက်ခံနိုင်ခြင်းမရှိချေ။ ဓနရှင်များနှင့် သေရေးရှင်ရေး တိုက်ပွဲဆင်နေရစဉ် မိမိတို့အတွင်း၊ မိမိတို့ ခံတပ်အတွင်း အလျှော့ပေးရေးသမားများနှင့် သစ္စာဖောက်များရှိနေပါက အလုပ်သမားလူတန်းစားအတွက် ရှေ့မီး၊ နောက်မီး ကြားညှပ်မိနေလိမ့်မည်။ ဤကဲ့သို့သော တိုက်ပွဲမျိုးသည် အရှုံးနှင့် ရင်ဆိုင်ရနေသည်မှာ ရှင်းနေသည်။ ခံတပ်ကို သိမ်းပိုက်ရန် အလွယ်ဆုံးနည်းမှာ အတွင်းမှ တိုက်ရန်ဖြစ်သည်။ အောင်ပွဲရရန်အတွက် အလုပ်သမားလူတန်းစား၏ပါတီ၊ ၎င်း၏ ညွှန်ကြားရေးတပ်ဖွဲ့၊ ရှေ့တန်းရောက်ခံတပ်သည် ပထမဦးစွာ အလျှော့ပေးရေးသမား၊ တပ်ပြေးများ၊ လူဆိုးများ၊ သစ္စာဖောက်များကို ထုတ်ပယ်ပစ်ရမည်။

လီနင်နှင့် ပါတီကို တိုက်ခိုက်ခဲ့သည့် ထရော့စကီဝါဒီများ၊ ဘူခါရင်ဝါဒီများနှင့် အမျိုးသားရေးဝါဒီသွေဖီသူများသည် မင်ရှီဗစ်နှင့် ဆိုရှယ်လစ်တော်လှန်ရေးသမား ပါတီများကဲ့သို့ပင် ဖက်ဆစ်သူလျှိုအဖွဲ့ဝင်များ၊ သူလျှိုများ၊ အဖျက်သမားများ၊ လုပ်ကြံသတ်ဖြတ်သူများ၊ လမ်းလွှဲရေးသမားများနှင့် တိုင်းပြည်သစ္စာဖောက်များအဖြစ် အဆုံးသတ်သွားရမှုကို တိုက်ဆိုင်မှုတရပ်ဟု သဘောထား၍ မဖြစ်ပေ။

လီနင်က ...“ကျွန်ုပ်တို့အကြား ပြုပြင်ရေးဝါဒီများ – မင်ရှီဗစ်များရှိနေပါက၊ ပစ္စည်းမဲ့တော်လှန်ရေး အောင်ပွဲရရှိရေးမှာမဖြစ်နိုင်။ စွဲမြဲအောင်ထိန်းသိမ်းရန်လည်း မဖြစ်နိုင်။ ဤသည်မှာ မူအရ ရှင်းနေပြီး ရုရှားနှင့် ဟန်ဂေရီ တွေ့အကြုံများက ဤအချက်ကို ထူးခြားထင်ရှားစွာ အတည်ပြုပေးပြီး ဖြစ်သည်။ ကျွန်ုပ်တို့ပါတီတွင်း မင်ရှီဗစ်များ၊ ပြုပြင်ရေးဝါဒီများနှင့် ခနရှင်ပေါက်စဒီမိုကရေစီသမားများ ဆက်လက်ရှိနေခြင်းကြောင့် ဆိုဗီယက်အုပ်ချုပ်မှုမှုချနီးပါး (most certainly) ချေမှုန်းခြင်းခံရနိုင်သည့် ခက်ခဲကျပ်တည်းလှသော အခြေအနေများ ရုရှား၌ အကြိမ်ပေါင်းများစွာ ပေါ်ပေါက်ခဲ့ပါသည်။” **(လီနင်ကျမ်းပေါင်းစုံ၊ အတွဲ ၂၅ ၊ စာမျက်နှာ ၄၆၂၊ ၄၆၃)** ... ဟု ဆိုခဲ့သည်။

ရဲဘော်စတာလင်က ...“ကျွန်ုပ်တော်တို့ပါတီသည် အဓိကအားဖြင့် အချောင်ဝါဒ အညစ်အကြေးများကို အချိန်မီဖယ်ထုတ်ပစ်နိုင်သောကြောင့်လည်းကောင်း၊ မိမိတို့အတွင်းမှ အဖျက်သမား မင်ရှီဗစ်များကို ရှင်းထုတ်ပစ်နိုင်သောကြောင့် လည်းကောင်း၊ ပါတီတွင်း စည်းလုံးညီညွတ်ရေးကို ဖန်တီးပြီး ပါတီဝင်များအကြား ပြိုင်ဘက်ကင်းသော ပူးပေါင်းစည်းလုံးမှုကို အောင်မြင်ရရှိခဲ့ခြင်းဖြစ်သည်။ ပစ္စည်းမဲ့ပါတီများသည် မိမိတို့အတွင်းမှ အချောင်သမားနှင့် ပြုပြင်ရေးဝါဒီများ၊ ဆိုရှယ်နယ်ချဲ့သမားများ၊ ဆိုရှယ်ရှော်ဗင်ဝါဒီများ၊ ဆိုရှယ်မျိုးချစ်များနှင့် ဆိုရှယ်ငြိမ်းချမ်းရေးသမားများကို ရှင်းပစ်ဖယ်ထုတ်ခြင်းဖြင့် ဖြစ်ပေါ်တိုးတက် အင်အားကြီး မားလာသည်။ ပါတီသည် မိမိအတွင်းမှ အချောင်သမား အစိတ်အပိုင်းများကို ဖယ်ထုတ်ခြင်းဖြင့် အင်အားကြီးထွားလာသည်။**(ဂျေ၊ စတာလင်၊ လီနင်ဝါဒ ပြဿနာများ၊ စာမျက်နှာ–၉၁)**

**၅။** ပါတီသမိုင်းက ကျွန်တော်တို့ကို ဆက်လက်သင်ကြားပေးသည်မှာ ပါတီသည် အောင်မြင်မှုအပေါ်ယစ်မူးပြီး မာနကြီးလာကာ၊ မိမိလုပ်ငန်းတွင်းရှိ အားနည်းချက်များကို ဝေဖန်ကြည့်ရှုခြင်းမပြုတော့ပဲ၊ မိမိတို့အမှားကို အသိမှတ်ပြုဝန်ခံရန်၊ ကြောက်ရွံ့ကာ အချိန်မီရိုးသားပွင့်လင်းစွာ ပြုပြင်ခြင်းများမရှိပါက အလုပ်သမားလူတန်းစား၏ ခေါင်းဆောင်အခန်းကို ဆောင်ရွက်နိုင်မည်မဟုတ်ချေ။

ပါတီတရပ်သည် ဝေဖန်ရေး၊ မိမိကိုယ်မိမိဝေဖန်ရေးကို မကြောက်ရွံ့ပါက မိမိ၏လုပ်ငန်းများ အတွင်းအမှားများနှင့် အားနည်းချက်များကို ဖုံးဖိခြင်းမပြုပါက မိမိ၏ ကေဒါများကို ပါတီလုပ်ငန်း အတွင်းအမှားများမှ သင်ခန်းစာများ ထုတ်ယူ ပညာပေးသင်ကြားပေးပါက အချိန်မီ မိမိအမှားများကို မည်ကဲ့သို့ပြင်ရမည်ကို သိရှိပါက မည်သူမျှ ချိုးနှိမ်နိုင်မည်မဟုတ်ချေ။

ပါတီတရပ်သည် မိမိအမှားများကို ဖုံးကွယ်ပါက၊ နာတာရှည်ပြဿနာများအပေါ် ဖုံးဖိထားပါက အစစအရာအရာ ကောင်းမွန်နေသည်ဟု ဟန်ဆောင်ပြီး အားနည်းချက်များကို ဖုံးထားပါက ဝေဖန်ရေး၊ မိမိကိုယ်မိမိဝေဖန်ရေးကို မခံနိုင်ပါက မိမိကိုယ်မိမိ ကျေနပ်အားရပြီး၊ အခြောက်တိုက် ဘဝင်မြင့်နေပါက မိမိအောင်ပွဲများအပေါ် ယစ်မူးနေပါက ပျက်စီးဆုံးရှုံးရပေမည်။

လီနင်က...“မိမိရဲ့အမှားတွေအပေါ် နိုင်ငံရေးပါတီတရပ်ရဲ့ သဘောထားဟာ ဒီပါတီအနေနှင့် ဘယ်လောက် စိတ်ထက်သန်မှုရှိတယ်၊ မိမိလူတန်းစားနှင့် လုပ်သားလူထုအပေါ် မိမိထမ်းဆောင်ရမယ့် တာဝန်တွေကို လက်တွေ့အရ ဘယ်လောက် ဖြည့်တင်း ဆောင်ရွက်တယ်ဆိုတာကို အကဲဖြတ်ဖို့အတွက် အရေးအကြီးဆုံးနှင့် အသေချာဆုံးနည်းလမ်းပဲဖြစ်တယ်။ အမှားတရပ်ကို ပွင့်ပွင့်လင်းလင်း ဝန်ခံတာ၊ အမှားဖြစ်ရတဲ့ အကြောင်းတွေကို ရှာဖွေတာ၊ အမှားဖြစ်စေတဲ့ အခြေအနေအကြောင်း အချက်တွေကို ခွဲခြမ်းစိတ်ဖြာကာ အမှားတွေပြင်ဖို့အတွက် နည်းနာတွေကို ဆွေးနွေးတာတွေဟာ

လေးနက်တဲ့ ပါတီတရပ်ရဲ့ အမှတ်အသားဖြစ်တယ်။ မိမိတာဝန်တွေကို ထမ်းဆောင်ရမယ့် နည်းလမ်းဖြစ်ဖြစ်တယ်။ မိမိလူတန်းစား၊ ဒီနောက်လူထုကို ပညာပေးလေ့ကျင့်ရမယ့် နည်းလမ်းလည်း ဖြစ်ပါတယ်။'' **(လီနင်လက်ရွေးစင်ကျမ်း၊ မော်စကို ။၁၉၄၇ ခုနှစ်၊ အတွဲ၂၊ စာမျက်နှာ–၅၉၉)**

ထို့အပြင်...''ယခုအချိန်ထိ ဆုတ်ယုတ်ပျက်ပြားသွားရသည့် တော်လှန်ရေးပါတီအားလုံးမှာ မာန်မာန ကြီးထွားလာပြီး မိမိတို့အင်အား မည်သည့်နေရာတွင်ရှိသည်ကို မမြင်နိုင်ဖြစ်ကာ၊ မိမိတို့၏ အားနည်းချက်ကို ပြောဆိုရန် ကြောက်လန့်ခြင်းတို့ကြောင့် ပျက်စီးသွားခြင်းဖြစ်သည်။ သို့သော် ကျွန်ုပ်သည် ကျွန်ုပ်တို့၏ အားနည်းချက်များကို ပြောဆိုရန် ကြောက်လန့်ခြင်းမရှိပဲ ၎င်းတို့ကို ကျော်နင်းနိုင်ရန် ကြိုးစားမည်ဖြစ်သောကြောင့် ကျွန်ုပ်တို့သည် မပျက်စီးနိုင်ပေ'' **(လီနင်၊ ကျမ်းပေါင်းစုံ၊ ၂၇၊ စာမျက်နှာ–၂၆၀၊၂၆၁)**

**၆။** နောက်ဆုံး ပါတီသမိုင်းက သင်ကြားပေးလိုက်သည်မှာ ပါတီသည် လူထုနှင့် ကျယ်ကျယ်ပြန့်ပြန့် ဆက်ဆံမှုမရှိပါက ဤဆက်ဆံမှုများကို အမြဲမပြတ်အင်အား ဖြည့်တင်းခြင်း မပြုပါက လူထု၏အသံကို မည်ကဲ့သို့ အာရုံစိုက်နားထောင်ပြီး ၎င်းတို့၏ အရေးတကြီး လိုအပ်မှုများကို နားလည်အောင်ပြုလုပ်ရမည်ကို မသိရှိပါက လူထုကို သင်ကြားပေးရုံမျှမက လူထုထံကလည်း သင်ယူရန်ပြင်ဆင်ထားခြင်းမရှိပါက အလုပ်သမားလူတန်းစား၏ ပါတီတရပ်သည် သန်းချီသော အလုပ်သမားလူတန်းစားနှင့် လုပ်သားပြည်သူအားလုံး တို့ကို ခေါင်းဆောင်နိုင်သော စစ်မှန်သည့် လူထုပါတီတရပ် မဖြစ်နိုင်ချေ။

လီနင် ပြောကြားသကဲ့သို့ပင် ပါတီတရပ်သည် ''အဓိကအားဖြင့် ပစ္စည်းမဲ့များ ထိုထက်မက ပစ္စည်းမဲ့မဟုတ်သည့် လုပ်သားလူထုအများတကာ့အများစုကြီးနှင့် ဆက်စပ်ပြီး သူတို့နှင့် နီးနီးကပ်ကပ်ဆက်သွယ်ကာ ကြိုက်နှစ်သက်ပါက အစိတ်အပိုင်းတချို့အထိပူးပေါင်းသွားပါက'' မည်သည့် ရန်သူမျှ ချိုးနှိမ်၍မရပေ။ **( လီနင်လက်ရွေးစင်ကျမ်း၊ အတွဲ ၂ ၊ စာမျက်နှာ–၅၇၄**)

ပါတီတရပ်သည် မိမိ၏ ကျဉ်းမြောင်းလှသော ပါတီဥခွံထဲတွင်သာပိတ်နေပြီး၊ လူထုနှင့် ဆက်သွယ်မှု ဖြတ်တောက်ကာ ဗျူရိုကရေစီ သံချေးအတက်ခံပါက ပျက်စီးဆုံးရှုံးရပေမည်။

ရဲဘော်စတာလင်က ''ဘော်ရှီဗစ်များသည် ပြည်သူလူထု အများစုကြီးနှင့် ဆက်ဆံရေးမပြတ်သရွေ့ သူတို့ကို မည်သူမျှ ချိုးနှိမ်နိုင်မည် မဟုတ်ကြောင်းကို စည်းမျဉ်းတရပ်အဖြစ် ကျွန်တော်တို့ သဘောထားရမည်။ ထိုသည်နှင့်ဆန့်ကျင်စွာပင် ဘော်ရှီဗစ်များသည်၊ လူထုနှင့် အဆက်အသွယ်ပြတ်တောက်ပြီး ၎င်းတို့နှင့် ဆက်ဆံရေးများ မရှိတော့သည်နှင့် ဗျူရိုကရေစီသံချေးတက်လာသည်နှင့် မိမိတို့ အင်အားများ ဆုံးရှုံးသွားတော့မည်ဖြစ်၍ သုညဘဝသို့ကျဆင်း သွားပေမည်။

''ရှေးဟောင်း ဂရိပုံပြင်ကျမ်းထဲတွင် နာမည်ကြီး သူရဲကောင်း အန်းတီးယပ်စ် (Antaeus) ဆိုသူရှိခဲ့ပြီး၊ ပုံပြင်အရ သူသည် ပင်လယ်များ၏ နတ်ဘုရား ပိုဆိုင်ဒန် (Poseidon) နှင့် မြေနတ်သမီး ဂါအာ (Gaea) တို့၏သားဖြစ်သည်။ အန်တီးယပ်စ်သည် မိမိအား မွေးဖွားသန့်စင် နို့ချိုတိုက်ကျွေးမွေးမြူခဲ့သည့် မိခင်အပေါ် အလွန်ချစ်ခင်တွယ်တာခဲ့သည်။ ဤအန်းတီးယပ်စ်က မအောင်နိုင်သည့် သူရဲကောင်းမရှိခဲ့ချေ။ သူသည် မည်သူမျှ ချိုးနှိမ်၊ တိုက်ခိုက်၊ ချေမှုန်းခြင်းမပြုနိုင်သည့် သူရဲ ကောင်းဖြစ်ပေသည်။။ သူ၏စွမ်းအားသည် မည်သည့်နေရာတွင်ရှိပါသနည်း။ သူသည် မိမိ၏ ရန်သူ နှင့် အပြင်းအထန် တိုက်ခိုက်ရသည့်အခါတိုင်း မိမိအား မွေးဖွားခဲ့ပြီး နို့ချိုတိုက်ကျွေးခဲ့သည့် မိခင်

မြေကြီးအားထိထားပြီး ထိုမှသူ၏ အင်အားသစ်များရရှိနေခြင်းဖြစ်သည်။ သို့သော် သူ့မှာ အားနည်းချက် တရပ်ရှိသည်။ တနည်းနည်းဖြင့် သူ့ကို မြေကြီးနှင့် လွတ်သွားနိုင်မည့် အန္တရာယ်ပင်ဖြစ်သည်။ သူ၏ ရန်သူများသည် ဤအားနည်းချက်ကို သတိပြုမိပြီး သူ့ကို စောင့်ကြည့်နေသည်။ တနေ့ ဤအချက်ကို အခွင့်ကောင်းယူ၍ အန်းတီးယပ်စ်ကို ချေမှုန်းမည့်ရန်သူပေါ်ပေါက်လာသည်။ သူကား ဟာကြူလီပင်တည်း။ ဟာကြူလီသည် မည်သည့်နည်းဖြင့် အန်းတီယပ်စ်ကို အောင်မြင်နိုင်လိုက်သနည်း။ ဟာကြူလီက သူကို မြေကြီးမှ မ, ချီလိုက်ပြီး လေထဲတွင်မြှောက်ကိုင်ထားကာ မြေကြီးနှင့် မထိမိအောင်ထားပြီး လည်ပင်းညှစ်သတ်ပစ်လိုက်သည်။


"ဘော်ရှီဗစ်များသည် ကျွန်တော်တို့ကို ဂရိပုံပြင်ထဲမှ  သူရဲကောင်း အန်းတီးယပ်စ်ကို သတိရစေသည်ဟု ကျွန်ုပ်ထင်သည်။ သူတို့သည် အန်းတီယပ်စ်ကဲ့သို့ မိမိအား မွေးဖွားသန့်စင် နို့ချိုတိုက်ကျွေး မွေးမြူပြုစုခဲ့သည့် မိခင်လူထုကြီး နှင့် ဆက်စပ်ထိတွေ့နေသည့်အတွက် အင်အားတောင့်တင်းနေသည်။ မိမိတို့၏ မိခင်ပြည်သူများနှင့် ဆက်စပ်ထိတွေ့နေသရွေ့ မည်သူမျှချိုးနှိမ်နိုင်မည် မဟုတ်ချေ။ "

"ဤသည်မှာ ဘော်ရှီဗစ်ခေါင်းဆောင်မှု၏ တိုက်တိုင်းအောင်နိုင်မှု (invincibility) ၏ အကြောင်းအရင်းဖြစ်သည်။" **(ဂျေ၊ စတာလင်၊ ပါတီလုပ်ငန်းတွင်း ချို့ယွင်းချက်များ)**

ဤသည်တို့မှာ ဘော်ရှီဗစ်ပါတီ ဖြတ်သန်းလျှောက်လှမ်းခဲ့ရသော သမိုင်းလမ်းကြောင်း အတွင်းမှရရှိသည့် အဓိကသင်ခန်းစာများ ဖြစ်ပေသတည်း။ ။

ဘာသာပြန်သူ – ဒေါ်ယဉ်ယဉ်လှ

***၅ ရက် မေ ၁၉၉၂ ခုနှစ်***



"တော်လှန်တဲ့သဘောတရားမရှိဘဲ တော်လှန်တဲ့လှုပ်ရှားမှုမရှိနိုင် -
တပ်ဦးတိုက်ခိုက်ရေးသမား၏ အခန်းကို ရှေ့တန်းအရောက်ဆုံး သဘောတရား၏
ဦးဆောင်မှုရှိသည့် ပါတီတရပ်ကသာလျှင် ဖြည့်ဆည်းနိုင်ပေလိမ့်မည်"
- လီနင် -

# ဆိုဗီယက်ယူနီယံ ကွန်မြူနစ်ပါတီ (ဘော်ရှီဗစ်)

## C.P.S.U (B) သမိုင်းအကျဉ်းချုပ်

ဘာသာပြန်သူ ဒေါ်ယဉ်ယဉ်လှ